http://www.dhammadownload.com

ဝိပဿနာနည်းပြ

# ဆရာကြီးဦးကြင်ရွှေ

၏

# ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး

(စတုတ္ထတွဲ)

ပခုက္ကူဝိပဿနာသင်တန်းဟောစဉ်

http://www.dhammadownload.com

## အသင်းတည်ရာဌာန

ပဍုက္ကူဝိပဿနာသင်တန်းခွဲများတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်

(အောက်မြန်မာပြည်)

အမှတ် (၈၆) ၊ သီရိ (၅)လမ်း ၊
(၂)ရပ်ကွက် ၊ လှိုင်မြို့နယ် ၊
ရန်ကုန်မြို့။
ဖုန်း-၅၂၄၀၇၈

အလှူ့တကာတွင် တရားပင် မှန်ပင် အမြတ်ဆုံး

http://www.dhammadownload.com

အာသင်းတည်ဂါရာနာ

ပဉ္စကျုဝိပဿနာသင်တန်းခွဲများတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်

(အောက်မြန်မာပြည်)

အမှတ် (၈၆) ၊ သီရိ (၅)လမ်း ၊

(၂)ရပ်ကွက် ၊ လှိုင်မြို့နယ် ၊

ရန်ကုန်မြို့။

ဖုန်း–၅၂၄၀၇၈

အလှူ့တကာတွင် တရားပင် မှန်ပင် အမြတ်ဆုံး

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး (စတုတ္ထတွဲ) ● ပဉ္စကျုဝိပဿနာသင်တန်းဟောစဉ်

ဝိပဿနာနည်းပြ

# ဆရာကြီးဦးကြင်ရွှေ

၏

# ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး

## (စတုတ္ထတွဲ)

ပဉ္စကျုဝိပဿနာသင်တန်းဟောစဉ်

http://www.dhammadownload.com

ဆရာကြီး ဦးကြင်ရွှေ

ဟောကြားခဲ့သော

ပစ္စက္ခုပ္ပဝိပဿနာသင်တန်းဟောစဉ်မှ

# ပဋ္ဌာနသမုပ္ပါဒ်တရားတော်ကြီး

(စတုတ္ထတွဲ)

http://www.dhammadownload.com

# " ပုံနှိပ်မှတ်တမ်း "

**စာမူခွင့်ပြုချက်အမှတ်** - ၃၂၀၀၅၄၀၆၀၁

**မျက်နှာဖုံးခွင့်ပြုချက်** - ၃၂၀၄၁၅၀၆၀၇

**ကွန်ပျူတာစာစီ** - ဦးချမ်းသာ (သီရိပဝရ၊ ဓမ္မာစရိယ ၊ဝိနယပါဠိပါရဂူ)

**ထုတ်ဝေသူ** - ဦးကျော်ဟင်း

ယုံကြည်ချက်စာပေ၊ ၁၁၁/၃၃လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** - အေးပုံနှိပ်တိုက်

**ပုံနှိပ်ခြင်း** - ပထမအကြိမ်

ဇန်နဝါရီလ၊ ၂၀၀၇

**အုပ်ရေ** - ၁၀၀၀

**တန်ဖိုး** - **၂၀၀၀ိ/- ကျပ်ဖြင့် ဖြန့်ချိသည်။**

**မူပိုင်ဖြန့်ချိရေး** - ဦးမြင့်စိုး

ဥက္ကဋ္ဌ

**ပခုက္ကူစီပသာနာသင်တန်းခွဲများ**

**တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)**


**အမှတ်(၈၆)၊ သီရိ (၅) လမ်း၊ (၂)ရပ်ကွက်၊**

**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**


**ဖုန်း - ၅၂၄၀၇၈** - ၀၉ ၅၁၄၀၉၅၈

http://www.dhammadownload.com

# ဩဝါဒါစရိယ ဆရာတော်ကြီးများ




ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)




ဘဒ္ဒန္တ ပဏ္ဍိတ
(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)




ဘဒ္ဒန္တ ပဏ္ဍိတ
(အဂ္ဂမဟာပဏ္ဍိတ)




ဘဒ္ဒန္တ ဝိစာရ
(အဂ္ဂမဟာပဏ္ဍိတ)




ဘဒ္ဒန္တ တိလောက
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)




ဘဒ္ဒန္တ ကောသလ္လ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)



ဘဒ္ဒန္တ ဝိလာသ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)




ဘဒ္ဒန္တ စန္ဒောဘာသ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)




ဘဒ္ဒန္တ ဩဘာသ
(အဂ္ဂမဟာပဏ္ဍိတ)

http://www.dhammadownload.com


# နာယက ဆရာတော်ကြီးများ




ဘဒ္ဒန္တနေမိန္ဒာဘိသီရိ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)




ဘဒ္ဒန္တနန္ဒောဘာသ
(နန္ဒာရွှေဘုံကျောင်းတိုက်)



ဘဒ္ဒန္တသုန္ဒရ
(ဇေယျာဝံသကျောင်းတိုက်)




ဘဒ္ဒန္တသီရိန္ဒ (တိုက်အုပ်)
(သုစိတ္တာရုံစာသင်တိုက်)




ဘဒ္ဒန္တဥတ္တရ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)




ဘဒ္ဒန္တဝိမလ
(မစိုးရိမ်စာသင်တိုက်)




ဘဒ္ဒန္တသုန္ဒရ
(ပဏ္ဍိတာရာမစာသင်တိုက်)



ဘဒ္ဒန္တကဝိသာရ
(ဇေယျဝတီစာသင်တိုက်)



ဘဒ္ဒန္တဝဏ္ဏသိဒ္ဓိ
(ရွှေမန်းကျောင်းတိုက်)



ဘဒ္ဒန္တသုန္ဒရ (ဟသ်ာတ)
(ဇေယျဝတီစာသင်တိုက်)

http://www.dhammadownload.com



ပခုက္ကူဝိပဿနာသင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေ

http://www.dhammadownload.com



နာယကကြီး ဦးချစ်

ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

http://www.dhammadownload.com

# ၁၃၀၉ – ခုနှစ်မှ စတင်ပြသခဲ့သော ပစ္စက္ခုဝိပဿနာနည်းပြဆရာကြီးဦးကြင်ရွှေ၏ ဝိပဿနာသင်တန်းတရားစဉ်များ

၁။ ပမာဏ ( ၄ ) ပါး

၂။ ဘေးကြီး ( ၄ ) ပါး

၃။ မှာတမ်းတော်

၄။ ပညတ် – ပရမတ်

၅။ ရုပ်ဓာတ် – နာမ်ဓာတ်

၆။ ခန္ဓာ ( ၅ ) ပါး

၇။ ပစ္စယပရိဂ္ဂဟဉာဏ်

၈။ မဂ္ဂင် ( ၈ ) ပါး

၉။ အာယတန ( ၁၂ ) ပါး

၁၀။ ဓာတ် ( ၁၈ ) ပါး

၁၁။ ဝီထိစဉ်

၁၂။ လက္ခဏာရေး ( ၃ ) ပါး

၁၃။ ဝိပဿနာဉာဏ် ( ၁၀ ) ပါး

၁၄။ ပဋိစ္စသမုပ္ပါဒ်

၁၅။ သစ္စာ ( ၄ ) ပါး

၁၆။ နိဗ္ဗာန်

http://www.dhammadownload.com

A 2501

# မာတိကာ

စဉ် | အကြောင်းအရာ | စာမျက်နှာ

## ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး (စတုတ္ထတွဲ)


၁။ နိဒါန်း ............ က
၂။ ရှင်ဘုရင်များ မစွန့်လွှတ်အပ်တဲ့ အရပ်သုံးပါး ............ ၃
၃။ ရဟန်းတော်များလည်း မစွန့်လွှတ်အပ်တဲ့ ဌာနသုံးမျိုး ............ ၃
၄။ အလှူလေးလှူ ခေါ် သင်္ဂဟလေးပါး ............ ၂၀
၅။ ဝဋ်သုံးပါးရဲ့အဓိပ္ပာယ် ............ ၂၃
၆။ သံသရာကြီး ဘာကြောင့်လည် ............ ၂၇
၇။ ဝဋ်သုံးပါးလည်ပုံလည်နည်း ဆိုတာ ............ ၂၇
၈။ ပဋိစ္စသမုပ္ပါဒ်လင်္ကာများ ............ ၃၉
၉။ ပဋိသန္ဓေလေးမျိုးဆိုတာ ............ ၄၀
၁၀။ ပက္ကုသာတိမင်းကြီးအကြောင်း သိကောင်းစရာ ............ ၄၇
၁၁။ ရှင်မဟာရဋ္ဌသာရ၏ပဋိစ္စသမုပ္ပါဒ်လင်္ကာ ............ ၅၂
၁၂။ သင်္ဂဟလေးပါး ............ ၆၄
၁၃။ ဓမ္မ ဆိုတာ ဘာလဲ ............ ၈၇
၁၄။ ဥစ္ဆေဒဝါဒ ဆိုတာ တခြားမဟုတ်ပါ ............ ၁၂၁
၁၅။ ထပ်တလဲလဲ ဟောနေခြင်းဟာ တခြားမဟုတ်ပါ ............ ၁၃၀
၁၆။ မင်္ဂဖြင့် ကိလေသာတွေ ဆေးကြောပုံ သိကောင်းစရာ ............ ၁၃၈
၁၇။ ရေစင်လေးပါးဆိုတာ ဘာလဲ ............ ၁၄၂
၁၈။ သမဝါယမစနစ်နဲ့လည်း တရားမှတ်သားနိုင်ခြင်း ............ ၁၄၃
၁၉။ အင်္ဂါဆယ့်နှစ်ပါး မျိုးစေ့စသည်တို့နှင့် တူပုံခြင်း ............ ၁၄၅
၂၀။ သုဂတဂုဏ်ရရှိတော်မူခြင်း ............ ၁၉၃

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | ကာမသုခလ္လိကာနုယောဂ ဆိုတာ ဘာလဲ | ၁၉၄ |
| ၂၂။ | ဥပ္ပလဝဏ်ထေရီမအကြောင်း သိကောင်းစရာ | ၁၉၇ |
| ၂၃။ | ယခုပြောနေသော "ပစ္စုပ္ပန်ကိုက် ပစ္စုပ္ပန်ကိုက်" ဆိုတဲ့စကား ဘာလဲ | ၁၉၈ |
| ၂၄။ | သဗ္ဗညုတဉာဏ်တော် နောက်လိုက်ခေါ် ရေသော် ဘယ်စိတ်နည်း ဆိုတာ | ၂၀၉ |
| ၂၅။ | အပါယ်လေးပါး ကိုယ်ပိုင်အိမ်နဲ့တူခြင်း | ၂၁၁ |
| ၂၆။ | မလ္လိကာမိဖုရားကြီး ငရဲလားရခြင်းအကြောင်း သိကောင်းစရာ | ၂၁၉ |
| ၂၇။ | အတ္တဒိဋ္ဌိ ဆိုတာ တခြားမဟုတ်ပါ | ၂၃၄ |
| ၂၈။ | အတ္တဝါဒနဲ့အနတ္တဝါဒ နှစ်ပါး ခြားနားပုံ | ၂၃၆ |
| ၂၉။ | အတ္တခြောက်မျိုး | ၂၃၇ |
| ၃၀။ | ဆရာမရှိဘဲနဲ့ တရားမရနိုင် | ၂၄၀ |
| ၃၁။ | တရားရှာတာ နိဝါတမာနနဲ့ ရှာကြပါ | ၂၅၁ |
| ၃၂။ | အဗျာပါရတရား ဆိုတာ တခြားမဟုတ်ပါ | ၂၅၅ |
| ၃၃။ | သတ္တဝါတွေရဲ့ တွေဝေမှု ဆိုတာ | ၂၆၃ |
| ၃၄။ | ကလေးဘဝတုန်းက အတ္တဒိဋ္ဌိပါလာခြင်းအကြောင်း | ၂၆၉ |
| ၃၅။ | အကန်းလောကထဲ ဘုရားဖြစ်တယ်ဆိုတာ | ၂၇၀ |
| ၃၆။ | တရားဟောဖို့ မြတ်စွာဘုရားအား သဟမ္ပတိဗြဟ္မာတောင်းပန်ပုံ | ၂၇၀ |
| ၃၇။ | ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းကြီးရဲ့သည်းခံမှုအကြောင်း | ၂၉၃ |
| ၃၈။ | နွားနို့ဥပမာနှီးနှောပြီး အဆင့်ဆင့်ဖြစ်ပေါ်လာတဲ့ အကြောင်းအကျိုးတရားများ | ၃၀၅ |
| ၃၉။ | ဆရာကြီးနဲ့တွေ့မြင်ချင်တဲ့ သခင်ကိုယ်တော်မှိုင်း | ၃၂၀ |
| ၄၀။ | နေရာတကာမှာ တရားပြနေတဲ့ ဘာဘာဂျမ်း | ၃၄၅ |
| ၄၁။ | ပတ္တမြားလက်ဆောင်ပေးတဲ့ လောကပါလနတ် | ၃၄၇ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၂။ | အရာဝတ္ထုတိုင်း တိတ်တိတ်နေ မှတ်ထင်နေသော တောသားတစ်ယောက်အကြောင်း . . . . . . . . . . . . . . . . . . . . . . . | ၃၅၇ |
| ၄၃။ | ဝဋ္ဋသစ္စာနဲ့ဝိဝဋ္ဋသစ္စာခွဲပြပုံ . . . . . . . . . . . . . . . . . . . . . . . . . . . . . | ၃၆၃ |
| ၄၄။ | ဘုရားအလိုတော်ကျ ကျင့်သော အတ္တဒတ္တရဟန်း . . . . . . . . . . . . . . . . . | ၃၉၈ |
| ၄၅။ | သင်တန်းကျောင်းနာမည် ကျော်ကြားလာရခြင်းအကြောင်း . . . . . . . . . . . . | ၄၁၇ |


**စတုတ္ထတွဲ မာတိကာပြီး၏။**

******

http://www.dhammadownload.com

http://www.dhammadownload.com

# (၁၃၀၉) ခုနှစ်မှ စတင်တည်ထောင်ခဲ့သော ပဋ္ဌာန်ပါဠိပသသနာ သင်တန်းနည်းပြ

# ဆရာကြီး ဦးကြင်ရွှေ ၏

# ဘဝဖြစ်စဉ် သမိုင်းရာဇဝင် အကျဉ်းချုပ်

❖❖❖❖❖❖❖

ပဋ္ဌာန်ပါဠိပသသနာသင်တန်းသားများ၏ ရှေ့သွားခေါင်းဆောင် သမိုင်းပြောင်သည့် ဆရာကြီး ဦးကြင်ရွှေသည် ရောဝတီတိုင်း အပါအဝင် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ပုသိမ်မြစ်ဟုလည်း ခေါ်တွင်သော ငဝံမြစ် လက်ဝဲဘက်ကမ်းတွင် တည်ရှိသော သာယာလှသော လှုတော်စုရွာ၌ အဖ ဦးသာပေါ် + အမိ ဒေါ်မေခင် – တို့မှ သက္ကရာဇ် (၁၂၆၁) ခုနှစ်၊ တော်သလင်းလဆန်း (၁၂) ရက်၊ သောကြာနေ့ နံနက် (၄) နာရီအချိန်တွင် ထောင်သောင်းသိန်းမက များလှစွာသော လူအပေါင်းတို့အား ဓမ္မဒါန အမြုတေ ငွေဝေအံ့ငှာ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။ ဆရာကြီး၏ ငယ်မည်မှာ "မောင်ကြင်" ဖြစ်ပါသည်။

❖ များမြောင်သန်းျာ၊ လူတကာတို့၊ ဓမ္မအမြုတေ၊ ပေးဝေအံ့ငှာ၊
ဆရာလောင်းလျာ၊ ဖွားမြင်ပါသည်၊ လွန်စွာ အံ့ဖွယ်ကောင်းပါသတည်း။

## တတ်သင့်တတ်ရာ ပညာအရပ်ရပ် သင်ကြားခဲ့ခြင်း

ကျေးဇူးရှင် ပဋ္ဌာန်ပါဠိပသသနာ နည်းပြဆရာကြီးလောင်းလျာ မောင်ကြင်သည် သက်တော် ခုနစ်နှစ်သားအရွယ်တွင် လှုတော်စုရွာ ကျောင်းဆရာမကြီး ဒေါ်သိန်းလှိုင်၏ မူလတန်းကျောင်း၌ အခြေခံမူလတန်း ပညာရပ်များကို သင်ယူခဲ့ပါသည်။ ထိုဒေါ်သိန်းလှိုင် မူလတန်းကျောင်းမှ လှုတော်စု ရွာ ဆရာတော် ဦးတေဇဝန္တကျောင်းသို့ ပြောင်းရွှေ့နေထိုင်ကာ ဆရာကြီး ဦးဘိုးရန်ကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့ရာ အောက်ခြေမူလတန်းစာများ လွယ်ကူစွာ တတ်မြောက်ခဲ့ပါသည်။

❖ ဆရာကြီးလောင်းလျာ၊ သူတော်စွာကား၊ ငယ်ခါသမယ၊
ကာလကပင်၊ လွန်လျှင်ထူးခြား၊ ပညာများကို၊ ကြိုးစား၍ပင်၊
သူသွန်သင်သည်၊ လူတွင် တံခွန်ဖြစ်မည်ကို။

http://www.dhammadownload.com

## သာမဏေဝတ် ဘုရားမြတ်စွာသာသနာ့ဝန် ထမ်းဆောင်ခြင်း

ပခုက္ကူပိပသာသနာသင်တန်းသားများ၏ ရွှေတောင်ကြီးပမာ မှီခိုအားထားရာဖြစ်သော ဆရာကြီးသည် သက်တော် (၁၂)နှစ်သားအရွယ်တွင် ပြည်ခရိုင် ပန်းတောင်းမြို့ ဆုတောင်းပြည့်ကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့သော အဘိဓမ္မတ္ထသာရမေဒနီကျမ်း စသော ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ဒွါရနိကာယ ဆင္ဘမြောက် သံဃရာဇာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ဝါသဝ မဟာထေရ်မြတ်၏ စက်ရိပ်ဝယ် သာဝတ္ထိအဖွဲ့ နှစ်ဆယ့်လေးသွယ် စလွယ်တော်သိုင်းခြုံ မဟာသရဏဂုံနှင့်တကွ ဆယ်ပုံသီလ နိစ္စမြဲထွေ သာမဏေဘုံရောက် ချီးမြှောက်တော်မူချက်အရ "ရှင်သာဝတ" ဟူသော ဘွဲ့အမည်ဖြင့် ဘုရားဖိနော် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့ပါသတည်း။

❖ **တစ်ဆယ့်နှစ်နှစ်၊ ရွယ်တော်ခေတ်ဝယ်၊ ဘုန်းကြွယ်မြတ်စွာ၊**
**သာသနာတွင်၊ သုံးအင်သရဏဂုံ၊ ဆယ်ပုံသီလ၊ မြတ်ဓမ္မဖြင့်၊**
**သာသနာ့ဝန်၊ သူအားသွန်သည်၊ လွန်လျှင်ထူးတဲ့ ပါရမီရှင်ပါတည်း။**

## "သရေခေတ္တရာ"မည် ပြည်မြို့၌ ပညာသင်ကြားခြင်း

သက္ကရာဇ် (၁၂၇၆) ခုနှစ်မှစ၍ "သရေခေတ္တရာ"ဟု ထင်ရှားသော ပြည်မြို့ ကန်တွင်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုဘာသိတ–ထံ ရောက်ရှိနေထိုင်၍ –

❖ **"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊**
**သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။"**

ဟူသည်နှင့်အညီ တပည့်ဝတ်ငါးပါး ပြည့်စုံစွာ ကျင့်ကြံ၍ တတ်ကောင်းတတ်ရာ လောကုတ္တရာ ပညာအရပ်ရပ်ကို ဒိုးကဲ့သို့မွှေ အာဂုံကျေအောင် သင်ယူတတ်မြောက်တော်မူခဲ့ပါသတည်း။

❖ **သရေခေတ္တရာ၊ သညာဖွဲ့ချည်၊ ပြည်နဂရ၊ ဌာနသမိုက်၊**
**ကန်တွင်းတိုက်တွင်၊ အရှင်သုဘာသိတ၊ ထေရိန္ဒရ၏၊**
**သန္တိကေနိး၊ ကပ်ခါမှီး၍၊ ဘုန်းမီးသာသနာ၊ ကျမ်းစာဆူဆူ၊**
**သင်သင်ယူသည်၊ ကြည်ဖြူသဒ္ဓါပိုင်ရှင်တည်း။**

http://www.dhammadownload.com

## ဥပသမ္ပဒဇာတ်မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်း

သက်တော် (၂၀) ပြည့်မြောက်ရာ သက္ကရာဇ် (၁၂၈၁) ခုနှစ်၊ မအူပင်မြို့ ဒီပဲရင်းကျောင်းတိုက် သိမ်တော်၌ အဂ်ပူဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မအူပင်မြို့ စက်ရှင်မင်းကြီး ဦးသက်ညွှန့်+ဒေါ်ရွှေမေ–တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘကို မုချပုံသေ ရရှိတော်မူခဲ့ပါပေသတည်း။

❖ **သက်တော်နှစ်ဆယ်၊ သူပြည့်ကြွယ်က၊ တင့်တယ်အေးမြ၊**
**သာယာလှသည့်၊ ဗုဒ္ဓသာသနာ၊ ကြီးစွာဝန်ထမ်း၊ ရဟန်းဘဝ၊ ဒုလ္လဘကို၊**
**လှလှမသွေ၊ ရရှိလေသည်၊ အသရေလျှမ်းတင့်လှပါသတည်း။**

## ပညာသင်ကြားတော်မူခြင်း

တစ်ခေတ်တွင် ပခုက္ကူပိပသာသနာ သင်တန်းဆရာကြီးအဖြစ် ကျော်စောမည့် ရဟန်းတော် ဦးသာဓုဝတသည် ပြည်မြို့ ကန်တွင်းကျောင်းတိုက် ဆရာတော်ဘုရားကြီးနှင့် အဂ်ပူဆရာတော်ဘုရားကြီးတို့ထံတွင် ဂန္ထန္တရ အဝဝကို မဟုသာဟ ဖွဲလို့လဖြင့် သင်ယူရာ တတ်မြောက်ကျွမ်းကျင်တော်မူခဲ့ပါသည်။

❖ **နေလတန္တု၊ ဦးသုဘာသိတ၊ ထေရိန္ဒနှင့်၊ သံဃပိတာ၊**
**သံဃဖကင်၊ အဂ်ပူတွင်၊ သခင်ဆရာ၊ များစွာတို့ထံ၊**
**တန်တန်သချာ၊ ကျမ်းရွှေစာကို၊ ကောင်းစွာအလျင်၊**
**သူသင်ယူသည်၊ သဗ္ဗညုသာသနာ ပြုရန်ကို။**

## ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်၌ ပညာသင်ကြားခြင်း

ရဟန်းသိက္ခာ ခြောက်ဝါအရတွင် နတ်သိကြားတို့ နှိုးဆော်သည့်အလား ပခုက္ကူသို့ ပညာသင်သွားလိုစိတ်တွေ တဖွားဖွားဖြစ်ပါသဖြင့် ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသို့ ရောက်ရှိကာ အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မမဟာရဋ္ဌဂုရု ကျေးဇူးရှင် ဆရာတော် ဘုရားကြီး ဦးဇဝနထံ ပိဋကတ်နိကာယ် အသွယ်သွယ်သော ကျမ်းဂန်များကို သင်ယူခဲ့ရာ ပိဋကတ်တတ်မြောက်ကျွမ်းကျင်ခဲ့လေသည်။

❖ **ပခုက္ကူမည်၊ လွန်ပြောစည်သည့်၊ အင်္ဂီရသ၊ ဗုဒ္ဓသာသနာ၊**
**ရောင်ဝါယှက်ဝေ၊ မြို့မဟေဌ်၊ သုံးထွေပိဋက၊ ချရာပို့ရာ၊**
**မဟာဝိဇယာရာမ၊ နာမသမိုက်၊ တိုက်တော်ကြီးတွင်၊ သုံးအင်ပိဋကတ်၊**
**တတ်မြောက်အောင်ပင်၊ သင်သင်ယူသည်၊ ဝိညုပဏ္ဍိဖြစ်ပြီတည်း။**

http://www.dhammadownload.com

## စာပေကျမ်းဂန်ချပို့ သာသနာကျိုး သယ်ပိုးဆောင်ရွက်ခြင်း

စာပေကျမ်းဂန် သင်ယူတတ်မြောက်ပြီးနောက် မိမိအောက်ငယ်သား စာသင်သားများကို စာပေချပို့ကာ သာသနာကျိုးကို သယ်ပိုးထမ်းဆောင်ခဲ့လေသည်။ ဆရာကြီးလောင်းလျာ ရဟန်းတော် ဦးသာဓုဝတသည် ပန်းဘဲတိုက်ရပ် ကျောက်စေတီဘုရားအနီးရှိ ယခုအခါ အမှတ် (၁) အ–လ–က ကျောင်းနေရာ၌ ရှိခဲ့ဖူးသော ဘုန်းတော်ကြီး ဦးဝင့်ကျောင်း၌လည်း နေထိုင်၍ သာမဏေ ငယ်များ, ကျောင်းသားများကို စာပေသင်ကြား ချပို့ပေးခဲ့ပါသည်။

❖ **စာပေအရပ်ရပ်၊ တတ်မြောက်လေက၊ သီသပေါ်ကြွယ်၊ အသွယ်သွယ်အား၊**
**ငါနှယ်မသွေ၊ တတ်ပါစေဟု၊ နှလုံးပြုကာ၊ များစွာကျမ်းစာ၊**
**ချပို့ပါသည်၊ စေတနာသုံးဖြာ၊ ထူးလှပါသတည်း။**

## ဝိပဿနာတရားပြန့်ပွားအောင် ဆောင်ရွက်ခြင်း

ရဟန်းတော် ဦးသာဓုဝတသည် ရဟန်းသိက္ခာ (၁၈)ဝါအရတွင် လွန်စွာထူးတင့် မြင့်မြတ် လှသည့် သာသနာ့ဘောင်မှ ဆင်းခဲ့လေသည်။ "ဦးကြင်ရွှေ"အမည်ဖြင့် လူ့ဘဝရောက်၍ လေးနှစ် ကြာသောအခါ ဒေါ်စိန်ဥနှင့် အိမ်ထောင်ဖက်ပြုခဲ့ရာ သမီးတစ်ယောက် ထွန်းကားခဲ့ပြီး မကြာမီ သမီး, ဇနီးတို့ ကွယ်လွန်ခဲ့သဖြင့် သောကမီးတောက်လောင်လေရာ ယင်းသောကမီးမှ ငြိမ်းရာ ငြိမ်းကြောင်း ဘုရားမြတ်စွာ၏ ဆေးကောင်းဖြစ်သည့် ပိဋကကျမ်းစာများကို ကြည့်ရှု၍ အနှစ်သာရကို ရှာဖွေခဲ့လေသည်။

❖ **တထောာအကြိုက်၊ သူလိုက်မိကာ၊ မြတ်စွာခမ်းဝါ၊ သာသနာမှ၊**
**ယုတ်မာသည်းခေါင်၊ ဤလူ့ဘောင်ဝယ်၊ အိမ်ထောင်ညွှတ်ကွင်း၊**
**သံချိုင့်တွင်း၌၊ ဆင်းသက်မိကာ၊ ပူဇောဆာ၊ သောကရောက်ရပါသတည်း။**
**သောကပြေကြောင်း၊ ဆေးဝါးကောင်းမှန်၊ သုံးတန်ပိဋကာ၊**
**နိစ္စမသွေ၊ ကြည့်ရှုလေကာ၊ သံဝေဂ၊ မုချဖြစ်ခဲ့ပါသတည်း။**

ယင်းသို့ စာပေကျမ်းဂန်အရပ်ရပ်ကို ကြည့်ရှုလေ့လာ သုံးသပ်ရှုမှတ် ကြံစည်ရင်း လောက ကြီး ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးမှတစ်ပါး ဘာမှမရှိ သူညာ၏အဖြစ်ကိုလည်းကောင်း၊ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မရှိ ပရမတ်ပေါ်တွင် ပညတ်ဖုံးနေသည်၏အဖြစ်ကိုလည်းကောင်း ပိုင်ပိုင်မိမိ သိရှိ၍ မိမိသိသည့်အတိုင်း အများတကာတွေ သိကြပါစေ ဟူသော ရည်ရွယ်ချက်ဖြင့် (၁၃၀၉) ခုနှစ် တန်ဆောင်မုန်းလက စ၍ "ပခုက္ကူဝိပဿနာသင်တန်း"ဟူသော အမည်ဖြင့် စတည်ထောင် ဖွင့်လှစ်ခဲ့ရာ ဘုန်းကံရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီး ထောင်ပေါင်းများစွာတို့ ဒီရေ အလား တဖွားဖွား ရောက်ရှိ တပည့်ခံကြကာ တရားဓမ္မ နာယူကြရာ အတိုင်းမသိ အကျိုးရှိလှသည်။

http://www.dhammadownload.com

## သင်တန်းခွဲပေါင်း (၂၇၀) ကျော်

ယခုဆိုလျှင် ပြည်ထောင်စု မြန်မာနိုင်ငံ တစ်နိုင်ငံလုံး အနယ်နယ် အစို့စို့ အမြို့မြို့ အရွာရွာတွင် ဆရာကြီး၏ ဝိပဿနာသင်တန်းခွဲပေါင်း (၂၇၀) ကျော်မျှရှိရာ လွန်စွာအားရ ကျေနပ်ဖွယ်ကောင်းလှပါသည်။

## ဆရာကြီးကွယ်လွန်သဖြင့် ဆုံးရှုံးနစ်နာခြင်း

အားလုံးသော သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့ ....

အားလုံးသိတော်မူကြသည့်အတိုင်း ဇရာဗျာဓိတို့ အနှိပ်စက်ခံရသော ဆရာကြီး အသက် (၈၅) နှစ်ရှိရာ (၁၃၄၆) ခုနှစ် ဝါဆိုလကွယ်နေ့ (၁)နာရီ (၆)မိနစ်အချိန်တွင် ဆရာကြီး ကွယ်လွန်သွားပါသဖြင့် လွန်စွာဆုံးရှုံးနစ်နာခြင်း ဖြစ်ကြရပါသည်။ သို့ရာတွင် "ဖြစ်လျှင်ပျက်မြဲ၊ မလွဲတံထွာဓမ္မတာ"ဟု သဘောပေါက် ဖြေသိမ့်ပြီး ဆရာကြီး၏ တရားတော်များ ပြန့်ပွားအောင် ကျန်ရစ်ကြသော တပည့်တွေ တက်ညီလက်ညီ ဆောင်ရွက်ကြဖို့ လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

မြင်မြင်သမျှ သင်္ခါရ စိတ်က နှလုံးသွင်း။

အရှင်ကေလာသ


အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မာစရိယ ဂဏဝါစက

B.A .Hons ဝိဇ္ဇာဂုဏ်ထူး၊ (သီရိလင်္ကာ)

http://www.dhammadownload.com

http://www.dhammadownload.com

# “ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တရားတော်စက်ဝိုင်း”




အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။

အင်္ဂါ (၁၂) ပါး၊ ကာလ (၃) ပါး အလွှာ (၄) ပါး သစ္စာ (၂) ပါး

အခြင်းအရာ (၂၀) အစပ် (၃) ပါး ဝဋ္ဋ (၃) ပါး မူလ (၂) ပါး

http://www.dhammadownload.com

http://www.dhammadownload.com



# ပစ္စုဂ္ဂူဝိပဿနာသင်တန်း၏
# ပဋိစ္စသမုပ္ပါဒ် နိဒါန်း

လောကလူသားအားလုံးတို့တွင် အနန္တကျေးဇူးရှင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် လောကလူသားအားလုံးအတွက် အကျိုးနှစ်ဝ ပြည့်စုံကြစေရန် ဒေသနာတော်ကို အပြည့်အစုံ ဟောကြားတော်မူခဲ့၏။

ထိုသို့ ဟောကြားတော်မူရာတွင် -

၁။ လောကလူသား အားလုံးကို အစဉ်သနား စောင့်ရှောက်ရန်၊

၂။ နတ်, လူတို့ အကျိုးရှိစေရန်၊

၃။ နတ်, လူတို့ အကျိုးစီးပွား ဖြစ်ပွားစေရန်၊

၄။ နတ်, လူတို့ ချမ်းသာစေရန်၊

ဟူသော ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်ပေါက်လာရခြင်း၏ မူလအချက်ကြီး လေးရပ်နှင့်အညီ ဟောကြားတော်မူ၏။

ထိုခေတ်, ထိုအခါ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က ဟောကြားတော်မူခဲ့သော သုတ္တန်, အဘိဓမ္မာ, ဝိနည်းဒေသနာတော်သည် ယခုအချိန်အထိလည်းကောင်း၊ နောင်အခါ နှစ်ပေါင်းများစွာအထိလည်းကောင်း လိုက်လျောညီထွေ ရှိနေပြီး, ရှိနေဆဲ, ရှိနေဦးမည်သာ ဖြစ်၏။

## နက်နဲခြင်း, ခက်ခဲခြင်း, ကြောင်းကျိုးပြ

ထိုသို့ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်သည် -

၁။ **အနညာ** - ဝိုးတိုးဝါးသား သာမညအားဖြင့် မသိခြင်း။

၂။ **အနနုဗောဓ** - ဝိသေသ အထူးအားဖြင့် ထိုးထွင်း၍ မသိခြင်း။

၃။ **အပ္ပဋိဝေဓ** - **မဂ်ရ, ဖိုလ်ရ, ပဋိဝေဓဒေသနကိစ္စအားဖြင့် မသိခြင်း။**

http://www.dhammadownload.com



ဟူသော အခက်အခဲကြီး သုံးပါးတို့ကြောင့် မှန်မှန်ကန်ကန် လွယ်ကူစွာ သိဖို့ရန် ခက်ခဲသော ဒေသနာတော်များ ဖြစ်၏။

ထိုသို့ အသိခက်ခဲခြင်း၊ နက်နဲခြင်း အကြောင်းရင်းများကို ယနေ့ ပစ္စက္ခလူသားတို့သည် ဒေသနာတော်များကို ပိုင်နိုင်စွာ သိရှိနားလည်စေရန်နှင့် လိုက်နာကျင့်ဆောင်စေရန် နည်းစနစ်ကို လွယ်ကူစွာ သိရှိနားလည် သဘောပေါက်အောင် ဆိုပြီးတော့ -

ပခုက္ကူဝိပဿနာ သင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေက ပိဋကတ်တော်မှ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ထုတ်နှုတ်ပြီး -

ပခုက္ကူဝိပဿနာ သင်တန်းကြီးကို ၁၃၀၉-ခုနှစ်၊ တန်ဆောင်မုန်းလမှ စပြီး ဟောကြားလာခဲ့တာ သင်တန်းတစ်ပတ်ဆိုရင် တစ်နှစ်ကျော်ကျော် ကြာခဲ့၏။

ဆရာကြီး ဦးကြင်ရွှေ၏ တရားသည် မြန်မာပြည် အထက်အောက်တစ်ခွင် ရည်ရွယ်ချက်ရှိသည့်အတိုင်း သင်တန်းခွဲများ မြို့ရွာအသီးသီး၌ နာကြားကြသူများအတွက် ပေါ်ပေါက်ခဲ့၏။

ထိုသင်တန်းကြီးသည် သက်ဆိုင်ရာ အကြောင်းအရာအလိုက် သိမ်မွေ့နက်နဲ ခက်ခဲသည်များကို ပေါ်လွင်ထင်ရှားစွာ ဟောကြားနိုင်စွမ်းလည်း ရှိခဲ့ပေသည်။

ထိုသို့ ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရား သင်ကြားပြသလာသော တရားစဉ်တို့ကား -

နိဒါန်းအစ၊ မှာတမ်းတော်မှစ၍ ပညတ်၊ ပရမတ်၊ ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဝီထိစဉ်၊ လက္ခဏာရေးသုံးပါး၊ ဝိပဿနာဉာဏ်စဉ်ဆယ်ပါး၊ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါး၊ နိဗ္ဗာန်တရားတော်အထိ အခန်းပေါင်းများစွာကို သင်တန်းတစ်ပတ်လျှင် တစ်နှစ်တာမျှ ကာလကြာညောင်းအောင် နေ့ရက်မပျက် ဆက်ခါဆက်ခါ သင်တန်းတရားများ ဟောကြားလာခဲ့ခြင်း ဖြစ်ပေသည်။

## တိတ်ကြိုး, တိတ်ခွေမှ ပုံနှိပ်ရခြင်းအကြောင်း

ဤသို့ သင်တန်းတရားဟောစဉ်တွေကို တိတ်ကြိုးခွေမှ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိစေရန် တိုက်တွန်းပြန်တော့ -

ပခုက္ကူဝိပဿနာ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)၏ အဖွဲ့ချုပ် အမှုဆောင်များအနေဖြင့် နှစ်စဉ်ဆင်နွှဲ "ဩဝါဒခံယူပွဲ"တွင် နိုင်ငံတော် သံဃမဟာနာယက ဩဝါဒါစရိယဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယက ဒုတိယဉက္ကဋ္ဌ ဆရာတော်၊ ဇဟိုဝန်ဆောင် ဆရာတော်၊ တိုင်း, မြို့နယ်တို့မှ သံဃနာယက ဉက္ကဋ္ဌ ဆရာတော်ကြီးများ၏ ဩဝါဒခံ မိန့်ကြားသံက -

http://www.dhammadownload.com



"ဒါယကာတို့၏ ဤသင်တန်းတရားသည် နှစ်ရှည်ကြာညောင်းခဲ့သည့်အလျောက် တစ်နေ့တစ်ခါ တရားများကို နှစ်ရှည်ကြာအောင် ရက်ဆက်မပျက် နာဖို့ခက်ပါတယ်။ ဤသို့ ဒါယကာများ စွမ်းအားရှိက တိတ်ခွေတရား ပုံနှိပ်ထားပါက ရက်ရှည်လည်းခံ၊ လွယ်ကူပြန်တော့ အများလည်းဖတ်၊ ကိုယ့်မှာလည်း မြတ်၏"ဟု အကျိုးများသော ပစ္စယဒါန, ဓမ္မဒါန နှစ်ဌာန ကုသိုလ်ကြီးကို ရစေရန် ဆရာတော်များက တိုက်တွန်းခဲ့ပေသည်။

ဤသို့ ဆရာတော်ဘုရားကြီးများ၏ သြဝါဒခံ မိန့်ကြားသံနှင့်အတူ ပခုက္ကူဝိပဿနာသင်တန်း တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ဥက္ကဋ္ဌကြီးနှင့် အမှုဆောင်လူကြီးများမှ ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရား တိတ်ကြိုးခွေမှ ပုံနှိပ်စာအုပ်အဖြစ်သို့ အမြန်ဆုံး ရောက်ရှိအောင် ဆောင်ရွက်ပေးပါရန် လျှောက်ထား တောင်းပန်လာသောကြောင့် စီစဉ်ဆောင်ရွက်ပေးခဲ့သော အရှင်သည် ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရားများ တိတ်ကြိုးခွေမှ ပုံနှိပ်စာအုပ် ဖြစ်မြောက်ရေးကိုသာ ရှေးရှုပြီး ပါဠိဆရာ ဦးချမ်းသာ (သီရိပဝရ ဓမ္မာစရိယ ပါဠိပါရဂူ) မှ ကိုယ်တိုင်စာစီပြီး စာမူချောအထိ အထူးကြိုးကြပ်ဆောင်ရွက် ၊ သင်တန်းဟောစဉ် တရားများမှ ပဋိစ္စသမုပ္ပါဒ်တရားကို ပထမဦးစွာ ရွေးချယ်ပြီး ဆရာကြီးဟောစဉ်အတိုင်း မူမပျက် ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်အောင် ပို့ဆောင်ပေးခြင်း ဖြစ်ပါသည်။

## ဤတရားစာကို လေ့လာခြင်း၏ အကျိုးရလာဒ်များ

ဤပဋိစ္စသမုပ္ပါဒ်တရားကို မဖတ်ရှုမီ နားမလည်ခင်က ဗုဒ္ဓဘာသာတို့ အစဉ်အလာရ ကံ, ကံ၏ အကျိုးကို ယုံကြည်သည့်အလျောက် ထိုက်သည့်အားလျော်စွာ ဒါန သီလ စသော ကုသိုလ်ကောင်းမှုတို့ကို နည်းများမဟူ ကြည်ဖြူသော သဒ္ဓါတရားဖြင့် ကြိုးစားပြုလုပ် အားထုတ်ခဲ့ကြပေသည်။ ထိုကုသိုလ်ကံ စေတနာတို့သည် အမှန်ပင် အခွင့်အခါအားလျော်စွာ ကောင်းကျိုးချမ်းသာတို့ကို မုချမသွေ ပေးစွမ်းနိုင်ပေလိမ့်မည်ဟု ယုံကြည်ကြပေသည်၊ ယုံကြည်သည့်အတိုင်းပင် မှန်လှပေသည်။

သို့သော် ဤကုသိုလ်ကောင်းမှုမျိုးတွေ ပြုကြ၍ အပြည့်အဝနှင့် သေကြရသော သူတိုင်းမှာပင် "ဒေဝ ပေတ မနုဿ တိရစ္ဆာန နိရယ" ဟု ငါးဝသော လားရာ ဂတိမျိုးတို့တွင် သူလားချင်ရာ လားနိုင်သည်။ သူကျချင်ရာ ကျနိုင်သည်ဆိုသော ဂတိမမြဲသော ဝိနိပါတ ဘေးဆိုးကြီးမှ တကယ်လွတ်မြောက်အောင် စွမ်းဆောင်နိုင်တဲ့ ရုပ်နာမ်ခန္ဓာ စသော ဝိပဿနာတရားကို သိကြားနားလည်၍ အနည်းဆုံးအားဖြင့် မဟာသောတာပန် မဖြစ်နိုင်ဟု လျှော့ချရစေကာမူ စူဠသောတာပန်အဆင့်မျိုးလောက် ရောက်အောင် တစ်ဆင့်တိုး၍ ကြိုးစားစေရန် တိုက်တွန်း၍ ယခုလို နားလည်ယုံကြည်

http://www.dhammadownload.com



လောက်အောင် တင်ပြသည်မှာ ငါတို့အတွက်ပင်ဟု ဉာဏ်ယှဉ်သူအဖို့မှာ အပြစ်မမြင်သည့်အပြင် ကျေးဇူးပင် တင်ရမည်ကား ယုံမှားဖွယ်ရာ မရှိပါ။

ဒါကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းတရားများကို ပုံနှိပ်စာအုပ်အဖြစ်သို့ လေးပိုင်းခွဲပြီး (ပဌမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ ထိအောင် ရိုက်နှိပ်ထုတ်ဝေမည်ဖြစ်ပါသည်။] ဤပဋ္ဌိစ္စသမုပ္ပါဒ် တရားကို အစမှ အဆုံးတိုင်အောင် မှတ်မှတ်သားသားနှင့် ဖတ်ရှုသူ ပရိသတ်များမှာ ရုပ်တစ်လုံး၊ နာမ်တစ်လုံးမှ မသိ၍ ပညာမျက်စိ လုံးဝမရှိသော အကန်းခေါ်တဲ့ "အန္ဓပုထုဇဉ်"ဘဝမှ လွတ်မြောက်၍ ကလျာဏပုထုဇဉ်အဖြစ်သော်လည်းကောင်း၊ စူဠသောတာပန်အဖြစ်သော်လည်းကောင်း ဘဝသစ် ဘဝထူးသို့ ကူးပြောင်းရရှိသည့်အဖြစ်ကို ကိုယ်တိုင်သိရှိလာသောအခါ ဤပဋ္ဌိစ္စသမုပ္ပါဒ် သင်တန်း တရား ထုတ်ဝေရသော အကျိုးရလာဒ်သည် ယခုပစ္စုပ္ပန် မျက်မှောက်၌ တစ်သက်လုံး ဝမ်းသာလို့ မဆုံးအောင် အပြုံးကြီး ပြုံးရပါတော့သည်။

ဦးသုန္ဒရ (ဟသ်ာတ)
ဇေယျဝတီပရိယတ္တိစာသင်တိုက်
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com



# နာယကကြီး၏ တိုက်တွန်းလွှာ မှာထားချက်

ဤပဋိစ္စသမုပ္ပါဒ်တရားမြတ်သည် သစ္စာလေးပါး မြတ်တရားကို အကြောင်းတရားနှင့်အကျိုး တရားတို့အား တိုက်ရိုက်ဆက်သွယ် ဖော်ပြထားသော ကြောင်းကျိုးဆက် မြတ်ဓမ္မပင် ဖြစ်ပါ၏။

ထိုဓမ္မတို့၏အနက် သစ္စာလေးပါး မြတ်တရားသည် အသိခက်၏၊ အသိနက်၏၊ ထို့ကြောင့် နားလည်သဘောပေါက်ရန် အလွန်ပင်ခဲယဉ်းလှ၏။ ထိုအသိခက် အသိနက်လှသော တရားတို့ကို ရှင်းလင်းပြတ်သား လွယ်ကူစွာ နားလည်နိုင်ကြစေရန် ဟောကြားခဲ့သော ပခုက္ကူဝိပဿနာနည်းပြ ဆရာကြီး ဦးကြင်ရွှေ၏ ဟောစဉ်အခန်း (၁၆) အနက် အခန်း (၁၄) မှ ပဋိစ္စသမုပ္ပါဒ်တရားစဉ် ဖြစ်ပါသည်။ ဤပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်ကို တစ်ရက်လျှင် (၁)နာရီနှုန်းဖြင့် ရက်ပေါင်း (၈၀)၊ နာရီပေါင်း (၈၀)ကြာ ဟောခဲ့ရပါသည်။

ယခု ထိုတိတ်ကြိုးခွေမှတစ်ဆင့် ပုံနှိပ်စာအုပ်အဖြစ်သို့ အောက်မြန်မာပြည် ပခုက္ကူဝိပဿနာ သင်တန်းခွဲများ၊ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်က ပစ္စယဒါနနှင့်ဓမ္မဒါနအဖြစ် ဆက်လက်ဆောင်ရွက် လျက်ရှိရာ ပဋိစ္စသမုပ္ပါဒ်တရားတော်အစမှ အဆုံး လေးပိုင်းခွဲ၍ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲတွင် ပြီးဆုံးမည်ဖြစ်ပါသည်။ အစဉ်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

ယခင် ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ ထုတ်ဝေခဲ့ပြီး၊ ယခု စတုတ္ထတွဲကို ဆက်လက် ထုတ်ဝေ လိုက်သည်ဖြစ်ရာ ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) နှင့်အတူ သင်တန်းခွဲများ၊ သင်တန်းသူ သင်တန်းသားများနှင့် ဤကျမ်းစာအုပ်များကို လေ့လာဖတ်ရှု သူအားလုံး လွယ်ကူလျင်မြန်သော အသိဉာဏ်ဖြင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် မျက်မှောက်ပြုလွယ်နိုင်ကြပါစေ ကုန်သတည်း။

**နာယကကြီး ဦးချစ်**

ပခုက္ကူဝိပဿနာသင်တန်းခွဲများ<br>
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်<br>
(အောက်မြန်မာပြည်)

http://www.dhammadownload.com



# နိဒါန်း

## ကျေးဇူးတင်လွှာ

ဤပဋ္ဌာန်းစွယ်သမုပ္ပါဒ် တရားတော်ကြီးကို ပုံနှိပ်စာအုပ် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ဘုရားကြီးများ၏ ဩဝါဒနှင့်အတူ ဝိုင်းဝန်းကူညီပံ့ပိုးကြသော သူတော်ကောင်းများ၏ ကာယ, ဉာဏ, ဓနအင်အား မေတ္တာစေတနာတို့ဖြင့် အဘက်ဘက်မှ တိုက်တွန်းဆောင်ရွက်ကြသော ကျေးဇူးတင်ထိုက်သော ဆရာတော်ဘုရားကြီးများနှင့် လူပုဂ္ဂိုလ်များမှာ -

**ဩဝါဒစရိယ ဆရာတော်ကြီးများ**

၁။ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒု-ဥက္ကဋ္ဌဆရာတော်)၊

၂။ ဘဒ္ဒန္တ ပဏ္ဍိတ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ပရဟိတကျောင်းဆရာတော်၊

၃။ ဘဒ္ဒန္တ ပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်ဩဝါဒါစရိယဆရာတော်၊

၄။ ဘဒ္ဒန္တ ဝိစာရ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အကျိုးတော်ဆောင်ဆရာတော်)၊

၅။ ဘဒ္ဒန္တ တိလောက
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊

၆။ ဘဒ္ဒန္တ ကောသလ္လ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ (ဥက္ကဋ္ဌဆရာတော်)၊

၇။ ဘဒ္ဒန္တ ဝိလာသ
ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ (အကျိုးတော်ဆောင်ဆရာတော်)၊

၈။ ဘဒ္ဒန္တ စန္ဒောဘာသ (မေတ္တာဝါဒီဆရာတော်)
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
တိုင်းသံဃနာယက ဥက္ကဋ္ဌ (ဒွါရ)၊

၉။ ဘဒ္ဒန္တ ဩဘာသ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊ ပါဠိတက္ကသိုလ်၊ ပျော်ဘွယ်ကျောင်းတိုက်၊

http://www.dhammadownload.com



နာယက ဆရာတော်ကြီးများနှင့်အဖွဲ့ဝင်များ

၁၀။ ဘဒ္ဒန္တ နေမိန္ဒာဘိသိရိ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်၊ ရတနာသိယ်ပရိယတ္တိစာသင်တိုက်၊

၁၁။ ဘဒ္ဒန္တ နန္ဒောဘာသ
လှိုင်မြို့နယ် သံဃနာယကဆရာတော်၊ နန္ဒာရွှေဘုံကျောင်းတိုက်၊

၁၂။ ဘဒ္ဒန္တ သုန္ဒရ
လှိုင်မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်၊ ဇေယျာဝံသကျောင်းတိုက်၊

၁၃။ ဘဒ္ဒန္တ သီရိန္ဒ (တိုက်အုပ်ဆရာတော်)
သုစိတ္တာရုံပရိယတ္တိစာသင်တိုက်၊ ကမာရွတ်မြို့နယ်၊

၁၄။ ဘဒ္ဒန္တ ဥတ္တရ
လှိုင်မြို့နယ် သံဃနာယက ဆရာတော်၊ ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

၁၅။ ဘဒ္ဒန္တ ဝိမလ
မစိုးရိမ်ပရိယတ္တိစာသင်တိုက်၊ (၉) မိုင်၊ မရမ်းကုန်းမြို့နယ်၊

၁၆။ ဘဒ္ဒန္တ သုန္ဒရ
လှိုင်မြို့နယ် သံဃနာယကအကျိုးတော်ဆောင် ဆရာတော်၊
ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်၊

၁၇။ ဘဒ္ဒန္တ ကဝိသာရ
ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

၁၈။ ဘဒ္ဒန္တ ဝဏ္ဏာသိဒ္ဓိ
ရွှေမန်းကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊

၁၉။ ဦးဩသဓ (ပထမကြီးတန်း) တိတ်ကြီးခွေမှ လက်ရေးမူကြမ်း ရေးပေးသောအရှင်၊
၂၀။ ဦးစရဏ (စာချတန်း) ။ ။ ။
၂၁။ ဦးဝီရိယ (စာချတန်း) ။ ။ ။
၂၂။ ဦးချမ်းသာ (သီရိပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)
ကွန်ပျူတာစာစီ၊ စာချော ဆောင်ရွက်ပေးသူ၊

http://www.dhammadownload.com



၂၃။ ဦးမြင့်ထွန်း (မြန်မာမှု) မျက်နှာဖုံးဒီဇိုင်း၊

၂၄။ ဦးမြင့်စိုး (ဥက္ကဋ္ဌ)
ပခုက္ကူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

၂၅။ ဦးဘငြိမ်း (အတွင်းရေးမှူး)
ပခုက္ကူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

စာအုပ်ဖြစ်ပေါ်လာရေးအတွက် အဘက်ဘက်မှ ထောက်ပံ့လှူဒါန်းသော ပစ္စည်းလေးပါး ဒါယကာတို့အား ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။။

ဦးသုန္ဒရ (ဟသ်ာတ)
ဇေယျဝတီပရိယတ္တိစာသင်တိုက်
လှိုင်မြို့နယ်။

http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး

## (စတုတ္ထတွဲ)

ဘယ်တော့မှ မင်းမသေတော့ဘူးဆိုရင် မင်းထတောင်ခုန်ရဲ့ မခုန်ဘူးလား (ခုန်ပါတယ်ဆရာ)၊ ဝမ်းသာလို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုပဲ နိဗ္ဗာန်ရောက်ရင် ဘယ်တော့မှ မသေဘူးဆိုရင် ထခုန်ဖို့ပဲ ရှိတော့တယ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အမတံ၊ မသေရာဖြစ်သော နိဗ္ဗာန်။ အစ္စုတံ၊ ရွေ့လျောခြင်းမရှိသော နိဗ္ဗာန်။ စုတေခြင်း မရှိသော နိဗ္ဗာန်။ မသေသော နိဗ္ဗာန်၊ နိဗ္ဗာန်ကျ ဘယ်တော့မှ မသေဘူးနော် (မှန်ပါတယ်ဆရာ)၊ သေတော့ မသေပါဘူးကွာ ဒီနိဗ္ဗာန်ဘုံကြီးဟာ၊ သေတော့ မသေတာ ဟုတ်ပါရဲ့၊ တော်ကြာ ဖျားလိုက်၊ နာလိုက်၊ ခေါင်းကိုက်လိုက်၊ တော်ကြာ အနာပေါက်လိုက်၊ ဝေဒနာတွေ အမျိုးမျိုးနဲ့ ခံစားနေရတယ်ဆို ကောင်းပါ့အုံးမလား (မကောင်းပါဘူးဆရာ)၊ ဒီလိုလည်း မကောင်းဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ 'အဗျာဓိ'တဲ့၊ ကိုးဆယ့်ခြောက်ပါး ရောဂါဝေဒနာ ဘာမှမရှိ နော် (မှန်ပါတယ်ဆရာ)၊ သေလည်း မသေဘူးတဲ့။ ကိုးဆယ့်ခြောက်ဖြာ ရောဂါဝေဒနာလည်း ဘာမှမရှိဘူး။ ကိုးဆယ့်ခြောက်ပါး ရောဂါဝေဒနာ မရှိတာနဲ့ မသေတာပါကွာ. . .။ ကိုယ့်အရိုးမှ ကိုယ်မသယ်နိုင်တဲ့ ဇရာဒုဗ္ဗလ-အိုမင်းမစွမ်းဆိုတဲ့ ဘဝမျိုးနဲ့ နေရတဲ့ ဘုံကြီးပါဆို ကောင်းပါ့အုံးမလား (မကောင်းပါဘူးဆရာ)၊ အဲဒီလိုလည်း ဘယ်တော့မှ မအိုရဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "အိုဘေးဆိုး၊ နာဘေးဆိုး၊ သေဘေးဆိုး"ဆိုတဲ့ ကြောက်ဖွယ်ကောင်းသော ဘေးအမျိုးမျိုးက တကယ်လွတ်ကင်းနေတဲ့ နိဗ္ဗာန်ချမ်းသာရောက်မယ်တဲ့။ ဒါမှ ချမ်းသာစစ် နော် (မှန်ပါတယ်ဆရာ)၊ အေး-ဒီမှ အိုခြင်းလည်း လွတ်သွားမယ်။ နာခြင်းလည်း လွတ်သွားမယ်။ သေခြင်းလည်း လွတ်သွားမယ်။ အဲဒါထက် ဇိမ်ကျတာတော့ မရှိဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါထက် ဇိမ်ကျတာ မရှိ။ ဒါကြောင့် ဇိမ်အကျဆုံးဆိုတဲ့ နိဗ္ဗာနဓာတ်ကြီးရအောင် ကြိုးစားကြ။ "တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမတုံး"တဲ့။ အင်တိုက်အားတိုက် သေလုမျောပါး နင်လားငါလား ကြိုးစားမှ မဟုတ်ပါဘူး

http://www.dhammadownload.com



နော်။ ကြိုကြားကြိုကြားနဲ့ တတ်အားသမျှကလေး ဆည်းပူးလေ့လာသွားလို့ရှိရင် တကယ့်မင်္ဂဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီး ရောက်နိုင်, ရနိုင်ပါတယ်တဲ့။ တို့ဘုရားကိုယ်တော်မြတ်က ပေးသွားတဲ့ လမ်းစဉ်ရှိပါတယ် နော် (မှန်ပါတယ်ဆရာ)၊ အရောင်းမပျက် အဝယ်မပျက် အလုပ်အကိုင်မပျက် စီးပွားဥစ္စာမပျက် မိမိပိုင်တဲ့ ဆိုင်တဲ့ အိမ်နေရာက တစ်ထွာ တစ်မိုက်မှ မရွှေ့မပြောင်းရဘဲနဲ့ မခွဲမခွာရဘဲနဲ့ ရနိုင်တဲ့ တရားမျိုးခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ မယူတတ်ရင် မရဘူးပေါ့။ မပေးတတ်ရင်လည်း မရဘူးပေါ့ အဓိပ္ပါယ်၊ ဒါယူလည်း ယူတတ်တယ်၊ ပေးလည်း ပေးတတ်မယ်ဆို ရင် ရပါတယ်တဲ့။ အလုပ်အကိုင် အရှာအဖွေ အရောင်းအဝယ် မပျက်ပါဘူးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မိမိစီးပွားရေးတွေကို စွန့်လွှတ်ပြီးတော့ သွားမနေရပါဘူးတဲ့။ ရောင်းရင်း ဝယ်ရင်း လုပ်ရင်း ကိုင်ရင်း ရှာရင်း ဖွေရင်း စားရင်း သောက်ရင်း နေရင်း ထိုင်ရင်း အိပ်ရင်း လျောင်းရင်းဆိုသလို ရနိုင်တဲ့ တရားပါတဲ့ . . . မသက်သာဖူးလား (သက်သာပါတယ်ဆရာ)၊ အဲဒီလို သက်သက်သာသာလေး ပေးတာတောင် လူတိုင်း မလိုချင်ဘူးဗျ နော် (မှန်ပါတယ်ဆရာ)၊ လိုချင် ရဲ့လား (မလိုချင်ကြပါဘူးဆရာ)၊ ခက်ခက်ခဲခဲ ဆိုရင်ဖြင့် ဝေးရော့လို့၊ အသက်သာဆုံးလမ်းစဉ်က ချပြနေတာတောင် လူတိုင်းမယူချင်ကြဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တို့လူစုတွေ အခုသိထားတဲ့ အသိဉာဏ်လေးတွေ ဝေဖန်ဝေဖန်ပြီးတော့ ပြန်ပြန်ပြီး တော့တွေး၊ ကျေးဇူးလည်း တင်ကြ တရားကျေးဇူး နော် (မှန်ပါတယ်ဆရာ)၊ သင်တန်းကျေးဇူးလည်း တင်ကြ၊ သင်တန်းကြီးကယ်နေလို့တဲ့ ဟုတ်ကဲ့လားဟ (မှန်ပါတယ်ဆရာ)၊ သင်တန်းကြီး ကယ်ပေလို့၊ မကယ်လို့ရှိရင်ဖြင့် ငါ ဘယ်သောင် ဘယ်ကမ်း ဆိုက်မှန်းမသိဘူး နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ ငါ့အသိထူးလည်း ရပေပေါ့။ သာသနာနဲ့ တွေ့ကျိုး ကြုံကျိုးလည်း နပ်ရပေပေါ့။ ဝမ်းသာစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ တစ်ဘဝတည်း ငါနှစ်ဘဝ ပြောင်းရပေပေါ့ နော် (မှန်ပါ တယ်ဆရာ)၊ အမိမွေးလာတဲ့ဘဝမျိုး မဟုတ်တော့ဘူးလို့၊ အခုသိနေတဲ့ဘဝ, အခုဖြစ်နေတဲ့ဘဝက တစ်မျိုးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အမေမွေးတုန်းက ဘာဘဝတုံး (အန္ဓပုထုဇဉ်ပါဆရာ)၊ အန္ဓပုထုဇဉ်ဘဝလား (မှန်ပါတယ်ဆရာ)၊ အခုသင်တန်းတတ်တော့ ဘယ်ဘဝရောက်သွားတုံး (စူဠ သောတာပန်ဘဝ ရောက်သွားပါတယ်ဆရာ)၊ ဩော် - စူဠသောတာပန်ဘဝ၊ မြန်မာလို ပြန်တော့ ဘာတဲ့ (သောတာပန်အငယ်စားပါဆရာ)၊ အေး - သောတာပန်အငယ်စားလေး ဖြစ်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ သောတာပန်အငယ်စား ဖြစ်သွားပြီတဲ့၊ တန်းချင်းကွာသွားတယ် မကွာဖူးလား (ကွာပါတယ်ဆရာ)၊ အေး - ဒါကြောင့် သင်တန်းလည်း ကျေးဇူးတင်ကြလို့ နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



သင်တန်းလည်း ကျေးဇူးတင်ကြဆိုတာ သေချာမှတ်ထားကြနော်။ သင်တန်းလည်း တစ်ပတ်ဆုံးခါနီး နေပြီ။ တတ်အားသမျှလည်း ကျိုးကျိုးပြီးတော့ အလုပ်လုပ်နေတာပဲ။ နားလည်မှုလည်း ရှိကြပါ။

## ရှင်ဘုရင်များ မစွန့်လွှတ်အပ်တဲ့ အရပ်သုံးပါး

ရှင်ဘုရင်များမှာ - **"အဝိဇဟိတဌာန"** - ရှင်ဘုရင်များ မစွန့်ကောင်းတဲ့ အရပ်သုံးပါးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ "မစွန့်ကောင်းဘူး"ဆိုတာ ဘယ်တော့မှ စွန့်လွှတ်ပြီးတော့ မေ့လျော့မထား ကောင်းဘူးတဲ့ ရှင်ဘုရင်များ၊ ဘာတုံးတဲ့၊ **"မွေးဖွားရာဌာန"**တဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ **"ဘိသိက်သွန်းလောင်းရာဌာန"**တဲ့ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ **"စစ်အောင်မြင်ရာဌာန"**တဲ့ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒီသုံးခု သေသည့်တိုင်အောင် မမေ့ကောင်းဘူးတဲ့၊ ပစ်မထားရ ဘူးတဲ့။ ပြန်ပြန်အောက်မေ့ပြီး ကျေးဇူးတင်ရတယ်၊ ကျေးဇူးဆပ်ရတယ်တဲ့ နားလည်လား (နားလည် ပါတယ်ဆရာ)။

## ရဟန်းတော်များလည်း မစွန့်လွှတ်အပ်တဲ့ ဌာနသုံးမျိုး

ရဟန်းတော်များလည်း ထို့အတူပဲတဲ့၊ **"အဝိဇဟိတဌာန"**- မစွန့်လွှတ်ကောင်းသော ဌာနသုံးမျိုး ခေါ်တယ်။ **"မွေးဖွားရာ ဇာတိဌာန"** မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ **"မိမိရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှောက်လိုက်တဲ့ သိမ်တည်ရာဌာန"** မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ **"တရား အားထုတ်လို့ တရားရရာဌာန"** မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဟော - သုံးမျိုး နော် (မှန်ပါတယ် ဆရာ)၊ မမေ့ကောင်းဘူးတဲ့၊ မမေ့အပ်ဘူးတဲ့၊ လျစ်လျူရှုမထားကောင်းဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)။

အဲဒီရှင်ဘုရင်က မမေ့ကောင်းတဲ့ သုံးဌာနရယ်၊ ရဟန်းတော်များ မမေ့ကောင်းတဲ့ သုံးဌာန ရယ် "အဝိဇဟိတဌာန" ဆိုသလို၊ သင်တန်းသူ သင်တန်းသားများ မမေ့ကောင်းတဲ့ သုံးဌာန၊ ခုနဥစ္စာက နိဒဿနနည်းပြခေါ်တယ်။ ဒါနဲ့ဆင့်ပြီး လိုက်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ သင်တန်းသူ သင်တန်း သားများ မမေ့ကောင်းတဲ့ သုံးဌာန နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပြောစမ်း - (မွေးဖွားရာ ဌာနရယ်)၊ ဟုတ်ပြီ၊ (သင်တန်းရယ်) ဟုတ်ပြီ၊ တစ်ခုတော့ မေ့တယ်၊ ဟယ် . . ဒီလိုပါ ဆိုတယ်၊ မိမိမွေးဖွားရာဌာနရယ် နော် (မှန်ပါတယ်ဆရာ)၊ မိမိလောကီဥစ္စာ ရှာဖွေလို့ ကြီးပွားရာဌာနရယ် နော် (မှန်ပါတယ်ဆရာ)၊ မိမိတရားရရာဌာနရယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် တို့သင်တန်းသူ သင်တန်းသား သုံးမျိုးထဲမှာ မိမိမွေးဖွားရာဌာနရယ်၊ မိမိလောကီ ဥစ္စာရှာဖွေလို့

http://www.dhammadownload.com



ကြီးပွားရာဌာနရယ်လား (မှန်ပါတယ်ဆရာ)၊ တရားက ဘယ်နေရာကပေးတုံး၊ (သင်တန်းက ပေးပါတယ်ဆရာ)၊ သင်တန်းက ပေးတယ်၊ သင်တန်းရယ် နော် (မှန်ပါတယ်ဆရာ)၊ မမေ့ကောင်းဘူး မဟုတ်လား (မမေ့ကောင်းပါဘူးဆရာ)၊ မေ့လျော့ပြီးတော့ မေ့ချင်ယောင် တစ်ယောက်နှင့်တစ်ယောက် ဆောင်မနေရဘူးတဲ့။ ပစ်စလတ်ခတ် မထားရဘူးတဲ့။ ကျေးဇူးဆပ်ရမယ်တဲ့ နားလည်လား (နားလည် ပါတယ်ဆရာ)။

အဲဒါကတော့ ငါတခြား ပြောတာ မဟုတ်ပါဘူးကွာ။ သင်တန်းက ထိုင်နေတဲ့ ခုံတွေ မှာရစ်နေတာပါကွာ။ အေး - ဒါကြောင့် သင်တန်းကျေးဇူးတင် သင်တန်းကျေးဇူးတင်လို့ ပြောတာနော် (မှန်ပါတယ်ဆရာ)၊ သေချာတွက်ကြည့်ရင် တကယ်လည်း ကျေးဇူးတင်ထိုက်တယ် မဟုတ်လား (တင်ထိုက်ပါတယ်ဆရာ)၊ သင်တန်းကယ်ပေလို့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါ ငါပြောတာ မဟုတ်ဘူး။ သူတို့ပါးစပ်ကိုက ပြောတာ - သင်တန်းကယ်ပေလို့နော်၊ သင်တန်းကယ်ပေလို့ သင်တန်း လိုက်မိသေးလို့၊ သင်တန်းလိုက်မိသေးလို့ ဟော - ဒီလိုလာတယ် နော် (မှန်ပါတယ်ဆရာ)၊ တို့များ ပြောတာ မဟုတ်ပါဘူး၊ သင်တန်းသူ သင်တန်းသားများက ပြောတာ။ ဟုတ်မှာပဲလို့ ခမျာများ ဝမ်းထဲက အသိဉာဏ်လေးတွေ ရှင်းလင်းသွားတယ်ဆိုရင်ပဲ အားကိုးတစ်ခုဟဲ့။ တို့တော့ အပါယ်လေးပါးလုံးလုံး တံခါးပိတ်ပြီးပေါ့။ သံသရာရေးနဲ့ တွေးရင် စိတ်လေးစရာမရှိ၊ ကြောက်စရာမရှိ၊ ရွံ့စရာမရှိ။ အခုမှ နေရာကျတယ်ဟဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူတို့ကိုယ်တိုင် တရားရဲ့အရသာ ခံစားရခြင်းကြောင့် သင်တန်းရဲ့ ဂုဏ်ကျေးဇူး အထူးထုတ်ဖော်ပြီး ပြောကြတာလို့ တို့များပြောတာ မဟုတ်ပါဘူး။

ဒါကြောင့် မိမိမွေးဖွားရာဌာနရယ်, မိမိကြီးပွားရာဌာနရယ်, မိမိတရားရအောင် ပေးလိုက်တဲ့ သင်တန်းရယ် မမေ့ကြပါနဲ့လို့ နော် (မှန်ပါတယ်ဆရာ)၊ မမေ့ကြပါနဲ့ မမေ့ကောင်းဘူးလို့ ကျေးဇူး တုန့်ပြန် တစ်ဖန်ဆပ်ပေးသော အနေအားဖြင့် အဲဒါတို့များ မှာရစ်တာပါလို့ မှတ်မိလား (မှတ်မိပါတယ် ဆရာ)၊ ဒါဖြင့် ပြီးတော့မှ တစ်နေ့က အဆက်ကလေး ဆက်ကြစို့နော် (မှန်ပါတယ်ဆရာ)၊ အင်္ဂါ ဆယ့်နှစ်ပါးပြီးတော့ ဘာတဲ့ . . . (အခြင်းရာနှစ်ဆယ်ပါ ဆရာ)၊ အေး-အခြင်းအရာ နှစ်ဆယ်တဲ့။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဝေထားတဲ့အတိုင်း စာရွက်ထဲပြန်ကြည့်။ အခြင်းအရာနှစ်ဆယ်တဲ့။ အဲဒီ အခြင်းအရာနှစ်ဆယ်မှာ တို့အတိတ်က လုပ်လာတဲ့ အကြောင်းတရားငါးပါး၊ ပစ္စုပ္ပန်ဘဝရလာတဲ့ အကျိုးတရားငါးပါး၊ ပစ္စုပ္ပန်ဘဝမှာ ထပ်ပြီးအကြောင်းခံတဲ့ အကြောင်းတရားငါးပါး၊ အနာဂတ် ထပ်ဖြစ်ဦးမယ်ဆိုတဲ့ အကျိုးတရားငါးပါး မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အတိတ်အကြောင်း တရားက ဘယ်နှစ်ပါးရှိ (ငါးပါးပါဆရာ)၊ ဘယ်သူ ဘယ်သူတုံး (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန်

http://www.dhammadownload.com



ဘဝ ပါဆရာ)၊ ပြန်ပြောစမ်းပါ (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝပါဆရာ)၊ ဘာ၊ အဝိဇ္ဇာ၊ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ တဲ့လား၊ (မှန်ပါတယ်ဆရာ) ဒါက ဘာတရားခေါ်တယ်၊ (အတိတ် အကြောင်း တရားငါးပါးပါ ဆရာ)၊ အေး - "အတီတေ ဟေတဝေါ ပဉ္စ" တဲ့။ အတိတ်ကလုပ်လာတဲ့ အကြောင်းတရားငါးပါး နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာရယ်၊ သင်္ခါရရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ဘဝရယ် နော် (မှန်ပါတယ်ဆရာ)၊ အတိတ်ကတုန်းက လုပ်လာတဲ့ တရားငါးပါးပဲတဲ့။ လက်ာ ကလေးလုပ်လိုက်စမ်းပါဦးကွာ၊ ဗမာလို (မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်)၊ အေး - ဟုတ်ပြီ။ မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်တဲ့လား (မှန်ပါတယ်ဆရာ)၊ မသိလို့ဆိုတာ ဘယ်သူပြောတာတုံး (အဝိဇ္ဇာပါဆရာ)၊ လိုချင်တာ ဘယ်သူပြောတာတုံး (တဏှာပါ ဆရာ)၊ စွဲလမ်းတာ ဘယ်သူပြောတာတုံး (ဥပါဒါန်ပါဆရာ)၊ ပြုလုပ်တာက ဘယ်သူ ဘယ်သူ ပြောတာ တုံး (သင်္ခါရနဲ့ ဘဝပါဆရာ)။

အေး-ဟုတ်ပြီ၊ သင်္ခါရနဲ့ဘဝ မှတ်ထားနော်။ ဆေးလိပ်သောက်ရင်း ပဋိစ္စသမုပ္ပါဒ်လေး လည်လည်ကြည့် "မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်"။ ဩော် - လက်စ သတ်တော့ လွန်ခဲ့သော အတိတ်ဘဝက တို့ဘာမှ မသိခဲ့၊ ဘာမှ မသိခဲ့လို့ လိုချင်လိုက်တာ ဘာလိုချင်တာတုံးဟ (ခန္ဓာငါးပါး ပါဆရာ)၊ အေး - ခန္ဓာငါးပါး လိုချင်၊ လိုချင်လိုက်တာ၊ ဘဝ အသစ်အသစ်တွေ ဖြစ်ချင်လိုက်တာ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ အေး - တို့မသိခဲ့လို့ နောက် နောင်သောဘဝက ခန္ဓာငါးပါး အသစ်အသစ်တွေ, ဘဝအသစ်အသစ်တွေ ဖြစ်ချင်လိုက်တာ၊ ဖြစ်ချင် လိုက်တာ ဆိုမှ ဘယ်ထိအောင် ဖြစ်ချင်၊ မဖြစ်ရင် ငါမနေဘူး။ ဥပါဒါန်စွဲလမ်း နော် (မှန်ပါတယ် ဆရာ)၊ စွဲလမ်းပြီးတော့ ဘာလုပ်၊ စွဲလမ်းပြီးတော့ ရရာရကြောင်း ကံနှစ်ပါး ကြိုးစားအားထုတ် အလုပ်လုပ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လုပ်လိုက်တယ်လို့၊ အဲဒီလို အကြောင်းတရားငါးပါး လွန်ခဲ့သော အတိတ်ဘဝ ငါတို့လုပ်ခဲ့လို့ အခုဘဝ လာပြီးတော့ အကျိုးတရားငါးပါး လာပေါ်တယ်။ ပရမတ္ထသဘောနဲ့ကြည့်၊ ဝိညာဏ်ရယ်၊ နာမ်ရုပ်ရယ်၊ သဠာယတနရယ်၊ ဖဿရယ်၊ ဝေဒနာရယ် မဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)၊ အကျိုးတရားငါးပါး လာပေါ်၊ ဒါလောက အသုံးအနေအားဖြင့် ငါလာဖြစ်တာပေါ့။ ငါကောင်ကြီး လူကောင်ကြီးလာဖြစ်တာပေါ့။ ယောကျ်ား မိန်းမ လာဖြစ်တာပေါ့။ ပုဂ္ဂိုလ် သတ္တဝါ လာဖြစ်တာပေါ့ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အရပ် ပြောပြောမယ်ဆိုရင် ဒါပဲ၊ ငါဘာကြောင့် လာဖြစ်ပါလိမ့်။ ငါဘာကြောင့် လာဖြစ်ရပါလိမ့်၊ ဖြစ်မှာပေါ့။ လွန်ခဲ့သော အတိတ်ဘဝက "အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ" ဆိုတဲ့ အကြောင်းတရားငါးပါး ငါလုပ်ခဲ့တာကို

http://www.dhammadownload.com



မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီအကြောင်းတရားငါးပါးသာ ငါမလုပ်ဘူးဆိုလို့ရှိရင် ဒီဘဝ လာပြီးတော့ ငါကောင်ကြီး လာမဖြစ်ပါဘူး၊ (မဖြစ်ပါဘူးဆရာ)၊ ဖြစ်ပါ့ဦးမလား၊ (မဖြစ်ပါဘူးဆရာ)၊ ဒီဘဝမှာ ငါကောင်ကြီး လာမဖြစ်လို့ရှိရင်ဖြင့် ဇာတိဆိုတဲ့ ဒုက္ခကြီးတွေ့ပါဦးမလား (မတွေ့နိုင်ပါဘူး ဆရာ)၊ ဇရာဆိုတဲ့ ဒုက္ခကြီး တွေ့နိုင်ပါဦးမလား၊ (မတွေ့ပါဘူးဆရာ) ဗျာဓိဆိုတဲ့ ဒုက္ခကြီး တွေ့နိုင်ပါ ဦးမလား (မတွေ့ပါဘူးဆရာ)၊ နောက်ဆုံး သေတယ် ဆိုတဲ့ မရဏဆိုတဲ့ ဒုက္ခကြီး တွေ့ပါဦးမလား၊ (မတွေ့ပါဘူးဆရာ)၊ မတွေ့ဘူး နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းချုပ်ရင် အကျိုးပြုတ်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဟိုဘက်က အကြောင်းတရာငါးပါး ချုပ်ပြီးတယ်ဆိုမှ ဒီဘက်က အကျိုး ပြုတ်မသွားဘူးလား (ပြုတ်သွားပါတယ်ဆရာ)၊ အေး - ဒါကြောင့် အကျိုးတရားချည်းများ သွားပြီး မဖြုတ်ကြပါနဲ့၊ အကျိုးတရားဆိုတဲ့ ခန္ဓာငါးပါး ဖြုတ်လို့ ရကောင်းတာ မဟုတ်ဘူး။ ဘာပြုလို့ သူက လက်လွန်ပြီးသား ဖြစ်နေပြီတဲ့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခရီးလွန်ပြီးသားတဲ့။

နောက်ခန္ဓာသစ် မဖြစ်ချင်ရင် ခန္ဓာသစ် ဖြစ်စေတတ်တဲ့ အကြောင်းတွေ ဖြုတ်ပစ်ရမယ် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး - ဒါလေးတွေ မှတ်ထား သေသေချာချာ။ ဒါကြောင့် မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်။ ပြုလုပ်တော့ဘာဖြစ် (ခံရပါတယ်ဆရာ)၊ ဟာ - ရမှ မရသေးဘူး၊ ခံရတာက အရင်ကိုဟ နင့်ဉစ္စာက၊ မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ဘာဖြစ်လဲ (ရကြပါတယ်ဆရာ)၊ ရ, ရကော့ ဟုတ်လား၊ ဘာတွေရ (ခန္ဓာ ငါးပါးပါဆရာ)၊ ဟော - ခန္ဓာငါးပါးရ၊ ခန္ဓာငါးပါးရတော့ ဘာဖြစ် (ဒုက္ခပါဆရာ)၊ ခန္ဓာငါးပါးရတော့ ခံကြတော့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးရ (ရပါတယ်ဆရာ)၊ ရတော့ ဘာဖြစ် (ခံကြရပါတယ်ဆရာ)၊ ခံကြရော့၊ ဘာတွေခံရ (ဒုက္ခတွေခံရပါတယ်ဆရာ)၊ အေး - ဒုက္ခတွေ ခံရတယ်။ ဘယ်ကစ ခံရ (ဇာတိက စခံရတာပါဆရာ)၊ ဩော် - ဇာတိက စခံရတယ်။

ဇာတိကိုက ဘာတဲ့ (ဇာတိဒုက္ခ)၊ ဩော် - ဇာတိဒုက္ခ၊ သုခနဲ့များ တွေ့ရဲ့လားဟ (မတွေ့ပါဘူး ဆရာ)၊ ဖြစ်ဖြစ်ချင်း ဒုက္ခနဲ့ တွေ့နေတာပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ခံကြရော့တဲ့။ မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ၊ ရရှိတော့ ခံကြတော့။ ခံရပြီ၊ ဒီဘက်ဘဝလာ ပဋိသန္ဓေဝိညာဏ်လေးကစ ဒုက္ခတွေ့၊ မတွေ့ဖူးလား (တွေ့ပါတယ်ဆရာ)၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ သွားပြီ၊ သေတဲ့ဘဝထိ နော် (မှန်ပါတယ်ဆရာ)၊ သေတဲ့ဘဝထိ။ ဒါကြောင့် ဒီဘဝရလာတဲ့ “ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ” ဆိုတဲ့ အကျိုးတရားငါးပါး သုခများ ထင်မနေပါနဲ့တဲ့။ ဒုက္ခကောင်ကြီးပါတဲ့ နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



ဒုက္ခကောင်ကြီး ဒုက္ခကောင်ကြီး၊ ပဋိသန္ဓေခဏက စပြီး လာလိုက်တဲ့ ဒုက္ခ ဘယ်တော့မှ မရပ်ဘူး၊ ဒုက္ခ ဘယ်တော့မှ မပြတ်ဘူး၊ ဒရစပ်လာနေတဲ့ဒုက္ခ၊ ဘယ်ကျမှဆုံး မရဏကျမှဆုံး၊ သွားပြန်ပြီ တစ်ဘဝ နော် (မှန်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ"ဆိုတဲ့ "ဣဒါနိ ဖလပဉ္စကံ" = ပစ္စုပ္ပန်ဘဝရဲ့ အကျိုးတရားငါးပါးပဲတဲ့။ ဟိုဘက်ဘဝက အကြောင်းတရား ငါးပါးကြောင့် ဖြစ်လာတဲ့ အကျိုးတရားငါးပါးလို့။ အဲဒီအကျိုးတရားငါးပါး ပေါင်းလိုက်လို့ရှိရင် "ဝိပါက်ကောင်"ခေါ်တယ်၊ အရပ်သုံးအနေအားဖြင့် လူကောင်ပေါ့ကွာ။ လူတစ်ယောက် ဖြစ်လာ တာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ပရမတ်အနေအားဖြင့် ကြည့်လိုက်မယ်ဆိုလို့ ရှိရင် ဝိပါက်ကောင် တဲ့၊ ရုပ်ကောင်တဲ့၊ နာမ်ကောင်တဲ့၊ ခန္ဓာကောင်တဲ့၊ ပရမတ်ကောင်တဲ့၊ ဓာတ်ကောင်ကြီးတဲ့ မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်နည်းအားဖြင့် ဒုက္ခကောင်ကြီးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဒုက္ခကောင်ကြီးက ဒီအတိုင်းသာ နေမယ်ဆိုရင် ဘာမှ မဖြစ်ဘူးတဲ့။ သူက ဒီအတိုင်း နေရဲ့လား (မနေပါဘူးဆရာ)၊ မနေတော့ ဘာတွေထပ်လုပ် (ကုသိုလ်ကံတွေ, အကုသိုလ်ကံတွေ ထပ်လုပ်ပါတယ် ဆရာ)၊ ကုသိုလ်ကံ အကုသိုလ်ကံတွေ ထပ်လုပ်၊ တရားဘယ်နှစ်မျိုးထပ်ပြီး အလုပ်လုပ် (ငါးမျိုးပါ ဆရာ)၊ ငါးမျိုးထပ်လုပ်၊ ဘယ်သူ ဘယ်သူတုံး (တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ပါဆရာ)၊ ဩော် - ဒါဖြင့် ဒီဒုက္ခကောင်ကြီးက ဒုက္ခကောင်ဖြစ်လာပါလားဆို သန့်သန့်လေး မနေရှာဘဲကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီအတိုင်းထပ်ပြီးတော့ အကြောင်းတွေ လုပ်ပြန်ပြီလား (မှန်ပါ၊ အကြောင်းတွေ ခံပြန်ပါပြီဆရာ)၊ အကြောင်းတွေ ခံပြန်ပြီတဲ့။

ဘာတွေ သူတို့လုပ်နေတုံး၊ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ လုပ်ပြီလား (လုပ်ပါတယ် ဆရာ)၊ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ၊ စောစောက အတိတ်က လုပ်လာတဲ့ အကြောင်းတရား ငါးပါးနဲ့ ထူးသေးလား (မထူးပါဘူးဆရာ)၊ မထူးဘူး၊ စာလုံး အနေအထားလေး ရှေ့နောက် လွဲနေတယ် လား (မှန်ပါတယ်ဆရာ)၊ အေး - ရှေ့နောက်ကလေးသာ လွဲနေတာ၊ ဒီငါးလုံး ဒီငါးလုံးပါပဲတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် တို့လူစုတွေ အခု ပစ္စက္ခ မျက်မှောက် အခု ပစ္စုပ္ပန်ဘဝထဲ ဘာတွေလုပ်နေ ကြသလဲဆို ဘယ့်နဲ့ပြော (ကုသိုလ်ကံနဲ့အကုသိုလ်ကံ လုပ်နေကြပါတယ်ဆရာ)၊ ဩော် - ကုသိုလ်ကံနဲ့ အကုသိုလ်ကံ နှစ်ပါးကို လုပ်နေတဲ့လား (လုပ်ပါတယ်ဆရာ)၊ ဘာပြုလို့လုပ် (ဘဝသစ်ကို မျှော်မှန်းလို့ပါ ဆရာ)၊ စွဲလမ်းလို့ ဘာဖြစ်လို့လုပ်၊ (စွဲလမ်းလို့ပါဆရာ) ဘာဖြစ်လို့စွဲလမ်း၊ (လိုချင်လို့ပါဆရာ)၊ ဘာဖြစ်လို့ လိုချင် (ကောင်းမယ်ထင်လို့ပါဆရာ)၊ ဟောဗျာ - အဝိဇ္ဇာ ဘယ်ထားပစ်ခဲ့တုံးဟ (မသိလို့ပါဆရာ)၊ အဲဒီလိုလုပ်ပါ နော် ( မှန်ပါတယ်ဆရာ)၊ ပြန်ပြောစမ်း - တို့လူစုတွေ အခုပစ္စက္ခ မျက်မှောက် ဘာတွေ

http://www.dhammadownload.com



လုပ်နေကြတုံး (ကုသိုလ်ကံတွေ, အကုသိုလ်ကံတွေ လုပ်နေပါတယ်ဆရာ)၊ ဘာဖြစ်လို့လုပ်၊ (လိုချင်လို့ပါဆရာ)၊ စွဲလမ်းလို့၊ ဘာဖြစ်လို့လုပ် (စွဲလမ်းလို့ပါဆရာ)၊ ဘာဖြစ်လို့ စွဲလမ်း (လိုချင်လို့ပါဆရာ)၊ ဘာပြုလို့လိုချင် (မသိလို့ပါဆရာ)။

အေး - ဟုတ်ပြီ၊ ဒါဖြင့် ပြန်လိုက်စမ်း အစကနေ လက်ာလေး (မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်)၊ ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် အရင်ဘဝနဲ့ ထူးသေးသလားဟ (မထူးပါဘူးဆရာ)၊ အရင်အတိတ်ဘဝ အတိုင်းပေါ့ (အတိတ်ဘဝအတိုင်းပဲ ဆရာ)၊ အေး - အတိတ်ဘဝအတိုင်းဖြစ်၊ ဘာမှ မထူးဘူး။ အတိတ်ဘဝတုန်းက ဒီလိုလုပ်၊ အခုလည်း ဒီလိုလုပ်၊ နောင်လည်း ဒီလိုလုပ်ဦးမယ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သံသရာ လွတ်ပါ့မလား (မလွတ်နိုင်ပါဘူးဆရာ)၊ ဘယ်တော့မှ မလွတ်ဘူးတဲ့။ ဒီတိုင်းသာသွားလို့ရှိရင် ပြင်ရမယ် နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ တို့သင်တန်းသူ သင်တန်းသားများ ပြင်လိုက်ပြီလား (ပြင်ကုန်ပြီဆရာ)၊ အေး - ပြင်ကုန်ပြီလား (ပြင်ကုန်ပါပြီဆရာ)၊ အေး - ဟုတ်ပြီ၊ ပြင်ကြပြီလို့ ခန္ဓာအသစ်တွေ နောက်ထပ် မဖြစ်ချင်ဘူးတဲ့လား ဟုတ်လား (မဖြစ်ချင်ပါဘူးဆရာ)၊ ဘဝအသစ် အသစ်တွေ နောက်ထပ်မဖြစ်ချင် ဘူးတဲ့လား (မဖြစ်ချင်ပါဘူးဆရာ)၊ သုံးဆယ့်တစ်ဘုံကြီးကို ငြီးငွေ့တယ်၊ ဟုတ်လား (ငြီးငွေ့ပါ တယ်ဆရာ)၊ အေး - ဟုတ်ပြီ၊ ဘာလိုချင်တုံး (နိဗ္ဗာန်ပါဆရာ)၊ ဟုတ်ပြီ၊ နိဗ္ဗာန်လိုချင်တယ်နော် (မှတ်ပါတယ်ဆရာ)၊ ဆန္ဒဓာတ်ကလေး မြဲမြဲလေး ကပ်ထားကြပါလို့ ပြင်းပြင်းလေး မုချရ, ရမယ်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်ဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကျော်သွားလို့ ဖြစ်ကောင်း ရဲ့လား (မဖြစ်ကောင်း ပါဘူးဆရာ)၊ ပထမ ဘာရ, ရမယ် (မဂ်ဉာဏ် ဖိုလ်ဉာဏ် ရ,ရမယ်)၊ ဩော် - မဂ်ဉာဏ် ဖိုလ်ဉာဏ် ရ, ရမယ်။

ဒါကြောင့် အခု နာနေတဲ့တရားသည် ဘာတရားလဲလို့ မေးရင် ဘယ့်နှယ့်ပြောမလဲ (မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်း တရားပါဆရာ)၊ အေး - မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်းတရားတဲ့ နော် (မှန်ပါတယ်ဆရာ)၊ သာသနာတော်ကြီး ထင်ရှားရှိတဲ့အခါမှာ တစ်မဂ် တစ်ဖိုလ်လိုချင်ရင် လွယ်လင့်တကူနဲ့ ရနိုင်ပါတယ်တဲ့ ဘုရားကိုယ်တော်မြတ်က ဟောသွားတာ နော် (မှန်ပါတယ်ဆရာ)၊ ငါဘုရားကိုယ်တော်မြတ် သာသနာတော် ငါးထောင်လုံးလုံး မကုန်ဆုံးသမျှ ကာလပတ်လုံး မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်ရင် အလျင်အမြန် ရနိုင်ပါ၏၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် မရရင် မယူလို့ပေါ့ (မယူလို့ပေါ့ဆရာ)။ ယူရင်ရမယ် မဟုတ်လား (ယူရင်ရပါတယ်ဆရာ)၊ အေး - အဲဒါက တို့ရေကန်ကြီးရဲ့အနီးအပါးမှာ လူတစ်ယောက် ရွှံ့နွံတွေ အလိမ်းလိမ်းကပ်နေတယ်တဲ့ ရွှံ့နွံတွေ

http://www.dhammadownload.com



အလိမ်းလိမ်းကပ်တော့ ငါညစ်ပတ်ပေနေတယ်၊ ရေကန်ကြီးကလည်း ငါ့စင်ကြယ်သန့်ရှင်းအောင်မှ လာမဆေးပါလားလို့ အပြစ်တင်သလို ဖြစ်တတ်တယ်တဲ့။ ဒါပေမယ့် သူ့အညစ်အကြေးတွေ လာမဆေးကြောတာ ရေကန်အပြစ်လား၊ သူ့အပြစ်လား (သူ့အပြစ်ပါဆရာ)၊ သူ့အပြစ်နော် (မှန်ပါ တယ်ဆရာ)၊ သူစင်ကြယ်စေချင်ရင် ရေကန်သွားဆေးရမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ရေကန်က လာမဆေးတာ အပြစ်တင်နေလို့ရှိရင် ရေကန်အပြစ်မဟုတ်ဘူး၊ သူ့အပြစ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ အခုလည်း ဒီလိုပဲ တစ်မဂ် တစ်ဖိုလ် ရနိုင်လောက်တဲ့ သာသနာကြီး ထင်ရှားရှိလျက် သားနဲ့ တစ်မဂ် တစ်ဖိုလ် အရမယူလို့ရှိရင် မယူတဲ့သူအပြစ်လား၊ သာသနာ့အပြစ်လား (မယူတဲ့သူ အပြစ်ပါဆရာ)၊ မယူတဲ့သူအပြစ်တဲ့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ယူချင်ရင် ခဏနဲ့ ရနိုင်တဲ့ သာသနာကြီး ထင်ရှားရှိတဲ့အခါမှာ ယူလည်း ယူကြပါလို့ နော် (မှန်ပါတယ်ဆရာ)၊ ဘဝတွေထဲ မျက်စိလည် လောကီအာရုံတွေ လှည့်ပတ်တိုင်း မျက်စိ လည်လို့ တစ်လည်လည်နဲ့ အဟုတ်များ မှတ်မနေကြပါနဲ့။ စောစောက ပြောထားတဲ့ ငါတို့ ပြဟ္မာ့ စည်းစိမ်ကြီးတွေလည်းပဲ စွန့်လွှတ်ခဲ့ရပြီ၊ ထားခဲ့ရပြီ၊ နည်းနည်းလေးမှ မခွဲချင်၊ အင်မတန် နှစ်သက်၊ အင်မတန် ခင်တွယ်၊ အမြတ်ဆုံးဆိုတဲ့ ပြဟ္မာ့စည်းစိမ်ကြီးတွေလည်းပဲ မထားချင် ထားချင်နဲ့ ထားခဲ့ ရပြီ၊ ကိုယ်မပိုင်လို့။ နတ်စည်းစိမ်ကြီးတွေလည်းပဲ အင်မတန်မှ နှစ်သက်ခင်တွယ်လောက်တဲ့, မြတ်နိုး လောက်တဲ့ နတ်စည်းစိမ်ကြီးတွေလည်း ငါတို့မှာ မထားချင် ထားချင်နဲ့ ထားခဲ့ရပြီ။ ပဒေသရာဇ် ဧကရာဇ် စကြဝတေး မန္ဓာတ် သူဌေး သူကြွယ် ကုန်သည် အစရှိတဲ့ လူ့ဘဝ လူစည်းစိမ်ကြီး တွေလည်း ဘဝပေါင်းများစွာရလို့, လက်ဝယ်ရလို့, ခံစားစံစားလို့, အားမရခင်ပဲ ကိုယ်မပိုင် မနိုင်ပဲ ထားခဲ့ရပြီလို့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် "မပိုင်မနိုင် မိမိအာဏာတန်ခိုး အစိုးမရသော အနတ္တတရား အစစ်တွေ ဖြစ်တိုင်းဖြစ်တိုင်း" ဆိုသလိုပဲ ငါတို့မှာ ဘယ်တော့မှ၊ ငါတို့အလို ပြည့်တယ်လို့ မရှိဘူး၊ ထားခဲ့ရပြီ။

ဒါကြောင့် မိမိနဲ့ ထက်ကြပ်မကွာ အမြဲတစေ ပါနေသော ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး ဆိုတဲ့ အမွေခံပစ္စည်း နှစ်ခုသာ ကိုယ်ပိုင်ပြုပြီးတော့ လာကြရတယ်။ လာတဲ့အထဲလဲပဲ အခုပြောသလို သုံးဆယ့်တစ်ဘုံ ကျင်လည်နေတဲ့ ကာလပတ်လုံး ဒုက္ခတွေ ကုန်ဆုံးစရာ အကြောင်းမရှိတဲ့အတွက် သုံးဆယ့်တစ်ဘုံအတွင်းမှာ ဖြစ်တဲ့ကုသိုလ်မျိုးကိုတော့ ငါနည်းနည်းလေးမှ မကြိုးစားချင်တော့ဘူး။ ဘာဖြစ်လို့ ကိုယ်မထားချင်ဘဲနဲ့ ထားခဲ့ရတာ မဟုတ်လား (ထားခဲ့ရတာပါဆရာ)။ ကိုယ်မစွန့်ချင်ဘဲနဲ့ စွန့်ခဲ့ရတယ် မဟုတ်လား (စွန့်ခဲ့ရပါတယ်ဆရာ)၊ ကိုယ်မခွဲချင်ဘဲနဲ့ ခွဲခဲ့ရတယ် မဟုတ်လား (ခွဲခဲ့ရ

http://www.dhammadownload.com



ပါတယ်ဆရာ)၊ အေး - ဒါကြောင့် သုံးဆယ့်တစ်ဘုံအတွင်းမှာ အချင်းခပ်သိမ်း ဖြစ်ပေါ်တယ်ဆိုတဲ့ လူ့စည်းစိမ် နတ်စည်းစိမ် ပြဟ္မာ့စည်းစိမ်ဆိုတဲ့ စည်းစိမ်အရပ်ရပ်ကိုတော့ မက်မောတဲ့ အနေအားဖြင့် ငါမလိုချင်တော့ဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကိုယ်ပိုင် ဣဿရိယ - အစိုးရသော ပိုင်တယ်၊ နိုင်တယ်၊ အစိုးရတယ် ဆိုတဲ့ မပျက်စကောင်းသော နိဗ္ဗာန်ဆိုတဲ့ ရွှေပြည်မြတ်သာ ငါတို့ ရောက်ချင်၊ ရချင်တယ်။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီစိတ်ဓာတ်ကလေးတွေ ဝင်စားလို့၊ ဒီစိတ်ဓာတ်ကလေးတွေ ဝင်စားတဲ့အတိုင်းလည်းပဲ တစ်မဂ်တစ်ဖိုလ်တော့ သာသနာနဲ့ ကြုံတဲ့၊ ကြိုက်တဲ့ အခါကြီး ငါရအောင် ကြိုးစားမယ် နော် (မှန်ပါတယ်ဆရာ)၊ တစ်မဂ် တစ်ဖိုလ်ရရင် နိဗ္ဗာန်ရောက်မှာပဲ။

ဒါကြောင့် ဒီဆန္ဒဓာတ်ကလေးတွေ မြဲမြဲကပ်၊ မြဲမြဲကပ်ပြီးတော့ ကြိုးလည်းကြိုးစားပေါ့၊ အားလည်းထုတ်။ ဒါကြောင့် "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ" ပစ္စုပ္ပန်အကျိုး ဒီထဲမှာ ပစ္စုပ္ပန်အကျိုးတရား ငါးပါး ဆိုတဲ့ ခန္ဓာကောင် ဝိပါက်ကောင် မနေဘဲနဲ့ ဘာတွေထပ်လုပ်၊ "တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ" ဆိုတဲ့ အကြောင်းတရားငါးပါး ထပ်လုပ်၊ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)။ အဲဒီအကြောင်းတရားငါးပါး ထပ်လုပ်ခြင်းကြောင့် နောက်ဘဝ ဘာဖြစ်အုံးမယ် (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပြန်ဖြစ်အုံးမှာပါဆရာ)၊ "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ"ဆိုတဲ့ အကျိုးတရားငါးပါး ပေါ်အုံးမယ် ဟုတ်လား (ပေါ်အုံးမှာပါဆရာ)။ အေး - ပေါ်အုံးမယ်။ ဒါဖြင့် ဟိုဘက် ဝိပါက်ကောင်ကြီး ဖြစ်အုံးမှာပေါ့ (ဖြစ်မှာပါဆရာ)၊ အေး-ဒါကြောင့် အတိတ်ရယ်, ပစ္စုပ္ပန်ရယ်, အနာဂတ်ရယ်၊ အတိတ်က အကြောင်းတရားငါးပါး၊ ပစ္စုပ္ပန်လာပြီး အကျိုးတရားငါးပါး ပေါ်တယ်။ ပစ္စုပ္ပန်ထဲမှာ အကြောင်းတရားငါးပါး ထပ်လုပ်၊ အနာဂတ် အကျိုးတရားငါးပါး ပေါ်တယ်။ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် သံသရာစက်ရဟတ် အဆက်ဖြတ်လို့ ရပါအုံးမလား (မရတော့ပါဘူးဆရာ)၊ ဒီတိုင်းချည်းသွားသွားနေ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဲဒီနေရာလေးမှာ ဇရာ မရဏဆိုတဲ့ တရားနှစ်ပါး၊ အင်္ဂါဆယ့်နှစ်ပါးက ပြလျက်သားနဲ့ အခု အခြင်းအရာ နှစ်ဆယ်ကျမှ ဘာကြောင့် မပြသလဲဆိုရင် "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ" ဆိုတဲ့ အကျိုးတရားငါးပါးပြလို့ရှိရင် "ဇာတိ ဇရာ မရဏ"ဆိုတဲ့ တရားပါပြီးသားပါလို့နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "ဝိညာဏာဒီနိ ပဉ္စ၊ တာနိ ဇာတိဂ္ဂဟဏေန ဝုတ္တာနိ။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ၁၈၃) ဝိညာဏာနိ၊ ဝိညာဏ် အစရှိကုန်သော။ ပဉ္စ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာခေါ်တဲ့ တရားငါးပါးတို့တည်း။ တာနိ၊ ထိုဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခေါ်တဲ့ တရားငါးပါးတို့ကို။ ဇာတိဂ္ဂဟဏေန၊ ဇာတိသဒ္ဒါကို ယူသဖြင့်။ ဝုတ္တာနိ၊ မိန့်ဆိုအပ်ကုန်၏။

http://www.dhammadownload.com



အမှန်ကတော့ ဇာတိနဲ့ ဇရာ မရဏ၊ အင်္ဂါဆယ့်နှစ်ရပ်တုန်းက ပြလျက်သားနဲ့ အခြင်းအရာ နှစ်ဆယ် ကျမှ ဒီနှစ်လုံး ဘာကြောင့် ပြုတ်ခဲ့သလဲဆိုရင် တစ်ခြားမဟုတ်ပါဘူးတဲ့။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ တရားငါးလုံး ဇာတိဟူသော သဒ္ဒါဖြင့် သိမ်းကြုံးပြီးတော့ ဇာတိ ဇရာ မရဏဆိုတဲ့ တရားသုံးပါးနဲ့ သိမ်ကြုံးပြီးတော့ ဟောထားတဲ့ ဒေသနာဖြစ်ပါတယ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရားငါးပါးကို ထင်ရှားစွာ ကောက်ပြီးပြတာ ထောက်သောအားဖြင့် ဇာတိနဲ့ ဇရာမရဏ နှစ်ပါးသည် မုချအားဖြင့် ဒီထဲ အန္တောဂဓအားဖြင့် ပါလေရဲ့ဟု ယူ၍မှတ်ပါ။

အင်္ဂါဆယ့်နှစ်ပါး၊ အခြင်းအရာနှစ်ဆယ်၊ အစပ်သုံးပါး၊ အလွှာလေးခု၊ ကာလသုံးပါး၊ ဝဋ်သုံးပါး၊ မူလနှစ်ပါး၊ မနေ့ကပြသွားတာ အခြင်းအရာနှစ်ဆယ်၊ ဒုတိယစက်ဝိုင်းမှာ အကန့်လေးကန့်၊ တစ်ကန့်မှာ တရားငါးလုံး၊ လေးကန့်ဆိုတော့ အလုံးပေါင်း နှစ်ဆယ်။ ဒါကို "ဝီသတာကာရ -အခြင်းအရာနှစ်ဆယ်" ခေါ်၏။ အဲဒီအခြင်းအရာနှစ်ဆယ် သေသေချာချာ ကြည့်တော့ အတိတ်က ပြုခဲ့တဲ့ အကြောင်း တရားငါးပါး၊ ထိုအကြောင်းတရားငါးပါးကြောင့် ပစ္စုပ္ပန်လာပြီးတော့ အကျိုးတရားငါးပါးဖြစ်၏။ ဆယ်ပါးမနေဘူးလား (ဆယ်ပါးပါဆရာ)၊ ပြီးတော့ ဒီပစ္စုပ္ပန်ထဲမှာပဲ အကြောင်းတရားငါးပါး ထပ်၍ လုပ်ပြန်၏။ ငါးပါး မနေဘူးလား (ငါးပါးပါဆရာ)၊ ထိုပစ္စုပ္ပန်ထဲ ယခုမျက်မှောက် ယခုလက်ရှိဘဝမှာ အကြောင်းတရားငါးပါး ထပ်လုပ်ခြင်းကြောင့် လာလတ္တံ့ - အနာဂတ်ဘဝ၌ ခန္ဓာငါးပါးတည်းဟူသော အကျိုးတရားငါးပါး ပေါ်၏။ ဘယ်နှစ်ပါးရှိပြီတဲ့ (အခြင်းအရာနှစ်ဆယ် ရှိပါတယ်ဆရာ)၊ နှစ်ဆယ် ရှိသွားပြီ၊ အခြင်းအရာနှစ်ဆယ် နော် (မှန်ပါတယ်ဆရာ)၊ အခြင်းအရာနှစ်ဆယ်မှာ တူရာတူရာ ပေါင်းလိုက်တော့ အကြောင်းတရား ဘယ်နှစ်ပါးတုံး (ဆယ်ပါးပါ ဆရာ)၊ အကျိုးတရားကကော (ဆယ်ပါးပါဆရာ)၊ အကြောင်းတရားဆယ်ပါး၊ အကျိုးတရားဆယ်ပါး၊ အကြောင်းတရားဆယ်ပါး သဘောတူထပ်လိုက်တော့ ဘယ်လောက်ဖြစ် (ငါပါးရှိပါတယ်ဆရာ)၊ ငါးပါးရှိတယ်နော် (မှန်ပါတယ် ဆရာ)။ ဒါပေမယ့် အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကြောင်း ခွဲထပ်လို့ ဆယ်ပါးဖြစ်တယ် ဟုတ်လား၊ (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မိမိတို့ ဝေထားတဲ့ စက်ဝိုင်းကလေးတွေ သေချာပြန်ကြည့်စမ်း၊ ရှင်းရှင်းလေးတွေ ပေါ်လာလိမ့်မယ်၊ အတိတ်အကြောင်းက = အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ၊ ဒါ အတိတ် အကြောင်း တရားငါးပါး။ ပစ္စုပ္ပန်အကျိုးတရားငါးပါး = ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ တစ်ခါ ပစ္စုပ္ပန်အကြောင်းတရားငါးပါး ကြည့်ပြန်တော့

http://www.dhammadownload.com



တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ။ အတိတ်အကြောင်းတရား ငါးပါးနဲ့ အတူတူမနေဘူးလား (အတူတူပါပဲဆရာ)။ ဒါပဲ၊ အနာဂတ် အကျိုးတရားငါးပါးထဲ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ အားလုံး တရားလုံးရေပေါင်း လုံးကောက်ရေလို့ရှိရင် နှစ်ဆယ်ရှိ။ တူရာတူရာ ပေါင်းပြီး ရေမယ်ဆိုလို့ရှိရင် ဆယ်လုံးသာရှိတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဆယ်လုံးက သိလား (သိပါတယ်ဆရာ)၊ ဘယ်သူဘယ်သူတုံး (အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ပါဆရာ)၊ အေး - ဟုတ်ပြီ၊ ဇာတိ ဇရာ မရဏ ဖြုတ်ပစ်ခဲ့နော် (မှန်ပါတယ်ဆရာ)၊ ဇာတိ ဇရာ မရဏ အင်္ဂါဆယ့်နှစ်ရပ်တုန်းက ပြတယ်။ အခြင်းအရာနှစ်ဆယ် = အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကျိုး၊ ပစ္စုပ္ပန်အကြောင်း အနာဂတ်အကျိုးလို့ ပြတော့ ဇာတိနဲ့ ဇရာ မရဏ ဘာကြောင့် ထားပစ်ခဲ့၊ (ဝိညာဏ်က ပါပြီးသားမို့လို့ပါဆရာ)၊ ဝိညာဏ် အစရှိသော တရား ငါးပါးထဲ ပါပြီသား ဖြစ်နေတယ်။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

"ဝိညာဏာဒီနိ ပဉ္စ၊ တာနိ ဇာတိဂ္ဂဟဏေန ဝုတ္တာနိ။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ၁၈၃) ဝိညာဏာနိ၊ ဝိညာဏ် အစရှိကုန်သော။ ပဉ္စ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခေါ်တဲ့ တရားငါးပါးတို့တည်း။ တာနိ၊ ထိုဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခေါ်တဲ့ တရားငါးပါးတို့ကို။ ဇာတိဂ္ဂဟဏေန၊ ဇာတိသဒ္ဒါကို ယူသဖြင့်။ ဝုတ္တာနိ၊ မိန့်ဆိုအပ်ကုန်၏။ ဝိညာဏ် အစရှိသော ငါးပါးသောတရားကိုတဲ့ ဇာတိသဒ္ဒါကို ယူသဖြင့် သိရမယ်တဲ့ ဟုတ်လား (မှန်ပါတယ် ဆရာ)၊ ဇာတိဆိုရင် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တရားငါးပါး ပါမသွားဘူးလား (ပါသွားပါတယ်ဆရာ)၊ ဇာတိတစ်လုံးတည်းဆိုတာနဲ့ "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ" ဆိုတဲ့ တရားငါးလုံးဆိုတာနဲ့ ထူးသေးလား (မထူးပါဘူးဆရာ)၊ ဒါ ဒါပဲ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကောင်ပြီ။

ဒါတော့ ဇာတိအတွက် ရသွားပြီ။ ဇရာ မရဏ ကျန်မနေဘူးလား (ကျန်နေပါတယ် ဆရာ)၊ ဇရာ မရဏ ဘယ့်နှယ့်လုပ်ပါမတုံးဆိုတော့ "ဇရာမရဏံ ပန တေသံယေဝ ဇရာမရဏံ"။ (သမ္မောဟ ဝိနောဒနီအဋ္ဌကထာ၊ ၁၈၃) အဋ္ဌကထာဆရာက ဆိုထားတယ်။ ဇရာမရဏံ ပန၊ ဇရာတရား မရဏ တရားသည်ကား။ တေသံယေဝ၊ ထိုဝိညာဏ် အစရှိသော တရားငါးပါးတို့၏သာလျှင်။ ဇရာမရဏံ၊ ဇရာမရဏတည်း။ ဇရာ မရဏကော ဘယ်သူတုံး ဆိုတော့ ဒီဝိညာဏ်အစရှိသော တရားငါးပါးပဲတဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်အစရှိသော တရားငါးပါးပဲ၊ ဒါပဲ ဇရာ၊ ဒါပဲ မရဏ၊ ဒါပဲ ဇာတိပေါ့၊ (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ဇာတိရယ်၊ ဇရာ မရဏဆိုတဲ့ တရားဟာ အမှန်စင်စစ်

http://www.dhammadownload.com



ကတော့ "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ"ဆိုတဲ့ တရားငါးပါး ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ဖြစ်နေတော့ အင်္ဂါဆယ့်နှစ်ရပ်က တရားလုံးကို အခြင်းအရာ နှစ်ဆယ်ထဲ သွတ်သွင်းပြီးတော့ ရေတွက်ပြတော့ကား ဇာတိ၊ ဇရာ မရဏ နှစ်ပါးကိုထည့်၍ ရေစရာ လိုသေးလား (မလိုတော့ပါဘူးဆရာ)၊ မလိုတော့ဘူး၊ ဝိညာဏ်အစရှိသော တရားငါးပါး၌ သက်ဝင်၏ နော် (မှန်ပါတယ်ဆရာ)၊ ဒါ ရှင်းသွားပြီပေါ့ (ရှင်းသွားပါပြီဆရာ)။

အဲဒီ အခြင်းအရာနှစ်ဆယ်ထဲမှာ ဝေထားတဲ့စာရွက်လည်း ပြန်ပြန်ကြည့်ကြပါလို့။ အတိတ် အကြောင်းတရားငါးပါးကြောင့် တို့ ပစ္စုပ္ပန်အကျိုးတရားငါးပါး လာဖြစ်ရတယ်၊ ဘယ်သူတုံး၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဒီငါးလုံးပေါင်းလိုက်တော့ ခန္ဓာကောင်ကြီး ဖြစ်၍လာ၏ နော် (မှန်ပါတယ်ဆရာ)၊ လူကောင် နတ်ကောင် ဗြဟ္မာကောင် ခွေးကောင် ဝက်ကောင် ကြက်ကောင် ငှက်ကောင် ဖြစ်၍လာ၏။ အကောင်အထည်ကြီး ပေါ်လာခဲ့တယ်၊ သမ္မုတိအရပ်သုံးနဲ့ နော် (မှန်ပါတယ်ဆရာ)၊ ပရမတ်နဲ့ ကြည့်တော့ ရုပ် နာမ် ခန္ဓာ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ ခန္ဓာကောင်ကြီးတဲ့ ခန္ဓာကောင်ကြီး လာဖြစ်ရတယ်။ ဒါဖြင့် ဒီခန္ဓာကောင်ကြီး ဒီဘဝ ဒီအတိုင်း နေသလား ဆိုတော့ မနေဘူးတဲ့။ ဘာတွေလုပ်၊ အကြောင်းတရားတွေ ထပ်လုပ်ပြန်ပေါ့ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ဘယ်အကြောင်းတရားတွေတုံး မေးတော့ အတိတ်ဘဝက လုပ်တဲ့ အကြောင်း တရားငါးပါးအတိုင်း ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဒါထပ်လုပ်၊ အဲဒီနေရာလေးတော့ ထပ်ပြန်တလဲလဲ ပြောနေတာ သဘောလေး ရှင်းပါစေလို့၊ ကိုယ်လည်တဲ့ ပဋိစ္စသမုပ္ပါဒ် ကိုယ်ပြန်ပြီး မြင်တတ်ပါစေ၊ ဝေဖန်တတ်ပါစေလို့ ပြတယ်၊ သေသေချာချာ ကြည့်ကြနော်။ သဘောလေးတွေလည်း, တရားကိုယ်လေးတွေလည်း ရှင်းပြီးသား၊ အဓိပ္ပါယ်လေး တွေလည်း ရှင်းပြီသား။ တို့ ဖြစ်နေတဲ့တရားဟာ ဒါတွေ ပါလားဆိုတော့ မျက်ဝါးထင်ထင် ဉာဏ် အားဖြင့် မြင်လာအောင်, ထပ်ပြန်တလဲလဲ နားလည်အောင်, မမေ့နိုင် မပျောက်နိုင်အောင် ဆိုပြီး ပြနေတာ။ အဲဒါလေးတွေ ထပ်ပြန်တလဲလဲ အခုသင်ကြားပေးတဲ့အတိုင်း ကိုယ်က တတ်မြောက် လိမ္မာလို့ မကြာမကြာ ဒါလေးတွေ နှလုံးသွင်းနေရင်တဲ့၊ တရားကို သက်ဝင်ယုံကြည်တော့ "ဓမ္မဋ္ဌိတိ ဉာဏ်" ခေါ်တယ်။ ဒီဉာဏ်ရပါတယ် နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ကန်ဖိုးရှိတယ်၊ မယုံလည်း မရှိကြနဲ့။ ကိုယ်တော်မြတ်ကိုယ်တော်တိုင် ထုတ်ဖော်ပြီးတော့ ဟောကြားတော်မူတဲ့ စကားတော် တရားတော်အစစ်ကဖြစ်တယ်။

http://www.dhammadownload.com



ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ရေရေလည်လည် ပြတ်ပြတ်သားသားနဲ့ ဝေဖန်တတ်မယ်, စဉ်းစားတတ်မယ်, ဟောတတ် ပြောတတ်မယ်, သဘောရှင်းမယ်, မနောလင်းမယ် ဆိုရင် "သောတာပန်"လို့ ဝန်ခံနိုင်တယ် ဆိုတဲ့ စကားလေးမှတ်ထား။ အင်မတန့်ကိုပဲ တန်ဖိုးလည်း ရှိပါတယ်။ ဒါမြတ်စွာဘုရားကိုယ်တော်မြတ် ကိုယ်တော်တိုင် အားပေးစကားအနေအားဖြင့် ပြောကြားတော်မူတဲ့, မှာကြားတော်မူတဲ့ စကားဖြစ်တယ်။ ဒါကြောင့်လည်း ပြန်ပြီးတော့ နှလုံးသွင်းတတ်ပါစေလို့ သင်တန်းလိုက်လိုက်ကာမျှနဲ့ မနေနဲ့ နာရင် နာခံကာမျှနဲ့ မနေနဲ့။ အားလပ်လို့ရှိရင် ဝေထားတဲ့ ပဋိစ္စသမုပ္ပါဒ်စာရွက်ကို ဘေးချ, ရှေ့ချ၊ သေသေချာချာကြည့်။ အင်္ဂါဆယ့်နှစ်ရပ်တုန်းကတော့ ဘယ်လိုပြသွားသတဲ့၊ တရားကိုယ်တရားသားက ဘယ်လိုတဲ့၊ သဘောအဓိပ္ပါယ်လေးက ဘယ်လိုတဲ့ စဉ်းစား။ အင်္ဂါဆယ့်နှစ်ရပ် ပြီးပြန်တော့ အတွင်းက အခြင်းအရာနှစ်ဆယ် တစ်ခါလာပြန်တော့ ဒါ ဘာတွေတုံး၊ ငါဖြစ်နေတဲ့ သံသရာရဲ့ ဖြစ်စဉ်ကြီး ပြနေတာ။ လွန်ခဲ့သော အတိတ်ဘဝက - အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ။ "မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်" လုပ်လာခဲ့ပြီ၊ အဝိဇ္ဇာတရားကိုယ်ကောက်တော့ မသိတာ ရတယ် 'မောဟ'၊ လိုချင်တာက ဘာတုံး၊ 'တဏှာ'၊ ဘာလိုချင်တာတုံး ဘဝလိုချင်တယ် 'ဘဝတဏှာ'၊ ဥပါဒါန်က ဘာတုံး လိုချင်တာ လျှမ်းလျှမ်းတက် ငမ်းငမ်းတက်။ မလွတ်တန်းလိုချင်တယ်ဆိုတဲ့ စွဲလမ်းမှု၊ စွဲလမ်းတော့ ဘာလုပ်။ နောက်ပြန် မဆုတ်နိုင်တော့ ရရာရကြောင်းဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး ကြိုးစားအားထုတ် အလုပ်လုပ်၊ ကုသိုလ်ကံလုပ်တော့ ကောင်းရာသုဂတိ လားသတဲ့။ မကောင်းတဲ့ အကုသိုလ်ကံတရားတွေ လုပ်တော့ မကောင်းတဲ့ အပါယ်လေးပါး လားသတဲ့။ ဒီကံနှစ်ပါးလုပ်ကြတယ်။ လုပ်တော့ ဘာဖြစ်၊ သေသည်၏အခြားမဲ့ ဒီပစ္စုပ္ပန် ပစ္စက္ခ မျက်မှောက် ဘွားကနဲ ရောက်လာတော့ ဝိညာဏ်က စဖြစ်၊ ပဋိသန္ဓေဝိညာဏ်ကလေး၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ - ဒီငါးလုံး ပေါင်းပြီးတော့ စုံလည်စုံညီတော့ အရပ်သုံးအနေအားဖြင့် လူတဲ့ ဖြစ်လာပေါ့၊ ယောကျ်ား မိန်းမတဲ့၊ ပုဂ္ဂိုလ် သတ္တဝါတဲ့၊ အသက်လိပ်ပြာတဲ့ ဖြစ်လာကြပေါ့ နော် (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် ဒီဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရားငါးပါး ပေါင်းစုထားတဲ့ ခန္ဓာကောင်ကြီး ကြည့်လိုက်တော့ အကျိုးတရားသက်သက်ကြီးပါလားလို့၊ လွန်ခဲ့သော အတိတ်အကြောင်းတရားငါးပါးကြောင့် ဖြစ်လာတဲ့ အကျိုးတရားသက်သက်ကြီးလို့ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ အဲဒီအကျိုးတရားသက်သက်ကြီးကို "ဝိပါက်ကောင်"လည်း ခေါ်တယ်၊ "ရုပ်ကောင် နာမ်ကောင်"လည်း ခေါ်တယ်။ "ခန္ဓာကောင်"လည်း ခေါ်တယ်။ "ပရမတ်ကောင်, ဓာတ်ကောင်"

http://www.dhammadownload.com



လည်းခေါ်တယ်။ "သစ္စာကောင်ကြီး"လည်း ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အရပ်သုံး အနေအားဖြင့် လူကောင် နတ်ကောင် ပြဟ္မာကောင် ခွေးကောင် ဝက်ကောင် ကြက်ကောင် ငှက်ကောင်လည်း ခေါ်တယ်။ ဒီကောင်ကြီးဖြစ်လာတော့ ဒီကောင်ကြီးအတိုင်း နေသလားဆိုတော့ မနေဘူးတဲ့၊ လှုပ်လှုပ်ရွရွနဲ့၊ ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရ လုပ်ကြပြန်ပြီလို့။ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ အဲဒါတွေ ပစ္စုပ္ပန်ဘဝကနေပြီးတော့ လုပ်နေတာ ဘာလဲဆိုတော့ လာလတ္တံ့ အနာဂတ်ဘဝ ဒီကနေလှမ်း စရံပေးတယ် ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ လာလတ္တံ့ အနာဂတ်ဘဝ ပဋိသန္ဓေအသစ် ပြန်ဖြစ်စေအုံး ဆိုပြီးတော့ ဒီကနေ စရံသတ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် သေသည်၏အခြားမဲ့ ဒုတိယဘဝသွားပြီးတော့ ပဋိသန္ဓေအသစ်ဖြစ်ကြပြန်ရော့။ ဒါကြောင့် ပဋိသန္ဓေအသစ် ဒုတိယဘဝကျတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အနာဂတ်ဘဝသွားဖြစ်၊ မဖြစ်ဘူးလား (ဖြစ်မှာပါဆရာ)၊ အဲဒါ အနာဂတ် အကျိုးတရားငါးပါး။ ဒါကြောင့် ပေါင်းလိုက်တော့ အတိတ်အကြောင်းတရားငါးပါး၊ ပစ္စုပ္ပန်အကျိုးတရားငါးပါး၊ ပစ္စုပ္ပန် အကြောင်းတရားငါးပါး၊ အနာဂတ်အကျိုးတရားငါးပါး၊ တရားက သေသေချာချာ ကြည့်လို့ရှိရင် "အတိတ် အနာဂတ် ပစ္စုပ္ပန်"ဆိုတဲ့ ကာလသုံးပါး ဆက်စပ်ပုံလေးတွေ ပြ။ အတိတ်အကြောင်းတရားငါးပါးနှင့် ပစ္စုပ္ပန်အကျိုးတရားငါးပါးက လွန်ခဲ့သော အတိတ်ဘဝနဲ့ အခုပစ္စုပ္ပန်ဘဝ ဆက်စပ်တာပြ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့တစ်ခါ ပစ္စုပ္ပန်အကြောင်းတရားငါးပါးနဲ့ အနာဂတ် အကျိုးတရားငါးပါးနဲ့ ကြည့်ပြန်တော့ ဒီက ပစ္စုပ္ပန်ဘဝနဲ့ လာလတ္တံ့-အနာဂတ်ဘဝနဲ့ ဆက်စပ်ပုံလေးကို ပြတယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နောက်နောင်သော ဘဝလည်းပဲ ဒီတိုင်း ဒီတိုင်း သွားကြ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ဒီတိုင်းသွားမှာ၊ ဒီတော့ သံသရာ စက်ရဟတ်ကြီးက အဆက်မပြတ် ရဟတ်စက်လိုပဲတဲ့၊ တလည်တည်း လည်နေကြ။ ဘယ်တော့မှ ဆုံးမှာ မဟုတ်ဘူးတဲ့။ မဆုံးပြန်ဇာတာ့လည်းပဲ ဒုက္ခတုံး ဒုက္ခခဲကြီးအနေအားဖြင့် လည်ပတ်နေခြင်းကြောင့် သက်သာခွင့်က နည်းနည်းလေးမှ မရ၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ စဖြစ်လာကတည်းက ခန္ဓာကောင်ကြီး၊ ခန္ဓာငါးပါးကိုက တရားကိုယ်တရားသား ဒုက္ခရဲ့ တရားကိုယ်တရားသား အစစ်ကြီး၊ ဘယ်တော့မှ သုခမဖြစ်နိုင်ဘူးလို့ ဒါဖြင့်ရင် ဒီမရပ်မနားဘဲနဲ့ ရဟတ်ခြားလို လည်နေသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး အဆက်ဖြတ်၍ ထွက်ရပ်ပေါက်မှသာလျှင် တို့သုခစစ် သုခမှန်နဲ့ တွေ့တော့မယ်။ ဒီဉာဏ်လေး အာရုံပြုထားနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါ သံသရာဘေး တွေးပြီးတော့ ကြောက်တတ်, ရွံ့တတ်ဆိုတဲ့ "ဘိက္ခု"ပုဒ်ထဲ ပါ, ပါတယ် ဒီပုဂ္ဂိုလ်မျိုးက၊ မြတ်စွာဘုရားကိုယ်တော်မြတ် အမြဲခေါ်တော်မူတဲ့ "ဘိက္ခဝေ ဘိက္ခဝေ"နဲ့ အင်မတန် သာယာနာပျော်ဖွယ်ရှိသော "ဘိက္ခဝေ ဘိက္ခဝေ"နဲ့ ခေါ်တဲ့ ပုဒ်ထဲမှာ အပါအဝင်ပုဂ္ဂိုလ်မျိုးလို့ ခေါ်တယ်၊ သံသရာဘေးကို တွေးတတ်တယ်, ကြောက်တတ်တယ်, ရွံ့တတ်တယ် ဆိုတဲ့ ပုဂ္ဂိုလ်မျိုး နော် (မှန်ပါတယ်ဆရာ)၊ "သံသာရဘီရုက"၊ ဒါဖြင့်ရင် အခြင်းအရာနှစ်ဆယ်က ရကြပြီနော် (မှန်ပါတယ် ဆရာ)၊ အခြင်းအရာနှစ်ဆယ်ပြီးတော့ အဲဒီအခြင်းအရာနှစ်ဆယ်ကိုပဲ ထပ်ပြီးတော့၊ ဘာရှာရအုံးမယ်လဲ ဆိုတော့ "အစပ်သုံးဖြာ အလ္လာလေးခု" "တိသန္ဓိ စတုသင်္ခေပေါ"လို့၊ တိသန္ဓိ-အစပ်သုံးခု၊ စတု သင်္ခေပေါ-အလ္လာလေးခု၊ အစပ်သုံးဖြာ၊ အလ္လာလေးခု၊ အင်္ဂါဆယ့်နှစ်ပါး၊ အခြင်းအရာ နှစ်ဆယ်၊ အစပ်သုံးဖြာ၊ အလ္လာလေးခု၊ ကာလသုံးပါး၊ ဝဋ္ဋသုံးပါး၊ မူလနှစ်ပါး၊ သစ္စာနှစ်ပါး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရေတတ်ရဲ့လား (ရေတတ်ပါတယ်ဆရာ)၊ ရေကြည့်စမ်းပါဦး (အင်္ဂါဆယ့်နှစ်ပါး) ဟုတ်ပြီ၊ (အခြင်းအရာနှစ်ဆယ်) ဟုတ်ပြီ၊ (အစပ်သုံးစပ်) ဟုတ်ပြီ၊ (အလ္လာလေးလ္လာ) ဟုတ်ပြီ၊ (ကာလသုံးပါး) ဟုတ်ပြီ၊ (ဝဋ္ဋသုံးပါး) ဝဋ္ဋသုံးပါး၊ (မူလနှစ်ပါး) ဟုတ်ပြီ၊ (သစ္စာနှစ်ပါး) မှန်တယ်၊ ဟော - တော်သားပဲ၊ သူကြီမ်းပါမောင်းပါများတော့ တော်တော်လေး လေ့လာထားတာ ထင်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ ဒီလိုပဲသွားတယ်။ ဒီတိုင်းကြီး ဖြစ်နေကြတယ်။ ဒါ တူရာ တူရာ ပြ, ပြသွားတယ်ဆိုတဲ့ သဘောလေးတွေ ခေါ်တယ်။

ဒါကြောင့် အခြင်းအရာ နှစ်ဆယ်တော့ပြီးပြီ၊ အစပ်သုံးဖြာနဲ့ အလ္လာလေးခု၊ အစပ်သုံးဖြာ တိသန္ဓိ၊ အစပ်သုံးဖြာ ဘယ်လိုစပ်တာတုံး ကြည့်ထား သေသေချာချာ။ တစ်ခုနဲ့တစ်ခု ကြားလေးတွေ ကြားလေးတွေ ဒါအစပ်, စပ် ခေါ်တယ်။ အဆက်တို့, အစပ်တို့ နော် (မှန်ပါတယ်ဆရာ)၊ တစ်ခုနဲ့တစ်ခု ကြားလေးတွေ, ကြားလေးတွေ အဆက်အစပ်ကလေးတွေ ခေါ်၏၊ လက်လေးချောင်းထောင်ကွာ (ထောင်ပြီးပါပြီဆရာ)၊ ကြားဘယ်နှစ်ခုရှိ (သုံးခုပါဆရာ) လက်လေးချောင်း ထောင်ရင် ကြားသုံးခု ရှိမယ်လား (ရှိပါတယ်ဆရာ)၊ စောစောကပြတဲ့ အခြင်းအရာနှစ်ဆယ်၊ အကန့်လေးကန့်ဖြန့်၊ ဖြန့်ထား လိုက် နားလည်လား (နားလည်ပါတယ်ဆရာ)၊ လက်လေးချောင်းထောင်တာနဲ့ မတူဘူးလား (တူတူပါပဲဆရာ)၊ ဒါဖြင့် သူတို့အကြား ဘယ်နှစ်ခုရှိပို့ (သုံးခုရှိပါတယ်ဆရာ)၊ တိသန္ဓိ-အစပ်သုံးစပ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ စပ်ပြစမ်းဆိုတော့ ဘယ့်နဲ့စပ် (လက်လေးချောင်းထောင်ပြီးတော့ အစပ်သုံးစပ် ပြရမယ်ဆရာ) ဟော - မှန်ပါအုံးဟာ၊ ဖြေကြည့်စမ်း တော်လည်းတော်ပါလိမ့်၊ စောစောက ပြောထားတဲ့ အခြင်းအရာနှစ်ဆယ်၊ အကန့်လေးကန့်ကို တန့်ပြီးတော့ ထောင်လိုက် ထောင်ပြီးပြီလား

http://www.dhammadownload.com



(ထောင်ပြီးပါပြီဆရာ)၊ အစပ်ဘယ့်နှစ်စပ် ရှိတုံး (သုံးစပ်ရှိပါတယ်ဆရာ)၊ စပ်ပြစမ်း - လက်လေးချောင်းထောင်တာ၊ (အခြင်းအရာနှစ်ဆယ်ကို အကန့်လေးကန့် ထောင်ထားရင်း အစပ်သုံးစပ် တွေ့ပါတယ်ဆရာ)၊ အေးလေ - တွေ့ပုံတွေ့နည်းလေးတွေကို တွေ့ပြစမ်းပါလို့ စပ်ပြစမ်းပါလို့ ဆို၊ ဒီကောင်လူရေလည်ခြင်းပဲ၊ စပ်ပြစမ်း ဘာနဲ့ဘာနဲ့ တစ်စပ်တုံး၊ အတိတ်အကြောင်းတရား ဘယ်နှစ်ပါးတုံး (ငါးပါးပါ)၊ (အတိတ်အကြောင်းတရားငါးပါးနဲ့ ပစ္စုပ္ပန် အကျိုးတရားငါးပါး တစ်စပ်ပါဆရာ)၊ အေး - ဟုတ်ပြီ၊ ဟုတ်ပြီ၊ လုပ်စမ်း လုပ်စမ်း၊ (ပစ္စုပ္ပန် အကျိုးတရားငါးပါးနဲ့ ပစ္စုပ္ပန်အကြောင်းတရားငါးပါး တစ်စပ်ပါဆရာ) အေး- ဟုတ်ပြီ ဟုတ်ပြီ။ (ပစ္စုပ္ပန်အကြောင်းတရားငါးပါးနဲ့ အနာဂတ်အကျိုးတရားငါးပါး တစ်စပ်ပါဆရာ)၊ ဩော်-ဟုတ်ပြီ ဟုတ်ပြီ၊ ပြီးတော့ (ကုန်ပါပြီဆရာ)၊ ဩော်-ကုန်ပြီလားဟုတ်သားပဲ သုံးစပ်ပြည့်ပြီနော် (မှန်ပါတယ်ဆရာ)။ ပြန်စပ်ပြစမ်း, ပြန်စပ်ပြစမ်း - (အတိတ်အကြောင်းတရားငါးပါးနဲ့ ပစ္စုပ္ပန်အကျိုးတရားငါးပါး တစ်စပ်ပါဆရာ)၊ ဟုတ်ပြီ၊ (ပစ္စုပ္ပန်အကျိုးတရားငါးပါးနဲ့ ပစ္စုပ္ပန်အကြောင်းတရားငါးပါး တစ်စပ်)၊ အေး-ဟုတ်ပြီ၊ (ပစ္စုပ္ပန်အကြောင်းတရားငါးပါးနဲ့ အနာဂတ်အကျိုးတရားငါးပါး တစ်စပ်ပါဆရာ)၊ ပြီးတော့ (ကုန်ပြီပေါ့ဆရာ)၊ ဩော်-ကုန်ပြီလား၊ အေး-ဟုတ်ပြီ ဟုတ်ပြီ သုံးစပ်နော် (သုံးစပ်ပါဆရာ)၊ မှတ်ထားကြနော် သေသေချာချာ တာဝန်အများဆုံးဆိုတဲ့ အင်္ဂါဆယ့်နှစ်ပါးကို လိပ်ပတ်လည်အောင် ပြပြီးရင် နောက်နားကဆိုတဲ့ သဘောလေးတွေက အဓိပ္ပါယ်အကျယ် ဟောစရာ မလိုဘူး။ အဲဒီနည်းပရိယာယ်လေးတွေ မှတ်မှတ်သွားရမယ်၊ အခြင်းအရာနှစ်ဆယ်တုန်းကတော့ ဘယ်လိုဟောသွားတယ်။ အစပ်သုံးဖြာ ဆိုတာက ဘယ်လို ဟောတယ်၊ အလွှာလေးဖြာဆိုတာက ဘယ်လိုဟောတယ် ဒါလေးတွေ မှတ်သွားရမယ်။

တရားကိုယ်ကတော့ အရင်ကောက်ထားတဲ့ တရားကိုယ်အတိုင်းပဲ အဓိပ္ပါယ်လည်း အရင်ဟောထားတဲ့, ပြောထားတဲ့ အဓိပ္ပါယ်အတိုင်းပဲ။ ဒါပဋိစ္စသမုပ္ပါဒ် ရေရေလည်လည်နဲ့ ပြတ်ပြတ်သားသားကြီး နားလည်ဖို့ သိပ်သိသင့်တယ်၊ အင်မတန်ကောင်းတဲ့တရား။ သူ့ကို ဝင်စားနေရင် သောတာပတ္တိမဂ်ဉာဏ် ရနိုင်တယ်။ တကယ်လို့ သောတာပတ္တိမဂ်ဉာဏ်ကြီး တကယ်မတတ်တောင်ပဲ ဘုရားရှင်ကိုယ်တော်မြတ်က တတ်ရင် သောတာပန်လို့ ဝန်ခံနိုင်တယ်ဆိုတော့ သောတာပန်ပဲဖြစ်။ ဘာမှ မထူးဘူး နော် (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ကောင်းပြီ၊ အတိတ်အကြောင်းတရားငါးပါးနဲ့ ပစ္စုပ္ပန်အကျိုးငါးပါး တစ်စပ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ပစ္စုပ္ပန်အကျိုးတရားငါးပါးနဲ့ ပစ္စုပ္ပန်အကြောင်းတရားငါးပါး တစ်စပ်လား (တစ်စပ်ပါဆရာ)၊ ပစ္စုပ္ပန်အကြောင်းတရား ငါးပါးနဲ့ အနာဂတ်အကျိုးတရားငါးပါးက တစ်စပ်လား (တစ်စပ်ပါဆရာ)၊ ဘယ်နှစ်စပ်ရှိ (သုံးစပ်ပါဆရာ)၊

http://www.dhammadownload.com



တိသန္ဓိ-အစပ်သုံးခုတဲ့။ အစပ်သုံးဖြာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ အခုတိုင်း ပြောသွားတာ မလွယ်ဘူးလားကွယ် (လွယ်ပါတယ်ဆရာ)၊ ဒါပေမယ့် စပ်ပုံ စပ်နည်းလေး ပြောရအုံးမယ်။ စပ်ပုံ စပ်နည်းလေး၊ အတိတ်အကြောင်းတရားငါးပါးနဲ့ ပစ္စုပ္ပန်အကျိုးတရားငါးပါး တစ်စပ်ဆိုတဲ့ စပ်ကြောင်းလေး ပြစမ်းပါလို့၊ စပ်ကြောင်းလေး စပ်ပြလိုက်စမ်း၊ အတိတ်အကြောင်းလေး ပြတတ်ရဲ့လား (မပြတတ်ဘူး)၊ မပြတတ်ဘူး သေချာကြည့်စမ်း။ အတိတ်အကြောင်းတရားငါးပါးက ဘယ်သူ ဘယ်သူတုံး (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ပါဆရာ)၊ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ၊ နောက်ဆုံးလုံးက ဘာတုံး၊ (ဝိညာဏ် နာမ်ရုပ်)၊ မဟုတ်ပါဘူး။ အဲဒီ အကျိုးတရားငါးပါးထဲမှာ နောက်ဆုံးလုံးက ဘာတုံးလို့ မေးတာ၊ (ဘဝ ပါဆရာ) မှတ်ထားနော်၊ သူနောက်ဆုံး မဟုတ်လား (နောက်ဆုံးပါဆရာ)၊ ပစ္စုပ္ပန်အကျိုးတရားငါးပါးက ဘယ်သူဘယ်သူတုံး၊ (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဆရာ)၊ ပစ္စုပ္ပန်အကျိုးတရားငါးပါး၊ ငါးပါးထဲမှာ အစဆုံးအလုံး ဘယ်သူတုံး (ဝိညာဏ်ပါဆရာ)၊ အဲဒါ သူတို့ချင်း မျက်နှာချင်းဆိုင် သူတို့ချင်း စပ်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူနဲ့ ဘယ်သူတုံး (ဝိညာဏ်နဲ့ဘဝစပ်)၊ အေး - ဘဝနဲ့, ဝိညာဏ်နဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘဝနဲ့, ဝိညာဏ်နဲ့ သေချာကြည့် နော် ဟုတ်လား, မဟုတ်လားလို့ စပ်ပုံလေး စပ်ပုံလေး၊ ဘဝနဲ့ ဝိညာဏ်နဲ့တစ်စပ်၊ ဒီဝိညာဏ်က အကျိုးတရား၊ ဘဝက အကြောင်းတရား၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီဝိညာဏ်ဆိုတဲ့ အကျိုးတရား ဘယ်သူ့ကြောင့် ဖြစ်၊ ဘဝကြောင့်ပဲဖြစ်၊ (ဘဝကြောင့် ဖြစ်ပါတယ်ဆရာ)၊ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဘဝနဲ့ ဝိညာဏ်သည် တစ်စပ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ပြီးတော့ တစ်ခါ သွားပြန်ရော့၊ ပစ္စုပ္ပန် အကျိုးတရားငါးပါးနဲ့ ပစ္စုပ္ပန်အကြောင်းတရားငါးပါး တစ်စပ် ဒီလို မပြောဘူးလား (ပြောပါတယ်ဆရာ)။ ပစ္စုပ္ပန်အကျိုးတရားငါးပါးက ဘယ်သူနောက်ဆုံးတုံး (ဝေဒနာပါဆရာ)၊ ဝေဒနာ နောက်ဆုံး။ ဒါဖြင့် ပစ္စုပ္ပန်အကြောင်းတရားငါးပါးက ဘယ်သူရှေ့ဆုံးတုံး (တဏှာပါဆရာ)၊ ဝေဒနာနဲ့ တဏှာတစ်စပ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီတဏှာသည် ဘာကြောင့် ဖြစ် (ဝေဒနာကြောင့် ဖြစ်ပါတယ်ဆရာ)၊ အေး - ဝေဒနာကြောင့် ဖြစ်တယ်၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဝေဒနာကြောင့် ဖြစ်တယ်တဲ့ ဒီတဏှာ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သူတို့ချင်း မျက်နှာချင်းဆိုင်၊ သူတို့ချင်းရင်ဆိုင်ကြတော့ တစ်စပ် ကောင်းပြီ၊ ပစ္စုပ္ပန်အကြောင်းတရားငါးပါးနဲ့ အနာဂတ်အကျိုးတရားငါးပါးနဲ့ တစ်စပ်-တဲ့၊ စပ်ကြည့်စမ်း - ပစ္စုပ္ပန်အကြောင်းတရားငါးပါး နောက်ဆုံး

http://www.dhammadownload.com



ဘယ်သူတုံး (သင်္ခါရပါဆရာ)၊ သင်္ခါရ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အနာဂတ် အကျိုးတရား ငါးပါး အစအဆုံး ဘယ်သူတုံး (ဝိညာဏ်ပါဆရာ)၊ ဝိညာဏ်၊ ဘယ်သူနဲ့ဘယ်သူ မျက်နှာချင်းဆိုင်နေတုံး (သင်္ခါရနဲ့ဝိညာဏ်နဲ့ပါဆရာ)၊ ဩော် - သင်္ခါရနဲ့ဝိညာဏ်နဲ့တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သင်္ခါရက အကျိုးလား၊ အကြောင်းလား (အကြောင်းပါဆရာ)၊ ဝိညာဏ်က အကျိုးလား၊ အကြောင်းလား (အကျိုးပါဆရာ)။ ထို"ဝိညာဏ်"ဆိုတဲ့ ပဋိသန္ဓေလေးသည် ဘာကြောင့် ဖြစ် (သင်္ခါရကြောင့်ပါဆရာ)၊ ဩော် - သင်္ခါရကြောင့် နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါ သေသေချာချာ ပြန်ကြည့်လိုက်စမ်း။

လွန်ခဲ့သော အတိတ်ဘဝက အကြောင်းတရားငါးပါးနဲ့ အခုပစ္စုပ္ပန်ဘဝ အကျိုးတရားငါးပါးသည် တစ်စပ် ဆိုတော့ ဘယ်သူနဲ့ဘယ်သူတုံး (သင်္ခါရနဲ့ ဝိညာဏ်ပါဆရာ)၊ လုပ်ပြီ၊ လုပ်ကုန်ပေါ့ဟ။ အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုး စပ်တာလေ (ဘဝနဲ့ဝိညာဏ်ပါဆရာ)၊ အဲဒီလိုလုပ်စမ်းပါဟ။ ဘဝနဲ့ ဝိညာဏ် တစ်စပ်လား (မှန်ပါတယ်ဆရာ)၊ ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်းနဲ့ တစ်စပ်ဆိုတာ စပ်စမ်း (ဝေဒနာနဲ့ တဏှာပါဆရာ)၊ ဟော - ဝေဒနာနဲ့တဏှာ နော် (မှန်ပါတယ်ဆရာ)၊ ပစ္စုပ္ပန်အကြောင်းနဲ့ အနာဂတ်အကျိုးနဲ့ စပ်စမ်း (သင်္ခါရနဲ့ဝိညာဏ်ပါဆရာ)၊ အဲ - သင်္ခါရနဲ့ ဝိညာဏ် မှတ်မိပြီလား (မှတ်မိပါပြီဆရာ)၊ "အစပ်သုံးဖြာ" မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မေ့မပစ်နဲ့နော် (မမေ့ပါဘူးဆရာ)၊ မေ့မှာ စိုးရိမ်ရင် ကိုယ့်အမှတ်သားလေးတွေနဲ့ ကိုယ်ပြန်ပြန်ပြီးတော့ စာကလေးနဲ့ ရေးထားကြ၊ တေးထားကြ။ ပဋိစ္စသမုပ္ပါဒ်တော့ တို့ တော်တော်လေး အထက်တန်းစားကြီး မကျသော်လည်း အလတ်တန်းစားလောက်တော့ သွားတတ်၊ လာတတ် ရှိတယ်ဟဲ့၊ မှတ်မိသားမိရှိတယ်ဟဲ့၊ နားလည်မှု ရှိတယ်ဟဲ့လို့ အဲဒီလို အဖြစ်မျိုးလေးရောက်အောင် ဒီကရောက်သွားလို့ရှိရင် အိမ်ကျမေ့မှာစိုးရင် စက်ဝိုင်းကလေးထဲ ဖြစ်ဖြစ်၊ စာအုပ်ကလေးထဲဖြစ်ဖြစ် သေချာမှတ်။ အင်္ဂါဆယ့်နှစ်ရပ်တုန်းက ဘယ်လိုဘယ်လိုပြသွားတယ်၊ အခြင်းအရာနှစ်ဆယ်တုန်းက ဘယ်လိုဘယ်လို ပြတယ်။ အစပ်သုံးပါးကြတော့ ဘယ်လိုဘယ်လို စပ်ပြ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မှတ်ထား မှတ်ထား ဒါလေးတွေ၊ အင်မတန် တန်ဖိုးရှိတယ်။ ဒီတော့ အစပ်သုံးဖြာတို့၊ အစပ်သုံးဖြာရဲ့ အဓိပ္ပါယ်လည်း သိသွားပြီပေါ့ (သိပါပြီဆရာ)၊ "အလ္လာလေးခု - စတုသင်္ခေပေါ" လို့နော် (မှန်ပါတယ်ဆရာ)၊ အလ္လာလေးခု၊ အလ္လာလေးခုကျတော့ နှစ်မျိုးနှစ်စားအားဖြင့် အချို့သော ပညာရှင်များက ဆိုကြပါတယ်၊ အဲဒီနှစ်မျိုးနှစ်စားလ္လာပုံလဲပဲ နှစ်မျိုးစလုံးပဲ မှန်တယ်၊ ဟုတ်တယ်လို့ ယူဆ၊ ကောင်းလည်း ကောင်းပါတယ်၊ မှတ်လည်းထား။

http://www.dhammadownload.com



## အလွှာလေးလွှာ ခေါ် သင်္ဂဟလေးပါး

"အလွှာလေးလွှာ" ဆိုတော့ ဘယ်လိုလွှာသလဲလို့ တစ်နေ့က အင်္ဂါဆယ့်နှစ်ရပ် ပြန်ကြည့်စမ်း။ "အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ" ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီပြထားတဲ့ အင်္ဂါဆယ့်နှစ်ရပ်ကိုပဲ လေးလွှာလွှာရမယ်။ သင်္ဂဟလေးပါးလည်း ခေါ်တယ်။ အကျဉ်းဆုံးအားဖြင့် ပြသွားတဲ့ လေးမျိုးလေးစား၊ အကျဉ်းဆုံးအားဖြင့် ပြသွားလို့ "သင်္ဂဟလေးပါး"လို့လည်း ခေါ်၏။ "အလွှာလေးလွှာ"လို့လည်း ခေါ်၏။ လွှာကြည့်လွှာကြည့်။ အဝိဇ္ဇာ သင်္ခါရ တစ်လွှာ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တစ်လွှာ နော် (မှတ်ပါတယ်ဆရာ) တဏှာ ဥပါဒါန် ဘဝ တစ်လွှာ၊ ဇာတိ ဇရာ မရဏ တစ်လွှာ။ "အလွှာ"ဆိုတာ အကာန့်ကန့်ပေးလိုက်တာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အင်္ဂါဆယ့်နှစ်ရပ် လေးပိုင်းပိုင်းလိုက်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကဲ - ပြန်ပိုင်းစမ်း ငါပိုင်းသလို (အဝိဇ္ဇာ သင်္ခါရ တစ်ပိုင်း)၊ ဟုတ်ပြီ၊ (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တစ်ပိုင်း)၊ တစ်လွှာလို့ ပြော၊ ဟိုက အလွှာလို့ ဟောထားတာ၊ (တစ်လွှာ)၊ အပိုင်းနဲ့ မပိုင်းနဲ့၊ (တဏှာ ဥပါဒါန် တစ်လွှာ)၊ (ဇာတိ ဇရာ မရဏ) ဒီလိုမပြောဘူး၊ ဘဝက ဘယ်ရောက်သွားတာလဲ၊ (တဏှာ ဥပါဒါန် ဘဝ တစ်လွှာ၊ ဇာတိ ဇရာ မရဏ တစ်လွှာ) ဟုတ်ပြီ၊ ပြန်လွှာ (အဝိဇ္ဇာ သင်္ခါရ တစ်လွှာ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တစ်လွှာ၊ တဏှာ ဥပါဒါန် ဘဝ တစ်လွှာ၊ ဇာတိ ဇရာ မရဏ တစ်လွှာ)၊ ဟယ် - ဟုတ်ပြီ၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒါကြောင့် "သင်္ဂဟလေးပါး"လည်း ခေါ်၏၊ "အလွှာလေးပါး"လည်း ခေါ်၏ နော် (မှန်ပါတယ်ဆရာ)၊ အစပ်သုံးဖြာ အလွှာလေးခု။

နောက်တစ်နည်းကတော့ - သူလွှာ ငါလွှာ လွှာထားတာကတော့ အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကျိုး၊ ပစ္စုပ္ပန်အကြောင်း၊ အနာဂတ်အကျိုး၊ ခုနက အခြင်းအရာနှစ်ဆယ်ပြခဲ့တယ် မဟုတ်လား (ပြခဲ့ပါတယ်ဆရာ)၊ အတိတ်အကြောင်းတရားငါးပါး တစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတရားငါးပါး တစ်လွှာ၊ ပစ္စုပ္ပန်အကြောင်းတရားငါးပါး တစ်လွှာ၊ အနာဂတ်အကျိုးတရားငါးပါး တစ်လွှာ ဘယ်နှစ်လွှာရှိ (လေးလွှာပါဆရာ)၊ လေးလွှာ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အစပ်သုံးဖြာ၊ အလွှာလေးခုတဲ့၊ အလွှာဘယ်နှစ်မျိုး လာပြ (နှစ်မျိုးပါဆရာ)၊ ဘယ်မျိုးနဲ့ဘယ်မျိုး (အင်္ဂါဆယ့်နှစ်ပါးနဲ့ အခြင်းအရာနှစ်ဆယ်ပါဆရာ)၊ အင်္ဂါဆယ့်နှစ်ပါး လွှာပြစမ်းပါ ပြန်ပြီးတော့ (အဝိဇ္ဇာနဲ့သင်္ခါရ တစ်လွှာ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တစ်လွှာ၊ တဏှာ ဥပါဒါန် ဘဝ တစ်လွှာ၊ ဇာတိ ဇရာ မရဏ တစ်လွှာ) အေး-ဟုတ်ပြီ၊ တစ်နည်းက (အတိတ်အကြောင်းတရားငါးပါး တစ်လွှာ၊ ပစ္စုပ္ပန်

http://www.dhammadownload.com


အကျိုးတရားငါးပါး တစ်လွှာ၊ ပစ္စုပ္ပန်အကြောင်းတရားငါးပါး တစ်လွှာ၊ အနာဂတ်အကျိုးတရားငါးပါး တစ်လွှာ)။ အေး - မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒါ ရိုးရိုးရှင်းရှင်းလေးတွေ သွားတာပေါ့ကွယ်၊ ဒါ အစပ်သုံးဖြာ အလွှာလေးခုတဲ့။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အစပ်သုံးပါးတော့ မှတ်မိပြီလား (မှတ်မိပါပြီဆရာ)၊ ဘယ်သူနဲ့ဘယ်သူ စပ်တုံး (ဘဝနဲ့ဝိညာဏ်နဲ့တစ်စပ်)၊ ဟုတ်ပြီ၊ (ဝေဒနာနဲ့ တဏှာ တစ်စပ်)၊ ဟုတ်ပြီ၊ (သင်္ခါရနဲ့ ဝိညာဏ်နဲ့ တစ်စပ်)၊ အေး-ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ပြီးတော့မှ အစပ်သုံးဖြာ အလွှာလေးခု၊ ဘာသွားရ ကာလသုံးပါးလို့ နော် (မှန်ပါတယ်ဆရာ)၊ ကာလသုံးပါး - အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလ၊ အနာဂတ်ကာလ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အဲဒါကျတော့ လွယ်လွယ်မှတ်ထား။

အင်္ဂါဆယ့်နှစ်ရပ်၊ အင်္ဂါဆယ့်နှစ်ပါးတုန်းက ပြထားတဲ့တရား ဆယ့်နှစ်လုံးရှိတယ် မဟုတ်လား (ဆယ့်နှစ်လုံးရှိပါတယ်ဆရာ)၊ အရှေ့ဆုံး နှစ်လုံးနဲ့ အနောက်ဆုံးနှစ်လုံး ခွဲထုတ်လိုက်။ အရှေ့ဆုံး နှစ်လုံးက အတိတ်ကာလဖြစ်သောတရား၊ နောက်ဆုံးနှစ်လုံးက အနာဂတ်ကာလဖြစ်သောတရား၊ အလယ်ဘယ်နှစ်လုံးကျန် (ရှစ်လုံးကျန်ပါတယ်ဆရာ)၊ အဲ - ရှစ်လုံး၊ ရှစ်လုံးက ဘယ်ကာလဖြစ် (ပစ္စုပ္ပန်ကာလ ပါဆရာ)၊ အဲ-ပစ္စုပ္ပန်ကာလဖြစ်သောတရားလို့ ကာလသုံးပါးနော် (မှန်ပါတယ်ဆရာ)၊ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ လွယ်လွယ်လေး လွယ်လွယ်လေး။ ဒါဖြင့် စာလုံးရေလေးတွေနဲ့ အမည်လေးနဲ့ တပ်ပြီး ရေပြစမ်းပါ။ အတိတ်ကာလဖြစ်သော တရားသည် ဘယ်သူတုံး (အဝိဇ္ဇာနဲ့ သင်္ခါရပါဆရာ)၊ အေး-ဟုတ်ပြီ။ ပစ္စုပ္ပန်ကာလဖြစ်တဲ့တရားသည် ဘယ်သူတုံး (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဥပါဒါန် ဘဝ ပါဆရာ)၊ ဟောဗျာ၊ တဏှာက ဘယ်သူနဲ့တည့်သွားပြန်။ ဒုက္ခမှ အကြီးစားဆိုတာကျ။ ပစ္စုပ္ပန်တရား ဘယ်နှစ်ပါးတုံး (ရှစ်ပါးပါဆရာ)၊ ဘယ်သူ ဘယ်သူတုံး (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝပါဆရာ)၊ ရှစ်ပါး နော် (မှန်ပါတယ်ဆရာ)၊ ဒါပစ္စုပ္ပန်ကာလ (ပစ္စုပ္ပန်ကာလပါဆရာ)၊ ဟုတ်ပြီ။ အနာဂတ်ကာလဖြစ်တဲ့ တရား (ဇာတိ ဇရာမရဏ ပါဆရာ)၊ အဲ - အနာဂတ်ကာလဖြစ်တဲ့တရားနှစ်လုံး မဟုတ်ဘူးလားဟ (နှစ်လုံး ပါဆရာ)၊ အတိတ်ဖြစ်တဲ့ တရားကကော (နှစ်လုံးပါဆရာ)၊ အလွယ်လေးတွေ ဆယ့်နှစ်လုံး၊ အတိတ်ဘက်က ရှေ့ဆုံးက နှစ်လုံးနှုတ်လိုက်၊ အနာဂတ်အတွက် နောက်ဆုံးက နှစ်လုံး နှုတ်လိုက် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အလယ်ကောင် ကျန်တဲ့ရှစ်လုံး။ ပစ္စုပ္ပန်တရားစု ကာလသုံးပါး နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ပြီးတော့မှ တစ်ခါ ဝဋ်သုံးပါး သွားကြစို့လို့ အဲဒါလေးတွေ သူ့ဖြစ်သင့်တဲ့ သဘာဝလေးတွေ ချ, ချပြီးတော့ ဟိုက စပ်သွားတာ၊ ကိုယ်တော်မြတ်က သဗ္ဗညုတရွှေဉာဏ်တော်နဲ့ ဝေဖန်ပြီးတော့ ဟောသွားတာ။ အခြင်းအရာနှစ်ဆယ် ဆိုလဲ အလကား

http://www.dhammadownload.com



ဟောသွားတာ မဟုတ်ဘူး။ အစပ်သုံးဖြာဆိုလဲ အလကား ဟောသွားတာ မဟုတ်ဘူး။ အလ္လာလေးပါး ဆိုလဲ အလကား ဟောသွားတာ မဟုတ်ဘူး။ ကာလသုံးပါးဆိုလဲ အလကား ဟောသွားတာ မဟုတ် ဘူး။ ဖြစ်သင့်တဲ့ သဘာဝတွေ ချ,ချပြီးတော့ တူရာတူရာ ပေါင်းပေါင်းပြီးတော့ အကြောင်းနဲ့အကျိုး ဆက်သွယ်ပုံလေးတွေ ပြ, ပြသွားတယ်လို့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အတိတ် ပစ္စုပ္ပန် အနာဂတ်ဆိုတဲ့ တရားသုံးပါးလည်း အတိတ်တရားနှစ်ပါးကြောင့် ပစ္စုပ္ပန်အကျိုးတရားရှစ်ပါး လာဖြစ်တာပေါ့လို့ ပစ္စုပ္ပန်တရား လာဖြစ်တယ်၊ မဖြစ်ဘူးလား (ဖြစ်ပါ တယ်ဆရာ)၊ ပစ္စုပ္ပန်တရား လာဖြစ်တယ်။ ဘာကြောင့်၊ အတိတ်အကြောင်းကြောင့်, အတိတ်တရားစု ကြောင့် ပစ္စုပ္ပန်တရားတွေ လာ၍ဖြစ်၏။ ပစ္စုပ္ပန်တည်းဟူသော တရားတွေကြောင့် အနာဂတ်တရား ဖြစ်ပြန်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန် နော် (မှန်ပါတယ်ဆရာ)၊ ဒီလို ဆက်စပ်ပြီး ဆက်စပ်ပြီး ပြ။ ကာလသုံးပါးပြီးတော့မှ ဝဋ်သုံးပါးတဲ့။ "ဝဋ်သုံးပါး" ဆိုတာ ဝ၊ ဝ-ကို (ဋ်)သတ် "ဝဋ်" နားလည် လား (နားလည်ပါတယ်ဆရာ)၊ ဝဋ်က ဘယ်နှစ်မျိုး ရေးလဲ (ဝ - "တ်"သတ် "ဝတ်"ရယ်)၊ ဝ - "တ်"သတ် "ဝတ်"နော် (မှန်ပါတယ်ဆရာ)၊ ဝ - "တ်"သတ် "ဝတ်"တာနဲ့ ဝ - (ဋ်) သတ် "ဝဋ်"တာနဲ့ ဘာထူးလဲဆို ဘယ့်နှယ့်ပြောရမလဲ (မပြောတတ်ပါဘူးဆရာ)၊ ပြီးတော့ "ပ်"သတ်ပြီး "ဝပ်"တာလည်း ရှိသေးတယ် မဟုတ်လား (ရှိပါတယ်ဆရာ)၊ ဝ - "ပ်" သတ် "ဝပ်" ဒီလိုမဟုတ်လား (ရှိပါတယ်ဆရာ)၊ ဝ (တ်) သတ် "ဝတ်"၊ ဝ (ဋ်)သတ် "ဝဋ်" ဝတ်ချည်းပဲ မဟုတ်လား (ဝတ်ချည်းပဲပါဆရာ)၊ ဝ (ပ်)သတ် "ဝပ်"တော့ အဓိပ္ပါယ်တစ်မျိုး၊ ဝ (တ်)သတ် "ဝတ်"တော့ အဓိပ္ပါယ်တစ်မျိုး၊ ဝ (ဋ်)သတ် "ဝဋ်"တော့ အဓိပ္ပါယ်က တစ်မျိုးနော် (မှန်ပါတယ်ဆရာ)၊ ရှေ့ကတော့ စာများရေးရင်၊ ပါဠိဘာသာ ပြောဆိုရင် ပါဠိဘာသာရဲ့ အရိပ်နိမိတ်ကလေးတွေ ထည့်ထည့်ပြီးတော့ ရေးကြတယ်။ "မိုယ်း"ကို ရေးမယ်ဆိုရင် "မေဃ" ပုဒ်ကလာလို့ မ လုံးကြီး တစ်ချောင်းကိုင် ဃကြီးသတ် ဝစ္စနှစ်လုံး ရေး "မိုယ်း"တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ "မိုယ်း"လို့ မြင်လိုက်ရင်ပဲ ရွာဖြိုးတတ်တဲ့မိုး ရေးတာပဲလို့ မသိပေဘူးလားဟ (သိမှာပါဆရာ)၊ ဒါ သိရတယ်။ ဟိုစာလုံးမြင်ကတည်းက ပါဠိဘာသာ ပျက်ကလေးတွေက လာတာ ပဲလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို နားလည်ရတယ်။ အခုတော့ မဟုတ်ဘူး၊ အခုတော့ ဖြစ်ချင်သလို ဖြစ်ကုန်ပေါ့။ ဒီလို ပါဠိဘာသာပျက်အနေအားဖြင့် အစွန်းနိမိတ်ကလေးတွေ ပြပြီးတော့ ရေး၊ ရှေးပညာရှိများ ထွင်ထားတဲ့ သဘောကလေးတွေကို လောကဓာတ် အကြောင်းတရားတွေက ဖျက်ဆီးပစ်ကုန်ပြီတဲ့။ ယူနီဘာစီတီတက္ကသိုလ်က စပြီးတော့ "မိုယ်း"ကို (ယ်) သတ်၍ရေးတာ အလကား၊ (ယ်)သတ်စရာ မလိုဘူး ပျက်ပစ်လိုက်ပြီ နော် (မှန်ပါတယ်ဆရာ)၊ (ဒ) (ဓ) အသံချင်း တူတယ်။ (ဓ) ဆိုတာ အသုံးနည်းတယ်၊ ဖယ်ပစ်လိုက်၊ (ထ) နဲ့ (ဌ) အသံချင်း တူတယ် (ဌ) ဆိုတာ

http://www.dhammadownload.com


အသုံးနည်းတယ် ဖျက်ပစ်လိုက်။ ဖြစ်လာကုန်ပြီ တဖြည်းဖြည်းနဲ့နော် (မှန်ပါတယ်ဆရာ)၊ သုံးဆယ့်နှစ်လုံးသော အက္ခရာတွေ တော်ကြာတော့ ဘယ်လောက်ကျန်မယ်ဆိုတာ မပြောတတ်ဘူး။ တဖြည်းဖြည်းနဲ့ တိမ်ကောလာ။

ဒါကြောင့် ရှေးကပညာရှိများကတော့ စာကြည့်လိုက် သတ်ပုံသတ်ညွှန်း အနေအထားဖတ်ရင် အဓိပ္ပါယ်ပါပြီးသားဖြစ်တယ်။ "မ" ကို လုံးကြီးတင် တစ်ချောင်းကိုင်လို့ "ယ်"သတ်တာမြင်ရင် "မိုယ်း"၊ "မေဃ"ပုဒ်ကလာတာ ရွာဖြိုးတတ်တဲ့ မိုယ်း။ ဘာမှ မသတ်ဘူး "မောင်မိုးတို့၊ မိမိုးတို့၊ အိမ်မိုးတို့၊ ကျောင်းမိုးတို့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ နော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပါယ်တခြားစီသွားတယ်။ ဒီလိုပဲ ဝ-ကို (ပ်) "ဝပ်"ဆိုရင် အသံကတော့ "ဝပ်"ပဲ။ ဝ-ကို (တ်) သတ်လို့ "ဝတ်"၊ အသံကတော့ "ဝတ်"ပဲ။ ဝ-ကို (ဋ်) သတ်လို့ "ဝဋ်"ဆိုရင် အသံကတော့ "ဝဋ်"ပဲ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ "ဝတ်"ချည်းထွက်တာ။ ဒါပေမယ့် မှတ်ထား၊ ဝ-ကို (တ်)သတ်တို့ "ဝတ်"ဆိုတာက "ဝတ္တ"ပုဒ်ကလာတာ "ဝတ္တရား"ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဝတ္တရားတဲ့၊ တာဝန်တို့ ဝတ္တရားတို့ နော် (မှန်ပါတယ်ဆရာ)၊ ဝတ်နိဗဒ်တို့။ အဲဒါတွေကြတော့ ဝ-ကို (တ်)သတ် ဝတ္တရား။ ဝ-ကို (ပ်) သတ်လို့ "ဝပ်"တာကြတော့ "ဝပ်၍နေတယ်၊ ပြားပြားဝပ်တယ်" နော် (မှန်ပါတယ်ဆရာ)၊ "ဝပ်၍ချဉ်းကပ်တယ်" အဓိပ္ပာယ်က ဒီလို "ဝပ်"မျိုးလာတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဝ-ကို (ဋ်) သတ်လို့ "ဝဋ်"ကြတော့ လည်ခြင်း, လည်ပတ်ခြင်း ဟောတယ် နော် (မှန်ပါတယ်ဆရာ)၊ ဝဋ္ဋပုဒ်-လည်ခြင်းဟောတယ်တဲ့ ဝဋ္ဋ၊ ဟောဒီနေရာ "ဝဋ်သုံးပါး"ဆိုတာ ဘာသတ်တာတုံး ( "ဋ်"သတ်ထားပါတယ်ဆရာ)၊ (ဋ်) သတ်ထားတာ "ဝဋ္ဋ"ပုဒ် နော် (မှန်ပါတယ်ဆရာ)၊ ဝဋ္ဋပုဒ်တဲ့၊ (ဋ်) သတ်ထားလို့ လည်ခြင်းကို ဟောတယ်တဲ့။ ဒါ ပဋိစ္စသမုပ္ပါဒ် ဝဋ္ဋကထာပြနေတော့ လည်တာပြ၊ ဒါ (တ်) သတ်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ (ပ်) သတ်လို့ကော (မဖြစ်ပါဘူးဆရာ)၊ မဖြစ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပါယ်တစ်မျိုးစီသွားမယ်။ ကိုယ်ရေးချင်သလို ရေးရတာမဟုတ်ဘူး။ ဒီ"ဝဋ်"ကြတော့ (တ်) သတ်လို့လည်း မဖြစ်ဘူး၊ (ပ်)သတ်လို့လည်း မဖြစ်ဘူး၊ (ဋ်)သတ်ရမယ်လို့၊ ဘာပြုလို့ သူက လည်းခြင်းကို ဟောနေတဲ့တရားလို့၊ လည်ပုံလည်နည်း ပြနေတာလို့နော် (မှန်ပါတယ်ဆရာ)။

## ဝဋ်သုံးပါးရဲ့အဓိပ္ပာယ်

ကြည့်ပေးထား ဒါဖြင့်၊ ဝဋ်က ဘယ်နှစ်ပါးဟောထားလို့ (သုံးပါးပါဆရာ)၊ ဘယ်သူ ဘယ်သူတုံး (ကမ္မဘဝနဲ့ ကိလေသာဝဋ်)၊ ဝိပါက (ဝိပါကဝဋ်ပါဆရာ)၊ ပြန်ပြောပါဦး (ကမ္မဝဋ် ဝိပါကဝဋ်

http://www.dhammadownload.com



ကိလေသဝဋ်ပါဆရာ)၊ ပြောသာပြော စေ့ရင် ပြီးတာပဲနော် ဟုတ်တယ်မဟုတ်လား၊ ပြန်ပြောပါဦး (ကမ္မဝဋ် ကိလေသဝဋ် ဝိပါကဝဋ်ပါဆရာ)၊ သုံးမျိုးမှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ "ကိလေသဝဋ်" ဆိုတာ ကိလေသာအားဖြင့် လည်တာ။ "ကမ္မဝဋ်" ဆိုတာ ကံအားဖြင့် လည်တာ။ "ဝိပါကဝဋ်"ဆိုတာ အကျိုးပေးအနေအားဖြင့် လည်တာ။ လည်တာချည်းပဲ သူတို့ချင်း နော် (မှန်ပါတယ်ဆရာ)၊ ဆက်စပ် ဆက်စပ်ပြီးတော့ လည်နေတာတဲ့။ ကမ္မဝဋ်, ကိလေသဝဋ်, ဝိပါကဝဋ်၊ ကမ္မဝဋ်, ကိလေသဝဋ်, ဝိပါကဝဋ်၊ ဒီဝဋ်သုံးပါးက တစ်ခုနဲ့တစ်ခုကျေးဇူးပြုပြီးတော့ ဆက်စပ်ပြီးတော့ အကြောင်းခံပေးနေလို့ ဒီသံသရာကြီး လည်နေရတယ်တဲ့ နားလည်လား (မှန်ပါတယ်ဆရာ)၊ တို့ ပဋိစ္စသမုပ္ပါဒ်တွေ့တုန်းက ဘာအရင်စပြ၊ ကိလေသဝဋ်က စပြတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကိလေသဝဋ်က ဘယ်နှစ်ပါးတုံး မှတ်မိလား (မမှတ်မိပါဘူးဆရာ)၊ ဟော - ဒီကျတော့ သူကြည့်ဟန်မတူဘူး။ သူ့စိတ်က အောက်မေ့နေမှာ ဒီနေ့တော့ ဝဋ်သုံးပါးတော့ ရောက်ဟန်မတူသေးပါဘူး။ စကားကြောကလည်း ရှည်ရှည်နဲ့ ပြောဦးမှာပဲ၊ ဒီကြည့်ဟန် မတူဘူး။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အေး - ဟုတ်ပြီ၊ ငါသိပါတယ်။ ကိလေသဝဋ်က "အဝိဇ္ဇာ တဏှာ ဥပါဒါန်"နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘယ်သူ ဘယ်သူ (အဝိဇ္ဇာ တဏှာ ဥပါဒါန် ပါဆရာ)၊ သုံးခု ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကမ္မဝဋ်က ဘယ်သူဘယ်သူတုံး၊ ဘဝ သင်္ခါရ၊ ဘာနဲ့ဘာ (ဘဝနဲ့သင်္ခါရပါဆရာ)၊ ကမ္မဝဋ်က ဘဝနဲ့သင်္ခါရ၊ "ကမ္မ"ကိုကွ နော် (မှန်ပါတယ်ဆရာ)၊ ကမ္မဝဋ် ဘဝနဲ့သင်္ခါရ၊ ဝိပါကဝဋ်က ဘယ်သူဘယ်သူတုံး (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ)၊ ပြီးတော့ (တဏှာ ဥပါဒါန် ပါဆရာ)၊ ဟော - ဟော - ဟော . . ခုနက ကိလေသဝဋ်တုံးက "အဝိဇ္ဇာ တဏှာ ဥပါဒါန်" ဆို၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ဇာတိ ဇရာမရဏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကျန်တဲ့ တရားတွေပေါ့ဟ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် အဲဒီထဲမှာ ဘဝထည့်ကောက်။ ဒီနေရာလေးက နည်းနည်းရှုပ်တယ်။

"ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာမရဏ" ဆိုတော့ ဒါတွေ အကျိုးတရားတွေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် တို့ဘဝတုန်းက ဘယ်နှစ်မျိုးပြောခဲ့ (သုံးမျိုးပါဆရာ)၊ ဘဝဆိုတာ၊ "ဥပါဒါနပစ္စယာ ဘဝေါ" ဆိုတဲ့ ဘဝဟာ ဘယ်နှစ်မျိုးပြောခဲ့လဲ (နှစ်မျိုးပါဆရာ)၊ ဘယ်သူနဲ့ ဘယ်သူတုံး (ကမ္မဘဝနဲ့ ဥပပတ္တိဘဝ ပါဆရာ)၊ အဲ - ကမ္မဘဝနဲ့ ဥပပတ္တိဘဝ။ ကမ္မဘဝ,က အကြောင်းလား, အကျိုးလား (အကြောင်းပါဆရာ)၊ ဥပပတ္တိဘဝ,က အကြောင်းလား, အကျိုးလား (အကျိုးပါဆရာ)၊ အဲဒါကြောင့် ဒီနေရာမှာ ဘဝနှစ်မျိုး ထွက်နေလို့

http://www.dhammadownload.com



အကြောင်းချည်း ရေတွက်တဲ့အခါမှာ အကြောင်းဘဝထဲ ကမ္မဘဝသွင်းရမယ်။ အကျိုးချည်း ရေတွက်တဲ့ အခါမှာ အကျိုးဘဝထဲ ဥပပတ္တိဘဝသွင်းရမယ် နော် (မှန်ပါတယ်ဆရာ)၊ ရှေ့ရှေ့ပြန်ကြည့်လိုက် ပါဦး။ "ကိလေသဝဋ္ဋ"ဆိုတာ ဘယ်သူဘယ်သူတုံး၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ကိလေသဝဋ္ဋ နော် (ကိလေသဝဋ္ဋ ပါဆရာ)။ ကမ္မဝဋ္ဋက ဘယ်သူဘယ်သူတုံး၊ ဘဝ သင်္ခါရ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီဘဝက ဘာဘဝတုံး (ကမ္မဘဝ ပါဆရာ)၊ အေး - ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘာပြုလို့ ဒီဘဝနဲ့သင်္ခါရက ဟိုတုန်းက ကမ္မဘဝနဲ့ သင်္ခါရ စေတနာကောက်ထားတဲ့ အတူတူ မပြခဲ့ဘူးလား (အတူတူပြပါတယ်ဆရာ)၊ ကံတွေ မဟုတ် လား (မှန်ပါတယ်ဆရာ)၊ အေး - ကုသိုလ်ကံ, အကုသိုလ်ကံ ဆိုတဲ့ ကံတွေ။

ဒါကြောင့် ဒီနေရာမှာ "ဘဝ, သင်္ခါရ" ဆိုတဲ့ ဘဝဟာ ကမ္မဘဝကောက်။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ သင်္ခါရနဲ့ တူမသွားဘူးလား (တူသွားပါတယ်ဆရာ)၊ အဲ - သူတို့နှစ်ပါးသည် "ကမ္မဝဋ္ဋ"ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကမ္မဝဋ္ဋ။ ပြီးတော့ ဝိပါကဝဋ္ဋကောက်လိုက်တော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကျိုး တရားတွေ မဟုတ်ဘူးလား (အကျိုးတရားတွေပါဆရာ)၊ အဲဒီထဲမှာ ဘာဘဝထည့်အုံးမလဲ (ဥပပတ္တိ ဘဝ ထည့်ပေးရမယ်ဆရာ)၊ အေး - ဒါကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာမရဏ ဒီလို ထည့်ပေးပါ နော် (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီတရားတော့ ဘာဝဋ္ဋတုံး (ကိလေသဝဋ္ဋပါဆရာ)၊ ဟောဗျာ - အုပ် လိုက်တာပဲ။ ဝိပါကဝဋ္ဋ မဟုတ်ဘူးလားဟ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကျိုးတရားတွေ မဟုတ်ဘူးလား (အကျိုးတရား တွေပါဆရာ)၊ စုပေါင်းပြ။ ဒါဖြင့် ကိလေသဝဋ္ဋရယ်, ကမ္မဝဋ္ဋရယ်, ဝိပါကဝဋ္ဋရယ် သုံးမျိုး မနေဘူးလား (သုံးမျိုးပါဆရာ)၊ ကိလေသဝဋ္ဋက ဘယ်သူဘယ်သူတုံး (အဝိဇ္ဇာနဲ့ သင်္ခါရပါဆရာ)၊ ဟာ - ချကုန်ပြီဟ၊ အုပ်တာပဲဟေ့ ဒီကောင်တော့၊ ဒီကောင်တော့ ဒီနေ့တော့ မင်းလက်ပေါ် စနေစီးပြီထင်တယ် ငါကတော့၊ ဟင်း - မုချဝဋ္ဋသုံးပါးကတော့ ရောက်ဟန်မတူဘူး။ သူစာအုပ်မကြည့်ခဲ့ဘူး၊ မလေ့ လာခဲ့ဘူး။ မလေ့လာတော့ ဒီမှာ ဇောက်ထိုးမိုးမျှော်တွေ ဖြစ်ကုန်ပေါ့ တစ်ခါတည်း၊ ကိလေသဝဋ္ဋက အဝိဇ္ဇာ တဏှာ ဥပါဒါန် နားလည်လား (မှန်ပါတယ်ဆရာ)၊ ကိလေသဝဋ္ဋက ဘယ်သူဘယ်သူ (အဝိဇ္ဇာ တဏှာ ဥပါဒါန်ပါဆရာ)၊ ဟုတ်ပြီ။ ပြီးတော့ ကမ္မဝဋ္ဋက ဘယ်သူဘယ်သူတုံး၊ ဘဝနဲ့သင်္ခါရ (ဘဝနဲ့သင်္ခါရ)၊ ကမ္မဘဝ ဘယ်သူဘယ်သူတုံး (ဘဝနဲ့ သင်္ခါရ ပါဆရာ)၊ ဘဝက ဘာဘဝတုံး (ကမ္မဘဝပါဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒါကံတွေပေါ့၊ ကမ္မဘဝဆိုတာ ကံကောက်

http://www.dhammadownload.com



ထားတာပေါ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကမ္မဝဋ် ခေါ် တယ်နော် (မှန်ပါတယ်ဆရာ)၊ ကံတွေ ကောက်ထားတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ဝိပါကဝဋ်က ဘယ်သူဘယ်သူတုံး (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏပါဆရာ)၊ အဲ - ဟုတ်ပြီ ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ပြန်ပြောစမ်း - ကိလေသာဝဋ်က ဘယ်သူ ဘယ်သူတုံး (အဝိဇ္ဇာ တဏှာ ဥပါဒါန် ပါဆရာ)၊ ဟုတ်ပြီ၊ ကမ္မဝဋ်က ဘာသူဘယ်သူတုံး၊ (ဘဝနဲ့သင်္ခါရပါဆရာ)၊ ဘဝ,က ဘာဘဝတုံး (ကမ္မဘဝနဲ့သင်္ခါရ ပါဆရာ)၊ အေး - ကမ္မဘဝနဲ့သင်္ခါရ။ ဝိပါကဝဋ်က ဘယ်သူဘယ်သူတုံး (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏ ပါဆရာ)၊ ဟုတ်ပြီ။

ဒါကြောင့် ဒီအတွင်းသားလေးတွေကြတော့ ခရီးတွင်လိမ့်မယ်လို့ သိပ်ပြီးတော့ သဘော အဓိပ္ပါယ်လေးနဲ့ တရားကိုယ်တွေနဲ့ သိပ်ပြောစရာရှိတာ မဟုတ်ဘူး။ ဟိုဘက်က ရှင်းပြီးသားဖြစ်နေ တယ် နော် (မှန်ပါတယ်ဆရာ)၊ သေသေချာချာကြည့်တော့ - ခုနတုန်းက ငါပြလာတဲ့ အတိတ်ရယ်, ပစ္စုပ္ပန်ရယ်, အနာဂတ်ရယ် ကာလသုံးပါးနဲ့ ချ, ဝေဖန်တော့လည်း တရားဘယ်နှစ်လုံးရ (ဆယ့်နှစ်လုံး ရပါတယ် ဆရာ)၊ ဆယ့်နှစ်လုံးပဲ၊ ရပြီးသား ဆယ့်နှစ်လုံး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဝဋ်သုံးပါးနဲ့ ဝေဖန်လိုက်တော့ တရားဘယ်နှစ်လုံးရ (ဆယ့်နှစ်လုံးပါဆရာ)၊ ဒါပဲရတယ် နားလည် လား (နားလည်ပါတယ်ဆရာ)၊ ဒါပေမယ့် ကာလသုံးပါးနဲ့ ဝေဖန်တော့ ဒီလိုဒီလိုလုပ်၊ ဒီလိုဒီလို စုလိုက်၊ ပုံလိုက်၊ ဝဋ်သုံးပါးနဲ့ ဝေဖန်ပြန်တော့ ဒီလိုဒီလို တူရာတူရာ ပေါင်းလိုက်။ ဒါ ကိလေသာ တရားတွေ၊ ဒါ ကံတရားတွေ၊ ဒါ ဝိပါကဆိုတဲ့ အကျိုးတရားတွေ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အင်္ဂါဆယ့်နှစ်ရပ်ထဲမှာ "ကိလေသာ"ဆိုတဲ့ အစစ်တရား ဘယ်သူနဲ့ဘယ်တုံး အဝိဇ္ဇာရယ်, တဏှာရယ်, ဥပါဒါန်ရယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် "ကံ"ဆိုတဲ့ တရားက ဘယ်သူဘယ်သူတုံး။ ကမ္မဘဝနဲ့သင်္ခါရပေါ့ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီကိလေသာကြောင့်, ကံကြောင့် ဖြစ်လာတဲ့ အကျိုးတရားတွေက ဘယ်သူဘယ်သူတုံးလို့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာမရဏ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ တူရာ တူရာ ပေါင်း,ပေါင်းပြီးတော့ တစ်ကန့်စီ တစ်ကန့်စီ ခွဲခွဲ တွဲတွဲပြသွားတဲ့ သဘောလေးတွေ နော် (မှန်ပါတယ်ဆရာ)၊ ဘာမှ နားမလည်စရာ မရှိဘူး။ ဝေထားတဲ့ စာရွက်လည်း သေသေချာချာ ပြန်ကြည့်ကြတဲ့ အဲဒါ။

---

http://www.dhammadownload.com



## သံသရာကြီး ဘာကြောင့်လည်

ဒါကြောင့် "ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋ" ဆိုတာ "ဝဋ္ဋ"သဒ္ဒါသည် လည်ခြင်း ဟောထားလို့ လည်ပုံလည်နည်းပြ။ မင်းတို့, ငါတို့ ဘာဖြစ်လို့ သံသရာကြီး လည်၊ ကိလေသာရှိလို့ လည် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကိလေသာရှိလို့ လည်-တဲ့၊ ဒါကြောင့် ကိလေသာ,က စ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်။ ဘာကိလေသာတုံး၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ကိလေသာရှိတော့ ဘာဖြစ်၊ ကိလေသာရှိတော့ ကမ္မဝဋ္ဋတွေ လုပ်တာပေါ့၊ ကံတရားတွေ လုပ်တာပေါ့လို့ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ သေသေချာချာကြည့်နော် ဟုတ်လား; မဟုတ်လားလို့၊ ကိလေသာတွေရှိတော့ ကံတရားတွေ လုပ်တာပေါ့လို့။

ဒါကြောင့် ကိလေသာကြောင့် ကံတွေ လုပ်တယ်-တဲ့။ ဒါကြောင့် ကမ္မဝဋ္ဋ နော် (မှန်ပါတယ်ဆရာ)၊ ဘဝနဲ့သင်္ခါရ၊ ကမ္မဘဝလည်းပဲ ကုသိုလ်ကံ အကုသိုလ်ကံ စေတနာပဲရတယ်။ သင်္ခါရလည်းပဲ ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတဲ့ စေတနာပဲ ရတယ်။ မရဘူးလား (ရပါတယ်ဆရာ)၊ ကိလေသာရှိလို့ ကံတွေ လုပ်တာပေါ့။ ကံတွေလုပ်တော့ ဘာဖြစ်။ ကံတွေလုပ်တော့ "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏ"ဆိုတဲ့ အကျိုးကောင်ကြီး လာဖြစ်တာပေါ့လို့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အကျိုးကောင်ကြီးဖြစ်။ အစ ပထမ ပဋိသန္ဓေက စ၊ မရဏဆုံး၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို လည်နေတယ်။

## ဝဋ်သုံးပါးလည်ပုံလည်နည်း ဆိုတာ

ဒါဖြင့်ရင် ဒါ ဝဋ်နဲ့ကြည့်၊ ဝဋ်နဲ့ကြည့်။ ဩော် - လက်စသတ်တော့ ကိလေသာ, ကိလေသာ ထင်ရှားရှိနေတဲ့ ပုဂ္ဂိုလ်များသည် ကံကိုချည်း အမြဲလုပ်။ ကံအမြဲလုပ်သမျှ, "ကံ"ဆိုတဲ့ အကြောင်းတရားတွေ အမြဲလုပ်သမျှ "ခန္ဓာကောင်, ဝိပါက်ကောင်" ဆိုတဲ့ အကျိုးတရားကြီးက အမြဲပေါ် မပေါ်ဖူးလား (ပေါ်ပါတယ်ဆရာ)၊ "ခန္ဓာကောင်, ဝိပါက်ကောင်"ဆိုတဲ့ အကျိုးတရားကြီး အမြဲပေါ်တိုင်း ကိလေသာက ထင်ရှားရှိပြန် မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ကိလေသာကုန်မှ, မကုန်ဘဲ ရှိတာပေါ့လို့၊ ခန္ဓာကောင်ကြီးပေါ်လာ၊ ကိလေသာက တန်းလန်းပါလာပေါ့၊ ကိလေသာရှိပြန်၊ ကိလေသာရှိပြန်တော့ "ကုသိုလ်ကံ, အကုသိုလ်ကံ" ဆိုတဲ့ ကမ္မဝဋ္ဋကြီး လုပ်ပြန် ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကမ္မဝဋ္ဋကြီးလုပ်ခြင်းကြောင့် အကျိုး ဝိပါက်ကောင်, ခန္ဓာကောင်ကြီး ဖြစ်ပြန် ဒီလိုမျိုးလား (မှန်ပါတယ်ဆရာ)၊ လည်ကြည့်စမ်း - ကိလေသာဝဋ္ဋကြောင့် ကမ္မဝဋ္ဋဖြစ်၊ ကမ္မဝဋ္ဋကြောင့် ဝိပါက

http://www.dhammadownload.com



ဝဋ်မှုဖြစ်၊ ဝိပါကဝဋ်ကြီးကြောင့် ကိလေသဝဋ်မှုဖြစ်၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်မှုဖြစ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ကြီးဖြစ်၊ ဝိပါကဝဋ်ကြီးကြောင့် ကိလေသဝဋ်မှုဖြစ်၊ ကိလေသာကြောင့် ကံဖြစ်၊ ကံကြောင့် ဝဋ်မှုဖြစ်၊ ဝဋ်ကြောင့် ကိလေသာ၊ ကိလေသာကြောင့် ကံ၊ ကံကြောင့် ဝဋ်၊ လည်တတ်ရဲ့လား (လည်တတ်ပါတယ်ဆရာ)၊ လည်ပြစမ်း - (ကိလေသာကြောင့် ကမ္မဝဋ်မှုဖြစ်၊ ကမ္မဝဋ်ကြောင့် ဝိပါက ဝဋ်မှုဖြစ်၊ ဝိပါကဝဋ်ကြောင့် ကမ္မဝဋ်မှုဖြစ်)၊ ငါက ဝဋ်မှုဖြစ်ဆိုရင် သူက ဝဋ်မှုဖြစ်။ သူဝိပါကဝဋ် ထည့်ဆိုဖို့ မေ့နေတာကို၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်၊ ဝိပါကဝဋ်ကြောင့် ကိလေသ ဝဋ်၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်။ ဆိုကြည့်စမ်း (ကိလေသာဝဋ် ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်၊ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်၊ ကိလေသဝဋ် ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်) ဝိပါက၊ (ဝိပါကဝဋ်) ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်၊ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်၊ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်၊ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ အဲဒါ ဆုံးမှာနေရာကြတော့ မင်းရပ်ထားပေါ့ကွာနော်။ ဟင်း ဆုံးနိုင်ပါဦးမလား (မဆုံးနိုင်တော့ပါဘူးဆရာ)၊ ဘယ်တော့မှ မဆုံးတော့ဘူး နားလည်လား (နားလည် ပါတယ်ဆရာ)၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်-တဲ့၊ အဝိဇ္ဇာက မောဟ၊ တဏှာနဲ့ ဥပါဒါန်က လောဘ နော် (မှန်ပါတယ်ဆရာ)၊ မောဟနဲ့ လောဘတဲ့။ ကိလေသာ, ကိလေသာ၊ မောဟကိလေသာရယ်, လောဘကိလေသာရယ် အဲဒီနှစ်ပါးအကြောင်းခံတော့ ဘာဖြစ်၊ "မောဟ"ဆိုတာ မသိတာတဲ့၊ "လောဘ"ဆိုတာ လိုချင်တာတဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ "မောဟ"ဆိုတာ ဘာခေါ်လဲ (မသိတာပါဆရာ)၊ အေး - မသိတာ အဝိဇ္ဇာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ တဏှာနဲ့ ဥပါဒါန်က ဘာကောက် (လောဘပါဆရာ)၊ ဟော - မောဟက မသိတာ၊ လောဘက လိုချင်တာ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကိုင်း - မသိလို့ လိုချင် ဒီလိုမလာဘူးလား (လာပါတယ်ဆရာ)၊ မသိလို့ လိုချင်၊ လိုချင်တော့ ဘဝနဲ့သင်္ခါရတဲ့။ ဘဝ,က ဘာဘဝတုံး (ကမ္မဘဝပါဆရာ)၊ သင်္ခါရက ဘာတုံး (စေတနာ ပါဆရာ)၊ ကမ္မဘဝလည်း စေတနာပဲလား (မှန်ပါတယ်ဆရာ)၊ သင်္ခါရလည်း စေတနာပဲလား (မှန်ပါတယ်ဆရာ)၊ ဒါ စေတနာဆိုရင် "အာယူဟနာ သင်္ခါရာ" ဆိုတဲ့အတိုင်း အားထုတ်မှု, လှုံ့လမှု ဖြစ်လာပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါဖြင့် မသိလို့ လိုချင်၊ လိုချင်တော့ ဘာတုံး (ပြုလုပ်ပါဆရာ)၊ သြော် - ပြုလုပ်-တဲ့လား။ ဒါကမ္မဝဋ္ဋ်ပေါ့ (မှန်ပါတယ်ဆရာ)၊ အဲ - မသိလို့ လိုချင်၊ လိုချင်တော့ ပြုလုပ်၊ ပြုလုပ်တော့ ဘာဖြစ် (ရရှိပါတယ်ဆရာ)၊ ရရှိ ရရှိတာက ဘယ်သူတွေတုံး (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏ ပါဆရာ)၊ ဟော - ရသွားပေါ့၊ မရဖူးလား (ရပါတယ်ဆရာ)၊ ရတော့ ဘာဖြစ် (ခံကြရရော့)၊ ခံကြရော့၊ ဘာတွေခံရမယ် (ဒုက္ခတွေပါဆရာ)၊ အေး - ဒုက္ခတွေ၊ ရ,စခဏ တည်းက ဒုက္ခမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေရဲ့ဥပါဒ်ခဏက စ၊ ခန္ဓာငါးချက် ပေါ်ထွက်လာကတည်းက "ခန္ဓာ"လို့ ဆိုရင်ပဲ ဒုက္ခမဟုတ်ဘူးလားဟ (ဒုက္ခပါဆရာ)၊ "ဒုက္ခန္တိ ခန္ဓပဉ္စကံ" ဒုက္ခ၏ တရားကိုယ် တရားသားက ဘယ်သူတုံး (ခန္ဓာငါးပါးပါဆရာ)၊ "ဒုက္ခ" ဆိုတာ တခြားမရှာနဲ့တဲ့။ ခန္ဓာငါးပါးက ဒုက္ခအစစ်ကြီးပဲ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "ဒုက္ခန္တိ ခန္ဓပဉ္စကံ"၊ ဒုက္ခန္တိ၊ ဒုက္ခဟူသည်ကား။ ခန္ဓပဉ္စကံ၊ ခန္ဓာငါးပါးအပေါင်း တည်း - ဆိုတော့ မင်းတို့, ငါတို့ ဒုက္ခရှုချင် တခြားသွားရှာရဦးမယ်လားဟ (မရှာရပါဘူးဆရာ)၊ ဝေဒနာတွေများ ဖမ်းနေစရာ လိုသေးသလား (မလိုပါဘူးဆရာ)၊ ဘာရှုရမှာတုံး (ခန္ဓာကောင် မိမိခန္ဓာကောင် ပြန်ရှုရပါတယ်ဆရာ)၊ သြော် - ခန္ဓာရှုရင် ဒုက္ခရှုပြီးသားလား၊ (မှန်ပါတယ်ဆရာ)၊ ခန္ဓာကိုယ်က ဒုက္ခကြီး မဟုတ်လား (ဒုက္ခကြီးပါဆရာ)။ ဒါကြောင့် ခန္ဓာငါးပါးသည် ဒုက္ခရဲ့ တရားကိုယ် တရားသား အစစ်တရား၊ တရားကို ဉာဏ်လေးတွေ လွှာထားရင်း ရှုချင်ရာကနေ ရှု၊ ကြည့်ချင်ရာကနေ ကြည့်။ ဆင်ခြင်ရာကနေ ဆင်ခြင်ကြည့် နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် တိကျတယ်။ ဒါတိကျတဲ့ သဘာဝကို ရောက်အောင် သင်ကြားတတ်မြောက် နားလည်ထားတော့ ဟိုဟိုဒီဒီ အလီလီအားဖြင့် တရားတစ်ခုရှုမယ်ကြံ ဖန်တီးနေရတာ မဟုတ်ပါဘူး၊ ပြုပြင်နေရတာ မဟုတ်ပါဘူး။ ခန္ဓာငါးပါးသည် ဒုက္ခတရားကြီးပါလား။ ဒါ "အနိစ္စ ဒုက္ခ အနတ္တ"ဆိုတဲ့ လက္ခဏာယာဉ်ထဲဝင်။ ခန္ဓာငါးပါးသည် ဒုက္ခအစစ်ပါပဲလား။ ဒုက္ခရဲ့ တရားကိုယ် တရားသားတွေ ခန္ဓာငါးပါးအစစ်တွေပါပဲလားဆိုတော့ ဒုက္ခမြင်ရော့၊ မမြင်ဘူးလား (မြင်ပါတယ်ဆရာ)၊ ဒုက္ခအစစ်တွေ့နေပေါ့။ ဒါဖြင့်ရင် ဒီဒုက္ခတည်းဟူသော ခန္ဓာငါးပါးသည် ဘယ်သူက လုပ်ပေးလိုက်ပါလိမ့် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းတရား သွားတွေ့၊ မတွေ့ဘူးလား (တွေ့ပါတယ်ဆရာ)၊ သြော် - သူ့ကြောင့်ဖြစ်လာတာကို၊ ပဋိစ္စသမုပ္ပါဒ် ဒီလိုသွားလည်းဖြစ်တာပဲ။ ဒီလိုသွားလိုက်ပြန်တော့ ပစ္စယပရိဂ္ဂဟဉာဏ် ဆိုက်သွားပြန်ရော့ နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းမရှိဘဲနဲ့ ဖြစ်တဲ့ခန္ဓာငါးပါးမဟုတ်။ အကြောင်းကြောင့် ဖြစ်လာတဲ့ ခန္ဓာငါးပါးကြီးပဲ၊ အကြောင်းရှာလိုက်ပြန်တော့ ပစ္စယပရိဂ္ဂဟဉာဏ် ပေါ်လာပြန်ပေါ့။ ထိုအကြောင်းတွေ

http://www.dhammadownload.com



လုပ်လို့ အကျိုးတရားတည်းဟူသော ခန္ဓာငါးပါး ပေါ်လိုက်တော့ ဒုက္ခတရားကိုယ် တရားသားကြီး မြင်ပြန်ပေါ့။ ဘာမှ သိပ်ပြီးတော့ ပင်ပန်းကြီးစွာနဲ့ လျှောက်ပြီးတော့ တရားတစ်ခုရှုမယ်ကြံ ဖန်တီး နေရတာ မဟုတ်ပါဘူး။ "ဆေးစက်ကျရာ, အရုပ်ဖြစ်"ဆိုသလိုပဲ။ ဒါတရားချည်းပဲဆိုတာ မှတ်ထား။

ဒါကြောင့် အခု ဒီ"ခန္ဓာကောင် ဝိပါက်ကောင်"ဆိုတဲ့ အကျိုးကောင်ကြီး ဖြစ်လာတာ။ ဘာဖြစ်လို့ဖြစ်လာ နောက်ဆုတ်ပြန်လည်ကြည့်စမ်း - ကမ္မဝဋ်ကြောင့် ဖြစ်လာတယ်၊ ဝိပါကဝဋ် ကောင်ကြီး နော် (မှန်ပါတယ်ဆရာ)၊ ကမ္မဝဋ်ကြောင့် ဖြစ်တယ်။ "ကမ္မဝဋ်"ဆိုတဲ့ ဝဋ်ကြီးကို ဘာကြောင့်ပြု- ဘာကြောင့်လုပ်ပါလိမ့်။ ကိလေသဝဋ်ကြောင့် လုပ်တယ်၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကိလေသဝဋ်ကြီးက ဘာကြောင့် ရှိနေတုံး၊ ဝိပါကဝဋ်ရှိလို့ ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်။ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်တယ်။ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်ဖြစ်တယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုပဲ လည်နေတော့ သံသရာစက်ရဟတ်ကြီးက အဆက်မပြတ်ဘူးတဲ့၊ အမြဲတစေလည်နေပြန်ရော့တဲ့။

ဒါကြောင့် ကိလေသာမကုန်ခန်းသမျှ ကာလပတ်လုံး ဒီ"လည်တယ်, လည်တယ်"ဆိုတဲ့ ဝဋ် တရားကြီးဟာ၊ ဝဋ်ကြီးဟာ ဘယ်တော့မှ ရပ်မှာမဟုတ်ဘူးတဲ့။ ကိလေသာမှ မကုန်ဘဲ ဟုတ်ကော ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် -

"ယာဝ ကိလေသဝဋ္ဋံ န ဥပစ္ဆိဇ္ဇတိ၊ တာဝ အနုပစ္ဆိန္နပစ္စယတ္တာ အနဝဋ္ဌိတံ ပုနပ္ပုနံ ပရိဝဋ္ဋနတော ဘမတိယေဝ"။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၈၅)

အဋ္ဌကထာဆရာ ပြသွားတာ အင်မတန် မှတ်စရာကောင်းတယ်။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ ကိလေသဝဋ္ဋံ၊ ကိလေသာဝဋ်သည်။ န ဥပစ္ဆိဇ္ဇတိ၊ မပြတ်သေးတဲ့။ သတ္တဝါတွေ သန္တာန် သေချာကြည့်စမ်းတဲ့၊ အဝိဇ္ဇာရှိသေးလား ရှိ၊ တဏှာရှိသေးလား ရှိ၊ ဥပါဒါန်ရှိသေးလား ရှိ။ ဩော် - ကိလေသဝဋ်ကြီးက ရှိသေးတာကို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက ဘာမှ မသိတာ နော် (မသိနိုင်ပါဘူးဆရာ)၊ မောဟ, မောဟ၊ တဏှာက ဘာတုံး (လိုချင်တာပါဆရာ)၊ လောဘ (လောဘပါဆရာ)၊ ဥပါဒါန်က ဘာတုံး (လောဘပါဆရာ)၊ စွဲလမ်းတယ်၊ ဒါသူတို့ နှစ်ခုက လောဘပေါ့ (မှန်ပါတယ်ဆရာ)၊ ဒါ မောဟနဲ့ လောဘပေါ့ (မှန်ပါတယ်ဆရာ)၊ မောဟက ဘာပြုလဲ (မသိတာပါဆရာ)၊ မသိတာ၊ လောဘက ဘာလုပ်တုံး (လိုချင်တာပါဆရာ)၊ ဘာကိုလိုချင်တာတုံး၊ (ဘဝလိုချင်တာပါဆရာ)၊ အေး - ဘဝလိုချင်တာနော် (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော် - ဒီနေရာမှာ

http://www.dhammadownload.com



တဏှာသည် ဘဝတဏှာလို့ ကိုယ်တော်မြတ် တိုက်ရိုက်အားဖြင့် ဖွင့်ဆိုထားတဲ့ စကားလည်း ရှိတယ်။ ကာမတဏှာ မလိုချင်ဘူးတဲ့၊ ဝိဘဝတဏှာ မလိုချင်ဘူးတဲ့၊ ဘဝတဏှာတစ်ခုတည်း ကောက်ထားတယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "အဝိဇ္ဇာ ဝါ ဘဝတဏှာ ဝါ"လို့ မူလနှစ်ပါး ပြတော်မူတဲ့အခါကျတော့ သီးသန့်ဟောသွားတယ်။ "အဝိဇ္ဇာ ဝါ ဘဝတဏှာ ဝါ" သံသရာဝဋ်ကြီး လည်တတ်သူပဲ။ ဒါဖြင့် မောဟနဲ့ လောဘ မနေဘူးလားဟ (မှန်ပါတယ်ဆရာ)၊ မောဟက မသိတာပေါ့ (မသိတာပါဆရာ)၊ လောဘ လိုချင်တာပေါ့ (မှန်ပါတယ်ဆရာ)၊ ဘာကိုလိုချင်တာတုံး (ဘဝကိုပါဆရာ)၊ ဩော် - ဘဝကို လိုချင်၊ ဘဝတဏှာ-တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ကိလေသဝဋ်ကြီးပဲ။ ဒါကြောင့် ယာဝ၊ အကြင်မျှကာလပတ်လုံး။ ကိလေသဝဋ္ဋံ၊ ကိလေသဝဋ်သည်။ န ဥပစ္ဆိဇ္ဇတိ၊ မပြတ်သေး။ ကြည့်လိုက် သတ္တဝါတွေရဲ့ အဇ္ဈတ္တသန္တာန် ကိလေသဝဋ် ပြတ်သလားလို့၊ ကိလေသဝဋ် ပြတ်သလားဆိုတာ တစ်ထောင့်ငါးရာ ကိလေသာအကုန်လုံး ကုန်သွားရမယ်လို့ မဆိုလိုပါဘူးကွာ နားလည်လား (နားလည်ပါတယ်ဆရာ)။ မှတ်ထားနော် - သူ့အကန့်လေးတွေ, သူ့အကန့်လေးတွေ။ သတ္တဝါတစ်ယောက်မှာ ကိလေသာ ဘယ်လောက်ရှိ (တစ်ထောင့်ငါးရာ ပါဆရာ)၊ တစ်ထောင့်ငါးရာ ကိလေသာတွေ နော် (မှန်ပါတယ်ဆရာ)။ အကျဉ်းအားဖြင့် ဆယ်ပါးမဟုတ်ဘူးလား (ဆယ်ပါးပါဆရာ)၊ အကျယ်ရေတွက်တော့ တစ်ထောင့်ငါးရာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊

"နာမ်, နိဗ်, လက်ကိုတည်၊ ကိသန္တာန်နဲ့မြောက်" တစ်ထောင့်ငါးရာ ကိလေသာ ရေတွက်နည်းတဲ့၊ "နာမ်, နိဗ်, လက်ကိုတည်၊ ကိသန္တာန်နဲ့မြောက်" "နာမ်, နိဗ်, လက်ကိုတည်" ဆိုတာက နာမ်တေပညာသ-တဲ့၊ နိဗ်,က နိဗ္ဗာန်ကို တစ်ဆယ့်ရှစ်ပါး နော် (မှန်ပါတယ်ဆရာ)၊ လက်,က လက္ခဏာရုပ်လေးခု နော် (မှန်ပါတယ်ဆရာ)၊ "နာမ်, နိဗ်, လက်ကိုတည်"တဲ့၊ "ကိသန္တာန်နဲ့မြောက်"တဲ့၊ ကိလေသာ ဆယ်ပါးနဲ့မြောက်တဲ့၊ သန္တာန်နှစ်ပါးနဲ့မြောက်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ "နာမ်, နိဗ်, လက်ကိုတည် ကိသန္တာန်မြောက်" တစ်ထောင့်ငါးရာဟူသော ကိလေသာ ဖြစ်၏။ အကျယ်အားဖြင့် တစ်ထောင့်ငါးရာ၊ အကျဉ်းအားဖြင့် ဆယ်ပါး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ယာဝ၊ အကြင်၍မျှကာလ ပတ်လုံး။ ကိလေသဝဋ္ဋံ၊ ကိလေသဝဋ်သည်။ န ဥပစ္ဆိဇ္ဇတိ၊ မပြတ်သေး။ တာဝ၊ ထို၍မျှကာလ ပတ်လုံး။ အနုပစ္ဆိန္နပစ္စယတ္တာ၊ မပြတ်စဲသော ကိလေသာရှိသောကြောင့်။ အနဝဋ္ဌိတံ၊ မရပ်မတည်တဲ့။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ ပရိဝဋ္ဋနတော၊ လည်သောကြောင့်။ ဘမတိယေဝ၊ လည်တော့သည် သာလျှင်တည်းတဲ့ - ဆိုလိုတာက အကြင်ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကိလေသဝဋ်က မပြတ်သေးဘူးတဲ့

http://www.dhammadownload.com



နော် (မှန်ပါတယ်ဆရာ)၊ ကိလေသဝဋ်မှ မပြတ်သေးဘူး ဆိုကတည်းက အကြင်၍မျှကာလပတ်လုံး ကိလေသဝဋ်က မပြတ်သေးဘူးတဲ့၊ ကိလေသာထင်ရှားရှိသေးတယ်၊ ထို၍မျှကာလပတ်လုံး မပြတ်သော အကြောင်းရှိသည်၏အဖြစ်ကြောင့်၊ အနုပစ္ဆိန္နပစ္စယတ္တာ၊ မပြတ်သော အကြောင်း ထင်ရှားရှိသည်၏အဖြစ်ကြောင့်။ အနဝဋ္ဌိတံ၊ မရပ်မတည်။ ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။ ပရိဝဋ္ဋန-တော၊ လည်သောကြောင့်။ ဘမတိယေဝ၊ လည်တော့သည်သာလျှင်တည်း-တဲ့။ အင်မတန် မှတ်စရာ ကောင်းတယ်၊ ဒါလေး ခွဲမှတ် သူ့အကန့်လေးနဲ့သူ။

ယာဝ၊ အကြင်ရွေ့လောက်။ ကိလေသဝဋ္ဋံ၊ ကိလေသဝဋ်သည်။ န ဥပစ္ဆိဇ္ဇတိ၊ မပြတ်သေး။ အကြင်ရွေ့လောက် အကြင်ရွေ့မျှ ကာလပတ်လုံး ထိုပုဂ္ဂိုလ်၏အဇ္ဈတ္တသန္တာန် ကိလေသာ မပြတ် သေးဘူးတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြင်ရွေ့မျှ ကာလပတ်လုံး ကိလေသာသည် မပြတ် သေး၊ ထိုရွေ့မျှကာလပတ်လုံး လည်သော အကြောင်းရှိသည်ဖြစ်သောကြောင့် အမြဲတစေ လည်နေ တော့တာပဲလို့၊ ဒီလိုဆိုသွားတော့ကား "ယာဝ ကိလေသဝဋ္ဋံ န ဥပစ္ဆိဇ္ဇတိ" ယာဝ၊ အကြင်ရွေ့မျှ ကာလပတ်လုံး။ ကိလေသဝဋ္ဋံ၊ ကိလေသဝဋ်သည်။ န ဥပစ္ဆိဇ္ဇတိ၊ မပြတ်သေး - ဆိုတော့ အဲဒီနေရာ လေးမှာ အကြင်ရွေ့မျှ ကာလပတ်လုံး ကိလေသဝဋ်မပြတ်သေး ဆိုတော့ ဒီကိလေသာရဲ့သဘောက ဘာဆိုတာတုံး၊ ရှိသမျှ ထောင့်ငါးရာ ကိလေသာတွေ အကုန်ပြောတာလားလို့၊ အကျဉ်းအားဖြင့် ဆယ်ပါး ဆိုတဲ့ ကိလေသာတွေ အကုန်ပြောတာလားလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူ့အကန့်လေးနဲ့သူ ယူတာ။ အကြင်ရွေ့မျှကာလပတ်လုံး ကိလေသာ မကုန်သေးဘူး၊ ကိလေသဝဋ်မှ မပြတ်သေးဘူး။ ထိုရွေ့မျှကာလပတ်လုံး လည်သော အကြောင်းရှိသောကြောင့် လည်နေမှာပဲလို့ ဆိုထားတော့ -

ဒါဖြင့် ကောင်းပါပြီ၊ အကြင်အခါ၌ ကိလေသဝဋ်သည် ပြတ်၏။ ထိုအခါ၌ ဝဋ်သုံးပါးမှ အလည်ရပ်တော့၏။ ဒါ ဘာကိလေသာတုံးလို့၊ ကိလေသာ ဆိုသွားတာက တိုက်ရိုက် နော် (မှန်ပါ တယ်ဆရာ)၊ ကဲ ကဲ ကဲ - ဒါ မင်းကိုယ်တိုင် စဉ်းစားကြည့်စမ်းကွာ - အကြင်ပုဂ္ဂိုလ်၌ ကိလေသာ သည် ထင်ရှားရှိသေး၏၊ ကိလေသာမပြတ်သေး။ ထိုပုဂ္ဂိုလ်သည် သံသရာလည်ဦးမှာပဲလို့ ဆိုထား တော့ ဘယ်ကိလေသာကို ဆိုတာတုံး (တစ်ထောင့်ငါးရာ ကိလေသာ ဆိုပါတယ်ဆရာ)၊ အောင်မယ်- တစ်ထောင့်ငါးရာ အကုန်,ကုန်သွားမှ သံသရာအလည်ရပ်မယ်လား (အဲဒါတော့ မပြောတတ်ဘူး ဆရာ)၊ ဩော် - အဲဒီလို ဖျင်းလည်းဖျင်းတဲ့, ညံ့လည်းညံ့တဲ့ကောင်၊ ကိလေသာတစ်ထောင့်ငါးရာက အကုန်လုံးကုန်သွားမှ သံသရာအလည်ရပ်မယ်ဆိုတာကို ပြောတာ မဟုတ်ဘူး။ အဓိပ္ပါယ်ဆိုကြစို့ - သောတာပတ္တိမဂ်ဉာဏ်ရသွားတော့ သံသရာလည်ဦးမှာလားဟ (မလည်ပါဘူးဆရာ)၊ ဘယ်လောက်

http://www.dhammadownload.com



ကျန်တော့တုံး (ခုနစ်ဘဝကျန်တော့တယ်ဆရာ)၊ ခုနစ်ဘဝပဲ ကျန်တော့တယ်၊ ခုနစ်ဘဝရဲ့ဟိုဘက်မှာ အနမတဂ္ဂ ရေတွက်လို့ မကုန်အောင် လည်ဦးမယ်ဆိုတာတွေ လည်သေးရဲ့လား (မလည်တော့ဘူးဆရာ)၊ ပြတ်မသွားဘူးလား (ပြတ်သွားပါတယ်ဆရာ)၊ အပါယ်သံသရာကော လည်သေးလား (မလည်တော့ပါဘူးဆရာ)၊ ပြတ်သွားပြီလား (ပြတ်သွားပါပြီဆရာ)၊ အလယ်သံသရာကော, အထက်သံသရာကော ဘဝအပိုင်းအခြား ရှိတော့တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခုနစ်ဘဝပဲ ရှိတော့တယ်လား (ခုနစ်ဘဝပဲ ရှိပါတယ်ဆရာ)၊ ခုနစ်ဘဝရဲ့ ဟိုဘက်မှာ သောတာပတ္တိမဂ်ဉာဏ်မှ မရရင် သူလည်လို့ ဆုံးပါဦးမလား (မဆုံးနိုင်ပါဘူးဆရာ)၊ ဒါဖြင့် သူ့သံသရာအလည် ရပ်သွားပြီးပေါ့၊ (ရပ်သွားပါပြီဆရာ)၊ ဒါဖြင့် သူ့ဘာကိလေသာကုန်သလဲလို့ မေးတော့ ကိလေသာ တစ်ထောင့်ငါးရာ စလုံး အကုန်,ကုန်သလားဆိုတော့ ဘယ်နှယ့်ပြော (မကုန်သေးပါဘူးဆရာ)၊ ဘာတွေ ကုန်တာတုံး (အဲဒါတော့ မပြောတတ်ဘူးဆရာ)၊ ဩော် - တော်လည်း တော်တဲ့တရားထောက်၊ တော်တော့ကို တော်တယ် မင်း ဒိဋ္ဌိကိလေသာနဲ့ဝိစိကိစ္ဆာကိလေသာ နှစ်ပါးသာ သောတာပတ္တိမဂ်က ပယ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ သူ့ကို မေးရင် နားမလည်တာကို မရှိဘူး။ သောတာပတ္တိမဂ်ဉာဏ်ရတော့ သောတာပတ္တိမဂ်ဉာဏ်သည် ဒိဋ္ဌိကိလေသာနဲ့ ဝိစိကိစ္ဆာကိလေသာ နှစ်ပါးကိုသာလျှင် သမုစ္ဆေဒ ပဟာတဗ္ဗအနေအားဖြင့် ပယ်၏ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီပြင် ကိလေသာတွေ ကုန်ရဲ့လား (မကုန်သေးပါဘူးဆရာ)၊ ချုပ်ရဲ့လား (မချုပ်သေးပါဘူးဆရာ)။

ဒါဖြင့်ရင် ဒိဋ္ဌိကိလေသာနဲ့ ဝိစိကိစ္ဆာကိလေသာ နှစ်ပါး သေတာနဲ့ပဲ သံသရာမှာ အလည် ရပ်သွားတယ်လား (ရပ်သွားပါတယ်ဆရာ)၊ အဲဒီတော့ သေချာကြည့်စမ်း - အခု ဝဋ်သုံးပါးပြထားတော့ ကိလေသဝဋ်ဆိုတဲ့နေရာလေးမှာ ကိလေသာက ဘာကောက်ထား (တစ်ထောင့်ငါးရာ ကိလေသာကို ကောက်ပါတယ်ဆရာ)၊ ဟောဗျ - အကုန်အုပ်လိုက်တာပဲ ဘာမှ မပြောတဲ့ စကားတွေ။ မင်းဒီနေရာ သေချာကြည့်စမ်း - အဝိဇ္ဇာရယ်, တဏှာရယ်, ဥပါဒါန်ရယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာတရားကိုယ်ကောက်တော့ ဘာရ (မောဟပါဆရာ)၊ တဏှာနဲ့ဥပါဒါန် တရားကိုယ်ကောက်တော့ ဘာရ (လောဘပါဆရာ)၊ အဲ-ဒီ"မောဟနဲ့လောဘ"ဆိုတဲ့ ကိလေသာနှစ်လုံးသာလျှင် အဓိကထားပြီး ဆိုသွားတယ် မဟုတ်လား "ကိလေသဝဋ်"တဲ့ (မှန်ပါတယ်ဆရာ)၊ ဒီကိလေသာ နှစ်လုံးကြောင့် ကမ္မဝဋ်တွေ ဖြစ်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကမ္မဝဋ်ကြောင့် ဘာဖြစ်တယ် (ဝိပါကဝဋ် ဖြစ်ပါတယ်ဆရာ)၊ ဟော-ဝိပါကဝဋ်ကြောင့် ဘာဖြစ်တယ် (ကိလေသဝဋ် ဖြစ်ပါတယ်ဆရာ)၊ ကိလေသဝဋ်ဖြစ်တယ်။ အဲဒီကိလေသဝဋ်က ဘယ်သူနဲ့ ဘယ်သူတုံး (အဝိဇ္ဇာနဲ့ တဏှာ

http://www.dhammadownload.com



ဥပါဒါန်ပါဆရာ)၊ မောဟနဲ့ လောဘ၊ တရားကိုယ်ကောက်တော့ မောဟနဲ့ လောဘ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲ - မောဟ တရားကိုယ်ကောက်ရင် မောဟနဲ့ လောဘ ဒီနှစ်မျိုးပဲ ရှိတယ် မဟုတ်လား (နှစ်မျိုးပဲရှိပါတယ်ဆရာ)၊ ကိလေသာက ဆယ်ပါးတောင် ရှိထားတာ၊ အကျယ်အားဖြင့် တစ်ထောင့်ငါးရာရှိထားတာ။ ဒါထဲမှာ မောဟကိလေသာနဲ့ လောဘကိလေသာ ကုန်ရုံလေး ရှိပါတယ်တဲ့။ ဒါဖြင့် ဒီကိလေသဝဋ် ချုပ်သွားလို့ရှိရင် ဒီကမ္မဝဋ် ဖြစ်ပါဦးမလား (မဖြစ်တော့ပါဘူးဆရာ)၊ ကမ္မဝဋ်ချုပ်ရင် ဝိပါကဝဋ် ဖြစ်ပါဦးမလား (မဖြစ်တော့ပါဘူးဆရာ)၊ အေး - ဒါကြောင့် ဒီနေရာမှာ "ယာဝ ကိလေသဝဋ္ဋံ"။

အင်္ဂါဆယ့်နှစ်ပါး၊ အခြင်းအရာနှစ်ဆယ်၊ အစပ်သုံးဖြာ၊ အလ္လာလေးခု၊ ကာလသုံးပါး၊ ဝဋ်သုံးပါး၊ သစ္စာနှစ်ပါး၊ မူလနှစ်ပါး၊ ဆိုစမ်း - (အင်္ဂါဆယ့်နှစ်ပါး၊ အခြင်းအရာနှစ်ဆယ်၊ အစပ်သုံးစပ်၊ အလ္လာလေးလ္လာ၊ ကာလသုံးပါး၊ ဝဋ်သုံးပါး၊ မူလနှစ်ပါး၊ သစ္စာနှစ်ပါး )၊ အေး - ဟုတ်ပြီ။ ဒါ ပဋိစ္စသမုပ္ပါဒ် တရားတော်ရဲ့အစိတ်အပိုင်းကဏ္ဍတွေ ပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ်တရားကြီး လည်းပဲ ပြီးခါနီးသွားပြီ၊ နောက်ဗိုင်း သိပ်မကျန်တော့ဘူး၊ ပြီးကာလည်း နီးပေါ့၊ အသီးသီးပဲ ငါတို့ ပဋိစ္စသမုပ္ပါဒ် အင်မတန်နာရခဲ့၊ ကြားရခဲတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး နာလို့၊ ကြားလို့လည်း ပြီးခါနီးပြီ။ ငါတို့ဉာဏ် ပြတ်သားရဲ့လားလို့ အစကနေ အဆုံးတိုင် ပြတ်သားရဲ့လား ဆိုတာ အဋ္ဌ ကထာနဲ့, ဋီကာနဲ့, ပါဠိတော်နဲ့ ဒီလိုဟပ်စပ်ပြီးတော့ ပုဒ်ပါဌ် အက္ခရာ အနေထားနဲ့ ဒီလိုမေးတာ မဟုတ်ပါဘူး။ အကြောင်းကြောင့် အကျိုးဖြစ်တဲ့ အဓိပ္ပါယတ္ထ၊ သံသရာ့စက်ကြီးကို အဆက်မပြတ် ဆက်စပ် ဆက်စပ်ပြီးတော့ လည်ပုံ၊ ပြီးတော့မှ တစ်ခါ အင်္ဂါဆယ့်နှစ်ပါးအနေအားဖြင့် အစဆုံး လုံးကောက် အဓိပ္ပါယ်လေးတွေ, သဘောသွားလေးတွေ, ဒါလေးတွေ ပြတ်သားရဲ့လား။

အခြင်းအရာနှစ်ဆယ်လာပြန်တော့ ဒါက အတိတ်ကလုပ်ခဲ့တဲ့ အကြောင်းတဲ့၊ ဒီအကြောင်း ကြောင့် ပစ္စုပ္ပန်လာပေါ်တဲ့ အကျိုးတဲ့၊ ပစ္စုပ္ပန်ထဲက တစ်ခါထပ်ပြီးတော့ အကြောင်းတရားတွေ လုပ်ပြန် ပေါ့တဲ့။ ဒီအကြောင်းတရားတွေကြောင့် လာလတ္တံ့ အနာဂတ်ဘဝ အကျိုးဖြစ်ဦးမယ်တဲ့ လည်ပုံ လည်ပုံနော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ တစ်ခါ အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုးနဲ့ တစ်စပ် ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်းနဲ့ တစ်စပ်၊ ပစ္စုပ္ပန်အကြောင်းနဲ့ အနာဂတ်အကျိုးနဲ့တစ်စပ်၊ တိသန္ဓိ- အစပ်သုံးပါးစပ်ပုံလေးတွေ၊ ဒါအလကား ဟောထားတာ မဟုတ်ဘူး၊ စပ်, စပ် ကြည့်ရတာ၊ လက်ငေ သတ်တော့ လွန်ခဲ့သော အတိတ်ဘဝက လုပ်လာတဲ့ အကြောင်းတရားငါးပါးကြောင့် အခုပစ္စုပ္ပန် လာ အကျိုးပေးတယ်။ ခန္ဓာကောင်လာဖြစ်တယ်။ ဒါလွန်ခဲ့တဲ့ အတိတ်ဘဝနဲ့ အခုပစ္စုပ္ပန်ဘဝ စပ်ပြ

http://www.dhammadownload.com



ဆက်စပ်ပြတယ်။ ဒီလိုပဲတဲ့ မရပ်မနားပဲနဲ့ ဆက်စပ်နေ အပြတ်အလပ် မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ပြန်ကြည့်ကြစမ်း - တရားအင်မတန် ရဖို့ကောင်း၊ ဘယ်နေရာလေးမှ ရပ်နေခဲ့တယ် မရှိခဲ့ဘူး။ ပြတ်နေတယ်၊ ရပ်နေတယ်၊ လပ်နေတယ် မရှိဘူး။ ဆက်စပ်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ အတိတ်က အကြောင်းတရားနဲ့ ပစ္စုပ္ပန်အကျိုးတရားနဲ့ ဆက်လျက်သား မနေဘူးလား (ဆက်လျက်သား ပါဆရာ)၊ ဒါစပ်ပြတာ။ ဒါကြောင့် "တိသန္ဓိ" အစပ်သုံးဖြာ၊ တစ်ခါ ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်း တရားငါးပါးနဲ့ စပ်ပြစမ်း။ ဒီအကျိုးကောင်ကြီးပေါ်နေလို့ ဒီအကြောင်းတရားတွေ လုပ်တာပေါ့တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ စပ်ပြ၊ ဒါ ပစ္စုပ္ပန်ဘဝထဲ တစ်စပ်ရတယ်။ ပြီးတော့မှ ဒီအကြောင်း တရားငါးပါးကြောင့် နောင်အနာဂတ် အကျိုးတရားငါးပါး ပေါ်အုံးမှာပေါ့။ ဒီဘက်ဘဝနဲ့ ဟိုဘက်ဘဝ စပ်ပြ၊ စပ်ရဲ့လား (စပ်ပါတယ်ဆရာ)၊ တစ်စပ်တည်းပေါ့နော် (တစ်စပ်တည်းပါဆရာ)၊ ကြားလေး တွေများ အပြတ်အလတ်တွေ ရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ လွန်ခဲ့သော အတိတ်ဘဝရယ်၊ အခုပစ္စုပ္ပန် ဘဝရယ်၊ လာလတ္တံ့ အနာဂတ်ဘဝရယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စပ်မနေဘူးလား (အစပ်ကြီးပါဆရာ)၊ တစ်စပ်တည်း သွားနေတယ်။ တစ်ဆက်တည်း သွားနေတယ်၊ ဘယ်မှ ရပ်နားခွင့် မရှိဘူး။ ဒါဖြင့် မင်းကို ငါမေးရအုံးမယ် - ဒီဘက်က ပစ္စုပ္ပန်ထဲက အတိတ်အကြောင်းတရား ငါးပါးလုပ်တော့ ဘာဖြစ်မယ် (ခန္ဓာငါးပါး ဖြစ်ဦးမှာပါဆရာ)၊ ဘယ်တော့ဖြစ် (အနာဂတ်မှာ ပါဆရာ)၊ သြော် - အနာဂတ်ဘဝမှာ ဖြစ်မယ် ဟုတ်လား (ဖြစ်မှာပါဆရာ)၊ ဒါဖြင့် ဒီက ပစ္စုပ္ပန်အကြောင်းနဲ့ ဟိုက အနာဂတ် အကျိုးတရားငါးပါးနဲ့ တစ်စပ်ပေါ့ (တစ်စပ်ပါဆရာ)၊ ဒါဖြင့် အနာဂတ် ဒုတိယဘဝ အကျိုးတရားငါးပါး ဖြစ်ပြီးတော့ ပဋိစ္စသမုပ္ပါဒ်ကြီး ပြတ်သွားရော့လား (မပြတ်ပါဘူးဆရာ)၊ မပြတ်တော့ ဘယ်နှယ့်လုပ်ပဲ့ (အကြောင်းတွေ ခံဦးမှာပါဆရာ)၊ ဘယ်အကြောင်းတွေတုံး (ပစ္စုပ္ပန်အကြောင်း ပါဆရာ)၊ ဟော - ဟိုဘက်ကျတော့ ဒီဘက်ဘဝက ပြောင်းသွားတော့၊ ဒီဘက်ဘဝတော့ ပစ္စုပ္ပန် အကြောင်းပေါ့နော် (မှန်ပါတယ်ဆရာ)၊ နော် - အနာဂတ် အကျိုးတရားငါးပါး သွားမရဘူးလား (ရပါတယ်ဆရာ)၊ ရတော့ အနာဂတ်ကြတော့ အကျိုးတရားငါးပါးအတိုင်း နေသလား (မနေပါဘူး ဆရာ)၊ မနေဘူးလား (မနေပါဘူးဆရာ)၊ မနေတော့ သူဘာတွေလုပ် (အကြောင်းတွေ လုပ်အုံးမှာ ပါဆရာ)၊ သြော် -အကြောင်းတွေ လုပ်အုံးမှာဟုတ်လား (လုပ်မှာပါဆရာ)။

ဒါဖြင့် ဒုတိယဘဝ အကြောင်းတွေခံတော့ တတိယဘဝ အကျိုးပေါ်မယ်လား (ပေါ်မှာပါ ဆရာ)၊ ဒါဖြင့် တတိယဘဝကျတော့ ပြတ်သွားရော့လား (မပြတ်ပါဘူးဆရာ)၊ မပြတ် ဘာလုပ် (အကြောင်းတွေ ခံအုံးမှာပါဆရာ)၊ သြော် - တတိယဘဝနဲ့ အကြောင်းခံအုံးမယ်လား (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ဒါဖြင့် လွန်ခဲ့သော အတိတ်ဘဝ၊ အခုပစ္စုပ္ပန်ဘဝ၊ လာလတ္တံ့ အနာဂတ်ဘဝ၊ လာလတ္တံ့ အနာဂတ် ဘဝဆိုတဲ့ ဒုတိယဘဝ၊ ဒုတိယဘဝပြီးတော့ တတိယ၊ တတိယပြီးတော့ စတုတ္ထ၊ စတုတ္ထ ပြီးတော့ ပဥ္စမ၊ အခုလိုပဲ အကြောင်းကြောင့် အကျိုးဖြစ်လိုက်၊ အကြောင်းကြောင့် အကျိုးဖြစ်လိုက်၊ အကြောင်းကြောင့် အကျိုးဖြစ်လိုက် ဆက်စပ်ပြီးတော့ လည်မသွားဘူးလား (လည်သွားပါတယ်ဆရာ)၊ ရပ်နေတယ်၊ ပြတ်နေတယ်ဆိုတဲ့ ကာလရယ်, ဘဝရယ်လို့ ရှိသလား (မရှိပါဘူးဆရာ)၊ မရှိဘူး၊ ဒီတိုင်း လည်နေတာ။

အဲဒါကြောင့် အဲဒါလေးတွေ ဟောနေတာ၊ ဒါတွေကို ဟောနေတာ၊ ဘုရားကိုယ်တော်မြတ်က စာသင်တဲ့အနေနဲ့ တတ်မြောက်ရုံလေး ဟောတာ မဟုတ်ဘူးတဲ့။ မိမိတို့မှာ ရပ်နားလို့ မရအောင်ဘဲ သံသရာစက်ကြီး တဝဲလည်လည်နဲ့ လည်နေရတဲ့ ဒုက္ခပြနေတာတဲ့ နော် (မှန်ပါတယ်ရာ)၊ ဒီလို လည်နေတော့ ကောင်းရဲ့လား (မကောင်းပါဘူးဆရာ)၊ မကောင်းမှန်းတော့ သိတယ်လား (သိပါတယ် ဆရာ)၊ သိရင် လည်ချင်သေးလား (မလည်ချင်တော့ပါဘူးဆရာ)၊ မလည်ချင်ဘူးပေါ့နော် (မလည်ချင် ပါဘူးဆရာ)၊ "မလည်ချင်ဘူး"ဆိုတဲ့ အသိဉာဏ်လေး ရလာတာ ဒါ "ဝိဇ္ဇာဉာဏ်"ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ တို့ဖြင့် ဆက်စပ်လည်နေလိုက်တာ၊ အတိတ်က အကြောင်းခံလိုက် ပစ္စုပ္ပန် အကျိုးပေါ်လိုက်။ ပစ္စုပ္ပန်က အကြောင်းခံလိုက် အနာဂတ်အကျိုးပေါ်လိုက်။ ဒုတိယဘဝ အကြောင်း ခံလိုက် တတိယဘဝဖြစ်လိုက်၊ တတိယအကြောင်းခံလိုက် စတုတ္ထဘဝဖြစ်လိုက်၊ ဘယ်မတုံးလို့ ရပ်လို့, ဖြတ်လို့ရလား၊ ရပ်လို့လည်းမရ၊ ဖြတ်လို့လည်း မရ။ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ပဋိသန္ဓေအသစ် ဆက်ကာဆက်ကာ ဖြစ်,ဖြစ်, ဖြစ်သွားနေတာ၊ ဘယ်တုံးက ဖြစ်လာခဲ့၊ သံသရာ အစကတည်းက ဖြစ်လာ၊ ဘယ်လောက်ကြာတုံး မရေမတွက်နိုင်ဘူး။ အနမတဂ္ဂ တစ်သံသရာလုံး နော် (မှန်ပါတယ်ဆရာ)၊ နောက်လည်းပဲ အနမတဂ္ဂ တစ်သံသရာလုံး ဖြစ်အုံးမယ်။ အဲဒီလို အကြောင်း အကျိုး၊ ဒါအကြောင်း၊ ဒါအကျိုးလို့ အကြောင်းအကျိုးဆက်စပ်ပြီး လည်နေတဲ့ ဟေတုနဲ့ဖလ- အကြောင်းတရားနဲ့ အကျိုးတရားကို ရေတွက်ပြီး ပြနေတာ။ ဘယ်သူလုပ်လို့လဲဆို၊ ဘယ်သူမှ လုပ်လို့ မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက်နေ ကြတယ်။ ကိုယ့်ကိုကိုယ်ရဲ့ သဘာဝအတိုင်း ဖန်တီးမှုကြောင့် ဒီလို ဖြစ်နေတာတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com


ဒါကြောင့် ဒီသံသရာစက်ကြီးမှာ အမြဲတစေ လည်နေရခြင်းကြောင့် အမှန်စင်စစ်တော့ ဖြစ်ရာဘဝ အကျိုးတရားဆိုတာ ဒုက္ခပါပဲလား။ ဒီဘဝက အကြောင်းခံလိုက် ဒုတိယဘဝ အကျိုးပေါ်လိုက်၊ အကျိုးသေချာကြည့်တော့ ဘယ်သူတွေတုံးဆိုတော့ ဒုက္ခ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ တရားငါးပါး ပေါင်းလိုက်တော့ ခန္ဓာငါးပါး မရဘူးလား (ရပါတယ်ဆရာ)၊ ခန္ဓာငါးပါးရဲ့ တရားကိုယ် တရားသား၊ ဒုက္ခရဲ့ တရားကိုယ် တရားသား ခန္ဓာငါးပါးလို့ ဆိုထားတာ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဒီဒုက္ခကြီးပဲ၊ ဒုက္ခဖြစ်ပြီးရင်း ဒုက္ခဖြစ်၊ ဒုက္ခဖြစ်ပြီးရင်း ဒုက္ခဖြစ် ဆိုတော့ သက်သာခွင့်ရသေးသလား (မရပါဘူးဆရာ)၊ ကောင်းသေးရဲ့လား (မကောင်းပါဘူး ဆရာ)၊ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ နောက်ဖြစ်ချင်သေးသလား (မဖြစ်ချင်ပါဘူးဆရာ)၊ တကယ်မဖြစ်ချင်ဘူးလား (တကယ်ပါဆရာ)၊ အေး - တကယ်ကိုပဲ မိမိအသိဉာဏ်လေး ပြဌာန်းပြီးတော့ ငါတော့ဖြင့် ဒီဒုက္ခခေါ်တဲ့ ဒုက္ခအစစ်ဖြစ်တဲ့ ခန္ဓာငါးပါးတော့ဖြင့် တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ မဖြစ်ချင်တော့ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒုက္ခခပ်သိမ်းတို့၏ ကင်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သာ ငါရလို, ရောက်လိုတော့တယ်လို့၊ အဲဒီစိတ်ဓာတ်ကလေးများ အမြဲတစေ ပေါ်နေရင် ဒါ "အရိယာစစ်ပါပဲ"လို့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒီလိုစိတ်ဓာတ်ကလေးတွေ ပေါ်ထွက်လာအောင် ဆိုပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကလဲ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး သူသူငါငါ လူတကာ သတ္တဝါတွေ နာနိုင်, **ကြားနိုင်** ပါစေဆိုတဲ့ အနေအားဖြင့် ဟောသွားတဲ့ တရားတော်-တဲ့။ ဒါကြောင့် တို့သင်တန်းတက်ပြီးတော့ ပဋိစ္စသမုပ္ပါဒ်ကို သင်လို့, ကြားလို့ တို့အတော်အတန်တော့ တတ်မြောက်လာပေ့ါ။ ဒီတင်ရပ်မနေနဲ့၊ တတ်မြောက်လာအောင် သင်ပေးနေတာမဟုတ်သေးဘူး၊ ဒီပဋိစ္စသမုပ္ပါဒ်တရားတော်ကို ကြည့်ပြီးတော့ သံသရာမှာ ငြီးငွေ့စိတ်တွေ ပေါ်လာအောင်၊ သံသရာက ကျွတ်ချင်လွတ်ချင်စိတ်တွေ ပေါ်လာအောင် ဝေဖန်ဖို့၊ သုံးသပ်ဖို့၊ ဆင်ခြင်ဖို့၊ နှလုံးသွင်းဖို့၊ စဉ်းစားဖို့ အပင်ပန်းခံ ပြနေတာလို့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ပြီးခါနီးလည်းနီးပါပြီ၊ အသီးသီးပဲ ပြတ်သားကြရဲ့လားလို့၊ ပါဠိတော် အဋ္ဌကထာ နည်းအားဖြင့် ရွတ်ဖတ်ပြီးတော့ မပြောမဆိုနိုင်သော်လည်း ကိုယ်ကျိုးအတွက် ကိုယ့်အတွက်ဆိုတဲ့ အနေအားဖြင့် ပဋိစ္စသမုပ္ပါဒ်ကြည့်တာနဲ့ မဂ်စခန်း ဖိုလ်စခန်း လှမ်းနိုင်လောက်တဲ့ မဂ်နားဖိုလ်နား ကပ်နေပေ့ါဆိုတဲ့ အချိုးလောက်ရောက်သွားမယ်နော် (မှန်ပါတယ်ဆရာ)၊ တကယ်လည်း မဂ်ဉာဏ်

http://www.dhammadownload.com



ဖိုလ်ဉာဏ် ရနိုင်တဲ့ တရားအစစ်၊ ပဋိစ္စသမုပ္ပါဒ်ဝင်စား၊ စဉ်းစား၊ ဝင်စားနေရင်း၊ စဉ်းစားရင်း၊ နှလုံးသွင်းနေရင်း တစ်မဂ် တစ်ဖိုလ်ရနိုင်တဲ့ တရားအစစ်တဲ့၊ အင်မတန် တန်ဖိုးရှိတယ်။

ဒါကြောင့် သူ့အကန့်လေးနဲ့သူ ဟော, ဟောထားတာ၊ မိမိသဘောလေးတွေနဲ့ ဝေဖန် ဝေဖန်ကြည့် ရှင်းရှင်းလေး၊ ကြည့် - အခြင်းအရာနှစ်ဆယ် ဟောထားတာ တခြားမဟုတ်ဘူး။ သံသရာစက်ကြီးလည်ပုံ ပြထားတာ၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး နော် (မှန်ပါတယ်ဆရာ)၊ အဲဒါဟာ အကြောင်းကြောင့် အကျိုးဆိုတဲ့ အကြောင်းရဲ့တရားကိုယ်, တရားသားလေးတွေလည်း နားလည်ရမယ်။ အကြောင်းတရားငါးပါး၊ ထိုအကြောင်းတရားငါးပါးကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားငါးပါးရဲ့ တရားကိုယ် တရားသား လေးတွေ သိထားရမယ်။ သိထားမှ ကိုယ်ပေါ် ပြန်ပြန်တင်မှ သဘာဝ ကျတယ်။ ကိုယ်ပေါ်ရောက်မှ တရားခေါ်တယ်၊ ကိုယ်ပေါ်မရောက်ရင် အပြင်မှာသာ နေရင် တရားကိုယ် မခေါ်ဘူးနော် (မှန်ပါတယ် ဆရာ)၊ ကိုယ်ပေါ်ရောက်အောင် တင်ရတယ်။

လွန်ခဲ့သော အတိတ်ဘဝက "အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ" ဒီလိုအကြောင်း တရားငါးပါး ငါအားထုတ်ခဲ့လို့ ဒီဘက်ဘဝ လာပြီးတော့ "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ"ဆိုတဲ့ အကျိုးတရားငါးပါး လာရတယ်။ တရားကိုယ် တရားသား တစ်ခါကောက်ကြည့်။ ငါရှိသလား, မရှိဘူးလား၊ ရှိတာချည်းပဲလို့ နော် (မှန်ပါတယ်ဆရာ)၊ အခု ပစ္စုပ္ပန်ဘဝကို ရောက်ပြန်တော့ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ၊ ခန္ဓာကောင်ကြီး ဖြစ်ပြီးတော့ ငြိမ် ငြိမ်နေတာ မဟုတ်ဘူး၊ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ လုပ်ပြန်ပြီ။ ဘယ်သူလုပ်တုံး၊ ငါလုပ်နေတာပေါ့။ ဘာလုပ်ဖို့ လုပ်၊ လာလတ္တံ့ အနာဂတ်ဘဝ ပဋိသန္ဓေအသစ် ဖြစ်စေဖို့ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ "ဘယ်သူမပြု မိမိမှု"တဲ့။ ကိုယ့်ဥစ္စာကိုယ် ဖန်တီးနေကြတာပဲလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါတို့များ အကျဉ်းမှတ်ဖွယ် ဆိုပြီးတော့ ပဋိစ္စသမုပ္ပါဒ်ရဲ့ လက်ာလေးရေးထားတာ ရဖူးလား။

http://www.dhammadownload.com


## ပဋိစ္စသမုပ္ပါဒ်လင်္ကာများ

"ရဟတ်စက်နှယ် ပတ်ပတ်လည်သည့် သုံးသွယ်ဘဝ ဝိညာဏနဲ့၊ ငါးဝဂတိ ယောနိသန္ဓေ၊ တည်နေယူကြ အာဝါသဟု၊ ကိုးဝဘုံထဲ ဩဃဝဲ၌၊ တဝဲလည်လည် ရပ်မတည်ဘဲ၊ ဆုံလည်သည့်နွား ကဲ့အလားသို့၊ ဘုရားမိန့်မှာ သာသနာကို၊ သေချာကြံ့ခိုက် အခွင့်ဆိုက်လျက်၊ မကြိုက်၍သာ သံသရာမှာ၊ နင်သာလည်အုံး ဘယ်မဆုံးဘူး၊ လုံးလုံးလည်မှု နင်ပင်ပြုတဲ့၊ အာယူဟန ကံနှစ်ဝကို၊ လက်စမသတ် နင်မရပ်က၊ ရဟတ်စက်နှယ် ပတ်ပတ်လည်သည်၊ တကယ်နင်ပဲ လွတ်အောင်ခဲ"

"ရဟတ်စက်နှယ် ပတ်ပတ်လည်သည့်" ဆိုတာ (မရဘူးဆရာ)၊ ဘယ်တိုးက ကျက်ထား။ "ရဟတ်စက်နှယ် ပတ်ပတ်လည်သည့်၊ သုံးသွယ်ဘဝ ဝိညာဏနဲ့၊ ငါးဝဂတိ ယောနိသန္ဓေ၊ တည်နေယူကြ အာဝါသဟု၊ ကိုးဝဘုံထဲ ဩဃဝဲ၌၊ တဝဲလည်လည် ရပ်မတည်ဘဲ၊ ဆုံလည်သည့်နွား ကဲ့အလားသို့ ဘုရားမိန့်မှာ သာသနာကို၊ သေချာကြံ့ခိုက် အခွင့်ဆိုက်လျက်" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "ဘုရားမိန့်မှာ သာသနာကို၊ သေချာကြံ့ကြိုက် အခွင့်ဆိုက်လျက်၊ မကြိုက်၍သာ သံသရာမှာ၊ နင်သာလည်အုံး ဘယ်မဆုံးဘူး၊ လုံးလုံးလည်မှု နင်ပင်ပြုတဲ့၊ အာယူဟန ကံနှစ်ဝကို၊ လက်စမသတ် နင်မရပ်က၊ ရဟတ်စက်နှယ် ပတ်ပတ်လည်သည်၊ တကယ်နင်ပဲ လွတ်အောင်ခဲ" နော် (မှန်ပါတယ်ဆရာ)၊ "ရဟတ်စက်နှယ် ပတ်ပတ်လည်သည့်၊ သုံးသွယ်ဘဝ ဝိညာဏနှင့် ငါးဝဂတိ ယောနိသန္ဓေ၊ တည်နေယူကြ အာဝါသဟု၊ ကိုးဝဘုံထဲ ဩဃဝဲ၌" ပဋိစ္စသမုပ္ပါဒ်စက်ကြီးမှာ ရဟတ်လိုပဲ-တဲ့။ အမြဲတစေလည်နေ၊ မလည်ဖူးလား (လည်ပါတယ်ဆရာ)၊ ဘယ်လိုလည်သလဲ-တဲ့။ "သုံးသွယ်ဘဝ ဝိညာဏနှင့်" ဘဝသုံးပါးအားဖြင့် သွားနေကြ - ကာမဘဝ, ရူပဘဝ, အရူပဘဝ နော် (မှန်ပါတယ်ဆရာ)၊

"ကာမဘဝ" ဆိုတာ ကာမဆယ့်တစ်ဘုံရယ်၊ အပါယ်လေးဘုံရယ်၊ လူ့ဘုံရယ်၊ နတ်ပြည် ခြောက်ထပ်ရယ် ပေါင်းတော့ တစ်ဆယ့်နဲ့တစ်ဘုံရှိတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရူပါဝစရ တစ်ဆယ့်ခြောက်ဘုံ အလယ်သံသရာ၊ အရူပါဝစရလေးဘုံ အထက်သံသရာ၊ ဒါ "ကာမ ရူပ အရူပ" ဆိုတဲ့ "ဘဝသုံးထပ် ဘုံသုံးရပ်" ခေါ်တယ်။ "သုံးသွယ်ဘဝ ဝိညာဏနဲ့" "ဝိညာဏ"ဆိုတာ သတ္တဝိညာဏ၊ အခုသုံးဆယ့်တစ်ဘုံ ကျင်လည်နေတဲ့ သတ္တဝါတွေ စုလိုက်, ပေါင်းလိုက်တဲ့အခါ ကြတော့ "သတ္တဝိညာဏဋ္ဌိတိ" ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ "ငါးဝဂတိ" ဖြစ်ပြန်ပေါ့၊ ဂတိ

http://www.dhammadownload.com


ဘယ့်နှစ်ပါးတုံး၊ (ငါးပါးပါဆရာ)၊ ဘယ်သူဘယ်သူတုံး (ဒေဝဂတိ, ပေတဂတိ, မနုဿဂတိ၊ တစ်ခုတော့ မေ့နေတယ်) ဟော - (တိရစ္ဆာနဂတိ) နားလည်လား၊ (နားလည်ပါတယ်ဆရာ) နိရယဂတိ၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ) ဘယ်သူဘယ်သူတုံး၊ (ဒေဝဂတိ၊ ပေတဂတိ၊ မနုဿဂတိ တိရစ္ဆာနဂတိ) နိရယ၊ (နိရိယဂတိ) နိရယ (နိရယဂတိ) ငရဲခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဂတိငါးပါး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ "သုံးသွယ်ဘဝ ဝိညာဏနှင့်၊ ငါးဝဂတိ ယောနိသန္ဓေ"တဲ့၊ ဂတိငါးပါး၊ ဂတိ ငါးပါးက ပြေးလို့ လွတ်သေးရဲ့လား (မလွတ်ပါဘူးဆရာ)၊ တစ်ပါးပါးသွားမယ်လား (သွားမှာပါဆရာ)၊ လည်ပုံလည်ပုံ ပြနေတာ။ ဘုံက သုံးပါးတဲ့။ ဘုံသုံးပါးတစ်ပါးပါး သူဖြစ်မှာပဲတဲ့ နော် (မှန်ပါတယ်ဆရာ)၊ "သတ္တဝိညာဏဋ္ဌိတိ" သုံးဆယ့်တစ်ဘုံ သတ္တဝါတွေရဲ့ နေပုံ, ထိုင်ပုံ ကြည့်လိုက် ဝိညာဏခုနစ်ပါးတဲ့။ ဝိညာဏစတင် ခုနစ်ပါးရတယ်၊ တစ်ပါးပါး သူဖြစ်တော့မယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ "သုံးသွယ်ဘဝ ဝိညာဏနှင့်၊ ငါးဝဂတိ" ဂတိငါးပါး တစ်ပါးပါးလားတော့မယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

## ပဋိသန္ဓေလေးမျိုးဆိုတာ

"ယောနိသန္ဓေ"တဲ့၊ ပဋိသန္ဓေ ဘယ်နှစ်မျိုးရှိ နားမလည်ဘူး ဟုတ်လား။ အောင်မယ် - လည်သလိုလိုဗျာ၊ ကဲ - ပြောစမ်းပါအုံး (မလည်ပါဘူးဆရာ)၊ ဩော် - ဘယ့်နှယ့်ပေခံတာ၊ ငါ လည်သလိုလို အောက်မေ့နေ။ ပဋိသန္ဓေလေးမျိုးရှိတယ် နော် (မှန်ပါတယ်ဆရာ)၊ **"ဂဗ္ဘသေယျက ပဋိသန္ဓေ"**တဲ့။ ကိုယ်ဝန်ဆောင်ပြီးတော့ မွေးဖွား နော် (မှန်ပါတယ်ဆရာ)။ **"အဏ္ဍဇပဋိသန္ဓေ"**တဲ့။ ဥဖြင့် ဥ၍ပေါက်ဖွား ဟုတ်လား (မှန်ပါတယ်ဆရာ)။ ပြီးတော့ **"သံသေဒဇပဋိသန္ဓေ"**တဲ့။ လောက်လမ်းလေးတွေ၊ ခြင်လေးတွေ၊ မှက်ကလေးတွေ နော် (မှန်ပါတယ်ဆရာ)။ ယင်ကလေးတွေ၊ အဲဒါကြတော့ အညစ်အကြေးတွေ, အညှီအဟောက်ကလေးတွေ စုပေါင်းပြီးတော့ အဲဒီမှာ နားရင်းက နေပြီးတော့ ပြုန်းကနဲဖြစ်လာတယ်။ ဒါ အခု မျက်မြင်ကိုယ်တွေ့အားဖြင့်၊ (တစ်နည်း) တော်တော်မြင့်မြတ်တဲ့ အထဲက ပြမယ်ဆိုရင်ဖြင့် "ပဒုမ္မာဒေဝီ"တို့ "ဝေဠုဝတီ"တို့၊ စိဥ္စမာန"တို့၊ "ဉဒုမ္ဗရဒေဝီ"တို့ ကြားဖူး ရဲ့လား (ကြားဖူးပါတယ်ဆရာ)၊ ပဒုမ္မာဒေဝီ ဘယ်ပဋိသန္ဓေနေတုံး (သစ်ပင်ကြီးမှာ နေပါတယ်ဆရာ)၊ ဟောဗျာ - ဘယ်လိုကောင်မှန်းကို မသိဘူး။ ပဒုမ္မာဒေဝီ မင်းသမီးက ဘယ်မှာ ပဋိသန္ဓေနေ တုံးလို့ (ကြာဖူးထဲမှာပါဆရာ)၊ အဲ - အဲဒီလို လုပ်စမ်းပါဟ။ "သံသေဒဇ" ခေါ်တယ် နော် (မှန်ပါတယ် ဆရာ)၊ ဝေဠုဝတီ မင်းသမီးက ဘယ်မှာ ပဋိသန္ဓေနေတုံး (အဲဒါတော့ မသိဘူးဆရာ)၊ ဟော - ဝါး, ဝါး, ဝါး နော်၊ "ဝေဠုဝတီ"တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ "စိဥ္စမာန"တဲ့၊ ဘုရားကို

http://www.dhammadownload.com



စော်ကားသွားတဲ့ စိဉ္စမာန၊ ဘယ်မှာ ပဋိသန္ဓေနေတုံး (မသိဘူးဆရာ)၊ တော်တော့်ကို ဗဟုသုတ များတယ်။ မကျည်းပင်, မကျည်းပင် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို "သံသေဒဇ"အနေအားဖြင့် ပဋိသန္ဓေက တစ်မျိုးတဲ့၊ ဘယ်နှစ်မျိုးရှိပြီ (သုံးမျိုးရှိသွားပါတယ်ဆရာ)၊ ဘယ်သူဘယ်သူတွေတုံး၊ တစ်ခုမှ မမှတ်မိဘူး။ သုံးမျိုးသာ သူမှတ်မိတော့တယ်။ ဂဗ္ဘသေယျက (ဂဗ္ဘသေယျက ပဋိသန္ဓေရယ်)၊ ဘယ်လိုနေလဲ အဲဒါက (ဗိုက်ထဲပါ)၊ သြော်-ရှင်းရှင်းတော့ တော်တော်ပြောတတ်တဲ့ကောင် နော်၊ ဟုတ်ပြီ, ဟုတ်ပြီ၊ အမိဝမ်းတွင်းမှာ ကိန်းအောင်းပြီးတော့ ပဋိသန္ဓေနေတာ "ဂဗ္ဘသေယျက" ပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)။

"အဏ္ဍဇပဋိသန္ဓေ"တဲ့ ဘယ်လိုနေတာတုံး (ပိုးလောက်လမ်းလေးတွေက ဖြစ်တာပါ)၊ ဟောဗျာ ဥ, ဥ, နားလည်လား။ ဥနဲ့ ပဋိသန္ဓေနေတာမျိုး (မှန်ပါတယ်ဆရာ)၊ ဘယ်လိုကောင်မှန်းကို မသိဘူး။ ပိုးလောက်လမ်းနဲ့ ပဒုမ္မာဒေဝီနဲ့ ရောချတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ "သံသေဒဇပဋိသန္ဓေ" တဲ့၊ ဘယ်သူ့ခေါ်၊ ပဒုမ္မာဒေဝီတို့၊ စိဉ္စမာနတို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ **"ဩပပါတိကပဋိသန္ဓေ"**တဲ့။ သူ့ကျတော့ နတ်တွေ, ပြဟ္မာတွေ နော် (မှန်ပါတယ်ဆရာ)။ ဩပပါတိက ပဋိသန္ဓေ - "ရှေ့ရှူတူရှူ ကျလာခြင်း၊ ကျလာသော ပဋိသန္ဓေ" ခေါ်တယ်၊ နတ်များမွေးတာ သိလား (မသိဘူးဆရာ)၊ နတ်များ နတ်ပြည်သွားပြီးတော့ လူ့ပြည်က သေရော့၊ သေတော့ နတ်ပြည်သွားပြီး မွေးတယ်၊ နတ်ပြည်သွားဖြစ်တယ် ဆိုတော့ ဘယ်လိုသွားဖြစ် (ဘွားကနဲ သွားဖြစ်ပါတယ်ဆရာ)၊ ဘွားကနဲသွားဖြစ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အမေလည်း မရှိဘူး၊ အဖေလည်း မရှိဘူးပေါ့ (မပြောတတ်ဘူးဆရာ)၊ အေး - ဟုတ်ပြီ၊ ဟုတ်တယ်, ဟုတ်တယ်၊ သူမသိလို့ မသိဘူး ပြောတာပေါ့ ကွာ။ မရှိဘူးဟ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သူ့အမေ ဖအေ တော်ရမယ့် နတ်သမီး ဖြစ် နတ်သမီး၊ နတ်သားဖြစ် နတ်သားတို့၏ မျက်မှောက်ဘွားကနဲ သွားပေါ်လိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဘွားကနဲ သွားပေါ်လိုက်တော့ နတ်သားကလည်း သူ့နားလာပေါ်ရင် သူ့သားပဲ သိမ်းပိုက်လိုက်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နတ်သမီး အနီးအပါး ဘွားကနဲ သွားပေါ်ရင် လည်း နတ်သမီးက ဒါ သူ့သမီးပဲ၊ သူသားပဲ သိမ်းပိုက်လိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို နတ်စုံတွဲကြား သွားပြီးတော့ ဘွားကနဲ ပေါ်ပြန်တော့လည်း တို့သားပဲ, တို့သမီးပဲ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါ နတ်ပဋိသန္ဓေကျတော့ "မိုးကျရွှေကိုယ်" ခေါ်တယ်နော် (မှန်ပါတယ် ဆရာ)၊ ရှုတ်တရက် ဘွားကနဲ ကျလာတယ်၊ "ဩပပါတိကပဋိသန္ဓေ"တဲ့။

http://www.dhammadownload.com



လူ့ပြည်က သေတော့ နတ်ပြည်သွား နတ်ဖြစ်မယ် ကြံတော့ နတ်ဖြစ်မဲ့ နတ်သမီးကျတော့ ဘယ်အရွယ်လောက်သွားဖြစ် (ဆယ့်ရှစ်နှစ်သမီးပါ)၊ အဲ - ဆယ့်ရှစ်နှစ်သမီး နော် (မှန်ပါတယ်ဆရာ)၊ ဆယ့်ရှစ်နှစ်သမီးအတိုင်း ဘွားကနဲ သွားဖြစ်၊ ကံများဘယ်လောက်ဆန်းကြယ်သလဲ သေချာကြည့်စမ်း၊ ဘယ်သူမှ မမွေး, မကျွေး, မသုတ်, မသင် နဝရီဗီဇနာလေးမှ မဆိုင်းဘဲနဲ့ လူ့ဘဝက စုတိပြီဆိုရင် ဟိုပဋိသန္ဓေ ဘွားကနဲ ဆယ့်ရှစ်နှစ်အရွယ်ကြီး သွားဖြစ်၊ အံ့သြစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အေး - ကံများ အင်မတန်ဆန်းကြယ်တယ်လို့ "ကမ္မဝိပါကော အစိန္တိယျော"။ ဒါပေမယ့် တို့ အခု လောကဓာတ်နည်း ကြံဆနေ၊ လောကဓာတ်ဆရာ လောကဓာတ်ဝိဇ္ဇာတွေ ပြောရင် ယုံချင်မှ ယုံမှာနော် (မှန်ပါတယ်ဆရာ)၊ မဖြစ်နိုင်ပါဘူးလို့ ပြောမယ်၊ ဖြစ်တယ်၊ နတ်သားကျတော့ အသက်နှစ်ဆယ်အရွယ်တဲ့။ လူ့ပြည်က စုတိလို့ကျ၊ စုတိနောင် ပဋိသန္ဓေ ဆိုတော့ "ဩပပါတိက ပဋိသန္ဓေ" ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဩပပါတိကပဋိသန္ဓေ ဘွားကနဲ အသက်နှစ်ဆယ်အရွယ်၊ အသက်နှစ်ဆယ်အရွယ် ဘွားကနဲ သွားပေါ်လိုက်တယ်။ အဲဒါမှ သူနဲ့နီးရင် သူသိမ်းမယ်၊ ငါနဲ့နီးရင် ငါသိမ်းမယ်၊ အချင်းချင်း မေတ္တာကလည်း သက်ဝင်လာတယ်။ ဒါ သူ့နောက်,နောက်ကကံအကြောင်း တရားကလည်း ဖန်တီးထားလို့ နီးစပ်ရာကို သွားပြီးတော့ ပေါ်ရတယ်နော် (မှန်ပါတယ်ဆရာ)။

အဖေတော်ရမည့် နတ်သားလည်းရှိတယ်၊ အမေတော်ရမည့် နတ်သမီးလည်းရှိတယ်၊ သူတို့ရဲ့ မျက်မှောက် ရှေ့ရှုတူရှုအားဖြင့် ဘွားကနဲ သွားပေါ်လိုက်တော့ ဒါ သူပိုင်တယ်၊ သူဆိုင်တယ်၊ သူ့သား, သူ့သမီးလို့ ဒီလို အသီးသီးပဲ မွေးကြ, ကျွေးကြရတယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုပေါ့ကွ - တစ်ခါ နတ်သမီး ဘွားကနဲသွားပေါ်တာ၊ နတ်သမီးက အခုလိုပဲ အဖေ အမေ တော်ရမယ့် ရင်းချာရဲ့ နတ်သား နတ်သမီးထံမှာ နီးနီးကပ်ကပ် မပေါ်ဘဲနဲ့ ခုလပ်ကြီး မကောမက သွားပေါ်လို့ ရန်ပွဲဖြစ်ကြတယ်။ ဘယ်သူလဲဆိုတော့ "ရောဟဏီ"အမည်ရှိတဲ့ နတ်သမီး လှကလည်း လှပါပေဘိနော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်လှသလဲ, မလှသလဲ မပြောပါနဲ့တော့ကွာ၊ လူ့ပြည်က "ရောဟဏီ"အမည်ရှိတဲ့ သူဌေးသမီးလေးက စုတိစိတ်ကျလို့ ရုတ်တရက် ဒီက စုတိနောင် ပဋိသန္ဓေဆို ဘွားကနဲ သွားဖြစ်တော့ သူက ဘယ်သွားဖြစ်လဲဆိုတော့ လမ်းဆုံ လမ်းမ လမ်းလေးခွ ဗဟိုတည့်တည့် သွားပေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ "ဆယ့်ရှစ်နှစ်အရွယ် နတ်သမီး"ဆိုတော့ ဒါပေမယ့် ကိုယ့်ရင်ခွင်ထဲ ဘွားကနဲ လာပေါ်မှ ကိုယ့်သမီး, ကိုယ့်သားရယ် သိမ်းမှာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ရင်ခွင်မဟုတ်ဘဲနဲ့ ရင်ခွင်က လွတ်ပြီးတော့ လမ်းဥပစာရဲ့ ဗဟိုလည်ခေါင် လမ်းလေးခွ သွားမွေးလိုက်တော့, ပေါ်လိုက်

http://www.dhammadownload.com



တော့ကား လက်ယာဘက်ထောင့်က နေတဲ့, ဗိမာန်က နတ်သားကလည်း ဟာ - ဒါ ငါပိုင်တယ် ငါသိမ်းမယ်၊ ကြင်ရာအဖြစ်နဲ့ သိမ်းနော် (မှန်ပါတယ်ဆရာ)၊ လက်ဝဲဘက်ထောင့်ကနေတဲ့, ဗိမာန်က နတ်သားကလည်း ဟာ - ငါပိုင်တယ် ငါသိမ်းမယ်၊ ဒီဘက်ထောင့်ဘက်ကနေတဲ့ နတ်သားကျ တော့ လည်း ဒီလိုပဲ ဟ - ငါဆိုင်တယ် ငါသိမ်းမယ်၊ နောက်တစ်ခါ ဒီဘက်ထောင့်ကလည်းပဲ လကျ်ာလက်ဝဲ နှစ်ဘက်ဆီပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ "လမ်းလေးခွ"ဆိုတော့ လေးထောင့်နဲ့ ဗိမာန်လေးခု ဖြစ်မနေဘူးလား (လေးခုပါဆရာ)၊ သူက ဇဟိုလည်ခေါင်တည့်တည့် သွားပေါ်တော့ အဲဒါ အနီးဆုံးဆိုတဲ့ နတ်သားလေးယောက်က အငြင်းပွားကြတယ်။ သူရထိုက်တယ်, ငါရထိုက် တယ်နဲ့ အငြင်းပွား၊ အငြင်းပွားစကားများ၊ စကားများတော့ ဟင်း - ဒီလိုလုပ်လို့ မဖြစ်ဘူး၊ ဒီတိုင်း နေလို့ မဖြစ်ဘူး။ တို့ ဘိုးတော်သိကြားဆီသွား အဆုံးဖြတ်ခံမယ်။ အမှန်ကတော့ ဒါ လမ်းဆုံလမ်းခွ လမ်းလေးခွ လာပြီးတော့ ပေါ်နေတာ။ မင်းချည်းယူမယ်ဆိုလို့ ငါက မပေးနိုင်ဘူး။ ငါချည်းယူ တော့လည်း မင်းက မပေးနိုင်ဘူး၊ ဒီလိုနေလို့တော့ မဖြစ်ဘူး၊ ဘိုးတော်သိကြားဆီ သွားကြစို့၊ သူတို့က ကြင်ရာအဖြစ်နဲ့, မိဖုရားအဖြစ်နဲ့ လိုချင်တာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ လှကလည်း သိပ်လှတဲ့ နတ်သမီး၊ သူတို့က အသီးသီးရှိထားတဲ့ မောင်းမမိဿံ အခြွေအရံ အသင်းအပင်းတွေ ဒီနတ်သမီးနဲ့ ဆိုရင် မနှိုင်းဆအောင်ကွာ၊ ကယ်လှ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် သူ့ဘို့ အစွဲကြီးစွဲ၊ အမက်ကြီးမက်ပြီးတော့ ရန်ပွဲကြီးဖြစ်နေတာပေါ့လေ၊ ငြင်းခုံပွဲကြီး သူ ရထိုက်၊ ငါ ရထိုက်။ ဘိုးတော် သိကြားဆီ သွားပြီးတော့ အဆုံးအဖြတ်ခံကြစို့၊ သွား ဆုံးဖြတ်ခံ၊ ဘိုးတော်သိကြားက သေသေချာချာ ကြည့်။ တို့သိကြား သောတာပန် နော် (မှန်ပါတယ်ဆရာ) မှတ်ထားနော် တို့သိကြား သောတာပန်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူ့မိဖုရားဘယ်လောက်များသလဲဆိုတော့ မိဖုရားကြီးက "သုဇာတာ၊ သုနန္ဒာ၊ သုစိတ္တာ၊ သုဓမ္မာ"၊ အမြတ်နိုးဆုံးဆိုတဲ့ မိဖုရားကြီးက လေးဦးမနေဘူးလား (လေးယောက် ပါဆရာ)၊ ဒီမှတစ်ပါး အငယ်အနှောင်းအနေနဲ့ ထားတဲ့ မိဖုရားပေါင်း နှစ်ကုဋေနဲ့ငါးသန်း ရှိတယ်။ ကြောက်စရာကောင်းလိုက်တာလို့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။ နှစ်ကုဋေနဲ့ ငါးသန်းရှိတယ်။ မိဖုရားကြီးလေးယောက်အပြင်၊ အဲဒီလို သောက်သောက်လဲနေတဲ့ မိဖုရားတွေထဲမှာ တို့သောတာပန် သိကြားမင်းနဲ့ နတ်သားလေးယောက် အငြင်းပွားလို့, အဝေမတည့်လို့ လာပြီးတော့ အဆုံးဖြတ်ခံတဲ့ နတ်သမီးလေးကို မြင်လိုက်တော့ သူက သဘောကျ၊ နေရာကျပေါ့ဟာ - သိပ်လှတာပဲ, တော်တော်ကို ချော, တော်တော်ကိုလှ၊ စိတ်ထဲမှာ တစိမ့်စိမ့် ပီတိဖြစ်နေ ။ အဆုံးအဖြတ် ပေးဖို့တောင်ပဲ မေ့နေတယ်။

http://www.dhammadownload.com



နတ်သားလေးယောက်က အရှင်ဘုရားသိကြားမင်း ဘယ်နှယ့်တုံး၊ ကျွန်တော်တို့ အဆုံးအဖြတ်အခံလာတာ အငြင်းပွားနေတဲ့အတွက် သူ့ရထိုက် ငါရထိုက်၊ အဲဒါ ကျွန်တော်တို့ မရလို့ရှိရင်ဖြင့် ကျွန်တော်တို့ ဒုက္ခများတော့မှာပဲ။ အသီးသီးပြောတာပေါ့ - ပထမနတ်သားကလည်း ကျွန်တော် ဒီနတ်သမီးကို မရလို့ရှိရင် ကျွန်တော်ဘယ်လိုဖြစ်ရပါလိမ့်မယ်။ ဒုတိယနတ်သားကလည်း ကျွန်တော် ဒီနတ်သမီးကို မရလို့ရှိရင် ဘယ်လိုဖြစ်သွားပါလိမ့်မယ်။ တတိယနတ်သားကလည်း ဒီအတိုင်းပဲ၊ ဒီနတ်သမီး ကျွန်တော်မရလို့ရှိရင်ဖြင့် တောခိုရပါလိမ့်မယ်၊ တော်တော်များသကိုးကွနော် (မှန်ပါတယ်ဆရာ)။ စတုတ္ထနတ်သားကလည်း ဒီလိုပဲ၊ ကျွန်တော် ဒီနတ်သမီးမှ မရလို့ရှိရင်ဖြင့် အဲဒါ ကျွန်တော် ဘယ့်နှဲ့နည်းမှ နတ်ပြည်နေနိုင်စရာ အကြောင်းမရှိပါဘူး အရှင်သိကြားမင်းရယ် ကြည့်ပြီးတော့ လုပ်ပါ။ လူ့ပြည်လိုလည်း တံစိုးလက်ဆောင် ပေးလို့လည်း ရတာ မဟုတ်ဘဲကိုကွ နော် (မှန်ပါတယ်ဆရာ)၊ ဟိုတော့ "ကံဘုံ" ဆိုတော့ ပြည့်စုံပြီးသားတွေ ဖြစ်နေတော့ တံစိုးလက်ဆောင်ပေးလို့ ရပ့ါမလား (မရနိုင်ပါဘူးဆရာ)၊ အဲဒီလို ပြောတော့မှ သိကြားမင်းက သတိရတယ်၊ ဟဲ့ ဟုတ်သားပဲ၊ သူတို့ ငါ့ဆီလာ အဆုံးအဖြတ်ခံရအောင်လာတာ၊ နေစမ်းပါအုံး - ပထမနတ်သားက ပြောစမ်းပါ၊ ဒီနတ်သမီးကို မင်းလိုချင်သလား၊ ဟာ - ကျွန်တော်လိုချင်တာတော့ မပြောနဲ့၊ သူ့ကို မရရင် ကျွန်တော် သေလောက်မတတ် ဖြစ်နေတာ၊ ကျွန်တော်တော့ မြင်ကတည်းက။ ဟော -ဒုတိယနတ်သားက ပြောစမ်းပါဦးကွ၊ မင်းက ဘယ့်နှယ့်ဖြစ်သလဲ၊ ဟာ-ကျွန်တော်ကလည်း ဒီနတ်သမီး သိပ်ပြီးတော့ လိုချင်တာပဲ၊ မရတော့ ဘာဖြစ်။ ဟာ - မရတော့ ကျွန်တော် နတ်ပြည်နေရဖို့ တော်တော် ခက်နေပြီ။ နတ်သက်ရှည်ဖို့ တော်တော်ခက်နေပေါ့။ တတိယနတ်သားက ပြောစမ်းပါဦး မင်းက လိုချင်တဲ့ အကြောင်း ဟာ - ကျွန်တော်လည်း သိပ်လိုချင်တာပေါ့၊ မင်းက ဘယ့်နှယ့်ဖြစ်မှာတုံး။ ဟာ - ကျွန်တော်ကတော့ သူ့သာ မရရင်ဖြင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တော့မယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ် နေပေါ့၊ ဒီလိုကိုးကွ နော် (မှန်ပါတယ်ဆရာ)။ စတုတ္ထနတ်သားကော ဟာ - ကျွန်တော်လည်း မရလို့ရှိရင်ဖြင့်၊ ဖြစ်တဲ့နည်းနဲ့ ကျွန်တော်ကတော့ အလုပ်လုပ်ရလိမ့်မယ်တဲ့။ ဒီအတိုင်းတော့ ကျွန်တော် မနေနိုင်ဘူး။ ဒီတော့ သိကြားမင်းက ပြောသတဲ့ - မိဖုရားငယ်ပေါင်း နှစ်ကုဋေငါးသန်းလည်း ရှိသေးရဲ့။ နံပါတ်တစ်ဆိုတဲ့ မိဖုရားကြီးလေးယောက်လည်း ရှိသေးရဲ့။ အဲဒီထဲက ကိုယ်တော်မြတ်က ဝင်ပြီးတော့ အေး - မင်းတို့ နတ်သားတွေက ပါးစပ်ပြောတဲ့ - ဒီနတ်သမီး မရလို့ရှိရင် ဘာဖြစ်လိမ့်မယ်၊ ညာဖြစ်လိမ့်မယ်နဲ့။ ဟောဒီ နတ်သမီးမရလို့ရှိရင် ငါက သေမှာ အစစ်ပဲဗျတဲ့။

http://www.dhammadownload.com


ဒါကြောင့် မင်းတို့လေးယောက် တစ်ယောက်နဲ့တစ်ယောက် အဝေလည်းမတည့်မဲ့ အတူတူ ဖြစ်နေရင် ငါပဲ ယူပါရစေတော့။ သိကြားမင်းက သိမ်းလိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့်၊ အဲဒါကြည့် - တို့သိကြားမင်းက ဘာတုံးဟ (သောတာပန်ပါဆရာ)၊ ဟယ် - သောတာပန်နော် (မှန်ပါတယ်ဆရာ)၊ "သောတာပန်"ဆိုတာ အထက်သောသော အောက်သောသော နေရတာပေါ့ကွ နော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ကာမဂုဏ်နဲ့ ပတ်သတ်လို့ တသောသောပဲ ရှိသေးတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော်။ ဒါကြောင့် ကာမတဏှာသည် ဘဝသံသရာကို ချဲ့ထွင်တတ်တယ်၊ ဘဝသံသရာသစ်မြစ်, ဘဝသံသရာဝဋ်မြစ်ဆိုတာ မဟုတ်သေးပါဘူးလို့ နော် (မှန်ပါတယ်ဆရာ)၊ ဘဝသံသရာကို ကျင်လည်စေတတ်တဲ့, အကြောင်းရင်းဆိုတဲ့ တဏှာ ဘယ်သူလဲ ဆိုလို့ရှိရင် ဘဝတဏှာ၊ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါ သေသေချာချာ မှတ်ထား။

ဒါကြောင့် တို့မြတ်စွာဘုရား ရှင်တော်မြတ်ကလည်း ပဋ္ဌိစ္စသမုပ္ပါဒ်ဝိဘင်းတော်ကို ဟော ထားတာက "အဝိဇ္ဇာ ဝါ ဘဝတဏှာ ဝါ"လို့ မူလဟောတဲ့ နေရာကျတော့ တိုက်ရိုက်အားဖြင့် ထုတ် ဖော်ပြီး ဟောသွားပါတယ်။ ကာမတဏှာလည်း မဟောပါဘူး။ ဝိဘဝတဏှာလည်း မဟောပါဘူး။ "အဝိဇ္ဇာ ဝါ ဘဝတဏှာ ဝါ" ဘဝတဏှာ နော် (မှန်ပါတယ်ဆရာ)၊ အေး - အဲဒါလေးတွေ အင်မတန် ထင်ရှား။ ဒါကြောင့် နတ်ပြည်ဖြစ်ရတယ်ဆိုတဲ့ဥစ္စာ ဩပပါတိကပဋိသန္ဓေမျိုးခေါ်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ရှေ့ရှုတူရှု ဘွားကနဲ သွားကျ။ "မိုးကျရွှေကိုယ်"တဲ့နော် (မှန်ပါတယ်ဆရာ)၊ အဲ - ပဋိသန္ဓေ ဘယ်နှစ်မျိုးရှိသွားပြီးလဲ (လေးမျိုးပါဆရာ)၊ ဘယ်သူဘယ်သူတုံး၊ (ဂဗ္ဘသေယက ပဋိသန္ဓေရယ်)၊ ဂဗ္ဘသေယျက၊ (ဂဗ္ဘသေယျကပဋိသန္ဓေရယ်) ပီအောင် ပြောစမ်း၊ ဂဗ္ဘသေယျက (ဂဗ္ဘသေယျကပဋိသန္ဓေရယ်) သေယက ဟုတ်လား၊ သေယျက, သေယျက (ဂဗ္ဘသေယျက ပဋိသန္ဓေရယ်) ဟုတ်ပြီ၊ (ဥရယ်)၊ တော်လည်းတော်တဲ့ကောင်၊ အဏ္ဍဇပဋိသန္ဓေ (အဏ္ဍဇ ပဋိသန္ဓေ ရယ်)၊ အေး - သံသေဒဇ (သံသေဒဇပဋိသန္ဓေရယ်)၊ ဩပပါတိက (ဩပပါတိက ပဋိသန္ဓေ ရယ်)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြန်ပြောစမ်းပါ - ဂဗ္ဘသေယျက (ဂဗ္ဘသေယျက ပဋိသန္ဓေရယ်) ဟုတ်ပြီ၊ အဏ္ဍဇ (အဏ္ဍဇပဋိသန္ဓေရယ်) ဟုတ်ပြီ၊ သံသေဒဇ (သံသေဒဇပဋိသန္ဓေရယ်) ဩပပါတိက (ဩပပါတိကပဋိသန္ဓေရယ်)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဂဗ္ဘသေယျက ပဋိသန္ဓေက ဘယ့်နှယ့်နေတယ် (ဗိုက်ထဲ နေတာပါဆရာ)၊ အေး - ဟုတ်ပြီ ဟုတ်ပြီ၊ မှတ်ထားစမ်း ဗိုက်ထဲနေတယ် နော်၊ အမိဝမ်းဖြင့် လွယ်၍ဖွားသော ပဋိသန္ဓေသည် "ဂဗ္ဘသေယျက ပဋိသန္ဓေ" မည်၏ နော် (မှန်ပါတယ်ဆရာ)၊ အဏ္ဍဇပဋိသန္ဓေကကော (ဥ၌ ဖွားခြင်းပါ

http://www.dhammadownload.com


ဆရာ)၊ အေး - ဉ၌ ဖွားခြင်း ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သံသေဒဇကတော့ (သစ်ပင်မှီ၍ ဖွားပါတယ်ဆရာ)၊ အေး - သစ်ပင်ကို မှီပြီး ဖြစ်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဩပပါတိက (ဘွားကနဲ လာဖြစ်ပါတယ်ဆရာ)၊ အေး - ဘွားကနဲ ရှေ့ရှုတူရှု လာဖြစ်တာပေါ့ကွာ နော် (မှန်ပါတယ် ဆရာ)၊ နတ်ပဋိသန္ဓေကျတော့ ချမ်းချမ်းသာသာပဲ သိပ်မပင်ပန်းဘူး နော် (မှန်ပါတယ်ဆရာ)။ ပင်ပန်း စရာလည်း အကြောင်းမရှိဘူး။ နတ်သမီးဖြစ်ရင် ဆယ့်ရှစ်နှစ်အရွယ် ဘွားကနဲသွားဖြစ်။ နတ်သား ဖြစ်ရင် အသက်နှစ်ဆယ်အရွယ် ဘွားကနဲသွားဖြစ်လိုက် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ပဋိသန္ဓေလေးမျိုး တစ်မျိုးမျိုးနဲ့ ဖြစ်ရတော့မယ် မဟုတ်လား (ဖြစ်ရမှာပါဆရာ)။

"သုံးသွယ်ဘဝ ဝိညာဏနှင့် ငါးဂတိ ယောနိသန္ဓေ" တဲ့။ ဂတိအားဖြင့် ငါးပါး တစ်ပါးပါး လားကြရတော့မယ်တဲ့။ သတ္တဝိညာဏဋ္ဌိတိ - ဝိညာဏဋ္ဌိတိ ခုနစ်ပါး တစ်ပါးပါးဖြင့် ရတော့မယ်တဲ့။ ကာမဘဝ ရူပဘဝ အရူပဘဝ ဆိုတဲ့ ဘဝသုံးပါး တစ်ပါးပါး ဖြစ်ရတော့မယ်တဲ့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ "ငါးဂတိ ယောနိသန္ဓေ တည်နေယူကြ၊ အာဝါသဟု" ဆိုတော့ "သတ္တဝါသ ဘုံကိုးဝ" တဲ့နော် (မှန်ပါတယ်ဆရာ)။ "သတ္တဝါသ ဘုံကိုးဝ"ဆိုတာလည်းပဲ တို့ ဥပပတ္တိဘဝတုန်းက ပြောခဲ့ပါပြီ။ "သတ္တဝါသ ဘုံကိုးဝ"တဲ့။ ဒီဘုံကိုးဝ တစ်ခုခုဖြစ်မယ် မဟုတ်လား (ဖြစ်မှာပါဆရာ)၊ အဲ - ဒါကြောင့် "ယောနိသန္ဓေ တည်နေယူကြ၊ အာဝါသဟု ကိုးဝဘုံထဲ ဩဃဝဲ၌"တဲ့၊ "ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ" ဆိုတဲ့ ဩဃလေးပါးထဲ နစ်မွန်းနေကြတယ် နော် (မှန်ပါတယ် ဆရာ)၊ "အာဝါသဟု၊ ကိုးဝဘုံထဲ ဩဃဝဲ၌" ဟုတ်လား (မှန်ပါတယ်ဆရာ)၊ "တဝဲလည်လည် ရပ်မတည်ဘဲ" တဲ့ ရပ်လို့ ရသေးရဲ့လား (မရပါဘူးဆရာ)၊ တည်နေနိုင်ရဲ့လား (မနေနိုင်ပါဘူးဆရာ)၊ တစ်ဘဝပြီး တစ်ဘဝ ဆက်ဆက်၊ ဆက်ဆက် ရွှေ့နေတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ အေး, အေး ဒါကြောင့် "ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ" ဆိုတဲ့ ဩဃလေးပါးထဲ နစ်မွန်းပြီးတော့ လည်နေတာ၊ "ဩဃ"ဆိုတာ "ဝဲ"ခေါ်တယ်။ ဝဲက ဘာလုပ်တတ် (စုတ်တတ်တာပါဆရာ)၊ ဟောဗျာ လျော်အောင် တော်တော်ပြောတတ်တဲ့ကောင်၊ လည်တာ ပြောနေတုန်း မင်း စုတ်တတ်တာလို့ ပြောမှ ပြောတတ်ပေကွာ မိုက်တဲ့ကောင်၊ ဝဲက လည်တတ်တယ်မဟုတ်လား (လည်တတ်ပါတယ် ဆရာ)၊ အမယ်လေးဟဲ့ - ဒီအကျအနလေးတွေ ကြည့်ပြီးတော့ အဆင်ပြေအောင် လုပ်မှာပေါ့ဟ၊ ဝဲက လည်တတ်တယ်လား (မှန်ပါတယ်ဆရာ)၊ "ဩဃ"ဆိုတာ "ဝဲ"ခေါ်တယ် နော် (မှန်ပါတယ်ဆရာ) "ဝဲ"ဆိုတာ ဘာလုပ်တတ် (လည်တတ်ပါတယ်ဆ ရာ)၊ အေး - လည်တတ်တယ်၊ လည်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ "ဩဃဝဲ၌၊ တဝဲလည်လည်၊ ရပ်မတည်ဘဲ၊ ဆုံလည်သည့်နွား၊ ကဲ့အလား

http://www.dhammadownload.com


သို့”တဲ့၊ ဆီဆုံလှည့်တဲ့နွားတွေ မြင်ဖူးရဲ့လား (မြင်ဖူးပါတယ်ဆရာ)၊ လည်နေတာပဲလား (လည်နေတာပဲဆရာ)၊ အေး - ဒီလိုပဲ “ဆုံလည်သည့်နွား ကဲ့အလားသို့၊ ဘုရားမိန့်မှာ သာသနာကို၊ သေချာကြံ့ခိုက် အခွင့်ဆိုက်လျက်”တဲ့။ အခု လူ့ဘဝလားပြီးတော့ “မနုဿတ္တဘာဝေါ ဒုလ္လဘော”လို့ အင်မတန်ဖြစ်နိုင်ခဲသော ဒုလ္လဘတစ်ပါးတည်း၊ ငါးပါးထဲက တစ်ပါးအပါဝင်ဖြစ်တဲ့ လူ့ဘဝရလာ၊ မရဖူးလား (ရလာပါတယ်ဆရာ)၊ ရလာကြတော့ ဘုရားသာသနာနဲ့ ကြုံမနေဘူးလား (ကြုံနေပါတယ်ဆရာ)၊ အေး - “သေချာကြုံခိုက် အခွင့်ဆိုက်လျက်”၊ အခွင့်ကော ကောင်းမနေဘူးလားဟ (ကောင်းနေပါတယ်ဆရာ)၊ ကိုယ်ကရှောင်မှကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ သာသနာက ကိုယ့်လာတိုးနေတယ်။ ဒါ လွတ်အောင် ရှောင်ကြတယ် မဟုတ်ဘူးလား (ရှောင်ကြပါတယ်ဆရာ)၊ အေး - ကိုယ်က လိုက်ရှာဖို့ မဆိုထားနဲ့လို့၊ စဉ်းစားကြည့်နော် ဟုတ်လား၊ မဟုတ်လားလို့၊ ကိုယ်က တကူးတက အနေအားဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ် သာသနာတော်ကြီး အပင်အပန်း အနွမ်းအနယ်ခံပြီးတော့ လိုက်ရှာကြဖို့ နေနေသာသာ၊ ဘုရားလက်ထက်တော်များ ကြည့်စမ်းကွ -

## ပက္ကုသာတိမင်းကြီးအကြောင်း သိကောင်းစရာ

ပက္ကုသာတိမင်းကြီးများ၊ ကြည့်စမ်း မင်း မင်းချင်း သတင်းစကားပို့လိုက်တယ်။ ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာဂုဏ်တော်ကိုးပါးလို့ ဒီက ဗိမ္ဗိသာရမင်းကြီးက ရွှေပြား ငွေပြား သဝဏ်လွှာရေးပြီးတော့ လက်ဆောင်ပဏ္ဏာ ပေးလိုက်တယ်။ အဲဒီဂုဏ်တော်သုံးမျိုး ရတယ်။ အဲဒီအချိန်ကစ ပီတိတွေ လွှမ်းပြီးတော့ တဖြန်းဖြန်းနဲ့ ကြက်သီးတွေထ မနေနိုင် မထိုင်နိုင် ဖြစ်လို့ ယူဇနာနှစ်ရာကွာတဲ့ ပက္ကုသာတိတိုင်းက နေပြီးတော့ ဘုရားရှိတော်မူရာအရပ်ကို လှည်းမစီး လှေမစီးဘဲနဲ့ ခရီးပြင်း လာရှာတယ်လို့၊ တကယ်ကို ရွှေနန်းကြီးတွေ စွန့်ပြီးတော့ ရွှေထီး ရွှေနန်းတွေ စွန့်၊ တိုင်းပြည်ကြီး စွန့်ပြီး “ဘုရား တရား သံဃာ”ဆိုတဲ့ ရတနာမြတ်သုံးပါး အသံကြားလိုက်၊ ဘယ်မှာ ရှိနေရဲ့၊ တစ်ဖြေးဖြေးနဲ့ သတင်းမေးပြီးတော့ လာလိုက်တာ၊ သာသနာရှိရာ နော် (မှန်ပါတယ်ဆရာ)၊ အခုများကတော့ ယူဇနာနှစ်ရာမပြောနဲ့၊ တစ်မိုင်ကွာ သာသာရှိတဲ့နေရာတောင် မလာချင်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လာချင်မလဲ၊ အခုတော့ သာသနာက မြစ်ရေပေါ်သလို ပေါ်နေ၊ မပေါ်ဖူးလားဟ (ပေါ်ပါတယ်ဆရာ)၊ တိုးမတတ် တိုက်မတတ်ဘဲ သာသနာက လူတိုးနေ။

ဒါကြောင့် ရှေးခေတ်ကနဲ့ သိပ်ကွာတာပဲလို့ အခုခေတ်ကျတော့၊ ဒါ ဒီလို သာသနာကို တိုးခမန်း တိုက်ခမန်းဖြစ်ပြီးတော့ အခွင့်အလမ်းတွေ ကြုံနေတဲ့အခါကြီး မဟုတ်ဘူးလား (မှန်ပါတယ်

http://www.dhammadownload.com


ဆရာ)၊ "သေချာကြုံခိုက် အခွင့်ဆိုက်လျက် မကြိုက်လို့သာ"တဲ့၊ မကြိုက်တော့ ရှောင်လိုက်တယ် မဟုတ်လား (ရှောင်နေပါတယ်ဆရာ)၊ အေး - "မကြိုက်လို့သာ သံသရာမှာ၊ နင်သာလည်အုံး ဘယ်မဆုံးဘူး"၊ လည်အုံးတော့တဲ့၊ လည်ရမယ် မဟုတ်ဘူးလား (လည်ရမှာပါဆရာ)၊ ဘဝသုံးပါးတို့၊ ဝိညာဏဋ္ဌိတိ ခုနစ်ပါးတို့၊ ဂတိငါးပါးတို့၊ ပဋိသန္ဓေလေးပါးတို့၊ သတ္တဝါသ ဘုံကိုးဝတို့ ဖြစ်ရအုံးမယ်၊ ပဋိသန္ဓေ အသစ် အသစ် ဆက်ကာ ဆက်ကာ နေဘ် (မှန်ပါတယ်ဆရာ)။ဒါကြောင့် "သံသရာမှာ၊ နင်သာလည်အုံး၊ ဘယ်မဆုံးဘူး၊ လုံးလုံးလည်မှု နင်ပင်ပြုတဲ့" လည်အောင် ဘယ်သူလုပ် ကိုယ့်ကိုယ် ကိုယ်လုပ် (ကိုယ့်ကိုယ်ကိုယ်လုပ်နေပါတယ်)၊ အေး - ကိုယ့်ကိုယ်ကိုယ် လုပ်နေတယ်။ "လုံးလုံးလည်မှု နင်ပင်ပြုတဲ့၊ အာယူဟနကံနှစ်ဝကို" သူဘာတွေလုပ်နေ (ကံနှစ်ဝ လုပ်နေပါတယ်ဆရာ)၊ ဘာကံတွေတုံး (ကုသိုလ်ကံနဲ့ အကုသိုလ်ကံတွေပါဆရာ)၊ အေး - ဒါတွေ လုပ်နေတယ်။ ဒါတွေလုပ်ရင် လည်မယ်လား (လည်မှာပါဆရာ)၊ အေး - ဒါကြောင့် -

"လုံးလုံးလည်မှု နင်ပင်ပြုတဲ့၊ အာယူဟန ကံနှစ်ဝကို၊ လက်စမသတ် နင်မရပ်က"တဲ့။ ဒီကံနှစ်ပါးကလည်း လက်စသတ်လို့လည်း မဖြစ်ဘူး၊ ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)၊ လက်စသတ်လို့ မဖြစ်တော့ အမြဲတစေ လုပ်နေတာပဲလား (လုပ်တာပါဆရာ)၊ အေး - "လုံးလုံးလည်မှု နင်ပင်ပြုတဲ့ အာယူဟန ကံနှစ်ဝကို၊ လက်စမသတ် နင်မရပ်က၊ ရဟတ်စက်နှယ် ပတ်ပတ်လည်မည်၊ တကယ် နင်ပဲ လွတ်အောင်ခဲတဲ့"။ လည်အုံးမယ်တဲ့၊ လည်အုံးမယ်နေဘ် (မှန်ပါတယ်ဆရာ)၊ မလည်အောင် ကြိုးစားပြီး အားခဲပါတဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာလေးမှာ သေသေချာချာ ကြည့်ကြ၊ တမြန်နေ့ကလည်း ငါတစ်ခါ ပြောသွားပေ့ါ။ " အဝိဇ္ဇာနုသယသတိယေဝ သန္တာနေ သင်္ခါရာနံ ဝိပါကဓမ္မဘာဝေန ပဝတ္တနတော အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တီတိ" အဋ္ဌကထာ ဆရာပြသွားတယ်။

အဝိဇ္ဇာအနုသယသတိယေဝ သန္တာနေ၊ အဝိဇ္ဇာအနုသယ ထင်ရှားရှိသော သန္တာန်၌သာလျှင်။ သင်္ခါရာနံ၊ ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ သင်္ခါရတရားတို့၏။ ဝိပါကဓမ္မဘာဝေန ပဝတ္တနတော၊ အကျိုးတရား၏အဖြစ်ဖြင့် ဖြစ်သောကြောင့်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်း ကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်"ဆိုတဲ့စကား တခြားမဟုတ်ပါဘူးတဲ့။ အဝိဇ္ဇာအနုသယတန်းလန်း ထင်ရှားရှိနေတဲ့ သူမျိုးသာလျှင်, ဒီပုဂ္ဂိုလ်တို့သန္တာန်မှာသာလျှင် ဒီကုသိုလ်ခေါ် ထားတဲ့ သင်္ခါရမျိုး ကြိုးစားရင်တဲ့ ဒီကလုပ်လိုက်, ဒီကံမျိုးလုပ်လိုက်, ဟိုဘက်ဘဝသွား အကျိုးပေးလိုက် မပေးဘူးလား

http://www.dhammadownload.com



(ပေးမှာပါဆရာ)၊ "ဝိပါကဓမ္မဘာဝေန ပဝတ္တနတော"လို့ သဘောကျအောင် နားထောင်ထား နော် ဒါလေးတွေ၊ ဩော် - လက်စသတ်တော့ အဝိဇ္ဇာထင်ရှားရှိသော ပုဂ္ဂိုလ်လုပ်တဲ့ ကုသိုလ်မျိုးမှ အကျိုးပေးမှာကိုး၊ တိုတိုပြောတော့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။ အဝိဇ္ဇာမရှိသော ပုဂ္ဂိုလ် လုပ်တဲ့ ကုသိုလ်ကျတော့ အကျိုးပေးသေးသလား (မပေးတော့ပါဘူးဆရာ)၊ မပေးတော့ ဘာခေါ်လဲ ကုသိုလ်ခေါ်သေးသလား (မခေါ်တော့ပါဘူးဆရာ)၊ ဘာခေါ်တဲ့ (ပစ္စည်းပါဆရာ)၊ ဟောဗျာ အုပ် လိုက်တာပဲဟေ့၊ အညာတော့ မပေးဘူးဗျ၊ ပစ္စည်းလို့၊ ကြိယာမဟုတ်ဘူးလား (ကြိယာပါဆရာ)၊ ဩော် - အဝိဇ္ဇာမရှိတဲ့ပုဂ္ဂိုလ်လုပ်တာကျတော့ ဘာခေါ်လဲ (ကြိယာပါဆရာ)။ အကျိုးပေးသေးလား (မပေးတော့ပါဘူးဆရာ)။

ဘုရား, ရဟန္တာလုပ်တော့လည်း အကျိုးပေးသေးလား (မပေးတော့ပါဘူးဆရာ)၊ သူတို့လုပ်တာ ဘာတွေတုံး (ကြိယာပါဆရာ)၊ ဩော် - ကြိယာ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါတွေ ရုတ်တရက်အားဖြင့် အဲဒါ သဘောထဲ ထွေးလုံးရစ်ပတ်ကြီး ဖြစ်နေတတ်တယ်၊ ကြည့်နော် သေသေ ချာချာ။ "အာယူဟန ကံနှစ်ဝကို၊ လက်စမသတ် နင်မရပ်က၊ ရဟတ်စက်နှယ် ပတ်ပတ်လည်သည်၊ တကယ်နင်ပဲ လွတ်အောင်ခဲ"။ "အာယူဟန"ဆိုတဲ့ ကံနှစ်ဝ ကုသိုလ်ကံ, အကုသိုလ်ကံနှစ်ပါး နင် လုပ်နေတယ်တဲ့၊ လုပ်နေ နင်ပဲ လည်အုံးမှာပဲ၊ နင်လုပ်တဲ့ ကံပဲလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့တုံး၊ ဒီကံလုပ်ရင် အကြောင်းဆိုတဲ့ ကံလုပ်ရင် အကျိုးက ပေါ်တော့မယ် မဟုတ်လား (ပေါ်မှာပါဆရာ)၊ ဖြတ်လို့ ရပ်လို့ရပါအုံးမလား (မရပါဘူးဆရာ)၊ ဒါဖြင့် ကောင်းပါပြီ၊ ဘာဖြစ်လို့ ဒီလိုကံကို လုပ်လိုက်၊ အကြောင်းခံလိုက်, အကျိုးတွေ ပေါ်လိုက် ဖြစ်နေသလဲလို့မေးရင် သူက အဝိဇ္ဇာထင်ရှားရှိသောသန္တာန်နဲ့ လုပ်နေတာကိုးတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါကြောင့်လည်း မြတ်စွာဘုရား ကိုယ်တော်မြတ်က "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ ဟောသွား တာပေါ့တဲ့။ ဒီသင်္ခါရဟာ အကြောင်းပြောင်းလို့ရတာ မဟုတ်ဘူးတဲ့။ "သင်္ခါရသည် အဝိဇ္ဇာကြောင့် သာလျှင် ဖြစ်ရာ၏"ဟု ဆိုထားတော့ အကြောင်းလွှဲပြောင်းလို့ ရသေးရဲ့လား (မရပါဘူးဆရာ)၊ မရဘူး။ တထစ်ချမှတ်ထား။ ဒါဖြင့် ကောင်းပါပြီ၊ အခုလိုပဲ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရလို့ ဝဋ်သုံးပါး တကယ်ငြီးငွေ့ပြီးတော့ "ဝိဝဋ္ဋကုသိုလ်"ဆိုတဲ့အနေနဲ့ လုပ်တော့ကောလို့ ဆိုတော့ ဒါဝိဇ္ဇာဉာဏ်နဲ့ လုပ်တာ မဟုတ်လား (ဝိဇ္ဇာဉာဏ်နဲ့ လုပ်တာပါဆရာ)၊ ဝိဇ္ဇာဉာဏ်လုပ်တော့ သင်္ခါရဖြစ်အုံးမှာလား (မဖြစ်တော့ပါဘူးဆရာ)၊ အကျိုးပေးအုံးမှာလား (မပေးတော့ပါဘူးဆရာ)၊ အကျိုးမပေးရင် သင်္ခါရ ခေါ်အုံးမှာလား (မခေါ်တော့ပါဘူးဆရာ)၊ ဟိုကဆိုထားတာက "သင်္ခါရာနံ ဝိပါကာနံ ဓမ္မဘာဝေန

http://www.dhammadownload.com



ပဝတ္တနတော” ဆိုထားတာ နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာထင်ရှားရှိသော ပုဂ္ဂိုလ်လုပ်ရင်သာ ဇင်းသင်္ခါရမျိုးသည် အကျိုးတရား၏အနေဖြင့် ဖြစ်တတ်တယ်တဲ့။ ဒါဖြင့် ဝိဇ္ဇာဉာဏ်နဲ့လုပ်တော့ ဒီသင်္ခါရ ခေါ်အုံးမှာလား (မခေါ်ပါဘူးဆရာ)၊ အကျိုးပေးအုံးမှာလား (မပေးတော့ပါဘူးဆရာ)၊ မပေးဘူးတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အကျိုးပေးတော့ကော သံသရာထဲက အကျိုး ပေးလို့ ဖြစ်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သံသရာထဲ အကျိုးပေးနေရင် သံသရာ အပြင်ဘက် ထွက်နိုင်ပါအုံးမလား (မထွက်နိုင်ပါဘူးဆရာ)။

ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရည်သန်ပြီးတော့ ဝိဇ္ဇာဉာဏ်နဲ့ လုပ်တဲ့ ကုသိုလ်မျိုး ကျတော့ သံသရာတွင်းမှာ အကျိုးပေးခွင့် မရှိပါဘူးတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဝိဇ္ဇာဉာဏ်ကိုကွ နော် (မှန်ပါတယ်ဆရာ)၊ သံသရာထဲ အကျိုးပေးခွင့်မရှိတော့ သင်္ခါရမျိုး ခေါ်အုံး ပဲ့မလား (မခေါ်တော့ပါဘူးဆရာ)၊ မခေါ်ဘူး မဟုတ်လား (မခေါ်ပါဘူးဆရာ)၊ အေး - မခေါ် တော့ဘူး။ အဲဒါကြောင့် “အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တိတိ” လို့ ဘုရားကိုယ်တော်မြတ် တိုက်ရိုက် ဟောသွားတဲ့ ဒေသနာက ရှိထားတယ်၊ “ဝိဇ္ဇာပစ္စယာ သင်္ခါရာ”လို့ ရှိကောင်းပဲ့မလား (မရှိကောင်း ပါဘူးဆရာ)၊ မရှိဘူးတဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါလေးဟာ လိမ်တိမ်တိမ် ရှုပ်ရှုပ်ထွေးထွေးဖြစ်နေတယ်၊ သေသေချာချာ အခုပြောခိုက်မှာ နားမလည်လို့ရှိရင် အိမ်ကျမှ စာရင်းထပ် ရှင်းကြနော် (မှန်ပါတယ်ဆရာ)။ တိုင်ပင်ကြည့်, တိုင်ပင်ကြည့် ဘာပြောတာတုံး။ ငါ - တိုတို ပြောမယ်ကွာ - အမိပ္ပါယ်ဆိုကြစို့ - တစ်ခါလည်း ငါ ဒီထုံးလေး ထုတ်ပြောပေ့ါ။ ဝိသာခါ, အနာထပိဏ်တို့က ဝိဇ္ဇာဉာဏ်နဲ့ ဦးစီးပြီးတော့ ပစ္စည်းတွေ ပုံတိုက်ပြီးတော့ သာသနာ့အရင်းအနှီးတွေ မြှုပ်နှံသွားတယ် မဟုတ်လား (မြှုပ်နှံပါတယ်ဆရာ)၊ အဲဒီကုသိုလ်တွေက သံသရာအတွင်းမှာ အကျိုးပေးအုံးမှာလား (မပေးပါဘူးဆရာ)၊ မပေးဘူး။ ဘာဖြစ်လို့ မပေးတုံး၊ ဝိဇ္ဇာဉာဏ်နဲ့လုပ်၊ (မှန်ပါတယ်ဆရာ)၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် သူတို့လုပ်တဲ့ ကုသိုလ်တွေ အဟောသိကံ ဖြစ်ရမလားဆိုတော့ ဒီလို အဟောသိကံဖြစ်တဲ့အနေအားဖြင့် လုပ်တာ မဟုတ်ဘူးတဲ့။ ဘုရားကျေးဇူး တရားကျေးဇူး သံဃာကျေးဇူးကို အထူးဆပ်ပေးတဲ့အနေအားဖြင့် အိတ်သွန်ဖာမှောက် လုပ်သွားတဲ့ကုသိုလ်မျိုးတွေ ခေါ်တယ်တဲ့။ သံသရာအတွင်း အကျိုးပေးဖို့ ရည်ရွယ်ချက် တစ်ချက်မှ မပါဘူး၊ ပါရဲ့လား (မပါပါဘူးဆရာ)၊ မပါဘူး။ သူတို့လိုချင်တာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ တကယ်လိုချင်တယ်၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



အေး - ဒါကြောင့် ဒီတိုင်းသွားရမှာ။ ဒါ ဝိဇ္ဇာဉာဏ်ဦးစီးပြီးတော့ လုပ်လာတဲ့ ကံမျိုးကျတော့ သံသရာအတွင်း အကျိုးပေးခွင့် မရှိပါဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဆိုတဲ့ အကျိုးသာ ရပါလိမ့်မယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် အဲဒီနေရာလေးမှာ "အာယူဟန ကံနှစ်ဝကို၊ လက်စမသတ် နင်မရပ်က၊ ရဟတ်စက်နယ် ပတ်ပတ်လည်သည်၊ တကယ်နင်ပဲ လွတ် အောင်ခဲ့" လို့ ဆိုထားတဲ့ လင်္ကာအဓိပ္ပါယ်က - အာယူဟန ကံနှစ်ဝဟာ လုပ်လို့ ရှိရင်ဖြင့် သံသရာ လည်မှာပဲ။ ဒါဖြင့် တို့လည်း လုပ်ရက်ပါပဲလားလို့ မေးတော့၊ လုပ်နည်းနှစ်နည်း ပြထားတဲ့အနက်က မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ တောင့်တပြီးတော့ လုပ်တော့ ဝိဇ္ဇာဉာဏ် မဟုတ်ဘူးလား (ဝိဇ္ဇာဉာဏ်ပါဆရာ)၊ အဲဒီဉာဏ်မျိုးနဲ့လုပ်ရင် ဒီသင်္ခါရဟာ သံသရာအတွင်းမှာ အကျိုးပေးခွင့် မရှိပါဘူး၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီလိုမှ မဟုတ်လို့ တော်စွရော်စွာ ဆိုတဲ့ အနေအားဖြင့် သူများလုပ်တာမြင်လို့ ထလုပ်လိုက်၊ သူများတောင်းတာမြင်လို့ ထတောင်းလိုက်၊ ဘာမှ အာရုံပြုမှု ကလည်း မရှိ။ ပြုပြန်တော့လည်းပဲ ယခုဘဝရထားတဲ့ ဘဝမျိုးနဲ့ အကျိုးပေး သန်သန်ကြီး ဖြန့်ပြီးတော့ ဖြစ်ချင်တယ်ဆိုတဲ့ ဘဝတဏှာမျိုး တမ်းတပြီး လုပ်ပြန်တော့ ဒါဝဋ္ဋကုသိုလ်မျိုး ခေါ်တယ်။ အဲဒါကျတော့ သင်္ခါရဖြစ်သွားပြန်ရော့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ သူအဝိဇ္ဇာကြောင့် လုပ်နေတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် "အဝိဇ္ဇာနုသယ သတိယေဝ သန္တာနေ သင်္ခါရာနံ ဝိပါကဓမ္မဘာဝေန ပဝတ္တနတော အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တီတိ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တို့လူစု တကယ်သံသရာ ငြီးငွေ့တဲ့စိတ်ဓာတ်ကြီး ရှိလို့ရှိရင် ဝိဇ္ဇာဉာဏ် ခေါ်ပါတယ်။ တကယ်သံသရာငြီးငွေ့ထိတ်လန့်ပြီးတော့ သံသရာဝဋ်အတွင်းက လွတ်ကင်းလိုပါ၏။ လွတ်ကင်း ရပါလို၏ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ရင် ဒါ ဝိဇ္ဇာဉာဏ်ဦးစီးတဲ့ ကုသိုလ်မျိုး ခေါ်တယ်နော် (မှန်ပါတယ် ဆရာ)၊ သံသရာအတွင်းမှာ အကျိုးပေးခွင့် မရှိဘူး။ အဲဒါ ပါးရေ နားရည်ရှိတဲ့ လူကတော့ လုပ်တတ် ပါတယ်။ ပါးရေ နားရည်မရှိတဲ့ လူကျတော့ သောကော ရောကောထဲ သွားမှာပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ လမ်းခွဲလေး သေချာမှတ်ထား၊ အကယ်တန္တ ပါးရေ နားရည်မရှိလို့ သူလို၊ငါလိုပဲ ဘဝတဏှာအနေအားဖြင့် ဘဝကောင်းရာ ငါကောင်းရာ အနေအားဖြင့် တို့ကုသိုလ် လုပ်နေပါတယ်ဆိုရင်ဖြင့် ဒါအဝိဇ္ဇာနုသယသန္တာန်ထင်ရှားရှိနေတဲ့ အလုပ်ပဲလို့။ ကိုယ်လုပ်ဘာလေး တွေ ကိုယ်ပိုင်းခြား၊ အတော်လည်း နားလည်ကုန်ပြီ၊ တတ်လည်းကုန်ပြီ၊ လမ်းခွဲကလေး သိလာ နော် (မှန်ပါတယ်ဆရာ)၊ ဒီလမ်းက သံသရာရှည်အောင် သွားတဲ့လမ်း၊ ဒါက သံသရာတိုအောင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ အမြန်ရောက်အောင် သွားတဲ့လမ်း သိလာပြီ မဟုတ်လား (သိလာ

http://www.dhammadownload.com



ပါပြီဆရာ)၊ သံသရာရှည်အောင် သွားတဲ့လမ်းကျတော့ ဘာတွေလုပ်လဲ (ဘဝတဏှာတွေ လုပ်ပါတယ် ဆရာ)၊ ဘာကုသိုလ်တွေ လုပ်တယ် (ကုသိုလ်ကံ, အကုသိုလ်ကံပါဆရာ)၊ ဟုတ်ပြီ၊ ဘာကုသိုလ် ကံတွေ လုပ်တုံး (ဝဋ္ဋကုသိုလ်တွေပါဆရာ)၊ အေး - ဟုတ်ပြီ, ဟုတ်ပြီ၊ နားလည်လား (နားလည် ပါတယ်ဆရာ)၊ သံသရာခရီးရှည်ကြီး သွားနေတာပဲနော် (မှန်ပါတယ်ဆရာ)၊ မရပ်မနား သွားနေတယ်။ ဒါဖြင့် သံသရာတိုအောင် သွားတဲ့လမ်းကျတော့ ဘာကုသိုလ်တွေ လုပ်တုံး (ဝိဝဋ္ဋကုသိုလ်တွေ လုပ်ပါတယ်ဆရာ)၊ ဩော် - တို့ကိုသန်းဖေတောင် အတော်ကို နားလည်နေပါပြီလို့ လမ်းနှစ်သွယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် မင်းကုသိုလ်တော့ လုပ်ခဲ့လား (လုပ်ပါတယ်ဆရာ)၊ လုပ်တော့ ဘယ်လမ်းက လုပ် (ဝိဝဋ္ဋကုသိုလ်နဲ့ လုပ်ပါတယ်ဆရာ)၊ မင်း နင် ငါ့ကိုတော့ မလိမ်ပါနဲ့ (မလိမ်ပါဘူးဆရာ)၊ တကယ်ပဲလား (တကယ်ပါဆရာ)၊ ဩော် - ဝဋ္ဋမျိုးနဲ့ မလုပ်တော့ဘူး ဟုတ်လား (မလုပ်တော့ ပါဘူးဆရာ)၊ ဩော်- ဝိဝဋ္ဋကုသိုလ်လုပ်တယ် ဆိုကတည်းက ဝိဇ္ဇာလား, အဝိဇ္ဇာလားဟ (ဝိဇ္ဇာ ဉာဏ်ပါဆရာ)၊ ဩော် - ဝိဇ္ဇာဉာဏ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် မင်းလုပ်တဲ့ ကုသိုလ်က သံသရာအတွင်းမှာ အကျိုးပေးခွင့် ရှိသေးသလား (မရှိပါဘူးဆရာ)၊ ဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပဲ ပေးမယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး - ဟုတ်ပြီ, ဟုတ်ပြီ။ အဲဒါလေးတွေ နားလည်ထားကြပါလို့။

ဒါကြောင့် "အဝိဇ္ဇာအနုသယသတိယေဝ သန္တာနေ သင်္ခါရာနံ ဝိပါကဓမ္မဘာဝေနပဝတ္တနတော အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တိ"တိ၊ ကိုယ်တော်မြတ် ဟောသွားတဲ့စကား အဋ္ဌကထာဆရာ ဖွင့် ထားတာ အင်မတန်မှ မှတ်စရာကောင်းနော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် "အခွင့်ဆိုက်လျက်၊ မကြိုက်လို့သာ၊ နင်သာလည်အုံး၊ ဘယ်မဆုံးဘူး၊ လုံးလုံးလည်မှု၊ နင်ပင်ပြုတဲ့၊ အာယူဟန၊ ကံနှစ်ဝ ကို၊ လက်စမသတ်၊ နင်မရပ်က၊ ရဟတ်စက်နှယ်၊ ပတ်ပတ်လည်သည်၊ တကယ်နင်ပဲ လွတ်အောင်ခဲ" တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်ထားမှတ်ထား အင်မတန် မှတ်စရာကောင်း၊ တိုတိုတုတ်တုတ် ကလေးပေါ့။ ဩော် - သံသရာ စက်ရဟတ်ကြီး လည်ပုံလည်နည်း ဘာတွေလုပ်လို့ လည်နေတယ်။ ဘယ်လိုသွားလို့ လည်နေတယ်။ ဘယ်လို လုပ်လိုက်တော့ ဘယ်လို ဖြတ်သွားမယ်၊ ရပ်သွားမယ်၊ သိသွားပြီလား (သိသွားပါပြီဆရာ)။ အေး - သိသွားပြီ, သိသွားပြီ။ အဲဒါတွေ မှတ်ထား။ ပြီးတော့မှ တို့ ရှင်မဟာရဋ္ဌသာရ ကိုယ်တော်မြတ်ရေးသွားတဲ့ အင်္ဂါဆယ့်နှစ်ရပ်ကနေပြီးတော့ မူလနှစ်ပါးထိပေါ့၊ လင်္ကာလေး မှတ်စရာကောင်း။

http://www.dhammadownload.com



## ရှင်မဟာရဋ္ဌသာရ၏ပဋိစ္စသမုပ္ပါဒ်လင်္ကာ

"ကာလသုံးစဉ်၊ ဝဲယာဉ်သုံးသပ်၊ အစပ်သုံးခု၊ စတုသင်္ခေ်၊ တွက်ရေဝီသ၊ အာကာရနှင့်၊ ပဋိစ္စသမုပ္ပါဒ်၊ ဟောမှတ်လေးတွက်၊ ဟိတ်ဖိုလ်ချဲ့လျက်၊ တစ်ဆယ့်နှစ်အင်၊ ဒွါဒသင်ဖြင့်" ပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာတွေ ဘာတွေကုန်ရော။ အဝိဇ္ဇာတွေကော ကာဘာတွေကော ကုန်ရော မရှိဘူးနော် (မှန်ပါတယ် ဆရာ)၊ "ကာလသုံးစဉ်၊ ဝဲယာဉ်သုံးသပ်၊ အစပ်သုံးခု၊ စတုသင်္ခေ်၊ တွက်ရေဝီသ၊ အာကာရနှင့်၊ ပဋိစ္စ သမုပ္ပါဒ်၊ ဟောမှတ်လေးတွက်။ ဟိတ်ဖိုလ်ချဲ့လျက်၊ တစ်ဆယ့်နှစ်အင်၊ ဒွါဒသင်ဖြင့်" နော် (မှန်ပါတယ် ဆရာ)၊ အဲဒါ မြန်မာလိုပြန်တော့ "ကာလသုံးစဉ်"ဆိုတာက ကာလသုံးပါး နော် (မှန်ပါတယ်ဆရာ)၊ "ကာလသုံးစဉ် ဝဲယာဉ်သုံးသပ်"ဆိုတာက ဘာခေါ်တုံး။ နင့်ကို မေးလိုက်ရအုံးမယ်။ ပဋိစ္စသမုပ္ပါဒ် ထဲက၊ ဝဲယာဉ်သုံးသပ်-တဲ့၊ ဘာခေါ်တုံး (သုံးဝလည်တာပါဆရာ)။ ဟေး, ဟေး ချလိုက်တာပဲနော် (ပစ္စုပ္ပန်ရယ် အနာဂတ်ရယ်)၊ အောင်မယ်, အောင်မယ် . . အတိတ်ရယ် (အတိတ်ရယ် ပါဆရာ)၊ ဒါဖြင့် "ကာလ သုံးစဉ်"ကို မင်းအရော်တောင်းလိုက်မယ်ဗျာ။ ကာလသုံးစင်ကပြီးခဲ့ပြီး ကာလသုံးပါး၊ "ကာလသုံးစဉ် ဝဲယာဉ်သုံးသပ်"- တဲ့၊ ဝဲက ဘာလုပ်တတ်တယ် (လည်တတ်ပါတယ်ဆရာ)၊ လည်တတ် ဘယ်။ ဒါဖြင့် ဟိုထဲက လည်တာ ဘယ်သူတုံး၊ မနေ့ညက ငါအဓိပ္ပါယ်ပြောပြီ၊ "ဝဲယာဉ်သုံးသပ်"တဲ့၊ "ဝဲ"ဆိုတာ လည်တယ် မဟုတ်လား (လည်ပါတယ်ဆရာ)၊ ဒါဖြင့် လည်တဲ့သုံးပါးက ဘယ်သူတုံး၊ (ကိလေသာဝဋ္ဋ်ရယ်)။ ဟဲ့ - တော်သားပဲ ဝဋ္ဋ်သုံးပါးလို့ ပြောလိုက်ပါလားဟ၊ နားလည်လား (နားလည် ပါတယ်ဆရာ)၊ "ဝဋ္ဋ"သဒ္ဒါက ဘာခေါ်တယ် (ဝဋ္ဋ်လည်စေတတ်ပါတယ်ဆရာ)၊ ဝဋ္ဋ်လည်စေတာ မဟုတ်ဘူး၊ ဝဋ္ဋ်ကိုယ်က လည်ခြင်းကို ဟောထားတာပါဆို၊ ဝဋ္ဋ်လည်စေတတ်တယ်လို့ လည်ခြင်းသုံးပါး မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဝ (ပ်)သတ်တော့ ဘာခေါ်တုံး (ဝပ်ပါဆရာ)၊ ဒါ ဘယ်ဝပ်မျိုး အဓိပ္ပါယ်ရ၊ "သန်းဖေ ဝပ်နေစမ်း"ဆိုရင် ဟော ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုဖြစ်နေ။ ဒါဖြင့် ဝ (တ်) သတ်တော့ကော (ဝတ်ပါပဲဆရာ)၊ ဒီဝတ်ကတော့ ဘာတုံး (ဝတ္တရားတို့ဘာတို့ပါဆရာ)၊ ဩော် -ဝတ္တရားတို့ နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ပြီ ဟုတ်ပြီ၊ ဝ (ဋ္ဋ်)သတ်တော့ကော (ဝဋ္ဋ်ပါပဲဆရာ)၊ ဒီဝဋ္ဋ်က ဘာတုံး (လည်စေတတ်ပါတယ်ဆရာ)၊ အေး - လည်စေတတ်တယ်။ ဒါ ဝဲမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

"ကာလသုံးစဉ် ဝဲယာဉ်သုံးသပ်" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "အစပ်သုံးခု"-တဲ့ သိလား (သိပါတယ်ဆရာ)၊ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ အခြင်းအရာနှစ်ဆယ် စပ်ပြတာလား (မှန်ပါတယ်ဆရာ)၊ အေး - ဟုတ်ပြီ ဟုတ်ပြီ။ "အစပ်သုံးခု၊ စတုသင်္ခေ်"တဲ့။ အလွှာလေးပါး-တဲ့ နော်

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ "တွက်ရေဝီသ၊ အာကာရနှင့်"ဆိုတော့ ဝီသ,က နှစ်ဆယ်၊ အာကာရ, က အခြင်း အရာ၊ အခြင်းအရာ ဘယ်လောက်လဲ (နှစ်ဆယ်ပါဆရာ)၊ အေး - နှစ်ဆယ်။ "တွက်ရေဝီသ၊ အာကာရ နှင့်၊ ပဋိစ္စသမုပ္ပါဒ်၊ ဟောမှတ်လေးတွက်"၊ "လေးတွက်"ဆိုတာ "လေး"ဆိုတာ ဂမ္ဘီရလေးပါးခေါ်တယ်။ နက်နဲခြင်းလေးပါး နော် (မှန်ပါတယ်ဆရာ)၊ "ဟိတ်ဖိုလ်ချဲ့လျက်"တဲ့။ "ဟိတ်"ဆိုတာက အကြောင်း တရားခေါ်တယ်။ "ဖိုလ်"ဆိုတာက အကျိုးတရား မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းနဲ့ အကျိုး ချဲ့ပြီးတော့ ပြထားတယ်တဲ့။ "ဟောမှတ်လေးတွက်၊ ဟိတ်ဖိုလ်ချဲ့လျက်၊ တစ်ဆယ့်နှစ်အင်၊ ဒွါဒသင်ဖြင့်" အင်္ဂါဘယ်နှစ်ပါးတုံး (ဆယ့်နှစ်ပါးပါဆရာ)၊ ဟော - ကုန်ရော့၊ နားလည်လား (နားလည် ပါတယ်ဆရာ)၊ အဲဒါ အရှင်မဟာရဋ္ဌသာရ ရေးသွားတဲ့ ပဋိစ္စသမုပ္ပါဒ် အတွင်းရော, အပြင်ရောပေါ့ အကုန်လုံးပါသွားပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မနေ့ညက တို့ပြထားတဲ့ သဘာဝလေး ပြန်ပြီးတော့ တစ်ကြော့လောဂ ...စ်ဆေးကြည့်လိုက်ဦးစို့ရယ်လို့၊အခြင်းအရာနှစ်ဆယ် ဒုတိယအကန့် လေး သေချာကြည့် နော် (မှန်ပါ တယ်ဆရာ)၊ အခြင်းအရာနှစ်ဆယ်၊ တစ်ကန့် တစ်ကန့် တရားငါးလုံး၊ အားလုံး လေးကန့်ရှိ။ လေး ငါးလီ နှစ်ဆယ်လို့။ ဒါ အခြင်းအရာနှစ်ဆယ်ပါပဲ။ ပထမအကန့်က အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အတိတ်အကြောင်းတရားငါးပါး၊ ဒုတိယအကန့်က - ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ပစ္စုပ္ပန်အကျိုးတရားငါးပါး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ တတိယ အကန့်က တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ပစ္စုပ္ပန်အကြောင်းတရားငါးပါး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ စတုတ္ထအကန့်က ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ လေးကန့် မနေ ဘူးလား (လေးကန့်ပါဆရာ)၊ လေးကန့်ထဲ အတိတ်အကြောင်းက ဘယ်နှစ်ပါးတုံး (အတိတ်အကြောင်း က တစ်ပါးပါဆရာ)၊ ဟော - ဟော နီကောင်က၊ (အတိတ်အကြောင်းတရား ငါပါးပါဆရာ)၊ ဩော် ဩော် - အတိတ်အကြောင်းတရားငါးပါးတဲ့လား (ငါးပါးပါဆရာ)၊ ပစ္စုပ္ပန်အကြောင်းတရားကရော (ငါးပါးပါဆရာ)၊ ဩော် - ဒါဖြင့် အကြောင်းတရားနှစ်မျိုး ပါတာပေါ့၊ (နှစ်မျိုးပါပါတယ်ဆရာ)၊ အတိတ်အကြောင်းနှင့်ပစ္စုပ္ပန်အကြောင်းပေါ့၊ (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ပစ္စုပ္ပန်အကျိုးတရားကော (ငါးပါးပါဆရာ)၊ အနာဂတ်အကျိုးတရားကော (ငါးပါးပါဆရာ)၊ ဩော် - ဒါဖြင့် အကျိုးတရားက နှစ်မျိုးပါတာပေါ့ (နှစ်မျိုးပါဆရာ)၊ အေး - ဒါ နှစ်မျိုးစီ ပါနေပြီ နော် (မှန်ပါတယ်ဆရာ)။

အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး ခွဲနေလို့ ပြောတာ။ ဒါဖြင့် တူရာတူရာ ထပ်လိုက်စမ်း၊ အကြောင်းအကြောင်းချင်းထပ်လိုက် ဘယ်နှစ်ပါးတုံး (နှစ်ပါးစီပါဆရာ)၊ ဟော ဗျာ (တစ်ပါးစီဖြစ်သွား

http://www.dhammadownload.com



ပါတယ်ဆရာ)၊ ဘယ့်နှယ့်ဖြစ်တုန်းဟ၊ အတိတ်အကြောင်းတရားငါးပါးနဲ့ ပစ္စုပ္ပန်အကြောင်းတရား ငါးပါး တူရာတူရာ ထပ်လိုက်တယ် ဆိုတော့ ဘယ်လောက်ရှိတော့တယ် (ဆယ်ပါးရှိတော့တယ် ဆရာ)၊ အေး - ဟုတ်ပြီ ဟုတ်ပြီ၊ ထပ်လိုက်တော့ ဆယ်ပါးဖြစ်လာတယ်၊ အတိတ်အကြောင်း တရားငါးပါးနဲ့ ပစ္စုပ္ပန်အကြောင်းတရား တူရာတူရာ ထပ်လိုက်တော့ ငါးပါးဖြစ်သွားတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာထူးသေးလို့တုံးဟ (မထူးပါဘူးဆရာ)၊ ဒါဖြင့် ပစ္စုပ္ပန်အကျိုးတရားငါးပါးနဲ့ အနာဂတ်အကျိုးတရားငါးပါး တူရာတူရာ ထပ်လိုက်စမ်း (ငါးပါးပဲ ဖြစ်သွားပါတယ်ဆရာ)၊ ဩော် - ငါးပါးဖြစ်သွားတယ်လား၊ (မှန်ပါတယ်ဆရာ)၊ မနည်းပြောရတယ်ဆိုတာ ကျနေ။ တော်တော့်လည်တဲ့ လူရည်လည်ဆိုတာ ကျနေ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မနေ့က ငါ တတွတ်တွတ် ပြောနေတာ၊ စာရွက်ကလေး ပြန်ကြည့်ပြီး၊ ထပ်ကြည့်စမ်း ထပ်ကြည့်စမ်း၊ တရားက သေချာကြည့်၊ ဒီထဲက တရားဘယ်နှစ်လုံးပါ၊ (ဆယ်လုံးပါဆရာ)၊ ဟော - ဆယ်လုံးပါ။ အင်္ဂါ ဆယ့်နှစ်ရပ်တုန်းက ဆယ်နှစ်လုံး ပြသေးတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်နှစ်လုံးပြုတ် ကျန်ရစ်ခဲ့တုံး (နှစ်လုံးပြုတ် ကျန်ရစ် ခဲ့ပါတယ်ဆရာ)၊ နှစ်လုံးပြုတ် ကျန်ရစ်ခဲ့တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပိုတောင် နည်းမသွားဘူးလားဟ (နည်းသွားပါတယ်ဆရာ)၊ အေး -နည်းသွားတယ်၊ ဒါ ပို၍မှတ်စရာမလိုတဲ့ အကြောင်း ငါပြောနေတာ။ မှတ်တတ်ရင် အလွယ်လေးရယ်လို့ အင်မတန်လွယ်ပါတယ် နော် (မှန်ပါတယ်ဆရာ)၊ အင်္ဂါဆယ့်နှစ်ရပ်တုန်းက ပြပြီးသားတရား ဆယ့်နှစ်ပါးထဲက နှစ်လုံးတောင်ပြုတ် ကျန်ရစ်ခဲ့သေး၏။ ကိုင်း - ကောင်းပါပြီကွာ၊ မေးစမ်းပါရစေ- အင်္ဂါဆယ့်နှစ်ရပ်တုန်းကတော့ ဆယ်နှစ်လုံးပြထားတယ်။ အခြင်းအရာနှစ်ဆယ်ကျတော့ တရားက ဆယ်လုံးရှိတော့တယ်။ ဟပ်ကြည့်လိုက်တော့ ဘယ်သူကျန်နေတာလဲ ဆိုတော့ ဇာတိ ဇရာ မရဏ ကျန်နေတယ်၊ ဘယ်နှယ့် ဟိုတုန်းကတော့ ပါလျက်သားနဲ့ ဒီတော့ ဘာပြုလို့ ချန်ပစ်ခဲ့သလဲလို့ မေးရင် ဘယ့်နှယ်ပြောပါ့ (ဝိညာဏ်ထဲမှာ သက်ဝင်ပြီးသားမို့ပါဆရာ)၊ ဝိညာဏ်ထဲမှာ၊ (မှန်ပါတယ်ဆရာ)၊ မင်းညတုန်းက ငါဒီလို သင်လိုက်သလား (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာထဲမှာ သက်ဝင်ပြီးသားမို့ပါဆရာ)၊ အဲဒီလို လုပ်ပါကွာနော်၊ နားလည်လား (နားလည်ပါတယ်ဆရာ)။

"ရထားမောင်းနေတယ်" မအောက်မေ့နဲ့။ ဒါ တရားဆိုတာ လေးလေးနက်နက် ပြောရမယ်၊ မင်းက လူတွေများ ညာညာမောင်းနေသလား (မမောင်းပါဘူးဆရာ)၊ ဟင် (မမောင်းပါဘူးဆရာ)၊ ခရီးသွားတစ်ယောက်က ရုတ်တရက် သဘော်ပေါ်က ဆင်းလာ၊ သွားချင်တာက မကျည်းချောင်း

http://www.dhammadownload.com



နားက တိုက်တစ်တိုက်ကို သွားချင်တာ။ ဘယ်သူ့တိုက်သွားချင်တုံး၊ ဘယ်လောက်ပေးရမတုံး၊ နှစ်ကျပ်ခွဲ ပေးရမယ်၊ ပို့စမ်းဗျ - အချိန်လေးကလဲ နည်းနည်းနောက်ကျသွားပြီး၊ ကျွန်တော်ကို ပို့စမ်းပါဆို၊ နှစ်ကျပ်ခွဲဆိုတော့ ဒီနားတင် နှစ်ကျပ်ခွဲတောင်းရမှာ အားမနာဘူးလား (အားနာပါတယ်ဆရာ)၊ အားနာတော့ ဘယ့်နှယ့်လုပ်သလဲဆိုတော့ အဲဒီရှေ့ဘက်ကနေ မြင်းလှည်းထွက်ပြီး မောင်းသွားလိုက်တာ ပေါင်းမောင်းရှင်ကနေ စွန်သိုက်၊ စွန်သိုက်ကနေ စာရေးတန်း၊ စာရေးတန်းကနေ သချိုင်းလမ်း၊ သချိုင်းလမ်းကနေပြီး ဗိုလ်ချုပ်လမ်းအတိုင်း ဟိုဝါးတန်းဆိပ်ဖြတ်မောင်း၊ မြင်းကို ဖတ်ဖတ်ပါအောင် မောတော့ မကျည်းချောင်း ပြန်ပို့ နော် (မှန်ပါတယ်ဆရာ)၊ ငါကြားဖူးတာ၊ မင်းတို့ပြောတာမဟုတ်ဘူး။ ငါကြားဖူးတာကို ပြောတာပါနော် (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ နောက်တစ်နေ့ကျတော့ ဧည့်သည်က မနက်ထမင်းပါ စားပြီး အိပ်ရာက ထတော့ အိမ့်နောက်ဘက်ထွက်လိုက်တော့ သဘော်ဆိပ် သဘော်ကြီးတွေ ကပ်ထားတာ။ ဟင် - ဘယ်နှယ့်တုံး၊ သဘော်ဆိပ်က ဒီနားမှာလား၊ ဘာဖြစ်လို့တုံး။ ဟာ မပြောပါနဲ့ဗျာ၊ မနေ့တုန်းက မြင်းလှည်းငှား နှစ်ကျပ်ခွဲတောင် ပေးရတယ်၊ သဘော်ဆိပ်က ဒီနားတင်ကပ်လို့ ဒီလိုများ လုပ်သလား (မလုပ်ပါဘူးဆရာ)၊ မင်းတို့တော့ ငါမလုပ်ဘူးဆိုတာ သိပါတယ် ကွနော်။ ဒီကောင်တွေ လည်း ကြောက်ရသေးတယ်။ ဒါဖြင့်ရင် "ဇာတိ ဇရာမရဏ"ဆိုတဲ့ တရားနှစ်ပါး ကျန်ရစ်ခဲ့ပြီ-တဲ့။ ဘာဖြစ်လို့ ဒီတော့ မပါလဲ ဆိုတော့ ပါ,ပါတယ်ဗျာ။ ဒီလိုပြောရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လို ပါပုံ,ပါနည်းတုံး (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ထဲမှာ ပါပြီးသားမို့ပါဆရာ)၊ ဩော် - ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရား ငါးပါး ပြကတည်းက ဇာတိ ပါပြီးသား၊ ဇရာ မရဏ ပါပြီးသားလား (မှန်ပါတယ်ဆရာ)၊ အေး - ဟုတ်ပြီ၊ ဟုတ်ပြီ။ မနေ့ ညက တို့များပြသွားတဲ့ ပါဠိလေး - "ဝိညာဏာဒီနိ ပဉ္စ၊ တာနိ ဇာတိဂ္ဂဟဏေန ဝုတ္တာနိ၊ ဇရာမရဏံ ပန တေသံယေဝ ဇရာမရဏံ"။ ဝိညာဏာဒီနိ၊ ဝိညာဏ် အစရှိကုန်သော။ ပဉ္စ၊ ငါးပါးတို့တည်း။ တာနိ၊ ထိုတရားငါးပါး အပေါင်းတို့ကို။ ဇာတိဂ္ဂဟဏေန၊ ဇာတိသဒ္ဒါကို ယူသဖြင့်။ ဝုတ္တာနိ၊ မိန့်ဆို အပ်ကုန်၏။ ဟော - ဇာတိတစ်လုံးဆိုရင် "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ"ဆိုတဲ့ တရားငါးပါး ပါ,ပါတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ဇရာ မရဏ ဘယ့်နှယ့်လုပ်ပေ့။ ဇရာ မရဏကတော့ "ဇရာမရဏံ ပန တေသံယေဝ ဇရာမရဏံ" ဇရာမရဏံ ပန၊ ဇရာ မရဏ နှစ်ပါး သည်ကား။ တေသံယေဝ၊ ထိုဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခေါ်တဲ့ တရားငါးပါး တို့၏သာလျှင်။ ဇရာမရဏံ၊ ဇရာမရဏတည်း။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇရာမရဏလည်းပဲ ဒီ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတော့

http://www.dhammadownload.com



တရားငါးပါးကို ပြောတာတဲ့၊ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ တရားငါးပါး ပေါင်းလိုက်တော့ ဘာလာဖြစ် (ဇာတိ ဇရာ မရဏဖြစ်ပါတယ်ဆရာ)၊ ခန္ဓာ, (ခန္ဓာ လာဖြစ်ပါတယ်ဆရာ)၊ ဘယ့်နှယ့် ဇာတိ ဇရာ မရဏ ဖြစ်။ ပြီးတော့မှ ဖြစ်ပြရမှာ ခမျာ။

"ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ"ဆိုတဲ့ တရားငါးပါးပေါင်းတော့ ဘာဖြစ် (ခန္ဓာငါးပါး လာရပါတယ်ဆရာ)၊ ဩော် - ခန္ဓာငါးပါး လာရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ခန္ဓာငါးပါး လာရတာနဲ့ ဟိုက ဇရာ မရဏနဲ့ ဘာဆိုင်တုံးလို့ မေးစရာ မလိုဘူးလား (လိုပါတယ် ဆရာ)၊ "ခန္ဓာနံ နိဗ္ဗတ္တိ ဇာတိ။ ပရိပါကော ဇရာ။ ခန္ဓာနံ ဘေဒေါ မရဏံ"တဲ့ ဟောတယ်နော် (မှန်ပါတယ် ဆရာ)၊ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ နိဗ္ဗတ္တိ၊ ရှေ့ဦးမဆွ ပထမဆုံး ဖြစ်လာခြင်းသည်။ ဇာတိ၊ ဇာတိမည်၏ တဲ့။ ခန္ဓာငါးပါး ရှေ့ဦးမဆွ ဖြစ်လာတာ ဘာခေါ်တယ် (ဇာတိဖြစ်လာပါတယ် ဆရာ)၊ ဟော - ဇာတိ၊ ပရိပါကော၊ ခန္ဓာငါးပါးတို့၏ ရင့်ကျက်ခြင်းသည်။ ဇရာ၊ ဇရာမည်၏၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ ဒီခန္ဓာငါးပါးရင့်ကျက်ခြင်းသည် ဘာခေါ်သလဲ၊ (ဇရာ ခေါ်ပါတယ်ဆရာ)၊ အေး - ဇရာခေါ်တယ်။ "ခန္ဓာနံ ဘေဒေါ မရဏံ"တဲ့။ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ဘေဒေါ၊ ပျက်ဆီးခြင်းသည်။ မရဏံ၊ မရဏမည်၏။ ဟော - ခန္ဓာငါးပါး ပျက်စီးတာ ဘာခေါ်တယ်။ (မရဏခေါ်ပါတယ်ဆရာ)၊ ဟော - ဒါဖြင့် ဒီ "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ"ဆိုတဲ့ တရားငါးပါးပေါင်းတော့ ခန္ဓာငါးပါး မဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ သူတို့က မရင့်ကျက်ဘူးလား (ရင့်ကျက်ပါတယ်ဆရာ)၊ မပျက်စီးဘူးလား (ပျက်စီး ပါတယ်ဆရာ)၊ "ပရိပါကော ဇရာ - ရင့်ကျက် ခြင်းသည် ဇရာ"ဆိုတော့ မကိုက်ဘူးလား (ကိုက်ပါ တယ်ဆရာ)။

ဒါဖြင့် ခန္ဓာငါးပါး ပျက်မသွားဖူးလား (ပျက်သွားပါတယ်ဆရာ)၊ ပျက်သွားတော့ "ခန္ဓာနံ ဘေဒေါ မရဏံ"ဆိုတော့ "ခန္ဓာငါးပါးပျက်ခြင်းသည် မရဏ" ဆိုတော့ မကိုက်ဘူးလား (ကိုက်ပါတယ် ဆရာ)၊ ဒါကြောင့် ဇရာ မရဏ ဆိုတာ တခြားရှာမနေပါနဲ့။ ဒီဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ တရားငါးပါးကိုပဲ ပြန်ဆိုထားတာပါတဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇာတိကရော (ခန္ဓာငါးပါးလာရတော့ ဇာတိပါတယ်ဆရာ)၊ ဩော် - ခန္ဓာငါးပါးလာရတော့ ဇာတိ (မှန်ပါတယ် ဆရာ)၊ ဒါဖြင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပေါ့ (မှန်ပါတယ်ဆရာ)။ အေး- ဒါ့ကြောင့် ဒီအင်္ဂါဆယ့်နှစ်ရပ်တုန်းကတော့ကား ဇာတိ ဇရာ မရဏ ပါသေးတယ်။ အခြင်းအရာ နှစ်ဆယ်ပြတော်မူတဲ့ အခါကြတော့ ဒီတရား ဒီတရား ထပ်ပြတယ်ဆိုရဲ့၊ ဇာတိဇရာ မရဏနှစ်ပါး

http://www.dhammadownload.com


ကျန်ရစ်ခဲ့ပြီး မပါလာ ဘူးလို့ ဒီလို ပြောခဲ့သော် ပါလာပါတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပါလာပါတယ်။ ဘယ်လို ပါလာတုံး၊ ဒီပစ္စုပ္ပန် အကျိုးတရားငါးပါး၊ အနာဂတ် အကျိုးတရားငါးပါးလို့ ပြထားတဲ့ "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ" ဆိုတဲ့ တရားငါးပါးရရင် ဇာတိလည်း ပါပြီးသားပါ၊ ဇရာ မရဏလည်း ပါပြီးသားပါ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး - အဲဒီ ပါဠိလည်း မှတ်ထား ဒါလေးက၊ နို့မို့ရင် အဲဒီနေရာ မျက်စိလည်နေတတ်တယ်။ ဘယ့်နှယ့်တုံး ပဋိစ္စသမုပ္ပါဒ်တရားတော် အင်္ဂါဆယ့်နှစ်ပါးပြတဲ့ တရားအတိုင်းပဲ အတွင်းခံ စက်ဝိုင်းတရားတွေ မလိုပါဘူး, မလိုပါဘူး ဆိုပြီးတော့ အခုတော့ လိုနေပါပဲ၊ ဇာတိနဲ့ ဇရာမရဏ ရှာမရပါလားဆို ဒီလို ဖြစ်တတ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ ဖြစ်စရာ လိုနေသေးလား(မလိုတော့ပါဘူးဆရာ)၊ ဖြစ်စရာ မလိုဘူး။

"ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ"ဆိုတဲ့ အကျိုးတရားငါးပါးတွေ့ကတည်းက ဇာတိလည်းပါပြီးသား၊ ဇရာ မရဏလည်း ပါပြီးသား ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး- ဒါလေး မှတ်ထား။ ဒါဖြင့်ရင် တို့ အခြင်းအရာနှစ်ဆယ်မှာ အကျိုးတရား အကျိုးတရားချင်း ထပ်လိုက် တော့ အကျိုးတရားဘယ့်နှယ့်ပါးရ (ငါးပါးရပါတယ်ဆရာ)၊ အကြောင်းတရား အကြောင်းတရား ချင်းထပ်လိုက်တော့ အကြောင်းတရား ဘယ့်နှစ်ပါးရ (ငါးပါးရပါတယ်ဆရာ)၊ ပေါင်းလိုက်တော့ အကြောင်းငါးပါးနဲ့ အကျိုးငါးပါး၊ ပေါင်းတော့ ဘယ်လောက်ရှိ (ဆယ်ပါးပါဆရာ)၊ အဲ - ဆယ်ပါး၊ နှစ်ပါးလိုနေတာ ဘယ့်နှယ့်လုပ် (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာထဲ ထည့်ရမှာပါဆရာ)၊ အေး - "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ"ထဲမှာ ဇာတိ ဇရာ မရဏပါသွားပါပြီ၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ ဆယ့်နှစ်ပါးပြန်စေ့တယ် ဟုတ်လား (စေ့ပါတယ် ဆရာ)၊ အေး - ခွဲထုတ်လိုက်တော့ ဘယ့်နှစ်ပါးရှိ။

အင်္ဂါဆယ့်နှစ်ပါး၊ အခြင်းအရာနှစ်ဆယ်၊ အစပ်သုံးဖြာ၊ အလ္လာလေးခု၊ ကာလသုံးပါး၊ ဝဋ်သုံးပါး၊ သစ္စာနှစ်ပါး၊ မူလနှစ်ပါး၊ ဒါ ပဋိစ္စသမုပ္ပါဒ်တရားရဲ့ ဝမ်းစာတွေပဲ။ မနေ့က ပြတာက အခြင်းအရာနှစ်ဆယ်၊ အစပ်သုံးဖြာ၊ အလ္လာလေးခု၊ အခြင်းအရာနှစ်ဆယ်တော့ အတိတ်အကြောင်း တရားငါးပါး၊ ပစ္စုပ္ပန်အကျိုးတရားငါးပါး၊ ပစ္စုပ္ပန်အကြောင်းတရားငါးပါး၊ အနာဂတ်အကျိုးတရား ငါးပါး၊ ပေါင်းလိုက်တော့ နှစ်ဆယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "အစပ်သုံးဖြာ"ဆိုတော့ ဒီအကန့် လေးကန့်မှာ တစ်ခုနဲ့တစ်ခု ကြားကလေးတွေက ဒါအစပ်၊ အစပ်သုံးဖြာ၊ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ - အတိတ်အကြောင်းတရားငါးပါးရဲ့ နောက်ဆုံးဘဝ၊ ပစ္စုပ္ပန်အကျိုးတရားငါးပါး -

http://www.dhammadownload.com



ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ အကျိုးတရားငါးပါး ဝိညာဏ်က အစ၊ အကြောင်း တရားငါးပါး၊ အတိတ်အကြောင်းတရားငါးပါး၊ နောက်ဆုံးဘဝနဲ့ ပစ္စုပ္ပန်အကျိုးတရားငါးပါး အစဆုံး ဘဝနဲ့ဝိညာဏ်နဲ့ တစ်စပ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူတို့ချင်း မျက်နှာချင်းဆိုင် မနေဘူးလား (မျက်နှာချင်းဆိုင်နေပါတယ်ဆရာ)၊ အကြောင်းအကျိုးကော မစပ်ဘူးလား (စပ်နေပါတယ်ဆရာ)၊ ဒီနေရာမှာ ကမ္မဘဝကောက်ရတယ်။ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ၊ ဘဝနဲ့ ဝိညာဏ်နဲ့ဆိုတော့ ဘဝက ကမ္မဘဝ။ "ကမ္မဘဝ"ဆိုတာ ကုသိုလ်ကံ, အကုသိုလ်ကံဆိုတဲ့ စေတနာ ကောက်ထားလို့၊ ဒီစေတနာကြောင့် ဒုတိယ ဘဝသစ်၌ ပဋိသန္ဓေ ဝိညာဏ်ဖြစ်၏။ ဝိညာဏ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဘဝနဲ့ဝိညာဏ် တစ်စပ်၊ ပြီးတော့ တစ်ခါ ပစ္စုပ္ပန်အကျိုးတရားငါးပါး = ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ နောက်ဆုံး၊ ပစ္စုပ္ပန်အကြောင်းတရားငါးပါး = တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ၊ တဏှာ အစ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဝေဒနာနဲ့တဏှာ တစ်စပ်၊ ပစ္စုပ္ပန်အကျိုးနဲ့ပစ္စုပ္ပန်အကြောင်းနဲ့ ဒီတရားငါးပါး အလယ်ကြားလေးက တစ်စပ်၊ ဘယ်သူနဲ့ ဘယ်သူ စပ်နေတုံး။ ဘယ်သူနဲ့ဘယ်သူ မျက်နှာချင်းဆိုင်နေတုံး၊ ဝေဒနာနဲ့တဏှာ၊ ဝေဒနာနဲ့တဏှာ အကြောင်းအကျိုးစပ်သလားဆို စပ်တယ်-တဲ့။ "ဝေဒနာပစ္စယာ တဏှာ"တဲ့။ ဒါကြောင့် တဏှာ ဖြစ်ရတယ်။ ဝေဒနာမဖြစ်ရင် တဏှာမဖြစ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "ဝေဒနာပစ္စယာ တဏှာ"လို့ ဒါဖြင့်ရင် ဝေဒနာနဲ့တဏှာ တစ်စပ်၊ ပြီးတော့မှ ပစ္စုပ္ပန်အကြောင်းတရားငါးပါး = တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ၊ သင်္ခါရ နောက်ဆုံးအလုံး၊ ပြီးတော့ အနာဂတ် အကျိုးတရားငါးပါး = "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ" ဆိုတော့ ဝိညာဏ် အစ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီဘက်က သင်္ခါရ နောက်ဆုံး၊ ဟိုဘက်က ဝိညာဏ်အစ၊ ပစ္စုပ္ပန်နဲ့အနာဂတ်ဘဝ ဆက်စပ်၍ပြသည်။ ဒါဖြင့် အကြောင်းအကျိုး စပ်နေသလား ဆိုတော့ စပ်တယ်-တဲ့။ "သင်္ခါရပစ္စယာ ဝိညာဏံ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီနေရာ သင်္ခါရ ဘာကောက်။ ကုသိုလ်, အကုသိုလ် ဆိုတဲ့ စေတနာကိုကောက်။ ထိုစေတနာကြောင့် ဒုတိယဘဝသစ်၌ ပဋိသန္ဓေဝိညာဏ်ဖြစ်၏။ ကိုက်ရဲ့လား (ကိုက်ပါတယ်ဆရာ)၊ ဒါဖြင့် အနာဂတ် လာလတ္တံ့ ဒုတိယ ဘဝကျတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတော့ တရား ငါးပါးပြီးသွား၊ နောင်လည်း မရှိဘူး။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်ကြီး ပြတ်သွားရော့လား (မပြတ်သေးပါဘူးဆရာ)၊ မပြတ်တော့ ဘယ့်နှယ့်လုပ် (လာလတ္တံ့ အနာဂတ်ဘဝမှာ ထပ်ပြီး အကြောင်းတွေ ခံပါတယ်ဆရာ)၊ ဘာအကြောင်းတွေတုံး (ကုသိုလ်ကံ အကုသိုလ်ကံ အကြောင်းတွေ ပါဆရာ)၊ အကြောင်းတရားငါးပါး ပြပါ။ ဒီအခြင်း အရာနှစ်ဆယ် လှည့်နေတဲ့ဥစ္စာ တစ်ခါလာလည်း ဒီကံနှစ်ပါးပဲ ပြောဆိုတာ ကျနေ။ ဆက်စပ်ပြ ပါလား၊ အခုပြသလို ဘာတွေဖြစ်တုံး (အကြောင်းတရားငါးပါး ထပ်လုပ်ပါတယ်ဆရာ)၊ အကြောင်း တရားငါးပါးက ဘယ်သူတွေတုံး (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ပါဆရာ)၊ ဒါ ဒုတိယဘဝမှာ အကြောင်းတရားငါးပါး ထပ်လုပ်မယ်လား (မှန်ပါတယ်ဆရာ)၊ လုပ်တော့ တတိယဘဝက အကျိုး တရားငါးပါး ဖြစ်မယ်လား (ဖြစ်မှာပါဆရာ)၊ ဘယ်သူဘယ်သူတုံး (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဆရာ)၊ ဒီလိုချည်းပဲ အကြောင်းခံလိုက် အကျိုးဖြစ်လိုက်၊ အကြောင်းခံလိုက် အကျိုးဖြစ်လိုက် ဆိုတော့ သံသရာရပ်နားလို့ ရသေးရဲ့လား (မရပါဘူးဆရာ)၊ မရဘူး။ ဒါပေမယ့် အခု သိကောင်းတဲ့, သိကောင်းဖို့လောက်ဆိုတဲ့ အနေအားဖြင့် နိဒဿနနည်း-အရ အတိတ်ဘဝက အကြောင်းတရားငါးပါး ခံခဲ့၏၊ အတိတ်ဘဝက အကြောင်းတရားငါးပါး ခံတယ်ဆိုတော့ အတိတ် ဘဝက သတ္တဝါတစ်ယောက်မှာ ဒီအကြောင်းတရားငါးပါးတည်း ဖြစ်နေသလားဆိုတော့ ဘယ့်နဲ့ပြော (မဟုတ်ပါဘူးဆရာ)၊ ဘာတွေ ဖြစ်သေးတုံး (တဏှာ ဥပါဒါန် ဘဝ)၊ ဟင် - အေးလေ - တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ဆိုတဲ့ ဒီအကြောင်းတရားငါးပါးထဲ အတိတ်က ဖြစ်သလားလို့မေးတော့ ဘယ့်နှယ့်ပြော၊ ဒီကောင်က ငါ့ကို ညာနေတာ၊ သူ့ကိုယ် နားမလည်ဘူး။ နင့်ကိုယ်နင် နားမလည်ဘူး၊ အတိတ်ဘဝတုန်းက အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝဆိုတဲ့ အကြောင်းတရားငါးပါးတည်း ရှိသလား (မဟုတ်ပါဘူးဆရာ)၊ ဘာရှိသေးတုံး (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ရှိပါတယ်ဆရာ)၊ အဲဒီလို ပြောပါလားဟ။ နင် - ဝိညာဏ် နာမ်ရုပ် သဠာယန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးကောင်ကြီး မရှိဘဲနဲ့ ဒီအကြောင်းတရားလုပ်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။

ဒါကြောင့် အကြောင်းအကျိုး တွဲလျက်သားပေါ့ (တွဲလျက်သားပါဆရာ)၊ ဒါပေမယ့် ဒီအတိတ် ဘဝနဲ့ ဒီပစ္စုပ္ပန်ဘဝ ကူးပုံလေးပြတယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီလို ကူးတဲ့အခါလေး ကျတော့ ဟိုဘက်က ရထားတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရား ငါးပါး လိုက်သေးရဲ့လား (မလိုက်ပါဘူးဆရာ)၊ မလိုက်ဘူး။ ဒီဘက်ကော ကျေးဇူးပြုသေးရဲ့လား (မပြုပါဘူးဆရာ)၊ ဒီဘက်အကြောင်းခံ ကျေးဇူးပြုလိုက်တာက "အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ"ဆိုတဲ့ တရားငါးပါး အကြောင်းခံလိုက်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါကြောင့်

http://www.dhammadownload.com


ဒီဘက်ဘဝမှာ ဘာလာဖြစ် (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ လာဖြစ်ပါတယ်ဆရာ)၊ အကျိုး တရားငါးပါး လာပေါ်တယ်လား (ပေါ်ပါတယ်ဆရာ)၊ ဒီဘက်ဘဝ အကျိုးတရားငါးပါး လာပေါ်တော့ အကျိုးတရားငါးပါးအနေနဲ့ ရပ်နေသလား (မနေပါဘူးဆရာ)၊ မနေတော့ ဘာလုပ် (ပစ္စုပ္ပန်အကြောင်း တွေ့ ခံပါသေးတယ်ဆရာ)၊ ဘာတွေခံတုံး (တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ပါဆရာ)၊ အဲ ဒါဖြင့် လက်ရှိရလာတာ အကျိုးတရားငါးပါးလား (မှန်ပါတယ်ဆရာ)၊ နောက်ထပ် အကြောင်းခံတာက တရားငါးပါးလား (ငါးပါးပါဆရာ)၊ ပေါင်းလိုက်တော့ ဘယ်လောက်ရှိ (ဆယ်ပါးပါဆရာ)၊ ဒုတိယ ဘဝကျတော့ ဘယ်နှစ်ပါးတုံး (ဆယ်ပါးပဲ လာဖြစ်ပါတယ်ဆရာ)၊ အေး အဲဒါမှတ်ထား၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အတိတ်လည်း မြင်တယ်, ဝေဖန်တတ်တယ်၊ အနာဂတ်လည်း လှမ်းဝေဖန်တတ်တယ် ဆိုတာ ဘာမှခဲယဉ်းတာ မဟုတ်ဘူး။ ပစ္စုပ္ပန်ပြတ်သားရင် အတိတ်လည်းသွားရော့၊ ဘယ်ထိအောင်သွား (သံသရာမဆုံးမချင်းပါဆရာ)၊ သံသရာအဆုံး သွားတယ်ပြောပါ၊ နို့မို့ ဘယ်တော့မှ ဆုံးမှာတုံးဟ နင့်ဥစ္စာက၊ နင် ဘယ်တော့ဆုံးမှာတုံး (သံသရာ အဆုံးထိ သွားမှာပါဆရာ)၊ သံသရာဆုံးအောင် မြင်တယ် ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လွန်ခဲ့သော အတိတ်ဘဝလည်း ဒီဆယ်ပါးပဲလား (မှန်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝတုန်းကကော (ဒီဆယ်ပါးပါပဲဆရာ)၊ ဟိုဘက်ဘဝကကော (ဒီဆယ်ပါးပါပဲဆရာ) အဲဒီလို တက်, တက်, တက်သွား တော့ ဘယ်ထိအောင်သွား (သံသရာဆုံးထိအောင် သွားပါတယ်ဆရာ)၊ အစထိအောင် ပြောပါ၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် လာလတ္တံ့ အနာဂတ်ဘဝ တရားဘယ်နှစ်ပါးတုံး (ဆယ်ပါးပါဆရာ)၊ ဒုတိယဘဝ ဆယ်ပါးလား (ဆယ်ပါးပါဆရာ)၊ တတိယ (ဆယ်ပါးပါဆရာ)၊ စတုတ္ထ (ဆယ်ပါးပါဆရာ)၊ ပဉ္စမ (ဆယ်ပါးပါဆရာ)၊ ဆဋ္ဌမ (ဆယ်ပါးပါဆရာ)၊ ပါဠိလို မရေတတ်၊ မြန်မာလို နင့်ဥစ္စာ နင်လျှောက် ရေစမ်း ဆုံးအောင်၊ ဘယ်ထိအောင် မြင်မတုံး (သံသရာအဆုံးထိအောင်ပါဆရာ)၊ နိဗ္ဗာန်ကျအောင် နားလည်လား (နားလည်ပါတယ်ဆရာ)၊ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ ဒါ ဘာမြင်လို့ မင်း အတိတ်နဲ့အနာဂတ် ဝေဖန်နိုင်တာတုံး (ပစ္စုပ္ပန်မြင်လို့ပါဆရာ)၊ အေး - ပစ္စုပ္ပန်ပြတ်သားပြီဆိုမှဖြင့် အတိတ်လည်း သွားရော့။ အနာဂတ်လည်း သွားရော့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မှားသေးရဲ့လား (မမှားပါဘူးဆရာ)၊ မှားကို မမှားနိုင်တော့ဘူး။

မှန်မှန်ကန်ကန် မြင်သွားတယ်လား (မှန်ပါတယ်ဆရာ)၊ ဘာဉာဏ်ခေါ်တုံး (ပစ္စယပရိဂ္ဂဟ ဉာဏ်ပါဆရာ)၊ ဟောဗျာ-သမ္မာဒိဋ္ဌိဉာဏ်ခေါ်တယ်။ သူက ဟိုခန္ဓာငါးပါးရဲ့ အကြောင်းအကျိုး ပြော နေတာ၊ ဘာဉာဏ်ခေါ်တယ် (သမ္မာဒိဋ္ဌိပါဆရာ)၊ မှန်မှန်ကန်ကန် မြင်တာကို သမ္မာဒိဋ္ဌိဉာဏ်ခေါ်တယ်

http://www.dhammadownload.com



နော် (မှန်ပါတယ်ဆရာ)၊ မဖောက်မပြန် မြင်တာကို ယထာဘူတဉာဏ် ခေါ်တယ်၊ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ ပစ္စယပရိဂ္ဂဟဉာဏ်ကျတော့ ကင်္ခါဝိတရဏဉာဏ် ခေါ်တယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပစ္စယပရိဂ္ဂဟဉာဏ်လည်း ခေါ်တယ်။ ကင်္ခါဝိတရဏဉာဏ်လည်း ခေါ်တယ် မှတ်ထားမှတ်ထား။ ပစ္စုပ္ပန် လက်ရှိဘ၀ရထားတဲ့ ပဋိသန္ဓေခဏက စရလာသော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရားငါးပါး၊ ခန္ဓာကောင်ကြီးဖြစ်လို့၊ ဝိပါက်ကောင်ကြီး ဖြစ်လို့၊ လူကောင် နတ်ကောင် ပြဟ္မာကောင်ဖြစ်၊ ဒီကောင်တင် ရပ်နေသလား ဆိုတော့ မနေဘူးတဲ့။ နောက်တစ်ခါထပ်ပြီးတော့ တဏှာ ဥပါဒါန် ဘ၀ အဝိဇ္ဇာ သင်္ခါရ အကြောင်းတရားငါးပါး ထပ်ခံနေကြပြန်ပြီတဲ့။

ဒါပေမယ့် အတိတ် အကြောင်းတရားငါးပါး၊ ပစ္စုပ္ပန်အကျိုးတရားငါးပါး၊ ပေါင်းလိုက်တော့ တရားဆယ်ပါး။ ဒါကြောင့် လွန်ခဲ့သော အတိတ်ဘ၀ကြည့်လည်း ဒီတရားဆယ်ပါးရှိတယ်။ ယခု ပစ္စုပ္ပန်ဘ၀ ကြည့်လည်း ဒီတရားဆယ်ပါးရှိတယ်။ လာလတ္တံ့ အနာဂတ်ဘ၀ ကြည့်လည်း ဒီဆယ်ပါး ရှိတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါကြောင့် ပစ္စုပ္ပန်ဘ၀က နေပြီးတော့ အတိတ်ကို လှမ်းမျှော်ခဲ့သော် ဟိုဘ၀ ဟိုဘ၀တွေတုန်းကလည်း ဒီတရားဆယ်ပါးပဲ ရှိတယ်၊ အကျိုးဆယ်ပါး၊ အကြောင်းဆယ်ပါး၊ ယခု ပစ္စုပ္ပန်ဖြစ်ဆဲ ဆိုတဲ့ ဘ၀ကလည်း အကျိုးဆယ်ပါး၊ အကြောင်းဆယ်ပါး ဒါပဲရှိတယ်။ လာလတ္တံ့ အနာဂတ် ဒုတိယဘ၀ကစ၍ ဒုတိယ တတိယ စတုတ္ထ စသည်အားဖြင့် ဟိုသံသရာ ကုန်ဆုံးတဲ့အချိန်ထိ ဘ၀တိုင်း ဘ၀တိုင်း ဒီအကျိုးဆယ်ပါး အကြောင်းဆယ်ပါးပဲ ရှိတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီလို ဆက်စပ်ပြီးတော့ လည်ပုံလည်နည်းပြလို့။

ဒါကြောင့် အခြင်းအရာနှစ်ဆယ်၊ တူရာ တူရာ ပေါင်းလိုက်တော့ တရားက များများရှိတာ မဟုတ်ပါဘူးတဲ့။ အတိတ်အကြောင်းတရားငါးပါးလည်း ဒါပဲ၊ ပစ္စုပ္ပန်အကြောင်းတရားငါးပါးလည်း ဒါပဲ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပစ္စုပ္ပန်အကျိုးတရားငါးပါး ကြည့်တော့လည်း ဒါပဲ။ အနာဂတ်ဖြစ်အုံးမည့် အကျိုးတရားငါးပါး ကြည့်တော့လည်း ဒါပဲ၊ ဒါဖြင့် တစ်သံသရာလုံး ပြန်ထပ်စမ်းပါ-တဲ့။ အတိတ် အနာဂတ် ပစ္စုပ္ပန် သံသရာအစကနေ သံသရာအဆုံးအထိ ဖြစ်ပြီး, ဖြစ်ဆဲ ဖြစ်လိမ့်ဦးမည့် ဆိုတဲ့ တရားတွေ လျှောက်ထပ်စမ်းပါ-တဲ့။ တူရာတူရာ ပေါင်းလိုက်တော့ အကြောင်းတရားငါးပါးနဲ့အကျိုးတရားငါးပါး ရှိတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်နှစ်ပါးရ (ဆယ်ပါး

http://www.dhammadownload.com


ရပါဆယ်ဆရာ)၊ ဒါ့အပြင် ဘာရှိသေးတုံး (ဘာမှမရှိပါဘူးဆရာ)၊ ဘာမှ မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် အင်္ဂါဆယ့်နှစ်ပါးတုန်းကတော့ အင်္ဂါဆယ့်နှစ်ရပ်အနေအားဖြင့် တရားဆယ့်နှစ်လုံး ဟောထားတယ်။ အခြင်းအရာနှစ်ဆယ်ကျတော့ တူရာတူရာ ပေါင်းလိုက်တော့ တရားက ဆယ်လုံး ရှိတော့တယ်။ နှစ်လုံးပြုတ်နေပြီလို့ ဘယ်သူတုံး (ဇာတိနဲ့ ဇရာ မရဏပါဆရာ)၊ ဇာတိနဲ့ ဇရာမရဏ သူတို့နှစ်ပါးသည် ဒီအခြင်းအရာနှစ်ဆယ်ထဲမှာ ဘာဖြစ်လို့ဖြုတ်ခဲ့၊ (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ထဲမှာ ပါပြီးသားမို့လို့ပါဆရာ)၊ ဩော် - "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ"လို့ ဒီတရားငါးပါးဟောလိုက်ရင် ဇာတိ ဇရာ မရဏ ပါပြီးသားလား (မှန်ပါတယ်ဆရာ)၊ အေး -ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဒါကြောင့် မကျန်ပါဘူးလို့ ဆယ်နှစ်လုံးပါပဲလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ အခြင်းအရာနှစ်ဆယ်ပြီးတော့။ အစပ်သုံးပါးတော့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အစပ် သုံးပါးဘယ်သူနဲ့ဘယ်သူ တစ်စပ်တုံး (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တစ်စပ်ပါဆရာ)၊ ဘယ်သူနဲ့ဘယ်သူ စပ်တာလဲ (ဘဝနဲ့ ဝိညာဏ်နဲ့ တစ်စပ်ပါဆရာ)၊ ဘဝနဲ့ဝိညာဏ်နဲ့ တစ်စပ်၊ အတိတ်အကြောင်းတရားငါးပါးနဲ့ ပစ္စုပ္ပန်အကျိုး တရားငါးပါး တစ်စပ်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ (ဝေဒနာနဲ့တဏှာ တစ်စပ်ပါဆရာ)၊ ဝေဒနာနဲ့တဏှာ တစ်စပ်၊ ဒါ ဘယ်သူနဲ့ဘယ်သူ စပ်ထားတာတုံး (ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်း နဲ့ပါဆရာ)၊ ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်းနဲ့ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ဘယ်သူနဲ့ ဘယ်သူ တစ်စပ်ထားတာတုံး (သင်္ခါရနဲ့ဝိညာဏ်နဲ့ တစ်စပ်ပါဆရာ)၊ သင်္ခါရနဲ့ဝိညာဏ်နဲ့ တစ်စပ်၊ ဘယ်သူနဲ့ ဘယ်သူ စပ်ထားတာတုံး (ပစ္စုပ္ပန်အကြောင်းနဲ့ အနာဂတ်အကျိုးတရားနဲ့ပါဆရာ)၊ အေး- ဟုတ်ပြီ။

နောက်ဘဝ နောက်အနာဂတ်ကြတော့ ဒီလို လှည့်သွားတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အတိတ်တုန်းကလည်း ဒီလိုပဲလာတာ မဟုတ်လား (ဒီလိုပဲလာပါတယ်ဆရာ)၊ ဘာထူးသေးတုံး (မထူးပါဘူးဆရာ)၊ အေး - ဒါကြောင့် အစပ်သုံးဖြာလို့ "တိသန္ဓိ" "ဝိသတာကာရာ တိသန္ဓိ စတုသင်္ခေပေါ"လို့။ အလ္လာလေးပါးလို့ နှစ်မျိုးနှစ်စား ငါချချပေးထားတာကို မှတ်မိသေးရဲ့လား၊ အလ္လာလေးပါး ရေတွက် နည်း မှတ်မိသေးရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ရေစမ်း (အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် . . . )၊ ဘာလုပ် တာလဲ အဲဒါ (အဲဒါက တစ်ပိုင်းပါဆရာ)၊ အံ့ဩစရာ၊ အဝိဇ္ဇာနဲ့သင်္ခါရက

http://www.dhammadownload.com


အတိတ်လား, ပစ္စုပ္ပန်လား (အတိတ်ပါဆရာ)၊ ဝိညာဏ်က ဘာတုံး (ပစ္စုပ္ပန်)၊ အဲဒါများ မင်း ဟိုဘက်ထဲ တွဲထည့်ထားတာ ဘယ်လိုကောင်မှန်းကို မသိဘူး။ ပြန်တွဲ . . (အဝိဇ္ဇာနဲ့သင်္ခါရ တစ်ပိုင်းပါဆရာ)၊ တစ်လွှာလို့ ပြော တစ်လွှာလို့ (အဝိဇ္ဇာနဲ့သင်္ခါရက တစ်လွှာပါဆရာ)၊ ပြီးတော့ (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တစ်လွှာပါဆရာ)၊ ဟုတ်ပြီ၊ ပြီးတော့ (တဏှာ ဥပါဒါန် ဘဝ တစ်လွှာ ပါဆရာ)၊ ဟုတ်ပြီ။ ပြီးတော့ (ဇာတိ ဇရာ မရဏ တစ်လွှာပါဆရာ)၊ အေး - ဟုတ်ပြီ။ မှတ်မိရဲ့လား (မှတ်မိပါ တယ်ဆရာ)၊ အလွှာလေးပါး ဒါတစ်နည်းနော် (မှန်ပါတယ်ဆရာ)၊ ဒါ သင်္ဂဟလေးပါးလည်း ခေါ်တယ်။

## သင်္ဂဟလေးပါး

ပဋိစ္စသမုပ္ပါဒ် အကျဉ်းဆုံးနည်းအားဖြင့် ရေတွက်ပြတာတဲ့။ "သင်္ဂဟလေးပါးလည်း" ခေါ် တယ်။ "အလွှာလေးပါးလည်း"ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘာခေါ်တယ် (အလွှာလေးပါးပါဆရာ)၊ ပြီးတော့ (သင်္ဂဟနည်းလေးပါးပါဆရာ)၊ သင်္ဂဟ, သင်္ဂဟ နော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ်ကို "သင်္ဂဟ"ဆိုတာ အကျဉ်းအားဖြင့် ရေတွက်တာ ခေါ်တယ်။ အကျဉ်းဆုံးနည်းနဲ့ ရေတွက်တဲ့နည်း "သင်္ဂဟနည်း"ခေါ်၏ နော် (မှန်ပါတယ်ဆရာ)၊ တစ်နည်းအားဖြင့် "အလွှာလေးလွှာ"လို့ ခေါ်၏။ ဒါဖြင့် အလွှာလေးလွှာ တစ်နည်း ပြောစမ်းပါဦး (အခြင်းအရာ နှစ်ဆယ်ပါဆရာ)၊ ဟောဗျာ - ဘယ်လိုကောင်မှန်း မသိဘူး ဒီကောင်က (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ တစ်လွှာပါဆရာ)၊ ဟုတ်ပြီ၊ (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တစ်လွှာပါဆရာ)၊ ဟုတ်ပြီ၊ (တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ တစ်လွှာပါဆရာ)၊ (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တစ်လွှာပါဆရာ)၊ အေး ဟုတ်ပြီ၊ မှတ်မိရဲ့လား၊ (မှတ်မိပါ တယ်ဆရာ)၊ လေးလွှာရေနည်း နှစ်မျိုးနှစ်စား မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မှတ်ထား မှတ်ထား။ ဒါတွေဟာ အလကား ဟောသွားတာ မဟုတ်ဘူး။ အကြောင်းအကျိုး ဆက်စပ်ပုံလေး၊ သံသရာ လည်ပုံတွေ ဟောသွားတာ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ကာလသုံးပါးတဲ့၊ "ကာလသုံးပါး" ဆိုတာ ဘယ်သူဘယ်သူတုံး (အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ် ပါဆရာ)၊ အဲ -အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ်၊ အတိတ်ဖြစ်တတ်သော တရားစု၊ ပစ္စုပ္ပန်ဖြစ်တတ်သော တရားစု၊ အနာဂတ်ဖြစ်တတ်သော တရားစု နော် (မှန်ပါတယ်ဆရာ)၊ တရားက အင်္ဂါအားဖြင့် ဆယ့်နှစ်ပါး မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဆယ့်နှစ်လုံးရှိတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကာလသုံးပါးနဲ့ ဝေတဲ့အခါကြတော့ လွယ်အောင် ဝေနည်းလေး ပြောစမ်းပါ။ (အတိတ်အကြောင်းက အဝိဇ္ဇာနဲ့ သင်္ခါရ

http://www.dhammadownload.com



ပါဆရာ)၊ ပြီးတော့ (ပစ္စုပ္ပန်ကာလဖြစ်သော တရားစုက ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ပါဆရာ)၊ ပြီးတော့ (အနာဂတ်ကာလက ဇာတိ ဇရာ မရဏ ပါဆရာ)၊ တရားက ဆယ့်နှစ်လုံးရှိတယ် မဟုတ်လား (ဆယ့်နှစ်လုံပါဆရာ)၊ အစဆုံးနှစ်လုံးက ဘယ်ကာလ (အတိတ်ကာလပါဆရာ)၊ နောက်ဆုံးနှစ်လုံးက ဘယ်ကာလ (အနာဂတ်ကာလပါဆရာ)၊ အလယ် ရှစ်လုံးက ဘယ်ကာလ (ပစ္စုပ္ပန်ကာလပါဆရာ)၊ မင်းနယ် မမြန်ဘူးလား၊ ဟင် အတိုဆုံး အမြန်ဆုံး နည်းလေး ရေပြစမ်းပါဆိုတော့ လျှောက်ရေလေ၊ မင်းလိုလည်း ငါလည်း ရေတတ်တာပေါ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တရားဘယ်နှစ်လုံးရှိတယ် (ဆယ်နှစ်လုံးပါဆရာ)၊ အစဆုံး နှစ်လုံးက ဘယ်သူတုံး (အဝိဇ္ဇာနဲ့သင်္ခါရပါဆရာ)၊ ဟုတ်ပြီ။ ဘယ်ကာလဖြစ်တာတုံး (အတိတ်ကာလ ပါဆရာ)၊ နောက်ဆုံး နှစ်လုံးက (အနာဂတ်ကာလ ပါဆရာ)၊ အလယ်ရှစ်လုံးက (ပစ္စုပ္ပန်ကာလ ပါဆရာ)၊ ဟော-မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ မှတ်ကော မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ပြီးတော့ ပြန်မေးတော့ အတိတ်ကာလ ဖြစ်တဲ့တရားနှစ်ပါးက ဘယ်သူတုံး ဆိုတော့ ဘယ့်နှယ့်ပြော (အဝိဇ္ဇာနဲ့သင်္ခါရ ပါဆရာ)၊ ဟုတ်ပြီ။ ပစ္စုပ္ပန်ကာလဖြစ်တဲ့ တရားရှစ်ပါးက ဘယ်သူဘယ်သူတုံး၊ (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ပါဆရာ)၊ အနာဂတ်ဖြစ်တဲ့တရား (ဇာတိ ဇရာ မရဏ ပါဆရာ)၊ ဇာတိ ဇရာမရဏ သုံးလုံးကောက်ရမှာလား၊ နှစ်လုံးကောက်ရမှာလား (နှစ်လုံးပါဆရာ)၊ အေး - နှစ်လုံး၊ ဇရာနဲ့မရဏ တစ်ခုတည်း နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါ ကာလသုံးပါးဖြစ်တဲ့တရားတဲ့၊ ဒါတော့ အလကားပြတာလားဆိုတော့ မဟုတ်ပါဘူးတဲ့၊ ကာလပညတ်အနေအားဖြင့် ကာလသုံးပါးနဲ့ သွားနေလို့ သံသရာမှာ ခရီးသွားနေတယ်။ ဒီလို သွားနေပါတယ်-တဲ့။

လွန်ပြီးသား အတိတ်၊ ဖြစ်ဆဲ ပစ္စုပ္ပန်၊ ဖြစ်လတ္တံ့ အနာဂတ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မနေ့ကဆိုရင် ဘာတုံး၊ မနေ့ကဆိုရင် ဘာတုံး၊ (အတိတ်ကာလပါဆရာ)၊ ဒီကနေ့ကော (ပစ္စုပ္ပန်ပါဆရာ)၊ မနက်ဖြန်ကော (အနာဂတ်ဆရာ)၊ ဟော - ဒီလိုချည်းသွားနေတာ၊ မသွားဘူးလား (သွားပါတယ်ဆရာ)၊ ဒါ "အတိတ် အနာဂတ် ပစ္စုပ္ပန်"ဆိုတဲ့ ကာလသုံးပါး ဒီလို ရှိတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ နာရီကော နာရီကြည့်တော့လည်း ဒီလိုမဟုတ်လား (ဒီလိုပါဆရာ)၊ ပထမ တစ်နာရီက (တစ်နာရီပါဆရာ)၊ ဟုတ်ပြီ၊ မှန်လဲမှန်၊ တီလည်း တီကျတယ်။ တစ်နာရီ နှစ်နာရီ သုံးနာရီ ရှိတယ်။ နှစ်နာရီထိုးတဲ့အချိန်ရောက်နေရင် လွန်ပြီးသော တစ်နာရီက ဘာတုံး။ ဘယ့်နှယ့်ကောင်

http://www.dhammadownload.com



ပါလိမ့် ဒီကောင်က (အတိတ်ကာလပါဆရာ)၊ ဒါဖြင့် ရောက်ဆဲဆိုတဲ့ တစ်နာရီက (ပစ္စုပ္ပန်ပါဆရာ)၊ နောက်လာလတ္တံ့ဆိုတဲ့ တစ်နာရီက (သုံးနာရီပါဆရာ)၊ ဟင်း, ဟင်း, ဟင်း . . . မှတ်သားထားကြ။ ဟင်း, ဟင်း, ဟင်း မှတ်သားထားကြ၊ ဘယ်လိုကောင်မှန်းကို မသိဘူး။ အနာဂတ် မဟုတ်ဘူးလားဟ (အနာဂတ်ပါဆရာ)၊ မင်းပြောမှ ပရိသတ်က သိတယ်၊ သုံးနာရှိတယ်လို့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ နေ့လည်း ဒီလိုပေါ့ကွ၊ အဓိပ္ပာယ်အားဖြင့် နေ့လည်ပိုင်းက နေ၊ ထိုင်ကြည့်စမ်း။

လွန်ပြီးသော မနက်ပိုင်းက ဘာတုံး (အတိတ်ပါဆရာ)၊ ရောက်ဆဲ နေလည်ပိုင်းက (ပစ္စုပ္ပန် ပါဆရာ)၊ မရောက်သေးတဲ့ ညနေပိုင်းက (အနာဂတ်ပါဆရာ)၊ ဒီလိုချည်းသွားတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ကာလအားဖြင့် ပိုင်းခြားပြီးတော့ ဟောထားလို့။ ဒါကြောင့် အင်္ဂါဆယ့် နှစ်ပါးသော တရားကို ကာလသုံးပါးနဲ့ ဝေလိုက်တော့ ကာလသုံးပါး တရားစုတွေထွက်လာ၊ အတိတ် တရားက ဘယ်သူတုံး အဝိဇ္ဇာ သင်္ခါရ။ ဒါဖြင့် ပစ္စုပ္ပန် ဖြစ်ဆဲဘဝကို ရထားတဲ့တရားက ဘယ်သူ တုံးဆိုတော့ ဝိညာဏ်က,စ ဘဝထိ နော် (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်က, စ ဘဝကျအောင်၊ ဝိညာဏ် က စတယ် မဟုတ်လား (ဝိညာဏ်က စပါတယ်ဆရာ)၊ ပစ္စုပ္ပန်ဘဝလေ (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေ ခဏက စတယ် မဟုတ်လား။ (မှန်ပါတယ်ဆရာ)၊ အေး - ဒါ "ဝိညာဏ်"ခေါ်တယ်။ ပဋိသန္ဓေ ဥပါဒ်ခဏ,စ ဒါပစ္စုပ္ပန်ဘဝ ရောက်လာပြီတဲ့။ ဘယ်မှာဆုံး (ဘဝမှာ ဆုံးပါတယ်ဆရာ)၊ ဩော် - ဘဝ၊ ဘာဘဝတုံး၊ အဲဒါ (ကမ္မဘဝ ပါဆရာ)၊ အေး - ကမ္မဘဝ နော် (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝ လာဆုံး။ ဒါ "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ"။ ဟော - ဒါ တို့ မင်းတို့ ငါတို့ ခုဖြစ်ဆဲဆိုတာ ဘဝကြီးရထားတဲ့ တရားတွေ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘယ်နှစ်လုံးရှိ (ရှစ်လုံးရှိပါတယ်ဆရာ)၊ အေး - ရှစ်လုံးရှိတယ်၊ ဒီရှစ်လုံးနဲ့ သွားနေကြတယ် နော် (မှန်ပါတယ်ဆရာ)၊ ပြုံးလိုက်၊ မဲ့လိုက်၊ ရွှံ့လိုက်၊ ငိုလိုက်၊ အော်လိုက်၊ ဟစ်လိုက်၊ နာလိုက်၊ ကျင်လိုက်၊ ကိုက်လိုက်၊ ခဲလိုက်၊ ညည်းလိုက်၊ သွားလိုက်၊ သေလိုက် ဘယ်တရားနဲ့ သွားနေတုံး (ပစ္စုပ္ပန်တရားနဲ့ သွားနေပါတယ်ဆရာ)၊ ဘယ်နှစ်ပါးတုံး (ရှစ်ပါးနဲ့ပါဆရာ)၊ ရှစ်ပါးနဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ရှစ်ပါးကိုပဲ ငါတဲ့၊ သူတဲ့၊ ပုဂ္ဂိုလ်တဲ့၊ သတ္တဝါတဲ့၊ ယောကျ်ားတဲ့၊ မိန်းမတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အသက်လိပ်ပြာတဲ့ ဒီလိုယူဆ။ ဟိုဘက်ဘဝကလာတဲ့ အကောင်လေးပဲဟေ့ ဒီဘက်ဘဝကို ပြောင်း လာပြန်ပေါ့။ ပုဂ္ဂလ သတ္တ အတ္တ ဇီဝအနေအားဖြင့်ပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ဒီဘက်ဘဝ အကောင်လေး ဟိုဘက်ဘဝကို ပြောင်းသွားပြန်ပေါ့။ ဤလောက ထိုလောက ဒီလိုသွားနေတယ်။ ဒါ အမှန်ကတော့ သေချာရှာကြည့်ရင် အခုပစ္စုပ္ပန်ဘဝမှာ တရားရှစ်လုံး ရထားတယ်။ အဲဒီတရား

http://www.dhammadownload.com



ရှစ်လုံးပဲ ဒီဘဝရှာကြည့်။ ဒါပဲရှိတယ်၊ ဒီပြင်ရှိသေးလား (မရှိပါဘူးဆရာ)၊ ဘာမှမရှိဘူး။ အကောင်လည်း မရှိဘူး။ အထည်လည်း မရှိဘူး၊ ပုဂ္ဂိုလ်လည်း မရှိဘူး၊ သတ္တဝါလည်း မရှိဘူး၊ အသက်လိပ်ပြာလည်း မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ ဘာမှ မရှိဘူး။ ဒီတရားရှစ်ပါးပဲ တွေ့ရတယ်။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ အခု သူသူငါငါ သမုတ်ထားတဲ့ လူဖြစ်လာပေါ့။ တရားငါးပါး နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ တဏှာ ဥပါဒါန် ဘဝ ဘာလုပ်တာတုံး။ အကြောင်းတွေ ထပ်ခံနေပြန်ပေါ့။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် ဒုတိယဘဝ ပဋိသန္ဓေ အသစ်ဖြစ်အုံးမယ်တဲ့၊ ဇာတိ ဇရာ မရဏ-လို့။

ဒါကြောင့် အတိတ်ရယ်, ပစ္စုပ္ပန်ရယ်, အနာဂတ်ရယ် ကာလသုံးပါးကန့်ပြီးတော့ ပြထားတယ်။ ဒီတရားဆယ့်နှစ်ပါးပါပဲတဲ့၊ ပိုမလာပါဘူးတဲ့။ လွယ်လွယ်လေးမှတ်။ ဒါကြောင့် သူ့အကန့်လေးနဲ့သူ သေချာကြည့်, ကြည့်, ကြည့်သွားလို့ ရှိရင် မိမိဉာဏ်ထဲမှာ ပုဂ္ဂိုလ် သတ္တဝါ သုဉ်းဆိတ်သွားမယ်၊ အကြောင်းအကျိုးဆက်စပ်တဲ့ သဘောလေးတွေ မြင်လာလို့ ရှိရင် ဘာဖြစ်မတုံး ဥစ္ဆေဒဒိဋ္ဌိတို့၊ သဿတဒိဋ္ဌိတို့ နော် (မှန်ပါတယ်ဆရာ)၊ ဥစ္ဆေဒဒိဋ္ဌိတို့၊ သဿတဒိဋ္ဌိတို့၊ အတ္တဒိဋ္ဌိတို့၊ အဟေတုကဒိဋ္ဌိတို့၊ ဒီလိုဒိဋ္ဌိတွေ ပယ်နိုင်တယ်တဲ့၊ ဒီလိုဒိဋ္ဌိတွေ ကွာနိုင်, ရှင်းနိုင်, လင်းနိုင်တယ်-တဲ့။ ဒီပဋိစ္စသမုပ္ပါဒ်အထပ်ထပ် သူ့ဝိုင်းလေးနဲ့သူ ဝေဖန်ဝေဖန်နေရင်းက နေပြီးတော့ ဥစ္ဆေဒဒိဋ္ဌိတို့၊ သဿတဒိဋ္ဌိတို့၊ အတ္တဒိဋ္ဌိတို့ ဒါတွေများ ကွာသွားမယ်ဆို သောတာပန်ဖြစ်မနေဘူးလား (ဖြစ်မှာပါဆရာ)၊ ဖြစ်နိုင်တယ်နော် (မှန်ပါတယ်ဆရာ)၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကိုက ဟောထားတာ။ ဒါကြောင့် ဒီတရားကို ပြတ်ပြတ်သားသားလေး နားလည်ရင်ပဲ သောတာပန်လို့ ဝန်ခံနိုင်တယ်လို့ ဟောထားတာ။ ဖြစ်နိုင်တယ်၊ ဖြစ်ကောင်းတယ် နော် (မှန်ပါတယ်ဆရာ)၊ သောတာပတ္တိမဂ်ဉာဏ်က တခြား မဟုတ်ပါဘူး။ ဒိဋ္ဌိကိလေသာအရင်းခံထားပြီး သတ်တဲ့မဂ်ပါ၊ ဒိဋ္ဌိကိလေသာ သေဖို့ အရေးကြီးတယ်။ ဒါသေသွားဖို့၊ ဒါကုန်သွားဖို့၊ ဒါခန်းသွားဖို့၊ ဒါနိရောဓဆိုက်သွားဖို့ အဓိကချက် အရေးကြီးဆုံး။

ဒါကြောင့် သောတာပန်ဖြစ်ချင်ရင် ကြိုးစားပြီးတော့ ဝေဖန် လေ့လာပေး။ ပဋိစ္စသမုပ္ပါဒ် ကြည့်, ကြည့်, ကြည့်ပြီးတော့ နော် (မှန်ပါတယ်ဆရာ)၊ ကြည့်ဖန်များတော့ ပုဂ္ဂိုလ် သတ္တဝါ သုဉ်းလာတယ်။ ကိုယ်ပေါ်ပြန်တင် ငါဖြစ်နေတဲ့တရားတွေ၊ ငါ့ဖြစ်နေတဲ့တရားတွေ၊ ငါဖြစ်နေတဲ့တရားတွေ၊ မရပ်မနားဖြစ်နေတဲ့တရားတွေ ဘယ်သူ့ဖြစ်တာတုံး၊ ငါဖြစ်တယ်၊ သူတစ်ပါးဖြစ်တယ်၊ ပုဂ္ဂိုလ်သတ္တဝါဖြစ်နေတဲ့ တရားတွေ။ ဒါဖြင့် သေချာကြည့်တော့ ငါမှ မရှိဘဲ ဒီတရားရှိပါပဲ အခု ပစ္စုပ္ပန်ဘဝ လာတွေ့။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဟုတ်ပေသားပဲ၊ ပဋိသန္ဓေ

http://www.dhammadownload.com



ခဏက စလို့ ဝိညာဏ်လေးဖြစ်။ ဒီနောက် နာမ်ရုပ်၊ ဒီနောက် သဠာယတန၊ ဒီနောက်ဖဿ၊ ဒီနောက် ဝေဒနာ၊ အာရုံခြောက်ပါးနဲ့ တွေ့တိုင်းတွေ့တိုင်း အာရုံ၏အရသာကို ခံစားမှု ဆိုတဲ့ ဝေဒနာလေးတွေ ဖြစ်။ ဝေဒနာက္ခန္ဓာလို့၊ အာရုံ၏ အရသာလေးတွေ ခံစားကာမျှဆိုတဲ့ ဝေဒနာလေး ဖြစ်နေတော့ ရပ်နေသလားဆိုတော့ မဟုတ်ပါဘူး။ တဏှာဖြစ်ပြန်၊ ဥပါဒါန်ဖြစ်ပြန်၊ ဘဝဖြစ်ပြန်၊ မဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)၊ အဲ - "တဏှာ ဥပါဒါန် ဘဝ" ဆိုတာ လာလတ္တံ့ အနာဂတ်ဘဝ ပဋိသန္ဓေအသစ် ဖြစ်စေဖို့ ဖန်တီးပေးနေတဲ့တရား ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အကြောင်း တရားတွေလို့၊ သွားပြန်ရော့ ဒုတိယဘဝ နော် (မှန်ပါတယ်ဆရာ)။

အဲဒါကြောင့် ဒီအဆင့်ကလေးတွေ ပြန်ပြန်ကြည့်၊ ပုဂ္ဂိုလ်သတ္တဝါလည်း ရှင်းသွားမယ်။ အကြောင်းအကျိုးဆက်စပ်နေတဲ့ အရာဝတ္ထုလေးတွေလည်း မြင်လာမယ်။ ပြတ်သားနားလည်လာမယ် ဆိုလို့ရှိရင် ဒါ သောတာပတ္တိမဂ်ဉာဏ် ရနိုင်တယ်၊ သောတာပန်ဖြစ်နိုင်တယ်တဲ့။ အင်မတန့်ကိုပဲ တိကျမှန်ကန်တဲ့ တရားလမ်းစဉ်ပါ။ အားရှိစရာ ကောင်းပါတယ်။ အားပါးတရနဲ့လည်း မှတ်ကြ။ သွယ်ဝိုက်ပြီးတော့ အမျိုးမျိုးချဲ့ထွင်ပြီးတော့ မယုံ,ယုံအောင် ကျိန်တွယ်ပြောပြသနေတဲ့ တရား မဟုတ်ဘူး။ မြတ်စွာဘုရားကိုယ်တော်မြတ် ပဋိစ္စသမုပ္ပါဒ်ဝိဘင်း ပဋိစ္စသမုပ္ပါဒ်ပါဠိတော် ဟော မသွားဘူးလား (ဟောသွားပါတယ်ဆရာ)၊ ခန္ဓဝိဘင်း အာယတနဝိဘင်း ဓာတုဝိဘင်း၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောသွားတဲ့ ပါဠိတော်တိုက်ရိုက်၊ ခန္ဓာနည်းနဲ့ ပြောတဲ့ ယုံကြည်စရာ အင်မတန်မှ ကောင်းတယ်၊ အားရှိစရာ အင်မတန်ကောင်းတယ်၊ သွယ်ဝိုက်ပြီးတော့ အမျိုးမျိုးအဖုံဖုံနဲ့ ဘုရားစူး ကျမ်းစူး ကျိန်ပြီးတော့ ပြောနေရတဲ့ တရားမဟုတ်ပါဘူး နော် (မှန်ပါတယ်ဆရာ)၊ ဝေ့လည်ကြောင် ပတ်နဲ့ အမျိုးမျိုးသွယ်ဝိုက်ပြီးတော့ လှိမ့်ကာ လှည့်ကာ ပတ်ကာနဲ့ ပြောနေရတဲ့ တရားမဟုတ်ပါဘူး။ ဒါရိုက် တိုက်ရိုက်အားဖြင့် ဟောနေတဲ့တရား။

ဒါကြောင့် တစ်မဂ် တစ်ဖိုလ် လိုချင်လို့ရှိရင်လို့ ပြတ်ပြတ်သားသားနဲ့ နားလည်အောင် ကြိုးစား မှတ်ပါလို့။ ဟာ - တို့ တစ်မဂ် တစ်ဖိုလ်တော့ မလိုချင်ပါဘူးဟ။ ပါရမီဖြစ်ကလေးတွေ နာတာပဲဆို ဆေးလိပ်ကောင်းကောင်း သောက်ပြီး ငိုက်သာနေကြ နော် (မှန်ပါတယ်ဆရာ)၊ ပါရမီကတော့ ဖြစ်လိမ့်မယ်။ နာရလို့ရှိရင် ပါရမီကတော့ ဖြစ်နေပေ့ါ။ ပါရမီဆိုတာ သိလား (သိပါတယ်ဆရာ)၊ ဘာတုံး၊ (ဖြည့်ဆည်းတာပါဆရာ)၊ ဖြည့်ဆည်းတာ၊ ဘာဖြည့်ဆည်းတာလဲ၊ ဆန်တွေ, ဆီတွေ ဖြည့်တာလား (မဟုတ်ပါဘူးဆရာ)၊ ဘာတုံး မဟုတ်ရင်၊ "ပါရမီဖြည့်တယ်" ဆိုတဲ့ စကားလား (မှန်ပါတယ်ဆရာ)၊ သြော် - ဒါဆို ပါရမီဖြည့်တယ်ဆိုတာ ဖြည့်တာတော့ သိပါပြီ။ "ပါရမီ"က ဘာတုံး

http://www.dhammadownload.com



လို့ မေးရင် (မသိပါဘူးဆရာ)၊ ဩော် - ဖြည့်တာ သူပြောနေတာကိုနော် နော်၊ "ပါရမီ" ဆိုတာ ကောင်းတာလုပ်တာ 'ပါရမီ'ပါကွာ နော် (မှန်ပါတယ်ဆရာ)၊ "ပရမံ ကရောတီတိ ပါရမီ"တဲ့။ ပရမံ၊ ကောင်းတာ မြတ်တာကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပါရမီ၊ ပါရမီ မည်၏။ "ပါရမီ" ဆိုတာ ကောင်းတာ မြတ်တာ လုပ်တာ ပါရမီ-တဲ့၊ တရားနာနေတော့ ပါရမီမဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ကောင်းတာလုပ်။

ဒါဖြင့် တစ်မဂ် တစ်ဖိုလ် ရဖို့ဆိုတော့ ရှံအောင်ကြိုးစားမှ ရတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဝတ်ကျေ တန်းကျေလေး နာလို့ရှိရင် ပါရမီတော့ ဖြစ်မှာပဲ။ ဒါပေမယ့် ငါ့တစ်မဂ် တစ်ဖိုလ်ရမှာ မဟုတ်ဘူး။ တကယ်ပြတ်သားသွားအောင်၊ တကယ်နားလည်သွားအောင်၊ ငါ့ဉာဏ်ထဲ ရှင်းသွားအောင်၊ သဘောထဲလင်းအောင်၊ မနောထဲရှင်းအောင် တကယ့်ဆန္ဒဓာတ် ပြင်းပြင်းနဲ့ ယူတော့ တကယ်လည်း ပြတ်သားတယ်၊ တကယ်လည်း နားလည်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို တကယ်ပြတ်သားလို့ တကယ်နားလည်ပြီလားဆို သောတာပန်လည်းဖြစ်ကရော့၊ တစ်ထစ်ချ မှတ်ထား နော်။ သောတာပတ္တိမဂ်ဉာဏ် လိုချင်လို့ ရှိရင် ဘယ့်နဲ့နည်းနဲ့ပဲ ပြပြ၊ ခန္ဓာနဲ့ပြပြ၊ အာယတနနဲ့ပြပြ၊ ဓာတ်နဲ့ပြပြ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ပြပြ သောတာပတ္တိမဂ်ဉာဏ်အရေးကြီးဆုံး၊ အဓိကအချက်က သောတာပတ္တိမဂ်ဉာဏ်က ဒိဋ္ဌိကိလေသာ သတ်ထားလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒိဋ္ဌိကိလေသာသတ်ဖို့ပဲ အရေးကြီး၊ သေဖို့ အရေးကြီး၊ ခွာဖို့၊ ရှင်းဖို့ အရေးကြီးတယ်၊ အဲဒါလေး မှတ်ထား။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကြီးလည်းပဲ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောထားတာ တခြား မဟုတ်ဘူး။ အခုပြောတဲ့ ဒိဋ္ဌိတွေ ရင်ထဲမှာ တစ်ရှင်းတည်း ရှင်းသွားအောင်၊ တလင်းတည်း လင်းသွား အောင် နောက်နားက ပြလတ္တံ့ဆိုတဲ့နည်းလေးဖြာပြတော့ ပေါ်လာပါလိမ့်မယ်။ လက်စသတ်တော့ ပဋိစ္စသမုပ္ပါဒ်တရားဟောတာ တခြားမှတ်ပါတယ်။ သတ္တဝါတို့၏ ရင်တွင်း မရှင်းမလင်း ဖြစ်နေတဲ့ ဒိဋ္ဌိတွေ ရှင်းပေးတာကိုလို့ ပေါ်လာလိမ့်မယ်နော် (မှန်ပါတယ်ဆရာ)။ သိပ်အားရှိစရာ ကောင်းတယ်။ အေး - ဒါကြောင့် ကာလသုံးပါးနဲ့ ကြည့်ပြန်တော့ အတိတ်ကာလဖြစ်တတ်တဲ့တရား = အဝိဇ္ဇာ သင်္ခါရ။ ပစ္စုပ္ပန်ဖြစ်ဆဲဆိုတဲ့ တရားကတော့ = ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဉပါဒါန် ဘဝ။ အနာဂတ် ဖြစ်အုံးမယ်ဆိုတဲ့ တရားကျတော့ ဇာတိနဲ့ ဇရာမရဏ၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါလေးတွေလည်း ယူတတ်ရတယ်။ အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရလို့ ဒီနှစ်လုံး တည်း ပြထားပေတဲ့ အတိတ်ဘဝက ဒီနှစ်လုံးပဲ ရှိသလား၊ အတိတ်ကာလဖြစ်တတ်တဲ့တရား၊ (မဟုတ်

http://www.dhammadownload.com



ပါဘူးဆရာ)၊ ဘယ်သူဘယ်သူတုံး (တရားဆယ်ပါးစလုံးရှိပါတယ်ဆရာ)၊ တရားဆယ်ပါးစလုံး ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဒီအကြောင်းခံတဲ့ တရားသာ အဓိကထားပြီး ပြနေတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အမှန်က ဟိုဘက်ဘဝလည်း ဆယ်ပါးပါပဲ (ဆယ်ပါးပါဆရာ)၊ အေး-ဒီလို နားလည်ထားရမယ်နော် (မှန်ပါတယ်ဆရာ)၊ ပစ္စုပ္ပန်ဘဝလည်း ဒီတိုင်းပေါ့ (ဒီတိုင်းပါပဲဆရာ)၊ အနာဂတ်ကော (ဒီအတိုင်းပါပဲဆရာ)၊ ဒီလိုချည်းသွားမှာ။

ဒါပေမယ့် အကြောင်းအကျိုးနဲ့ အတိတ်ပစ္စုပ္ပန်လေးပို့တဲ့, ဘဝချင်း ဆက်စပ်ပေးတဲ့, အကြောင်းနဲ့အကျိုးသာ အဓိကထားထား ပြသွားတာကိုကွနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရ။ ပစ္စုပ္ပန်ဘဝ လက်ရှိရထားတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ။ အနာဂတ်ကျတော့ ဇာတိ ဇရာ မရဏ။ အနာဂတ်လည်း "ဇာတိ ဇရာ မရဏ"ဆိုတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ မပါဘူးလား (ပါ,ပါတယ်ဆရာ)၊ ပါတာပဲ၊ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ မပါဘူးလား (ပါ, ပါတယ်ဆရာ)၊ ဖြစ်အုံးမှာပဲ ဖြစ်တတ်တဲ့တရားတွေ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အခြင်းအရာနှစ်ဆယ်တုန်းက ငါပြောသလို လွန်ခဲ့သော သံသရာအစ ပထမဆုံး ဘဝကတည်းက တရားဆယ်ပါး၊ အကြောင်းတရားက ဆယ်ပါး၊ အကျိုးတရားက ဆယ်ပါး ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်ဘဝလည်း ဒီလိုပဲ၊ တစ်ဘဝလည်း ဒီလိုပဲ။ အခု ရောက်ဆဲ ပစ္စုပ္ပန်ဘဝ ရထားတာ ဘယ်သူတုံး ဒီဆယ်ပါး၊ အကျိုးဆယ်ပါး၊ အကြောင်းဆယ်ပါး၊ ဒါဖြင့် လာလတ္တံ့ အနာဂတ်ဘဝ ဒီအကြောင်းဆယ်ပါးနဲ့ အကျိုးဆယ်ပါးပေါ့။ ဒုတိယဘဝ တတိယဘဝ အစရှိသည် အားဖြင့် နိဗ္ဗာန်ထိအောင်သွား ဘဝတိုင်း ဘဝတိုင်း အကြောင်းဆယ်ပါး အကျိုးဆယ်ပါးချည်းပဲ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီတိုင်းချည်း သွားမှာပဲ။

ဒါဖြင့်ရင် အစပ်သုံးဖြာ အလွှာလေးခု ကာလသုံးပါးပြီးရော့၊ ပြီးတော့မှ "ဝဋ္ဋသုံးပါး"-တဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "ဝ"ကို ပ်-သတ်တော့ ဘာခေါ်လဲ (ဝပ်ပါဆရာ)၊ ဘယ်လိုနေရာ သုံးတဲ့ဝပ်တုံး (ဝပ်လာခဲ့လို့ ဘာတို့ပါဆရာ)၊ အမယ်-အဲဒါ မင်းဝပ်သွား၊ ကြားမှုကြားဖူးရဲ့လား ဝပ်လာခဲ့တဲ့။ "ဝ" ပ်-သတ်နဲ့ဝပ် နော် (မှန်ပါတယ်ဆရာ)၊ "ဝပ်နေတယ်"ဆိုတဲ့ နေရာမျိုးပေါ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် "ဝ" တ်-သတ်တော့ တဝမ်းပူသဘ်တော့ကော (ဝတ်ပါပဲဆရာ)၊ ဒါ ဘာလုပ်တာတုံး (ဝတ္တရားတို့ ဘာတို့ပါဆရာ)၊ သြော် - ဝတ္တရားလား၊ ဒါဖြင့် "ဝ" ဋ္ဋ-သတ်တော့ကော

http://www.dhammadownload.com



(ဝင်ပါပဲဆရာ)၊ သူက ဘာဝင်တုံး (လည်စေတတ်တဲ့ဝင်ပါဆရာ)၊ လည်တတ်တယ် နော် (မှန်ပါတယ်ဆရာ)၊ လည်တတ်တဲ့ အနက်အဓိပ္ပါယ် ဟောတယ်။ "ဝဋ္ဋ" နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တို့ ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်တော်မြတ်က ဘာစကားခေါ်လဲ "ပဋိစ္စသမုပ္ပါဒ် ဝဋ္ဋကထာ" ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ "ဝဋ္ဋကထာ" လည်သော စကားကို ပြောတော်မူ၏။ သံသရာလည်စေသော, သံသရာလည်တတ်သော စကားကို ဟောကြားတော်မူ၏၊ "ဝဋ္ဋကထာ" ခေါ်၏ နော် (မှန်ပါတယ်ဆရာ)၊ ဒီလည်းပဲ ဝင်သုံးပါး-တဲ့။ ဘာနဲ့ ဝင်ထားတာတုံးဟ (ဌ) နဲ့ပါဆရာ)၊ အေး "ဋ"နဲ့ "ဝဋ"ထားတယ်၊ ဒါလည်း လည်တာပေါ့နော် (လည်ပါတယ်ဆရာ)၊ ဘယ်နှစ်ပါးရှိ (သုံးပါးပါဆရာ)၊ ဘယ်သူ ဘယ်သူတုံး၊ (ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ပါဆရာ)၊ ဟုတ်ပြီ၊ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါက ဝဋ်၊ "ကိလေသဝဋ်"ဆိုတာ ကိလေသာချည်းပဲလား (မဟုတ်ပါဘူးဆရာ)၊ ဘာတွေပါတုံး (အဝိဇ္ဇာ တဏှာ ဥပါဒါန် ပါဆရာ)၊ ဟောဗျာ - တော်လည်းတော်တဲ့ လူတော်ဆိုတာ ကျနေ။ အဲဒါ ဘာတွေတုံး (ဝင်ပါဆရာ)၊ ဟုတ်ပါပြီ၊ "အဝိဇ္ဇာ တဏှာ ဥပါဒါန်" ဆိုတာ ဘာတွေတုံး မေးတယ် (ကိလေသဝဋ် ပါဆရာ)၊ ဟောဒါ ကိလေသာတွေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဒီသုံးပါးက ဘာတွေ (ကိလေသာတွေ ပါဆရာ)၊ ကိလေသာတွေ (မှန်ပါတယ်ဆရာ)။

အဝိဇ္ဇာတရားကိုယ်ကောက်တော့ ဘာတွေရ (မသိတာပါဆရာ)၊ တရားကိုယ်ကောက်တော့ (မောဟပါဆရာ)၊ အဓိပ္ပါယ်ကတော့ မသိတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ "မုယှတီတိ မောဟော"တဲ့။ (အဋ္ဌသာလိနီအဋ္ဌကထာ၊ ၂၉၁) မုယှတိ၊ တွေဝေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မောဟော၊ မောဟမည်၏။ "အညာဏလက္ခဏာ"လို့။ အဝိဇ္ဇာ - အညာဏ လက္ခဏာ-မသိတတ်တဲ့လက္ခဏာရှိတယ် နော် (မှန်ပါတယ်ဆရာ)၊ "သမ္မောဟနရသာ"တဲ့ တွေဝေ ဖုံးလွှမ်းခြင်းကိစ္စရှိတယ်-တဲ့။ ဒါကြောင့် အဝိဇ္ဇာ တရားကိုယ်ကောက်တော့ မောဟရတယ်၊ မောဟ။ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ်လား (မှန်ပါတယ်ဆရာ)၊ တဏှာက တရားကိုယ်ကောက်တော့ ဘာရ (လောဘပါဆရာ)၊ လောဘ၊ အဓိပ္ပါယ်ကတော့ ဘာတုံး (လိုချင်တာပါဆရာ)၊ လိုချင်တာ။ ဥပါဒါန်ကကော အဓိပ္ပါယ်က ဘာတုံး (လိုချင်တာပါဆရာ)၊ စွဲလမ်းတာ, စွဲလမ်းတာ (မှန်ပါတယ်ဆရာ)၊ သူများပြောမှ မှန်ပါတယ်, မှန်ပါတယ်။ တရားကိုယ်ကောက်တော့ ဘာရ (လောဘပါဆရာ)၊ တဏှာ လောဘနဲ့ ဥပါဒါန်လောဘ ဘာထူး (ထူးပါတယ်ဆရာ)၊ ဘယ်နှယ့်ထူးတုံး (လောဘအကြီးနဲ့ အငယ်လေးပါဆရာ)၊ သြော် - အကြီးနဲ့အငယ်လေး။ တဏှာလောဘ ရွေးစေ့လောက် ရှိတာပေါ့ ဟုတ်ကဲ့လား။ တဏှာလောဘနဲ့ ဥပါဒါန်လောဘ၊ တဏှာလောဘက လိုချင်တာမျှမတ္တ မဟုတ်

http://www.dhammadownload.com



ဘူးလား (မှန်ပါတယ်ဆရာ)၊ ဥပါဒါန် လောဘကကော (စွဲစွဲလမ်းလမ်း လိုချင်တာပါဆရာ)၊ စွဲစွဲလမ်းလမ်း လိုချင်၊ ဘာနဲ့တူ (သူခိုးရွှေထုတ်ရတာနဲ့ တူပါတယ်ဆရာ)၊ သူကတော့ ဒါပဲ မှတ်မိမယ် ထင်တယ်၊ တခြား မှတ်မိမယ် မထင်ဘူး။

ဒါဖြင့် တဏှာလောဘတော့ (သူခိုးမှောင်ထဲ အထုတ်စမ်းသလိုပဲဆရာ)၊ ဟော - အထုပ်စမ်း တယ်လား။ ဟင်း, ဟင်း - ဩော် - သူခိုးက မှောင်ထဲမှာ ဥစ္စာထုပ် စမ်းနေဆဲအခါနဲ့ တဏှာ လောဘနဲ့ တူတယ်လား (မှန်ပါတယ်ဆရာ)၊ ရတော့ မရသေးဘူးပေါ့ (မရသေးဘူးဆရာ)၊ ဒါဖြင့် လိုချင်ကာမျှ ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ နောက်တော့ သူခိုး ရွှေထုပ် ဥစ္စာထုပ်ကြီး တွေ့သွားလား (တွေ့ပါတယ်ဆရာ)၊ တွေ့သွားတော့ ဘာနဲ့တူ (ဥပါဒါန်နဲ့တူပါတယ်ဆရာ)၊ ဥပါဒါန်နဲ့ တူတယ် နော် (မှန်ပါတယ်ဆရာ)၊ စွဲစွဲမြဲမြဲ လက်ထဲဆုပ်ကိုင်မိတော့ လွှတ်နိုင်သေးရဲ့လားဟ (မလွှတ်ပါဘူး ဆရာ)၊ "စွဲလမ်းမှု" ဆိုတာ ဒါခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဥပါဒါန်လောဘကြတော့ ကြွက်ကို ကြောင်ခဲသလို-တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ခိုင်မြဲသွားတယ် ခေါ်တယ်။ ဖားကို မြွေမျိုသလိုပဲ ခိုင်မြဲသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်ရဲ့သတ္တိ၊ တရားကိုယ်ကောက်တော့ လောဘချည်းပဲတဲ့။ ဒါပေမယ့် တဏှာလောဘက ဥပနိဿယအားဖြင့် ပစ္စည်းတပ်ပေးလို့၊ ကျေးဇူး ပြုလိုက်လို့ ဥပါဒါန်လောဘ ပေါ်လာရတယ်-တဲ့။ သူတို့ အကျိုးအကြောင်းဆက်နေတယ် နော် (မှန်ပါ တယ်ဆရာ)၊ လောဘကြောင့် လောဘဖြစ်၊ လောဘကြောင့် လောဘဖြစ်၊ ဟုတ်ကောဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ လောဘကြောင့် လောဘဖြစ်တယ်လား (ဖြစ်ပါတယ်ဆရာ)၊ ပထမဥစ္စာ မရသေးခင် လိုချင်တဲ့လောဘက ဘာလောဘ (တဏှာလောဘပါဆရာ)။ ဟုတ်ပြီ။ နောက်ဥစ္စာရတော့ စွဲလမ်းတဲ့ လောဘက ဘာလောဘ (ဥပါဒါန်လောဘပါဆရာ)၊ ဟော - မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒါကြောင့် -

ပထမ လောဘ, က ဘာဒုက္ခ (ပရိယေသနဒုက္ခပါဆရာ)၊ ပရိယေသနဒုက္ခ၊ မြန်မာလို ပြော စမ်းပါ (ဝမ်းစာရှာတဲ့ဒုက္ခပါဆရာ)၊ ဝမ်းစာရှာတဲ့ဒုက္ခ။ ဩော် - အာဟာရပရိယေသနမူလက ဒုက္ခဆိုတာ သူမှတ်ထားတာကိုးကွ။ "ရှာမှီးသော ဒုက္ခ" ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဟိုလိုချင် ဒီလိုချင် ဟိုဒင်းလိုချင်တယ်၊ မြင်လည်း လိုချင်တယ်၊ ကြားလည်း လိုချင်တယ်၊ နံလည်း လိုချင် တယ်၊ စားလည်း လိုချင်တယ်၊ ထိလည်း လိုချင်တယ်၊ သိလည်း လိုချင်တယ်၊ အာရုံခြောက်ပါး လိုက်ပြီးတော့ အမြဲတမ်း လိုချင် လိုချင်နေတာ ရရဲ့လား (မရသေးပါဘူးဆရာ)၊ မရသေးဘူး နော် (မှန်ပါတယ်ဆရာ)၊ လိုချင်တော့ ဒီလောဘအသေးစား တဏှာလောဘက ဥပနိဿယအားဖြင့်

http://www.dhammadownload.com



ကျေးဇူးပြုတယ်လို့ ဥပါဒါန်လောဘ ကျေးဇူးပြုတယ် ဆိုတော့ သူက ပထမလိုချင်ကာမျှဆိုတဲ့ လောဘ ကလေးတွေ ပေါ်လာတော့ နောက် တဖြည်းဖြည်းနဲ့ ငါမရရင် မအေးဘူးဆိုတဲ့ စွဲလမ်းမှုကြီး ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ ဥပါဒါန်လောဘကြီးပေါ့ နော် (မှန်ပါတယ်ဆရာ)၊ သူကျ တော့ ကြွက်ကြောင်ခဲသလို-တဲ့၊ ဖားမြွေမျိုသလို-လို့။ စွဲစွဲလမ်းလမ်းဖြစ်လာ။ အဲဒီ ခိုင်ခိုင်မြဲမြဲ စွဲစွဲလမ်းလမ်းဖြစ်လာတဲ့ လောဘကြီးက ဘယ်သူကြောင့် ဖြစ်တာလဲဆိုတော့ လောဘလေးကြောင့် ဖြစ်တာ။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် သူကျတော့ ရပြီလား (ရပါပြီဆရာ)၊ ရတော့ သူက ဘာဒုက္ခရှိ (အာရက္ခဒုက္ခ ပါဆရာ)၊ မြန်မာလိုပြောစမ်းကွာ- (စောင့်ရှောက်တဲ့ဒုက္ခပါဆရာ)၊ အေး - စောင့်ရှောက်တဲ့ဒုက္ခ နော် (မှန်ပါတယ်ဆရာ)၊ သိမ်းဆည်းထားပြီးတဲ့၊ သိမ်းဆည်းမိပြီ၊ ပိုင်သွားပြီ၊ ရသွားပြီ။ ရသွားတော့ ပြိုသွားမှာ၊ ပျက်သွားမှာ၊ ဆုံးရှုံးသွားမှာ မစိုးရိမ်ဘူးလားဟ (စိုးရိမ်ပါတယ်ဆရာ)၊ စိုးရိမ်တယ်, စိုးရိမ်တယ်။ အဲဒါစောင့်ရှောက်ခြင်းဆိုတဲ့ အာရက္ခဒုက္ခ နော် (မှန်ပါတယ်ဆရာ)၊ တဏှာလောဘက ဘာဒုက္ခ (ပရိယေသနဒုက္ခပါဆရာ)၊ ရှာမှီးခြင်းဒုက္ခ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်ထား၊ မှတ်ထား။ ဒါဖြင့်ရင် သူတို့နှစ်ခု အကြီးနဲ့အသေးပေါ့ (မှန်ပါတယ်ဆရာ)၊ ထပ်လိုက်တော့ တရားကိုယ် တစ်လုံးတည်းပေါ့ (တစ်လုံးတည်းပါဆရာ)၊ လောဘပေါ့ (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက ဘာရတယ် (မသိတာ ရပါတယ်ဆရာ)၊ တရားကိုယ် (မောဟပါဆရာ)၊ ဒါဖြင့်ရင် အခု ကိလေသဝဋ်လို့ ဆိုထားတဲ့ ဝဋ်သုံးပါးမှာ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ တရားသုံးလုံး ကောက်ထားတော့ တရားကိုယ် ဘယ်နှစ်လုံးရ (နှစ်လုံးရပါတယ်ဆရာ)၊ ဘယ်သူနဲ့ ဘယ်သူတုံး (မောဟနဲ့ လောဘပါဆရာ)၊ အေး-မောဟနဲ့လောဘ မသိတာနဲ့လိုချင်တာ မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ အဲဒါ မှတ်ထားကြနော်။ မောဟဆိုတဲ့ အဝိဇ္ဇာကြီးရယ်၊ လိုချင်တယ်ဆိုတဲ့ လောဘကြီးရယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါ ဘာဝဋ်ခေါ်တယ် (ကိလေသဝဋ်ပါဆရာ)၊ ဩော် - ကိလေသဝဋ် မှတ်ထားနော် သေသေချာချာ၊ ရိုးရိုးလေးတွေ, ရှင်းရှင်း လေးတွေ သိပ်ချဲ့ထွင်ပြောတာ မဟုတ်ဘူး။

ဩော် - မောဟက မသိတာ၊ အဝိဇ္ဇာက မသိတာ၊ တဏှာ, ဥပါဒါန်က လိုချင်တာ လောဘ၊ အဝိဇ္ဇာက မောဟ နော် (မှန်ပါတယ်ဆရာ)၊ တရားကိုယ် တရားသားကောက်လိုက်တော့ ဘာမှ မသိတဲ့ မောဟရယ်, လိုချင်စွဲလမ်းတဲ့ လောဘရယ် - နှစ်လုံးပဲ ရတယ်လို့ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ အဲဒီနှစ်လုံးပဲ ရတော့ ဒီနှစ်လုံးပဲ-တဲ့၊ ဒီသံသရာစက်ကြိုးကို အမြဲတစေ လည်နေအောင် လုပ်ပေးနေတာ-တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သံသရာစက်ကြီးကို အမြဲတစေ လည်နေအောင်

http://www.dhammadownload.com



လုပ်ပေးနေတာ ဒီနှစ်လုံးပါ-တဲ့၊ နှစ်မျိုးပါ-တဲ့၊ ဒီတရားများများ မရှိပါဘူးတဲ့။ ဒီနှစ်မျိုးသတ်လိုက်ရင် ရပ်မသွားဘူးလား (ရပ်သွားပါတယ်ဆရာ)၊ ဒီပြင် အကုသိုလ်ပေါင်း တစ်သောင်းခြောက်ထောင်ဆိုတာ ဖယ်ထားစမ်းပါကွာ၊ ဒါတွေ အရေးပါ အရာရောက်တဲ့ တရားတွေ မဟုတ်ပါဘူး။ တဏှာအစစ်က တစ်ရာ့ရှစ်ပါးတောင်ရှိ၊ ကိလေသာက တစ်ထောင့်ငါးရာတောင်ရှိ မများဖူးလား (များပါတယ်ဆရာ)။ ဒါတွေ အကုန်သတ်နေပေမယ့် ခရီးရောက်ပါ့မလား (မရောက်နိုင်ပါဘူးဆရာ)၊ သေရော့ သေပါ့မလားဟ (မသေနိုင်ပါဘူးဆရာ)၊ ကိလေသာဆိုတာ မဂ်က သတ်မှ သေတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာမဂ်မှ မရဘဲနဲ့ ဒီကိလေသာတွေ သတ်နေလို့ သေပါ့မလား (မသေနိုင်ပါဘူးဆရာ)။

ဒါကြောင့် ဒီတစ်သောင်းခြောက်ထောင်ဆိုတဲ့ တဏှာ ရာဂ ကိလေသာ အစရှိတဲ့ တရားတွေ သတ်နေပေမယ့် သံသရာစက်ရဟတ်ကြီးက အဆက်ပြတ်မှာ မဟုတ်ဘူး-တဲ့။ အညှာလေးတွေ လျှောက်ကြည့်လိုက်။ "အသီးတစ်ရာ အညှာတစ်ခု" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "အသီးတစ်ရာ အညှာတစ်ခု"၊ အညှာလေးတွေ တွေ့ရင် မလွယ်ဘူးလားဟ (လွယ်ပါတယ်ဆရာ)။ "တစ်နွယ်ငင် တော့ တစ်စင်ပါ"တဲ့၊ တစ်စင်လုံးလျှောက်ပြီးတော့ တစ်ညွန့်ချင်း လျှောက်ဖြတ်နေမယ့်အစား တစ်နွယ်တည်း ငင်လိုက်ရင် တစ်စင်လုံးပါလာတဲ့ အနွယ်မျိုးတွေ့ရင် မကိုက်ဘူးလားဟ (ကိုက်ပါတယ်ဆရာ)၊ ဒီနွယ်က ဆွဲလိုက်ရင် တစ်စင်လုံးပါကောင်းရဲ့ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလို ဆွဲမှ တစ်စင်လုံးပါတဲ့ အနွယ်ကို ဆွဲတော့ တစ်စင်လုံးပါသွား တစ်ချက်တည်း နော် (မှန်ပါတယ်ဆရာ)၊ တစ်စင်လုံးပါကောင်းတဲ့ အနွယ်ကို မဆွဲဘဲနဲ့ တစ်ညွန့်ချင်း လျှောက်ဖြတ်နေတော့ ခရီးမရှည် ဘူးလား (ရှည်ပါတယ်ဆရာ)၊ ခရီးလည်း ရှည်တယ်။ သေစရာ အကြောင်းလည်းမရှိ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် "သံသရာဝဋ်မြစ် ဖြတ်တတ်" ဆိုတဲ့ဥစ္စာ၊ အသီးတစ်ရာ သီးနေပေမဲ့ အညှာက တစ်ခုတည်းဆိုလို့ အညှာက ဖြတ်လိုက်ရင် တစ်ရာလုံး ခြွေနေစရာ မလိုဘူးနော် (မှန်ပါတယ် ဆရာ)၊ အညှာလေးတွေက ရှာရတယ်၊ အညှာက ဘာပါလိမ့်၊ ရမ်းလုပ်လို့ ဖြစ်တာ မဟုတ်ဘူး။ အညှာက ဘာပါလိမ့်၊ မူလရေသောက်မြစ်က ဘယ်ဟာပါလိမ့်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဓိပ္ပာယ် ငါပြောမယ်ကွာ - အဆိပ်ပင်ကြီး အဆိပ်သီးတွေ သီး, သီး, သီးနေတော့ ဒီအဆိပ်သီး တွေ စားလာလို့ သတ္တဝါတွေ ပျက်စီးတယ်၊ လူတွေရော, ကြက်တွေရော, ငှက်တွေရော သေ, သေကုန်တယ်။ ဒီအဆိပ်သီးတွေ စားသမျှတော့ ဒီလိုပဲ ဒုက္ခများတော့မှာပဲ ဆိုပြီးတော့ သနားလို့၊ အများအကျိုး ငဲ့ကွက်ပြီးတော့ အဆိပ်သီးတွေ တစ်လုံးချင်း တစ်လုံးချင်း ချူ ချူပြီး လွှတ်ပစ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မပင်ပန်းဘူးလားဟ (ပင်ပန်းပါတယ်ဆရာ)၊ ရုတ်တရက်

http://www.dhammadownload.com



ကုန်ပဲ့မလား (မကုန်နိုင်ပါဘူးဆရာ)၊ ကုန်တယ်ထားဦး၊ နောက်ပြန် မသီးဘူးလား (သီးမှာပါဆရာ)၊ လုံးလုံးကြီး ခန်းသွားစရာ အကြောင်းရှိရဲ့လား (မရှိပါဘူးဆရာ)။

အဲဒီလို မလုပ်ပါဘူးကွယ်၊ ရေသောက်မြစ်က ဖြတ်ချလိုက် နော် (မှန်ပါတယ်ဆရာ)၊ နောက် သီးဦးမှာလား (မသီးနိုင်တော့ပါဘူးဆရာ)၊ လုံးလုံးပြတ်ကရော့လို့ နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲ သွားတယ်။ ဒါလိုရင်းအချက်ကလေးတွေ လိုက်လိုက်ရှာ။ ဒါဖြင့် ကောင်းပြီ၊ တို့ အခု မြတ်စွာဘုရား ကိုယ်တော်မြတ်က ဝဋ်သုံးပါးလို့ ဟောထားတာ။ "ဝဋ္ဋ"သဒ္ဒါက လည်ခြင်းကို ဟောထားတယ်။ လည်ခြင်းကို ဟောထားတာ-တဲ့။ ဘယ်လိုဟောထားတုံး - ချစ်သား, ချစ်သမီးတို့ အကြင်ရွေ့မျှ ကာလပတ်လုံး ကိလေသဝဋ်သည် မကုန်ဆုံးသေးတဲ့၊ ထိုရွေ့မျှကာလပတ်လုံး မရပ်မတည် အဖန်ဖန် အထပ်ထပ် မပြတ်အားဖြင့် လည်အုံးမယ်တဲ့၊ ဒီလို ဆိုတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ကိလေသဝဋ် အရေးကြီးဆုံးပေါ့ (အရေးကြီးဆုံးပါဆရာ)၊ ကြည့်လေ - ဒီနေပုံကလည်းပဲ အဝိဇ္ဇာရယ်, တဏှာရယ်, ဥပါဒါန်ရယ် ကိလေသဝဋ် မဟုတ်ဘူးလား၊ (ကိလေသဝဋ်ပါဆရာ)၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ကိလေသဝဋ် ဆိုတော့ တရားကိုယ်ကောက်လိုက်တော့ မသိတဲ့ မောဟ၊ လိုချင်တဲ့ လောဘ ဒီလိုဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။ မသိတဲ့ မောဟရယ်၊ လိုချင်တဲ့ လောဘရယ် အဲဒါနှစ်ခုကြည့်၊ သူတို့ နှစ်ခုပဲတဲ့။ သူတို့နှစ်ခု ဘာပြုလို့၊ သူတို့နှစ်ခုပဲ သံသရာဝဋ်ကြီး လည်နေတာ သူတို့ပဲတဲ့။ ဘယ့်နှယ့်လည်တုံး၊ လည်ပုံလည်နည်းကို ပြစမ်းပါတဲ့ - မသိတော့ လိုချင်တာ ပေါ့တဲ့၊ မလိုချင်ဘူးလား (လိုချင်ပါတယ်ဆရာ)၊ သိရင် လိုချင်ပဲ့မလား (မလိုချင်ပါဘူးဆရာ)၊ မသိတော့ လိုချင်တာပေါ့တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာလိုချင်တာတုံး (ဘဝပါဆရာ)၊ ဩော် -ဘဝ နော် (မှန်ပါတယ်ဆရာ)၊ ဒီနေရာမှာ "တဏှာ လောဘ" ဆိုတဲ့ လောဘကို တရားကိုယ်ကောက် ထားတာ၊ ဘာလိုချင်တာတုံးဆို၊ ဘဝလိုချင်တာ-တဲ့။ ဒါကြောင့် ဒီတဏှာကို ဘာတဏှာခေါ်လဲ (ဘဝတဏှာ ပါဆရာ)၊ အေး - ဘဝတဏှာ၊ တေ့လွဲချည်းကို လွဲကြတာပဲ။ နားလည်လား (နားလည် ပါတယ်ဆရာ)၊ ဘဝလိုချင်တာလဲ ပြောသေးတယ်၊ ဝိဘဝတဏှာလည်း ချလိုက်သေး၊ ဘာတဏှာတုံး (ဘဝတဏှာပါဆရာ)၊ ဘဝတဏှာ။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ပဋိစ္စသမုပ္ပါဒ်ဝဋ္ဋကထာမှာ ဘယ့်နှယ့်ဟောထား သလဲ ဆိုတော့ "အဝိဇ္ဇာ ဝါ ဘဝတဏှာ ဝါ" တဲ့လား (မှန်ပါတယ်ဆရာ)၊ ဟော - တိုက်ရိုက် တိုက်ရိုက်၊ ကာမတဏှာလို့ ဟောသလား (မဟောပါဘူးဆရာ)၊ ဝိဘဝတဏှာလို့ ဟောသလား (မဟောပါဘူးဆရာ)၊ ဘယ့်နှယ်ဟော ("ဘဝတဏှာ"လို့ ဟောပါတယ်ဆရာ)၊ အေး- " အဝိဇ္ဇာ ဝါ

http://www.dhammadownload.com



ဘဝတဏှာ ဝါ” မူလနှစ်ပါး ပြထားတာနော် (မှန်ပါတယ်ဆရာ)၊ တိုက်ရိုက်မလာဘူးလား (တိုက်ရိုက်လာပါတယ်ဆရာ)၊ အဲဒါ “နိကန္တိတဏှာ”လို့ ခေါ်တယ်။ ဘဝအသစ်အသစ် ဖြစ်ချင်တယ်၊ ဘဝအသစ်အသစ် နှစ်သက်တယ် ဆိုတာ “နိကန္တိတဏှာ” လို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါ သေချာကြည့် ဒီနေရာလေး။ ဒါ အညာပဲ ဆိုထား မှတ်ထား။ ဒီဘဝတဏှာကြီး ဘဝ လိုချင်တာ ဘာပြုလို့ လိုချင်တာလဲ မေးတော့ ဘယ့်နှယ့်ပြောမလဲ (မသိလို့ပါဆရာ)၊ အေး - မသိလို့၊ မသိတာ ဘယ်သူတုံး (အဝိဇ္ဇာပါဆရာ)၊ ဟော - အဝိဇ္ဇာ၊ ဘာမသိတာလဲ (မကောင်းမှန်းမသိလို့ ပါဆရာ)၊ မကောင်းမှန်း မသိရင် ကောင်းမှန်းသိတာပေါ့လို့ မင်းပြောတဲ့ စကားအတိုင်းဆို။

ဘာမှ သူမမှတ်မိဘူး၊ သံသရာဒုက္ခကို သုခမှတ်နေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။ သံသာရဒုက္ခံ သုခသညာယ ဂဟေတွာ၊ သံသရာဝဋ်ဆင်းရဲကြီး သူ သုခမှတ်နေတယ် မဟုတ်လား (မှတ်နေပါတယ်ဆရာ)၊ မသိလို့ မဟုတ်လား (မသိလို့ပါဆရာ)၊ ဒါ သံသရာဒုက္ခမှန်း မသိဘူးပေါ့ (မသိလို့ပါဆရာ)။ ခန္ဓာဒုက္ခမှန်း မသိဘူးပေါ့ (မသိလို့ပါဆရာ)၊ ဘဝဒုက္ခမှန်း မသိဘူးပေါ့၊ (မသိလို့ပါဆရာ)၊ ဝဋ်ဒုက္ခမှန်း မသိဘူးပေါ့၊ (မသိပါဘူးဆရာ)၊ ဒုက္ခမှန်းကိုမှ မသိတာ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒုက္ခမှန်းမသိတော့ သူလိုချင်တယ်လား (လိုချင်ပါတယ် ဆရာ)၊ ဘာလိုချင်လဲ (ဘဝကိုပါဆရာ)၊ ဘဝလိုချင်တယ်၊ ဘဝတဏှာ နော် (မှန်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ။

ဒါကြောင့် အဲဒီကိလေသဝဋ်အကြောင်းခံပြီးတော့ ထိုကိလေသာရှိနေလို့ပေါ့တဲ့၊ ကုသိုလ်ကံ, အကုသိုလ်ကံ ဆိုတဲ့ ကံနှစ်ပါး သူလုပ်နေတာ-တဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီနေရာလေးက သေချာလေးမှတ်ကြနော်၊ ပြီးတော့ ကိုယ့်ကိုယ်ကို ပြန်, ပြန်စဉ်းစားကြ။ တို့လုပ်ပုံလုပ်နည်းတွေနဲ့ ဘယ်လိုတုံးဟဲ့၊ တို့လုပ်နေတာက၊ တို့ပါးစပ်က ပြောနေတော့ သံသရာဝဋ်ဆင်းရဲကြောက်လှချည်ရဲ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံးလိုချင်လှချည်ရဲ့။ နိဗ္ဗာန်များ နေ့ချင်းပေါက် ညချင်းပေါက် ရောက်ချင်စမ်းပါဘိ ပြောလိမ့်မယ်, ပြောလိမ့်မယ် ပါးစပ်က နော် (မှန်ပါတယ်ဆရာ)၊ ရအောင်လုပ်မှ ရတာ, ရောက်တာ၊ ရအောင် လုပ်မှ ရတာ၊ ပါးစပ်က ပြောတာ တစ်မျိုး၊ လုပ်တာက တခြား၊ ဘယ်လိုနည်းနဲ့ ရပါမတုံးလို့ ကိုယ်လုပ်တာကို၊ ကိုယ်ပြန်ပြန် ကြည့်လိုက်၊ ကြည့်-ဒီနေရာမှာ နာမည်ကိုက “ဝဋ်သုံးပါး”လို့ ပြောထားတာ။ ဝဋ်သုံးပါး ဝဋ်သုံးပါး၊ ဝဋ်အတွင်းမှ လွတ်ကင်းထွက်မြောက်လိုသည်ဖြစ်ပါသောကြောင့် ထောင့်နှစ်ရာဘယ်နှစ် ခုနစ် တရားနာ ဖိတ်စာတွေ ဝေလို့ လာလိုက်တာ၊ မလာဘူးလား (လာပါတယ်ဆရာ)၊ သူတို့ပြောတဲ့ ဝဋ်အတွင်းက ဘာဝဋ်မှန်း

http://www.dhammadownload.com



မသိဘဲကို။ ဒါပေမယ့် ဝဋ်လည်း နားမလည်ဘူး။ လူကြားကောင်းအောင်တော့ ဒီလို ပါကြတာပဲ နော် (မှန်ပါတယ်ဆရာ)။

ဝဋ်အတွင်းမှ လွတ်ကင်းထွက်မြောက်လိုသည်ဖြစ်ပါသောကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီးကို ရချင်, ရောက်ချင်သောကြောင့် တရားနာဖိတ်စာကတော့ဖြင့် လှုပါတယ်။ ဒါပေမယ့် ကိုယ်လုပ်နေတာ ဘယ်လို လုပ်နေမှန်းမသိ။ အသိဉာဏ်ကလည်း မရှိ။ အဝိဇ္ဇာတန်းလန်းနဲ့ လုပ်နေရင် ဒီအတိုင်းသွားမှာပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ မသိတာ၊ မသိတော့ လိုချင်တယ်။ ဘာလိုချင်တာတုံး ဘဝတဏှာ လိုချင်တယ်။ ဘာပြုလို့ လိုချင်တာတုံး မသိမှ မသိဘဲ။ ဘာမသိတာတုံး ဩော် - ဘဝသံသရာ အဆက်ဆက်ဖြစ်နေသမျှ ဒုက္ခတုံး ဒုက္ခခဲ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒုက္ခအစစ်ပဲဆိုတာ နားမလည်ဘူး၊ နားမလည်တော့ မကြောက်၊ မကြောက်တော့ လိုချင်တာတဲ့။

ဒါကြောင့် "သံသာရဒုက္ခံ သုခသညာယ ဂဟေတွာ"လို့။ တဿ ဟေတုဘူတေ တိဝိဓေပိ သင်္ခါရေ အာရဘတိ" သံသာရဒုက္ခံ၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲကို။ သုခသညာယ၊ သုခ ဟူသော အမှတ်သညာဖြင့်။ ဂဟေတွာ၊ ယူဆ၍။ တဿ၊ ထိုသံသရာဝဋ်ဆင်းရဲ၏။ ဟေတုဘူတေ၊ အကြောင်းဖြစ်၍ဖြစ်သော။ တိဝေဓေပိ၊ သုံးမျိုးသော သင်္ခါရတရားတို့ကိုလည်း။ အာရဘတိ၊ ကြိုးစား မယုတ် အားထုတ်၏ နော် (မှန်ပါတယ်ဆရာ)၊ တဿ၊ ထိုသံသရာဝဋ်ဆင်းရဲ၏။ တိဝိဓေပိ၊ သုံးပါး အပြားလည်းရှိသော၊ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ အာရဘတိ၊ ကြိုးစားအားထုတ်၏။ သံသရာ ဝဋ်ဆင်းရဲကြီးကို သုခဟူသော အမှတ်သညာရှိနေတဲ့ ထိုပုဂ္ဂိုလ်မျိုးသာလျှင်တဲ့။ အခုပြောနေတဲ့ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ ဆိုတဲ့ သင်္ခါရသုံးမျိုး ကြိုးစားအားထုတ် အလုပ်လုပ်တာတဲ့ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ အဲဒါကြောင့် ကမ္မဝဋ် သင်္ခါရနှင့်ဘဝ တွေ့ လား၊ (တွေ့ပါတယ်ဆရာ)၊ ကမ္မဝဋ် ဘယ်သူနဲ့ဘယ်သူတုံး (ဘဝနဲ့သင်္ခါရပါဆရာ)၊ ဘဝနှင့်သင်္ခါရ လုပ်ပြီ နော် (မှန်ပါတယ်ဆရာ)၊ လုပ်ကုန်ပြီ။

ဘာပြုလို့ လုပ်၊ လိုချင်လို့ လုပ်၊ ဘာဖြစ်လို့ လိုချင် မသိလို့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ငါပြောတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဟုတ်ပြီ၊ လုပ်ပြီတဲ့ ဘဝနဲ့သင်္ခါရ၊ ဘဝဆိုတာ ဘာခေါ်တုံး (စေတနာပါဆရာ)၊ ဒီနေရာ ဘာဘဝ ကောက်တုံး (ကမ္မဘဝပါဆရာ)၊ အေး - ကမ္မဘဝ ဘာစေတနာတွေတုံး။ ဩော် - ဒီကောင် ပါးစပ်တွေ ပိတ်ပိတ်ထား၊ ကုသိုလ်စေတနာ အကုသိုလ်

http://www.dhammadownload.com



စေတနာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဟင် - သူများပြောတော့မှ မှန်ပါတယ်ချည်းပဲ၊ သူ့ဖြင့် တစ်ခုမှ မမှန်ဘူးဆိုတာ ကျနေတာပဲ။ ဘာစေတနာတွေ (ကုသိုလ်ကံနဲ့ အကုသိုလ်ကံ စေတနာတွေ ပါဆရာ)၊ ဒီနှစ်ခုကိုများ မှတ်ထားစမ်းပါဟာ - ကမ္မဘဝရယ်, သင်္ခါရရယ်၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"၊ သင်္ခါရတုန်းက ဘာကောက်ထားတယ်၊ နောက်ထပ်တစ်ခါ "ဥပါဒါနပစ္စယာ ဘဝေါ"ဆို၊ ကမ္မဘဝ တုန်းက ဘာကောက်ထားတယ်၊ သူတို့နှစ်ခု အတူတူ၊ ရက်ပိုင်းက စကားတောင် များနေကြသေး တယ် တူလို့၊ စကားများတာ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ ဘယ်နှယ့်မှတ်မိ (အတိတ်နဲ့ ပစ္စုပ္ပန်)၊ အေး-ဟုတ်ပြီ ဟုတ်ပြီ။ ဒါလေးတော့ သူမှတ်မိသား၊ တော်တော့ တော်သား, လူက ညံ့နေ လို့ပါ။ အတိတ်နဲ့ပစ္စုပ္ပန်လား (မှန်ပါတယ်ဆရာ)၊ ဒါ တစ်ခုတည်းလား၊ (နှစ်ခု ပါဆရာ)၊ လုပ်စမ်းပါအုံး တစ်ခုက၊ (အတိတ်က သင်္ခါရ ပါဆရာ)၊ အေးလေ-ဟုတ်ပါပြီ၊ အတိတ်တုန်းက သင်္ခါရက အတိတ်လား၊ (မှန်ပါတယ်ဆရာ) အတိတ်ကဖြစ်တဲ့ စေတနာလား (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝကော (ပစ္စုပ္ပန်ဘဝ ပါဆရာ)၊ ပစ္စုပ္ပန်ဖြစ်တဲ့ စေတနာ (ပစ္စုပ္ပန်ဖြစ်တဲ့ စေတနာ ပါဆရာ)၊ စေတနာချင်း ဒီလိုကွာတယ်လား (မှန်ပါတယ်ဆရာ)၊ စေတနာချင်းတူတယ် ဆိုပေမယ့် ဒီလိုကာလအားဖြင့် ကွာတယ်လား (မှန်ပါတယ် ဆရာ)၊ ကိုင်း - နှစ်ခုဆိုတော့ တစ်ခု ပြောစမ်းပါအုံး (အဲဒါတော့ မပြောတတ်ဘူးဆရာ)၊ ဟောဗျာ -ငါနှစ်နည်းပဲ ပြောနေသလား မသိဘူး၊ ဒီနှစ်ခု သူပြောနေတာကို၊ ဖြစ်မှဖြစ်ရလေ သန်းဖေရာ . . မလျှုမတန်းမီ ရှေ့အဖို့က ကြိုတင်ဖြစ်တဲ့ စေတနာကိုတော့ ဘာခေါ်တယ် (ပုဗ္ဗစေတနာပါဆရာ)၊ အောင်မလေး ဟုတ်လှချည်းဟ။ အခုပြောတဲ့ ကမ္မဘဝနဲ့ သင်္ခါရ ဘယ်သူကို ခေါ်တုံး မေးတယ် (မုဉ္စစေတနာပါဆရာ)၊ ဟင် - ချကုန်ပြီဟေ့ ပရိသတ်က ရယ်ကုန်ပြီပေါ့။ ဘယ်လိုမိုက်တဲ့ကောင်မှန်းကို မသိပါဘူး။ အဲဒါ ငါက ရှေ့က ပြောသွား၊ သူက နောက်က တစ်ခုမှလည်း မရှိဘူး။ မလှူခင် မတန်းခင် ကာလအားဖြင့်၊ နှစ်အားဖြင့် ကြိုတင်ပြီး ဖြစ်ပေါ်တဲ့ စေတနာကျတော့ သင်္ခါရ ကောက်ပါတယ်။ ဒါပေမယ့် သင်္ခါရနဲ့ ကမ္မဘဝ ရန်ဖြစ်တာ မှတ်မိသေးရဲ့လားဆိုတော့ မှတ်မိပြန်ပေါ့တဲ့ နားလည်လား (နားလည်ပါတယ် ဆရာ)၊ မလှူခင် မတန်းခင် ကြိုတင်ဖြစ်တဲ့ ပုဗ္ဗစေတနာကျတော့ ဘာခေါ်လဲ (သင်္ခါရ ကောက်ပါတယ် ဆရာ)၊ လှူဆဲတန်းဆဲခဏဖြစ်ပေါ်တဲ့ စေတနာကျတော့ ဘာခေါ်လဲ (ကမ္မဘဝပါဆရာ)၊ အဲသလို လည်း တော်သားပဲ။ တော်မှာပေါ့ ငါက အကုန်လျှောက်ဖော်ပေးနေတာ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)။

http://www.dhammadownload.com



ဒါဖြင့် တစ်ဝီထိ, တစ်အာရုံမှာက ဇောဘယ်နှစ်လုံးပါ (ခုနစ်လုံးပါဆရာ)၊ ခုနစ်လုံးပါတယ်လား (ခုနစ်လုံးပါဆရာ)၊ ခုနစ်လုံးပါတော့က တစ်ကစပြီးတော့ ရေစမ်း - ပထမဇော တစ်လုံးက အစ - တစ် နှစ် သုံး လေး ငါး ခြောက်၊ အဲဒီရှေ့က ဇောခြောက်လုံးက ဘာခေါ်လဲ (သင်္ခါရပါဆရာ)၊ နောက်ဆုံးတစ်လုံးက ဘာခေါ်လဲ (ဘဝစေတနာပါဆရာ)၊ ကမ္မဘဝ ဟုတ်လား (ကမ္မဘဝ စေတနာပါဆရာ)၊ စေတနာဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူတို့နှစ်ခု တရားကိုယ် ကောက်ထားရင် ကမ္မဘဝနဲ့သင်္ခါရ စေတနာတွေ ကောက်ထားချင်း မတူဘူးလားဟ (တူပါတယ်ဆရာ)၊ ကုသိုလ်ကံ အကုသိုလ်ကံ စေတနာ ကောက်ထားတာပေါ့နော်၊ (မှန်ပါတယ်ဆရာ)၊ စေတနာ နှစ်ဆယ့်ကိုး။ အဲဒါ စေတနာနှစ်ဆယ့်ကိုး အကောက်ချင်းတူလို့ ရန်ဖြစ်တယ်လို့ မှတ်မိသေးရဲ့လားဆို မှတ်မိပါတယ်တဲ့ ပြောတော့ အလွဲချည်းပဲ၊ အခုပြောတော့ ပြန်မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ကိုင်း - ဒီနေရာကြည့်စမ်း -

ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်တဲ့လား (မှန်ပါတယ်ဆရာ)၊ ဟော - ကိလေသဝဋ်က အဝိဇ္ဇာရယ်, တဏှာရယ်, ဥပါဒါန်ရယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ တရားကိုယ် ကောက်တော့ မောဟရတယ်။ မြန်မာလိုပြောတော့ "ဘာမှ မသိဘူး"တဲ့။ တဏှာ ဥပါဒါန်ကတော့ လောဘအသေးနဲ့ အကြီးပဲတဲ့။ လောဘချည်းရတာပဲတဲ့။ လိုချင်တာနဲ့ စွဲလမ်းတာပဲတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ ဒီတရားကိုယ်နှစ်ခုကို မြန်မာလိုပြန်လိုက်တော့ မသိလို့ လိုချင်တာပေါ့တဲ့။ မလိုချင်ဖူးလား (လိုချင်ပါတယ်ဆရာ)၊ ဘာမသိတာတုံး ဆိုတော့ သံသရာဒုက္ခ ဝဋ်ဆင်းရဲကြီး သူမသိလို့တဲ့, သုခမှတ်လို့တဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ သုခမှတ်တော့ သူဘာတွေ လုပ်တုံး၊ လုပ်ပြီ-တဲ့။ ဘဝနဲ့သင်္ခါရ လုပ်ပြန်ပေါ့တဲ့ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ဘဝနဲ့သင်္ခါရ စေတနာချည်းမဟုတ်လား (စေတနာချည်းပါဆရာ)၊ လုပ်ကုန်ပြီ-တဲ့။ ကုသိုလ်ကံ အကုသိုလ်ကံ တွေကို-တဲ့၊ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ အဲဒါ လုပ်တာပဲ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ မသိလို့ လိုချင်၊ လိုချင်တော့ ပြုလုပ် ကိုက်ရဲ့လား (ကိုက်ပါတယ်ဆရာ)၊ မသိတော့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ် ကိုက်ပြီလား (ကိုက်ပါတယ်ဆရာ)၊ အဲဒီလိုပြုလုပ်နေတော့ ဘဝသင်္ခါရ ဆိုတဲ့ စေတနာတွေ လုပ်လိုက်တော့ သေသည်၏ အခြားမဲ့ ဒုတိယဘဝမှာ ပဋိသန္ဓေ ဥပါဒ်ခဏက, စ၊ ပဋိသန္ဓေ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဖြစ်သွားပြီ နော် (မှန်ပါတယ်ဆရာ)၊ ဒါ-ရသွားတာပေါ့

http://www.dhammadownload.com



(ရသွားပါတယ်ဆရာ)၊ ဘာတွေရသွားတုံး၊ (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ၊ ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏ ပါဆရာ)၊ အေး - ဟုတ်ပြီ။ ရသွားပြီလား (ရသွားပါပြီဆရာ)၊ ဝိပါက်ကောင်ကြီး ဖြစ်သွားပြီလား (ဖြစ်သွားပါပြီဆရာ)၊ ခန္ဓာကောင်ကြီးလား (ခန္ဓာကောင်ကြီးပါဆရာ)၊ ဒုက္ခကောင်ကြီးပေါ့ (ဒုက္ခကောင်ကြီးပါဆရာ)၊ ဟဲ့ - ဒုက္ခကောင်ကြီး ဖြစ်သွားပြီနော် (မှန်ပါတယ်ဆရာ)၊ ဒုက္ခဆိုတော့ ခံရမယ် မဟုတ်လား (ခံရမှာပါဆရာ)၊ သုခဆိုရင် စံရမှာပေါ့ (စံရမှာပါဆရာ)၊ အေး - ဟုတ်ပြီ, ဟုတ်ပြီ။

ဒီတော့ ပြန်ကြည့်လိုက်စမ်း - "မသိတော့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ" မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရရှိတော့ ခံကြတော့ နော် (မှန်ပါတယ်ဆရာ)၊ အဆက်မပြတ် အထပ်ထပ် အမြဲတစေ ဒုက္ခတွေနဲ့ ခံပြီး နေကြရတယ်၊ ဒါ ကိလေသဝဋ်။ ဒါကြောင့် ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်။ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်တယ်။ အဲဒီတရားတွေကို သေချာကြည့်စမ်း - "ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်" ဆိုတော့ ကိလေသဝဋ်က အကြောင်းလား, အကျိုးလား (အကြောင်းပါဆရာ)၊ နောက်တစ်ခါ - "ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်" ဆိုတော့ ကမ္မဝဋ်က အကြောင်းလား, အကျိုးလား (အကျိုးပါဆရာ)၊ ကမ္မဝဋ်က အကြောင်းလား, အကျိုးလား။ နင့်သဘောထဲမှာကိုပဲ နည်းနည်းလေး ရှင်းသွားမှ ပိုကောင်းမယ်၊ ကမ္မဝဋ်က အကြောင်းလား, အကျိုးလား (အကျိုးပါဆရာ)၊ ချတာပဲဟေ့ -

ဒါဖြင့် စေတနာလေးတွေကို အကျိုးကောက်တာပေါ့ (အကြောင်းပါဆရာ)၊ ဟော - ဖြစ်လာရော၊ အခု တောစောင့်နတ်၊ အခု တောင်စောင့်နတ် ဖြစ်လာပြန်ပေါ့။ အကြောင်းမဟုတ်ဘူးလား (အကြောင်းပါဆရာ)၊ ဒါ "အကြောင်းရဲ့အကြောင်း" ခေါ်တယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါပေမယ့် ဒီကမ္မဝဋ်စေတနာတွေ လုပ်ခြင်းကြောင့် "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ"ဆိုတဲ့ တရားငါးပါး ရသွားတာ အကျိုးလား, အကြောင်းလား (အကျိုးပါဆရာ)၊ အေး - ဟိုကျမှ အကျိုး၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါကြောင့် ဒီမှာ "အကြောင်းရဲ့အကြောင်း" ခေါ်တယ်။ "ကာရဏကာရဏမ္ပိ ကာရဏံတွေဝ ဝုစ္စတိ"။ ကာရဏကာရဏမ္ပိ၊ အကြောင်းရဲ့ အကြောင်းကိုလည်း။ ကာရဏံတွေဝ၊ အကြောင်းဟူ၍ပင်လျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။ အကျိုးလို့ သွားမခေါ်ပါနဲ့နော် (မှန်ပါတယ်ဆရာ)၊ ကိလေသဝဋ်က ဥပနိဿယပစ္စည်းအားဖြင့် ကျေးဇူးပြုပေးလို့ ကမ္မဝဋ်ပေါ်လာတယ်တဲ့၊ ထိုကမ္မဝဋ်က တစ်ခါအကြောင်းခံပြန်တော့ ဝိပါကဝဋ်လို့ ပေါ်လာပြန်တယ်တဲ့။ ဒါ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com


အဲဒါ တရားကိုယ်ကောက်တော့ ဝဋ်သုံးပါးမှာ အဝိဇ္ဇာ တဏှာ ဥပါဒါန်၊ တရားကိုယ်ကောက်တော့ မောဟနဲ့လောဘ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီတော့ သေသေချာချာကြည့်။ ဘာဖြစ်လို့ ဒီဝဋ်သုံးပါးကြီး လည်နေသလဲ၊ ဘုံသုံးပါး လည်နေသလဲ၊ သုံးဆယ့်တစ်ဘုံ လည်နေသလဲ၊ သံသရာကြီး လည်နေသလဲ ဆိုတော့ ကိလေသဝဋ် အကြွင်းရှေ့မျှကာလပတ်လုံး ကိလေသာ မပြတ်သေးတဲ့၊ ထိုရှေ့မျှကာလပတ်လုံး မပြတ်သော အကြောင်းရှိသည်ဖြစ်သောကြောင့် မရပ်တည်။ အဖန်ဖန် အထပ်ထပ် မပြတ်လည်၍နေ၏ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် -

ယာဝ ကိလေသဝဋ္ဋံ န ဥပစ္ဆိဇ္ဇတိ၊ တာဝ အနုပစ္ဆိန္နပစ္စယတ္တာ အနဝဋ္ဌိတံ ပုနပ္ပုနံ ပရိဝဋ္ဋနတော ဘမတိယေဝ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၈၅)

ယာဝ၊ အကြွင်းရှေ့မျှကာလပတ်လုံး။ ကိလေသဝဋ္ဋံ၊ ကိလေသာဝဋ်သည်။ န ဥပစ္ဆိဇ္ဇတိ၊ မပြတ်သေး-တဲ့။ အကြွင်းပုဂ္ဂိုလ် အကြွင်းရှေ့မျှကာလပတ်လုံး ကိလေသာဝဋ် မပြတ်သေး နော် (မှန်ပါတယ်ဆရာ)၊ တာဝ၊ ထိုရှေ့မျှကာလပတ်လုံး။ အနုပစ္ဆိန္နပစ္စယတ္တာ၊ မပြတ်သော အကြောင်းရှိသည်၏ အဖြစ်ကြောင့်။ အနဝဋ္ဌိတံ၊ မရပ်မတည်။ ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။ ပရိဝဋ္ဋနတော၊ လည်တတ်သော ကြောင့်။ ဘမတိယေဝ၊ လည်တော့သည်သာလျှင်တည်း။

မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဘာကြောင့် သံသရာကြီး လည်နေ (မသိလို့ လည်နေပါတယ်ဆရာ)၊ ဟောဗျာ - ငါ အခုပြောသွားတဲ့ အဓိပ္ပါယ်ကို သူနားမလည်ဘူး။ အကြွင်းရှေ့မျှ ကာလပတ်လုံး ကိလေသဝဋ်သည် ထင်ရှားရှိသေး၏။ ထိုရှေ့မျှကာလပတ်လုံး လည်တတ်သော အကြောင်းရှိသောကြောင့် အမြဲတစေ လည်၍နေ၏။ ဘာဖြစ်လို့လည် (ကိလေသာတွေ အမြဲတမ်း ရှိနေလို့ လည်ပါတယ်ဆရာ)၊ ကိလေသဝဋ် ရှိနေလို့၊ ဘာကိလေသာတွေ၊ ကိလေသဝဋ်ရှိနေလို့လား (မှန်ပါတယ်ဆရာ)၊ ကိလေသဝဋ် ရှိနေလို့လား (မှန်ပါတယ်ဆရာ)၊ "ယာဝ ကိလေသဝဋ္ဋံ န ဥပစ္ဆိဇ္ဇတိ" ငါပြောတဲ့ အဓိပ္ပာယ်လေးတွေ သေသေချာချာ စဉ်းစား နားထောင်စမ်းပါဟ၊ လူတိုင်းလူတိုင်း မင်းလိုများနေ ခက်ရချည်းဆိုတာ ကျနေ။ "ယာဝ ကိလေသဝဋ္ဋံ န ဥပစ္ဆိဇ္ဇတိ"တဲ့။ ကိလေသဝဋ် ကောက်ထားတာ၊ ကိလေသာတစ်ထောင့်ငါးရာ ဆိုတော့ အကုန်ကောက်ထားတာ မဟုတ်ဘူး၊ အကျဉ်းအားဖြင့် ဆယ်ပါးစလုံး အကုန်ကောက်တာမဟုတ်ဘူး၊ ဒီနေရာမှာ မောဟနဲ့ လောဘ ကောက်ထားတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မောဟနဲ့လောဘ ကောက်ထားတာ၊ အဝိဇ္ဇာရယ်, တဏှာရယ်, ဥပါဒါန်ရယ် နော် (မှန်ပါတယ်ဆရာ)၊ မောဟလည်း မသိတာ၊ ဘာ

http://www.dhammadownload.com



မသိတာတုံး၊ သံသရာဒုက္ခမှန်း မသိဘူး-တဲ့။ လောဘ ဘာကောက်တာတုံး၊ ဘဝလိုချင်တာ လောဘ။ ဒီပြင်ဟာတွေ ပြောတာ မဟုတ်ပါဘူး။ ကာမဂုဏ်လိုချင်တဲ့ လောဘလည်း မဟုတ်ပါဘူး၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာလိုချင်တဲ့ လောဘ၊ (ဘဝလိုချင်တဲ့လောဘ ပါဆရာ)။ အဲဒါ မှတ်ထား နော် ဘဝတဏှာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီနှစ်ခုကို ကြပ်ကြပ်ကြီး သတိပြုပါလို့။ "ယာဝ ကိလေသဝဋ္ဋံ န ဉပစ္ဆိဇ္ဇတိ" ဆိုထားတာ၊ အကြင်ကိလေသဝဋ်သည် မပြတ်သေး။ တာဝ အနုပစ္ဆိန္နပစ္စယတ္တာ၊ ထိုသို့ မပြတ်သေးသော အကြောင်းရှိသည်၏အဖြစ်ကြောင့်လို့ ဆိုထားတာ။ ဗျတိရေကပြန်ကြည့်။ အနွယ,က ဘယ့်နှယ့်နေတုံး။ ဟောဒီ ကိလေသဝဋ် - မောဟနဲ့ လောဘ မသိလို့ ဘဝကို လိုချင်တယ်ဆိုတဲ့ မောဟနဲ့ လောဘဟာ အကြင်ရွေ့မျှ ကာလပတ်လုံး ထင်ရှားရှိသေး၏။ ထိုရွေ့မျှ ကာလပတ်လုံး သံသရာလည်အုံးမယ်။ တိုတိုပြောတော့ နားလည်လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ဒီဘာမှ မသိတဲ့ သံသရာဒုက္ခမှန်း မသိတဲ့ မောဟရယ်၊ သံသရာဒုက္ခမှန်း မသိလို့ ဘဝသစ်တွေ ဖြစ်ချင်တယ်ဆိုတဲ့ ဘဝတဏှာ ခေါ်ထားတဲ့ လောဘရယ် အဝိဇ္ဇာဆိုတဲ့ အသိဉာဏ်ဝင်လာတော့ ဒီနှစ်ခုများ ပြုတ်သွားရင် သံသရာလည်အုံးမှာလား (မလည်တော့ပါဘူးဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သဘာဝကျရဲ့လား အခုပြောတာ (ကျပါတယ်ဆရာ)၊ ပြောင်းပြန် ပြန်ကြည့်ရင် ဒီအတိုင်းမနေဘူးလား (ဒီအတိုင်းပါဆရာ)၊ သံသရာကြီး ဘာကြောင့်လည် - ကိလေသဝဋ်ကြောင့်လည်။ ဝဋ်သုံးပါး ဘာကြောင့်လည် - ကိလေသဝဋ်ကြောင့်လည် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ကိလေသဝဋ်ကြောင့်လည်တယ် နော် (မှန်ပါတယ်ဆရာ)၊ ကိလေသဝဋ်က ဘယ်သူနဲ့ ဘယ်သူတုံး (မောဟနဲ့ လောဘပါဆရာ)၊ မောဟနဲ့ လောဘ။ မောဟက ဘာတုံး (မသိတာပါဆရာ)၊ လောဘက ဘာတုံး (လိုချင်တာပါဆရာ)၊ မောဟ မသိတာက ဘာမသိတာလဲ (သံသရာဒုက္ခမှန်း မသိတာပါဆရာ)၊ သြော် - သံသရာ ဒုက္ခမှန်း မသိတာလား (မှန်ပါတယ်ဆရာ)၊ လောဘက ဘာလိုချင်တာတုံး (သံသရာဒုက္ခမှန်း မသိလို့ လိုချင်တာပါဆရာ)၊ ဘာလိုချင်တာတုံး မေးရင် (ဘဝပါဆရာ)၊ ဘဝလိုချင်တယ်လား (မှန်ပါတယ်ဆရာ)၊ သြော် - ဒါဖြင့် ဘဝကို လိုချင်တဲ့ ဘဝတဏှာရယ်, သံသရာဝဋ်ဆင်းရဲ ဆင်းရဲမှန်းမသိတဲ့ အဝိဇ္ဇာရယ်ပေါ့ နော် (မှန်ပါတယ်ဆရာ)။

သြော် - ဒီနှစ်ခုရှိခြင်းကြောင့် သံသရာလည်နေတယ်လား၊ ဒါ ကိလေသဝဋ်ပေါ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီနှစ်ခုကြောင့် သံသရာကြီးလည်နေတယ်လား (မှန်ပါတယ်ဆရာ)၊ ဝဋ်သုံးပါးလည်တယ်လား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ဒီနှစ်ခုပြုတ်သွားလို့ရှိရင် လည်အုံးမှာလား (မလည်တော့ပါဘူး

http://www.dhammadownload.com



ဆရာ)၊ ဒီနှစ်ခုပြုတ်သွားရင် မလည်တော့ဘူးပေါ့ (မလည်တော့ဘူးဆရာ)၊ အေး - မလည်ဘူး။ ဒီတော့ သေသေချာချာကြည့်စမ်းကွာ - အဲဒီ နှစ်ခုပြုတ်ဖို့ဆိုတဲ့ ဉစ္စာက ဒါ အသိဉာဏ်ဆိုက်လာရင် ပြုတ်ရမယ် မဟုတ်လား (ပြုတ်ရမှာပါဆရာ)၊ "သံသရာ"ဆိုတာ ဘာခေါ်တုံး (ခန္ဓာပါဆရာ)၊ ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာ။ "ခန္ဓာနဉ္စ ပဋိပါဋိ၊ အာယတနာန ဓာတူနိ စ။ အဗ္ဗောစ္ဆိန္နံ ဝတ္တမာနော၊ သံသာရောတိ ဝုစ္စတိ" နော် (မှန်ပါတယ်ဆရာ)၊ သံသရာဆိုတာ ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာခေါ်တယ်။ အဲဒီ ခန္ဓာ အာယတန ဓာတ်တွေ ဖြစ်နေတာ သုခလား, ဒုက္ခလား (ဒုက္ခပါဆရာ)၊ ဒုက္ခပါနော် (ဒုက္ခပါဆရာ)၊ ဒါ ဒုက္ခသိသွားပြီပေါ့။ (သိသွားပါပြီဆရာ)။

ဒါ ဝိဇ္ဇာဉာဏ်လား, အဝိဇ္ဇာဉာဏ်လား (ဝိဇ္ဇာဉာဏ်နဲ့ သိပါတယ်ဆရာ)၊ ဩော် - ဝိဇ္ဇာဉာဏ်နဲ့ သိတယ်။ ဒါဖြင့် သံသရာဒုက္ခကြီး ဖြစ်နေမှန်း သိလို့ရှိရင် ဒီသံသရာဝဋ်ဆင်းရဲကြီး လိုချင်သေးရဲ့လားဟ (မလိုချင်တော့ပါဘူးဆရာ)၊ ဘဝသစ် ဖြစ်ချင်သေးလား (မဖြစ်ချင်တော့ပါဘူးဆရာ)၊ ဒါဖြင့် တဏှာ ဥပါဒါန်တည်း ဟူသော ဘဝတဏှာ ဖြစ်အုံးမှာလား (မဖြစ်တော့ပါဘူးဆရာ)၊ အဲဒီနှစ်ချက်ပြုတ်သွားလို့ရှိရင် ဒီဝဋ်သုံးပါးမှာ တဝဲလည်လည် လည်နေတဲ့ အလည်ရပ်ပါတယ်လို့ ဆိုလိုတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် " ယာဝ ကိလေသဝဋ္ဋံ န ဥပစ္ဆိဇ္ဇတိ၊ တာဝ အနုပစ္ဆိန္န-ပစ္စယတ္တာ အနဝဋ္ဌိတံ ပုနပ္ပုနံ ပရိဝဋ္ဋတော ဘမတိယေဝ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြင်ရွေ့မျှကာလပတ်လုံး ယခုပြနေတဲ့ ကိလေသဝဋ်သည် ထင်ရှားရှိသေး၏။ ဒီကိလေသဝဋ် တည်းဟူသော အကြောင်းထင်ရှားရှိသမျှ ကာလပတ်လုံး မရပ်မတည် အဖန်ဖန်အထပ်ထပ် ပတ်ပတ်လည်၍ နေ၏။

အင်္ဂါဆယ့်နှစ်ပါး၊ အခြင်းအရာနှစ်ဆယ်၊ အစပ်သုံးဖြာ၊ အလွှာလေးခု၊ ကာလသုံးပါး၊ ဝဋ်သုံးပါး၊ သစ္စာနှစ်ပါး၊ မူလနှစ်ပါး။ မနေ့ညက ဝဋ်သုံးပါး၊ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်။ ကိလေသဝဋ်က အဝိဇ္ဇာ တဏှာ ဥပါဒါန်။ ကမ္မဝဋ်က ကမ္မဘဝ သင်္ခါရ။ ဝိပါကဝဋ်က ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ။ ဥပပတ္တိဘဝ ဇာတိ ဇရာ မရဏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ရတယ်။ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်ရတယ်၊ ဒီလို လှည့်သွားတယ်။ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်လို့ ကိဝေဋ်က ဘယ်သူတုံး၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်၊ အဝိဇ္ဇာက မြန်မာလိုပြန်တော့ မသိတာ၊ တရားကိုယ်ကောက်တော့ မောဟ။ တဏှာက လိုချင်တာ၊

http://www.dhammadownload.com



တရားကိုယ်ကောက်တော့ လောဘ။ ဥပါဒါန်က စွဲလမ်းတာ၊ တရားကိုယ်ကောက်တော့ လောဘ။ အဲဒီလောဘကလည်း မနေ့ညက ပြသလို လောဘ အကြီးစားနဲ့ အငယ်စားနဲ့ တဏှာလောဘတုန်းက လိုချင်ကာမျှမတ္တ ရှိသေးတယ်၊ မရသေး, မဆုတ်မိသေး။ ဥပါဒါန်လောဘကျတော့ ရလာတယ်။ ဒါစွဲလမ်းတဲ့, လိုချင်တဲ့ စွဲလမ်းမှုကလေး။ ဒါပေမယ့်လို့ ဒီဥပါဒါန်နဲ့ စွဲစွဲလမ်းလမ်း ကြွက်ကိုကြောင်ခဲသလို၊ ဖားကိုမြွေမျိုသလို စွဲစွဲလမ်းလမ်း လောဘကြီးဖြစ်လာတာ ဘာကြောင့်၊ တဏှာဆိုတဲ့ လောဘက မှီရာအားဖြင့် ကျေးဇူးပြုလို့ ဖြစ်တယ်။

ဒါကြောင့် တဏှာလောဘက ဥပါဒါန်လောဘကို ဥပနိဿယပစ္စည်းအားဖြင့် ကျေးဇူးပြု၏။ ဒါဖြင့် ဒီလောဘက လိုချင်တာရော, စွဲလမ်းတာရော၊ တဏှာလောဘနဲ့ ဥပါဒါန်လောဘသည် ဘာလိုချင်လို့ ဘာစွဲလမ်းလဲ ဘဝလိုချင်လို့ ဘဝစွဲလမ်းတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ သုံးမျိုးသုံးစားပြထားတဲ့အနက်က ဒီနေရာမှာ ဘဝတဏှာကောက်၊ ဘဝတဏှာ လိုချင်စွဲလမ်းသော လောဘ တရားကိုယ် တရားသား ရ၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ ဝဋ်သုံးပါးမှာ အမြဲတစေ လည်နေတဲ့ အကြောင်းတရား အကျိုးတရားကို ထုတ်ဖော်ပြီး ဟောကြားတော်မူတော့ ဒီနေရာမှာ တဏှာသည် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာလို့ သုံးမျိုးသုံးစားရှိသော်လည်းပဲ ဒီနေရာမှာ ဘာတဏှာကောက် (ဘဝတဏှာ ကောက်ရပါတယ်ဆရာ)၊ ကျန်တဲ့တဏှာတွေ ကောက်သေးလား (မကောက်ပါဘူးဆရာ)၊ ဒီထဲက သိရတယ်။ "ဘဝတဏှာ" ဆိုရင် သဿတဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)၊ သဿတဒိဋ္ဌိ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သဿတဒိဋ္ဌိရှိသောသူသာလျှင် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဖြစ်ရမယ်တဲ့။ ဒါကြောင့် ရိပ်စားမိအောင် ထပ်ထပ်ပြီး ပြောနေရတယ်။ ဒါကြောင့် သံသရာလည်စေတတ်တာ အမြစ်အရင်းရှာလိုက်တော့ သဿတဒိဋ္ဌိ, ဘဝတဏှာပဲလို့ ဒါလေးမှတ်ထား။ ဒီတော့ သံသရာက ကျွတ်ချင်, လွတ်ချင်လို့ သတ်စရာ ဖြတ်စရာရှိတဲ့ တရားတွေ သိမ်းကြုံး တစ်ပြုံလုံး သတ်နေပေမယ့် သတ်ပုံသတ်နည်းမဟုတ်တော့ လိုရင်းအချက် မရောက်ဘဲနဲ့ သံသရာက မထွက်နိုင်ဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒီနေရာ ကာမတဏှာ ငါးဖြာအာရုံ ကာမဂုဏ် လိုချင်နှစ်သက်တယ်ဆိုတဲ့ ကာမတဏှာတွေ သတ်နေလို့ ဘဝပြတ်ပါ့မလား (မပြတ်နိုင်ပါဘူးဆရာ)၊ ကာမတဏှာကမှ ဘဝလည်စေတတ်တဲ့, ဝဋ်သုံးပါးကို လည်စေတတ်တဲ့ အကြောင်းထဲ မပါဘဲကိုကွနော် (မှန်ပါတယ်ဆရာ)၊ ဘယ်တဏှာပါနေ (ဘဝတဏှာပါနေပါတယ်ဆရာ)၊ ဩော် - ဘဝတဏှာပါနေ၊ မှတ်ထား သေသေချာချာ။

http://www.dhammadownload.com



ဒါကြောင့် အဝိဇ္ဇာက မသိတာ၊ ဘာမသိတာတုံး၊ သံသရာရဲ့ဒုက္ခ, ဝဋ္ဋဒုက္ခ၊ သံသရာဒုက္ခ ဝဋ္ဋဒုက္ခ ဒုက္ခမှန်း မသိ။ "အညာဏလက္ခဏာ အဝိဇ္ဇာ"လို့ အဝိဇ္ဇာ - မသိတတ်တဲ့ လက္ခဏာရှိ။ ဘာမသိလဲ ဆိုတော့ သံသရာဝဋ္ဋဆင်းရဲကို ဆင်းရဲမှန်းမသိ၊ ဘာမှတ်နေသလဲ ဆိုတော့ သုခ မှတ်နေတယ်တဲ့။ "သံသာရဒုက္ခံ သုခသညာယ ဂဟေတွာ တဿ ဟေတုဘူတေ တိဝိဓေပိ သင်္ခါရေ အာရဘတိ" သံသာရဒုက္ခံ၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲကြီးကို။ သုခသညာယ၊ သုခသညာဖြင့်။ (ဝါ) သုခဟူသော အမှတ်ဖြင့်။ ဂဟေတွာ၊ ယူဆ၍။ တဿ၊ ထိုသံသရာဝဋ္ဋဆင်းရဲ၏။ ဟေတုဘူတေ၊ အကြောင်းဖြစ်၍ ဖြစ်သော။ တိဝိဓေပိ၊ သုံးပါးအပြားရှိသည်လည်းဖြစ်သော။ သင်္ခါရေ၊ သင်္ခါရ တရားတို့ကို။ အာရဘတိ၊ အားထုတ်၏။ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ (တစ်နည်း)၊ ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ် အကုသိုလ် နော် (မှန်ပါတယ် ဆရာ)၊ တစ်နည်း - ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် အကုသိုလ်။ ဒီကုသိုလ် အကုသိုလ် တရားတွေကို ကြိုးစားအားထုတ်တာ တခြားမဟုတ်ဘူးတဲ့၊ သံသရာဝဋ္ဋဆင်းရဲ၊ သံသရာဒုက္ခကြီးကို သုခဟူသော အမှတ်သညာဖြင့် ယူဆပြီးတော့ ထိုသံသရာ၏ ဆင်းရဲရာဆင်းရဲကြောင်း အကြောင်း ဖြစ်စေတတ်တဲ့ သုံးပါးသော သင်္ခါရတရားတို့ကို ကြိုးစားအားထုတ် အလုပ်လုပ်တယ် ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)၊ ဒါ ဘယ်သူ့သတ္တိ အဝိဇ္ဇာ မဟုတ်လား (အဝိဇ္ဇာသတ္တိပါဆရာ)၊ အေး - ဒါကြောင့် အဝိဇ္ဇာက သံသရာဝဋ္ဋဆင်းရဲ ဆင်းရဲမှန်း မသိတော့ သုခမှတ်တယ်။ ဒါ အဝိဇ္ဇာရဲ့သတ္တိပဲလို့၊ သုခ မှတ်တော့ ဘာလုပ်၊ ကမ္မဝဋ္ဋတွေ လုပ်။ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ကမ္မဝဋ္ဋတွေ လုပ်။

ဘဝနဲ့သင်္ခါရ၊ ဒီနေရာ ဘဝကလည်းပဲ ကမ္မဘဝ၊ သင်္ခါရကလည်းပဲ စေတနာကောက်။ ကမ္မ ဘဝ ကလည်း စေတနာကောက်၊ သင်္ခါရသုံးမျိုးပြန်ကျ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်"၊ အခုလိုပဲ သူသူငါငါ လုပ်ကြတယ်၊ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ဖြစ်ရာဘဝ ဒီအတိုင်းသွားမှာ၊ နောက်ဘဝကျလည်း ဒီလိုလုပ်အုံးမှာပဲတဲ့။ ဒီလိုလုပ်လို့ ဒီလိုလည်နေတာပေါ့တဲ့။ ဒါကြောင့် "မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ၊ ရရှိတော့ ခံကြရော"။ "ရရှိ" ဆိုတာက ဘဝနဲ့သင်္ခါရ နှစ်ပါး ကြိုးစားအားထုတ် အလုပ်လုပ်တော့ ဒုတိယဘဝ ပဋိသန္ဓေရကြ၊ မရဖူးလား (ရပါတယ်ဆရာ)၊ ဒါ ဝိညာဏ်ပဲ၊ ဒီတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ။ ဥပပတ္တိဘဝ - ဇာတိ ဇရာ မရဏ ရကြ။ ရကြတော့ မခံရဘူးလား (ခံရပါတယ်ဆရာ)၊ ပဋိသန္ဓေခဏက ဇာတိ စရဆိုတည်းက ဇာတိဒုက္ခ မဟုတ်ဘူး လားဟ (မှန်ပါတယ်ဆရာ)၊ သူ့နောက်တော့ ဘာတုံး (ဇရာဒုက္ခပါဆရာ)၊ သူ့နောက်ဘာတုံး

http://www.dhammadownload.com



(ဗျာဓိဒုက္ခပါဆရာ)၊ သူ့နောက် ဘာတုံး (မရဏဒုက္ခပါဆရာ)၊ အဲဒါ ဇရာနောက် ဘာလဲ ဆိုတော့ "ဗျာဓိဒုက္ခ"လို့ မဖြေရဘူး။ ဇရာသည်ပင်လျှင် ဗျာဓိ နော် (မှန်ပါတယ်ဆရာ)၊ ဇာတိဒုက္ခ၊ ဇာတိဒုက္ခနောက် ဇရာဒုက္ခ၊ ဇရာဒုက္ခနောက် မရဏဒုက္ခတဲ့။ ပဋိစ္စသမုပ္ပါဒ်ပြနေတော့ ပဋိစ္စသမုပ္ပါဒ်အတိုင်း သွားရမှာပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ နောက်နားက ပြန်ကြည့်စမ်း - အင်္ဂါဆယ့်နှစ်ရပ်၊ "ဘဝပစ္စယာ ဇာတိ"၊ ဇာတိပစ္စယာ ဘာတုံး (ဇရာမရဏပါဆရာ)၊ ဟော - ဗျာဓိပါသေးလား (မပါဘူးဆရာ)၊ ဒါဖြင့် ဗျာဓိ,က ဒုက္ခမဟုတ်လို့ မထည့်သလား ဆိုတော့ ဘယ့်နှယ့်ပြောမှာလဲ (ဇရာထဲ ပါပြီးသားမို့လို့ပါဆရာ)၊ အေး - အဲဒီလည်း မင်းအသိသားပဲနော်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဇာတိလို့ ပဋိသန္ဓေခဏ ရစခဏတည်းက ဇာတိ၊ ပဋိသန္ဓေဥပါဒ်ခဏကလေး စလို့ ဇာတိဆိုရင်ပဲ ဒုက္ခပဲ-ကွဲ့။ ဘာဒုက္ခ၊ ဇာတိဒုက္ခ နော် (မှန်ပါတယ်ဆရာ)၊ သူ့နောက်တောက်လျှောက်ကြီး ပဝတ္တိကာလ တစ်ဘဝလုံး ဇရာဒုက္ခ, ဇရာဒုက္ခလည်း ဆုံးရော့ မရဏဒုက္ခ၊ ဖြစ်ရာဘဝ ဒီလိုပဲ သွားနေတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အဲဒီ ခန္ဓာငါးပါးလည်း အခုလိုပဲ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခ ဆိုတဲ့ ဒုက္ခရဲ့သဘာဝတွေ ဘာမှမသိတော့၊ မသိတာက အဝိဇ္ဇာ၊ ဘာမှမသိတော့ ဒီဘဝမျိုးပဲ ထပ်ခါထပ်ခါ ဖြစ်ချင်လှချည်းရဲ့လို့ ဘဝလိုချင်သော တဏှာ လောဘ၊ လိုချင်ရုံတင် မကဘူးတဲ့၊ မရရင် ငါမနေဘူး၊ ဖြစ်အောင် ကြိုးစားမှာပဲလို့ စွဲလမ်းလာတာ ဥပါဒါန်လောဘ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို စွဲလမ်းနေသော်လည်းပဲ လက်ပိုက်ကြည့်နေလို့ မဖြစ်သေးဘူး။ လူ့ဘဝ ပြန်လိုချင်ရင် လက်ပိုက်ကြည့်နေလို့ မဖြစ်။ နတ်ဘဝလိုချင်, ဗြဟ္မာဘဝလိုချင် လက်ပိုက်စိတ်ကူးယဉ်နေလို့ မဖြစ်၊ ဖြစ်အောင် ဘယ့်နှယ့်လုပ်ပါ့။ ကုသိုလ်ကံတရားတွေ ကြိုးစားရမယ်တဲ့။ သူတော်ကောင်းတရား ဟောထားတာ နော် (မှန်ပါတယ်ဆရာ)၊ သူတော်ကောင်းတရား ဟောထားတာ။

ဒါဖြင့် သူတော်ကောင်းတရားတွေ မှားရတော့မလားဆိုတော့ မှားတယ်လို့ မဆိုပါဘူး။ ဒါ "သဒ္ဓမ္မဿဝနံ" သူတော်ကောင်းတရားကို နာကြရလို့ ကာမာဝစရကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ် အလုပ်လုပ်ရင်တဲ့ - ကောင်းကျိုးချမ်းသာတွေ ပေးတတ်တယ်တဲ့။ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ ရတတ်တယ်လို့ မဟောဖူးလား (ဟောပါတယ်ဆရာ)၊ ဒါ သူတော်ကောင်းတရား၊ အဲဒီလို သူတော်ကောင်းတရား ကြားနာရတော့ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ လိုချင်ရင် စိတ်ကူးယဉ်နေလို့ မဖြစ်ဘူး။ ငါကြားနာဖူးတဲ့ သူတော်ကောင်းတရားမှာတော့ဖြင့် ထိုလူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ ရောက်စေတတ်၊ ရစေတတ်သော ဒါန, သီလ စသော ကုသိုလ်ကောင်းမှုကို ကြိုးစားပြုလုပ် အားထုတ်ရသတဲ့၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီတော့မှ ဒါန, သီလကုသိုလ်တွေကို လုပ်၊

http://www.dhammadownload.com



လုပ်တော့ ဘာဖြစ်သွား (ကံဖြစ်သွားပါတယ်ဆရာ)၊ ကမ္မဘဝ ဖြစ်သွားတယ်လား (မှန်ပါတယ်ဆရာ)၊ သင်္ခါရဖြစ်သွားတယ်လား (သင်္ခါရဖြစ်သွားပါတယ်ဆရာ)၊ အေ း- အဲဒါ သင်္ခါရတွေနော် (မှန်ပါတယ်ဆရာ)၊ ဒီ ဒါန, သီလ, သမထဆိုတဲ့ ကုသိုလ်တွေ လုပ်တာဟာ ကံတွေပဲ၊ ကမ္မဘဝတွေပဲ၊ သင်္ခါရတွေပဲ လုပ်၊ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ လုပ်တော့ သေသည်၏အခြားမဲ့ ဒီကံတရားအကြောင်းခံပြီးတော့ ဒုတိယဘဝ မပို့လိုက်ဘူးလား (ပို့လိုက်ပါတယ်ဆရာ)၊ ဘာဖြစ် သွားတုံး (လူဖြစ်, နတ်ဖြစ်မှာပါဆရာ)၊ လူဖြစ်, နတ်ဖြစ်, ဗြဟ္မာဖြစ်လား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ လူဖြစ်, နတ်ဖြစ်, ဗြဟ္မာဖြစ်ဆိုတာက ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ဒါမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လူဖြစ်, နတ်ဖြစ် ဖြစ်လည်းသွားရော့ ဘာတွေတွေ့နေလဲ ဆိုတော့ ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ တွေ့ရပြီ၊ မတွေ့ဘူးလား (တွေ့ပါတယ်ဆရာ)၊ အေး - အဲဒီ နေရာလေးမှာ - နည်းနည်းလေး နားလည်မှုရှိဖို့က သူတော်ကောင်းတရား ကြားနာပြီး လုပ်တဲ့ဥစ္စာ၊ ပြီးတော့ အမှားတွေပါလားလို့, မကောင်းတာတွေပါလားလို့။ ဒါဖြင့် သူတော်ကောင်းတရား ဟုတ်နိုင်ပါ့မလား မေးစရာရှိတယ်၊ သူတော်ကောင်းတရားပဲတဲ့၊ သူတော်ကောင်းတရားဆိုတာ သဒ္ဓမ္မ = သူတော်ကောင်းတရား။ "သတံ ဓမ္မော သဒ္ဓမ္မော"၊ သတံ=သူတော်ကောင်းတွေ။ ဓမ္မော= တရား။ သဒ္ဓမ္မော၊ သူတော်ကောင်းတွေတရား။ သူတော်ကောင်းတရား မှန်တယ်။ ဒီ"သူတော်ကောင်းတရား"ဆိုတဲ့ အဓိပ္ပါယတ္ထလည်း ကိုယ်က နားလည်ထားရမယ်၊ တရားကို ပါဠိလို ဘာခေါ်လဲ ('ဓမ္မ'ပါဆရာ)၊ 'ဓမ္မ'နော် (မှန်ပါတယ်ဆရာ)၊ "သဒ္ဓမ္မ"ဆိုတာ သ,ကလေးကို ဖယ်ထား။ သ,က သူတော်ကောင်း ဟောထား-တဲ့၊ "သတံ ဓမ္မော"ဆိုတဲ့ သတံ-ပုဒ်ရဲ့အရ သူတော်ကောင်းကို ဖယ်ထား။ ဓမ္မကို ကွက်ပြီးတော့ ရှာကြစို့ နော် (မှန်ပါတယ်ဆရာ)၊ ဓမ္မ။ အဲဒီ "ဓမ္မ"က ပါဠိလို ရေးထားတာ။

## ဓမ္မ ဆိုတာ ဘာလဲ

တို့မြန်မာလိုပြန်တော့ တရားတဲ့ (မှန်ပါတယ်ဆရာ)၊ တရား, တရား၊ ဒီဓမ္မရဲ့အဓိပ္ပါယ်လည်း ကိုယ်ကလည်း နားလည်ထား။ ဒီတော့ "ဓမ္မ"ဆိုတဲ့ ပုဒ်ဟာ သေသေချာချာ သဒ္ဒါနည်းနဲ့ ခွဲလိုက်တော့ "ဓမ္မ"ဆိုတဲ့ ပုဒ်ဟာ သဒ္ဒါနည်းနဲ့ ခွဲလိုက်တဲ့အခါကြတော့ အဓိပ္ပါယ် ဘယ်လိုထွက်သလဲလို့ "ဓာရေတီတိ ဓမ္မော"တဲ့။ ဓာရေတိ၊ ဆောင် တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဆောင်တတ်သော သတ္တိကြောင့်။ ဓမ္မော၊ ဓမ္မမည်၏။ ဆောင်တတ်တာ "တရား" ခေါ်တယ်။ ဆောင်တတ်တာ "ဓမ္မ"ခေါ်တယ်။ ထိုဓမ္မကို မြန်မာလိုပြန်တော့ တရားတဲ့နော် (မှန်ပါတယ်ဆရာ)၊ "ဓမ္မ"ဆိုတာ ဘာလုပ်တတ်တယ် (ဆောင်တတ်ပါတယ်ဆရာ)၊ ဆောင် တတ်တယ် နော် (မှန်ပါတယ်ဆရာ)၊ "ဓမ္မ"ဆိုတာ ဆောင်တတ်တယ်လား

http://www.dhammadownload.com



(ဆောင်တတ်ပါတယ် ဆရာ)၊ မြန်မာလိုခေါ်တော့ ဘာလဲ (တရားလို့ ခေါ်ပါတယ်ဆရာ)၊ ဩော် - တရား, တရား။

ဒါဖြင့် တရားက ဘာလုပ်တတ် (ဆောင်တတ်ပါတယ်ဆရာ)၊ အေး - ဆောင်တတ်တယ်။ ဓမ္မနဲ့တရား ထူးသေးလား (မထူးပါဘူးဆရာ)၊ ပါဠိသဒ္ဒါနဲ့ မြန်မာသဒ္ဒါပေါ့ကွဲ နော် (မှန်ပါတယ်ဆရာ)၊ အနက်အဓိပ္ပါယ်ကတော့ ဘာတုံး (ဆောင်တတ်ပါတယ်ဆရာ)၊ ဆောင်တတ်လား (မှန်ပါတယ် ဆရာ)၊ အေး -ဆောင်တတ်တယ် အဲဒါလေးမှတ်ထား၊ တရား ဆောင်တတ်တယ်။ သေသေ ချာချာကြည့်။ ဒါကြောင့် "ဆောင်တတ်တယ်"ဆိုတာ ဘယ်ကို ဆောင်တတ်သလဲလို့ မေးစရာရှိတယ်။ အပါယ်ကို မကျအောင် လူ့ဘဝ, နတ်ဘဇ, ဗြဟ္မာ့ဘဝကို ဆောင်တတ်၏၊ ဟုတ်ကဲ့လား၊ (မှန်ပါတယ် ဆရာ)၊ ဒါပဲလား မဟုတ်သေးဘူး၊ အပါယ်ကို မကျအောင် လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ၊ သုဂတိ ဘဝသို့ ဆောင်တတ်၏။ ဒီအပြင် - သံသရာဝဋ္ဋအတွင်းက လွတ်ကင်းအောင်လည်း ဆောင် တတ်၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်နှစ်မျိုးဆောင် (သုံးမျိုးပါဆရာ)၊ ဟော - ငါ နှစ်မျိုး ပြောတာပါ။ လူ့ဘဝ, နတ်ဘဝ ဗြဟ္မာ့ဘဝသို့ ရောက်အောင်လည်း ဆောင်တတ်၏။ သံသရာဝဋ္ဋ အတွင်းက လွတ်ကင်းအောင်လည်း ဆောင်တတ်၏၊ ဘယ်နှစ်မျိုး၊ (နှစ်မျိုးပါဆရာ)၊ ဘယ်သူနဲ့ ဘယ်သူတုံး၊ (လူ့ဘဝ, နတ်ဘဝလည်း ရောက်အောင် ဆောင်တတ်ပါတယ်ဆရာ)၊ လူ့ဘဝ, နတ်ဘဝ ရောက်အောင်လည်း ဆောင်တတ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ (သံသရာဝဋ္ဋအတွင်း ကလည်း လွတ်ကင်းအောင် ဆောင်တတ်ပါတယ်ဆရာ) သံသရာဝဋ္ဋအတွင်းက လွတ်ကင်းအောင် လည်း ဆောင်တတ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး - ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိ ပါတယ်ဆရာ)၊ နှစ်ပိုင်းခွဲထားတာ။ ဒါကြောင့် -

"အတ္တာနံ ဓာရေန္တေ စတူသု အပါယေသု, ဝဋ္ဋဒုက္ခေသု စ အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော"။ အတ္တာနံ၊ မိမိကိုယ်ကို။ ဓာရေန္တေ၊ ဆောင်ကုန်သောသူတို့ကို။ စတူသု၊ လေးပါးကုန်သော။ အပါယေသု စ၊ အပါယ်တို့၌လည်းကောင်း။ ဝဋ္ဋဒုက္ခေသု စ၊ ဝဋ်ဆင်းရဲတို့၌လည်းကောင်း။ အပတ- မာနေ၊ မကျစေသည်တို့ကို။ ကတွာ၊ ပြု၍။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ အပါယ်သို့ မကျအောင်, ဝဋ်သုံးပါးအတွင်းက လွတ်ကင်းအောင် ဆောင်တတ်သော သတ္တိကြောင့်။ ဓမ္မော၊ ဓမ္မ မည်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "အပါယ်သို့ မကျအောင် ဆောင်တာက တစ်ပိုင်း- တဲ့။ ဝဋ်သုံးပါးလွတ်သွားအောင် ဆောင်တာက တစ်ပိုင်းတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ "အပါယ်သို့ လွတ်အောင် ဆောင်တာ တစ်ပိုင်း" ဆိုတော့ ဘယ်ရောက်သွားတာလဲ (လူ့ဘဝ, နတ်ဘဝ

http://www.dhammadownload.com


ရောက်သွားပါတယ်ဆရာ)၊ အေး - လူ့ဘဝ, နတ်ဘဝ ရောက်သွားတယ်။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ "ဝဋ်သုံးပါးက လွတ်အောင် ဆောင်တာက တစ်ပိုင်း" ဆိုတော့ ဘယ်ရောက်သွားတာလဲ (နိဗ္ဗာန်ရောက်သွားပါတယ်ဆရာ)၊ ဩော် - နှစ်ပိုင်း နော် (မှန်ပါတယ်ဆရာ)၊ သတ္တိက ဒီလို နှစ်ပိုင်း ပြထားတယ်။ ဒါ သူသူငါငါ နားလည်နေတဲ့ မြန်မာလို တရား, တရားရားနဲ့ ရားနေတဲ့ တရား။ တရားရဲ့သတ္တိ၊ တရားရဲ့သဘော နော် (မှန်ပါတယ်ဆရာ)၊ ရမ်းပြီး သူများတရားဆိုတိုင်း တရားဖြစ်တာ မဟုတ်ဘူး။ တရားရဲ့ အဓိပ္ပါယ်လေးလဲ နားလည်ထား။ ဩော် - တရားဆိုတာ လက်စသတ်တော့ ဆောင်တတ်သကိုး။ ဆောင်ပို့တတ်တဲ့သတ္တိကို "တရား"ခေါ်တယ်။ ဘာတွေကို ဆောင်ပါလိမ့်၊ ဘယ်ကနေ ဘယ်ရောက်အောင် ဆောင်ပါလိမ့်၊ အပါယ်လေး ပါး မကျဘဲနဲ့ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ, သုဂတိဘဝရောက်အောင် ဆောင်တာက တစ်ပိုင်းနော် (မှန်ပါတယ်ဆရာ)၊ သံသရာဝဋ်အတွင်းက ကွင်းလုံးကျွတ် လွတ်သွားအောင် ဆောင်တာက တစ်ပိုင်း၊ နှစ်ပိုင်းမနေဘူးလား (နှစ်ပိုင်း ပါဆရာ)၊ အေး - ဒါကြောင့် -

"အတ္တာနံ ဓာရေန္တေ စတူသု အပါယေသု ဝဋ္ဋဒုက္ခေသု စ အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော"၊ အတ္တာနံ၊ မိမိကိုယ်ကို။ ဓာရေန္တေ၊ ဆောင်ကုန်သောသူတို့ကို။ စတူသု၊ လေးပါးကုန်သော။ အပါယေသု စ၊ အပါယ်တို့၌လည်းကောင်း။ ဝဋ္ဋဒုက္ခေသု စ၊ ဝဋ်ဆင်းရဲတို့၌လည်းကောင်း။ အခုပြနေတဲ့ ဝဋ်သုံးပါး။ အပတမာနေ၊ မကျစေသည်တို့ကို။ ကတွာ၊ ပြု၍။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဆောင်တတ်သော သတ္တိကြောင့်။ ဓမ္မော၊ ဓမ္မမည်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မြန်မာလို နားလည်အောင်လေး ငါပြောလိုက်ပါအုံးမယ်ကွာ။ အပါယ်လေးပါးကို မကျအောင် ဆောင်တာက တစ်ပိုင်း၊ ဝဋ်ဆင်းရဲထဲ မရောက်အောင် ဆောင်တာက တစ်ပိုင်း၊ ဒီလို မနေဘူးလား။ "အပါယ် လေးပါးကို မကျအောင် ဆောင်တတ်တယ်"ဆိုတာ ဘယ်ထိသွားတာလဲ။ (လူ နတ် ဗြဟ္မာထိအောင် သွားပါတယ်ဆရာ)၊ ဟုတ်ပြီ၊ "ဝဋ်ဆင်းရဲ မကျအောင် ဆောင်တယ်" ဆိုတော့ ဘယ်ရောက်သွားတာလဲ (နိဗ္ဗာန် ရောက်အောင် ပို့ပါတယ်ဆရာ)၊ ဟော - နှစ်ပိုင်း နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ပါဠိလိုက တရား၊ မြန်မာလိုပြန်တော့ ဘာခေါ်တာလဲ (ဆောင်တာပါတယ်ဆရာ)၊ ဆောင်တတ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်လို ဆောင်တတ်တာလဲ (နိဗ္ဗာန်ရောက်အောင် ဆောင်တတ်ပါတယ်ဆရာ)၊ နိဗ္ဗာန်ရအောင် ဆောင်တတ်တယ်။ တစ်ခုတည်းပဲလားဟ (ဓမ္မပါ ဆရာ)၊ အေးလေ - ဟုတ်ပါပြီ။

နိဗ္ဗာန်ရောက်အောင်လည်း ဆောင်တတ်တာ တစ်မျိုးတည်းပဲလားဟ (သံသရာဝဋ်ဆင်းရဲက လွတ်အောင် ဆောင်တတ်ပါတယ်ဆရာ)၊ အမယ် - သံသရာဝဋ်ဆင်းရဲက လွတ်အောင် ဆောင်တာနဲ့

http://www.dhammadownload.com



နိဗ္ဗာန်ရောက်အောင် ဆောင်တာနဲ့ ဘာထူးတုံး (အပါယ်တံခါးလည်း ပိတ်အောင် ဆောင်တတ်ပါတယ်ဆရာ)၊ အဲဒီလို လုပ်ပါ၊ ပြောရင်း မေ့, မေ့နေ၊ ဘယ်နှစ်ပိုင်းတုံး (နှစ်ပိုင်းပါဆရာ)၊ ဘယ်နှစ်မျိုးဆောင်တတ်တာတုံး (နှစ်မျိုးပါဆရာ)၊ တစ်မျိုးစီ, တစ်မျိုးစီ ပြောစမ်းပါ - (အပါယ်တံခါးလည်း လွတ်အောင် ဆောင်တတ်ပါတယ်ဆရာ)၊ အပါယ်တံခါးလွတ်အောင် ဆောင်တတ်တယ်။ တံခါးတိုင်နားက ကွေ့သွားမယ်လား၊ ဘယ်လိုကောင်မှန်း မသိဘူး။ အပါယ်လေးပါးကို လွတ်အောင်လည်း ဆောင်တတ်တယ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ (သံသရာဝဋ်ဆင်းရဲကလည်း လွတ်ကင်းအောင် ဆောင်တတ်ပါတယ်ဆရာ)၊ အေး - ဟုတ်ပြီ၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ပြန်ပြောစမ်းကွာ ဘယ်နှစ်မျိုးကွ (နှစ်မျိုးပါဆရာ)၊ တစ်မျိုးစီ ခွဲပြစမ်းပါ (အပါယ်လေးပါးကလည်း လွတ်အောင်ဆောင်တတ်ပါတယ်ဆရာ)၊ ဟုတ်ပြီ (သံသရာဝဋ်ဆင်းရဲကလည်း လွတ်အောင် ဆောင်တတ်ပါတယ်ဆရာ)၊ ဩော် - အပါယ်လေးပါးကလည်း လွတ်အောင် ဆောင်တတ်တယ်၊ သံသရာဝဋ်ဆင်းရဲကလည်း လွတ်အောင် ဆောင်တတ်တယ်လား (မှန်ပါတယ်ဆရာ)။ တစ်မျိုးနဲ့တစ်မျိုး တူရဲ့လား (မတူပါဘူးဆရာ)၊ မတူဘူး။

"အပါယ်လေးပါးကို လွတ်အောင် ဆောင်တတ်တယ်" ဆိုတော့ ဘယ်ရောက်သွား (လူ နတ် ဗြဟ္မာ သွားဖြစ်တာပါဆရာ)၊ ဩော် - လူ နတ် ဗြဟ္မာ ကောင်းရာသုဂတိကို ရောက်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒုဂ္ဂတိက လွတ်သွားတာပေါ့ (လွတ်သွားပါတယ်ဆရာ)၊ ပြီးတော့ တစ်ပိုင်းက (သံသရာဝဋ်ဆင်းရဲက လွတ်အောင် ဆောင်တတ်ပါတယ်ဆရာ)၊ သံသရာဝဋ်ဆင်းရဲက လွတ်အောင် ဆောင်တတ်တယ်ဆိုတော့ ဘယ်ရောက်သွားတုံး (နိဗ္ဗာန်ရောက်သွားပါတယ်ဆရာ)၊ အေး - မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒီဆောင်တတ်တဲ့ နှစ်မျိုးနှစ်စားမှာ ကြည့်ကြည့်၊ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ကြ။ တို့လုပ်နေတဲ့ တရားက ဘာတရားတုံး နော် (မှန်ပါတယ်ဆရာ)၊ ဘယ်ပိုင်းထိအောင် ဆောင်တဲ့တရား လုပ်နေတာတုံး။ ပထမပိုင်းလား, ဒုတိယပိုင်းလား တွက်ကြည့်စမ်း။ အခု မင်းလုပ်နေတဲ့တရားက ဘယ်ထိအောင် ဆောင်တာလဲ (နိဗ္ဗာန်ရောက်အောင်ပါဆရာ)၊ အောင်မလေး - အပါယ်လွတ်ရုံလေး မဟုတ်ဘူးလား။ ဘယ့်နှယ့်သဘောရ (မဟုတ်ပါဘူးဆရာ)၊ ဩော် - မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)၊ တကယ်ပြောတာလားဟ (တကယ်ပါဆရာ)၊ အောင်မလေး - သာခုခေါ်ရမလိုလို ဖြစ်။ ဩော် - အပါယ်လွတ်အောင် ဆောင်တာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း ဖြစ်ရုံတင်မဟုတ်ဘူးလား (မဟုတ်ပါဘူး

http://www.dhammadownload.com


ဆရာ)၊ ဘာလိုချင်လို့တုံး (နိဗ္ဗာန်ကိုပါဆရာ)၊ သြော် - နိဗ္ဗာန်ကို လိုချင်လို့ (မှန်ပါတယ်ဆရာ)။ မင်းဘုရားစူး (ဘုရားစူးပါဆရာ)၊ အေး - ဟုတ်ပြီ၊ ယုံပြီ၊ ယုံပြီ။

တစ်မဂ် တစ်ဖိုလ် လိုချင်လို့, နိဗ္ဗာန်လိုချင်လို့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် နိဗ္ဗာန်ထိအောင် ဆောင်တဲ့ အပိုင်းပေါ့ (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်ထိအောင် ဆောင်တဲ့အပိုင်း လုပ်လိုက်တော့ကွာ - မင်းစဉ်းစားကြည့်စမ်း၊ အပါယ်မကျအောင် ဆောင်တာ ပါမသွားဘူးလား (ပါသွားပါတယ်ဆရာ)၊ ဟော - တစ်ချက်ခုတ် နှစ်ချက်ပြတ် နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် တစ်ဦးတစ်ယောက်ကတော့ ဒီလို မဟုတ်ပါဘူးတဲ့။ ကျုပ်ကတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ လိုချင်လို့ မဟုတ်ပါဘူး၊ အပါယ်လေးပါး မကျအောင်ရုံကလေးပါတဲ့။ လူဖြစ် နတ်ဖြစ် ဗြဟ္မာဖြစ် ကောင်းရာသုဂတိ ရရုံလေးပါးဆိုတော့ ဒုတိယအချက် ပါနိုင်သေးလား (မပါနိုင်ပါဘူးဆရာ)၊ မပါနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ အဲဒါက ဘာဖြစ်လို့လဲ ဆိုတော့ ဝဋ်သုံးပါးကို မကျော်နိုင်လို့, ဝဋ်ဒုက္ခမလွတ်ကင်းနိုင်လို့ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ကြပ်ကြပ်ကြီး သတိထားကြ။

ဒါပေမယ့် တစ်ချက်ခုတ် နှစ်ချက်ပြတ် ကြိုက်သလား၊ တစ်ချက်ခုတ် တစ်ချက်တည်းပြတ်ကော ကြိုက်သလား (တစ်ချက်ခုတ် နှစ်ချက်ပြတ် ကြိုက်ပါတယ်ဆရာ)၊ သြော် - တစ်ချက်ခုတ် နှစ်ချက်ပြတ် ကြိုက်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒုတိယဆောင်နည်းပေါ့ (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "အတ္တာနံ ဓာရေန္တော စတူသု အပါယေသု ဝဋ္ဋဒုက္ခေသု စ အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော"ဆိုတဲ့ သတ္တိနှစ်ချက်ပြထားတဲ့အနက်က စဉ်းစားနော် မှတ်လဲထား။ တစ်ချက်ခုတ် နှစ်ချက်ပြတ်က ဘယ်သူလဲ ဆိုတော့ သံသရာဝဋ်အတွင်းက လွတ်ကင်းအောင် ဆောင်တတ်တဲ့ ဒုတိယဆောင်နည်းတရား နော် (မှန်ပါတယ်ဆရာ)၊ ဒီအလုပ်လုပ်လိုက်တော့ကား အပါယ်လေးပါးကျအုံးမှာလား (မကျတော့ပါဘူးဆရာ)၊ ဟော - အပါယ်လေးပါးကလည်း လွတ်သွား နော် (မှန်ပါတယ်ဆရာ)၊ လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း ဖြစ်ရပါလို၏လို့ ဆုတောင်းစရာ လိုသေးသလား (မလိုတော့ပါဘူးဆရာ)၊ ဘဝတဏှာကြီးနဲ့ လုပ်စရာ လိုသေးသလား (မလိုပါဘူးဆရာ)၊ မလိုဘူး။ ဒါ "ဝိဝဋ္ဋကုသိုလ်" ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အလုပ်က ပါးပါစေ, တတ်ပါစေ, နားလည်ပါစေ။ အလိုလို မိမိတို့လိုချင်နေတဲ့, မိမိတို့ ရောက်ချင်နေတယ်ဆိုတဲ့ လူကောင်း နတ်ကောင်း ဗြဟ္မာကောင်းကတော့ သေချာပေါက်ဖြစ်ပြီးသား ဆိုတာမှတ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ "စတူသု အပါယေသု

http://www.dhammadownload.com


အပတမာနေ ကတ္ဘာ” လို့ ဆိုထားတာ။ အပါယ်လေးပါး မကျအောင် ဆောင်တယ် ဆိုကတည်းက လူကောင်း နတ်ကောင်း ပြဟ္မာကောင်းက ဖြစ်ပြီးသား၊ မဖြစ်ဘူးလား (ဖြစ်ပြီးသားပါဆရာ)၊ ဒါတင် လားလို့ “ဝဋ္ဋဒုက္ခေသု စ အပါတမာနေ ကတ္ဘာ”လို့ ဝဋ်ဆင်းရဲကလည်း ကွင်းလုံးကျွတ် လွတ်သွား ရမယ်ဆိုတော့ အပါယ်လေးပါးလည်း မလားတော့ဘူး။ ဝဋ်သုံးပါးကလည်း ကွင်းလုံးကျွတ် လွတ်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီးလဲ မျက်မှောက်ပြုနိုင်ရော့ နော် (မှန်ပါတယ်ဆရာ)၊ ဗျာပါရ နှစ်ချက်စလုံး လုံသွား အလုပ်က၊ ဘာလုပ်လဲ - မေးစရာရှိတော့ ဝဋ္ဋကုသိုလ်-တဲ့၊ ဝိပဿနာကုသိုလ်-တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဝိပဿနာကုသိုလ် ကြိုးစားအားထုတ် ဆိုကတည်းက တစ်မဂ် တစ်ဖိုလ် လိုချင်လို့ မဟုတ်ဘူးလား (တစ်မဂ် တစ်ဖိုလ် လိုချင်လို့ပါဆရာ)၊ အေး - အဲဒီလို ဝိပဿနာကုသိုလ် မျိုးကမှ ဝဋ်သုံးပါးက ကွင်းလုံးကျွတ် လွတ်နိုင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ မျက်မှောက်ပြု နိုင်တယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒါရည်ရွယ်ပြီး လုပ်နေတယ်ဆိုကတည်းက အပါယ်လေးပါးက ကွင်းလုံးကျွတ် လွတ်တာကော ပါမသွားဘူးလား (ပါသွားပါတယ်ဆရာ)၊ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းသွားတာ ပါမသွားဘူးလား (ပါသွားပါတယ်ဆရာ) တစ်ချက်တည်း နှစ်ဖော်တာ နှစ်ချက်ပြတ်တယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မိမိတို့လုပ်နေတဲ့ လုပ်ငန်းလေးတွေကို ပြန်ပြန်ကြည့်။ တို့လုပ်ငန်းသည် အပါယ် လေးပါးက ကျွတ်ရုံ လွတ်ရုံလေးလား နော် (မှန်ပါတယ်ဆရာ)၊ သံသရာဝဋ်အတွင်းက လွတ်ကင်း ရုံလား စဉ်းစားဖြန်ပြီးတော့။ ဟင့် ဒီလိုမှ မဟုတ်ဘဲနဲ့ အပါယ်လေးပါးက လွတ်ရုံလေးပဲ ဆိုရင်ဖြင့် လုပ်ကြ။ အခုပြနေတဲ့ ဘဝတဏှာနဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဘဝတဏှာနဲ့ လုပ်။ “သံသာရ ဒုက္ခံ သုခသညာယ ဂဟေတွာ” ဆိုတဲ့ ပါဠိအရ - သင်္ခါရသုံးမျိုး ကြိုးစားကြ၊ လူကောင်း နတ်ကောင်း ပြဟ္မာကောင်းဖြစ်အောင် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ကြိုးစားရင် အဲဒါပဲ ဖြစ်မယ်။ ဘာဖြစ်လို့၊ တရားက နှစ်ပိုင်းပြထားတာ။ ဒီတော့ ဒီတရားရဲ့သတ္တိက ဒီလိုနှစ်မျိုးပြထားတော့ - တို့ အဘဘုရားကိုယ်တော်မြတ်က ဒီလိုပဲ နှစ်ပိုင်းခွဲ ဟောသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ “ပုညံ ဘိက္ခဝေ မာ ဘာယိတ္ထ၊ ပုညံ ဘာယတော သုခံ ဘာယတိ နာမ”။ ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ ပုညံ၊ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ကို။ မာ ဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ ပုညံ၊ ဒါန သီလ သမထ တည်းဟူသော ကုသိုလ်ကောင်းမှုကို။ ဘာယတော၊ ကြောက်သောပုဂ္ဂိုလ်အား။ သုခံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ ဘာယတိ နာမ၊ ကြောက်သည်မည်၏။ ဒီနေရာ တော့ “ပုညံ ဘိက္ခဝေ မာ ဘာယိတ္ထ” နဲ့ ဟောသွားတယ်။ ကုသိုလ်ကောင်းမှုကို မကြောက်ကြနဲ့

http://www.dhammadownload.com



ကြိုးစားကြ ကြိုးစားကြ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါက အပါယ်လေးပါး လားမှာက မျက်ဝါးထင်ထင် မြင်တော်မူတယ်။ အပါယ်လေးပါးမှ မလားပါစေနဲ့တော့။ သက်သာခွင့် ရသင့် သလောက်ရပါစေ၊ လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း ဖြစ်ကြပါစေလို့၊ အပါယ်လေးပါးကို မလားရတော့ မသက်သာဘူးလား (သက်သာပါတယ်ဆရာ)၊ အဲဒါ သက်သာခွင့်ရတာ။ (တစ်နည်း) သက်သာခွင့်ရရုံတင် မဟုတ်၊ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ လားနေတော့ သာသနာနဲ့ တွေ့မယ် မဟုတ်ဘူးလား (တွေ့မှာပါဆရာ)၊ အပါယ်လေးပါးလားတော့ သာသနာနဲ့ တွေ့ပါ့အုံးမလား (မတွေ့တော့ပါဘူးဆရာ)၊ အဲဒါကြောင့် သာသနာနဲ့လည်း တစ်ခါမတွေ့ တစ်ခါတွေ့ တွေ့ကြပါစေလို့ ဒီလို ရည်ရွယ်ချက်နဲ့ ဒါန သီလ သမထ ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ် လုပ်ကြ။ ကုသိုလ်တရား ကြိုးစားပွားများ အားထုတ်အလုပ်လုပ်ကြ၊ ကုသိုလ်တရားဟာ "အနဝဇ္ဇသုခ ဝိပါကလက္ခဏာ = အပြစ်မရှိ ကောင်းသော အကျိုးကို ပေးတတ်တယ်"တဲ့။ လူ့စည်းစိမ်လိုလည်း ပေးတတ်တယ်။ နတ်စည်းစိမ်လိုလည်း ပေးတတ်တယ်။ ဗြဟ္မာစည်းစိမ်လိုလည်း ပေးတတ်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ အပါယ်သံသရာက ကယ်တင်တော်မူတဲ့အခန်း၊ အပါယ်က လွတ်ရင် တော်လောက်ပြီ၊ ဒါ သူ့အချိုးလေး နော် (မှန်ပါတယ်ဆရာ)၊ ဒါထက် တိုးပြီးတော့ အမြင်ကျယ်တဲ့, ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်များကြတော့ ဘုရားကိုယ်တော်မြတ်က အေး - ဒီကုသိုလ်တွေ မက်မောမနေနဲ့၊ ဒီကုသိုလ်တွေဟာ ဝဋ်သုံးပါးထဲ လည်နေတဲ့ ကုသိုလ်မျိုးတွေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့တုံး အခုပြထားပေ့ါ။

အဝိဇ္ဇာ တဏှာ ဥပါဒါန် - ကိလေသဝဋ် နော် (မှန်ပါတယ်ဆရာ)၊ ဘဝ သင်္ခါရ - ကမ္မဝဋ်၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏ - ဝိပါကဝဋ်၊ ဝဋ်သုံးပါး မဟုတ်ဘူးလား (ဝဋ်သုံးပါးပါဆရာ)၊ အဲ - ဝဋ်သုံးပါးထဲ ရောက်လာ၊ ဒါအမြင်ကျယ်တဲ့ ပုဂ္ဂိုလ်ကျတော့ အဲဒါ ဝဋ်သုံးပါးနဲ့ လည်တတ်တဲ့ ကုသိုလ်မျိုးတွေတဲ့ ကံမျိုးတွေတဲ့ မပြောဘူးလား (ပြောပါတယ်ဆရာ)၊ ဒါ တို့များပြောတာ မဟုတ်ဘူး။ အခုကြည့် လက်တွေ့ - အဝိဇ္ဇာ တဏှာ ဥပါဒါန်၊ အဝိဇ္ဇာက မသိတာ၊ တဏှာက လိုချင်တာ၊ ဥပါဒါန်က စွဲလမ်းတာ၊ စစ်ဆေး ပေ့ါပေ့ါလေး ပြောသွားတာ၊ ဘာလိုချင်တာ၊ ဘာစွဲလမ်းတာတုံး၊ ဘာမသိတာတုံး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ စစ်ဆေး လိုက်တော့ ကွင်းလုံးကျွတ် ပေါ်လာတယ်။ အဝိဇ္ဇာက သံသရာဝဋ်ဆင်းရဲကို ဆင်းရဲမှန်း မသိတာတဲ့။ မသိတော့ ဘာဖြစ်၊ မသိတော့ ဘဝသစ် လိုချင်တယ်, ဖြစ်ချင်တယ်လို့ ဘဝတဏှာ ပေါ်လာ၊ မပေါ် ဖူးလား (ပေါ်ပါတယ်ဆရာ)၊ ဟော - တဏှာသုံးပါးထဲက ဘဝတဏှာ သေချာလက်ညှိုးညွှန်ထားတယ်။

http://www.dhammadownload.com



ဒါဖြင့် ဘဝတဏှာ ဖြစ်လာတော့ ဘာဖြစ်တာလဲဆိုတော့ ဥပါဒါန်ဖြစ်တာပေါ့တဲ့။ မရရင် ငါမနေဘူးကွ နော် (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်လောဘ ပေါ်လာတယ်။ ဘယ်စွဲလဲ ဥပါဒါန်၊ ဘဝပဲ စွဲတာ၊ စွဲတော့ ဘာဖြစ်၊ စွဲစွဲလမ်းလမ်းနဲ့ လိုချင်ကာမှ့ စဉ်းစားခန်းထုတ်နေလို့ ရမှာမဟုတ်။ သဒ္ဓမ္မဿဝန သူတော်ကောင်းတရား ငါနာကြားဖူးတော့ ဒါန အစရှိသော ကုသိုလ်ကောင်းမှုတွေ လုပ်ရသတဲ့၊ ဒါမှ လူကောင်း, နတ်ကောင်း, ဗြဟ္မာကောင်း ဖြစ်သတဲ့လို့ ငါကြားဖူးသတဲ့။ ဒါ သူတော်ကောင်း တရား မဟုတ်ဘူးလား (သူတော်ကောင်းတရားပါဆရာ)၊ အေး - ခုနက ပြောတဲ့တရားပဲ၊ ပထမ ပိုင်း နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ငါကုသိုလ်တွေ လုပ်မှပဲလို့ ဒါန သီလ စသော ကုသိုလ်တွေ လုပ်တော့ ဒါ "ကမ္မဘဝ သင်္ခါရ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလို ကမ္မဘဝ သင်္ခါရ လုပ်လိုက် တယ် ဆိုရင်, အားထုတ်လိုက်မယ် ဆိုရင် ဒုတိယဘဝ ပဋိသန္ဓေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ပဋိသန္ဓေအသစ်ဖြစ်ပေါ့။ "ဖြစ်"ဆိုတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏ သွားပြန်၊ မသွားဘူးလား (သွားပါတယ်ဆရာ)၊ အဲ - လည်ရော့၊ မလည်ဖူးလား (လည် သွားပါတယ်ဆရာ)၊ အေး - ဒါကြောင့် အပါယ်ကလွတ်ရုံလေးရှိတယ်တဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ သုဂတိဘဝ လားနေပေမယ့် သံသရာမှာ အမြောမရပ် အတောမသတ်ဘူးတဲ့။ အပါယ်က လွတ်ရုံလေးပဲ လွတ်တာလို့၊ ဒါလဲ သူတော်ကောင်းတရား မဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒီ"ဓမ္မ"ပုဒ်ထဲမှာကိုပဲ နှစ်ပိုင်းခွဲထားတာလို့၊ ပထမပိုင်းက အပါယ်ဝဋ်ဆင်းရဲက လွတ်ရုံလေးပဲ ကယ်တင်တော်မူတဲ့, ဆောင်တော်မူတဲ့တရား နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒုတိယပိုင်းကျတော့ သံသရာဝဋ်အတွင်းက ကွင်းလုံးကျွတ် လွတ်အောင် ဆောင်တော်မူတဲ့ အခန်း ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီနှစ်ပိုင်းခွဲခြားပြီးတော့ ပြတ်ပြတ်သားသား နားလည်မှု ရှိဖို့။ ဒါကြောင့် လုပ်တဲ့အခါမှာ ဝဋ္ဋနဲ့ ဝိဝဋ္ဋ၊ ဝဋ်သုံးပါးလည်စေတတ်သော ဝဋ္ဋကုသိုလ်မျိုးကို မလုပ်ဘဲနဲ့ ဝဋ်သုံးပါးက ကွင်းလုံးကျွတ် လွတ်စေတတ်သော ဝိဝဋ္ဋကုသိုလ်မျိုးကို လုပ်ပါ။ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် နော် (မှန်ပါတယ်ဆရာ)၊ အပါယ်ဝဋ်ဆင်းရဲ ကလည်း လွတ်ကရော့, မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်း ရရော့ မရဖူးလား (ရပါတယ်ဆရာ)၊ ကိုယ်ဖြစ်ချင် တယ် ဆိုတဲ့ လူကောင်း, နတ်ကောင်း, ဗြဟ္မာကောင်း ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ ဖြစ်ရမှာ။

http://www.dhammadownload.com



ဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်က ရပြီးတော့ နိဗ္ဗာန်မျက်မှောက်မပြုခင် စပ်ကြားမှာ လူ့ဘဝ, နတ်ဘဝ, ပြဟ္မာဘဝမှာ မနေရင် ဘယ်သွားနေမှာတုံးကွ၊ မဟုတ်ဘူးလား (ဘယ်မှ မနေရပါဘူးဆရာ)၊ ဒီထဲပဲ မဟုတ်လား (ဒီထဲမှာပဲ နေရမယ်ဆရာ)၊ ဒါ ကိုယ်မတောင်းဘဲနဲ့ ရောက်လာ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်လို့ အဲဒါ ဝဋ်သုံးပါးလည်ပုံ လည်နည်းလေး။ ဒါကြောင့် ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်၏၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်ရ၏၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကိလေသဝဋ်ကစတော့ ဝိပါကဝဋ် လည်းကျရော့ ဆုံးလည်းဆုံး၊ ဝဋ်သုံးပါးလည်ပုံလည်နည်း ဆိုတာ ပဋိစ္စသမုပ္ပါဒ်ကြီး အပြတ်ကြီးဖြစ်ပြန် ရော၊ မဟုတ်ဖူးလားကွ (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘယ့်နှယ့်လုပ်ပ၊ မှန်ပါတယ်က အရေးမကြီးဘူး။ ဘယ့်နှယ့်လုပ်ပ (ဒီအကျိုးကောင်ကြီးက ထပ်လုပ်အုံးမှာပါဆရာ)၊ ဩော် - ဒီအကျိုးကောင်ကြီးက (ဝိပါက်ကောင်ကြီး အကြောင်းတွေ ပြန်ခံဦးမှာပါဆရာ)၊ ဩော် - အကြောင်းတွေခံဦးမှာလား (မှန်ပါတယ်ဆရာ)၊ ဘာအကြောင်းတွေခံအုံးမလဲ၊

ဟောဗျာ - ရှေ့နားဆက်လိုက်ပါလားဟ၊ အဝိဇ္ဇာအလုပ်က၊ အောင်မယ် အသံပြိုင်ထွက်လာ တယ်၊ (အဝိဇ္ဇာနဲ့သင်္ခါရတွေ ကြိုးစားအုံးမှာ ပါဆရာ) ဟောဗျာ - သူ့အတိုင်း သွားစမ်းပါဟ၊ (အဝိဇ္ဇာနဲ့တဏှာနဲ့၊ ဥပါဒါန် သွားအုံးမှာပါဆရာ)၊ ဩော် - ဖြစ်လာမယ်လား (ဖြစ်လာမယ်ဆရာ)၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဖြစ်လာမယ်လား (ဖြစ်လာမှာပါဆရာ)၊ အေး - သူဖြစ်ရမှာပဲ နော် (မှန်ပါတယ် ဆရာ)၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဖြစ်ပြီးတော့ ဘာဖြစ်တုံး (ဘဝနဲ့သင်္ခါရ လုပ်အုံးမှာပါဆရာ)၊ ဩော်- လုပ်မယ်လား (လုပ်မှာပါ ဆရာ)၊ ဘဝနဲ့ သင်္ခါရလုပ်တော့ ဘာဖြစ်မတုံး (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏ ဖြစ်မှာပါဆရာ)၊ ဖြစ်မယ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏ ဖြစ်တော့ကော (ထပ်အကြောင်း ခံအုန်းမှာပါဆရာ)၊ လုပ်ပါ, လုပ်စမ်းပါ ရေသာမခိုစမ်းပါနဲ့ (အဝိဇ္ဇာ တဏှာ ဥပါဒါန်တွေ ထပ်လုပ် အုံးမှာပါဆရာ)၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဖြစ်ဦးမယ်လား (ဖြစ်ဦးမှာပါဆရာ)၊ ဖြစ်တော့ ဘာဖြစ်လဲ (ဘဝနဲ့ သင်္ခါရ ဖြစ်အုံးမှာ ပါဆရာ)၊ ဘဝနဲ့သင်္ခါရ လုပ်ဦးမယ်လား (မှန်ပါတယ်ဆရာ)၊ လုပ်တော့ ဘာဖြစ် (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏ ဖြစ်အုံးမှာပါဆရာ)၊ ဖြစ်မယ်လား (ဖြစ်မှာပါဆရာ)၊ ဖြစ်တော့ ဘာဖြစ် (အဝိဇ္ဇာ တဏှာ ဥပါဒါန် ဖြစ်အုံးမှာပါဆရာ)၊ ဖြစ်တော့ ဘာဖြစ် (ဘဝနဲ့သင်္ခါရ ဖြစ်အုံးမှာပါဆရာ)၊ နေရာကျလိုက်တာ အတိုစားထဲက ဖြစ်တော့

http://www.dhammadownload.com



ဘာဖြစ် (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏ ဖြစ်အုံးမှာ ပါဆရာ)၊ ဟင်း - အတိုချုံးချင်လာပြီ ထင်တယ်။

ဇာတိ ဇရာမရဏ ဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ ဖြစ်တော့ ဘာဖြစ်မှာတုံး (အဝိဇ္ဇာ တဏှာ ဥပါဒါန် လုပ်အုံးမှာပါဆရာ)၊ ဖြစ်မှာပဲပြော ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဖြစ်တော့ ဘာဖြစ် (ဘဝနဲ့ သင်္ခါရ ဖြစ်အုံးမှာပါဆရာ)၊ လုပ်ဦးမှာပဲ (လုပ်ဦးမှာပဲဆရာ)၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်က ဖြစ်တာ။ ဘဝနဲ့သင်္ခါရက လုပ်တာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘဝနဲ့သင်္ခါရ လုပ်တော့ ဘာဖြစ် (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏ ဖြစ်အုံးမှာပါဆရာ)၊ ဖြစ်အုံးမှာလား (ဖြစ်အုံးမှာပါဆရာ)၊ ဖြစ်တော့ ဘာဖြစ် (အဝိဇ္ဇာ တဏှာ ဥပါဒါန် လုပ်အုံးမှာပါဆရာ)၊ ဖြစ်အုံးမှာပဲ ပြောပါ၊ (ဖြစ်အုံးမှာပါဆရာ)၊ မမှန်ပဲတော့ ငါက လျှော့ကို မလျှော့ဘူး။ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဖြစ်တော့ ဘာဖြစ် (ဘဝနဲ့သင်္ခါရ လုပ်အုံးမှာပါဆရာ)၊ လုပ်တော့ ဘာဖြစ် (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏ ဖြစ်အုံးမှာပါဆရာ)၊ ဖြစ်တော့ ဘာဖြစ် (အဝိဇ္ဇာ တဏှာ ဥပါဒါန် ဖြစ်အုံးမှာပါဆရာ)၊ အေး - မင်းနဲ့ငါနဲ့ ရပ်ရင်လည်း ရပ်မှ၊ မရပ်ရင်လည်း မဆုံးဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒီလို လည်နေတော့ ဆုံးစရာအကြောင်း ရှိသေးသလား (မရှိတော့ပါဘူးဆရာ)၊ အဲဒါ "ဝဋ်သုံးပါး လည်နေတယ်" ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဝဋ်သုံးပါးလုံး လည်နေတာပဲ။ ဒါဖြင့် ကောင်းပါပြီ၊ "အဝိဇ္ဇာ တဏှာ ဥပါဒါန်"ဆိုတဲ့ ကိလေသဝဋ်က အကြောင်းလား, အကျိုးလား (အကြောင်းပါဆရာ)၊ အကြောင်းဟော နော် (မှန်ပါတယ်ဆရာ)၊ ဘဝနဲ့သင်္ခါရကော အကြောင်းလား, အကျိုးလား (အကြောင်းပါဆရာ)၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘဝ ဇာတိ ဇရာ မရဏ အကြောင်းလား, အကျိုးလား (အကျိုးပါဆရာ)၊ အေး - ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အကြောင်းကြောင့် အကြောင်း၊ အကြောင်းကြောင့် အကြောင်း ဒီလိုသွားတယ်။ ဒါ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ရတယ်။ ဒါပေမယ့် ကမ္မဝဋ်ကို မှုချအကျိုးကောက်မထားပါနဲ့။ အကျိုးတရား မဟုတ်ပါဘူး။ အကြောင်းတရားတွေ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းရဲ့အကြောင်းကို အကြောင်းဟူ၍ပင် ကောက်ရတယ်။ အကြောင်းကြောင့် အကြောင်းကို အကျိုးသွားမကောက်ပါနဲ့။

ဒါကြောင့် ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ရ၏။ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ရတယ် ဆိုတော့ အကျိုးလိုလို ဒီလို ဖြစ်မနေဘူးလား (မှန်ပါတယ်ဆရာ)၊ မဟုတ်ပါဘူး အကြောင်းပါပဲ။ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်။ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ် ဆိုမှ ဟော - အကျိုး၊ နားလည်လား

http://www.dhammadownload.com


(နားလည်ပါတယ်ဆရာ)။ ဒါကြောင့် ကိလေသဝဋ်ကလည်း အကြောင်းပဲ၊ ကမ္မဝဋ်ကလည်း အကြောင်းပဲ၊ ဝိပါကဝဋ်ကမှ အကျိုး ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါနဲ့ ဝဋ်သုံးပါး ပြီးစေပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အင်္ဂါဆယ့်နှစ်ပါး ပြီးသွားပြီ၊ အခြင်းအရာနှစ်ဆယ် ပြီးပြီ။ အစပ်သုံးပါး ပြီးပြီ။ အလွှာလေးခု ပြီးပြီ။ ကာလသုံးပါး ပြီးပြီ။ ဝဋ်သုံးပါး ပြီးပြီ နော် (မှန်ပါတယ်ဆရာ)။

သစ္စာနှစ်ပါးနဲ့ မူလနှစ်ပါးလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ သစ္စာနှစ်ပါးနဲ့ မူလနှစ်ပါးက သစ္စာနှစ်ပါးကလည်းပဲ ဖော်ပြောရင် လွယ်လွယ်လေးနဲ့ သိပြီးသားဖြစ်တယ်။ သစ္စာထဲ ဝင်ပြီးသားတွေ ဖြစ်တယ်။ သူလည်း သိပ်ခက်ခဲတာ မဟုတ်ဘူး။ မူလနှစ်ပါးကတော့ နည်းနည်းခက်တယ်။ မူလနှစ်ပါး ဆိုတာက ဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးကို အဆက်မပြတ် လည်အောင် လုပ်ပေးတာ သူတို့ပဲလို့။ “မူလ”ဆိုတာ အမြစ်ဟောတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးကို အဆက်မပြတ် လည်စေတတ်သော မူလအမြစ်အရင်း တရားနှစ်ပါး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူတို့ကြောင့် လည်တာပဲလို့ ဒီလိုမှတ်။ အဲဒါကတော့ နောက်ဆုံးထားပြီးတော့ စခန်းသိမ်းကြမယ်။ “အဝိဇ္ဇာနဲ့တဏှာ”ဆိုတဲ့ မူလနှစ်ပါး နောက်ဆုံးထားတယ် နော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ် နောက်ဆုံး နိဂုံးအုပ်တော့မယ်ဆိုမှ သူနဲ့ အုပ်ကြစို့။

ဘာပြုလို့ ထွက်ပုံ ထွက်နည်းတွေလည်းပဲ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လည်တာသာ ပြတယ်၊ ဖြတ်ပုံရပ်ပုံတော့ မပြဘူးလို့ မဖြစ်အောင်ပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ဖြတ်ပုံ ရပ်ပုံလည်း ပါရော “အဝိဇ္ဇာ တဏှာ”ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီး အဆက်မပြတ် လည်စေတတ်တဲ့ မူလနှစ်ပါးလည်း ပါရော ဒီလို သွားတယ်။ ဒါဖြင့် ဒီအခန်းက ဘာကျန်နေလဲ ဆိုတော့ “ဇဝံခမ္ဗတာ နည်းလေးဖြာ”လို့။ ဒါကျန်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါထည့်ပြောရမယ်၊ “ဇဝံခမ္ဗတာ နည်းလေးဖြာ”လို့၊ အဲဒီနည်းလေးပါးနဲ့ ခွဲပြီးတော့ သွားတဲ့ သဘာဝလေးတွေ အင်မတန်မှလည်း တန်ဖိုးရှိတယ်။ မှတ်စရာလည်း အင်မတန်ကောင်းတယ်။ ဒါပေမယ့် ရုတ်တရက် အသီးသီး ဉာဏ်ထဲမှာ ပြတ်သားချင်မှ ပြတ်သားမယ် ပေါ့။ ဒါပေမယ့် ပြတ်သားလောက်အောင်ဆိုတဲ့ အနေအားဖြင့် ဥပမာလေးတွေ အဋ္ဌကထာဆရာက ဆောင်လို့၊ ကိုယ်ပိုင်ဉာဏ်လေးတွေနဲ့ ထပ်ဝေဖန်လို့ အဲဒီလို အပြန်ပြန်အထပ်ထပ် ကြိုးစားရင် ပြတ်သားသွားမှာပေါ့လို့ နော် (မှန်ပါတယ်ဆရာ)၊ ဒီပဋိစ္စသမုပ္ပါဒ်တရားကောင်းကြီးကိုပဲ နည်းလေး ပါးနဲ့ ခွဲပြီးတော့ ဝေဖန်ထားတာ။ အဲဒီနည်းလေးပါး သိလို့ရှိရင်လည်းပဲ မိမိရင်ထဲမှာ တစ်သံသရာလုံးက မရှင်းမလင်းဘဲနဲ့ အမြဲမပြတ် ငြိကပ်နေသော သံသရာဝဋ်မြစ်, ဘဝဝဋ်မြစ် ဖြစ်စေတတ်တဲ့ ဒိဋ္ဌိ ကိလေသာတွေ ရင်ထဲမှာ ရှင်းသွားပါလိမ့်မယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ သံသရာဝဋ်မြစ် ဖြစ်စေ

http://www.dhammadownload.com



တတ်သော သက္ကာယဒိဋ္ဌိ အစရှိသော ဒိဋ္ဌိဆိုးကြီးတွေ ချိုးဖဲ့ဖျက်ဆီးလိုက်လို့ မိမိရင်ထဲမှာ ရှင်းလင်းသွားလို့ရှိရင် ဘာဖြစ်နိုင်သလဲဆိုတော့ အဲဒီ ရှင်းဆဲလင်းဆဲ ခဏလေးမှာပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမှန်ရနိုင်တယ်တဲ့။ ဘုရားကိုယ်တော်မြတ်က ဟောသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ရှင်းအောင်, လင်းအောင်လည်း သေသေချာချာ ပြတ်သားနားလည်အောင် ကြိုးစားပေါ့။

ဒီက မြန်မာလို အရင်ပြော, ပြောပြီးတော့ မြန်မာလိုလေး ရှင်း, ရှင်းပေးမယ်။ မြန်မာလိုလေး လိပ်ပတ်လည်လာမှ တို့အဋ္ဌကထာဆရာ ပြထားတဲ့ ဥပမာ ဥပမေယျနဲ့၊ အာဂုံပါဠိနဲ့ ညှိပြမယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ မိမိတို့ နာယူမှတ်သားနေတဲ့ တရားရဲ့တန်ဖိုးဟာ ဘယ်ထိအောင် အကျိုးများတယ်ဆိုတဲ့ သဘောလေးတွေကို ကြပ်ကြပ်စဉ်းစား။ ပရိယာယ်အားဖြင့် ဆွဲဆောင်ပြီးတော့, သွယ်ဝိုက်ပြီးတော့, တစ်မျိုးတစ်ဖုံအားဖြင့် လုပ်ကြံပြီးတော့ ဟောပြော ပြသနေတဲ့ တရားမဟုတ်။ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောကြားတော်မူသော ဓမ္မက္ခန္ဓာမှ ပါဠိတော် အဋ္ဌကထာ ဋီကာမှ တိုက်ရိုက်အားဖြင့် ထုတ်ဖော်ပြီးတော့ ဟောကြားတော်မူတဲ့ ဒေသနာတော်ကြီး၊ ပါဠိက ဒီလိုရှိတယ်။ အနက်က ဒီလိုယောဇနာရတယ်။ အဓိပ္ပါယ် ဒီလိုကောက်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို တိကျမှန်ကန်စွာ သွယ်ဝိုက်သော နည်းတစ်ခုမှမပါဘဲနဲ့ တိုက်ရိုက်အားဖြင့် ထုတ်ဖော်ပြီး ပြနေတဲ့ တရားတော်ဆိုတော့ နာတဲ့ပုဂ္ဂိုလ်များလည်းပဲ ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ကြည့်၊ တို့နာနေတဲ့ တရားက ဟောနေ ပြောနေတဲ့ ဆရာရဲ့ အတ္တနောမတိ သူ့အသိဉာဏ်လေးနဲ့ လုပ်ကြံပြီး ဟောတာ ဘာမှ မပါဘူးဟ၊ အားရှိစရာသိပ်ကောင်းတာပဲ။

တရားစစ် တရားမှန်လေးတွေ နာကြားတော်မူရတယ်၊ အားရှိစရာ မကောင်းဖူးလား (ကောင်းပါတယ်ဆရာ)၊ လုပ်ကြံပြီးတော့ ကြံဖန်ဟောနေတဲ့ တရားမျိုးမဟုတ်ပါဘူး။ ဆွဲနိုင် စပ်နိုင်မှ နီးကပ်ရုံလေး၊ ပါဠိတော် အဋ္ဌကထာနဲ့ နီးကပ်ရုံလေး ရှိတယ် ဆိုတဲ့ တရားလည်း မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)။ တချို့တော့ အတော်ဆွဲရ, စပ်ရ, ဟပ်ရတယ်လို့၊ ပါဠိတော် အဋ္ဌကထာ ဋီကာနဲ့ နီးကပ်လာအောင်, နီးစပ်လာအောင် တော်တော့်ကြီး သွယ်ဝိုက်ပြီးတော့ ဆွဲလွဲသိမ်းသွင်းပြီးတော့ ပြောရတယ်။ ဒီလို တရားလည်း မဟုတ်ပါဘူး။ ဒါ တိုက်ရိုက်ပဲနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ကြီး ချပြလာတာ ကုန်ခါလဲ နီးပါပြီ။ ပဋိစ္စသမုပ္ပါဒ် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ပါဠိတော် ပါသလား, မပါဘူးလား။ ထိုပါဠိတော်ပါလာလို့ရှိရင် အဋ္ဌကထာက ဒီအဓိပ္ပါယတ္ထ ဒီပါဠိတွေ မဖွင့်ဘူးလား ဖွင့်သလား ပြန်စစ်ဆေး၊ မေးမြန်းကြည့်၊ စုံစမ်းကြည့်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဟာ - အတိအကျ ဒီအတိုင်း သိရတယ်၊ ဒီအတိုင်းရှိတယ်၊ ဒီအတိုင်း မှန်တယ်ဆိုလို့ရှိရင်

http://www.dhammadownload.com


ဒါထက်ပိုပြီးတော့ ဝမ်းသာစရာ ဘာမှ မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ တရားစစ် တရားမှန်ကြီး ငါတို့ နာရပေပြီ၊ သူတော်ကောင်းတရား အစစ်ပဲဟဲ့။ အဘဘုရားကိုယ်တော်တိုင် ဟောထားတဲ့ တရားစစ်တွေ နာရတယ်ဟဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ နာကြားနေဆဲဖြစ်တဲ့ ဓမ္မဿဝန ကုသိုလ်တောင်ပဲ ဘယ်လောက်မြတ်တဲ့ ကုသိုလ်လဲ၊ "ဓမ္မဿဝန သဒ္ဓမ္မဿဝန" နော် (မှန်ပါတယ် ဆရာ)၊ "သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ" တဲ့၊ မှတ်ထားနော် သေသေချာချာ။ ခဲယဉ်းတဲ့ ဒုလ္လဘတရား ငါးမျိုးထဲ "မနုဿတ္တဘာဝေါ ဒုလ္လဘော"လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လူ့အဖြစ်ရဖို့ အလွန်မှ ခဲယဉ်း၏၊ မခဲယဉ်းဖူးလား (ခဲယဉ်းပါတယ်ဆရာ)။ "ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော"လို့၊ လူ့အဖြစ်ရတိုင်း ရဟန်းအဖြစ်ရကြတာ မဟုတ်ဘူးတဲ့၊ ရဟန်းအဖြစ် ရှင့်အဖြစ်ရဖို့ ခဲယဉ်း၏ နော် (မှန်ပါတယ် ဆရာ)။ "သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ"တဲ့၊ ဒီလို လူဖြစ်လဲ ရတယ်၊ သာသနာနဲ့ တွေ့တယ်, ကြုံတယ် ဆိုပေမယ့် သဒ္ဓါတရားဖြစ်သွားဖို့က အလွန်ခဲယဉ်း၏၊ မခဲယဉ်းဖူးလား (ခဲယဉ်းပါတယ် ဆရာ)၊ "ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော"တဲ့၊ ဘုရားဖြစ်ဖို့ဆိုတာတော့ ပြောစရာတောင် မလိုဘူး။ အလွန့်အလွန်မှ ခဲယဉ်း၏၊ မခဲယဉ်းဖူးလား (ခဲယဉ်းပါတယ်ဆရာ)။

ပြီးတော့မှ "သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ"၊ ဟောဒီဒုလ္လဘထဲမှာ "အတိ"သဒ္ဒါလေး ထပ်မတယ်။ "အတိ"ဆိုတာ အလွန်၊ "ဒုလ္လဘ"ကလည်း ခဲယဉ်းတယ် မဟုတ်လား (ခဲယဉ်းပါတယ်ဆရာ)၊ ခုန လူအဖြစ်ဖို့တို့၊ သဒ္ဓါတရားဖြစ်ဖို့တို့၊ ရှင်ရဟန်းဖြစ်ဖို့တို့ နော် (မှန်ပါတယ်ဆရာ)၊ ဘုရားဖြစ်ဖို့တို့ ရိုးရိုးဒုလ္လဘနဲ့ချည်းပဲ ဟောသွားတယ်။ ခဲယဉ်းတယ်, ခဲယဉ်းတယ်, ခဲယဉ်းတယ်နဲ့ သူတော်ကောင်း တရား ကြားနာဖို့ကျတော့ "သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ"လို့ ခဲယဉ်းတဲ့ ဒုလ္လဘပုဒ်မှာပဲ အတိ-သဒ္ဒါ တစ်ခါ မရတယ်၊ ဒီတော့ သဒ္ဓမ္မဿဝနံ၊ သူတော်ကောင်းတရားကို ကြားနာရခြင်းသည်။ အတိဒုလ္လဘံ၊ အလွန်ခဲယဉ်း၏။ အလွန်တစ်လုံး ပိုမလာဘူးလား (ပိုလာပါတယ်ဆရာ)၊ ဒုလ္လဘတရား ငါးပါးထဲမှာ ဘယ်သူ ပိုခဲယဉ်းသလဲ (သဒ္ဓမ္မဿဝန)၊ ပြော, ပြောပါကွာ၊ ပရိသတ်က သိပါတယ်၊ သဒ္ဓမ္မဿဝန (မှန်ပါတယ်ဆရာ)၊ မြန်မာလို ပြောစမ်းပါ (သူတော်ကောင်းတရား နာကြားဖို့ ခဲယဉ်းပါတယ်ဆရာ)၊ အဲဒီလိုပဲ အစကပြောလိုက်ရင် အတော်သား နော်။ ပါဠိလို တော်တော့်ပြောချင်နေတယ်နဲ့ တူတယ်၊ သူတော် ကောင်းတရား နာကြားရခြင်းဟာ ပိုခဲယဉ်းတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး - အဲဒါ မှတ်ထား၊ ပိုခဲယဉ်းတယ်တဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

"သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ" အတိသဒ္ဒါနဲ့ ဒုလ္လဘသဒ္ဒါနဲ့ တွဲလို့ ဒုလ္လဘလေးပါးကတော့ ဒုလ္လဘသဒ္ဒါနဲ့ ရိုးရိုးပြတယ်၊ ခဲယဉ်းတယ်, ခဲယဉ်းတယ်, ခဲယဉ်းတယ်နဲ့၊ သူတော်ကောင်းတရား နာကြားရဖို့ကျတော့ အလွန်ခဲယဉ်း၏-တဲ့၊ မခဲယဉ်းဖူးလား (ခဲယဉ်းပါတယ်ဆရာ)၊ အဲဒါ

http://www.dhammadownload.com


"ဟုတ်ရိုးဟုတ်စဉ်" ဆိုတဲ့ သူတော်ကောင်းတရားတွေ ပြောတာမဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ တရားစစ် တရားမှန်ကို အလွန်ကြားနာခဲတယ်လို့ ပြောသွားတာ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဟုတ်ရိုးဟုတ်စဉ်တရား အမည်တပ်ပြီးတော့ ခေါ်နေတာ ပေါတယ် မဟုတ်လား (ပေါပါတယ်ဆရာ)၊ ပေါတာ၊ မဂ်ခြေ ဖိုလ်ခြေလည်း မရောက်ဘူး၊ သဂ္ဂကထာ, မဂ္ဂကထာလည်း မဖြစ်ဘူး။ ကိုယ့်အတ္တနောမတိအားဖြင့် ဟောချင်သလိုဟော၊ ပြောချင် သလိုပြော၊ ပြချင်သလိုပြ ဒေသနာလက်လွတ်ဖြစ်နေတယ်၊ ဒါမျိုးကျတော့ "သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ" အတိသဒ္ဒါနဲ့ ပြောစရာ မလိုဘူး။ ဒါကြောင့် "သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ" သူတော်ကောင်းတရား နာကြားရခြင်းသည် ဒုလ္လဘ ငါးပါးထဲမှာ ဒီတစ်ပါးဟာ ပိုတယ်, လွန်တယ်, ကဲတယ်တဲ့။ အလွန့်အလွန် ခက်ခဲတယ်၊ အလွန့်အလွန် ခဲယဉ်းတယ်-တဲ့။ ဘာပြုလို့လဲ မေးတော့ သူတော်ကောင်းတရား ဆိုတာက အဓိပ္ပါယ်အားဖြင့် - ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ = ဘုရားဖြစ်မှ သူတော်ကောင်းတရား နာရမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘုရားမဖြစ်ရင် ဒီသူတော်ကောင်းတရား နာရပ့်မလား၊ (မနာရပါဘူးဆရာ)၊ မနာရပါဘူး၊ အမှန် ကတော့ ဒီအပြင်ဟာတွေကတော့ တစ်ခုချင်း တစ်ခုချင်း သွားနေတာ၊ လူအဖြစ် ရခဲတယ် တစ်ချက်တည်း၊ ပြီးတော့ သဒ္ဓါတရားဖြစ်ဖို့က ခဲယဉ်းတယ်၊ ရှင်ရဟန်းဖြစ်ဖို့ ခဲယဉ်းတယ်နော် (မှန်ပါတယ်ဆရာ)၊ ဘုရားဖြစ်ဖို့ ခဲယဉ်းတယ်၊ သူတော်ကောင်းတရား နာကြားရဖို့ ခဲယဉ်းတယ်။ သူတော်ကောင်း တရားကျတော့ ဘယ်နှယ့်ဖြစ်လဲဆိုတော့ နှစ်ထပ်ကူရတယ်၊ ဘုရားပွင့်တော်မူမှ သူတော်ကောင်းတရား နာကြားရမယ်တဲ့၊ ဒီလိုမဟုတ်လား၊ (မှန်ပါတယ်ဆရာ) တစ်နည်း သာသနာ နှင့် တွေ့မှ, ကြုံမှ သူတော်ကောင်း တရား နာကြားရမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဘုရားပွင့်မှ သာသနာရှိမယ် မဟုတ်လား၊ (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ,က ရှေ့က မနေဘူးလား (ရှေ့ကပါဆရာ)၊ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘရှိမှ သဒ္ဓမ္မဿဝန ဒုလ္လဘ ဖြစ်မယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် နာရ, ကြားရပြန်တော့လည်းပဲ သူတော်ကောင်းတရား စစ်မှ, မှန်မှ ဒါမှ "တရားစစ် တရားမှန်" ခေါ်တယ်တဲ့။

ဒါကြောင့် သူ့ကျတော့ ပိုပြီး အတိသဒ္ဒါနဲ့ ပြလို့ လွန်လွန်မင်းမင်း ခဲယဉ်းတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် သာသနာတော်ကြီးနဲ့ ပက်ပင်းမှာ ကြုံတွေ့တယ် ဆိုပေမယ့် တကယ့်ကိုပဲ မြတ်စွာဘုရား ကိုယ်တော်မြတ် အလိုတော်ကျ ဟောတော်မူသော ပါဠိတော် အဋ္ဌကထာ ဋီကာလာတဲ့ ဒေသနာက သေသေချာချာ ထုတ်နှုတ် မငြင်းနိုင် မကွယ်နိုင်အောင်ပေါ့။ ဖြောင့်ဖြောင့်ကြီး ဟောပြော ပြသနေသော တကယ့်တရားအစစ် နာကြားရခြင်းသည် ငါတို့ သာသနာနဲ့ တွေ့ကျိုး ကြုံကျိုး နပ်ပေ၏၊ လူဖြစ်ကျိုးလည်း နပ်ပေ၏၊ မဖြစ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နပ်တယ်

http://www.dhammadownload.com



မဟုတ်ဘူးလား (နပ်ပါတယ်ဆရာ)၊ အဲဒါကြောင့် မိမိတို့ နာထားတဲ့ တရားဟာ ဒီက ဟောတဲ့လူက ကိုယ်စားအနေအားဖြင့် ထုတ်ဖော်ဟောပေမယ့် ဟောသွားတဲ့တရားအစဉ်က ဘယ်ကလာတုံး၊ ပါဠိတော်က လာတယ်၊ အဋ္ဌကထာက လာတယ် နော် (မှန်ပါတယ်ဆရာ)၊ အခြေခံ အားဖြင့်၊ ဒါ အကယ်တန္တု မယုံကြည်လို့ရှိရင်လည်းပဲ ဟောသွားတဲ့ ပါဠိယူပြီးတော့ ဘယ်အဋ္ဌကထာပါဠိက ညွှန်းရင် ရှိလား, မရှိလား စုံစမ်းကြည့်ဖို့ပဲ ရှိတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ မရှိဘူးဆို မယုံနဲ့၊ ဒါ လက်တန်းပါဠိတွေပဲ၊ အလကားလုပ်သွားတာပဲ ရှိတယ်။ ရှိရင် ယုံ၊ တို့တော့ တရားစစ် တရားမှန် နာကြားရပြီ၊ သိရပြီပေါ့ ဒီလို မဟုတ်ဘူးလား။ အေး - ဒါကြောင့် အင်မတန်ဝမ်းသာစရာ ကောင်းတယ်။

ဒါကြောင့် ခု ပဋိစ္စသမုပ္ပါဒ်ကြီးမှာ အစကနေ ပြလာတာ ဆုံးခါလည်း နီးပါပြီ။ ဒါ ပါဠိတော်က ဟောထားလို့၊ အဋ္ဌကထာဆရာ ဒီလိုဖွင့်လို့ ဒီလို အဓိပ္ပါယတ္ထအားဖြင့် လှည့်ကာပတ်ကာနဲ့ ပြလာခဲ့တယ်။ လူပိန်းများ နားလည်အောင် အဲဒါတွေ တရားစစ် တရားမှန်တွေ တိုက်ရိုက်အားဖြင့် ချပြီး ဟောတာလို့။ တို့များ နာရတာ တရားစစ် တရားမှန်တွေ နာကြားရပေ၏။ အင်မတန်မှ တန်ဖိုး ရှိပေတယ်။ အင်မတန်မှ အကျိုးများပေ၏။ နောက်ဆုံး တစ်မဂ် တစ်ဖိုလ် မရတောင် နာရတဲ့ အတော အတွင်းဖြစ်နေတဲ့ ဓမ္မသဝနကုသိုလ်က တန်ဖိုးက အများကြီးရှိတယ်နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အခုလည်း ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးမှာ ယခု ပြလတ္တံ့ဆိုတဲ့ နည်းလေးမျိုးကို မိမိတို့ ဉာဏ်အားဖြင့် ပြတ်ပြတ်သားသား နားလည်လို့ရှိရင် ရင်တွင်းက ဒိဋ္ဌိကိလေသာတွေ ရှင်းသွားသည် နှင့် တစ်ပြိုင်နက် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါတယ်တဲ့။ အားရှိစရာ မကောင်းဘူးလား (ကောင်းပါတယ် ဆရာ)၊ ဒါ တစ်မဂ် တစ်ဖိုလ် လိုချင်ရင် တောထဲ, တောင်ထဲ, ဂူထဲ, ဝင်နေစရာ လိုသေးလား (မလိုပါဘူးဆရာ)၊ ဝင်ချင်လဲ ဝင်ပေါ့ကွာ နော်။ ဝင်တာလည်း အပြစ်မဆိုပါဘူးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ မဝင်ဘဲနဲ့ကော (ရပါတယ်ဆရာ)၊ ရတယ်နော် ( မှန်ပါတယ်ဆရာ)။ အခုပဲ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး မြတ်စွာဘုရားကိုယ်တော်မြတ် ပြသွား။ မြတ်စွာဘုရားကိုယ်တော်တိုင် သုံးသပ်လာတဲ့ ပဋိစ္စသမုပ္ပါဒ် နော် (မှန်ပါတယ်ဆရာ)၊ ဗောဓိပင်နှင့်ရွှေပလ္လင်မှာ မိုးသောက်ခါနီး လင်းအား ကြီးတဲ့အချိန်၊ အာသဝက္ခယဉာဏ်တော် ရခါနီးအချိန်၊ ဘုရားဖြစ်ခါနီးအချိန်လေး ကပ်ပြီးတော့ ဒီပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို မြတ်စွာဘုရားကိုယ်တော်မြတ် အနုလောမနည်း, ပဋိလောမ နည်း-အနုလုံ ပဋိလုံအားဖြင့် အဖန်ဖန်အထပ်ထပ် ဆင်ခြင်သုံးသပ်ပြီးမှ မိမိရင်တွင်းမှာရှိတဲ့ သံသရာ အစကတည်းက ပါလာသော ရှုတ်ရှုတ်ယှက်ယှက်နဲ့ သံသရာဝဋ်မြစ် ဖြစ်ဇေတတ်တယ် ဆိုတဲ့

http://www.dhammadownload.com



ဒိဋ္ဌိကိလေသာ အညစ်အကြေးတွေ ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးနဲ့ ဆေးကြောလိုက်လို့ သန့်ရှင်းစင်ကြယ်သွားပြီးတဲ့နောက်မှ အာသဝက္ခယဉာဏ်တော်ရလို့, ဘုရားဖြစ်တော်မူတာပါလို့ တိုက်ရိုက်အားဖြင့် နော် (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ်မဆိုထားနဲ့ ဘုရားအဖြစ်ရောက်တဲ့ သဗ္ဗညုတဉ္ဉာဏ်တော်တောင်ပဲ ရဖို့လို့ အထောက်အပံ့ ပေးထားတဲ့ ပဋိစ္စသမုပ္ပါဒ်တရားကိုကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီ သောတာပန် သကဒါဂါမ် ဆိုတာ ဆိုဖွယ်မရှိဘူး-တဲ့။ ဒီထိအောင် မြတ်တယ်။

ဒါ ပဋိစ္စသမုပ္ပါဒ် ပြန်ကြည့် ဒီအတိုင်းပြထားတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ညဉ့်ဦးယံအစ ပထမယံ, ဒုတိယယံ, တတိယယံလို့ ဗောဓိပင်နှင့်ရွှေပလ္လင်ပေါ်ကို တက်လို့ သမာပတ်ဝင်စားတော်မူပြီးတော့ ဘုရားမဖြစ်ရင် ဒီနေရာကနေ ငါမထဘူးဆိုပြီး အဓိဋ္ဌာန်ထားပြီးတော့ တရားအားထုတ်၊ ညဉ့်ဦးယံက ထုတ်လိုက် ပုဗ္ဗေနိဝါသဉာဏ်ရတယ်၊ ညဉ့်လယ်ယံကျတော့ ဒိဗ္ဗစက္ခုဉာဏ်ရတယ်၊ ဘုရားမဖြစ်သေးပါဘူး၊ ပုဗ္ဗေနိဝါသဉာဏ် ညဉ့်ဦးယံ ရတယ်၊ ဘုရားမဖြစ်သေးပါဘူး၊ ညဉ့်လယ်ယံမှာ ဒိဗ္ဗစက္ခုဉာဏ်ရတယ်၊ ဘုရားမဖြစ်သေးပါဘူး။ ဘယ်တော့ ဘုရားဖြစ်သလဲ၊ တတိယယံနောက်ပိုင်းယံရောက်တော့ အခုပြနေတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး မြတ်စွာဘုရားကိုယ်တော်မြတ်အနုလောမနည်း, ပဋိလောမနည်းအားဖြင့် အစကနေလျှောက်ပြီးတော့ အဆုံးထိအောင် သုံးသပ်လိုက်၊ အဆုံးကနေပြီးတော့ အစထိအောင် ပြန်ပြီးသုံးသပ်လိုက် ပြောင်းပြန်နော် (မှန်ပါတယ် ဆရာ)၊ အဲဒီလိုအထပ်ထပ်သုံးသပ်တော်မူမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တားဆီးပိတ်ပင်ထားတဲ့ အန္တရာယ်တစ်ပါးအပါဝင်ဖြစ်သော ဥစ္ဆေဒဒိဋ္ဌိ, သဿတဒိဋ္ဌိ, အတ္တဒိဋ္ဌိ အစရှိတဲ့ ဒိဋ္ဌိတွေ တဖြုတ်ဖြုတ်နဲ့ အကုန်လုံးပြုတ်နိရောခဆိုက်ပြီတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ကိလေသာ တည်းဟူသော အညစ်အကြေးတွေရင်တွင်းက တစ်ရှင်းတည်းရှင်း၊ တစ်လင်းတည်းလင်းသွားမှ မဂ်တံခါး ဖိုလ်တံခါးပွင့်လို့ အာသဝက္ခယဉာဏ်တော်ရလို့ သဗ္ဗညုတဉ္ဉာဏ်ရှင် ဘုရားဖြစ်တော်မူပါတယ်လို့ ဘယ်လောက် တန်ဖိုးရှိတဲ့တရားလဲလို့။

ဘုရားဖြစ်ခါနီးလေးမှာ သဗ္ဗညုတဉ္ဉာဏ်တော်ကြီး ရခါနီးလေးမှာကို ရရာရကြောင်းဆိုတဲ့အနေအားဖြင့် အကူအညီပေးတဲ့တရား, အထောက်အပံ့ပေးတဲ့တရား နော် (မှန်ပါတယ်ဆရာ)၊ တန်ဖိုးမရှိဘူးလား (ရှိပါတယ်ဆရာ)၊ သောတာပန် သကဒါဂါမ်ဆိုရင် ပြောစရာ လိုသေးသလားဟ (မလိုတော့ပါဘူးဆရာ)၊ ဒါကြောင့် ဒီတရားကို အခုပြတဲ့ နည်းလေးပါး မြင်လို့ရှိရင်လည်းပဲ မဂ်ဉာဏ်ဖိုလ်ဉာဏ် အမှန်ရနိုင်, ရောက်နိုင်တယ်တဲ့။ ဒါကြောင့် သမာဓိလည်း ကောင်းကောင်းထား နှသေသေချာချာမှတ်။ အရင်ပထမပိုင်းကတော့ မြန်မာလိုပြော။ ဒါပေမယ့် ဒီနာမည်လေးတွေကတော့ သူ့ပါဠိ

http://www.dhammadownload.com



လိုပဲ မှတ်ပေးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ "ဧကတ္တနည်း"တဲ့၊ တစ်နည်း ဘာနည်းလဲ (ဧကတ္တနည်း ပါဆရာ)၊ ဟုတ်ပြီ၊ တစ်နည်းနော် (တစ်နည်းပါဆရာ)၊ "နာနတ္တနည်း"တဲ့၊ ဘာနည်း (နာနတ္တနည်း)၊ နှစ်နည်းရှိသွားပြီလဲ (နှစ်နည်းရှိသွားပါပြီဆရာ)၊ "အဗျာပါရနည်း"တဲ့၊ ဘာနည်း (အဗျာပါရနည်း ပါဆရာ)၊ "ဧဝံဓမ္မတာနည်း"တဲ့၊ ဘာနည်း (ဧဝံဓမ္မတာနည်းပါဆရာ)၊ ဘယ်နှစ်နည်းရှိပြီလဲ (လေးနည်း ရှိသွားပြီဆရာ)၊ အေး - အဲဒီလေးမျိုးပဲ နော် (မှန်ပါတယ်ဆရာ)၊ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း။ (ဧကတ္တနည်း၊ နာနတ္တနည်း) ဟုတ်ပြီ၊ (အဗျာပါရနည်း) ဟုတ်ပြီ၊ (ဧဝံဓမ္မတာနည်း) ဟုတ်ပြီ။ (ဧကတ္တနည်း) ဟုတ်ပြီ၊ (နာနတ္တနည်း) ဟုတ်ပြီ၊ (အဗျာပါရနည်း) ဟုတ်ပြီ၊ (ဧဝံဓမ္မတာနည်း)။ မှတ်မိလား၊ (မှတ်မိပါတယ်ဆရာ)။

မနက်ဖြန်ခါ ရှိပါ့အုံးမလား (ရှိပါတယ်ဆရာ)၊ မှတ်ထားနော် (မှတ်ထားပါတယ်ဆရာ)၊ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း နော် (မှန်ပါတယ်ဆရာ)၊ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်းလို့ "ဧဝံဓမ္မတာ နည်းလေးဖြာ"လို့ နောက်ဆုံးနည်းကို နာမည်တပ်ပြီးတော့ ခေါ်လိုက်တယ်။ "ဧဝံဓမ္မတာ နည်းလေးဖြာ"တဲ့၊ ဘာခေါ်လဲ (ဧဝံဓမ္မတာ နည်းလေးဖြာ)၊ အဲ - ဟုတ်ပြီ၊ ဘယ့်နှယ့် (ဧဝံဓမ္မတာ နည်းလေးဖြာ)၊ ဘာတဲ့လဲ (ဧဝံဓမ္မတာ နည်းလေးဖြာ)၊ ဘယ်လိုကွ (ဧဝံဓမ္မတာ နည်းလေးဖြာ)၊ အေး - ဟုတ်ပြီ၊ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ "ဧဝံဓမ္မတာ နည်းလေးဖြာ"တဲ့ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘာ, ဘာပြောတယ် (ဧဝံဓမ္မတာ နည်းလေးဖြာ)၊ အဲဒီနည်းလေးဖြာကို ပြောစမ်းပါဦး - (ဧကတ္တနည်း၊ နာနတ္တနည်း) အေး၊ (အဗျာပါရနည်း) အေး၊ (ဧဝံဓမ္မတာနည်း)၊ အေး-ဟုတ်ပြီ။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အေး- မှတ်မိသွားပြီ၊ နေရာကျပြီ မှတ်ထားနော် (မှတ်ထားပါတယ်ဆရာ)၊ "ဧကတ္တနည်း"ဆိုတာ အရင် သဘောလေး မှတ်ထားတယ်။ အဋ္ဌကထာဆရာပြထားတဲ့ ဥပမာလေး အရင်ပြ။ ဥပမာလေး သေသေချာချာကြည့်နော်။ သမာဓိလည်း ကောင်းကောင်းထား။ ဉာဏ်ထဲမှာ ရှင်းသွားလိမ့်မယ်။ ဉာဏ်ထဲမှာ ရှင်းသွားမှ၊ တရားတော့ တတ်ရုံတင်မလုပ်ကြနဲ့နော် သိရုံလေးတော့၊ တကယ် ပြတ်သားပြီးတော့ ဉာဏ်ထဲ ရှင်းပြီးတော့ တရားရအောင် လုပ်ကြ၊ တရားရအောင် လုပ်ကြ။ တရားရမှ ကိစ္စပြီးမှာလို့၊ တို့ သိရုံလေး လုပ်လို့ကတော့ မဖြစ်ဘူး၊ တရားရှိမှ ဒီလိုသဘောထား။ "သိရုံလေး" ဆိုတာ ကြက်တူရွေးတောင် သင်ပေးရင် တတ်သေးတာ။ ဒါကြောင့် ကြက်တူရွေးတတ် မတတ် ပါစေနဲ့လို့ ဉာဏ်ထဲမှာ ပြတ်သားသွားအောင်၊ အင်မတန် တန်ဖိုးရှိတဲ့ အခန်းမို့လို့ တိုက်တွန်းပေး နေတာ။ နံပါတ်တစ် ဆိုတဲ့ "ဧကတ္တနည်း"ဆိုတာ တခြားမဟုတ်ပါဘူး။ ဥပမာလေးတွေ အရင်ကြည့်

http://www.dhammadownload.com



သရက်စေ့လေး မြေကြီးထဲ အရင်ချ စိုက်လိုက် နော် (မှန်ပါတယ်ဆရာ)၊ ပထမ သရက်စေ့လား (သရက်စေ့ပါဆရာ)၊ သရက်စေ့ထဲမှာ အညွန့်ရှာရလား (မရပါဘူးဆရာ)၊ အညှောက်လေးလဲ ရှာရလား (မရပါဘူးဆရာ)၊ ပင်စည်လေးကော (မရပါဘူးဆရာ)၊ ပင်လုံးလေးကော (မရပါဘူးဆရာ)၊ အခက် ကလေးကော (မပါပါဘူးဆရာ)၊ အရွက်ကော (မပါပါဘူးဆရာ)၊ အပွင့်ရော (မပါပါဘူးဆရာ)၊ အသီးရော (မပါပါဘူးဆရာ)၊ ဘာမှ မရှိဘူးပေါ့ (ဘာမှ မရှိပါဘူးဆရာ)၊ သရက်စေ့ဟာ သရက်စေ့ ပဲလား (သရက်စေ့ပါပဲဆရာ)၊ အဲဒီသရက်စေ့လေး ချပြီးတော့ ပျိုးလိုက်တော့ ရေနဲ့မြေနဲ့ တွေ့သွားတော့ ဘာလေးပေါက်လာတာလဲ (အညှောက်လေးပေါက်လာတယ်ဆရာ)၊ အေး-အညှောက်လေး ပေါက် လာတယ် နော် (မှန်ပါတယ်ဆရာ)၊ ရေနဲ့ မြေနဲ့ တွေ့တော့ အညှောက်လေးပေါက်လာရော့လို့။ အညှောက်လေးကနေ နောက်တော့ အညွန့်ကလေး ထွက်လာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အညွန့်ကလေးကနေပြီးတော့ ပင်လုံးလေး ဖြစ်လာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပင်လုံး ပင်စည်လေးဖြစ်လာ နောက်တော့ အခက်ကလေးတွေ ထွက်လာတယ် (ထွက်လာပါတယ်ဆရာ)၊ နောက်တော့ ပင်မကြီး ဖြစ်သွားတာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အကြီးကြီး ဖြစ်သွားတာပေါ့ (အကြီးကြီးဖြစ်သွားပါတယ်ဆရာ)။

ပုဆိုးတစ်ပတ်လောက်တွေ၊ တစ်ဖက်လောက်တွေ အပင်ကြီးဖြစ်သွားတယ် ဟုတ်လား (ဖြစ် လာတယ်ဆရာ)၊ အကိုင်းတွေ, အခက်တွေ, အရွက်တွေ, အသီးတွေ, အပွင့်တွေနဲ့နော် (မှန်ပါတယ် ဆရာ)၊ အဲဒီတစ်ဖက်လောက်ဖြစ်လာတဲ့ သစ်ပင်ကြီးကို ပြန်ပြီးတော့ ကြည့်စမ်း၊ ကြည့်စမ်း ကြည့်စမ်း သေသေ ချာချာ၊ မျိုးစေ့လေးထိအောင် ကြည့်လိုက်စမ်း နော် (မှန်ပါတယ်ဆရာ)၊ မျိုးစေ့လေးထိအောင် ကြည့်လိုက်တော့ အဲဒီမျိုးစေ့လေးက ချလိုက်လို့ ပေါက်လာတဲ့ အညှောက်ကလေးအထိ ဒီသစ်ပင် ကြီးမှာ သမာဓိကောင်းကောင်းထားနော် သေချာကြည့်စမ်း။ သစ်ပင်ကြီးရဲ့ဖြစ်စဉ် သန္တာန်အစဉ် လေးတွေဟာ ဘယ့်နှယ့်နေလဲ တစ်ဆက်တည်း မဟုတ်လား (တစ်ဆက်တည်းသွားပါတယ်ဆရာ)၊ တစ်ဆက်တည်းနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ပင်မကြီးရောက်တော့ အညှောက်ကလေးကို မြင်သေးရဲ့လား (မမြင်တော့ဘူးဆရာ)၊ အညွန့်လေးရော (မပါတော့ဘူးဆရာ)၊ ပင်လုံးလေးရော (မမြင်တော့ဘူးဆရာ)၊ ပင်စည်လေးရော (မမြင်တော့ဘူးဆရာ)၊ လက်ညှိုး လက်မလောက်ရှိတဲ့ အရွယ်လေးကော (မမြင်တော့ဘူးဆရာ)၊ မမြင်ဘူးလား (မမြင်တော့ပါဘူးဆရာ)၊ သစ်ပင်ကြီးကို မြင်တာပေါ့ (မှန်ပါတယ်ဆရာ)၊ ပုဆိုးတစ်ပတ်လောက်ရှိတဲ့ သစ်ပင်ကြီးကို မြင်နေတယ် ဟုတ်လား (မြင်ပါတယ်ဆရာ)။

http://www.dhammadownload.com


ဒါပေမယ့်လို့ အဲဒီသစ်ပင်ကြီးသည် သန္တာန်အစဉ်အားဖြင့် ပြန်ကြည့်တဲ့အခါကျတော့ မျိုးစေ့လေးက ထွက်လာတဲ့ အညှောက်ကလေးက လာတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အညှောက်ကလေးက အစ တစ်ဘက်မျှရှိသော သစ်ပင်ကြီးကျအောင် ဖြစ်လာသော သန္တာန်အစဉ်သည် အညှောက်ကလေးက နော် (အညှောက်ကလေးပါဆရာ)၊ အညှောက်ကလေးကနေပြီးတော့ တစ်ဖက်လောက် ပမာဏရှိတဲ့ သစ်ပင်ကြီးဘဝ ရောက်လာအောင် အဲဒီကြားမှာ သန္တာန်အစဉ်ဟာ ပြတ်တာ, ရပ်တာ တွေ့လား (မတွေ့ပါဘူးဆရာ)၊ သန္တာန်က တစ်ဆက်တည်းပေါ့ (မှန်ပါတယ်ဆရာ)၊ သန္တာန်လေ (မှန်ပါတယ်ဆရာ)၊ တစ်ဆက်တည်း မြင်နေတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မျိုးစေ့လေးရဲ့ အညှောက်ကလေးကစ၍ တစ်ဖက်လောက်ပမာဏရှိသော သရက်ပင်ကြီးအထိ အညွန့်ကလေး, အညှောက်ကလေး, ပင်စည်လေး, ပင်လုံးလေး, ခက်မငါးဖြာ အကုန်လုံး တောက်လျှောက်လာလိုက်တာလို့ သန္တာန်အစဉ်ပြတ်နေတာ မရှိဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ တစ်ဆက်တည်းပေါ့ (မှန်ပါတယ်ဆရာ)၊ အေး - ဒါ တစ်ဆက်တည်း၊ အဲဒီလိုပဲ အဝိဇ္ဇာက နေပြီးတော့ ဇရာ မရဏထိအောင် ကြည့် သေသေချာချာ။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာမရဏ။ ကိုင်း - အဲဒီ ဇရာ မရဏကနေပြီးတော့ ဟိုး အဝိဇ္ဇာထိအောင် ပြန်ကြည့်စမ်း - အပြတ်ကလေး ရှိလား (မရှိပါဘူးဆရာ)၊ နည်းနည်းလေးမှ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် သန္တာန်အစဉ်ကြီးဟာ တစ်ဆက်တည်း ဖြစ်မနေဘူးလား (တစ်ဆက်တည်း ဖြစ်လာပါတယ်ဆရာ)၊ အခုနက ဗီဇဆိုတဲ့ မျိုးစေ့လေး အညှောက်ကလေးဘဝကနေပြီးတော့ တစ်ဖက်လောက်ရှိတဲ့ သရက်ပင်ကြီးကျအောင် ဖြစ်လာတဲ့ သန္တာန်အစဉ် မပြတ်သလိုဘဲ နော် (မှန်ပါတယ်ဆရာ)၊ ယခုလည်းပဲ အဝိဇ္ဇာ,ကစ ဇရာမရဏကျအောင် သန္တာန်အစဉ်မပြတ်ဘူးတဲ့၊ ပြတ်ရဲ့လား (မပြတ်ပါဘူးဆရာ)၊ အဲဒီသန္တာန်အစဉ် မပြတ်ဘဲနဲ့ တစ်ဆက်တည်း ဖြစ်လာတာကို မြင်ကတည်းက ဒီပုဂ္ဂိုလ်ဟာ ဉစ္ဆေဒဒိဋ္ဌိ ကွာပါတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဉစ္ဆေဒဒိဋ္ဌိ ဆိုတော့ အခုတစ်ခါဖြစ်ပြီး နောက်တစ်ခါမဖြစ်ဘူး၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အခုမင်း အဝိဇ္ဇာကနေပြီးတော့ ဇရာ မရဏကျအောင်ရောက်နေတယ်။

http://www.dhammadownload.com


တစ်ခါ "ဧဝံဓမ္မတာ နည်းလေးဖြာ"၊ ဘာတဲ့ (ဧဝံဓမ္မတာ နည်းလေးဖြာပါဆရာ)၊ ဧဝံဓမ္မတာ နည်းလေးဖြာလို့ - ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်းလို့၊ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း - ဒီနည်းလေးပါးကို "ဧဝံဓမ္မတာ နည်းလေးဖြာ"လို့ ဒီလိုဆိုလို့ကောင်းအောင် "ဧဝံဓမ္မတာ နည်းလေးဖြာ"လို့ ဒီလို ခေါ်ရတယ်။ ဧဝံဓမ္မတာ နည်းလေးဖြာက ဘယ်သူတွေတုံး - ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း။ ဘယ်သူဘယ်သူလဲ (ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း)၊ အေး - ဟုတ်ပြီ။ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း - ဒီနည်းလေးပါး မြတ်စွာဘုရားကိုယ်တော်မြတ် ပိုင်းခြားပြီး ပဋိစ္စသမုပ္ပါဒ်ကြီးမှာ ဟောထားတာ၊ ဘာလုပ်ဖို့လဲလို့ မေးစရာရှိတယ်။ ဒိဋ္ဌိပယ်ဖို့၊ သတ်ဖို့ တစ်သံသရာလုံးက မိမိရင်ထဲမှာ မရှင်းမလင်းဘဲနဲ့ စွဲလမ်း၍ အမှားကြီးမှားလာသော ဥစ္ဆေဒ ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကြိယာဒိဋ္ဌိ အင်မတန် ကြောက်ဖွယ်ကောင်းတဲ့ ဒိဋ္ဌိတရားကြီးတွေ၊ ဒီဒိဋ္ဌိတွေ မိမိရင်တွင်းမှာ မရှင်းမလင်းဘဲနဲ့ တစ်ပါးပါးကို စွဲယူမှားနေတယ် ဆိုရင် အပါယ်တံခါးက ပွင့်လို့၊ မဂ်တံခါးက ပိတ်လို့ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ် ဆရာ)၊ သာသနာနဲ့တွေ့လည်းပဲ အပါယ်တံခါးက ပွင့်လျက်သားပဲ။ မြတ်စွာဘုရား ကိုယ်တော်မြတ်နဲ့ တွေ့လည်း အပါယ်တံခါးပွင့်လျက်သား၊ သာသနာအပအခါလည်း အပါယ်တံခါး ဖွင့်လျက်သား နော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့တုံးတဲ့၊ မိမိရင်တွင်းမှာ မရှင်းမလင်းသော ဒီဒိဋ္ဌိတရားတွေ ထင်ရှားရှိနေလို့-တဲ့။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ၎င်း "ဧဝံဓမ္မတာ နည်းလေးဖြာ"ဆိုတဲ့ နည်းလေးပါး ထပ်မံပြီး ဟောတယ်။ ဟောတော်မူတဲ့ နည်းလေးပါးမှာ တစ်ပါးချင်း တစ်ပါးချင်း ရှင်းရှင်း၊ ရှင်းရှင်းသွားပြီဆိုတော့ မိမိရင်တွင်းမှာ အစွဲအယူအားဖြင့် မှားချင်တိုင်း မှားနေလို့၊ အပါယ်ကို ရောက်စေတတ်၊ ကျစေတတ်သော (တစ်နည်း) မဂ်တံခါး ဖိုလ်တံခါးကို ပိတ်စေတတ်သော သံသရာ့ဝဋ်မြစ်၊ ဘဝဝဋ်မြစ်၊ သံသရာ့ရေသောက်မြစ်၊ ဘဝရေသောက်မြစ် ဖြစ်စေတတ်သော အင်မတန် ဆိုးဝါး ကြောက်မက်ဖွယ်ကောင်းတဲ့ ဒိဋ္ဌိကိလေသာများ ရှင်းနိုင်၊ လင်းနိုင်တယ်-တဲ့။ သမာဓိလည်း ကောင်း ကောင်းထား သေသေချာချာလည်း မှတ်။ တစ်နည်းလောက် ရသွားရင်လည်း တာဝန်အများ ကြီး ပေါ့သွားတယ်၊ အင်မတန်လဲ တန်ဖိုးရှိတယ်။ အဓိပ္ပါယ်အားဖြင့် ဧကတ္တနည်း တစ်နည်းကို ပဋိစ္စသမုပ္ပါဒ်စက်ကြီးမှာ ကြည့်လိုက် ဧကတ္တနည်းအနေအားဖြင့် ကိုယ်က သိထားတယ်။ သိထားရင် ဘာဖြစ်သလဲလို့၊ ဘဝပြတ်တယ်လို့ ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌိ ရင်ထဲမှာ ရှင်းသွားတယ်။ ဥစ္ဆေဒ

http://www.dhammadownload.com



ဒိဋ္ဌိ ကွာသွားတယ်။ ဥစ္ဆေဒဒိဋ္ဌိ သေသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ နောက်တစ်ခါ ဒုတိယ နံပါတ် (၂) ဆိုတဲ့ နာနတ္တနည်း - ဒီပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး အစ အဆုံးတိုင် ဝေဖန်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ သဘာဝအတိုင်းချပြီး ကြည့်ပြန်တော့ နာနတ္တနည်း အားဖြင့် မြင်ပြန်တယ်။ နာနတ္တနည်းအားဖြင့် မြင်လိုက်တော့ ဘာဖြစ်၊ အင်မတန် ကြောက်ဖွယ်ကောင်း သော အပါယ်တံခါးကို အမြဲတစေ ပွင့်စေတတ်သော၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တံခါးကို လုံးလုံးကြီး ပိတ်ပင်စေတတ်သော သံသရာဝဋ္ဋမြစ်, ဘဝဝဋ္ဋမြစ်, သံသရာရေသောက်မြစ်, ဘဝရေသောက်မြစ် ဖြစ်စေတတ်သော သဿတဒိဋ္ဌိ အယူဆိုး အယူမှားကြီးလည်း ရင်ထဲက ရှင်းနိုင်, လင်းနိုင်တယ်တဲ့၊ မှတ်ထားနော်။ တရားဟာ တစ်လုံးဆိုရင် ဆိုသလောက် အဘဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ဓမ္မက္ခန္ဓာ တရားတော်မြတ်ဟာ ရှစ်သောင်းနဲ့လေးထောင် ရှိတယ်။

အစုအပုံပေါင်း ဒါတွေကို ပိဋကတ်တော်နဲ့ ဖွဲ့လိုက်တော့ "ပိဋကတ်သုံးသွယ်"တဲ့။ သုတ် ဝိနည်း အဘိဓမ္မာ။ နိကာယ်နဲ့ ခွဲပြန်တော့ "နိကာယ်ငါးကျမ်း"၊ အဲဒီလို ဆိုင်ရာ ဆိုင်ရာ စုလိုက် ပုံလိုက် ဝေဖန်တော်မူလိုက်တဲ့အခါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိတဲ့အနက်က တစ်လုံး သော တရားကို ကိုယ့်ဉာဏ်ထဲ ပြတ်သားရင် ဒါ သံသရာက ကျွတ်နိုင်, လွတ်နိုင်တယ် နော် (မှန်ပါတယ်ဆရာ)၊ အပါယ်လေးပါး တံခါးပိတ်နိုင်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံး ရနိုင်တယ်။ ဒီထိအောင် ခရီးတွေ ရောက်ထားတဲ့ ဒေသနာတော်အစစ်တွေ ဖြစ်ထားတော့ တို့လူစုကလည်း တစ်လုံးဆို ဆိုသလောက်, သို့ကလောက်တောင် ခရီးရောက်တဲ့ တရားတော်မြတ်ကြီးကို ငါတော့ တစ်လုံးတော့ အရကြိုးစားမှပဲ၊ ပိုင်အောင် ကြိုးစားမှ၊ ထွေလာပြားပြား အများအားဖြင့် ငါမမှတ်နိုင်လို့ ရှိရင်လည်း တစ်လုံးကောင်းတော့ ငါရအောင်ယူမှ၊ တစ်လုံးကောင်းလောက် ငါရအောင် ကြိုးစားမယ်။ ဒါပေမယ့် အလုံးတိုင်း အလုံးတိုင်း ရအောင် ယူရင်တော့ ဆိုဖွယ်ရာ မရှိဘူးပေါ့ကွ နော် (မှန်ပါတယ် ဆရာ)၊ ဒါ တစ်လုံးရတာနဲ့ တန်ဖိုးပြတယ်၊ ဘယ်လောက်တန်ဖိုးရှိတဲ့ တရားလဲလို့။

ဒါကြောင့် သံသရာကြီး တကယ်ငြီးငွေ့ရိုးမှန်ရင်၊ သံသရာကြီး တကယ်ထိတ်လန့်ရိုးမှန်ရင်၊ သံသရာတကယ်ကြောက်ရွံ့ရိုးမှန်လို့ရှိရင် သာသနာနဲ့ တွေ့တဲ့, ကြုံတဲ့အခါ တစ်မဂ် တစ်ဖိုလ် ရအောင် ကြိုးစားကြပါလို့၊ လက်လွှတ်မခံကြပါနဲ့ အခွင့်ကောင်း အခါကောင်းကြီး၊ ဒါထက်ကောင်းတဲ့ အခွင့် အရေး နောင်သောအခါကျ ကိုယ်တွေ့ချင်မှ တွေ့တော့မှာပေါ့တဲ့။ ရချင်မှ ရတော့မှာပေါ့။ အခု ရထားတဲ့ အခွင့်အရေးက အင်မတန်မှ ရနိုင်ခဲတဲ့ "မနုဿတ္တဘာဝ ဒုလ္လဘ"လည်း ရတယ်။ ဘုရား ပွင့်တော်မူတဲ့ ဗုဒ္ဓုပ္ပါဒနဝမခေတ်ကြီးနဲ့ ကြုံလို့ ဒါလည်း ရတယ်။ ပြီးတော့ကောတဲ့ - မိမိတို့မှာ

http://www.dhammadownload.com



ရတနာသုံးပါးအပေါ်မှာ ယုံကြည်လေးစားတဲ့ "သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ"လည်း ရတယ်။ အင်မတန် နာရခဲ ကြားရခဲတဲ့ သော့နှစ်ထပ်နဲ့ ခတ်ထားသော သေတ္တာခံတွင်းကို ဖွင့်ရဘိသကဲ့သို့ အင်မတန် ကြားရခဲ နာရခဲတဲ့ "သဒ္ဓမ္မသဝန" သူတော်ကောင်း တရားအစစ်လည်း ငါတို့ နာကြားရ ပေတယ်လို့၊ ဒါ အခွင့်ကောင်း အခါကောင်း ခေါ်တယ်။ ဒါထက် ကောင်းတာ မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ တချို့ "မနုဿတ္တဘာဝ ဒုလ္လဘ" လူ့အဖြစ်တော့ ရတယ် မဟုတ်လား (ရပါတယ်ဆရာ)၊ ရတနာသုံးပါးကို ကြည်ညိုရဲ့လား (ကြည်ညိုပါတယ်ဆရာ)၊ လူဖြစ်တိုင်းလေ (လူဖြစ်တိုင်းတော့ မကြည်ညိုပါဘူးဆရာ)၊ အခုန မင်းကို ငါဘာမေးတာလဲ၊ လူ့အဖြစ်တော့ ရကြတယ် မဟုတ်လား (ရပါတယ်ဆရာ)။

ကမ္ဘာသူ ကမ္ဘာသားတွေ လူဦးရေတွက်ကြည့်တော့ နည်းမှာလား (မနည်းပါဘူးဆရာ)၊ ဒါဖြင့် လူဖြစ်တိုင်း "မနုဿတ္တဘာဝ ဒုလ္လဘ" ရတိုင်း ရတနာသုံးပါးကို ကြည်ညိုရဲ့လား (မကြည်ညိုပါဘူးဆရာ)၊ ယုံကြည်ရဲ့လား (မယုံကြည်ပါဘူးဆရာ)၊ သာသနာပြင်ပ နေကြတာ မြင်တယ် မဟုတ်လား (မြင်ပါတယ်ဆရာ)၊ မကြည်ညိုကြဘူး၊ မယုံကြည်ကြဘူးလို့။ ဒါဖြင့် ရတနာသုံးပါးကို မယုံကြည်တော့ သူတော်ကောင်းတရားများ နာရမှန်း ကြားရမှန်း သိရဲ့လား (မသိပါဘူးဆရာ)၊ မသိဘူး။ လူတော့ မှန်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ အခွင့်ကောင်း အခါကောင်း ရပေမယ့် ရတဲ့ အခွင့်အရေးကို လုံးလုံးကြီး မခံစားတတ်တဲ့ ပုဂ္ဂိုလ်မျိုး ခေါ်တယ်။ ကိုယ့်ဘဝလဲ ကိုယ်ပြန်ပြီးတော့ ဆင်ခြင်ကြည့်ကြ၊ ပတ်ဝန်းကျင်နဲ့ ဝေဖန်ကြည့်၊ တိုင်းကြည့်၊ နှိုင်းကြည့်။

"မနုဿတ္တဘာဝေါ ဒုလ္လဘော"လို့ ဘုရားကိုယ်တော်မြတ် ဟောထားတဲ့ ဒုလ္လဘတရားငါးပါး လူ့အဖြစ် အင်မတန်မှ ရခဲတယ်၊ ဘယ်အထိအောင် ရခဲသလဲ၊ ဗြဟ္မာ့ပြည်က အပ်တစ်စင်း၊ လူ့ပြည်က အပ်တစ်စင်း၊ လူ့ပြည်က အပ်ကလေးထောင်ထား၊ ဗြဟ္မာ့ပြည်က အပ်တစ်စင်းချ၊ အပ်ဖျားချင်း အပ်သွားချင်းသာ ထိချင်ထိမယ်တဲ့၊ ထိနိုင်စရာ အကြောင်းရှိလား (မရှိပါဘူးဆရာ)၊ မရှိတာ မရှိမယ်၊ အဲဒါက ထိချင်ထိလိမ့်မယ်တဲ့။ သတ္တဝါတစ်ယောက် လူ့ဘဝရောက်ဖို့ ခဲယဉ်းတယ်။ ဒါထက် ခဲယဉ်းတယ်၊ ယုံနိုင်စရာ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ သို့ကလောက်တောင် ခဲယဉ်းတဲ့ လူ့ဘဝ ကြီး "မနုဿတ္တဘာဝ ဒုလ္လဘ" နဲ့ ဟောထားရတယ်။ ရခဲလို့ လူလာဖြစ်တယ်။ ဖြစ်တော့ ဖြစ်ပါရဲ့၊ တစ်ချက်တော့ အပိုင်ထား၊ အင်မတန် လူ့ဘဝ ရခဲလို့ဆိုသည်အားလျော်စွာ တို့တော့ လူ့ဘဝရပေါ့၊ ရပြီးတော့ နောက် ရထိုက်တဲ့ အခွင့်အရေးတွေက လုံးလုံးကြီး အလျှော့ပေးထားတယ်။ ရတဲ့အခွင့်အရေး မသုံးစားရရှာဘူး။ သာသနာကြီးနဲ့ တွေ့လို့ ကြုံလို့ ဘုရား တရား သံဃာ ရတနာ

http://www.dhammadownload.com



မြတ်သုံးပါးရဲ့ဂုဏ်ကို ယုံယုံကြည်ကြည် နှစ်နှစ်ခြိုက်ခြိုက်နဲ့ "သဒ္ဓါသမ္ပတ္တိ" ပြည့်စုံနိုင်တဲ့ ခေတ်ကြီး ရှိပါလျက်သားနဲ့ ယုံကြည်ရမှန်း မသိ၊ ကိုးကွယ် ဆည်းကပ်ရမှန်း မသိတဲ့၊ ကမ္ဘာသူ ကမ္ဘာသားတွေ မြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)၊ ဒီကမ္ဘာသူ ကမ္ဘာသားတွေထဲမှာ တို့ဗုဒ္ဓဘာသာ မြန်မာ လူမျိုးတွေကတော့ "မနုဿတ္တဘာဝ ဒုလ္လဘ"လည်း တစ်ချက်ရထားတယ်။ "သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ" လည်း တစ်ချက်ရထားတယ်။ နှစ်ချက်ရမနေဘူးလားကွ (နှစ်ချက်ရပါတယ်ဆရာ)၊ သာသနာပြင်ပမှ လူတွေထက်တော့ တစ်ပန်းမသာဘူးလား (သာပါတယ်ဆရာ)၊ တစ်ပန်းသာသွားတယ်။ အဲဒီ "မနုဿတ္တဘာဝ ဒုလ္လဘ" လူ့အဖြစ်လည်း ရတယ်၊ "သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ"လည်း သဒ္ဓါတရားလည်း ရှိတယ်။ ဒါကတော့ ဟုတ်ပါတယ်။ ဒါပေမယ့် လူတိုင်းလူတိုင်း "ပဗ္ဗဇိတဘာဝ"- ရဟန်းဘဝ တက်နိုင် ရဲ့လားဟ (မတက်နိုင်ပါဘူးဆရာ)၊ မတက်နိုင်ကြဘူး။

ဒါကြောင့် လူလည်း မရပြန်ဘူး၊ တို့ဗုဒ္ဓဘာသာလဲ မရပြန်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တချို့လည်း ဒီဘဝ ဒုလ္လဘကြီးမို့လို့ အင်မတန် ရခဲလို့၊ "တစ်ရက် တစ်မွန်းတည့်၊ ခုနစ်ရက် တစ်လ ကိုးသတင်း"ဆိုသလို ဝင်ပြီးတော့ ရဟန်းဘောင်ထဲ ဝင်ကြတယ်။ ဘာဖြစ်လို့လဲ အင်မတန် ရခဲတဲ့ ဒုလ္လဘကြီးမို့လို့တဲ့၊ ဒုလ္လဘရဟန်းခံကြတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လုပ်နိုင်တဲ့လူများက တစ်ပန်းသာပြန်ရော့ ဗုဒ္ဓဘာသာချင်းမှာပဲ၊ ဒီပုဂ္ဂိုလ်များက တစ်ပန်းသာ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ ပြီးတော့ ဒီအတိုင်း တစ်ခါလာပြန်ရော့ အတူတူပဲ ထားပါတော့၊ "သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ" လို့၊ တကယ့်မဂ်ဉာဏ် ဖိုလ်ဉာဏ် ရစေတတ်, ရောက်စေတတ်တဲ့ သူတော်ကောင်းတရားအစစ်ကို နာကြားကြစို့ဆိုတော့ လူတိုင်း မနာနိုင်ပြန်ဘူးနော် (မှန်ပါတယ်ဆရာ)၊ နာနိုင်တဲ့ပုဂ္ဂိုလ်က နာနိုင်တယ်။ မနာနိုင်တဲ့ပုဂ္ဂိုလ်က မနာနိုင်ဘူး။ ဘာဖြစ်လို့ မနာနိုင်တာလဲ၊ အကြောင်းချို့ယွင်းလို့ မနာနိုင်တာလဲ ရှိတယ်။ မကြိုက်ကို မကြိုက်လို့ မနာနိုင်တာလဲ ရှိတယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ" အတိသဒ္ဒါနဲ့ ပြထားလို့၊ ဒုလ္လဘငါးပါးရှိတဲ့အနက်က သူတော်ကောင်းတရား နာကြားရခြင်းသည် အလွန့်အလွန် ခဲယဉ်း၏လို့၊ ခဲယဉ်းတဲ့ "ဒုလ္လဘ"သဒ္ဒါမှာ အတိသဒ္ဒါနဲ့ မ,ထားလို့ "အတိဒုလ္လဘံ"လို့ ပြထားတယ်။ ဘယ်လို သူတော်ကောင်းတရားလဲလို့၊ ဒီတရားကို နာကြားရလို့ ရှိရင်ဖြင့် အပူတွေ ငြိမ်းနိုင်တယ်၊ အေးနိုင်တယ်၊ သံသရာဝဋ်အတွင်းက လွတ်ကင်းနိုင်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံးရနိုင်တယ်၊ အောက်ထစ်ဆုံးအနေအားဖြင့် လူကောင်း, နတ်ကောင်း, ပြဟ္မာကောင်းဖြစ်နိုင်တယ်၊ အပါယ်လေးပါးတံခါး ပိတ်နိုင်တယ်လို့ နော် (မှန်ပါ တယ်ဆရာ)၊ ဒါ "သဒ္ဓမ္မဿဝန"၊ ဒီလိုပဲ သော့နှစ်ချက် ခတ်တဲ့ သေတ္တာသံတင်းပမာ အလွန့်အလွန်

http://www.dhammadownload.com



နာရခဲ့သော "သဒ္ဓမ္မဿဝန အတိဒုလ္လဘာ"ဆိုတဲ့ သူတော်ကောင်းတရား နာရတဲ့အခါ တို့တော့ တစ်လုံး ပြတ်သားရင် မနည်းဘူးဟဲ့၊ ဘာဖြစ်လို့ တစ်လုံးပြတ်သား နားလည်သွားရင် အပါယ်လေးပါး တံခါး ပိတ်နိုင်သတဲ့၊ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ ကောင်းရာ သုဂတိသာလျှင် လည်းလျောင်းရာ ရှိသတဲ့, လားရာရှိသတဲ့၊ တန်ဖိုးမရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဒါထက် တစ်ဆင့်တိုးလိုက်ပြန်တော့ မဂ်ခြေ ဖိုလ်ခြေ ဆိုက်နိုင်သတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သို့ကလောက်တောင် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဘယ်တရားကစ, စ၊ ဘယ်တရား ပြတ်သားပြတ်သား၊ ဘယ်တရား နားလည်း နားလည်-တဲ့၊ ဒီအကျိုး ဝိသေသအတိုင်း သွားမှာချည်းဘဲလို့ဆိုတော့။ ဒါကြောင့် တို့လူစုက သေသေ ချာချာကြည့် - အခုညပြသွားမယ့် နည်းလေးပါးကို တစ်ပါးချင်း တစ်ပါးချင်း စဉ်းစား။ တို့ သင်ပေး, သင်ပေးတဲ့အတိုင်း တတ်ခါစလေး ဒီလိုမနေရဘူး၊ "ဧကတ္တနည်း"တဲ့ဟေ ဒီကနေ့ည ပြလိုက်တာ၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးမှာ နည်းလေးဖြာနဲ့ ဝေဖန်ပြန်တယ်ဟ၊ မနေ့ညကတော့ ဧကတ္တနည်း နာလာခဲ့၊ ဧကတ္တနည်းက ဒီလိုဒီလိုတဲ့၊ ဒီလိုပြောခါမျှနဲ့ ပြီးတာမဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ) ဒါ "သုတမယဉာဏ်" ခေါ်တယ်၊ သင်လိုက်လို့ နားမှာ ကြားပြီးတော့ တတ်သွားတာ "သုတမယ ဉာဏ်"တဲ့။

အဲဒီရလာတဲ့ အကြားအားဖြင့် တက်မြောက်လိမ္မာလာတော့ သုတမယဉာဏ်အပြင်ဘက် တစ်ခါထွက်ပြီးတော့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားတယ်၊ ဝေဖန်တယ်ဆိုတာ "စိန္တာမယဉာဏ်"ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ စိန္တာမယဉာဏ်နဲ့ တစ်ခါပြန်ပြီး ဝေဖန်ရတယ်၊ ဝေဖန်လို့ ပိုင်ပြီးလား၊ ပိုင်ပြီဆိုတော့မှ၊ ပြတ်သားပြီဆိုတော့မှ "ဘာဝနာမယဉာဏ်"လို့၊ အဖန်ဖန်အထပ်ထပ် နှစ်လုံးသွင်း ရတယ်။ ဆင်ခြင် စဉ်းစားပေးရတယ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ပထမဆုံးနာကြားတာက သုတမယ ဉာဏ်၊ နာကြားပြီးလို့, တက်မြောက်လိမ္မာလာတော့ ကိုယ်ပိုင်ဉာဏ်နဲ့ အဖန်ဖန်အထပ်ထပ် ဝေဖန်စဉ်းစား ဆင်ခြင်တာက စိန္တာမယဉာဏ်၊ ဆင်ခြင်စဉ်းစားလို့ ယုတ္တိယုတ္တာ ရှာလို့, ဖွေလို့ ပြတ်သား နားလည်ပြီးလားဆိုတော့ အင်မတန် မှန်ကန်တိကျတဲ့ သဘာဝကြီးပဲ ဆိုပြီးတော့ အရသာရှိရှိနဲ့ အပြန်ပြန် အထပ်ထပ်အားဖြင့် တွေးတော ဝေဖန်စဉ်းစား ဆင်ခြင် သုံးသပ်ထားတာက "ဘာဝနာ မယဉာဏ်"တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို သွားရတယ်။

ဒါကြောင့် သင်ပေး, သင်ပေးတဲ့အတိုင်းပဲ မနေကြပါနဲ့လို့၊ ဝေထားတဲ့ စာရွက်ကြည့်, ကြည့် ပြီးတော့ အခုည ဧကတ္တနည်း ပြောလိုက်တယ်ဆိုလို့ရှိရင် အိမ်ပြန်ရောက်တော့ စာရွက်ချ၊ အဖော် ရှိရင်လဲ အဖော်နဲ့ တိုင်ပင်နှီးနှောလို့၊ အဖော်မရှိလဲ တစ်ယောက်ချင်း ပြန်ပြီးစဉ်းစား။ ဧကတ္တနည်း

http://www.dhammadownload.com


လွယ်မယောင်နဲ့ အတော်ခက်တယ်၊ သိမယောင်နဲ့ အတော်ခက်တယ်။ လွယ်လည်း မလွယ်ဘူး သိလည်း မသိဘူး။ ဒါပေမယ့် ကြည့်လိုက်ရင် လွယ်မယောင်, သိမယောင်လို့ နော် (မှန်ပါတယ်ဆရာ)၊ သိလွယ်, မြင်လွယ်, ထင်လွယ် ဒီလိုထင်ရတယ်။ ဒါပေမယ့် စဉ်းစားလိုက်မှ ပေါ်လာတာ အတော်ခက်တဲ့ တရားပါလားလို့၊ ရုတ်တရက် သိဖို့ အတော်ခဲယဉ်းပါလားလို့ ပေါ်လာတယ်။ ကြည့်, ကြည့်ထား အဓိပ္ပါယ်လေး တမြန်နေ့က တစ်ခါပြသွားပါတယ်။ သရက်စေ့လေး ကိုင်ပြီး သေသေချာချာကြည့် - ဒီထဲမှာ အညှောက်ကလေး ကြည့်လို့ မြင်ရဲ့လား (မမြင်ရပါဘူးဆရာ)၊ အညွန့်ကလေးကော (မမြင်ရပါဘူးဆရာ)၊ ပင်စည်လေးကော (မမြင်ပါဘူးဆရာ)၊ ပင်လုံးကော (မမြင်ရပါဘူးဆရာ)၊ အခက်ကော (မမြင်ရပါဘူးဆရာ)၊ အလက်ကော (မမြင်ရပါဘူးဆရာ)၊ အရွက်ကလေးကော (မမြင်ရပါဘူးဆရာ)၊ အပွင့်အသီးကော (မမြင်ရပါဘူးဆရာ)၊ မျိုးစေ့ကော (မမြင်ရပါဘူးဆရာ)၊ ဘာမှ မမြင်ဘူးပေါ့ နော် (မမြင်ရပါဘူးဆရာ)၊ သရက်စေ့ သရက်စေ့ကော (သရက်စေ့ပါပဲဆရာ)၊ အဲဒီ သရက်စေ့လေး ချပြီးတော့ မြေထဲမြှုပ်၊ ရေလေးဘာလေး လောင်းပေး နော် (မှန်ပါတယ်ဆရာ)၊ အတန်လေးကြာတော့ အညှောက်ကလေး ထွက်မလာဘူးလား (ထွက်လာပါတယ်ဆရာ)၊ အညှောက်ကလေးနေပြီးတော့ အညွန့်ကလေး ဖြစ်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ အညွန့်ကလေးက နေပြီး အရွက်နှစ်ခွလေးနဲ့ အပင်လေး ဖြစ်လာတယ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ပင်စည်လေး၊ နောက်တော့ ပင်စည်လေးက ထွားကြိုင်းလာတော့ ပင်လုံး နော် (မှန်ပါတယ်ဆရာ)၊ ပင်လုံးက တစ်စတစ်စ ကြီး, ကြီး, ကြီးလာတော့ အကိုင်းတဲ့၊ အခက်တဲ့၊ အလက်တဲ့၊ အရွက်တဲ့၊ ပြီးတော့မှ အဖူးတဲ့၊ အပွင့်တဲ့၊ အသီးတဲ့၊ မျိုးစေ့တဲ့ ဒီလို မသွားဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ "ဗီဇ"ခေါ်ထားတဲ့ သရက်စေ့လေး မြေကြီးထဲ ချပြီး စိုက်လိုက်တဲ့အချိန်က စ၊ နောက်တစ်စတစ်စ ကြီးထွားလို့ ကြီးမားတဲ့ဘဝ ရောက်လာတော့ တစ်ဖက်လောက်, ပုဆိုးတစ်ပတ်လောက် အင်မတန်ကြီးမားတဲ့ အပင်ကြီး ရောက်လာ နော် (မှန်ပါတယ်ဆရာ)၊ အပင်ကြီးရောက်လာတော့ အဲဒီ အခုမြင်နေတဲ့ အကိုင်း, အခက်, အလက်, အရွက်နဲ့ ပြည့်စုံသော ပုဆိုးတစ်ပတ်မျှ ပမာဏရှိတဲ့ အပင်ကြီးကနေပြီးတော့ ပြန်ပြီး ဆင်ခြင်ကြည့်စမ်း-ဟိုး ပထမ ကျဲချစိုက်ပျိုးသော သရက်စေ့လေးဘဝ ရောက်သွားအောင် ပြန်ကြည့်လိုက်စမ်း နော် (မှန်ပါတယ်ဆရာ)၊ ဉာဏ်ထဲ ပြန်စဉ်းစားကြည့်။ ဉာဏ်ထဲ ပြန်စဉ်းစားကြည့်တော့ကား တစ်ဖက်လောက်ရှိတဲ့ "ပင်လုံး ပင်ထည်"ဆိုတဲ့ သရက်ပင်ကြီးဘဝက နေပြီးတော့ ကိုယ့်ဉာဏ်အားဖြင့် ပြန်, ပြန်, ပြန်, ပြန်ပြီးတော့ ကြည့်လိုက်တော့ "ဗီဇ"ဆိုတဲ့ မျိုးစေ့လေး ရောက်မသွားဘူးလား (ရောက်သွားပါတယ်ဆရာ)၊ အဲဒီ "ဗီဇ"ဆိုတဲ့ မျိုးစေ့လေးက နေပြီးတော့ တစ်ခါလာပြန်ပြီ၊ ပြန်ကြည့်ဦး - "ဗီဇ"

http://www.dhammadownload.com


ဆိုတဲ့ မျိုးစေ့လေးက နေပြီးတော့ အညှောက်လေး၊ အညွန့်လေး၊ ပင်စည်လေး၊ ပင်လုံးလေး၊ "ခက်မ ငါးဖြာ"ဆိုတဲ့ အခက်၊ အလက်၊ အရွက်၊ အပွင့်၊ အသီး ပုဆိုးတစ်ပတ်လောက်ရှိတဲ့ အပင်ကြီး ဖြစ်လာပြန်ပြီ၊ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ အဲဒီတော့ ဒီပုဆိုးတစ်ပတ်လောက်ရှိထားတဲ့ အပင်ကြီးရဲ့ သန္တာန်က နေပြီးတော့ မျိုးစေ့လေးထိအောင် ပြန်ကြည့်၊ မျိုးစေ့လေးဘဝကနေပြီး တစ်ဖက်လောက် ရှိတဲ့ အပင်ကြီးရဲ့သန္တာန်ထိအောင် ပြန်ကြည့် နော် (မှန်ပါတယ်ဆရာ)၊ ဒီကြားမှာ သူ့သဘာဝလေးတွေ ကူးပြောင်း၊ ကူးပြောင်း၊ ကူးပြောင်းပြီးတော့ လာပုံလေးတွေတဲ့၊ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)။

ဒါဖြင့်ရင် မြင်တော့ အဲဒီမျိုးစေ့ကနေပြီးတော့ တစ်ဖက်လောက်ရှိတဲ့ သရက်ပင်ကြီးထိအောင် သေသေချာချာကြည့်စမ်း - စဉ်းစားပြီးတော့၊ အညှောက်လေး၊ အညွန့်လေး၊ ပင်စည်လေး၊ ပင်လုံးလေး၊ အခက်၊ အလက်၊ အရွက်၊ ပင်မကြီးထိအောင် ဆက်စပ်၊ ဆက်စပ်၊ ဆက်စပ်ပြီး လာတော့၊ ယခုတော့ တစ်ဖက်လောက်ရှိတဲ့ အပင်ကြီးဖြစ်နေပေါ့၊ ဒါဖြင့်ရင် အဲဒီမျိုးစေ့ကနေ တစ်ဖက်လောက် ပင်မကြီး ထိအောင် ကြည့်လိုက်တော့ သန္တာန်အစဉ်တွေ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ သန္တာန်အစဉ်တွေ မင်းမျက်စိထဲ မြင်တယ်နော် (မြင်ပါတယ်ဆရာ)၊ ဒါဖြင့် ဖြစ်လာတဲ့ သန္တာန်အစဉ်တွေဟာ ပြောင်း၊ ပြောင်း၊ ပြောင်း၊ ပြောင်းပြီးတော့ ဖြစ်လာတဲ့ သန္တာန်အစဉ်ဟာ "သဏ္ဌာနပညတ်"အနေအားဖြင့်သာ ပြောင်းလာတာ၊ ထိုသဏ္ဌာန်အစဉ်ရဲ့ သဘာဝလေးတွေဟာ တစ်ခုနဲ့တစ်ခု ပြတ်ပြီးတော့ နေတယ်၊ ရပ်ပြီး နေတယ်၊ ခြားပြီး နေတယ်၊ ကွာနေတယ် ဆိုတဲ့ အစဉ်တော့ မြင်ရရဲ့လား (မြင်ရပါတယ်ဆရာ)၊ မြင်တယ် (မြင်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် အညှောက် လေးပေါက်ပြီးတော့၊ ပျောက်သွားပြီးမှ တစ်လကြာမှ အညွန့်ကလေး ပေါက်လာတယ် ဟုတ်လား (မဟုတ်ပါဘူးဆရာ)၊ ဘယ့်နှယ့်တုံးဟ၊ မင်းမြင်ရတယ်ဆို မင်းပြတ်နေတာ၊ ဟင် - မင်းနောက်က ဝိုင်းရယ်ကုန်ပြီ မင်းနားလည်လား၊ အညှောက်လေးကနေပြီး အညွန့်လေးကူးသွားတော့ အညှောက် လေးကြားနဲ့ အညွန့်လေးကြားမှာ အပြတ်တွေ၊ အလပ်တွေ၊ အကြားတွေ မင်းမြင်သလားလို့ မေးတယ် (မမြင်ပါဘူးဆရာ)၊ ဘာမြင်တာလဲ မင်း မြင်တာက (သန္တာန်အစဉ်ကြီးကို မြင်တယ်)၊ အေးလေ သန္တာန်အစဉ်က ပြတ်သလားလို့ မေးနေ (မပြတ်ပါဘူးဆရာ)၊ အခုနတုန်းက ပြတ်သလားဆိုတော့ မင်းက ပြတ်တယ်ဆို၊ သူ သဘောကို နားလည်ဟန် မတူဘူး၊ သေချာပြန်ကြည့်စမ်းပါဟ။ သရက်စေ့ လေး စိုက်ထားတော့ အညှောက်လေးက အရင်စပေါက်တယ်။ အညှောက်ကလေးကနေ တစ်စ တစ်စနဲ့ အညွန့်ဖြစ်လိုက်၊ အပင်လုံးလေးဖြစ်လိုက်၊ ပင်စည်လေးဖြစ်လိုက်၊ အခက်ကလေး ထွက်လာ လိုက်၊ အလက်ကလေး ထွက်လာလိုက်၊ တစ်စတစ်စနဲ့ ကြီးထွားလာလိုက်တာ တစ်ဖက်လောက်၊

http://www.dhammadownload.com



ပုဆိုးတစ်ပတ်လောက်ရှိတဲ့ အပင်ကြီးဘ၀ ရောက်လာတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီအညှောက်ကလေးဘ၀ကနေပြီး ဖြစ်လာတဲ့ သန္တာန်အစဉ်ဟာ ပြတ်နေတဲ့အချိန်, ရပ်နေတဲ့အချိန်, မဆက်မစပ်ဘဲနဲ့ ကြားလပ်နေတဲ့ အချိန်ရယ်လို့ ရှိသလား (မရှိပါဘူးဆရာ)၊ သန္တာန်အစဉ်လေး (မရှိပါဘူးဆရာ)၊ နင် မြင်ရဲ့လား ဉာဏ်ထဲမှာ (ဉာဏ်ထဲမှာ မြင်ပါတယ်ဆရာ)၊ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ ဒါမှ မင်းနားမလည်ရင် ငါပြောမယ် - မင်းအမေ မွေးတုန်းက မင်းငယ်ငယ်တုန်းက ဖ၀ါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အခုတော့ မင်းရဲ့အသက် သုံးဆယ်လောက်၊ သုံးဆယ်ကျော်လောက် ရှိနေပြီပေါ့ (မှန်ပါတယ်ဆရာ)၊ လူကြီးတန်းရောက်ပြီပေါ့ (ရောက်ပါပြီဆရာ)။

ဒါဖြင့် မင်း ဖ၀ါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် မင်းအမိမွေးပြီးတဲ့ အချိန်ကလေးကစလို့ ကနေ့ ဖြစ်နေတဲ့ အရွယ်ကြီးထိ ကြားမှာ ပြတ်နေတယ်, ရပ်နေတယ်ဆိုတဲ့ သန္တာန်အစဉ် မင်း မြင်ဖူးရဲ့လား (မမြင်ပါဘူးဆရာ)၊ တစ်ဆက်တည်းပေါ့ (တစ်ဆက်တည်းပါဆရာ)၊ ဟုတ်ကော ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အခုနက သရက်ပင်နဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ ဘာတူတုံး ဟိုက - "အဝိဇ္ဇာဏက" သရက်ပင်က လူများမှတ်ရန် ဆိုပြီးတော့ အဋ္ဌကထာဆရာက ပြထားတဲ့ဥပမာ၊ သန္တာန်အစဉ်ကြီးဟာ ဘယ်နေရာမှ အပြတ် အလပ် အရပ် ရှာမရဘူးတဲ့။ တစ်ဆက်တည်းကြီး ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီဥပမာလိုပဲတဲ့၊ အဋ္ဌကထာဆရာက မြတ်စွာဘုရားကိုယ်တော်မြတ် ပါဠိတော်ဖွင့်ဆိုထားတဲ့ သဘာ၀၊ အဝိဇ္ဇာ ကနေပြီးကြည့် - အဝိဇ္ဇာပြီးတော့ သင်္ခါရ၊ သင်္ခါရပြီးတော့ ဝိညာဏ်၊ ဝိညာဏ်ပြီးတော့ နာမ်ရုပ်၊ နာမ်ရုပ်ပြီးတော့ သဠာယတန၊ သဠာယတနပြီးတော့ ဖဿ၊ ဖဿပြီးတော့ ဝေဒနာ၊ ဝေဒနာပြီးတော့ တဏှာ၊ တဏှာပြီးတော့ ဥပါဒါန်၊ ဥပါဒါန်ပြီးတော့ ဘ၀၊ ဘ၀ပြီးတော့ ဇာတိ၊ ဇာတိပြီးတော့ ဇရာ မရဏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ,က စ ဇရာမရဏကျအောင် ကြည့်စမ်းတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ,ကနေ ဇရာမရဏကျအောင် ကြည့်စမ်းပါတဲ့ သေငသေချာချာ။ အခုန မျိုးစေ့လေးကနေပြီးတော့ အညွန့် အညှောက် ပေါက်ရောက်ပြီးတော့ အင်မတန်ကြီးမားတဲ့ သစ်ပင်ကြီး အဖြစ် ရောက်သည့်တိုင်အောင် ဒီကြားမှ ဖြစ်လာတဲ့ အစဉ်သန္တာန် မပြတ်သလိုပဲတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သတ္တ၀ါ တစ်ဦးတစ်ယောက်ရဲ့ ဘာမှ မသိတတ်သော အဝိဇ္ဇာဓာတ်ကြီးကနေ စပြီးတော့ အကြောင်းခံပေးလိုက်တာဟာ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊

http://www.dhammadownload.com



တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ မရဏ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီရောက်အောင်၊ တစ်ခုနဲ့တစ်ခု အပြတ်အလပ် အစပ်ကလေးတွေ့၊ အကြားကလေးတွေ ရှာကြည့်စမ်းပါတဲ့၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ အဲဒါ လွယ်မယောင်နဲ့ တော်တော်ခက်တဲ့တရား၊ ရုတ်တရက်အားဖြင့် ဒါသဘောပေါက်ချင်မှ ပေါက်မှာ၊ နားလည်ချင်မှ နားလည်မှာ။

ဒါကြောင့် ဒီက သင်ကြားပေးလို့၊ တတ်မြောက်သွားလို့ ရှိရင်လို့ ဉာဏ်လေးတွေ ပွင့်လာအောင်, လင်းလာအောင် အဖော်နှင့်တိုင်ပင်ပြီးတော့ ဧကတ္တနည်းကို ပြန်ပြီးတော့ ဝေဖန် စဉ်းစားကြည့်စမ်းပါလို့နော် (မှန်ပါတယ်ဆရာ)၊ သစ်ပင်လေး မျိုးစေ့ကစပြီးတော့ တစ်ဖက်လောက်ရှိတဲ့ သစ်ပင်ကြီးဘဝ ရောက်လာပုံလေး၊ ဒီကြားမှာ သန္တာန်အစဉ် ပြတ်နေတာ တွေ့ဖူးရဲ့ လားလို့၊ မဖြစ်ဘဲနဲ့ ရပ်နေတာ တွေ့ဖူးရဲ့လားလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒီဥပမာလိုပဲတဲ့ သတ္တဝါတစ်ဦးတစ်ယောက်သံသရာစက်ရဟတ်မှာ အဆက်မပြတ် လည်ပုံလည်နည်းဟာ။ ဒါကြောင့် အင်္ဂါဆယ့်နှစ်ရပ်အားဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဆက်စပ်ပြီး ဟောထားတော့ အဝိဇ္ဇာက စပြီးတော့ သဘောရှင်းအောင် ပြန်ပြီးတော့ ကြည့်စမ်းပါလို့။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်တဲ့၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ် - လျှောက်ကြည့်၊ ဖြစ်သွားပုံ လေး နော် (မှန်ပါတယ်ဆရာ)။

အဲဒါ ဇာတိ ဇရာ မရဏကျအောင်ပဲ ဒီလိုဖြစ်၊ ဒါပဲလား မဟုတ်သေးဘူး၊ လည်ပုံ တစ်ခါပြပြန်တော့၊ ဟိုသရက်စေ့လည်း သရက်မျိုးစေ့ သရက်သီးသီးလို့ အပွင့်အသီး၊ အသီးက မျိုးစေ့လို့ဆိုတော့ ဒီမျိုးစေ့တစ်ခါချပြန်တော့ သရက်အညွန့်ကလေး မပေါက်ဘူးလား (ပေါက်ပါတယ်ဆရာ)၊ ဒီလိုပဲ အညွန့်, အညှောက်, ပင်စည်, ပင်လုံး, အခက်, အလက်, အရွက်, အသီး, အပွင့် ဒီလိုမသွားဘူးလား (သွားပါတယ်ဆရာ)၊ ဒီလိုပဲ ဒီလည်းပဲ အဝိဇ္ဇာတည်းဟူသော မျိုးစေ့က စပြီးတော့ပေါက်လိုက်လို့ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ နော် (မှန်ပါတယ်ဆရာ)၊ ဥပါယာသအာသဝ အဝိဇ္ဇာလို့ ဟော - မျိုးစေ့က တစ်ခါသွားပြန်။ ဒီက အပွင့် အသီးအထိပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)။ အဲဒီလိုပဲ သံသရာစက်ရဟတ်ကြီးမှာ အဆက်မပြတ် လည်နေကြတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို အဋ္ဌကထာဆရာက ဥပမာနဲ့ပြတယ်။ ထိုဥပမာအရ တင်စားပြီးတော့၊ ထင်ရှားအောင် ကြည့်စမ်းပါဆိုတော့ ကြည့်စမ်း -

http://www.dhammadownload.com



အဝိဇ္ဇာ,ကစ ဇရာမရဏထိ၊ ဒီကြားမှာ အကြောင်းအကျိုး မဆက်စပ်ဘဲနဲ့ ပြတ်နေတဲ့ နေရာတွေ့ဖူးသလားဟ (မတွေ့ပါဘူးဆရာ)၊ လပ်နေတဲ့နေရာကော (မရှိပါဘူးဆရာ)၊ မဖြစ်ဘဲနဲ့ ရပ်နေတဲ့နေရာကော (မရှိပါဘူးဆရာ)၊ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အကြားလေးလည်း မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အပြတ်ကလေးလဲ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ဒါဖြင့် တစ်စပ်တည်းချည်းပေါ့ (တစ်စပ်တည်းပါဆရာ)၊ အေး - တစ်စပ်တည်းချည်း နားလည်လား (နားလည်ပါတယ်ဆရာ)၊ တို့မြန်မာကတော့ မြန်မာစကားနဲ့ ပြောမှ နားလည်တတ်တယ်၊ တစ်စပ်တည်းဆို သိသွားပေါ့ကွ (မှန်ပါတယ်ဆရာ)၊ တစ်စပ်တည်းချည်းလား (တစ်စပ်တည်းပါဆရာ)၊ တစ်ပြင်တည်းချည်းပေါ့ (တစ်ပြင်တည်းချည်းပါဆရာ)၊ တစ်စပ်တည်း တစ်ပြင်တည်း၊ အဝိဇ္ဇာကစ ဇရာ မရဏကျအောင်၊ ဒါဖြင့် သရက်စေ့မျိုးစေ့ ကလေးကနေပြီးတော့ ပင်မကြီးကျအောင် တစ်စပ်တည်းလား (တစ်စပ်တည်းပါဆရာ)၊ အပြတ်မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အဲဒါလေး သေသေချာချာ မှတ်ထား။

အနုလုံ ပဋိလုံးအားဖြင့် ပြန်ပြန်ပြန်, ပြန်ကြည့်နေ၊ ပြန်, ပြန်ကြည့် - သရက်ပင်မကြီးကနေမျိုးစေ့လေးထိအောင် ကြည့်လိုက်၊ မျိုးစေ့လေးကနေပြီးတော့ ပင်မကြီးထိအောင် ကြည့်လိုက်၊ လက်စသတ်တော့ ဒီဖြစ်စဉ်ကြီးကနော်၊ ကြားမှာ ပြတ်နေတာလေး တစ်ခုမှ မရှိပါပဲ အပြတ်ကလေး, အစပ်ကလေးရယ်လို့ တစ်ခုမှ ရှာမရပါပဲ၊ သန္တာန်အစဉ်ကြီးက ဆက်စပ်နေပါပဲ၊ မထင်ရှားဖူးလား (ထင်ရှားပါတယ်ဆရာ)၊ ဒီဥပမာလိုပဲ အဝိဇ္ဇာကစ ဇရာမရဏကျအောင် တစ်ပြင်တည်းတစ်စပ်တည်း သွားနေ။ တစ်ပြင်တည်း တစ်စပ်တည်းချည်း သွားနေ နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာကနေပြီးတော့ ဇရာမရဏကျအောင် ကြည့်လိုက်တော့နည်းနည်းလေး ပြတ်နေတဲ့နေရာ၊ အစပ်ကလေးဆိုတာလေးတွေ, အကြားလေးဆိုတာလေးတွေ, အပြတ်ကလေးတွေ, အလပ်ကလေးတွေ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ မရှိရင် တစ်ပြင်တည်းပေါ့ (တစ်ပြင်တည်းပါဆရာ)၊ တစ်ဆက်တည်းပေါ့ (တစ်ဆက်တည်းပါဆရာ)၊ အဲဒါ "ဧကတ္တနည်း"တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဧကတ္တနည်း။

အဲဒါ ဧကတ္တနည်းမြင်တော့ ကြည့်ကြည့်၊ မမြင်သေးလို့ရှိရင်လည်း အိမ်ကျတော့ မြင်အောင်ပြန်ကြည့်ကြပါ၊ အဖော်ရှိရင်လည်း အဖော်နဲ့တိုင်ပင်စမ်းပါ။ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောထားတဲ့ တရားတော် နော်။ စောစောက ပြောထားတဲ့ တစ်လုံးဆို ဆိုသလောက် ခရီးရောက်တယ် ဆိုတာကိုယ်ကလဲ တန်ဖိုးထားကြ။ တို့ဟာ ဒီဧကတ္တနည်း ခုပြောတာ တို့သိထားပြီကွာ။ မျိုးစေ့ကနေပြီးတော့သစ်ပင်မကြီးထိအောင် ဖြစ်လာတာ။ အဆက်အစပ် ရှာမရဘဲနဲ့ တစ်ပြင်တည်းချည်း, တစ်ဆက်ထဲ

http://www.dhammadownload.com



ချည်း ဖြစ်လာတဲ့သဘော ပြောရင် "ဧကတ္တ"ပေ့ါ။ အဝိဇ္ဇာကနေပြီးတော့ ဟို-ဇရာ မရဏကျအောင် ဆိုသလို အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဆက်စပ်ပြီး ဖြစ်သွားတဲ့ သဘော၊ ကြားမှာ အပြတ်မရှိ အလပ်မရှိ တစ်ဆက်တည်း တစ်ပြင်တည်းချည်း ဖြစ်သွားတာပေ့ါကွာ။ တစ်စပ် တည်းချည်းပေ့ါ အဓိပ္ပါယ်က ဒါပြောတာပဲ၊ ဒါကတော့ တတ်နိုင်တာပေ့ါနော် (မှန်ပါတယ်ဆရာ)၊တတ် ပြီးသား။ ဒါပေမယ့် ကိုယ့်ဉာဏ်မှာ ပြတ်သားချင်မှ ပြတ်သားမယ်တဲ့။ ဉာဏ်မှာပြတ်သားမှ တန် ဖိုးရှိတယ်၊ ကြက်တူရွေးတတ်, တတ်နေတယ်လို့ တန်ဖိုးမရှိဘူး။ ဉာဏ်မှာ ပြတ်သားနားလည်မှ တရားက လည်း ရတယ်။ နို့မို့ရင် တရားရတယ်လို့ မဖြစ်ဘူး၊ သုတမယဉာဏ်အနေအားဖြင့် တတ်နေလို့ တရားမရဘူး။ "ပဋိဝေဓဒေသနကိစ္စ"အနေအားဖြင့် ထိုးထွင်းပြီး သိသွားမှ မဂ်တရား ဖိုလ်တရား ရတတ်တယ်တဲ့။ ဒါကြောင့် ပြန်လဲ သုံးသပ်ကြပါလို့။ ဒါဖြင့် ခုပြတဲ့ဥပမာနဲ့ ဥပမေယျတော့ နားလည်သွားပြီလား (နားလည်ပါပြီဆရာ)၊ ဒါဖြင့် ဒီနည်းကို မြင်တော့ကားတဲ့ ဘာဖြစ်သလဲဆိုတော့ ဥစ္ဆေဒဒိဋ္ဌိကို ပယ်နိုင်, သတ်နိုင်တယ်တဲ့။ "ပယ်နိုင်, သတ်နိုင်တယ်"လို့ ဘုရားကိုယ်တော်မြတ် ဟော ထားတယ်။ မြင်ရင် ပယ်မယ်, သတ်မယ် မဟုတ်လား (သတ်မှာပါဆရာ)၊ တကယ်ပယ်ရ, သတ်ရမှာပေ့ါ (မှန်ပါ တယ်ဆရာ)၊ မမြင်ရင် မပယ်, မသတ်နိုင်ဘူး (မပယ်, မသတ်နိုင်ပါဘူးဆရာ)၊ မြင်ရင် ပယ်နိုင်, သတ်နိုင်မှာပေ့ါ (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘယ်လောက်တန်ဖိုးရှိ သေသေချာချာကြည့်စမ်း။ ဥစ္ဆေဒ ဒိဋ္ဌိ တစ်လုံးပြုတ် သွားတယ်ဆိုရင် နော် (မှန်ပါတယ်ဆရာ)။ ဥစ္ဆေဒဒိဋ္ဌိ ကိလေသာကြီး မဟုတ်ဘူး လား (မှန်ပါတယ်ဆရာ)။

အဲဒီ အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ဒိဋ္ဌိကိလေသာကြီးတစ်လုံး မိမိရင်တွင်းက လုံးလုံးကြီး ချုပ်သွားတယ်, ငြိမ်းသွားတယ်, ပျောက်သွားတယ်ဆိုရင် အင်မတန်ကို တန်ဖိုးရှိတယ်၊ စဉ်းစားနော်၊ ဟုတ်လား မဟုတ်လားလို့။ ကိလေသာတစ်လုံးချုပ်ဖို့, ပြုတ်ဖို့ ဆိုတာ လွယ်တဲ့တရား မဟုတ်ပါဘူး။ မလွယ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ မင်းတို့ ငါတို့ သံသရာအစကတည်းက လာကြတာ အနမတဂ္ဂ တစ်သံသရာလုံး လာနေကြတယ်၊ တကယ့်ဗြဟ္မာ့စည်းစိမ်လည်း ရခဲ့၊ နတ်စည်းစိမ်လည်း ရခဲ့၊ လူ့စည်းစိမ်လည်း ရခဲ့၊ ဗြဟ္မာ့မင်းလည်း ဖြစ်ခဲ့၊ နတ်မင်းလည်း ဖြစ်ခဲ့၊ လူမင်းလည်း ဖြစ်ခဲ့၊ မဖြစ်ခဲ့ဖူးလား (ဖြစ်ခဲ့ပါတယ်ဆရာ)၊ အဲဒီလို ဘဝပေါင်းစုံ, အမျိုးပေါင်းစုံ, တန်းပေါင်းစုံအားဖြင့် ဖြစ်လာပေမယ့် ဘယ်ဘဝတုံးကမျှ ပုထုဇဉ်သတ္တဝါတို့၏ ရင်တွင်းမှာ ကိန်းအောင်းနေတဲ့ အကျယ်အားဖြင့် တစ်ထောင့်ငါးရာ၊ အကျဉ်းအားဖြင့် ဆယ်ပါး ဆိုတဲ့ ကိလေသာထဲက တစ်လုံးတစ်ပါဒ ချုပ်ဖူး ပျောက်ဖူးသလားလို့ မေးရင် ပြောနိုင်ပ့ါမလား (မပြောနိုင်ပါဘူးဆရာ)၊ မပြောနိုင်ဘူး။ ပြောနိုင်တယ်

http://www.dhammadownload.com



ဆိုတာ အလကားပြောတာ၊ တစ်လုံးမှ မချုပ်ဘူး၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ချုပ်ဖို့ ပျောက်ဖို့နေနေသာသာ ညှိုးတောင်မညှိုးဘူး နော် (မှန်ပါတယ်ဆရာ)၊ တိုးတိုးသာ ကဲကဲလာသေး တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ၊ အဲဒါ လွယ်တဲ့တရား မဟုတ်ဘူး။

ဒါကြောင့် မိမိတို့ အမြဲတစေ နှိပ်စက်နေသော ရန်သူသဖွယ်လို့ မိမိတို့လည်ကို ထောင်း ထောင်းပြတ်ကြေ သေအောင်ဖြတ်မယ့် သန်လျက်ကိုင်ထားသော သူသတ်ယောက်ျားနဲ့ တမူတူသော (တစ်နည်း) ဘဝပေါင်းများစွာ ကြိမ်ဖန်များစွာ တစ်သတ်ထဲ သတ်၍လာသော ကိလေသာဆိုတဲ့ ရန်သူကြီးတွေထဲက တစ်လုံးချုပ်သွားရင် ကိုယ်မှာ ဝဋ်ဒုက္ခ ဘယ်လောက်ငြိမ်းသလဲလို့ အင်မတန် လည်း ချုပ်အောင်, ပြုတ်အောင် လုပ်နိုင်ခဲ့တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီဥစ္စာဒိဋ္ဌိတစ်လုံး မိမိရင်တွင်းက လုံးလုံးကြီးချုပ်သွားရင် မိမိမှာ ဘယ်လောက်ပေါ့သွားတုံး၊ အညစ်အကြေး ဘယ် လောက်စင်ကြယ် သန့်ရှင်းသွားတုံး နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ပင်ပန်းဆင်းရဲတယ် ဆိုတာ တခြားမဟုတ်ပါဘူး။ ခန္ဓာဝန်ကြီးနဲ့ ထောင့်ငါးရာဆိုတဲ့ ကိလေသာထုပ်ကြီး ထမ်းရွက်ပြီးတော့ သံသရာအဆက်ဆက် သွားနေကြ၊ ပြေးလွှားနေကြ၊ ကျက်စားနေကြ ကိလေသာဝန်ထုပ်ကြီးရွက်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ပင်ပန်းလှချည်းရဲ့၊ ဆင်းရဲလှချည်းရဲ့၊ ဒုက္ခတွင်းက မလွတ်ကင်းနိုင်ဘူး၊ သုခအစစ်နဲ့ မတွေ့ရဘူး၊ ဒုက္ခနဲ့ချည်း တိုးရတယ်။ ဖြစ်ရာဘဝ ငိုလိုက်, ရယ်လိုက်၊ ငိုလိုက်, ရယ်လိုက် နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲ နေကြရတယ်။ ဒါ ဘာတဲ့တုံး၊ ဒုက္ခတွေပေါ့။ ဒါဘာကြောင့်ဖြစ်တဲ့ ဒုက္ခတွေ၊ ကိလေသာကြောင့်ဖြစ်တဲ့ ဒုက္ခတွေပေါ့။ ကိလေသာက ဘယ်လောက် များ၊ တစ်ထောင့်ငါးရာ ဆိုတဲ့ ကိလေသာဝန်ထုပ်ကြီး ရွက်လာခဲ့ရတယ်၊ ထမ်းလာခဲ့ရတယ်။ ဘယ်တုံးက ထမ်းခဲ့၊ သံသရာအစကတည်းကပေါ့။ ဒါဖြင့် ဒီကိလေသာ ထောင့်ငါးရာဆိုတဲ့ ကိလေသာ ဝန်ထုပ်ကြီးက တစ်လုံးတစ်လေမှ မလျှော့ဘူးလား၊ မလျှော့ပါဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ မလျှော့လို့ ခုဘဝလည်း ဒီလိုပဲ ကြော့ကြော့ဖြစ်နေတာပေါ့လို့၊ အကယ်တန္တု တစ်ခုသော ဘဝများ ကိလေသာ တစ်လုံးချုပ်အောင်, ငြိမ်းအောင် လုပ်နိုင်လို့ရှိရင်၊ အားထုတ်နိုင်လို့ရှိရင် ခုလောက် ထိ အရိယာဘုံဖြစ်မှာပါကွ နော် (မှန်ပါတယ်ဆရာ)၊ အရိယာစစ်တွေ ဖြစ်နေမှာပေါ့လို့။

အဲဒါကြောင့် ကိလေသာတစ်လုံး ချုပ်သွားဖို့ တာဝန်သည် လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ကိလေသာချုပ်တဲ့နည်းပြထားတော့ ဒါချုပ်အောင် ကြိုးစားရမယ်။ ဘုရားကိုယ်တော်မြတ် ဘယ့်နဲ့ ဟောထားတုံး - ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးမှာ ချစ်သား ချစ်သမီးတို့ ငါဘုရားကိုယ်တော်မြတ် ပြထားတော်မူတဲ့ ဧကတ္တနည်းသိအောင် လုပ်ကြ။

http://www.dhammadownload.com



နားလည်အောင် လုပ်ကြ၊ မြင်အောင် လုပ်ကြ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကေတ္တနည်းမြင်တော့ ဘာဖြစ်မယ်၊ ဥစ္ဆေဒဒိဋ္ဌိကြီး ပြုတ်သွားမယ်၊ ချုပ်သွားမယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အဲဒီလို ဒိဋ္ဌိကိလေသာ တစ်လုံးချုပ်ဖို့ ပြုတ်ဖို့ ဆိုတာက လည်းပဲ သေသေချာချာ ပြန်စဉ်းစားစမ်းကွာ - ဒါနခန်းက စကြဝဠာနဲ့အပြည့် အင်တိုက် အားတိုက် တတ်အားသမျှ ဟို-ဗြဟ္မာဘုံထိအောင် စုပုံ၊ ရတနာအစုအပုံတွေ လှူ။ အခု ငါပြောတဲ့ ဒိဋ္ဌိကိလေသာ ချုပ်ပဲ့မလား (မချုပ်ပါဘူးဆရာ)၊ သီလခန်းက ကြည့်ပြန်တော့လည်း အသက်နဲ့အမျှ သေတဲ့အချိန်ထိ မကျိုးမပေါက်အောင် ငါးပါး ရှစ်ပါး ဆယ်ပါး ဆောက်တည် ဒိဋ္ဌိကိလေသာ ချုပ်ပဲ့မလား (မချုပ်ပါဘူး ဆရာ)၊ ကုသိုလ်တွေ ကုသိုလ်တို့နဲ့ ချုပ်ချင်လို့ ပြန်ကြည့်။ သမထခန်းက ကြည့်ပြန်တော့လည်းပဲ အဘိညာဏ် သမာပတ်နဲ့ ပြည့်စုံလို့ မြေလျှိုးမိုးပျံတဲ့ ဈာန်အဘိညာဉ်တွေ ရအောင်ကြိုးစား၊ ဒိဒိဋ္ဌိ ကိလေသာ ချုပ်ပဲ့မလား (မချုပ်နိုင်ပါဘူးဆရာ)၊ မချုပ်နိုင်ဘူး။ ဘာပြုလို့တုံး - ဒါန သီလ သမထဆိုတဲ့ ကုသိုလ်တရားသုံးပါးက "စရဏ တရားတွေ" ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ စရဏတရားက ဘယ်တော့မှ ဒီကိလေသာကို လုံးလုံးကြီး နိရောဓဆိုက်သွားအောင် ချုပ်နိုင်, သတ်နိုင်တာ မဟုတ် ပါဘူး။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဝိဇ္ဇာတရားကမှ သတ်နိုင်, ဖြတ်နိုင်တယ်တဲ့ နော် (မှန်ပါ တယ်ဆရာ)။

ဒါကြောင့် ဝိဇ္ဇာဉာဏ်က ဘယ်သူလဲလို့ဆိုတော့ ရုပ်ပေါ် နာမ်ပေါ် ခန္ဓာပေါ် ပြတ်ပြတ်သား သား နားလည်ရင် သမ္မာဒိဋ္ဌိဉာဏ်သည် ဝိဇ္ဇာဉာဏ်ခေါ်၏ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ကြောင့် ဒီရုပ် နာမ် ခန္ဓာ အာယတန နားလည်ထားတဲ့ ပုဂ္ဂိုလ်က ပဋိစ္စသမုပ္ပါဒ် လေ့လာလိုက်တော့ မြင်လာတယ်။ အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုးတရား၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ ဘယ်သူမှလုပ်တာ မဟုတ်ဘူး။ သူ့သဘောအတိုင်း သူဖြစ်သွားတာ၊ အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်တော့မှာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သင်္ခါရဖြစ်ရင် ဝိညာဏ်ဖြစ်တော့မှာပဲ၊ ဝိညာဏ်ဖြစ်ရင် နာမ်ရုပ်ဖြစ် တော့မှာပဲ၊ နာမ်ရုပ်ဖြစ်ရင် သဠာယတနဖြစ်ရမယ်။ သဠာယတနဖြစ်ရင် ဖဿဖြစ်ရမယ်၊ ဖဿဖြစ်ရင် ဝေဒနာဖြစ်ရမယ်၊ ဝေဒနာဖြစ်ရင် တဏှာဖြစ်ရမယ်၊ တဏှာဖြစ်ရင် ဥပါဒါန်ဖြစ်ရမယ်၊ ဥပါဒါန်ဖြစ်လို့ ရှိရင် ဘဝဖြစ်ရမယ်၊ ဘဝဖြစ်ရင် ဇာတိဖြစ်ရမယ်၊ ဇာတိဖြစ်ရင် ဇရာမရဏဖြစ်ရမှာပေါ့ မဟုတ်ဘူး လား (မှန်ပါတယ်ဆရာ)၊ အောက်နားကျတော့ ဧဝံဓမ္မတာနည်းတို့ ဘာတို့ကျ တွေ့လာပါလိမ့်မယ်။ အခုနေလေးတော့ အသန့်အသန့်လေးနဲ့ မှတ်ကြည့်စမ်း။ လက်စသတ်တော့ အဝိဇ္ဇာကစလို့ ဇရာမရဏ ကျအောင် ဖြစ်သွားတဲ့ ဖြစ်စဉ်ကြီး။ သန္တတိ-အစဉ်ကြီးဟာ မဖြစ်ဘဲနဲ့ ရပ်နေတာ ပြတ်နေတာ

http://www.dhammadownload.com



အစပ်ကလေး ထင်နေတာ၊ လုံးလုံးရှာမရပါပဲ တစ်ပြင်တည်း တစ်စပ်တည်းချည်းပါလား၊ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဧကတ္တဆိုတာ ဒါခေါ်တယ်။ "ဧကတ္တ"ဆိုတာ ဧကော အတ္တော ဧကတ္တော၊ ဧကော၊ တစ်ခုတည်းသော, တစ်စပ်တည်းသော, တစ်ပြင်တည်းသော။ အတ္တော၊ သဘော။ ဧကတ္တော၊ တစ်ခုတည်း တစ်ပြင်တည်း တစ်စပ်တည်းသော သဘော။

ပဋ္ဌိစ္စသမုပ္ပါဒ် ဆယ့်နှစ်ရပ် အဝိဇ္ဇာ, ကစ ဇရာ မရဏ ထိအောင် ကြည့်လိုက်ပါတယ်။ တစ်ပြင်တည်းကြီးဖြစ်နေ၊ အကြားမရှိ၊ အပြတ်မရှိ၊ အလပ်မရှိ၊ အစပ်မရှိ မြင်ရဲ့လား (မြင်ပါတယ် ဆရာ)၊ မျိုးစေ့လေးကနေ သစ်ပင်ကြီးဖြစ်လာတော့ ဖြစ်လာတဲ့ ဖြစ်စဉ်ကြီး ပြန်ကြည့်တော့ အပြတ် အစပ် အလပ် ရှိသလား (မရှိပါဘူးဆရာ)၊ တစ်ပြင်ကြီးဖြစ်နေလား (တစ်ပြင်ချည်းပါဆရာ)၊ တစ်ဆက် တည်းချည်းပေါ့ (တစ်ဆက်တည်းချည်းပါ ဆရာ)။ အေး - တစ်စပ်တည်းကြီး ဖြစ်နေတာကို ဒါ "ဧကတ္တနည်း"လို့ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ "ဧကတ္တနည်း"တဲ့ နားလည်လား (နားလည် ပါပြီဆရာ)၊ သဘောထဲကော ရှင်းပြီလား (ရှင်းပါပြီဆရာ)၊ ဥပမာနဲ့ ဥပမေယျတော့ ဟပ်မိသွားပြီလား (ဟပ်မိပါပြီးဆရာ)၊ ဥပမာက ဘယ်သူတုံး (သရက်စေ့ပါဆရာ)၊ သရက်စေ့၊ သရက်စေ့က ဘာဖြစ် (အညှောက်လေးကစပြီးတော့ ပင်စည်ပင်မကြီးဖြစ်အောင် ဖြစ်သွားပါတယ်ဆရာ)၊ အညှောက်လေးက စပြီးတော့ (မှန်ပါတယ်ဆရာ)၊ ပင်စည် ပင်မထိအောင် ဖြစ်သွားတယ်လား (မှန်ပါတယ်ဆရာ)၊ အေးလေ အဲဒါဘာဖြစ် (သန္တာန်အစဉ်ကြီးဖြစ်သွားတာပါဆရာ)၊ အေးလေ - အဲဒါ ဘာပြုလို့ ဖြစ်သွားတာ၊ ဘာဖြစ်တုံး၊ ဖြစ်သွားတော့ လိုရင်းပြောစမ်းပါ။ မျိုးစေ့လေးကနေ အပင်ကြီးဖြစ်သွား၊ စောစောက အပင်ကြီးဖြစ်သွားပါပြီတဲ့၊ ဖြစ်သွားတော့ ဘာဖြစ် (မိမိခန္ဓာကိုယ်လဲ ဒီလိုသန္တာန်အစဉ်ကြီး ဖြစ်နေတာ ပါဆရာ)၊ ဘာကို ဆိုလိုပြီး ပြောတဲ့ အဓိပ္ပါယ်မှန်းကို မသိဘူး။ သူက လူရေလည် လုပ်လိုက်တာ၊ ခန္ဓာပေါ် များ တင်လိုက်သေးတယ်။

ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ ပြနေတာ။ ခုန မင်းကို ငါယူပြတာက ဥပမာပဲပြန်ပြတာ။ ဒါဖြင့် မျိုးစေ့လေး ကနေပြီးတော့ ဟိုပင်မကြီးဖြစ်အောင် ပုဆိုးတစ်ပတ်လောက်ရှိတဲ့ အပင်ကြီးဖြစ်အောင် ဖြစ်သွားတယ် ဆိုတဲ့ သဘောလေးတော့ မြင်ပြီမဟုတ်လား (မြင်ပါပြီဆရာ)၊ အဲဒါ ဘာလိုလို့ ပြောတာတုံး၊ ဒီထဲ ဘာပြောချင်တာတုံး၊ ဖြစ်သွားပါပြီတဲ့၊ ဖြစ်သွားတော့ ဘာဖြစ် (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပါတယ်)၊ ဟင် - မဟုတ်ပါဘူး၊ ဥပမာ ငါမေးနေတာ။ ဒါ ဥပမေယျ၊ ဥပမာကို ပြန်ပြောစမ်းပါ။ မျိုးစေ့ကလေးကနေ ပုဆိုးတစ်ပတ်လောက်ရှိတဲ့ ပင်မကြီးသို့ ဖြစ်၍သွား၏။ ဖြစ်သွားပြီ၊ ဘာပြု၊ ကဲ-ဘာပြောချင်လို့ ပြောတာတုံး (အပြတ်အပြတ် ထင်မှာစိုးလို့ပါဆရာ)၊ ဩော် - အပြတ်အပြတ် ထင်မှာစိုးလို့လား

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ အကြားအကြားကလေး, အစပ်အစပ်ကလေး, အလပ်အလပ်ကလေးတွေ ဒီလိုလား (မှန်ပါတယ်ဆရာ)၊ ဒါက ဒီလို ယူဆမှာ စိုးလို့လား (မှန်ပါတယ်ဆရာ)၊ ဘယ့်နှယ့်ဖြစ်နေတာတုံး (တစ်ဆက်တည်း ဖြစ်နေတာပါဆရာ)၊ တစ်စပ်တည်း, တစ်ပြင်တည်းပေါ့ (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဖြစ်လာတဲ့ သန္တတိ ဖြစ်စဉ်ကြီး နော် (မှန်ပါတယ်ဆရာ)၊ သန္တာန်အစဉ်ကြီးကို ပြန်ကြည့်စမ်းတဲ့။ မျိုးစေ့ကလေးကနေပြီးတော့ တစ်ဖက်လောက်ရှိတဲ့ သရက်ပင်ကြီးအဖြစ်ရောက်လာတဲ့ ခရီးစဉ်ကြီး ပြန်ကြည့်လိုက်စမ်း။ သန္တာန်ဖြစ်စဉ်ကြီး မြင်ရဲ့လား (မြင်ပါပြီဆရာ)၊ မြင်မှမြင်တယ်ပြောနော် (မြင်ပါတယ်ဆရာ)၊ အပြတ်ကလေးတွေ ရှိသလား (မရှိပါဘူးဆရာ)၊ ရပ်နေတာကလေးတွေ ရှိသလား (မရှိပါဘူးဆရာ)၊ တစ်ထွာ တစ်မိုက်ကွာနေတာ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ တစ်ဆက်တည်းကြီး ဖြစ်လာတာပေါ့ (တဆက်တည်းချည်းပါဆရာ)၊ ဒါ တစ်ဆက်တည်းချည်းဆိုတော့ အပြတ် အလတ် အကြား မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ဒါ - ဥပမာမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကိုင်း - ဥပမေယျ ပြောစမ်းပါ - (အဝိဇ္ဇာကနေစပြီးတော့ ဇရာမရဏထိအောင် တောက်လျှောက်သွားနေပါတယ်ဆရာ)၊ သွားနေတယ်၊ (တစ်ဆက်တည်း ဖြစ်နေတာပါဆရာ)၊ အဝိဇ္ဇာကစဖြစ်လိုက်တာ ဇရာမရဏကျအောင်လား (မှန်ပါတယ်ဆရာ)၊ ဒီဆယ့်နှစ်ပါးသော တရားတော်တွေဟာ ကြားမှာ အပြတ် အလပ် အစပ် မရှိဘူးလား (မရှိပါဘူးဆရာ)၊ တစ်ဆက်တည်း ချည်းလား (တစ်ဆက်တည်းချည်း သွားတာပါဆရာ)၊ တစ်ပြင်တည်းပေါ့ (တစ်ပြင်တည်းပါဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။

ဒါဖြင့် ခုနက ဥပမာနဲ့ တူရဲ့လား၊ (တူပါတယ်ဆရာ)၊ တူတယ်နော် (တူပါတယ်ဆရာ)၊ အဲဒါမြင်လို့ရှိရင် ဃနွေဒဒိဋ္ဌိ ရင်ထဲမှာ ရှင်းသွားတယ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဃနွေဒဒိဋ္ဌိ ဘာခေါ်လဲ၊ (ဘဝပြတ်တဲ့နည်းပါဆရာ)၊ ဘဝပြတ်တဲ့နည်း၊ ဒါဖြင့် ခု မင်း ဧကတ္တနည်းကြည့်လိုက်တော့ကား အဝိဇ္ဇာက, စ ဟိုဇရာမရဏကျအောင် ကြည့်လိုက်တော့ ပြတ်နေတဲ့နေရာများရှာရသလားဟ (မရပါဘူးဆရာ)၊ ခုန သရက်စေ့က ပေါက်သွားတဲ့ သရက်ပင်ကြီးနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ ပြတ်သွားတဲ့နေရာ ရှာရသလား (မရပါဘူးဆရာ)၊ ဥပမာနဲ့ ဥပမေယျ ဒါ "သဒိသူပမာ"ခေါ်တယ်။ တစ်ထပ်ထဲတူတာ ပြထားတဲ့ ဥပမာခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဥပမာလေး ပြန်ပြန်၊ပြန်ပြန်တွေး၊ ကလေးကနေ လူကြီးဘဝရောက်လာတာ၊ နာရီကနေ ရက်၊ ရက်ကနေလ၊ လကနေ နှစ်၊ ကလေးဘဝကနေ ကြီးကြီး၊ ကြီးကြီးလာတယ်။ ခုတော့ လူကြီးဖြစ်နေပေါ့။ ဒီငဖြူလေးငယ်ငယ်လေးက ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က ဖြစ်စဉ်ကြီးနဲ့ ငါ ငဖြူကြီးဆိုတဲ့ လူကြီးဘဝ

http://www.dhammadownload.com


ရောက်လာ၊ ငါ့ကြည့်စမ်း၊ ဩော် - လက်စသတ်တော့ ဘယ်နေရာမှ အပြတ် အလပ် အစပ် မရှိဘဲနဲ့ တစ်ဆက်တည်း ဖြစ်နေတဲ့ သဘောပါပဲလား၊ ဖြေျကြီးရဲ့ဘဝ၊ လူကြီးရဲ့ဘဝသာ ရောက်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး ဖြေျဆိုတဲ့ လူပေါ်မှာ တင်ပြ လိုက်တာ ဒါ ဥပမာမဟုတ်လား (ဥပမာပါပဲဆရာ)၊ သစ်ပင်နဲ့ တူတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲ အဝိဇ္ဇာကနေပြီးတော့ ဇရာမရဏထိအောင် သွားနေတာ သံသရာစက်ကြီးဟာ၊ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏ၊ ဩော်- လက်စသတ်တော့ ဒီဖြစ်စဉ် သန္တတိ-ဖြစ်စဉ်ကြီး ကြည့်လိုက်တော့ အပြတ်လည်း မရှိ အလပ်လည်းမရှိ ကြားကလေးလည်းမရှိ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ တစ်ဆက်တည်းချည်းပေါ့ (တစ်ဆက်တည်းချည်းပါ ဆရာ)၊ တစ်ပြင်တည်းပေါ့ (တစ်ပြင်တည်းပါဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ မြင်တော့ ကား ဥစ္ဆေဒဒိဋ္ဌိ လုံးလုံးကြီး ပယ်နိုင်, ရှားနိုင်တယ်-တဲ့။ အဘဘုရားကိုယ်တော်မြတ်က နော် (မှန်ပါ တယ်ဆရာ)၊ ဥစ္ဆေဒဒိဋ္ဌိ လုံးလုံးကြီး ပယ်နိုင်, ရှားနိုင်တယ်လို့၊ ဥစ္ဆေဒဒိဋ္ဌိဆိုတာ ဘာအယူတုံး (ဘဝ ပြတ်တဲ့ အယူပါဆရာ)၊ ဘဝပြတ်သွားတယ်လား (မှန်ပါတယ်ဆရာ)၊ ဒီတစ်ခါဖြစ်ပြီး နောက်ထပ် မဖြစ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး - ဒီတစ်ခါ ဖြစ်ပြီးရင် နောက်ထပ်မဖြစ်ဘူးလို့၊ ဖြစ်နေတဲ့ ဘဝဖြစ်စဉ်ကြီးဟာ ပြတ်ပြတ်, ပြတ်ပြတ်သွားတယ်။

## ဥစ္ဆေဒဝါဒ ဆိုတာ တခြားမဟုတ်ပါ

ပြတ်တတ်တဲ့သဘောကို "ဥစ္ဆေဒဝါဒ"၊ အဓိပ္ပါယ် - "ဥစ္ဆေဒဝါဒ" ဆိုတာ ငါပြောအုံးမယ်။ ရူပါရုံတစ်ခု မြင်လိုက်တယ်၊ စက္ခုဝိညာဏ်စိတ်ဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ပရမတ်သဘော ကြည့်လိုက်လို့ရှိရင် ရူပါရုံတစ်ခုမြင်ရင် စက္ခုဝိညာဏ်စိတ်ဖြစ်တယ်။ မြင်စိတ် ဟာ - လက်စသတ်တော့ ဒီရူပါရုံကော, စက္ခုဝိညာဏ်စိတ်ကော အရင်ကလည်း မရှိ။ ခုပဲ ဘွားကနဲ လာဖြစ်။ အတိတ်လည်း မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ အခုလာဖြစ်၊ နောက်လည်း ဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး။ ပြတ် ကရော့ ဒီတစ်ခါဖြစ်ပြီး နောင်မဖြစ်တော့ဘူး။ အဲဒါ "ဥစ္ဆေဒဝါဒ" ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဘဝနဲ့တစ်ခါ ပိုင်းလိုက်တော့ ဟာ - ဒီဘဝဖြစ်ပြီးတော့ သေရင် ဆုံးရော့၊ သေဆုံး လောင်တိုး နောက်မမျှော်နဲ့တော့၊ ဟိုဘဝရယ်လို့ မရှိတော့ဘူး နော် (မှန်ပါတယ်ဆရာ)၊ လွန်ခဲ့သော အတိတ်ဘဝ လည်း မရှိဘူး။ လာလတ္တံ့ အနာဂတ်ဘဝဆိုတာ မရှိဘူး။ အခုဖြစ်ဆဲ ဆိုတဲ့ ပစ္စုပ္ပန်ပဲ ရှိတယ်။ အဲဒါ ဖြစ်ပြီးရင် သေဆုံးလောင်တိုးပဲ သွားရော့ ဒီလို မနေဘူးလား (နေပါတယ်ဆရာ)၊ ဒါ ဥစ္ဆေဒဒိဋ္ဌိ

http://www.dhammadownload.com



အယူ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဒိဋ္ဌိကလည်းပဲ ပုဂ္ဂိုလ်တစ်ယောက်မှာ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ နှစ်ခုသာ ပြိုင်မဖြစ်ကောင်းတာ၊ တစ်ခုနဲ့တစ်ခုကတော့ ပြောင်းလဲလို့ ဖြစ်ကောင်းတယ် နော် (မှန်ပါတယ်ဆရာ)၊ တစ်ခုမကြိုက်ရင် တစ်ခုပြောင်းတယ် မဟုတ်လား (ပြောင်းပါတယ်ဆရာ)၊ အခုပဲ တို့ သဿတဝါဒနဲ့ နေကြတဲ့ ကံ, ကံ၏အကျိုး ယုံကြည်ပါတယ်ဆိုတဲ့ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုး ထဲက ဥစ္ဆေဒဝါဒဘက် ပြောင်းသွားတာတွေ ထောင်သောင်းမကပါဘူး၊ မြန်မာပြည်တစ်ပြည်လုံး မများဖူးလား (များပါတယ်ဆရာ)၊ အဲဒါ "ကွန်မြူနစ်"ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ ကွန်မြူနစ် ဝါဒကျတော့ ဥစ္ဆေဒဒိဋ္ဌိတဲ့။ ဘာပြုလို့ သူတို့က တစ်ဘဝပြီး ပြီးရောတဲ့။ အကြောင်းတရား အကျိုးတရား တွေ စောင့်မနေနဲ့တဲ့။ သေဆုံးလောင်တိုးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အေး - အဲဒီ ကွန်မြူနစ်ဝါဒ ဆိုတာ ဥစ္ဆေဒဒိဋ္ဌိထဲ သက်ဝင်သွားလို့ ။

ဒါကြောင့် တို့ ကံ, ကံ၏အကျိုး ယုံကြည်ပါတယ်၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါး, ဘဝသုံးပါးအားဖြင့် ရှိပါတယ်လို့။ ယုံကြည်နေကြတဲ့ "ကမ္မဿကတသမ္မာဒိဋ္ဌိ" အယူရှိ ကြတဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ, သဿတဝါဒသမားတွေ အခုပြောတဲ့ ဥစ္ဆေဒဒိဋ္ဌိဘက် ပြောင်း သွားတာ ထောင်သောင်းမကဘူး၊ မပြောင်းဖူးလား (ပြောင်းပါတယ်ဆရာ)၊ အဲဒါ တစ်ယောက် တည်းသာ အယူနှစ်ခု မယူကောင်းတာ၊ အယူကတော့ ပြောင်းချင်ပြောင်းသွားတတ်တယ်။ ဒါဖြင့် ဥစ္ဆေဒဝါဒ ကြိုက်နေတဲ့ ဝါဒသမားတွေက တစ်ခါ ဗုဒ္ဓဘာသာ ယုံကြည်ပြီးတော့ သဿတဝါဒဘက် ပြောင်းချင်လဲ ပြောင်းလာတာပဲလို့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဥစ္ဆေဒအယူနဲ့သဿတအယူ မဖြုစင်ပြန်တော့လည်းပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူး၊ ဒါကြောင့် ဥစ္ဆေဒအယူနှင့်သဿတအယူ နှစ်ပါးကို ဖြုစင်သန့်ရှင်းမှ မဂ်တံခါး ဖိုလ်တံခါး ပွင့်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်လို့၊ ဘာပြုလို့ ဒီအယူတွေကိုက, ဒိဋ္ဌိကိလေသာတွေကိုက "မဂ္ဂန္တရာယ်" - မဂ်မရအောင် တားထားတဲ့ ဒိဋ္ဌိကိလေသာ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အရေး ကြီးတယ် သေချာလဲ မှတ်ထားကြ။ ဒါဖြင့် ကောင်းပြီ၊ အခုသဘောမှာ - အဝိဇ္ဇာကစလို့ ဇရာမရဏ ကျအောင် တစ်ခုချင်း တစ်ခုချင်းကြည့် - အဝိဇ္ဇာဖြစ်ရင် ဘာဖြစ်မယ် (သင်္ခါရဖြစ်မှာပါဆရာ)၊ ဖြစ်တော့ မယ်လား (ဖြစ်တော့မှာပါဆရာ)၊ မဖြစ်ဘဲနေလို့ မရဘူးလား (မရပါဘူးဆရာ)၊ သရက်စေ့လေး ချလိုက် ရင် ဘာလေးပေါက်မယ် (အညှောက်ကလေးပေါက်မှာပါဆရာ)၊ အညှောက်ကလေးပေါက်မယ်လား (ပေါက်မှာပါဆရာ)၊ အညှောက်ကလေး ပေါက်ရင် ဘာဖြစ်လာမယ် (ပင်စည်ကလေးထွက်လာမှာပါ

http://www.dhammadownload.com



ဆရာ)၊ အညွန့်လေးဖြစ်အုံးမယ် (အညွန့်လေးဖြစ်အုံးမှာပါဆရာ)၊ အညှောက်လေးဖြစ်ရင် အညွန့်လေးဖြစ်မယ်လား (ဖြစ်မှာပါဆရာ)၊ မဖြစ်ဘဲ မနေဘူးလား (မနေပါဘူးဆရာ)၊ အညွန့်ကလေးဖြစ်ပြီးတော့ ဘာဖြစ်တယ် (ပင်စည်လေးဖြစ်ရပါတယ်ဆရာ)၊ အညွန့်ကလေးဖြစ်ရင် ပင်စည်မဖြစ်ဘဲ မနေဘူးလားဟ (မနေပါဘူးဆရာ)၊ ဩော် - မနေဘူးလား (မနေပါဘူးဆရာ)၊ အတင်းဖြစ်မှာပေါ့လား (ဖြစ်မှာပါဆရာ)၊ ပင်စည်လေးဖြစ်မယ်လား (ဖြစ်မှာပါဆရာ)၊ ပင်စည်ကလေးဖြစ်ရင် ဘာဖြစ်မယ် (အရွက်ကလေးထွက်လာမှာပါဆရာ)၊ ဟောဗျာ အရွက်ကလေး အရင်ထွက်ပြောနေ၊ မိုက်လုံးကြီးတဲ့အကောင်။ ပင်လုံး ပင်လုံး (ပင်လုံးဖြစ်လာပါတယ်ဆရာ)၊ ပင်လုံးဖြစ်လာမယ်လား (ဖြစ်လာမှာပါဆရာ)၊ ဩော်-ပင်စည် ဖြစ်ရင် ပင်လုံးဖြစ်တော့မယ်လား (ဖြစ်မှာပါဆရာ)၊ မဖြစ်ဘဲ မနေဘူးလား (မနေပါဘူးဆရာ)၊ ပင်လုံးဖြစ်တော့ ဘာဖြစ်မယ် (ခက်မငါးဖြာ ထွက်လာမှာပါဆရာ)၊ အေး - ခက်မငါးဖြာထွက်လာ။ အကိုင်း, အခက် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဩော် - ပင်လုံးကြီးဖြစ်လာရင် အကိုင်း အခက်ထွက်မယ်လား (ထွက်မှာပါဆရာ)၊ မထွက်ဘဲ မနေဘူးလားဟ (မနေပါဘူးဆရာ)၊ ဩော်-မနေကောင်းဘဲကိုးကွနော်၊ (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော် သေသေချာချာ။

အကိုင်း အခက် အရွက်တွေ ထွက်လာတော့ ဘာဖြစ်မယ် (ပင်မကြီးဖြစ်လာမှာပါဆရာ)၊ ပင်မကြီး၊ အခုမှ ပင်မကြီးရောက်တာကိုးကွ နော်။ ပင်လုံးဆိုတဲ့ ပင်မကြီးထဲ ရောက်သွားပါပြီကွာ။ ခုနက မေ့ကျန်ရစ်ခဲ့တယ် ထင်ပါရဲ့၊ အကိုင်း အခက် အလက် အရွက်တွေ ထွက်လာပြီးတော့ အပွင့်ပွင့်မယ်လား (မှန်ပါတယ်ဆရာ)၊ အပွင့်ပွင့်ပြီး ဘာဖြစ် (အသီးသီးမှာပါဆရာ)၊ ဩော် - အသီးသီးမယ်လား (မှန်ပါတယ်ဆရာ)၊ အပွင့်ပွင့်ရင် အသီးမသီးဘဲ မနေဘူးလား (မနေပါဘူးဆရာ)၊ သီးမှာပဲလား (သီးမှာပါပဲဆရာ)၊ အသီးသီးတော့ ဘာဖြစ်တယ်၊ မျိုးစေ့ဖြစ်တယ် (မျိုးစေ့ဖြစ်မှာပါဆရာ)၊ ဩော်-ဖြစ်မယ်လား (မှန်ပါတယ်ဆရာ)၊ မျိုးစေ့ဖြစ်ပြီးတော့ ဘာဖြစ်မယ်၊ (အညှောက်ကလေးထွက်မှာပါဆရာ)၊ ဩော် - အညှောက်လေးပေါက်မယ်လား (ပေါက်မှာပါဆရာ)၊ အေး - ဒါ သူ့သဘောလေးတွေနဲ့ သူသွားနေတာ သေချာကြည့်ကွ။ အစဉ်လေးတွေ၊ သန္တတိ-ဖြစ်စဉ်လေးတွေ သေချာကြည့်။ မျက်စိထဲ မြင်အောင်ကြည့်လို့။ ဩော် - သန္တတိဖြစ်စဉ်ကြီးက လက်စသတ်တော့ မပြတ်ဘဲ, မရပ်ဘဲနဲ့ အမြဲဆက်စပ်ပြီးတော့ ဖြစ်နေပါလားလို့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလည်း သေသေချာချာ ကြည့်။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ အဝိဇ္ဇာဖြစ်ရင် ဘာဖြစ်မယ် (သင်္ခါရဖြစ်မှာပါဆရာ)၊ မဖြစ်ဘဲနေကို မနေဘူးလား (မနေပါဘူးဆရာ)၊ အဝိဇ္ဇာဖြစ်ရင် သင်္ခါရမဖြစ်ဘဲ မနေဘူးပေါ့ (မနေပါဘူး

http://www.dhammadownload.com



ဆရာ)၊ မှတ်ထားနော်၊ အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်မယ်တဲ့၊ မဖြစ်ဘဲ မနေဘူးတဲ့၊ သင်္ခါရဖြစ်ရင် ဘာဖြစ်မယ် (ဝိညာဏ်ဖြစ်မှာပါဆရာ)၊ ဝိညာဏ်မဖြစ်ဘဲ မနေနိုင်ဘူးလား (မနေပါဘူးဆရာ)၊ ဖြစ်မှာပဲလား (ဖြစ်မှာပါဆရာ)၊ ဝိညာဏ်ဖြစ်ရင် ဘာဖြစ်မယ် (နာမ်ရုပ်ဖြစ်မှာပါဆရာ)၊ မဖြစ်ဘဲ မနေဘူးလား (မနေနိုင်ပါဘူးဆရာ)၊ နာမ်ရုပ်ဖြစ်ရင် ဘာဖြစ်မယ် (သဠာယတနဖြစ်မှာပါဆရာ)၊ သဠာယတနမဖြစ်ဘဲ မနေဘူးလားဟ (မနေပါဘူးဆရာ)၊ သဠာယတနဖြစ်ရင်ကော ဘာဖြစ်မယ် (ဖဿဖြစ်မှာပါဆရာ)၊ ဖဿဖြစ်ရင် ဘာဖြစ်မယ် (ဝေဒနာဖြစ်မှာပါဆရာ)၊ ဝေဒနာဖြစ်ရင် ဘာဖြစ်မယ် (တဏှာဖြစ်မှာပါဆရာ)၊ မဖြစ်ဘဲ မနေဘူးလား (မနေပါဘူးဆရာ)၊ တဏှာဖြစ်ရင်ကော ဘာဖြစ်မယ် (ဥပါဒါန်ဖြစ်မှာပါဆရာ)၊ ဥပါဒါန်ဖြစ်တော့ ဘာဖြစ်မတုံး (ဘဝဖြစ်မှာပါဆရာ)၊ မဖြစ်ဘဲ မနေဘူးပေါ့ (မနေပါဘူးဆရာ)၊ ဘဝဖြစ်ရင် ဘာဖြစ်မယ် (ဇာတိဖြစ်အုံးမယ်ဆရာ)၊ ဇာတိဖြစ်ရင် ဘာဖြစ်မယ် (ဇရာ မရဏ ဖြစ်အုံးမှာပါဆရာ)၊ ဩော် - ဒါ မဖြစ်ဘဲ မနေတဲ့တရားတွေပေါ့ (မှန်ပါတယ်ဆရာ)၊ သူဖြစ်ရင် သူဖြစ်မယ်၊ သူဖြစ်ရင် သူဖြစ်မယ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ခုနပြတဲ့ ဥပမာလေးနဲ့ ပြန်ပြန်၊ ပြန်ပြန်ဟပ်ပြီးတော့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးမှာ သမာဓိကောင်းကောင်းထားပြီးတော့ သေသေချာချာကြည့်စမ်း။ ဖြစ်တဲ့ သန္တာန်အစဉ် ပြန်ကြည့်စမ်းနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက,စ ဇရာမရဏကျအောင် သူ့ကြောင့် သူဖြစ်၊ သူကြောင့် သူဖြစ်၊ သူကြောင့် သူဖြစ်၊ သူကြောင့် သူဖြစ် သန္တာန်အစဉ်ကြီးဟာတဲ့ ဘယ်နေရာမှာ မဖြစ်ဘဲနဲ့ ရပ်နေတာ ရှိသလဲတဲ့၊ ဘယ်နေရာမှာ မဖြစ်ဘဲနဲ့ ပြတ်နေတာ ရှိသလဲလို့၊ ဘယ်နေရာ အကျိုးအကြောင်း မဆက်စပ်ဘဲနဲ့ လပ်နေတာ ရှိသလဲလို့၊ ဘယ်ထဲမှ မရှိဘူး၊ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ သန္တာန်အစဉ်ကြီး ဖြစ်နေတယ်တဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် အဆက်အစပ် အပြတ်အရပ်မရှိသော ဖြစ်စဉ်သန္တာန်ကြီးကို မြင်တော့ကား ဟာ - ဒီတရားတွေက တစ်ခုဖြစ်ပြီး နောက်ထပ်မဖြစ်ဘူး ပြတ်ကရော့။ သတ္တဝါတွေရဲ့ဘဝဟာလည်း ဒီဘဝပြီးရင် နောက်ထပ်ဘာမှ မဖြစ်ဘူး ပြတ်ကရော့လို့ ဒီလို ယူဆထားတဲ့ ဥစ္ဆေဒဒိဋ္ဌိများ မင်း ယုံအုံးမှာလား (မယုံတော့ပါဘူးဆရာ)၊ မယုံဘူးလား (မယုံပါဘူးဆရာ)။

ဒါကြောင့် အဲဒီနည်းကို သေသေချာချာ ပြတ်ပြတ်သားသား မြင်လို့ ထင်လို့ ရှိရင်တဲ့ အင်မတန်ကြောက်စရာကောင်းသော ဥစ္ဆေဒဒိဋ္ဌိကြီးကို ပယ်နိုင်, သတ်နိုင်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ တကယ်မြင် တကယ်သတ်မယ် မဟုတ်လား (တကယ်သတ်မှာပါဆရာ)၊ ဘုရားကိုယ်တော်မြတ်က ဒီနည်းမြင်လို့ရှိရင် ဥစ္ဆေဒဒိဋ္ဌိကြီး ပယ်နိုင်၏။ ကိုယ်တော်မြတ်က တိုက်ရိုက်ဟောသွားတာ။ မယုံချင်

http://www.dhammadownload.com



စရာများ ရှိသေးသလား (မရှိပါဘူးဆရာ)၊ မြင်ပေမယ့် ပယ်ချင်မှ ပယ်မှာပါကွာ၊ ပယ်နိုင်မှ ပယ်နိုင်မှာပါလို့ တွေးစရာ ရှိသေးသလားဟ (မရှိပါဘူးဆရာ)၊ မြင်ရင် ပယ်နိုင်မယ် မဟုတ်လား (ပယ်မှာပါဆရာ)၊ ပယ်ရင် ဒီတစ်သက်လုံး မသေဘူးလား (သေသွားမှာပါဆရာ)၊ ကိုင်း - သံသရာအစကတည်းက ထမ်းရွက်လာတဲ့ အင်မတန်လေးလံသော ဝန်ထုပ်နဲ့ တစ်မူတူသော မိမိကို ဘဝအဆက်ဆက် နှိပ်စက်ညှဉ်းပန်းနေသော ရန်သူသဖွယ် သူသတ်ယောက်ျားသဖွယ်ဆိုတဲ့ တကယ့်ကြောက်စရာကောင်းသော ကိလေသာထဲက တစ်လုံးချုပ်သွားရင် တန်ဖိုးမရှိဘူးလားဟ (ရှိပါတယ်ဆရာ)၊ တစ်လုံးငြိမ်းသွားရင် နော် (မှန်ပါတယ်ဆရာ)၊ လူတွေက အဲဒါမျိုးတော့ တန်ဖိုးမထားဘူးကွ။ ကိုယ့်မှာ ထောင်သောင်းသိန်းသန်းများစွာ ချမ်းသာနေတဲ့ အထုပ်ကြီးထဲက တစ်ဘက်သားက အလစ်အုပ်သွားပြီဆိုမှဖြင့် လျော့သွား နှမျောလိုက်တာနော် (မှန်ပါတယ်ဆရာ)၊ တော်ကြာ ပြောက်နဲ့ တက်အုပ်လို့ အုပ်၊ တော်ကြာ ဩဇာသီးနဲ့ပြု အုပ်လို့အုပ်၊ ညအလစ်ဝင်စီးလို့ စီးနဲ့ ပါသွားရင် ဆတ်ဆတ်ခါအောင် နာ၊ နှမျောတယ်၊ မနှမျောဘူးလား (နှမျောပါတယ်ဆရာ)၊ အထုပ်ကြီးက ရော့သွားတာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒါမျိုးသာ နှမြောနေတာလို့၊ ထောင့်ငါးရာဆိုတဲ့ မိမိတို့ ကိလေသာဝန်ထုပ်ကြီးထဲက တစ်လုံးရော့ သွားရင် တန်ဖိုးဘယ်လောက်ရှိတယ်ဟဲ့၊ ငါ့မှာ ဘေးရန်အန္တရာယ် ဘယ်လောက်ကင်းသွားပြီ၊ ရှင်းသွားပြီ၊ လင်းသွားပြီ၊ အညစ်အကြေးတွေ ဘယ်လောက်စင်ကြယ်သန့်ရှင်းသွား၊ ဘယ်လောက်ပေါ့သွားပြီ၊ ဘယ်လောက်ချမ်းသာသွားပြီ ဆိုတာ နားမလည်ဘူး နော် (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော်။ ထုံးပုံကလေးတွေလည်း မှတ်ထား။

အာသဝေါတရားကုန်ခန်းတဲ့၊ ကိလေသာကုန်ခန်းတဲ့ ရဟန္တာများရဲ့ ရူပကာယကျတော့ ဘုရားကိုယ်တော်မြတ်တော့ ဖယ်ထားတော့ ပြောစရာ မလိုတော့ဘူး။ ကိလေသာ အာသဝေါတရား ကုန်ခန်းသွားတဲ့ ရဟန္တာ အရှင်မြတ်များရဲ့ ရူပကာယတော်များ ဘယ့်နှယ့်နေသလဲလို့၊ အင်မတန်လှတယ်နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်လှတယ်တဲ့။ ကိလေသာမကုန်ခင်တုန်းကတော့ သူလို၊ ငါလိုပဲတဲ့။ ကိလေသာကုန်ပြီးတော့ စင်ကြယ်သန့်ရှင်းသွားတဲ့ အချိန်ကျတော့ သိပ်လှတယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာပြုလို့လှ (ကိလေသာ အညစ်အကြေးတွေ ကုန်သွားလို့ပါဆရာ)၊ ဩော်- ကိလေသာ အညစ်အကြေးတွေ ကုန်သွားလို့ အညစ်အကြေးတွေ မရှိဘူးပေါ့ကွာ နော် (မရှိတော့ပါဘူးဆရာ)၊ သန့်ရှင်းသွားတယ်လား (မှန်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် အရေတော်ရဲ့ သန့်ရှင်းခြင်း၊ အသားတော်ရဲ့သန့်ရှင်းခြင်း၊ အသွေးတော်ရဲ့သန့်ရှင်းခြင်း၊ အရိုးတော်ရဲ့သန့်ရှင်းခြင်း နော် (မှန်ပါတယ်ဆရာ)၊ ဆံပင် မွေးညှင်း အစရှိသည်အားဖြင့် သန့်ရှင်းခြင်း၊ အရင်တုန်းကတော့ ဘာဖြစ်၊ ညွန်တွေ

http://www.dhammadownload.com



လိမ်းကျံထားသလိုပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ညစ်ညစ်ပတ်ပတ် ပေပေကျံကျံနဲ့ ကိလေသာ တည်းဟူသော ညွှန်အညစ်အကြေးတွေ လိမ်းသုတ်ထားသလိုပဲတဲ့၊ ညစ်ကြေးချင်တိုင်း ညစ်ကြေးနေတယ်၊ မသန့်မရှင်း မစင်မကြယ် ဆိုတော့ မလှဘူးတဲ့။ အခုတော့ ညွှန်အညစ်အကြေးနဲ့တူသော ကိလေသာ တွေ စင်ကြယ်သန့်ရှင်းသွားတော့ ကွင်းလုံးကျွတ်သန့်သွားလို့ အင်မတန် လှတယ်တဲ့။ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ မှတ်ထား။

ကိလေသာ ကွင်းလုံးကျွတ် လွတ်သွားတဲ့ ပုဂ္ဂိုလ်များ သိသိသာသာကြီးလှ နော် (မှန်ပါတယ်ဆရာ)၊ သိသိသာသာကြီးလှ။ ဒါဖြင့် ကိလေသာမကုန်ဘူးလို့ ထောင့်ငါးရာ ကိလေသာမကုန်ဘူး၊ တစ်လုံးတစ်လေ ကုန်တယ်လို့ တစ်လုံးတစ်လေကုန်ရင် တစ်လုံးတစ်လေကုန်သလောက်ပဲ ရုပ်က ကြည်လင်သန့်ရှင်းလာ နော် (မှန်ပါတယ်ဆရာ)၊ တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်ရင် သိပ်ဆန်းလာရမယ်။ ဥပဓိကိုယ်က ရူပနိကာယက တစ်မျိုးဖြစ်လာရတယ်။ တစ်လုံးတစ်လေ ဆိုပေမယ့် အသံကတော့ ဒီလို သံသရာဝဋ်မြစ်ဖြစ်စေတတ်တဲ့ အင်မတန် ဆိုးဝါးယုတ်မာသော ဒိဋ္ဌိကိလေသာ ဆိုတဲ့ ကိလေသာမျိုးက တစ်လုံးဆို ဆိုသလောက် သူက တာသွားတယ် မဟုတ်လား (တာသွားပါတယ်ဆရာ)၊ အဲဒီလို ဆိုးဝါးယုတ်မာတဲ့ ကိလေသာကြီး တစ်လုံးချုပ်သွားရင် ချုပ်သွားသလောက် ဒီမှာ အသွင်အပြင်သဏ္ဌာန်အားဖြင့် လာပေါ်တာက အညစ်အကြေး အတော်ကြီး ဆေးကြောသုတ်သင်ပြီးသလိုပဲတဲ့။ အညစ်အကြေး ကင်းဝေး စင်ကြယ်လာ သန့်ရှင်းလာတယ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ကြည့်လိုက်ရရင်-တဲ့ သူသူငါငါနဲ့ မတူဘူးတဲ့။ ကြည့်ရတာကိုက ကျက်သရေမင်္ဂလာကို ရှိတယ်တဲ့၊ တစ်မျိုးလှတယ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘာဖြစ်လို့ ကိလေသာ တစ်လုံးချုပ်သွားလို့ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အကုန်များချုပ်သွားရင် သိပ်မလှဘူးလား (သိပ်လှပါတယ်ဆရာ)၊ အကုန်ချုပ်သွားရင် သိပ်လှတယ်။ ဒါ တစ်လုံးချုပ်တာကို ပြောနေတာ။

ဒါကြောင့် ကိလေသာတစ်လုံး ချုပ်သွားတဲ့ တန်ဖိုးဟာ အပါယ်လေးပါးလည်း လုံးလုံး တံခါးပိတ်ပါတယ်။ ဒါပဲလား မဟုတ်ဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလည်း အမြန်ဆုံး ရစေတတ်ပါတယ်လို့၊ ဘာဖြစ်လို့ ဒီကိလေသာပဲတဲ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရအောင် တားတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ကနေ့ညပြတဲ့ ဥပမာလေးနဲ့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ် တည်းဟူသော ဥပမေယျနဲ့ ကိုယ့်အိမ်ကျတော့ ကိုယ်ပြန်ပြန်၊ ပြန်ပြန်ပြီးတော့၊ ကြည့်၊ ကြည့်ပြီးတော့ ပြန်တိုက်

http://www.dhammadownload.com


စမ်း, ပြန်ပတ်ကြည့်စမ်း - တစ်ဆက်တည်း တစ်ပြင်တည်း တစ်စပ်တည်း ဖြစ်နေတဲ့ အဖြစ်ကြီးကို ပြန်မြင်လိုက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

ဧဝံ ဗီဇဿ အင်္ကုရာဒိဘာဝေန ရုက္ခဘာဝပ္ပတ္တိ ဝိယ သန္တာနာနုပစ္ဆေဒေါ ဧကတ္တနယော နာမ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၈၈)

ဧဝံ၊ ဤသို့။ ဗီဇဿ၊ မျိုးစေ့လေး၏။ အင်္ကုရာဒိဘာဝေန၊ အညွန့် အညှောက် အစရှိသည်ဖြင့်။ ရုက္ခဘာဝပတ္တိ ဝိယ၊ သစ်ပင်ကြီး ဟူသော အဖြစ်သို့ ရောက်သကဲ့သို့။ နော် (မှန်ပါတယ်ဆရာ)၊ သန္တာနာနုပစ္ဆေဒေါ ၊ သန္တာန်အစဉ်၏ မပြတ်ခြင်းသည်။ ဧကတ္တနယော နာမ၊ ဧကတ္တနည်းမည်၏တဲ့။

သစ်ပင်ကြီးရဲ့ သန္တာန်အစဉ် မပြတ်ဘူးတဲ့ ပြတ်ရဲ့လား (မပြတ်ပါဘူးဆရာ)၊ ဧကတ္တနယော နာမ၊ ဧကတ္တနည်း မည်၏။

ယံ သမ္မာ ပဿန္တော ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါ-ဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟတိ။ (ၚင်း၊ ၁၈၈)

ယံ၊ အကြင်အကြောင်းကြောင့်။ သမ္မာ၊ ကောင်းစွာ၊ ပဿန္တော၊ မြင်လျက်။ ဟေတုဖလ-သမ္ဗန္ဓေန၊ အကျိုးနဲ့အကြောင်း ဆက်စပ်သဖြင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ သန္တာနဿ၊ သန္တာန် အစဉ်ကြီး၏။ အနုပစ္ဆေဒါဝဗောဓတော၊ ဘယ်နေရာမှ အပြတ်ကလေး အလပ်ကလေး အစပ်ကလေး မရှိသည်၏အဖြစ်ကို ထိုးထွင်း၍သိသောကြောင့်။ ဥစ္ဆေဒဒိဋ္ဌိံ၊ ဒီတစ်ခါဖြစ်ပြီးရင် နောက်ထပ်ပြီးတော့ ဘာမှ မဖြစ်ဆိုတဲ့ ဘဝပြတ်တယ်လို့ ယူဆထားသော ဥစ္ဆေဒဒိဋ္ဌိကြီးကို။ ပဇဟတိ၊ ပယ်နိုင်ပေတော့၏။

ဒီလ ချောင်းဆိုးတယ်၊ အမျိုးမျိုးရောဂါတွေ များတယ်။ အအေးလွန်ကဲတဲ့ရာသီ၊ အအေး လွန်ကဲတဲ့ ရာသီဆိုတော့ အအေးပတ်တော့ ခေါင်းမလုံလို့ရှိရင်လည်းပဲ ခေါင်းအုံတတ်တယ်၊ နှာမွှန် တတ်တယ်၊ ခေါင်းခဲတတ်တယ်။ အအေးလုံအောင် မထွေးပြန်ရင်လည်း အအေးပတ်ပြီးတော့ ဖျား တတ်တယ်၊ နေမကောင်း ထိုင်မကောင်း ဖြစ်တတ်တယ်လို့၊ ဒါကြောင့် အေးတဲ့ရာသီရောက်တော့ ခေါင်းလည်းပဲ လုံအောင်ဖုံး၊ အအေးမမိအောင် ခေါင်းလည်း သဘက်တို့ ဘာတို့ ပတ်၊ ဦးထုပ်ရှိတဲ့လူက ဦးထုပ်ဆောင်း၊ ဒကာမများ သဘက်နဲ့ ခေါင်းပတ်၊ ရွှေမန်းတို့, ဖိုးစိန်တို့ ရုပ်ပွဲကြည့်သလိုပေါ့။ စောင်ထူထူခြုံ အအေးလုံသွားအောင်၊ ဆောင်းတွင်းရောက်ပြီဆိုမှဖြင့် ဒီအတိုင်းပဲ နှာစေး, ချောင်းဆိုး ဆိုတာ အနည်းဆုံး ဖြစ်တတ်တယ်။ ဒီလိုမှ မကာကွယ်တော့ ဘာဖြစ်သလဲလို့ တော်ကြာတော့ နှာစေးတာနဲ့ ချောင်းဆိုးတာနဲ့ ကနေ့တော့ သင်တန်းမလိုက်နိုင်၊ တစ်ရက် နှစ်ရက် သုံးရက် အစရှိသည်

http://www.dhammadownload.com



အားဖြင့် ပျက်သွားတယ် ဆိုရင် အင်မတန် လစ်ဟင်းသွားတယ်။ ဒီက ဂွင်းဆက်နဲ့ ပြနေတဲ့တရား၊ တစ်ည နှစ်ညလောက် ကျန်ရစ်ခဲ့တယ်ဆိုရင် မမှီတော့ဘူး။ အပြတ်ဖြစ်သွားပြီ။ ဒါကြောင့် မိမိတို့လည်း ရောဂါဝေဒနာ ကင်းရှင်းအောင်, သင်တန်းလည်း မပျက်ရအောင် ကာကွယ်ပေးကြ။ စောင်ထူထူခြုံ၊ ခြုံထည်တို့ ဘာတို့ယူ၊ အနွေးထည်တို့ ဘာတို့ ဝတ်။ သူများကိုသာ သတိပေးနေတာ၊ ကိုယ်တောင်ပဲ နှာမွန်သလို၊ ချောင်းဆိုးသလိုဖြစ်လာ။ မနေ့ကတည်းကစ ကောင်းကောင်း နေမကောင်းဘူး။ နှစ်တိုင်း နှစ်တိုင်း ဆောင်းတွင်းကျတော့ အမြဲသတိပေး၊ အမြဲသတိပေးတာကလည်း အခုနက ပြောသလိုပဲ သင်တန်းရက် ပျက်မှာစိုးလို့၊ သင်တန်းရက်ပျက်ရင် အဆက်ကလေးတွေ ပြတ်သွား၊ နားမလည် ဒီလို ဖြစ်တတ်တယ်။ အဲ - မနေ့က အဆက်ကလေး -

"ဧဝံမေ့တ္တာ နည်းလေးဖြာ"၊ ထပ်ခါ ထပ်ခါပြောတော့ မပျင်းကြနဲ့၊ မငြီးငွေ့ကြနဲ့၊ တစ်ညလာလဲ ဒါပဲ၊ တစ်ညလာလဲ ဒါပဲ။ ဒီလိုတော့ မလုပ်ကြနဲ့၊ ကိုယ့်ကိုယ်လည်း ကိုယ်ပြန်မေး၊ "တစ်ညလာလဲ ဒါပဲ" ဆိုတာ "ဒါပဲ" ငါသိသလားလို့၊ ငါပြတ်သားသလား, ငါနားလည်သလားလို့ ကိုယ့်ကိုယ်ကိုယ်မေး။ ဒါတရားပွဲလည်း မဟုတ်ဘူး၊ ဟောတရား, နားတရားလဲ မဟုတ်ဘူး။ သင်တန်းဆိုတော့ သင်ပေးနေတာ။ ဒါ မတတ်မချင်း ပရိသတ်အကဲကြည့်ပြီးတော့ ရှေ့တိုးသင့်မှ တိုးတယ်။ တတ်လောက်ပလား, နားလည်လောက်ပလား, ပြတ်လောက်ပလားဆိုမှ ရှေ့တိုး။ အဲဒါ ပရိသတ်များ တတ်လောက်ပလား, နားလည်လောက်ပလား ဆိုတာလည်း ဘယ်သူပေါ်တည်သလဲ ဆိုတော့ ပရိသတ်အများရဲ့ ကိုယ်စားဆိုတဲ့ တရားထောက်အပေါ် တည်တယ်။ ဒီကောင် ဝေ့လည်ကြောင်ပတ် လုပ်နေရင် ရှေ့ကို တိုးမဖြစ်ဘူး။ သူမှ နားမလည်ဘဲ ဒီအပြင်သူလည်း နားလည်မှာ မဟုတ်ဘူး။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူ ရှော့ရှော့ရှူရှူနဲ့ ပြတ်ပြတ်သားသား ရှိသွားပြီဆိုရင် ဩော် - ပရိသတ်က နားလည်လောက်ပြီ။ သူလို လူပြိန်းတွေပဲ အာရုံစိုက်ရင်, နေလိုက်ရင်ဖြင့် သူလိုပဲ သိသွားမှာပဲ။ ဒါ ပရိသတ်အကဲခတ်၊ ဒီတော့ "ဧဝံမေ့တ္တာ နည်းလေးဖြာ"လို့ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော် ဆိုလိုတာကတော့ ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါဆယ့်နှစ်ရပ်ရှိသော ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီးကို မျက်နှာလေးဘက် ထောင့်လေးထောင့်ကနေ ကြည့်စမ်းပါလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မျက်နှာလေးဘက် ထောင့်လေးထောင့်ကနေပြီး ကြည့်စမ်းပါတဲ့။ ဟောဒီလို ကြည့်တော့ ဒီလို မြင်တယ်တဲ့၊ ဒီလို ကြည့်တော့ ဒီလို မြင်တယ်တဲ့၊ ဒီလို ကြည့်တော့ ဒီလို မြင်တယ်ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ မှတ်ထား နော် သေသေချာချာ၊ အင်မတန် တန်ဖိုးရှိတဲ့အခန်း၊ ရေမှုတ်လို ခေါင်းပိုင်းက ကြီးပြီးတော့ အဖျားရှူးသွားတဲ့ သဘောလည်း မဟုတ်ဘူး။ ဒါ မနှစ်ကတုန်းက တို့ ရေစကြို့ မစိုးရိမ်ဆရာတော် ဒီမှာ လာပြီးတော့

http://www.dhammadownload.com



ဝိပဿနာဉာဏ်ဆယ်ပါး နာသွားတုန်းက ရှေ့တွင်ချီးမွမ်းစကား ပြောသွားတာ ကြားလား။ အဲဒါ သက်သက်လုပ်ကြံပြီးတော့ တို့များကလည်း ဒီလို ပြနေတာ မဟုတ်ပါဘူး။ စေတနာကို ထားပြီးတော့ ပြလို့၊ အဲဒါ အဖျားမရှူးတာ၊ စေတနာက ထက်ထက်သန်သန်နဲ့ သိသထက် သိပါစေ၊ မြင်သထက် မြင်ပါစေနဲ့ ဒီလို စေတနာရှိလို့ အဖျားရှူး မဖြစ်တာ။ အဲဒီ မစိုးရိမ်ဆရာတော်က ဘာပြောသလဲဆိုတော့ ဝိပဿနာဉာဏ်နာပြီးတော့ ဝိပဿနာဉာဏ်ဆယ်ပါး နာရပေါင်းတော်တော်များခဲ့ပြီတဲ့။ ပြတဲ့ဆရာတွေလည်း တော်တော်တွေ့ခဲ့တယ်။ ပထမအစကတော့ တော်တော်လေး အလာသားပဲ။ နောက်ပိုင်းကျတော့ အဖျားရှူးမှန်းမသိ ရှူးရှူး ရှူးရှူးသွားရော့။ ဆရာပြတဲ့ ဝိပဿနာဉာဏ်စဉ်ကို ဝင်နာလိုက်တော့ အစရော၊ အလယ်ရော၊ အဆုံးရောဆိုသလိုပဲ ဘယ်နေရာမှ ဆိုဖွယ်ရာ မရှိပါဘူးတဲ့။ အဖျားပိုင်းတောင် ဆရာက ပိုပြီးတော့ ကျယ်ကျယ်ဝန်းဝန်း ရှိပါသေးတယ်တဲ့ လျော့မသွားတဲ့အပြင်၊ ချီးမွမ်းစကားပြောသွားပါတယ်။ ဒီတစ်ခါပဲ နာဖူးတယ်လို့ များသောအားဖြင့် အစပိုင်းကတော့ တော်တော်လေး အားရပါးရနဲ့ လာပြီးတော့၊ နောက်ပိုင်းကျတော့ ရှူးသွားတာချည်းများတယ်။

အခုလည်း ပဋိစ္စသမုပ္ပါဒ်ကြီး အဖျားရှူးချင်ရင် အလွယ်လေး နော် (မှန်ပါတယ်ဆရာ)၊ အင်္ဂါဆယ့်နှစ်ရပ် လည်လည်ပတ်ပတ်ပြပြီးတဲ့အခါကျတော့ အတွင်းစက်ဝိုင်းကျတော့ အခြင်းအရာနှစ်ဆယ်တို့၊ အစပ်သုံးဖြာ၊ အလွှာသုံးခု၊ ကာလသုံးပါးတို့၊ ဝဋ္ဋသုံးပါးတို့၊ ဒီထဲမှာ သစ္စာနှစ်ပါး၊ မူလနှစ်ပါး၊ အပြင်က ဆယ့်နှစ်လုံးသောတရားတွေ တရားကိုယ်တရားသား သဘောအဓိပ္ပါယ်နဲ့ ရှင်းပြီးလင်းပြီးတွေပဲ၊ အတွင်းသားတွေက ဒီဆယ့်နှစ်ပါးပဲ အကျိုးအကြောင်း ဆက်စပ်ပြီး ပြသွားတာ၊ ပြောစရာ မလိုတော့ဘူး။ သိမ်းလိုက်ရင် လွယ်တယ် မဟုတ်လား (လွယ်ပါတယ်ဆရာ)၊ ဒါပေမယ့်လို့ ဒီလိုပြ မဖြစ်ဘူးလားဆို ဖြစ်သားပဲ။ ဒါ “အဖျားရှူးသွားတယ်”ခေါ်တယ်။ အဲဒီလို အဖျားမရှူးချင်ဘူး၊ ပြီးတာတောင်ပဲ ဒီကဏ္ဍ၊ ဒီအပိုင်း ပြီးသွားတာတောင် လွမ်းလွမ်းဆွေးဆွေးနဲ့ ပြီးအောင် နော် (မှန်ပါတယ်ဆရာ)၊ ကိုယ်ကိုယ်တိုင်ကလည်း လွမ်းဆွေးကျန်ရစ်ခဲ့။ ဒီအပိုင်းပြီးမှာကိုစိုး၊ ဒီအပိုင်းကို မပြီးစေချင်ဘူး ကိုယ့်စိတ်ထဲမှာ၊ ဘာဖြစ်လို့တုံး ပြလို့က အားမရဘဲကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ကိုယ့်စိတ်ထဲရှိသလိုပဲ၊ ပရိသတ်စိတ်ကလည်း ဒီအတိုင်းနေရမယ်၊ ဒီအခန်းကို နာနေရတာကွာ အားကိုမရ၊ ကောင်းတယ်၊ ကောင်းသထက်ကောင်းအောင် နာလို့ကို အားမရနိုင်ဘူး။ အပိုင်းကိစ္စပြပြီးလို့သာ ရပ်လိုက်ရတယ်၊ စိတ်က မကျေနပ်ဘူး။ ဒီလို လွမ်းလွမ်းဆွေးဆွေးနဲ့ ကျန်ရစ်ခဲ့ရမှာကိုးကွ နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါပေမယ့် "တစ်ညလာ ဒါ၊ တစ်ညလာ ဒါ"ဆိုတော့ သုံးလေးညလောက်ထပ်လာရင် နည်းနည်းငြီးငွေ့မှာစိုးလို့ ကြိုတင်ပြီးတော့ စကားခံထားတယ်။ တစ်ညလာလဲ ဒါပဲလို့ ဒီလို စိတ်ထဲမှာ မမှတ်နဲ့၊ ကိုယ့်ကိုယ်ကို ပြန်မေးလို့၊ အဲဒီ 'တစ်ညလာလဲ ဒါပဲ'လို့ ပြနေတဲ့ 'ဒါပဲ"ကိုပဲ နင်ပြတ်သားပြီလား၊ နင်နားလည်သလား၊ နင်တတ်သလား၊ နင်လိမ္မာသလားလို့၊ နင်ပိုင်သလား၊ နိုင်သလားလို့ ပြန်မေးစမ်းပါလို့ နော် (မှန်ပါတယ်ဆရာ)။

## ထပ်တလဲလဲ ဟောနေခြင်းဟာ တခြားမဟုတ်ပါ

ဘုန်းကြီးတစ်ပါး ဝါတွင်းသုံးလပတ်လုံး ဥပုသ်ဇရပ်က တရားဟောပင့်လို့ တရားဟောသတဲ့။ တစ်ဝါတွင်းလုံး ဝါဆိုဦးကစပြီးတော့ ဟောလိုက်တာ တရားလည်း ကျက်ထားတာ ဒီတစ်ပုဒ်ရတယ်။ ဘုရားလောင်း မျောက်မင်းကြီး . . ဟော၊ နောက်ဥပုသ်လည်း ဒီမျောက်မင်း၊ နောက်ဥပုသ်လည်း မျောက်မင်း၊ နောက်ဥပုသ်လည်း မျောက်မင်း၊ သတင်းကလည်း ကျွတ်ခါနီးတော့ တရားနာက နည်းနည်းပျင်းလာ။ ခုတောင်လည်းပဲ ဝါဆိုဦးကတည်းက စပြီးတော့ တရားပဟောပင့်ထားလို့ တရားဟောလိုက်တာ ဝါဆိုဦးက စဟောတဲ့မျောက်မင်းဟာ တစ်သီတင်းလာလည်း မျောက်မင်း၊ တစ်သီတင်းလာလည်း မျောက်မင်း၊ မျောက်မင်းချည်း ထပ်ထပ်ဟောနေတာပဲ။ တရားလေး ဘာလေး ပြောင်းအုံးမှပေါ့ ကိုယ်တော်၊ အောင်မာ မင်းတို့က မျောက်မင်းကြီး ထပ်ထပ်ဟောတာတော့ ပြောတယ်။ ကိုင်း - ဒီလောက်တောင် အထပ်ထပ် အပြန်ပြန်နဲ့ ဟောနေလို့ မင်းတို့သဘောထဲမှာ ရှင်းရင် ငါလိုတက်ဟောစမ်းပါ၊ ဘုန်းကြီးက ခိုင်းသတဲ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အခုလည်းပဲ ဒီလိုပဲ တစ်ညလာလဲ နည်းလေးဖြာ၊ တစ်ညလာလဲ နည်းလေးဖြာ၊ နည်းလေးဖြာကို တက်တယ် မရှိဘူး လို့ စာဒကတက်ရင် လာစမ်း၊ ခုံပေါ် တက်ဟောစမ်း နော် (မှန်ပါတယ်ဆရာ)၊ မကောင်းဖူးလား (ကောင်းပါတယ်ဆရာ)။

"ဧဝံဓမ္မတာနည်းလေးဖြာ"လို့ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာတဲ့ကွ (ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း)၊ အေး - ဟုတ်ပြီ။ ထပ်ရွတ်အုံး၊ (ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း၊ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း)၊ အေး - ဟုတ်ပြီ။ အခုညတော့ မင်းဘက်နည်းနည်းလေးပိုပြီး အလှည့်ပေးရမယ်။ ငါကလည်း နှာကလည်းမွှန်, ချောင်းကလည်း ဆိုးတယ်နော် ဟုတ်ကဲ့လား၊ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း၊ နည်းလေး

http://www.dhammadownload.com



နည်းနဲ့ အင်္ဂါဆယ့်နှစ်ရပ် စက်ရဟတ်တည်းဟူသော ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ဝေဖန်ပြီး ပြထားတယ်။ အမှန်ကတော့ အင်္ဂါဆယ့်နှစ်ရပ်ရှိသော ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကိုတဲ့ မျက်နှာ လေးဘက် ထောင့်လေးထောင့်ကနေပြီးတော့ ကြည့်စမ်းပါတဲ့၊ တစ်မျိုးစီ မြင်ပါလိမ့်မယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ တစ်မျိုးစီမြင်တော့ ဘာထူးတုံးလို့ မေးစရာရှိတယ်။ အင်မတန် ထူးတယ်တဲ့။ တစ်မျိုးမြင်လိုက်ရင် မနေ့ညက ပြောတဲ့အတိုင်း မိမိတို့ သဘောထဲမှာ ရှင်းခနဲ, လင်းခနဲ ဖြစ်သွားရင် ဒိဋ္ဌိတစ်လုံး ပြုတ်သွားမှာနော် (မှန်ပါတယ်ဆရာ)၊ နောက်တစ်မျိုး မြင်လိုက်ရင် နောက်ထောင့် တစ်ထောင့်ကနေ ကြည့်၊ ဟာ - ပဋိစ္စသမုပ္ပါဒ် ဒီလိုကြည့်တော့ ဒီလိုပါပဲလားလို့ မြင်လိုက်၊ ဉာဏ် ထဲမှာ ရှင်းလင်းသွားရင် ဒိဋ္ဌိတစ်လုံးပြုတ် နော် (မှန်ပါတယ်ဆရာ)၊ နောက်ထောင့်တစ်ထောင့်ကနေ ကြည့်ပြန်တော့ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ဒီဘက်ထောင့်က ဒီလို ကြည့်ပြန်တော့လည်းပဲ ဒီလို မြင်ပြန်ပါပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလို မြင်လိုက်လို့ ဉာဏ်ထဲမှာ ရှင်းသွားရင် ဒိဋ္ဌိတစ်လုံး ပြုတ်တယ် နော် (မှန်ပါတယ်ဆရာ)။

နောက်တစ်ခါ နောက်ဆုံးထောင့်ကနေပြီးတော့ သေသေချာချာ ကြည့်လိုက်တဲ့အခါကျတော့ အင်္ဂါဆယ့်နှစ်ရပ်ရှိသော ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ဒီလိုဝေဖန် ပြီးတော့, ဒီလိုကြည့်ပြန်တော့ ဒီလိုမြင်ပြန်ပါပဲ၊ ဒီလိုသဘောပါပဲလားလို့ ဉာဏ်ထဲမှာ ရှင်းခနဲ, လင်းခနဲဖြစ်သွားရင် ဒိဋ္ဌိနှစ်လုံးပြုတ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒိဋ္ဌိ ဘယ်နှစ်လုံးလဲ (လေးလုံး ပါဆရာ)၊ ငါးလုံး၊ ပထမဆုံး နံပါတ်တစ်ဆိုတဲ့ ထောင့်ကနေ ကြည့်ရင် တစ်လုံးပြုတ်မယ်လား (တစ်လုံးပြုတ်ပါတယ်ဆရာ)၊ ဒုတိယ ထောင့်ကနေကြည့်ရင် တစ်လုံးပြုတ်မယ်လား (မှန်ပါတယ်ဆရာ)၊ တတိယထောင့်ကနေကြည့်ရင် တစ်လုံးပြုတ်မယ် (မှန်ပါတယ်ဆရာ)၊ စတုတ္ထထောင့်ကနေကြည့် ဘယ်နှယ်လုံးပြုတ် (နှစ်လုံးပြုတ်မှာ ပါဆရာ)၊ ဒါနဲ့ မင်း ဘာဖြစ်လို့ လေးလုံးပြော၊ ဘယ်နှစ်လုံးတုံး (ငါးလုံးပါဆရာ)၊ အဲသလိုလုပ်စမ်းပါ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ဒိဋ္ဌိတွေ အသီးသီး မိမိရင်တွင်းက ရှင်းခနဲ, လင်းခနဲနဲ့ ကွာသွားမယ်၊ ကျွတ်သွားမယ်၊ လွတ်သွားမယ် ဆိုရင် တန်ဖိုးဖြတ်ကြည့်စမ်း။ ဒါထက် တန်ဖိုးမြတ်တာ ရှိသေး သလား (မရှိပါဘူးဆရာ)၊ မှတ်ထားနော် - "တရား"ဆိုတာ ယူတတ်မှလည်း ရတယ် အင်မတန် တန်ဖိုးရှိတဲ့ တန်ဖိုးရှိတဲ့ သဘာဝကို ချ, ပြ။ ကိုယ်က မယူတတ်တော့ တရားရမှန်း မသိဘူး၊ တရားရမှန်း မသိတော့ ဘယ့်နှယ့်ဖြစ်၊ ဂနာမငြိမ်ဘူး ခေါ်တယ်၊ အရှိန်မသေဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အရှိန်မသေတော့ ဘာဖြစ်၊ ဂယိမ်းဂယိုင် ဖြစ်နေတယ်တဲ့။ ဒီဘက်က တွန်းလိုက် ဟိုဘက်ယိုင်သွား လိုက်၊ ဟိုဘက်က တွန်းလိုက် ဒီဘက်ယိုင်လာလိုက် နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်နိုး ဟုတ်နိုးနဲ့

http://www.dhammadownload.com



ဒီလိုဖြစ်နေ။ နောက်တော့ ဘယ့်နှယ့်ဖြစ်၊ တရားဆိုတဲ့အတိုင်း တရားရားနဲ့ ဟိုသွားလိုက်၊ ဒီသွားလိုက်၊ ဟိုရှာလိုက်၊ ဒီရှာလိုက် ဒီလိုဖြစ်နေတယ်။ အဲဒါ ကိုယ့်ဉာဏ်မပြတ်သားမှုပဲ ခေါ်ရတယ်။

အမှန်က ဉာဏ်ပြတ်သားလို့ရှိရင် ဒါတရားစစ် တရားမှန်တွေ ချပြီးတော့ သေသေချာချာနဲ့ပြ။ နာရမယ်တဲ့၊ စကားစပ်မိလို့ ပြောရဦးမယ် - တို့သင်တန်းရဲ့ ချထားတဲ့ လမ်းစဉ်အရ ဟိုသင်တန်းခွဲတွေ ထီးလင်းမြို့မှာ သင်တန်းခွဲတစ်ခု လူပေါင်းနှစ်ရာကျော် ရှိသွားပြီ။ အခုပြဆဲပေါ့ကွနော် (မှန်ပါတယ် ဆရာ)၊ ထီးလင်းက သင်တန်းဆရာလည်း အခု ခေတ္တ တို့များကန်တော့ရင်း, တွေ့ရင်း ဆိုသလိုပဲ ရောက်လာ၊ နောက်လေးရက်ကြာ ပြန်ပါလိမ့်။ အားတက်စရာ - မနှစ်ကသင်တန်းဖွင့်တုန်းက လူပေါင်း တစ်ရာကျော်၊ အခုနှစ်ရာကျော်ရှိသွားပြီတဲ့၊ နောက် ဒါထက် တိုးစရာအများ ရှိသေးတယ် နော် (မှန်ပါတယ်ဆရာ)၊ ထီးလင်းမှာ သင်တန်းခွဲတစ်ခုရှိတယ်၊ မြိုင်မှာ သင်တန်းခွဲတစ်ခုရှိတယ်။ ခြောက်နှစ် ကျော်ကျော်လောက် ရှိသွားပြီ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရေနံချောင်းမှာ သင်တန်းခွဲတစ်ခု ရှိတယ်၊ ကုလား ဘာဘူက ပြတယ်၊ ဒါလဲပဲ အံ့သြစရာပဲ၊ ဝိပဿနာတရား ကုလားက ဟောတယ်၊ လူပေါင်း နှစ်ရာ့ငါးဆယ်၊ သုံးရာနီးပါးလောက် ရှိတယ်။ ပြီးတော့ အလုံ ရောဝတီလမ်းမှာ သင်တန်းခွဲ တစ်ခုရှိတယ်၊ မနှစ်က လူပေါင်း လေးရာကျော်တက်တယ်၊ ပြီးတော့ လှည်းကူးမှာ သင်တန်းခွဲတစ်ခု ရှိတယ်၊ မနှစ်က လူပေါင်း လေးရာကျော်တက်တယ်၊ အဲ - လှည်းကူးနဲ့အလုံ ရောဝတီသင်တန်း ကတော့ ဆရာတစ်ယောက်တည်းနဲ့ ခွဲပြီးပြတယ်၊ ဆရာကိုအောင်ခဲ တို့သင်တန်းကပေါ့ကွ နော်၊ (မှန်ပါတယ်ဆရာ)၊ ရေနံချောင်း သင်တန်းကတော့ ဘာဘူလေး။ ထီးလင်းသင်တန်းကတော့ ဆရာ ဦးအောင်မင်း၊ မြိုင်သင်တန်းကတော့ ဆရာဦးဘကြင်၊ အဲဒီထဲက သင်တန်းတစ်ခု တိုးလာတာက ကန်ပက်လက်နော် (မှန်ပါတယ်ဆရာ)၊ ကန်ပက်လက်၊ တဖြည်းဖြည်းလေးနဲ့ တို့တရား ပြန့်မှန်းမသိ ပြန့်သွားပြီ၊ တို့တရားဆိုတာ တို့သင်းတန်စဉ်မူပေါ့ကွ၊ ဘုရားရဲ့တရားတော်ပေါ့ကွနော် (မှန်ပါတယ် ဆရာ)၊ ကန်ပက်လက် ဒီကနေ့ပဲ စာရောက်လာ၊ လူသုံးဆယ်ကျော်လောက်ရှိတယ်တဲ့။ လူကလည်း ဟိုက အလွန်နည်းတယ်တဲ့၊ နည်းပင် နည်းသော်လည်းပဲ ရှိသမျှလူဟာ ဒီတရားတော်ကို အင်မတန် လိုချင်တဲ့ ဆန္ဒဓာတ်ပြင်းပြနေလို့ တရားရောက် သင်တန်းချပြ၊ လူပေါင်း သုံးဆယ်ကျော်လောက် ရှိတယ်တဲ့၊ တော်တော်ကြီးလည်းပဲ နှစ်နှစ်ခြိုက်ခြိုက်နဲ့ ဝမ်းပန်းတသာနဲ့ လိုက်နေကြပါတယ်တဲ့။

သူ ကန်ပက်လက် ရောက်စဉ်အခါတုန်းက ဒီကံပက်လက်မှာ တရားပြနေတဲ့ ဘုန်းတော်ကြီး တစ်ပါးလည်း ရှိတယ်။ အဲ - တရားပြနေတဲ့ ဘုန်းတော်ကြီးတစ်ပါးကတော့ သူ့နိဿယအတိုင်း သူပြတာပေါ့၊ သူကတော့ သာသနာ့ရိပ်သာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ သူကလည်းပဲ ရန်ကုန်

http://www.dhammadownload.com



မဟာစည်ရိပ်သာကနေ ဆင်းပြီး, လာပြီးတော့ သင်တန်းခွဲအနေနဲ့ ဟိုမှာ တရားပေး၊ အခုတော့ ဘယ့်နှယ့်ဖြစ်နေသလဲ ဆိုတော့ အဲဒီ သူပေးနေတဲ့ တရားဌာနကို ခေတ္တရပ်ပြီးတော့ ဘုန်းတော်ကြီး ကိုယ်တိုင်က စပြီးတော့ အခု တို့သင်တန်းခွဲရဲ့ သင်တန်းကို လိုက်ပြီးတော့ တစ်ခါ နာယူနေတယ်။ ကြိုက်လို့ လွန်းလို့တဲ့ စာထဲမှာ ပါလာတယ်၊ အင်မတန် တိကျတယ်၊ အင်မတန် သဘာဝ ရှိပါပေတယ် ဆိုပြီးတော့ ဘုန်းတော်ကြီးကိုယ်တိုင်ကလည်း တော်တော်ကြီး နှစ်နှစ်ခြိုက်ခြိုက် အားပေးစကား ပြောပြီးတော့ ကိုယ်တိုင်လိုက်နေတယ်တဲ့။ သူ့ရိပ်သာမှာ အားထုတ်နေတဲ့ လူများလည်းပဲ ဒီသင်တန်း ပြန်ဖြီးတော့ လိုက်နေကြပါတယ်တဲ့။ သူ အခု အစကနေပြီးတော့ သင်တန်းပြနေတာ အခု တေဇောခတ် ရောက်ပါပြီတဲ့ - စာထဲ သေချာပါလာတယ်။ အဲဒီသင်တန်းဆရာက တခြား မဟုတ်ပါဘူး၊ စွန်သိုက်က စာရေး မောင်ထွေး၊ တိုက်ပိုင်အဖြစ်နဲ့ ဟိုပြောင်းသွားရှာတယ်။

သင်တန်းခွဲ ဘယ်နှစ်ခုရှိသွား၊ ဘယ်လိုကောင်မှန်း မသိဘူး။ ထီးလင်း လက်ချိုး (ချိုးထား ပါတယ်ဆရာ)၊ ဒီတစ်ခါ ချိုးမထားရင် မင်းကို ရိုက်မှာ။ ထီးလင်း၊ မြိုင်၊ ရေနံချောင်း၊ ရန်ကုန် အလုံ ဧရာဝတီ၊ လှည်းကူး၊ ကံပက်လက် ဘယ်နှစ်ခုရှိပြီလဲ (ခြောက်ခုပါဆရာ)၊ ခြောက်ခု၊ ရေစကြိုက မစိုးရိမ်ဆရာတော်ကလည်းပဲ သင်တန်းခွဲအနေနဲ့ ဖွင့်ချင်လို့ ဒီမှာလာပြီးတော့ မိုးတွင်းက မနှစ်က ဝါဆိုဦးက လာနှီးနှောသွားတယ်။ ကိုယ်တိုင်လည်း လိုက်ပြီးတော့ သဘောလည်းသိအောင် ဆိုပြီးတော့ ကိုယ်တိုင်လည်း လိုက်သွားပါတယ် သင်တန်း၊ အဲ - သူ့ဆီက စာလာတော့ သူကလည်းပဲ သူ့တိုက် မှာ စာပြန်ပွဲဝင်မည့် ကိုယ်တော်တွေအတွက် အားကြိုးမာန်တက်နဲ့ ဒါတွေ ပရိယတ္တိအတွက်လည်းပဲ ဆောင်ရွက်ပေးနေတဲ့အတွက် အလုပ်က ရုတ်တရက် မအားသေးလို့ သင်တန်းစရုံ စထားပါတယ်တဲ့။ မိုးတွင်းက စလာတာ လူပေါင်း ငါးဆယ်ကျော်လောက် ရှိပါတယ်တဲ့။ နောင်လည်းပဲ တကယ်ဖွင့် လို့ရှိရင်, မြဲမြဲစွဲစွဲ ဖွင့်လိုက်ရင် လူဟာ အမြောက်အများ တိုးပါလိမ့်မယ်ဆိုတဲ့ အကြောင်း စာရောက်လာ အဲဒီ ရေစကြိုသင်တန်း မစိုးရိမ်ဆရာတော် သင်တန်းဖွင့်ဖြစ်ရင်လည်း သင်တန်းခွဲခုနစ်ခု ရှိသွားပြီ ပေါ့နော် (မှန်ပါတယ်ဆရာ)၊ တဖြည်းဖြည်းနဲ့ ပြန့်ပြန့်၊ ပြန့်ပြန့်လာတယ်။ အဲဒါ ဒီပြင်တောင်းထားတဲ့ နေရာတွေလည်း အများကြီးရှိတယ်။ ဒီက ပေးစရာလူကို မရှိလို့ ငုတ်တုတ်ထိုင်နေရတယ်။ ဟောဒီ မနီးမဝေးဘဲ လက်ရင်းများ လူပေါင်းစာရင်းကိုယ်တိုင် လက်မှတ်ထိုး စာရင်းသုံးရာနဲ့ လာပြီးတော့ ဆရာတောင်း၊ အဲဒါ ဆရာတောင်းတာလည်း ဒီက ပေးမယ့်ဆရာက ရန်ကုန်လှမ်းပြီး စာရေးလိုက် တယ်။ ရန်ကုန်သွားနေလို့၊ ဒီက စရလို့ ရန်ကုန်ကနေပြီးတော့ ဒီလက်ရင်းမ သင်တန်းအတွက် လာမယ်လို့ ပြင်တုန်း ဆင်တုန်း ရှိသေးတယ်၊ နှလုံးရောဂါနဲ့ ဆုံးရှာတယ်။ အဲဒါက "မြင်သာ

http://www.dhammadownload.com



ဦးလှတင်”တဲ့၊ တော်လည်း တော်ပါပေတယ်။ ပြောရေး ဆိုရေးနဲ့တကွ ပရိယတ္တိအခြေခံလည်း ပါတယ်။ သူကလည်း ရန်ကုန်သွားစဉ် အခါတုန်းက တခြားမဟုတ်ပါဘူး။ မင်္ဂလာဒုံက စစ်ဗိုလ်ဦးသော်က အကြောင်းပြုပြီးတော့ “သင်တန်း နာယူလိုပါတယ်၊ သင်တန်းလာပေးပါဆို” လို့ ခမျာ သွားပေး ရှာတယ်။ အဲဒါ ဝါကျွတ်လို့ ဒီက လက်ရင်းမ လွှတ်မယ်လို့ ခေါ်လိုက်တော့ ဟိုမှာ ရုတ်တရက်အားဖြင့် ဆုံးရှာလို့၊ အဲဒါ လက်ရင်းမအတွက်လည်း ဒီလိုပဲ လုံးလုံးကြီး လက်လွှတ်ပြီးတော့ ငုတ်တုတ်ထိုင် ကြည့်နေရတာ ဘယ့်နှယ့်မှ မတတ်နိုင်ဘူး၊ လွှတ်စရာလည်း လူမရှိ။ အဲဒါ မြစ်ခြေကလည်း တပူပူ တကပ်ကပ်နဲ့ တောင်းနေတာ တော်တော်ကြာပြီ။ ဒါလည်း ဘယ့်နှယ့်မှ မတတ်နိုင်ဘူး။ ကိုယ့်ကိုယ် လည်းပဲ နှစ်ကိုယ်ခွဲလို့က မရ၊ ဒီလိုဖြစ်၊ ဒီတော့ ဒီသင်တန်းစဉ် နိဿယျည်းအနေအားဖြင့် သင်တန်း ခွဲတွေ ပြန့်ပွား ပြန့်ပွားလာတာဟာ ပြင်ပက မျက်စိနဲ့ ကြည့်မယ်ဆိုလို့ရှိရင် နိုင်ငံရေး ပါတီရေးလိုပဲ အသင်းအဖွဲ့ ဖွဲ့တဲ့အနေအားဖြင့် စည်းရုံးတယ်လို့ ဒီလို ထင်ချင်လည်းထင်မှာ၊ မဟုတ်ပါဘူး၊ ဒီလို သဘောနည်းနည်းလေးမှ မပါပါဘူး။ အခုပြနေတဲ့ အသီးသီးပြနေတဲ့ ပုဂ္ဂိုလ်များရဲ့ စိတ်ထဲမှာ ဒါမျိုးမပါဘူး။ တို့များကိုယ်တိုင် ဒီစိတ်မျိုးမရှိဘဲကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ ဒီလို စည်းလေးကမ်းလေးနဲ့ ဒီသင်တန်းမူအတိုင်းချ၊ နေရာတကာ အပြခိုင်းနေလဲ မေးတော့ ဒီသင်တန်းမှာ လက်တွေ့အားဖြင့် ဒီမူအတိုင်းချပြလို့ ပရိသတ်များပုံနဲ့၊ ပရိသတ်ထိန်းသိမ်းပုံနဲ့၊ ပရိသတ်ငြိမ်သက်ပုံနဲ့၊ ပရိသတ် စွဲမြဲပုံနဲ့၊ ပရိသတ်ကြိုက်ပုံနဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကြိုက်ရုံတင်လား ဒါတင်လား မဟုတ်သေးဘူး၊ လိုက်တဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့ တကယ့် တရားထူး တရားမြတ်ရဲ့ အရသာခံစား, စံစားရလို့ ဝမ်းပမ်းတသာဖြစ်ပြီးတော့ တကယ့်ကို ရာဇဝင် အားဖြင့် သောင်းကျန်းနေတဲ့ မောင်သောင်းကျန်းတို့လည်းပဲ တကယ့်ပညာရှိသူတော်ကောင်း တစ်ယောက် ဖြစ်လာတာတွေ မထင်ရှားဖူးလားဟ (ထင်ရှားပါတယ်ဆရာ)၊ အဲဒီလိုလက်တွေ့အားဖြင့် အရများ လွန်လွန်းလို့ ဒီလမ်းစဉ်အားဖြင့် လူပြိန်းများအဖို့မှာ အတွင်ကျယ်ဆုံးသော လမ်းစဉ်ပဲ၊ ခရီးရောက် ဆုံးသော လမ်းစဉ်ပဲလို့ မိမိစိတ်ထဲမှာ ဒီလိုပဲ မှတ်တယ်။

ဘာပြုလို့ ကိုယ်တိုင်ကလည်း ပြလာတာ နှစ်တွေကလည်း ကြာလာတာ၊ လက်တွေ့အားဖြင့် အကျိုးများတာလဲ တွေ့ရတယ်။ လူပြိန်းများအဖို့မှာဖြင့် ခရီးအတွင်ဆုံး, အကျိုးများဆုံး လမ်းစဉ် တစ်ခုပဲလို့ စိတ်ထဲ မှတ်သားမိတာနဲ့ ဒီလမ်းစဉ်အတိုင်း ဘယ်ကိုပဲ သွားပြပြ ဒီသင်တန်းကို လည်လည် ပတ်ပတ် ရှင်းပြီးသား၊ ဒီသင်တန်းမှာ သင်တန်းရဲ့အစဉ်အားဖြင့် ပြတ်သားနားလည်ပြီးသား၊ သူကိုယ်တိုင်က ဒီသင်တန်းစဉ်ရဲ့တရားကို ပိုင်ပိုင်နိုင်နိုင် ရရှိပြီးသားဆိုတဲ့ ပုဂ္ဂိုလ်မျိုးပဲ ရွေ့ရွေ့,

http://www.dhammadownload.com



ရွှေ့ရွှေ့ပြီးတော့ ပို့နေလို့။ ဒါကြောင့် ကောင်းတဲ့နေရာတိုင်း လူခွဲကလည်း မပို့နိုင်ဘူး။ နို့ ပြတ်သားတဲ့ ပုဂ္ဂိုလ်တွေ မများဘူးလားဆိုတော့ ဆယ်နှစ်လောက် ရှိပြီပေါ့၊ ပြလာတာ၊ ပြတ်သားတဲ့ပုဂ္ဂိုလ်တွေ များပါတယ်။ ဒါပေမယ့် သွားစမ်းပါဆိုတော့ ကိုယ်ရေးကိုယ်တာနဲ့ အိမ်က ညည့်နေ ညည့်အိပ်မှာ မခွဲနိုင်တဲ့ လူကလည်းများ နော် (မှန်ပါတယ်ဆရာ)၊ ဒါ အပြစ်ဆိုစရာလည်း မရှိဘူးပေါ့လေ။ ဒါလည်း ကြည့်ရဦးမယ်။

ဒါကြောင့် သင်တန်းခွဲတစ်ခု ဖွင့်လိုက်တယ်ဆိုလို့ရှိရင် လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ပြတဲ့ ပုဂ္ဂိုလ်ကလည်း တာဝန်ယူလို့ ဘယ့်သူကိုမှ ငဲ့ကွက်မှု မရှိဘဲနဲ့ လူအများကို ဒီတရားထူးကြီး မြင်ပါစေ, ရပါစေလို့ စေတနာကောင်း, စိတ်ကောင်းကို အဓိကထားပြီးတော့ စင်ကြယ်တဲ့ သဒ္ဓါတရားနဲ့၊ လာဘ်ကို မျှော်ခြင်း၊ ပူဇော်သက္ကာရကို ငဲ့ကွက်ခြင်းဆိုတဲ့ လာဘသက္ကာရ လုံးဝမရှိသောအနေနဲ့ ဒါစင်ကြယ်တဲ့ သဒ္ဓါတရား ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီအနေမျိုးနဲ့ ပြနိုင်ကြပါစေလို့ ဆုလည်း တောင်းပါ တယ်၊ ပြတဲ့ပုဂ္ဂိုလ်လည်း များပါတယ်။ အဲဒီလို ပြသွားမှလည်းပဲ မြတ်စွာဘုရားကိုယ်တော်မြတ် သာသနာတော်ကြီးမှာ တစ်ဘက်တစ်လမ်းကနေပြီးတော့ စင်ကြယ်သန့်ရှင်းသော အနေအားဖြင့် ဝင်ပြီး ထမ်းရွက်တယ်, ကူညီတယ် ဆိုတော့ ထိုပုဂ္ဂိုလ်လည်းပဲ အနေဖြောင့် အသေဖြောင့်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အနေလည်းတတ်, အသေလည်းမြတ်။ ဒါမှ ဒီလိုမှမဟုတ်လို့ အုတ်ရော ယောင် ယောင်နဲ့ ရှုပ်ထွေးထွေး ပွေပွေလီလီ လုပ်လာဆိုမှဖြင့် အနေလည်း မကောင်းဘူး၊ အသေလည်း မကောင်းဘူးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါ ဝမ်းသာစရာ စကားပေါ့လေ၊ တစ်စ တစ်စ တိုးတက် လာမှုလေးတွေ ပြတယ်။

ဒါကြောင့် အခုပြောသွားတဲ့ သင်တန်း၊ သင်တန်းတက်နေတဲ့ လူတိုင်း တရားအရ ဆွေမျိုး စပ်ပေးတော့ ငါမှတ်မိသမျှ ပြောရမှာဖြင့် ပခုက္ကူက သင်တန်းဆင်းက အဓိပ္ပါယ်အားဖြင့် ရန်ကုန် ရောက်သွားတယ် ဆိုရင် ရန်ကုန်သင်တန်းဆင်းနဲ့တွေ့၊ အဲဒါဆွေမျိုးက တော်ပြီသားဖြစ်နေလို့ ညီကို ရင်းနှယ် ခင်ကြ နော် (မှန်ပါတယ်ဆရာ)၊ ခင်ကြတယ်၊ ခင်ကြတယ်။ ဒီလိုပဲ မြိုင်သင်တန်း ပြနေတဲ့ မြိုင်သင်တန်းသားနဲ့ ပခုက္ကူသင်တန်းသားနဲ့တွေ့၊ ရှေ့တုန်းက မသိဘူးတဲ့၊ တစ်ယောက်နဲ့ တစ်ယောက် အထူးခင်မင်ကြတယ်။ ဘယ်သင်တန်းသားနဲ့ တွေ့တွေ့၊ ဘယ်သင်တန်းခွဲကပါပဲ ဆိုလိုက် ရင် တို့သင်တန်းသားများ ရင်းရင်းနှီးနှီးနဲ့၊ ခင်ခင်မင်မင်နဲ့ ကြင်ကြင်နာနာ ရှိကြတယ်တဲ့။ တရားက ဆွေမျိုးစပ်ပေးလို့ "ဓမ္မသဟာယက" ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ "တရားမိတ်ဆွေတွေ"တဲ့။ အင်မတန်တန်ဖိုးရှိတယ်။

http://www.dhammadownload.com



ဒါကြောင့် အဖျားရှူး မသွားဘဲနဲ့ အဖျားရောက်လာလေ ပိုပြီးတော့ စွဲစွဲမက်မက် ရှိလာလေ ဆိုတဲ့ အနေမျိုးလည်း ရောက်အောင် အခုပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးမှာ ထောင့်လေးထောင့် ကနေပြီးတော့ ကြည့်ပုံ၊ မျက်နှာလေးဘက်ကနေပြီး ကြည့်ပုံ၊ ဒီနည်းနဲ့ ကြည့်လို့ ဒီလို မြင်ရတယ်၊ ဒီနည်းနဲ့ ကြည့်တော့ ဒီလို မြင်ရတယ်လို့ အသိဉာဏ်လေးတွေ ပေါ်ပေါ်လာအောင်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တို့ အဘဘုရားကိုယ်တော်မြတ် ဟောသွားတဲ့ ဒေသနာတော်များ သတ္တဝါများအတွက် လိုတယ်လို့ မရှိပါဘူး၊ ပိုပါတယ် နော် (မှန်ပါတယ်ဆရာ)၊ သတ္တဝါများသာ မလေးမစားလို့ အမှုမဲ့ အမှတ်မဲ့ နေကြလို့ နားမလည်ကြတာ၊ အဲဒါ သဗ္ဗညုတရွှေဉာဏ်ရှင်က ရာဟုလာသား ရင်ဝယ်သားကဲ့သို့ သတ္တဝါများပေါ်မှာ သနားတော်မူတယ် ဆိုတာ အင်မတန့်ကို တိကျမှန်ကန်၊ တို့တော့ ယုံပြီးရင်း ယုံရင်း၊ ယုံပြီးရင်း ယုံရင်း၊ ကိုယ်တော်မြတ်သည် သတ္တဝါများအပေါ် ရင်ဝယ်သားကဲ့သို့ သနားတော်မူတယ် ဆိုတဲ့ မဟာသဒ္ဒါ တပ်ထားသော ကရုဏာဓာတ်ကြီး ပြဋ္ဌာန်း တယ်ဆိုတာ တယ်မှန်မှုပဲ။ ကြည့်ရင်း, ကြည့်ရင်း, တွေးရင်း, တွေးရင်း ပိုပို, ပိုပိုပြီးတော့ ယုံသထက် ယုံထဲက မှန်ပေတယ်, မှန်ပေတယ်နဲ့၊ ဒီနည်းနဲ့ မသိရင် ဒီနည်းနဲ့ သိပါစေ နော် (မှန်ပါတယ်ဆရာ)၊ ဒီနည်းနဲ့ မပြတ်သားသေးရင် ဒီနည်းနဲ့ ပြတ်သားပါစေ။ ဒီနည်းနဲ့ မချိတ်မိလိုက်ရင် ဒီနည်းနဲ့ ချိတ်မိ ပါစေလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ်ကနေ စပြီးပြတာ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ရှင်းပြီး သား လင်းပြီးသားတွေပဲ၊ ရုပ်နာမ်နှစ်ပါးပဲ စခန်းသွားနေတာပဲ။ သံသရာကြီးလည်း ငါလည်း၊ သူလည်း၊ ပုဂ္ဂိုလ်လည်း၊ သတ္တဝါလည်း မဟုတ်ဘူး၊ ယောက်ျား, မိန်းမ, နတ်ပြဟ္မာတွေ၊ ခွေးတွေ, ဝက်တွေ, လည်တာ မဟုတ်ပါဘူး၊ ရုပ်နာမ်ဓမ္မ ခန္ဓာငါးပါးပဲ လှည့်နေတာပဲ၊ အကြောင်းကြောင့် အကျိုး၊ အကြောင်း ကြောင့် အကျိုး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို သိထားတဲ့ အသိကိုက တန်ဖိုးက မဖြတ်နိုင်အူး၊ အင်မတန်မြတ်၊ အဲဒီလို မြတ်တာထက်ကို ပိုပြီးတော့ ဟိုပိုင်း ဟိုပိုင်းက မပြတ်သားသေး လို့ရှိရင် ဒီပိုင်းကျရင် ပိုပြီး ပြတ်သားပါစေလို့။ ဟော - နည်းလေးပါးနဲ့ချ ပြလို့၊ တစ်နည်း မရရင် တစ်နည်းရမယ်။ ဧကတ္တနည်း၊ နာနတ္တနည်း, အဗျာပါရနည်း, ဧဝံဓမ္မတာနည်း နော် (မှန်ပါတယ် ဆရာ)၊ အဲဒါကြောင့် သမာဓိကောင်းကောင်းထားပြီးတော့ နည်းလေးပါးစလုံးပဲရရ၊ နောက်ဆုံးအားဖြင့် မမှတ်တတ်လို့ တစ်ပါးတည်းပဲရရ တန်ဖိုးက အင်မတန် များပါတယ်တဲ့၊ မများဘူးလားဟ (များပါတယ် ဆရာ)၊ နည်းတစ်ခုရရင် အပါယ်တံခါးပိတ်မယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့်၊ အဲဒါ

http://www.dhammadownload.com


ကြည့်နော်။ အပါယ်တံခါး ပိတ်ပုံပိတ်နည်းလေး ပြောခဲ့ပေါ့။ အပါယ်တံခါး ပိတ်ပေးတယ်ဆိုတဲ့ လုပ်ငန်းများ လွယ်တယ် မထင်ကြနဲ့။ ပိတ်ကြည့်ကြ, ပိတ်ကြည့်ကြ။

တို့လုပ်လာတဲ့ ကုသိုလ်အစုစုတွေ ဝဋ္ဋုပစ္စည်းအနေအားဖြင့် ထင်ရှားရှိမယ်ဆိုတဲ့ ကုသိုလ် အစုစုတွေ စုလိုက် ပုံလိုက်ခဲ့သော် တောင်ပုံ ရာပုံမျှမက များလှတယ်၊ မများဖူးလား (များပါတယ်ဆရာ)၊ ဒါနခန်းက တတ်စွမ်းသမျှ၊ သီလခန်းက တတ်စွမ်းသမျှ၊ သမထခန်းက တတ်စွမ်းသမျှ မပြုခဲ့ဖူးလား (ပြုခဲ့ပါတယ်ဆရာ)၊ ကုသိုလ်တွေ မရေမတွက်နိုင်ဘူး နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ကုသိုလ် တွေဟာ ဝဋ္ဋုပစ္စည်းအနေအားဖြင့် စုလိုက်ပုံလိုက်မယ် ဆိုရင် တောင်ပုံ ရာပုံ ကပ့်မလားဟ (မကပါဘူး ဆရာ)၊ မကဘူး၊ ဘယ်လောက်များရဲ ကိုင်း - အပါယ်တံခါးပိတ်ပြစမ်း - မုချနည်း, မုချနည်း နော် (မှန်ပါတယ်ဆရာ)၊ မုချဆတ်ဆတ်အနေအားဖြင့် ဒီကုသိုလ်ကယ်လို့ ငါတော့ အပါယ်တံခါးပိတ်ပေါ့ လို့ တထစ်ချ ပြောနိုင်ရဲ့လား (မပြောနိုင်ပါဘူးဆရာ)၊ ပြောနိုင်ရင် သောတာပန် ဖြစ်သွားမှာပေါ့။ ဝိနိပါတဘေးက လွတ်သွားမှာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ကြည့်လိုက်တော့ ပုထုဇဉ်, ပုထုဇဉ်ပဲ။ ကုသိုလ်တွေ တောင်ပုံလို့ ပုံနေတယ်။ ပုထုဇဉ်တွေ ဂတိမြဲပ့်မလား (မမြဲပါဘူးဆရာ)၊ မမြဲရင် ဝိနိပါတဘေးက မလွတ်ဘူးပေါ့ (မလွတ်ပါဘူးဆရာ)၊ ဒါ အပါယ်တံခါး ပွင့်လျက်သားပဲ ဒီလို မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)၊

ဟော - အခု တရားတော်ကျတော့ ဒိဋ္ဌိတစ်လုံးပြုတ်သွားရင်, ချုပ်သွားရင် အပါယ်တံခါး လုံးလုံးပိတ်တယ်လို့ ဆိုတော့ ကုသိုလ်ချင်း ကွာချင်းတိုင်း ကွာမနေဘူးလား (ကွာပါတယ်ဆရာ)၊ ဒါကြောင့် ဒီဝိပဿနာကုသိုလ်ဟာ တန်း အင်မတန်မြင့်ပါတယ်လို့ မင်္ဂအောက် သူပဲ ရှိတယ် နော် (မှန်ပါတယ်ဆရာ)၊ မင်္ဂအောက် သူပဲ ရှိတယ်။ သူ့အထက်လဲ မင်္ဂပဲ ရှိတယ်။ အင်မတန်တန်ဖိုးရှိတယ်။ ဒါကြောင့် သမာဓိကောင်းကောင်းထားပြီးတော့ တွက်မှတ်လေး ချ, ချပြီးတော့ ယှဉ်ကြစမ်းပါလို့ မဟုတ် ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိကိလေသာကြီး တစ်လုံးစင်သွားလို့ရှိရင်, ကိုယ်မှာ ညစ်နွမ်းနေသော ကိလေသာအကြေးတစ်လုံး စင်သွားရင် စင်ကြယ်မသွားဘူးလားကွ (စင်ကြယ်သွားပါတယ်ဆရာ)၊ နဂိုက ညှွန်တွေ အလိမ်းလိမ်းကပ်နေတယ်၊ ရွှံ့ညွှန်လေးတွေ အလိမ်းလိမ်းကပ်နေတယ်၊ ညစ်ပတ် ပေနေတယ်၊ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတယ်၊ ရေလေးနဲ့ ဆေးကြည့်လိုက်။ တစ်ထပ်လောက် ဆေး လိုက်ရင် နဂိုမဆေးတာနဲ့စာရင် ရုပ်ကလေး ပိုပြီးတော့ သပ်ရပ်မလာဘူးလား (သပ်ရပ်ပါတယ်ဆရာ)၊ နှစ်ထပ်လောက် ဆေးလိုက်တော့ (ပိုချောလာပါတယ်ဆရာ)၊ အေး - ပိုချော။ မင်းက ချောချင် တာကို၊ သုံးထပ်လောက် ဆေးတော့ (လှလာပါတယ်ဆရာ)၊ ဩော် - လှလာတယ်၊ ချောပြီး လှလာ

http://www.dhammadownload.com



တယ်၊ လေးထပ်လောက် ဆေးလိုက်တော့ (ပြောစရာမရှိပါဘူးဆရာ)၊ ဩော် - ပြောစရာ မလိုဘူး။ မပြောနဲ့တော့လေ။

## မင်္ဂဖြင့် ကိလေသာတွေ ဆေးကြောပုံ သိကောင်းစရာ

ဒီလိုပဲကွ - တို့ပုထုဇဉ်များလည်းပဲ ကိလေသာတွေ အညစ်အကြေးတွေရှိတယ် မဟုတ်လား (ရှိပါတယ်ဆရာ)၊ ပထမမင်္ဂနဲ့ ဆေးလိုက် တော်တော့်လေး သပ်သပ်ရပ်ရပ် ဖြစ်လာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒုတိယမင်္ဂနဲ့ ဆေးလိုက် ကိလေသာတွေ တစ်ရစ်စီ တစ်ရစ်စီ ကုန်မသွားဘူးလား (ကုန်သွားပါတယ်ဆရာ)၊ အဲ - ဒုတိယမင်္ဂနဲ့ ဆေးလိုက် ဟာ - တော်တော့်ကို သပ်သပ်ရပ်ရပ် လှလှပပလေး ဖြစ်လာပြီ။ တတိယမင်္ဂနဲ့ ဆေးလိုက် အမလေး တော်တော့်ကို ချောလာလို့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ စတုတ္ထမင်္ဂနဲ့ ဆေးလိုက် မင်းပြောသလို ပြောစရာ မရှိတော့ဘူး၊ ဒီလိုမဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)၊ အေး,အေး အဲဒါ ကိလေသာအညစ်အကြေးနဲ့ ညွှန်အညစ်အကြေးတွေ ပေကျံတာ မတူဘူးလား (တူပါတယ်ဆရာ)၊ ကိလေသာ တစ်ထောင့်ငါးရာလို့ ပုထုဇဉ်ရဲ့သန္တာန် ဒီအတိုင်းနေတာ အမှန်က၊ ဒါကြောင့် ဒီအထဲက ကိလေသာ တစ်ထောင့်ငါးရာ၊ အကျဉ်းအားဖြင့် ဆယ်ပါးဆိုတဲ့ ကိလေသာတွေထဲက တစ်လုံးချုပ်သွားရင်, တစ်လုံးလျော့သွားရင် လျော့မှန်းသိသိ၊ ပိုပြီးတော့ လှလာတယ် နော် (မှန်ပါတယ်ဆရာ)၊ နှစ်လုံးချုပ်ရင် နှစ်လုံးချုပ်မှန်းသိသိ၊ သုံးလုံချုပ်ရင် သုံးလုံးချုပ်မှန်းသိ၊ ကွင်းလုံးကျွတ် ချုပ်သွားတယ်ဆိုရင် ပြောစရာမရှိဘူး ဒီထိအောင် လှတယ် နော် (မှန်ပါတယ်ဆရာ)၊ သက်သေလေးလည်း မှတ်ထား -

တောကျောင်းမှာနေတဲ့ သံဃာတော် ကိုယ်တော်လေးတစ်ပါးက တော်တော် ဆင်းရဲနွမ်းပါးတဲ့ သားအမိ နှစ်ယောက်အိမ်မှာ ဆွမ်းခံရှာတယ်။ သားအမိ နှစ်ယောက်ကလည်း ဆွမ်းဝတ်တည်တယ်။ သမီးလေးကလဲ အပျိုရွယ်ကလေး ရဟန်တော်လေးနဲ့ဆို မတိမ်းမယိမ်းလောက်ရှိ၊ ဒါပေမယ့် အင်မတန် ခင်မင်ကြတဲ့ ဘဝရေစက်က ပါလာတော့ မောင်လို, နှမလိုပဲလို့ ကိုယ်တော်လေးကလည်းပဲ ဒီသူငယ်မလေး နှမလို၊ သူငယ်မလေးကလည်း ကိုယ်တော်လေး မောင်လို နော် (မှန်ပါတယ်ဆရာ)၊ တို့မောင်အရင်း ပဉ္စင်းတစ်ပါး ရှိတယ်ဟဲ့ ဒီလိုအောက်မေ့။ အမေကြီးကလဲ သားအမှတ် နိစ္စဗဒ္ဓအားဖြင့် ဆွမ်းဝတ်ပြုစု၊ ဆွမ်းဝတ်ပြုစုပြီးနေတော့ တစ်နေ့ကျတော့ ကိုယ်တော်လေးက ဆွမ်းခံလာ အိမ်နားရောက်ခါနီးလောက်ကလေး သူတို့သားအမိနှစ်ယောက် စကားပြောတာ ကြားလောက်တဲ့ နေရာလေးကျတော့ သားအမိနှစ်ယောက် စကားပြောတယ်။ အမေကြီးက တောကို အရှာအဖွေ

http://www.dhammadownload.com



ထွက်မလို့၊ တောအလုပ်လုပ်ထွက်မလို့ သမီးမှာနေတယ်၊ သမီးရေ အမေသွားအုံးမယ်ဟေ့၊ ဟော- ငါမှာခဲ့မယ် - တို့ ဟိုထဲမှာ ထောပတ်ရှိတယ်ဟဲ့၊ ပြီးတော့ တင်လဲရှိတယ်ဟဲ့၊ သကာရှိတယ်ဟဲ့။ အဲဒါ ငါ့သားဦးဇင်းများ ကြွလာလို့ရှိရင်၊ ညီးမောင်များ ကြွလာလို့ရှိရင်ဟေ့ ငါမရှိသော်လည်းပဲ ငါရှိသလိုပေါ့ ရိုသေကျနု လုပ်ပါဟေ့။ ဟော - ဆွမ်းဟင်းလျာထည့်လိုက်၊ အဲဒီ ထောပတ်ရယ်, တင်လဲရယ်, သကာရယ် အဲဒါထည့်, အဲဒါထည့်။ ထောပတ်ကလေးနဲ့ ဟင်းသီးဟင်းရွက်ကလေးကြော် သန့်သန့်ပြန့်ပြန့်လုပ်၊ အဲဒါကြော်ပြီးထည့်၊ တင်လဲလည်း ရှိတယ်၊ သကာလည်း ရှိတယ်၊ အဲဒါတွေ လည်းထည့်။ အမေ အဲဒါ အကုန်ထည့်လိုက်ရမလား၊ ထောပတ်နဲ့ကြော်တဲ့ ဟင်းသီးဟင်းရွက်။ အေး- အကုန်ထည့်လိုက်ပါဟေ့။ ဒါဖြင့်ရင် ညည်းစားချင်လည်း နည်းနည်းပါးပါး ချန်ထားတာပေါ့၊ လောက် အောင် ကြည့်ထည့်ပါဟေ့၊ ကိုယ်တော်လေးက နားထောင်၊ သားအမိနှစ်ယောက် တိုင်ပင်စကား ပြောတော့ နားထောင်။

ဒါဖြင့် ကျွန်မက အကုန်ထည့်လိုက်တော့ကား အမေ ဘာစားပါ့မလဲ။ အေး - ငါ့အဖို့တော့ ဟို - တို့ ပအုံးရည်လေးကျိုထားတာရှိပါ့ပဲ၊ ဟင်းရွက်တွေနဲ့ ရောပြီးတော့ ပြုတ်ဆန်ယာဂု နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ အမေ့ကို ထားလိုက်။ အမေကြီးက မှာရှာတယ် နော် (မှန်ပါတယ်ဆရာ)၊ ဆင်းရဲရှာ သကိုးကွ ဆင်းရဲရှာတယ်။ ဒီထိအောင် ဆင်းရဲလို့ ပြုတ်ယာဂုဆိုတဲ့ ဟင်းရွက်နန်းချင်းနဲ့ ဆန်ကွဲဆန်ညာနဲ့ ကျိုထားတဲ့ဘဝ ရောက်တာတောင် ဒီသားဦးပဥ္စင်းလေးအပေါ်ကို ပြုစုပုံ သဒ္ဓါ တရားက ဆီဦးထောပတ်နဲ့ ပြုစုကျွေးမွေးတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဦးဇင်းလေးက ကြား တော့ ဩော် - ဖြစ်မှုဖြစ်ရလေ။ ငါ့တော့ ဆီဦးထောပတ်နဲ့ တကူးတက မရရအောင် ရှာဖွေပြီးတော့ ပြုစုတယ်တဲ့၊ သူတို့သားအမိကျတော့ ဟင်းရွက်နန်းချင်းနဲ့ ဆန်ကွဲ ဆန်ညာနဲ့ ကျိုတဲ့ပြုတ်ဆန်ယာဂု စား။ ငါ့နားဆတ်ဆတ်ကြားရတယ်တဲ့။

ငါစောစောတုန်းကတော့ အမှုမဲ့ အမှတ်မဲ့ ငါဒီလိုပဲ ဆွမ်းရပ်ရမ်နေတာ၊ အခုတော့ သူတို့ လုပ်ပုံက ဒီလိုကို။ သို့ကလောက်တောင် ငါ့အပေါ်မှာ စင်ကြယ်တဲ့ သဒ္ဓါတရား, အားရှိတဲ့ သဒ္ဓါ တရားတွေ ထားပြီးတော့ သူတို့အတွက် သူတို့ ဒီထိအောင် ခြိုးခြံရင် ဒီဆွမ်းကို သာမညနဲ့ ငါစားလို့ တော်ပါ့မလားလို့ နော် (မှန်ပါတယ်ဆရာ)၊ မဖြစ်ဘူးတဲ့ ဒီဆွမ်း၊ အခုလို သာမည သူလိုငါလို ပုထုဇဉ် သဘာဝနဲ့ စားလို့ မတော်ပေဘူး။ သဒ္ဓါတရားရဲ့အကြောင်း သိသွားတော့ နော် (မှန်ပါတယ်ဆရာ)၊ ကျေးဇူး, ကျေးဇူး၊ ကျေးဇူးမြင်တယ်၊ ဒီအထိအောင် ငါ့အပေါ် ကြည်ညိုသကိုးလို့၊ ဒီအတိုင်းချည်း ငါစားလို့ မတော်ပေဘူးဆိုပြီး ကျောင်းပြန်။ အမေကြီးကလည်း ထွက်သွားတော့၊ ခံတောင်းတစ်လုံး

http://www.dhammadownload.com



ခေါင်းပေါ်တင်ပြီးတော့၊ ကိုယ်တော်လေးကလည်း ကျောင်းပြန်၊ တရားထူးရမှ ငါ ဒီဆွမ်းစားမယ်တဲ့။ ငါပြန်ပြီးတော့ "ကတညုတ ကတဝေဒီ" အနေအားဖြင့် ချီးမြှောက်ထိုက်တယ်၊ အမှုမဲ့ အမှတ်မဲ့ စားလို့ မဖြစ်ဘူးတဲ့။ ဒီအထိအောင် ကျေးဇူးများတဲ့ သားအမိနှစ်ယောက် ချီးမြှောက်တဲ့အနေအားဖြင့် ငါတရားထူးရမှ ဒီဆွမ်းစားမယ်ဆို ကျောင်းပြန်။ ကျောင်းပြန်, သပိတ်ကလေးချ၊ သပိတ်ကလေး ချပြီးတော့ အခန်းထဲ တံခါးပါပိတ်၊ စိတ်ငြိမ်တဲ့နေရာလေး ယူပြီးတော့ တရားအားထုတ်၊ တစ်မုဟုတ်ချင်းပဲ အာသဝေါတရားကုန်ခန်းလို့ ရဟန္တာအဖြစ် ရောက်တယ်။ မီးခဲပြာဖုံးနေသလို နော် (မှန်ပါတယ်ဆရာ)၊ ရဟန္တာအဖြစ် ရောက်တယ်။ အဲဒါ သံဃာတော်များ ပြုစုတဲ့ နေရာမှာလည်းပဲ သဒ္ဓါတရားထားပုံလေးတွေလည်း မှတ်ကြနော်။ မြတ်တာလုပ်မှ မြတ်ကြတယ်။ မမြတ်တာလုပ်ရင် မမြတ်ကို မမြတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ကောင်းတာလုပ်မှ ကောင်းကြတယ်၊ စေတနာ ကလီကမာ လုပ်လို့ ရပ့ါမလားဟ (မရနိုင်ပါဘူးဆရာ)၊ ဟင် ဟင် - စေတနာ လူမှ မသိဘဲလေး ဆိုပြီး လုပ်လို့ရပ့ါမလား (မရပါဘူးဆရာ)။ လိမ်လို့ မရဘူး နော် ( မှန်ပါတယ်ဆရာ)၊ လူသာ မသိတာ ကိုယ်တော့ သိတာ မဟုတ်လား (သိပါတယ်ဆရာ)၊ အေး - ကိုယ်သိတာ ပိုဆိုး။

ဒီတော့ ဟိုက လေးမင်လေးဖိုလ်ရပြီးတော့ အာသဝေါတရားကုန်ခန်းလို့ ရုတ်တရက်အားဖြင့် ရဟန္တာဖြစ်။ ရဟန္တာဖြစ်မှ သပိတ်ပိုက်ပြီးတော့ ကြွလာ၊ အချိန်က စောသေး နေမှီသေးတယ် နော် (မှန်ပါတယ်ဆရာ)၊ ဆွမ်းကလည်း ဒီပဲ အားထားနေရ၊ ဒီပဲ လာရ။ ငါတော့ နေရာကျပြီတဲ့၊ ငါ့အလွန် အလွန် ကြည်ညိုလေးစားတဲ့ သားအမိနှစ်ယောက်တော့ ငါချီးမြှောက်ထိုက်ပြီတဲ့။ ငါ့တရားထူး ရပေ့ါ၊ ကိုယ်တော်လေးလည်း ဝမ်းပန်းတသာ ကြွလာ။ ဒီကျတော့ သမီးကလည်း ငါ့မောင် ဦးဇင်း ကြွလာ၊ ဒီတစ်ခါ နေမြင့်လိုက်တာ၊ နေရာထိုင်ခင်းပါခင်းပြု ပြုပြင်ပေး၊ သပိတ်ပါချ၊ သပိတ်ကလေး ယူ၊ ယူပြီးတော့ အမေမှာခဲ့တဲ့အတိုင်း ဆီနဲ့ထောပတ်နဲ့ ကြော်ချက်ထားတဲ့ ဟင်းကောင်း ကျွေးကောင်း လေးတွေ သပိတ်ထဲထည့်၊ ဒီထဲမှာ တင်လဲတို့၊ သကာတို့ ထည့်၊ ထည့်ပြီးတော့ သပိတ်ပါကပ်၊ သပိတ်ပါကပ်တော့ မျက်နှာမြင်လိုက်တော့ ကလေးမလေးစိတ်ထဲ ဘယ့်နဲ့အောက်မေ့၊ အောင်မယ် ငါ့မောင်ဦးပဇင်း ခါတိုင်းနဲ့ မတူဘူး၊ ငါပဲ အရင်တုန်းက သေချာမကြည့်မိလို့လား မပြောတတ်ဘူး။ လှလိုက်တာ ဘယ်လိုမှန်း မသိဘူး နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ သပိတ်ပါကပ်ပြီးတော့ ကိုယ်တော်လေးလည်း ကျောင်းပြန်သွား, ကျောင်းပြန်ကြွ၊ သူ့စိတ်ထဲ တနုံနုံ့နဲ့ ငါ့မောင်ဦးဇင်း ငါ ဒီတစ်ခါမှ သေသေချာချာကြည့်လို့လား၊ နောက်နောင်နားက အမှုမဲ့ အမှတ်မဲ့ နေလို့လား လှလိုက်တာ နော်။ တော်တော့်ကိုလှတယ်၊ တော်တော့်ကို လှပါတယ်။ လှတာ တွေး။

http://www.dhammadownload.com


အမေကြီးက ညနေစောင်းတော့ ပြန်လာ၊ အမေ၊ ဘာတုံးဟ သမီး၊ အမေ့သားဦးပဇင်းလေး၊ အေး - ပြောစမ်းဟ - ဘာပြုလို့တုံး၊ ပျာပျာသလဲဟေ့ ပြောစမ်းပါ။ မဟုတ်ပါဖူး ကောင်းတာ ပြောမှာပါနော်၊ ဩော် - တော်သေးရဲ့၊ တော်သေးရဲ့။ ငါဘာများ ပြောမလို့တုံးလို့၊ အမေ့သားဦးပဇင်း ဒီနေ့ ဆွမ်းခံ ကြွလာ၊ ကျွန်မ အမေမှာတဲ့အတိုင်းပဲ ထောပတ်နဲ့ဆီနဲ့ ကြော်လှော်ထားတဲ့ ကောင်းနိုးရာရာ ကျွန်မထည့်၊ တင်လဲတို့၊ သကာတို့လဲ ထည့်။ ကျွန်မ အဲဒါနဲ့ သပိတ်ကပ်တော့လေ မျက်နှာ သေသေချာချာ ကြည့်၊ အောင်မယ် - အမေ့သား တော်တော့်ကို ချောပါတယ်၊ တော်တော့်လှပါတယ်၊ အောင်မယ် ငါ့အထူးအဆန်းလား အောက်မေ့တယ်။ အဲဒါ ဖြိုးဖြန်းတာ အမေကြီးက နော် (မှန်ပါတယ်ဆရာ)၊ ငါ့အထူးအဆန်းလား အောက်မေ့၊ ညည်း နဂိုက သေသေချာချာ မကြည့်လို့ပါ။ ငါ့သား လူချောပါ နဂိုကတည်းက ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အမေကြီးက ထင်တယ်၊ မဟုတ်ဘူး အမေရဲ့၊ ကျွန်မလည်း ခါတိုင်းမြင်နေကျပဲ၊ အမေမြင်သလို ကျွန်မလည်း မြင်ရဲ့၊ ခါတိုင်းနဲ့ မတူဘူးနော် တော်တော့်ကို ချောတယ်။ ညည်းထင်လို့ပါ နဂိုတုန်းက ညည်းက အမှုမဲ့ အမှတ်မဲ့၊ မျက်ခွက် မျက်နှာ သေသေချာချာ ကြည့်ဖော်မရဘူး၊ ငါ့သားပဥ္စင်း နဂိုကတည်းက အင်မတန်လှ၊ အင်မတန်ချော လူချော၊ ဩော် - အမေနယ် အပြောသန်လိုက်တာ လွန်လို့ကို၊ နက်ဖြန်ခါကျ သေသေချာချာကြည့်။ အေး-ညည်းပြောတာ ငါကြည့်လိုက်ပါအုံးမယ်၊ ညည်းနယ်အေ မိမွေးတိုင်း ဖမွေးတိုင်းပဲ ကနေ့မှ ချောတယ် ဆိုတာ ဟုတ်နိုင်ပါ့မလား။ အေးလေ - အမေ သေချာကြည့်ပါ နက်ဖြန်ခါကျတော့၊ ကိုယ်တော်လေး နက်ဖြန်ခါကျ အချိန်တန်တော့ ကြွလာ၊ ရဟန္တာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ တည်ငြိမ်တဲ့ ဣန္ဒြေတော် ဆောင်ပြီးတော့ သပိတ်ကလေးပိုက်ပြီး ကြွလာ၊ နေရာထိုင်ခင်းပေး၊ အမေကြီးက သမီးအပြောများတာနဲ့ လာနေကျလမ်း မျှော်မှန်းပြီး ကြည့်၊ ခပ်ဝေးဝေးထဲက မြင် - အသားအရေက အရောင်ထွက်မတတ် ဝင်းလို့နော် (မှန်ပါတယ်ဆရာ)၊ မျက်နှာကြည့်လိုက်ရ အင်မတန့်ကို ကျက်သရေ မင်္ဂလာရှိ၊ အနားမှ မရောက်သေးဘူး သမီးရေ၊ ဘယ့်နဲ့ အမေ . . ကြွလာပြီလား၊ အေး - ကြွလာပြီ၊ ငါ ခပ်ဝေးဝေးက လှမ်းကြည့်၊ ညည်းပြောသလိုလေ . . တော်တော့်ကို ထူးပါပဲဟေ့ တော်တော်လှပါ့။

ဒါကြောင့် အမေ့ မပြောဘူးလား၊ မနေ့က ကျွန်မပြောတော့၊ အေး - ခါးတိုင်းနဲ့လည်း မတူ၊ ခါတိုင်းလည်းပဲ ငါဒီလိုပဲ ကြည့်မိတယ်လားလို့ အောက်မေ့၊ သေသေချာချာ စေ့စေ့စပ်စပ် ငါလည်း မကြည့်မိလို့ ထင်ပါတယ်၊ နဂိုကတည်းက လူချော လူလှနဲ့ တူပါတယ် အမေ ပြောပြန်ပေ့ါ။ ဒါနဲ့ ကိုယ်တော်လေး အိမ်ရောက်လာ နေရာထိုင်ခင်းပါပေး ထိုင်။ သပိတ်ပါယူ မျက်နှာမျက်ခွက် သေသေ

http://www.dhammadownload.com


ချာချာကြည့်။ ဒီတော့ အမေကြီးက မနေ့ကမှစပြီးတော့ တစ်မျိုးတစ်ဖုံအားဖြင့် ချောလာတဲ့အကြောင်း ကောင်းကောင်းသိတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့်စမ်း - ဘာပြုလို့ ချောသွား။ (ကိလေသာ အညစ်အကြေးတွေ ကုန်လို့ပါဆရာ)၊ အေး - အညစ်အကြေးတွေ စင်ကြယ်သန့်ရှင်း သွားလို့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အညစ်အကြေးတွေ စင်ကြယ်သန့်ရှင်းသွားတော့ လူမက နတ်မမျှ လှမလာဘူးလား (လှလာပါတယ်ဆရာ)၊ လက်ဖျားခါရတဲ့၊ ချီးမွမ်းရတဲ့၊ အံ့သြ ရစာယ် မလှဖူးလား (လှပါတယ်ဆရာ)၊ ကိုင်း - ခုလည်းပဲ လှချင်လို့ရှိရင် အဲဒီ ကိလေသာ အညစ် အကြေးတွေ ကုန်အောင် ကြိုးစားကြ။ ပအို့နီလည်း မဆိုးရဘူး၊ နှုတ်ခမ်းဆေးဆိုးလည်း မဆိုးရဘူး၊ လက်သည်းလည်း မဆိုးရဘူး မကောင်းဖူးလား (ကောင်းပါတယ်ဆရာ)။

## ရေစင်လေးပါးဆိုတာ ဘာလဲ

ကိလေသာတွေ မကုန်နိုင်ပဲ ရဟန္တာဘယ်ဖြစ်နိုင်ပ့ါ၊ ကျုပ်တို့ အချိုးအစားတွေနဲ့ ဘယ်ဖြစ် နိုင်ပ့ါ။ မဖြစ်ရင် တစ်လုံးတစ်လေတော့ ပြုတ်ပါစေ၊ တစ်လုံး ပြုတ်သွားရင် တစ်ချိုးလှလာမယ် မဟုတ် လား (မှန်ပါတယ်ဆရာ)၊ တစ်လုံးတစ်လေ ပြုတ်ပါစေ။ လက်တွေ့နော် သေသေချာချာကြည့်။ ဟာ- ထောင့်ငါးရာ ကိလေသာကုန်ပြီးတော့ ရဟန္တာအဖြစ်တော့ မရောက်နိုင်ပါဘူး၊ မရောက်နိုင်ရှိစေတော့၊ အနည်းဆုံးအားဖြင့် ဒိဋ္ဌိကိလေသာတစ်လုံးပြုတ်အောင် ကြိုးစား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဟော - လက်တွေ့လက်တွေ့၊ တို့ သင်တန်းပြလာတာ ဆယ်နှစ်ထဲ ရောက်လာပြီ၊ များပြီ၊ များပြီ။ အမူမဲ့ အမှတ်မဲ့ နေကြလို့ သေသေချာချာပြန်ကြည့်ကြ။ ဒိဋ္ဌိကိလေသာ ရင်တွင်းက ရှင်းသွားခြင်း ကြောင့် ဒီဒိဋ္ဌိကိလေသာ မရှင်းခင်, မလင်းခင်က, သင်တန်းမတက်ခင်က ရုပ်ရည်ရူပကာယနဲ့ ပြန်ပြီး စာကြည့်လို့ရှိရင် သာချင်တိုင်းသာတယ် နော် (မှန်ပါတယ်ဆရာ)၊ သပ်သပ်ရပ်ရပ်နဲ့ ကျက်သရေ မင်္ဂလာတိုးတက်ပြီးနေတဲ့ မျက်ခွက် မျက်နှာတွေ တော်တော်များတယ်။ မှကြည့်မိကြလို့, သတိမထား လို့၊ ကိုယ့်ကိုယ်လည်း တချို့က ဘာမှန်းမှုသိမှာ မဟုတ်ပါဘူး နော် (မှန်ပါတယ်ဆရာ)၊ အရင် ဒီသင်တန်း မတက်ခင်တုန်းကလည်း ရစရာမရှိဘူး၊ ပုံခိုင်းငါ ခပ်ရိုင်းရိုင်း ကျွန်စုပ်ပစ်တဲ့ သရက်စေ့၊ စုတ်စုတ်ညစ်ညစ် ပေပေတေတေနဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဆင်းရဲတာ, ချမ်းသာတာ အသာထား ပေါ့ကွနော်၊ ဥပမိရုပ်မသန့်ရှင်းဘူး ခေါ်တယ်။ လူခေါ် ချင်စရာတောင် မရှိဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ သင်တန်းလိုက်တော့ ဒီတရားစဉ်တွေ ပြတ်သားနားလည်သွားတော့ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ဆိုတဲ့ သက္ကာယဒိဋ္ဌိကြီးတစ်လုံး ရင်ထဲက ရှင်းသွားရင် ဒိဋ္ဌိကိလေသာ အင်မတန် ကြောက်စရာကောင်း တယ်နော်၊ ကိလေသာ ဒိဋ္ဌိခြောက်ဆယ်နှစ်ပါးမှာ သူအကြီးဆုံး မဟုတ်လား (အကြီးဆုံးပါဆရာ)၊

http://www.dhammadownload.com



အဲဒီဒိဋ္ဌိကိလေသာဆိုတဲ့ အကြီးဆုံးသော ကိလေသာကြီးတစ်လုံး ချုပ်တဲ့၊ ပြုတ်တဲ့ အချိန်နောက်ပိုင်းမှာ မျက်ခွက်မျက်နှာကိုက အရင်နဲ့ မတူဘူး။ ကျက်သရေပိုရှိ နော် (မှန်ပါတယ်ဆရာ)၊ တင့်တယ်လာတယ်၊ ကြည်လင်သန့်ရှင်းလာတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုလူမျိုးတွေ တော်တော်များတယ်။ အဲဒါ မသိကြလို့၊ အမှုမဲ့ အမှတ်မဲ့ နေကြလို့ လက်တွေ့လက်တွေ့၊ အဲဒါ တစ်လုံးချုပ်ရသေးတယ်၊ လုံးလုံးကြီး အကုန်ချုပ်ဆွားမယ်၊ ပြုတ်သွားမယ်၊ အာသဝေါတရားကုန်ခန်းလို့ ရဟန္တာဖြစ်သွားမယ်ဆိုရင် ဆိုဖွယ်စရာ မရှိဘူးမေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ပုထုဇဉ်တွေ့ သန္တာန်ဟာ ဘာနဲ့တူသလဲ၊ ရွှံ့ညွန့်တွေ အလိမ်းလိမ်းကပ်နေတဲ့ပုဂ္ဂိုလ်နဲ့ တူပါတယ် နော် (မှန်ပါတယ်ဆရာ)၊ မဂ်လေးပါးကလည်း ရေစင်လေးခုနဲ့ တူပါတယ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ကိလသာအညစ်အကြေးတွေ၊ ရွှံ့ညွန့်နဲ့တမူတူသော ကိလေသာ အညစ်အကြေးတွေ ပထမမဂ်နဲ့ဆေး၊ ပထမမဂ်နဲ့ ဆေးလိုက်သည်နဲ့ တစ်ပြိုင်နက် သန့်ရှင်းခြင်း ဖြစ်လာပြီ နော် (မှန်ပါတယ်ဆရာ)၊ လှလာပေ့ါ။ ကျန်သေးတယ် ကိလေသာအညစ်အကြေးတွေ၊ ဒုတိယမဂ်နဲ့ ဆေး၊ နှစ်ထပ်လောက် ဆေးရင်ပဲ အညစ်အကြေးတော်တော်စင်ကြယ်လာပေ့ါ နော် (မှန်ပါတယ်ဆရာ)၊ တစ်မျိုးတိုးလှပြန်ပြီ၊ သုံးမဂ်နဲ့ဆေး၊ ကျန်သေးတယ် ကိလေသာ၊ သုံးမဂ်နဲ့ဆေး၊ အရင်ထက် တစ်မျိုးတိုးပြီး လှပြန်ပြီ နော် (မှန်ပါတယ်ဆရာ)၊ လေးမဂ်နဲ့ဆေး၊ ညွန်အညစ်အကြေးနဲ့တူသော ကိလေသာတွေ ကုန်ပြီ၊ ချေးညှော်တွေ ကုန်သွားပြီ၊ အလှဆုံး, အပဆုံးအဖြစ်ရောက် နော် (မှန်ပါတယ်ဆရာ)၊ "လူမက နတ်မမျှ"တဲ့၊ ကိလေသာကုန်သွားတာများ အင်မတန်လှတယ် နော်၊ သာမညမအောက်မေ့နဲ့၊ နဂိုက လှချင်ရက်သားနဲ့ ကိလေသာအညစ်အကြေးတွေ ရှိလို့ မလှတာလို့။

## သမဝါယမစနစ်နဲ့လည်း တရားမှတ်သားနိုင်ခြင်း

ဒါကြောင့် ခု ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးမှာ အဘဘုရားကိုယ်တော်တိုင်က မျက်နှာလေးဘက် ထောင့်လေးထောင့်က နေပြီးတော့ ကြည့်ကြစမ်း-တဲ့၊ ကြည့်ကြစမ်း-တဲ့၊ သမာဓိကောင်းကောင်း ထားပြီးတော့၊ ကြည့်တော့ အသိဉာဏ်လေးတွေ ပေါ်လာလိမ့်မယ်တဲ့။ နံပါတ်တစ်ဆိုတဲ့ ပထမထောင့်ကကြည့်လိုက်တော့ ဒီလိုမြင်တယ်၊ ဒီလိုမြင်တော့ ဒီလိုတည်းဟူသော ဒိဋ္ဌိကိလေသာ အညစ်အကြေး စင်သွားလိမ့်မယ်၊ စင်ကြယ်သန့်ရှင်းလိမ့်မယ်၊ တန်ဖိုးမရှိဘူးလား (ရှိပါတယ်ဆရာ)၊ သိပ်ရှိတယ်၊ အလွန်ကိုရှိတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အားရပါးရနဲ့ သေသေချာချာ ပိုင်ပိုင်နိုင်နိုင် ရအောင် မှတ်စမ်းပါလို့ ပြောတာ၊ တိုက်တွန်းတာ။ တကယ့်အကျိုးလိုလို့ တိုက်တွန်းနေ

http://www.dhammadownload.com



တာနော် (မှန်ပါတယ်ဆရာ)၊ ကိုယ်ချည်းတစ်ယောက်တည်း မမှတ်နိုင်လို့ရှိရင် အိမ်က လူပါခေါ် မှတ်ခိုင်း၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဆွေတွေ့, မျိုးတွေခေါ် မှတ်ခိုင်း၊ ဟာ - လိုက်ကြစမ်းပါဟာ . . . သင်တန်းကောင်းလွန်လွန်းလို့၊ ငါတစ်ယောက်ထဲ မနိုင်လို့ မှတ်စမ်းပါဟ၊ သူက တစ်မျိုး၊ ငါက တစ်မျိုး မှတ်သွား၊ စုလိုက်, ဆောင်းလိုက်တဲ့အခါကျ အကုန်ပြန်မရဘူးလား (ပြန်ရပါတယ်ဆရာ)၊ တချို့လဲ ဒီလိုပဲ သမဝါယမ စနစ်အားဖြင့် သင်တန်းမှတ်နေတာတွေ ရှိပါတယ်ကွ၊ သုံးယောက်တစ်တွဲ လေးယောက်တစ်တွဲ၊ ငါကြားတာတွေ နော် (မှန်ပါတယ်ဆရာ)၊ သုံးယောက် တစ်တွဲ၊ လေးယောက် တစ်တွဲ၊ ဟိုကျတော့ ပြန်ပြီးတော့ ဝေပုံဝေနည်းချ၊ မင်းမှတ်မိတာ ပြောစမ်း၊ ငါမှတ်မိတာ ပြောစမ်းနဲ့ ပြန်တိုက်။ တိုက်တော့ လိုတာ ဖြည့်၊ ပိုတာ နှုတ်။ ဟော - စေ့ငှ ပြည့်ဝသွားပြီ၊ မကောင်းဖူးလား (ကောင်းပါတယ်ဆရာ)၊ အေး - ကောင်းပြီ။

အဲဒီလို သမဝါယမစနစ်နဲ့ မှတ်ကြပါလို့ နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် အားရှိစရာ ကောင်း။ ကိုင်း ထောင့်လေးထောင့်ကနေ ကြည့်ကြရအောင်၊ ထောင့်လေးထောင့်ကနေ ကြည့် - အင်္ဂါဆယ့်နှစ်ရပ်တုန်းက - အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ ပြခဲ့ပြီလား (ပြခဲ့ပါပြီဆရာ)၊ ဒီစာလုံးပါပဲကွာ။ ဒီတရားကိုယ် ဒီတရားကိုယ်ပါပဲ နော် (မှန်ပါတယ်ဆရာ)၊ ဒီအကျိုးအကြောင်း ဒီအကျိုးအကြောင်းပါပဲလို့၊ ဒါပေမယ့် ကြည့်ပုံ ကြည့်နည်း၊ မြင်ပုံ မြင်နည်း၊ ဝေဖန်ပုံ ဝေဖန်နည်းလို့ နည်းလေးနည်းထုတ်ပြီး ပြတယ်။ ကိုင်း နံပါတ်တစ် နည်းနဲ့ ကြည့်လိုက်စမ်း၊ နံပါတ်တစ်က ဘာနည်းတဲ့ (ဧကတ္တနည်းပါဆရာ)၊ အေး - ဧကတ္တနည်း နော် (မှန်ပါတယ်ဆရာ)၊ မနေ့ညက ပြခဲ့တဲ့အတိုင်း သရက်စေ့ကလေး သေသေချာချာ ကြည့်။ နားမထွေးနဲ့နော် ဒီက လိုရင်းအဓိပ္ပါယ်ကို သေချာကြည့်ပါ။ သရက်စေ့လေး မြေကြီးထဲချ၊ မြေလေး ရေလေးနဲ့ တွေ့တော့ အညှောက်ကလေး ထွက်လာတယ်၊ (မှန်ပါတယ်ဆရာ)၊ အညှောက် ကလေးကနေ အညွန့်လေး ဖြစ်လာတယ် (မှန်ပါတယ်ဆရာ)၊ အညွန့်ကနေ ပင်စည်လေး ဖြစ်လာတယ် (မှန်ပါတယ်ဆရာ)၊ ပင်စည်ကနေ ပင်လုံးလေးပေါ့ (မှန်ပါတယ်ဆရာ)၊ ပင်လုံးလေးကနေ ပင်လုံးကြီး ဖြစ်လာ (မှန်ပါတယ်ဆရာ)၊ ပင်လုံးကြီးကနေပြီးတော့ အခက် အလက် အရွက် ထွက်လာတယ် (မှန်ပါတယ်ဆရာ)၊ ပင်မကြီး ဖြစ်သွားတာပေါ့ နော် (မှန်ပါတယ်ဆရာ)။ ပုဆိုးတစ်ပတ်လောက်, တစ်ဖက်လောက် သရက်ပင်ကြီး ဖြစ်သွားပြီ။ အဲဒီသဘော ပြောနေတာ တခြားမဟုတ်ပါဘူး။ အဲဒီ မျိုးစေ့လေးကနေပြီးတော့ အညှောက်လေးပေါက်တဲ့အချိန်ကစပြီးတော့ ပုဆိုးတစ်ပတ်လောက် ရှိတဲ့, တစ်ဖက်လောက်ရှိတဲ့ သရက်ပင်ကြီးအရောက်ပေါ့၊ သန္တာန်အစဉ် မြင်ရဲ့လား (မြင်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ အပြတ်အလပ်များ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ သန္တာန်ချင်း မဆက်တဲ့နေရာ ရှိသလား (မရှိပါဘူး ဆရာ)၊ သန္တာန်တစ်ဆက်တည်းပေါ့ (တစ်ဆက်တည်းပါဆရာ)၊ အေး - အဲဒါ လိုချင်တယ်နော် (မှန်ပါတယ်ဆရာ)၊ သန္တာန်တစ်ဆက်တည်းဆိုတော့ ဒီလို ပြောမယ်ကွယ်။ ဟောဒီသရက်ပင်ကြီးသည် ပထမချလိုက်တဲ့မျိုးစေ့လေးက အညှောက်လေးပေါက်လာတဲ့အချိန်ကစ အခု တစ်ဖက်လောက်ရှိတဲ့ ပင်မကြီးကျအောင် တစ်ဆက်တည်း ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မပြောနိုင်ဖူးလား (ပြောနိုင်ပါ တယ်ဆရာ)၊ တစ်စပ်တည်း, တစ်ပြင်တည်း မပြောနိုင်ဖူးလား (ပြောနိုင်ပါတယ်ဆရာ)၊ ဒါ့တော့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အပြတ်အလပ်မရှိဘူးပေါ့၊ (မရှိပါဘူးဆရာ)၊ ဒါဖြင့် ဉာဏ်နဲ့ ဝေဖန်ကြည့်ရတာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဩော် - တို့ မျက်စေ့အောက်တင် မျိုးစေ့လေး ချလိုက်တာ အညွန့် အညှောက်လေး ပေါက်လာလိုက်တာ၊ ဒီကနေ့ တစ်စတစ်စ ကြီးထွား ကြီးထွား လိုက်တာ၊ ခုတော့ တစ်ဖက်လောက်ပမာဏရှိတဲ့ သရက်ပင်ကြီးဖြစ်လို့။

## အင်္ဂါဆယ့်နှစ်ပါး မျိုးစေ့စသည်တို့နှင့် တူပုံခြင်း

ဩော် - အညွန့် အညှောက်ကလေးကနေ တစ်ဖက်လောက်ရှိတဲ့ သရက်ပင်ကြီးကျအောင် အပြတ်အလပ်မရှိဘဲနဲ့, အကြားအကြားမရှိဘဲနဲ့ ဆက်စပ်လာတဲ့ သန္တာန်အစဉ်ကြီး ဒီလိုပါလားလို့ တစ်ဆက်တည်း မမြင်ဘူးလား (မြင်ပါတယ်ဆရာ)၊ အဲ - နံပါတ်တစ်ဆိုတဲ့ထောင့်က, မျက်နှာက နေပြီးတော့ ဒီလိုမြင်တယ်-တဲ့ မမြင်ဖူးလား (မြင်ပါတယ်ဆရာ)၊ ဒီလိုမြင်တော့ ဘာဖြစ်၊ ဒါ ဥပမာ ရှိသေးတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီလို မြင်ပြီးတော့ ဥပမေယျနဲ့ ဟပ်စမ်းပါလို့ သေသေချာချာ ကြည့်စမ်း - အဝိဇ္ဇာက,စ ဇရာမရဏကျအောင် အင်္ဂါဆယ့်နှစ်ပါး မဟုတ်လား (အင်္ဂါဆယ့်နှစ်ပါး ပါဆရာ)၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာ ကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ မရဏ၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်ပတ်ကြီး ရှိသွားပြီပေါ့ (ရှိသွားပါပြီဆရာ)၊ အဝိဇ္ဇာကတော့ မျိုးစေ့လေးပေါ့ (မျိုးစေ့လေးပါဆရာ)၊ အဝိဇ္ဇာမျိုးစေ့လေးကနေ သင်္ခါရ-အညှောင့်လေး၊ ဝိညာဏ် အညွန့်လေး နော် (မှန်ပါတယ်ဆရာ)၊ နာမ်ရုပ်-ပင်လုံး ပင်စည်လေး၊ သဠာယတန-အကိုင်း အခက်၊ ဖဿ အပွင့် အသီး နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဝေဒနာ ဒီလိုသွား။

http://www.dhammadownload.com



ဩော် - လက်စသတ်တော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောထားတာ အဝိဇ္ဇာကစ၍ ဇရာ မရဏကျအောင် သူ့ကြောင့် သူဖြစ်၊ သူ့ကြောင့် သူဖြစ်၊ သူ့ကြောင့် သူဖြစ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "သူ့ကြောင့် သူဖြစ်"ဆိုတော့ ဘာခေါ်တာတုံး (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာပါဆရာ)၊ ဩော် - အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာဖြစ်လိုက်ရင် သင်္ခါရဖြစ်မယ်လား (ဖြစ်မှာပါဆရာ)၊ မဖြစ်ဘဲ နေသေးသလား (မနေပါဘူးဆရာ)၊ သင်္ခါရဖြစ်တော့ကော (ဝိညာဏ်ဖြစ်မှာပါဆရာ)၊ ဝိညာဏ်ဖြစ်တော့ကော (နာမ်ရုပ်ဖြစ်မှာပါဆရာ)၊ နာမ်ရုပ်ဖြစ်တော့ကော (သဠာယတနဖြစ်မှာပါဆရာ)၊ သဠာယတနဖြစ်တော့ကော (ဖဿဖြစ်မှာပါဆရာ)၊ ဖဿဖြစ်တော့ကော (ဝေဒနာဖြစ်မှာပါဆရာ)၊ ဝေဒနာဖြစ်တော့ကော (တဏှာဖြစ်မှာပါဆရာ)၊ တဏှာဖြစ်တော့ကော (ဥပါဒါန်ဖြစ်မှာပါဆရာ)၊ ဥပါဒါန်ဖြစ်တော့ကော ဘဝဖြစ်မှာပါဆရာ)၊ ဘဝဖြစ်တော့ကော (ဇာတိဖြစ်မှာပါဆရာ)၊ ဇာတိဖြစ်တော့ကော (ဇရာမရဏဖြစ်မှာပါဆရာ)၊ ဩော် - လက်စသတ်တော့ ဒါဖြင့် အဝိဇ္ဇာက စလို့ပေါ့ (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်ရတော့မယ်လား (ဖြစ်မှာပါဆရာ)၊ မဖြစ်ဘဲ မနေဘူးပေါ့ (မနေနိုင်ပါဘူးဆရာ)၊ ဒါဖြင့် မျိုးစေ့လေးက အညှောက်လေးပေါက်တော့ အညွန့်ကရေးမဖြစ်ဘဲ နေပါ့မလား (မနေပါဘူးဆရာ)၊ ဩော် - ဒီလိုသန္တာန်အစဉ် ဆက်သွားတာပေါ့ (ဆက်သွားပါတယ်ဆရာ)၊ ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ကြီးကို အဝိဇ္ဇာကစ၍ ဇရာမရဏကျအောင် ဝေဖန်ကြည့်စမ်း - အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဆိုပြီးတော့ အကြောင်းအကျိုး ဆက်စပ်သွားသော သန္တာန်အစဉ်ကြီးဟာ ပြတ်နေတဲ့၊ ရပ်နေတဲ့နေရာ ရှိသလား (မရှိပါဘူးဆရာ)၊ မရှိဘူးလား (မရှိပါဘူးဆရာ)၊ ဒါဖြင့် တစ်ဆက်တည်းချည်းပေါ့ (တစ်ဆက်တည်းချည်းပါဆရာ)၊ တစ်စပ်တည်းပေါ့ (တစ်စပ်တည်းပါဆရာ)၊ တစ်ပြင်တည်းပေါ့ (တစ်ပြင်တည်းပါဆရာ)၊ အေး၊ အေး - ဒီလို မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ သရက်ပင်မြင်သလိုပေါ့ (မှန်ပါတယ်ဆရာ)၊ တကယ်မြင်ရဲ့လားဟ (တကယ်ပါဆရာ)၊ ဒီလို တကယ်မြင်ရင် စဉ်းစားစမ်းကွာ - ဟော . . . ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ - အာရုံခြောက်ပါးနဲ့ တိုက်တိုင်း၊ တိုက်တိုင်း စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ် - ဝိညာဏဓာတ် ခြောက်ရပ် တဖျတ်ဖျတ်နဲ့ ဖြစ်နေတယ် နော် (မှန်ပါတယ်ဆရာ)။

၎င်းဝိညာဏဓာတ်ခြောက်ရပ်သည် ဒီတစ်ခါဖြစ်ပြီးရင် နောက်တစ်ခါ မဖြစ်တော့ဘူး။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရူပါရုံသည် ခုတစ်ခါမြင်ပြီးရင် နောက်မမြင်ဘူး။ ဒီလို ပြတ်သွား

http://www.dhammadownload.com



တယ်လို့ ယူဆတာ "ဥစ္ဆေဒဒိဋ္ဌိ" ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါပရမတ်သဘောနဲ့၊ ဘဝသဘောနဲ့ ကြည့်ပြန်တော့လည်းပဲ အခုဘဝဖြစ်ပြီးလို့ရှိရင် လာလတ္တံ့ အနာဂတ်ဘဝ မျှော်မနေနဲ့တော့ ဘာမှ မဖြစ်တော့ဘူး၊ ဘဝပြတ်ကရော့။ ဒါ "ဥစ္ဆေဒဒိဋ္ဌိ" ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ကိုင်း -ဒါဖြင့် အခု သံသရာလည်နေတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးမှာ အကြောင်းအကျိုး ဆက်စပ်ပြီးတော့ ပြလိုက်တော့ကား-တဲ့ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့်အကျိုး ဆက်စပ်ပြတော့ အဝိဇ္ဇာဖြစ်ပြီးရင် သင်္ခါရမဖြစ်တော့ဘူးလို့ ပြတ်သွားတဲ့ နေရာ ရှိသလား (မရှိပါဘူးဆရာ)၊ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ ဆက်ဖြစ်တာပဲလား (ဆက်ဖြစ်တာပါပဲဆရာ)၊ မရပ်ဘူးပေါ့ (မရပ်ပါဘူးဆရာ)၊ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ ဆက်ဖြစ်တာပဲလား (ဆက်ဖြစ်တာပဲဆရာ)၊ မရပ်ဘူးပေါ့ (မရပ်ပါဘူးဆရာ)။

ဒါကြောင့် အခုန ပြောသလို ဒီဘဝဖြစ်ပြီးရင် နောက်ထပ် မမျှော်လင့်နဲ့တော့ ဘာမှ မဖြစ်ဘူး။ ဘဝပြတ်ကရော့ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ မင်းယုံဦးမှာလားဟ (မယုံပါဘူးဆရာ)၊ မယုံဘူးလား (မယုံဘူးဆရာ)၊ ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာကြီးက သက်သေခံထားတယ်လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက စဖြစ်လိုက်လို့ရှိရင် ဇရာမရဏကျအောင် သွားမယ်၊ ဘယ်တော့မှ ရပ်လို့မရ၊ ဖြတ်လို့မရ၊ ဖြစ်ပြီးရင်ဖြစ်၊ ဖြစ်ပြီးရင် ဖြစ်ပေါ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် တစ်ခါဖြစ်ပြီးရင် နောက်ထပ်ဘာမှ မဖြစ်တော့ဘူး။ ဒီဘဝပြီးရင် နောက်ထပ် မမျှော်နဲ့။ ဥစ္ဆေဒဝါဒ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ အယူဝါဒ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အဲဒါကြောင့် ဥစ္ဆေဒဒိဋ္ဌိ ကိလေသာတစ်လုံးဟာ လုံးလုံးကြီး ချုပ်ပါတယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီတရားသာ မသိလို့ရှိရင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ချင်ဖြစ်နိုင်တယ် မဟုတ်ဘူးလား (ဖြစ်နိုင်ပါတယ်ဆရာ)၊ ဖြစ်လို့ပဲ တို့ကံ, ကံ၏အကျိုး ယုံကြည်ကြတယ်ဆိုတဲ့ ဗုဒ္ဓဘာသာအမည်ခံထားတဲ့ တို့ဘာသာထဲက ပါသွားလိုက်ကြတာ ထောင်သောင်းမကဘူး၊ မပါဘူးလား (ပါသွားပါတယ်ဆရာ)၊ ဘယ်ဝါဒဘက် ပါသွား (ကွန်မြူနစ်ဘက်ပါသွားပါတယ်ဆရာ)၊ ဒါနင် ပြောတာ၊ ငါပြောတာ မဟုတ်ဘူး။ ဥစ္ဆေဒဒိဋ္ဌိဘက် ပါသွားတယ်လို့ ပြောရတယ်။ ဒီကောင်တော့ ဘယ့်နှယ့် ကောင်မှန်းမသိဘူး။ ဒါနင်ပြောတာ၊ ငါပြောတာ မဟုတ်ဘူး နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဥစ္ဆေဒဒိဋ္ဌိ အယူဝါဒဘက်ကို ပြောင်းသွားကြတယ်။ ဒီဘဝပြီးရင် နောက်ထပ် ဘာမှမဖြစ်ဘူး။ ပြတ်ကရော့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါ ဥစ္ဆေဒဒိဋ္ဌိ မဟုတ်လား (ဥစ္ဆေဒဒိဋ္ဌိပါဆရာ)၊ ဒါဖြင့် တို့ ကံ, ကံ၏အကျိုး ယုံကြည်တဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေက ဘာဝါဒတုံး (သဿတဝါဒပါဆရာ)၊ ဟော - သဿတဝါဒ၊ မထူးပါဘူးကွ အတူတူနဲ့ အနူနူပါ နော် (မှန်ပါတယ်ဆရာ)၊ ဥစ္ဆေဒ

http://www.dhammadownload.com



ဒိဋ္ဌိပါသွားတဲ့ လူရယ်၊ သဿတဝါဒစွဲနေတဲ့လူရယ် ဒီလိုနေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီဒိဋ္ဌိနှစ်ပါး မလွတ်လို့ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကောင်းရဲ့လား (မရကောင်းပါဘူးဆရာ)၊ နိဗ္ဗာန် မျက်မှောက်ပြုနိုင်ရဲ့လား (မပြုနိုင်ပါဘူးဆရာ)။

ဒါကြောင့် "သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ"တည်းဟူသော အယူနှစ်ပါး၊ "အတ္တကိလမထာနုယောဂ၊ ကာမသုခလ္လိကာနုယောဂ" တည်းဟူသော အယုတ်တရားနှစ်ပါး ဤလေးပါးသို့ အနားမကပ် မဇ္ဈိမ ပဋိပတ် အကျင့်မြတ်ဖြင့် ကောင်းမြတ်လှစွာ ကြွတော်မူခြင်း တည်းဟူသော ဂုဏ်သကၤကြောင့် "သုဂတော-သုဂတမည်တော်မူ၏"လို့ တို့မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကိုးပါးထဲ "သုဂတ"ဟူသောဂုဏ်၊ "သုန္ဒရံ ဂတော သုဂတော"လို့ ရှေးဘုရားတို့ကဲ့သို့ ကောင်းသောလားခြင်း၊ သွားခြင်းရှိတော်မူသော မြတ်စွာဘုရားလို့ တို့ဘုရားရဲ့ဂုဏ်ရထားတယ်။ ဘယ်လို ရှေ့ဘုရားတို့ကဲ့သို့ ကောင်းသော သွားခြင်း၊ လာခြင်းလဲ မေးရင် လက်ျာစွန်းနဲ့ မငြိစေရဘူး၊ လက်ဝဲစွန်းနဲ့ မငြိစေရဘူး တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဆိုလိုတာက သဿတအစွန်းလည်း မငြိစေနဲ့၊ ဥစ္ဆေဒအစွန်းလည်း မထိစေနဲ့တဲ့။ "မဇ္ဈိမပဋိပဒါ"ဆိုတဲ့ အလည်တည့်တည့်က သွားတယ်။ တို့ ဘုရားကိုယ်တော်မြတ်က နော် (မှန်ပါတယ်ဆရာ)။ အဲဒါကြောင့် "မဇ္ဈိမပဋိပဒါလမ်း"လို့ ဒီလို ခေါ်တယ်။

အဲဒီ မဇ္ဈိမပဋိပဒါလမ်းက အစွန်းနှစ်ဖက်လွတ်အောင် ရှောင်ရှားပြီးတော့ သွားလို့ ကောင်းသော သွားခြင်းရှိတော်မူသော မြတ်စွာဘုရား၊ ဂုဏ်တော်ထဲ "သုဂတ"ဟူသော ဂုဏ်နော် (မှန်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် ကျေးဇူးရှင် အုဂ်ဖိုလ်ဆရာတော်ကြီးရဲ့ ဂုဏ်တော်ဖွင့်ခန်း "သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ" တည်းဟူသော အယူနှစ်ပါး၊ အတ္တကိလမထာနုယောဂ ကာမသုခလ္လိကာနုယောဂ၊ အယုတ် တရား နှစ်ပါး ဤလေးပါးသို့ မနားမကပ် မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့်သာလျှင် ကောင်းမြတ်လှစွာ ကြွလာတော်မူခြင်း ဟူသော ဂုဏ်သကၤကြောင့် "သုဂတော-သုဂတ"မည်တော်မူ၏။ သဿတ အစွန်းနဲ့ မငြိစေနဲ့၊ ဥစ္ဆေဒဒိဋ္ဌိအစွန်းလည်း မထိစေနဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် အခု ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကစပြီးတော့ ဇရာမရဏကျအောင် အကြောင်း အကျိုး၊ အကြောင်း အကျိုး၊ အကြောင်းအကျိုး ဆက်စပ်သွားတဲ့ သဘောလေး ဉာဏ်ထဲမှာ မပြတ်သားသေးတဲ့ လူမှန်ရင် ဥစ္ဆေဒ ပြောင်းချင်ရင် ပြောင်းနိုင်တယ် မဟုတ်ဘူးလားဟ (ပြောင်းနိုင်ပါတယ်ဆရာ)၊ နဂိုက သဿတပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အေး - ဥစ္ဆေဒဒိဋ္ဌိရှိတဲ့လူလည်းပဲ သဿတပြောင်းချင် ပြောင်းနိုင်တယ် မဟုတ်လား (ပြောင်းနိုင်ပါတယ်ဆရာ)၊ ဒီအယူနှစ်ပါးကတော့ ပြောင်းချင်တိုင်း ပြောင်းနေကြတာပဲတဲ့။ ဒါကြောင့် ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတဲ့ သဘောလေး သေချာ

http://www.dhammadownload.com


ကြည့်ကြပါ။ ဒါ ဧကတ္တနည်းမှာချည်း အခုညနဲ့ပါ ငါမှတ်မိတာပြောမယ် သုံးညရှိပြီ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဟိုပထမသီတင်းတုန်းက ကုန်ခါနီးလေး ငါစခဲ့တယ်၊ အခုသီတင်းပါ ဒီနေ့ပါဆို နှစ်ညရှိသွားပြီ၊ သုံးညလောက်ရှိသွားပေါ့ နော် (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ် ဆရာ)၊ တကယ်နားလည်ပဲ့မလား (တကယ်ပါဆရာ)၊ ရှေ့ကို တိုးသွားလို့ ဖြစ်ဦးပဲ့မလားဟ (မဖြစ်ပါဘူးဆရာ)၊ ဟင်-ဘယ်လောက်အားရှိစရာကောင်းလဲလို့။

ဒါကြောင့် "ဧဝံ ဗီဇဿ အင်္ကုရာဒိဘာဝေန ရုက္ခဘာဝပ္ပတ္တိ ဝိယ သန္တာနာနုပစ္ဆေဒေါ ဧကတ္တနယော နာမ၊ ယံ သမ္မာ ပဿန္တော ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟတိ" နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ခိုင်လုံတဲ့ အာဂုံ ပါဌ်ဋ္ဌ မှတ်လည်းထား နော်။ ပါဌ်ဋ္ဌတော်က ဒီလိုတိုက်ရိုက်ပြနေတယ်ကွ မယုံစရာ မရှိပါဘူး။ တို့ စိတ်ထဲသာ စင်ကြယ်ပါစေဟ၊ စင်ကြယ်ရင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပြီးသားဖြစ်ရမယ်၊ မကောင်းဖူးလားကွ (ကောင်းပါတယ်ဆရာ)၊ အေး - ဥစ္ဆေဒဒိဋ္ဌိ ကိလေသာကြီး တစ်လုံးချုပ်သွားရင် မင်းတို့ မနက်ဖြန်ကျရင် မှန်ထဲ မင်းတို့မျက်နှာ မင်းတို့ ပြန်ကြည့်။ အမယ် . . . မနေ့ကထက် ငါလှလာတယ် နော် (မှန်ပါတယ် ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရေတစ်ထပ်ဆေးလိုက်တာကို နော် (မှန်ပါတယ်ဆရာ)၊ အဲဒါမှ မလှရင်လည်း ပေါင်ဒါတို့, သနပ်ခါးတို့ လိမ်းပေါ့ကွ။ နှုတ်ခမ်းဆိုးဆေးတို့ ဘာတို့ ဆိုးတာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ကြည့်ကြည့် - ဧဝံ၊ ဤသို့။ ညတိုင်း ညတိုင်း ဒီပါဋ္ဌိ မီးဖွင့်တာနဲ့ တွေ့ဆိုတာ ကျနေရင် မနေ့ကလို ဖြစ်သွားပေါ့နော်။

မနေ့ကလည်း ဧဝံ၊ ဤသို့။ ဗီဇဿ၊ မျိုးစေ့လေး၏။ အင်္ကုရာဒိဘာဝေန၊ အညွန့်အစရှိသည်ဖြင့်။ ရုက္ခဘာဝပ္ပတ္တိဝိယ၊ သစ်ပင်၏အဖြစ်သို့ ရောက်သကဲ့သို့။ သန္တာနာနုပစ္ဆေဒေါ၊ သန္တာန် အစဉ်၏မပြတ်ခြင်းသည်။ ဧကတ္တနယော နာမ၊ ဧကတ္တနည်းမည်၏ နော် (မှန်ပါတယ်ဆရာ) ဒီဥပမာ လေးကို သေသေချာချာကြည့်ပါ-တဲ့။ ဒါ "ဧကတ္တနည်း"ခေါ်တာပါတဲ့။ သန္တာန်အစဉ်မပြတ်တာ၊ သန္တာန်အစဉ် မပြတ်ပုံလေးတော့ မှတ်မိသွားပြီလား (မှတ်မိပါတယ်ဆရာ)၊ အေး - သန္တာန်အစဉ်မပြတ်ပုံ သေသေချာချာကြည့်။ ဒါ "ဧကတ္တနည်း"ပါပဲတဲ့။ ဒါဖြင့် ကောင်းပါပြီ၊ အဲဒီ ဧကတ္တနည်းမြင်တော့ ဘာဖြစ်သလဲလို့ မေးစရာရှိ - "ယံ သမ္မာ ပဿန္တော"။ ယံ၊ အကြင်ယခုပြသော ဧကတ္တနည်းကို။ သမ္မာ၊ မဖောက်မပြန်။ ပဿန္တော၊ မြင်သောပုဂ္ဂိုလ်သည် (အား) နော် (မှန်ပါတယ်ဆရာ)၊ ဟေတုဖလ သမ္ဗန္ဓေန၊ အကြောင်းအကျိုးဆက်စပ်သဖြင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ သန္တာနဿ၊ သန္တာန်အစဉ်၏။ အနုပစ္ဆေဒါဝဗောဓတော၊ မပြတ်ခြင်းကို ထိုးထွင်း၍သိမြင်သောကြောင့်။ "ဟေတုဖလသမ္ဗန္ဓေန"

http://www.dhammadownload.com



ဆိုတာ အကြောင်းရယ် အကျိုးရယ်၊ အကြောင်းရယ် အကျိုးရယ်၊ အဝိဇ္ဇာက စကြည့်စမ်းနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက အကြောင်း၊ သင်္ခါရက အကျိုး။ သင်္ခါရက အကြောင်း၊ ဝိညာဏ်က အကျိုး။ ဝိညာဏ်က အကြောင်း၊ နာမ်ရုပ်က အကျိုး။ နာမ်ရုပ်က အကြောင်း၊ သဠာယတနက အကျိုး။ သဠာယတနက အကြောင်း၊ ဖဿက အကျိုး။ ဖဿက အကြောင်း၊ ဝေဒနာက အကျိုး။ ဝေဒနာက အကြောင်း၊ တဏှာက အကျိုး။ တဏှာက အကြောင်း၊ ဥပါဒါန်က အကျိုး။ ဥပါဒါန်က အကြောင်း၊ ဘဝက အကျိုး။ ဘဝက အကြောင်း၊ ဇာတိက အကျိုး။ ဇာတိက အကြောင်း၊ ဇရာ မရဏက အကျိုး နော် (မှန်ပါတယ်ဆရာ)၊ နောက်ရှေ့ဆက် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသက အကျိုး၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသက အကြောင်း၊ အာသဝက အကျိုး။ အာသဝက အကြောင်း၊ အဝိဇ္ဇာကအကျိုး၊ အဝိဇ္ဇာက အကြောင်း ရပ်လို့ ရသေးရဲ့လား (မရပါဘူးဆရာ)၊ ဒါဖြင့် အဝိဇ္ဇာက စပြန်ကြည့်တော့ ဒီဘက်က အဝိဇ္ဇာကြီးထိအောင်ပေါ့ ကွယ်။ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဆက်စပ်ပြီး ဖြစ်လာတဲ့ သဘာဝလေးတွေ အကြောင်းအကျိုး ပြတ်နေတဲ့နေရာ, မစပ်တဲ့နေရာလေး မင်းရှာရလား (မရပါဘူးဆရာ)။

ဒါဖြင့် ဟို မျိုးစေ့လေးက ပေါက်လာတဲ့ သရက်ပင်ကြီးနဲ့ မတူဘူးလား (တူတူပါပဲဆရာ)၊ အေး - ဒါ "ဟေတုဖလသမ္ဗန္ဓေန၊ အကြောင်းအကျိုး ဆက်စပ်သဖြင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ သန္တာနဿ၊ သန္တာန်အစဉ်၏။ အနနုပစ္ဆေဒါဝဗောဓတော၊ မပြတ်ခြင်းကို ထိုထွင်း၍သိသောကြောင့်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဥစ္ဆေဒဒိဋ္ဌိ၊ တစ်ခါဖြစ်ပြီးရင် နောက်ထပ် ဘယ်တော့မှမဖြစ်ဘူး၊ ဒီဘဝပြီး နောက်မမျှော်နဲ့ သေဆုံးလောင်တုံးဆိုတဲ့ အင်မတန် ကြောက်ဖွယ်ကောင်းသော ဥစ္ဆေဒဒိဋ္ဌိ ကိလေသာကြီးကို။ ပဇဟတိ။ လုံးလုံးကြီး ရှင်းအောင် ပယ်စွန့်နိုင်ပေတော့၏။

"ဧဝံဓမ္မတာ နည်းလေးဖြာ"၊ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း။ ဆိုကြည့်ဦးဟ (ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း။)၊ ဒီနည်းလေးပါး ဘာခေါ်လဲ ("ဧဝံဓမ္မတာ နည်းလေးဖြာ"လို့ ခေါ်ပါတယ် ဆရာ)၊ "ဧဝံဓမ္မတာ နည်းလေးဖြာ"၊ နည်းလေးပါး ဘုရားကိုယ်တော်မြတ် ဟောထားတာက ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဒေသနာတော်မြတ်ကြီးကို လေးမျက်နှာ လေးထောင့်က နေပြီးတော့ ဆင်ခြင်ကြည့်စမ်းပါတဲ့၊ ဝေဖန်ကြည့်စမ်းပါတဲ့၊ တစ်ထောင့်စီ မြင်လာလိမ့်မယ် နော် (မှန်ပါတယ်ဆရာ)။ ပထမနံပါတ်တစ် ထောင့်က ကြည့်လိုက်တော့ ဧကတ္တ နည်းအားဖြင့် မြင်လိမ့်မယ်တဲ့၊ တရားကိုယ်ကတော့ ဒါပဲ။ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ်

http://www.dhammadownload.com


သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စေတ္တနည်းနဲ့ ကြည့်တော့လည်း ဒါပဲလား (ဒါပါပဲဆရာ)၊ ထောင့်လေးထောင့်ကနေပြီး ကြည့်တဲ့၊ လေးမျက်နှာကနေပြီး ကြည့်တဲ့ တစ်မျိုးစီမြင်လာလိမ့်မယ်လို့၊ ဒါဖြင့် နံပါတ်တစ်ဆိုတဲ့ စေတ္တနည်းနဲ့ ကြည့်တော့ ဘာမြင်သလဲဆိုတော့ ဘယ့်နှယ့်ပြောရ (ပဋိစ္စသမုပ္ပါဒ်ကို အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ မြင်ရပါတယ်ဆရာ)၊ ဟောဗျာ . . တော်လည်း တော်တဲ့လူပဲ။ ဒါမမြင်ရင် ဘာမြင်ဦးမှာတုံးဟ၊ ဒီပဋိစ္စသမုပ္ပါဒ်ကြည့် နေတာ၊ ဘယ်လိုမြင်တာလဲတဲ့၊ ဘယ်လိုမြင်ရ (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်)၊ တော်တော့, တော်တော့ မင်းဆုံးအောင် လျှောက်ပြောမှာ၊ ဟော . . . အဲဒါ အခု ညပါဆို လေးညရှိပြီ။ အဲဒါ မခက်ဘူးလားလို့ ရှေ့သာတက်တက်၊ တက်သွားချင်တဲ့ ဆန္ဒရှိတယ်။ တစ်ညပြီးတစ်ည အသစ်အသစ် နာချင်တယ်။ ဒီက နာမည်ကလဲ "သင်တန်း"ဆိုတော့ တတ်အောင် သင်ပေးတယ်၊ မတတ်ဘဲနဲ့ ရှေ့တက်သွားတော့ ဘာမှလည်း အကြောင်းထူးမှာ မဟုတ်ဘူး။ ပြောရတဲ့လူ ဖတ်ဖတ်မောလို့ သဘော ဆိုက်လားဆို သဘောလည်း ဆိုက်မှာမဟုတ်ဘူး။ အင်း - ကနေ့ညပါ ဆိုရင် လေးညရှိပြီ၊ ငါ စေတ္တနည်း ပြနေတာ။ ဘာကို အဓိပ္ပါယ်ပြချင်လို့၊ ဘယ်အဓိပ္ပါယ်လိုချင်လို့ ပြနေတယ်ဆိုတာ မနေ့ညကလည်း ငါထပ်တလဲလဲ ပြောခဲ့ပေါ့၊ ဘာလိုချင်လို့ ပြတာလဲ၊ ဘယ်လို မြင်တာတုံး (သန္တတိ အစဉ်ကြီးကို မြင်ချင်လို့ ပြပါတယ်ဆရာ)၊ အဲ - ဒီလိုလဲ တော်သား။ ဟင် - ခုနတုန်းက ဘာဖြစ်နေလဲ၊ စျေးကိုင်တာလား ခင်ဗျား။

သန္တတိဖြစ်စဉ်ကြီး မပြတ်ပုံ၊ တစ်ဆက်တည်းမြင်ပုံ၊ တစ်ဆက်တည်းထင်ပုံ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါဝဗောဓတော။ ဟေတုဖလသမ္ဗန္ဓေန၊ အကျိုးအကြောင်း ဆက်စပ်သဖြင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ သန္တာနဿ၊ သန္တာန်အစဉ်၏။ အနုပစ္ဆေဒါဝဗောဓတော၊ သန္တာန်အစဉ်၏ မပြတ်ခြင်းကို ထိုးထွင်း၍ မြင်ပါသဖြင့်။ ဥစ္ဆေဒဒိဋ္ဌိံ၊ ဥစ္ဆေဒဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ မှတ်ပါဟ - အင်မတန် သိစေချင်လို့ ငါထပ်ပြန် တလဲလဲ ပြောနေတာ။ သဘောထဲမှာ မင်း ဒါမပိုင်ဘဲနဲ့၊ ဒီဥစ္စာမနိုင်ဘဲနဲ့ မင်း ဥစ္ဆေဒဒိဋ္ဌိ သေပါ့ မလား (မသေနိုင်ပါဘူးဆရာ)၊ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပါမလား (မပြုတ်နိုင်ပါဘူးဆရာ)၊ မပြုတ်ဆိုကတည်းက ရင်ထဲမှာ ဒိဋ္ဌိကိလေသာ တန်းလန်းနဲ့ မနေဘူးလား (မှန်ပါတယ်ဆရာ)၊ သေရင် ဘယ်သွားမှာ (အပါယ် သွားမှာပါဆရာ)၊ အေး - မှတ်ထား။ မင်းမကြောက်ဘူးလား (ကြောက်ပါတယ်ဆရာ)၊ ဒီကောင် ငါ့ကို ညာညာနေတာ၊ ကြောက်ချင်မှ ကြောက်မဲ့ကောင်ပါ။ အပါယ်တံခါးကြီးပွင့်လို့ နားလည် ရဲ့လား (နားလည်ပါတယ်ဆရာ)။

http://www.dhammadownload.com



အန္တပုထုဇဉ် သေရင် ဂတိမမြဲဘူးဆိုတာတော့ မင်းယုံလား (ယုံပါပြီဆရာ)၊ ယုံရင်လည်း ကြောက်ရတယ်၊ နှစ်စစ်ကြီးတွေ၊ နှစ်စစ်တွေ - သုဂတိလား၊ ဒုဂ္ဂတိလား၊ ဒုဂ္ဂတိလား၊ သုဂတိလား၊ သေသည်၏အခြားမဲ့၌ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါးတည်းဟူသော ဒုဂ္ဂတိ လားမလားဟ (သို့မဟုတ်) လူ့ဘ၀ နတ်ဘ၀ ဗြဟ္မာ့ဘ၀ဆိုတဲ့ သုဂတိပဲ လားမလားဟ နှစ်စစ် မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ အင်မတန် ကြောက်စရာကောင်းတယ်။ ဒါကြောင့် အပါယ် တံခါးကလဲ ပွင့်နေတယ်လို့ ပြောတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါကြောင့် တစ်ညပြီး တစ်ည ထပ်ခါထပ်ခါ ဉာဏ်ထဲမှာ အရင်ပထမဆုံး အင်္ဂါဆယ့်နှစ်ရပ် ပြလာစဉ်အခါတုန်းက သင်္ကာယပါ ခွာပြပြ၊ အကျိုးအကြောင်း ဆက်စပ်ပုံပြ။ သံသရာလည်တာ - သူလည်း၊ ငါလည်း၊ ပုဂ္ဂိုလ်လည်း၊ သတ္တ၀ါလည်း မဟုတ်ဘူး၊ အမှန်က ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး ဆက်စပ်ပြီးတော့ အကျိုးအကြောင်း ဆက်စပ်ဖြစ်နေတဲ့တရားတွေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို နည်းနဲ့ ပြလည်း ရှင်းနေတာ၊ ဒါတင် မဟုတ်သေးဘူး၊ အဘဘုရားကိုယ်တော်မြတ်ကိုက တစ်နည်းပြီး တစ်နည်းနဲ့၊ တစ်နည်းပြီး တစ်နည်းနဲ့ ပုဂ္ဂလဇ္ဈာသယအနေအားဖြင့် တစ်နည်းနဲ့ မရ၊ တစ်နည်းနဲ့ ရပါစေလို့ ထပ်ပြန်တလဲလဲနဲ့ ဝေဖန်ပြ။ အခုလည်း ဘာတုံး၊ ဒိဋ္ဌိသတ်ခန်းပဲ၊ နည်းလေးမျိုး ထပ်ဟော ဆိုတာ တခြားမဟုတ်ပါဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိသတ်ခန်း - ဒိဋ္ဌိမသေ၊သေအောင်၊ ဒိဋ္ဌိမကွာ၊ ကွာအောင် ဒိဋ္ဌိမချုပ်၊ချုပ်အောင်၊ မပြုတ်၊ပြုတ်အောင် နည်းအမျိုးနဲ့ လုပ်ပြနေတာလို့။ ဒါကြောင့် ဒီထိအောင် မဟာကရုဏာတော် ပြဋ္ဌာန်းပြီးတော့ သတ္တ၀ါများ ရင်၀ယ်သားကဲ့သို့ သနားတော်မူပါသဖြင့် တစ်နည်းနဲ့ မရရင် တစ်နည်းနဲ့ရပါစေဆိုတဲ့ အနေအားဖြင့် ကိုယ်တော်မြတ် ဒီလိုပဲ ထပ်ပြန်တလဲလဲ ဟောသွားတာ။ ဒါ ပေါ့ပေါ့ဆဆ တော်ရိလျော်ရိနဲ့၊ ၀တ်ကျေတန်းကျေနဲ့ ဒီလိုသာ နေမယ်ဆိုလို့ရှိရင် အပါယ်တံခါးက မပိတ်ဘူးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ မဟာကရုဏာတော် ပြဋ္ဌာန်းတာနဲ့ လိုက်လျော အောင်, လျော်ညီအောင် တစ်နည်းမရ တစ်နည်းရမယ်ဟဲ့၊ တစ်နည်းမပြတ်သားရင် တစ်နည်း ပြတ်သားရမယ်ဟဲ့ ဒီလို သဘောထားစမ်းပါ။ ဒါ ဧကတ္တနည်း၊ အခုညပါနဲ့ဆို လေးညရှိပြီ နော် (မှန်ပါတယ်ဆရာ)၊ ဥပမာနဲ့ ပြထားတာ မရှင်းစရာ ဘာမှမရှိဘူး၊ လိုရင်းကိုမှတ်။ မင်း သုံးညထပ်ပြီး ပြောနေတာ တခြားဟာတွေ ပြောတာ မဟုတ်ဘူး။ သရက်စေ့ မျိုးစေ့လေးကနေပြီးတော့ မြေနဲ့ ရေနဲ့တွေ့တဲ့အခါကျတော့ အညှောက်လေး, အညွန့်လေး, ပင်စည်လေး, ပင်လုံးလေး, ပင်မကြီး, ခက်မငါးဖြာ, အရွက်, အပွင့်, အသီး, မျိုးစေ့ ဆက်စပ်ပြီး ဖြစ်သွားလို့၊ ဒီလို ပင်လုံး ပင်မကြီးဘ၀

http://www.dhammadownload.com



ရောက်လို့ တစ်ဖက်လောက်ရှိလာတဲ့ အချိုးကျတော့ ပြန်ကြည့်စမ်း၊ မျိုးစေ့ထဲက ပထမပေါက်လာတဲ့ အညှောက်ကလေးနဲ့ ဒီပင်မကြီးနဲ့ တစ်ဆက်တည်း ဆက်နေပုံဆိုတဲ့ သန္တာန်အစဉ် မြင်ရဲ့လား (မြင်ပါပြီ ဆရာ)၊ အဲဒါညတိုင်း မင်းမြင်နေတာပဲ နော် (မှန်ပါတယ်ဆရာ)၊ ပြောလိုက်ရင် မြင်ပါတယ် ခင်ဗျာ၊ မြင်ပါတယ် ခင်ဗျာ။ သန္တာန်အစဉ်ဆက်နေပုံ မြင်ရဲ့လား (မြင်ပါပြီဆရာ)။

အခုလည်း ဒီပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ်ဟာ အဝိဇ္ဇာကစ ဇရာမရဏကျအောင် သန္တာန် အစဉ်ကြီး ဆက်မနေဘူးလား (ဆက်နေပါတယ်ဆရာ)၊ ဟေတုဖလသမ္ဗန္ဓေန-အကြောင်းနဲ့အကျိုး ဆက်စပ်ပါသဖြင့်၊ မှတ်နော်၊ သမာဓိကောင်းကောင်းထား၊ တစ်လုံးကောင်းတော့ ရကြပါစေ။ ဟေတု-ဖလသမ္ဗန္ဓေန၊ အကြောင်းနဲ့အကျိုး ဆက်စပ်သဖြင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ သန္တာနဿ၊ သန္တာန်အစဉ်၏။ နာနုပစ္ဆေဒါဝဗောဓတော၊ မပြတ်ခြင်းကို ထိုးထွင်း၍ သိသောကြောင့်။ ဥစ္ဆေဒဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တို့ ပဋိစ္စသမုပ္ပါဒ်ကြည့်ရင် သံသရာစက်ရဟတ်ကြီး လည်နေတာ - ငါလည်၊ သူလည်၊ ပုဂ္ဂိုလ်လည်၊ သတ္တဝါလည် ဆို ဟုတ်ပါ့လား (မဟုတ်ပါဘူးဆရာ)၊ ဘာတွေ လည်နေတာလဲ (အကြောင်းအကျိုး နှစ်ပါးဆက်လက် လည်နေ ပါတယ်ဆရာ)၊ ဘာတရားတွေတုံး၊ (ရုပ်နာမ်တရားတွေပါဆရာ)၊ ဩော် - ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး လား (မှန်ပါတယ်ဆရာ)၊ သူတို့ချင်း သူတို့ချင်း အကြောင်းအကျိုး ဆက်စပ်ပြီး လည်နေတယ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ သံသရာက ဘယ်ကစ လည်တုံး အဝိဇ္ဇာ, (အဝိဇ္ဇာက,စ လည်ပါတယ်ဆရာ)၊ အဝိဇ္ဇာက စလည်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက ရှေ့ဦး, ရှေ့ဖျားထားပြီးတော့ ဘုရားကိုယ်တော်မြတ် ဟောသွား တယ်၊ မသိတာက စတာပဲလို့။ ဒါကြောင့် သံသရာ ဘယ်ကစ၊ မသိတာက စ၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သံသရာ ဘယ်က စတာလဲ (မသိတာက စပါတယ်ဆရာ)၊ အေး - မသိတာက စတယ်။

ဒါကြောင့် အဝိဇ္ဇာက စတယ်၊ ကြည့်စမ်း - သံသရာကြီးလည်နေတာ၊ စက်ဝိုင်းသေသေချာ ချာကြည့်၊ လက်စသတ်တော့ ဒီတရားတွေဟာ အပြင်ပဖြစ်နေတဲ့တရားတွေလား အောက်မေ့ပါတယ်။ ငါ့အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ဖြစ်နေတဲ့ တရားတွေပါပဲလား မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ လွန်ခဲ့သော အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရ ရှိခဲ့လို့, လုပ်ခဲ့လို့ အခုဘဝလာပြီးတော့ ပဋိသန္ဓေဥပါဒ်က စပြီးတော့ ဝိညာဏဓာတ်ကြီး ပေါ်လာတယ်။ ၎င်းနောက် နာမ်ရုပ်တဲ့၊ ၎င်းနောက် သဠာယတနတဲ့၊ ၎င်းနောက် ဖဿ၊ ၎င်းနောက် ဝေဒနာ၊ ၎င်းနောက် တဏှာ, ဥပါဒါန်, ဘဝ၊ ဘဝနောက်ဆုံးထားလို့

http://www.dhammadownload.com



ပစ္စုပ္ပန်တရားစု၊ ဟောဒီက သေပြန်တော့ ဒုတိယဘဝ သွားအုံးမယ် ဇာတိ ဇရာ မရဏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုကြီး မရပ်မနား ဆက်စပ်ပြီး လည်နေတဲ့ သံသရာစက်ရဟတ်ကြီးရဲ့ ဖြစ်စဉ်မှာ အကြောင်းနဲ့အကျိုး၊ အကြောင်းနဲ့အကျိုး ဆက်စပ်ဆက်စပ်သွားလိုက်တာ-တဲ့၊ ဘယ်နေရာမှာ အကြောင်းနဲ့အကျိုး မစပ်ဘဲနဲ့ ရပ်နေတာ ရှိရဲ့လား (မရှိဘူးဆရာ)၊ ပြတ်နေတာကော ရှိရဲ့လား (မရှိဘူးဆရာ)၊ နားနေတာကော ရှိရဲ့လား (မရှိပါဘူးဆရာ)၊ ခုနက သရက်စေ့ အညွန့်ကလေး ပေါက်တာ၊ အညှောက်လေးပေါက်တာကနေပြီး ပင်မကြီးထိအောင် ဆက်လာတာနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ တူရဲ့လား (တူပါတယ်ဆရာ)။ အဲဒါ သန္တာန်အစဉ်ရဲ့ မပြတ်တဲ့ သဘောလေးတွေ ပြောနေတာ နော် (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် - "ယံ သမ္မာ ပဿန္တော ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟတိ"။ ယံ၊ အကြင်ဧကတ္တနည်းကို။ သမ္မာ ပဿန္တော၊ မဖောက်မပြန် မှန်မှန်ကန်ကန် ကျကျနန မြင်သောသူသည်။ ဟေတုဖလသမ္ဗန္ဓေန၊ အကြောင်းနဲ့အကျိုး ဆက်စပ်သဖြင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ သန္တာနဿ၊ သန္တာန်အစဉ်၏။ နာနုပစ္ဆေဒါဝဗောဓတော၊ မပြတ်ခြင်းကို ထိုးထွင်း၍ မြင်သဖြင့်။ ဥစ္ဆေဒဒိဋ္ဌိံ၊ ဥစ္ဆေဒဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ ဒါဖြင့် သံသရာကြီး ကျင်လည်လာတာ သံသရာအစက ယခုဘဝရောက်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ နောင်လည်း နိဗ္ဗာန်မရောက်မချင်း ဆက်ပြီးတော့ ကျင်လည်အုံးမှာပဲလား (ကျင်လည်မှာပါဆရာ)၊ သံသရာ အစ အဆုံးကို ဉာဏ်မျက်စိနဲ့ မျှော်ကြည့်။ ဩော် - သံသရာကြီး၊ တို့ ကျင်လည်လာတာ တစ်ဘဝပြီး တစ်ဘဝ, တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ "အနမတဂ္ဂ" တစ်သံသရာလုံး ကျင်လည်လာကြတယ်။ အဲဒီကျင်လည်လာတဲ့ ဘဝပေါင်းများစွာကို အခု ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ပြထားတဲ့ သဘာဝနဲ့ ဆက်စပ်ကြည့်လိုက်တော့ ဘယ်နေရာမှ အပြတ်မရှိဘူး။ ဘယ်နေရာမှာ တစ်ဘဝနဲ့တစ်ဘဝ မဆက်ဘဲနဲ့ ရပ်နေတယ် မရှိဘူး၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ တစ်ဘဝနဲ့ တစ်ဘဝ မကူးမဆက်ဘဲနဲ့ ဘယ်နေရာ ခြားနေတာလို့ မရှိဘူး၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ တစ်ဆက်တည်းကြီး မနေဘူးလား (တစ်ဆက်တည်းပါဆရာ)၊ အဲဒီလို သန္တာန်အစဉ်ရဲ့ဖြစ်စဉ်ကြီးကို တစ်ဆက်တည်း မြင်လိုက်တော့ ကား-တဲ့ ဒီဘဝ ဖြစ်ပြီးရင် နောက်ထပ် ဘာမှမဖြစ်၊ သေဆုံး လောင်တိုး ဘာဒိဋ္ဌိလဲ၊ (ဥစ္ဆေဒဒိဋ္ဌိပါဆရာ)၊ အဲ - အဲဒီအယူဝါဒ မင်းယုံသေးရဲ့လား (မယုံပါဘူးဆရာ)၊ တစ်ပါးသောပုဂ္ဂိုလ်က ဟောရင်, ပြောရင် ယုံအုံးမှာလား (မယုံပါဘူးဆရာ)၊ ဒီဘဝဖြစ်ပြီးရင် နောက်မျှော်လင့်ချက်မရှိဘူး၊ နောက်ဘဝတွေ၊ အတိတ်ဘဝတွေ၊ အနာဂတ်ဘဝတွေ ရှိတယ် ပြောတာ အလကား၊ ဒီဘဝမှာ သူ့သဘာဝ

http://www.dhammadownload.com



အလျောက် ပေါ်ပေါက်လာပြီးတော့ တော်ကြာ ပျက်သွား၊ ဖြုတ်ဆို ပျက်သွား၊ ပျက်သွားပြီးတော့ နောက်ဘာမှ မဖြစ်ဘူး။ ဒီလိုပြောရင် ယုံအုံးမှာလား (မယုံပါဘူးဆရာ)၊ ဒါပေမယ့် ဘုရားစကားနဲ့ အလကားစကား၊ အလကားစကားတွေကို တဖြည်းဖြည်းနဲ့ ယုံယုံ ယုံယုံလာကြတယ်လို့ ငါတစ်နေ့ ညက ပြောပေ့ါ နော် (မှန်ပါတယ်ဆရာ)၊ ဘုရားစကား မယုံကြည်ဘဲနဲ့၊ ဘုရားစကား ပစ်ပယ်ပြီးတော့ အလကားစကားတွေ ယုံကြည်ကြတယ်လို့ အမှားမှား အယွင်းယွင်းဖြစ်လာ၊ အင်မတန် ကြောက်စရာ ကောင်းတယ်။ ဒါ ဥစ္ဆေဒဒိဋ္ဌိဘက်ပါသွားပေ့ါ၊ ဥစ္ဆေဒဒိဋ္ဌိအယူတန်းလန်းနဲ့ ဖြစ်သွားပေ့ါ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဧကတ္တနည်းရဲ့အဓိပ္ပါယ်။

ဒါကြောင့် "ဧဝံ ဗီဇဿ အင်္ကုရာဒိဘာဝေန ရုက္ခဘာဝပ္ပတ္တိ ဝိယ သန္တာနာနုပစ္ဆေဒေါ ဧကတ္တနယော နာမ"။ ဧဝံ၊ ဤသို့။ ဗီဇဿ၊ မျိုးစေ့လေး၏။ အင်္ကုရာဒိဘာဝေန၊ အညွန့်စသည်၏ အဖြစ်ဖြင့်။ ရုက္ခဘာဝပတ္တိ ဝိယ၊ သစ်ပင်ကြီးရဲ့အဖြစ်သို့ ရောက်သကဲ့သို့။ သန္တာနာနုပစ္ဆေဒေါ၊ သန္တာန် အစဉ်၏ မပြတ်ခြင်းသည်။ ဧကတ္တနယော နာမ၊ ဧကတ္တနည်းမည်၏။ "ယံ သမ္မာ ပဿန္တော ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟတိ"။ နော် (မှန်ပါတယ်ဆရာ)၊ ယံ၊ အကြင်ဧကတ္တနည်းကို။ သမ္မာ ပဿန္တော၊ မဖောက်မပြန် မှန်မှန်ကန်ကန် မြင်သော ပုဂ္ဂိုလ်သည်။ ဟေတုဖလသမ္ဗန္ဓေန၊ အကြောင်းနဲ့အကျိုးဆက်စပ်သဖြင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ သန္တာနဿ၊ သန္တာန်အစဉ်၏။ နာနုပစ္ဆေဒါဝဗောဓတော၊ မပြတ်ခြင်းကို ထိုးထွင်း၍ မြင် သဖြင့်, သိသဖြင့်။ ဥစ္ဆေဒဒိဋ္ဌိံ၊ ဥစ္ဆေဒဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ မှတ်ထား - အခု ပဋိစ္စသမုပ္ပါဒ် ကြီးမှာ အကြောင်းနဲ့အကျိုး ဆက်စပ် ဆက်စပ်သွားတာ ဟိုသံသရာအစကတည်းက ကနေ့ကျအောင် (တစ်နည်း) သံသရာအစကတည်းက နိဗ္ဗာန်ကျအောင် ဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး အဆက်မပြတ် အကြောင်းနဲ့အကျိုး ဆက်စပ်နေတယ်၊ ဘယ်ဘဝမှ အကြားလေးမရှိဘူး၊ ဘယ်ဘဝမှ အကြောင်းနဲ့ အကျိုး ကင်းပြီးတော့ ပြတ်နေတယ်, ရပ်နေတယ် မရှိဘူး။ နားလည်လား (နားလည်ပါတယ်ဆရာ)။

အဲဒီလို ထိုးထွင်းပြီး သိသွားရင်တဲ့ စောစောက ပြောတဲ့ ဒီဘဝ ဒီတစ်ခါဖြစ်ပြီး နောက်ဘာမှ မဖြစ်ဘူး။ "ဥစ္ဆေဒဒိဋ္ဌိ"ဆိုတဲ့ အယူဝါဒ ယူအုံးမှာလား (မယူပါဘူးဆရာ)၊ သူများဟောတော့ ယုံအုံး မှာလား (မယုံပါဘူးဆရာ)၊ သူများတွေ ဆွဲဆောင်တော့ ပါအုံးမှာလား (မပါပါဘူးဆရာ)၊ ဘုရား စကားပဲ ယုံတော့တယ်လား (မှန်ပါတယ်ဆရာ)။ ဘုရားစကားယုံတာလည်း သဘောအဓိပ္ပါယ် သိသွားလို့လား (မှန်ပါတယ်ဆရာ)၊ အေး - အဲဒါကို မြင်စေချင်လို့၊ ထပ်ပြန်တလဲလဲ ပြနေတာလို့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မှတ်ကော မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘယ်နှစ်ည

http://www.dhammadownload.com



ခံမတုံး (ခံပါလိမ့်မယ်ဆရာ)၊ ဩော် - အပိုင်းအခြားတောင် သူမပြောနိုင်ဘူး၊ မှတ်ထား နော် (မှတ်ထားပါတယ်ဆရာ)၊ ဒါ ဧကတ္တနည်း၊ ပြီးတော့မှ ဒုတိယ၊ ဒုတိယထောင့်တစ်ထောင့်ကနေ ကြည့်စမ်းပါအုံး-တဲ့။ ဒီတရားတစ်ဆယ့်နှစ်ပါးပဲတဲ့၊ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ နော် (မှန်ပါတယ်ဆရာ)၊ ဒီစက်ပါပဲ၊ ဒီစက်ဘဝကြီးပါပဲ၊ ဒီလည်တဲ့ တရားကိုယ် တရားသားပါပဲတဲ့။ ဒါဖြင့် ထောင့်တစ်ထောင့်က နေပြီးတော့ ကြည့်စမ်းပါတဲ့-(တစ်နည်း) နော် (မှန်ပါတယ်ဆရာ)၊ ဒုတိယနံပါတ်နှစ်ဆိုတဲ့ ထောင့်တစ်ထောင့်ကနေ ကြည့်လိုက်တော့ ဘယ်လိုမြင်လာလဲ ဆိုတော့ ဩော် - အဝိဇ္ဇာရယ်, အဝိဇ္ဇာက စဖြစ်တယ်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သ-တဲ့။ သမာဓိကောင်းကောင်းထားနော်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သတဲ့။ အဲဒီ ဒုတိယထောင့်ကနေ ကြည့်စမ်း -

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းအကျိုးတော့ မပြတ်ဘူးပေါ့ (မပြတ်ပါဘူးဆရာ)၊ အေး - ဟုတ်ပြီ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သတဲ့၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာမရဏ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ သန္တာန်အစဉ်ကြီးကတော့ ဆက်နေတာပေါ့ နော် (ဆက်လျက်သားပါဆရာ)၊ အကြောင်းနဲ့အကျိုး ရပ်နေတာ မတွေ့ဘူးပေါ့ (မတွေ့ပါဘူးဆရာ)၊ အကြောင်းနဲ့ အကျိုး ဆက်တာချည်းပဲလား (ဆက်တာချည်းပါပဲဆရာ)၊ အေး - ဒါကြောင့် ဒီသန္တာန်အစဉ်ကြီးဟာ မပြတ်တာ မြင်နေလို့ "ဧကတ္တနည်း"လို့ ပထမထောင့်ကကြည့်တော့ ဒီလိုမြင်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကိုင်း - ဒုတိယထောင့်က ကြည့်ကြစို့-တဲ့။

မင်းကိုယ်တိုင်ပြော နော်၊ ဒုတိယထောင့် သေသေချာချာကြည့်စမ်း၊ ပထမဆုံး အဝိဇ္ဇာက စတယ်လား (မှန်ပါတယ်ဆရာ)။ အဝိဇ္ဇာကြောင့် ဘာဖြစ်တယ် (သင်္ခါရဖြစ်ပါတယ်ဆရာ)၊ သင်္ခါရကြောင့် ဘာဖြစ်တယ်။ (ဝိညာဏ်ဖြစ်ပါတယ်ဆရာ)၊ ဝိညာဏ်ကြောင့် ဘာဖြစ်တယ် (နာမ်ရုပ်ဖြစ်ပါတယ်ဆရာ)၊ အေး - တော်တော့ တော်တော့၊ နောက်လည်း ဒီလိုသွားမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကောင်းပြီ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ ဒီလိုအကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးပြထားတဲ့အနက်က အကြောင်းတရား အဝိဇ္ဇာက သေသေချာချာကြည့်၊ တရားကိုယ်ကောက်တော့ ဘာရ (မသိတာ ရပါတယ်ဆရာ)၊ ဟောဗျာ - (မောဟရပါတယ်ဆရာ)၊ သုတ်သီးသုတ်ပျာ မလုပ်စမ်းပါနဲ့။ ဆပ်ပြာသည် လင်ပျောက်သလို၊ အဝိဇ္ဇာက တရားကိုယ်ကောက်တော့

http://www.dhammadownload.com


ဘာရ (မောဟရပါတယ်ဆရာ)၊ မြန်မာလို အဓိပ္ပါယ်ပြန်တော့ ဘာတဲ့ (မသိတာပါဆရာ)၊ အေး- ဒီလိုသွားရမှာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက တရားကိုယ်ကောက်တော့ မောဟတဲ့။ မြန်မာလို ပြောတော့ မသိတာတဲ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သင်္ခါရကျတော့ "အဘိသင်္ခရဏလက္ခဏာ"လို့။

အဝိဇ္ဇာတုန်းကတော့ "အညာဏလက္ခဏာ"နော် (မှန်ပါတယ်ဆရာ)၊ သင်္ခါရကျတော့ "အဘိသင်္ခရဏလက္ခဏာ"တဲ့။ အားထုတ်ခြင်း, ပြုလုပ်ခြင်း (စေ့ဆော်တိုက်တွန်း) လက္ခဏာရှိတယ်တဲ့ တရားကိုယ်ကောက်တော့ ဘာတွေရ (စေတနာတွေရပါတယ်ဆရာ)၊ ဘာစေတနာတွေတုံး မှတ်မိသေးရဲ့လား (ကုသိုလ်ကံစေတနာနဲ့ အကုသိုလ်ကံစေတနာပါဆရာ)၊ အေး - လောကီကုသိုလ်မှာ ယှဉ်တဲ့စေတနာနဲ့၊ အကုသိုလ်မှာယှဉ်တဲ့ စေတနာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ စေတနာ ဘယ်လောက်များပါလိမ့် (နှစ်မျိုးပါဆရာ)၊ ဘယ်လောက်များတုံး၊ ငါ့ သူက အချိုသတ်တာ၊ ဘယ်လောက်များ၊ လောကီကုသိုလ်စေတနာက ဘယ်လောက်တုံး၊ အေး - မသိဘူးဟ (ဆယ့်နှစ်ပါးပါဆရာ)၊ ချလိုက် ချလိုက်, အုပ်သာအုပ်လိုက်၊ မင်းလိုမှ မသိတဲ့ သင်တန်းသားတွေကကလည်း မင်းကို အထင်ကြီးသွားမှာ၊ ကိုသန်းဖေ တော်တော်၊ တော်သားပဲ ပြောလိုက်ရင် ဒက်ခနဲ၊ ပြောလိုက်ရင် ဒက်ခနဲ မမှန်တာက တခြားပေါ့နော်။ ဟား, ဟား . လောကီကုသိုလ်က ဆယ့်ခုနစ်ပါး မဟုတ်ဘူးလားဟ (ဆယ့်ခုနစ်ပါးပါဆရာ)၊ အကုသိုလ်က ဘယ်လောက်တုံး (တစ်ဆယ့်နှစ်ပါးပါဆရာ)၊ ဒါပေါင်းလိုက်လို့ရှိရင် (နှစ်ဆယ့်ကိုးပါးပါဆရာ)၊ အေး - ဒီကုသိုလ် အကုသိုလ် နှစ်ဆယ့်ကိုးနဲ့ ယှဉ်တဲ့ စေတနာ နှစ်ဆယ့်ကိုးပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ကြည့် ကြည့် - ဒါဖြင့်ရင် အဝိဇ္ဇာက အကြောင်း၊ သင်္ခါရက အကျိုး ဒုတိယထောင့်နော်၊ သမာဓိကောင်းကောင်းထား။ ပဋိစ္စသမုပ္ပါဒ်ကြီးက ဒီထောင့်က ရပ်ကြည့်တော့ ဒီလိုမြင်မှပဲ၊ ဒီလို နားလည်ရမယ် နော် (မှန်ပါတယ်ဆရာ)၊ ကြည့်စမ်း -

အဝိဇ္ဇာအကြောင်းတရား တရားကိုယ်နဲ့ သင်္ခါရအကျိုးတရားရဲ့တရားကိုယ်နဲ့ တူရဲ့လား၊ ဟောဗျာ ဘယ့်နဲ့ဖြစ်သွား၊ ဘယ့်နှယ့်တုံးဟ (မတူပါဘူးဆရာ)၊ အောင်မယ် . . ဘာမင်း စဉ်းစားတာတုံး၊ ဘာစဉ်းစားတာတုံး စဉ်းစားတာက၊ တွေးနေတာ ပြောစမ်းပါဦး၊ အဝိဇ္ဇာရဲ့တရားကိုယ်နဲ့ သင်္ခါရရဲ့ တရားကိုယ် တူရဲ့လားလို့ ငါမေးနေ (မတူပါဘူးဆရာ)၊ မတူဘူးလား (မတူပါဘူးဆရာ)၊ စောစောက သိရဲ့လား မတူမှန်း (မသိဘူးဆရာ)၊ အဲ- ဟုတ်ပါတယ်။ အဝိဇ္ဇာရဲ့တရားကိုယ်က ဘယ်သူရတာတုံး (မောဟပါဆရာ)၊ သင်္ခါရနဲ့တရားကိုယ်က ဘယ်သူရတာတုံး (စေတနာပါဆရာ)၊ ဒါ ဒီနှစ်ခုကို မင်းသိလျက်သားနဲ့မှ တူ, မတူကို ရုတ်တရက်မေးတာ မဖြေနိုင်တာ ငါလည်း အံ့ဩပါကွာ၊ တူသလား

http://www.dhammadownload.com



(မတူပါဘူးဆရာ)၊ မတူဘူး မဟုတ်လား (မတူပါဘူးဆရာ)၊ အဝိဇ္ဇာရဲ့တရားကိုယ် မောဟ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သင်္ခါရတရားကိုယ်က ကုသိုလ်စေတနာနဲ့ အကုသိုလ်စေတနာ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ တူရဲ့လား (မတူပါဘူးဆရာ)။

ကိုင်း - လက္ခဏာချင်းကြည့်စမ်းပါဦးကွာ - အဝိဇ္ဇာရဲ့လက္ခဏာက "အညာဏလက္ခဏာ" တဲ့လား (မှန်ပါတယ်ဆရာ)၊ သင်္ခါရလက္ခဏာက "အဘိသင်္ခရဏလက္ခဏာ" (မှန်ပါတယ်ဆရာ)၊ မှန်ပါတယ်ချည်းပဲဟ။ အဝိဇ္ဇာရဲ့ လက္ခဏာက ဘာတဲ့ (အညာဏလက္ခဏာ ပါဆရာ)၊ မြန်မာလို ပြောတော့ ဘာတုံး (မသိတာပါဆရာ)၊ အေး - ဟုတ်ပြီ။ သင်္ခါရရဲ့ လက္ခဏာကျတော့ ဘာကောက် (အဘိသင်္ခရဏလက္ခဏာ ပါဆရာ)၊ မြန်မာလိုပြောတော့ ဘာတုံး (ကံနှစ်ဝ ပါဆရာ)၊ ဟင်း, ဟင်း ချလိုက်တာပဲ၊ ဘာမှ မပြောနဲ့။ အားထုတ်ခြင်း (တိုက်တွန်းခြင်း) တဲ့ နော် (မှန်ပါတယ်ဆရာ)၊ "အာယူဟန ကံနှစ်ဝ" ဒီလောက်ဆို ကံနှစ်ဝကို မှတ်ထားတာကိုးကွ ဟိုလက်ာလေးထဲ၊ ဟုတ်ကဲ့လား ဟင် (မှန်ပါတယ်ဆရာ)၊ "အာယူဟန ကံနှစ်ဝ" ကို ဆိုတာ နောက်က ကံနှစ်ဝ သူမှတ်ထားတာ။ "အာယူဟန" ဆိုတာ ကံနှစ်ဝပဲ ဟုတ်လား။ တစ်လုံးချင်းခွဲလိုက်တော့ မင်း, မင်းအရှက်ကွဲနေတာပေါ့။ "အာယူဟန" ပုဒ်က အားထုတ်ခြင်း, ပြုလုပ်ခြင်း၊ ဘာတွေ အားထုတ်၊ ဘာတွေ လုပ်တယ်ဆိုမှ ကံနှစ်ဝ ပေါ်လာတယ်၊ "ကံနှစ်ပါးကို" တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် အကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါး မတူဘူးပေါ့ကွ (မတူပါဘူး ဆရာ)၊ ဟော - ကွဲပြားနေပြီပေါ့ နော် (မှန်ပါတယ်ဆရာ)၊ သူ့နောက်တစ်ခါကြည့်ပြန်တော့ သင်္ခါရနောက် ဝိညာဏ်-တဲ့။ ဝိညာဏ်တရားကိုယ်တရားသားနဲ့ သင်္ခါရတရားကိုယ် တရားသား တူသေးရဲ့လား (မတူပါဘူးဆရာ)၊ မတူပြန်ဘူး။

ဟိုက ပဋိသန္ဓေစိတ် တစ်ဆယ့်ကိုး ရသွားပြန်ပြီ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုပဲ လျှောက်ကြည့်စမ်းပါကွာ - ဝိညာဏ်နောက် နာမ်ရုပ်တဲ့၊ နာမ်ရုပ်တရားကိုယ်နဲ့ ဝိညာဏ်တရားကိုယ် တူသေးရဲ့လား (မတူပါဘူးဆရာ)၊ ဝိညာဏ်က အကြောင်း၊ နာမ်ရုပ်က အကျိုး နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းတရားကိုယ်နဲ့ အကျိုးတရားကိုယ်နဲ့ တူသေးရဲ့လား (မတူပါဘူးဆရာ)၊ စပ်လို့မရ, ဟပ်လို့ မရဘူးကွ။ တစ်သဘောစီ ထွက်, ထွက်လာလိုက်ကြတာ အစိတ်စိတ် အမွှာမွှာ အသီးသီး အခြားခြား နော် (မှန်ပါတယ်ဆရာ)၊ နာမ်ရုပ်က အကြောင်းဖြစ်တော့ သဠာယတနက အကျိုးဖြစ်။ နာမ်ရုပ်ဆိုတဲ့ အကြောင်းတရား တရားကိုယ် တရားသားနဲ့ သဠာယတန အကျိုးတရားရဲ့ တရားကိုယ် တရားသား တူသေးရဲ့လား (မတူပါဘူးဆရာ)၊ မတူပြန်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ကြည့်နော် သေသေချာချာ

http://www.dhammadownload.com



လျှောက်ပြီးတော့ သဠာယတန အကြောင်းတရားကြောင့် ဖဿဖြစ်တယ်ဆိုတော့ သဠာယတန အကြောင်းတရား တရားကိုယ်တရားသားနဲ့ ဖဿရဲ့တရားကိုယ် တရားသား တူသေး လား (မတူပါဘူးဆရာ)၊ ဖဿဆိုတဲ့ အကြောင်းကြောင့် ဝေဒနာဖြစ်တယ် ဆိုတော့ ဖဿအကြောင်း တရားကိုယ် တရားသားနဲ့ ဝေဒနာရဲ့ တရားကိုယ် တရားသားနဲ့ တူသေးရဲ့လား (မတူပါဘူးဆရာ)၊ မတူဘူး နော် (မတူပါဘူးဆရာ)၊ သူ့နောက်နားက ဒီအတိုင်းသွားတာပဲ၊ ဝေဒနာတရားကိုယ် တရားသားနဲ့ တဏှာတရားကိုယ် တရားသားနဲ့ တူရဲ့လား၊ (မတူပါဘူးဆရာ) မတူဘူးနော် (မတူပါဘူး ဆရာ)၊ တဏှာတရားကိုယ် တရားသားနဲ့ ဥပါဒါန်တရားကိုယ် တရားသားနဲ့ တူသေးလား (မတူပါ ဘူးဆရာ)၊ မတူဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါတော့ မတူဘူးဆိုတော့ ဒီမှာ တူနေတာ ရှိတယ်၊ လောဘ, လောဘ ကောက်ထားတာကိုကွ နော် (မှန်ပါတယ်ဆရာ)။ ပရိယေသနဒုက္ခအကြောင်း ရင်းရှိတဲ့ လောဘနဲ့ အာရက္ခဒုက္ခအကြောင်းရင်းရှိသော လောဘပေါ့ နော် (မှန်ပါတယ်ဆရာ)၊ တဏှာလောဘနဲ့ ဥပါဒါန်လောဘ၊ လောဘတော့ အတူတူပဲတဲ့။ ဒါပေမယ့် တဏှာလောဘက ဥပနိဿယပစ္စည်းအားဖြင့် ကျေးဇူးပြုပေးလို့ ဥပါဒါန်လောဘ ဖြစ်တာလို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုလဲ ကွဲသွားတယ်။ ပြီးတော့ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုတော့ ဥပါဒါန်ရဲ့ တရားကိုယ် တရားသားနဲ့ ဘဝရဲ့တရားကိုယ် တရားသား တူသေးရဲ့လား (မတူပါဘူးဆရာ)၊ မတူပြန်ဘူး။

ဒါပေမယ့် ဘဝရဲ့ တရားကိုယ် တရားသားနဲ့ ဇာတိရဲ့ တရားကိုယ် တရားသား တူရဲ့လား (မတူပါဘူးဆရာ)၊ ဇာတိတရားကိုယ် တရားသားနဲ့ ဇရာမရဏတရားကိုယ် တရားသား တူသေးရဲ့ လား (မတူပါဘူးဆရာ)၊ ဟော - အကြောင်းတရားနဲ့အကျိုးတရား တရားကိုယ် တရားသားချင်း လုံးဝ မတူ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တစ်မျိုးစီ တစ်မျိုးစီ ဖြစ်, ဖြစ် မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ အကြောင်းတရားလက္ခဏာနဲ့ အကျိုးတရားလက္ခဏာ မတူ၊ တစ်မျိုးစီ မနေ ဘူးလား (တစ်မျိုးစီနေပါတယ်ဆရာ)၊ အဲဒါ ဒုတိယ နံပါတ်နှစ်ဆိုတဲ့ ထောင့်ကနေ ကြည့်တာ နော် သေသေချာချာကြည့်၊ သမာဓိလည်း ကောင်းကောင်းထား။

မနက်ဖြန်ခါကျတော့ စာရွက်ကလေးတွေ ပြန်ဖြန့်ပြီး သေသေချာချာကြည့်၊ ဟုတ်တာပဲ ဒီလို ကြည့်လိုက်တော့လည်း အကြောင်းတရားနဲ့အကျိုးတရားက လက္ခဏာလည်း မတူဘူး၊ တရားကိုယ် တရားသားလည်း မတူဘူး၊ သဘောအဓိပ္ပါယ်လဲလည်း မတူဘူး၊ တူရဲ့လား (မတူပါဘူးဆရာ)၊ "နာနာ အတ္ထော နာနတ္ထော" = နာနာ၊ အထူးထူး အပြားပြား များသော။ အတ္ထော၊ သဘောတရားကိုယ် တရားသား။ နာနတ္ထော၊ အထူးအထူး အပြားပြား များသော သဘောတရားကိုယ်တရားသား။ တဲ့

http://www.dhammadownload.com


နော် (မှန်ပါတယ်ဆရာ)၊ ဖြစ်တဲ့နေရာ ကြည့်ပြန်တော့ အဝိဇ္ဇာဖြစ်ပြီးတော့ သင်္ခါရဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ သင်္ခါရပျောက်သွားပြန်ရော့လား (ပျောက်သွားပါတယ်ဆရာ)၊ ပြီးတော့ ဘယ်သူဖြစ် (ဝိညာဏ်ဖြစ်ပါတယ်ဆရာ)၊ ဝိညာဏ်ဖြစ်ပြီးတော့ (နာမ်ရုပ်ဖြစ်ပါတယ်ဆရာ)၊ နာမ်ရုပ် ဖြစ်ပြီးတော့ (သဠာယတနဖြစ်ပါတယ်ဆရာ)၊ သဠာယတနဖြစ်ပြီးတော့ (ဖဿဖြစ်ပါတယ်ဆရာ)၊ ဖဿဖြစ်ပြီးတော့ (ဝေဒနာဖြစ်ပါတယ်ဆရာ)၊ ဝေဒနာဖြစ်ပြီးတော့ (တဏှာဖြစ်ပါတယ်ဆရာ)၊ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ သွားပေါ့ကွ နော် (မှန်ပါတယ်ဆရာ)။

ဒါနဲ့ အဝိဇ္ဇာဖြစ်ပြီးတော့မှ သင်္ခါရဖြစ်တယ်ဆိုတော့ အဝိဇ္ဇာလည်း ချုပ်သွား၊ သင်္ခါရလည်း ပေါ်လာတယ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သူဖြစ်ပြီး သူဖြစ်တယ်၊ သူဖြစ်ပြီး သူဖြစ်တယ် ဆိုတော့ အဟောင်းက ပျောက်, ပျောက်ပြီးတော့ အသစ်တွေ ရောက်မလာဘူးလား (ရောက်လာပါတယ်ဆရာ)၊ ဒီထောင့်ကနေ ကြည့်တော့ ဒီလိုမြင်တာကိုးတဲ့၊ အကြောင်းတရားနဲ့ အကျိုးတရား ကွဲကွဲပြားပြား ခြားခြားနားနား လုံးဝမတူသော လက္ခဏာတို့, တရားကိုယ် တရားသားတို့ လာတွေ့နေပြီတဲ့၊ မတွေ့ဘူးလား (တွေ့ပါတယ်ဆရာ)၊ တွေ့နေပြီနော် (တွေ့နေပါတယ်ဆရာ)၊ ဒါဖြင့် အဟောင်းပျောက် အသစ်ရောက်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဟောင်းပျောက်လိုက် အသစ် ရောက်လိုက်၊ အဟောင်းပျောက်လိုက် အသစ်ရောက်လိုက်၊ ဖြစ်ပြီးရင်း ဖြစ်ရင်းပေါ့ (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဖြစ်ပြီးရင်း ဖြစ်၊ ဖြစ်ပြီးရင်း ဖြစ် ဥပါဒ်အစွန်းရှိ။ ဖြစ်ပြီးရင်း ဖြစ်၊ ဖြစ်ပြီးရင်း ဖြစ်၊ ဘာပြုလို့ တစ်လုံးချုပ်တော့, တစ်လုံးပျောက်မှ တစ်လုံးရောက်လာတာတဲ့။ အဝိဇ္ဇာ ပျောက်လိုက် သင်္ခါရရောက်လိုက်၊ သင်္ခါရပျောက်လိုက် ဝိညာဏ်ရောက်လိုက်၊ ဝိညာဏ်ပျောက် လိုက် နာမ်ရုပ်ရောက်လိုက်၊ နာမ်ရုပ်ပျောက်လိုက် သဠာယတနရောက်လိုက်၊ သဠာယတနပျောက် လိုက် ဖဿရောက်လိုက်၊ ဖဿပျောက်လိုက် ဝေဒနာရောက်လိုက်၊ ဝေဒနာပျောက်လိုက် တဏှာ ရောက်လိုက်၊ တဏှာပျောက်လိုက် ဥပါဒါန်ရောက်လိုက်၊ ဥပါဒါန်ပျောက်လိုက် ဘဝရောက်လိုက်၊ ဘဝပျောက်လိုက် ဇာတိရောက်လိုက်တဲ့၊ ဇာတိပျောက်လိုက် ဇရာမရဏရောက်လိုက်တဲ့၊ ဒီလိုမနေဘူး လား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် အသစ်ပြီး အသစ်၊ အသစ်ပြီးအသစ် ဖြစ်ဖြစ် ဖြစ်ဖြစ်သွားတာ မင်း မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ ဒီထောင့်က ကြည့်လိုက်တော့ ဒီလိုမြင်တာကိုးကွ နော် (မှန်ပါတယ် ဆရာ)၊ တစ်ခုနဲ့တစ်ခုလည်း သဘောမတူကြဘူးတဲ့၊ အကြောင်းတရားက တရားကိုယ် တရားသား တခြား၊ အကျိုးတရားက တရားကိုယ် တရားသားတခြား၊ အကြောင်းတရားက လက္ခဏာတစ်မျိုး၊ အကျိုးတရားက လက္ခဏာတစ်မျိုး ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



မနက်ဖြန်ခါ သေသေချာချာ ကြည့်နော် - မသိသေးတဲ့လူများ စာရွက်ကလေးချ သေသေချာချာကြည့်။ ဘယ်လောက်များ သဘာဝကျသလဲ ဆိုတာ မြင်လာလိမ့်မယ် မျက်စိထဲ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို မြင်တတ်လို့ရှိရင်တဲ့ ဒါ "နာနတ္တနည်း" ခေါ်တယ်တဲ့။ နာနတ္တနည်း - တစ်ခုနဲ့တစ်ခု မတူဘဲနဲ့ မူကွဲပြီးတော့ ဖြစ်နေတဲ့ တရားလုံးတွေတဲ့၊ ဆိုလိုတာက အဟောင်းပျောက်လိုက် အသစ်ရောက်တဲ့ တရားတွေတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါလေးတွေ မိမိဦးနှောက်ထဲမှာ ဉာဏ်လေးသွင်းပြီးတော့ စဉ်းစားကြည့်စမ်း။ လွယ်သယောင်နဲ့ ခက်တယ်၊ သိပ်တော့ မလွယ်လှဘူး၊ ဒီသဘောလေးပေါက်ဖို့ နော် (မှန်ပါတယ်ဆရာ)၊ ပြန်ကြည့်, ပြန်ကြည့် - အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ ဧကတ္တနည်းနဲ့ ပြတုန်းကတော့ အကြောင်းနဲ့အကျိုးသည် ဆက်စပ်ပြီး နေလို့ ပြတ်တာ၊ လပ်တာ မမြင်ရဘူး၊ အကြားမထင်ရဘူးတဲ့၊ တစ်ပြင်တည်းချည်း၊ တစ်ဆက်တည်းချည်းလို့ သန္တာန်အစဉ်ကြီး ဒီလိုသွားနေတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ယခု ဒီတောင့်ကနေ ကြည့်တော့ အခုနလို မြင်သေးရဲ့လားဟ၊ (မမြင်တော့ပါဘူးဆရာ)၊ အခု ဘယ်နှယ့်မြင်လာ၊ (တရားကိုယ် တရားချင်း ကွဲလာပါတယ်ဆရာ)၊ တရားကိုယ် တရားသားချင်းလည်း ကွဲတယ်၊ လက္ခဏာချင်းလဲ ကွဲတယ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ဖြစ်ပုံဖြစ်နည်းကျပြန်လည်းပဲ အဟောင်းပျောက်မှ အသစ်ရောက်လာတယ်လား (မှန်ပါတယ်ဆရာ)၊ အသစ်အသစ် ဖြစ်ဖြစ်၊ ဖြစ် ဖြစ်လာတယ်လား (မှန်ပါတယ်ဆရာ)၊ အဟောင်းတွေက ပျောက်ပျောက်သွားတယ်လား (ပျောက်ပျောက်သွားပါတယ်ဆရာ)၊ မှတ်ထားနော် ဒီသဘောလေး သေသေချာချာမိအောင် ကြည့်၊ အဟောင်းတွေက ပျောက်, ပျောက်သွား၊ အသစ်တွေက ရောက်, ရောက်လာ၊ အသစ် အသစ် အသစ် ဖြစ်ပြီးရင်း ဖြစ်ရင်း၊ ဖြစ်ပြီးရင်း ဖြစ်ရင်း ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ မြင်လို့ရှိရင်တဲ့ ဒါ"နာနတ္တနည်း"လို့ သိတာပဲတဲ့။ နာနတ္တနည်း သိတော့ ဘာဖြစ်သလဲလို့ မေး။ တစ်သံသရာလုံး မှားချင်တိုင်းမှား၊ စွဲချင်တိုင်းစွဲ၊ မြဲချင်တိုင်းမြဲ၊ လွဲချင်တိုင်းလွဲ ဆိုတဲ့ သဿတဒိဋ္ဌိပြုတ်တယ် နော် (မှန်ပါတယ်ဆရာ)၊ သဿတဝါဒသမားတွေ၊ သဿတဝါဒသမားတွေက များတယ်၊ ကံ, ကံ၏အကျိုး ယုံကြည်ကြတဲ့ လူမျိုးမှန်သမျှ သဿတဝါဒချည်းပဲ ဆိုတာ မှတ်ထား နော် (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါ အနေအားဖြင့် အတိတ် ပစ္စုပ္ပန် အနာဂတ် ဆိုတဲ့ ဘဝသုံးပါး, ကာလသုံးပါး တန်းလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘဝနဲ့ ကြည့်မယ်ဆိုလည်း အတိတ်ဘဝတုန်းကလာတဲ့ ဝိညာဏ်ကောင်လေးပေါ့ကွာ၊ ဒီဘက်ဘဝ ဘယ်သူလာဖြစ်တာဟေ့ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လူသေလို့ လူလာဖြစ်တာ၊ နတ်သေလို့ နတ်လာဖြစ်တာ၊ ဟိုဘက်ကနတ် ဒီဘက်လာဖြစ်၊ ဟိုဘက်လူ ဒီဘက်လာဖြစ်၊ ဘယ်သူဝင်စားတာ၊

http://www.dhammadownload.com



ဘယ်သူလာဖြစ်တာ၊ ဘာကြောင့်ဖြစ်၊ ညာကြောင့်ဖြစ် အတိတ်ဘဝ၊ ဒီဘဝသေပြန်တော့ ဒုတိယဘဝ ငါဖြစ်အုံးမှာ ဝိစိကိစ္ဆာတစ်ဆယ့်ခြောက်ပါးနဲ့ နော် (မှန်ပါတယ်ဆရာ)၊ တွေးတတ်တယ်၊ တွေးတတ်တယ်။ ဒါ "သဿတဝါဒ"ခေါ်တယ်။

ဒါကြောင့် ဒီဘဝလုပ်တဲ့ ကုသိုလ်ကံ, အကုသိုလ်ကံ အကျိုးဟာ နောင်ဘဝသွားပြီးတော့ ခံရအုံးမယ်၊ ဘယ်သူခံရ၊ မင်းလုပ် မင်းခံရမှာပေါ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘဝကြီးက တန်းမနေဘူးလား (တန်းနေပါတယ်ဆရာ)၊ သဿတဝါဒ ဘဝမြဲတယ်လို့၊ ဟို အတိတ် အနာဂတ် ပစ္စုပ္ပန် ဆိုတဲ့ အလွန်ကျယ်တဲ့ ဘဝကြီးကို မဆိုထားနဲ့၊ အခုလက်ရှိ ရောက်နေတဲ့ ပစ္စုပ္ပန်ဘဝထဲ သေသေချာချာ ကြည့်။ အမေမွေးလာကတည်းက ဒီစိတ်ကလေး, ဒီအသိဉာဏ်လေး နော် (မှန်ပါတယ်ဆရာ)၊ အမေမွေးလာတဲ့ အချိန်က, စ ခုအရွယ်ကျအောင် ဒီရုပ်, ဒီအသိဉာဏ်, ဒီနာမ် ဘယ်တော့မှ မပျက်ဘူး နော် (မှန်ပါတယ်ဆရာ)၊ သေခါမှ ချုပ်မှာ၊ သေခါမှ ပြုတ်မှာ-တဲ့၊ ဒီလို မယူဘူးလား (ယူပါတယ်ဆရာ)၊ ဒါ ဘာဝါဒ ခေါ်တာလဲ (သဿတဝါဒ ပါဆရာ)၊ ဟော - သဿတဝါဒ နော် (မှန်ပါတယ်ဆရာ)၊ တစ်နည်း - ငါမြင်တဲ့ ရူပါရုံလေးသည် ဘယ်တော့မှ မပျက်ဘူး။ မနက်က မြင်တာလည်း သူပဲ၊ အခုမြင်တာလည်း သူပဲ၊ နောက်မြင်အုံးမှာလည်း သူပဲ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ငါမြင်သိစိတ်ကလေးသည် မနေ့က ဒီလမ်းလျှောက်သွားလည်း ဒါမြင်နေကျ၊ ဒီစိတ်ကလေးပဲ ဒီနေ့ ထပ်မြင်၊ ဒီမြင်စိတ်ကလေးပဲ ဒီနေ့ ထပ်မြင် ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ သဿတဝါဒ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘဝအကျယ်ကြီးနဲ့ လှမ်းပြပြန်တော့ သမ္မုတိသစ္စာအနေအားဖြင့် ပြပြန်တော့ လွန်ခဲ့သော အတိတ်ဘဝက ငါ ကုသိုလ်ကံတွေ, ကောင်းမှုတွေ လုပ်ခဲ့လို့ ဒါနမျိုးစေ့တွေ ကြိုးစားအားထုတ်လို့ အခုဘဝ ငါလူချမ်းသာ လာဖြစ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့ လူမျိုးက ဒီတိုင်းသွားတယ်၊ သဿတဝါဒနော် (မှန်ပါတယ်ဆရာ)၊ ဘဝမြဲတယ်တဲ့။

ဟိုဘက်ဘဝကလိုက်လာတဲ့ ဝိညာဉ်ကောင်လေး ဒီဘက်ဘဝလာဖြစ်တယ်။ ဟိုဘက်က သတ္တဝါကောင်လေး ဒီဘက်လာပြောင်းဖြစ်တယ်၊ ဒီဘက်က သတ္တဝါကောင်လေး နောက်ဘဝ သွားဖြစ်အုံးမယ်။ သံသရာအစကတည်းက သတ္တဝါ ဝိညာဉ်ကောင်လေးက လာလိုက်တာလို့ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ ဘဝတွေပြောင်း၊ ခေါင်းတွေပြောင်းလာတာ ဒီဝိညာဉ်ကောင်လေး ကတော့ ဘယ်တော့မှ မပြောင်းခဲ့ဘူးလို့ သဿတအနေအားဖြင့် လွဲမှားတဲ့အယူ ခေါ်တယ်။ သဿတ ဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ သဿတဒိဋ္ဌိများ ရှိနေလို့ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကောင်းပါ့

http://www.dhammadownload.com



မလား (မရကောင်းပါဘူးဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရကောင်းဘူးပေါ့ နော် (မရကောင်းပါဘူး ဆရာ)၊ မရနိုင်ဘူးတဲ့ - ဘယ်လောက်ကြိုးစား, ကြိုးစား၊ ဘယ်လောက် အားထုတ်, အားထုတ်၊ ဘာပြုလို့ - မဂ်မရအောင် တားထားတဲ့ အန္တရာယ်ငါးပါးထဲ တစ်ပါးက ပါလာတယ် (တစ်ပါးအပါဝင် ပါဆရာ)၊ မဂ်မရအောင်တားတဲ့ အန္တရာယ်ငါးပါးထဲ တစ်ပါးပါးပါတယ်-တဲ့၊ ဘယ်လောက် ကြိုးစား, ကြိုးစား၊ ဘယ်လောက်အားထုတ်, အားထုတ်၊ ဘယ်လိုပဲ လုပ်လုပ်၊ အရိုးကြေကြေ အရေခန်းခန်း သေလုခမန်း အားထုတ် တစ်မဂ် တစ်ဖိုလ်ရဖို့ ခဲယဉ်းတယ်တဲ့၊ ဘာပြုလို့ မဂ်မရအောင် တားဆီးထားတဲ့ "မဂ္ဂန္တရာယ်"ခေါ်တဲ့ အန္တရာယ်ငါးပါးထဲက တစ်ပါးရနေ, တစ်ပါးရှိနေ၏-တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သဿတဝါဒတန်းလန်းနဲ့ နေတယ်၊ ဥစ္ဆေဒဝါဒတန်းလန်းနဲ့ နေတယ်။ ဘယ်တော့မှ မဂ်မရဘူး။

ဒါကြောင့် "သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ"တည်းဟူသော အယူနှစ်ပါး၊ "အတ္တကိလမထာနုယောဂ, ကာမသုခလ္လိကာနုယောဂ"တည်းဟူသော အယုတ်တရားနှစ်ပါး - ဤလေးပါးသို့ မလားမကပ် မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့်သာ ကောင်းမြတ်လှစွာ ကြွလာတော်မူခြင်း တည်းဟူသော ဂုဏ်သကဒ်ကြောင့် သုဂတော၊ "သုဂတ"မည်တော်မူ၏။ သဿတအစွန်းနဲ့ဥစ္ဆေဒအစွန်း လွတ်ရမယ်တဲ့လား (မှန်ပါတယ်ဆရာ)၊ သဿတအစွန်းဘက်လည်း မငြိရဘူးလား (မငြိပါဘူးဆရာ)၊ ဥစ္ဆေဒအစွန်းလည်း မထိစေရဘူးလား (မထိစေရပါဘူးဆရာ)၊ အလည်ကြားက သွားတော့ ဘာလမ်းခေါ်တယ် (မဇ္ဈိမပဋိပဒါလမ်း ပါဆရာ)၊ "မဇ္ဈိမပဋိပဒါလမ်း"တဲ့လား (မှန်ပါတယ်ဆရာ)၊ လက်ျာစွန်း, လက်ဝဲစွန်း မထိဘူးကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တို့ဘုရားကြွတော်မူတဲ့ လမ်းစဉ်ပဲတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ လိုချင်လို့ရှိရင် ဒီလမ်းက လိုက်ကြတဲ့၊ ဒီလမ်းက သွားကြတဲ့၊ လက်ယာစွန်းလဲ မထိစေနဲ့၊ လက်ဝဲစွန်းလည်း မငြိစေနဲ့၊ တစ်ဘက်ဘက် ငြိနေပြီဆိုမှဖြင့်လည်း ဘယ်တော့မှ ဒီမဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရောက်မှာ မဟုတ်ဘူးတဲ့။ ရောက်နိုင်ပါ့မလား (မရောက်နိုင်တော့ပါဘူးဆရာ)၊ ဒါ အင်မတန် အသိခက်တဲ့ အခန်းကြီး နော်။ ဒီအခန်းက လွယ်သယောင်ယောင်နဲ့ တော်တော်လည်း ခက်တယ်။

အဲဒါ မိမိတို့ တစ်မဂ် တစ်ဖိုလ်လိုချင်လှချည်ရဲ့လို့ ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ရှေးဦးမဆွ အဓိကအချက်ကြီးအားဖြင့် အရေးကြီးပုံလေး။ ဒါကြောင့် "ဒိဋ္ဌိမသတ် တဏှာသတ်၊ မပြတ် သံသရာ"တဲ့ နော် (မှန်ပါတယ်ဆရာ)။ "တဏှာမသတ် ဒိဋ္ဌိသတ်၊ အပြတ်သံသရာ"တဲ့၊ ဒိဋ္ဌိတော့ မသတ်ဘူး၊ တဏှာချည်းပဲ သတ်၊ သံသရာပြတ်ပါ့မလား၊ (မပြတ်နိုင်ဘူးဆရာ)၊ မပြတ်ဘူး၊ ဘာဖြစ်လို့

http://www.dhammadownload.com



မင်္ဂတံခါး ဖိုလ်တံခါး မပွင့်လို့ မင်္ဂညာဏ် ဖိုလ်ညာဏ် မရနိုင်လို့ နော် (မှန်ပါတယ်ဆရာ)၊ "တဏှာမသတ်၊ ဒိဋ္ဌိသတ်၊ အပြတ်သံသရာ" ဆိုတော့ တဏှာမသတ်ဘဲနဲ့ ဒိဋ္ဌိသတ်လိုက်ရင် ဘယ့်နှယ့်ဖြစ်လာတုံး (သံသရာပြတ်သွားပါတယ်ဆရာ)၊ သံသရာပြတ်မယ်လား (သံသရာပြတ်ပါတယ်ဆရာ)၊ အဲဒါ မှတ်ထား လက်ျာစွန်း လက်ဝဲစွန်း၊ ဒါကြောင့် လက်ျာစွန်း လက်ဝဲစွန်းဆိုတဲ့ သဿတဝါဒနဲ့ ဥစ္ဆေဒဝါဒ လုံးလုံးကြီး ကွင်းလုံးကျွတ် လွတ်သွားအောင် ကိုယ်တော်မြတ်က ဟောပြနေတာလို့နော် (မှန်ပါတယ်ဆရာ)၊ တစ်နံပါတ်ထောင့်က ကြည့်လိုက်တော့ ဘာဒိဋ္ဌိက လွတ်သွားတယ် (ဥစ္ဆေဒဒိဋ္ဌိကပါဆရာ)၊ အေး ဟုတ်ပြီ၊ အခု နှစ်နံပါတ်ထောင့်ကကြည့်တော့ ဘာဒိဋ္ဌိလွတ်တယ် (သဿတဒိဋ္ဌိက ပါဆရာ)၊ ဟော ကြည့်စမ်း - တို့လူစုတွေ ဘယ်လောက်တန်ဖိုးရှိဝမ်းသာစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ မသိရင် လွတ်ပါ့မလား (မလွတ်ပါဘူးဆရာ)၊ မလွတ်ဘဲနဲ့တော့ ကိုယ့်ကိုကိုယ် သိတယ်လုပ်ပြီးတော့ လွတ်နေတယ်လို့ မထင်နဲ့နော်၊ ဥစ္ဆေဒနင်းလို့ နင်းမှန်းမသိ၊ သဿတနင်းလို့ နင်းမှန်းမသိ ဖြစ်နေအုံးမယ်။ သိအောင် ကြိုးစား၊ သိအောင် ကြိုးစား နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဇကတ္တနည်းနဲ့ ပြလိုက်တော့ မိမိရင်တွင်းမှာ သြော် - ပဋိစ္စသမုပ္ပါဒ် ဒေသနာအစဉ်ကြီးဟာ, သံသရာစက်ကြီးဟာ သံသရာအစက နိဗ္ဗာန်ကျအောင် ဒီလိုလည်နေတာ၊ ကွင်းဆက်ကြီးဟာ အကြောင်းနဲ့ အကျိုးနဲ့၊ အကြောင်းနဲ့အကျိုးနဲ့၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ ဘယ်နေရာမှာမှ အကြောင်းနဲ့အကျိုး မဆက်စပ်ဘဲနဲ့ ပြတ်နေတဲ့နေရာ, ရပ်နေတဲ့နေရာ မရှိပါလားလို့။ မျိုးစေ့လေးက အညှောက်ကလေးပေါက်ပြီးတော့ ပင်မကြီးဘဝရောက်သလို သန္တာန်အစဉ်ကြီးရဲ့ တစ်ဆက်တည်း အမြင်ကို မြင်ရသလို ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးရဲ့အဆက် မပြတ်လည်တဲ့ သန္တာန်အစဉ်ကြီးရဲ့ မပြတ်ပုံလေးလည်းပဲ အင်မတန် ယုံကြည်စရာကောင်းမှပဲ၊ ငါ့ညာဏ်အားဖြင့် မျက်ဝါးထင်ထင် မြင်ရပေပေါ့ဆိုတော့ ဒီဘဝဖြစ်ပြီးရင် သေဆုံးလောင်တိုး နောက်ဘာမှ မဖြစ်ဘူးဆိုတဲ့ ဥစ္ဆေဒဝါဒ ပြုတ်ကရော့ မပြုတ်ဘူးလား (ပြုတ်သွားပါတယ်ဆရာ)၊ လက်ဝဲစွန်းကြီး ပြုတ်ထွက်သွားပြီ၊ နာလည်လား (နားလည်ပါတယ်ဆရာ)၊ အင်မတန် ဝမ်းသာစရာ ကောင်းတယ် မှတ်ပါနော်၊ အခုန လမ်းစဉ်ချထားပေါ့။

ပြီးတော့ တစ်ခါလာပြန်ပြီ၊ ထိုအင်္ဂါဆယ့်နှစ်ရပ်ဆိုတဲ့ ဆက်စပ်ပြီးသွားနေတဲ့, အကြောင်း အကျိုးဆက်စပ်သွားနေတဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကိုပဲ ဒုတိယနံပါတ်နှစ်ဆိုတဲ့ ထောင့်ကနေ ရပ်ကြည့်လိုက်တော့ ဘယ်လိုမြင်လာကြ၊ သြော် - လက်စသတ်တော့ အကြောင်းနဲ့အကျိုးသာ ဆက်စပ်ပြီးသွားနေတာ၊ မပြတ်တဲ့သန္တာန်အစဉ်သာ ငါမြင်နေတာ။ ဒါပေမယ့် အကြောင်းတရားနဲ့

http://www.dhammadownload.com


အကျိုးတရား၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုးဖြစ်သမျှ အကြောင်းတရားတွေနဲ့ ဖြစ်သမျှ အကျိုးတရားတွေ သေသေချာချာကြည့်လိုက်တော့ လက္ခဏာအားဖြင့်လည်း တခြားစီ၊ တရားကိုယ် တရားသားကလည်း တခြားစီ ဘာမှ မဆိုင်ပါဘဲပဲ ဟင် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ လက္ခဏာအားဖြင့်လည်း တခြားစီ၊ တရားကိုယ်တရားသားဖြင့်လည်း တခြားစီ၊ သဘောအဓိပ္ပါယ်အားဖြင့်လည်း တခြားစီ၊ ဖြစ်ပြန်တော့ကော တစ်လုံးပျောက်မှ တစ်လုံးရောက်၊ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ အဲဒါ သေသေချာချာကြည့်နေတော့ အဟောင်းတွေ ပျောက်ပျောက်ပြီးတော့ အသစ်တွေ ရောက်ရောက်လာတယ်ဆိုတဲ့ အဓိပ္ပါယ်တွေ ပေါ်မလာဘူးလားဟ (ပေါ်လာပါတယ်ဆရာ)၊ အဟောင်းတွေ ပြန်ကြည့်လို့ မြင်သေးလား (မမြင်ပါဘူးဆရာ)၊ အသစ် အသစ် ဒါတွေ မင်းတွေ့မယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ အေး, အေး - တစ်လုံးပျောက်လိုက် တစ်လုံး ရောက်လိုက်၊ စဉ်းစားနော်၊ အဝိဇ္ဇာချုပ်မှ သင်္ခါရဖြစ်တယ်၊ သင်္ခါရချုပ်မှ ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ချုပ်မှ နာမ်ရုပ်ဖြစ်မယ်၊ နာမ်ရုပ်ချုပ်မှ သဠာယတနဖြစ်မယ်၊ သဠာယတနချုပ်မှ၊ ဖဿဖြစ်မယ်၊ ဖဿချုပ်မှ ဝေဒနာဖြစ်ဖြစ်၊ ဝေဒနာချုပ်မှ တဏှာဖြစ်မယ်။ တဏှာချုပ်မှ ဥပါဒါန် ဖြစ်မယ်၊ ဥပါဒါန်ချုပ်မှ ဘဝဖြစ်မယ်၊ ဘဝချုပ်မှ ဇာတိဖြစ်မယ်။ ဇာတိချုပ်မှ ဇရာမရဏဖြစ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ကြည့်လိုက်တော့ သူ့ဘယ့်နှယ့်နေသလဲဆိုတော့ အဟောင်း အဟောင်းတွေက ပျောက်ပျောက် ပျောက်ပျောက်သွားတယ်။ အသစ်အသစ်တွေ ရောက်ရောက်ရောက်ရောက်လာတော့ အသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်နေတဲ့ သဘောတွေ မြင်တာပေါ့ (မှန်ပါတယ်ဆရာ)၊ အဲဒါ "နာနတ္တနည်း"တဲ့။ "နာနတ္တ"ဆိုတာ အထူးထူး အပြားပြားများသော လက္ခဏာ တရားကိုယ်တရားသား ရှိသော အဓိပ္ပါယ်တဲ့။ စောစောက ဧကတ္တနဲ့ ရုတ်တရက် ကြည့်လိုက်တော့ တစ်ပြင်တည်း တစ်သားတည်း တစ်ဆက်တည်းချည်း ဖြစ်နေတာ အခု ဒီနာနတ္တနည်းနဲ့ ကြည့်လိုက်တော့ တခြားစီ ဖြစ်မသွားဘူးလား (တခြားစီ ဖြစ်သွားပါတယ်ဆရာ)၊ တစ်လုံးချင်း တစ်လုံးချင်း ခြား, ခြားသွားတယ်နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဖြစ်ပုံကြည့်ပြန်တော့လည်း တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ နည်းကို မြင်အောင် သေသေချာချာကြည့်။ ဒီနည်းမြင်လိုက်တော့ ဘာဖြစ်သလဲ ဆိုတော့ သဿတဝါဒ ပျောက်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ သဿတဝါဒ ဘယ်နှယ့်လုပ် ပျောက် သဿတဝါဒ ပျောက်မှာ

ပေါ့တဲ့။ သဿတဝါဒ ထင်ထားတုန်းကတော့ သံသရာအစက ငါကောင်လေးဟာ ကနေ့ကျအောင် ငါကောင်လေးပဲလို့။

သံသရာမှာ တစ်ဆက်တည်းကြီး တန်းမထားဘူးလား (တန်းထားပါတယ်ဆရာ)၊ မြဲနေတာ, မြဲနေတာ နော် (မှန်ပါတယ်ဆရာ)၊ ဒီငါကောင်လေး ဘယ်ထိအောင်သွား နိဗ္ဗာန်ထိအောင် သွားမှာပေါ့။ နိဗ္ဗာန်ကျမှ ဒီခန္ဓာကောင်, ငါကောင်လေးချုပ်သွားမယ်၊ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်လေး ချုပ်သွားမယ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ တစ်သံသရာလုံးနဲ့ ပြလိုက်တာ ဒီပစ္စက္ခ တစ်ဘဝတည်းနဲ့ ပြပြန်တော့ အမေမွေးလာကတည်းက ငါကောင်လေးဟာ ဒီကနေ့ထိ ဒီငါကောင်လေး ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘဝမြဲတယ်လို့ စွဲယူထားသော "သဿတဒိဋ္ဌိ"ခေါ်တယ်။ ဒါဖြင့် သူပဋ္ဌိစ္စသမုပ္ပါဒ်ကြီး ကြည့်လိုက်တော့ အဝိဇ္ဇာချုပ်မှ သင်္ခါရ၊ သင်္ခါရချုပ်မှ ဝိညာဏ်ဆိုတော့ တဖြုတ်ဖြုတ်နဲ့ ပထမလုံးလေးတွေချုပ် ဒုတိယလုံးပေါ်၊ ဒုတိယလုံးချုပ် တတိယလုံးပေါ် ဆိုတော့ ကြည့်လိုက်တော့ မင်း တစ်လုံးတည်းတွေ့မယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အသစ်ကလေးတစ်လုံး မြင်ရမှာပေါ့ (အသစ်ကလေးတစ်လုံးပဲ မြင်ရမှာပါဆရာ)။

အဲဒီ အသစ်ကလေးတစ်လုံးလည်း ပြောင်းပြောင်း၊ ပြောင်းပြောင်းသွားတာကိုကွ၊ ဖြစ်ပြီးရင် ဖြစ်၊ ဖြစ်ပြီးရင် ဖြစ်၊ ဖြစ်ပြီးရင် ဖြစ် ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် စောစောက ပြောသလို မပျက်မစီးဘဲနဲ့ သံသရာတည်စကနေ နိဗ္ဗာန်ကျအောင် ဒီငါကောင်လေးပဲလို့ ဘဝမြဲတယ်လို့ ယူထားတဲ့ အယူကို မင်းယုံအုံးမှာလား (မယုံတော့ပါဘူးဆရာ)၊ နားလည်မှ ပြောနော် ယုံအုံးမှာလား (မယုံပါဘူးဆရာ)၊ မယုံဘူးလား (တကယ်ပါဆရာ)၊ အောင်မာ, အောင်မာ . . တိုးလိုက်သေး, တိုးလိုက်သေးတယ်။ ဒီဟာလေးက သူနည်းနည်းပြတ်သားဟန် တူပါရဲ့ သဿတနဲ့ဉစ္ဆေဒတုန်းက၊ ငါဘယ်တုံးက ပြခဲ့ (အဲဒါတော့ မမှတ်မိဘူးဆရာ)၊ ဩော် - ဒါ မင်း ငါ့ကို ဖြီးတာပဲ။ ဝီထိအစဉ်တုန်းက ငါ မပြောခဲ့ဘူးလား။ သဿတအစွန်းနဲ့ဉစ္ဆေဒအစွန်း လွတ်အောင် သွားစမ်း ဆိုတော့ ဝီထိအစဉ်တုန်းက ငါ မပြောခဲ့ဘူးလား။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဥပါဒ်, ဌီ, ဘင်လို့ ခဏငယ်သုံးချက်နဲ့ သွားနေတာ ကြည့်စမ်း ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက် ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဥပါဒ်, ဌီ, ဘင်၊ ဥပါဒ်, ဌီ, ဘင်၊ ဥပါဒ်, ဌီ, ဘင်နဲ့၊ ကိုင်း - ပြန်ကြည့်စမ်း, ပြန်ကြည့်စမ်း - ဟိုစဉ်အခါတုန်းက ငါပြောခဲ့တယ်၊ ဥပါဒ်အစွန်းချည်း, ဥပါဒ်ခဏချည်း ကြည့်လိုက်စမ်း - ရုပ်အစဉ် နာမ်အစဉ် ကြည့်လိုက်စမ်း - ဘယ့်နှယ်နေ ဖြစ်ပြီးရင် ဖြစ်၊ ဖြစ်ပြီးရင် ဖြစ်၊ ဖြစ်ပြီးရင်း ဖြစ်ရင်းလား (မှန်ပါတယ်ဆရာ)၊ ဥပါဒ်ပြီး ဥပါဒ်၊ ဥပါဒ်ပြီး ဥပါဒ်၊ ဥပါဒ်ပြီး ဥပါဒ်၊ ဒီလိုလား (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည်

ပါတယ်ဆရာ) ဒါဖြင့် အဖြစ်က သံသရာ အစတည်းက တစ်ဖြစ်တည်း ဖြစ်နေတာ ရပ်ကို မရပ်ဘူး၊ ဖြစ်ပြီးရင်း ဖြစ်ဆိုတော့ ကြည့်စမ်း - ဘဝပြတ်တယ်ဆိုတဲ့ ဥစ္ဆေဒဝါဒ မင်းယုံသေးလား (မယုံပါဘူးဆရာ)၊ မယုံဘူးပေါ့ (မယုံပါဘူးဆရာ)၊ ဟိုက တစ်ဖြစ်တည်း ဖြစ်နေတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် နောက်တစ်ခါလာပြန်ပြီ။ ဥပါဒ်, ဌီ, ဘင်ဆိုတော့ ဘင်စွန်းကြည့်စမ်းပါ၊ ဘင်ခဏ ကြည့်စမ်းပါ ပျက်ပြီးရင်း ပျက်ရင်း၊ ပျက်ပြီးရင်း ပျက်ရင်း၊ ပျက်ပြီးရင်း ပျက်ရင်း။ ရုပ်စဉ် နာမ်စဉ် ခန္ဓာစဉ်တွေ တစ်ပျက်တည်း ပျက်နေတယ်လို့ ဘယ်နေရာမှ အပျက်ရပ်နေတာ မရှိဘူး။ တစ်ပျက်တည်း ပျက်နေတယ် မြင်တော့ သဿတဝါဒ မင်းယုံအုံးမှာလား (မယုံပါဘူးဆရာ)၊ အဲဒီတုန်းက ငါတစ်ခါ ပြောခဲ့တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အခု ခန်းရောက်လာပြန်ပြီ၊ အခုသေသေချာချာကြည့်။ ဖြစ်ပြီးရင်း ဖြစ်ရင်းတဲ့၊ ဖြစ်ပြီးရင်း ဖြစ်ရင်းဆိုတော့ ပျက်, ပျက်သွားလို့ ဖြစ်တာ မဟုတ်လား (ပျက်ပျက်သွားလို့ပါဆရာ)။

အဝိဇ္ဇာချုပ်တော့ သင်္ခါရဖြစ်တယ်၊ သင်္ခါရချုပ်တော့ ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ချုပ်မှ နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ချုပ်မှ သဠာယတနဖြစ်တယ်၊ သဠာယတနချုပ်မှ ဖဿဖြစ်တယ်၊ ဖဿချုပ်မှ ဝေဒနာဖြစ်တယ်၊ ဝေဒနာချုပ်မှ တဏှာဖြစ်တယ်၊ တဏှာချုပ်မှ ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ချုပ်မှ ဘဝဖြစ်တယ်၊ ဘဝချုပ်မှ ဇာတိဖြစ်တယ်၊ ဇာတိချုပ်မှ ဇရာမရဏ ဖြစ်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုမြင်တော့ ဟိုသံသရာအစကတည်းက ငါကောင်လေးဟာ ကနေ့ထိပဲလို့ ဘယ်တော့မှ မပျက်ဘဲနဲ့ မြဲနေသလိုလို စွဲလမ်းယုံကြည်ထားတဲ့ သဿတဝါဒ မင်းယုံအုံးမှာလားဟ (မယုံပါဘူးဆရာ)၊ မယုံဘူးလား (မယုံပါဘူးဆရာ)၊ အဲဒါကြောင့် ဒုတိယနံပါတ်နှစ်ဆိုတဲ့ ထောင့်ကနေ ရပ်ကြည့်လို့ ရှိရင် ပဋိစ္စသမုပ္ပါဒ် ဒီလို မြင်ပြန်ပါတယ်တဲ့။ ဒီလို မှန်မှန်ကန်ကန် တိတိကျကျနဲ့ မိမိတို့ဉာဏ်ထဲမှာ ရှင်းလင်းသွားအောင် မြင်ပြီလားဆိုမှဖြင့် တစ်သံသရာလုံးက မှားချင်တိုင်းမှား, လွဲချင်တိုင်းလွဲ, စွဲချင်တိုင်းစွဲဆိုတဲ့ အင်မတန်ကြောက်ဖွယ်ကောင်းသော သဿတဒိဋ္ဌိကြီး ပယ်နိုင်, စွန့်နိုင်တယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တန်ဖိုးမရှိဘူးလား (ရှိပါတယ်ဆရာ)၊ အဲဒီလိုမှ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို သေသေချာချာနဲ့ တရားကိုယ် သတရားသားက ဒါကွ၊ အဓိပ္ပါယ်က ဒီလိုကွ၊ လက္ခဏာက ဒီနည်းကွယ့်၊ တစ်ခုနဲ့တစ်ခု အကြောင်းကြောင့် အကျိုးလို့ ဆက်စပ်ဖြစ်နေတယ်ဟဲ့၊ ဒီလို ယထာဘူတကျနအောင်, တတ်သိလိမ္မာရှိအောင် သည်းခံပြီးတော့ မသင်ရင် တတ်ပါ့မလား (မတတ်ပါ ဘူးဆရာ)၊ မတတ်ဘဲနဲ့ ဒီဥစ္ဆေဒဒိဋ္ဌိ, သဿတဒိဋ္ဌိ ခွါလို့ ရပါ့မလားဟ (မရပါဘူးဆရာ)၊

http://www.dhammadownload.com


မရရင် ဒါဖြင့် မင်ဉာဏ် ဖိုလ်ဉာဏ် ရကောင်းပါ့မလား (မရပါဘူးဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော်။

သာသနာနဲ့ တွေ့တဲ့၊ ကြုံတဲ့အခါမှာ တစ်မဂ် တစ်ဖိုလ် လိုချင်လှချည်းရဲ့လို့ တရားရှာတဲ့ ပုဂ္ဂိုလ်များ ဘယ်သူ့မှ တရားစောင်း ဟောတာ မဟုတ်ဘူး ဒါလမ်းစဉ်အတိုင်း၊ အဘဘုရားကိုယ်တော်မြတ်က ဒီနည်းချပြီးတော့ ဒီလိုပြသွားတာ။ ဩော် - လက်စသတ်တော့ ပဋိစ္စသမုပ္ပါဒ်မှာ နည်းလေးနည်း၊ "ဧဝံဓမ္မတာ နည်းလေးဖြာ" ထပ်ပြတာ တခြားမှတ်ပါ။ မိမိတို့၏ ရင်တွင်းမှာ မဂ်ကို မရအောင် တားဆီးထားတဲ့ အင်မတန်ကြောက်ဖွယ်ကောင်းသော "မဂ္ဂန္တရာယ်" ခေါ်ထားတဲ့ အန္တရာယ်ငါးပါးထဲ တစ်ပါးအပါအဝင် ဖြစ်သော ဒိဋ္ဌိကိလေသာကြီး မိမိတို့ရင်တွင်းက ရှင်းသွားအောင်၊ လင်းသွားအောင်၊ မဂ်တံခါး ဖိုလ်တံခါးပွင့်သွားအောင်၊ မဂ်နား ဖိုလ်နားကပ်သွားအောင်၊ (တစ်နည်း) မဂ်ဉာဏ်ဖိုလ်ဉာဏ်ရသွားအောင် အဘဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ နည်းပါလား နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ပြတ်သားအောင် ယူပါ၊ ပြတ်သားအောင် ကြိုးစားပါ။

တစ်ယောက်တည်း မ,ပိုင်သေးလျှင် သင်တန်းသားချင်းပေါ့၊ သမဝါယမစနစ်နဲ့ တိုင်ပင် နော် (မှန်ပါတယ်ဆရာ)၊ ဦးနှောက်အသုံးပြု၊ တရားနဲ့ ပတ်သက်ရင် အကြွေးမထားနဲ့ မေး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကြည့်၊ ကြည့် - ဒါကြောင့် အဝိဇ္ဇာက,စ ဇရာမရဏကျအောင် အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုးတရား၊ သင်္ခါရက အကြောင်းတရား၊ ဝိညာဏ်က အကျိုးတရားလို့ ဒီလိုသွားနေတဲ့ နေရာလေးလဲ သေသေချာချာကြည့်၊ အဝိဇ္ဇာချုပ်မှ သင်္ခါရဖြစ်တယ်၊ သင်္ခါရချုပ်မှ ဝိညာဏ်ဖြစ်တယ်လို့ ဒီလို ကြည့်လိုက်တော့ အသစ် အသစ် အသစ် ဖြစ် ဖြစ်သွားတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဟောင်းလုံးလေးတွေ ပျောက် ပျောက်မသွားဘူးလား၊ (ပျောက်ပျောက်သွားပါတယ်ဆရာ)၊ အဲဒီအဟောင်းလုံးလေးက ပျောက်ပြီးကာမှ အသစ် အသစ် အသစ် ဆက်ကာဆက်ကာ ဖြစ်နေတဲ့သဘော မြင်တော့ကား သံသရာအစကတည်းက ငါကောင်လေးဟာ ကနေ့ကျအောင် ဒီ ငါကောင်လေးပဲလို့ တန်းနေတယ်၊ မြဲနေတယ် ဆိုတဲ့ သဿတ ဝါဒကြီး ယုံအုံးမှာလား (မယုံပါဘူးဆရာ)၊ ဒါဖြင့် ရုပ်စဉ် နာမ်အစဉ် ခန္ဓာလည်း သင်ပြီး၊ ကြားပြီး၊ တတ်မြောက်လိမ္မာပြီးဆိုတော့ ကြည့်စမ်းပါဦး။ ဒီဘဝထဲ ပြန်ကြည့် စမ်းပါ။ အမိမွေးကတည်းက ငါကောင်လေးပဲ ကနေ့အထိ ဒီငါကောင်လေးဟာ ဟုတ်နိုင်ပါ့မလား (မဟုတ်နိုင်ပါဘူးဆရာ)၊ ယုံဦးမှာလား (မယုံပါဘူးဆရာ)။ ပရမတ်သဘောနဲ့ ကြည့်စမ်း။ မွေးစက ပဋိသန္ဓေခဏက ဖြစ်လာတဲ့ ခန္ဓာငါးပါးသည် ပဝတ္တိကာလ ပါရဲ့လား။ ပြောစမ်း ပဋိသန္ဓေနဲ့ ပဝတ္တိ၊ ဇာတိနဲ့ ပဝတ္တိ မသိပြန်ဘူးလား

http://www.dhammadownload.com



(မပါပါဘူးဆရာ)၊ ဇာတိက ပဋိသန္ဓေခဏ ခဏငယ်သုံးချက် ရတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူ့နောက် ဘာခေါ်လဲ၊ ပဝတ္တိ (ပဝတ္တိပါဆရာ)၊ အေး သေချာကြည့်၊ ဇာတိခဏရတဲ့ ခန္ဓာငါးချက်က ပဝတ္တိဘက် ပါသေးလားဟ (မပါပါဘူးဆရာ)၊ ပါရင် အလကား "ပဝတ္တိ"လို့ ခေါ်ပါ့မလား နော် (မှန်ပါတယ်ဆရာ)၊ သူ့ကာလနဲ့သူ ပိုင်းပြီးသား။ ပဋိသန္ဓေခဏ ရလာတဲ့၊ ဇာတိခဏလေး ရလာတဲ့ ခန္ဓာငါးပါး ဥပါဒ်၊ ဌီ၊ ဘင် ပျက်သွားပြီး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နောက်ဆက်ပြီး ဖြစ်ပြန်ပြီ။ ခန္ဓာငါးပါး ဥပါဒ်၊ ဌီ၊ ဘင်၊ နောက်ဆက်ဖြစ်ပြန်ပြီ။ ဥပါဒ်၊ ဌီ၊ ဘင် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ရုပ်သစ်၊ ရုပ်ဟောင်း၊ နာမ်သစ်၊ နာမ်ဟောင်း၊ ခန္ဓာသစ်၊ ခန္ဓာဟောင်း ပြောင်းပြောင်း ပြောင်းပြောင်းနေတဲ့ သဘောလေးတွေ အဖြစ်နဲ့အပျက် ရောယှက်ပြီးတော့ ပြောင်းနေတဲ့ သဘောလေးတွေ သေချာကြည့်စမ်း - မျက်တောင်တစ်ခတ် ဘယ်နှယ့်ကြိမ်ဖြစ် (ကုဋေတစ်သိန်းပါဆရာ)၊ မျက်တော်တစ်ခတ် ဘယ်နှယ့်ကြိမ် ပျက် (ကုဋေငါးထောင်ရှစ်ရာ့ ရှစ်ဆယ်၊ ကုဋေတစ်သိန်းပါဆရာ)၊ အောင်မယ် . . . ကော့လိုက်သေးတယ်၊ ကော့လိုက်သေးတယ်၊ နာမ်သက် နော် (မှန်ပါတယ်ဆရာ)၊ ရုပ်သက်က မျက်တောင်တစ်ခတ် ဘယ်လောက်ပျက် (ကုဋေငါးထောင့်ငါးရာရှစ်ဆယ်ကျော်ပါဆရာ)။ ရုပ်သက်က မျက်တောင်တစ်ခတ် ဘယ်လောက်ဖြစ် (ကုဋေငါးထောင့်ငါးရာရှစ်ဆယ်ကျော်ပါဆရာ)။ ဘယ်လောက်ပျက်လည်း (ကုဋေငါးထောင့်ရှစ်ရာရှစ်ဆယ်ကျော်ပျက်ပါတယ်ဆရာ)။

ကုဋေငါးထောင့်ရှစ်ရာရှစ်ဆယ်ကျော် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ရုပ်ပျက်ပေါ့ (မှန်ပါတယ်ဆရာ)၊ နာမ်ပျက်က ကုဋေတစ်သိန်းလား (ကုဋေတစ်သိန်းပါဆရာ)၊ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက် ကြည့်လိုက်ရင် မင်း ဒီ "ဥပါဒ်၊ ဌီ၊ ဘင်"ဆိုတဲ့ ခဏငယ်သုံးချက်မှာ ရုပ်လုံး၊ နာမ်လုံး၊ ခန္ဓာလုံးလေးတွေက ဒီအတိုင်းပဲ ဥပါဒ်၊ ဌီ၊ ဘင်, ဥပါဒ်၊ ဌီ၊ ဘင်, ဥပါဒ်၊ ဌီ၊ ဘင်နဲ့ သွားနေတာ။ ကြည့်လိုက်ရင် ပစ္စုပ္ပန်အခိုက် မျက်စိထဲ မြင်ဆဲဆိုတဲ့ ရုပ်နာမ်နှစ်ပါးပဲ တွေ့တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခဏငယ်သုံးချက်အပြင် ပိုအသက်ရှိသလား (မရှိပါဘူးဆရာ)၊ ခဏငယ်သုံးချက်သာ မင်းတွေ့မယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ အခုဖြစ်ဆဲဆိုတဲ့ ခဏငယ်သုံးချက်သာ မင်းတွေ့မယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အဟောင်းပျောက် အသစ်ရောက်၊ အဟောင်းပျောက် အသစ်ရောက်၊ အဟောင်းပျောက် အသစ်ရောက် ဒီလိုသွားတယ်။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒီလိုမြင်လိုက်တော့ ဒါဖြင့်ရင် ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို (၂)ဆိုတဲ့ ထောင့်ဘက်ကနေ ရပ်ကြည့်လိုက တော့ အကြောင်းတရားနဲ့အကျိုးတရားလည်း တခြားစီနော် (မှန်ပါတယ်ဆရာ)၊ တရားကိုယ်တရားသား

http://www.dhammadownload.com



လည်း တခြားစီ။ သဘောလက္ခဏာအားဖြင့်လည်း တခြားစီ။ ဖြစ်ပြန်တော့ကောတဲ့ တစ်လုံးပျောက်မှ တစ်လုံးရောက်။ ငါ့ဉာဏ်နဲ့ ဝေဖန်ကြည့်လိုက်ခဲ့သော် အသစ် အသစ် ဖြစ်လာတာသာ ငါမြင်ရ၏။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဖြစ်ပြီးရင်းဖြစ်ရင်း၊ ဖြစ်ပြီးရင်းဖြစ်ရင်း။ ဒါဖြင့်ရင် အဟောင်းတွေ ပျောက်ပျောက်၊ ပျောက်ပျောက်ပြီးတော့ အသစ်တွေ ရောက်ရောက်လာတယ်ဆိုကတည်းက ဒီတရားဟာ အမှန်ကတော့ မပျက်ဘဲနဲ့ မြဲနေတယ်။ အစဉ်လိုက်ကြီး တန်းနေတယ်ဆိုတာ မဟုတ်ပါဘဲလား။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မပျက်ဘဲနဲ့ မြဲနေတယ်။ ငါ မနက်ကတည်းက မြင်တဲ့ ရူပါရုံကလေးသည်၊ ငါ မနက်ကတည်းက မြင်သိစိတ်ကလေးဆိုတဲ့ စက္ခုဝိညာဏ်စိတ်ကလေးသည် ဘယ်တော့မှ မပျက်ဘူး မြဲလို့၊ ပရမတ်နဲ့ ကြည့်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်။ ဝိညာဏခြောက်ပါး။ အတိုက်ဓာတ် အခံဓာတ်နှစ်ပါး တိုက်တိုင်း တိုက်တိုင်း မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ သိတယ်ဆိုတဲ့ သိစိတ်ကလေးတွေ ဘယ်တော့မှ မပျက်ဘူး၊ မြဲလို့။ သဿတဝါဒ နော် (မှန်ပါတယ်ဆရာ)၊ ထိုရူပါရုံ စက္ခုဝိညာဏ်တရားတို့သည်လည်း မြင်ကတည်းက ဘယ်တော့မှ မပျက်ဘဲ မြဲနေတယ်။ သဿတဝါဒ နော် (မှန်ပါတယ်ဆရာ)၊ ငါကြားတဲ့ သဒ္ဒ-အသံရုပ်။ သောတဝိညာဏ်စိတ်တို့သည် ကြားကတည်းက ဘယ်တော့မှ မပျက်ဘူး။ မြဲနေတယ်။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဝိညာဏဓာတ်ခြောက်ရပ် ဒီအတိုင်းသွား။ အဲ့ဒါ သဿတဝါဒ။ ဘဝအားဖြင့်ပြောစမ်းပါဆိုတော့ သံသရာအစကတည်းက ငါကောင်လေးဟာ ကနေ့ကျအောင် ဒီငါကောင်လေးပဲ။ ဘဝမြဲနေတယ် နော် (မှန်ပါတယ်ဆရာ)၊ တစ်နေ့ ပစ္စက္ခမျက်မှောက် မွေးလာကတည်းက ဒီငါကောင်လေးဟာ ကနေ့လည်း ဒီငါကောင်လေးပဲ။ မြဲနေတယ် နော် (မှန်ပါတယ်ဆရာ)။

အဲဒီလို သဿတဝါဒ၊ သဿတဒိဋ္ဌိဆိုတဲ့ အယူဝါဒ မင်းယုံပါဦးမလား (မယုံတော့ပါဘူးဆရာ)၊ ဘာမြင်လို့ မယုံတာလည်း (ဥပါဒ်စွန်းမြင်လို့ပါဆရာ)၊ ဟောဗျာ ဘာတွေထပြောနေတာလဲ။ ဖြစ်ပြီးပျက်တယ်၊ ဖြစ်ပြီးပျက်တယ်ဆိုတဲ့ အဟောင်းတွေ ပျောက်ပျောက်ပြီးတော့ အသစ်တွေ ရောက်ရောက်လာလို့လား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မြဲတယ်ဆို၊ အလကား အသစ်တွေ ထပ်ထပ်ဖြစ်ပဲ့မလားဟ (မဖြစ်နိုင်ပါဘူးဆရာ)၊ ဒီတစ်လုံးပဲ ဖြစ်နေရမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခုတော့ မမြဲလို့ အသစ် အသစ်တွေ ဖြစ်နေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ မြဲနေတယ်။ ဘယ့်နှယ့်နေမလဲ။ ဟော • တစ်လုံးတည်းနေမှာပေါ့ဟ။ မြဲနေဘယ့်နှယ့်နေမလဲ (တစ်လုံးတည်းနေရပါမယ်ဆရာ)၊ အဝိဇ္ဇာ ဖြုတ်လိုက်ရင် အဝိဇ္ဇာပျောက်သွားတယ်

http://www.dhammadownload.com



မဟုတ်လား (ပျောက်သွားပါတယ်ဆရာ)၊ ဘယ်သူရောက်လာတုံး (ဝိညာဏ်ရောက်လာပါတယ် ဆရာ)၊ ဟောဗျာ (သင်္ခါရရောက်လာပါတယ်ဆရာ)၊ ဝိညာဏ်လည်း မြဲနေသလားဟ (မမြဲပါဘူး ဆရာ)၊ ပျောက်သွားသလား (ပျောက်သွားပါတယ်ဆရာ)၊ ဘယ်သူရောက်လာသလဲ (ဝိညာဏ် ရောက်လာပါတယ်ဆရာ)၊ ဟောဗျာ ဒါကတော့ ငါ့ကို မျက်စိလည်သွားတာပဲနော်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ထားပါတော့ကွာ။ ဝိညာဏ် မြဲနေသလား (မမြဲပါဘူးဆရာ)၊ ဝိညာဏ်ပျောက် သွားတယ်လား (ပျောက်သွားပါတယ်ဆရာ)၊ ဘယ်သူရောက်လာတုံး (နာမ်ရုပ်ရောက်လာပါတယ် ဆရာ)၊ ဝိညာဏ်ပျောက်မှ နာမ်ရုပ်ရောက်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ နာမ်ရုပ်ကလည်း ရောက်လာပြီးတော့ မြဲနေသလား (မမြဲပါဘူးဆရာ)၊ ပျောက်သွားတယ်လား (ပျောက်သွားပါတယ် ဆရာ)၊ ဘယ်သူရောက်လာသလဲ (သဠာယတနရောက်လာပါတယ်ဆရာ)၊ ငါပြောသလို ပြောစမ်း ပါဦး လျှောက်ပြီးတော့။ ပြောစမ်းပါ (သဠာယတနရောက်လာတော့ သဠာယတနလည်း မမြဲပါဘူး ဆရာ၊ ပျက်သွားပါတယ်။ သဠာယတန ပျက်သွားမှ ဖဿရောက်လာပါတယ်ဆရာ၊ ဖဿ ပျက်သွားတော့ ဝေဒနာရောက်လာပါတယ်ဆရာ၊ ဝေဒနာပျက်သွားတော့ တဏှာရောက်လာပါ တယ်ဆရာ၊ တဏှာပျက်သွားတော့ ဥပါဒါန်ရောက်လာပါတယ်ဆရာ၊ ဥပါဒါန်ပျက်သွားတော့ ဘဝ ရောက်လာပါတယ်ဆရာ။) ဒါနဲ့ဆုံးအောင်ထားပါတော့ကွာ နော်။ မင်းက ကွက်ကျော်ချသွားတယ်။ အဓိပ္ပာယ်အားဖြင့် တဏှာဖြစ်လာတယ်။ တဏှာရောက်လာတယ်။ ရောက်လာတဲ့ တဏှာဟာ မြဲရဲ့လား (မမြဲပါဘူးဆရာ)၊ ပြီးတော့ ပျောက်သွားတယ် ဟုတ်လား (ပျောက်သွားပါတယ်ဆရာ)၊ ပြီးတော့ ဘယ်သူရောက်လာလဲ (ဥပါဒါန်ရောက်လာပါတယ်ဆရာ)၊ အဲဒီ ရောက်လာတဲ့ ဥပါဒါန်က မြဲရဲ့လား (မမြဲပါဘူးဆရာ)၊ ပျောက်သွားတယ်လား (ပျောက်သွားပါတယ်ဆရာ)၊ ဘယ်သူ ရောက်လာလဲ (ဘဝရောက်လာပါတယ်ဆရာ)၊ ဘဝကော မြဲနေလား (မမြဲပါဘူးဆရာ)၊ ပျောက်သွား တယ်လား (ပျောက်သွားပါတယ်ဆရာ)၊ ဘယ်သူရောက်လာလဲ (ဇာတိရုပ်ဖြစ်လာပါတယ်ဆရာ)၊ ဇာတိရောက်လာတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဇာတိရော မြဲနေလား (မမြဲပါဘူးဆရာ)၊ ပျောက်သွားတယ်လား (ပျောက်သွားပါတယ်ဆရာ)၊ ဘယ်သူရောက်လာလဲ (ဇရာ၊ မရဏ ရောက်လာ ပါတယ်ဆရာ)။ အေး အေး . . အဲ့ဒါကြည့် နော် (မှန်ပါတယ်ဆရာ)။

အဟောင်းပျောက်လိုက် အသစ်ရောက်လိုက်၊ အဟောင်းပျောက်လိုက် အသစ်ရောက်လိုက် ဆိုတော့ အသစ် အသစ် ဆက်ကာ ဆက်ကာ ဖြစ်နေတာ မင်းမြင်ရဲ့လား (မြင်ပါပြီဆရာ)။ ဘာဖြစ်လို့ အသစ် အသစ် ဆက်ကာ ဆက်ကာ ဖြစ်ရတုံး။ မပြောတတ်ပြန်ဘူးကွ (မမြဲလို့ပါဆရာ)၊ ဘယ်သူ

http://www.dhammadownload.com



မမြဲတုံး။ အသစ် အသစ် ဘာကြောင့် ဆက်ကာ ဆက်ကာ ဖြစ်သလဲလို့ မေးရင် အဟောင်း အဟောင်းတွေက ပျက်ပျက် ပျက်ပျက်သွားလို့။ နားလည်လား (နားလည်ပါပြီဆရာ)၊ အဟောင်းသာ ပျက်မသွားရင် အသစ်ထပ်ဖြစ်ခွင့် ရပ့်မလားဟ (မရနိုင်ပါဘူးဆရာ)၊ ကိုင်း ဥပမာ ငါပြောပ့ါမယ်။ အဝိဇ္ဇာ ဖြစ်ကရော၊ အဝိဇ္ဇာ မပျက်ဘူးဘဲထား၊ ကိုင်း သင်္ခါရ ဖြစ်နိုင်သေးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ နားလည်ရဲ့လား ငါပြောတာ (နားလည်ပါတယ်ဆရာ)၊ အခု အဝိဇ္ဇာဖြစ်လာ အဝိဇ္ဇာ ပျောက်သွားတယ် မဟုတ်လား (ပျောက်သွားပါတယ်ဆရာ)။ ဒါကြောင့် သင်္ခါရ ရောက်လာတာပေ့ါ (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အသစ် အသစ်၊ ဆက်ကာ ဆက်ကာ ဖြစ်တာ မြင်ကတည်းက မမြဲလို့။ အဟောင်းတွေ အဟောင်းတွေ ပျက်ပျက်သွားလို့ ပျောက်ပျောက်သွားလို့ အသစ်တွေ အသစ်တွေ ထပ်ကာ ထပ်ကာ ဖြစ်ရတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲ့ဒါ မှတ်ထားစမ်းပါ။ ဒါကြောင့် ဒီလိုဆိုလိုက်တော့ကွာ တစ်ခါဖြစ်ပြီးရင် နောက်ဘယ်တော့မှ မပျက်ဘူး။ မြဲလို့ဆိုတဲ့ သဿတဒိဋ္ဌိကြီး မင်း ယုံဦးမှာလားဟ (မယုံပါဘူးဆရာ)၊ သူများဟောတော့ကော (မယုံပါဘူးဆရာ)၊ သူများပြောတော့ကော (မယုံပါဘူးဆရာ)၊ ဒါမင်း သဘောထဲမှာ ရှင်းနေတာပေ့ါ (ရှင်းနေပါတယ်ဆရာ)၊ တကယ်မြင်ရဲ့လား (တကယ်ပါဆရာ)၊ အေးအေး . . အဲ့ဒီလို မြင်တော့ကာတဲ့ ဒါဘာခေါ်လဲဆိုတော့ ဒီဟာ နာနတ္တနည်းလို့ ခေါ်ပါတယ်တဲ့။ ဒီနာနတ္တနည်း မြင်တဲ့ ပုဂ္ဂိုလ်များဟာတဲ့ တစ်ခါဖြစ်ပြီးရင် နောက် ဘယ်တော့မှ မပျက်ဘူး မြဲလို့။ ဒီလိုယူတဲ့ သဿတဒိဋ္ဌိဟာ ဘယ်တော့မှ မယူပါဘူးတဲ့။ သဿတဒိဋ္ဌိ ပယ်နိုင်၊ စွန့်နိုင်တယ်တဲ့။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဟော ဒုတိယနံပါတ်နှစ်ဆိုတဲ့ ထောင့်ကကြည့်လိုက်ရင်လည်း သဿတဒိဋ္ဌိတစ်လုံး ချုပ်ငြိမ်းပေ့ါနော် (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ကိုင်း . . ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး ထောင့်လေးထောင့်နဲ့ ပြခဲ့တာ ပထမထောင့် နံပါတ်တစ်က ကြည့်ရင် ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ လက်ဝဲစွန်းကြီး ပြုတ်သွားတယ်။ နံပါတ်နှစ်ဆိုတဲ့ ဒုတိယထောင့်ကနေ ကြည့်ရင် သဿတဒိဋ္ဌိဆိုတဲ့ လက်ယာစွန်းကြီး ပြုတ်သွားတယ်။ လွတ်မသွားဘူးလား (လွတ်သွားပါတယ်ဆရာ)၊ ဘယ်လောက်တန်ဖိုးရှိလဲ။ အဲ့ဒါ ကြပ်ကြပ်ကြီးသတိထား။ ဒါကြောင့် လေ့လာပေး၊ လေ့လာပေးလို့ ပြောတာ။ အခုည တစ်ညတည်း မပိုင်သေးရင် မနက်ဖြန်ခါကျရင် အဖေါ် အပေါင်းနဲ့ တိုင်ပင်နှီးနှောကြည့်၊ ပြောကြည့်၊ ဝေဖန်ကြည့်။ မိမိ ဦးနှောက်ထဲ သွင်းကြည့်၊ စဉ်းစားကြည့်။ ဒို့ ဒီအယူဝါဒကြီး မပြောင်းလို့ရှိရင်တော့ မဂ်တံခါး၊ ဖိုလ်တံခါး ပွင့်မှာလည်း မဟုတ်ဘူး။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်လည်း ရမှာ မဟုတ်ဘူးလို့၊ ဒါကြောင့် ဒီအယူဝါဒကြီး ဖြုတ်စင်သွားအောင်တော့ဖြင့် ဒို့ လေ့လာဦးမှပဲ။

http://www.dhammadownload.com


ဘုရားကိုယ်တော်မြတ် ဟောထားတာ ဒေသနာမှာ ကျယ်ဝန်းအောင် ဟောထားတာ မဟုတ်ပါဘူး။ သတ္တဝါများအတွက် အကျိုး အင်မတန်များအောင်လို့ ဟောထားတဲ့ နည်းလေးပါး ခေါ်တယ်။ အင်မတန် အကျိုးများတဲ့နည်း။ ဘာဖြစ်လို့ ဧကတ္တနည်း တစ်ခု မြင်လိုက်တိုင်း ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပေါ့။ နာနတ္တနည်း တစ်ခု မြင်လိုက်ရင်ပဲ သဿတဒိဋ္ဌိ ပြုတ်ပေါ့။ ဒိဋ္ဌိနှစ်ပါး ပြုတ်ဆိုကတည်းက မဂ်တံခါး၊ ဖိုလ်တံခါး ပွင့်သွားပေါ့။ ဒို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် လိုချင် ခဏပဲ။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . ဒါကြောင့် အခုပြထားတဲ့ နာနတ္တနည်းလေး သေချာပြန်စဉ်းစား။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်။ အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုးတရား။ အကြောင်းတရားရဲ့ တရားကိုယ် တရားသား သဘောလက္ခဏာနဲ့ အကျိုးတရားရဲ့တရားကိုယ်တရားသားသဘောလက္ခဏာနဲ့ မတူပါ့ဘဲ။ တူသေးရဲ့လား (မတူပါဘူးဆရာ)၊ တူကို မတူဘူးနော် (မတူပါဘူး ဆရာ)၊ အဲ့ဒါကြောင့် မတူလို့ပေါ့ တစ်လုံးဖြစ်ပြီးမှ တစ်လုံးဖြစ်တယ်လို့ဆိုတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ နှစ်လုံးတွဲသဘောတွေ ပြန်ဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူး ဆရာ)၊ ဘယ်တော့မှ မဖြစ်ဘူး။ တစ်လုံးဖြစ်ပြီးမှ ဒီတစ်လုံးပျက်သွားမှ၊ ပျောက်သွားမှ နောက်တစ်လုံး ဖြစ်တယ်။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ မတူကိုမတူဘူး။ ဒါကြောင့် အဝိဇ္ဇာအကြောင်းတရားကိုယ် တရားသား သဘောအဓိပ္ပာယ် လက္ခဏာနဲ့ သင်္ခါရဆိုတဲ့ အကျိုးတရားရဲ့ တရားကိုယ်တရားသား သဘောလက္ခဏာလုံးလုံး မတူပါဘဲ တစ်မျိုးစီပါပဲလား၊ တခြားစီပါပဲလား။ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ ပြီးတော့ သူတို့ဖြစ်ပုံ ကြည့်လိုက်ပြန်တော့လည်း အဝိဇ္ဇာချုပ်မှ အဝိဇ္ဇာပြုတ်မှ သင်္ခါရ ဖြစ်နိုင်တယ်တဲ့။ သင်္ခါရ ချုပ်မှ ဝိညာဏ်ဖြစ်တယ်။ ဝိညာဏ်ချုပ်မှ နာမ်ရုပ် ဖြစ်တယ်။ နာမ်ရုပ်ချုပ်မှ သဠာယတန ဖြစ်တယ်။ သဠာယတနချုပ်မှ ဖဿဖြစ်တယ်။ ဖဿချုပ်မှ ဝေဒနာ၊ ဝေဒနာချုပ်မှ တဏှာ၊ တဏှာချုပ်မှ ဥပါဒါန်။ ဥပါဒါန်ချုပ်မှ ဘဝ။ ဘဝချုပ်မှ ဇာတိ၊ ဇာတိချုပ်မှ ဇရာ မရဏလို့။ ဒီလိုကြည့်လိုက်တော့ အဟောင်းအဟောင်းတွေက ပျောက်ပျောက်၊ ပျောက်ပျောက်ပြီးတော့ အသစ်အသစ်တွေ ရောက်ရောက်၊ ရောက်ရောက်လာတာကြည့်။ လက်စသတ်တော့ ဒီအတိုင်းဆိုရင်ဖြင့် အဟောင်းပျောက်မှ အသစ်ရောက်တာ ထောက်သောအားဖြင့် တစ်ခါဖြစ်ပြီးရင်, တစ်လုံးဖြစ်ပြီးရင် ဘယ်တော့မှ မပျက်ဘူးဟဲ့။ အမြဲတစေ မြဲနေတယ်ဆိုတဲ့ ငါယုံကြည်ထားသော သဿတဒိဋ္ဌိ (တစ်နည်း) ဘဝဋ္ဌိ ကြည့်ပြန်တော့ သံသရာအစက ငါကောင်၊ သူကောင်၊ လူကောင်ကလေးသည် ကနေ့အထိ ဒီအကောင်လေး၊ နိဗ္ဗာန် မရသမျှကာလပတ်လုံး သံသရာတစ်လျှောက်လုံးမှာ ဒီအကောင်လေး၊ ဘဝတိုင်း ဘဝတိုင်း ဆက်ကာ ဆက်ကာ ဒီငါကောင်၊ သူကောင်၊ သတ္တဝါကောင်လေးချည်းပဲ

http://www.dhammadownload.com


ဖြစ်နေတယ်လို့ စွဲမြဲယုံကြည်ထားတဲ့ သဿတဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)၊ အေး ဒါကြောင့် အဲ့ဒီ သဿတဝါဒကြီးကို အခုပြနေတဲ့ နာနတ္တနည်းဆိုတဲ့ ဒုတိယ နံပါတ်နှစ်နဲ့ ကြည့်ရင် မိမိကိုယ်တိုင်အားဖြင့် သိကြားဆင်းဟောတောင်ပဲ ယုံကြည်စရာမရှိ၊ လက်ခံစရာအကြောင်းမရှိ၊ လက်လည်းမခံနိုင်၊ ယုံလည်းမယုံနိုင်လို့ နော် (မှန်ပါတယ် ဆရာ)၊ အဲ့ဒါ ဒုတိယနံပါတ်နှစ်ဆိုတဲ့ နာနတ္တနည်းလို့ နော် (မှန်ပါတယ်ဆရာ)၊ အဲ မနက်ဖြန်ခါမှ ပါဠိနဲ့ အဓိပ္ပါယ် ဆက်ကြစို့။

အဝိဇ္ဇာကစ ဇရာ မရဏကျအောင် အင်မတန် ခန္ဓာအစဉ်မပြတ်ဘဲနဲ့ တစ်စပ်တည်း ထင်တယ်၊ တစ်စပ်တည်း မြင်တယ်ဆိုတဲ့ သဘောကို ပြသွားတာ။ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း။ ဧဝံဓမ္မတာနည်းလေးဖြာ။ ဧကတ္တနည်း - ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် အဝိဇ္ဇာကစ ဇရာမရဏကျအောင် သန္တာန်အစဉ် မပြတ်ဘဲနဲ့ တစ်စပ်တည်း ထင်တယ်၊ တစ်စပ်တည်း မြင်တယ် ဆိုတဲ့ သဘောကို ပြသွားတာ။ အဝိဇ္ဇာကစ ဇရာမရဏကျအောင် သန္တာန်အစဉ်သည် မပြတ် ဆက်စပ်၍ ဖြစ်၏။ ဒါလည်းပဲ သုံးည လေးည ရှိပြီ။ နားလည်လောက်ပေ့ါကွာ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ဒုတိယ နံပါတ်နှစ် နာနတ္တနည်းတဲ့။ သူကျတော့ လက္ခဏာနဲ့ တရားကိုယ် တခြားစီတဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူကျတော့ လက္ခဏာအနေအားဖြင့်ကြည့်၊ တရားကိုယ်တရားသား အနေအားဖြင့်ကြည့်၊ သဘောအဓိပ္ပါယ်အနေအားဖြင့်ကြည့်။ ကြည့်လိုက်တော့ တခြားစီ ဖြစ်မလာဘူးလား (တခြားစီဖြစ်လာပါတယ်ဆရာ)၊ အကြောင်းတရားက တစ်မျိုး၊ အကျိုးတရားက တစ်မျိုး။ ဒီလိုချည်းပဲ အကုန်လုံး တောက်လျှောက်။ အဲ့ဒါ နာနတ္တနည်း ခေါ်တယ်။ အထူးထူး အပြားပြား များသော တစ်ခုနှင့် တစ်ခု မတူသော သဘောအဓိပ္ပါယ် ရှိတယ်တဲ့။ ဆိုလိုတာကနော် (မှန်ပါတယ် ဆရာ)၊ ဒါပဲလားဆို မဟုတ်ဘူး။ ဖြစ်တာကလည်းပဲ အဟောင်းပျောက်မှ အသစ်ရောက်၊ အဟောင်း ပျောက်မှ အသစ်ရောက် အသစ် အသစ် ဆက်ကာ ဆက်ကာ ဖြစ်တယ်တဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ အဲ့ဒါလေး နားလည်ထား။ အသစ် အသစ် ဆက်ကာဖြစ်တယ်ဆိုတော့ ဘာကြောင့် အသစ် အသစ် ဆက်ကာဖြစ်သလဲ (အဟောင်းပျောက်လို့ပါဆရာ)၊ အေး အဟောင်းတွေ ပျက်ပျက်သွားလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒီ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို အဟောင်းမပျောက်ဘဲနဲ့ အသစ် ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ အဟောင်းမပျောက်ဘဲနဲ့ အသစ်နဲ့တွဲပြီးတော့ နှစ်လုံးတွဲများ ဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ပထမ အကြောင်းခံပေးတဲ့ အကြောင်းတရားနဲ့ ဒုတိယ ဖြစ်ပေါ်လာတဲ့ အကျိုးတရားနဲ့ အကြောင်းတရားချုပ်မှ အကျိုးတရား ဖြစ်တယ်။ ဒီလို ကြည့်လိုက် တော့ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက် နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com


ဒါကြောင့် အသစ် အသစ် ဖြစ်တဲ့ သဘောလေးတွေ။ ဒီလို မှတ်ရတယ်။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို မြတ်စွာဘုရားကိုယ်တော်မြတ်က နည်းလေးမျိုးနဲ့ ပြတာ တစ်ခြားမဟုတ်ဘူး။ မဂ်ကို တားမြစ်စေတတ်သော အန္တရာယ်၊ ဒိဋ္ဌိကိလေသာအန္တရာယ် ငြိတွယ်ခြင်းမှ စင်ကြယ်သန့်ရှင်း ပါစေလို့။ တစ်နည်းနဲ့ မမြင်ရင် တစ်နည်းနဲ့ မြင်အောင်။ တစ်နည်းနဲ့ မသိရင် တစ်နည်းနဲ့ သိအောင် ဒီလို ချပြ။ မြန်မာလို ရိုးရိုးရှင်းရှင်း ပြောလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို ထောင့်လေး ထောင့်ကနေကြည့်တာ တစ်ထောင့်စီ တစ်ထောင့်စီ အမြင်တစ်မျိုးစီ မြင်ရပါလိမ့်မယ်လို့။ ဒီတရား ကိုယ်တရားသားပဲ။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဧကတ္တနည်းဆိုတဲ့ နံပါတ်တစ်ထောင့် ကနေ ကြည့်လိုက်တော့ အဝိဇ္ဇာကစ ဇရာမရဏကျအောင် အကြောင်းနဲ့အကျိုး အမြဲမပြတ် ဆက်စပ် ပြီးတော့ သွားတယ်ဆိုတဲ့ သန္တာန်အစဉ် မြင်ရတယ်။ မြင်ရဲ့လား (မြင်ရပါတယ်ဆရာ)။

ဒါကြောင့် "ယံ သမ္မာ ပဿန္တော ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါ-ဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟတိ"။ မှတ်နော် သေသေချာချာ။ နည်းနည်း မေးမြန်းစုံစမ်းကြည့်။ ဝေ့လည်ကြောင်ပတ်သမားတွေ များနေတယ်။ ဒါတွေက အဓိပ္ပါယ်ကလည်းပဲ တော်တော်ကြီး ရှင်းအောင်ဆိုသလို တော်တော်လည်းပဲ အကျယ်တဝင့် ဝေဖန်ပြီးတော့ နားမလည်လည်အောင် ထပ်ခါ တလဲလဲ ပြနေ။ ဒီတော့ ပြသွားတဲ့ ပုဂ္ဂိုလ်ရဲ့ အာဘော်ကို မိအောင် ဘာလိုလို့ ပြောနေပါလိမ့် မလဲလို့။ ဒီသဘောလေးသိအောင် သမာဓိ ကောင်းကောင်းထားပြီးတော့မှတ်။ ဧကတ္တနည်းက အကြောင်းနဲ့အကျိုး၊ အကြောင်းနဲ့အကျိုး ဆက်စပ်ပြီး သွားကြတယ်တဲ့။ အဝိဇ္ဇာကစ ဇရာ မရဏကျ အောင် ကြည့်လိုက်တော့ အကြောင်းအကျိုး ဆက်စပ်နေတဲ့ သန္တာန်အစဉ်ကြီးဟာ အပြတ်မရှိဘဲ၊ အလပ်မရှိဘဲ၊ အကြားမရှိဘဲ တစ်ဆက်တည်းကြီးဖြစ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါတော့ သိတယ် (သိပါတယ်ဆရာ)၊ တစ်ပြင်တည်း၊ တစ်ဆက်တည်း၊ တစ်စပ်တည်းလို့ သန္တာန်အစဉ် မပြတ် အရပ် မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ခုပဲ အကြောင်းဖြစ်လိုက်၊ အကျိုးမရှိဘဲ ရပ်နေလိုက်။ တော်ကြာ အကျိုးဖြစ်လိုက်၊ နောက်ထပ် အကြောင်းမရှိဘဲ ရပ်နေလိုက်၊ ပြတ်နေလိုက်၊ လပ်နေလိုက်။ ဒီလိုမျိုး ရှိရဲ့လား (မရှိပါဘူးဆရာ)၊ အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ် ဟုတ်လား (ဖြစ်ပါတယ်ဆရာ)၊ ဒါနဲ့ အကြောင်းနဲ့အကျိုးဟာ ဆက်လျက်သားပေါ့ (ဆက်လျက်သားပါဆရာ)၊ ဒါကြောင့် "ဟေတု ဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟတိ"။ ဒီလို သန္တာန်အစဉ်ကြီး အကြောင်းအကျိုး ဆက်စပ်ပြီး ဖြစ်နေတဲ့ သန္တာန်အစဉ်ကြီး မြင်လိုက်တော့ ထိုးထွင်း၍ ကြည့်လိုက်တော့ကာတဲ့ ဘာဖြစ်သလဲဆိုတော့ တစ်ခါဖြစ်ပြီးရင် နောက်ထပ် ဘာမှမဖြစ်၊ ဘဝအားဖြင့်

http://www.dhammadownload.com


ပြောမယ်ဆိုလို့ရှိရင် ခုပစ္စက္ခ မျက်မှောက် ပစ္စုပ္ပန်ဘဝ ဖြစ်ပြီးရင် နောက်လာလတ္တံ့ အနာဂတ်ဘဝ မျှော်မနေနဲ့၊ အတိတ်လည်း မရှိခဲ့ဘူး၊ အနာဂတ်လည်း ရှိတော့မှာ မဟုတ်ဘူး။ "သေဆုံး လောင်တိုး" ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ အယူဝါဒ။ ဒီအယူဝါဒကြီးက ပုထုဇဉ်သတ္တဝါများ စွဲလန်းတတ်တဲ့ သဘောရှိတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ စွဲလန်းတတ်တဲ့ သဘောရှိတယ်။ ဒါကြောင့် ဒီလိုစွဲလန်းနေပြန်တော့လည်းပဲ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရဖို့ဥစ္စာ အလွန်မှ ခက်ခဲတယ်တဲ့။ ဘာကြောင့် မဂ်ဉာဏ်မရအောင် တားထားတဲ့ အန္တရာယ်ငါးပါးထဲ တစ်ပါး အပါအဝင်ဖြစ်၊ ဒိဋ္ဌိကိလေသာ။

ဒါကြောင့် မဂ်မရအောင် တားမြစ်ထားသော ငြိတွယ်နေတဲ့ အန္တရာယ်ကြီးမှ ကင်းပါ ရှင်းပါစေ ဆိုတဲ့ အနေအားဖြင့် ဒီတစ်ခါဖြစ်ပြီးရင် နောက်ထပ် ဘာမှ မဖြစ်တော့ဘူးလို့ ယူဆတယ်ဆိုတဲ့ ဥစ္ဆေဒ ဒိဋ္ဌိ သတ်ဖို့ ကွာဖို့ ရှင်းဖို့ လင်းဖို့အနေအားဖြင့် ဧကတ္တနည်းကို ဟောသွားတာ။ ဟောသွားတဲ့အတိုင်း လည်းပဲ နာကြားရတဲ့ပုဂ္ဂိုလ်များ ဉာဏ်ထဲမှာ ရှင်းကနဲ၊ လင်းကနဲ၊ ထင်းကနဲ ဖြစ်သွားအောင် အပြန်ပြန် အထပ်ထပ် ဝေဖန်သုံးသပ်ကြည့်။ ဒါ ဧကတ္တနည်းအားဖြင့် ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဧကတ္တနည်းကို ထိုးထွင်း၍ သိလို့ရှိရင်တဲ့ တစ်နည်း ဧကတ္တနည်းကို မဖေါက်မပြန် မှန်မှန်ကန်ကန် မြင်လို့ရှိရင်တဲ့ တစ်သံသရာလုံးက မှားချင်တိုင်းမှား၊ လွဲချင်တိုင်းလွဲ၊ စွဲယူလာသော ဥစ္ဆေဒဒိဋ္ဌိကိလေသာ ကြီးက ကွာနိုင် ရှင်းနိုင်တယ်တဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ ဥစ္ဆေဒဒိဋ္ဌိသတ်နည်း။ နောက် ဒုတိယ မနေ့ညက ပြတဲ့ နည်းကတော့ နာနတ္တနည်းဆိုတာက ဒုတိယ နံပါတ်နှစ်ဆိုတဲ့ ထောင့်ဘက် ကနေ ကြည့်စမ်းတဲ့။ ကြည့်လိုက်တော့ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ။ သေချာဆက်လိုက်ဦး နော် (မှန်ပါတယ်ဆရာ)၊ ဘယ်ဟာများ ပိုလာသေးလဲ (မပိုလာပါဘူးဆရာ)၊ ဒါ ဒါပဲ။ တရားကိုယ်တရားသားတွေ ထူးခြားလာ သေးလား (ထူးခြားပါတယ်ဆရာ)၊ ဟောဗျာ ဘာပြောကောင်းသေး ဆိုတာကျနေတာပဲ။ တရားကိုယ် တရားသားတွေဆိုတာ (၁၂) လုံး၊ အရင်ပြထားတဲ့ (၁၂) ပါး အရင်ကထက်များ ထူးလာသေးလားလို့ မေးရင် (မထူးပါဘူးဆရာ)၊ သူက နာနတ္တနည်း ပြောနေမှတ်တယ်။ အခုမှ ပလ္လင်ခံတုန်း ရှိသေးတယ်။ ဧကတ္တနည်းတုန်းကလည်း ဒီ (၁၂) ပါး မဟုတ်ဘူးလား (၁၂-ပါး ပါပဲဆရာ)၊ ဧကတ္တနည်းအနေနဲ့ ကြည့်လိုက်တော့ ဧကတ္တ သဘာဝ မြင်ရတယ် မဟုတ်လား (မြင်ရပါတယ်ဆရာ)၊ သန္တာန်အစဉ်ကြီး တစ်ဆက်တည်း ထင်နေတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နံပါတ်နှစ်ဆိုတဲ့ နာနတ္တနည်း ဒီနည်းနဲ့ တစ်ခါကြည့်၊ ဒီထောင့်ကနေကြည့်။ ဒီတရား (၁၂) လုံး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီတရားကိုယ် ဒီတရားသား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့လို့ ဘယ်လို ထူးလာသလဲလို့။

http://www.dhammadownload.com



ဒီထောင့်ကနေကြည့်တော့ အကြောင်းတရားနဲ့ အကျိုးတရားဟာ လက္ခဏာချင်းလည်း မတူကြဘူးဆဲ့။ တရားကိုယ်တရားသားချင်းလည်း မတူကြဘူးတဲ့။ သဘောအဓိပ္ပာယ်ချင်းလည်း မတူကြဘူးတဲ့။ ဟုတ်ကော ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါတော့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီလို တရားကိုယ်တရားသား လက္ခဏာအနေအားဖြင့် ပေါင်းလိုက်တော့ ဒီအကြောင်းတရားနဲ့ အကျိုးတရားဟာ ပေါင်းမိပါ့မလား၊ ပေါင်းလို့ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)၊ သူ့သဘာဝ တစ်ရိပ်ရိပ် ဖြစ်လာနော် (မှန်ပါတယ်ဆရာ)၊ အကြောင်းကြည့်လိုက်ရင် လက္ခဏာတစ်မျိုး၊ တရားကိုယ်တရားသားကတစ်မျိုး၊ သဘောအဓိပ္ပါယ်ကတစ်မျိုး။ သူ့ကြောင့် ဆက်စပ်ပြီး ဖြစ်ပေါ်လာတယ်ဆိုတဲ့ အကျိုးကြည့်ပြန်တော့ လက္ခဏာကတစ်မျိုး၊ တရားကိုယ်တရားသားကတစ်မျိုး၊ သဘောအဓိပ္ပာယ်ကတစ်မျိုး။ အဲ့ဒီလိုချည်းပဲ (၁၂) ပါးစလုံး ဒီအတိုင်းသွားတယ်။ ဒါဖြင့် ဖြစ်ပုံ ဖြစ်နည်း ပြောစမ်းပါဆိုတော့ တစ်လုံးပျောက်မှ တစ်လုံးရောက်တာတဲ့ နော် (မှန်ပါတယ်ဆရာ)၊ တစ်လုံးပျောက်မှ တစ်လုံးရောက်တာတဲ့။ အစုလိုက် အပြုံလိုက် အပြိုင်အားဖြင့် ဖြစ်တဲ့တရား မဟုတ်ဘူးတဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရှေ့အလုံးတွေ ပြန်ကြည့် ရှိပါ့မလား (မရှိပါဘူးဆရာ)၊ နောက်ပေါ်တဲ့အလုံးသာ တွေ့မယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အသစ် အသစ်ဖြစ်လာတယ်ပေါ့နော် (အသစ် အသစ်ဖြစ်လာပါတယ်ဆရာ)၊ အေးအေး အသစ် အသစ်ဖြစ်လာတယ်။ အဲ့ဒီလို အသစ် အသစ် ဖြစ်လာတဲ့ သဘောတွေ မြင်တော့ ဘာဖြစ်သလဲလို့။ ငါမွေးလာကတည်းက ယနေ့ထိအောင် ဒီရုပ်နဲ့ ဒီနာမ်၊ ဒီအသိဉာဏ်နဲ့ ဒီကိုယ် ဒီစိတ်ပဲလို့ တစ်တန်းတန်းကြီး ထင်လာတဲ့ တစ်ဆက်တည်းကြီး ထင်လာတဲ့ သဿတဒိဋ္ဌိ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ (တစ်နည်း) သံသရာ အစက ငါကောင်လေးသည် ဘဝ အသစ် အသစ် ပြောင်းပြောင်း ဖြစ်သာလာတာရယ် အခုဘဝအထိ ဒီငါကောင်လေးပဲ နော် (မှန်ပါတယ်ဆရာ)၊ သဿတဒိဋ္ဌိ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ သဿတဒိဋ္ဌိ အယူတဲ့။

အဲ့ဒီ အယူကျတော့ များတယ်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုး မှန်သမျှ ဒီအယူချည်းပဲလို့ မယူဘူးလား (ယူပါတယ်ဆရာ)၊ ကမ္မဉ္စ၊ ကံကိုရင်း။ ကမ္မဖလဉ္စ၊ ကံ၏ အကျိုးကိုရင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ ကံရယ်, ကံ၏အကျိုးရယ် ယုံကြည်တယ်တဲ့။ ဘယ်လို ယုံကြည်သလဲ။ လွန်ခဲ့သော အတိတ်ဘဝက ကုသိုလ်ကောင်းမှု ငါပြုလာလို့ ယခုဘဝ လာပြီးတော့ ငါလူချမ်းသာ ဖြစ်ရတယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ အတိတ်ဘဝက ပြုလိုက်တဲ့ ငါလေး မဟုတ်လား အခုလာဖြစ်တာ (မှန်ပါတယ်ဆရာ)၊ ဒီလို ယူတာကိုးနော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ အခုဘဝလည်းပဲ ကုသိုလ်ကောင်းမှုတွေ ငါပြုတယ်၊ ငါဂြုတယ်။ နောင်ဘဝ လူကောင်း နတ်ကောင်း ဖြစ်ဦးမယ်။ ဒီလို

http://www.dhammadownload.com



မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီလို ယူတာ ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါဆရာ)။ သဿတဒိဋ္ဌိ။ ဒါဖြင့် တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ ကံ, ကံ၏ အကျိုးကို ယုံကြည်ကြတယ်ဆိုတော့ ဘာဒိဋ္ဌိတွေများလဲ (သဿတဒိဋ္ဌိများတယ်ဆရာ)၊ သဿတဒိဋ္ဌိတွေ များတယ်လို့နော် (မှန်ပါတယ်ဆရာ)၊ ဘုရားကိုယ်တော်မြတ် ဟောထားတာက ဒါသမုတိသစ္စာအနေအားဖြင့် ကြည့်တော့ ဟုတ်တယ်လို့ ခေါ်ရမယ်တဲ့။ ဒါပေမဲ့ ပရမတ္ထသစ္စာအနေအားဖြင့် ကြည့်တော့ ဟိုဘက်ဘဝက ကုသိုလ်ကောင်းမှု ပြုတဲ့လူ ရှိပါ့မလား (မရှိပါဘူးဆရာ)၊ ဟိုဘက်ဘဝက ပြုလိုက်တဲ့ ကုသိုလ်ကောင်းမှုရဲ့ အကြောင်းတရားရဲ့အကျိုး ခံစားတဲ့ ဒီဘက်ဘဝ ခံစားတဲ့ လူရော ပုဂ္ဂိုလ် သတ္တဝါရော ရှိပါ့မလား (မရှိပါဘူးဆရာ)၊ မရှိပါဘူးနော် (မှန်ပါတယ်ဆရာ)၊ "ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ ဝေဒကော" ကမ္မဿ၊ ကုသိုလ်ကံ အကုသိုလ်ကံကို။ ကာရကော၊ ပြုတတ်သာ ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ ထိုကုသိုလ်ကံ အကုသိုလ်ကံတည်းဟူသော အကြောင်းတရားရဲ့ အကျိုးကို။ ဝေဒကော၊ ခံစားတတ်သော ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။ ပရမတ်နဲ့ ကြည့်တော့ ဟိုဘက်လည်းပဲ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး ကြိုးစားလုပ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီဘက်ဘဝလည်း မရှိပါဘူးတဲ့။ ဒီအကျိုးဆက်ခံစားတဲ့ ပုဂ္ဂိုလ်ဆိုတာ မရှိပါဘူးတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါပရမတ်သဘောနဲ့ကြည့်။

ဒါကြောင့် ဒီ ကံ, ကံ၏ အကျိုးကို ယုံကြည်တယ်ဆိုတဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှန်သမျှ သဿတအစွန်းက မလွတ်ကြဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ သဿတအစွဲနဲ့ နေကြတယ်။ ဒါဖြင့် သဿတအစွဲ ရင်ထဲက မပြုတ်ဘဲနဲ့ တစ်မဂ် တစ်ဖိုလ် ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)၊ ဘယ်သူက တားထားလဲ (မဂ္ဂန္တရာယ်က တားထားပါတယ်ဆရာ)၊ ဘယ်သူတုံး မဂ္ဂန္တရာယ် (ဒိဋ္ဌိကိလေသာပါဆရာ)၊ ဒိဋ္ဌိကိလေသာ နော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိကိလေသာက မဂ်မရအောင် တားတဲ့ အန္တရာယ်ငါးပါး တစ်ပါးပါတယ်လို့။ အဲ့ဒါလေးတွေ သေသေချာချာ မှတ်ကြနော်။ အင်မတန် တန်ဖိုးရှိတဲ့ အခန်းမို့လို့။ ဒါပေမဲ့ တို့သင်တန်းသူ သင်တန်းသားများကတော့ ခန္ဓာငါးပါး စုမိ ပေါင်းမိတဲ့ အချိန်ကစ ခန္ဓာငါးပါးကို အမြဲ တွယ်ကပ်လာသော သက္ကာယဒိဋ္ဌိ (၂၀)။ ခွါပြီး ရှင်းပြီး လင်းပြီး ဒီလို ဖြစ်ခဲ့ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ပထမနည်းနဲ့ကြည့်ရင် ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ ဘာမှ မရှိဘူး။ သမ္မုတိအနေအားဖြင့်ကြည့်ရင်သာ ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်လို့ ဒီလို ယူဆတယ်။ ရှင်းပြီး လင်းပြီး အပေါ်မှာ ထပ်ပြီးတော့ သူ့အခန်းလေးနဲ့သူ ရှင်းသွားရတော့ ပိုမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကျလည်းပဲ ဒီဒိဋ္ဌိခွါခန်းပါပဲ၊ ဒိဋ္ဌိသတ်ခန်းပါပဲလို့နော် (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ တို့လာလိုက်ကြတာ ဟိုသင်တန်းအစ နိဒါန်းကဆိုသလိုပဲ ရုပ်တရားပြလို့ ရူပပရိစ္ဆေဒဉာဏ်၊ နာမ်တရားပြလို့ နာမပရိစ္ဆေဒဉာဏ်၊ ရုပ်နာမ်နှစ်ပါး ပေါင်းတဲ့ ခန္ဓာငါးပါးဖြစ်တာ နာမရူပပရိစ္ဆေဒဉာဏ်။ ထိုခန္ဓာငါးပါးရဲ့ ဖြစ်လာသော အကြောင်းရင်းဆိုတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်။ ဒါလည်း သက္ကာယဒိဋ္ဌိခွါခန်း၊ ဒိဋ္ဌိသတ်ခန်း နော် (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးပြီးပြန်တော့ အာယတန (၁၂)ပါး ကျပြန်လည်း ဒိဋ္ဌိသတ်ခန်းပဲ။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဘဘုရားကိုယ်တော်မြတ်ကလည်း ဒီအတိုင်း ပြသွားတာ။ ဒီသဘာဝပဲ။ လိုရင်းကတော့ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ ရှိတယ်။ ဟုတ်တယ် မှန်တယ်ဆိုတဲ့ တယူသန်အစွဲကြီးကို ရင်ထဲက ကွာအောင် ရှင်းအောင်ဆိုပြီးတော့ ဓမ္မပရိယာယ်အနေအားဖြင့် တစ်မျိုးပြီး တစ်မျိုး ဆက်ကာ ဆက်ကာ ပြနေတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ ကိုယ်ကလည်း သတိထားမိရတယ်။ လိုရင်းအချုပ်ကတော့ ဒါပဲဟနော်။ ပုဂ္ဂိုလ်၊ သတ္တဝါလို့ ဒို့ရင်ထဲမှာ တစ်သံသရာလုံးက စွဲလာသော ဒိဋ္ဌိကိလေသာ အစွဲကြီး၊ ဒီအစွဲကြီး ကျွတ်အောင် လွတ်အောင် အဘဘုရားကိုယ်တော်မြတ်က ကွာစေချင်၊ ကျွတ်စေချင်၊ လွတ်စေချင်လို့ ရုပ်နဲ့ပြ၊ နာမ်နဲ့ပြ ရုပ်နာမ်နှစ်ပါး ပေါင်းစပ်တဲ့ ခန္ဓာငါးပါးနဲ့ပြ။ အတိုက်ဓာတ်၊ အခံဓာတ်တည်းဟူသော အာယတနနဲ့ပြ။ အတိုက်ဓာတ်၊ အခံဓာတ်၊ အပေါ်ဓာတ်တည်းဟူသော ဓာတ်တစ်ဆယ့်ရှစ်ပါးနဲ့ပြ။ ဝီထိစဉ်နဲ့ပြ။ ပဋိစ္စသမုပ္ပါဒ်နဲ့ပြ။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လိုရင်းကတော့ ဒါပဲမဟုတ်လား (ဒါပါပဲဆရာ)၊ ဒါပဲ။ အဲ့ဒါ ပြတ်သားသွားလို့ရှိရင် ဒါ သာသနာနဲ့ တွေ့ကျိုး၊ ကြုံကျိုးလည်း နပ်ပါတယ်။ သံသရာလည်း ထောက်ရာ တည်ရာ ရပါတယ်။ ဒါကြောင့် ဒါလေး စွဲစွဲမြဲမြဲ မှတ်ကြစမ်းပါလို့။ နည်းလေးမျိုး။

ဒီတော့ နာနတ္တနည်းနဲ့ ကြည့်လိုက်ရင် ဘယ်နှယ့်ဖြစ်နေလဲဆိုတော့ အကြောင်းတရားရဲ့ လက္ခဏာနဲ့ တရားကိုယ်တရားသားက တခြား၊ အကျိုးတရားရဲ့လက္ခဏာနဲ့ တရားကိုယ်တရားသား က တခြား။ ဒီလိုချည်းပဲ (၁၂) ပါးစလုံးနော် (မှန်ပါတယ်ဆရာ)၊ သြော် တစ်ခုနဲ့တစ်ခု မတူပါပဲ။ လက္ခဏာနဲ့ တရားကိုယ်တရားသား သဘောအဓိပ္ပါယ်က တခြားစီပါပဲလား။ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ ဒါဖြင့် သူတို့ဖြစ်ပြန်တော့ ဘယ်နှယ့်ဖြစ်။ ဖြစ်တော့ ဘယ်နှယ့်ဖြစ်နေတုံးလို့မေး (အကြောင်းနဲ့အကျိုးပါဆရာ)၊ အေးလေ ဟုတ်ပါပြီ၊ အကြောင်းနဲ့အကျိုးဖြစ်တော့ ဘယ်လိုဖြစ်ကြတုံးလို့ (ဖြစ်ကြပါတယ်ဆရာ)၊ အဲ့လိုပြောပါဟနော်။ လိုရင်းလေး မှတ်စမ်းပါဆို။ လိုရင်းကို သူနားမလည်ဘူးထင်တယ်။ မင်း ငါ မကျေနပ်လို့ရှိရင် ရှေ့တိုးမှာ မဟုတ်ဘူးဗျ။ ဧကတ္တနည်းတုန်းက ငါလိုရင်း ဘာပြောလဲ (သန္တာန်အစဉ်ကြီးပြောပါတယ်ဆရာ)၊ သန္တာန်အစဉ်ကြီး ဘာပြောလဲ (တစ်ဆက်တည်း၊ တစ်စပ်တည်းနေတာပါဆရာ)၊ သန္တာန်အစဉ်ကြီး မပြတ်ဘဲနဲ့ တစ်ဆက်တည်း နေတာ

http://www.dhammadownload.com


ပြောတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါလိုရင်းပေါ့ (လိုရင်းပါဆရာ)၊ အဝိဇ္ဇာကစ ဇရာမရဏကျအောင် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာတွေ ဘာတွေဆက်စပ်နေလဲ (အကြောင်းအကျိုးပါဆရာ)၊ ဪ အကြောင်းအကျိုး၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် နာနတ္တနည်းကျတော့ ဘာလိုလို့ ပြသလဲ၊ သိရဲ့လား (သိပါတယ်ဆရာ)၊ ဘယ်နှယ့်လဲ (အဟောင်းပျောက် အသစ်တွေ ထပ်ထပ် ရောက်တာပါဆရာ)၊ အေးအေး အဟောင်းပျောက်ပြီး အသစ်ရောက်၊ အဟောင်းပျောက်ပြီး အသစ်ရောက် ဒီလိုလား (မှန်ပါတယ်ဆရာ)၊ တစ်လုံးပျောက်မှ တစ်လုံးရောက်တယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော် (မှတ်ထားပါတယ်ဆရာ)၊ အဲဒါ လိုရင်းအချက်လေးတွေ။ ဒီပြင်ဟာကတော့ မြန်မာလို အဓိပ္ပါယ် နားလည်ပါစေလို့ သွယ်ကာ ဝိုက်ကာနဲ့ လှည့်ကာ ပတ်ကာ ပြပေးနေတာ။ လိုရင်းအချက်ကလေး မှတ်စမ်းပါ။ ဆိုလိုရင်းအချက်ကလေး မှတ်ထား။ ကြည့်ကြည့် မင်းတို့မျက်စိထဲ သေသေချာချာကြည့်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်တယ်။ အဝိဇ္ဇာအကြောင်းခံတယ်။ သင်္ခါရက အကျိုးဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ ချုပ်ပြီးမှ သင်္ခါရ ဖြစ်ရတာ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာနဲ့ သင်္ခါရ ပြိုင်ပြီး ဖြစ်ကောင်းလား (မဖြစ်ကောင်းပါဘူးဆရာ)၊ တရားဆိုတာ နှစ်လုံးပြိုင် ဘယ်တော့မှ မဖြစ်ကောင်းဘူး၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ တွေးထိ တစ်အာရုံပဲသွားကြတာ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုပြန်တော့ သင်္ခါရနဲ့ ဝိညာဏ် ပြိုင်ပြီး ဖြစ်နေသလား (မဖြစ်ပါဘူးဆရာ)၊ ဘယ်နှယ့်ဖြစ်နေလဲ (ဝိညာဏ်ပျောက်မှ သင်္ခါရပေါ်ပါတယ်ဆရာ)၊ ဪ ဝိညာဏ်ပျောက်မှ သင်္ခါရ၊ ငါတောင် မှားကုန်ပြီဟ။ ငါနေမကောင်းဘူးကွ။ လေသံက ခိုချင်နေတယ်။ သူ့နောက် နှုတ်ယောင်လိုက်မိတယ်။ ပက်လက်ကို လန်လို့၊ တော်တော်ကို ဖျင်းတဲ့ကောင်လို့၊ ဘယ်နှယ့်ပြန်ပြော (ဝိညာဏ်ပျောက်မှ သင်္ခါရရောက်ပါတယ်ဆရာ)၊ ဟော မှတ်ထားနော် သေသေချာချာ။ ပရိတ်သတ်က နောက်ကရယ်နေတာ မရိပ်စားမိဘူးလား (ဝိညာဏ်ပျောက်မှ နာမ်ရုပ်ရောက်ပါတယ်ဆရာ)၊ ဘယ်ကျော်သွားတာလဲ။ အဝိဇ္ဇာပျောက်မှ သင်္ခါရ ရောက်တယ်။ သင်္ခါရပျောက်မှ ဘာရောက်သလဲ (ဝိညာဏ်ရောက်ပါတယ်ဆရာ)၊ ခုနတုန်းကတော့ ဝိညာဏ်ပျောက်မှ သင်္ခါရ ရောက်ဆို။ ငါတောင် သူ့နောက်ပါသွားသေး။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သင်္ခါရအကြောင်းတရား၊ ဝိညာဏ်က အကျိုးတရား။ သင်္ခါရနဲ့ ဝိညာဏ် ပြိုင်ပြီးဖြစ်သလား (မဖြစ်ပါဘူးဆရာ)၊ သင်္ခါရ ပျောက်မှ ဝိညာဏ်ရောက်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သဘောထဲ ရှင်းရဲ့လား (ရှင်းပါတယ် ဆရာ)၊ ဒါတော့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲ့ဒီလိုချည်းပဲ (၁၂) လုံးပဲ သွားကြတာ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



သေသေချာချာ ကြည့်လိုက်ရင် ပစ္စုပ္ပန်အခိုက်ဆိုတဲ့ တရားတစ်လုံးပဲ တွေ့မယ် မဟုတ်လား (ဒီတစ်လုံးပဲတွေ့ပါတယ်ဆရာ)၊ လွန်ပြီးသော အတိတ်တရား တွေ့ပါဦးမလား (မတွေ့ပါဘူးဆရာ)။ အနာဂတ်တရားကော တွေ့ကောင်းပါ့မလား (မတွေ့ပါဘူးဆရာ)၊ ဘာဖြစ်လို့ မတွေ့ (ဖြစ်ဆဲ ယခုသာ တွေ့ပါတယ်)၊ အေးလေ အတိတ်တရားလည်း မတွေ့ဘူးပေါ့ (မတွေ့ပါဘူးဆရာ)၊ ဘာဖြစ်လို့ မတွေ့ (မရှိခဲ့လို့ပါဆရာ)၊ ဟင် (ပျောက်သွားလို့ပါဆရာ)၊ ချုပ်သွားလို့၊ ပျောက်သွားလို့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မရှိခဲ့လို့ လုပ်သေးတယ်၊ နင်လား မရှိခဲ့လို့။ မြန်မာစကား အဓိပ္ပါယ်ကို သူကောင်းကောင်း နားလည်အောင် မသိဘူး။ အတိတ်တရား ကြည့်လိုက်တော့ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ တွေ့သေးရဲ့လား (မတွေ့ပါဘူးဆရာ)၊ ဘာဖြစ်လို့ မတွေ့ (ချုပ်သွားလို့ပါဆရာ)၊ အေး ချုပ်သွားလို့ မှတ်ထား။ ဒါဖြင့် အနာဂတ်တရား ကြည့်လိုက်တော့ကော တွေ့သေးရဲ့လား (မတွေ့ပါဘူးဆရာ)၊ ဘာဖြစ်လို့ မတွေ့ (ချုပ်သွားလို့ပါဆရာ)၊ ဟောဗျာ မှတ်ထား၊ ဟောဒီကောင် သဘောကို မရှင်းဘူး။ ငါက ရှေ့မတိုးဘူး။ ဒါဖြင့် မင်း မနေ့က နေကောတွေ့လိုက်သေးလား (တွေ့ပါတယ်ဆရာ)၊ အခုနေ ပြန်ကြည့်တော့၊ မနေ့ကနေ တွေ့သေးလား (မတွေ့တော့ဘူးဆရာ)၊ ဘာဖြစ်လို့လဲ (ချုပ်သွားလို့ပါဆရာ)၊ ချုပ်သွားလို့ ဟုတ်ပြီ။ ကနေ့တော့ တွေ့တယ်ဟုတ်လား (တွေ့ပါတယ်ဆရာ)၊ မနက်ဖြန်ခါနေကော (မရှိသေးပါဘူးဆရာ)၊ အဲဒီလို လုပ်ပါလား၊ ချုပ်သွားလို့ လုပ်ပါဦးလား။

လွန်ခဲ့တဲ့ အတိတ်တရား ကြည့်လို့ရှိရင် တွေ့ပါမလား (မတွေ့တော့ပါဘူးဆရာ)၊ ဘာဖြစ်လို့ မတွေ့ (ချုပ်သွားလို့ပါဆရာ)၊ ချုပ်သွားလို့။ ဒါဖြင့် လာလတ္တံ့ အတိတ်တရား ကြည့်တော့ကော တွေ့ပါ့မလား (မတွေ့ပါဘူးဆရာ)၊ ဘာဖြစ်လို့ မတွေ့ (မရှိလို့ပါဆရာ)၊ မရှိသေးလို့ပြောဟ (မရှိသေးလို့ပါဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် ခုတွေ့နေတာ ဘာတရားလဲ (ပစ္စုပ္ပန်ပါဆရာ)၊ အေး ပစ္စုပ္ပန် နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလိုပဲ သွားရမယ်။ ဒါဖြင့် စာအနေအားဖြင့်တော့ အဝိဇ္ဇာကစ ဇရာ မရဏကျအောင် (၁၂) လုံးတော့ စဉ်ပြထားတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဖြစ်ပုံဖြစ်နည်းလေးတွေကျ သေချာကြည့်စမ်း။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်၊ သင်္ခါရ ဖြစ်တယ် နော် (ဖြစ်ပါတယ်ဆရာ)၊ သင်္ခါရ ပစ္စုပ္ပန် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ ပြန်ကြည့်တော့ ရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)၊ ဝိညာဏ် ကြည့်တော့ကော ရှိသေးရဲ့လား (မရှိသေးပါဘူးဆရာ)၊ ဘာဖြစ်လို့ မရှိသေး (မရောက်သေးလို့ပါဆရာ)၊ မရောက်သေးလို့၊ ဘယ်တော့ ရောက်မှာတုံး၊ မဖြစ်သေးလို့ (မဖြစ်သေးလို့ပါဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် မင်း ခုတွေ့နေတာ ဘာလဲ (ပစ္စုပ္ပန်ပါဆရာ)၊ ပစ္စုပ္ပန်၊ သင်္ခါရ နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလိုချည်း သွားနေ။

http://www.dhammadownload.com



ဒါဖြင့် ကြည့်လိုက်ရင် အတိတ်ဖြစ်တဲ့ တရား၊ ပစ္စုပ္ပန်ဖြစ်တဲ့ တရား၊ အနာဂတ်ဖြစ်တဲ့ တရားလို့ တရားသုံးလုံးမှာ ဘယ်အလုံး တွေ့မှာတုံးဟ (ပစ္စုပ္ပန်တရားပဲတွေ့မှာပါဆရာ)၊ အတိတ်တရားလည်း မတွေ့ကောင်းဘူးပေါ့ (မတွေ့ကောင်းပါဘူးဆရာ)၊ လွန်သွားပြီ၊ ချုပ်သွားပြီ။ အနာဂတ်တရားကော တွေ့ကောင်းပါ့မလား (မတွေ့ကောင်းပါဘူးဆရာ)၊ မဖြစ်သေးဘူး၊ မရှိသေးဘူး၊ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါ ပစ္စုပ္ပန်တစ်လုံး တစ်လုံး မြင်ရမယ်။ ဒါကြောင့် အဟောင်းပျောက် အသစ် ရောက် အဟောင်းပျောက် အသစ်ရောက်၊ အဟောင်းပျောက် အသစ်ရောက်။ အသစ် အသစ် အသစ် ဆက်ကာ ဆက်ကာ ဖြစ်နေ်ာ (မှန်ပါတယ်ဆရာ)၊ အသစ် အသစ် ဆက်ကာ ဆက်ကာ ဖြစ်နေတယ်တဲ့။ သေချာကြည့်နော်။ နာနတ္တနည်းရဲ့ လိုရင်း အဓိပ္ပါယ်လေး။ ပရိသတ်က လျှက်ဆား နဲ့ တည့်ဟန်တူတယ်၊ ချောင်းဆိုးသံတယ်မကြားရဘူး။ ငါတော့ လျှက်ဆား လျှက်မိလို့ သူ့ကြောင့် ထင်တယ် ပိုဆိုးနေတယ်။

ဒါဖြင့် အဟောင်းပျောက် အသစ်ရောက်၊ အဟောင်းပျောက် အသစ်ရောက်ဆိုတော့ အသစ် အသစ်တွေ ဆက်ကာ ဆက်ကာ ဖြစ်နေတာပေါ့ (မှန်ပါတယ်ဆရာ)၊ အေး အသစ် အသစ် ဆက်ကာ ဆက်ကာ ဖြစ်နေတာ ဘယ်ကစဖြစ် (အဝိဇ္ဇာကစဖြစ်တာပါဆရာ)၊ အဝိဇ္ဇာက စဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဇရာ မရဏကျအောင် သွားမှာပေါ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ တစ်နည်း အားဖြင့် သံသရာ အစကတည်းက စဖြစ်လာတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သံသရာ ဘယ်ကစ (မသိတာက စတာပါဆရာ)၊ ဘယ်မှာဆုံး (သိတစ်လုံးမှာ ဆုံးပါတယ်ဆရာ)၊ အေးအေး သံသရာစဖြစ်တုန်းကလည်း မသိလို့ ဖြစ်လာတာနော် (မှန်ပါတယ်ဆရာ)၊ သိပြန်တော့လည်း ဆုံးသွားပြန်တာပဲတဲ့။ အဝိဇ္ဇာနဲ့ ဝိဇ္ဇာ၊ ဒါကြောင့် နာနတ္တနည်းမှာ လိုရင်းပြောတဲ့ အဓိပ္ပါယ်က အဟောင်းတွေ ပျောက်ပြီးတော့ အသစ်အသစ်တွေ ရောက်လာတယ်။ အသစ် အသစ်တွေ ဆက်ကာဆက်ကာ ဖြစ်တယ်ဆိုတဲ့ သဘောလေးတွေ မြင်လိုက်တော့ကာ ကြည့်စမ်း သံသရာ အစက ငါကောင်လေးသည် ဘဝအမျိုးမျိုးသာ ပြောင်းလာတဲ့ ဒီငါကောင်လေး၊ ဒီဝိညာဉ်ကောင်လေးပဲ။ ဒီသတ္တဝါကောင်လေးပဲလို့ စွဲထားသော သဿတဒိဋ္ဌိနော် (မှန်ပါတယ်ဆရာ)၊ တစ်နည်း ပစ္စုပ္ပန် ဘဝ အမေမွေးကတည်းက ဒီရုပ်၊ ဒီနာမ်၊ ဒီအသိဉာဏ်၊ ဒီကိုယ်ပဲ၊ ဒီစိတ်ပဲလို့ စွဲထားတဲ့ သဿတ ဒိဋ္ဌိ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ (တစ်နည်း) ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ အာရုံခြောက်ပါးနဲ့ တွေ့တိုင်း တွေ့တိုင်း တိုက်တိုင်း တိုက်တိုင်း မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ်ဆိုတဲ့ ဝိညာဉ်စိတ်ကလေးတို့သည် ဘယ်တော့မှ မပျက်ဘဲနဲ့ မြဲနေတယ်ဆိုတဲ့ သဿတ

http://www.dhammadownload.com



ဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)၊ ကြည့်စမ်း - အဲ့ဒီ သဿတဒိဋ္ဌိများ ယုံပါဦးမလားဟ (မယုံတော့ပါဘူး ဆရာ)၊ တကယ်မယုံဘူးလား (တကယ်မယုံပါဘူးဆရာ)၊ အခု ပဋိစ္စသမုပ္ပါဒ် နာနတ္တနည်း မြင်တော့ မယုံဘူးပေါ့ (မယုံပါဘူးဆရာ)၊ အကယ်တန္တု သူသူ ငါငါ လူတကာ ပြောသလို သံသရာ အစက ငါကောင်လေးဟာ ကနေ့အထိ ရှိနေမယ်။ အမေမွေးစက ဒီကောင်လေးဟာ ကနေ့အထိ ရှိနေမယ် ဆိုရင် ပဋိစ္စသမုပ္ပါဒ် ဒေသနာနဲ့ ဟပ်လိုက်တော့ ဟိုက တစ်လုံးပျောက်မှ တစ်လုံးပေါ်တာတဲ့၊ ဒီလို မပြောဘူးလား (ပြောပါတယ်ဆရာ)၊ တစ်လုံးပျောက်မှ တစ်လုံးရောက်တာတဲ့။ တစ်လုံးချုပ်ပြီးမှ တစ်လုံး ဖြစ်တာဆိုတာ အသစ် အသစ်တွေ ဖြစ်ဖြစ်၊ ဖြစ်ဖြစ်နေတယ်ဆိုတော့ တစ်ခါဖြစ်ပြီးရင် နောက် ဘယ်တော့မှ မပျက်ဘူးဆိုတဲ့ သဿတဒိဋ္ဌိက ဟုတ်ပါဦးမလားဟ (မဟုတ်ပါဘူးဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲ့ဒါ လိုရင်းလေး၊ ဒါလေး မှတ်ထားပါ။ နံပါတ်နှစ်ထောင့်ကနေ ကြည့်တော့ ကာ ဒီလို မြင်ပြန်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ နံပါတ်တစ်ထောင့်တုန်းက ကြည့်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်ကြီးသည် အကြောင်းအကျိုး ဆက်စပ်ပြီးတော့ သွားနေလိုက်တာ ပြတ်တယ်၊ ရပ်တယ်လို့ မရှိဘူး။ သန္တာန်အစဉ်ကြီးသည် တစ်ဆက်တည်း မြင်နေရတယ်။ နံပါတ် နှစ်ထောင့်ကနေ ကြည့်တဲ့အခါကျတော့ ဒီလို မဟုတ်ပါဘူး။ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက်။ အသစ်အသစ်၊ အသစ်အသစ် ဆက်ကာ ဆက်ကာ ပြောင်းပြောင်း ဖြစ်နေတာ မြင်ရတယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒီလိုမြင်တော့ကာ တစ်ခါဖြစ်ပြီးရင် နောက်ဘယ်တော့မှ မပျက်ဘူးဟဲ့လို့ စွဲယူထားသော သဿတဒိဋ္ဌိဝါဒဟာ ယုံပါဦးမလား (မယုံတော့ပါဘူးဆရာ)၊ ဘယ်သူက ပြောပြော မယုံဘူးပေါ့ (မယုံပါဘူးဆရာ)၊ စာတတ် ပေတတ်က ပြောတော့ကော (မယုံပါဘူးဆရာ)၊ တကယ်မယုံဘူးလား (တကယ်ပါဆရာ)၊ ပါဠိအာဂုံတွေနဲ့ ခြောက်လှန့် ရွတ်ဖတ် ဟောပြော လုပ်တော့ ယုံဦးမှာလား (မယုံပါဘူးဆရာ)၊ မင်းကိုယ်တိုင်က ဒီသဘော နားလည်နေတယ်လား (မှန်ပါတယ်ဆရာ)၊ ဘုရားကိုယ်တော်မြတ် ဟောထားတဲ့ ဒီနာနတ္တနည်း နားလည်နေတယ် ဟုတ်လား (နားလည်ပါတယ် ဆရာ)။ နားလည်လို့ ဘယ်သူပြောပြော မယုံဘူးပေါ့ (မယုံပါဘူးဆရာ)၊ သိကြားမင်း ဆင်းပြောလည်း မယုံဘူးပေါ့ (မယုံပါဘူးဆရာ)၊ အေးအေး အဲ့ဒီလို တစ်ခုရလို့ရှိရင် ဒီလို စွဲစွဲမြဲမြဲနဲ့ ခိုင်ခိုင်မတ်မတ် ကလေး တန့်ရပ်နိုင်အောင် လုပ်ထားရတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ တရားတွေကလည်း နည်းက လည်း အမျိုးမျိုးပေါ့။ သူ့ခေတ်နဲ့ သူဆိုသလိုပေါ့။ ဟိုကတစ်မျိုး ဒီကတစ်မျိုး။ ဟောကြ၊ ပြောကြ၊ ပြကြသကြ။ အဲ့ဒါ မှန်တဲ့ နိဿယျည်းတွေလည်းများပါပြီ။ မှားတဲ့ နိဿယျည်းတွေလည်း များပါ၏။

http://www.dhammadownload.com



ငါတစ်နေ့က ပြောသွားတဲ့ မြိုင်နယ်မှာ တို့ဟောနေတဲ့ ကျောက်သဘော်တောရ ဆရာတော် ရဲ့ တပည့်များ ဟောနေတဲ့တရားတဲ့။ စိတ်ကလေး စိတ်ကလေး အတိုင်းတိုင်းထားတဲ့။ ကြားဖူးတဲ့ တရားနော် (မှန်ပါတယ်ဆရာ)၊ စိတ်ကလေး စိတ်ကလေး အတိုင်းတိုင်းထားတဲ့။ ဘာမှမလုပ်ပါနဲ့တဲ့။ ကုသိုလ်လည်း လုပ်စရာမလိုဘူး၊ အကုသိုလ်လည်း လုပ်စရာမလိုဘူးတဲ့။ စိတ်ကလေး စိတ်ကလေး အတိုင်းတိုင်းထားတဲ့။ မှတ်ထားကြနော် ဆန်းတယ်၊ ဆန်းတယ်။

အဲ့ဒီစိတ်ကလေး အခုငါပြောနေတဲ့ နာနတ္တနည်းနဲ့ ကြည့်လိုက်တော့ စိတ်ကလေး စိတ်ကလေး အတိုင်းတိုင်းထားလို့ ရရဲ့လား (မရပါဘူးဆရာ)၊ အဟောင်း အဟောင်းတွေ ပျောက်ပျောက်ပြီးတော့ အသစ် အသစ်တွေ ရောက်ရောက် မလာဘူးလား (ရောက်ရောက်လာပါတယ်ဆရာ)၊ စိတ်ကလေး စိတ်ကလေး အတိုင်းတိုင်းထားဆိုတော့ စိတ်ကလေးတစ်လုံး ဖြစ်ပြီးရင် တစ်သက်နေရောဆိုတဲ့ အဓိပ္ပာယ် ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)၊ ဒီစိတ်ကလေး မပြင်နဲ့၊ ဒီစိတ်ကလေး မပြောင်းနဲ့ ဒီအတိုင်းတိုင်းထား။ စိတ်ကို အလွတ်အတိုင်းထားနိုင်တာက ဘုရားကိုယ်တော်မြတ် နော် (မှန်ပါတယ်ဆရာ)၊ ဘုရားကိုယ်တော်မြတ်ကျတော့ စိတ်ကို အလိုရှိသလို ထားနိုင်တယ်တဲ့။ မှတ်ထားနော်။ နောက်အခုပြောနေတဲ့ ၀ါဒက မတွေ့ဘူးလို့ မပြောနိုင်ဘူး။ တွေ့ချင်တွေ့လာမှာ။ အဲ တွေ့လာလို့ ယုံကြည်သွားရင် ကိုယ်ကျိုးနည်းပြီလို့ မှတ်ထားနော် (မှန်ပါတယ်ဆရာ)၊ ဘုရား မဟောတဲ့ ၀ါဒမျိုး၊ ဘုရားမဟောတဲ့ အယူအဆမျိုး။ ဘယ်မှာ ရှာကြည့်ကြည့် စိတ်ကလေး စိတ်ကလေး အတိုင်းတိုင်းထား၊ ကုသိုလ်လည်း မလုပ်ချင်နဲ့၊ အကုသိုလ်လည်း မလုပ်ချင်နဲ့။ မှတ်ထား သေသေ ချာချာ။ ငါဒီက ဟိန်းလိုက် ဟောက်လိုက်တဲ့ အသံကြားလို့ ထင်တယ် နောက်နည်းနည်း ပြင်တယ် ပြောတယ်။ ဘာလုပ်စရာလိုသေးတုံးတဲ့။ စိတ်ကလေး အတိုင်းတိုင်းထား။ စိတ်ကလေး အတိုင်းတိုင်း ထားဆိုတာ တခြားမဟုတ်ပါဘူးတဲ့။ အကုသိုလ်စိတ်တွေ မ၀င်ပါစေနဲ့လို့ ပြောတာပါတဲ့။ နောက်ပြင် တယ်နော် (မှန်ပါတယ်ဆရာ)၊ နောက်ပြင်တယ် ပြင်တယ် လေသံ ပြောင်းသွားတယ်။ စိတ်ကလေး စိတ်ကလေး အတိုင်းတိုင်းထားလို့ ပြောတာက အကုသိုလ်တွေ မ၀င်ပါစေနဲ့လို့ ပြောတာပါတဲ့။ အကုသိုလ်တွေ မ၀င်ပါနဲ့ဆိုရင် ကုသိုလ်စိတ်ကလေးကိုချည်းပဲ ရအောင် ယူထားကြပါ။ ကုသိုလ် စိတ်ကလေးနဲ့ အမြဲနေကြပါဆို ပြောရင် မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဖြစ်ချင်ဖြစ်၊ မဖြစ်ချင်နေ ဒါက အပြစ်လွတ်တယ်ကွာ။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ခုတော့ ပထမ ဟောတုန်းကတော့ စိတ်ကလေး စိတ်ကလေး အတိုင်းတိုင်းထားတဲ့။ ကုသိုလ်လည်း မလိုချင်နဲ့၊ အကုသိုလ်လည်း မပြုချင်နဲ့တဲ့။ ဖြစ်နေတဲ့ စိတ်ကလေး ဒီအတိုင်းထားရမယ်။ မကြားဖူးပါဘူး။ အဲ့ဒါ

ငါ တစ်လောက ဒီက တော်တော်လေး ပြောဆိုလွှတ်လိုက်တော့ ကြားဖူးတဲ့သူများအဖို့ တစ်ဆင့်စကား ဖေါက်သည်ချ။ ပြင်တယ် ပြင်တယ် ဟိုမှာ။ အခု နောက်ပိုင်းလေးက နည်းနည်းပြင် သွား။ စိတ်ကလေး အတိုင်းတိုင်းထား ဟောတာ တခြား မဟုတ်ပါဘူးတဲ့ အကုသိုလ်စိတ်တွေ မဝင်အောင်လို့ ပြောတာ ပါတဲ့။ အဲ့ဒါ လျှောချ လျှောချ။ အဲ့ဒါ သတ္တဝါအများကို တကယ်သနားလို့ သာသနာကြီးနဲ့ တွေ့တဲ့ ကြုံတဲ့အခါမှာ ရုပ်တစ်လုံး၊ နာမ်တစ်လုံးမှ ပရမတ်သဘောလေး၊ ဓာတ်သဘောလေး သိအောင်ဟဲ့။ သံသရာထောက်ရာ တည်ရာရအောင် အပါယ်ဘေးမှပဲ အေးသင့်သလောက် အေးပါစေဆိုတဲ့ သတ္တဝါအများကို သနားလို့ လည်ဟောတဲ့ တရားဟောဆရာ အင်မတန်နည်းတယ်။ မှတ်ထားနော် ဟုတ်လား မဟုတ်လားလို့။ အဲ့ဒီကောင်တွေလည်း စီးပွားရှာနေတာ၊ ပိုက်ဆံရှာနေတာ။ ကြေးစား သမားတွေ များတယ်။ ဟုတ်လား, မဟုတ်လား တွက်ကြည့်။ ဒီတော့ ကိုယ့်ကိုကိုယ် မညာတမ်းဘဲနဲ့ တစ်ဖက်သားကို သနားတယ်။ ကိုယ့်အကျိုးစီးပွား အနစ်နာခံ လုပ်တယ်ဆိုလို့ရှိရင် ယုံကြ။ ဘာဖြစ်လို့ သူကိုယ်တိုင်ကလည်း တိတိကျကျ ရှာလာလိမ့်မယ်။ သူကိုယ်တိုင် တိတိကျကျ ရလာလို့ ယုံကြည် အားကိုးတဲ့အနေအားဖြင့် တစ်ဘက်သား သနားလို့ လည်ပြီးတော့ ဟောပြော ပြသပေးတဲ့ ဆရာပဲလို့ ဒီလိုယုံကြည်၊ အဲ့ဒါ သာသနာပြုတာ မဟုတ်ဘူး၊ သာသနာဖျက်တာ။ ဒါ တို့နဲ့တော့ ဘာမှ မဆိုင်ဘူး။ မဆိုင်ပေမဲ့ ဆိုင်သင့်သလောက်က ဆိုင်နေတယ်။ ဒါ မြိုင်သင်တန်း လှုပ်လှုပ်ရွရွ ဖြစ်ပြီးတော့ တော်တော်လေး ကိုးရိုးကားယား ဖြစ်နေတယ်။

ဒါကြောင့် နာနတ္တနည်းကျတော့ကား မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဧကတ္တ နာနတ္တ၊ အဗျာပါရ၊ ဧဝံဓမ္မတာဆိုတဲ့ နည်းလေးမျိုးက ပဋိစ္စသမုပ္ပါဒ်သာလျှင် ကောက်ရတာ မဟုတ်ဘူး။ ဒေသနာတိုင်း ကောက်ရတာ နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုချည်း သွားတာ။ ရုပ်အစဉ်၊ နာမ်အစဉ်၊ ခန္ဓာအစဉ်လေးတွေဟာ ထားတဲ့အတိုင်း နေပါ့မလားဟ (မနေပါဘူးဆရာ)၊ ဘာဖြစ်လို့ မနေ (အဟောင်းပျောက် အသစ်ရောက်လာလို့ပါဆရာ)၊ သြော် သြော် ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်။ အဟောင်းပျောက် အသစ်ရောက်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ တစ်လုံးဖြစ်နေရင် ဘယ်တော့မှ မပျက်ဘူးဆိုရင် ထားခဲ့လို့ နေမှာပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ ဒီလို ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ အေး မဟုတ်ဘူး။ ဒါကြောင့် စိတ်ကလေး စိတ်ကလေး အတိုင်းတိုင်း ထားဆိုတဲ့ စကားက ဒါဘုရားကိုယ်တော်မြတ်မှ စိတ်ကလေးကို အလိုရှိသလို ထားနိုင် တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ စိတ်က အင်မတန် လျင်မြန်တာ။ စိတ်တရားလေးက အင်မတန် လျင်မြန်တယ်။ မျက်တောင်တစ်ခတ် ဘယ်လောက်ဖြစ်သလဲဟ (ကုဋေတစ်သိန်းဖြစ်ပါတယ်ဆရာ)၊

http://www.dhammadownload.com


အေး အဲ့ဒါကြည့်။ မျက်တောင်တစ်ခတ်ဆိုတာ တစ်စက္ကန့်ရှိတယ်။ သို့ကလောက်တောင် တိုတောင်းတဲ့အထဲမှာ စိတ်လုံးရေလေးတွေ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် အသစ် အဟောင်း ပြောင်းသွားတာ ကုဋေတစ်သိန်း နော် (မှန်ပါတယ်ဆရာ)၊ ပျက်ပျက်သွားတာက အချက်ပေါင်း ကုဋေတစ်သိန်း၊ အသစ် အသစ် ဖြစ်လာတာက ကုဋေတစ်သိန်း။ သို့ကလောက်တောင် မြန်တယ်။ ကုသိုလ်စိတ် အကုသိုလ်စိတ်လဲပဲ ဒီနှစ်မျိုး သွားနေတာ။ ကုသိုလ်ဖြစ်လိုက်၊ အကုသိုလ်ဖြစ်လိုက်၊ ကုသိုလ်ဖြစ်လိုက် အကုသိုလ်ဖြစ်လိုက်။ လောဘဖြစ်လိုက်၊ ဒေါသဖြစ်လိုက်၊ မောဟဖြစ်လိုက်။ ဒီလိုချည်းပဲသွားနေတာ။ ဘာမှ အထူးပြောနေစရာ မလိုဘူး။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှန်ရင် ဒါကတော့ နားလည်ပြီးသားဖြစ်။ ဘယ်သူလာဟောကာမှ သဘောထဲ အဆန်းမှတ်၊ ဘယ်လောက်များ အခြေခံ ပညာမျက်စိအားဖြင့် ညှံ့ဖျင်းတဲ့လူတွေလဲလို့ယုံတာပဲ။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကတော့ "စိတ္တိဿရပုဂ္ဂိုလ်" ခေါ်တယ်။ "စိတ္တိဿရ"ဆိုတာ စိတ္တ+ဣဿရ၊ စိတ်ကို အစိုးရတော်မူသော မြတ်စွာဘုရားလို့ နော် (မှန်ပါတယ်ဆရာ)၊ စိတ်သူ့အာဏာတန်ခိုး အစိုးရတယ်ဆိုတော့ သူထားချင် သလိုထား ဖြစ်တယ် မဟုတ်လား (ဖြစ်ပါတယ်ဆရာ)၊ အေး အေး . . ဒါကြောင့် မြိုင်နယ်လည်း ဒီကောင်တွေ ဟောတာနဲ့ ဘုရားဖြစ်မှန်းမသိ ဖြစ်ကုန်ရော။

စိတ်ကလေး စိတ်ကလေး အတိုင်းတိုင်းထားဆိုတော့ ထားကုန်ကြပေါ့ တစ်ချို့လည်း နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လိုထားတာလည်း ငါလည်း မပြောတတ်ပါဘူး။ ဘုရားကိုယ်တော်မြတ်က စိတ္တိဿရပုဂ္ဂိုလ်တဲ့။ စိတ္တ + ဣဿရ။ စိတ္တ,က စိတ်။ ဣဿရ,က အာဏာတန်ခိုး အစိုးရ။ သူထား သလို ဖြစ်တယ်တဲ့။ ဘုရားမှတပါးသော ပုဂ္ဂိုလ်တွေကျတော့ ဒီစိတ်ကို အာဏာတန်ခိုး အစိုးရတာ မဟုတ်ဘူး၊ ထားသလိုဖြစ်တာမဟုတ်ဘူး၊ သူဖြစ်ချင်သလိုဖြစ် နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ သတိကလေး ရှေးရှု ရှေးရှုပြီးတော့ ပြင်ပေးရတယ်။ ဟာ . . . ငါအကုသိုလ်စိတ်တွေ ဖြစ်နေတာပါပဲ။ မကောင်းပါဟဲ့၊ ငါ့ဒေါသတွေ ဖြစ်နေပါပဲ၊ လောဘတွေ ဖြစ်နေပါပဲ။ ဒါတွေက အကုသိုလ်စိတ်တွေ ပါလား။ ဒါတွေဝင်လို့ မကောင်းဘူးဟဲ့၊ ဒါတွေ မွေးမြူထားလို့ မကောင်းဘူး။ ဒါတွေ လက်ခံထားလို့ မကောင်းဘူး။ ငါ ကုသိုလ်တရားဘက်က ငါလှည့်ပြီး စဉ်းစားအုံးမယ် ဒီလိုသွားတာ။ သတိလေးနဲ့ ပြင်ပြင် ပြင်ပြင် လိုက်သွားရတာနော် (မှန်ပါတယ်ဆရာ)၊ စိတ်ကလေး မဖြစ်ပါနဲ့။ တစ်လုံးဖြစ်ပြီး မပျက်ပါနဲ့၊ ရပ်နေပါဆိုတော့ ရပ့်မလား (မရပါဘူးဆရာ)၊ ဘယ်တော့မှ မရဘူး။ ထားလို့လည်း ဘယ်တော့မှ မနေဘူး။ သူဖြစ်ချင်ရာ လျှောက်ဖြစ်နေတာပဲ။ အဲ အခု နာနတ္တနည်းကျပြန်တော့ အဲ့ဒါကြောင့် အဋ္ဌကထာဆရာက -

"အဝိဇ္ဇာဒီနံ ပန ယထာသကလက္ခဏဝဝတ္ထာနံ နာနတ္တနယော နာမ၊ ယံ သမ္မာ ပဿန္တော နဝနဝါနံ ဥပ္ပါဒဒဿနတော သဿတဒိဋ္ဌိံ ပဇဟတိ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၀၈)

ပန၊ ဧကတ္တနည်းမှတစ်ပါး နာနတ္တနည်းကို ဆိုဦးအံ့။ အဝိဇ္ဇာဒီနံ၊ အဝိဇ္ဇာအစရှိသည်တို့၏။ အဝိဇ္ဇာကနေ ဟိုး . . . ဇရာမရဏကျအောင် ယူ တစ်လုံးပြီး တစ်လုံး တစ်လုံးပြီး တစ်လုံး အာဒိသဒ္ဒါဖြင့်။ အဝိဇ္ဇာဒီနံ၊ အဝိဇ္ဇာအစရှိသည်တို့၏။ ယထာသကလက္ခဏဝဝတ္ထာနံ၊ မိမိတို့၏ ဥစ္စာဖြစ်သော လက္ခဏာကို ပိုင်ခြားမှတ်သားခြင်းသည်။ နာနတ္တနယော နာမ၊ နာနတ္တနည်း မည်၏တဲ့။ အဝိဇ္ဇာအစရှိတဲ့ တစ်ဆယ့်နှစ်ပါးသော တရားတွေ သေသေချာချာကြည့်တဲ့။ သူတို့ မိမိတို့၏ အသီးအသီး ဥစ္စာဖြစ်တဲ့ ရအပ်သော လက္ခဏာတွေ ပိုင်းခြားမှတ်သားကြည့် နော် (မှန်ပါတယ်ဆရာ)၊ တစ်ခုနဲ့တစ်ခု လက္ခဏာချင်း တူသေးရဲ့လား (မတူပါဘူးဆရာ)၊ တရားကိုယ် တရားသားရော တူသေးရဲ့လား (မတူပါဘူးဆရာ)၊ အဓိပ္ပါယ်ကော တူသေးရဲ့လား (မတူပါဘူးဆရာ)၊ တစ်ခုမှ မတူဘူး နော် (မှန်ပါတယ်ဆရာ)၊ မတူကြဘူးတဲ့။ ပြီးတော့ ဖြစ်ပုံကြည့်ပြန်တော့လည်းပဲ အစုလိုက် အပြုံလိုက် ဖြစ်ကောင်းတဲ့တရား မဟုတ်ဘူး။ တစ်လုံးပျောက်မှ တစ်လုံးရောက်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တစ်လုံးဖြစ်ပြီးမှ တစ်လုံးဖြစ်၊ တစ်လုံးဖြစ်ပြီးမှ တစ်လုံးဖြစ်၊ ဒီလိုသွားနေတာပဲ။ ဒါကြောင့် ဖြစ်ပြီးသား အတိတ်တစ်လုံး ကြည့်တော့လည်း မရှိ မဖြစ်ရသေးဘူးဆိုတဲ့ အနာဂတ်အလုံး မျှော်ကြည့်ပြန်တော့လည်း မရှိ ဖြစ်ဆဲဆိုတဲ့ ပစ္စုပ္ပန်လေး သွားသွားတွေ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီ ပစ္စုပ္ပန်လေး ချုပ်သွားလိုက် နောက်တစ်လုံးပေါ်လာလိုက်။ ဖြစ်ဆဲဆိုတဲ့ ပစ္စုပ္ပန်လေး ချုပ်သွားလိုက်၊ နောက်တစ်လုံး ပေါ်လာလိုက် နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ ဖြစ်ဆဲဆိုတဲ့ ပစ္စုပ္ပန်လေး ချုပ်သွားရင် အဲ့ဒါ အတိတ်ဖြစ်သွားတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဖြစ်ဆဲဆိုတဲ့ ပစ္စုပ္ပန်အလုံးလေး ချုပ်သွားလို့ရှိရင် အတိတ်ဖြစ်သွားပြီ သူက၊ လွန်သွားပြီ ခေါ်တယ်။ နောက် ပစ္စုပ္ပန်က တစ်လုံးပေါ်လာပြန်ရော။ အသစ် အသစ်ကလေးတွေက ဆက်ဆက် ဆက်ဆက်ဖြစ်။ ဖြစ်ပြီးရင်းဖြစ်ရင်း၊ ဖြစ်ပြီးရင်းဖြစ်ရင်း၊ ဖြစ်ပြီးရင်းဖြစ်ရင်း နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို မြင်တော့ ဒီလိုမြင်တော့ ဘာဖြစ်သလဲ။ တစ်လုံးဖြစ်ပြီးရင်နော်၊ ဘယ်တော့မှ မပျက်ဘူး။ တစ်ခါဖြစ်ပြီးရင် နောက်ဘယ်တော့မှ မပျက်ဘူးဆိုတဲ့ သဿတဝါဒ ယုံပါဦးမလား (မယုံတော့ပါဘူး ဆရာ)၊ မယုံတော့ဘူး။ ဒါကြောင့် "ယံ သမ္မံ ပဿန္တော နဝနဝါနံ ဥပ္ပါနဒဿနတော သဿတဒိဋ္ဌိံ ပဇာယတိ" ယံ၊ အကြင်နာနတ္တနည်းကို။ သမ္မာ ပဿန္တော၊ မဖေါက်မပြန် မှန်မှန်ကန်ကန် မြင်သော သူသည်။ နဝနဝါနံ၊ အသစ် အသစ်တို့၏။ ဥပ္ပါနဒဿနတော၊ ဆက်ကာ ဆက်ကာ ဖြစ်ပေါ်လာခြင်း

http://www.dhammadownload.com



ကို မြင်ပါသဖြင့်။ သဿတဒိဋ္ဌိ၊ တစ်ခါဖြစ်ပြီးရင် နောက်ဘယ်တော့မှ မပျက်ဘူးလို့ စွဲမြဲယုံကြည်နေသော သဿတဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်စွန့်နိုင်လေတော့၏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တစ်ခါဖြစ်ပြီးရင် နောက်ဘယ်တော့မှ မပျက်တော့ဘူးဆိုတဲ့ သဿတဝါဒ ယုံဦးမှာလားဟ (မယုံတော့ပါဘူးဆရာ)၊ အဲ့ဒါတွေ ပဋိစ္စသမုပ္ပါဒ်ပြထားတဲ့ နာနတ္တနည်းရဲ့ အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်း မြင်တော့ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ ကြည့်လည်း သံသရာအစက ငါကောင်လေးသည် ဘဝပေါင်းများစွာ ဆက်ကာ ဆက်ကာ ပြောင်းလဲလာလိုက်တာ ဒီကောင်လေး နော် (မှန်ပါတယ်ဆရာ)၊ သဿတဒိဋ္ဌိ။ ပစ္စုပ္ပန်ဘဝကြည့်လည်း အမေမွေးကတည်းက, မွေးလာစကတည်းက ဒီရုပ်၊ ဒီနာမ်၊ ဒီစိတ်၊ ဒီကိုယ် ဒီကနေ့အထိ ဘယ်တော့မှ မပျက်ဘူး။ သဿတဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)၊ ဝိညာဏဓာတ်ခြောက်ရပ်တို့သည် တစ်ခါဖြစ်ပြီးရင် နောက်ဘယ်တော့မှ မပျက်ဘူး။ ရူပါရုံအစရှိသော အာရုံခြောက်ပါးတို့သည် တစ်ခါဖြစ်ပြီးရင် ဘယ်တော့မှ မပျက်ဘူး။ သဿတဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီ သဿတဒိဋ္ဌိ ယုံဦးမှာလား (မယုံတော့ပါဘူးဆရာ)၊ မယုံဘူး၊ ယုံစရာအကြောင်းလည်း မရှိဘူး။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် လိုရင်းလေး မင်းမှတ်မိပြီပေါ့ (မှတ်မိပါပြီဆရာ)။

နာနတ္တနည်း ဘာရည်ရွယ်ပြတယ် (အသစ်အသစ်တွေ ထပ်ကာ ထပ်ကာဖြစ်တာပါဆရာ)၊ အသစ် အသစ်တွေ ထပ်ကာ ထပ်ကာ ဖြစ်နေတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ တစ်ဆက်တည်း မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)၊ အသစ် အသစ်တွေ ထပ်ကာ ထပ်ကာ ဖြစ်တော့ ဘာကိလေသာ ပယ်တယ် (ဒိဋ္ဌိကိလေသာပါဆရာ)၊ ဘာဒိဋ္ဌိကိလေသာလဲ (သဿတဒိဋ္ဌိပါဆရာ)၊ သဿတဒိဋ္ဌိ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဧကတ္တနည်းကတော့ ဘာရည်ရွယ်လို့ ပြတယ် (သန္တာန်အစဉ်ကြီးကိုပါဆရာ)၊ ဆုံးအောင်ပြော (သန္တာန်အစဉ်ကြီးကို တစ်ဆက်တည်း တစ်ပြင်တည်း ထင်းနေလို့ပါဆရာ)၊ ထင်းနေလို့ (ထင်နေတာပါဆရာ)၊ သန္တာန်အစဉ်ရဲ့ ဆက်စပ်ပြီးတော့ မပြတ်ဖြစ်နေတာကို ပြတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာပြောတယ် (သန္တာန်အစဉ်ရဲ့ ဖြစ်ပျက်နေတာကို)၊ ဟော, ဟော, ဟော . . . (သန္တာန်အစဉ်ရဲ့ တစ်ဆက်တည်း တစ်ပြင်တည်း ဖြစ်တာ ဆက်စပ်နေတာပါဆရာ)၊ ဆက်စပ်နေတာ ဘာလို့၊ ဘာဖြစ်လို့၊ (ဖြစ်နေတာပါဆရာ)၊ ဖြစ်နေတာ ဘာလို့၊ (သန္တာန်အစဉ်ပါဆရာ)၊ အေးလေ . . . သန္တာန်အစဉ် ဘာဖြစ်လို့လဲ (တစ်စပ်တည်း တစ်ဆက်တည်းပါဆရာ)၊ သန္တာန်အစဉ်ရဲ့ မပြတ်ဘဲနဲ့ တစ်ဆက်တည်း ဖြစ်ခြင်းကို ပြတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာတဲ့ (သန္တာန်အစဉ်ရဲ့ မပြတ်ဘဲ တစ်ဆက်တည်း ဖြစ်နေတာကို ပြတာပါဆရာ)၊ ဩော် . . . သန္တာန်အစဉ် မပြတ်ဘဲ တစ်ဆက်တည်း ဖြစ်နေတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



အဝိဇ္ဇာကစ ဇရာမရဏကျအောင် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဥပမာ ဘာနဲ့တူတယ် (သရက်စေ့နဲ့ပါဆရာ)၊ ပြောစမ်းပါဦး ဥပမာလေး -

(အညှောင့်လေးပါလာပါတယ် ဆရာ)၊ လုပ်ပြီ။ ခေါင်မိုးပေါ် တင်ထားရင် အညှောင့်ပေါက်လား၊ ပြောစမ်းပါ စုံစုံစေ့စေ့လေး။ (သရက်စေ့ မျိုးစေ့လေး ချထားပါတယ်ဆရာ)၊ ချထားတော့ (အညှောင့်ကလေးထွက်လာပါတယ်ဆရာ)၊ အင်း . . . (ပင်မကြီးရောက်သွားပါတယ်ဆရာ)၊ ဟော မြင့်သွား။ မျိုးစေ့လေးချလိုက်တာနဲ့ ပင်မကြီးရောက်သွားရောလား (မရောက်ပါဘူးဆရာ)၊ ဘယ့်နှယ့်လုပ်တာတုံးဟ။ မျိုးစေ့လေးချလိုက်တော့ ဘာဖြစ် (အညှောင့်လေးတွေ၊ ပင်စည်လေးတွေ၊ ပင်လုံးလေးတွေ၊ ပင်မလေးတွေ ခက်မငါးဖြာစီနဲ့ ထွက်လာပါတယ်ဆရာ)။ ဒါနဲ့ ပင်မကြီး ဖြစ်သွားရောလား (မှန်ပါတယ်ဆရာ)၊ အေးပါတယ်ဗျာ မြန်မြန်ရောက်တာ ကောင်းပါတယ် နော်။ ဒါဖြင့် ဒီမျိုးစေ့လေးထဲက ထွက်လာတဲ့ အညှောင့်လေးနဲ့ တစ်ဖက်လောက်ရှိတဲ့ သရက်ပင်ကြီးနဲ့ ပြန်ဆက်စပ်ကြည့်စမ်း။ ဖြစ်လာတဲ့ သန္တာန်အစဉ်ကြီး မင်းမြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ အပြတ် အလပ် ရှိသလား (မရှိပါဘူးဆရာ)၊ အကြားရှိသလား (မရှိပါဘူးဆရာ)၊ ဖြစ်တဲ့ဖြစ်စဉ်ကြီး သန္တာန်အစဉ်ကြီးဟာ တစ်ဆက်တည်းချည်းပေါ့နော် (တစ်ဆက်တည်းပါဆရာ)၊ ဒီပမာလိုပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာကစ ဇရာ မရဏကျအောင် အကြောင်းအကျိုး၊ အကြောင်းအကျိုး၊ အကြောင်းအကျိုး၊ အကြောင်းအကျိုး ဆက်စပ် ဆက်စပ်ပြီး ဖြစ်သွားတာတဲ့။ အကြောင်းအကျိုး ဆက်စပ်ပြီး ဖြစ်သွားတဲ့ သန္တာန်အစဉ်ဟာ လုံးလုံး အပြတ် အလပ် မရှိဘူးတဲ့။ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ ဒါမြင်တော့ ဘာဖြစ်တယ် (ဥစ္ဆေဒဒိဋ္ဌိပါဆရာ)၊ ဘယ့်နှဲ့ကွ (ဥစ္ဆေဒဒိဋ္ဌိပယ်နိုင်ပါတယ်ဆရာ)၊ ဥစ္ဆေဒဒိဋ္ဌိ ပယ်နိုင်တယ်တဲ့လား (မှန်ပါတယ်ဆရာ)၊ ယုံရောယုံရဲ့လား (ယုံပါတယ်ဆရာ)၊ ဒါမြင်နိုင်ရင် ဥစ္ဆေဒဒိဋ္ဌိပယ်နိုင်တယ်ဆိုတာ မင်းယုံရဲ့လား (ယုံပါတယ်ဆရာ)၊ မင်းပယ်ပြီးပြီလား (ပယ်ပြီးပါပြီဆရာ)၊ သန္တာနာနုပစ္ဆေဒါ-ဝဗောဓတော၊ သန္တာန်အစဉ်၏ မပြတ်ခြင်းကို ထိုးထွင်း၍ မြင်သဖြင့်။ ဥစ္ဆေဒဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ ဒါက ဧကတ္တနည်းတုန်းက ဒါလိုလို့ ပြတာတဲ့။ နာနတ္တနည်းကျတော့ ဒါမဟုတ်ဘူး။ ဖြစ်နေတဲ့ ဖြစ်စဉ်တရားစဉ်ကြီးကို ကြည့်လိုက်တော့ အဝိဇ္ဇာကစ ဇရာမရဏကျအောင် သူတို့ သူတို့ရဲ့ မိမိတို့ရဲ့ ရသင့် ရထိုက်သော လက္ခဏာအသီးသီးနဲ့ ဝေဖန်ကြည့် တခြားစီ နော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပါယ် တစ်မျိုးစီ၊ တရားကိုယ် တရားသား အဓိပ္ပါယ် တစ်မျိုးစီတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ဖြစ်စဉ်ကြည့်ပြန်တော့လည်းပဲ တစ်လုံးပျောက်မှ တစ်လုံးရောက်လာတာတဲ့နော် (မှန်ပါတယ်ဆရာ)၊ နှစ်လုံး သုံးလုံး ပြိုင်တူများ ဖြစ်ကောင်းသလား (မဖြစ်ကောင်းပါဘူးဆရာ)၊ အကြောင်းတရားနဲ့

http://www.dhammadownload.com



အကျိုးတရား ပြိုင်တူဖြစ်ကောင်းရဲ့လား (မဖြစ်ကောင်းပါဘူးဆရာ)၊ မဖြစ်ကောင်းဘူး။ အဲ့ဒါလေးတွေ စိစိတွေးတော့ ရေးရေးပေါ်တဲ့။ စိစိပြန်တွေးရတယ်။

မနေ့ကလည်း ငါပြန် အထပ်ထပ်မှာတယ်။ ဒီက ပြောလိုက်တဲ့ အခိပ္ပါယ်လေးတွေ အိမ်ကျတော့ စက်ဝိုင်းစာရွက်ချ လက်နဲ့ထောက်၊ အဖော်နဲ့ရှိရင် အဖော်နဲ့တိုင်ပင်ပြီးတော့ အခိပ္ပါယ် ပြန်ရှင်းကြည့် ကြစမ်း။ နာနတ္တနည်းက ဘာလိုလို့ ပြတာတုံး။ ဪ . . . လက်စသတ်တော့ ပဋိစ္စသမုပ္ပါဒ် စက် ရဟတ်ကြီးဟာ ရဟတ်လို လည်နေတယ် ဆိုပေမယ့် မီးစက်ဝိုင်းလို ကွင်းကြီးလို လည်နေတာ မဟုတ်ဘူး။ တစ်ဆက်တည်းကြီး လည်နေတာ မဟုတ်ဘူး အမှန်ကတော့ နော် (မှန်ပါတယ်ဆရာ)၊ မရပ်မနားဘဲနဲ့ အသစ်အဟောင်းတွေ ပြောင်းပြောင်း ပြောင်းပြောင်းနေတဲ့ သဘောကလေးတွေ ဖြစ်ဆဲ ဖြစ်ဆဲ ဥပါဒ်ခိုက်ကလေးတွေ၊ ဖြစ်ဆဲ ဖြစ်ဆဲနဲ့ မြင်နေရတာ နော် (မှန်ပါတယ်ဆရာ)၊ ကြည့်လိုက်တော့ တစ်လုံးပျောက် တစ်လုံးရောက်၊ တစ်လုံးပျောက် တစ်လုံးရောက်ဆိုတော့ ပျောက်သွားတဲ့ အလုံးနဲ့ ရောက်လာတဲ့အလုံး တူပဲ့မလားဟ (မတူပါဘူးဆရာ)၊ ဘယ်တူမတုံးလို့ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ တစ်လုံးပျောက် တစ်လုံးရောက်၊ တစ်လုံးပျောက် တစ်လုံးရောက် ဆိုတော့ ပျောက်သွားတဲ့ အလုံးနဲ့ ရောက်လာတဲ့အလုံး တူပဲ့မလား (မတူပါဘူးဆရာ)၊ မတူဘူး။ အသစ် အသစ်တွေ မဟုတ်ဘူးလား (အသစ် အသစ်တွေ ဖြစ်လာပါတယ်ဆရာ)၊ အသစ်ပြီး အသစ်၊ အသစ်ပြီး အသစ် ဖြစ်လာသမျှ အသစ်ကြီး မနေဘူးလား (အသစ်ကြီးပါပဲဆရာ)၊ အေး အေး . . . အသစ်ကြီး။ ဒါဖြင့် တစ်ခါဖြစ်ပြီးရင် နောက်ထပ် ဘယ်တော့မှ မပျက်ဘူးလို့ ယူထားတဲ့ သဿတဒိဋ္ဌိ ယုံဦးမှာလား (မယုံပါဘူးဆရာ)၊ ဘယ်တော့မှ မယုံဘူး။

ဒါကြောင့် ရုပ်အစဉ်၊ နာမ်အစဉ်၊ ခန္ဓာအစဉ် ပြန်ကြည့်။ မိမိတို့ ရုပ်အစဉ်၊ နာမ်အစဉ်၊ ခန္ဓာအစဉ် မိမိတို့ကိုယ်၌ အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ဖြစ်ပေါ်နေသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဥပါဒ်၊ ဌီ၊ ဘင်, ဥပါဒ်၊ ဌီ၊ ဘင်, ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဒီလို သွားနေတာ နော် (မှန်ပါတယ်ဆရာ)၊ ကြည့်လိုက်တဲ့အခါကျတော့ ပစ္စုပ္ပန်အခိုက် ပစ္စုပ္ပန်ပေါ် တည့်တည့်ကျနေတဲ့ ဖြစ်ဆဲ ဆိုတဲ့ ရုပ်နာမ်ခန္ဓာတွေပဲ တွေ့ရမယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဖြစ်ပြီး တွေ့ပါဦးမလား (မတွေ့ပါဘူးဆရာ)၊ ဘာဖြစ်လို့မတွေ့ (လွန်သွားလို့ပါဆရာ)၊ ချုပ်သွားလို့ (ချုပ်သွားလို့ပါဆရာ)၊ ဖြစ်လတ္တံ့ တွေ့ပါမလား (မတွေ့ပါဘူးဆရာ)၊ ဘာဖြစ်လို့မတွေ့ (မဖြစ်သေးလို့ပါဆရာ)၊ အေး . . . မဖြစ်သေးလို့။ ဒါဖြင့် ဘယ်သူတွေ့နေတုံး (ဖြစ်ဆဲတွေ့နေပါတယ်ဆရာ)၊ ဖြစ်ဆဲတွေ့နေ တယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ဖြစ်ဆဲတွေ့နေတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ဖြစ်ဆဲလာတွေ့။ တစ်လုံးပဲ

http://www.dhammadownload.com


လာတွေ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီတစ်ခါဖြစ်ပြီးရင် နောက်ဘယ်တော့မှ မပျက်ဘူးဆိုတဲ့ သဿတဒိဋ္ဌိ ယုံဦးမှာလား (မယုံပါဘူးဆရာ)၊ အေး . . . မယုံတော့ဘူး။ အဲ့ဒါ ပြချင်လို့ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ အသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်နေတဲ့ သဘောကို မြင်စေချင်လို့ ပြောတာတဲ့ နော် (မှန်ပါတယ်ဆရာ)။

ဒါကို "နာနတ္တနည်း"လို့ မှတ်ပါတဲ့။ ဩော် . . . ငါတို့ အဇ္ဈတ္တသန္တာန် အမှန်ဖြစ်နေသော ရုပ်နာမ်ခန္ဓာဆိုတဲ့ တရားစုတွေဟာ အဟောင်းပျောက်လိုက် အသစ်ရောက်လိုက်၊ အဟောင်းပျောက်လိုက် အသစ်ရောက်လိုက်၊ အဟောင်းပျောက်တယ် ဆိုပြီးတဲ့နောက်မှာ အသစ်ရောက်ရောက်လာတော့၊ ရောက်ရောက်လာတဲ့တရားစုကလည်း ပျောက်မှ ရောက်လာ။ မပျောက်ဘဲ ရောက်ကို မရောက်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ပထမ တစ်လုံးပျောက်သွားမှ ဒုတိယတစ်လုံးရောက်လာ၊ ဒုတိယ တစ်လုံးပျောက်မှ တတိယတစ်လုံးရောက်လာ၊ အစားထိုးတယ် ခေါ်တယ်။ ဒီနေရာလေး အစားထိုးနေတဲ့ အလုံးလေးတွေ အလုံးလေးတွေ အစားထိုးတဲ့ အလုံးလေးတွေ ရပ်လို့ရရဲ့လား (မရပါဘူးဆရာ)။ မရဘူး၊ ဒါ့ကြောင့် မျက်တောင်တစ်ခတ်မှာ စိတ်အလုံးရေလေးတွေ ကုဋေတစ်သိန်း၊ ရုပ်အလုံးရေလေးတွေသည် ကုဋေငါးထောင်နဲ့ ရှစ်ရာကျော်။ သို့ ကလောက်တောင်ပဲ အသစ်အသစ် အသစ်အသစ်၊ အသစ်အသစ်နဲ့ ဆက်ကာဆက်ကာ ဖြစ်နေတယ်။ အဲဒီလိုသိသွားတော့ ဘာဖြစ်သလဲ ဆိုတော့ တစ်ခါဖြစ်ပြီးရင် နောက်ဘယ်တော့မှ မပျက်ဘူး။ ဒီလိုယူဆထားတဲ့ သဿတဒိဋ္ဌိ ဘယ်တော့မှ မယုံဘူးတဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)။ သေတောင် မယုံဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ဒီအသစ်အသစ်ဖြစ်တဲ့ သဘောလေးတွေ မြင်လို့ရှိရင် သဿတဒိဋ္ဌိ ပယ်နိုင်တာပေ့ါ (ပယ်နိုင်ပါပြီဆရာ)။ ပယ်နိုင်တယ်လို့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောသွားတဲ့ တရား ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် အခုအမြင်အတိုင်း မြင်သွားမယ်၊ အခုအသိအတိုင်း သိသွားမယ်ဆိုလို့ရှိရင် သဿတဒိဋ္ဌိ ပယ်ပြီးသားဖြစ်တာပေ့ါ (မှန်ပါတယ်ဆရာ)။ ပယ်လိုက်ပြီလား (ပယ်လိုက်ပါပြီဆရာ)။ မယုံတော့ဘူးပေ့ါ (မယုံတော့ပါဘူး)။ အဲဒါကွာ . . . ဒီ ဒိဋ္ဌိသတ်လမ်း ဒိဋ္ဌိသတ်ခန်းဆိုတာ သေသေချာချာလည်း စဉ်းစားကြည့်ကြပေ့။ မိမိဉာဏ်မှာ ပြတ်သားနားလည်မှ၊ တတ်ကျွမ်းနားလည်မှ ပယ်နိုင်တဲ့၊ သတ်နိုင်တဲ့ တရားတွေ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

မိမိရဲ့အသိဉာဏ်ထဲမှာ သင်မှု၊ ကြားမှုမရှိဘဲနဲ့ မတတ်မြောက် မလိမ်မာဘဲနဲ့၊ မပြတ်သားဘဲနဲ့၊ အဲဒီဥစ္ဆေဒဒိဋ္ဌိတို့၊ သဿတဒိဋ္ဌိတို့ ဆိုတဲ့ ဒိဋ္ဌိနှစ်ပါးကို ပယ်လို့၊ သတ်လို့ ဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘူး)။ မဖြစ်ဘူးကွ။ ဒါဖြင့် သူတို့နှစ်ပါး မသေပြန်တော့လဲဘဲ လက်ယာစွန်းငြိလိုက်၊ လက်ဝဲစွန်းငြိလိုက်၊ သဿတစွန်းငြိလိုက်၊ ဥစ္ဆေဒအစွန်းငြိလိုက်။ ဟာ . . . ငါ သဿတဝါဒ မယုံပါဘူးဆို ဥစ္ဆေဒဘက်

http://www.dhammadownload.com



ရောက်သွားလိုက်၊ အယူဝါဒနှစ်မျိုးဟာ လွယ်တဲ့ကိစ္စ မဟုတ်ဘူးနော်။ သတ်ရတယ်၊ ရှောင်ရတယ်၊ ကွင်းရတယ်ဆိုတဲ့ဥစ္စာ မလွယ်ဘူး၊ မလွယ်ဘူး၊ စဉ်းစားကြည့်စမ်း။ ဘဝမြဲတယ်ဆိုတဲ့ အယူဝါဒ အတိတ်ဘဝတွေ၊ ပစ္စုပ္ပန်ဘဝတွေ၊ အနာဂတ်ဘဝတွေ ဒီလိုတန်းပြီးတော့ ရှိနေတယ် ဆိုတာ ငါမယုံဘူးဆိုရင် ဘယ်ရောက်သွားလဲ (ဥစ္ဆေဒဒိဋ္ဌိဘက်ရောက်သွားပါတယ်)။ ဟော . . . ဥစ္ဆေဒဒိဋ္ဌိ ရောက်သွားတယ် နော် (မှန်ပါတယ်ဆရာ)။ ဒါ့ကြောင့် ခုကမ္ဘာကြီးမှာ နှစ်ခြမ်းကွဲလာတာ။ နှစ်ခြမ်း ကွဲလာပြီ၊ တစ်ခြမ်းက ဥစ္ဆေဒဒိဋ္ဌိဝါဒသမားတွေ သေဆုံး လောင်တုံး နော်။ (မှန်ပါတယ်ဆရာ) တစ်ခြမ်းက သဿတဝါဒသမားတွေ ဆက်ကာဆက်ကာ ဖြစ်နေတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)။ ဒါဖြင့် ဥစ္ဆေဒဒိဋ္ဌိ သူက 'မယုံဘူးဗျာ၊ ဒီဘဝပြီးရင် သေဆုံးလောင်တုံး။ နောက် ဘာမှ မျှော်လင့်ချက် မရှိဘူး ဆိုတာ တို့တော့ မယုံဘူး၊ ဟာ . . . အကြောင်းနဲ့ အကျိုးနဲ့ ဆက်သွယ်ပြီးတော့ ဒီက မကောင်းတာတွေလုပ် သူမကောင်းတာတွေ ခံရတာ။ ဒီဘဝ ကောင်းတာတွေလုပ် နောင်ဘဝ ကောင်းတာတွေ စံရမှာ။ ဒီလိုယူပြန်တော့ ဘာဖြစ် (သဿတဒိဋ္ဌိဖြစ်နေပဲ့ဆရာ)။ သြော် . . ဥစ္ဆေဒဒိဋ္ဌိ လွတ်အောင် ရှောင်ပြန်တယ်၊ သဿဒိဋ္ဌိနဲ့ငြိ။ သဿတဒိဋ္ဌိ လွတ်အောင် ရှောင်ပြန်တယ်၊ ဥစ္ဆေဒဒိဋ္ဌိနဲ့ ငြိ နော် (မှန်ပါတယ်ဆရာ) အဲ့ဒီအစွန်းနှစ်ပါးကို လွတ်အောင် မရှောင်ရှားနိုင်သမျှ ကာလပတ်လုံး တရားရှာတဲ့ဆရာတို့ ဘယ်တော့မှ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရဘူးတဲ့။ နားလည်လား (နားလည်ပါ တယ်ဆရာ)။ ဘာဖြစ်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရလဲ (လက်ဝဲစွန်းနဲ့ လက်ယာစွန်း မလွတ်လို့ပါ ဆရာ)။ ဒါကတော့ ငါပြောနေတာပဲ ဒါက၊ လက်ဝဲစွန်းနဲ့လက်ယာစွန်း မလွတ်လို့ရှိရင် သဿတ စွန်းနဲ့၊ ဥစ္ဆေဒစွန်း မလွတ်လို့ရှိရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရဘူးတဲ့။ ငါက ဒီလိုပြောတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဘာဖြစ်လို့မရ။ လက်ဝဲစွန်းနဲ့ လက်ယာစွန်း မလွတ်လို့ ဘယ်လို ကောင်မှန်း မသိဘူး ဟော . . ဒီကောင်။ ကဲ. . . ဘာဖြစ်လို့ မရလဲ။ တရားဘယ်လောက်များ အရည် လည်လည်းလို့ ငါစမ်းသပ်ကြည့်တာ ပြောပြီးလို့ နှုတ်မဆိတ်သေးဘူး။ ဘာဖြစ်လို့မရ။ ကိုင်းပြော (ဒိဋ္ဌိကိလေသာတန်းလန်းနဲ့မို့လို့ပါ)။ သြော် . . . ဒိဋ္ဌိကိလေသာတန်းလန်းနဲ့မို့လို့ (မှန်ပါတယ်ဆရာ)။ ဒိဋ္ဌိကိလေသာတန်းလန်းလို့ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူးလား (မရပါဘူးဆရာ)၊ ဘာဖြစ်လို့မရလဲ။ (အဲဒါတော့ မပြောတတ်ဘူးဆရာ)၊ ဟော . . . ဒီအထိအောင် မင်းညံ့သေးတယ်လို့ ငါပြောနေတာ။

မဂ်မရအောင် တားထားတာ အန္တရာယ်ဘယ်နှစ်ပါး (ငါးပါးပါဆရာ)။ ဒိဋ္ဌိကိလေသာဘာတုံး (မဂ်မရအောင် တားထားတာပါဆရာ)။ ဒါနဲ့ အဲဒါတော့ မပြောတတ်ဘူးဆိုတာ ဘယ်နှယ့်လဲ။ မဂ်တား ထားတဲ့ အန္တရာယ်မဟုတ်ဘူးလား။ (မှန်ပါတယ်ဆရာ) ဒါကြောင့် ဒီဒိဋ္ဌိကိလေသာမပြုတ်လို့ရှိရင် တစ်မဂ်တစ်ဖိုလ် ရကောင်းပါ့မလားဟ။ (မရကောင်းပါဘူးဆရာ)။ မရကောင်းဘူး။ ဘာဖြစ်လို့ မရလဲ

http://www.dhammadownload.com



ဆိုတော့ မဂ်တားထားလို့၊ ဘယ်သူက တားထားလဲ၊ ဒိဋ္ဌိကိလေသာက တားထားလို့၊ ဘယ်ဒိဋ္ဌိကိလေသာတုံး၊ ဒီသဿတနဲ့ဥစ္ဆေဒပေါ့။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါကြောင့် တို့ဘုရားက ဘယ့်နှယ့်မှာသွားလဲ။ ငါဘုရားလို ဘယ်နှယ့် (မဇ္ဈိမပဋိပဒါလမ်းက လာခဲ့ပါတဲ့ဆရာ)။ ဖြည်းဖြည်းပြော လျှာခလုတ်တိုက်သွားဦးမယ်။ ငါဘုရားလို မဇ္ဈိမပဋိပဒါလမ်းက လာကြတဲ့၊ (မှန်ပါတယ်ဆရာ)။ မြန်မာလိုပြန်တော့ ဘယ်လမ်းလဲ (ဥစ္ဆေဒအစွန်းလည်း မငြိနဲ့ သဿတအစွန်းလည်း မငြိနဲ့ အလယ်လမ်းက လာခဲ့ပါတဲ့ဆရာ)။ အေး . . . အလယ်လမ်းက၊ အောင်မယ် . . သူက အရှည်လေး ဖြေလိုက်။ အလယ်လမ်းက နော် (မှန်ပါတယ်ဆရာ) "မဇ္ဈိမပဋိပဒါ"တဲ့။ သဿတဘက်လည်း မငြိစေနဲ့ ဥစ္ဆေဒဘက်လည်း မထိစေနဲ့တဲ့ နော် (မှန်ပါတယ်ဆရာ)။

## သုဂတဂုဏ်ရရှိတော်မူခြင်း

ဒါကြောင့် တို့ဘုရားဂုဏ်တော်ကိုးပါးထဲမှာ "သုဂတ"ဟူသော ဂုဏ်တော် ရတယ်မဟုတ်လား။ (ရပါတယ်ဆရာ)။ ဘာဖြစ်လို့ရလဲ၊ ဘာမှမမှတ်မိဘူး၊ ငါပြောလည်း မရဘူး။ ရှေးဘုရားတို့ကဲ့သို့ ကောင်းသော သွားခြင်း၊ ကောင်းသောလားခြင်း ရှိတော်မူသောကြောင့် "သုဂတ"ဟူသော ဂုဏ်တော် ရတယ် (မှန်ပါတယ်ဆရာ)။ အင်း . . မှန်ပါတယ် သူများပြော မှန်မှာပေါ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ နောင်တော့်နောင်တော် ရှေးဘုရားတို့ကဲ့သို့ ကောင်းသော သွားခြင်း၊ ကောင်းသော လားခြင်း ရှိတော်မူသောကြောင့် "သုဂတ"ဟူသော ဂုဏ်တော် ရတယ်။ ဘယ်လို ကောင်းသော သွားနည်းလဲ၊ ဘယ်လို ကောင်းသော လားနည်းလဲ (ဥစ္ဆေဒအစွန်းလည်း မငြိဘူး၊ သဿတအစွန်းလည်း မငြိဘူး၊ အလယ်လမ်းက လာပါတယ်ဆရာ)။ အေး . . . ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါတော့ တော်သား၊ မှတ်ထားပါဟ။ ဘယ့်နှယ် ဒါတွေ လျှောက်ဖျောက်ပစ်ရတယ်လို့ကွာ. . မင်းတို့ ကြံဖန်ပြီးတော့ ဒါတွေ ပြန်ဆင်ခြင်နေတယ်၊ ဒါ ပညာတွေ ဝင်စားနေတာပဲ၊ ဒါ အဝိဇ္ဇာဉာဏ်တွေ ခေါ်တယ်။ ဒါကြောင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ တည်းဟူသော အယူနှစ်ပါး နော် (မှန်ပါတယ်ဆရာ)။ ပြီးတော့ ဟို အယုတ်တရားနှစ်ပါးက ဘာတဲ့၊ ဘာမှ မသိဘူး၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တည်းဟူသော အယူနှစ်ပါး နားလည်လား (နားလည်ပါတယ်ဆရာ)။ အတ္တကိလမထာနုယောဂ၊ ကာမသုခလ္လိကာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါး ပေါင်းလိုက်တော့ လေးပါး မနေဘူးလား (လေးပါးပါဆရာ)။ ဤလေးပါးသို့ မလားမကပ် မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့် ကောင်းမြတ်လှစွာ ကြွလာတော်မူခြင်းတည်းဟူသော ဂုဏ်သကတ်ကြောင့် "သုဂတော-သုဂတ"မည်တော်မူ၏။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဘုရား)။

http://www.dhammadownload.com



## အတ္တကိလမထာနုယောဂ ဆိုတာ ဘာလဲ

အယူနှစ်ပါးက ဘယ်သူနဲ့ဘယ်သူ (သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိပါဆရာ)။ ဩော် . . ဒီနှစ်ပါးက မငြိရဘူးတဲ့လား (မှန်ပါတယ်ဆရာ)။ အယုတ်တရားနှစ်ပါးက (အတ္တ . . အဲ့ဒါ မခေါ်တတ်ဘူးဆရာ)၊ အေး . . "အတ္တကိလမထာနုယောဂတရား" ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ အယုတ်တရား၊ အယုတ်တရား၊ "အတ္တကိလမထာနုယောဂ" ဆိုတော့ ကိုယ်ကို ပင်ပန်းနွမ်းနယ်အောင် အပင်ပန်း အဆင်းရဲခံပြီး ကျင့်သော အကျင့်မျိုးတဲ့၊ "ပဥ္စတပ"အကျင့်မျိုး၊ ရေချိုး မီးလှုံ၊ တုံးခုံ၊ ဇယ်ခတ် နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒီလိုအကျင့်မျိုး၊ (တစ်နည်းအားဖြင့်) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် လိုချင်လှချည်ရဲ့ ဆိုပြီးတော့ ဆူးပုံပေါ်မထဘဲနဲ့ အိပ်ကျင့်ခြင်း၊ နေပူလှမ်း၍ ကျင့်ခြင်း၊ ရေစိမ်၍ ကျင့်ခြင်း၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ အဲ့ဒါ အစရှိသည်အားဖြင့်ဆိုတော့ အာဒိသဒ္ဒါဖြင့် မင်းတို့ နောက်ပိုင်း ဉာဏ်ရှိသလို ယူပေါ့ကွာ။ တို့တော့ ပြောလို့တော့ တယ်မကောင်းလှဘူး။ တစ်ချက်တစ်ချက် ဆွဲပြီး တော့ ရှုချသွားလိုက်တာ နဖူးနဲ့ကြမ်းပြင်နဲ့ကိုထိ နော် (မှန်ပါတယ်ဆရာ)။ မျက်ရည်လေးများ တွေတွေကျလို့၊ တချို့လည်း ဗွက်ကနဲ ထိုးအန်။ တချို့လည်း ပါးစပ်က အမြှုပ်တွေ ထွက်လို့၊ တချို့လည်း ပါးစပ်က အရေတွေကျလို့၊ တချို့လည်း ဆတ်ဆတ်တုန်လို့၊ တချို့လည်း ဗုန်းကနဲ လဲသွား ဆန့်ငင် ဆန့်ငင်ဖြစ်လို့ နော် (မှန်ပါတယ်ဆရာ)။ ဒို့ဘုရားရဲ့ အကျင့်လမ်းစဉ်မှာ ဘယ်တော့မှမရှိဘူး။ ဘယ်တော့မှ မရှိဘူးဆိုတာ မှတ်ထား။ အဲ့ဒါ အတ္တကိလမထာနုယောဂ တရားမျိုး ခေါ်တယ်တဲ့။ အာဒိသဒ္ဒါဖြင့် ယူပါ။ နောက်ပိုင်း ဒါထက်ဆန်းတာတွေ ပေါ်ချင် ပေါ်ပါလိမ့်ဦးမယ်၊ အများကြီး နော် (မှန်ပါတယ်ဆရာ) အာဒိသဒ္ဒါဖြင့် ယူ။ အဲ့ဒါ အတ္တကိလမထာနုယောဂ။

## ကာမသုခလ္လိကာနုယောဂ ဆိုတာ ဘာလဲ

"ကာမသုခလ္လိကာနုယောဂ" ဆိုတဲ့ တရားကတော့ ငါးဖြာအာရုံ ကာမဂုဏ်နဲ့ ချမ်းသာစွာ ခံစား၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ကျင့်သော အကျင့် နော် (မှန်ပါတယ်ဆရာ)။ လိုချင်တာက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တဲ့။ သူကျင့်နေတာက ကာမဂုဏ်ငါးပါးခံစားရလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အဲ့ဒါ အယုတ်တရားနှစ်ပါး ခေါ်တယ်။ အဲ့ဒီ အယုတ်တရားနှစ်ပါးလည်းပဲ အတ္တကိလမထာနုယောဂဘက် လည်း မပါရဘူးတဲ့။ ကာမသုခလ္လိကာနုယောဂဘက်ကိုလည်း မပါရဘူးတဲ့ နားလည်လား (နားလည်ပါ တယ်ဆရာ)။ အယုတ်တရားနှစ်ပါးကြားက လွတ်အောင်ရှောင်ရှား မဇ္ဈိမပဋိပဒါလမ်းနဲ့သွား၊ မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)။ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တည်းဟူသော အယူနှစ်ပါး ဘယ်ဘက်မှ မထိ မလားစေဘဲ မဇ္ဈိမပဋိပဒါ အလယ်လမ်းကသွား၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော အယူနှစ်ပါး၊ အတ္တကိလမထာနုယောဂ၊ ကာမသုခလ္လိကာနု

http://www.dhammadownload.com



ယောဂ တည်းဟူသော အယုတ်တရားနှစ်ပါး။ ဤလေးပါးတို့ မနားမကပ် မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့် ကောင်းမြတ်လှစွာ ကြွလာတော်မူခြင်းတည်း ဟူသော ဂုဏ်သကတ်ကြောင့် သုဂတော၊ သုဂတ မည်တော်မူ၏။ "သုန္ဒရံ ဂတော၊ သုဂတော"တဲ့။ ကောင်းသော လားခြင်း၊ ကောင်းသော သွားခြင်း ရှိတော်မူသော မြတ်စွာဘုရား နားလည်လား (နားလည်ပါတယ်)။ အဲ့ဒါလေး မှတ်ထား။

ဒါကြောင့် ဒီ ဒိဋ္ဌိအယူ နှစ်ပါးခေါ်ထားတဲ့ သဿတဝါဒ ဥစ္ဆေဒဝါဒ မပြုတ်ရင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကောင်းပဲ့မလား (မရကောင်းပါဘူး)။ ဘာဖြစ်လို့မရ (ဒိဋ္ဌိကိလေသာတန်းလန်းနဲ့မို့လို့ ပါဆရာ)။ ဒိဋ္ဌိကိလေသာတန်းလန်းဆိုတော့ မဂ်မရဘူးလား (မရပါဘူးဆရာ)၊ ဘာဖြစ်လို့ ဒိဋ္ဌိ ကိလေသာကြောင့် မဂ်မရတာတုံး (သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိ အယူနှစ်ပါး ရှိလို့ပါဆရာ)။ ခင်ဗျားပြောမှ ကျုပ်သိတယ်။ အဲ့ဒီ ဒိဋ္ဌိကိလေသာရှိခြင်းကြောင့် မဂ်မရဘူးဆိုတာ ဘာဖြစ်လို့တုံး (မဂ္ဂန္တရာယ်ထဲ တစ်ပါးပါဝင်လို့ပါဆရာ)။ ဘာထဲကို (မဂ္ဂန္တရာယ်ငါးပါးထဲ) ပီပီပြော (မဂ္ဂန္တရာယ်ငါးပါးထဲ တစ်ပါးက တားထားလို့ပါဆရာ)၊ ပီပီပြောပါ ဘာငါးပါးထဲ၊ (မဂ္ဂန္တရာယ်)၊ အေး . . အဲ့ဒီလိုလုပ်ပါ၊ ဘာဖြစ်လို့ လုံးထွေးချတာတုံး ဟင်း. . . ၊ မဂ္ဂန္တရာယ်ငါးပါးထဲ တစ်ပါးပါတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။ မဂ်မရအောင်တားတဲ့ အန္တရာယ်ငါးပါးထဲ တစ်ပါးပါတယ်လား (တစ်ပါးပါပါတယ်)။ အေး . . ဒါကြောင့် ဒီဒိဋ္ဌိနှစ်ပါးကို တစ်ပါးပါးတက်လှမ်းနေရင် ဘယ်လိုနည်းနဲ့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင် ဘူးတဲ့။ ဒါကြောင့် ဒီဒိဋ္ဌိကို အဓိကတားပြီးတော့ သတ်နိုင်သမျှ၊ ခွာနိုင်သမျှ၊ ရှင်းနိုင်သမျှ၊ လင်းနိုင်သမျှ ရှင်းလင်းရတယ်၊ သုတ်သင်ပေးရတယ်၊ ခွာရ, ချွတ်ရတယ်လို့ နော် (မှန်ပါဆရာ)။ ဒါကြောင့် အခု ဧကတ္တနည်းအနေအားဖြင့် ဥစ္ဆေဒဒိဋ္ဌိ လက်ဝဲစွန်း လွတ်သွားပြီ နားလည်လား (နားလည်ပါတယ်)။ နာနတ္တနည်းအနေအားဖြင့် သဿတဒိဋ္ဌိ လက်ယာစွန်း လွတ်သွားပြီ နော် (မှန်ပါတယ်ဆရာ)။ အဲ. . သဿတနဲ့ ဥစ္ဆေဒ အယူနှစ်ပါး၊ ဒီနှစ်ပါးကို လုံးလုံးကြီး ပယ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက် ဒီအကျင့် သည် ဘာလမ်းခေါ်တယ်၊ မဇ္ဈိမ (မဇ္ဈိမပဋိပဒါလမ်းပါဆရာ)။ ငါပြောမှ ပြောတယ်။ မဇ္ဈိမပဋိပဒါလမ်း (မှန်ပါတယ်ဆရာ)။ ဥစ္ဆေဒဘက် လားသေးလား။ (မလားပါဘူးဆရာ)။ သဿတဘက်ကော (မလား ပါဘူးဆရာ)။ အေး . . . ဒါကြောင့် အဲ့ဒီလို ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာ နည်း ဆိုတဲ့ နည်းလေးမျိုး မြတ်စွာဘုရားကိုယ်တော်မြတ် ခွဲပြခြင်းဟာလည်း အမှန်ကတော့ မဂ်ကို မရအောင် တားထားတဲ့ အန္တရာယ်ငါးပါးထဲ တစ်ပါးအပါအဝင်ဖြစ်သော ဒီဒိဋ္ဌိကိလေသာကြီး ရှင်းစေ၊ လင်းစေချင်လို့ ပြတော်မူခြင်း ဖြစ်သည်။

"ဧဝံဓမ္မတာ နည်းလေးဖြာ"၊ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း။ **"ဧကတ္တနည်း"ဆိုတာက အဝိဇ္ဇာက စ၍ ဇရာမရဏကျအောင် အကြောင်းအကျိုး ဆက်စပ်ပြီးတော့**

http://www.dhammadownload.com



သွားပုံ၊ အကြောင်းအကျိုး ဆက်စပ်သွားတဲ့ နေရာမှာ အပြတ်မရှိ၊ အလပ်မရှိ၊ အကြားမရှိ၊ သန္တာန် အစဉ် တစ်ဆက်တည်း မြင်တယ်၊ တစ်ဆက်တည်း ထင်တယ် ဆိုတဲ့သဘော၊ သန္တာန်ရဲ့ မပြတ်ပုံ။ အဲ့ဒါ လိုရင်းအချက်ကလေးပဲ ဒါလေး မိအောင် ကြည့်၊ မိအောင် ကြည့်၊ သိအောင် လုပ်၊ မိလာပြီ၊ သိလာပြီ ဆိုတော့ ဝေဖန်လိုက်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး သံသရာမှာ အမြဲတစေ လည်နေတယ် ဆိုတာ ဧကတ္တနည်းနဲ့ ဝေဖန်တော့ အကြောင်းအကျိုးဆက်စပ်ပြီး ဖြစ်ပျက်နေတာဟာ ဘယ်နေရာမှ အပြတ်၊ အလပ်၊ အကြားမရှိပါဘဲလား၊ တစ်ဆက်တည်းပါပဲလားလို့ ဒီလိုသန္တာန်အစဉ် တစ်ဆက်တည်း မြင်တယ်။ အဲ့ဒါဘဝနဲ့ကြည့်။ သံသရာအစတည်းက မိမိတို့ အခုလက်ရှိဘဝရောက်အောင် (တစ်နည်း) သံသရာအစကတည်းကစ နိဗ္ဗာန်ရောက်အောင် အဲ့ဒီသံသရာကြီးမှာ လည်နေပုံလေး သေသေချာချာ ကြည့်။ လွန်ခဲ့သော ဟိုဘဝ ဟိုဘဝ ဆိုတဲ့ အတိတ်ဘဝတွေနဲ့ ပစ္စုပ္ပန်နဲ့ ဆက်ပြန်တော့လည်း အကြောင်းအကျိုးက ဆက်စပ်လျက်သား ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အကြောင်းကြောင့် အကျိုးဖြစ်တာလို့။ အဲ့ဒီအကြောင်းနဲ့ အကျိုးတရားဟာ အကြောင်းဖြစ်လျက်သားနဲ့ အကျိုးမဖြစ်ဘဲ နေတယ်လို့ ဘယ်တော့မှ မရှိဘူး။ ဒါကြောင့် သန္တာန်အစဉ် မပြတ်ဘူးလို့၊ သန္တာန်အစဉ်မပြတ်တဲ့ အဓိပ္ပါယ်ကို လည်လည်ပတ်ပတ်ကြီး နားလည်တယ်။ ဒီတော့ ဘာဖြစ်သလဲဆိုတော့ တစ်ခါဖြစ်ပြီးရင် နောက်ထပ် ဘာမှမဖြစ်တော့ဘူးဆိုတဲ့ ဉစ္ဆေဒဒိဋ္ဌိ ပြုတ်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒါ ဧကတ္တနည်းရဲ့ လိုရင်းအဓိပ္ပါယ်ပဲလို့။

ပြီးတော့မှ တစ်ခါ နာနတ္တနည်းရောက်ပြန်တော့ နာနတ္တနည်း ဆိုတာ ဘာလဲလို့၊ အကြောင်း တရားနဲ့ အကျိုးတရားကို စိစစ်ကြည့်တာ၊ သူတို့ချင်း သန္တာန်အစဉ် မပြတ်တာကတော့ မှန်တယ်။ ဒါပေမဲ့ အကြောင်းတရားက လက္ခဏာတစ်မျိုး၊ တရားကိုယ် တရားသား သဘောအဓိပ္ပါယ် တစ်မျိုး။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အကျိုးတရားကလည်း လက္ခဏာတစ်မျိုး၊ တရားကိုယ် တရားသား သဘောအဓိပ္ပါယ်တစ်မျိုး။ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)။ နှစ်ခုပြိုး ဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူး)။ တစ်ခုပြီးမှ တစ်ခုဖြစ်ရတယ် နော် (မှန်ပါဆရာ) ပထမဖြစ်တဲ့တရားက ချုပ် ဒုတိယတရားက ထပ်ဖြစ်၊ ဒုတိယဖြစ်တဲ့တရားက ချုပ်၊ တတိယဖြစ်တဲ့တရားက ထပ်ဖြစ်။ အဲ့ဒါ အဝိဇ္ဇာကစ ဇရာမရဏကျအောင်ကြည့် သေသေချာချာ၊ အဝိဇ္ဇာချုပ်မှ သင်္ခါရဖြစ်ရတယ်တဲ့၊ သင်္ခါရချုပ်မှ ဝိညာဏ် ဖြစ်တယ်၊ ဝိညာဏ်ချုပ်မှ နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ချုပ်မှ သဠာယတနဖြစ်တယ်၊ အဲ့ဒီလိုချည်းသွားကြ။ ဒီတော့ ဘယ့်နှယ်ဖြစ်နေသလဲဆိုတော့ တစ်လုံးပျောက်မှ တစ်လုံးအသစ် ရောက်တယ် ဆိုတဲ့ အဓိပ္ပါယ် ပေါ်မနေဘူးလား (ပေါ်နေပါတယ်)။ မနေ့က ငါပြသွားတဲ့သဘောလေး သေသေချာချာကြည့်-

http://www.dhammadownload.com


ဆီမီးတိုင်လေး ထွန်းထား၊ ဖယောင်းတိုင်လေး ထွန်းထား။ ဖယောင်းတိုင်လေး ထွန်းထားတော့ ဖယောင်းတိုင်လေးကြည့်နေ - မီးတောက်ကလေးက ဒီအတိုင်းပဲတောက်နေ နော် (မှန်ပါတယ်ဆရာ)။ စထွန်းထားကတည်းက ကြည့်နေ၊ သေသေချာချာ ကြည့် - နောက်ငါးမိနစ်လောက်ကြာတော့ စဉ်းစားကြည့်စမ်း - မသိတဲ့လူအဖို့ ဆိုလို့ရှိရင် ပထမကြည့်စကတည်းက "ဒီမီးတောက် ဒီမီးတောက်ပဲ"လို့ ဒီလိုမထင်ဘူးလား။ (ထင်ပါတယ်)။ သေသေချာချာ ပရမတ်ရဲ့အဖြစ်အပျက် နားလည်လာတော့ ပထမ စကြည့်စက မီးတောက်၊ မီးတောက်ကလေး ရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)၊ မရှိဘူးတဲ့။ မြင်ဆဲဆိုတဲ့ မီးတောက်ကလေးက အသစ်ဖြစ်နေတဲ့မီးလေး နော် (မှန်ပါတယ်ဆရာ)။ မြင်ဆဲဆိုတဲ့ မီးကလေးက အသစ်ဖြစ်နေတဲ့ မီးလေးတဲ့။ ဒါ အသစ်ချည်း မြင်ရမယ်၊ အဟောင်းကလေးတွေက ပျောက်သွား အသစ်ကလေးတွေက ရောက်လာ။ မီးလေးများ သေသေချာချာကြည့် . .

## ဥပ္ပလဝဏ်ထေရီမအကြောင်း သိကောင်းစရာ

ရှင်မဉပ္ပလဝဏ်ထေရ်ရီမလိုများ ဥပုသ်အိမ်မှာ၊ ဥပုသ်အိမ်သိမ်အပြင်မှာ ဆီမီးပူဇော်တာ၊ ဆီမီးညှိထွန်းတာ ကြည့်ပြီးတော့ တရားထူး ရသွားတယ် နော် (မှန်ပါဆရာ)။ တေဇောကသိုဏ်း ဝင်စားသွားတာ၊ တေဇောကသိုဏ်းဝင်စား။ မိမိညှိထွန်းတဲ့ ဆီမီးတောက်ကလေး၊ ဆီမီးလျှံကလေး ကြည့်၊ ကြည့်ပါများတော့ သမာဓိဖြစ်လာ၊ သမာဓိဖြစ်လာတော့ "ဝသီဘော်နိုင်တယ်" ခေါ်တယ်။ ဝသီဘော်နိုင်တဲ့ အချိန်ကျမှ ဝိပဿနာဘက် ကူးလိုက်တော့ ဒီပြင်ရဟန္တာမတွေ ဥပုသ်ပြုရအောင် မလာသေးဘူး၊ သူက ရဟန္တာဖြစ်ပေါ့ မမြန်ဘူးလား (မြန်ပါတယ်ဆရာ)။ အဲဒီမီးလေး ကြည့်နေ သေသေချာချာ - မီးစာအစကနေပြီးတော့ တောက်သွားတဲ့ မီးကလာပ်ကလေးတွေက ဖယောင်းတိုင် မီးလေးဆို လက်နှစ်လုံးသာသာ ရှိတယ်မဟုတ်လား (မှန်ပါဆရာ)။ မီးစာအစကနေ တောက်ပြီးတော့ တက်သွားတဲ့ မီးကလာပ်ကလေးက ကလာပ်စု၊ ကလာပ်မှုံ၊ ကလာပ်မွှားကလေးက လက်ဖျား နှစ်သစ်သာသာလောက်ရှိတဲ့ မီးညွန့်ဖျားကလေးကျတော့ ပျောက်မသွားဘူးလား (ပျောက်ပျောက် သွားပါတယ်ဆရာ)၊ ပျောက်ပျောက်သွား။ အောက်က အသစ်အသစ်တွေတက်ကွ နော် (မှန်ပါတယ် ဆရာ)၊ အဟောင်းဟောင်းတွေပျောက်သွား၊ အသစ်သစ်တွေကတက်၊ အဲ့ဒါသန္တာန်အစဉ်က ဆက်စပ် နေတော့ ဒီမီးတောက်ကြီးက တစ်စပ်တည်းပဲလို့ ဒီလိုထင်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒီမီးတောက်ကြီး မီးညွန့်ဖျားလေးရောက်ရင် ဒီမီးပုံ မီးမွှားဆိုတဲ့ ကလာပ်စီးလေးတွေ ပျောက်ပျောက် ချုပ်ချုပ်သွားတာ ပျောက်ပျောက်သွားတာ ကိုယ်က နားမလည်ဘူး၊ ပျောက်ပျောက်သွားတာ နားမလည်တော့ စ,ထွန်းစက မီးကလေးပဲမှတ်၊ မမှတ်ဘူးလား (မှတ်ပါတယ်)။ ဘယ်လိုမှတ်၊ "နဒီသောတော ဝိယ၊ မြစ်ရဲ့အလျင်ကဲ့သို့"။ ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင် ကမ်းနဖူးထိုင်ကြည့် -

http://www.dhammadownload.com



မြစ်ဆိပ်ကမ်းနားသွား ထိုင်ကြည့်။ မျက်စိရဲ့တည့်တည့်လေး စိုက်ပြီးကြည့်။ မျက်စိအောက်မှာ ရေပြတ်ရဲ့လားဟ (မပြတ်ပါဘူးဆရာ)။ ငါးမိနစ်လောက် ထိုင်ကြည့် -

## ယခုပြောနေသော "ပစ္စုပ္ပန်ကိုက် ပစ္စုပ္ပန်ကိုက်" ဆိုတဲ့စကား ဘာလဲ

ပထမ ထိုင်စတုန်းက မြင်တဲ့ရေက နောက်ငါးမိလောက်ကြာတော့ ရှိပါအုံးမလား (မရှိပါဘူးဆရာ)၊ ဘယ်ရောက်သွားလဲ (အောက်မျောသွားပါတယ်ဆရာ)။ အောက်မျောသွားပြီတဲ့။ ဒါပေမဲ့ ရေတော့ ပြတ်ရဲ့လား မင်းမျက်စိထဲ (မပြတ်ပါဘူး)။ မင်းမြင်နေတဲ့ရေက ဘာရေတုံး (အသစ်အသစ်ရေတွေပါဆရာ)၊ အေး . . . အသစ်အသစ်ရေ နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒါ အသစ်နဲ့ အဟောင်း ပြောင်းတဲ့နေရာမှာ သန္တတိ-ဆက်စပ်နေတဲ့ အစဉ်မြင်နေတော့ "ဒီရေ ဒီရေပဲ"လို့ ထင်တယ်။ ခုန မီးတောက်ကလေးလိုပေါ့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် တရားရှုတဲ့နေရာ၊ တရားပွဲများ အားထုတ်တဲ့နေရာတချို့က "ပစ္စုပ္ပန်ကိုက် ပစ္စုပ္ပန်ကိုက်" တော်တော် ပြောကြတယ်။ ပစ္စုပ္ပန်က မကိုက်လို့ကို မဖြစ်ဘူး နော် (မှန်ပါဆရာ)။ ရူပါရုံ မြင်ဆဲ၊ သဒ္ဒါရုံ ကြားဆဲ၊ ဂန္ဓာရုံ နံဆဲ၊ ရသာရုံ စားဆဲ၊ ဖောဋ္ဌဗ္ဗာရုံ ထိဆဲ၊ ဓမ္မာရုံ ကြံစည်စိတ်ကူးဆဲ။ "ဆဲ"ဆိုတဲ့ ပစ္စုပ္ပန်ကာလလေးမှာ ရူပါရုံ မြင်လိုက်တယ် မြင်ဆဲခဏ၊ ဖြစ်ပေါ်တဲ့ ရူပါရုံ၊ မြင်ပြီး ပျက်သွားပြီ နော် (မှန်ပါဆရာ)။ မြင်ပြီး ပျက်သွားပြီ။ မြင်ပြီး ပျက်သွားတော့ ပျောက်သလားဆိုတော့ မပျောက်ဘူး။ နောက်ထပ်မြင်တယ်။

ကြည့် . . အရာဝတ္ထုတစ်ခု မင်း ငါ အဓိပ္ပာယ်အားဖြင့် အနီရောင်ယပ်တောင်လေး တစ်ချောင်း ငါ့စားပွဲပေါ် ထောင်ပေး၊ မင်းကြည့် . . ထောင်လိုက်သည်နှင့်တစ်ပြိုင်နက် မင်းမျက်စိ ရဲကနဲ မမြင်ဘူးလားဟ (မြင်ပါတယ်) ရူပါရုံ မြင်တယ်မဟုတ်လား (မြင်ပါတယ်)။ ရူပါရုံမြင်တော့ ပထမ မြင်စ၊ မြင်စိတ်ကလေးက ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်)။ ဒါပေမဲ့ ချုပ်မှန်းတော့ မင်းမသိဘူးပေါ့ (မသိပါဘူးဆရာ)။ မင်းက ဒီအတိုင်းကြည့်နေ ဒီအတိုင်းဆက်မြင်နေသလား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ငါးမိနစ်လောက် ကြာကြာကြည့်နေတော့ ပထမယပ်တောင်မြင်စက မြင်စိတ်ဆိုတဲ့ စက္ခုဝိညာဏ်စိတ်ကလေးတွေ ရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ မရှိ။ ဒါဖြင့် မင်းတော့ အမြင်ကတော့ မပြတ်ဘူးပေါ့ (မပြတ်ပါဘူးဆရာ)။ တစ်ဆက်တည်းချည်း မြင်နေတာပေါ့ (တစ်ဆက်တည်း မြင်နေပါတယ်)။ ဒီတော့ လူပြိန်းအလိုအားဖြင့် ဘယ့်နှယ်ထင်သလဲဆိုတော့ ဒီယပ်တောင်လေး ငါကြည့်စက အမြင်ပဲ နော် (မှန်ပါဆရာ)။ ဒီရူပါရုံပဲ၊ ဒီမြင်စိတ်ကလေးပဲလို့ ဒီလိုထင်မနေဘူးလား (ထင်ပါတယ်ဆရာ)။ အမှန်ကတော့ မြင်စက ရူပါရုံ စက္ခုဝိညာဏ် တဖြုတ်ဖြုတ်နဲ့ချုပ် နော် (မှန်ပါတယ်ဆရာ)။ ဒါထက် ခုအမြင်ကမပြတ်ဘူး။ "မြင်လျက်မြင်လျက်'ဆိုတာက ဘာမြင်တာတုံးမေးတော့ ဘယ့်နှယ်ပြော

http://www.dhammadownload.com



(ရူပါရုံမြင်တာပါဆရာ)။ ဟုတ်ပြီ၊ ရူပါရုံ ဘယ်လိုမြင်နေတာလဲ (သန္တာန်အစဉ်မြင်နေတာပါဆရာ)။ ဪ . . . မင်းနောက်က လူတွေတောင် သိတယ်။ နောက်က ဟင်း . . ဟင်း . . ဟင်း. . ဟင်းနဲ့၊ အဲဒါညွှတ်တာပဲ (အသစ်အသစ်မြင်နေတာပါဆရာ)။ အဲသလို လုပ်စမ်းပါ။ နားလည်လား (နားလည်ပါဆရာ)။

အသစ်အသစ်ကလေးတွေ မြင်နေတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ပထမမြင်နေတဲ့ အဟောင်းတွေ မြင်ကောင်းပါ့မလားဟ (မမြင်ကောင်းပါဘူးဆရာ)။ ဘယ်ရောက်ကုန်သလဲ (ပျောက်ပျောက်ကုန်ပါတယ်ဆရာ)၊ ပျောက်ပျောက်ကုန်, ချုပ်ချုပ်ကုန် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် ပစ္စုပ္ပန်မကိုက်ရင် မဖြစ်ဘူး၊ ပစ္စုပ္ပန်မကိုက်ရင် မြင်လို့ကို မဖြစ်ဘူး၊ ကြားလို့ကို မဖြစ်ဘူး၊ နံလို့ကို မဖြစ်ဘူး၊ စားလို့ကို မဖြစ်ဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ပစ္စုပ္ပန်ဆတ်ဆတ်ကလေးတွေတဲ့။ တော်တော်လေးလဲ တာဝန်ထမ်းစကားပြောရတယ် ပစ္စုပ္ပန်ဖမ်းပုံ။ ပစ္စုပ္ပန်ဆတ်ဆတ်ကလေးတွေ။ ဒါကြောင့် မြင်ကြည့်၊ ကြားကြည့်၊ နံကြည့်၊ စားကြည့်၊ ထိကြည့်၊ သိကြည့် ပစ္စုပ္ပန်ချည်းပဲဆိုတာ မှတ်ထားနော် (မှန်ပါတယ်ဆရာ)။ မြင်တယ်လို့ဆိုရင် ပစ္စုပ္ပန်၊ ကြားတယ်ဆိုရင် ပစ္စုပ္ပန်၊ နံတယ်လို့ဆိုရင် ပစ္စုပ္ပန်၊ စားတယ်လို့ဆိုရင် ပစ္စုပ္ပန်၊ ထိတယ်လို့ဆိုရင် ပစ္စုပ္ပန်၊ စိတ်ကူးတယ်ဆိုရင် ပစ္စုပ္ပန်။ ပစ္စုပ္ပန်လေးတွေချည်းပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒီတော့ ဒီအမြင်ကတော့ ဒီယပ်တောင် ခုနထဲက ငါကြည့်နေ ပါတယ်။ ဒီအတိုင်းမြင်နေပါတယ်။ မြင်ပြီးရင်း မြင်ရင်း၊ မြင်ပြီးရင်း မြင်ရင်း၊ မြင်ပြီးရင်း မြင်ရင်း ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ နားတော့လည်ရဲ့လား (လည်ပါတယ်)။ ပထမ မြင်လုံးလေး ကတော့ ချုပ်သွားပြီ ဟုတ်လား (ချုပ်သွားပါပြီဆရာ)။ နောက် ဒုတိယမြင်လုံးလေး ဆက်လာ တယ်လား (မှန်ပါတယ်ဆရာ)။ အေး အေး . . ဒါကြောင့် မြင်ပြီးရင်း မြင်ရင်းနဲ့ သွားနေတာ။ ဒီတော့ ဘယ့်နှယ်နေသလဲဆိုတော့ ဖြစ်ပြီးရင်း ဖြစ်ရင်း၊ ဖြစ်ပြီရင်း ဖြစ်ရင်း၊ ဖြစ်ပြီရင်း ဖြစ်ရင်း ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဖြစ်က မရပ်ဘူးတဲ့။ တစ်ဖြစ်တည်းဖြစ်နေတာ။

ဒါကြောင့် ကြည့်လိုက်ရင် ရုပ်တရား နာမ်တရား နှစ်ပါးသည် ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်နဲ့ ခဏငယ်သုံးချက်နဲ့ အဆက်မပြတ် သွားနေတဲ့တရား။ ဒါကြောင့် ပထမ မြင်စ တရား တို့သည် ချုပ်ပျက် ပြုန်းတီး ပျက်စီးခြင်း ရောက်ကြကုန်၏။ အခု ငါမြင်ဆဲသည် ပစ္စုပ္ပန် နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒါလေး သေသေချာချာကြည့်၊ ဒါလေးသေသေချာချာ ကြည့်လိုက်တော့ကားတဲ့ ဘယ်လိုဖြစ်၊ ဘဝနဲ့တန်းပြီး ကြည့်ပြန်တော့လည်း သံသရာအစကတည်းက ဖြစ်လာတဲ့ ငါကောင်၊ ဝိညာဉ်ကောင်၊ သတ္တဝါကောင်လေးဟာ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ခေါင်းအမျိုးမျိုး ဘဝအမျိုးမျိုးသာ ပြောင်းလာတယ်၊ ဒီ ငါကောင်လေးပဲ၊ ဒီသတ္တဝါကောင်လေးပဲလို့ စွဲလန်းယုံကြည်

http://www.dhammadownload.com



တတ်တဲ့ သဿတဒိဋ္ဌိ ယုံပါအုံးမလားဟ (မယုံတော့ပါဘူးဆရာ)။ ယုံလို့ကော ဖြစ်သေးရဲ့လား (မဖြစ်နိုင်ပါဘူးဆရာ)။ ဒီမှာ အဟောင်းတွေက ပျောက်ပျောက်ပြီးတော့ အသစ်တွေက ရောက်ရောက် လာတယ်ကိုးကွ နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒါလေးကြည့်၊ အဲ့ဒါလေးကြည့် - ဒါကြောင့် နာနတ္တ နည်းက ဒါကို လိုချင်လို့ ပြတာတဲ့ နော် (မှန်ပါတယ်ဆရာ)။ ဒီပြင်ဟာ မဟုတ်ပါဘူး။ ဒါလိုချင် လို့ပြတာ။ ဒီလိုနည်းနဲ့ ကြည့်လိုက်တော့ အသစ်အသစ် တစ်လုံးပြီး တစ်လုံး၊ တစ်လုံးပြီး တစ်လုံး၊ ဖြစ်လိုက် ဖြစ်လိုက်၊ ဖြစ်လိုက် ဖြစ်လိုက်၊ ဖြစ်လိုက် ဖြစ်လိုက် ဒီလိုဖြစ်လာတယ် မဟုတ်လား (ဖြစ်လာ ပါတယ်ဆရာ)။ အဲ့ဒါကြောင့် အဝိဇ္ဇာကစ ဇရာမရဏကျအောင် သေသေချာချာ ဝေဖန်ကြည့်။ အဝိဇ္ဇာဖြစ်ပြီးရင် ပျောက်သွား၏၊ သင်္ခါရရောက်လာ၏။ သင်္ခါရပျောက်သွား၏၊ ဝိညာဏ် ရောက်လာ၏။ ဝိညာဏ်ပျောက်သွား၏ နာမ်ရုပ်ရောက်လာ၏။ နာမ်ရုပ်ပျောက်သွား၏၊ သဠာယတန ရောက်လာ၏။ သဠာယတန ပျောက်သွား၏၊ ဖဿရောက်လာ၏။ ဖဿပျောက်သွား၏၊ ဝေဒနာ ရောက်လာ၏။ ဝေဒနာပျောက်သွား၏၊ တဏှာရောက်လာ၏။ တဏှာပျောက် ဥပါဒါန် ရောက် လာ၏။ ဥပါဒ်ဒါန်ပျောက်တော့ ဘဝရောက်။ ဘဝပျောက်တော့ ဇာတိရောက်။ ဇာတိပျောက်တော့ ဇရာမရဏရောက်။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ကို အခုလိုပဲ ကြည့်လိုက်တဲ့အခါကျတော့ ဘာကိုတွေ့မလဲ ဆိုတော့ ပစ္စုပ္ပန်ကိုက်တစ်လုံး တွေ့မယ်မဟုတ်လား (တစ်လုံးတွေ့မှာပါဆရာ)။ မိမိအသိဉာဏ်ကလေးနဲ့ ပစ္စုပ္ပန် ကိုက်တစ်လုံးပဲ တွေ့မယ်။ တည်ဆဲခဏလေး ဒီလိုပဲတွေ့မယ်။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာ တော်ကြီးက အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ် ကာလသုံးပါး တန်းပြီးတော့ အင်္ဂါ (၁၂)ပါးနဲ့ ပြတယ်။ အဝိဇ္ဇာသင်္ခါရသည် အတိတ်အကြောင်း။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဒီတရားက ပစ္စုပ္ပန်တရားစု နော် (မှန်ပါတယ်ဆရာ)။ အဝိဇ္ဇာ သင်္ခါရနဲ့ အတိတ်တရား။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဒါက ပစ္စုပ္ပန်တရား။ ပြီးတော့မှ ဇာတိ၊ ဇရာ၊ မရဏ,က အနာဂတ်တရား။ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)။ အဲ့ဒီလို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်လို့ တန်းပြတဲ့နေရာမှာ သေသေချာချာကြည့် - အတိတ် မပျောက်သေးဘဲနဲ့ ပစ္စုပ္ပန်ရောက်လာသလားဟ (မရောက်ပါဘူးဆရာ)။ မရောက်ဘူး နော် (မှန်ပါ တယ်ဆရာ)။ ဒါဖြင့် ပစ္စုပ္ပန်မပျောက်ဘဲနဲ့ အနာဂတ်ရောက်လာသလား (မရောက်နိုင်ပါဘူးဆရာ)။ ဒါကြောင့် အတိတ်တည်းဟူသော အကြောင်းတရားချုပ်မှ ပစ္စုပ္ပန်တည်းဟူသော အကျိုးတရားတွေ ပေါ်ထွက်လာတယ် နော် (မှန်ပါတယ်ဆရာ)။ ပေါ်ထွက်လာတယ်တဲ့။ ပစ္စုပ္ပန်တရားတွေ။ ပစ္စုပ္ပန် တရားတွေ ပျောက်ပြီးကာမှ အနာဂတ်တရားရောက်ရမယ်တဲ့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)။ ဒါ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးနဲ့ကြည့်လဲ ဒီအတိုင်းပဲ။ ဒါဖြင့် ကြည့်လိုက် မြင်ဆဲခဏ၊ တည်ဆဲခဏဆိုတာ ပစ္စုပ္ပန်ကိုက်ကြီးသွားရမှာ ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် အသစ်အသစ်ကလေးတွေ တွေ့တာပေါ့ (အသစ်အသစ်ကလေးတွေသာ တွေ့တာပါဆရာ)။ ဒါဖြင့် အသစ်အသစ်ကလေးတွေ တွေ့ရတော့ကား ဟိုသံသရာအစကတည်းက ဖြစ်လာတဲ့ သတ္တဝါကောင် လေး၊ ငါကောင်လေးဆိုတာ ယုံအုံးမလားဟ (မယုံပါဘူးဆရာ)။ အမေမွေးစကတည်းက ဖြစ်လာတဲ့ ငါကောင်လေးက၊ ကနေ့အထိ ရှိနေတယ်ဆိုတာ ယုံအုံးမှာလား (မယုံပါဘူးဆရာ)။ ဒါဖြင့် ငါမြင်တဲ့ ရူပါရုံ စက္ခုဝိညာဏ်ဆိုတဲ့တရားတွေဟာ ဖြစ်ပြီးရင် ဘယ်တော့မှ မပျောက်မပျက်ဘဲနဲ့ တစ်ဆက်တည်း ချည်းဆိုတာ ယုံအုံးမလား (မယုံပါဘူးဆရာ)။ ယုံစရာလည်း အကြောင်းမရှိဘူး နော် (မှန်ပါတယ် ဆရာ)။ အဟောင်းပျောက်မှ အသစ်ရောက်တာကိုးတဲ့။

ဒါကြောင့် ဒီသဘာဝလေးကို ပြတ်ပြတ်သားသား နားလည်အောင် အပြန်အပြန် အထပ်ထပ် သုံးသပ်၊ သုံးသပ်တော့ ဘာဖြစ်သလဲလို့ ဆိုတော့ တစ်ခါဖြစ်ပြီးရင် နောက်ထပ် ဘယ်တော့မှ မဖြစ်တော့ဘူး။ ဒါကြောင့် သံသရာအစက သတ္တဝါကောင်၊ ငါကောင်လေးသည် ကနေ့အထိ ဒီအတိုင်းရှိတယ်။ နိဗ္ဗာန်မရောက်အချင်း ဒီသတ္တဝါကောင်၊ ငါကောင်လေးက သွားအုံးမှာပဲလို့ ဘဝအားဖြင့် မျှော်မှန်းပြီး တမ်းတထားတဲ့၊ စွဲလန်းထားတဲ့ သဿတဒိဋ္ဌိ ယုံအုံးမှာလား (မယုံတော့ ပါဘူးဆရာ)။ ယုံလို့ကော ဖြစ်အုံးမှာလား (မဖြစ်နိုင်ပါဘူးဆရာ)။ ဒါကြောင့် သဿတဒိဋ္ဌိ ပြုတ်တယ် တဲ့နော် (မှန်ပါတယ်ဆရာ)။ နာနတ္တနည်းကို ပြတ်ပြတ်သားသား နားလည်ရင် သဿတဒိဋ္ဌိပြုတ်၏။ ဧကတ္တနည်း နားလည်ရင်၊ ပြတ်ပြတ်သားသား နားလည်ရင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်၏။ ဒိဋ္ဌိတစ်လုံးပြုတ်ဖို့များ လွယ်တယ် ထင်သလား (မထင်ပါဘူးဆရာ)။ ဘယ့်နှယ့်ထင် (ခက်လို့ပါဆရာ)။ တော်တော့်ကို ခက်လား (ခက်တယ်ဆရာ)။ ဘယ်အထိအောင်ခက်သလဲ (မပြောတတ်ဘူးဆရာ)။ ဟော . . . စပ်ဖြို စပ်ဖြိုနဲ့ လုပ်မနေကြနဲ့၊ မလွယ်ဘူး၊ မလွယ်ဘူး၊ ဒိဋ္ဌိတစ်လုံးပြုတ်ဖို့ဆိုတာ လွယ်တဲ့တရားမဟုတ်ဘူး။ ဒါဖြင့် ငါမေးစမ်းပါရစေဦး - တစ်ထောင့်ငါးရာ ကိလေသာတွေထဲ အကျယ်အားဖြင့် တစ်ထောင့်ငါးရာ ကိလေသာတဲ့။ "နာမ်နိပ်လက်ကိုတည်၊ ကိသန္တာန်နှင့်မြောက်။ တစ်ထောင့်ငါးရာ ကိလေသာ ပွားများနည်း မှတ်မိလား (မမှတ်မိဘူး)။ မမှတ်မိဘူး။ တော်တော်ကြိုးစားတာပါ့ပဲ။ "နာမ်နိပ်လက်ကို တည်၊ ကိသန္တာန်နှင့်မြောက်" ကိလေသာထောင့်ငါးရာ ရေတွက်နည်း။ မြောက်ပွားနည်း ဘာတဲ့ (နာမ်နိပ်လက်ကိုတည် ကိသန္တာန်နှင့်မြောက်)။ ပြန်ဆိုစမ်းပါဦး (နာမ်နိပ်လက်ကိုတည် ကိသန္တာန်နှင့် မြောက်)။ နာမ်နိပ်လက်ကိုတည် ကိသန္တာန်နှင့် မြောက် (နာမ်နိပ်လက်ကိုတည် ကိသန္တာန်နှင့်မြောက်၊ နာမ်နိပ်လက်ကိုတည် ကိသန္တာန်နှင့်မြောက် နာမ်နိပ်လက်ကိုတည် ကိသန္တာန်နှင့်မြောက်)' မှတ်မိရဲ့လား

http://www.dhammadownload.com



(မှတ်မိပါတယ်)။ တစ်ခါလည်း ပြောခဲ့ပေ့ါ။ အမှတ်အသားလည်း မထားဘဲကိုး။ ဒါဖြင့် တဏှာပြု၍ တစ်ရာရှစ်ဖြစ်တော့ကော (မှတ်မိပါတယ် ဆရာ)။ ပြောစမ်းပါအုံး - ဘယ်သူတွေတုံး (တဏှာသုံးတန် အရင်းခံ အာကာသန်နှင့်မြှောက်) အောင်မယ် . . . ဟုတ်သားပဲ (တဏှာစစ်စစ် တစ်ရာ့ရှစ် ဖြစ်လာမလွဲကောက်)။ ဒါတော့ စွဲစွဲမြဲမြဲ မှတ်ထားတယ်။ အဓိပ္ပါယ်လေး ပြောစမ်းပါအုံး -

"တဏှာသုံးတန် အရင်းခံ" ဆိုတာ ဘာတုံး (တဏှာသုံးတန်ကို ကာလသုံးပါးနဲ့မြှောက်ရတာပါ ဆရာ)။ အောင်မလေးဟဲ့ . . . "တဏှာသုံးတန် အရင်းခံ"ဆိုတာ ဘယ်သူတွေတုံးလို့၊ ဘယ်လို အရင်ခံရမှာတုံး (ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာပါဆရာ)။ သြော် . . . ဒီသုံးပါးအရင်းထား ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဘာနဲ့မြှောက်ရမှာလဲ (ကာလသုံးပါးနဲ့မြှောက်ရမှာပါဆရာ)။ ဘယ့်နှယ့် မင်းလက်ာပြန်ဆိုစမ်းပါအုံး (အာရုံခြောက်ပါးနဲ့ မြှောက်ရပါမယ်ဆရာ)။ အာကာသံနဲ့မြှောက်နော် (မှန်ပါဆရာ)။ အာ,က ဘာတုံး (အာရုံခြောက်ပါးပါဆရာ)၊ ကာ, ကကော (ကာလသုံးပါးပါဆရာ)၊ သံ,ကကော (သန္တာန်နှစ်ပါးပါဆရာ)။ အေး အေး . . . တစ်ရာ့နဲ့ရှစ်ပါး ထွက်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ တဏှာကတော့ သုံးမျိုးရှိတာပေ့ါနော် (သုံးမျိုးရှိတာပါဆရာ)။ အကျဉ်းက သုံးမျိုး။ ကိလေသာကလည်း အကျဉ်းက ဆယ်ပါးမဟုတ်လား (ဆယ်ပါးပါဆရာ)။ ဆယ်ပါးကို တစ်ခါ မြှောက်လိုက်တော့ အကျယ် ထောင့်ငါးရာဖြစ်တယ်တဲ့။ "နာမ်နိပ်လက်ကို တည် ကိသန္တာန်နှင့်မြှောက်"။ "နာမ်"ဆိုတာက နာမ်တရား နာမ်တေပညာသရှိတယ်၊ စေတသိတ်က (၅၂) ပါး။ စိတ်တစ်ခုယုတ် ကိုးဆယ်၊ အကျယ်တစ်ရာ့နှစ်ဆယ့်တစ်ပါးက အာရမ္မဏဝိဇာနနအားဖြင့် တစ်ပေါင်းတည်းပြုပြီးတော့ တစ်ခု ယူလိုက်။ စေတသိတ် (၅၂)နဲ့ ပေါင်းတော့ ဘာဖြစ်လဲ။ (၅၃) နားလည်လား (နားလည်ပါတယ်) "နာမ်တေပညာသ"တဲ့။ နာမ်တရား (၅၃) နော် (မှန်ပါတယ်ဆရာ)။

သတ္တဝါများ၏ အဇ္ဈတ္တသန္တာန်၌ဖြစ်နေတဲ့ နာမ်တရား ဘယ်လောက်ရှိသလဲဆို ဘယ့်နှယ် ပြောမလဲ (၅၃-ပါဆရာ)။ အေး . . . ငါးဆယ့်သုံး ရေတတ်ရဲ့လား ဘယ်သူဘယ်သူ၊ ပေါဗျာ ဂဏန်းလေးရေတာတောင် မရေတတ်ဘူးလား။ နင် ငါသရုပ်ခွဲနေတာ မဟုတ်ပါဘူး။ (စေတသိက် တရား ၅၂-ပါးပါဆရာ) ဟုတ်ပြီ၊ ပြီးတော့ကော (စိတ်တရားက တစ်ပါးပါဆရာ)။ သြော် . . စိတ် တရားက အကုန်ပေါင်းလိုက်တော့ တစ်ပါးဟုတ်လား (မှန်ပါဆရာ)။ လွယ်တယ် ဖြေလိုက်တာပေ့ါ။ ချ, ချနော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အာရမ္မဏဝိဇာနနလက္ခဏာအားဖြင့် တစ်ပေါင်းတည်း ပြုတဲ့။ "အာရမ္မဏဝိဇာနနလက္ခဏာ"ဆိုတာ ဘယ်စိတ်ဖြစ်ဖြစ် စိတ်တစ်ခုယုတ်ကိုးဆယ်စလုံး တစ်လုံးမေးလဲ မင်းဘာလက္ခဏာ ရှိလဲ။ "အာရုံကို သိတတ်၊ ကြံတတ်တဲ့ လက္ခဏာရှိတယ်"။ နောက်တစ်လုံးမေးလဲ အာရုံကိုသိတတ်၊ ကြံတတ်တဲ့ လက္ခဏာရှိတယ်။ တစ်လုံးကစမေး နောက်ဆုံး

http://www.dhammadownload.com



တစ်ရာ့နှစ်ဆယ့်နဲ့တစ်လုံးထိလဲပဲ အာရုံကို သိတတ်၊ ကြံတတ်တဲ့ လက္ခဏာရှိတယ် ဆိုတော့ လက္ခဏာချင်း တူမနေဘူးလား (အတူတူပါပဲဆရာ)။ အတူတူမို့လို့ ပေါင်းလိုက်၊ လက္ခဏာတွေတူလို့ နားလည်လား (နားလည်ပါတယ်ဆရာ)။ လက္ခဏာတူလို့ ပေါင်းလိုက်တော့ စိတ်တစ်ခုယုတ် ကိုးဆယ် ပေါင်းလိုက်တော့ ဘယ်နှစ်ခုရလဲ (တစ်ခုရပါတယ်ဆရာ)။ ဩော် . . . တစ်ခုတည်းရတယ်။ အာရမဏဝိဇာနနလက္ခဏာအားဖြင့် တစ်ပေါင်းတည်းပြု တစ်ခုတည်းယူလိုက် နားလည်လား (နားလည်ပါတယ်ဆရာ)။ စေတသိက်က ဘယ်လောက် (၅၂-ပါးပါဆရာ)။ သူတို့တော့ ဘာလို့ပေါင်းမရလဲ။ သူတို့လည်း နာမ်ပဲမဟုတ်လား (နာမ်ပါပဲဆရာ)။ ဘာဖြစ်လို့ပေါင်းမရလဲ (အဲ့ဒါတော့ မပြောတတ်ဘူးဆရာ)။ အေး . . သူတို့သွားမေးကြည့်ပါလား၊ မင်းတို့ ဘာလို့ပေါင်းမရလဲလို့ မကောင်းဘူးလား။ စေတသိက်က တစ်ခုနဲ့တစ်ခု လက္ခဏာချင်း မတူဘူးတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ သူ့လက္ခဏာနဲ့သူ နေကြတာတဲ့၊ ပေါင်းလို့မရဘူးတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ၅၂-ပါး။ ၅၂-ပါးအတိုင်း ထားရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် စေတသိက် ၅၂-ပါးရယ်၊ စိတ်တစ်ခုယုတ်ကိုးဆယ်က တစ်ပေါင်းတည်းပြုတဲ့ တစ်ခုရယ် ပေါင်းလိုက်တော့ ဘယ်လောက်ရလဲ (၅၃-ပါးပါဆရာ)။ အဲ့ဒါ နာမ်တေပညာသ - နာမ်တရား ၅၃-ပါးတဲ့။ မြန်မာလိုပြန်တော့ ကုန်ရော နော် (မှန်ပါတယ်ဆရာ)။ "နာမ်နိပ်" နိပ်,က နိပ္ဖန္နရုပ် တစ်ဆယ့်နဲ့ရှစ်ပါး နော် (မှန်ပါတယ်ဆရာ)။ နိပ္ဖန္နရုပ် တစ်ဆယ့်ရှစ်ပါး၊ လက်,က လက္ခဏာရုပ်လေးပါးတဲ့ နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒါပေါင်းလိုက် နာမ်တေပညာသ။ နာမ်တရား ၅၃-ပါးရယ်၊ နိပ္ဖန္နရုပ်တစ်ဆယ့်နဲ့ရှစ်ရယ်၊ လက္ခဏာရုပ်လေးခုရယ် အကုန်ပေါင်း နော် (မှန်ပါတယ်ဆရာ)။ ပေါင်းပြီးတော့မှ "ကိသန္တာန်နဲ့မြောက်" ကိလေသာအကျဉ်းက ဘယ်နှစ်ပါးရှိလဲ။ ဟောဗျာ . . . . ဟဲ့ဒီကောင် ထပ်ပြန်လဲလဲ ပြောတာကို ဘယ်လိုကောင်းမှန်းမသိဘူး။ အကျဉ်းက ဆယ်ပါးရှိတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။ အကျယ်က ဘယ်လောက်ရှိတယ် (ထောင့်ငါးရာပါဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်)။ ကိလေသာအကျဉ်းအားဖြင့် ဆယ်ပါး၊ အဲ့ဒီကိလေသာအကျဉ်းဆယ်ပါးနဲ့မြောက် နားလည်လား (နားလည်ပါတယ်)။ ခုနတုန်းက နာမ်တရား ၅၃- ပါးရယ်၊ နိပ္ဖန္နရုပ်တစ်ဆယ့်နဲ့ရှစ်ပါးရယ်၊ လက္ခဏာရုပ်လေးခုရယ် တည်၊ ဟုတ်လား (မှန်ပါတယ်ဆရာ)။ ကိလေသာဆယ်ပါးနဲ့မြောက်၊ ရလာတဲ့မြောက်ကိန်းကို တစ်ခါ သန္တာန်နှစ်ပါးနဲ့မြောက်၊ အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန် နော် (မှန်ပါဆရာ)။ ဘယ်လောက်ထွက်လာ တစ်ထောင့်နဲ့ငါးရာ ထွက်တယ်၊ နားလည်လား (နားလည်ပါတယ်)။ ကိလေသာတစ်ထောင့်ငါးရာတဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲ့ဒီကိလေသာတစ်ထောင့်ငါးရာထဲမှာ အကျယ်အားဖြင့် တစ်ထောင့်ငါးရာ၊ အကျဉ်းအားဖြင့် ဆယ်ပါးဆိုတဲ့ ကိလေသာတွေထဲမှာ ဘယ်ကိလေသာ အဆိုး

http://www.dhammadownload.com



ဆုံးလဲ (ဒိဋ္ဌိကိလေသာ အဆိုးဆုံးပါဆရာ)။ ဘာဖြစ်လို့ ဆိုးတာလဲ (မဂ်မရအောင် တားထားလို့ပါဆရာ)။ မဂ္ဂန္တရာယ်ဖြစ်လို့လား (မှန်ပါတယ်ဆရာ)။ ဒါပဲလား၊ ဒါပဲလား (အဲ့ဒါပဲ သိတယ်ဆရာ)။ ဒါပဲသိ ဒါပဲမှတ်ထား၊ အပါယ်လေးပါးကိုလည်း လားစေတယ်၊ ရောက်စေတယ်၊ ကျစေတတ်တယ်တဲ့ နားလည်လား (နားလည်ပါတယ်)။ ဘာဖြစ်လို့လဲ (အပါယ်လေးပါးလဲ ရောက်စေတတ်ပါတယ်ဆရာ)၊ ပြီးတော့ကော (ချစေတတ်ပါတယ်ဆရာ)၊ အမယ်လေးဟဲ့ . . . ပြီးတော့ကော, ပြီးတော့ကော (ကျစေတတ်ပါတယ်ဆရာ)။ အမယ် လာချည်းသေး၊ ပြီးတော့ကော ပက်လက်ကလေးလား၊ ပြီးတော့ကော (မဂ်မရအောင် တားထားပါတယ်ဆရာ)။ အေး အဲ့ဒီလိုလုပ်ပါကွ နားလည်လား (နားလည်ပါတယ်)၊ သူတို့နှစ်ပါးက, ဒီဒိဋ္ဌိကိလေသာက အင်မတန်ကြောက်ဖွယ်ကောင်းတယ် ဒိဋ္ဌိကိလေသာ နော် (မှန်ပါတယ်ဆရာ)။ အင်မတန် ကြောက်ဖွယ်ကောင်းတဲ့ ရန်သူကြီးတဲ့။

ကိလေသာ အကျဉ်းအားဖြင့် ဆယ်ပါး၊ အကျယ်အားဖြင့် တစ်ထောင့်ငါးရာရှိတဲ့အနက်က ဒီဒိဋ္ဌိကိလေသာသည် အင်မတန်ကြောက်ဖွယ်ကောင်းသော ကိလေသာဖြစ်၏။ ကြောက်စရာကောင်းတယ်။ ဘာဖြစ်လို့ အပါယ်လေးပါး ပို့တာလဲ သူပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ မဂ်မရအောင် တားထားတာလည်း သူပဲ နားလည်လား (နားလည်ပါတယ်)။ မင်းတို့, ငါတို့မှာ အတီတာနန္တရ ဘဝပေါင်းများစွာ စုပေါင်းလာကြတဲ့ အကုသိုလ်ကံဟောင်းတွေ မပါဘူးလား (ပါပါတယ်ဆရာ)။ "အပရာပရိယဝေဒနီယကံ"တွေပေါ့ကွ နော် (မှန်ပါတယ်ဆရာ)။ "အပရာပရိယဝေဒနီယကမ္မာ မုတ္တော နတ္ထိ၊ အပရာပရိယဝေဒနီယကမ္မာ၊ အပရာပရိယဝေဒနီယကံမှ။ မုတ္တော၊ လွတ်သော သတ္တဝါသည်။ နတ္ထိ၊ မရှိ။ တဲ့ နော် (မှန်ပါတယ်ဆရာ)။ အပရာပရိယဝေဒနီယကံမှ လွတ်နေတယ်။ ဒို့ အပရာပရိယဝေဒနီယကံ မပါပါဘူးဆိုတဲ့ သတ္တဝါရယ်လို့ ရှာမရဘူးတဲ့ ပါတယ်တဲ့။ ဘဝပေါင်းများစွာက လွန်ကျူးလာတဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု လွန်ကျူးလာကြတဲ့ ကံဟောင်းတွေ ပါတယ်တဲ့။ မပါဘူးလား (ပါပါတယ်ဆရာ)။ အဲ့ဒီကံဟောင်းတွေ အကျိုးမပေးရဘဲ ပျောက်ကောင်းတဲ့ ကံတွေ မဟုတ်ဘူးတဲ့။ တစ်ခုသောဘဝ တစ်နေ့သောအခါ မုချအကျိုးပေးမယ်တဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါဖြင့် အကုသိုလ်ကံဟောင်းတွေ ပါလာတဲ့လူကျတော့ အပါယ်လေးပါး ကျအုံးမယ် မဟုတ်လား (ကျမှာပါဆရာ)။ အပါယ်လေးပါး လားအုံးမယ်၊ အပါယ်လေးပါး ရောက်အုံးမယ်၊ အပါယ်လေးပါး ခံရအုံးမယ်တဲ့။ အပါယ်သတ္တဝါ အပါယ်ခန္ဓာအဖြစ်နဲ့ ခံကြရအုံးးမယ်တဲ့။ ကံကြွေးတွေ ဆပ်ပေးရအုံးမယ်။ ဘာဖြစ်လို့ တို့ဘဝပေါင်းများစွာက လုပ်လာတဲ့ အကုသိုလ်ကံကြွေးတွေက ပါလာတယ်တဲ့။ အဲ့ဒီကံတွေ စဉ်းစား၊ စဉ်းစား။

http://www.dhammadownload.com



သောတာပတ္တိမဂ်ဉာဏ်လည်းရရော၊ အပါယ်တံခါးလည်း ပိတ်ကရောတဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် သူ့သောတာပတ္တိမဂ်ဉာဏ် ရသွားတဲ့၊ သောတာပန်ဖြစ်လာတဲ့ လူက ဒါဖြင့် သူ့ဘဝပေါင်းများစွာက လုပ်လာတဲ့ အကုသိုလ်ကံကြွေးတွေ မပါလို့လား (ပါ, ပါတယ်ဆရာ)၊ မရှိလို့လား (ရှိပါတယ်ဆရာ)၊ ဒါဖြင့် ဘယ့်နှယ့်ဖြစ်သွားတာတုံး (သောတာပတ္တိမဂ်ဉာဏ်က သတ်ပစ်လိုက်လို့ပါဆရာ)။ ချလိုက်တာ၊ ဘယ်သူ့သတ်ပစ်လိုက်လဲ (အပါယ်လေးပါးဆရာ)။ ဟင်း ဟင်း . . . တော်တော့်ကို နေရာကျ၊ သောတာပတ္တိမဂ်ဉာဏ်က အပါယ်လေးပါးသတ်တာ မဟုတ်ဘူးဗျာ၊ ဘယ်သူ့သတ်တုံး (ဒိဋ္ဌိကိလေသာ သတ်ပါတယ်ဆရာ)၊ အင်း. . ဒီလိုတော့လည်း တော်သား၊ ဒိဋ္ဌိကိလေသာ သတ်တယ်လား (မှန်ပါတယ်ဆရာ)။ ဒိဋ္ဌိကိလေသာ သတ်လိုက်တော့ သောတာပတ္တိမဂ်ဉာဏ်လည်းရ၊ ဒိဋ္ဌိကိလေသာလည်း သေရော၊ အပါယ်တံခါးလည်း ပိတ်ကရော ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် အပါယ်ကျအုံးမယ်၊ ရောက်အုံးမယ်ဆိုတဲ့ ပါလာတဲ့ ကံကြွေးတွေက အဟောသိကံဖြစ်သွားတာပေါ့ (ဖြစ်သွားပါတယ်ဆရာ)။ မပေးတော့ဘူးပေါ့ (မပေးပါဘူးဆရာ)။ အဲ့ဒါကြည့်၊ အဲဒါကြည့် - ဒါဖြင့် စောစောက သောတာပတ္တိမဂ်ဉာဏ် မရသော သတ္တဝါများသည် ဘဝပေါင်းများစွာက လွန်ကျူးလာခဲ့သော အကုသိုလ်ကံဖြစ်သည့်အတွက် အပါယ်လေးပါး တဖြုန်းဖြုန်းနဲ့, မရပ်မနားဘဲနဲ့ ကျကျ၊ ကျကျနေတယ် ဆိုတာ ဘယ်သူချတာတုံး (ဒိဋ္ဌိ ကိလေသာက ချနေတာပါဆရာ)။ အေး . . . မှတ်ထား၊ နားလည်လား (နားလည်ပါပြီဆရာ)။ ဒိဋ္ဌိကိလေသာက ချတာတဲ့ နော် (မှန်ပါတယ်ဆရာ)။ ဒိဋ္ဌိကိလေသာချ၊ ကောင်းပြီ။ ဒါဖြင့် အဲ့ဒီ ဒိဋ္ဌိကိလေသာချုပ်သွားတယ် မရှိဘူး။ ဒီကံဟောင်းတွေ အပါယ်လေးပါးရောက်အောင် ပို့နိုင်သေးလား (မပို့နိုင်တော့ပါဘူးဆရာ)။ အပါယ်တံခါး ပိတ်ကရောပေါ့ (မှန်ပါတယ်ဆရာ)။ အေး . . . ဟုတ်ပြီ အဲ့ဒါကြည့်၊ အဲဒါကြည့်။

ဒါကြောင့် အပါယ်လေးပါးများ တံခါးပိတ်အောင်, စိတ်ချယုံကြည်လောက်အောင်, တံခါးပိတ်အောင် ဆိုတဲ့ လုပ်ငန်းများ လွယ်လွယ်ကူကူနဲ့၊ ဟင်းရွက် ကန်ဇွန်းရွက်လေး ဝယ်ယူတယ်လို့လည်း မှတ်မနေကြနဲ့လို့ သေသေချာချာလည်း စဉ်းစားကြ။ ဒါကြောင့် တို့ သင်တန်းသူ သင်တန်းသားများ သင်တန်းအစက နေ့စဉ်ရက်ဆက် အပြတ်မခံဘဲနဲ့ ကြိုးစားပမ်းစားနဲ့ မညီးမညူဘဲနဲ့ နာယူနိုင်လို့၊ မှတ်သားနိုင်လို့၊ အပါယ်တံခါး လုံးလုံးပိတ်ပါတယ်လို့ နားလည်လား (နားလည်ပါတယ်)။ ဘာဖြစ်လို့ အပါယ်တံခါးပိတ်လဲ (ဒိဋ္ဌိကိလေသာချုပ်လို့ပါဆရာ)။ အေး . . ဒိဋ္ဌိကိလေသာ ချုပ်လို့၊ ဒိဋ္ဌိကိလေသာ ပယ်ပစ်လိုက်လို့ နော် (မှန်ပါတယ်ဆရာ)။ ဒိဋ္ဌိကိလေသာကြီး ပယ်လာကြတာ တို့ ခန္ဓာငါးပါး သက္ကာယ ခွာခန်းက အစ ပယ်လာတာ တောက်လျှောက်ကြီးကွပေါ့ နော် (မှန်ပါတယ်ဆရာ)။ သံသယကို ရှင်းလို့ တို့သင်တန်းသူ သင်တန်းသားများ အစအဆုံးလိုက်တဲ့ သင်တန်းသူ သင်တန်းသား ဝမ်းထဲမှာ

http://www.dhammadownload.com



ငါ့ဒိဋ္ဌိကိလေသာ စင်မှစင်ပ့ါမလား၊ သံသယရှိတဲ့ပုဂ္ဂိုလ်များ ရှိပ့ါအုံးမလား (မရှိလောက်ပါဘူးဆရာ)။ မင်းသာ မရှိဘူး ပြောတယ် တချို့က ကပ်ကွာတယ်၊ တချို့ကလည်း ကပ်ကွာတယ်၊ သက္ကာယလည်း ကွာရဲ့လားဆို ကပ်ကွာကြီးဖြစ်နေတယ်တဲ့၊ ဘယ်နဲ့က ကပ်ကွာကြီးဖြစ်နေသလဲဆိုတော့ ဆင်ခြင်လိုက်တဲ့အခါကြတော့ အကွာသားတဲ့၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါဘဲတဲ့၊ သမ္မုတိအနေအားဖြင့်သာ ခေါ်ဝေါ်ပြောနေတာ လုံးလုံးမရှိပါပဲဘဲ၊ သေသေချာချာကြည့်လိုက်တော့ ရုပ်နာမ်ခန္ဓာပဲ ရှိပါပဲလားလို့ အဲဒီလို ဆင်ခြင်လိုက်တော့ နဂိုက ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်လို့ ယူထားတဲ့ သက္ကာယကြီးက ကွာသွားသားတဲ့ နော် (မှန်ပါတယ်ဆရာ)။ နောက်မဆင်ခြင်ဘဲနဲ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ ဆိုသလို လုပ်စရာရှိလုပ်၊ ကိုင်စရာရှိကိုင်၊ သွားစရာရှိသွား၊ ရောင်းစရာရှိရောင်း၊ ဝယ်စရာရှိဝယ် ဆိုတော့ ဟော . . သက္ကာယကြီးက ပြန်ကပ်ပြန်ရောတဲ့။ ဒါကြောင့် ကပ်ကွာဖြစ်နေတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။

အသိ ဆိုတာက တစ်ခါသိပြီးရင် နောက်ထပ်သိအောင် လုပ်စရာမလိုတော့ပါဘူး၊ လိုသေးလား (မလိုပါဘူးဆရာ)။ အဓိပ္ပာယ် ငါပြောပြမယ်။ ဟော့ဒီလူဟာ မောင်ဖြူတဲ့ဟေ့ မှတ်ထား။ မင်းငါ့လက်ထိုးပြမယ်၊ နားလည်လား (နားလည်ပါတယ်)။ အဲ့ဒါ မောင်ဖြူတဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်)။ ဒါဖြင့်ပြီးရော သွားကြ၊ မောင်ဖြူလည်း သွား၊ မင်းလည်း သွား။ ဒီမောင်ဖြူကို နောက်တစ်ခါထပ်ပြီးတော့ မောင်ဖြူမှန်းသိအောင် ငါကြိုးစားအုံးမှပဲဆိုပြီး ကြိုးစားစရာ လိုသေးသလား (မလိုပါဘူးဆရာ)။ ကြိုးစားစရာ မလိုဘူးပေါ့ (မလိုပါဘူးဆရာ)။ ဒါဖြင့် မင်းဆင်ခြင်တိုင်း မောင်ဖြူသိလိုက်ရပေါ့ (မှန်ပါတယ်ဆရာ)။ မဆင်ခြင်ဘဲ ထားတော့ရော (မသိဘူးဆရာ)။ အေး အေး မသိဘူးပေါ့။ ဒါဖြင့် မဆင်ခြင်ဘဲထားလို့ မသိတာနဲ့ မောင်ဖြူ ငါမသိဘူးဆိုလို့ ဟုတ်နိုင်ပ့ါမလား (မဟုတ်နိုင်ပါဘူး)။ အဲ့ဒီဥပမာလေးမြင်လိုက်၊ ငါထပ်တလဲလဲနဲ့ ပြောပေါင်းများပြီ။ ဒါပေမဲ့ ကပ်ခွာသမားတွေကလည်း ကပ်ခွာပဲဟ။ နားမလည်ရှာဘဲကိုးကွ။ အဲ့ဒီ ကပ်ခွာ ကပ်ခွာနဲ့ သံသရာကြီးရှိနေတာနဲ့ အပါယ်တော့ သွားတော့မယ်ထင်ပါရဲ့၊ ပြတ်သားအောင် ကြိုးစားကြ။ ဒီကပြောတဲ့ အဓိပ္ပာယ်လည်း သိအောင် လုပ်ကြ။ တချို့ အမြင်သား၊ ရုပ်နာမ်ခန္ဓာအမြင်သား ပြတ်ပြတ်သားသား နော် (မှန်ပါတယ်ဆရာ)။ ရုပ်တို့၊ နာမ်တို့၊ ခန္ဓာ အာယတန ဓာတ်တို့ ဒီကသင်ကြားပေးလို့ တော်တော်ကြီးကိုပဲ ပြတ်သား နားလည်လို့၊ မိမိကိုယ်ကို ပြန်ပြီးတင်လို့ ဆင်ခြင်တတ်တယ်။ ခေါင်းကအစ ခြေဖျားအထိအောင် ကြည့်လိုက်ရင် ဘာမှမရှိဘူး။ ခေါင်းလည်း မရှိ၊ လက်လည်း မရှိ၊ ကိုယ်လည်း မရှိ၊ ခြေလည်း မရှိ၊ မျက်လုံး မျက်ခုံးလည်း မရှိ၊ အသားအသွေးလည်း မရှိ၊ ဒါ ရုပ်အစုတွေ။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ ဩဇာ ဆိုတဲ့ အဋ္ဌကလာပ် အောက်ထစ်ဆုံးအားဖြင့်၊ ဒီရုပ်အစုအပေါင်းတွေ

http://www.dhammadownload.com



စုပေါင်းထားတာ၊ တဖျတ်ဖျတ်နဲ့ သိနေတဲ့ဥစ္စာ ဒါ ဝိညာဏဓာတ်ကလေး။ အဲ့ဒီအသိကလေးလည်း ရထားတာ အပြတ်သားကွ နော် (မှန်ပါတယ်ဆရာ)။ ပုဂ္ဂိုလ် သတ္တဝါ ရှာမရပါပါပဲ၊ ငါလည်း မရှိပါပါပဲ၊ လူရယ်၊ ယောကျ်ားရယ်၊ မိန်းမရယ် လုံးလုံးမရှိပါပါပဲ၊ အမှန်ကတော့ ဘုရားကိုယ်တော် မြွက်ဟောထားတဲ့ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်သဘောလေးတွေ အသိသား မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ အဲ့ဒါ သူက ဒါပြန်မဆင်ခြင်တဲ့အခါကြတော့ သက္ကာယကြီးက သူ့ကပ်လို့တဲ့ နော် (မှန်ပါတယ်ဆရာ)။ သက္ကာယကြီးက သူ့ကပ်လို့၊ သက္ကာယကြီးက သူ့ပူးလို့တဲ့။ ဆင်ခြင်လိုက်တော့လည်း ကွာသွားပြန်ရောတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ သက္ကာယများ သူက မင်းကြီး၊ မင်းလေး မှတ်နေတယ် ထင်ပ့ါ။ ပူးလိုက်ခွာလိုက်၊ ပူးလိုက်ခွာလိုက်၊ ပူးစရာရှိရင် သက္ကာယတော့ အပူးမခံကြနဲ့ မင်းကြီးမင်းလေး အပူးခံကြ။ နည်းနည်းပါးပါး စားရ သောက်ရ ရှိအုံးမယ် နားလည်လား။ ငါခုနပြောတဲ့ မောင်ဖြူကို မင်း တစ်ခါသိပြီးတော့ နောက်တစ်ခါသိအောင် ကြိုးစားစရာလိုသေးလား (မလိုပါဘူးဆရာ)။ သတိရလို့ ဆင်ခြင်ကြည့်ရင် မောင်ဖြူမှန်းသိတယ်ဟုတ်လား (သိပါတယ်ဆရာ)။ ဒါဖြင့် သတိမရတဲ့အခါတော့ (မသိဘူးဆရာ)။ အဲ့ဒါနဲ့ သတိမရတဲ့အခါ မသိဘဲနေတော့ ဒီအကောင်တော့ မောင်ဖြူမသိဘူး ဆိုတာ ဟုတ်ပါအုံးမလား (မဟုတ်ပါဘူးဆရာ)။ သိနေတယ်ပေါ့ (သိတော့ သိပါဆရာ)။ မဆင်ခြင်လို့ပေါ့ (မဆင်ခြင်လို့ပါဆရာ)။

ဒါဖြင့် သိတဲ့ဉာဏ်ကလေး ဘာလုပ်မှ ပေါ်လာလဲ (မြင်မှ ပေါ်လာပါတယ်ဆရာ) ဆင်ခြင်မှ ဆင်ခြင်မှ မင်းက ဘာမှမမှတ်မိဘူးဟ။ သိတဲ့ဉာဏ်ကလေးက ဘယ်တော့မှ ပေါ်လာလဲ (ဆင်ခြင်မှ ပေါ်လာပါတယ်ဆရာ)။ ဆင်ခြင်မှ ဉာဏ်ကလေးပေါ်လာတယ် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဉာဏ်ဆိုတာ ဘယ်သူ့ရှေ့သွားရှိလဲ။ ဘာမှမသိဘူး၊ အာဝဇ္ဇန်း, အာဝဇ္ဇန်း နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာရှိလဲ (အာဝဇ္ဇန်းပါဆရာ)၊ အာဝဇ္ဇန်းဆိုတာဘာလဲ (ပါးစပ်ပါဆရာ)။ အေး. . ဟုတ်ပြီ၊ ဟုတ်ပြီ. . . ၊ ငါအတော်သဘောကျတယ်။ ဟုတ်မှာကွ မရယ်ကြနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ တွတ်တွတ်ဖောင်ဖောင်ပြောနေကြတာ၊ တော်တော်အာဝဇ္ဇန်းကောင်းတဲ့အကောင်ကိုး၊ ဒီလိုလာတယ် မဟုတ်လား။ (မှန်ပါတယ်ဆရာ)၊ ဟုတ်တယ်၊ ဟုတ်တယ်၊ အာနဲ့ပြောတာကိုးကွ အာဝဇ္ဇန်း နော် ဘယ်လိုကောင်မှန်းကို မသိဘူး။ အာဝဇ္ဇန်းဆိုတာ ဆင်ခြင်တာဟ၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ အာဝဇ္ဇန်းစိတ်ကလေးပေါ်ပြီးမှ ဉာဏ်ကပေါ်လာတာ။ အာဝဇ္ဇန်းမရှိရင် ဉာဏ်မပေါ်ကောင်းဘူး၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ ကိုင်း . . . ဒါဖြင့် မင်း မောင်ဖြူ ငါတစ်ခါပြထားတယ်။ မောင်ဖြူကွာ . . . ဘယ်သူ့သား။ အဲ့ဒါ ဘယ်မြို့၊ ဘယ်ရွာက၊ ဘယ်နားနေတယ်၊ ငါက ပြောထားတာ။ မောင်ဖြူ သိသွားပြီပေါ့ (သိသွားပါပြီ)။ အေး . . . သိသွားပြီ။ ဒါဖြင့် မင်း

http://www.dhammadownload.com


မဆင်ခြင်တဲ့အခါကျတော့ မောင်ဖြူသိသေးလား (မသိပါဘူးဆရာ)။ မဆင်ခြင်လို့ပေါ့ (မဆင်ခြင်လို့ပါ ဆရာ)။ ဒါဖြင့် နောက်သတိရတော့ ဆင်ခြင်လိုက်တယ်လား (ဆင်ခြင်ပါတယ်ဆရာ)။ ဆင်ခြင်လိုက်တော့ မောင်ဖြူသိတဲ့ အသိဉာဏ်လေး ပေါ်လာတယ်လား (ပေါ်လာပါတယ်ဆရာ)။ အေး အေး . . . ဒါကြောင့် -

ဒီအသိဉာဏ်ကလေးက ဉာဏ်ဆိုတာဟာတဲ့ အာဝဇ္ဇန်းရှေ့သွားရှိရတယ်တဲ့။ အာဝဇ္ဇန်းခေါ်မှ ဉာဏ်ပေါ်တယ်၊ နားလည်လား (မှန်ပါတယ်ဆရာ)။ အာဝဇ္ဇန်းမခေါ်ရင် ဉာဏ်မပေါ်ဘူး။ ဒါကြောင့် အာဝဇ္ဇန်းမခေါ်လို့၊ ကိုယ်မဆင်ခြင်လို့ မေ့နေတာကို ဒီသက္ကာယကြီး ပြန်ကပ်နေတယ်လို့ ဒီလို မမှတ်ပါနဲ့လို့ ကွာပြီးကွာပြီးပါပဲ။ ရှင်းပြီးရှင်းပြီးပါပဲလို့ နော် (မှန်ပါတယ်ဆရာ)။ အခိုက်အတန့်လေး ကွာတာပဲ။ သတိရတုန်း ကွာတာပါ။ သတိမရတော့ ပြန်လာတာပဲလို့ ဒီလိုမမှတ်ကြနဲ့။ အခုပြောတဲ့ ဥပမာလေးမှတ်ကြ - အဲ့ဒီသံသရာကြီးကြောင့် ကြောက်စရာကောင်းတယ်နော်။ ဒီသံသရာကြီး ပြတ်သွားအောင်လည်း ကြိုးစားပေးကြ။ ဒါကြောင့် အဲ့ဒီဒိဋ္ဌိဟာ မိမိစိတ်ထဲမှာ အသိဉာဏ်ထဲမှာပေါ့ အချိန်မရွေး တွေးလိုက်ရင်၊ အချိန်မရွေး စဉ်းစားလိုက်ရင် ရှင်းလို့ပေါ့ လက်စသတ်တော့ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာ ဘယ်အခါမှ မရှိဘဲ။ သမ္မုတိပညတ်အနေအားဖြင့် ဟောထားတဲ့တရားပဲ။ အရပ်သုံး စကား ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ ဘာမှမရှိဘူး။ အမှန်ကတော့ ရုပ်တရား၊ နာမ်တရား၊ ခန္ဓာငါးပါး ထင်ရှားရှိတာ၊ တကယ်ရှိတာ။ ဒါပဲရှိတယ်။ ဘာမှမရှိဘူး မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)။ ရုပ်အကြောင်းလည်း နားလည်နေ၊ နာမ်အကြောင်းလည်း နားလည်နေ၊ ခန္ဓာအကြောင်း၊ အာယတနအကြောင်း၊ ဓာတ်အကြောင်းလည်းပဲ ထောင်းထောင်းကြေနေပေါ့။ သေသေချာချာ ကိုယ်ပေါ်လည်း ပြန်ရှာတတ်ပြီ၊ တင်တတ်ပြီ၊ ဟုတ်မှန်းလည်းသိလို့ ဝန်ခံထားပြီ။ ဘုရားစကားတော့ မှန်ပါပေ၏။ ဘုရားတရားတော့ မှန်ပါပေ၏။ အဲ့ဒီ အသိဉာဏ်မျိုးတွေလည်း ဆိုက်လို့ တော်တယ် တော်တယ်။ တော်ပေမဲ့ ခုနပြောတဲ့ ကပ်ခွာဆိုတဲ့ သံသရာကြီးပြတ်သွားအောင် ငါပြောပေးနေရတာ သနားလို့၊ ယောင်လည်လည်နဲ့ အဲ့ဒီသံသရာကြီးကြောင့် ကိုးရိုးကားယားများ ဖြစ်နေမလားလို့နော် (မှန်ပါတယ်ဆရာ)။ နောက်မဖြစ်ကြနဲ့၊ ဒီသံသရာမျိုး မထားကောင်းဘူး။ အခုပြောတဲ့ဉာဏ်ရဲ့ အဓိပ္ပာယ်လေး နားထောင်။

ဩော် လက်စသတ်တော့ အသိဉာဏ်ကလေးဆိုတာ ဆင်ခြင်မှ ပေါ်လာကောင်းတဲ့ ဉာဏ်ကိုး လို့၊ မဆင်ခြင်ဘဲထားရင် ဒီအတိုင်းပဲပျောက်နေယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် "ဉာဏာ နာမ အာဝဇ္ဇနပုဗ္ဗင်္ဂမာ"၊ ဉာဏာ နာမ၊ သိတတ်သော ဉာဏ်မည်သည်ဟူကား။ အာဝဇ္ဇန- ပုဗ္ဗင်္ဂမာ၊ အာဝဇ္ဇန်းသာလျှင် ရှေ့သွားရှိ၏တဲ့။ ဉာဏ်ပေါ်ချင်တော့ ဘယ်သူ လက်ဦးလာရမလဲ

http://www.dhammadownload.com



(အာဝဇ္ဇန်းအရင်လာရပါတယ်ဆရာ)။ အာဝဇ္ဇန်းလာရတယ် နော် (မှန်ပါတယ်ဆရာ)။ ငါတို့ သူငါဆိုတဲ့ သာမန်ပုဂ္ဂိုလ်တွေရဲ့ အညံ့စားဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဉာဏ်မဆိုထားနဲ့ မြတ်စွာဘုရားကိုယ်တော်မြတ် သဗ္ဗညုတဉာဏ်တော်ဆိုတာ အတုမရှိတဲ့ ဉာဏ်တော် မဟုတ်လား (အတုမရှိတဲ့ဉာဏ်တော်ပါ ဆရာ)။ သိစရာမှန်ရင် ကုန်ပြီ မဟုတ်လား (ကုန်ပါပြီဆရာ)။ ကုန်ပြီ၊ ဆုံးပြီ။ ဒီအထိအောင် ဧဝ ယျေမမှ သိတော်မူတဲ့ သဗ္ဗညုတဉာဏ်ရှင်။ သဗ္ဗညုတဉာဏ်တော်ကြီးတောင်ပဲ အာဝဇ္ဇန်းခေါ်မှ ပေါ်ပေါ်လာတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။

## သဗ္ဗညုတဉာဏ်တော် နောက်လိုက်ခေါ် ရေသော် ဘယ်စိတ်နည်း ဆိုတာ

ဒါကြောင့် ပုစ္ဆာလေးထုတ်ထားတာ - "သဗ္ဗညုတဉာဏ်တော် နောက်လိုက်ခေါ် ရေသော် ဘယ်စိတ်နည်းတဲ့"။ သဗ္ဗညုတဉာဏ်တော် အထွတ်အထိပ်ဆိုတဲ့ ဉာဏ်တော်ကြီး မနိုင်းသာ မယှဉ်သာ အမြတ်ဆုံးဆိုတဲ့ ဉာဏ်တော်ကြီးတောင် နောက်လိုက်ခေါ် သွားတယ်၊ နောက်ကလိုက်ခဲ့၊ သူခေါ်မှ ပေါ်ရမယ်။ "သဗ္ဗညုတဉာဏ်တော် နောက်လိုက်ခေါ် ရေသော် ဘယ်စိတ်နည်း"။ ဘယ်စိတ်တုံးဟ (အာဝဇ္ဇန်းစိတ်ပါဆရာ)။ အေး . . ဟုတ်ပြီ။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒါကြောင့် "ဉာဏာ နာမ အာဝဇ္ဇနပဋိဗဒ္ဓါ" လို့ အဋ္ဌကထာဆရာက ဖွင့်ထားတာ။ ဉာဏ်ဆိုတာ သူသူငါငါ လူတကာရှိတဲ့ သာမညဉာဏ်စားမျိုး မဆိုထားနဲ့ သဗ္ဗညုတဉာဏ်တော်ကြီးတောင်မှ အာဝဇ္ဇန်းခေါ်မှ ပေါ် ပေါ်လာတာ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် တို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးလဲပဲ ဒီလိုပဲ အာဝဇ္ဇန်းမရှိလို့ မာရ်နတ်လှည့်ဖြားယောင်းခြင်း တစ်ခါ ခံလိုက်ရပေါ့၊ မာရ်နတ် အလိမ်ခံလိုက်ရပေါ့။ ယက်ကန်းသည်ရွာ အိမ်ခြေငါးရာရှိတဲ့ ယက်ကန်းသည်ရွာ အမှတ်တမဲ့ ဆွမ်းခံထွက်။ မာရ်နတ်က ဘုရားကိုယ်တော်မြတ် အမြဲတစေ နောက်ကနေကြည့် ဘယ်သွားတုန်း၊ ဘယ်သီတင်းသုံးတုန်း၊ ဘယ် သွား ဘာလုပ်သတုန်းကြည့်၊ အမြဲတမ်းနှောင့်ယှက်တယ်။ ဘုရားကိုယ်တော်မြတ် ယက်ကန်းသည်ရွာ ဆွမ်းခံသွားလိမ့်မယ်ဆိုတာ သိတော့ ယက်ကန်းသည်ရွာလဲပဲ ကနေ့ပွဲလမ်းသဘင်ကလေးက ရှိတော့ ပျော်ကြ၊ ရွှင်ကြ၊ ဖီးကြ၊ လိမ်းကြ၊ ရေမိုးချိုးကြ၊ လှုပ်လှုပ်ရွရွနေကြ။ မာရ်နတ်က ဘုရားလာလို့ ရှိရင်တဲ့ ဆွမ်းမလောင်းနိုင်အောင် ဆိုပြီးတော့ အကုန်လုံးသတိလစ်အောင် လုပ်ထား။ မေ့နေတယ် နော် (မှန်ပါတယ်ဆရာ)။ ဘုရားကိုယ်တော်မြတ် ဆွမ်းခံသွားလိုက်တာ ရွာသာဆုံးရော တစ်ဇွန်းမှ မရဘူး။ ပြန်လာခဲ့ရတယ် နော် (မှန်ပါတယ်ဆရာ)။ ပြန်လာတာ မာရ်နတ်က လမ်းက ဆီးလျှောင်တယ်။ အရှင်ဂေါတမ ဆွမ်းရခဲ့ရဲ့လားတဲ့။ မရခဲ့ဘူးတဲ့။ ကောင်းတယ်တဲ့။ မှတ်ထားတဲ့။ ဟင်း . . ကနေ့တော့ အူနဲ့ ဟောင်းလောင်းနေပေတော့၊ ဟဲ့ မာရ်နတ် ယုတ်ပါပေ့ မာရ်နတ်ရယ်၊ တို့ဘုရားတို့မည်သည်မှာ စားရလည်း ဝန်မလေးဘူး။ မစားရလည်း ဝန်မလေးဘူးတဲ့။ မဆင်းရဲ မပင်ပန်းပါဘူးတဲ့ နော် (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)။ ဈာန်သမာပတ်နဲ့ မွေ့လျော်နေ အေးအေးပဲတဲ့၊ ချမ်းသာမှု ရှိပါတယ်တဲ့။ စားရမှ မဟုတ်ပါဘူးတဲ့။ တယ်မိုက်တဲ့မာနတ်ပဲလို့ ဘုရားက ဆိုလွှတ်လိုက်တယ်။ အဲ့ဒါ ဘုရားလိုက်ပျက်ရယ်ပြုတယ်။

ဒီတော့ တို့အဋ္ဌကထာဆရာက ပြောတယ် - ဘယ့်နှယ် သဗ္ဗညုတဉာဏ်ရှင်ကြီး ဖြစ်နေတာ၊ ဒီရွာဆွမ်းခံသွားလို့ရှိရင်ဖြင့် ရပ်သူရွာသားတွေ မာရ်နတ်က လိမ်ထားလို့၊ လှည့်ထားလို့ ဆွမ်းတစ်ဇွန်းမှ ငါရစရာအကြောင်းမမြင်ဘူးလို့ စောစောက ကြိုတင်ပြီးတော့ မသိကောင်းဘူးလားလို့ မမေးသင့်ဘူးလား (မေးသင့်ပါတယ်)။ အေး . . . မေးသင့်တယ်။ မေးသင့်ပေမယ့် ဘုရားတို့ မည်သည်မှာ ဒီဆွမ်းကိစ္စနဲ့ ထွက်သွားလို့ရှိရင် ဘယ်အရပ်သွားမှ ငါသပ္ပါယမျှမယ်ဟဲ့။ ဘယ်အရပ်သွားရင် မမျှဘူးဟဲ့လို့ ကြိုတင်ပြီးတော့ မစဉ်းစားကောင်းဘူးတဲ့။ ကြိုတင်ပြီး စဉ်းစားရင် "လောလုပ္ပတဏှာ" ဘက် ငဲ့ကွက်ရာ ရောက်မနေဘူးလား (ရောက်နေပါတယ်ဆရာ)။ ကြောင့်ကြစရာ ရောက်မနေဘူးလား (ရောက်နေပါတယ်ဆရာ)၊ ဘုရားဆိုတာ ထုံးစံမရှိဘူး နော် (မှန်ပါတယ်ဆရာ)။ ဘယ်တော့မှ ကြိုတင် မစဉ်းစားဘူး။ ဒီရွာသွားရင် ငါ ဟင်းကောင်းကျွေးကောင်းမှ ရပ့်မလားဟ။ ဆွမ်းတော့ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်မှ ရပ့်မလားဟ။ ဤရွာသွားရင် အန္တရာယ်နဲ့တွေ့ပါ့မလားဟ၊ ဘယ်တော့မှ မစဉ်းစားဘူး။ ထုံးစံမရှိဘူး နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဒီရွာဆွမ်းခံကြွတာ မဆင်ခြင်ဘဲနဲ့ ကြွတော်မူလို့ မာရ်နတ်အလိမ်ခံရတာတဲ့။ ဆင်ခြင်တယ်ဆိုတာ အာဝဇ္ဇန်းမဟုတ်လား (အာဝဇ္ဇန်းပါဆရာ)၊ အာဝဇ္ဇန်းမရှိပါဘူးတဲ့၊ အကယ်တန္တု အာဝဇ္ဇန်းသာ ရှိလိုက်မယ်ဆိုရင်၊ ဆင်ခြင်ကြည့်လိုက်မယ်ဆိုရင် ဉာဏ်တော်ပေါ်လာမှာပေါ့၊ သဗ္ဗညုတဉာဏ်တော် ဒီသွားလို့ မတော်ဘူးပေါ့။ မာရ်နတ် ကြိုတင်ပြီးတော့ ငါ့လိမ်လိမ့်မယ်။ ရပ်သူရွာသားတွေ ပိတ်ပင်လိမ့်မယ်။ မသိပေဘူးလား (သိမှာပါဆရာ)။ အဲ့ဒါ အာဝဇ္ဇန်းက မပေါ်ဘူး၊ ဆင်ခြင်တော်မမူဘူး ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒါကြောင့် သက္ကာယဒိဋ္ဌိ ကိလေသာသည် ကပ်လိုက်၊ ကွာလိုက်။ တို့တော့ ကပ်ကွာကြီးဖြစ်နေပေါ့ ဆိုတဲ့လူများ တစ်ကြိမ်သိပြီးလို့ရှိရင် ဒီအသိဉာဏ် နောက်ထပ်ပြီးတော့ သိအောင် ထပ်လုပ်အုံးမှပဲ။ လုပ်စရာ မလိုသလို သက္ကာယဒိဋ္ဌိ - ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ ဆိုတဲ့ အယူဝါဒ အမှန်ကတော့ မဟုတ်တဲ့အယူဝါဒ၊ မှားတဲ့အယူဝါဒ။ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ဆိုတာက ရှိတာမှ မဟုတ်ဘဲ။ ရုပ်တရား၊ နာမ်တရား၊ ခန္ဓာငါးပါးနဲ့ မုချအားဖြင့်၊ ပရမတ်အားဖြင့်၊ အဖို့အားဖြင့် ထင်ရှားရှိတဲ့ တရားကြီးပဲလို့ ကိုယ့်ဉာဏ်ထဲ ပြတ်သားနေရင် ဒီသက္ကာယ ဘယ်တော့မှမကပ်ဘူး။ နားလည်လား (နားလည်ပါတယ်ဆရာ)။ မဆင်ခြင်ဘဲ ပစ်ထားတော့ သူ့အတိုင်းနေတယ် မဟုတ်လား (နေပါတယ်)။ အဲ့ဒါ သူတို့က မဆင်ခြင်ဘဲနဲ့ ပစ်ထားတော့လို့ မေ့နေတာကို သက္ကာယ သူ့ ဝင်ပူးပြန်ပေါ့နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



အာဝဇ္ဇန်းလေးနဲ့ ဆင်ခြင်ပြီးတော့ ဉာဏ်ခေါ်ကြည့်လိုက် ပေါ်လာတာ နော် (မှန်ပါတယ်ဆရာ)။ ဒါ သက္ကာယကွာပြီသားလို့ မှတ်ထား။

အဲ့ဒီလို သက္ကာယဒိဋ္ဌိကြီး ကွာသွားလို့ ရှင်းသွားလို့ လင်းသွားလို့ သူ့မှာ သံသရာက ပေးဆပ်စရာရှိတဲ့ အကုသိုလ်တည်းဟူသော အပါယ်လေးပါး ဖြစ်အုံးမယ်၊ ခံရအုံးမယ်ဆိုတဲ့ ကံကြွေးတွေ ပျောက်သွားတယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါဖြင့် အနမတဂ္ဂ တစ်သံသရာလုံး စုဆောင်းလာတဲ့ ကံဟောင်းတွေဟာ အပါယ်လေးပါး၊ အပါယ်သတ္တဝါ၊ အပါယ်ခန္ဓာအဖြစ်နဲ့ ရောက်အောင် ပို့၊ ပို့ပေးနေတာ ဘယ်သူတုံး (ဒိဋ္ဌိကိလေသာပါဆရာ)။ အေး . . . ဒိဋ္ဌိကိလေသာ နော် (မှန်ပါတယ်ဆရာ)။ သူပဲ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ သူပဲတဲ့၊ သူလည်း ကွာသွား၊ သူလည်းချုပ်၊ သူလည်းပြုတ်ကရော အပါယ်လေးပါးလည်း လုံးလုံးမလားတော့ဘူးတဲ့။ အပါယ်တံခါး ပိတ်ကရောတဲ့။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အပါယ်တံခါး ပိတ်တာများ လွယ်လင့်တကူလည်း မမှတ်ကြနဲ့တဲ့။ အပါယ်တံခါးပိတ်အောင်လုပ် ဆိုတာလည်း သာမညနဲ့ မဖြစ်နိုင်ပေဘူးလို့။ ဒါကြောင့် တော်တော်ကြီးကိုပဲ ဆရာသမားများထံမှာ နည်းခံပြီးတော့ တတ်မြောက်လိမ္မာအောင်၊ သဘောထဲ ရှင်းလင်းသွားအောင် သင်ကြားမှ။ ဒါမှ ဒီသက္ကာယ ဒိဋ္ဌိကိလေသာကလည်း ချိုးဖွဲ့ဖျက်ဆီးနိုင်တယ်။

## အပါယ်လေးပါး ကိုယ်ပိုင်အိမ်နဲ့တူခြင်း

နို့မို့ ဝါစာကမ္မာအနေအားဖြင့် လူပြောသူပြော အနေအားဖြင့်၊ ပြောသံကြားသည့်အနေအားဖြင့်၊ စာလေးဖတ်ခါမျှအနေအားဖြင့် ပြုတ်ဖို့ခဲ ယဉ်းတယ်နော် (မှန်ပါတယ်ဆရာ)။ သူမပြုတ်ပြန်တော့လည်း အပါယ်ခေါင်းဆိုက်အုံးမယ်။ အပါယ်တံခါးကပွင့်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ သူမပြုတ်ရင် အပါယ်လေးပါး လားမှာ အမှန်ပဲတဲ့။ အပါယ်လေးပါးက ဘာနဲ့တူ၊ အပါယ်လေးပါးက ဘာနဲ့တူ၊ ကိုယ်ပိုင်အိမ်နဲ့ မတူဘူးလား (တူပါတယ်ဆရာ၊)။ သူများနဲ့ အတူတူပေါ့။ ဘာနဲ့တူတယ် (ကိုယ်ပိုင်အိမ်နဲ့ တူပါတယ်)။ အဓိပ္ပာယ်ပြောစမ်းပါဦး - ကိုယ်ပိုင်အိမ် (ဘယ်မြို့သွားသွား ဒီပြန်ရောက်လာပါတယ်ဆရာ)၊ ဘယ်ပြန်ရောက် (ပခုက္ကူပါပြန်ရောက်ပါတယ်ဆရာ)။ အဲဒီလိုအကောင်၊ ဘယ်မြို့ပဲ အလည်အပတ် ထွက်ထွက် သွားသွားပေါ့၊ ကိစ္စဝိစ္စနဲ့ပဲ သွားသွား၊ အလည်အပတ်ပဲ သွားသွားပေါ့နော် (မှန်ပါတယ်ဆရာ)။ ဘယ်မြို့ပဲရောက်ရောက် နောက်ဆုံးတော့ ဘယ်ပြန်ရောက်လာတယ် (ကိုယ့် အိမ်ကိုပဲ ပြန်ရောက်ပါတယ်ဆရာ)။ အေး . . . ကိုယ့်အိမ်ကိုယ်၊ ကိုယ့်အိမ်ပိုင်ရာပိုင်ရှိတဲ့နေရာပဲ ပြန်ပြန်လာကြတယ်။ အလည်အပတ် ထွက်သွားတာက၊ အရောင်းအဝယ်ထွက်သွားတာ ခဏမဟုတ်လား (ခဏပါဆရာ)။ ပြီးတော့ ဘယ်ပြန်လာ (ကိုယ့်အိမ်ကိုပြန်လာ

http://www.dhammadownload.com



ပါတယ်ဆရာ)။ အေး. . သတ္တဝါများလည်း ဒီလိုပဲတဲ့၊ တစ်မင်္ဂတစ်ဖိုလ်မှ မရသေးသော သတ္တဝါများ ဘယ်ပြန်ကြလဲ (ကိုယ့် အိမ်ကိုယ် ပြန်ပါတယ်ဆရာ)။ အောင်မလေးဟဲ့ . . ဘယ်မှာတုံး သူတို့အိမ်က (အပါယ်လေးဘုံမှာပါဆရာ)။ ဩော် . . . ဒီလိုကိုး သူတင်စားပြောနေတာ၊ မှတ်ကြပါ၊ မှတ်ကြပါ၊ တင်စားပြောနေတာ။ အပါယ်လေးပါး ပြန်လာတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။

"ပမတ္တဿ စ နာမ စတ္တာရော အပါယာ သကဂေဟသဒိသာ"။ (ဓမ္မပဒအဋ္ဌကထာ၊ ပထမတွဲ၊ နှာ-၆) စ၊ ဆက်၍ဆိုဦးအံ့။ ပမတ္တဿ၊ မေ့လျော့နေသောပုဂ္ဂိုလ်၏။ စတ္တာရော၊ လေးပါးကုန်သော။ အပါယာ၊ အပါယ်တို့သည်။ သကဂေဟသဒိသာ နာမ၊ မိမိကိုယ်ပိုင်အိမ်နှင့် တူကြမည်ကုန်၏။ သတ္တဝါများ ဒါကြောင့် သံသရာခရီး သွားနေတာဟာ "အခေါဂမနနည်း"ခေါ်တယ်။ ပုထုဇဉ်များ နော် (မှန်ပါတယ်ဆရာ)။ ခေါင်းဘယ်ဆိုက် (အပါယ်လေးပါးဆိုက်နေပါတယ်ဆရာ)။ အေး . . . အပါယ်လေးပါးဘက်လှည့် ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဘာနဲ့တူလဲ။ ဘာမှ မမှတ်မိဘူး။ ထန်းပင်ပေါ် သီးနေတဲ့ ထန်းသီးတွေမြင်လား (မြင်ပါတယ်ဆရာ)။ ခေါင်းက ဘယ်ဘက်ဆိုက်နေလဲ (အောက်ဆိုက်နေတယ်)။ မြေကြီးနဲ့ မျက်နှာမူနေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။ မှတ်ထား။ ထန်းပင်ပေါ် ကြွေကျရင် ဘယ်သွားမတုံး (မြေကြီးထဲ သွားမှာပါဆရာ)။ မြေကြီးပေါ် ကျမယ် - ပြောစမ်းပါ။ ဘယ်သွားမတုံး (မြေကြီးပေါ် ကျမှာပါဆရာ)။ အထက်ထောင်တက်မသွားဘူးလား (မတက်ပါဘူး ဆရာ)၊ တက်ကောင်းရဲ့လား (မတက်ကောင်းပါဘူးဆရာ)။ အောက်သာကျမယ် ဟုတ်လား (အောက် ကျမှာပါဆရာ)။ "အခေါဂမနနည်း"ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ အောက်သို့ ဦးခေါင်းဆိုက် လျက် သံသရာမှာ ခရီးသွားနေသော ပုထုဇဉ်များ နော် (မှန်ပါတယ်ဆရာ)။ ဒါ အောက်ဦးခေါင်း ဆိုက်တယ်ဆိုတာ အပါယ်လေးပါးနဲ့ မျှော်နေတယ်မဟုတ်လား (မျှော်နေတာပါဆရာ)။ အဲ့ဒါကြောင့် ခုနတုန်းကပြတဲ့ အဋ္ဌကထာဆရာဝါဒအတိုင်း အပါယ်လေးပါးသည် ကိုယ်ပိုင်အိမ်နှင့်တူ၏။ လူ့ဘဝ၊ နတ်ဘဝ ခဏလောက်ရကြတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ပြီးတော့ ဘယ်သွား (အပါယ် လေးပါး ကျမှာပါ)။ အပါယ်လေးပါးသွားတယ်လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အဲ့ဒီ ဒိဋ္ဌိကိလေသာဟာ တစ်လုံးချုပ်ပြန်တော့လည်း၊ တစ်လုံးသေပြန်တော့ သေသလောက်၊ ချုပ်သလောက် တန်ဖိုးမရှိဘူးလား (တန်ဖိုးရှိပါတယ်ဆရာ)။ အပါယ်လေးပါးတံခါး လုံးလုံးပိတ်သွားတယ် ဒါပဲလား (မဂ်တံခါး ဖိုလ်တံခါးလည်း ပွင့်ပါတယ်ဆရာ)၊ အေး . . . မဂ်တံခါး ဖိုလ်တံခါးလည်း ပွင့်သွားတယ် နော် (မှန်ပါတယ်ဆရာ)။ မဂ်ကို မရအောင် တားထားတဲ့ အန္တရာယ် ငါးပါးထဲ တစ်ပါးအပါဝင် မဟုတ်လား (တစ်ပါးအပါဝင်ပါဆရာ)၊ ဒါကြောင့် တစ်ချက်ခုတ်ရင် နှစ်ချက်ပြတ်သွားတယ်။ အပါယ်တံခါးလည်း ပိတ်စေတတ်တယ်၊ မဂ်တံခါး ဖိုလ်တံခါးလည်း ပွင့်စေ

http://www.dhammadownload.com



တတ်တယ်။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အဲ့ဒီ ဒိဋ္ဌိကိလေသာကိုပဲ မသတ်ဘဲနဲ့ တဏှာကိုသာသတ်နေမယ်ဆိုရင်ဖြင့် အပါယ်လေးပါးတံခါး ပိတ်ပါ့မလား (မပိတ်ပါဘူးဆရာ)။ အပါယ်လေးပါးတည်းဟူသော ကိုယ်ပိုင်အိမ်ကြီး ပျက်ပါ့မလား (မပျက်ပါဘူးဆရာ)။ ဘယ်တော့မှ မပျက်ပါဘူး၊ မပျက်မချင်းလည်း သွားနေတာ။ တစ်မဂ် တစ်ဖိုလ် ရကောင်းပါ့မလား (မရနိုင်ပါဘူးဆရာ)။ ဒိဋ္ဌိတန်းလန်းနဲ့ အလုပ်လုပ်နေတယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)။ သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ အလုပ်လုပ်နေတယ်ဆိုရင် ဘယ်တော့မှ တစ်မဂ် တစ်ဖိုလ်မရဘူးတဲ့၊ မဂ်တံခါး ဖိုလ်တံခါး မပွင့်နိုင်ဘူးတဲ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်း မရနိုင်ဘူးတဲ့၊ အပါယ်လေးပါးတံခါး မပိတ်ဘူးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒိဋ္ဌိတစ်လုံးပြုတ်သွားတယ်၊ ချုပ်သွားတယ်ဆိုလို့ရှိရင် အင်မတန်မှ တန်ဖိုးရှိတဲ့တရားပါလို့၊ အကျယ်အားဖြင့် တစ်ထောင့်ငါးရာ၊ အကျဉ်းအားဖြင့် ကိလေသာဆယ်ပါးလို့ ဟောကြားထားပြီးတော့ မိမိတို့အဇ္ဈတ္တသန္တာန်မှာ ဒီ၍ဒီမျှ ကိလေသာရှိနေတဲ့ ဒိဋ္ဌိကိလေသာတစ်လုံးသည် လုံးလုံးကြီးကြောက်စရာ, လန့်စရာ အကောင်းဆုံးတရားလို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် "ဒိဋ္ဌိမသတ်၊ တဏှာသတ်၊ မပြတ်သံသရာ"တဲ့။ ပြီးတော့ "တဏှာမသတ်၊ ဒိဋ္ဌိသတ်၊ အပြတ်သံသရာ"တဲ့။ ဟုတ်ပြီ၊ တဏှာမသတ်ဘဲနဲ့ ဒိဋ္ဌိသတ်ရင် သံသရာပြတ်သွားရောလား (ပြတ်ပါတယ်ဆရာ)၊ မှတ်ထား မှတ်ထား နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒီနေရာလေး နာနတ္တနည်းသေချာကြည့်စမ်း - တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက် အသစ်အသစ်ဆက်ကာဆက်ကာ ဖြစ်နေတဲ့ သဘောသွားလေးကို ကြည့်လိုက်တော့ စဖြစ်တဲ့အလုံးကလေးက မပျက်ဘူး၊ အမြဲတည်နေတာပဲ၊ ကနေ့အထိ ရှိသေးတယ်၊ ယခုဘဝ ရှိသေးတယ်။ စဖြစ်တဲ့ အချိန်ကစဘယ်တော့မှ မပျက်ဘူးလို့ ဒီလိုယူတဲ့ သဿတဝါဒ ယုံနိုင်ပါအုံးမှာလားဟ (မယုံနိုင်ပါဘူးဆရာ)။ ယုံနိုင်တဲ့အကြောင်းလည်း ရှိသေးလား (မရှိပါဘူးဆရာ)။ ဒါမှ မျက်စိပြန်ပြီး လည်သွားရင်လည်းပဲ ဘယ့်နှယ်လုပ်ပါ့ (သွားသွားပေါ့ဆရာ)၊ အေး . . . ဟုတ်ပါတယ်၊ သနားစရာ မရှိဘူးနော်။ ပြောနည်းတော့ ငါကြိုက်တာ သွားသွားပေါ့တဲ့၊ ကြာတော့ စိတ်တိုလာတယ် ဟုတ်လား။ မျက်စိမလည်နိုင်အောင် ဖြစ်နေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။

သံသရာအစကတည်းက ဖြစ်လာတဲ့ ငါကောင်လေးက ဒီကနေ့အထိ ရှိတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား (မဟုတ်နိုင်ပါဘူးဆရာ)။ အသစ်အသစ်ဖြစ်လာတဲ့ တရားတွေ မဟုတ်ဘူးလား (အသစ်အသစ်ဖြစ်လာတဲ့ တရားတွေပါဆရာ)။ ဒါ ပဋိစ္စသမုပ္ပါဒ်သံသရာကြီး လည်နေတာ သေသေချာချာကြည့်ပါလို့ နော် (မှန်ပါတယ်ဆရာ)။ အတိတ် ပစ္စုပ္ပန် အနာဂတ်၊ အတိတ် ပစ္စုပ္ပန် အနာဂတ်၊

http://www.dhammadownload.com



အတိတ် ပစ္စုပ္ပန် အနာဂတ် ဘဝသုံးပါး ဆက်ဆက်ပြသွားတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အတိတ်အကြောင်း ပစ္စုပ္ပန်အကျိုး၊ ပစ္စုပ္ပန်အကြောင်း အနာဂတ်အကျိုး၊ အတိတ်အကြောင်း ပစ္စုပ္ပန်အကျိုး၊ ပစ္စုပ္ပန်အကြောင်း အနာဂတ်အကျိုး နော် (မှန်ပါတယ်ဆရာ)။ အလွှာလေးပါးနဲ့ ကြည့်ရင် အချင်းအရာနှစ်ဆယ်နဲ့ကြည့်၊ အကြောင်းအကျိုးနဲ့ပဲ ဆက်ဆက်ပြ၊ တစ်ခုချုပ်သွားမှ တစ်ခုပေါ်လာ၊ တစ်ခုချုပ်မှ တစ်ခုပေါ်လာတယ် ဆိုတဲ့ သဘောလေးက သိပြီးသားဖြစ်နေ။ အဲဒါလေးတွေ ပြတ်သားလို့ ဆိုရင် ဘယ်နည်းနဲ့မှ မျက်စိလည်စရာအကြောင်းလည်း မရှိပါဘူး။ လည်နိုင်ပါအုံးမလား (မလည်နိုင်ပါဘူးဆရာ)။ လည်လို့ဆိုရင် မင်း ခုနပြောသလို သွားပါစေပေါ့ကွနော်။ အဲ့ဒီလို မြင်လိုက်တော့ သဿတဒိဋ္ဌိပြုတ်တယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ သဿတဒိဋ္ဌိရယ်၊ အတ္တဒိဋ္ဌိရယ်၊ သက္ကာယဒိဋ္ဌိရယ် ထူးသေးလား (မထူးပါဘူးဆရာ)။ ပရိယာယ်ကွာတယ်ခေါ်တယ်နော် (မှန်ပါတယ် ဆရာ)။ ဒါကြောင့် -

သဗ္ဗာနိ စ အပါယဂမနိယကမ္မာနိ နာမ အတ္တဒိဋ္ဌိယာ သတိယာ ဧဝ ဥပ္ပဇ္ဇန္တိ အသတိယာ န ဥပ္ပဇ္ဇန္တိ။ သဗ္ဗာနိ စ၊ အလုံးစုံလည်းဖြစ်ကုန်သော။ အပါယဂမနိယကမ္မာနိ နာမ၊ အပါယ်သို့ လားစေတတ်၊ ရောက်စေတတ်၊ ကျရောက်စေတတ်သော ကံတို့မည်သည်ကား။ အပါယ်သို့ ကျအုံးမယ်၊ ရောက်အုံး မယ်၊ လားအုံးမယ် ဆိုတဲ့ တို့ကံဟောင်းတွေ အများကြီးပါတယ်၊ မပါဘူးလား (ပါပါတယ်ဆရာ)။ အဲဒီကံတွေဟာ ဘယ်တော့မှ အပါယ်ကျမလဲလို့ လွန်ကျူးပြီးတဲ့ကံတွေ၊ သူတို့ကြည့်နေလို့ မကျပါဘူး တဲ့နော် (မှန်ပါတယ်ဆရာ)။ ဘယ်သူချလို့တုံးတဲ့။ သက္ကာယဒိဋ္ဌိချလို့တဲ့၊ အတ္တဒိဋ္ဌိချလို့တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။ သဗ္ဗာနိ စ၊ အလုံးစုံလည်းမြင်ကုန်သော၊ အပါယဂမနိယကမ္မာနိ နာမ၊ အပါယ်သို့ လားစေတတ်၊ ရောက်စေတတ်ကုန်သော ကံတို့မည်သည်ကား။ အတ္တဒိဋ္ဌိယာ၊ အတ္တ ဒိဋ္ဌိသည်။ သတိယာ ဧဝ၊ ရှိသော်သာလျှင်။ သြော် . . အတ္တဒိဋ္ဌိရှိမှ နော် (မှန်ပါတယ်ဆရာ)။ သတိယာ ဧဝ၊ ရှိသော်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ အပါယ်လေးပါးသို့ လားရကုန်၏။ အသတိယာ၊ မရှိခဲ့သော်။ န ဥပ္ပဇ္ဇန္တိ၊ အပါယ်လေးပါးသို့ ဘယ်တော့မှ မလားကုန်ဘူးတဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ ဆိုတာ အတူတူပဲ။ ဘာမှမထူးဘူး နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် နာနတ္တနည်းတစ်လုံး မြင်လိုက်လို့ရှိရင် ယခုလိုပဲ အင်မတန်ကြောက်စရာကောင်းတယ်ဆိုတဲ့ သဿတဒိဋ္ဌိတစ်လုံး ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဆရာ)။ ချုပ်သွားရင် အပါယ်တံခါး မပိတ်သွားဘူးလား (ပိတ်သွားပါတယ်ဆရာ)။ ဒါကြောင့် ဒိဋ္ဌိတစ်လုံးပြုတ်သွားရင် အပါယ်တံခါး ပိတ်တယ်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒိဋ္ဌိတစ်လုံး ပြုတ်သွားရင် အပါယ်လေးပါးတံခါး ပိတ်တယ်လို့၊ အပါယ်လေးပါးတံခါးပိတ်ရတဲ့တာဝန်ဟာ သေးတယ်မဟုတ်ဘူး၊ ပိတ်ကြည့်စမ်း

http://www.dhammadownload.com



ပါလို့ ဒီနည်းနဲ့လွဲပြောင်းပြီးတော့၊ ဒီနည်းအပထားပြီတော့ နော် (မှန်ပါတယ်ဆရာ)။ လုပ်ကြည့် လုပ်ကြည့်၊ ဒါန၊ သီလ၊ သမထ စသည်အားဖြင့် လုပ်ကြည့်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ)။ ခဲယဉ်းတယ်၊ ခဲယဉ်းတယ်။

ဒါကြောင့် ငါစကားစပ်မိလို့ ပြန်ပြောလိုက်မယ်၊ ဒီတရားမြင်စတုန်းက ထတောင်ခုန်ချင်တယ်၊ ဝမ်းသာလိုက်တာလို့၊ ပြီးတော့ ကြောက်လိုက်တာ တွေးကြည့်တော့၊ ကြည့်လိုက်စမ်း - ယခု ငါမြင် ပေလို့ မစဉ်းစားမိရင် ယောင်လည်ယောင်လည်နဲ့ သေတော့မယ်လို့ ဒီအတိုင်း သွားတော့မှာ နော် (မှန်ပါတယ် ဆရာ)။ ယောင်လည်, ယောင်လည်နဲ့ ငါသွားတော့မယ်လို့ ကိုယ်လုပ်နေတဲ့၊ လုပ်ခဲ့ဘူးတဲ့ ဒါနကုသိုလ် လေးတွေ အားကိုး၊ ကိုယ်လုပ်လာတဲ့ သီလကုသိုလ်လေးတွေ အားကိုး၊ အားကိုးလာ လိုက်တာ အမှူမဲ့ အမှတ်မဲ့၊ လက်စသတ်တော့၊ သေသေချာချာကြည့်တော့ အပါယ်လေးပါးမှ မုချနည်းအားဖြင့် တားမြစ်နိုင်တဲ့သတ္တိမရှိဘဲ၊ ဝိနိပါတဘေး မကျော်နိုင်ပါဘဲလားလို့နော် (မှန်ပါ တယ်ဆရာ)၊ ဒီတရားမြင်လိုက်တော့ ဝမ်းပန်းတသာဖြစ် စိတ်ထဲလည်း ပြန်တောင့်လိုက်၊ တည်းတည်း လိုတော့မယ် နော်၊ အင်မတန်ကံကောင်း ထောက်မလို့ လာတွေ့ရတယ်၊ နို့မို့ရင် ငါယောင်လည် ယောင်လည်နဲ့ သွားတော့မယ်၊ သေတော့မယ်၊ ဒီဘဝမျိုးနဲ့ သွားတော့မယ်၊ စိတ်ထဲက ဒီလို အောက် မေ့တယ်၊ တို့ ဒီလိုပဲ ဒီအမြင်ရလို့ ဒီအသိရှိလာတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ပြောကြပါတယ်၊ တချို့က တိုက်ရိုက် လာပြောတယ်၊ ဆရာရေ . . ကျွန်တော်တို့တော့ တည်းတည်းလိုတော့တယ်၊ နည်းနည်း လိုတော့တယ်၊ သီသီကလေး လွတ်သွားတော့တယ်၊ ဟာ. . . ဘာပြုလုပ်တုံး၊ ဟာ. . . ဒီတရားနဲ့ တွေ့ပေလို့ပေါ့၊ မတွေ့လို့ရှိရင် အပါယ်ကတော့ တန်းလို့ပေါ့၊ နည်းနည်းလေးတော့ ထောက်ရာတည်ရာ မရဘူး၊ အားရပါးရ ပြောကြပါတယ်နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်ဝမ်းသာစရာကောင်းတယ်လို့ သဖြလေးနဲ့ မနေကြနဲ့၊ အဲဒီဒိဋ္ဌိနဲ့သာ သေလို့ရှိရင် အပါယ်ကတော့ တန်းလို့ဟော့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်ကြောက်စရာကောင်းတယ်၊ အဲဒီအပါယ်လေးပါးက လွတ်လွတ် လာတာကိုပဲ ရင်ထဲဝမ်းထဲများ အေးလို့၊ မအေးဘူးလား (အေးပါတယ်ဆရာ)၊ မင်း ငါ့ကို လိမ်တယ်၊ တစ်ခါမှ မအေးဘူး၊ (တကယ်အေးတယ်)၊ အဟုတ်လားဟ (ဟုတ်ပါတယ်ဆရာ)၊ သာဓုကွာ တစ်ခါတော့ ခေါ်မယ်၊ တကယ်အေး မိရဲ့လား (တကယ်အေးမိပါတယ်ဆရာ)၊ ကိုယ့်အပြစ်ကိုလည်း ကိုယ်ပြန်တွေးမိလာပေ့ါကွ နော် (တွေးမိပါတယ်ဆရာ)။

အေး . . . ငါလိုလူ ဒီတရားနဲ့သာ မရရင်တော့ အပါယ်တော့ တန်းလို့ပဲ၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အပါယ်တော့ သူများလို ရိုးရိုးသာမဟုတ်ဘူး၊ ခြေဖမိုး ထိုးသွားမဲ့လူ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊အခုတော့ သေချာသွားပြီးလား (သေချာပါပြီဆရာ)၊ ဘာ သေချာတာတုံး

http://www.dhammadownload.com



(အပါယ်တံခါးပိတ်သွားပါတယ်ဆရာ)၊ အပါယ်တံခါးပိတ်ပြီးတော့ စိတ်ချရပြီးလား (တကယ်ပါဆရာ)၊ အေး . . ဝမ်းသာတယ်၊ ကြိုးစား, ကြိုးစား နော်၊ ဒါကြောင့် နာနတ္တနည်း ပြခြင်းသည် သဿတဒိဋ္ဌိ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ အနေအားဖြင့် စွဲမြဲယူဆလာသော သဿတဒိဋ္ဌိ၊ အဲဒီမှာ အတ္တဒိဋ္ဌိရော၊ သက္ကာယဒိဋ္ဌိရော အကုန်လုံးပါတယ် နော် (တကယ်ပါဆရာ)၊ ပရိယာယ်သာ ကွာနေတာ၊ ဒါကြောင့် နာနတ္တနည်းပြရခြင်းသည် သဿတဒိဋ္ဌိ လုံးလုံးကြီးချုပ်ငြိမ်းအောင် အဘ ဘုရားကိုယ်တော်မြတ်က ပြတော်မူတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။

"အဝိဇ္ဇာဒီနံ ပန ယထာသကလက္ခဏဝဝတ္ထာနံ နာနတ္တနယော နာမ၊ ယံ သမ္မာ ပဿန္တော နဝနဝါနံ ဥပ္ပါဒဒဿနတော သဿတဒိဋ္ဌိံ ပဇဟတိ"။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၀၈)

ပန၊ ဧကတ္တနည်းမှတစ်ပါး နာနတ္တနည်းကို ဆိုဦးအံ့။ အဝိဇ္ဇာဒီနံ၊ အဝိဇ္ဇာစသည်တို့၏။ ယထာသကလက္ခဏဝဝတ္ထာနံ၊ မိမိတို့၏ဥစ္စာဖြစ်သော လက္ခဏာကို ပိုင်းခြား၍ မှတ်သားခြင်းသည်။ နာနတ္တနယော နာမ၊ နာနတ္တနည်းမည်၏။ ယံ၊ အကြင်နာနတ္တနည်းကို။ သမ္မာ၊ မဖောက်မပြန် မှန်မှန်ကန်ကန်။ ပဿန္တော၊ ပိုင်းခြားထင်ထင် သိမြင်သောသူသည်။ မြင်တော့မြင်ပြီလား၊ (မြင်ပါတယ်ဆရာ)၊ သိတော့ သိရဲ့လား (သိပါတယ်ဆရာ)၊ အေး . . . မြင်သောသူသည်။ နဝါနဝါနံ၊ အဟောင်းတွေ ပျောက်တော့ အသစ်တွေရောက်ရောက်လာသောအဖြစ်တို့ကို။ ဥပ္ပါဒဒဿနတော၊ ဖြစ်ခြင်းကို မြင်ခြင်းကြောင့်, သိခြင်းကြောင့်။ ဟုတ်ကဲ့လား (တကယ်ပါဆရာ)၊ အသစ်အသစ် ဖြစ်လာတယ်တဲ့လား (အသစ်အသစ်တွေ ဖြစ်လာပါတယ်ဆရာ)။ ဒါနဲ့ တစ်ခါဖြစ်ပြီးလျှင် မပျက်ဘူးဆိုတဲ့ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ အေး . . မဟုတ်ပါဘူးပေါ့ (မဟုတ်ပါဘူးဆရာ)၊ သံသရာအစ ငါကောင် ဒီကနေ့အထိ ပါလာတယ်ဆိုတာ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ အေး . . မဟုတ်ပါဘူးနော် (တကယ်ပါဆရာ)၊ အေး အေး . ဒါတွေ ရှင်းသွားတာပြီးပေါ့၊ အမေမွေးစ ငါကောင်လေး ဒီကနေ့အထိ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ အေး . . . မဟုတ်ဘူးပေါ့ နော် (တကယ်ပါဆရာ)၊ ဒါကြောင့် ယံ၊ အကြင်နာနတ္တနည်းကို။ သမ္မာ၊ မဖောက်မပြန် မှန်မှန်ကန်ကန်။ ပဿန္တော၊ မြင်သော, သိသော ပုဂ္ဂိုလ်သည်။ နဝနဝါနံ၊ အဟောင်းတွေပျောက်၍ အသစ်အသစ်တွေ ရောက်လာသော သဘောကို။ ဥပ္ပါဒဒဿနတော၊ ဖြစ်ခြင်းကို ပိုင်းခြား၍သိသောကြောင့်။ (ဝါ) မြင်သောကြောင့်။ သဿတဒိဋ္ဌိံ၊ သံသရာအစမှ ကနေ့ကျအောင် စွဲချင်တိုင်းစွဲ လွှဲချင်တိုင်းလွှဲ မှားချင်တိုင်းမှားခဲ့သော သဿတဒိဋ္ဌိ တရားကြီးကို။ ပဇဟတိ၊ စင်ကြယ်သန့်ရှင်းအောင် ကွာနိုင် ဖယ်နိုင် ရှားနိုင်လေ၏။

"ဗျာပါရနည်းလေးဖြာ"၊ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း၊ ဧကတ္တနည်းက - သန္တာန်အစဉ်၏မပြတ်ခြင်းကို မြင်အောင်, သိအောင် လုပ်ပါတဲ့။ အဝိဇ္ဇာကစ

http://www.dhammadownload.com


ဇရာမရဏကျအောင် အကြောင်းနဲ့အကျိုး၊ အကြောင်းနဲ့အကျိုး၊ အကြောင်းအကျိုး ဆက်စပ်ပြီး သွားတဲ့နေရာမှာ အကြောင်းဖြစ်လျက်သားနဲ့ အကျိုးမဖြစ်ဘဲနဲ့ ပြတ်နေတယ်၊ ရပ်နေတယ်၊ လဒ်နေတယ်၊ ခြားနေတယ်လို့ ဘယ်တော့အခါမှ မရှိ၊ အကြောင်းနဲ့အကျိုးသည် တစ်ဆက်တည်း အပြတ်အလပ် အကြားမရှိအောင် တစ်ဆက်တည်းရှိ၊ ဒါကြောင့် အဝိဇ္ဇာကနေ ဇရာမရဏကျအောင် ဉာဏ်မျက်စိနဲ့ ဝေဖန်ကြည့်လိုက်တော့ အကြောင်းအကျိုး ဆက်စပ်နေသော သန္တာန်အစဉ်သည် အပြတ်မရှိ၊ တစ်ဆက်တည်း၊ တစ်ပြင်တည်း၊ တစ်သဘောတည်း နေတာကို မြင်ရတယ်၊ ဒီလိုမြင်ရတော့ ဘာဖြစ်၊ တစ်ခါဖြစ်ပြီးရင် နောက်ထပ်မဖြစ်ဘူးဆိုတဲ့ ဘဝပြတ်တယ်ဆိုတော့ ဥစ္ဆေဒဒိဋ္ဌိအယူကို စွန့်နိုင်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ရှင်းကော ရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)၊ နောက်တစ်ခါ နာနတ္တနည်းကျပြန်တော့ အဝိဇ္ဇာကစ ဇရာမရဏကျအောင်ကြည့် - အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဒီလိုအကြောင်းအကျိုး ဆက်စပ်ပြီးသွားတဲ့ တရားတွေ မှန်မှန်သမျှ အကြောင်းတရားရဲ့ သဘောလက္ခဏာ၊ တရားကိုယ်တရားသားက တခြား၊ အကျိုးတရားရဲ့သဘောလက္ခဏာ၊ တရားကိုယ်တရားသားက တခြား၊ ဒီလိုတစ်ခုနဲ့တစ်ခု မတူဘဲ ထူးခြားသော အနက်သဘောရှိလို့ နာနတ္တ၊ နာနာ + အတ္တော နာနတ္တော"လို့ ထူးသောတရားကိုယ်၊ ထူးသော လက္ခဏာ၊ ထူးသော အနက်ရှိတယ်လို့ တစ်ခုနဲ့တစ်ခု မတူကြဘူး။

ဒီတော့ ဧကတ္တနည်းနှင့်လည်း မှားသွားအုံးမယ်၊ သြော် . . . သူကတော့ အကြောင်းတရားလက္ခဏာနှင့် အကျိုးတရားလက္ခဏာ၊ လက္ခဏာချင်း မတူပုံ အဓိကထားပြီး ပြတယ်၊ ပြီးတော့ ဖြစ်ပြန်တော့ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ ပြီးတော့ ဘယ့်နှယ့်ဖြစ်၊ သေသေချာချာကြည့်တော့ အသစ်အသစ်သာ ဆက်ကာဆက်ကာဖြစ်တာ မြင်ရတယ်တဲ့၊ အဟောင်းတွေ ပျောက်ပျောက်ပြီး လွန်ပြီးတဲ့အဟောင်း၊ ချုပ်ပြီးသားအဟောင်း ပျောက်ပြီးသားအဟောင်းပြန်ကြည့်တော့ ဘာမှမရှိဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အတိတ်ကြည့်ပြန်တော့လည်း ဘာမှမရှိ၊ ဘာ့ကြောင့် ချုပ်ပြီး လွန်ပြီးတော့ မရှိ၊ အနာဂတ် မျှော်မှန်းကြည့်ပြန်တော့လည်း ဘာမှမရှိ၊ ဘာဖြစ်လို့ မဖြစ်သေးလို့ (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဘာမြင်သလဲ၊ ဘာသိသလဲဆိုတော့ ပစ္စုပ္ပန်-ဖြစ်ဆဲ နော် (မှန်ပါတယ်ဆရာ)၊ ပစ္စုပ္ပန်ဖြစ်ဆဲ အသစ်အသစ်သာ မြင်ရတယ်လို့ ပစ္စုပ္ပန်ဖြစ်ဆဲ အသစ်အသစ် တစ်လုံးချင်း တစ်လုံးချင်း ဆက်စပ်ဆက်စပ်ပြီးသွားတော့ အတိတ်ကြည့်လို့လည်း မမြင်၊ အနာဂတ်ကြည့်လို့တော့လည်း မမြင်၊ ဖြစ်ဆဲဆိုတဲ့ ပစ္စုပ္ပန်လုံးလေးတွေသာ ဆက်ကာ ဆက်ကာ ပေါ်နေတော့ ဘာခေါ်သလဲဆိုတော့ အသစ်အသစ်ဖြစ်တာ နော် (မှန်ပါတယ်ဆရာ)၊ အသစ်အသစ်ဖြစ်တဲ့သဘောပဲ၊ ဒါဖြင့် တစ်လုံးပျောက်မှ တစ်လုံးရောက်လာတယ်၊ တစ်လုံးပေါ်လာတယ်၊ နောက်

http://www.dhammadownload.com


တစ်လုံးပျောက်မှ နောက်တစ်လုံးပေါ်လာတယ်၊ ဒီလို တစ်လုံးချင်း တစ်လုံးချင်း ပစ္စုပ္ပန်အခိုက်ကလေးမှာ သွားသွားမြင်တော့ကာ တစ်ခါဖြစ်ပြီးလျှင် ဘယ်တော့မှ မပျက်ဘူး၊ မြဲတယ်၊ တည်တယ်ဆိုတဲ့ သဿတဒိဋ္ဌိ ယုံကြည်စရာအကြောင်း ရှိသေးလို့လား (မရှိပါဘူးဆရာ)၊ မရှိ၊ အဲဒါ ရုပ်အစဉ်နာမ်အစဉ်၊ ခန္ဓာအစဉ်လေးတွေရဲ့ ဖြစ်တာ, ပျက်တာကလေးတွေ မူတည်ပြီးတော့ ပြတယ်။

ဒါကြောင့် ဧကတ္တနည်းနဲ့နာနတ္တနည်း ဘာကွဲလွဲမှု ရှိသလဲဆို၊ ဧကတ္တနည်းကတော့ အကြောင်းနဲ့အကျိုး မပြတ်ဘဲနဲ့ ဆက်စပ်ပြီးတော့ နေတယ်၊ သန္တာန်အစဉ်ကို ပြတယ် နော် (မှန်ပါတယ်ဆရာ)၊ နာနတ္တနည်း ကတော့ ဒီလိုမဟုတ်ဘူး၊ အသစ်အသစ်ဖြစ်လာတဲ့ သဘောကလေးတွေ မြင်အောင် ပြတယ် မဟုတ်ဘူလား (မှန်ပါတယ်ဆရာ)၊ အသစ်အသစ် တစ်လုံးချင်း တစ်လုံးချင်း ဆက်ကာဆက်ကာ အသစ်အသစ်ဖြစ်လာတာကို မြင်လာတော့ တစ်ခါဖြစ်ပြီးလျှင် ဘယ်တော့မှ မပျက်ဘူးဆိုတဲ့ သဿတဒိဋ္ဌိ ယုံပါအုံးမှာလား (မယုံတော့ပါဘူးဆရာ)၊ ယုံနိုင်စရာအကြောင်းမရှိဘူး၊ တစ်လုံးပျောက်မှ တစ်လုံး ရောက်တာကိုကွ နော် (မှန်ပါတယ်ဆရာ)၊ နာလည်းအောင် ကြိုးစားပြီး မှတ်ထားကြ၊ ကိုယ်နားမလည်ရင် နားလည်တဲ့သူနှင့် တိုင်ပင်နှီးနှောပြီး၊ သဘောကလေးတွေ မရှင်းလင်းလို့ရှိရင် ရအောင်လည်း ယူကြ၊ ဒါမှ ကိုယ့်မှာ တရားရတယ်လို့ ခေါ်တယ်၊ ဒါမှလည်း မနေ့ညက ပြောသလို အပါယ်လေးပါး တံခါးပိတ်မယ်လို့၊ ဒီလိုမှ တရားမရ၊ အပါယ်လေးပါးတံခါးမပိတ်တော့ အင်မတန်ကြောက်စရာကောင်းတယ်၊ သေသည်၏အခြားမဲ့၌ အပါယ်လေးပါးသာ လားတတ်၊ ရောက်တတ်တယ်လို့ များသောအားဖြင့်၊ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ် ဆိုတဲ့ကုသိုလ်ကံချင်းထောက်ပံ့ခြင်းကြောင့် သေသည်၏အခြာမဲ့၌လည်း အပါယ်လေးပါးက လွတ်ကျွတ်ပြီးတော့ ကောင်းရာသုဂတိလည်း ရောက်တတ်တယ်တဲ့ နှစ်မျိုးမနေဘူးလား (နှစ်မျိုးပါဆရာ)၊ နှစ်မျိုးနေတယ်၊ ဒါကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်မျိုးဟာ ဂတိမမြဲဘူးလို့ ဘုရားရှင်ကိုယ်တော်မြတ်က ဟောထား၊တာ ဂတိမမြဲဘူး၊ ဝိနိပါတဘေး မလွတ်သေးဘူးတဲ့၊ သေသည်၏အခြားမဲ့၌ ပရမ်းပတာကျတတ်တယ်၊ ပရမ်းပတာဖြစ်တတ်တယ်၊ ပရမ်းပတာ ရောက်တတ်တယ်တဲ့၊ ဂတိငါးပါး လားချင်ရာလား၊ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ခုကလည်း ဒွန်တွဲလို့ အမြဲရှိတယ်၊ ဘယ်သူ့ကြောင့် သွားတယ်၊ ဘာ့ကြောင့် သွားတယ်၊ ဒီလိုတွယ်ကပ်နေဖို့ မလိုဘူး၊ သူသွားချင်တာ သွားတယ်၊ သူဖြစ်ချင်တာဖြစ်တယ်၊ ကုသိုလ်အဟုန်တွေ အင်မတန်များနေလို့လည်း သေသည်၏အခြားမဲ့၌ အပါယ်လေးပါး လားရတာပဲနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



## မလ္လိကာမိဖုရားကြီး ငရဲလားရခြင်းအကြောင်း သိကောင်းစရာ

ဘုရားလက်ထက်က ပသေနဒီကောသလမင်းကြီးရဲ့ မိဖုရားကြီး မလ္လိကာဒေဝီ ပသေနဒီကောသလမင်းကြီးကလည်း ဘုရားဒါယကာတော်ကြီး၊ မြတ်စွာဘုရား ကိုယ်တော်မြတ်များ ရှင်ဘုရင် ရင့်မကြီးရယ်လို့ မနေရှာဘူး၊ သပိတ်များ ထမ်းပြီးတော့ နောက်တော်ပါးလိုက်၊ ဝတ်ကြီး ဝတ်ငယ် ပြုစု နော် (မှန်ပါတယ်ဆရာ)၊ မလ္လိကာမိဖုရားကြီးကလည်း အင်မတန်မှ ကြည်ညိုရှာတယ်၊ အမြဲမပြတ် ဘုရားကို ဆည်းကပ်နေတဲ့ ဘုရားဒါယကာ၊ ဘုရားဒါယိကာမတွေပဲလို့၊ ဘုရားရှင်နဲ့ ဘယ်တော့မှ ကင်းကွာမနေဘူး၊ လုပ်လိုက်တဲ့ ကုသိုလ်ကောင်းမှုဆိုတာလည်းပဲ အံ့သြလောက်တယ်၊ အမြဲတစေ ဝတ်နိဗဒ္ဓတွေ ပြည့်လို့၊ ဒီထက် ထူးထူးခြားခြားနဲ့ သူတစ်ပါးလုပ်နိုင်ခဲသော အသဒိသ-အလှူကြီးများ ပေးလို့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါတောင် မလ္လိကာ မိဖုရားကြီးများ သေသည်၏အခြားမဲ့၌ ငရဲလားရသေးတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ငရဲလားရသေးတယ်တဲ့၊ အဲဒါကြည့်၊ ပုထုဇဉ်များ ဂတိမမြဲပုံ၊ ဒါကြောင့် မိမိတို့ ယုံကြည်စိတ်ချပြီး ပြုသမျှသော ဒါနကုသိုလ် သီလကုသိုလ် သမထ ကုသိုလ်ဆိုတဲ့ ကုသိုလ်အစုစု အားကိုးတစ်ခု လက်ကိုင်ပြုနေပေမဲ့ သေသည်၏အခြားမဲ့ ပရမ်းပတာ ကျတတ်တယ်ဆိုတဲ့ ဝိနိပါတဘေးမှ လွတ်ဖို့ အလွန်မှ ခဲယဉ်းတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ ခဲယဉ်းတယ်၊ ဒါဖြင့် သူပြုခဲ့တဲ့ ကုသိုလ်တွေ အဟောသိကံဖြစ်ရတော့မှာလားဆို မဖြစ်ဘူးတဲ့၊ တစ်ခုသောဘဝ၊ တစ်ချိန်သောအခါကျတော့ အခွင့်သင့်သည့်အားလျော်စွာ အကျိုးပေးမှာတော့ အမှန်ပဲ' ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဘယ်အချိန်, ဘယ်အခါ အကျိုးပေးတဲ့အခါ စောင့် နေလို့ ဖြစ်တာမဟုတ်ဘူး၊ ဒီဘဝသေလို့ရှိရင် ဒုတိယဘဝအတွက်က အဲဒါ ရတက်မအေးစရာဖြစ်၊ ဒီဘဝသေသွားရင် ဒုတိယဘဝ အပါယ်လေးပါးဘဝမှ ငါလွတ်ပါ့မလားဟဲ့၊ ကောင်းရာသုဂတိမှ ရောက်ပါ့မဟဲ့၊ အမြဲတစေ ကြောင့်ကြနေတဲ့ စိတ်တွေနဲ့ သေကြရတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)။

ဒါကြောင့် မော့မော့၊ မော့မော့၊ ကျော့ကျော့၊ ကျော့ကျော့၊ လွှားလွှား၊ လွှားလွှား၊ ကြွားကြွား၊ ကြွားကြွားနဲ့၊ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ဆဆနဲ့ မနေကြနဲ့၊ သင်တန်းလိုက်ပြန်ရင်လည်း ဝတ်ကျေတန်း ကျေအနေအားဖြင့် မလိုက်ကြနဲ့၊ တို့အိမ်နေ အလကားပဲ၊ ဒီအချိန်ကလေး သင်တန်းတရား သွားနာနေ ကုသိုလ်တောင် ရသေး၊ ဒီလောက်ကလေး မလုပ်ကြနဲ့၊ လိုက်ပြန်ရင်လည်း ရအောင် ကြိုးစား၊ ရအောင် လည်း ယူပေါ့နော် (မှန်ပါတယ်ဆရာ)၊ တချို့လည်း ဝတ်ကျေတန်းကျေလေးပါကြ၊ လူကြားကောင်း အောင် တရားနား၊ အဲဒါလေး ပြင်ကြပြင်ကြ။ တို့လိုက်မိလို့ရှိရင်ဖြင့် သူများလိုပဲ ရအောင် ယူရတော့မယ်ဟဲ့၊ တစ်လုံးရရ၊ နှစ်လုံးရရ၊ တချို့က လောကီဘက် အာရုံကြီးကသန်လို့၊ လောကုတ္တရာ

http://www.dhammadownload.com



သင်တန်း ဆိုတာကတော့ ဝတ်ကျေတန်းကျေလောက် ထားလို့၊ လာပြန်တော့လည်း ဘယ်နဲ့ဖြစ်၊ အခြေခံ မပါတော့လည်းပဲ မသေမချာနဲ့၊ ဇဝေဇဝါနဲ့၊ မရေမရာနဲ့၊ ဟိုလိုလို ဒီလိုလိုနဲ့ တစ်လုံးမှလည်း မပြတ်သွားဘူး နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုဆိုတော့ ပြောရ ပြရ သင်ရတဲ့ လူကလည်း ပင်ပန်း ကျိုးမနပ်ဘူး၊ ကိုယ် ကလည်း ဆင်းရဲကျိုး၊ ပင်ပန်းကျိုး မနပ်ဘူး၊ အိမ်ပစ် ယာပစ်နဲ့၊ အိမ်ကိစ္စအဝဝ လက်စသတ်ပြီးတော့ သင်တန်းငါသွားအုံးမှပဲလို့ ငါထွက်လာ၊ ဒီနေရာ လုပ်ခင်းတောင်သာ အနေ အားဖြင့် ရှိတဲ့လူများကလည်း ဒါစီးပွားရေး ဟစ်လင်းသွားတယ်၊ တန်ဖိုးက သေးတာ မဟုတ်ဘူး သင်တန်းလိုက်ရတာ၊ ဒါကြောင့် တန်ဖိုးလည်း ထားပေါ့၊ မိမိကြိုးစား၊ ဒါကြောင့် ငါရောက်လာရင်ဖြင့် လိုက်မိရင်ဖြင့်လည်း သူများနည်းတူ ရအောင်ယူမှပဲ၊ ရအောင် ယူဆိုတာလည်းပဲ သင်တန်း တစ်ပတ်စာလုံး အကုန်လုံး သိမ်းကျုံးပြီးတော့ တတ်ကျွမ်းနားလည်ရမယ်၊ ပြောနိုင် ဆိုနိုင်ရှိရမယ် ဒီလိုမဟုတ်ပါဘူး၊ တကယ်ကို စိတ်ချယုံကြည်လောက်တဲ့ အကွက်ကောင်းကလေးတွေ ကျပြီဆိုမှဖြင့် ဒီကထပ်ပြန်တလဲလဲ သတိပေးရင် ရအောင်ယူ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အခုထိ ဧကတ္တနည်းနဲ့ နာနတ္တနည်း နှစ်နည်းမှာပဲ တန်ဖိုးအင်မတန်ကြီးတယ်လို့ မကြီးဘူးလား (ကြီးပါတယ်ဆရာ)၊ ဒိဋ္ဌိဘယ်နှစ်လုံးပြုတ်သွားလဲ (နှစ်လုံးပြုတ်သွားပါတယ်ဆရာ)၊ ဘယ်သူနဲ့ဘယ်သူတုံး (ဉစ္ဆေဒဒိဋ္ဌိနဲ့သဿတဒိဋ္ဌိပါဆရာ)၊ အေး - ဉစ္ဆေဒဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိ။ သံသရာ သွားနေတဲ့လမ်းလည်းပဲ လက်ယာစွန်း၊ လက်ဝဲစွန်းဆိုတာ ဒီနှစ်စွန်း မဟုတ်ဘူးလားဟ (မှန်ပါတယ် ဆရာ)၊ ရှောင်ဖို့ တိမ်းဖို့ မခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ မရှောင်နိုင်၊ မတိမ်းနိုင်ကြလို့ သံသရာထဲ တဝဲလည်လည်ဖြစ်နေတာတဲ့၊ တစ်ဘဝရောက်လိုက်ရင် သဿတ၊ နောက်တစ်ဘဝရောက်လိုက်ရင် ဉစ္ဆေဒတဲ့ နော် (မှန်ပါတယ်ဆရာ)၊ တစ်ယောက်တည်းသာ ဒိဋ္ဌိနှစ်လုံးပူးမယူကောင်းတာ၊ ဝါဒနှစ်မျိုး မရှိကောင်းတာ၊ တစ်ခုနဲ့တစ်ခုတော့ ပြောင်းလဲကောင်းတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အခု သဿတယုံကြည်နေပြန်ပေါ့၊ တော်ကြာ သဿတမဟုတ်ပြန်ဘူး၊ ဉစ္ဆေဒ ရောက်သွားပြန်ပေါ့၊ ဖြစ်ရပြန်ပေါ့တဲ့ နော် (မှန်ပါတယ်ဆရာ)၊ တော်ကြာ ဉစ္ဆေဒမဟုတ်ပြန်ဘူး၊ မယုံကြည်ပြန်ဘူး၊ တော်ကြာ သဿတရောက်ပြန်ပေါ့၊ အဲ့သလိုချည်းဖြစ်နေတယ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အဲ့ဒါကြောင့် သဿတစွန်းနဲ့ဉစ္ဆေဒစွန်းက အရှောင်ရ, အတိမ်းရ အလွန်အလွန်မှ ခက်ခဲ့တဲ့ လမ်းစဉ်ကြီးလို့ ဒီနှစ်ပါးကို ရှောင်တတ် တိမ်းတတ်ရှိသွားတဲ့ ဉာဏ်အသိလေး ရပြန်တော့လည်း ဘုရားကြွသွားတော်မူသော လမ်းမှန်ပေါ်ကို စုံရပ်မိတယ် ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ဝမ်းသာစရာကောင်း တယ်။ မလွယ်ဘူး စဉ်းလည်းစဉ်းစား၊ လက်စသတ်တော့ သဿတအစွန်းနဲ့ဉစ္ဆေဒအစွန်းနှစ်ပါးကို မငြိအောင် ရှောင်ရှားနိုင်တဲ့ အသိပညာ ရပြီးဆိုမှဖြင့် တို့တွေဟာ ငါတို့ရဲ့ အဖဖြစ်တော်မူသော

http://www.dhammadownload.com



မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ချတော်မူတဲ့ လမ်းမှန် လမ်းစစ်ကြီးပေါ် စုံရပ်မိပါလားလို့ ဝမ်းသာစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။

ဘုရားကိုယ်တော်မြတ် ချတော်မူတဲ့ လမ်းမှန်လမ်းကောင်းပေါ်မှာ စုံရပ်မိတယ် ဆိုတဲ့ တန်းက လည်း မနည်းပါဘူး၊ ဒီတန်းစုံရပ်မိတယ်ဆိုကတည်းက သံသရာက ကျွတ်တော့ လွတ်တော့မယ်ဆိုတာ တထစ်ချမှတ်ပေတော့ နော် (မှန်ပါတယ်ဆရာ)၊ အပါယ်လေးပါး လုံးလုံးတံခါးပိတ်သွားပြီဆိုတာ တထစ်ချမှတ်ပေတော့၊ အခု သဿတအစွန်းနဲ့ဥစ္ဆေဒအစွန်း အရှောင်ရ, အတိမ်းရ အလွန်အလွန်မှ ခက်ခဲတယ်ဆိုတဲ့ ဒိဋ္ဌိနှစ်ပါးကို ကွာသွားအောင်, ချုပ်သွားအောင်, ပြုတ်သွားအောင် လွယ်လင့်တကူနဲ့ နာယူနိုင်တဲ့ လမ်းစဉ်ကလေးက ဖြစ်၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး အင်္ဂါ (၁၂)ရပ်ပြစဉ် အခါကတည်းက လိပ်ပတ်လည်အောင် တစ်လုံးချင်း တစ်လုံးချင်း၊ တရားကိုယ်နဲ့ တရားသားနဲ့၊ သဘောအဓိပ္ပာယ်နဲ့၊ အကြောင်းအကျိုးစပ်ပုံနဲ့ လိုတယ်လို့ သိမ်မရှိလှပါဘူး နော် (မှန်ပါတယ်ဆရာ)၊ ထပ်ပြန်တလဲလဲလည်း ကြိုးစားပမ်းစား သင်ကြားပေး၊ အတော်လေး တတ်မြောက်လိမ့်မယ်လာတော့ နောက်ဆုံးပြီးကာနီးမှာ ဉာဏ်ရည်လေး ဝလာမှ ဟော့ဒီထောင့်ကနေကြည့်တော့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် ဒီလိုမြင်ရပြန်တယ်၊ ဒီထောင့်ကနေ ကြည့်ပြန်တော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး ဒီလို မြင်ရပြန်တယ်၊ ဟောဒီထောင့်ကနေကြည့်လို့ ဒီလိုမြင်တော့ ဒီဒိဋ္ဌိကြီး ပြုတ်သွားတယ်၊ ဒီထောင့် ကနေ ကြည့်ပြီး ဒီလိုမြင်ပြန်တော့ ဒီဒိဋ္ဌိကြီး ပြုတ်သွားတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ ပြုတ်သွားတယ်ဆိုတဲ့ နေရာလည်းပဲ မယုံမကြည်လည်း မရှိနဲ့ သိအောင်သာ လုပ်၊ သိအောင် လုပ်ရင် ပြုတ်တယ် နော် (မှန်ပါတယ်ဆရာ)။

ဘုရားကိုယ်တော်မြတ်မိန့်ကြားသွားတဲ့စကားလည်း မှားစရာမရှိပါဘူး၊ သံသယ ဘာမှမရှိဘူး၊ ဒါပေမယ့် ကိုယ်သိတာ, မသိတာအပေါ်မှာ တည်တယ်၊ တို့တကယ်သိရင် တကယ်ပြုတ်မှာပဲ၊ တကယ် ပြုတ်ရင် တကယ်ဟုတ်မှာပဲလို့ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တို့တကယ်မသိသေးရင် တကယ်မပြုတ်ဘူး၊ တကယ်မပြုတ်သေးရင် တကယ်မဟုတ်သေးဘူး၊ တကယ်မဟုတ်ရင် အပါယ်ကျ အုံးမှာပဲ၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါအပါယ်ဘေးများ တွေးကြောက်တတ်လို့ ရှိရင်ဖြင့် လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် မိမိရရ ကြိုးစားပြီး ယူကြလို့ နော် (မှန်ပါတယ်ဆရာ)၊ ငါ့ မနက်က အမယ်ကြီးအိုတစ်ယောက်က ပြောသွားတယ်၊ ဆရာ . . တော်တော်လေး ချောင်းတွေ ဆိုးနေတယ်၊ ဟုတ်တယ် ဆိုးတယ်၊ ဆရာရယ် . . ချောင်းကလည်းဆိုး၊ အသံတွေကလည်းဝင်၊ ဖျားကလည်းဖျားနဲ့ အဲ့ဒါတောင် မလျော့တမ်းဆိုပြီးတော့ အတင်းတိုးတိုးပြတယ်၊ ဟာ . . ပြရတာပဲ၊ သင်တန်းကလည်း အပျက်မခံချင်ဘူးလို့ ဒါလည်းပဲ ကုသိုလ်တစ်မျိုးပဲလို့ ဒီအထဲ တရားတန်ခိုးနဲ့

http://www.dhammadownload.com



ပျောက်ခြင်းမလှ ပျောက်ပျောက်သွားတာ များပါတယ်၊ အင်း အင်း . . . ကြိုးစားပြ၊ ကြိုးစားပြ၊ ဆရာကတော့ ကြိုးစားပြ၊ ဘာဖြစ်လို့တုံး၊ လိုက်တဲ့လူတွေကတော့ တော်တော်ကိုလည်းပဲ အံ့သြစရာကောင်းပါတယ်။ ဘာဖြစ်လို့တုံး၊ တရားက အဓိပ္ပာယ်အားဖြင့် မနေ့ညက ပြသွားတဲ့ တရားဟာ ဘယ်လိုပြသွားတာဟေ့ ဒီအခန်းကတော့၊ တို့ဉာဏ်ထဲတော့ ရှင်းလို့ လင်းလို့ သိပ်ကောင်း တာပဲဟ၊ တစ်ခါတည်း အဆီအနှစ် တော်တော်ကို ပြည့်စုံတယ်ဟေ့၊ တော်တော့်ကို အရသာတွေ့တယ်၊ အသိဉာဏ်လေးတွေ တစ်မျိုးနဲ့။ ဒီလိုသာ ပြောရမှာတဲ့ အမှန်ကတော့၊ အခုတော့ မဟုတ်ဘူး၊ တရားနာပြီးလို့ ထလာ၊ စုရုံး စုရုံးနဲ့ လမ်းဘာသံကြားလိုက်၊ တို့ ဓာတ်ရှင်တော့ မှိုပါသေးတယ်နော်၊ အမယ်ကြီးဟုတ်ကဲ့လား ဆိုတော့ ဟုတ်ပါတယ်၊ နားဆတ်ဆတ် ကြားတာပါတဲ့၊ ဒီလို ကြားတော့ ဆရာကိုသနားလို့ပါတဲ့၊ ဟုတ်ချင်ဟုတ်မှာ၊ လေးပိုင်းတော့ မှိုသေးတယ် ထင်တယ်၊ ဒါတော့ ဟုတ်ချင် ဟုတ်ပါလိမ့်မကွယ်၊ ငယ်ရွယ်သူလေးတွေ ဖြစ်ကြပါလိမ့်မယ် နော် (မှန်ပါတယ်ဆရာ)၊ အေး အေး ကြည့်လည်းကြည့်ပေ့၊ မှိုသမျှလည်း ဝင်ကြည့်ကြ။ လေးပိုင်းမှိုမှို ခြောက်ပိုင်းမှိုမှိုပေ့၊ ကြည့်ကြည့် ကိစ္စမရှိပါဘူး၊ မကြည့်ရဘူးလို့ မဆိုဘူး၊ တို့သင်တန်းက နော် (မှန်ပါတယ်ဆရာ)၊ ချုပ်တည်းမထားနဲ့၊ လုပ်ချင်တာလုပ်၊ ကိစ္စမရှိဘူး။

ဘာတဏှာတွေတုံးဟ၊ ဓာတ်ရှင်ကြည့်နေတာ ဘာတဏှာတွေတုံး၊ (ကာမတဏှာပါဆရာ)၊ အေး အေး . . . ကာမတဏှာ၊ ကာမတဏှာက သံသရာ့ဝဋ်မြစ်ဖြစ်စေတတ်သလား (မဖြစ်ပါဘူးဆရာ)၊ သံသရာလည်စေတတ်တဲ့ အကြောင်းထဲ ပါသလားဟ (မပါပါဘူးဆရာ)၊ မပါပါဘူးကွ နော် (မပါပါဘူးဆရာ)၊ ငါမြောက်ပေးတိုင်းလည်း သိပ်မလုပ်ကြပါနဲ့ကွာ၊ တော်ကြာတော့ သင်တန်းတောင်မလာဘဲ နေအုံးမယ်၊ ကာမတဏှာက သံသရာလည်စေတတ်တဲ့ အကြောင်းထဲ ပါမှ မပါဘဲကွာဆိုဓာတ်ရှင်ရုံထဲ မထွက်ဘဲနေရင် ဒုက္ခ၊ ဒီလိုလည်း မလုပ်ကြနဲ့၊ ဒီက အသိဉာဏ်လေးတွေလည်း ရအောင်ယူပေ့၊ နော် (မှန်ပါတယ်ဆရာ)၊ လူငယ်တို့ဘာသာ ဘာဝ ပျော်ချင်လည်း ပျော်ပေ့၊ ပါးချင်းလည်းပါးပေ့၊ ဒီငါးဖြာအာရုံ ကာမဂုဏ် ပျော်ပါးမှု နှစ်သက်မှုကြောင့်တော့ဖြင့် ဒီက သိထားတဲ့ အသိဉာဏ်ကလေးကို ဖျက်ဆီးပြီးတော့ အပါယ်လေးပါးတော့ မလားပါဘူးလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့တို့အထဲလည်းပဲ ငယ်ရွယ် သူလေးတွေက အများကြီးပါတယ်၊ မိန်းကလေးတွေလည်း ပါတယ်၊ ယောကျ်ားလေးတွေလည်း ပါတယ်၊ ငယ်ရွယ်သူလေးတွေဆိုတော့ ပြောလို့က မဖြစ်သေးဘူးကွ၊ ဒါပေမယ့် တို့များကတော့ ဒီအသိဉာဏ် မရ, ရအောင် ကြိုးစားပြီး ပေးရတာ ယူကြဟဲ့၊ ယူကြဟဲ့၊ တော်ကြပါတယ်၊ ယူတဲ့နေရာလည်းပဲ လူငယ် မိန်းကလေး၊ မိန်းမငယ်လေးတွေလည်း တော်ကြပါတယ်၊ လူငယ် လူရွယ်လေးတွေလည်း တော်ကြပါတယ် အသိဉာဏ်လေးတွေ၊ ဘယ်ပြန်မေ့သလဲ

http://www.dhammadownload.com



ဆိုတော့ ငါတွေ့ ပေါင်းတော့ တော်တော်များပြီ၊ သင်တန်းဆင်းသွားတဲ့ကလေးတွေ တော်တော်များပြီ၊ လိုက်ရောဟော့ သင်တန်း၊ ရုပ်ပဲ၊ နာမ်ပဲ၊ ခန္ဓာပဲနဲ့ သူတို့ဉာဏ်ကလေးတွေက ထက်တော့ တော်တော်လည်း ပြတ်သား၊ ပြီးတော့ ဘယ်ကျတော့ သူတို့သင်တန်းမေ့သလဲ၊ တရားတွေ မေ့သလဲဆိုတော့ အချိန်တန် အရွယ်ရောက်လို့ နည်းနည်းလေး ပေါက်စလေးတွေ ဖြစ်လာ မေ့ကုန်၊ လတ်ယား လတ်ယားနဲ့ ကာမဂုဏ်ဆိုတဲ့ အာရုံက ဖမ်းစားနေတာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ သေပြီ၊ ဘာမှ မသိဘူး၊ သင်တန်းကျောပေးလို့ တချို့များ ငါ့မြင် မှတ်တောင်မှတ်မိမှာမဟုတ်ပါဘူး၊ သင်တန်းက ဆင်းသွား တော်တော်ကြာ ဒါနဲ့ ထုံးစံအတိုင်း ဝတ္တရားအတိုင်းပေါ့ကွယ်၊ ယောကျ်ားလေးဖြင့် ယောကျ်ားလေးအလျောက်၊ မိန်းကလေးဖြင့် မိန်းကလေးအလျောက် အိမ်ထောင်ရက်သားကျကြ၊ အိမ်ထောင် ရက်သားကျတော့ ငါမှန်းတောင် မသိပြန်ဘူးဟ နော် (မှန်ပါတယ်ဆရာ)၊ မေ့သွားပြန်ပြီ၊ ကိစ္စဝိစ္စတွေနဲ့ သင်တန်းတောင် ဘယ်နေမှန်း မသိဘူး၊ ပျောက်ကရောဟော့၊ လုံးလုံးကြီးကို မရှိတော့ဘူး။

ဒီတော့ ငါတွေးကြည့်တယ်၊ ဩော် . . ဒီကလေးတွေက ဒီလိုဖြစ်သွားပြန်တယ်၊ ဒီလိုဖြစ်သကိုးလို့ ဒါပေမယ့် အခုအခါ ငါးဖြာအာရုံ ကာမဂုဏ် ဖုံးလွှမ်းပြီးတော့ လုံးလုံးကြီးမေ့နေပေမဲ့၊ ဒင်းတို့လေးတွေ အသက်အရွယ်လေးတွေ တော်တော်လေး ကြီးမားလာတဲ့ အချိန်ကျတော့ သေဘက်နီးလာပြီဆိုတဲ့အချိန်ကျတော့ အားကိုးရာ ရှာလိမ့်မယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ မျက်စိလေး ကလည် ကလည်နဲ့ သားက ဆူလိုက်၊ သမီးက ဆူလိုက်၊ မြေးက ပူလိုက်၊ ဒင်းတို့တွေ မကြီးဘဲ မနေဘူးကွ နော် (မနေပါဘူးဆရာ)၊ အေး . . . ကြီးလာတဲ့အခါကျတော့ အခုနပြောသလို ဆူဆူပူပူ ဒုက္ခမျိုးစုံတွေနဲ့ တွေ့၊ ကိုယ်အသက်ကြီးပြန်တော့, သေဘက်နီးလာတဲ့ အချိန်အခါကျတော့ အားကိုးရာပြန်ရှာ၊ အားကိုးရာ ပြန်ရှာမှ တို့များမျက်နှာပေါ်လာမှာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ တို့ငယ်စဉ်အခါတုန်းက သင်တန်း လိုက်လို့ ဆရာက ဘယ်လိုသင်လိုက်တယ်၊ ဘယ်လိုကြားလိုက်တယ်၊ ဒီတရားသိလို့ရှိရင် ဘယ်လို အားကိုးရသတဲ့ဟဲ့၊ ဒီအသိဉာဏ်လေးပေါ်လာလို့ရှိရင် အပါယ်လေးပါး တံခါးပိတ်သတဲ့ဟဲ့၊ ကုသိုလ်တကာ့ ကုသိုလ်ထဲ ဝိပဿနာကုသိုလ်က တန်းအမြင့်ဆုံးတဲ့ဟဲ့၊ အားအကိုးရဆုံးဟဲ့လို့ ဒီကျမှ ပြန်ပေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲ . . ပြန်ပေါ်ပြီးတော့ ဒီအသိဉာဏ်လေးနဲ့ သေသွား ရင်လည်း တော်တယ်လို့ မဆိုသာလားကွဲ့၊ (ကောင်းပါတယ်ဆရာ)၊ အေး . . . ကောင်းပါတယ်၊ ကောင်းပါတယ်နော်၊ အဲ့ဒီထိအောင် မျှော်မှန်းပြီးတော့ ငယ်ရွယ်သူလေးတွေလည်း တစ်လုံးရရ၊ နှစ်လုံးရရ ကြိုးစားပမ်းစားနဲ့ တတ်အားသမျှ ရတဲ့အချိန် ကြိုးစားယူကြပါလို့ နော် (မှန်ပါတယ်ဆရာ)။

တစ်သက်လုံးလည်း ဒီသင်တန်းကြီးက ဖွင့်ထားနိုင်မယ်မဟုတ်ဘူး၊ သူသူငါငါ ကြည့်တော့ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်တွေချည်းလို့၊ ဒါကြောင့် အသက်သွေးလည်း အမြဲမရှိဆိုသလို ပြနိုင်

http://www.dhammadownload.com



သနိုင်တဲ့အချိန်လေးဖြင့် တို့လက်မလွှတ်တမ်းရအောင် ယူမှပဲလို့ ဒီလိုလည်း စိတ်ထဲအောက်မေ့ နော်(မှန်ပါတယ်ဆရာ)၊ သင်တန်းနာနေရတာ ပျင်းပျင်းရိရိနဲ့၊ ငြီးငြီးငွေ့ငွေ့နဲ့ နာနေ၊ သင်တန်းက ထပြန်၊ တို့တော့ ဓာတ်ရှင်မှီပါသေးရဲ့ဆိုတဲ့ သဘောတွေလည်း သိပ်မလုပ်ကြနဲ့ နော် (မှန်ပါတယ်ဆရာ)၊ ရအောင်ယူ၊ ရအောင် ကြိုးစား။ ဒါကြောင့် ဧကတ္တနည်းနဲ့နာနတ္တနည်း ဒီနှစ်နည်းက ဥစ္ဆေဒဒိဋ္ဌိသတ်တာနဲ့ သဿတဒိဋ္ဌိသတ်တာ ဆိုတော့ ဒီဒိဋ္ဌိနှစ်ပါးကလည်းပဲ ရှောင်ဖို့ ရှားဖို့ အလွန့်အလွန်မှ ခက်တဲ့ ဒိဋ္ဌိတရားနှစ်ပါး ဖြစ်နေလို့ သေချာသထက် သေချာအောင် ဆိုပြီးတော့ ဆက်ကာဆက်ကာနဲ့ ကြိုးစားပမ်းစားနဲ့ ပြ၊ ဒါကြောင့် ပြလိုက်တော့ ရှင်းသင့်သလောက်လဲ အတော်ကြီး ရှင်းသွားပေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဧကတ္တ၊ နာနတ္တ ဒီနည်းနှစ်ပါး လက်စသတ်ပြီးတော့ -

နံပါတ်သုံးဆိုတဲ့ အဗျာပါရနည်း တစ်ခါပြောင်းကြစို့ နော် (မှန်ပါတယ်ဆရာ)၊ အဲ . . သုံးနံပါတ်ထောင့်ကနေ ကြည့်ပြန်တော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး ဒီလိုနည်းနဲ့ မြင်ပြန်တယ်လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သုံးနံပါတ်ထောင့်ကနေ ကြည့်ပြန်တော့လည်း ဒီတရားကိုယ်တရားသားပဲ မဟုတ်လား (ဒီတရားကိုယ် တရားသားပါပဲဆရာ)၊ ဒီ (၁၂)လုံးပဲ မဟုတ်ဘူးလား (ဒီ ၁၂-လုံးပါပဲဆရာ)၊ တရားများ ပြောင်းသေးသလား (မပြောင်းပါဘူးဆရာ)၊ ဒါပေမယ့် သူ့ထောင့်က သူနေကြည့်တော့ သူ့အမြင်နဲ့သူ မြင်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူ့အမြင်နဲ့သူမြင်တာကော မင်း မှားတယ်လို့ ဆိုနိုင်သလား (မဆိုနိုင်ပါဘူးဆရာ)၊ အင်မတန်တိကျတယ် နော် (မှန်ပါတယ်ဆရာ)၊ "ဒေသနာပရိယာယ်"ခေါ်တယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သား ချစ်သမီးတို့ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် တရားတော်ကြီးကို နည်းလေးနည်းနဲ့ ဝေဖန်ကြည့်ကြအုံး၊ ထောင့်လေးထောင့်က ကြည့်ကြအုံး၊ အင်မတန်ကျေးဇူးများတယ်၊ ကြည့်တတ်လို့ရှိရင်၊ သိတတ်လို့ရှိရင် အင်မတန်မှ မွန်မြတ်တယ်၊ အကျိုးများတယ်၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က ပဋိစ္စသမုပ္ပါဒ် (၁၂)ပါးသော တရားတော်မြတ်ကြီးကို နံပါတ်တစ်ထောင့်ကနေ ကြည့်တော့ ဧကတ္တနည်းနဲ့ မြင်လိမ့်မယ်၊ ဒီနည်းမြင်လို့ရှိရင် ဥစ္ဆေဒဒိဋ္ဌိကြီး ကွာတယ်၊ ရှင်းတယ်။ နံပါတ်နှစ်ဆိုတဲ့ထောင့်ကနေ ကြည့်တော့ နာနတ္တနည်းနဲ့ မြင်လိမ့်မယ်၊ ဒီနည်းမြင်ပြန်တော့ သဿတဒိဋ္ဌိကွာလိမ့်၊ ရှင်းလိမ့်မယ်၊ နံပါတ်သုံးဆိုတဲ့ထောင့်က ကြည့်ပြန်တော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး နံပါတ်သုံးအနေအားဖြင့် ကြည့်တော့ အဗျာပါရနည်းနဲ့ မြင်လိမ့်မယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ အဗျာပါရနည်းနဲ့ မြင်တော့ အတ္တဒိဋ္ဌိ ပြုတ်လိမ့်မယ်၊ အတ္တဒိဋ္ဌိများ အင်မတန် ကြောက်စရာကောင်းတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိတွေကလည်း တကယ်ကြောက်စရာကောင်းတာ၊ သူ့ထက်သူ လူစွမ်းကောင်းချည်းပဲလို့၊ ဒိဋ္ဌိက

http://www.dhammadownload.com



(၆၂)ပါးရှိတယ် နော် (မှန်ပါတယ်ဆရာ)၊ (၆၂)ပါးရှိတယ်၊ (၆၂)ပါးသော ဒိဋ္ဌိတွေထဲမှာ ခုပြောနေတာ ခေါင်းဆောင်ဒိဋ္ဌိတွေ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိ (၆၂)ပါးရှိတဲ့အနက်က (၆၂)ပါးစလုံး လိုက်သတ်မှာ မဟုတ်ပါဘူးတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။

အခုပြောနေတဲ့ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ ခေါင်းဆောင် ဒိဋ္ဌိကြီးတွေ သတ်လိုက်ရင် ကျန်တဲ့ဒိဋ္ဌိတွေလည်း အကုန်ငြိမ်းပါတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဓိပ္ပာယ် ဆိုလိုတာကကွယ် အဆိပ်ပင်ကြီးတစ်ပင် ရှိတယ်၊ ဒီအဆိပ်ပင်ကြီးဟာလေ သတ္တဝါတွေ သေစေတတ်တဲ့ အဆိပ်ပင်ကြီးတော့ သတ်မှပဲလို့ သတ်ပစ်တာ ကိစ္စ တုံးပါတယ်ဆိုပြီးတော့ အဆိပ်ပင်ကြီးကို သေအောင် ဆိုပြီးတော့ မြစ်သေးတွေ၊ မြစ်မွှာတွေ လျောက် ခုတ်ဖြတ်သတ်၊ သေပါ့မလားဟ (မသေပါဘူးဆရာ)၊ ပိုတောင်ကြီးပွားသေးတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အမြစ်သစ်ကလေး တွေ ထွက်လို့နော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ မသေလဲ၊ (ရေသောက်မြစ် ကျန်နေလို့ပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ ရေသောက်မြစ်ကျန်နေလို့ နော် (မှန်ပါတယ်ဆရာ)၊ ကိုင်း . . . ကောင်းပြီကွာ၊ နောက်တစ်နည်းတော့ ဒီအဆိပ်ပင်ကြီးတော့ သေအောင် သတ်မှပဲဆိုပြီးတော့ မြစ်သေး မြစ်မွှာ မြစ်ပေါင်းများစွာကိုတော့ မဖြတ်ဘူးဟ၊ ရေသောက်မြစ် တစ်ချည်းတည်း ဖြတ်လိုက်တယ်၊ ဒီအပင်ကြီး ခံနိုင်သေးလား (မခံနိုင် တော့ပါဘူးဆရာ)၊ မြစ်သေး မြစ်မွှာတွေ မခံနိုင်ဘူးလားဟ (မခံနိုင်ပါဘူးဆရာ)၊ ဘာဖြစ်လို့လဲ (ရေ သောက်မြစ်ကြီး ပြတ်သွားလို့ပါဆရာ)၊ ဩော် . . . ရေသောက်မြစ်ကြီး ပြတ်သွားလို့ (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် မြစ်သေး မြစ်မွှာတွေက ရေသောက်မြစ်အားပြုနေရတာပေါ့ (မှန်ပါတယ် ဆရာ)၊ အေး အေး . . . ဒီပမာလိုပဲ၊ ရေသောက်မြစ် တစ်ချက်တည်း ဖြတ်လိုက်တော့ မလွယ် ဘူးလား (လွယ်ပါတယ်ဆရာ)၊ မြစ်သေး မြစ်မွှာ အမြစ်ပေါင်းများစွာ လျောက်ဖြတ်နေတော့ တာဝန်မကြီးဘူးလား (ကြီးပါတယ်ဆရာ)၊ တာဝန်သာကြီးလို့ သေရဲ့လား (မသေပါဘူးဆရာ)၊ မသေဘူး၊ ဒါကြောင့် ရေသောက်မြစ် တစ်ချက်တည်း ဖြတ်ပလားဆိုရင် မြစ်သေး မြစ်မွှာတွေ လိုက်ဖြတ်စရာ မလိုဘူးတဲ့၊ အကုန်လုံး ခန်း ခြောက် ပျက်စီးခြင်း ရောက်ကြရတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

အခုလည်း ဒီလိုပဲ သတ္တဝါများ၏ အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် စွဲကပ်နေသော ဒိဋ္ဌိတရား (၆၂)ပါးရှိတဲ့အနက်က (၆၂)ပါးသော ဒိဋ္ဌိတရားတွေ သတ်နေ သေမှာလည်း မဟုတ်ဘူး၊ ပိုကြီးထွား နော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူသတ်ရမတုံးတဲ့၊ အဲ့ဒီ (၆၂)ပါးသော ဒိဋ္ဌိတို့၏ ဦးစီးနာယကဖြစ်တဲ့ အတ္တဒိဋ္ဌိသတ်၊ သက္ကာယဒိဋ္ဌိသတ် နော် (မှန်ပါတယ်ဆရာ)၊ အတ္တဒိဋ္ဌိသတ်၊ သက္ကာယဒိဋ္ဌိသတ်၊ သတ်၊ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဆိုတာ ပရိယာယ်သာကွာတာ အတူတူပဲ နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



ဒါကြောင့် အဲ့ဒီ (၃)နံပါတ်ထောင့်ကနေ ကြည့်တော့ အဗျာပါရနည်းနဲ့ မြင်လိမ့်မယ်၊ မြင်ပုံလေးတွေ ကိုယ်ကိုယ်တိုင် စဉ်းစားစဉ်းစား ဝေဖန်ကြည့် နော်၊ ဘုရားကိုယ်တော်မြတ်ချသွားတာ ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကြီးထဲမှာ ဒီလိုနည်းနဲ့ ကြည့်တော့ ဒီလိုမြင်တယ်တဲ့၊ တို့ဉာဏ်ထဲ ဒီလိုမြင်ရဲ့လား၊ ဟုတ်ကော ဟုတ်ရဲ့လား၊ ပြတ်ရော ပြတ်သားရဲ့လား ကြည့်၊ ကြည့်လေ။ ဒုတိယနံပါတ် (၂)နည်းနဲ့ ကြည့်ပြန်တော့ ဒီလိုမြင်ပြန်တယ်တဲ့။ ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့အတိုင်း ကိုယ့်ဉာဏ်ထဲ မြင်ရဲ့လား၊ သိရဲ့လား၊ ပြတ်သားရဲ့လား၊ သေသေချာချာကြည့်၊ (၃)နံပါတ်နည်းနဲ့ ကြည့်ပြန်တော့ ဒီလိုမြင်ပြန်တယ်တဲ့၊ ဒီလိုမြင်တယ်ဆိုတာ ဟုတ်ကဲ့လားလို့ ဝေဖန်စဉ်းစားကြည့် နော် (မှန်ပါတယ် ဆရာ)၊ ကြည့်ကြည့်။

ဒါကြောင့် (၃)နံပါတ်ထောင့်ကနေ ကြည့်လိုက်တော့ အဗျာပါရနည်းနဲ့ မြင်တယ်တဲ့၊ အဗျာပါရ နည်းနဲ့ မြင်ပုံ မြန်မာလို ပြောစမ်းပါလို့၊ မြန်မာလို ပြောတာ နော် သေသေချာချာမှတ်ထား၊ အဝိဇ္ဇာယ်- အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာ ဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဘဝကြောင့် ဇာတိဖြစ်တယ်၊ ဇာတိကြောင့် ဇရာမရဏဖြစ်တယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီကြားထဲ ဖြတ်ပြောလိုက်အုံးမယ်၊ ငါလည်း ပဋ္ဌိစ္စသမုပ္ပါဒ် အင်မတန်မှ ကြည် ညိုတယ်၊ ပြရလည်းပဲ အားမရဘူးဆိုတာ ကျနေ၊ ပြောလိုက်ရအုံးမယ်၊ ငါ့စိတ်ကူးလေးပေါ့လေ စိတ်ထဲ စိတ်ထဲ၊ ဖြစ်တော့ မဖြစ်ဘူး၊ ဟိုး. . တို့သင်တန်း တဲကလေးနဲ့ပြတုန်းက လူပေါင်း သုံးရာ ကျော်၊ လေးရာလောက် ရှိစဉ်အခါတုန်းက တို့ဘာလုပ်ပေးသလဲဆိုတော့ ပဋ္ဌိစ္စသမုပ္ပါဒ် အခု ချထားတဲ့ စက်ဝိုင်းပုံစံအတိုင်း ဓာတ်ပုံ ဖိုတိုကလေးတွေ လုပ်၊ (မှန်ပါတယ်ဆရာ)၊ ဖိုတိုကလေး တွေ လုပ်ပြီးတော့ အဲ့ဒါလည်း တခြားမဟုတ်ပါဘူး၊ ငါလုပ်တာ မဟုတ်ပါဘူးကွာ၊ ဒီမှာ ဝေယျာဝစ္စ သယ်ပိုးနေတဲ့ လေဘာအဖွဲ့က စိတ်ကူးပေါ်ပြီးတော့ ဒီတုန်းကလည်း ရှုပ်ရှုပ်ယှက်ယှက်ကိုးကွ၊ တိုင်း ရေးပြည်ရေးကလည်း မငြိမ်မသက်ဖြစ်နေတယ်။ တို့ရဲ့ဘော်တွေက အုပ်စိုးနေတဲ့ အခါကြီးက ဖြစ်၊ သင်တန်းမှ မှန်မှန်မဖွင့်ရ၊ ဒါပေမယ့် ရဲဘော်များ ကျေးဇူးတင်ပါတယ်၊ သူတို့ ဝင်လာတဲ့ အချိန်က စပြီးတော့ သင်တန်းဖွင့်ဖို့ အခွင့်ပေး၊ ခွင့်ပေးရုံတင် မဟုတ်ပါဘူး၊ အကူအညီ ပေးရှာ တယ်၊ မင်းသမီးသဘော်၊ စာကူသဘော်ကြီး ဒီကမ်းနာဆိုက်၊ တို့သင်တန်း မီးကလည်း ကိုးရိုး ကားယားဖြစ်၊ မီးကလည်းမရှိ၊ တိုင်းပြည်ကြီးကလည်း မငြိမ်မသက်ကြီးက ဖြစ်နေ၊ မောင်မင်းကြီး သားများ ဘုရားဖြစ်မဲ့ ယောက်ျားတွေပဲလို့၊ သောင်းကျန်သူတွေပေမယ့်လည်း ငါ့မေတ္တာပို့ရတယ်၊

http://www.dhammadownload.com



အဲ့ဒီ စာကူ, မင်းသမီးသဘော်၊ စာကူကြီးကနေပြီးတော့ မီးဖွင့်ပေးတယ်၊ တို့သင်တန်းကို နော် (မှန်ပါတယ်ဆရာ)၊ အဲဒါများတော့ သောင်းကျန်းသူသာ ဆိုနေတယ်၊ ကြည်ညိုဖွယ် မကောင်းဘူးလားဟ (ကောင်းပါတယ် ဆရာ)၊ အေး အေး . . . ကြည်ညိုဖွယ်ကောင်းတယ်၊ မောင်မင်းကြီးသားများ အသေဆိုးနဲ့ မသေကြပါစေနဲ့လို့ ငါ့ဆုတောင်းလိုက်ရတာ၊ မေတ္တာပို့လိုက်ရတာ၊ သောင်းကျန်းတာက တခြားဟ၊ လူသိ သိတာက တစ်မျိုး။

အဲ့ဒီစဥ်အခါတုန်းက တို့လည်း ဆင်းတောင်ဆင်းရဲ့နဲ့ စစ်စစ်စီးစီး ဖာဖာထေးထေး အလုပ်လုပ်ကြရတယ်၊ အထောက်အပံ့ကလည်း အင်မတန်နည်းလို့ သင်တန်းကြည့်ပြန်တော့လည်း လူဆင်းရဲချည်းပဲလို့၊ ဒီတော့ ဒီလေဘာအဖွဲ့က သူငယ်တွေက ပဋိစ္စသမုပ္ပါဒ်ပြပြီဆိုမှဖြင့် အဲ့ဒီဖိုတိုလေးတွေ ရင်ဘတ်ချိတ်တဲ့ သရီးဖိုတိုပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ဒါလေးတွေ ထုတ်ထုတ်ရောင်းတယ်၊ သဒ္ဓါတရားရှိရင်လည်း ဝယ်ကြပါ ခင်ဗျာ၊ တစ်ခုကို တစ်ကျပ်ခွဲပေးရတယ်၊ ဟိုက မှာတဲ့နေရာမှာတော့ တစ်ကျပ်ဈေးနှုန်းနဲ့ ရတယ်ဆိုပါတော့ သူတို့က တစ်ခုငါးမူးယူတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ ကျွန်တော်တို့သင်တန်းသားရဲ့ အမှတ်တံဆိပ်ပါပဲ၊ တစ်ယောက်နဲ့တစ်ယောက် မြင်လည်းပဲ ဒီတံဆိပ်မြင်လို့ရှိရင် သင်တန်းသားဆိုတာ အထူးမပြောရဘူး၊ ဓမ္မသဟာယက - မိတ်ဆွေဆိုအနေအားဖြင့် တစ်ယောက်နဲ့တစ်ယောက်လည်း ရင်းနှီးသွား၊ ခင်မင်သွားကြရော၊ တစ်ဆရာတည်းမွေးတဲ့ တပည့်သားတွေချည်းပဲ ဆိုပြီး ရင်းနှီးကြပါတယ်၊ ဓမ္မသဟာယက မိတ်ဆွေအနေအားဖြင့် ဒါလည်း အကျိုးများပါတယ်၊ ဒီအပြင် မကောင်းတဲ့လူများ တွေ့လည်းပဲ ရိုသေလေးစားခြင်း ခံရပါတယ်၊ အမှန်ကိုးကွ၊ တော်သား၊ ဒီတံဆိပ်ကလေး မြင်တော့ ဒါပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းပဲလို့ သင်တန်းက ဝေထားတဲ့ အမှတ်တံဆိပ်ပဲ ဆိုတော့ အသိလည်း များကြတယ် နော် (မှန်ပါတယ်ဆရာ)။

ဒီတော့ ရဲဘော်လက်ထက် ရဲဘော်က မြို့အုပ်စီးထားတော့ မြို့အဝင်အထွက်မှာ ဂိတ်နဲ့ထားတယ်၊ ထွက်ချင်လည်း လူတိုင်း ထွက်ရတာ မဟုတ်ဘူး၊ ဝင်ချင်လည်း လူတိုင်းဝင်ရတာ မဟုတ်ဘူး၊ ဂိတ်ဝကနေပြီးတော့ သေသေချာချာတစ်ယောက်ချင်းစစ်၊ ယုံကြည်လောက်မှ အဝင်ခံတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလိုအထဲမှာကွယ် - တို့ပဋိစ္စသမုပ္ပါဒ်ရင်ထိုးလေးတွေ ထိုးသွားတဲ့ လူတွေ၊ ယောကျာ်းတွေ၊ မိန်းမတွေ ဘယ်လောက်များတန်ခိုးရှိနေလဲလို့၊ တခြားမြို့ရွာက ပြန်လာ ဒီရင်ထိုးထိုး ဝင်လာတယ်၊ ဂိတ်ဝရောက်ရင် စစ်တောင်မစစ်ဘူး၊ ဖိုတိုဓာတ်ပုံမြင်လိုက်ရင် သွားပါစေ၊ သွားပါစေ၊ စစ်နေစရာမလိုဘူး၊ ဒါသင်တန်းသား ရဲဘော်က ရဲဘော်က နော် (မှန်ပါတယ်ဆရာ)၊ ရိုသေပုံ ရိုသေပုံ၊ ဩော် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး၊ ဒါကြောင့် ဒီတရားတော်ကြီးများ ပေရွက်တို့၊ ရွှေပြားတို့၊ ငွေပြားတို့ ကြေးပြားတို့ ရေးပြီးတော့ စေတီထဲထည့် ဌာပနာ၊ လူ နတ် ဗြဟ္မာ ပူဇော်ထိုက်၊ ရှိခိုးထိုက်၊ ဓမ္မစေတီ

http://www.dhammadownload.com



ထိုက်တာပဲလို့၊ ရှေးပညာရှိများ ရေးသားသွားတဲ့ စာတွေလည်း တွေ့ရတယ်၊ ဟုတ်လည်း ဟုတ်ပ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်း တိုက်ရိုက်ဟောသွားတာ ရှိတယ်၊ အဲ့ဒီလို လုပ်ခဲ့၊ ဒီတော့ သူတို့ တစ်ပုံမှာ ငါးမူးတော့ အမြတ်ရတာလေးတွေ စုစုပြီးတော့ အခုထိုင်နေကြတဲ့ ကျိုးပဲ့နေကြတဲ့ တန်းလျားလေးတွေ ဝယ်ကြတယ်၊ တစ်လုံးတစ်ဆယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလို ထူထောင် ထူထောင်လာကြတာ၊ ငါအမှတ်ရလို့ ပြောတာ၊ နောက်ပိုင်းကျတော့ နည်းနည်းလေး အလိုက်သိတဲ့သူ ကများ၊ အကူအညီလေးကလည်း များလာတော့ တန်းလျားတွေလည်း သူတစ်လုံး ငါတစ်လုံးနဲ့ တစ်ဦးစ နှစ်ဦးစ သုံးဦးစဆိုသလိုပဲ တတ်အားသမျှ ဝိုင်းဝန်းကူညီကြတော့ ခုံရော၊ တန်းလျားရော ပြည့်စုံလို့ နောက်တော့လည်း ပဋိစ္စသမုပ္ပါဒ်ပြည့်စုံတော့ လူငယ်များကလည်းပဲ ဆက်ပြီးမလုပ်ကြပါဘူး၊ အမှန်ကတော့ အမြဲတစေ အထိမ်းအမှတ်အနေလေးနဲ့ မိမိတို့ရင်ဘတ်များ တပ်ထားရင် ကျက်သရေတစ်မျိုးပဲ၊ ငါ့စိတ်ကလည်း အောက်မေ့တယ်နော် (မှန်ပါတယ်ဆရာ)၊ တစ်ဘက်သား မြင်လည်း သင်တန်းသားမှန်လည်းသိ၊ ရိုသေလေးစားခြင်းလည်း ခံကြရတယ်။ ဒါပေမယ့် ထိုးချင်မှာ မဟုတ်ပါဘူး၊ တချို့ကလည်း ဓာတ်ပုံလေးတွေ ထိုးကြတယ်၊ ဓာတ်ရှင်ထဲက အရုပ်ကလေးတွေ၊ ဘာလေးတွေ၊ ပြီးတော့ -

သုံးနံပါတ် အဗျာပါရနည်း သေသေချာချာကြည့်၊ သုံးနံပါတ်ထောင့်က ဒီလိုကြည့်တော့ ဒီလိုမြင်ပြန်တယ် ဆိုတာ ဟုတ်ကဲ့လားလို့ စဉ်းစားကြည့်စမ်း၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်တဲ့၊ သင်္ခါရ ဘယ်သူ့ကြောင့်ဖြစ်၊ (အဝိဇ္ဇာကြောင့် ဖြစ်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သေချာရဲ့လား (သေချာပါတယ်ဆရာ)၊ အေး . . . မှတ်ထား၊ မှတ်ထား၊ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်တယ်တဲ့၊ ဒီအတိုင်းပဲ သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းအကျိုးလွှဲပြောင်းလို့ ရသေးလား (မရပါဘူးဆရာ)၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဘဝကြောင့် ဇာတိဖြစ်တယ်၊ ဇာတိကြောင့် ဇရာ မရဏဖြစ်တယ်၊ ဖြစ်ကြတယ် နော် (မှန်ပါတယ်ဆရာ)၊ ဖြစ်တော့ သေချာကြည့်ကွယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် ဆိုတဲ့နေရာမှာ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးလိုက်တယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)၊ အဓိပ္ပာယ်ပေါ်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ သင်္ခါရ ကြောင့် ဝိညာဏ်ဖြစ်တယ် ဆိုပြန်တော့ ဒီဝိညာဏ်ကို သင်္ခါရလုပ်ပေးဖို့ရာ ဖြစ်လာတယ်၊ ဒီလိုဖြစ် မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ဒါကြောင့် ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ် ဆိုတော့လည်းပဲ

http://www.dhammadownload.com


ဒီနာမ်ရုပ်က ဝိညာဏ်လုပ်ပေးလို့သာ ဖြစ်လာတယ်၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သဠာယတနကြည့်ပြန်တော့ နာမ်ရုပ်လုပ်ပေးလို့ ဖြစ်လာတယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဖဿကြည့်ပြန်တော့လည်းပဲ သဠာယတနလုပ်ပေးလို့ ဖြစ်တယ်၊ ဝေဒနာကြည့်ပြန်တော့လည်း ဖဿလုပ်ပေးလို့ ဖြစ်တယ်၊ တဏှာကြည့်ပြန်တော့လည်း ဝေဒနာလုပ်ပေးလို့ ဖြစ်တယ်၊ ဥပါဒါန်ကြည့်ပြန်တော့ တဏှာလုပ်ပေးလို့ ဖြစ်တယ်၊ ဒီလိုချည်းဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။

ရက်တရက်ပေါ့ကွာ ကြည့်လိုက်ရင် ဒီလိုထင်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် သေသေချာချာကြည့်စမ်း၊ အဝိဇ္ဇာသတ္တိလေး သေသေချာချာကြည့်စမ်း၊ သမာဓိကောင်း ကောင်းထားနော်၊ ကိုယ်ပိုင်ဉာဏ်လေး ကြပ်ကြပ်အသုံးပြုပေး၊ အဓိပ္ပာယ်ပြောနေတဲ့အခါမှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ ဒီလိုဟောသွားတာ၊ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ ဖြစ်ကြကုန်၏။ ဒီသင်္ခါရဘာ့ကြောင့်ဖြစ်ပါလိမ့်၊ ဘယ်သူ့ကြောင့်ရမတုံးကွာ၊ အဝိဇ္ဇာလုပ်ပေးလို့ ဖြစ်တာပေါ့၊ အဝိဇ္ဇာကြောင့်ဖြစ်တာပေါ့၊ ဒီလိုမလာဘူးလားဟ (မှန်ပါတယ်ဆရာ)၊ အဲဒီလိုလာပေတဲ့ကာ မင်းကိုယ်တိုင် စဉ်းစားသွား၊ အဝိဇ္ဇာက သင်္ခါရကို ငါဖြစ်အောင် လုပ်လိုက်မယ်၊ အဝိဇ္ဇာက အဝိဇ္ဇာက နော် (မှန်ပါတယ်ဆရာ)၊ သင်္ခါရကိုတော့ဖြင့် ငါဖြစ်အောင် လုပ်လိုက်မယ်လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလိုမျိုး အဝိဇ္ဇာရဲ့ခိတ်ထဲမှာ လုံ့လ ပယောဂ ဗျာပါရ ဉဿာဟ ပါသလားတဲ့၊ ကြည့်ကြည့်၊ သေသေချာချာ ကြည့်၊ (မပါဘူးဆရာ)၊ မပါဘူး၊ ဟုတ်ကဲ့လား (မပါဘူးဆရာ)၊ မပါဘူးလား (မပါဘူးဆရာ)၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုထားပါပဲ၊ သင်္ခါရမေးတော့ မင်းဘယ်သူ့ကြောင့်ဖြစ်၊ (အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်မှာပါဆရာ)၊ သြော် . . . အဝိဇ္ဇာဖြစ်ရင် သင်္ခါရ ဖြစ်မှာပဲလား (မှန်ပါတယ်ဆရာ)၊ အောင်မယ် . . . ဒီကောင်သိပ်မဆိုးလှဘူး၊ ဟင်း . . ဒီကောင်သိပ်မဆိုးလှဘူး၊ ငါတောင် ပြောစရာမရှိသလို ဖြစ်နေပြီ၊ အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်မှာပဲလား (ဖြစ်မှာပါဆရာ)။

ဒါဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတဲ့နေရာမှာ အဝိဇ္ဇာက သင်္ခါရကို ငါဖြစ်အောင်လုပ်လိုက်မယ်ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ ပါသလား (မပါဘူးဆရာ)၊ ဗျာပါရမပါဘူးပေါ့၊ (မပါဘူးဆရာ)၊ အေး . . ဟုတ်ပြီ၊ ဗျာပါရ မရှိဘူး နော် (မရှိပါဘူးဆရာ)၊ ဟုတ်ကော ဟုတ်ရဲ့လား၊ မင်းသိလို့ ပြောတာလားဟ၊ မှန်းချတာလားဟ (မဟုတ်ပါဘူးဆရာ)၊ ငါကျောင်းသားတစ်ယောက်ပြောသံကြားဖူးတယ်၊ ဘုန်းကြီးက မေးတယ် - စာသင်တဲ့ဘုန်းကြီးက ဟဲ့ကောင်လေး ငါ့လက်ကြည့်၊ ငါ့လက်ကြည့်၊ လက်ငါးခုထောင်ထား၊ လက်ဝါးတစ်ဘက်တောင်ထား၊ ဟဲ့ ကောင်လေး ဒါဘယ့်နှစ်ချောင်းရှိ၊ ဒါ ငါးချောင်းဘုရား၊ အောင်မယ် . . တော်သား ဒီကောင် ဘုန်းကြီးက

http://www.dhammadownload.com


ဘုန်းကြီးက၊ နောက်တစ်ခါ လက်နှစ်ဘက်ထောင်တယ်၊ လက်ဝါးနှစ်ဘက်ထောင်ထား၊ ဒါ ဘယ့်နှစ်ချောင်းရှိ၊ (ခြောက်ချောင်းဘုရား)၊ သူရဖူးတဲ့ဂဏန်းစဉ်လေး ဖမ်းချတာကို၊ ငါးပြောပြီး ခြောက်ပြောမှပဲ၊ ခြောက်ချောင်းဘုရား၊ အောင်မယ် ဘုန်းကြီးက နောက်လိုက်တယ်၊ အောင်မယ် ဒီကောင်ဘယ်သူများ ပြောထားပါ့လိမ့်၊ တပည့်တော် ရမ်းချတာဘုရား။ အခုလည်း မင်းသိလို့ ပြောတာလား၊ ရမ်းချတာလား (မချပါဘူးဆရာ)၊ မင်းသိတယ်လား၊ (ကျွန်တော်စဉ်းစား ပြောတာပါ ဆရာ)၊ အောင်မယ် . . . တိုးလာပြီ၊ သိပ်တော့ မဆိုးဘူး ဟော့ဒီကောင်။ အဝိဇ္ဇာထဲမှာ အဝိဇ္ဇာရဲ့ သတ္တိ သေသေချာချာပြန်ကြည့်၊ သင်္ခါရကို ငါဖြစ်အောင် လုပ်လိုက်မယ်၊ သင်္ခါရဖြစ်အောင် ငါလုပ်ပေးမယ်လို့ လောကထဲ လူတွေရှိတယ် မဟုတ်လားကွာ၊ ဘယ်သူ့တော့ ငါချမ်းသာအောင် လုပ်ပေးလိုက်မယ်ဟဲ့၊ ဘယ်သူတော့ ငါဆင်းရဲအောင် လုပ်ပေးလိုက်မယ်ဟဲ့၊ ဘယ်သူတော့ ငါချမ်းသာအောင် လုပ်ပေးလိုက်မယ်ဆိုတဲ့အတိုင်း ချမ်းသာသွားတယ်၊ မင်းဘာဖြစ်လို့ ချမ်းသာ၊ ဘယ်သူလုပ်ပေးလို့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ၊ ဘယ်သူလုပ်ပေးလို့ အဓိပ္ပာယ်က မင်းဘာကြောင့် ချမ်းသာ၊ ငဖြူလုပ်ပေးလို့ ချမ်းသာတာ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီငနီချမ်းသာတာက ငဖြူရဲ့ လုံ့လ ပယောဂ မပါဘူးလား (ပါပါတယ်ဆရာ)၊ ပါတယ်လား (ပါပါတယ်ဆရာ)၊ အေး . . လုံ့လ ပယောဂ ဗျာပါရ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ငဖြူရဲ့ ဗျာပါရ ပါတယ်တဲ့၊ ငနီချမ်းသာတာ၊ မှန်ရဲ့လား (မှန်ပါတယ်ဆရာ)။

ကိုင်း . . . ဒါဖြင့် ခုလည်း မေးစမ်းပါရစေ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရ မေးတယ်၊ မင်းဘယ်သူလုပ်ပေးလို့ ဖြစ်တာလဲ (ဘယ်သူမှ လုပ်မပေးပါဘူးဆရာ)၊ ဒါဖြင့် ပြန်မေးပါအုံးမယ်၊ သင်္ခါရ မေးတယ်၊ သင်္ခါရ မင်းဘယ်သူ့ကြောင့် ဖြစ်တာတုံး (အဝိဇ္ဇာကြောင့် ဖြစ်တာပါဆရာ)၊ အဝိဇ္ဇာကြောင့် ဖြစ်တာ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဩော် . . . အဝိဇ္ဇာကြောင့် ဖြစ်တာတော့ မှန်တယ်လား (မှန်တယ်ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာလုပ်ပေးတာတော့ မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)၊ အေး အေး . . . မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒီကောင်မဆိုးဘူး၊ သူက နည်းနည်းညံ့နေတယ်နော် မဆိုးဘူး၊ မဆိုးဘူး၊ ညံ့နေတယ်၊ သူစဉ်းစားတတ်သားပဲ၊ အဝိဇ္ဇာသည် သင်္ခါရရဲ့ အကြောင်းတရား ဖြစ်တယ် မှန်တယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုလည်း ဟုတ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုသာ ဟုတ်တာတဲ့၊ အဝိဇ္ဇာရဲ့သတ္တိထဲမှာ ရှာကြည့်၊ ငါသည် သင်္ခါရကို ဖြစ်အောင် လုပ်လိုက်မယ် ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ လုံးလုံးမရှိတဲ့၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ အောင်မလေး ငါနဲ့တန်းတိုး သွားတာနော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီကောင်မခေဘူးဗျာ၊ ဉာဏ်ရည်တော်တော် တက်နေတယ် နော်၊ လုံ့လ ပယောဂ ဗျာပါရ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ နောက်တစ်ခါ တစ်ခါသွားပြန်ပြီ၊

http://www.dhammadownload.com


သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒီသင်္ခါရလည်း သေသေချာချာကြည့်စမ်း၊ ငါသည် ဝိညာဏ်ဖြစ်အောင် လုပ်ပေးလိုက်မယ်လို့ လုံ့လ ပယောဂ ဗျာပါရ ရှိလား (မရှိပါဘူးဆရာ)၊ တကယ်မရှိဘူး နော် (တကယ်မရှိဘူးဆရာ)၊ ဒါပေမယ့် သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရတာ မမှန်ဘူးလား (မှန်ပါတယ်ဆရာ)၊ မှန်တယ်၊ မှန်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတာ မှန်၏၊ ဒါပေမယ့် သင်္ခါရက ဝိညာဏ်ကို ငါဖြစ်အောင် လုပ်ပေးမယ်ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ မရှိ၊ သမာဓိကောင်းကောင်းထားနော်၊ ဝိညာဏ်က တစ်ခါလာပြန်ပြီ၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ မှန်တယ်နော် (မှန်ပါတယ်ဆရာ)၊ နာမ်ရုပ်သည် ဘာ့ကြောင့်ဖြစ်၊ ဝိညာဏ်ကြောင့် ဖြစ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုသာ နာမ်ရုပ်နှစ်ပါးဟာ ဝိညာဏ်ကြောင့် ဖြစ်လာတာ မှန်တယ်၊ ဒါပေမယ့် ဝိညာဏ်က နာမ်ရုပ်နှစ်ပါးကို ဖြစ်အောင် ငါလုပ်ပေးမယ်လို့ လုံ့လ ပယောဂ ဗျာပါရ ပါသလား (မပါပါဘူးဆရာ)၊ မပါဘူး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါ ခုလောက်ပြောရင် နောက်ပိုင်းဟာတွေ သိရောလား (သိလောက်ပါပြီဆရာ)၊ သိလောက်ပြီးလား (သိလောက်ပါပြီ) အေး . . ဒီအတိုင်းသွားမှာပါ နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းတရားနဲ့ အကျိုးတရား မေးမေးကြည့်၊ သူ့ကြောင့်ဖြစ်တယ်ဆိုရင် ကောင်းပြီ၊ သူက မင့်ဖြစ်အောင် လုပ်ပေးသလား မေး၊ အဝိဇ္ဇာနဲ့သင်္ခါရ နားလည်ရင် နားလည်ပေါ့ကွနော်၊ ဒီပြင်အပိုင်းတွေ နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါတော့ မင်းရှင်းသွားပြီးလား (ရှင်းပါပြီဆရာ)၊ ရှင်းသွားရင် အဝိဇ္ဇာနဲ့သင်္ခါရ ငါ့ပြောစမ်း၊ ငါပြောတဲ့အဓိပ္ပာယ်လေး ပြောစမ်း၊ (အဝိဇ္ဇာဖြစ်ရင် သင်္ခါရမဖြစ်ဘဲကို မနေဘူး ဖြစ်မှာပဲဆရာ)၊ မဟုတ်ပါဘူး၊ ငါပြောသလို ပြောစမ်းပါ၊ လူပြိန်းတစ်ယောက်နားလည်အောင် အဝိဇ္ဇာနဲ့သင်္ခါရ ပြောစမ်းပါ၊ ဘယ့်နှယ့်၊ ဘယ့်နှယ့်၊ (အဝိဇ္ဇာကြောင့် လုံ့လ ပယောဂ) ဟော . . (မပြောတတ်ပါဘူးဆရာ)၊ ဟော့ အဲ့ဒီလို အကောင်ပါလို့ ဆိုနေ၊ ဒါဖြင့် လူပြိန်းတစ်ယောက်ကို နင်ဘယ့်နှယ့်လုပ်ပြောမတုံးဟ၊ (မပြောချင်ပါဘူးဆရာ)၊ ဟောဗျာ ဒုက္ခမှ အကြီးစားကို၊ နင့်ဉစ္စာက မပြောလို့မျှား စိတ်ဆိုးနေသလား၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် ဆိုတာဟာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာတော့ မှန်တယ်၊ အဝိဇ္ဇာက အကြောင်း၊ သင်္ခါရက အကျိုးတော့ မှန်တယ်၊ သင်္ခါရသည် ဘာ့ကြောင့်ဖြစ်သလဲ၊ အဝိဇ္ဇာကြောင့် ဖြစ်တာ မှန်တယ်၊ ဒါပေမယ့်လို့ အဝိဇ္ဇာရဲ့သတ္တိထဲ သဘောထဲမှာ သင်္ခါရကို ငါဖြစ်အောင် လုပ်ပေးမယ် ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ မရှိပါဘူး၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပြောစမ်း ငါပြောသလို၊ ကဲ . . မင်းတို့ သူငယ်ချင်း တစ် ယောက်မေးတယ်၊ မင်းညက ဟောတဲ့ အဗျာပါရနည်း မင်းသိလား၊ အဝိဇ္ဇာနဲ့ သင်္ခါရအဓိပ္ပာယ် မင်းရှင်းရဲ့လား၊ တစ်ယောက်က ငါတော့ ကောင်းကောင်းမရှင်းဘူးကွာ၊ မင်းက တရားထောက် ငါ့ထက်

http://www.dhammadownload.com


ပိုရှင်းပါလိမ့်၊ ကိုင်း . . . ငါ့ရှင်းပြစမ်း၊ ရှင်းပြစမ်း၊ ငါလည်ချောင်းနာလို့ နည်းနည်းခိုကြည့်တာ၊ ပြောစမ်း၊ ဖြစ်အောင်ပြော၊ (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ အကြောင်း အကျိုးတော့ ဆက်စပ်နေတာတော့ မှန်တယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ၊ အဝိဇ္ဇာကနေပြီးတော့ လုံ့လ ပယောဂ ဗျာပါရ မပါဘူး၊ အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်မယ်ဆိုတာ သေချာပါတယ်ဆရာ)၊ ပြန်ပြောအုံး၊ နည်းနည်းချောအောင် ပြန်ပြောအုံး၊ ပြန်ပြောအုံး၊ (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာ မှန်တယ်၊ အဝိဇ္ဇာကနေပြီးတော့ သင်္ခါရကို ဖြစ်အောင် ငါလုပ်လိုက်မယ်လို့ ဗျာပါရတွေ မဖြစ်ဘူးဆရာ)၊ လုပ်လိုက်ရင် မင်းကို ထအုပ်လိုက်မှာပေ့ါ၊ ဟင်း . . လုပ်လိုက်ရင် မင်းကို ထအုပ်မှာပေ့ါ၊ တစ်ဘက်သားက အလကားခံနေမလား၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာ အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုးတရား၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရတယ်ဆိုတာ မှန်ပါတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါပေမယ့်လို့ အဝိဇ္ဇာရဲ့သဘောထဲမှာ၊ အဝိဇ္ဇာရဲ့သတ္တိထဲမှာ သင်္ခါရကို ငါဖြစ်အောင် ပြုလုပ်ပေးမယ်၊ ငါဖြစ်အောင် လုပ်ပေးမယ်ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ လုံးလုံးမရှိဘူး၊ နားလည်လား (နားလည်ပါတယ်ဆရာ)။

နားလည်ရင် ပြောစမ်း - (ဆရာပြောသလို မပြောတတ်ဘူး) ဟာ . . . ပြောတတ်ရမယ်၊ မပြောတတ်ဖြစ်ကို မဖြစ်ဘူး၊ ခုည မင်းနဲ့ငါနဲ့တွေ့ပြီ၊ မင်းနဲ့ငါ ပြော၊ ဖြစ်အောင်ပြော၊ (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာ မှန်တယ်)၊ ငါက မင်းသူငယ်ချင်းထားပါကွာ၊ ငါ့ကြောက်မနေစမ်းပါနဲ့၊ လုပ်စမ်းပါ၊ ကိုင်း . . . ရထားကလည်း လူမရလို့ နားနေပြန်ပြီ၊ လုပ်စမ်းပါ၊ လုပ်စမ်းပါ၊ (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာ မှန်တယ်၊ အဝိဇ္ဇာထဲမှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်အောင် ငါလုပ်ပေးမယ်လို့ လုံ့လ ပယောဂ ဗျာပါရ မပါဘူးဆရာ)၊ ဘယ်သူ့အထဲ မပါတာလဲ၊ (သင်္ခါရထဲကို) အဲဒီလိုထည့် ပြောစမ်းပါ၊ သင်္ခါရထဲမှာတဲ့၊ ပြန်ပြောစမ်းပါ၊ အချောကနေ အချောကနေ လုပ်စမ်းပါ၊ (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာ မှန်တယ်)၊ ဟုတ်ပြီ၊ (အဝိဇ္ဇာရဲ့သဘောထဲမှာ သင်္ခါရဖြစ်အောင် လုံ့လ ပယောဂ ဗျာပါရ မပါဘူးဆရာ)၊ သင်္ခါရဖြစ်အောင် (အဝိဇ္ဇာထဲမှ သင်္ခါရဖြစ်အောင် လုံ့လ ပယောဂ ဗျာပါရ မပါဘူး)၊ သင်္ခါရဖြစ်အောင် (သင်္ခါရဖြစ်အောင် မပါဘူးဆရာ)၊ ဟေ့ . . . မြန်မာစကား နားမလည်ဘူးလားဟင်း၊ အဝိဇ္ဇာက ကဲ မြန်မာလို ပြောစမ်းပါကွ၊ အဝိဇ္ဇာက သင်္ခါရကို မင့် ငါဖြစ်အောင် လုပ်ပေးမယ်လို့ ဒီလိုဖြစ်အောင် လုပ်ပေးတဲ့ လုံ့လ ပယောဂ ဗျာပါရ မပါပါဘူး၊ ဒီလိုကော ပြောတတ်ကဲ့လား (ပြောတတ်ပါတယ်ဆရာ))၊ ကဲ . . . ပြောစမ်းပါ ပြောစမ်းပါ -

(အဝိဇ္ဇာက သင်္ခါရကို မင်းကို) ဟုတ်ပြီ လုပ်, လုပ်ပါ၊ (လုံ့လ ပယောဂ ဗျာပါရ)၊ ဘယ်နှယ့်လဲကွ၊ မင်းကို ငါဖြစ်အောင်လို့ ထည့်စမ်းပါဟ၊ သင်္ခါရဖြစ်အောင် အဝိဇ္ဇာက လုပ်ပေးသလား၊

http://www.dhammadownload.com



(မှန်ပါတယ် မဟုတ်ပါဘူး)၊ ဟင် . . အဲဒါတွက်ကြည့်၊ ဘယ်လိုကောင်မှန်းကို မသိဘူး၊ မှန်ပါတယ်၊ မဟုတ်ဘူး၊ ငါ ဘာကို ယုံရမှာလဲ၊ အဝိဇ္ဇာရဲ့သတ္တိ, အဝိဇ္ဇာရဲ့သဘောထဲမှာ သင်္ခါရကို ငါဖြစ်အောင် ပြုလုပ် ပေးမယ်ဆိုတဲ့ လုံ့လလည်း မပါဘူး၊ ပယောဂလည်း မပါဘူး၊ ဗျာပါရလည်း မပါဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နားလည်လား၊ (နားလည်ပါတယ်)၊ အဲဒါ ကိုယ်နားလည်ရင် သူတစ်ဘက်သား ပြောတတ်ရပါတယ်ကွာ၊ အဝိဇ္ဇာရဲ့သတ္တိ, အဝိဇ္ဇာရဲ့သဘောထဲမှာ သင်္ခါရကို ငါဖြစ်အောင် ပြုလုပ်ပေး မယ်ဆိုတဲ့ လုံ့လလည်း မပါဘူး၊ ပယောဂ လည်းမပါဘူး၊ ဗျာပါရလည်း မပါဘူး၊ ပါရဲ့လား (မပါဘူး ဆရာ)၊ မပါဘူး။

ဒါတော့ မင်း အဓိပ္ပာယ်ရှင်းရဲ့လား၊ (ရှင်းပါတယ်ဆရာ) ဒါဖြင့် သင်္ခါရကတော့ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတဲ့နေရာမှာလည်းပဲ ဝိညာဏ်ဟာ သင်္ခါရကြောင့် ဖြစ်တယ် မှန်တယ်၊ သင်္ခါရကြောင့်ပဲ ဖြစ်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းကြောင့် လွှဲပြောင်းလို့ မရပါဘူးတဲ့၊ သင်္ခါရကြောင့် ဖြစ်တယ်ဆိုပေမယ့် သင်္ခါရက ဝိညာဏ်ကို ငါဖြစ်အောင် ပြုလုပ်ပေးမယ်၊ ဝိညာဏ် ဖြစ်လာအောင် ငါလုပ်ပေးမယ်လို့ ဒီလို လုံ့လ ပယောဂ ဗျာပါရ ပါသလား (မပါဘူးဆရာ)၊ ဒါတော့ သိလား (သိပါတယ်ဆရာ)၊ ဒီအတိုင်းသွားမယ် နောက်တစ်ခါ၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ် ဘာကြောင့် ဖြစ်၊ ဝိညာဏ်ကြောင့်ဖြစ်၊ ဒီလိုမဟုတ်လား၊ (မှန်ပါတယ်ဆရာ)၊ နာမ်ရုပ်သည် ဝိညာဏ်ကြောင့် ဖြစ်တာတော့ အမှန်ပဲ၊ ဒီလိုဝိညာဏ်ကြောင့် ဖြစ်လာပေမယ့် ဝိညာဏ်က နာမ်ရုပ်ကို ငါဖြစ်အောင် လုပ်ပေးပါ့မယ်လို့ လုံ့လ ပယောဂ ဗျာပါရ ပါသလား၊ (မပါဘူးဆရာ)၊ မပါဘူး နော် (မှန်ပါတယ်ဆရာ)၊ သမာဓိကောင်းကောင်းထားနော်၊ ဆယ့်နှစ်လုံးစလုံး ဒီအတိုင်းသွား၊ အကြောင်းအကျိုး၊ အကြောင်းအကျိုး၊ အကြောင်းအကျိုး ဆက်စပ်သွား၊ “ဓမ္မသဘော”ဆိုတာ လွယ် သယောင်နဲ့လည်း ခက်တတ်တယ်၊ ခက်သယောင်နဲ့လည်း လွယ်တတ်တယ်၊ အဲဒါလေးတွေ ဉာဏ်နဲ့ ဝင်စားကြည့်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဉာဏ်နဲ့ဝင်စားကြည့်တော့ ဘယ့်နှယ့်ဖြစ်လာလဲ၊ ဟို. . လက်စသတ်တော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ အကြောင်းကတော့ မှန်တယ်၊ အဝိဇ္ဇာကြောင့် ဖြစ်လာတာပဲ ဒီသင်္ခါရဟာ၊ အကြောင်းကတော့ လွှဲပြောင်းလို့ မဖြစ်ဘူး၊ အဝိဇ္ဇာမှ တစ်ပါး တခြားသော အကြောင်းကြောင့် သင်္ခါရဖြစ်တယ်လို့ ပြောမဖြစ်ဘူး၊ အကြောင်းကတော့ လွှဲပြောင်းလို့ မရဘူး၊ ဒါဖြင့် သင်္ခါရဟာ အဝိဇ္ဇာကြောင့် ဖြစ်လာတာ မှန်ရဲ့၊ ဒါပေမယ့် အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတာလားဆိုတော့ မဟုတ်ပါဘူး၊ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)။

အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတာလား၊ (မလုပ်ပါဘူးဆရာ)၊ လုပ်မပေးဘူးပေါ့ (လုပ် မပေးဘူးဆရာ)၊ လုပ်မပေးနိုင်ရင် အဝိဇ္ဇာထဲမှာ သင်္ခါရဖြစ်အောင် လုပ်ပေးတဲ့ လုံ့လလည်း မရှိ၊

http://www.dhammadownload.com



ပယောဂ လည်းမရှိ၊ ဗျာပါရလည်း မရှိဘူးပေါ့၊ (မရှိပါဘူးဆရာ)၊ ရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)၊ ဒီတစ်လုံး နားလည်ရင် နောက်ကဟာတွေ သွားတတ်ရဲ့လား၊ (သွားတတ်ပါတယ်ဆရာ)၊ ဟုတ်မှ ဟုတ်တယ် ပြောနော်၊ သွားတတ်ရဲ့လား၊ (သွားတတ်ပါဆရာ)၊ သင်္ခါရ ဘယ်သူ့ကြောင့်ဖြစ်၊ (အဝိဇ္ဇာကြောင့် ဖြစ်တာပါဆရာ)၊ အဝိဇ္ဇာမှတစ်ပါး တခြားသော အကြောင်းကြောင့် မဖြစ်ဘူးလား၊ (မဖြစ်ပါဘူးဆရာ)၊ မဖြစ်ဘူးလား (မဖြစ်ပါဘူးဆရာ)၊ အဝိဇ္ဇာကြောင့်သာလျှင် ဖြစ်ရတာပေါ့ (မှန်ပါတယ်ဆရာ)၊ အကြောင်းလွှဲလို့ ရသေးလား၊ (မရပါဘူးဆရာ)၊ ဒါတော့ သိတယ်လား (သိပါတယ်ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာကြောင့် တကယ်ဖြစ်လာတဲ့ သင်္ခါရတရားဟာ မထင်ရှားဘူးလား၊ (ထင်ရှားပါတယ်ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာလုပ်ပေးတယ်ဆိုတာ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတယ်ဆိုတာ ဟုတ်မလား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတဲ့ လှုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိဘူးပေါ့ (မပါဘူးဆရာ)၊ ဘာမှမပါဘူး၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

## အတ္တဒိဋ္ဌိ ဆိုတာ တခြားမဟုတ်ပါ

အေး . . ဆယ့်နှစ်လုံးစလုံး ဒီအတိုင်းသွားမယ်လား (ဒီအတိုင်းသွားပါတယ်ဆရာ)၊ အဲဒါလေး သေသေချာချာ မှတ်၊ သေသေချာချာမှတ်၊ ဒါလေးတွေ သိတော့ ဆယ့်နှစ်လုံးစလုံး ဒီအတိုင်း လှည့်လှည့်, လှည့်လှည့်သွားတော့ ဒီအသိဉာဏ်ရလို့ရှိရင် ဘာဖြစ်သလဲဆိုတော့ ပြုပေးတတ်တဲ့သူ၊ လုပ်ပေးတတ်တဲ့သူ နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းခံပေးတတ်တဲ့သူ ရှိတယ်၊ ဟုတ်တယ်၊ မှန်တယ် ဆိုတဲ့ အတ္တဒိဋ္ဌိ-တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အတ္တဒိဋ္ဌိများ အင်မတန်ကြောက်စရာကောင်းတယ်၊ အတ္တဝါဒ အတ္တဝါဒုပါဒါန်၊ အတ္တဒိဋ္ဌိ အတူတူပဲ၊ ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်လို့ ဆိုတာ မြန်မာလိုပြန်တော့ နော် (မှန်ပါဆယ်ဆရာ)၊ ပြုတတ် လုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်ဆိုတဲ့ အယူဝါဒဟာ အတ္တဒိဋ္ဌိ-တဲ့၊ မှတ်မိ ရဲ့လား၊ (မှတ်မိပါတယ်ဆရာ)၊ ဘာတဲ့၊ (ပြုတတ်, လုပ်တတ်, ပေးတတ်သော သူဟာ အတ္တဒိဋ္ဌိပါဆရာ) ဘယ့်နှယ်ဟ ပြန်ပြော၊ ဘယ့်နှယ့်၊ (ပြုတတ်, လုပ်တတ်သော သူဟာ အတ္တဒိဋ္ဌိပါဆရာ)၊ ဘယ်နှယ့် ပြုတတ် လုပ်တတ်သော သူဟာ အတ္တဒိဋ္ဌိ၊ ဒုက္ခပဲဟ၊ ပြုတတ် လုပ်တတ်တဲ့သူ ရှိသလား (မရှိပါဘူးဆရာ)၊ အဲဒါ မရှိတာကို ရှိတာလို့ စွဲထားတာ အတ္တဒိဋ္ဌိ၊ "ပြုတတ် လုပ်တတ်သောသူ ရှိတယ်"လို့ စွဲယူထားတာက အတ္တဒိဋ္ဌိ၊ နားလည်လား (နားလည်းပါပြီဆရာ)၊ ဘာတဲ့၊ (ပြုတတ် လုပ်တတ်သော သူကို စွဲယူထားတာ အတ္တဒိဋ္ဌိပါဆရာ) ဟောဗျာ - ဟိုလူတစ်ယောက် ရောက်သွားပြန်ရော၊ "ပြုတတ် လုပ်တတ်သော သူ ရှိ၏"ဟူ၍ ဒိဋ္ဌိဆိုတာ အယူ မဟုတ်လား၊ (အယူပါဆရာ)၊ အေး - "အယူ"လေး ပြော၊ ရောက်အောင် "ပြုတတ် လုပ်တတ်သော သူ ရှိ၏"ဟူ၍

http://www.dhammadownload.com



စွဲယူထားသော အယူသည် "အတ္တဒိဋ္ဌိ" ခေါ်၏၊ ပြောစမ်း - (ပြုတတ် လုပ်တတ် . . ပြုတတ် လုပ်တတ် သူ ၏ ) ဟော . . မြန်မာစကားတောင် မပြောတတ်ဘူးနော်၊ "ပြုတတ် လုပ်တတ်သော သူ ရှိ၏"ဟူ၍ ပြုတတ် လုပ်တတ်တဲ့သူ ရှိသလား (မရှိပါဘူးဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ ရှိသလား (မရှိပါဘူးဆရာ)၊ ခံစားတတ်တဲ့ပုဂ္ဂိုလ် ရှိသလား (မရှိပါဘူးဆရာ)၊ လုပ်တတ်တဲ့ပုဂ္ဂိုလ် ရှိသလား (မရှိပါဘူးဆရာ)၊ မရှိဘူးမို့လား (မရှိပါဘူးဆရာ)၊ ရှိတယ်လို့ ယူရင် ဘာလဲ (အတ္တဒိဋ္ဌိ ပါဆရာ)၊ အဲ အဲဒါ ပြောတာ၊ ဒါပဲ မြန်မာလို ရှင်းအောင် ပြန်မပြောနိုင်ဘူးလား၊ "ပြုတတ် လုပ်တတ်သော သူ ရှိ၏"ဟူ၍ စွဲယူထားခြင်းသည် အတ္တဒိဋ္ဌိ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပြောစမ်း . . (ပြုတတ် လုပ်တတ်သောသူ စွဲယူ ဟူ၍)၊ ဟော . . "ပြုတတ် လုပ်တတ်သောသူ ရှိ၏"ဟူ၍၊ ကိုင်း မဖြစ်နိုင်ကွာ တိုတိုချကြပါစို့ "ပုဂ္ဂိုလ် သတ္တဝါ ရှိ၏" ဟူ၍ ယူသော အယူသည် အတ္တဒိဋ္ဌိ၊ နားလည်လား (နားလည်ပါပြီဆရာ)၊ ဘာတဲ့လဲ၊ (ပုဂ္ဂိုလ် သတ္တဝါ ရှိသော အယူ) ဟော . . "ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်"လို့ ယူသော အယူသည် အတ္တဒိဋ္ဌိ၊ (ပုဂ္ဂိုလ် သတ္တဝါရှိသော အယူ၊ ယူတဲ့သူသည် အတ္တဒိဋ္ဌိ) ဘယ့်နှယ့်တွေ ပြောမှန်းကို မသိဘူး၊ ငါလည်း နားမလည်ဘူး၊ မြန်မာစကား မပြောတတ်ဘဲကိုးကွ၊ "ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်"လို့ ယူသော အယူသည် အတ္တဒိဋ္ဌိ၊ (ပုဂ္ဂိုလ် သတ္တဝါရှိသော အယူကို ယူတဲ့သူသည်) ဟာ . . . ဘယ့်နှယ့်လုပ်ရမှာတုံး နင့်စကားက၊ မြန်မာလို ချပေးတာတောင် မလိုက် တတ်ဘူးလား၊ "ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်"လို့ ယူသော အယူသည် (ပုဂ္ဂိုလ် သတ္တဝါ ရှိသော . . ရှိတဲ့)၊ အမယ်လေးဟဲ့ . . . သတ်ပုံသတ်ညွှန်းလေး လုပ်မနေစမ်းပါနဲ့ ငါက "ရှိတယ်"လို့ ပြောထားတာ၊ (ပုဂ္ဂိုလ် သတ္တဝါ ရှိတဲ့)၊ "ရှိတယ်"လို့ ("ရှိပါတယ်"လို့ ယူသော အယူသည် အတ္တဒိဋ္ဌိ) ဟောဒါ . . အဆဲသာ သင်ပေး တတ်ပြီ ခုလောက်ရှိ၊ "ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်"လို့ ပြောရင် ဘာဟဲ့, ညာဟဲ့ ဆိုရင် သူတတ်ပြီ မုချ၊ "ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်"လို့ ယူတဲ့ အယူသည် အတ္တဒိဋ္ဌိ၊ နားလည်လား (နားလည်ပါပြီဆရာ)၊ ပြောစမ်းပါတဲ့၊ (ပုဂ္ဂိုလ် သတ္တဝါရှိတဲ့ အယူကို ယူသော သူသည် အတ္တဒိဋ္ဌိ) ဟော . . . အဲဒီလို ထားကြပါစို့ကွာ နော်၊ "ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်"လို့ ယူတဲ့ အယူသည် အတ္တဒိဋ္ဌိလား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါဟာ ပြုတတ် လုပ်တတ်တယ် မို့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ အတ္တဒိဋ္ဌိ၊ အတ္တဝါဒ၊ အတ္တဝါဒုပါဒါန် နားလည်လား၊ (နားလည် ပါတယ်ဆရာ)။ အတ္တဒိဋ္ဌိတဲ့။

အတ္တဒိဋ္ဌိနဲ့ သက္ကာယဒိဋ္ဌိ ထူးသလား (မထူးပါဘူးဆရာ)၊ "သက္ကာယဒိဋ္ဌိ"ဆိုတာ ဘာခေါ်၊ (ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်လို့ ပြောတာပါဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်လို့ ယူတာ၊ နားလည်လား (နားလည်ပါပြီဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါရှိတယ်လို့ ယူတာသည် သက္ကာယဒိဋ္ဌိ၊ ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်လို့

http://www.dhammadownload.com



ယူတာသည် အတ္တဒိဋ္ဌိ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ မှတ်မိလား (မှတ်မိပါပြီဆရာ) အဲဒါ "အတ္တဝါဒ"ဆိုတာ အတ္တအစွဲ၊ ဒါကတော့ သက္ကာယဒိဋ္ဌိနဲ့ အတူတူပဲ ဘာမှ မထူးဘူး၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝယုံကြည်တဲ့လူမှန်သမျှ အတ္တဒိဋ္ဌိ နော်၊ (မှန်ပါတယ်ဆရာ)၊ ငါဟုတ်တယ်၊ ငါ့ကိုယ်ဟုတ်တယ်၊ ငါလူဟုတ်တယ်၊ ယောကျ်ားဟုတ်တယ်၊ မိန်းမဟုတ်တယ်၊ ပုဂ္ဂိုလ် သတ္တဝါဟုတ်တယ်၊ အသက်လိပ်ပြာ ဟုတ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုယူရင် ဘာဒိဋ္ဌိ ခေါ်တယ်၊ (အတ္တဒိဋ္ဌိ ခေါ်ပါတယ်ဆရာ)၊ အေး . . အတ္တဒိဋ္ဌိ၊ အတ္တဝါဒ နော် (မှန်ပါတယ်ဆရာ)၊ အတ္တရှိလား (မရှိပါဘူးဆရာ)၊ အတ္တမရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ရှိတာ ဘာလဲ (ရုပ်နာမ်ခန္ဓာ ရှိတာပါဆရာ)၊ အနတ္တ, အနတ္တ၊ (အနတ္တ ရှိတာပါဆရာ)၊ အတ္တရှိလား (မရှိပါဘူးဆရာ)၊ ဘာရှိလဲ (အနတ္တရှိတာပါဆရာ)

အေး . . သုံးဆယ့်**တစ်**ဘုံ အကုန်ခြုံကြည့်ရင် ရုပ်နာမ်ခန္ဓာတွေ ဘာတရားတွေတုံး (အနတ္တတရားတွေပါဆရာ)၊ ဟော . . အနတ္တတရားတွေ၊ ဒါပေမယ့် လူတွေက ဘယ့်နှယ်မှတ်တုံး (အတ္တတရားတွေ မှတ်ပါတယ်ဆရာ)၊ အေး . . အတ္တလို့ မှတ်တယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဟိုအရင် လက္ခဏာသုံးပါးတုန်းက ငါအတော်ပြောခဲ့ပေါ့၊ အတ္တဝါဒနဲ့ အနတ္တဝါဒ နော် (မှန်ပါတယ်ဆရာ)၊ တို့ဘုရားကိုယ်တော်မြတ်ဝါဒက ဘာဝါဒလဲ (အနတ္တဝါဒ ပါဆရာ)၊ ဩော် . . ဒီပုထုဇဉ်ဝါဒက ဘာဝါဒလဲ (အတ္တဝါဒပါဆရာ)၊ အေး . . အမိုက်လောက, အမှောင်လောကထဲ ဘုရားကိုယ်တော်မြတ် ပွင့်လာတော့ ပုထုဇဉ်လိုင်းနဲ့ လာတွေ့တယ်၊ သူကန်းချည်းပဲ၊ အန္ဓပုထုဇဉ်ချည်း ပဲနော်၊ (မှန်ပါတယ်ဆရာ)၊ ရုပ်လည်းမမြင်၊ နာမ်လည်းမမြင်၊ ခန္ဓာလည်းမမြင်၊ အာယတန ဓာတ်ဆိုတာ အဝေး၊ ဒါနဲ့ မြတ်စွာဘုရားကိုယ်တော်မြတ် လောကသုံးပါး ထင်ရှားပွင့်လာတော့ "အန္ဓိဘူတော အယံ လောကော" လို့ ဟောသွားတယ်၊ အမိုက်လောက, အမှောင်လောက, အမဲလောကကြီးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ အတ္တဝါဒစွဲတွေ များတယ်လို့ မများဘူးလား (များပါတယ်ဆရာ)။

## အတ္တဝါဒနဲ့အနတ္တဝါဒ နှစ်ပါး ခြားနားပုံ

သဗ္ဗညုတဉ္ဉာဏ်နဲ့ ဝေဖန်တော်မူတဲ့အခါကျတော့ အနတ္တ ထင်ထင်ရှားရှား မြင်ထားတော့ လောကကြီး ပြောင်းပြန်ဖြစ်နေတာကို တည့်ပေးလေမှပဲလို့၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က အနတ္တဒေသနာကြီး ချပြီးတော့ လေးဆယ်နဲ့ငါးဝါ ဟောသွားတယ်၊ ချစ်သား ချစ်သမီးတို့ အတ္တမဟုတ်ဘူးဟဲ့၊ အနတ္တဟဲ့၊ အတ္တမဟုတ်ဘူးဟဲ့၊ အနတ္တဟဲ့၊ ဒီလိုမသွားဘူးလား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



အဲဒါ ယုံတဲ့သူတွေလည်း တစ်ပြုံတစ်ခေါင်းကြီးပါသွားကြတယ်၊ တို့တော့ ယုံပေါင်ဆိုတဲ့ဟာတွေလည်း သံသရာထဲ ငုတ်တုတ်ပက်လက်နဲ့ ကျန်ရစ်ခဲ့ပေ့ါ နော် (မှန်ပါတယ်ဆရာ)၊ အတ္တဝါဒနဲ့ အနတ္တဝါဒ၊ ဒါကြောင့် အတ္တ၊ အတ္တက ဘယ်အထိအောင် များသလဲဆိုရင် ဒိဋ္ဌိဟာ "ပရိကပ္ပိတတရား" ခေါ်တယ်။

## အတ္တခြောက်မျိုး

သာသနာ့ပြင်ပက သာသနာနဲ့ ဆန့်ကျင်ဘက်ဖြစ်ကြတဲ့ တိတ္ထိဂိုဏ်းသားတွေ ကြံဆပေ့ါ အတ္တ နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လို သူတို့ကြံဆသလဲဆိုတော့

(၁) သာမိကအတ္တ၊

(၂) သယံဝသီအတ္တ၊

(၃) နိဝါသီအတ္တ၊

(၄) ကာရကအတ္တ၊

(၅) ဝေဒကအတ္တ၊

(၆) အဓိဋ္ဌာယကအတ္တ

ဟူ၍ အတ္တခြောက်မျိုးနဲ့ ကြံဖန်ဟောတယ်၊ သူတို့ဟောတဲ့တရားတွေပဲ ကမ္ဘာလောကကြီးကို ပြတယ် နော် (မှန်ပါတယ်ဆရာ)၊ "သာမိကအတ္တ"ဆိုတာ တခြားမဟုတ်ပါဘူး၊ ဒီရုပ်နာမ်ခန္ဓာကို ငါတို့သည် အာဏာတန်ခိုး အစိုးပိုင်၏။ ဒါ "သာမိကအတ္တ"ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ကိုယ့်ကိုယ်ကို ကိုယ်ပိုင်တယ်တဲ့၊ မြန်မာလို ရှင်းရှင်းပြောတော့ ငါထိုင်ချင်ရင် ထိုင်နိုင်တယ်၊ ထချင်ရင် ထနိုင်တယ်၊ သွားချင်ရင် သွားနိုင်တယ်၊ လာချင်ရင် လာနိုင်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ရုတ်တရက်ကြည့်တော့ ဟုတ်သလိုလို မနေဘူးလား (နေပါတယ်ဆရာ)၊ ဒါ အတ္တရှိတာပေ့ါ၊ ဒါ "သာမိကအတ္တ" ခေါ် တယ်နော် (မှန်ပါတယ်ဆရာ)။

"သယံဝသီအတ္တ" ကိုယ့်အလို ကိုယ်လိုက်နိုင်တယ်တဲ့ နော်၊ (မှန်ပါတယ်ဆရာ)၊ ဒါ "သယံဝသီအတ္တ"၊ ကိုယ့်စိတ်အကြိုက်လေး ကိုယ်လိုက်နိုင်တယ်၊ သယံဝသီအတ္တ၊ ဒါလည်း အတ္တပဲ၊ အတ္တရှိလို့ လိုက်နိုင်တာပေ့ါ၊ အတ္တမရှိရင် ဘယ်လိုက်နိုင်မလဲ၊ အတ္တဝါဒက ဒီအထိအောင် လွှမ်းမိုးတယ်၊ **နိဝါသီ** အတ္တ - သူတစ်ပါးနဲ့မဆက်ဆံဘဲနဲ့ သီးသန့်ချန်ထားပြီးတော့ နေခြင်းငှာလည်း၊ ထားခြင်းငှာလည်း စွမ်းနိုင်တယ်တဲ့၊ **နိဝါသီ**အတ္တ၊ ငါနေချင်သလိုနေတယ်၊ တစ်ဘက်သားနဲ့ မဆက်ဆံစေရဘူးဆိုလည်း

http://www.dhammadownload.com



ဖြစ်တာပဲ၊ ဒါလည်း အတ္တရှိလို့ပေါ့၊ အတ္တသဘောပဲ နော် (မှန်ပါတယ်ဆရာ)၊ ဘယ်နှစ်ခုရှိပြီလဲ၊ (သုံးမျိုးရှိပါပြီဆရာ)၊ **ကာရကအတ္တ** - ချမ်းသာနဲ့ဆင်းရဲ နှစ်ပါးကို ပြုပြင်ဖန်တီး လုပ်ကိုင်ပေးတတ်သော သဘောသည် အတ္တတဲ့၊ "ကာရကအတ္တ" ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ လောကကြီးမှာ ချမ်းသာတယ်၊ လောကကြီးမှာ ဆင်းရဲတယ်၊ ချမ်းသာအောင် လုပ်တာလည်း ငါပဲ၊ ဆင်းရဲအောင် လုပ်တာလည်း ငါပဲ၊ ချမ်းသာဆင်းရဲ နှစ်ပါးကို ပြုပြင်ဖန်တီးလုပ်ကိုင်၍ ပေးတတ်သော သဘောသည် ဒါအတ္တရှိလို့ပေါ့တဲ့၊ အတ္တမရှိ ဘယ်သူ လာလုပ်ပေးမတုံး နော် (မှန်ပါတယ်ဆရာ)၊ ကာရကအတ္တ။

**ထိုဆင်းရဲချမ်းသာ နှစ်ပါးကို ခံစားတတ်သော သဘောဟာ "ဝေဒကအတ္တ"ခေါ်၏။** ချမ်းချမ်းသာသာ ခံစားရ၏၊ ဆင်းဆင်းရဲရဲ ခံစားရ၏။ ဘယ်သူခံစား၊ အတ္တကောင်ကြီးရှိလို့ ခံစားရတာပေါ့၊ အတ္တကောင်းကြီးမရှိရင် မခံစားနိုင် နော် (မှန်ပါတယ်ဆရာ)၊ "ဝေဒကအတ္တ"လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်နှစ်ခုရှိလဲ (ငါးမျိုးပါဆရာ)၊ ငါးမျိုးရှိ၊ **"အဓိဋ္ဌာယကအတ္တ"** - စိတ်ကလေး မြဲမြံအောင် အဓိဋ္ဌာန်နဲ့ထားလို့ရှိရင် ဖြစ်တယ်တဲ့၊ ကိုယ့်စိတ်ကလေး ကိုယ်မြဲမြံအောင် အဓိဋ္ဌာန်နဲ့ ထားရင် ဖြစ်တယ်၊ မြန်မာလို့ကတော့ ကိုယ့်စိတ်ကို ကိုယ်နိုင်တယ်ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒါလည်း အာဏာတန်ခိုး အစိုးရတဲ့ သဘောတရားမို့ ဒါလဲ အတ္တပေါ့တဲ့ ဟုတ်ရဲ့လား၊ (မှန်ပါတယ်ဆရာ)။

ပြုပြီးသားလေးတွေ မှတ်မိသေးသလား၊ (မှတ်မိပါပြီဆရာ)၊ ဧကတ္တနည်းက ဘာမြင်လို့ ပြတာလဲ၊ (သန္တာန်အစဉ်အားဖြင့် မြင်လို့ပါဆရာ)၊ သန္တာန်အစဉ်အားဖြင့် ဘယ်လိုမြင်တာတုံး၊ (ဇာတိက စ ဇရာမရဏကျအောင် သန္တာန်အစဉ်ဖြစ်စဉ်ကြီးကို မြင်လို့ပါဆရာ)၊ အင်း - ခုဘယ်လိုဖြစ်စဉ်တုံး (အကြောင်းအကျိုး ဆက်စပ်ပြီး ဖြစ်သွားတာပါဆရာ)၊ ဩော် . . အကြောင်းအကျိုး ဆက်စပ်သွားတာ (မှန်ပါတယ်ဆရာ)။ အပြတ်မရှိဘူးပေါ့ (အပြတ်မရှိပါဘူးဆရာ)၊ အကြောင်းဖြစ်လျက်သားနဲ့ အကျိုး မဖြစ်ဘဲနဲ့ ရပ်နေတဲ့နေရာ ရှာမရဘူးလား (မရပါဘူးဆရာ)၊ ဒါဖြင့် အကြောင်းနဲ့ အကျိုးနဲ့၊ အကြောင်းနဲ့ အကျိုးနဲ့ ဆက်စပ်သွားတယ်လား (မှန်ပါတယ်ဆရာ)၊ ဒီအကြောင်းနဲ့အကျိုး ဆက်စပ်နေတဲ့ သန္တာန် အစဉ်ကို မြင်တော့ကား ဘာဖြစ်၊ (ဥစ္ဆေဒဒိဋ္ဌိ ပယ်ပါတယ် ဆရာ)၊ ဩော် . . . ဥစ္ဆေဒဒိဋ္ဌိပယ်တယ်၊ "ဥစ္ဆေဒဒိဋ္ဌိ"ဆိုတာ ဘာကို ဆိုတာတုံး၊ (ဘဝပြတ်တဲ့ အယူပါဆရာ)၊ ဘဝပြတ်တယ်လား (မှန်ပါတယ် ဆရာ)၊ ဒီတစ်ခါဖြစ်ပြီးရင် နောက်ထပ်မဖြစ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဩော် . . ခုနတုန်းက အကြောင်းအကျိုး ဆက်စပ်နေတဲ့ သန္တာန်အစဉ်ကြီးကို မြင်လိုက်တော့ တစ်ဘဝဖြစ်ပြီးရင် နောက် မဖြစ်ဘူးဆိုတဲ့ ဥစ္ဆေဒဝါဒ၊ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သွားတယ်လား၊ (ပြုတ်သွားပါတယ်ဆရာ)၊ အေးကွာ . .

http://www.dhammadownload.com



မင်းက တော်သေးတယ်၊ အဲဒါ ငါလည်းပဲ (၆)ညလောက်ထိ ဧကတ္တနည်းမှာပဲ ပြနေတယ်၊ အဲဒါ လိပ်ပတ်မလည်ဘူးဆိုတဲ့ သတင်းက လာပို့လို့ ခုပြန်ပြီးတော့ ပြပါတယ်။ တော်တော်တော့ စိတ်ပျက်စရာကောင်းသား။

အဝိဇ္ဇာက စ, ဇရာမရဏကျအောင် အဝိဇ္ဇာကြောင့်, အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်ရတယ်၊ သင်္ခါရတည်းဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်ရတယ်၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ရတယ်၊ နာမ်ရုပ်တည်းဟူသော အကြောင်းကြောင့် သဠာယတန ဖြစ်ရတယ်၊ သဠာယတနတည်းဟူသော အကြောင်းကြောင့် ဖဿဖြစ်ရတယ်၊ ဖဿတည်းဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာတည်းဟူသော အကြောင်းကြောင့် တဏှာဖြစ်တယ်၊ တဏှာတည်းဟူသော အကြောင်းကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့် ဘဝဖြစ်တယ်၊ ဘဝတည်းဟူသော အကြောင်းကြောင့် ဇာတိဖြစ်တယ်၊ ဇာတိဟူသော အကြောင်းကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်ကြတယ်၊ အဲဒါ အင်္ဂါ (၁၂)ရပ်တုန်းကလည်းပဲ ဖြစ်ပုံလည်းပဲ စုံစုံလင်လင်နဲ့ အဓိပ္ပါယတ္ထ ကျကျနန တရားကိုယ် တရားသားနဲ့ ခွဲပြု ပြခဲ့ပြီလို့ သံသရာစက် ဒီလိုပဲ လည်နေကြတယ်၊ ဝေထားတဲ့ စာရွက်ထဲ ကြည့်ပြီးတော့ စက်ဝိုင်းကြီး လည်နေသလို မှတ်မနေနဲ့၊ မိမိတို့သန္တာန်အစဉ် ပြန်ကြည့်စမ်း - လွန်ခဲ့သော အတိတ်ဘဝက အဝိဇ္ဇာ, သင်္ခါရကြောင့် အခုပစ္စုပ္ပန်ဘဝ ဝိညာဏ်က,စ ဖြစ်ကြပြီ၊ ဘယ်မှာဆုံးကြမတုံး၊ နောက်ဆုံးကျတော့ ဘဝဆုံးလိမ့်မယ်၊ ဘာဘဝတုံး၊ ကမ္မဘဝ၊ အကြောင်းကံတွေနဲ့ ဆုံးကြလိမ့်မယ်၊ အကြောင်းကံတွေနဲ့ ဆုံးပြန်တော့ ဒုတိယဘဝ သွားပြီးတော့ ဇာတိလို့ ရကြလိမ့်အုံးမယ်၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ သံသရာစက်ကြီး တဝဲလည်လည်နဲ့ လည်နေပုံ၊ စာရွက်ထဲ လည်နေတာမဟုတ်ဘူး၊ မိမိအဇ္ဈတ္တသန္တာန် သတ္တဝါရဲ့ ဖြစ်စဉ်ကြီးကို ပြထားတာ၊ အကြောင်းတရားဖြစ်ပြီးတဲ့နောက် အကျိုးတရားမဖြစ်ဘဲနဲ့ ရပ်နေတယ်၊ ပြတ်နေတယ်လို့ မရှိဘူးလို့၊ အဲဒီလို အကြောင်းအကျိုး ဆက်စပ်ပြီးတော့ မရပ်မနားဘဲနဲ့ ဆက်စပ်ပြီးတော့ ဖြစ်နေတဲ့ သဘောကြီးကို မြင်လိုက်တော့ -

တို့ ဒီတစ်ဘဝ တစ်ခါဖြစ်ပြီးရင် နောက်ထပ်မဖြစ်ဘူး၊ ပြတ်ကရော ဆိုတဲ့ ဥစ္ဆေဒဝါဒ ယုံကြည်နေပါအုံးမလားလို့ (မယုံကြည်တော့ပါဘူးရာ)၊ အေး . . . အဲဒါ နားလည်အောင် ပြ၊ အားလုံး ခြောက်ညလောက် ပြ၊ ငါလည်း ပက်လက်ကိုလန်လို့ ဆိုတာကျ၊ အဲဒါ ဘာ့ကြောင့် ဒီလောက်တောင် တွေဝေရတာတုံးလို့၊ စာမဖတ်တတ်တဲ့ မိန်းမသားများတွေလဲ တော်တော်လေး ပြတ်သားကြတယ်၊ ဒီထိအောင် ကြိုးစားပမ်းစားနဲ့ ပြသပေးလို့ ရှိရင်လည်း ပြတ်သားရောပေါ့၊ မပြတ်သားရင်လည်း

http://www.dhammadownload.com



တရားရစရာအကြောင်းမရှိပါဘူး ဒီဘဝ၊ ဘာဖြစ်လို့ ခြေခြေမြစ်မြစ်နဲ့၊ နှစ်နှစ်ခြိုက်ခြိုက်နဲ့၊ ယုံယုံကြည်ကြည်နဲ့၊ ကိုးကိုးစားစားနဲ့၊ လိုလိုချင်ချင်နဲ့ မလိုက်လို့ရင်လည်း ဖြစ်လိမ့်မယ် နော် (မှန်ပါတယ်ဆရာ)၊ ယုံယုံကြည်ကြည် နှစ်နှစ်ခြိုက်ခြိုက် ကြိုးစားပမ်းစား လိုလိုချင်ချင်နဲ့ နှစ်နှစ်သက်သက် လိုက်ရင် ဒီလောက် ပြတာ ဘယ့်နှယ့်နည်းမှ မသိမရှိအောင် သိရမယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲ မသိတဲ့ ပုဂ္ဂိုလ်တွေ များမှာ၊ တော်တော်လည်း ရှိအုံးမှာ၊ ငါ တစ်ယောက်ချင်း စစ်မဖြစ်လို့ စစ်ဖြစ်ရင် ငါကြာလှပြီ၊ ညတိုင်းညတိုင်း စစ်ကြည့်တယ်၊ တစ်ယောက်ချင်း တစ်ယောက်ချင်း ဧကတ္တနည်း ပြောစမ်းဟ၊ ဘာလိုလို့ ပြောတာတုံး၊ ဧကတ္တနည်းမြင်လိုက်တော့ ဘာဖြစ်တုံး၊ စစ်ကြည့်ရင် ဟောဒါ ကွင်းလုံး ပေါ်လာတယ်။

## ဆရာမရှိဘဲနဲ့ တရားမရနိုင်

ကိုင်း . . . တွေတွေဝေဝေ ဖြစ်မှာပဲ၊ အဲဒီထဲ မိန်းမသားများ မပြတ်သားဘူးဆို တော်သေးတယ်၊ ယောကျ်ားသားများ မပြတ်သားဘူးဆိုရင် ပက်လက်လန်၊ လန်သေဖို့ ကောင်းတော့တယ်၊ ဒါကြောင့် တစ်နေ့က ညလည်း ပြောခဲ့ပေါ့၊ တရားဆိုတာ ဝတ်ကျေတန်းကျေ မလိုက်ကြနဲ့လို့၊ လူကြားကောင်း တရားနာမလုပ်ကြနဲ့လို့၊ စူးစူးစိုက်စိုက်နဲ့၊ လိုလိုချင်ချင် ယုံယုံကြည်ကြည်နဲ့၊ ကိုးကိုးစားစားနဲ့ လိုက်ကြ၊ တရားဆိုတာ ဒါမှ ရတတ်တယ်၊ ယုံကြည်မှုက အဓိကခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့လည်းပဲ ငါ့စကား အလျင်းသင့်လို့ ပြောရအုံးမယ်၊ "တရားမရ၊ တရားမရ"၊ တရားမရတာ သွားပြောတယ်၊ တရားမရတဲ့သူတွေ များလိမ့်၊ ရတဲ့ပုဂ္ဂိုလ်တွေလည်း များ၊ တရားမရတာ ဘာ့ကြောင့် မရလဲလို့ တရားမရတာ၊ မူလလိုက်စဉ်အခါထဲက ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ် ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးလည်းပဲ အထူးမသိတတ်၊ ပြီးတော့ တို့ တစ်မဂ် တစ်ဖိုလ်မှ ရစေတော့၊ တစ်မဂ်တစ်ဖိုလ် မရသည်ထားဟဲ့၊ အပါယ်လေးပါးကြီးမှ တံခါး ပိတ်စေတော့၊ မဂ်မျိုးစေ့၊ ဖိုလ်မျိုးစေ့မှ ရစေတော့၊ အဲဒီလို စေတနာမျိုးနဲ့ မှန်မှန်ကန်ကန်ထားပြီးတော့ စာသင်ကြားပေးနေတဲ့ ဆရာကို၊ ငါတို့ကို အပါယ်သံသရာက ကယ်တင်ပေးသော ဆရာဟဲ့၊ မဂ်တံခါး ဖိုလ်တံခါး ဖွင့်ပေးသော ဆရာဟဲ့၊ သာသနာကြီးနဲ့ တွေ့ကျိုး ကြုံကျိုးနပ်အောင် သင်ကြားပြသပေးသော ဆရာဟဲ့၊ အနည်းဆုံး အားဖြင့် အန္ဓပုထုဇဉ်ဘဝနဲ့ မသေရဘဲနဲ့ ကလျာဏပုထုဇဉ်, စူဠသောတာပန်ဘဝနဲ့ သေအောင် ပို့ဆောင်ပေးသော ဆရာဟဲ့လို့၊ ဒါထက် တို့ကျေးဇူးများတဲ့ ဆရာမရှိပါလား၊ ဒါ့ထက် အားကိုးစရာ ဆရာမရှိပါလားလို့ ဘုရားရဲ့ဂုဏ်ကျေးဇူး အထူးသိပြီးတော့ မလိုက်သမျှ ကာလပတ်လုံး တရား မရနိုင်ဘူး၊ ဘာဖြစ်လို့ ဆရာမရှိဘဲနဲ့ တရားရတယ် ဆိုတာ ဘုရားရှိတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ဒါက ငါသနားလို့ ပြောတာဟေ့၊ ကိုယ့်ကိုကိုယ် ဂုဏ်လိုချင်လို့ ပြောတာမဟုတ်ဘူး၊ အဲလိုပဲ

http://www.dhammadownload.com



ကလယ်ကလယ်နဲ့ ဝတ်ကျေတန်းကျေ ဝါစာကမ္မာ လုပ်နေတဲ့လူတွေ များပုံတွေ ပြောတာ၊ ဘာမှ မသိဘူး၊ ကျေးဇူးလည်း နားမလည်ဘူး၊ ဆည်းကပ်မှု ဆိုတာလည်း အဝေးကြီး၊ တရားရတဲ့ လူကျတော့ သိသာတယ်၊ တရားရတဲ့လူကျတော့ ပဲခူး, ပုဂံ ဝေးလေ တို့ထံအရောက် ပြေးလာတယ်၊ ဆည်းကပ် တယ်နော် (မှန်ပါတယ်ဆရာ) ကျေးဇူးဖော် ထုတ်တယ်၊ ဂုဏ်ကျေးဇူးစကား ပြောကြားတယ်။ အဲဒါ တရားရတဲ့လူက ဒီလိုလာတာ။

ဒါကြောင့် "တရားရတယ်" ဆိုတာ ဆရာရှိမှ တရားရတာလို့၊ ဆရာမရှိဘဲနဲ့ အချောင်ဝင် နာရုံနဲ့ တရားရလိမ့်မယ်လို့ ဒီလိုမထင်နဲ့၊ အဲဒါ မရဘူး ငါသနားလို့ သတိပေးတာဟေ့၊ အဲဒါ တရားတကယ်လိုချင်ကြရင်, သံသရာထောက်ရာတည်ရာ ရချင်ကြရင် ငါ့ဆီ လာတာ။ မလာတာ၊ ဆည်းကပ်တာ၊ မဆည်းကပ်တာ ငါထည့်မပြောဘူး၊ ဒါပေမယ့် ကိုယ့်သဘောထဲမှာ ဩော် . . . တို့ အပါယ်သံသရာက အနည်းဆုံးဖြင့် ကယ်တင်ပေးတဲ့ ဆရာပဲဟ၊ (တစ်နည်း) သာသနာနဲ့ တွေ့ကျိုး ကြုံကျိုးနပ်အောင် အန္ဓပုထုဇဉ်ဘဝနဲ့ မွေးပြီး အန္ဓပုထုဇဉ်ဘဝနဲ့ မသေဘဲနဲ့ ဂတိမြဲတယ် ဆိုတဲ့ စူဠသောတာပန် တန်းရောက်အောင် ပို့ဆောင်တဲ့ ဆရာပဲ၊ စိတ်ထဲမှာ အမြဲယုံကြည် ကိုးစားတဲ့ စေတနာလေးတွေ ထားရတယ်၊ သဒ္ဓါတရား ထားရတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါမှလည်း တရားက ပေါ်တတ်တယ်၊ တရားက ရတတ်တယ်၊ "ဝါစာကမ္မာ"နဲ့ အချောင်ဝါဒအနေအားဖြင့် တို့ အချောင်ဝင်လိုက်၊ သူဟောလို့ နာရတာပဲ ဆိုတဲ့ အနေအားဖြင့် နာနေတယ်၊ မင်းတို့ သေအောင် သာ နာကြည့် . . . ဟုတ်လား, မဟုတ်လားလို့၊ ဘယ်တော့မှ တရားမရဘူး၊ နာပေါင်းများရင် ကြက်တူရွေးတတ် တတ်လိမ့်မယ် ဒါတော့ ရှိ၊ ကြက်တူရွေးတတ်သာ တတ်သွားလိမ့်မယ်၊ အဲဒါ ကြက်တူရွေးတတ်တာက တရားမဟုတ်ဘူး၊ တရားရတယ် မခေါ်ဘူး၊ တတ်တာ တတ်တာပဲ ရှိတယ်၊

အဲဒါကြောင့် တရားယူတဲ့အခါမှာ မိမိကိုယ်, မိမိဘဝ အင်မတန်မှ မြင့်တင်ချင်လွန်းလို့၊ အပါယ်သံသရာမှ ချမ်းသာချင်လွန်းလို့၊ တစ်မဂ်တစ်ဖိုလ်မှ ရချင်းလွန်းလို့ ဆိုတဲ့ တရားရှာမိတဲ့ သူတော်ကောင်း ပညာရှိ မှန်လို့ရှိရင်လို့ ယုံယုံကြည်ကြည် လေးလေးစားစားနဲ့, အားကိုးတစ်ခုနဲ့ နာယူကြပါလို့၊ အဲဒါ ငါသနားလို့ ပြောတာ အင်မတန်ပြောခဲ့ပါတယ်။ ဒီတော့ ငါ ဧကတ္တနည်းမှာ အင်မတန်မှ တန်ဖိုးရှိတဲ့ နည်းပဲလို့ အဘဘုရားကိုယ်တော်တိုင် ဟောသွားတဲ့နည်း၊ ဒီနည်းဟာဖြင့်၊ ဒီနည်းလေးနည်းကို ပြတ်သား နားလည်သွားရင်ဖြင့် တို့ နောက်ပိုင်းဟာလည်းပဲ သက္ကာယဒိဋ္ဌိတွေ ကွာပြီး, ရှင်းပြီး ပုဂ္ဂိုလ်တွေ ဖြစ်တယ်။ ဒါပေမယ့် အကယ်တန္တိ မပြတ်သားခဲ့သည်ရှိရင် ဒီနည်း လေးနည်းကို ထပ်ပြီးတော့ အပင်ပန်း အန္တမ်းနယ်ခံ ပြလို့ရှိရင်ဖြင့် အတိုင်းထက်အလွန် အကျိုး များနိုင်တယ်လို့ ဟိုဘက်ပိုင်းက မမိလို့ရှိရင် ဒီဘက်ပိုင်း မိစေတော့လို့ ဒီလိုစေတနာနဲ့ ငါ ဘယ်သင်တန်း

http://www.dhammadownload.com



အပတ်တုန်းကမှ နည်းလေးပါးကို ဒီလောက်ခွဲခြမ်းစိတ်ဖြာပြီး မပြောခဲ့ဘူး။ အသင့်အတင့်လောက်ပဲ ပြသွားတယ် နော် (မှန်ပါတယ်ဆရာ) အခုတစ်ခါတော့ သဒ္ဓါတရားလည်း တိုးတိုး၊ တိုးတိုးလာတယ်၊ ပိုလည်း သနားတယ်၊ မြင်သထက် မြင်ပါစေ၊ သိသထက် သိပါစေ၊ ပြတ်သားသထက် ပြတ်သား ပါစေဆိုတဲ့ စေတနာနဲ့ နောင် ဒီတစ်ပတ် ဒီနည်းလေးပါးမှာ တစ်ပါးချင်း တစ်ပါးချင်း ပြတ်သားသင့် သလောက် ပြတ်သားအောင် ဆိုပြီးတော့ ထပ်ပြန်တလဲလဲနဲ့ ရှင်းရှင်း၊ ရှင်းရှင်းပေးတယ်၊ အဲဒါ မပြတ်မသားကြီးဖြစ်လို့ ဝိုးတိုးဝါးတားကြီး ဖြစ်နေတယ်၊ နားမလည်ဘူး၊ တို့တော့ နားမလည်ဘူး၊ ဘယ်အဓိပ္ပာယ်မှလည်း မသိဘူးဆိုရင် အဲဒါ တရားရဖို့ ခဲယဉ်းတယ်၊ အဲဒါ သေသေချာချာ ကြည့်ပြန် တော့လည်းပဲ အခုန ပြောသလို "ဝါစာကမ္မာ"တွေ များ၊ "ဝါစာကမ္မာ"များပြီးတော့ တရားနာလို့တော့ တရားရမှာ မဟုတ်ဘူး၊ တကယ်တရားလိုချင်ရင်ဖြင့် စောစောက ပြောတဲ့အတိုင်း စေတနာကောင်း၊ စိတ်ကောင်း သန့်သန့်ရှင်းရှင်း ထားပါလို့၊ တချို့လည်း ဘယ်နှယ့်ဖြစ်နေလဲ ဆိုတော့ ကိုယ့်ကိုကိုယ်ငွဲ၊ ဘယ်လို ကိုယ့်ကိုကိုယ် ငွဲသလဲ၊ ကိုယ်က တန်းလေးက အလယ်တန်း၊ အထက်တန်းလောက် ရှိလာ ရင်ပဲ ပြလိုက်တဲ့ ဆရာတွေနဲ့ တန်းမညီဘူး ထင်တယ်၊ အဲ . . ဆရာထံ ဆည်းကပ်ရမှာလဲ အတော် ဆိုးတယ်၊ ဂုဏ်ညှိုးမှာလည်း စိုးတယ်။ တချို့ကလည်း ဒီလိုလည်း ရှိတယ်။ အဲဒါ ဘာတွေလဲ ဆိုတော့ "မာယာ သာဌေယျ" တရားတွေ ခေါ်တယ်၊ ဒါမျိုးတွေ ရှိရင် တရားမရကောင်းဘူးတဲ့၊ တကယ် ဆရာ့ကျေးဇူး အထူးတင်ရှိပြီးတော့ ကိုးစား ယုံကြည်တဲ့အနေနဲ့ နာယူမှတ်သားမှ တရား ရနိုင်မယ်တဲ့၊ ဘာကြောင့်တုံး၊ ဘုရားက လွဲလို့ရှိရင် ဆရာမရှိဘဲ တရားမရဘူးတဲ့၊ ဆရာရှိမှ တရား ရတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

ဆရာရယ်လို့ အမှတ်အသားထားပြီး နာကြလို့၊ အာရုံလည်း စူးစူးစိုက်စိုက် လိုက်ကြ၊ ဘုရား ဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ် ရတနာမြတ်သုံးပါး၏ ဂုဏ်ကိုလည်းပဲ အထူးသဖြင့် ယုံကြည်တဲ့ အနေအားဖြင့် ဦးထိပ်ထား၊ ဒီလို မိမိကိုယ်လည်း မိမိ ဆောက်တည်မှုလည်း ရှိမှ ဒါမှလည်း တရားတတ်တယ်၊ အဲ . . လူကြားကောင်း တရားနာဆိုတဲ့ အနေအားဖြင့်၊ (တစ်နည်း) လူရိုသေ၊ ရှင်ရိုသေ ဆိုတဲ့ အနေအားဖြင့်၊ (တစ်နည်း) အချောင်ဆိုတဲ့ အနေအားဖြင့် မလုပ်ကြနဲ့၊ တရားမရနိုင်ဘူး၊ မရကောင်းဘူး။ တို့သင်တန်းက တရားပွဲမှ မဟုတ်ပဲနဲ့ တရားပွဲမှာ အချောင်ခေါ်တယ်၊ တရားနာ၊ ဟောသူရှိသွား နာလိုက်တာပေါ့၊ သူတော်ကောင်းတရားဆိုတာ နာရတာပဲ၊ နာရင် ကုသိုလ်ရတာပဲ၊ အဲဒါ အချောင်ခေါ်တယ်၊ ဒီသင်တန်းက အချောင်မဟုတ်ဘူး၊ စာရင်းပေးပြီးတော့ လိုက်ကြတဲ့ သင်တန်း၊ စာရင်းပေးစဉ်အခါကတည်းက ကတိခံဝန်ခံချုပ်က ပါပြီးသား။ "ကျွန်တော်တို့သည် ဆရာပြတဲ့ တရားကို လေးစားယုံကြည်စွာ, အားကိုးစွာနှင့် အစအဆုံး လိုက်လိုပါ၏၊ ဆရာပြသော

http://www.dhammadownload.com



ဘုရားကို အလိုရှိပါ၏" ဒီလိုလာတာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ လက်ခံဖြတ်ပိုင်း စာရွက်တောင် မပါဘူး။ ဒီလိုမပါပေမယ့် သဘောက ဒီထဲပါပြီးသား၊ မလိုချင်တဲ့သူတွေ သိမ်းသွင်းခေါ်နေတာ မဟုတ်ဘဲ၊ လိုချင်တဲ့လူ လာကြလို့ ခေါ်နေတာ၊ လိုချင်တဲ့သူ လာကြ။ လိုချင်လည်း ခုနက ပြောသလို ဘိတိပပ လာကြ၊ မှတ်ပုံသွင်းသွင်း၊ သွင်းသွင်းပြီးတော့ တစ်ပတ်ပြီး တစ်ပတ် ပြနေတဲ့သင်တန်း၊ အဲဒါ အချောင်သင်တန်း မဟုတ်ဘူး၊ ဒါကြောင့် တရားပွဲ ဘယ်က လာ, ဟောဟော၊ ဟောတရား, နာတရား အနေနဲ့ သွားနာရင် ဒါအချောင်၊ ကိုယ်နာချင်လည်း နာနိုင်တယ်၊ မနာချင်လည်း နေနိုင်တယ်၊ ရအောင် ယူချင်လည်း ယူနိုင်တယ်၊ မယူချင်လည်း နေနိုင်တယ်၊ တာဝန်မဲ့ခေါ်တယ်။

တို့သင်တန်းက ခုနက ပြောသလို ပဋိညာဉ်သစ္စာ အပြီးသတ်ဖြင့် အစဆုံးလိုက်ပါ့မယ်၊ မှတ်မှတ်သားသား နာယူပါ့မယ်၊ ယုံကြည်တဲ့အနေ, အားကိုးတဲ့အနေအားဖြင့် လိုချင်လွန်းလို့ ကျွန်တော်တို့ သင်တန်းတက်ပါရစေဆိုတဲ့ ကိုယ်တိုင်လက်မှတ်တွေ ထိုးတယ်၊ အဲဒါကြောင့် တကယ်တက်မိလို့ ရှိရင်လည်း တကယ်ရအောင် ကြိုးစားကြစမ်းပါလို့ တို့များအတွက် မဟုတ်ပါဘူး၊ အများအတွက် သက်သက် ငဲ့ကွက်ပြီးတော့ အပင်ပန်းခံပြီးတော့ သင်ကြားပေး။ ဒီတော့ စိတ်က တစ်ခါတစ်ခါ ထောက်သွားတော့ ဘယ့်နှယ့်ဖြစ်၊ ငါကတော့ ငါ့ပြန်မေးခွန်းထုတ်စရာ အကြောင်း မရှိလောက်ဘူး၊ ဒီအခန်းအပြင် ငါပြတာ တော်တော်ကြီးကိုပဲ ကြေကြေညက်ညက် ရှိလောက်ပြီ ဒီလိုနေရော၊ ငါတီးခေါက်စမ်းလိုက်ရော၊ အိုးနင်း ခွက်နင်းဖြစ်နေရော ဟာ . . စိတ်က အတော့်ကို ပျက်သွားတာ တစ်ခါတည်း၊ ဘယ့်နှယ့်တုံး ငါကြိုးစားသမျှ အလကားဖြစ်ပြန်ပေါ့၊ အဲဒီလို သွား, သွား တွေ့ရတယ်၊ အဲဒါ ဘာလဲဆိုတော့ မလေးစားမှု၊ ဒီတော့ လေးလေးစားစားနဲ့ မှတ်မှတ်သားသားနဲ့ ရအောင် ယူကြပါလို့ မြတ်အောင် ပေးနေတဲ့ သင်တန်း၊ တတ်အောင် သင်နေတဲ့ သင်တန်း နော် (မှန်ပါတယ်ဆရာ)၊

နောက် ပြန်ကြည့် သေသေချာချာ၊ ဘာမှ ခဲယဉ်းတာမဟုတ်ဘူး၊ ဒီပြောသွားတဲ့အဓိပ္ပာယ်က အရှင်းလေး၊ ဘယ့်နှယ့် ဧကတ္တနည်း နားမလည်ရဘူးလို့၊ ဧကတ္တနည်းမှ နားမလည်၊ နာနတ္တနည်း သာခဲယဉ်းသေးတယ်။ သရက်စေ့မျိုးစေ့လေး မြေကြီးထဲချ၊ ရေနဲ့, မြေနဲ့ တွေ့ရော အညှောက်လေး ထွက်မလာဘူးလား (ထွက်လာပါတယ်ဆရာ)၊ အညှောက်လေးကနေ အညွန့်လေး၊ အညွန့်လေးကနေ ပင်စည်လေး၊ ပင်စည်လေးကနေ ပင်လုံးလေး၊ ပင်လုံးလေးကနေ ပင်မကြီး၊ ပင်မကြီးကနေ အခက်၊ အလက်၊ အရွက်၊ အသီး၊ အပွင့် ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဆရာ)၊ သရက်ပင်ကြီးတစ်ဖက် လောက် ဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ်ဆရာ)၊ အဲဒီသရက်ပင်ကြီးတစ်ဖက်လောက်က နေပြီးတော့ မျိုးစေ့ထဲက ထွက်လာတဲ့ အညှောက်ကလေးထိအောင် ပြန်ကြည့်စမ်း၊ သူရဲ့ဖြစ်စဉ်ဟာ

http://www.dhammadownload.com



အညှောင့်လေးဘဝကနေ ပင်မကြီးရောက်အောင် လာနေတဲ့ကြားမှာ ပြတ်နေတယ်၊ ရပ်နေတယ်၊ လပ်နေတယ်၊ ခြားနေတယ် ရှိသလား၊ (မရှိပါဘူးဆရာ)၊ ဒီဥပမာထက်အပြင် မရှင်းနိုင်တော့ဘူး၊ ဒါ အဋ္ဌကထာဆရာ ပေးထားတဲ့ ဥပမာ၊ ဒါစာမတတ်တဲ့ မိန်းမသားများပင် နားလည်မယ်၊ ကိုယ့်ဖြစ်စဉ်ထဲလည်း ကိုယ်ပြန်ကြည့်၊ အမိဗွေးလာတုန်းက ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်၊ အခုတော့ ငါ လူကြီး၊ ထွားထွားကြိုင်းကြိုင်း အသက်အစိတ်၊ သုံးဆယ် ဖြစ်နေပေါ့၊ မွေးတုန်းကနဲ့ တူသေးလား မတူဘူး၊ အခုတော့ ကြီးလာပေါ့၊ အဲဒီကြီးလာတယ်ဆိုတဲ့ သုံးဆယ်အရွယ်လောက် အရွယ်နဲ့ မွေးစ ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သက်အရွယ်လေးနဲ့ ပြန်ဆက်စပ် ကြည့်စမ်း၊ ကြားမှာ မဖြစ်ဘဲ ရပ်နေတာ ရှိလား၊ (မရှိပါဘူးဆရာ) ပြတ်နေတာကော ရှိလား (မရှိပါဘူးဆရာ)၊ ရပ်နေတာ ရှိလား (မရှိပါဘူး ဆရာ)၊ တစ်ဆက်တည်း ဖြစ်လာတာပေါ့၊ (တစ်ဆက်တည်းပါဆရာ)၊ အေး . . အဲဒါကနေ ကြီးကြီး၊ ကြီးကြီးလာတာပေါ့နော် (မှန်ပါတယ်ဆရာ)။

အခုတော့လည်း သရက်မျိုးစေ့လေးမှာ အညှောက်ကလေးကနေပြီးတော့ တစ်ဖက်လောက် ရှိတဲ့ ပင်မကြီးထိအောင် တစ်စတစ်စ တစ်စတစ်စနဲ့ ဖြစ်ဖြစ်၊ ဖြစ်ဖြစ်လာတဲ့ ဖြစ်စဉ် မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ အပြတ်ရှိရဲ့လား (မရှိပါဘူးဆရာ)၊ အလပ်ရှိလား (မရှိပါဘူးဆရာ)၊ အကြားလေး ရော ရှိလား (မရှိပါဘူးဆရာ)၊ တစ်ဆက်တည်းချည်းမို့လား (တစ်ဆက်တည်းချည်းပါပဲ) ဖြစ်စဉ် နော် (မှန်ပါတယ်ဆရာ)၊ သန္တာနာနုပစ္ဆေဒေါ-သန္တာန်အစဉ်ရဲ့ မပြတ်ခြင်း-တဲ့။ အဝိဇ္ဇာက စ ဇရာမရဏ ကျအောင် ကြည့်စမ်း, မိမိတို့ဖြစ်စဉ်ကြီး ပြန်ကြည့်စမ်း၊ လွန်ခဲ့သော အတိတ်ဘဝတုန်းက နင် ဘာလုပ်လာ (အဝိဇ္ဇာ တဏှာ ဥပါဒါန် လုပ်လာပါတယ်)၊ အဝိဇ္ဇာနဲ့သင်္ခါရ၊ ပဋိစ္စသမုပ္ပါဒ်ပြောနေတာ၊ ဘာလုပ်လာလဲ၊ (အဝိဇ္ဇာနဲ့သင်္ခါရ လုပ်လာပါတယ်ဆရာ)၊ အင်္ဂါ (၁၂)ရပ် သေသေချာချာကြည့်နော်၊ အဝိဇ္ဇာနဲ့သင်္ခါရ လုပ်ခဲ့တယ်လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာနဲ့သင်္ခါရက အကြောင်းတရား မဟုတ်ဘူးလား (အကြောင်းတရားပါဆရာ)၊ အဲဒီအကြောင်းတရားလုပ်ပြီးတော့ မင်းသေရော၊ သေတော့ ဒီဘက်ဘဝ မင်းဘာဖြစ်လဲ (ဝိညာဏ်ဖြစ်ပါတယ်ဆရာ)၊ ဟော . . ဝိညာဏ်ဖြစ်တယ်၊ ဒီတော့ ဟိုဘက်အကြောင်းနဲ့ ဒီဘက်အကျိုးနဲ့ ပြတ်နေတာ ရှိသေးသလား (မရှိပါဘူးဆရာ)၊ ရပ်နေတာ ရှိသေးလား (မရှိပါဘူးရာ)။

ကိုင်း - ဒီဘက်ဘဝ ဝိညာဏ်က စဖြစ်ကရော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ၊ ဘဝ စေတနာ နော်၊ (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝ၊ သေရော၊ သေတော့ ဒုတိယဘဝ ဘာသွားဖြစ်လဲ (ဇာတိဖြစ်မှာပါဆရာ)၊ ဇာတိဖြစ်၊ ဒီဘက် ကမ္မဘဝ ပို့လိုက်တယ်လား (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝက အကြောင်းမို့လား (အကြောင်းပါဆရာ)၊ အဲဒီအကြောင်းကြောင့်

http://www.dhammadownload.com



ဟိုဘက်ဒုတိယဘဝတွင် ပဋိသန္ဓေဖြစ်တယ်လား (ဖြစ်မှာပါဆရာ)၊ ဒီဘက်က အကြောင်းနဲ့ဟိုဘက်က အကျိုးများ ပြတ်နေတာ ရှိသေးလား (မပြတ်ပါဘူးဆရာ)၊ ခြားနေသေးလား (မခြားပါဘူးဆရာ)၊ ရပ်နေသေးလား (မရပ်ပါဘူးဆရာ)၊ အဲဒါ အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ် ဘဝသုံးပါး ပြလိုက်တော့ ဟိုဘဝ, ဟိုဘဝတွေလည်း ဒီလိုပဲ အတိတ် အနာဂတ် ပစ္စုပ္ပန်၊ အတိတ် အနာဂတ် ပစ္စုပ္ပန်နဲ့ ဆက်ဆက်မသွားဘူးလား (ဆက်ဆက်သွားပါတယ်ဆရာ)၊ ဒီတော့ ဒီသံသရာ့စက် ရဟတ်ကြီးမှာ သေသေချာချာကြည့်စမ်း - အဝိဇ္ဇာက စ, ဇရာမရဏကျအောင် အဘဘုရားကိုယ်တော်မြတ် အင်္ဂါ (၁၂)ရပ် ဟောထားတဲ့အနက်က အဝိဇ္ဇာကနေ ဇရာမရဏကျအောင် အကြောင်းအကျိုး၊ အကြောင်းအကျိုးနဲ့ ဆက်စပ်ဆက်စပ် ဖြစ်သွားတဲ့သဘောက ပြတ်နေတယ်၊ ရပ်နေတယ်၊ ခြားနေတယ် ရှိလား (မရှိပါဘူးဆရာ)၊ မရှိဘူးမို့လား (မရှိပါဘူးဆရာ)၊ ဖြစ်စဉ်ကြီးက တန်းမနေဘူးလား၊ (တန်းနေပါတယ်ဆရာ)၊ အေး . . အဲဒါပြောတာ၊ ဟိုဥပမာနဲ့ ပြန်ဟပ်ကြည့်၊ ဩော် . . ဥပမာက ဒါမြင်လိုလို့ ပြတာကိုးလို့၊ သရက်မျိုးစေ့လေးနဲ့ ချပြီးတော့ ပင်မကြီးထိအောင် ဖြစ်သွားတာဟာ၊ ဖြစ်သွားတဲ့ ဖြစ်စဉ်ကြီးဟာ အပြတ် အလပ် အကြားမရှိဘဲနဲ့ ဆက်စပ်ပြီးတော့ သွားပုံ၊ အခုလည်း တို့ သံသရာ့စက်ကြီး လည်နေကြတာဟာ အမှန်ကတော့ ဟိုး . . . သံသရာအစ ဘယ်ကစ၊ အဝိဇ္ဇာက စတာ၊ မသိတာက စတာ၊ ဩော် . . အဝိဇ္ဇာက စပြီး သံသရာကြီး ကျင်လည်လာလိုက်ကြတာ၊ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝနဲ့ လာလိုက်ကြတာ၊ အဲဒီဘဝဖြစ်စဉ်ကြီး ပြန်ကြည့်တော့ လွန်ခဲ့သော အတိတ်ဘဝက အကြောင်းခံလို့ ပစ္စုပ္ပန်လာ အကျိုးဘဝ အကျိုးတွေ ဖြစ်လိုက်၊ ဒီပစ္စုပ္ပန်နဲ့ အကြောင်းတွေ ထပ်ခံလိုက် အနာဂတ်အကျိုးတွေ ဖြစ်လိုက်၊ တစ်ခါ ဟိုဘက်ဘဝရောက်ပြန်၊ ဒီလိုပဲ အကြောင်းတွေခံလိုက် နောက်ဘဝ အကျိုးဖြစ်လိုက်၊ နောက်ဘဝ အကြောင်းခံလိုက် နောက်ဘဝ အကျိုးဖြစ်လိုက်၊ အဲဒီလို ဆက်စပ် ဆက်စပ်ပြီး သွားနေတာ ဘယ်ကျမှ ရပ်မလဲဆို နိဗ္ဗာန်ကျမှ ရပ်မယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

အဲဒါကြည့်စမ်း - သံသရာအစနဲ့အဆုံး လှမ်းမျှော်ကြည့်စမ်း၊ (သို့မဟုတ်) အခုလက်ရှိဘဝက နေပြီးတော့ သံသရာအစထိအောင် ပြန်မျှော်ကြည့်စမ်း - အကြောင်းနဲ့အကျိုး၊ အကြောင်းနဲ့အကျိုး ဆက်စပ်လာတဲ့ ဆက်စပ်မှုတည်းဟူသော ဖြစ်စဉ်ကြီးက ပြတ်သလား (မပြတ်ပါဘူးဆရာ)၊ ရပ်နေလား (မရပ်ပါဘူးဆရာ) အကြားလေးတွေရော ရှိလား (မရှိပါဘူးဆရာ)၊ လပ်နေတာကော (မရှိပါဘူးဆရာ)၊ အေး . . အဲဒါပြတာ၊ ဘာမှ နားမလည်စရာ မရှိဘူး၊ အလွယ်လေးတွေ၊ ခုန သစ်စေ့မျိုးစေ့ ဥပမာ ပြကတည်းက ရှင်းပြီးသားဖြစ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ဆက်စပ်ပြီးတော့ မရပ်မနားဘဲနဲ့ အပြတ်မရှိ၊ အလပ်မရှိဘဲနဲ့ ဖြစ်နေတဲ့ ဖြစ်စဉ်ကြီးရဲ့ တစ်ဆက်တည်းချည်း

http://www.dhammadownload.com



မြင်လိုက်တော့ကာ-တဲ့၊ မင်းတို့ ငါတို့မှာ သတ္တဝါများ ယူတတ်တဲ့ အခုတစ်ဘဝ ဖြစ်ပြီးရင် နောက် အနာဂတ်ဘဝတွေ မျှော်မနေနဲ့ဟ မရှိဘူး၊ အခုဘဝပြီးရင် သေဆုံးလောင်တုံး သွားရော၊ အတိတ်ဘဝ၊ အတိတ်ဘဝ လည်း မရှိဘူး၊ အခုဖြစ်နေတဲ့ ဖြစ်ဆဲဘဝပဲ ရှိတယ်။ ဒါ ဥစ္ဆေဒဒိဋ္ဌိ မဟုတ်လား (ဥစ္ဆေဒဒိဋ္ဌိပါဆရာ)၊

ကိုင်း . . . ပဋိစ္စသမုပ္ပါဒ် မြတ်စွာဘုရားကိုယ်တော်မြတ် ဧကတ္တနည်း၊ ဗီဇနိယာမအစဉ်နဲ့ ပြလိုက်တော့ကာ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးဟာ ဒီလိုဖြစ်နေတာလို့ဆိုတော့ ဒီတစ်ဘဝဖြစ်ပြီးရင် နောက်ထပ်မဖြစ်ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိကို မင်း ယုံအုံးမှာလား (မယုံပါဘူးဆရာ)၊ အဲဒါကြောင့် ဧကတ္တနည်း မြင်လို့ရှိရင် ဥစ္ဆေဒဒိဋ္ဌိ အလိုလိုပြုတ်တယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဥစ္ဆေဒဒိဋ္ဌိ အလိုလိုသေတယ်၊ အလိုလိုပြုတ်တယ်၊ အလိုလိုချုပ်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ မှတ်ထား၊ ဒီထိအောင် ပြောလို့ရှိရင် သဘော နားမလည်စရာ မရှိဘူး၊ နာနေတုန်းမှာ အာရုံက တောရောက် တောင်ရောက်နဲ့ ရောက်ချင်ရောက်လိမ့်မယ်၊ သမာဓိမရှိလို့ရင်လည်း ဖြစ်လိမ့်မယ်၊ ထပ်ပြန်တလဲလဲနဲ့ ငါးည ခြောက်ညလောက် ကြာတယ်၊ ငါရှင်းရှင်း၊ ရှင်းရှင်းပြီးတော့ ဒီနည်းကိုချည်း ပြောတာ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့်

"ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟာတိ"။

ဟေတုဖလသမ္ဗန္ဓေန၊ အကြောင်းအကျိုးဆက်စပ်သဖြင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ သန္တာနဿ၊ သန္တာန်အစဉ်ကြီး၏။ အနုပစ္ဆေဒါဝဗောဓတော၊ မပြတ်သော ပြတ်ခြင်းကို ထိုးထွင်း၍ သိခြင်းကြောင့်။ ဥစ္ဆေဒဒိဋ္ဌိံ၊ တစ်ဘဝပြီးရင် နောက်ဘာမှ မဖြစ်ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိကြီးကို။ ပဇဟာတိ၊ ပယ်စွန့်နိုင်၏။

အဲဒါမြင်ရင် ဒီဒိဋ္ဌိဟာ မုချ ဒါပယ်နိုင်ရမယ်၊ မမြင်ရင် မပယ်နိုင်ဘူး၊ တတ်ယောင်ကန်းနဲ့လည်း မပယ်နိုင်ဘူး၊ သိယောင်ကန်းနဲ့လည်း မပယ်နိုင်ဘူး၊ တကယ်မြင်ရင် တကယ်ပယ်တယ်နော် (မှန်ပါတယ်ဆရာ)၊ တကယ်ပယ်တော့ အပါယ်ကို ကျစေတတ်၊ ရောက်စေတတ်တဲ့ ရန်သူတစ်လုံး ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဆရာ)။

တချို့ကလည်း အပါယ်ကျမှာလည်း ကြောက်ဟန်မတူပါဘူးကွာ၊ အပါယ်ဘေးလည်း မကြောက်တော့လည်း အပါယ်ဘေးက ငါလွတ်အောင် ကယ်ပေးမယ်ဆိုလည်း ကျေးဇူးတင်ဟန် မတူပါဘူးဟ နော် (မှန်ပါတယ်ဆရာ)၊ ကြောက်တဲ့လူကတော့ ကျေးဇူးတင်မယ်မို့လား (တင်မှာပါ

http://www.dhammadownload.com



ဆရာ)၊ အေး, အေး . . . မကြောက်တဲ့လူကတော့ ကျေးဇူးလည်း ကျေးဇူးမှန်း သိဟန်မတူပါဘူး၊ တန်ဘိုးလည်း သိမှာ မဟုတ်ပါဘူး၊ ဒီနည်းသိလို့ရှိရင် အပါယ်က လွတ်တယ်ဟာဆိုပေမယ့် လွတ်ချင်တဲ့ လူကတော့ တကယ်ကြိုးစားမှာပေ့ါ မရရအောင်၊ အပါယ်ဘေးလည်း တကယ်ကြောက်ရမှန်း မသိတဲ့ လူကျတော့ ကြိုးစားပမ်းစားလည်း ယူချင်မှ ယူမယ်၊ မယူချင်လည်း မရဘူး၊ ယူနိုင်မှ ရတယ်၊ ယူတတ်မှ ရတယ်။

ပြီးတော့ နာနတ္တနည်းတဲ့၊ ဒုတိယနည်း ဒါလည်း ပြတ်သားမှာ မဟုတ်ပါဘူး၊ ဧကတ္တနည်းမှ နားမလည်ဘဲနဲ့ နာနတ္တနည်း ဆိုတာက တခြားမဟုတ်ဘူးတဲ့၊ အဲဒီ အဝိဇ္ဇာက စ, ဇရာမရဏကျအောင် ပြန်ကြည့်စမ်းပါအုံး-တဲ့၊ အခုန အကြောင်းနဲ့အကျိုး ဆက်စပ်ပြီးတော့ ဖြစ်စဉ်ကြီး တန်းသွားတာတော့ မြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)၊ ဒါကတော့ ဟုတ်ပါပြီ၊ ထားပါတော့တဲ့၊ အဲဒီလိုနည်းနဲ့ ကြည့်တော့ ဒီလိုဖြစ်စဉ်ကြီး တစ်ဆက်တည်းဆိုတာ ဟုတ်ပါပြီ၊ တစ်နည်းကြည့်စမ်းပါအုံး-တဲ့၊ လေးနည်းကြည့်ခိုင်းတာ၊ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော် ဆယ့်နှစ်ပါး၊ အင်္ဂါ (၁၂)ရပ် စက်ဝိုင်းကြီး ဒီလို ကြည့်စမ်းပါအုံး-တဲ့။ ဘယ့်နှယ်ကြည့်ရမလဲ၊ အဝိဇ္ဇာချည်းသန့်သန့်၊ သင်္ခါရချည်းသန့်သန့်၊ ဝိညာဏ် ချည်းသန့်သန့် ကြည့်စမ်းပါ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာချည်းသန့်သန့် ကြည့်လိုက်တဲ့ အခါကျတော့ သူ့ရဲ့လက္ခဏာ၊ သူ့ရဲ့တရားကိုယ်၊ သူ့ရဲ့တရားသား၊ သူ့ရဲ့သဘောအဓိပ္ပာယ် ထွက် မလာဘူးလား (ထွက်လာပါတယ်ဆရာ)၊ တရားကိုယ်ကောက်တော့ မောဟ နော် (မှန်ပါတယ်ဆရာ)၊ လက္ခဏာတော့ "အညာဏလက္ခဏာ - မသိတတ်တဲ့လက္ခဏာ"လို့၊ မြန်မာလိုပြောရင် အဝိဇ္ဇာရဲ့ အဓိပ္ပာယ်က "ဘာမှ မသိတာ"တဲ့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ သူက ဒီလိုနေရော၊ သူ့ကြောင့် ဖြစ်လာတယ် ဆိုတဲ့ အကျိုးတရား တည်းဟူသော သူ့နောက်က သင်္ခါရ ကောက်ကြည့် လိုက်တော့ သူတို့နှစ်ခုက ဆက်စပ်နေတာ မှန်တယ်။ သူ့ကြောင့် သူဖြစ်တာ မှန်တယ်၊ ဆက်စပ် နေတာတော့ မှန်တယ်၊ ဒါပေမယ့် ကြည့်လိုက်စမ်း -

သင်္ခါရကြည့်လိုက်တော့ မဟုတ်ပြန်ဘူးတဲ့၊ ခုန အဝိဇ္ဇာနဲ့ မတူပြန်ဘူးတဲ့၊ ဘာဖြစ်လို့ သူက တရားကိုယ်ကောက်လိုက်တော့ စေတနာတွေ ရပြန်တယ်တဲ့၊ ကုသိုလ်စေတနာနဲ့ အကုသိုလ်စေတနာ တွေ ရတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒီစေတနာတွေက "အဘိသင်္ခရဏလက္ခဏာ" ရှိတယ်တဲ့ အားထုတ်ခြင်းလက္ခဏာ ရှိတယ်တဲ့၊ သူ့ကြည့်လိုက်တော့ နော် (မှန်ပါတယ်ဆရာ)၊ တရားကိုယ် တရားသားတွေ ကြည့်ပြန်တော့ ကုသိုလ်စေတနာနဲ့ အကုသိုလ်စေတနာတွေ ရတယ်တဲ့၊ ခုန အဝိဇ္ဇာနဲ့ တူသေးလား (မတူပါဘူးဆရာ)၊ မတူဘူး၊ တခြားစီ တခြားစီ ဖြစ်နေတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် နာနတ္တ၊ နာနာ အတ္တော နာနတ္တော-တဲ့၊ နာနာ အတ္တော၊ အထူးထူး

http://www.dhammadownload.com



အပြားပြား များသော တရားကိုယ် တရားသား သဘောလက္ခဏာတဲ့၊ နာနတ္တော - တစ်ခုနဲ့တစ်ခု မတူဘဲနဲ့ မူကွဲနေသော ထူးခြားသော တရားကိုယ် တရားသား သဘောအဓိပ္ပာယ် လက္ခဏာတဲ့၊ မတူဘူးမို့လား (မတူပါဘူးဆရာ)၊ အဲဒီလိုနည်းနဲ့ ကြည့်ပြန်တော့ မတူတာတွေ လာတွေ့တယ် မဟုတ်လား (တွေ့ပါတယ်ဆရာ)၊ ဒီနည်းနဲ့ မှန်တယ်မို့လား(မှန်ပါတယ်ဆရာ)၊ အေး . . ဒီလိုကြည့်တော့ ဒီလိုပေါ်လာပြန်တယ်တဲ့၊ ဒါဖြင့် သူတို့ဖြစ်စဉ်ကြည့်စမ်းပါအုံးတဲ့၊ ဖြစ်စဉ်ကြည့် လိုက်တော့ ဘယ့်နှယ့်၊ (၁၂)လုံးလုံး အကုန်လုံး တစ်ပြုံလုံး ဆုံပြုဖြစ်တာမဟုတ်ဘူးတဲ့၊ ဖြစ်ကောင်း ပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဘယ်သူဖြစ်ပြီးမှ ဘယ်သူဖြစ်၊ (အဝိဇ္ဇာဖြစ်ပြီးမှ သင်္ခါရဖြစ်တာပါ ဆရာ)၊ ဩော် . . . အဝိဇ္ဇာဖြစ်ပြီးမှ သင်္ခါရဖြစ်၊ ဒါဖြင့် သင်္ခါရဖြစ်တော့ အဝိဇ္ဇာရှိသေးလား (မရှိတော့ဘူးဆရာ) မရှိဘူး၊ (မရှိဘူးဆရာ)၊ ဒါဖြင့် အဝိဇ္ဇာပျောက်မှ သင်္ခါရရောက်တာပေါ့ (မှန်ပါ တယ်ဆရာ)၊ ဒါဖြင့် တစ်လုံးပျောက် တစ်လုံးရောက်၊ တစ်လုံးပျောက် တစ်လုံးရောက် ဒီလိုမနေ ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် မင်းဉာဏ်ထဲမှာ ဝေဖန်လိုက်တဲ့အခါ ဘယ်သူသွားတွေ့လဲ (အသစ်အသစ် ထပ်တွေ့ပါတယ်ဆရာ)၊ အသစ်အသစ်ဖြစ်ဆဲ သွားတွေ့တယ်လား (မှန်ပါတယ်ဆရာ)၊ အတိတ် သွားကြည့်တော့လည်း မရှိဘူးလား၊ (မရှိဘူးဆရာ)၊ အနာဂတ်တော့ (မရှိပါဘူးဆရာ)၊ မရှိဘူးလား (မရှိဘူးဆရာ)၊ အတိတ်ကြည့်တော့ ဘာလို့ မရှိတာလဲ၊ (ချုပ်လို့ပါဆရာ)၊ ချုပ်ပြီး သားဖြစ်သွားပြီလား (မှန်ပါတယ်ဆရာ)၊ အနာဂတ်ကြည့်တော့ကော (မဖြစ်သေးလို့ပါဆရာ)၊ အေး . . ဒါဖြင့် ဖြစ်ဆဲဆိုတဲ့ ပစ္စုပ္ပန်တစ်လုံးတည်း ရှိတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီဖြစ်ဆဲဆိုတဲ့ ပစ္စုပ္ပန် တစ်လုံးချင်း တစ်လုံးချင်း၊ တစ်လုံးချင်း ပြောင်းပြောင်း၊ ပြောင်းပြောင်း၊ ပြောင်းပြောင်းသွားတာ၊ အဟောင်းလေးတွေ ပျောက် အသစ်ကလေးတွေရောက်၊ အဟောင်းပျောက်လိုက် အသစ်ရောက် လိုက်၊ အဟောင်း ပျောက်လိုက် အသစ်ရောက်လိုက် ဒီလိုသွားတာ၊ မသွားဘူးလား (သွားပါတယ် ဆရာ)၊ အဲဒီလို သွားတာ မြင်တော့ကာတဲ့၊ မင်းကြည့်စမ်းပါ - ငါမြင်ဖူးတဲ့ ရူပါရုံသည်, တစ်ခါ ဖြစ်ပြီးရင် နောက်ထပ် ဘယ်တော့မှ မပျက်တော့ဘူးလို့ မြဲနေတယ်၊ တည်နေတယ်ဆိုတဲ့ သဿတဒိဋ္ဌိ မင်းယုံအုံးမှာလား (မယုံပါဘူးဆရာ)၊ သဿတဒိဋ္ဌိအယူလေ (မယုံပါဘူးဆရာ)၊ မယုံဘူးလား (မယုံပါဘူးဆရာ)၊ ဒီမှာ ပျက်ပျက်သွားတာ မြင်တယ်ပေါ့၊ (မှန်ပါတယ်ဆရာ)၊ တစ်လုံးပျောက်မှ တစ်လုံး ရောက်တယ်လား (မှန်ပါတယ်ဆရာ) ဒါဖြင့်ရင် ငါမြင်လိုက်တဲ့ ရူပါရုံလေးသည် မြင်က တည်းက ဘယ်တော့မှ မပျက် မြဲ၏ဆိုတဲ့ သဿတဒိဋ္ဌိ မင်းယုံအုံးမှာလား (မယုံပါဘူးဆရာ) ဒီအတိုင်းပဲ တစ်ခါ သမ္မုတိသစ္စာအနေအားဖြင့် ကြည့်ပြန်တော့ ဘယ်ဘဝတုန်းက သူဌေးကြီးက ဘုရားကိုယ် တော်မြတ် ဘာတွေ လှူခဲ့တယ်၊ ဘယ်ဘဝက လာပြီးတော့ ဘယ်အကျိုးတွေ ပေးတယ်ဆိုတော့

ဘဝက တန်းမနေဘူးလား (တန်းနေပါတယ်ဆရာ)၊ ဒါဖြင့်ရင် ဟိုဘဝက သူဌေးကြီး ဒီဘဝ လာနေတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)၊ အဲဒါ သဿတဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးလည်း သေသေချာချာ ယှဉ်ယှဉ်၊ ယှဉ်ယှဉ်ကြည့်။

ဒီတော့ တစ်သံသရာလုံးမှာ သံသရာအစက ဖြစ်ပေါ်လာတဲ့ ငါကောင်လေး သူကောင်လေး ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်လေးသည် တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ၊ အတိတ်မှ ပစ္စုပ္ပန်သို့ ပစ္စုပ္ပန်မှ အနာဂတ်သို့ ဆက်စပ်ဆက်စပ်ပြီးတော့ သွားနေတယ်၊ ဖြစ်နေတယ်ဆိုတဲ့ သဿတဝါဒ ယုံအုံးမှာလား (မယုံပါဘူးဆရာ)၊ မယုံဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ အဟောင်းချုပ်ပြီးတော့ အသစ်ရောက်လာတယ်မို့လား (မှန်ပါတယ်ဆရာ)၊ အဟောင်းပျောက်မှ အသစ်ရောက်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် အဟောင်းပျောက်ပျောက်ပြီးမှ အသစ်အသစ်ရောက်လာတဲ့ သဘောလေးတွေ မြင်ကတည်းက ဩော် . . . လက်စသတ်တော့ တို့မှာ ဘဝအားဖြင့် ဖြစ်စဉ်ကြီး တန်းနေတယ်၊ အမေမွေးလာကတည်းက ငါကောင်လေးသည် ကနေ့အထိ ဒီငါကောင်လေးပဲ နော် (မှန်ပါတယ်ဆရာ)၊ အမေမွေးကတည်းက ဖြစ်လာတဲ့ ငါကောင်လေးသည် ကနေ့အထိ ဒီငါကောင်လေးပဲလို့ ငါစွဲမြဲယုံကြည်နေတဲ့ သဿတကြီးက မဟုတ်ပါဘဲနဲ့၊ အမေမွေးတဲ့အချိန်လေးက ဖြစ်တဲ့ ရုပ်ကောင်၊ နာမ်ကောင်၊ ခန္ဓာကောင်က နောက်တစ်ရက်ဘက်မှာ မပါမှ မပါဘဲနဲ့၊ ပါသေးလား (မပါဘူးဆရာ)၊ ရက်မပြောနဲ့ နာရီမပါဘူး၊ မိနစ်မပါဘူး၊ ဗီဇနာမပါဘူး၊ ပါနိုင်ပါ့မလား (မပါနိုင်ဘူးဆရာ)၊ ဒီရုပ် နာမ် ခန္ဓာ ဘယ်အထိအောင် ပျက်လဲ၊ (ကုဋေတစ်သိန်း ပျက်နေပါတယ်ဆရာ)၊ မျက်တောင်တစ်ခတ်ထဲ့ပြော၊ (မျက်တောင်တစ်ခတ်မှာ ကုဋေတစ်သိန်း ပျက်နေပါတယ်ဆရာ)၊ ဩော် ဒီထိအောင် ပျက်နေတယ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် တစ်ဗီဇနာ မပါဘူးပေါ့ (မပါဘူးဆရာ)။

ဒါဖြင့် အမေမွေးကတည်းက ဖြစ်နေတဲ့ ငါကောင်လေးဟာ ကနေ့အထိ ဒီအတိုင်းပဲ ရှိတယ်ဆိုတာ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ ယုံကြည်စရာ ရှိသေးလား (မရှိပါဘူးဆရာ)၊ တစ်လုံးပျက်မှ တစ်လုံးရောက်မယ် နော် (မှန်ပါတယ်ဆရာ)၊ ဖြစ်ဆဲဆိုတဲ့ ပစ္စုပ္ပန်ကလေး သွားတွေ့ရတယ်။ အခုနေ သူ့ကြည့်၊ ငါ့ကြည့်၊ ကြည့်ကြစမ်း - ဘယ်ခန္ဓာသွားတွေ့၊ ခန္ဓာငါးပါး ဘယ်ခန္ဓာတွေ့မတုံး၊ အတိတ်ခန္ဓာ တွေ့မလား၊ အနာဂတ်ခန္ဓာ တွေ့မလား၊ ပစ္စုပ္ပန်ခန္ဓာ တွေ့မလား၊ ကြည့်စမ်း တစ်ယောက်နဲ့တစ်ယောက် (ပစ္စုပ္ပန်ခန္ဓာ တွေ့ပါတယ်ဆရာ)၊ ဩော် . . ဖြစ်ဆဲဆိုတဲ့ ပစ္စုပ္ပန်ခန္ဓာ နားလည်လား (နားလည်ပါတယ်ဆရာ) အတိတ်ခန္ဓာတွေ ရှိသေးသလား (မရှိတော့ပါဘူးဆရာ)၊ ဘာဖြစ်လို့လဲ (ချုပ်သွားလို့ပါဆရာ) ဩော် . . . ချုပ်ကုန်ပြီ၊ အနာဂတ်ခန္ဓာ တွေ့ပါ့မလား (မတွေ့ဘူးပါဆရာ)၊ ဘာဖြစ်လို့ မတွေ့လဲ၊ (မဖြစ်သေးလို့ပါဆရာ)၊ အေး . . ဟုတ်ပြီ။ ဒါဖြင့် မင်းတွေ့နေတဲ့, မင်းမြင်နေတဲ့

http://www.dhammadownload.com



ခန္ဓာကမ္မဇရုပ်တွေက ဘာတွေတွေ့လဲ၊ (ပစ္စုပ္ပန်တွေ့ပါတယ်ဆရာ)၊ ဩော် . . ပစ္စုပ္ပန် ဖြစ်ဆဲလေးတွေ နော် (မှန်ပါတယ်ဆရာ)၊ လှစ်လှစ်၊ လှစ်လှစ်၊ လှစ်လှစ်၊ လှစ်လှစ် ဒီလိုဖြစ်နေတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် အတိတ်လှမ်းကြည့်လည်း မမြင်ရ၊ အနာဂတ်လှမ်းကြည့်လည်း မမြင်ရ၊ ပစ္စုပ္ပန်ကိုက်ဆိုတဲ့, ဖြစ်ဆဲဆိုတဲ့ ရုပ်နာမ်ခန္ဓာလေးတွေ တွေ့တွေ့၊ တွေ့တွေ့ နေတော့ကာ အခု သဿတဝါဒ ကြည့်စမ်း သေသေချာချာ၊ သဿတဝါဒ၊ အမေမွေးလာကတည်းက ငါကောင်ဟာ ကနေ့အထိ ထင်ရှားရှိတယ်ဆိုတာ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ ယုံကြည်နိုင်ပါ့အုံးမလား (မယုံကြည်ပါဘူးဆရာ)၊ မယုံကြည်နိုင်ဘူး၊ ဒါကြောင့် ဒီနာနတ္တနည်းကို မြင်လို့ရှိရင်တဲ့၊ "ယံ သမ္မာ ပဿန္တော နဝနဝါနံ ဥပ္ပါဒဒဿနတော သဿတဒိဋ္ဌိံ ပဇဟာတိ။ ယံ၊ အကြင်နာနတ္တနည်းကို။ သမ္မာ၊ မဖောက်မပြန် မှန်မှန်ကန်ကန်။ ပဿန္တော၊ (ပိုင်ခြားတိတိ သိသောသူအား) ပိုင်းခြားထင်ထင် မြင်သောသူသည်။ နဝနဝါနံ၊ အသစ်အသစ်ဖြစ်ကုန်သော ရုပ်နာမ်တို့၏။ ဥပ္ပါဒဒဿနတော၊ ဖြစ်ဆဲကို မြင်ပါသောကြောင့်။ သဿတဒိဋ္ဌိံ၊ စဖြစ်လာကတည်းက ကနေ့ကျအောင် ထင်ရှားရှိတဲ့, မြဲတယ်ဟဲ့, စွဲလမ်းယုံကြည်သော သဿတဒိဋ္ဌိကြီးကို။ ပဇဟာတိ၊ ပယ်စွန့်နိုင်၏။ ဘယ်တော့မှ တစ်ခါ ဖြစ်ပြီးရင် မပျက်ဘဲနဲ့၊ ဒီရုပ်နဲ့၊ ဒီနာမ်နဲ့၊ ဒီခန္ဓာကြီး မြဲနေတယ်၊ ငါမြင်တဲ့ ရုပါရုံသည် ကနေ့အထိ မပျက်ဘဲနဲ့ မြဲနေတယ်၊ တစ်ခါဖြစ်ပြီးရင် ဘယ်တော့မှ မပျက်ဘူး မြဲနေတယ်၊ အမေမွေးလာကတည်းက ငါကောင်လေးဟာ ကနေ့အထိ ဒီငါကောင်လေးပဲ မြဲနေတယ်လို့၊ ဒီလို ဘဝအားဖြင့် မြဲတယ်ဆိုတဲ့ သဿတဝါဒကြီးကို ပယ်နိုင်စွန့်နိုင်တယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊

အဲဒါ ငါ ဧကတ္တနည်းလည်း တော်တော်ကြီး ခွဲစိတ်ပြတယ်၊ နာနတ္တနည်းလည်း တော်တော်ကြီး ခွဲစိတ်ပြတယ်၊ အဲသလောက်ပြတာတောင်ပဲ မရှင်းမလင်းဘူးတဲ့၊ မရှင်းမလင်းတာက စာနဲ့ ပေနဲ့ ပတ်သက်လို့ မရှင်း မလင်းတာ မဟုတ်ဘူး၊ အခုန ပြောသလို ဥပမာနဲ့ ဥပမေယျကို နားမလည်ရှာကြဘူး နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ လာမေးလို့၊ သင်တန်းသားတစ်ယောက် လာမေးလို့ ဒါ ငါပြန်ပြီးတော့ ရှင်းပြတယ်၊ စိတ်ကတော့ ခပ်ပျက်ပျက်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီထိအောင် ငါပင်ပန်းခံ သင်ကြားပေးလျက်သားနဲ့ ဒီဧကတ္တနည်းလေးမှ မပြတ်သားဘူးဆိုတော့ မေးတဲ့ထဲတော့ သဿတဝါဒပေါ့၊ သဿတဒိဋ္ဌိ နာနတ္တနည်းမပါပါဘူး၊ ဧကတ္တနည်းမရှင်းလို့တဲ့၊ ခက်လိုက်တာ၊ ပြတော့လည်းပဲ ဟို အဗျာပါရနည်းရောက်နေပြီးနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ နံပါတ် (၁)ကို မရှင်းဘူး ဆိုတော့ မခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ နံပါတ် (၂)ရှင်းပါ့မလား (မရှင်းနိုင်ဘူးဆရာ)၊ နံပါတ် (၃) ဆိုတာ ပြောစရာ ရှိမှာမဟုတ်ဘူး၊ ဒါကြောင့် မရှင်း, ရှင်းအောင် ထပ်ပြီးတော့ ပြခြင်း၊ ငါလည်း ဒီက တတွတ်တွတ် သတိပေးနေတာ၊ မရှင်းလို့ရှိရင် ကိုယ့်အချင်းချင်း တိုင်ပင်ကြ, တိုင်ပင်ကြ၊ နှစ်ယောက်

http://www.dhammadownload.com



သုံးယောက် တစ်တွဲ ဆိုသလိုပဲ၊ ကိုယ့်သင်တန်းသူသင်တန်းသားချင်း တိုင်ပင် တိုင်ပင်၊ ဧကတ္တနည်းက ဘယ်လို အဓိပ္ပာယ်ဘယ်လို့ ပြောသွားတာတုံး၊ ဒီဧကတ္တနည်းက မြင်လိုက်တော့ ဘယ်လိုဖြစ်တုံး၊ နာနတ္တနည်းက ဘယ်လိုဆိုတဲ့ အဓိပ္ပာယ်တုံး၊ ကိုယ်မသိ သိတဲ့သူနဲ့ တွဲတွဲမေး၊ အချင်းချင်း တွဲတွဲ တွဲတွဲ ရှင်းသွားရင် မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)၊ အဲဒီလိုကလည်း မလုပ်ချင်ဘူး၊ ဒီလိုလည်းပဲ တစ်ယောက်နဲ့တစ်ယောက်ကို တွဲပြီးတော့ ကိုယ်မသိတာ ငါ သူ့မေးမယ်လို့ မမေးချင်ဘူး၊ အောက်ကျ နောက်ကျမှာ စိုးသေးတယ်လို့၊ ဂုဏ်ငယ်မှာလည်း စိုးသေးတယ်၊ တရားရတာ မလွယ်ဘူးနော်။

## တရားရှာတာ နိဝါတ နိမာနနဲ့ ရှာကြပါ

အဲဒါ နားမလည်လို့ ငါနားလည်သလောက် လျှောက်ပြောလို့ရှိရင် တရားရဖို့ အတော်ခဲ ယဉ်းတယ်၊ လူတွေရဲ့ စိတ်နေစိတ်ထားနဲ့, မာန်မာနတရားတွေနဲ့, စေတနာထားပုံလေးတွေနဲ့ တရားရဖို့ အတော်ခဲယဉ်းတယ်၊ ဒါပေမယ့် နာရတဲ့ကုသိုလ်တော့ များပါတယ်။ ငါသင်ပေးတဲ့လမ်းစဉ်တော့ ရောက်လား, မရောက် လားတော့ ငါမပြောတတ်ဘူး၊ နိဝါတနိမာန ရှိကြပါလို့ လောကီစီးပွား ရှာတာ မဟုတ်ဘူး၊ ဒါက လောကုတ္တရာစီးပွား ရှာတာ ခေါ်တယ်၊ တရား, တရား၊ လောကီစီးပွားသာ မာန်နဲ့ ဒီလိုရှာကြ, ဖွေကြတာ။ တစ်ယောက်နဲ့ တစ်ယောက် ဟန်နဲ့, မာန်နဲ့ ဒီလိုလုပ်ကြတာ၊ လောကုတ္တရာ စီးပွားရှာကြတဲ့ နေရာကျတော့ နိဝါတနိမာန ကြပ်ကြပ်ထားပြီး ငါ့ထက်သာ ဆရာဟူ၍ မှတ်။ ကိုယ့်ထက်သာ ဆရာဟူ၍ မှတ်၊ အမြဲကိုယ့်ကိုယ်ကို ဆုံးမ၊ တစ်ကယ့်ကို သူတော်ကောင်း ပညာရှိအောက်၊ အောက်ကျနောက်ကျ ခံရခြင်းသည် အမြတ်တကာ့ အမြတ်ဆုံးပဲလို့ ဒီလိုတွက်။ ဘာမှ အောက်ကျနောက်ကျ ရှက်စရာမလိုဘူး။ သိတဲ့လူသာ မေး၊ ဆွေးနွေး နော် (မှန်ပါတယ်ဆရာ)။ အဲဒါနဲ့ ဧကတ္တနည်းနဲ့ နာနတ္တနည်း အခုပြန်ပြီး ရှင်းသွားတော့၊ ရှင်းလောက်ပြီလား (ရှင်းလောက်ပါပြီ ဆရာ)၊ မရှင်းလောက်လည်း နေရစ်ခဲ့ပေါ့ကွာ။

"အဗျာပါရနည်း" နော် (မှန်ပါတယ်ဆရာ)၊ အဗျာပါရနည်း တမြန်နေ့က လက်စ၊ "အဗျာ ပါရနည်း" ဆိုတာ လုံ့လ ပယောဂ ဗျာပါရ မရှိတာကို အဗျာပါရနည်း ခေါ်တယ်။ လုံ့လ ပယောဂ ဗျာပါရ ဘာမှ မရှိဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)။ အဓိပ္ပာယ်အားဖြင့် မင်းနဲ့ငါ အကြောင်းအကျိုး ဆက်စပ်နေလို့ရှိရင်၊ မင်းက ဆင်းရဲပင်ပန်းတယ်ဆိုလို့ရှိရင်၊ ငါက လူချမ်းသာ ထားပါတော့။ သြော် သူ ဆင်းရဲပင်ပန်းရှာတာ၊ ချမ်းသာအောင်တော့ ငါပြုလိုက်အုံးမှပဲလို့၊ ငါက မင်းကို ချမ်းသာအောင် လုပ်ပေး နော် (မှန်ပါတယ်ဆရာ)၊ ချမ်းသာအောင် လုပ်ပေးတော့ ငါ့ရဲ့ လုံ့လ ပယောဂ ဗျာပါရ မပါဘူးလား (ပါ, ပါတယ်ဆရာ)၊ အဲဒါ လုံ့လ ပယောဂ ဗျာပါရ အားထုတ်မှုပါတယ်တဲ့၊ မဟုတ်ဘူးလား

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ မင်းကလည်း ဘယ့်နှယ့်ကြောင့်၊ ငါ့ကြောင့် ချမ်းသာတာ၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ လုံ့လ ပယောဂ ဗျာပါရတွေ၊ တစ်နည်းအားဖြင့် လှေတက်နဲ့ ခတ်ပြီး အထက်ဆန်တယ်၊ လှေထိုးပြီးတော့ အထက်ဆန်တယ်၊ လှေကြီး တရွေ့ရွေ့နဲ့ လေဆန်ကို တက်တက်၊ တက်တက်သွားတာ ဘာဖြစ်လို့၊ ထိုးဝါးနဲ့ ထိုးပြီး တင်လိုက်လို့၊ တက်နဲ့ ခတ်တင်လိုက်လို့၊ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခတ်တဲ့လူရဲ့ လုံ့လ ပယောဂ မပါဘူးလား (ပါပါတယ်ဆရာ)၊ ခတ်တဲ့လူရဲ့၊ လှော်တဲ့လူရဲ့၊ ထိုးတဲ့လူရဲ့ လုံ့လ ပယောဂ ပါလို့ လှေကြီး တရွေ့ရွေ့တက်သွားတာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ လှေရေဆန်သို့ ဆန်၍တက်ခြင်းသည် ဘာကြောင့်၊ ထိုးဝါးနဲ့ ထိုးတင်လို့၊ ခတ်တက်နဲ့ ခတ်တင်လို့၊ လှော်တက်နဲ့ လှော်တင်လို့ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အကြောင်းအကျိုးကတော့ ဆက်လျက်သား မဟုတ်လား (ဆက်လျက်သားပါဆရာ)၊ ဒါပေမယ့် အဲဒီထိုးဝါးနဲ့ ထိုးခြင်း၊ လှော်တက်နဲ့လှော်ခြင်း၊ ခတ်တက်နဲ့ ခပ်ခြင်း ဆိုတဲ့ လုံ့လ ပယောဂ မပါဘူးလား (ပါ, ပါတယ်ဆရာ)၊ ပြုလုပ်ပေးတဲ့ ပုဂ္ဂိုလ်ရဲ့ လုံ့လ ပယောဂ ပါတယ် နော် (မှန်ပါတယ်ဆရာ)၊ ပြုတတ်တဲ့ပုဂ္ဂိုလ်၊ လုပ်တတ်တဲ့ပုဂ္ဂိုလ် ပါတယ်၊ အဲဒါ လုံ့လ ပယောဂ ဗျာပါရ ခေါ်တယ်၊ နားလည် လား (နားလည်ပါတယ်ဆရာ)၊ "အဗျာပါရနည်း" ဆိုတာ အခု သံသရာကြီးမှာ မင်းတို့၊ ငါတို့ ကျင်လည်ပြီး နေရတာတဲ့၊ သံသရာအစကတည်းက လာလိုက်တာ၊ ဘယ်နှယ့်လုပ် လာနေပြ၊ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ။ တော်ကြာလာပြန်ပြီ - အဝိဇ္ဇာ သင်္ခါရာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ၊ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ စက်ဝိုင်းကြီးက တဝဲလည်လည် မနေဘူးလား (လည်နေပါတယ်ဆရာ)။ ငါ ပထမ ပဋိစ္စသမုပ္ပါဒ်ပြစတုန်းက လည်ကြတဲ့အတိုင်း စက်ဝိုင်းကြီးလိုပဲ မရပ်မနားဘဲနဲ့ လည်မနေဘူးလား (လည်နေပါတယ်ဆရာ)၊ အဲ - လည်နေတော့ သူ့ကြောင့် သူဖြစ်တယ်၊ သူ့ကြောင့် သူဖြစ်တယ်၊ သူ့ကြောင့် သူဖြစ်တယ်နဲ့၊ အဲဒါ အမှုတစ်ခု ရောက်လာမယ် ဆိုလို့ရှိရင် ဒါ ရာဇဝတ်ဘေးပဲဆိုတဲ့ အမှုကြီးဆိုရင်ဖြင့် သူ့ငါလွှဲချ၊ ငါ့သူလွှဲချ၊ ဒီလိုသွားမှာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဟာ . . ကျုပ် သူ့ကြောင့် ဖြစ်တာပါ၊ တစ်ယောက်ကလည်း ဟာ . . သူ့ကြောင့် ကျုပ်ဖြစ်ရတာပါ၊ ဟာ. . သူ့ကြောင့် ကျုပ်ဖြစ်ရတာပါ၊ ဒီလိုလာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။

အဲဒါ ပဋိစ္စသမုပ္ပါဒ် တစ်လုံးချင်း တစ်လုံးချင်းဆိုတာ ရာဇဝတ်ဘေး သင့်မယ်ဆိုလို့ရှိရင် ပထမဆုံး ဘယ်သူ့တွေ့၊ ဇရာမရဏ တွေ့၊ ဟဲ့ . . . ဇရာမရဏ၊ ဘာကြောင့် နင်တို့ ဇရာမရဏဖြစ်၊ ကျုပ်တို့ ဖြစ်ချင်လို့ ဖြစ်တာမဟုတ်ပါဘူး၊ ဟော့ သူ့ကြောင့်၊ ဘယ်သူ့လွှဲချ၊ (ဇာတိလွှဲချပါတယ်ဆရာ)၊

http://www.dhammadownload.com


ဟော ဇာတိလွှဲချတယ် နော် (မှန်ပါတယ်ဆရာ)၊ ရှောင်မယ်မဟုတ်ဘူးလား (ရှောင်မှာပါဆရာ)၊ ကိုယ်လွတ်ရုန်းမယ်၊ ကိုယ်လွတ်ရုန်းမယ်၊ ဟဲ့ . . ဇာတိ နင်ဘာလို့ဖြစ်၊ ကျုပ်ဖြစ်ချင်လို့ ဖြစ်ရတာ မဟုတ်ပါဘူး၊ ဘယ်သူ့ကြောင့် (ဘဝကြောင့်ပါဆရာ)၊ ဘာဘဝတုံး၊ (ကမ္မဘဝပါဆရာ) အေး . . ဟုတ်ပြီ၊ ဟဲ့ . . ကမ္မဘဝ နင့်ကြောင့်ဆိုပါလား၊ နင်ဘာဖြစ်လို့ ဒီလိုလုပ်၊ နင့်ကြောင့် ဒီလိုလာ ဇာတိ ဖြစ်ရတယ် ဆိုပါလား ဟုတ်ကဲ့လား၊ သူက ဘယ့်နှယ့်ပြောလဲ (ဥပါဒါန်ကြောင့်လို့ ပြောပါတယ်ဆရာ)၊ ကျုပ်ကြောင့် မဟုတ်ပါဘူး၊ ဥပါဒါန်ကြောင့် (မှန်ပါတယ်ဆရာရယ်)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်တစ်ခါလိုက်ပြန်ပြီ၊ အမှုက တစ်ခါပေါ်လာ၊ ဟဲ့ . . ဥပါဒါန် နင့်ကြောင့် ဆိုပါလား၊ ဟုတ်ကဲ့ လားလို့ သူက ဘယ့်နှယ့်ပြော (တဏှာ့ကြောင့်လို့ ပြောပါမယ်ဆရာ)၊ ဩော် . . တဏှာ့ကြောင့်၊ တဏှာတွေပြန်တော့ ဘယ်သူ့ကြောင့် ပြော (ဝေဒနာကြောင့် ပြောပါမယ်ဆရာ)၊ ဝေဒနာတွေ့ပြန်တော့ (ဖဿပြောပါမယ်ဆရာ)။

အေး . . အဲဒီလို ဆက်ဆက် ဆက်ဆက်သွားတာ အဝိဇ္ဇာမရောက်ဘူးလား (ရောက်သွား ပါတယ်ဆရာ)၊ အဲဒီလို ရာဇဝတ်ဘေး သင့်ရင်ဖြင့် တစ်ယောက်နဲ့တစ်ယောက် တွန်းချမှာချည်းပဲ နော် (မှန်ပါတယ်ဆရာ)၊ ဒီဥပမာလိုပဲ ဘာမှမထူးပါဘူး၊ (သူ့ကြောင့်၊ သူ့ကြောင့် သူ့ကြောင့်၊ သူ့ကြောင့်နဲ့ သွားလိုက်တာလို့ အဝိဇ္ဇာက စ၊ ပထမဆုံးလက်သည်ရှာတော့ အဝိဇ္ဇာသွားတွေ့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကိုင်း . . ဒါဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရတာ မှန်မနေဘူးလား (မှန်နေပါ တယ်ဆရာ)၊ လွှဲလို့ ပြောင်းလို့ ရသေးရဲ့လား (မရပါဘူးဆရာ)၊ သင်္ခါရကလည်းပဲ အဝိဇ္ဇာကြောင့် ဖြစ်ရတယ်ပေါ့ (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် တစ်ခါလာပြန်ပြီ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်တဲ့၊ ဝိညာဏ် ဘယ်သူ့ကြောင့်ဖြစ်၊ သင်္ခါရကြောင့် နော် (မှန်ပါတယ်ဆရာ)၊ နာမ်ရုပ်က ဘယ်သူ့ကြောင့် ဖြစ်၊ (ဝိညာဏ်ကြောင့်ပါဆရာ)၊ သဠာယတနကော (နာမ်ရုပ်ကြောင့်ပါဆရာ)၊ ဖဿကော့ (သဠာယတနကြောင့်ပါဆရာ)၊ ဝေဒနာကကော (ဖဿကြောင့်ပါဆရာ)၊ တဏှာကကော (ဝေဒနာ ကြောင့်ပါဆရာ)၊ ဥပါဒါန်ကကော (တဏှာကြောင့်ပါဆရာ)၊ ဘဝကကော (ဥပါဒါန်ကြောင့်ပါဆရာ)၊ ဇာတိကကော (ဘဝကြောင့်ပါဆရာ)၊ ဇရာမရဏကကော (ဇာတိကြောင့်ပါဆရာ)၊ အေး - ဒီလို သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းအကျိုး ဆက်စပ်မသွားဘူးလား (ဆက်စပ်သွားပါတယ် ဆရာ)၊ ဆက်စပ်သွားတော့ မှန်ပြီပေါ့၊ (မှန်ပါတယ်ဆရာ)၊ အဲဒီဆက်စပ်မှုလေး အရင်နားလည်အောင် သေသေချာချာကြည့်၊ သေသေချာချာကြည့်၊ အကြောင်းအကျိုးလွှဲပြောင်းလို့ မရတဲ့ သဘာဝလေး တွေပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ဩော် . . သူ့ကြောင့် သူဖြစ်တာတော့ မှန်မှန်၊ မှန်မှန် သွားပြီ၊ ဟုတ်ပြီလို့။

http://www.dhammadownload.com



ကိုင်း . . ဒါဖြင့် ငါမေးမယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ သင်္ခါရ ဘယ်သူ့ကြောင့် ဖြစ်တုံး၊ (အဝိဇ္ဇာကြောင့် ဖြစ်တာပါဆရာ)၊ သင်္ခါရဟာ အဝိဇ္ဇာကြောင့် ဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတာပေါ့ (မပေးဘူး ဆရာ)၊ ဩော် - အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတာ မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)၊ ဩော် . . အဝိဇ္ဇာကြောင့် ဖြစ်တာတော့ မှန်တယ်လား (မှန်ပါဆယ်ဆရာ)၊ ဒါပေမယ့် အဝိဇ္ဇာက လုပ်ပေးတဲ့ သင်္ခါရ မဟုတ်ဘူးပေါ့ (မဟုတ်ဘူးဆရာ)၊ ဒါဖြင့် အဝိဇ္ဇာကရော သင်္ခါရကို ငါဖြစ်စေမယ်၊ သင်္ခါရ ငါဖြစ်အောင် လုပ်ပေးမယ်လို့ သူ့လုံ့လ ပယောဂ ဗျာပါရ ပါသလား (မပါဘူးဆရာ)၊ မပါဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မင်းက ငါပထမ အဗျာပါရနည်းစပြတဲ့ ဉကတည်းက မင်း ဒီအဖြေထွက်လာတာ၊ မင်း ငါတော်တော်ချီးမွမ်းတာ၊ လူနဲ့မတန်ဘူးကွ အသိဉာဏ်လေးက နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သူများပြောလို့ ပြောတာလား၊ မင်းဉစ္စာ မင်းသိတားလား (ကျွန်တော့်ဟာ ကျွန်တော်သိတာပါ၊ ဘယ်သူမှ မပြောဘူးဆရာ၊ မေးကြည့်)၊ ဟုတ်မှ ဟုတ်ပါ့မလား လုပ်စမ်းပါ၊ (တကယ်ဘုရားစူးပါဆရာ)၊ အံမယ် . . ဒါဖြင့် မင်းပြန်ပေးဆွဲမယ်၊ (ဆွဲပါဆရာ)၊ ဩော် . . . ဒါတော့ မင်းကျိန်ရဲမှာပေါ့၊ ငါက သိပါတယ်။ ပြန်ပေးကိုတောင် မင်းက ပြန်ဆွဲမှာပါ။

အေးကွာ . . ငါ မင်းကြည့်ကြည့်ပြီးတော့ ခုန ငါ့ ဧကတ္တနည်းမပြတ်သားဘူး လာမေးတဲ့လူ ငါအံ့ဩလို့ မဆုံးဘူး၊ ငါပြောတာ စိတ်လည်း မဆိုးနဲ့နော်၊ သန်းဖေတောင်ကွယ် . . ဧကတ္တနည်း ငါ ငါးညလောက်ပြတာ သဘောရှင်းသွားတယ်၊ မေးလိုက်ရင် ဒက်ကနဲ ဒက်ကနဲနဲ့ သဘောထဲ ပေါ်သွားတယ်၊ သန်းဖေလို လူစားတောင် နားလည်သေးတာ၊ ဘယ့်နှယ်တုံး၊ ဒီလူတွေဟာ ဘယ်လို ပါလိမ့်မတုန်းလို့ ငါ့စိတ်ထဲ ဒီလိုပဲ အောက်မေ့တယ်၊ ဒါဖြင့်ရင် အဝိဇ္ဇာဓာတ်ထဲမှာ အဝိဇ္ဇာရဲ့သတ္တိ၊ အဝိဇ္ဇာရဲ့သဘောထဲမှာ နော် (မှန်ပါတယ်ဆရာ)၊ သင်္ခါရကို ငါဖြစ်အောင် လုပ်လိုက်မယ်ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ မရှိဘူးပေါ့၊ (မရှိပါဘူးဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အေး အေး . . ဟုတ်ပြီ၊ မှတ်ထားနော်၊ သမာဓိလည်း ကောင်းကောင်းထား၊ ငါ့လာလာ မမေးရအောင်ကိုပဲ ငါက သင်သင်ပေးနေတာ၊ တကယ်နားမလည်, လည်အောင်၊ တကယ်မပြတ်, ပြတ်သားအောင် အထပ် ထပ်နဲ့ သင်သင်ပေးနေတာ သေသေချာချာမှတ်၊ သမာဓိကောင်းကောင်းထား၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာတော့ မှန်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် အဝိဇ္ဇာရဲ့သဘောထဲမှာ, အဝိဇ္ဇာရဲ့ သတ္တိထဲမှာ ငါ သင်္ခါရကို ဖြစ်အောင် လုပ်ပေးလိုက်မယ်၊ သင်္ခါရဟာ ငါလုပ်ပေးမှ ဖြစ်မှာ၊ သင်္ခါရတော့ ငါဖြစ်အောင် ထူထောင်ပေးအုံးမှပဲ ဆိုတဲ့ လုပ်ပေးတတ်တဲ့ လုံ့လ ပယောဂ ဗျာပရ မရှိပါဘူးတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဗျာပါရ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ မရှိဘူးနော်

http://www.dhammadownload.com


(မှန်ပါ တယ်ဆရာ)၊ နောက်တစ်ခါ သင်္ခါရတစ်ခါသွားပြန်ရော၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ် ဆိုတော့၊ ဟဲ့နင်ဝိညာဏ် ဘယ်သူ့ကြောင့်ဖြစ်၊ သင်္ခါရကြောင့် ဖြစ်တာပါ၊ သင်္ခါရကြောင့် ဖြစ်တာမှာ ရုတ်တရက် ကြည့်လိုက်တော့ သင်္ခါရကြောင့်ဖြစ်တာပါလို့ လွှဲချလိုက်တော့ သင်္ခါရလုပ်ပေးလို့သာ ဒီဝိညာဏ်ဖြစ်ရတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ) အေး ရုတ်တရက်ကြည်တော့ ဒီလိုပဲ။

## အဗျာပါရတရား ဆိုတာ တခြားမဟုတ်ပါ

ဟာ . . လက်စသတ်တော့ ဒီဝိညာဏ်ဖြစ်တာနဲ့ တခြားဟာမှ မဟုတ်ဘဲ သင်္ခါရက လုပ်ပေးလို့ကိုး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဒီလိုမဟုတ်ပါဘူးတဲ့၊ သင်္ခါရသတ္တိ, သင်္ခါရသဘောထဲမှာ သေချာကြည့်စမ်းပါတဲ့၊ ဝိညာဏ်တော့ ငါဖြစ်အောင် လုပ်ပေးအုံးမှပဲ ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိဘူးတဲ့၊ ရှိရဲ့လား (မရှိဘူးဆရာ)၊ မရှိဘူး၊ အဲဒီလို လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိတဲ့တရားကို "အဗျာပါရတရား"ခေါ်တယ်၊ အဗျာပါရနည်းတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ တစ်ခါ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပြန်ပြီတဲ့၊ နာမ်ရုပ်မေးတယ်၊ နင်ဘယ်သူ့ကြောင့် ဖြစ်သလဲ၊ ဝိညာဏ်ကြောင့် ဖြစ်တာပါ၊ ဝိညာဏ်ဖြစ်လို့ ဖြစ်ရတာပါ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဝိညာဏ်မေးကြည့်၊ ဝိညာဏ်ဟုတ်ကဲ့လား၊ နင့်ကြောင့် ဖြစ်တယ်ဆိုတာ ဟုတ်လား၊ ဟုတ်ပါတယ်၊ သူ့ကြောင့် ဖြစ်တာပါ၊ ကျုပ်က အကြောင်းတရား၊ သူက အကျိုးတရားပါ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ်လို့ နင်ဟာ ဝိညာဏ်ဖြစ်အောင် လုပ်ပေးမယ်ဆိုတဲ့ သတ္တိများ နင့်ထဲရှိသလား၊ ဝိညာဏ်ဖြစ်အောင် လုပ်တတ်တဲ့ သဘောရှိသလား၊ ဝိညာဏ်ဖြစ်အောင် လုပ်ပေးလိုက်တဲ့ လုံ့လ ပယောဂ ဗျာပါရ ရှိသလားလို့ မေးကြည့်၊ သင်္ခါရထဲ ဘာမှမရှိဘူး၊ ရှိရဲ့လား (မရှိပါဘူးဆရာ) မရှိဘူးနော် (မရှိပါဘူးဆရာ)၊ ဘာမှမရှိဘူး။ ဒါပေမယ့် ဝိညာဏ်က သင်္ခါရကြောင့် ဖြစ်တာ မှန်တယ်နော် (မှန်ပါတယ်ဆရာ)၊ အေး . . ဟုတ်တယ်၊ ဟုတ်တယ်၊ သမာဓိကောင်းကောင်း ထားနော်၊ အခုန ပြောသလို လွယ်မယောင်နဲ့ ခက်လည်းခက်တယ်၊ ရုတ်တရက် သဘောသွားတိုး မိချင်မှ တိုးမိမှာ၊ လွယ်မယောင်နဲ့ ခက်တယ်၊ သဘောလေး ကြပ်ကြပ်စဉ်းစား စဉ်းစားပြီး ဦးနှောက်ထဲ သွင်းသွင်းပြီး စဉ်စား၊ သမာဓိကောင်းကောင်းထား။

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်မေး၊ နင်ဘာ့ကြောင့်ဖြစ်၊ ဝိညာဏ်ကြောင့် ဖြစ်တာပါ၊ ဘယ်သူ့ကြောင့်ဖြစ်၊ ဝိညာဏ်ကြောင့် ဖြစ်တာပါ မမှန်ဘူးလား (မှန်ပါတယ်ဆရာ)၊ မှန်တယ်၊ ဒါဖြင့် ဒီလိုပြန်မေးကြည့်စမ်း - နာမ်ရုပ်သည် ဝိညာဏ်ကြောင့် ဖြစ်တယ်ဆိုတာ ဟုတ်ပြီ၊ ဝိညာဏ်ကြောင့် ဖြစ်တာတော့ မှန်ပြီ၊ ဝိညာဏ်က အကြောင်းတရား၊ နာမ်ရုပ်က အကျိုးတရား ဟုတ်ပြီ၊

http://www.dhammadownload.com



ဟုတ်ပြီ၊ ဒီနာမ်ရုပ်သည် ဝိညာဏ်ကြောင့် ဖြစ်သည်။ ဒါပေမယ့် အဲဒီဝိညာဏ်ရဲ့ သတ္တိထဲမှာ ကြည့်စမ်းပါ၊ သဘောထဲမှာ ကြည့်စမ်းပါ၊ နာမ်ရုပ်နှစ်ပါးကို သူဖြစ်အောင် လုပ်ပေးတတ်တဲ့ လှုံ့လ ပယောဂ ဗျာပါရ ရှိသလား (မရှိဘူးဆရာ)၊ မရှိဘူးမို့လား (မရှိပါဘူးဆရာ)၊ ဒါပေမယ့် သူ့ကြောင့် ဖြစ်တာတော့ မှန်တယ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . သူ့ကြောင့်သာ ဖြစ်တာ၊ သူလုပ်ပေးလို့ ဖြစ်တာ မဟုတ်ဘူး၊ နားလည်လား (နားလည်ပါတယ်ဆရာ) သူ့ကြောင့်သာ ဖြစ်တာ၊ သူလုပ်ပေးလို့ ဖြစ်တာ မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ နောက်တစ်ခါ သဠာယတနလာပြန်ပြီ၊ သဠာယတန ဘာ့ကြောင့် ဖြစ်၊ နာမ်ရုပ်ကြောင့် ဖြစ်၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သဠာယတန ဘာ့ကြောင့် ဖြစ်၊ နာမ်ရုပ်ကြောင့် ဖြစ်၊ သဠာယတန ဘယ်သူ့ကြောင့် ဖြစ်၊ နာမ်ရုပ်ကြောင့် ဖြစ်၊ ဒီလိုမဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)၊ နာမ်ရုပ်က အကြောင်းတရားမို့လား (အကြောင်းတရားပါ ဆရာ)၊ အဲ - အကြောင်း တရားတော့ မှန်တယ်၊ သူ့ကြောင့် ဖြစ်တာပဲတဲ့။ သူ့ကြောင့်ဖြစ်တာတော့ မှန်ရဲ့၊ ဒါပေမယ့် အဲဒီနာမ်ရုပ်ထဲမှာ သေသေချာချာကြည့်စမ်း - နာမ်ရုပ်တရားနှစ်ပါးထဲ၊ သဠာယတနကို ဖြစ်အောင် လုပ်ပေးတတ်တဲ့ လှုံ့လ ပယောဂ ဗျာပါရ ရှိလား (မရှိပါဘူးဆရာ)၊ မရှိဘူးမို့လား (မရှိပါ ဘူးဆရာ)၊ ဘာမှမရှိဘူး နော် (မှန်ပါတယ်ဆရာ)။

အဲဒါမှ နားမလည်သေးလည်း ငါပြောမယ်၊ ပြုတတ်, လုပ်တတ်တဲ့သူ၊ ပြုတတ်, လုပ်တတ်တဲ့ သူကောင် လူကောင် ငါကောင် သတ္တဝါကောင် ဒါ သမ္မုတိအနေအားဖြင့် ရှိတယ်မို့လား (ရှိပါတယ် ဆရာ)၊ ဘယ်သူက ဘယ်သူ့ကို ဘာလုပ်ပေးတာပဲ၊ ဘယ်သူက ဘယ်သူ့ကို ဘယ်ပို့ပေးတာပဲ၊ လုပ်ပေးတယ်မို့လား (မှန်ပါတယ်ဆရာ)၊ ပြုတတ်, လုပ်တတ်သောသူလို့ ဒီတော့ သေသေချာချာကြည့်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတဲ့ နေရာမှာ အဝိဇ္ဇာက သင်္ခါရကို ဖြစ်အောင် လုပ်ပေးတတ်တဲ့ သူကောင် လူကောင် သတ္တဝါကောင်လေး ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)၊ တရားကိုယ်ကောက်တော့ မောဟ ရတယ်၊ (မှန်ပါတယ်ဆရာ)၊ နော် (မှန်ပါတယ် ဆရာ)၊ ပြုတတ်, လုပ်တတ်တဲ့ အကောင်လေး ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူး၊ ဘာမှ နားမလည်စရာမရှိဘူး၊ တကယ်နားမလည်, လည်အောင် သင်ပေးနေတာ၊ လည်ရမယ်၊ ဩော် အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်လာတယ်၊ သင်္ခါရရဲ့တရားကိုယ် တရားသား ကောက်လိုက်တော့ စေတနာ တွေ ရတယ်၊ တို့ဝမ်းထဲ တဖွားဖွားနဲ့ ဖြစ်နေတဲ့ ကုသိုလ်စေတနာ, အကုသိုလ်စေတနာတွေဟာ ဘာ့ကြောင့် ဖြစ်သလဲ၊ အဝိဇ္ဇာကြောင့် ဖြစ်တယ်၊ အင်း . . . အဝိဇ္ဇာမရှိရင် မဖြစ်ဘူးတဲ့၊ ဟုတ်မှာ အဝိဇ္ဇာရှိလို့ တို့ ဒီသင်္ခါရဆိုတဲ့ စေတနာသုံးမျိုးဟာ တစ်မျိုးပြီး တစ်မျိုး လှည့်ကာပတ်ကာနဲ့ ဖြစ်နေ ကြတယ်၊ ဒီစေတနာတွေဟာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီစေတနာဆိုတဲ့ သင်္ခါရလေးတွေ ဖြစ်ဖြစ်

http://www.dhammadownload.com



ဖြစ်ဖြစ်နေတဲ့ဥစ္စာ အဝိဇ္ဇာကြောင့် ဖြစ်တာတော့ ဟုတ်ပြီ၊ အဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်သာလျှင် ဖြစ်တတ်တယ်လို့ ပြောတာ။

ဒါပေမယ့် ဒီအဝိဇ္ဇာကများ ဒီစေတနာလေးတွေ ဖြစ်အောင်များ လုပ်ကိုင်ပေးတတ်တဲ့ အကောင် လေးများ ဖြစ်နေရော့လားလို့ ကြည့်လိုက်တော့ ရှိရဲ့လား (မရှိဘူးဆရာ)၊ အကောင်လေးရော့ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ ပြုတတ်, လုပ်တတ်တဲ့ အကောင်လေး မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)၊ ဘာမှ ထွေးစရာမဟုတ်ဘူးဟဲ့၊ ရှင်းရှင်းလေးရယ် သူဟာ၊ အကောင်အထည်မဟုတ်ပါဘူး၊ အဝိဇ္ဇာ ပြုတတ် လုပ်တတ်တဲ့ သတ္တဝါကောင်မဟုတ်ပါဘူး၊ ငါကောင်မဟုတ်ပါဘူးနော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ် ဒီအတိုင်းဆက်ဆက် ဆက်ဆက်သွားကွာ၊ နာမ်ရုပ်နှစ်ပါးကြောင့် သဠာယတန ဖြစ်တယ်ဆိုတာ မှန်၏၊ သူ့ကြောင့် ဖြစ်တယ်ဆိုတာ မှန်၏၊ ဒါပေမယ့် နာမ်ရုပ်နှစ်ပါးထဲမှာ သဠာယတနဖြစ်အောင် ငါလုပ်ပေးမယ်ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ လုံးဝမရှိဘူး၊ လုပ်တတ်, ပြုတတ်သော အကောင်အထည်လေးလည်း မဟုတ်ပါ၊ နားလည်လား (နားလည်ပါပြီဆရာ)၊ သဠာယတနကြောင့် ဖဿဖြစ်တာနဲ့ ဖဿ နင်ဘာ့ကြောင့်ဖြစ်၊ သဠာယတနကြောင့် ဖြစ်ရတာလို့ ပြောတယ်၊ ဟုတ်ကဲ့လား၊ ဟုတ်တယ်လွဲပြောင်းလို့ မရဘူး၊ အကြောင်းကတော့ ဒါပဲ၊ သူ့ကြောင့်ဖြစ်တာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဟဲ့ . . . သဠာယတန နင့်ကြောင့် ဖဿဖြစ်တယ် ဆိုတာ မဟုတ်ဘူးလား (ဟုတ်ပါတယ်)၊ ဒါဖြင့် နင့်ကြောင့် ဖဿဖြစ်တယ်ဆိုတာ ဟုတ်ပါပြီ၊ နင်ဖြစ်အောင် လုပ်ပေးတာလားဆိုတော့ ဘယ်နှယ့်ပြောသလဲ (လုံ့လ ပယောဂ ဗျာပါရ မပါပါဘူးဆရာ)၊ အကျယ်လေး ဖြေလိုက်တယ်နော် မဆိုးပါဘူး၊ မင်းဟာ အကျယ်လေးဖြေလိုက်၊ ဖဿမေးတယ်၊ နင် ဘာ့ကြောင့် ဖြစ်တုံး၊ သဠာယတနကြောင့် ဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ သဠာယတန မေးတယ်၊ ဟဲ့ သဠာယတန နင့်ကြောင့် ဖဿဖြစ်တယ် ဆိုတာ ဟုတ်ကဲ့လားလို့ မေးတော့ ဘယ့်နှယ်ဖြေလဲ၊ (မဟုတ်ပါဘူးဆရာ)၊ ဟောဗျာ နင့် အဘကြောင့် ဖြစ်တာပေါ့၊ ဖဿ ဘယ်သူ့ကြောင့်ဖြစ်၊ (သဠာယတနကြောင့် ဖြစ်တာပါဆရာ)၊ ဒါနဲ့ မဟုတ်ပါဘူးဆိုကွ၊ ဖဿသည် သဠာယတနကြောင့် ဖြစ်တယ်လား၊ (မှန်ပါတယ် ဆရာ)၊ ဒါဖြင့် သဠာယတနမေး၊ နင့်ကြောင့် ဖဿဖြစ်တယ်ဆိုတာ ဟုတ်သလား မေးတော့ ဘယ့်နှယ့်ပြောလဲ (မဟုတ်ပါဘူးဆရာ)၊ ဟောဗျာ ဒုက္ခမှ အကြီးစားပဲ၊ နင့်အဘကြောင့် ဖြစ်သလားဟ၊ သဠာယတန နင့်ကြောင့် ဖဿဖြစ်တယ်ဆိုတာ ဟုတ်သလားလို့ မေးတော့၊ သဠာယတနက ဘယ့်နှယ့်ပြော၊ ဟောဗျာ ဟောဒီအကောင့်ကိုက ဒီနေရာ ဝဲလည်နေရော၊ ဘယ့်နှယ့်ပြောမတုံး၊ (ဖဿဖြစ်အောင်) မင်း ငါ့မေးတဲ့စကား ကြည့်ဖြေ၊ ကြည့်ဖြေ၊ ကြည့်ဖြေ၊ ခင်ဗျား အဖြေကြီးနဲ့ မေးနေတာ ခင်ဗျာ၊ မင်းဘာမှ ကွန့်စရာ ညွှန့်စရာ မလိုဘူး၊ တရားရှည်ကြီး လျှောက်

http://www.dhammadownload.com



ဟောစရာမလိုဘူး မင်း၊ ကိုင်း . . . ငါမေးတယ်၊ ဖဿ ဘယ့်သူ့ကြောင့်ဖြစ်၊ (သဠာယတနကြောင့် ဖြစ်တာပါဆရာ) ကဲ . . . သဠာယတနကြောင့် ဖြစ်တာနော် (မှန်ပါတယ်ဆရာ)၊ သဠာယတန မေးတယ်၊ ဟဲ့. . . သဠာယတန နှင့်ကြောင့် ဖဿ ဖြစ်တယ်ဆိုတာ ဟုတ်သလား (ဟုတ်ပါတယ် ဆရာ)။ ဩော် . . ဟုတ်သွားပေ့ါနော် နားလည်လား (နားလည်ပါပြီဆရာ)၊ ဖဿဖြစ်တယ်ဆိုတာ ဟုတ်သလားဆိုတော့ သဠာယတနက ဝန်ခံတယ်၊ ဟုတ်ပါတယ်၊ ကျုပ်ကြောင့် ဖြစ်တာလို့ ဒီလိုမဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)၊ ငါမေးတာ နားလည်လား (နားလည်ပါဆရာ)။

ကဲကဲ ပြန်ပြော ပြန်ပြော . . . ဖဿ နှင်ဘယ်သူ့ကြောင့်ဖြစ်၊ (သဠာယတနကြောင့် ဖြစ်တာ ပါဆရာ)၊ မေးတဲ့သူက မယုံလို့ သွားမေးတယ်၊ ဟဲ့ . . . သဠာယတန နှင့်ကြောင့် ဖဿဖြစ်ရတယ်ဆို ဘယ့်နှယ့်ဖြေ၊ (ဟုတ်ပါတယ်ဆရာ)၊ ဩော် . . ဟုတ်ပါတဲ့လား၊ ဟဲ့ . . တည့်သွားပြီး, တည့်သွားပြီ နော်၊ ဟုတ်ပါတယ်လား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် နှင်က ဖဿဖြစ်အောင် နှင်လုပ်ပေးတာပေ့ါ (မဟုတ်ပါဘူးဆရာ) ဩော် - အဲဒီလိုမှ နော်၊ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ ဖဿ နှင်က ဖဿဖြစ်အောင် နှင်လုပ်ပေးတာပေ့ါ (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ပါဘူး၊ ဟုတ်တတ်ဆိုရင်တော့ ဘေးသာထိုးလိုက်ပေတော့ နော် (မှန်ပါတယ်ဆရာ)၊ နှင်လုပ်တတ်တဲ့ အကောင်လားဆိုပြီးတော့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရှင်းရဲ့လား, နားလည်လား (ရှင်းပါတယ်ဆရာ)၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်တဲ့၊ ဝေဒနာမေးတယ်၊ နှင်ဘယ်သူ့ကြောင့် ဖြစ်တာတုံး (ဖဿကြောင့် ဖြစ်တာပါ ဆရာ)၊ ဖဿကြောင့် ဖြစ်တယ်လား (မှန်ပါတယ်ဆရာ)။ မေးတဲ့သူက မယုံဘူး၊ သွားမေးတယ်၊ ဟဲ့ ဖဿ နှင့်ကြောင့် ဝေဒနာဖြစ်ရတယ်ဆို (ဟုတ်ပါတယ်ဆရာ)၊ ဩော် . . ဟုတ်တယ်လား ဒီကောင် ပါးသွားပြီ၊ ပါးသွားပြီ နော် ဟုတ်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် နှင်က ဝေဒနာဖြစ်အောင် နှင်လုပ်ပေးတာလား (မဟုတ်ပါဘူးဆရာ)၊ ဩော် . . . တည့်သွားပြီ နော်၊ သူလုပ်ပေးတာ မဟုတ် ဘူးပေ့ါ (မဟုတ်ပါဘူးဆရာ)၊ အေး, အေး ဟုတ်ပြီ၊ ဟုတ်ပြီ။

နောက်တစ်ခါ တစ်ခါလာပြန်ပြီ၊ တဏှာ နှင်ဘာ့ကြောင့်ဖြစ်၊ (ဝေဒနာကြောင့် ဖြစ်တာပါ ဆရာ)၊ မှန်ရဲ့လားဟဲ့ (မှန်ပါတယ်ဆရာ)၊ အေး . . မှန်ပါတယ်၊ နှင်က တဏှာထားပေ့ါဟ နော် (မှန်ပါတယ် ဆရာ)၊ ဟင့် နှင်က တဏှာပေ့ါ ဟုတ်လား၊ နှင်ဘာ့ကြောင့်ဖြစ်၊ (ဝေဒနာကြောင့် ဖြစ်ပါတယ်ဆရာ)၊ ဩော် . . . ဝေဒနာကြောင့် ဖြစ်တယ်၊ မှန်ရဲ့လား (မှန်ပါတယ် ဆရာ)၊ ဒါဖြင့် ငါ ဝေဒနာမေးကြည့်အုံးမယ်၊ ဝေဒနာ နှင် တဏှာ့ကြောင့် ဖြစ်တယ်ဆိုတာ ဟုတ်သလား (ဟုတ်ပါ တယ်ဆရာ)၊ အဲ . . . ဟုတ်ပါတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဝေဒနာ နှင်က တဏှာ

http://www.dhammadownload.com



ဖြစ်အောင် နင်လုပ်ပေးလိုက်တာလား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)၊ ဟုတ်တယ်ဆိုရင် မှန်ပါ့မလား (မမှန်ပါဘူးဆရာ)၊ ဘာဖြစ်လို့ မမှန်တာလဲ (လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိလို့ပါဆရာ) ဩော် . . . ဝေဒနာမှာ တဏှာကို လုပ်ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိဘူးလား (မရှိပါဘူးဆရာ)၊ အေး မရှိဘူး။

နောက်တစ်ခါ ဥပါဒါန်သွားပြန်ပြီ၊ ဥပါဒါန် နင် ဘယ်သူ့ကြောင့်ဖြစ်၊ (တဏှာ့ကြောင့် ဖြစ်တာပါ ဆရာ)၊ တဏှာ့ကြောင့် ဖြစ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တဏှာမေးကြည့်တယ်၊ ဟဲ့ . . တဏှာ, ဥပါဒါန် နင့်ကြောင့် ဖြစ်တယ်ဆိုတာ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အေး ဟုတ်တယ်၊ မှန်တယ် နော် (မှန်ပါတယ်ဆရာ)၊ သူ့ကြောင့်ဖြစ်တာ အမှန်၊ အကြောင်းက လွှဲပြောင်းလို့ ရကောင်းသေးလား (မရကောင်းဘူးဆရာ)၊ ဒါပေမယ့် ဟဲ့ . . တဏှာ, နင်က ဥပါဒါန်ကို နင်ဖြစ်အောင် လုပ်ပေးလိုက်တာလားလို့ (မဟုတ်ပါဘူးဆရာ)၊ ဩော် . . မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)၊ ဒါတောင် တွေးနေပြီသူက၊ မဟုတ်ဘူးတဲ့လား၊ (မဟုတ်ပါဘူးဆရာ)၊ သူ့မှာလုပ်နိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အေး . . . ဘာမှမရှိဘူး၊ ဒါသေသေချာချာ ပြထားတဲ့ တရားကိုယ် တရားသားလေးတွေနဲ့ ပြန်ပြန် ပြန်ပြန် ကောက်ကောက်၊ ကောက်ကောက်ကြည့်ပြီးတော့ ပဋိစ္စသမုပ္ပါဒ်ကို ဝင်စားကြစမ်းပါ၊ ဝင်စားကြစမ်းပါ၊ လှည့်ကြစမ်းပါ၊ အလကား အားလပ်ချိန်ကလေး ရလို့ရှိရင်, အဖော်ရှိရင် အဖော်နဲ့၊ အဖော်မရှိရင် စာအုပ်ကလေး သေသေချာချာကြည့်၊ ကြည့်ပြီး တော့ စဉ်းစားပြီး ဩော် . . . တို့ သံသရာကြီးလည်နေတာ ဒီလိုပါပဲလား၊ ဒီစာရွက်ထဲ ပြထားတာ မူအားဖြင့် ချပြထားတာ၊ ဖြစ်တာက တို့ရဲ့အဇ္ဈတ္တသန္တာန်ဖြစ်နေတဲ့ တရားတွေပြ၊ ဘဝ အဆက်ဆက်က ဟိုး . . . သံသရာအစကတည်းက တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ ဒီလိုဖြစ်ဖြစ်၊ ဖြစ်ဖြစ် လာတာ၊ ပြန်ပြန်၊ ပြန်ပြန်သုံးသပ်ကြည့်စမ်း။

ကဲ့ . . ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဘဝမေးစမ်းကွာ၊ ဘဝ ဘယ်သူ့ကြောင့်ဖြစ်၊ (ဥပါဒါန် ကြောင့်ပါဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဥပါဒါန်မေးကြည့်စမ်း - ဥပါဒါန် နင့်ကြောင့် ဘဝဖြစ်တယ်ဆိုတာ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဩော် . . ဟုတ်တယ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုတာ မှန်တယ်ပေါ့၊ (မှန်ပါတယ်ဆရာ)၊ အကြောင်းကတော့ လွှဲလို့, ပြောင်းလို့ မရဘူး ပေါ့၊ (မရပါဘူးဆရာ)၊ သူ့ကြောင့်ပဲလို့ စွဲစွဲလန်းလန်း၊ ဒါပေမယ့် ဥပါဒါန်က ဘဝကို ဖြစ်အောင် လုပ်ပေးတယ်ဆိုတာ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ) မဟုတ်ဘူး၊ ဘာဖြစ်လို့၊ ဥပါဒါန်က လုပ် တတ်, ပြုတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါဘူးလို့ နားလည်လား (နားလည်ပါပြီဆရာ)၊ နောက် ဘဝကြောင့် ဇာတိဖြစ်တယ်၊ ဇာတိတစ်ခါမေး၊ နင် ဘယ်သူ့ကြောင့်ဖြစ်၊ ဘဝကြောင့်ဖြစ်တယ်၊ ဒီလို

http://www.dhammadownload.com



မဟုတ်လား (မှန်ပါတယ်ဆရာ)။ အကြောင်းက လွှဲပြောင်းလို့ မရဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ဘဝကြောင့် ဇာတိဖြစ်တယ် ဆိုတော့ ဘဝက ဇာတိကို ဖြစ်အောင်များ လုပ်ပေးတတ်တဲ့ သဘောသတ္တိ လှုံ့လ ပယောဂ ဗျာပါရ ရှိသလား (မရှိပါဘူးဆရာ)၊ မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဇရာ မရဏ မေးပြန်တယ်၊ ဇရာ မရဏ နင် ဘယ်သူ့ကြောင့်ဖြစ်၊ ဇာတိကြောင့်ဖြစ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဇာတိကြောင့်ဖြစ်၊ အကြောင်းကတော့ လွှဲလို့မရဘူး၊ ဇာတိကြောင့်ဖြစ်တာတော့ မှန်တယ်၊ ဒါပေမယ့်လို့ ဇာတိက ဇရာမရဏနှစ်ပါးကို ဖြစ်အောင် လုပ်ပေးတတ်တဲ့ လှုံ့လ ပယောဂ ဗျာပါရ ရှိလား (မရှိပါဘူးဆရာ)၊ သူ ပုဂ္ဂိုလ် သတ္တဝါမှ မဟုတ်ဘဲနော် (မှန်ပါတယ်ဆရာ)၊ ပြုတတ်, လုပ်တတ်သော အကောင်အထည်လည်း မဟုတ်။ ဒါပေမယ့် အကြောင်းကတော့ သူ့ကြောင့် ဖြစ်တာ မှန်တယ်မို့လား (မှန်ပါတယ်ဆရာ)။ ဒါ့ကြောင့် တစ်ခုတစ်ခု သေသေချာချာ ကြည့်ရှု သုံးသပ် ဆင်ခြင်သွားရင်တဲ့ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးနိုင်သော လှုံ့လ ပယောဂ ဗျာပါရ မရှိ နော် (မှန်ပါတယ်ဆရာ)၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ မရှိဘူး၊ မရှိဘူး။

အဲဒါကို လုံးစေ့ပတ်စေ့နဲ့ လည်လည်ပတ်ပတ်ကြီး သိသွားတော့ကာတဲ့၊ ပြုတတ်, လုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါရှိတယ်ဆိုတဲ့ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ အစွဲတည်းဟူသော အတ္တဒိဋ္ဌိကြီး ကွာနိုင်, ရှင်းနိုင်, လင်းနိုင်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အတ္တဒိဋ္ဌိ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အတ္တဒိဋ္ဌိ၊ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ဆိုတဲ့ အယူသည် အတ္တဒိဋ္ဌိ ခေါ်၏။ ၎င်းအဗျာပါရ တရား တစ်ခု တစ်ခုကို စစ်ဆေးကြည့်ရှုတဲ့အခါမှာ တရားတစ်ခုကို ဖြစ်သွားအောင် လုပ်ပေးတတ်သော လှုံ့လ ပယောဂ ဗျာပါရ လုံးလုံးမရှိမှန်း သိတဲ့အချိန်မှာ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ပြုတတ်, လုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်ဆိုတဲ့ အင်မတန်ကြောက်ဖွယ်ကောင်းသော အတ္တဒိဋ္ဌိကြီးဟာ ကွာနိုင်, ရှင်း နိုင်, လင်းနိုင်ပြီ။

မနေ့က အဆက်ကလေး . . ကေတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း။ အဗျာပါရ - ဗျာပါရမရှိသော နည်းကို အဗျာပါရနည်း ခေါ်၏။ ဗျာပါရ ဆိုတာ လှုံ့လ ပယောဂမရှိတာ၊ ပြုတတ်၊ လုပ်တတ်၊ ဖန်ဆင်းတတ်၊ ဖန်တီးတတ်၊ ဒီလိုပြုခြင်း၊ လုပ်ခြင်း၊ ဖန်ဆင်းခြင်း၊ ဖန်တီးခြင်းဆိုတဲ့ လှုံ့လ ပယောဂ ဗျာပါရ မရှိခြင်းသည် အဗျာပါရ ခေါ်၏။ ဒါကြောင့် ယခု ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးမှာ အဝိဇ္ဇာက စ၊ ဇရာမရဏကျအောင် အကြောင်းအကျိုး ဆက်စပ်ပြီးတော့ ဖြစ်ပျက်သွားတဲ့နေရာ လေးတွေ သေသေချာချာ သမာဓိလည်း ကောင်းကောင်းထား၊ စဉ်းစားကြည့်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့်

http://www.dhammadownload.com



တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ၊ အဲဒါ အကြောင်းအကျိုး ဆက်စပ်ပြီးတော့ အကြောင်းကြောင့် အကျိုးဖြစ်တယ်၊ အကြောင်းကြောင့် အကျိုးဖြစ်တယ် ဆိုတာတော့ နားလည်သွားပြီ၊ အကြောင်းမရှိဘဲနဲ့ အကျိုးတရားမပေါ်ဘူး။ အကြောင်းရှိလို့ အကျိုးတရား ပေါ်တယ်ဆိုတာ ဒါ ထင်ရှားတယ်၊ ဒါဖြင့်ရင် အဗျာပါရနည်းအနေအားဖြင့် ကြည့်စမ်းပါလို့ ဗျာပါရမရှိပုံ။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတဲ့နေရာမှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ မှန်တယ်၊ အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုးတရား၊ အကြောင်းတရားနဲ့အကျိုးတရားသည် လွှဲပြောင်း၍မရ၊ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်ရ၏။ တစ်ပါးသော အကြောင်းကြောင့် သင်္ခါရ ဖြစ်တယ်လို့ မဆိုနိုင်။ အကြောင်းနဲ့အကျိုး လွှဲပြောင်းလို့ မရဘူးနော် (မှန်ပါတယ်ဆရာ)၊ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ ဒါပေမယ့်လို့ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတတ်သလား၊ လုပ်ပေးလိုက်တာလားလို့ ဘယ့်နှယ့်ပြောမလဲ၊ (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူး နော်၊ (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတတ်တယ်၊ လုပ်ပေးလိုက်တယ်လို့ ဆိုရအောင် အဝိဇ္ဇာက ပုဂ္ဂိုလ် သတ္တဝါကောင်လေး ဟုတ်သလား၊ (မဟုတ်ပါဘူးဆရာ)၊ အတ္တကောင်လေး ဟုတ်သလား၊ (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ထင်နေတာက ဒီအကြောင်း အကျိုး ဆက်စပ်ပြီးတော့ သံသရာစက်ရဟတ်ကြီး အဆက်မပြတ် လည်နေတာဟာ ငါလုပ်လို့ လည်တာ၊ လွန်ခဲ့သော အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရ ငါလုပ်လာလို့၊ အဓိပ္ပာယ်အားဖြင့် ဒီဘက်ဘဝ ဝိညာဏ် နာမ်ရုပ် သဠာယတန စသည်အားဖြင့် ဖြစ်ရတယ်၊ (တစ်နည်း) လွန်ခဲ့သော အတိတ်ဘဝက ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး ငါကြိုးစားအားထုတ် လုပ်ခဲ့လို့ အခုဘဝလာပြီးတော့ ကောင်းကျိုး ဆိုးကျိုး နှစ်မျိုးလာပြီးတော့ ခံနေရတယ်။ လုပ်တုန်းက ငါ၊ ခံရတော့ ငါ၊ ဒီလိုမနေဘူးလား (မှန်ပါတယ် ဆရာ)၊ လုပ်တုန်းကလည်း ပုဂ္ဂိုလ် သတ္တဝါ မှတ်ပြီး လုပ်နေတာ၊ ခံစား စံစားပြန်တော့လည်းပဲ ပုဂ္ဂိုလ် သတ္တဝါမှတ်ပြီး ခံစားနေတာ နော် (မှန်ပါတယ်ဆရာ)။

အဓိပ္ပာယ်ဆိုကြစို့ကွာ . . လွန်ခဲ့သော အတိတ်ဘဝက ကာမာဝစရကုသိုလ်ကံ ဒါန သီလ ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ်၊ အခုမှ လာပြီးတော့ ချမ်းသာကြွယ်ဝ၊ လူ့ချမ်းသာဘဝ ရောက်၊ စည်းစိမ်ခံစားနေရတယ်၊ စည်းစိမ်ခံစားနေတော့ ဘယ်သူ ခံစားရသလဲဆိုတော့ ငါခံစားရ တာပေါ့၊ ဘာဖြစ်လို့ ခံစားရလဲဆိုတော့ လွန်ခဲ့သော အတိတ်ဘဝတုန်းက ငါကုသိုလ်ကံ လုပ်ခဲ့လို့၊ ကောင်းမှုကုသိုလ် ပြုခဲ့လို့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သတ္တဝါများ တွေဝေနေတာ ဘာတွေဝေတုံးတဲ့၊ ရုပ်ပေါ် နာမ်ပေါ် ခန္ဓာပေါ် တွေဝေနေကြတာ၊ ဘယ့်နှယ့်တွေဝေနေလဲ၊ လွန်ခဲ့သော

http://www.dhammadownload.com



အတိတ်ဘဝက လုပ်လာတဲ့ ကုသိုလ်ကံကို ငါလုပ်တယ်လို့ မှတ်တယ်၊ မမှတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ အခုရော မမှတ်ဘူးလား၊ (မှတ်ပါတယ်ဆရာ)။ အခုလည်း မှတ်တယ်၊ ငါ ကုသိုလ်ကောင်းမှု လုပ်လာ၏၊ ကုသိုလ်တရား အားထုတ်လာ၏၊ နောင်ဘဝ ငါကောင်းကျိုးချမ်းသာတွေ ခံစားရလိမ့် ဦးမည် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒီတော့ ခုဘဝ လွန်ခဲ့သော အတိတ်ဘဝက ကုသိုလ်ကံ လုပ်တာလည်း ငါပဲ၊ အဲဒါကြောင့် ခုဘဝ လာပြီး ပစ္စက္ခချမ်းသာ ခံစားနေရတာလည်း ငါပဲ၊ ဒီတော့ ခံစားတာ ငါမှတ်တယ်၊ မမှတ်ဘူး လား (မှတ်ပါတယ်ဆရာ)၊ ဒါကြောင့် နှစ်ဘက်စလုံး အတိတ်တုန်းကလည်း မှားခဲ့တာ၊ ပစ္စုပ္ပန်လည်း မှားဆဲ၊ အနာဂတ်လည်း မှားအုံးမှာပဲလို့ မမှားဘူးလား (မှားအုံးမှာပါဆရာ)၊ သတ္တဝါများ တွေဝေမှု ခေါ်တယ်၊ ဒါ့ကြောင့် သေသေချာချာ ကြည့်ပါတဲ့။ ဖြစ်လာကတည်းက အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်ဆိုတာ မှန်တယ်၊ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်ရ၏၊ အဝိဇ္ဇာမှတစ်ပါး အကြောင်း လွှဲပြောင်း၍ မရပါ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့်လို့ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးလိုက် သလားလို့ ဒီလိုမေးတော့ ဘယ့်နှယ့်ပြော (မဟုတ်ပါဘူးဆရာ)၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေး တတ်သလားဆိုတော့ ဘယ့်နှယ့်ပြောမလဲ (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ပါဘူး၊ လုပ်ပေးနိုင်တဲ့၊ လုပ်ပေး တတ်တဲ့ သတ္တဝါကောင်လေး ဟုတ်သလား (မဟုတ်ပါဘူးဆရာ)၊ အတ္တကောင်လေး ဟုတ်သလား (မဟုတ်ပါဘူးဆရာ)၊ အေး . . . အဲဒီလို မိမိဉာဏ်ထဲမှာ ပြတ်သားနားလည်သွားရမယ်၊ ဩော် . . အဝိဇ္ဇာဆိုတာလည်းပဲ သေသေချာချာကြည့်လိုက်တော့ ဘာရှိ၊ ဘာမှ မသိတတ်သော မောဟ၊ တရားကိုယ် တရားသားအရ၊ ဒီမောဟ တရားကိုယ် တရားသားက မြန်မာလိုပြန်လိုက်တော့ မသိတာလို့ ဒီလိုပြောတယ်၊ ဩော် . . မသိတဲ့ သဘောတရား သက်သက်ကလေးပဲ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ သူဖြစ်လာပလား ဆိုမှဖြင့် သင်္ခါရဖြစ်ကရောတဲ့၊ သင်္ခါရ ဘယ်သူတုံး၊ ပုညာ ဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ၊ ဒီကုသိုလ် အကုသိုလ်စေတနာသုံးမျိုးဟာ ဖြစ်လာရမယ်တဲ့၊ ဘာဖြစ်လို့ ဖြစ်တာတုံး၊ အဝိဇ္ဇာကြောင့် ဖြစ်တာပေါ့တဲ့၊ ရှေ့က အဝိဇ္ဇာဖြစ်လိုက်လို့ သူဖြစ်တာတဲ့၊ အဝိဇ္ဇာသာမရှိရင် ဒီသင်္ခါရသုံးမျိုးသည် ဘယ့်နှယ်နည်းမှ မဖြစ်၊ ဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)။

ဒါဖြင့် သေသေချာချာကြည့်လိုက်တော့ အဝိဇ္ဇာထဲမှာ အဝိဇ္ဇာရဲ့သတ္တိ၊ အဝိဇ္ဇာရဲ့သဘောထဲမှာ ငါတော့ သင်္ခါရဖြစ်အောင် လုပ်ပေးအုံးမှပဲ၊ လုပ်ပေးလိုက်မယ်ဆိုတဲ့ လုပ်နိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ရှိလား (မရှိပါဘူးဆရာ)၊ မရှိဘူး၊ ဒါ့ကြောင့် သူ့အဗျာပါရတရားလို့ နော် (မှန်ပါတယ် ဆရာ)၊ အဗျာပါရတရားလို့၊ ပြီးတော့ တစ်ခါလာပြန်ပြီ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတဲ့ နေရာမှာ

http://www.dhammadownload.com



သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ် ဆိုတာ မှန်တယ်တဲ့၊ အကြောင်းအကျိုးကတော့ လွဲပြောင်းလို့ မရတော့ဘူးတဲ့၊ သူ့ကြောင့်ဖြစ်တာတော့ မှန်တယ်တဲ့။ ဒါပေမယ့်လို့ ဒီသင်္ခါရက ဝိညာဏ် ငါဖြစ်အောင် လုပ်ပေးမယ်လို့ သူ့မှာ သဘောသတ္တိရှိလား (မရှိပါဘူးဆရာ)၊ ပြုတတ်, လုပ်တတ်တဲ့ သတ္တိသဘော ရှိလား (မရှိပါဘူးဆရာ)၊ မရှိဘူး၊ ပြုလုပ်ပေးလိုက်လို့ ဝိညာဏ်ဖြစ်တယ်ဆိုတာ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ သင်္ခါရဖြစ်ရင် ဝိညာဏ်ဖြစ်မှာပဲ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တာ မှန်၏။ ဒါပေမယ့်လို့ သင်္ခါရက ဝိညာဏ် ငါဖြစ်အောင် လုပ်ပေးလိုက်တယ်၊ ဝိညာဏ် ငါဖြစ်အောင် လုပ်ပေးမယ်ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိပါဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီသင်္ခါရကလည်း အဗျာပါရတရားပါပဲတဲ့၊ လုံ့လ ပယောဂ ဗျာပါရမရှိသော တရားခေါ်တယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါတွေလည်း တစ်လုံးချင်း တစ်လုံးချင်း သိသိ၊ သိသိ သွားရမယ်၊ ဟိုး. . . ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသရောက်၊ သံသရာ စက်ရဟတ်ကြီး ဆက်လည်သွားအောင် ဒီအတိုင်းသွားရမယ်။

## သတ္တဝါတွေရဲ့ တွေဝေမှု ဆိုတာ

ဒါပေမယ့်လို့ သတ္တဝါများ တွေဝေမှုနဲ့ သံသရာ အစကတည်းက ကနေ့ကျအောင် ဆိုသလိုပဲ လာခဲ့တာ အမှောက်မှောက်အမှားမှားနဲ့၊ အဓိပ္ပာယ်အားဖြင့် ဆိုကြစို့ - ကံငါးပါးလွန်ကျူးတယ်၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု၊ မုသာဝါဒ၊ သုရာမေရယ၊ သူများအသက်သတ်၊ သတ်တာ ဘယ်သူတုံးဟ ငါပေါ့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ငါသတ်တာ ဒီလိုလာတယ်၊ ဒါ ငါသတ်တယ် ဆိုကတည်းက အတ္တကောင်လေး သတ်တာပေါ့၊ အတ္တဝါဒ ခေါ်တယ် နော် (မှန်ပါတယ် ဆရာ)၊ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ - ပုဂ္ဂိုလ်တဲ့၊ သတ္တဝါတဲ့၊ ကိုယ်တဲ့၊ အသက်လိပ်ပြာတဲ့၊ ရှိတယ်၊ ဟုတ်တယ်၊ မှန်တယ်လို့ စွဲယူထားတဲ့ အစွဲခေါ်တယ်။ အဲဒါကတော့ များတယ်၊ ဒီအတ္တဒိဋ္ဌိအစွဲ ကတော့ များလည်းများ စွဲလည်းစွဲကြတယ်။ ငါဟုတ်တယ်၊ ငါ့ကိုယ်ဟုတ်တယ်၊ ငါလူဟုတ်တယ်၊ ယောကျ်ား မိန်းမ ဟုတ်တယ်၊ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်တယ်၊ အကောင်အထည်ဟုတ်တယ်၊ အထည် ဒြပ်သဏ္ဌာန်ဟုတ်တယ်၊ အဲဒါ အတ္တဒိဋ္ဌိ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီအစွဲနဲ့ သူများဥစ္စာ ခိုးသွားတယ်၊ အဲဒါ ဘယ်သူခိုးတုံး၊ ငါခိုးတယ်၊ ငါခိုးလာတာပေါ့၊ ငါသတ်လာတာပေါ့၊ ငါလိမ်လာ တာပေါ့၊ ငါလွန်ကျူးလာတာပေါ့၊ ငါသောက်စား မူးယစ်တာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ငါကောင်လေးဆိုတဲ့ အတ္တကောင်လေးအနေအားဖြင့် စွဲလန်းပြီးတော့ နေတဲ့ တွေဝေမှုခေါ်တယ်၊ ဒါလေး ပြုတ်သွားဖို့ဥစ္စာ ရုတ်တရက်လွယ်တဲ့တရား မဟုတ်ဘူး။

http://www.dhammadownload.com



လူဆယ်ယောက်ရှိ မေးကြည့် . . . တစ်ယောက်တစ်လေပါချင်ပါမှာပေါ့၊ ကိုးယောက်က တော့ အတ္တစွဲနဲ့ပဲလို့ မစွဲဘူးလား (စွဲပါတယ်ဆရာ)၊ အတ္တစွဲနဲ့၊ အတ္တဒိဋ္ဌိနဲ့၊ သက္ကာယဒိဋ္ဌိနဲ့၊ ငါတန်းလန်းနဲ့ ဒါ သမ္မုတိသစ္စာအနေအားဖြင့် ပြောတာ မဟုတ်ဘူး၊ ပရမတ္ထသစ္စာအနေအားဖြင့် ပြောတာ၊ သူ့ကိုယ်က ပရမတ္ထသစ္စာမှန်း သိမှ မသိဘဲနဲ့ ဘယ့်နှယ်လုပ်ပြီး အတ္တကြီး ဖျောက်ရမှာလဲ၊ ရပ့်မလား (မရပါဘူးဆရာ)၊ ပရမတ္ထသစ္စာအနေအားဖြင့် သိထားတဲ့ လူတစ်ယောက်ကျ ဒီအတ္တကြီး ဖျောက်လို့ မရလားကွယ် (ရပါတယ်ဆရာ)၊ မဟုတ်မှန်း မရှိမှန်းတော့ သိထားတယ် မဟုတ်လား (သိထားပါတယ် ဆရာ)၊ ငါ့ကိုယ်ပြန်ကြည့်၊ ပရမတ္ထသစ္စာအနေအားဖြင့် ကြည့်ခဲ့သော် ရုပ်နာမ်ခန္ဓာသာ ရှိ၏၊ သဘော တရားသာ ရှိ၏၊ အတုံး အလုံး အခဲ အမှုန် အမွှား အရည်အဖတ် ဘာမှ သဏ္ဌာန်ရှာဖွေ၍မရ၊ သဘောငါးခု ပေါင်းစုပြီးဖြစ်ပေါ်နေတဲ့ ခန္ဓာကောင် ရုပ်ကောင် နာမ်ကောင် ပရမတ္ထကောင် ဓာတ် ကောင် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို သူ့ဉာဏ်ထဲမှာ သိနေတယ်၊ ဒီလိုသိနေတော့ သမ္မုတိသစ္စာ ချိုးဖောက်တဲ့ အနေအားဖြင့် ငါမှ မရှိဘဲဆိုတော့ ဟုတ်ပ့်မလား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူး၊ သမ္မုတိသစ္စာလည်း မချိုးဖောက်ရဘူးတဲ့၊ သမ္မုတိသစ္စာလည်း သမ္မုတိသစ္စာအတိုင်း သွားရမယ်။

သမ္မုတိအနေအားဖြင့် သမုတ်ထားတာလည်း ဘုရားကိုယ်တော်မြတ်က ဒါဟုတ်တယ်၊ မှန် တယ်လို့ ဟောထားတာ၊ လောက ဘုရားမရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘာသစ္စာလဲ (သမ္မုတိသစ္စာ ပါဆရာ)၊ အေး ဟုတ်ပြီ။ သံဃာမရှိဘူးလား၊ (ရှိပါတယ်ဆရာ)၊ ဘာသစ္စာလဲ၊ (သမ္မုတိသံဃာပါ ဆရာ)၊ သမ္မုတိသစ္စာ၊ မင်းပြောမှ သမ္မုတိသံဃာ၊ လောကသံဃာ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘာသစ္စာလဲ၊ (သမ္မုတိသစ္စာပါဆရာ)၊ လူတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘာသစ္စာလဲ (သမ္မုတိ သစ္စာပါဆရာ)၊ ယောကျ်ား မိန်းမတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘာသစ္စာလဲ (သမ္မုတိသစ္စာ ပါဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘာသစ္စာလဲ (သမ္မုတိသစ္စာပါဆရာ)၊ တော တောင် ရေ မြေ သမုဒ္ဒရာ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘာသစ္စာတုံး (သမ္မုတိသစ္စာပါဆရာ)၊ နတ်တွေ ဗြဟ္မာတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘာသစ္စာတုံး (သမ္မုတိသစ္စာပါဆရာ)၊ သုံးဆယ့် တစ်ဘုံ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘာသစ္စာတုံး (သမ္မုတိသစ္စာပါဆရာ)၊ သမ္မုတိသစ္စာ ဟုတ်ကဲ့ လား (မှန်ပါတယ်ဆရာ)၊ သမ္မုတိသစ္စာနဲ့ သမုတ်ထားတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါက ဗြဟ္မာ၊ ဒါက နတ်၊ ဒါက လူ၊ ဒါက ခွေး၊ ဒါက ဝက်၊ ဒါက ကြက်၊ ဒါ ငှက်၊ ဒါယောကျ်ား၊ ဒါမိန်းမ၊ ဒါပုဂ္ဂိုလ်၊ ဒါသတ္တဝါ သမုတ်ထားတယ် မဟုတ်ဘူးလား (သမုတ်ထားပါတယ်ဆရာ)၊ အဲလိုသမုတ်ထား တာတွေ ပရမတ်အမြင်နဲ့ မြင်ပြီးတော့ အင်း . . ပရမတ်နဲ့ကြည့် . . ဒါတွေက ရှိမှ မရှိဘဲနဲ့၊ ရုပ်နာမ် ခန္ဓာ။ ဟိုကြည့်လည်း ရုပ်နာမ်ခန္ဓာ၊ ဒီကြည့်လည်း ရုပ်နာမ်ခန္ဓာ၊ သုံးဆယ့်တစ်ဘုံ အကုန်လုံး သိမ်း

http://www.dhammadownload.com



ကြုံးကြည့်လိုက်တော့ ရုပ်တစ်လုံး နာမ်တစ်လုံး ခန္ဓာပဲ ရှိတယ်၊ ရုပ်နာမ်ခန္ဓာပဲ ရှိတယ်၊ ဘာမှမရှိဘူး ဆိုပြီးတော့ သူများအသက်တွေ လည်သတ်၊ ဘုရားစော်ကား၊ ပြစ်မှား၊ သံဃာတော်များ စော်ကား ပြစ်မှား၊ သူများအသက်တွေသတ်၊ သူများဥစ္စာတွေခိုး၊ သူများလိမ်၊ သူများအိမ်ယာပြစ်မှား၊ သူရာ ငါးပါး မေရယငါးပါး သောက်စားမူးယစ်၊ ဒီကောင်ဘယ်သွားမလဲ၊ (အပါယ်လေးပါးသွားပါမယ်ဆရာ)၊ ဟော . . . ဒါ သမ္မုတိအနေအားဖြင့် မှန်ကန်တဲ့တရားကို ချိုးဖဲ့ဖျက်ဆီးလို့ မဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ ရာဇဝတ်အပြစ်ဒဏ်လည်း သင့်အုံးမယ်မဟုတ်ဘူးလား (သင့်ပါတယ်ဆရာ)၊ လောက ကျိုးရော တမလွန်ကျိုးရော သွားရော၊ ဒါ သမ္မုတိသစ္စာ၊ သမ္မုတိသစ္စာအတိုင်း နေပါစေတဲ့၊ အများက သမ္မုတိ ဆိုတာ သမုတ်တာ ခေါ်တယ်၊ လောက,က သမုတ်ထားလို့ ရှိရင် သမုတ်တဲ့အတိုင်း ဟုတ်တယ်လို့ လိုက်ကြ၊ မှန်တယ်လို့ လိုက်ကြ၊ မရှိတာတော့ အမှန်ပဲတဲ့၊ ပရမတ်နဲ့ကြည့်ရင် နော် (မှန်ပါတယ်ဆရာ)။

လူရှိသလား (မရှိပါဘူးဆရာ)၊ ယောကျ်ား မိန်းမ ရှိသလား (မရှိပါဘူးဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါ ရှိလား (မရှိပါဘူးဆရာ)၊ ဘုရားရှိသလား (မရှိပါဘူးဆရာ)၊ သံဃာရှိသလား (မရှိပါဘူးဆရာ)၊ စေတီပုထိုး ရှိသလား (မရှိပါဘူးဆရာ)၊ ကျောင်း ကန် ဇရပ် ရှိသလား (မရှိပါဘူးဆရာ)၊ မြို့ ရွာ နိုင်ငံ ရှိသလား (မရှိပါဘူးဆရာ)၊ နတ်တွေ, ပြဟ္မာတွေ ရှိသလား (မရှိပါဘူးဆရာ)၊ တော တောင် ရေ မြေ သမုဒ္ဒရာ ရှိသလား (မရှိပါဘူးဆရာ)၊ ဘာသစ္စာလဲ (သမ္မုတိသစ္စာပါဆရာ)၊ ဟော ဟော ဟော . . မင်းရယ်ကုန်ပြီ၊ မင်းရယ်ကုန်ပြီ။ (ပရမတ္ထသစ္စာပါဆရာ)၊ ဘယ်လိုကောင်မှန်းကို မသိဘူး ဒီကောင်က၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပရမတ္ထသစ္စာနဲ့ ကြည့်တော့ကာ လောကကြီးဟာ အကုန် သုဉ်းဆိတ်မသွားဘူးလား (သုဉ်းဆိတ်သွားပါတယ်ဆရာ)၊ ဘာနဲ့ဘာရှိတော့လဲ (ပရမတ္ထ သစ္စာနဲ့ သမ္မုတိ သစ္စာပဲ ရှိပါတော့တယ်ဆရာ)၊ အမယ်လေးဟဲ့ . . . လောကကြီး အကုန်သုဉ်းဆိတ် သွားတော့ ဘာနဲ့ ဘာရှိတော့တုံး၊ (ရုပ်နာမ်ခန္ဓာပဲ ရှိပါတော့တယ်ဆရာ)၊ ဘာသဝေထိုး, ထိုးသွားတုံး၊ "ဖိုးသာဂ န္တွားသိုး" လိုပင့် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပရမတ္ထသစ္စာနဲ့ ဝေဖန်ကြည့်လိုက်ရင် ဘုံလောကဓာတ်ကြီး သုဉ်းဆိတ်မသွားဘူးလား (သုဉ်းဆိတ်သွားပါတယ်ဆရာ)၊ သတ္တလောကကြီး သုဉ်းဆိတ်မသွားဘူးလား (သုဉ်းဆိတ်သွားပါတယ်ဆရာ)၊ ဘာမှမရှိတော့ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဘာတွေရှိလဲ၊ (ရုပ်နာမ် ခန္ဓာတွေပဲ ရှိပါတယ်ဆရာ)၊ အေး . . . ဒါပဲ ရှိတယ်၊ ဒါတွေက အကောင် အထည် အတုံး အလုံး အခဲတွေလား (မဟုတ်ပါဘူးဆရာ)၊ ဘာတွေတုံး (သဘောတွေဆရာ)၊ အေး သဘောတွေ၊ ကိုင်လို့, ပြလို့ ရပ့်မလား (မရပါဘူးဆရာ)၊ ကြည့်လို့မြင်ပ့်မလား (မမြင်ပါဘူးဆရာ)။

http://www.dhammadownload.com



အဲဒါလည်းပဲ ဒါ "ပရမတ္ထသစ္စာ"တဲ့ နော် (မှန်ပါတယ်ဆရာ)၊ တစ်နည်းအားဖြင့် "သဘာဝ သစ္စာ"တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီပရမတ္ထသစ္စာလည်းပဲ ဘုရားကိုယ်တော် မြတ်က "အမှန်ဆုံးသော သစ္စာတရား"ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အမှန်ဆုံးသော သစ္စာတရား တဲ့၊ အခုန ငါပြောတဲ့ လောကကြီး၌ ဘုရားရှိတော်မူ၏၊ သံဃာတော်မြတ် ရှိတော်မူ၏၊ စေတီ ပုထိုး ရှိတော်မူ၏။ ကျောင်း ကန် ဇရပ် ရှိတော်မူ၏၊ ပြဟ္မာရှိ နတ်ရှိ လူရှိ ခွေး၊ ဝက်၊ ကြက်၊ ငှက်ရှိ တော တောင် ရေ မြေ သမုဒ္ဒရာ၊ စကြဝဠာ ဘုံလောကဓာတ်၊ နေ လ နက္ခတ် တာရာရှိ ဘာဖြစ်လို့၊ သမုတ်ထားတာ နော် (မှန်ပါတယ်ဆရာ)၊ ဒါတွေ ရှိတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သမုတ် ထားတာတဲ့၊ သမုတ်တဲ့အနေအားဖြင့် ရှိထားတာကို ရှိလိုက်ပါတဲ့၊ သူများရှိသလို၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူများရှိသလို ရှိလိုက်ပါတဲ့၊ ကန့်လန့်မလုပ်ပါနဲ့တဲ့၊ ကတ်သီးကတ်သက် မလုပ် ပါနဲ့တဲ့၊ ချိုးဖဲ့ဖျက်ဆီးခြင်း မလုပ်ပါနဲ့တဲ့ နော် (မှန်ပါတယ်ဆရာ)။

ပရမတ်အမြင်သန်ပြီးတော့ ဘယ်ဘုရားမှ ရှိ,မရှိဘဲပဲ၊ ဘုရားမှ ရှိ,မရှိဘဲပဲ၊ သံဃာမှ မရှိဘဲပဲ၊ ကျောင်း ကန် ဘုရားမှ မရှိဘဲပဲလို့ ပရမတ်အမြင်နဲ့ ကြည့်ပြီးတော့ကာ သမ္မုတိသစ္စာတွေ အကုန်လုံး ချိုးဖဲ့ဖျက်ဆီးပြီးတော့ ဘုရားဗုဒ္ဓဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ ဆရာသမားဝေယျာ ဝစ္စ၊ မိဘရဲ့ဝေယျာဝစ္စ၊ ကျေးဇူးတရားတွေ ချေပတဲ့အနေအားဖြင့် နေလို့ရှိရင် သေရင် ဘယ်သွားမလဲ (အပါယ်လေးပါး ကျမှာပါဆရာ)၊ အဲဒါ သမ္မုတိသစ္စာရှိကြောင်း၊ မှန်ကန်ကြောင်းကို ပြထားတဲ့ သက်သေ နော် (မှန်ပါတယ်ဆရာ)၊ သွားမှာပဲတဲ့၊ တရားက မထားဘူး၊ ဘယ်သူမှ စီရင်ကြတာ မဟုတ်ဘူး၊ သူ့သဘောသူ စီရင်သွားတာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါသမ္မုတိသစ္စာ ချိုးဖဲ့ဖျက်ဆီးမှု၊ အဲဒီနှစ်ခုက ဒီပရမတ်အမြင်မြင်ထားတဲ့ လူအဖို့မှာ ညီမျှခြင်းဖြစ်နေရမယ်၊ ချိန်ခွင်မြှား ဟိုဘက်ဒီဘက် လျှာမထွက်သလို ညီမျှခြင်းဖြစ်နေရမယ်၊ ချိန်ပြနေရမယ် နော် (မှန်ပါတယ်ဆရာ)။

မျက်စိနှစ်လုံး ထားရမယ်တဲ့၊ သမ္မုတိသစ္စာနဲ့ သမ္မုတိလမ်းကြောင်းကြီးအတိုင်း မချိုးမဖောက် မဖျက်မဆီးဘဲနဲ့ ကျင့်အပ်သော ဝတ္တရားတွေ ကျင့်သွားရမယ်တဲ့၊ ပြုအပ်သော အလုပ်တွေ ပြုသွား ရမယ်တဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပရမတ္ထသစ္စာနဲ့ ပရမတ္ထသစ္စာအတိုင်း မချိုးမဖောက် မဖျက်မဆီးဘဲနဲ့ ကျင့်တန်တဲ့အတိုင်း, ကျင့်စဉ်အတိုင်း ကျင့်သွားရမယ်တဲ့၊ ပွားများသင့်တဲ့အတိုင်း ပွားများအားထုတ်ရမယ်တဲ့၊ မချိုးမဖောက် မဖျက်ဆီးပါနဲ့တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီသစ္စာ နှစ်ပါးမှာ သမ္မုတိသစ္စာ ချိုးဖောက် ဖျက်ဆီးပြီးတော့ လုပ်လို့ရှိရင်လည်း အပါယ်လေးပါး လားမှာ၊ ပရမတ္ထသစ္စာ ချိုးဖောက်ဖျက်ဆီးပြီးတော့ လုပ်သွားရင်လည်းပဲ အပါယ်လားမှာ၊ ဘယ်ဘက်မှ မသက်သာဘူး၊ ဒါကြောင့် နှစ်ဘက်မျှမျှလေးနဲ့ ချိန်ခွင်လျှာ ဟိုဘက်ဒီဘက် မထွက်သလို ညီမျှခြင်း

http://www.dhammadownload.com



လေးနဲ့ သွားရမယ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အခု ဒီအခန်းမှာ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ တရားဆယ့်နှစ်ပါး၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့်လို့ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးလိုက်တာလားဆို မဟုတ်ပါဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာမှာ လုပ်တတ်တဲ့ သတ္တိထူး မရှိပါဘူးတဲ့၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ မရှိဘူး၊ အဲဒီလို တစ်လုံးချင်း တစ်လုံးချင်း ခု ငါပြတဲ့ သဘောလေးအတိုင်း ဝေဖန် ဝေဖန် ဝေဖန်သွားတော့ အဝိဇ္ဇာက စ, ဇရာမရဏ ကျအောင် ဆယ့်နှစ်လုံးသော တရားတွေမှာ တစ်လုံးမှ ပြုတတ်၊ လုပ်တတ်၊ ပြုနိုင်၊ လုပ်နိုင်၊ ကိုင်နိုင်သော စွမ်းရည်သတ္တိ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိတဲ့၊ သဘောလေးတွေ ပေါ်လာလိမ့်မယ်၊ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီလိုပေါ်လာကတည်းကိုက သံသရာကြီး ဒီဝိုင်းကြီးနဲ့ လည်လာကြတာပဲ နော် (မှန်ပါတယ်ဆရာ)၊ ဒီဝိုင်းကြီးအတိုင်း လည်လာကြတာပဲ၊ ဒါဖြင့် လွန်ခဲ့သော အတိတ်ဘဝက ငါ ကုသိုလ်ကောင်းမှုတွေ လုပ်လာတယ် ဆိုတာ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)၊ လွန်ခဲ့သော အတိတ်ဘဝက ငါ ကုသိုလ်ကောင်းမှုတွေ လုပ်လာလို့ အခုဘဝ ကောင်းကျိုးချမ်းသာတွေ ငါခံစားနေရတယ်၊ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူးနော် (မဟုတ်ပါဘူးဆရာ)၊ ဘာသစ္စာလဲ၊ (ပရမတ္ထသစ္စာပါဆရာ)၊ အေး . . . ပရမတ္ထသစ္စာ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သမ္မုတိသစ္စာနဲ့ ပြောလို့ရှိရင် ကိုက်ပါ့မလား (မကိုက်ပါဘူးဆရာ)၊ မကိုက်ဘူး နော် (မှန်ပါတယ်ဆရာ)

ဒါပေမယ့် ဒီသစ္စာနှစ်ပါးမှာ ပရမတ္ထသစ္စာကို မုချဆတ်ဆတ်အားဖြင့် နားလည်မှ၊ မြင်မှ၊ သိမှ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်, ရောက်နိုင်တယ် ဆိုတော့ အခု မြတ်စွာဘုရားကိုယ်တော်မြတ် ဒီသံသရာ့စက်ရဟတ်အတွင်းက လွတ်ကင်းအောင် ဟောတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး ကျတော့ ဟောဒါ ပရမတ္ထသစ္စာတရားအားဖြင့် ဟောထားတာ၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဟုတ်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါ့ကြောင့် အဝိဇ္ဇာမှာ လုပ်တတ်, ကိုင်တတ်သော လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိ၊ သင်္ခါရကြည့်လည်းပဲ ဝိညာဏ်ဖြစ်အောင် လုပ်ပေးနိုင်တဲ့ လုံ့လ ပယောဂဗျာပါရ မရှိ၊ ဝိညာဏ်ကြည့်ပြန်လဲ နာမ်ရုပ်နှစ်ပါးဖြစ်အောင် လုပ်ကိုင်ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိ၊ နာမ်ရုပ်နှစ်ပါး ကြည့်လိုက်ပြန်တော့ သဠာယတနဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှ မရှိ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သဠာယတနကြည့်လိုက်ပြန် တော့လည်း ဖဿဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိ၊ ဖဿကြည့် လည်း ဝေဒနာဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိ၊ ဝေဒနာကြည့်လိုက်

http://www.dhammadownload.com



ပြန်တော့လည်း တဏှာဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လှုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိ၊ တဏှာ ကြည့်လိုက်ပြန်တော့လည်း ဥပါဒါန်ဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လှုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိ ဥပါဒါန်ကြည့်ပြန်တော့လည်းပဲ ကမ္မဘဝဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လှုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိ၊ ဘဝကြည့်ပြန်တော့လည်း ဇာတိဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လှုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိ၊ ဇာတိကြည့်ပြန်တော့လည်း ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ အကျိုးတရားခြောက်ပါး ဖြစ်ပေါ်လာအောင် လုပ်ကိုင်, ပေးနိုင်တဲ့ လှုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိ၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ အခု ငါပြောသလို ပြောတတ်ရဲ့လား။

အဝိဇ္ဇာကြည့်တော့လည်း သင်္ခါရဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လှုံ့လ ပယောဂ ဗျာပါရ ဘာမှ မရှိ၊ ပြောနိုင်ရဲ့လား (ပြောနိုင်ပါတယ်ဆရာ)၊ ပြောစမ်း . . (အဝိဇ္ဇာကြည့်ပြန်တော့လည်း သင်္ခါရဖြစ်အောင် လှုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိပါဘူးဆရာ)၊ သင်္ခါရဖြစ်အောင်၊ မြန်မာစကား တောင် ကောင်းကောင်းမပြောတတ်ဘူး၊ ဘီလပ်က ပြန်ရောက်တာ မကြာသေးဘူး ထင်တယ်။ အဝိဇ္ဇာကြည့်တော့လည်း သင်္ခါရဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လှုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိ၊ (အဝိဇ္ဇာကြည့်တော့လည်း သင်္ခါရဖြစ်အောင် ဘာမှ လုပ်ကိုင်, ပေးနိုင်တဲ့ လှုံ့လ ပယောဂ ဗျာပါရ မရှိပါဘူးဆရာ)၊ (သင်္ခါရကြည့်တော့ ဝိညာဏ်ဖြစ်အောင် ဘာမှ လုပ်တတ် ကိုင်တတ်) "ဘာမှ"ကိုလည်း ရှေ့ကတပ်တာကိုးကွ၊ "ဘာမှ"က ရှေ့ကတပ်ထားတယ်၊ သင်္ခါရကြည့်တော့လည်း ဝိညာဏ်ဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လှုံ့လ ပယောဂ ဗျာပါရ၊ ပြီးမှ ဘာမှမရှိဘူး၊ (သင်္ခါရကြည့်တော့ ဝိညာဏ်ဖြစ် အောင် လုပ်တတ်ကိုင်တတ်) အင်း, အင်း အင်း . . . လုပ် လုပ် လုပ်၊ လုပ်ကိုင်, ပေးနိုင်တဲ့ (လုပ်ကိုင်, ပေးနိုင်တဲ့ ဗျာပါရ လုံးဝ ဘာမှ မရှိပါဘူးဆရာ)၊ (ဝိညာဏ်ကြည့်တော့ နာမ်ရုပ်ဖြစ်အောင် လုပ်ကိုင်, ပေးတတ်တဲ့ ဗျာပါရ ဘာမှ မရှိပါဘူးဆရာ)၊ လှုံ့လ ပယောဂ မပါပြန်ဘူးဟ (လှုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိပါဘူးဆရာ)၊ (နာမ်ရုပ်ကြည့်တော့ သဠာယတန ဖြစ်အောင် လုပ်တတ် ကိုင်တတ်) ဟင်း တတ်, တတ်, တတ် (လုပ်ကိုင်, ပေးတတ်တဲ့ ဗျာပါရ ပယောဂ မရှိပါဘူးဆရာ)၊ (လုပ်ကိုင်, ပေးတတ်တဲ့) ဟင်း . . တတ်, တတ် (လုပ်ကိုင်ပေးတဲ့ . . လှုံ့လ ပယောဂ ဗျာပါရ မရှိပါဘူးဆရာ)၊ "လုပ်ကိုင်, ပေးနိုင်တဲ့"စကားလေး ဘာလေး မကြားဘူးလား တစ်ခါမှ၊ (လုပ်ကိုင်, ပေးနိုင်တဲ့ ဗျာပါရ) လှုံ့လ (လှုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိ ပါဘူးဆရာ)၊ ဒီက တစ်လုံးပြင်ပေး၊ ဟိုက တစ်လုံးလျှော့ပစ်၊ ပြော . . . ဖြစ်အောင်လုပ် (သဠာယတန ဖဿဖြစ်အောင်) သဠာယတနကြည့်ပြန်တော့ ဘာ သဠာယတန ဖဿ နှစ်လုံးပူးကြီးလား (သဠာယတနကြည့်တော့ ဖဿဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လှုံ့လ ပယောဂ ဗျာပါရ မရှိပါဘူးဆရာ)၊ "ဘာမှ" ကျန်ရစ်ခဲ့ ပြန်ပေါ့၊ ဖြစ်အောင်လုပ်၊ ဖြစ်အောင်လုပ်

http://www.dhammadownload.com



(သင္ဂါယတနကြည့်ပြန်တော့ ဖဿဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှ မရှိပါဘူးဆရာ)၊ (ဖဿကြည့်တော့ ဝေဒနာဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိပါဘူးဆရာ)၊

(ဝေဒနာကြည့်တော့ တဏှာဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှ မရှိပါဘူးဆရာ၊ တဏှာကြည့်တော့ ဥပါဒါန်ဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိပါဘူးဆရာ၊ ဥပါဒါန်ကြည့်တော့ ကမ္မဘဝဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိပါဘူးဆရာ၊ ဥပါဒါန်ကြည့်တော့) ကြည့် ကြည့် ထပ်ကြည့် ထပ်ကြည့် (ဘဝကြည့် တော့ ဇာတိဖြစ်အောင် လုပ်ကိုင်, ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိပါဘူးဆရာ၊ ဇာတိ ကြည့်တော့ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဖြစ်အောင် လုပ်ကိုင်,ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိပါဘူးဆရာ)၊ အေး ဟုတ်ပြီ၊ သက်သက် ငါ မင်းကိုညွှန်းတာ နားလည်လား၊ လည်ချောင်းက ယားလာပြန်ပြီ၊ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိဘူးပေါ့၊ (ဘာမှမရှိ ပါဘူးဆရာ)၊ တစ်လုံးမှ ရှာမရဘူး၊ (မရပါဘူးဆရာ)၊ လုပ်တတ်တယ်၊ ကိုင်တတ်တယ်၊ ပြုတတ် တယ်၊ ပေးတတ်တယ်၊ ပြင်တတ်တယ်၊ ဖန်ဆင်းတတ်တယ်ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ ဘာမှ မရှိဘူးပေါ့၊ (မရှိပါဘူးဆရာ)၊ မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ တစ်လုံးချင်း တစ်လုံး ချင်း ရှင်းအောင်, ရှင်းအောင် စဉ်းစားပေးလို့ စဉ်းစားပြီးတော့ မိမိဉာဏ်နဲ့လည်း ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပေါ်ပေါ်၊ ပေါ်ပေါ် လာလိမ့်မယ်၊ ဒါဖြင့် စာရွက်ထဲ စိုက်ကြည့်နေ၊ စာရွက်ထဲမှာ ချည်း ဒီတရားတွေ သွားနေတယ် မမှတ်နဲ့၊ ကိုယ်ပေါ်ပြန်ပြန်တင်ရတယ်၊ ကိုယ်ပေါ် မတင်ရင် တရား မဟုတ်သေးဘူးနော် (မှန်ပါတယ်ဆရာ)၊ ကိုယ်ပေါ် တင်မှ တရားဟုတ်တယ်၊ ကိုယ်ပေါ် တင်ရမယ်။ ငါ သံသရာကြီးလည်တာ ဒီနည်းအတိုင်း လည်နေတာပဲတဲ့။ ငါတွေဝေနေတာ ဒီအခန်းတွေပဲ၊ ဘယ် ဘဝတုန်းကမှ ငါမပြတ်သားခဲ့ဘူး၊ ဘာဖြစ်လို့ တစ်ဘဝနဲ့တစ်ဘဝ အကြောင်းပြုပြု၊ ပြုပြုလာတဲ့ 'အာယူဟန' တည်းဟူသော ကုသိုလ်ကံ, အကုသိုလ်ကံ တရားနှစ်ပါး ငါအားထုတ်လို့၊ ငါလုပ်လို့ ဒီဘက်ဘဝ မကောင်းကျိုးတွေ ငါခံရတယ်။

## ကလေးဘဝတုန်းက အတ္တဒိဋ္ဌိပါလာခြင်းအကြောင်း

ဟိုဘက်ဘဝက ကုသိုလ်ကံတရားတွေ ကြိုးစားအားထုတ်လို့ ကောင်းကျိုးတွေ, ချမ်းသာတွေ ငါခံစားရတယ်။ ငါနဲ့ချည်းပဲလာ နော် ((မှန်ပါတယ်ဆရာ)၊ မလာဘူးလားဟ (လာပါတယ်ဆရာ)၊ အဲဒါ "အတ္တဒိဋ္ဌိ"ခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အတ္တဒိဋ္ဌိခေါ်တယ်တဲ့၊ ပြုတတ်သောသူ

http://www.dhammadownload.com


ရှိ ခံစားတတ်သောသူရှိ ဒီလိုလာတယ်၊ ဒီအတ္တဝါဒသည် ဘယ်ကရသလဲ မေးရင် သူ့သဘာဝအတိုင်း ပေါ်လာတဲ့ အတ္တဝါဒ ခေါ်တယ် (မှန်ပါတယ်ဆရာ)၊ နဂိုကတည်းက ဒီအတိုင်းရှိ၊ လုံ့လပယောဂနဲ့ ကြိုးစားအားထုတ် အလုပ်လုပ်ပြီး ယူမှရတဲ့ အတ္တဒိဋ္ဌိမဟုတ်ပါဘူး၊ လူတိုင်းလူတိုင်း တစ်ရာမှာ တစ်ရာ လုံးပဲ အမိဝမ်းက မွေးလာ၊ မွေးလာကတည်းက အတ္တဒိဋ္ဌိကြီးက ပါလာတယ်၊ မပါဘူးလား (ပါပါတယ် ဆရာ)၊ အတ္တဒိဋ္ဌိပါလာ၊ ပါပါသကော မွေးလာကတည်းက အန္ဓပုထုဇဉ်ဘဝနဲ့ မွေးကြတယ်၊ ဘယ်သူ ဖြစ်ဖြစ်၊ အန္ဓပုထုဇဉ်ဘဝနဲ့ မွေးလာတော့ မမွေးခင်ကတည်းက ရုပ်နာမ်ပရမတ် ပြတ်သား လိုက်တဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး၊ အမှန်ကတော့ ဒီအတိုင်းလာ၊ မွေးလာတော့ ငယ်ငယ်လေး ရှိသေးတယ်၊ အခုနပြောတဲ့ အစွဲအလမ်းတွေ မမှား,မှားအောင် တော်တော်လေး မှတ်တတ်သားတတ်တဲ့ အချိန်ကစ အဲဒါ နင့်အဖေ၊ အဲဒါ နင့်အမေ၊ ဒါနင့်မိကြီး၊ ဒါမိထွေး၊ ဘကြီး၊ ဘထွေး၊ ဦးကြီး၊ ဦးလေး၊ ဒါအစ်ကို အမ၊ ဒါက အရပ်ထဲက မိတ်ဆွေသင်္ဂဟ၊ ရပ်ဆွေရပ်မျိုး၊ ဒါဘယ်လူ၊ ဒါဘယ်သူ့သား၊ ဒါဘယ်သူ့သမီး အသီးအသီးအားဖြင့် လူကြီးများသင်ကြားပေးတော့ တတ်မြောက်လိမ္မာလာ မှတ်နေ၊ မမှတ်ဘူးလား (မှတ်ပါတယ်ဆရာ)၊ အဲဒါ လူတွေ ခေါ်တာပေါ့၊ နတ်ကျတော့ ဘယ်လိုနေသတဲ့၊ ဗြဟ္မာကျတော့ ဘယ်နှယ့်၊ အဲဒါကျတော့ ခွေးခေါ်တယ်၊ ဒါကျ နွားခေါ်တယ်နဲ့ လျှောက်ပြီးတော့ မှတ်နိုင်သမျှတွေ လျှောက်ပြီး သင်ကြားပေးတော့ ကလေးက ဒီအစဉ်အခါထဲက မှတ်လာ၊ ဒီတင်မကဘူး၊ တော်ကြာ ကျတော့ အဲဒါက ငါ့ကိုယ်၊ အဲဒါက မင့်ကိုယ်ခေါ်တယ်၊ ဒါခေါင်း၊ လက်၊ ခြေ၊ မျက်လုံး၊ မျက်ခုံး၊ အဲဒါ အကောင်အထည်ခေါ်တယ်၊ အထည်ဒြပ်သဏ္ဌာန်ခေါ်တယ်နဲ့ သင်ကြားပေးပြီး ကလေးက မှတ်နိုင်တဲ့အရွယ်ကစ မှတ်မှတ်၊ မှတ်မှတ်လာတော့ အတ္တဒိဋ္ဌိက မွေးကတည်းက ပါလာတဲ့ တရား၊ ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)။ ပါလာပြီတဲ့၊ အတ္တဒိဋ္ဌိဝါဒ ဒီအတိုင်းနေကြတယ်။

## အကန်းလောကထဲ ဘုရားဖြစ်တယ်ဆိုတာ

အဲဒီလိုကမ္ဘာတည်ကတည်းက စပြီးတော့ ဘုရားသုဉ်းဆိတ်တဲ့ ကမ္ဘာတွေ မှန်သမျှ ဒီလို ငါစွဲ၊ ပုဂ္ဂိုလ်စွဲ၊ သတ္တဝါစွဲ၊ အတ္တစွဲနဲ့ နေတဲ့အထဲမှာ တို့ဘုရားပွင့်တော်မမူမီလေးတင် ကြိုတင်ပြီးတော့ လောကကြီး ပွင့်နေကြတဲ့ ဘုရားလိမ်ခြောက်ဆူက နော် (မှန်ပါတယ်ဆရာ)၊ အသီးသီး ဒိဝါဒတွေ ချချ ချချဟောကြ၊ ပြောကြတယ်။ အတ္တဝါဒ၊ အတ္တဒိဋ္ဌိတဲ့၊ အတ္တကောင်လေး၊ သံသရာအစကတည်းက ကနေ့ထိအောင် အတ္တကောင်လေးက ခေါင်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုး ပြောင်းပြောင်း၊ ပြောင်းပြောင်း လာတာ ဒီအတ္တကောင်ကလေးပဲ၊ ယုံကြည်မှုရအောင် နော် (မှန်ပါတယ်ဆရာ)၊ ဝါဒတွေ ဖြန့်ကြ၊ ဟောကြ၊ ပြောကြတော့ ဘာဖြစ်နေလဲဆိုတော့ အတ္တလောကကြီး ဖြစ်နေတယ်။ တို့ဘုရားကိုယ်တော်

http://www.dhammadownload.com



မြတ်ပွင့်တော်မမူမီက အတ္တလောကကြီးဖြစ်လို့၊ အတ္တဝါဒစွဲနဲ့ အတ္တဒိဋ္ဌိတွေချည်းပဲလို့၊ ဒါကြောင့် "အန္ဓိဘူတော အယံ လောကော"၊ အယံ လောကော၊ ဤလောကကြီးသည်။ အန္ဓိဘူတော၊ အမိုက်မှောင်အတိသာဖြစ်၏။ မိုက်တဲ့လောက၊ မှောင်တဲ့လောက၊ မည်းတဲ့လောက၊ ဘာမှ အမှား, အမှန်ကို ဝေဖန်ပြီး သိနိုင်တဲ့ ဉာဏ်စွမ်းမရှိကြဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မိုက်တာရယ်၊ မှောင်တာရယ်၊ မည်းတာရယ် ထူးသေးလား (မထူးပါဘူးဆရား)၊ မထူးဘူး၊ မထူးဘူး။ "မောဟ"ပုဒ်က လာတာ။ ဒါကြောင့် အန္ဓလောက၊ "အန္ဓိဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။" "တနုကေတ္ထ ဝိပဿတိ"ဆိုတာက အဲဒီအကန်းလောက၊ အမိုက်လောကကြီးထဲမှာ မပြောပလောက်သော ပုဂ္ဂိုလ်လောက်သာလျှင် အမြင်မှန်ကို သိစွမ်းနိုင်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ကျန်တာတွေက ဒင်းကြမ်းပေါ့ကွာ၊ မရေမတွက်နိုင်ဘူး၊ သို့ကလောက်တောင် ဆိုးရွားနေသော အမိုက်လောက၊ အမှောင်လောက၊ အကန်းလောကကြီးထဲမှာ တို့ကိုယ်တော်မြတ်ကြီးက ဗောဓိပင်နဲ့ရွှေပလ္လင်အောင်မြင်တော်မူတော့ သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ သနားတော်မူပါ၍၊ ငါဘုရားဖြစ်အောင် ကြိုးစားလာတာ၊ ဘုရားတော့ ဖြစ်ပေါ့၊ ငါ့အလိုတော့ ပြည့်ပေါ့၊ သတ္တဝါတွေ ကယ်မမှုပဲလို့ သတ္တဝါတွေရဲ့အဇ္ဈာသယ ကြည့်လိုက်တော့ လောကကြီးက အကန်းလောကကြီးဖြစ်။ အမိုက်လောက၊ အမှောင်လောကကြီးဖြစ်၊ အမှောင်ထုက သိပ်ကြီး၊ အမှောင်ထုဆိုတာ အဝိဇ္ဇာထုက သိပ်ကြီး။

## တရားဟောဖို့ မြတ်စွာဘုရားအား သဟမ္ပတိဗြဟ္မာတောင်းပန်ပုံ

ငါဘုရားကိုယ်တော်မြတ်ဟောမယ့် ပြောမယ့် တရားက အင်မတန်မှ သိမ်မွေ့ နူးညံ့၊ သိနိုင်ခဲ၊ မြင်နိုင်ခဲသော တရားထူး တရားမြတ်က ဖြစ်နေ။ သတ္တဝါတွေရဲ့ အဇ္ဈတ္တသန္တာန်ဖုံးလွှမ်းထားတဲ့ မောဟအမှောင်ကြီးက အားကြီး၊ ဘယ်နည်းနဲ့မှ ငါဟောလို့ သဘောပေါက်မယ် မဟုတ်ဘူးလို့၊ ကိုယ်တော်မြတ်က ဒီနေရာမှာ သတ္တဝါတွေရဲ့စရိုက် ကြောက်ရွံ့တာနဲ့ မဟောတော့ပါဘူး ဆိုပြီး နောက်တွန့်တော်မူရှာတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘုရားတောင် စိတ်ပျက်တာတဲ့၊ လောကကြီး ကြောက်စရာကောင်းပုံ သေသေချာချာ ကြည့် ဒီစဉ်ခါက ကိုယ်တော်မြတ် နောက်တွန့်တော်မူတယ်တဲ့၊ သတ္တဝါတို့၏ မောဟစရိုက်ကို ကြောက်ရွံ့လို့ နောက်တွန့်တော်မူတယ်။ ဒီတော့မှ တို့သဟမ္ပတိဗြဟ္မာအစရှိသော နတ်ဗြဟ္မာ အပေါင်းတွေ စုပေါင်းပြီး တောင်းပန်ကြတယ်၊ အကျိုးအကြောင်းပြောပြပြီးတော့ "အရှင်ဘုရား ဒီအတိုင်းသာ အရှင်ဘုရားစိတ်ပျက်လို့ မဟောတော့ဘူး" ဆိုခဲ့လို့ရှိရင် သတ္တဝါများသည့် ထောက်ရာတည်ရာရဖို့ အလွန်မှ ခဲယဉ်းပါတယ်ဘုရား။ ဒါကြောင့် အရှင်ဘုရား ဆင်ခြင်တော်မူပါအုံးဘုရား၊ သတ္တဝါများသည်, အားလုံးသော သတ္တဝါများသည် အကုန်လုံး အမိုက်အတိရယ်လို့ မဆိုသာသေးပါဘုရား၊ အတိတ်အနန္တရာ ဘဝပေါင်းများစွာက စုပေါင်းဆည်းပူး

http://www.dhammadownload.com



အားထုတ်ရသော ပါရမီရင့်ကျက်ပြီးပုဂ္ဂိုလ်လည်း ရှိပါလိမ့်မယ်၊ သို့မဟုတ်၊ အလတ်တန်းစား ပုဂ္ဂိုလ်လည်း ရှိပါလိမ့်မယ်၊ နုသေးသော ပုဂ္ဂိုလ်လည်း ရှိပါလိမ့်မယ်၊ ပါရမီလုံးလုံးမရှိသော ပုဂ္ဂိုလ်များလည်း ရှိပါလိမ့်မယ်၊ ပါရမီရင့်ကျက်ပြီး, ပြည့်စုံပြီး ပုဂ္ဂိုလ်ကျလို့ရှိရင် အရှင်ဘုရားတရား နာရလို့ရှိရင် မုချကျွတ်တန်းဝင်ပါလိမ့်မယ်။ ပါရမီအလတ်တန်းစားပုဂ္ဂိုလ်ဖြစ်ရင်လည်း ရင့်ကျက်သော ဘဝရောက်ပါစေ၊ ပါရမီနုသော ပုဂ္ဂိုလ်ဆိုရင်လည်း ဒို့ထက် ဆထက်ထမ်းပိုး တိုးပြီးတော့ ရင့်ကျက်တဲ့ အခြေအနေရောက်ပါလိမ့်၊ လုံးလုံးပါရမီမရှိသေးသော သတ္တဝါမှန်ခဲ့လို့ရှိရင် ပါရမီအပြည့်ရောက်ပါလိမ့်မယ်ဘုရား၊ နတ်ဗြဟ္မာအပေါင်းတွေ ဝိုင်းပြီးတော့ အကျိုးအကြောင်းလျှောက်ထားလို့ ကိုယ်တော်မြတ် ပြန်ဆင်ခြင်တော်မူတယ်။ ဟုတ်ပေးသားပဲ ဒီစကား၊ အခုနေကြည့်လိုက်တော့ "အန္ဓလောက"လို့ အမိုက်လောက၊ အမှောင်လောကကြီး သူတို့ရဲ့အဝိဇ္ဇာအမှောင်ထုကြီး အင်မတန်ကြီးမားလို့ ငါကိုယ်တော်မြတ် ပင်ပန်းရုံ, မောရုံအပြင် ပိုမရှိဘူးဆိုပြီးတော့ ငါကြောက်ရွံ့လို မဟောတော့ပါဘူးလို့ နောက်တွန့်ပေမယ့် နတ်ဗြဟ္မာအပေါင်း လျှောက်ထားတဲ့ စကားသည် ပြန်ပြောင်းပြီးတော့ ဆင်ခြင်စဉ်းစားတော်မူတဲ့အခါကျတော့ ဟုတ်ပေတယ်တဲ့၊ ဘာကြောင့် ဒီသတ္တဝါတွေ ဒီတစ်ဘဝနဲ့ စုပေါင်းဖြစ်လာရတာ မဟုတ်ဘူး။

အတီတာနန္တရ-ဘဝပေါင်းများစွာက သံသရာရှည်လျားစွာ လာနေကြတော့ ပါမီရင့်ကျက်ပြီးသား ပုဂ္ဂိုလ်လည်းပဲ မုချပါမှာပဲ။ ပါရမီအလတ်တန်းစားဆိုတဲ့ ပုဂ္ဂိုလ်လည်း ပါမှာပဲ၊ ပါရမီနုသေးတဲ့ ပုဂ္ဂိုလ်လည်း ပါမှာပဲ၊ ပါရမီလုံးလုံးမရှိုးသေးဘူးဆိုတဲ့ပုဂ္ဂိုလ်လည်း ပါမှာပဲလို့၊ အဲဒီလေးမျိုးလေးစား ရှိတဲ့ အနက်က ငါကိုယ်တော်မြတ် တရားတော် အင်မတန်မှ အာသိခက်၊ အင်မတန်မှ နက်နဲ၊ အင်မတန်မှ ခက်ခဲတဲ့ တရားတော်ပင် ဖြစ်လင့်ကစားလို့ ပါရမီရင့်ကျက်ပြီးသား ပုဂ္ဂိုလ်နဲ့ တွေ့ခဲ့သော် ဟောဆဲ၊ နာဆဲ၊ ပြောဆဲမှာပဲ သံသရာဝဋ်အတွင်းမှ တကယ်လွတ်ကင်းနိုင်တဲ့ အကျိုးထူးတရားတွေ ရှိပါပေတယ်။ ပါရမီအလတ်တန်းစားပုဂ္ဂိုလ်ဆိုလို့ရှိရင်လည်း အထက်တန်းစား ရောက်စေနိုင်တယ်၊ ပါရမီနုသေးတဲ့ ပုဂ္ဂိုလ်ဖြစ်ရင်လည်း ပါရမီအရင့်စားအဖြစ်သို့ ရောက်စေနိုင်တယ်၊ ပါရမီလုံးလုံးမရှိတဲ့ ပုဂ္ဂိုလ်ဖြစ်လည်း ပါရမီကို အသစ်အသစ်ဖြစ်စေနိုင်တယ်လို့ အကျိုးများပေ၏လို့ ဒီကျတော့ ဘုရားကိုယ်တော်မြတ် လက်ခံပြီးတော့ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးဆုံးမတော်မူ၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့်၊ အဲဒါကြည့်၊ ဘာအမှောင်ထုကြီး ဖုံးနေသလဲလို့၊ ဘာအမိုက်လောက၊ ဘာအမည်းလောက၊ ဘာအမှောင်လောကလည်းဆိုတော့ အတ္တဒိဋ္ဌိလွှမ်းမိုးနေတဲ့ အတ္တလောကကြီး ခေါ်တယ်၊ အတ္တစွဲတွေချည်းပဲ နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုဖြစ်နေ၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် အတ္တလောကကြီးနဲ့ ရင်ဆိုင်တိုးနေလို့ အနတ္တဆိုတဲ့လက်နက်နဲ့ ဖြိုခွင်းတော်မူတယ်၊

http://www.dhammadownload.com



ဖျက်ဆီးတော်မူတယ်၊ တို့ဘုရားကိုယ်တော်မြတ်က အနတ္တဝါဒချပြတယ်၊ အနတ္တတရားနော်၊ (မှန်ပါတယ်ဆရာ)၊ ချစ်သား ချစ်သမီးတို့ သင်တို့သည် သံသရာအဆက်ဆက်က တစ်မှားတည်း မှားလာကြတဲ့ အတ္တဝါဒ ဆိုတဲ့ တရားကြီးဟာ လားလားမှမဟုတ်ဘူး၊ လားလားမှမရှိဘူး၊ ဒါအတ္တဒိဋ္ဌိခေါ်တယ်၊ ငါဘုရားကိုယ်တော်မြတ် ချထားတဲ့လမ်းစဉ် သေသေချာချာ ဆင်ခြင်စဉ်းစားကြည့်ကြ၊ လိုက်နာကြ၊ ကျင့်သုံးကြ၊ အနတ္တဝါဒ ခေါ်တယ်၊ အနတ္တတရားကြီးလို့၊ အတ္တနဲ့အနတ္တ နော် (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် တို့ဘုရားကိုယ်တော်မြတ် ဗောဓိပင်နဲ့ရွှေပလ္လင် ရတော်မူပြီးတဲ့နောက် ဘုရားအဖြစ်ရလို့ သတ္တဝါများ ကောက်ကာ ငင်ကာနဲ့ ကယ်တော်မူတော့မယ်လို့ ကြံတော့ တိုက်ပွဲကြီးဖြစ်လို့ အတ္တနဲ့အနတ္တတိုက်ပွဲ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တချို့လည်း မြတ်စွာဘုရားကိုယ်တော်မြတ် အနတ္တလက်နက်ဒဏ် မခံနိုင်လို့ လက်နက်ချ၊ ကိုယ်တော်မြတ်ဘက် ပါတော်မူကြ၊ မပါဘူးလား (ပါပါ တယ်ဆရာ)၊ အနတ္တမှန်ပေတယ်ဟဲ့၊ အနတ္တဆိုတာမှ ဟုတ်ပေတယ်ဟဲ့၊ တချို့လည်း ဘယ်နဲ့ တိုက်တိုက်၊ အဲဒီတိုက်ပွဲထဲမှာပဲ အတ္တနဲ့ပဲ၊ အတ္တနဲ့ပဲ ကျသွားကြတယ်။ အတ္တမှ မှန်သဟ၊ အတ္တမှ မှန်သဟ၊ အဲဒီထဲ စစ်ကူပေးနေတာက "မက္ခလိဂေါသာလ၊ ပူရဏကဿပ" အစရှိသော ဘုရား မပွင့်မီက ဘုရားလို့ သမုတ်ထားတဲ့ ဘုရားခြောက်ဆူက ဒီအတ္တဝါဒကို အားပေးတဲ့အနေအားဖြင့် ဟောထားလို့၊ ဒါကြောင့် တို့ဘုရားက အနတ္တဝါဒကို ဟောတော်မူတဲ့အခါကျတော့, သာသနာကြီး ထွန်းပေါ် လာတော့ ဒီပုဂ္ဂိုလ်တွေရဲ့အယူဝါဒတွေ အများမှား အယွင်းယွင်း ပရမ်းပတာတွေ ဖြစ်နေလို့ သာသနာတော်အတွင်း စာရင်းမသွင်းဘူး။ "သာသနဗာဟိရကပုဂ္ဂိုလ်" ခေါ် တယ်နော် (မှန်ပါတယ်ဆရာ)၊ သာသနဗာဟိရက တိတ္ထိဂိုဏ်း ခေါ် တယ်၊ သာသနာ့ပြင်ပက ဂိုဏ်းသားတွေတဲ့၊ တို့ဘုရားကိုယ်တော်မြတ် စည်းဝိုင်းထားတဲ့ သာသနာ့စည်းဝိုင်းထဲမှာ မပါဘူး၊ သာသနဗာဟိရက- သာသနာ့ပြင်ပ၊ အဲဒီ"တိတ္ထိယပက္ကန္တက"ခေါ် ထားတဲ့ တိတ္ထိကောင်ပြေးဝင်တဲ့ ပုဂ္ဂိုလ်များ၊ ထိုတိတ္ထိအယူဝါဒအားဖြင့်နေတဲ့ ပုဂ္ဂိုလ်များရဲ့ လိုအင်ဆန္ဒအားဖြင့် အတ္တဘက်ကနေ စစ်ကူပေးပြီးတော့ အတ္တခြောက်မျိုးလို့ ဝါဒအားဖြင့် ထိုးပြတယ်။ သာ၍အားရှိနေ သတ္တဝါများရဲ့ ယုံကြည်ချက်တွေ၊ သာမိကအတ္တ၊ သယံဝသီအတ္တ၊ နိဝါသီအတ္တ၊ ကာရကအတ္တ၊ ဝေဒကအတ္တ၊ အဓိဋ္ဌာယကအတ္တ၊ ခြောက်မျိုး။ အဲဒါ ဘုရားလက်သစ်တွေကို ထိုးပြတာ နော် (မှန်ပါတယ်ဆရာ)၊ ဘုရားညာ၊ ဘုရားလိမ်တွေပဲ၊ သူတို့ ဟောတဲ့တရားတွေ၊ အသိဉာဏ်မပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ သူတို့ကို အဟုတ်မှတ်လို့ ဆည်းကပ်လို့၊ သေတော့ ထွေးလုံးရစ်ပတ်နဲ့ သွားလိုက်ကြတာ၊ အဝီစိမှာ တပျော်တပါးကြီးနော် (မှန်ပါတယ်ဆရာ)၊ ဆရာမှားလည်း ကြောက်စရာ၊ ဒါကြောင့် ဆရာဆည်းကပ်မယ် ကြံလို့ရှိရင် အရည်အချင်းတဲ့၊ ဂုဏ်သိက္ခာတဲ့ သေသေချာချာလည်း စစ်ဆေးကြအုံး၊ ရမ်းရမ်း ရမ်းရမ်းပြီးတော့ နာမည်ထွက်လာ

http://www.dhammadownload.com



ဟုတ်လှပြီလည်း မမှတ်နဲ့၊ အဆည်းအကပ် မှားရင်လည်း အတူတူပဲ လိုက်ရတာ၊ နောက်တော်ပါ အလုပ်အကျွေးအဖြစ်နဲ့ ပါသွားလေ။ ဆရာ အဝီစိကျလည်း ကားခနဲ့ ပါသွားတာပဲ၊ မသက်သာပါဘူး နော် (မှန်ပါတယ်ဆရာ)၊ ဆရာဆိုတဲ့ လူမျိုးကလည်း တစ်ယောက်ထဲ သွားတာမဟုတ်ဘူး၊ သမဝါယမ အဆင့်နဲ့ တစ်ပြုံကြီး ခေါ် ခေါ်သွားတာ နော် (မှန်ပါတယ်ဆရာ)၊ ဟင်း . . . သူ့သေလမ်းဆို သူ့ဆည်းကပ်တဲ့လူတွေပါ အကုန်ခေါ်သွားလေ၊ ဒါ"သမဝါယမစနစ်" ပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ သူအဝီစိသွားလည်း တန်းလို့ လိုက်သွားကြတာ၊ သူအပါယ်လေးပါး လားလည်း တန်းလို့ လိုက်သွားကြတာ နော် (မှန်ပါတယ်ဆရာ)၊ ကောင်းရာသုဂတိ သွားပြန်လည်း တန်းလို့ တစ်တန်းကြီးပါသွားလေ။ ကြောက်စရာအလွန်ကောင်းတယ် နော်၊ ဆင်ဆင်ခြင်ခြင်နဲ့ လုပ်ကြ၊ မေးမေးမြန်းမြန်၊ စစ်စစ်ဆေးဆေးနဲ့ ပေါ် ပင်လေးတွေ့ရင် အူးယားဖားယားနဲ့ ပြေးတက်တဲ့ သူများ၊ အပြေးအလွှား မိုးမမြင် လေမမြင် သွားတတ်၊ လာတတ်တဲ့လူများ ကြပ်ကြပ်သတိထား၊ ဆပ်ပြာသည် လင်ပျောက်သလို ရောင့်ရက် ခတ်လို့ ကန္တြေမရှိ သိက္ခာမရှိ ပျာပျာသလဲလဲလို့ ဒါ ငါ ဘယ်သူ့မှလည်း စောင်းပြောတာ မဟုတ်ပါဘူး၊ တို့အထဲကလည်း မလုပ်တတ်ပါဘူး ဒါမျိုးနော် (မှန်ပါတယ်ဆရာ)၊ ဆင်ဆင်ခြင်ခြင် စဉ်းစဉ်းစားစား၊ ဘယ်နေရာ နံမည်ကြီးဆို ပြေးပေါ့ တစ်ခါတည်း။

အဲဒါကြောင့် ဆရာဆည်းကပ်တယ် ဆိုပေမယ့် စောစောက ပြောသလို အရည်အချင်းနဲ့၊ ဂုဏ်နဲ့၊ သိက္ခာနဲ့ အဆင့်တော့ ရှိတယ်ဟဲ့၊ အချင်းက ဘယ့်နှယ့်နေတုံးဟဲ့၊ လူရဲ့တတ်ကျွမ်းနားလည်မှု သူ့ဂုဏ်က ဘယ်လိုတုံးဟဲ့၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ သူ့သိက္ခာဘယ်လိုရှိတုံးဟဲ့၊ ဒီလို စစ်ဆေးမေးမြန်းပြီးမှ ယုံကြည်လောက်မှ ကိုးကွယ်ဆည်းကပ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အခုပြောတဲ့ မက္ခလိဂေါသာလ၊ ပူရဏကဿပ အစရှိသော ခြောက်ယောက်သော ဘုရားကြီးတွေ ကိုယ့်ကိုယ်ကို ဘုရားမဟုတ်ဘဲနဲ့ ဘုရားသမုတ်၊ လောကမှာ ဘုရားလည်း မပွင့်သေးတော့ သူတို့ လုပ်ချင်သလို လုပ်နေတယ်၊ ဒါတွေ ယုံကြည်လေးစားပြီးတော့ အသိဉာဏ်ပါးရှားတဲ့ ပုဂ္ဂိုလ်များ၊ မှီခိုဆည်းကပ်ပြီး နေကြတော့ သေတော့ သူတို့မကောင်း သူတို့ခံရတာပေါ့ကွာလို့ ဒီလိုပြောလေ၊ ပြောရိုးပြောစဉ်လည်း ရှိတယ်လေ၊ သူတို့မကောင်း သူတို့ပေါ့ကွာ၊ ကိုယ်နဲ့ ဖက်စပ်ကော်ပိုရေးရှင်း လုပ်ထားတာ သူတို့ နားမလည်ဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အခု ဖက်စပ်တွေ ခေတ်စားနေ တာကိုးကွ၊ ကိုယ်နဲ့ ဒီဆရာနဲ့ ဖက်စပ်လုပ်ထားတာ သူမသိဘူး၊ ပါသွားမယ်နော်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မသိဘူး၊ မသိဘူး၊ သူမကောင်း သူ့အပြစ်နဲ့ သူပေါ့ကွာ၊ မဟုတ်ဘူးနော်၊ ဒီစကားက အလကားပြောတာ၊ သူမကောင်း ကိုယ်ပါ အတူတူပဲတဲ့၊ သူ့အားပေးတဲ့ လူခေါ် တယ်၊ သူမကောင်းရင် ကိုယ်ပါ အတူတူတဲ့၊ ဘာမှ မထူးဘူး နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်လည်း ကြောက်စရာကောင်း တယ်၊ အင်မတန်လည်းပဲ တွေးကြည့် ရင်နာစရာလည်း ကောင်းတယ်။

http://www.dhammadownload.com



ဒါကြောင့် ဆရာပေါင်းလည်း မှားတတ်တယ်တဲ့၊ အခု တိတ္ထိခြောက်သောင်း တို့ဘုရားပွင့်တော်မူတဲ့အခါမှာ နံမည်စာရင်းနဲ့ သွင်းထားတာ တိတ္ထိခြောက်သောင်း အဆွယ်အပွားတွေ မပါဘူး၊ ဘယ်လောက်များသလဲလို့၊ သေတော့ တစ်ပြုံတစ်ခေါင်းကြီး၊ တပျော်တပါးကြီးပဲ အဝီစိလှိမ့်ဆင်းသွားကြလေ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ အတ္တဝါဒမဟုတ်လား (အတ္တဝါဒပါဆရာ)၊ ဒါကြောင့် သာသနဗာဟိရက တိတ္ထိယတို့ ကြံဆအပ်သော "တိတ္ထိယပရိကပ္ပိတ အတ္တ" ခေါ်တယ်၊ ဒီတရားက ဒါများတကယ်မှတ်နေ၊ စောစောတုန်းက မမှတ်ဘူးလား (မှတ်ပါတယ်ဆရာ)၊ နင်လည်း အတူတူပါပဲဟ၊ တိတ္ထိအသင်းအဝင်သားကြီးပါပဲ၊ သင်တန်းမရောက်ခင်တော့ ဒီလိုချည်းမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သင်တန်းသားတွေ အကုန်ပဲလား (မပြောတတ်ပါဘူးဆရာ)၊ ချလေကွာ၊ ဘာညာနေတုံးဟ၊ သင်တန်းမတက်ခင်တုန်းက ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မင်းနဲ့ ထူးသေးလား (မထူးပါဘူးဆရာ)၊ အေး . . ဟုတ်ပါတယ်ကွာ။ ဒီအတိုင်းပဲ အင်မတန်ကြောက်စရာကောင်းတယ်နော် သေသေချာချာမှတ်၊ အန္ဓပုထုဇဉ် မဟုတ်လားဟ (အန္ဓပုထုဇဉ်ပါဆရာ)၊ အန္ဓပုထုဇဉ်တွေ အတ္တဝါဒမရှိဘဲနေပါ့မလား (ရှိပါတယ်ဆရာ)၊ အေး . . . ရှိတယ်၊ ဘာမှမထူးဘူး၊ ဒါ တိတ္ထိယပရိကပ္ပိတ- တိတ္ထိရဲ့ အသင်းအပင်းသားတွေလို့ ငါမကြာမကြာ ပြောခဲ့တယ်၊ နောက်နားက ငါပြောခဲ့တယ်၊ တချို့လည်း မှတ်မိဟန်မတူဘူး၊ တချို့လည်း မှတ်မိချင် မှတ်မိပါလိမ့်မယ်၊ ပုဂ္ဂလာဓိဋ္ဌာန်နဲ့ ဓမ္မာဓိဋ္ဌာန်အကြောင်း ငါပြောတယ်။ ပုဂ္ဂလာဓိဋ္ဌာန်အနေအားဖြင့် ဒီတရားမသိလို့ရှိရင်တဲ့၊ ကိုယ့်ကိုကိုယ် အတ္တဒိဋ္ဌိ အယူဝါဒနဲ့ နေလို့ရှိရင် ငါ လူဟုတ်တယ်၊ ယောကျ်ားဟုတ်တယ်၊ မိန်းမဟုတ်တယ်၊ ပုဂ္ဂိုလ်ဟုတ်တယ်၊ သတ္တဝါဟုတ်တယ်၊ အကောင်အထည်ဟုတ်တယ်၊ အသက်လိပ်ပြာ ဟုတ်တယ်၊ ခေါင်း လက် ကိုယ် ခြေ အထည်သဏ္ဍာန် အကောင်အထည်ဟုတ်တယ်ဆိုတဲ့ ယုံကြည်ချက်ကြီးနဲ့ နေ။

ပုဂ္ဂိုလ်အနေကတော့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး နေ့နဲ့အမျှ ဆည်းကပ်တယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘုရားဒကာ၊ ကျောင်းဒကာ အခေါ်ခံလို့ ပုဂ္ဂိုလ်အနေ၊ ပုဂ္ဂိုလ်သဏ္ဍာန်နဲ့ ကြည့်တော့ တန်ဖိုးမရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘုရားလူပဲလို့၊ ဒီလိုမထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ ဘုရားကို အမြဲဆည်းကပ်၊ "သာသနာ့လူပဲ"လို့ "ဘုရားလူပဲ"လို့ ဒီလိုထင်တယ်၊ ဒါပေမယ့် ဓမ္မာဓိဋ္ဌာန်အနေနဲ့ ကြည့်လိုက်တော့ ဘုရားနဲ့ ရန်ဘက်ကြီးမဟုတ်လားဟ (ရန်ဘက်ပါဆရာ)၊ သူက ဘယ်ဘက်သားတုံး၊ (သူက အတ္တသမားပါဆရာ)၊ အတ္တသမား၊ ဘယ်ဘက်ကတုံး၊ (တိတ္ထိပါဆရာ)၊ အေး . . . တိတ္ထိ နော် (မှန်ပါတယ်ဆရာ)၊ ဘုရားနဲ့ ရန်ဘက်ကြီးမဟုတ်လား (ရန်ဘက်ပါဆရာ)။ ဓမ္မာဓိဋ္ဌာန်နဲ့ ကြည့်တော့ ဘုရားရန်သူကြီး၊ ဘုရားနဲ့ နည်းနည်းမှ မတည့်ဘူး၊ ဘုရားက အရှေ့ဆို သူက အနောက် ကျောချင်းကပ်၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သေသေချာချာ

http://www.dhammadownload.com



တွေးနော် ဟုတ်လား, မဟုတ်လားလို့၊ ဩော် . . . တို့ ဒီရုပ်နာမ်ခန္ဓာ မမြင်ခင်တုန်းက အတ္တဒိဋ္ဌိ တန်းလန်းနဲ့ အန္ဓပုထုဇဉ်ဘဝနဲ့ နေကြစဉ်တုန်းက လက်စသတ်တော့ တို့ကတော့ ဘုရား တရားသံဃာ ရတနာမြတ်သုံးပါး ကြိုးစားဆည်းကပ်လို့၊ ကုသိုလ်လိုချင်လွန်းလို့ ဆည်းကပ်တာတော့ ဟုတ်ပါပြီ၊ ပုဂ္ဂိုလ်အနေကြည့် လိုက်တော့ ဘုရားလူလို့၊ ဘုရားအင်မတန်ကြည်ညိုတဲ့ ဘုရားဒကာ၊ ဘုရားတပည့်၊ ဘုရားတပန်း၊ ဘုရားသားတော်တွေ ဒီလိုထင်တယ်။

ဓမ္မဓိဋ္ဌာန်ကြောင်းနဲ့ ကြည့်လိုက်တော့ လက်စသတ်တော့ ဘုရားအယူနဲ့ ပြောင်းပြန်ကြီးဖြစ်၊ ပဋိပက္ခ မဟုတ်ဘူးလား၊ ရန်သူကြီးပဲတဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဟုတ်တယ်၊ အင်မတန် ဟုတ်တယ်၊ ဒါကြောင့် သေပြီးလားဆိုတော့ သူအပါယ်လေးပါး ကားကနဲ ကားကနဲ သွားတာပေါ့ဟ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘုရားလူဆို သွားပါ့မလား (မသွားမပါဘူးဆရာ)၊ ဘယ်တော့မှ မသွားဘူး၊ ဘုရားက ငါ၏ချစ်သား ချစ်သမီးတို့လို့ ခေါ်လိုက်တယ်၊ ငါ၏တပည့်သားတို့လို့ ခေါ်လိုက်တယ်၊ အဲဒါ သူအဆိုဆုံးမနာခံတဲ့, သူ့ဩဝါဒ တစ်သဝေမတိမ်း ယုံကြည့်စွာ လိုက်နာတဲ့ ချစ်သား ချစ်သမီးတွေမှ သူ့သားတော် သမီးတော်အစစ်တွေတဲ့ နားလည်လား (နားလည်ပါတယ် ဆရာ)။ အဲဒီပုဂ္ဂိုလ် မျိုးကတော့ အပါယ်လေးပါး သွားသေးလား (မသွားပါဘူးဆရာ)၊ ဘုရားလူစစ်ရင် ဘယ်တော့မှ မသွားဘူးနော် (မှန်ပါတယ်ဆရာ)၊ ဘုရားလူစစ်လာလိုက်ရင် ဘယ်တော့မှ မသွားဘူး ဆိုတာ မှတ်ထား၊ အပါယ်တံခါးပိတ်တယ်၊ အင်မတန်တံခိုးရှိတယ်နော် သာမညမမှတ်နဲ့၊ ဘုရား လူမဟုတ်ဘဲနဲ့ အပြင်က ကြည့်လိုက်တော့ ဘုရားလူထင်တယ်၊ အတွင်းကတော့ ဘုရားရန်သူဆိုတဲ့ အတ္တဒိဋ္ဌိတန်းလန်းနဲ့ နေတဲ့ လူကျတော့ သေပြီလားဆို မကယ်နိုင်ဘူးဟ၊ ခုနပြောတဲ့ ဘုရားဒကာ၊ ကျောင်းဒကာ အခေါ်ခံနေတဲ့ သူလည်း မတတ်နိုင်ဘူး၊ သွားတာတဲ့၊ မဟုတ်ဘူးလား၊ (မှန်ပါတယ် ဆရာ)၊ ဘယ်သွားတုံး၊ (အပါယ်လေးပါး ကျပါတယ်ဆရာ)၊ ဒါ မင်းပြောတာ၊ ကျောင်းဒကာတွေ၊ ဘုရားဒကာတွေ ကြားရင် မင်းချောင်း ရိုက်တော့မှာပဲ၊ ဟုတ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။

အေး . . အဲဒါကြည့်၊ အဲဒါကြည့်၊ ဒါကြောင့် သာမိကအတ္တ၊ သယံဝတီအတ္တ၊ နိဝသီအတ္တ၊ ကာရကအတ္တ၊ ဝေဒကအတ္တ၊ အဓိဋ္ဌာယကအတ္တ၊ ဒီဘုရားတုံ ဘုရားလောင်းကြီးတွေ ကြံဆောင် ပြီးတော့ ဟောထားတဲ့ အတ္တခြောက်မျိုး၊ ဘေးက ယုံမှာပေါ့တဲ့ ယုတ္တိယုတ္တာနဲ့ သာမိကအတ္တ နံပါတ် (၁)ဆိုတာ တခြားမဟုတ်ဘူး၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားသည်တဲ့၊ အာဏာလွှမ်းမိုး အစိုးရသခင် ပိုင်ရှင်ဖြစ်ခြင်းကြောင့် "သာမိကအတ္တ"ခေါ်သည်တဲ့၊ ဒီခန္ဓာငါးပါး ရုပ်နာမ်တရားကို အာဏာလွှမ်းမိုး အစိုးရတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ယုံစရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ) သူ့ကိုယ်သူ ပိုင်နေတယ် မဟုတ်ဘူးလား၊ အဓိပ္ပာယ်ဆိုလိုတာက (ပိုင်နေပါတယ်ဆရာ)၊ လူပိန်းကတော့ ယုံနေမှာ

http://www.dhammadownload.com


မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ "သာမိကအတ္တ" ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော်၊ အတ္တဒိဋ္ဌိပေါ် မျက်စိလည်တတ်လို့။ ဒါပေမယ့် တို့သင်တန်းသူ၊ သင်တန်းသားများက နားရည်ဝပါပြီ။ ခန္ဓာငါးပါး ပစ္စယပရိဂ္ဂဟဉာဏ် ပြပြီးတဲ့အခါထဲက သက္ကာယဒိဋ္ဌိ (၂၀) ကွာပြီးသား ဆိုတော့ ဒီဒိဋ္ဌိနဲ့ ပတ်သက်လို့တော့ တော်တော်ကြီး သလဲစင် ခဲစင်ဖြစ်နေတယ်ဆိုတာ ယုံကြည်ပါ၏၊ ဒါပေမယ့် ထပ်ပြီးတော့ သေသေချာချာ မှတ်သားပါအုံး၊ အယောင်ယောင်အမှားမှား ဖြစ်နေတဲ့ သဘောလေး။ ငါတော့ လျှော့ဈေးနဲ့ချည်းပဲ ပြောပြောနေတာ၊ သူတို့ ကွာလား၊ မကွာလားလို့ မပြောတတ်ဘူး၊ သာမိကအတ္တ နော် (မှန်ပါတယ်ဆရာ)၊ ဒီရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို အာဏာလွှမ်းမိုး အစိုးရပိုင်ရှင် သခင်ဖြစ်ခြင်းကြောင့် "သာမိကအတ္တ" ခေါ်ပါတယ်။ သူတို့ဟောတဲ့ဝါဒ၊ လူတွေကလည်း တစ်ပြုံကြီး ယုံပြီးရင်း ယုံရင်းပဲ နော် (မှန်ပါတယ်ဆရာ)။

ပြီးတော့ "သယံဝသီအတ္တ"၊ မိမိအလိုဆန္ဒသို့ ပြည့်ဝအောင် လိုက်တတ်သော သဘောရှိသောကြောင့် "သယံဝသီအတ္တ"တဲ့၊ ဆိုထားတာ သေသေချာချာကြည့်၊ မိမိအလိုဆန္ဒ ပြည့်ဝအောင် လိုက်တတ်တယ် ဆိုတာ အတ္တကောင်လေး ရှိလိုပေါ့တဲ့၊ အတ္တကောင်မရှိရင် ဘယ့်နဲ့လိုက်မှာတုံးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ယုံတာပဲ၊ မယုံဘူးလား (ယုံပါတယ်ဆရာ)၊ အေး . . . မင်းအလိုဆန္ဒ မင်းပြည့်ဝအောင် မင်းရှာဖွေလုပ်ကိုင်နေ၊ ဩော် . . . အတ္တကောင်လေးရှိလို့နော်။ အတ္တကောင်လေးရှိလို့။ ငါ့အလိုဆန္ဒပြည့်ဝအောင် လိုက်လိုက်ပြီးတော့ လုပ်နေတာ၊ အလိုဆန္ဒပြည့်ဝတဲ့ အလိုပြည့်အောင် စွမ်းဆောင်နိုင်တဲ့ အတ္တကောင်လေးရှိတယ်။ ဒါကြောင့် "သယံဝသီအတ္တ"ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ယုံတာပဲ၊ လူတွေကလည်း တစ်ပြုံကြီး ယုံပြီးရင်း ယုံတာပဲ၊ နိဝါသီအတ္တ၊ သူတစ်ပါးနဲ့မဆက်ဆံပဲ သီးသန့်၍နေနိုင်သော သဘောသတ္တိရှိသော အတ္တကောင် လေးတဲ့နော် (မှန်ပါတယ်ဆရာ)၊ သူတစ်ပါးနဲ့ မဆက်ဆံဘူးဆိုတာ မှန်တာပေါ့ကွာ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူတစ်ပါးနဲ့ မဆက်ဆံဘဲနဲ့ အမြဲတစေ တည်နေနိုင်တဲ့ သဘောလေးဟာ နိဝါသီအတ္တကောင်လေးတဲ့၊ နော် (မှန်ပါတယ်ဆရာ)၊ တစ်နည်းအားဖြင့် ဒီလိုလည်း အတ္တပဲတဲ့။ အတ္တတွေထိုးပြတာ၊ ဒါပဲလား မဟုတ်သေးဘူး၊ ချမ်းသာမှု, ဆင်းရဲမှု ဒီနှစ်ခုကို ပြုတတ်၊ လုပ်တတ်တဲ့ အတ္တကောင်လေးတဲ့၊ "ကာရကအတ္တ"ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲ . . အခုပြသွားတဲ့ အဗျာပါရနည်း၊ အဲဒါ ကာရကအတ္တ သေသေချာချာမှတ်၊ ကာရကအတ္တတဲ့ နော် (မှန်ပါတယ်ဆရာ)၊ လုပ်တတ်၊ ပြုတတ်သော အတ္တကောင်လေးမှတ်နေ၊ လွန်ခဲ့သော အတိတ်ကာလက ကုသိုလ်ကောင်းမှုလုပ်ခဲ့တာငါ၊ ကုသိုလ်ကောင်းမှု လုပ်ခဲ့လို့ ဒီကုသိုလ်အကျိုးဆက်တွေ ဒီဘဝလာ ခံစားရတာငါ၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး, အေး . . . အဲဒါ ပြုတတ်၊ လုပ်တတ်တဲ့ အတ္တကောင်လေးပဲလို့။

http://www.dhammadownload.com


ဒါကြောင့် အဝိဇ္ဇာက စ၊ ဇရာမရဏကျအောင် တစ်လုံးချင်း တစ်လုံးချင်း ရှင်းရှင်းကြည့်ကြ၊ အဝိဇ္ဇာထဲမှာ ပြုတတ်၊ လုပ်တတ်တဲ့ ကောင်လေးရှိသလား နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရ ရှိသလား၊ ဒါလေးတွေ ပြန်ပြန် ဆင်ခြင်ပေး ရမယ်၊ ကာရကအတ္တ - လောကကြီး ချမ်းသာတယ်၊ ဆင်းရဲတယ် မရှိလားကွာ (ရှိပါတယ်ဆရာ)၊ ချမ်းသာအောင်လည်း လုပ်တတ်တယ်၊ ဆင်းရဲအောင်လည်း လုပ်တတ်တယ်၊ ဘယ်သူလုပ်၊ အတ္တ ကောင်လေးပေါ့၊ သူလုပ်တာပေါ့။ သူလုပ်လို့ ဆင်းရဲတာလည်းဖြစ်၊ ချမ်းသာတာလည်း ဖြစ်တာ၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အေး . . . အဲဒါလည်းပဲ လူတွေ တစ်ပြုံကြီးကလည်း ယုံပြီးရင်း ယုံးရင်းပဲ၊ အုံကြွနေတယ် သိပ်ကောင်းတဲ့ဝါဒ၊ အတ္တရှိလို့ လောကကြီး တည်နေတာပေါ့၊ အတ္တမရှိရင် ဘယ်တည်နိုင်ပါ့မလဲနော် (မှန်ပါတယ်ဆရာ)၊ ဒီလိုလာတယ်၊ ဝေဒကအတ္တ - ထိုချမ်းသာ ဆင်းရဲ နှစ်ပါးကို အမြဲတစေ ခံစားနေတတ်သော အတ္တတဲ့၊ ဝေဒကအတ္တ၊ ဆင်းရဲတာကို ဘယ်သူခံစား တုံး၊ ငါခံစားရတာပေါ့၊ ချမ်းသာတာကို ဘယ်သူခံစားတုံး၊ ငါခံစားရတာပေါ့၊ ခံစားနေကြ ခံစားနေကြနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ငါစောစောက ပြောထားတာက လောကကြီး စည်းစိမ် ဥစ္စာနှင့် ကြွယ်ဝတဲ့ပုဂ္ဂိုလ်၊ လွန်ခဲ့သော အတိတ်ဘဝက ပြုခဲ့သော ဒါန၊ သီလ ဆိုတဲ့ ကုသိုလ်ကောင်းမှု တွေ အကြောင်းခံလို့ ဒီဘဝပေါ်တဲ့ အကျိုးထူးတရားတွေ ခံစားရ၏၊ ဘယ်သူခံစား၊ ငါခံစား၏၊ ဒီလိုမဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)၊ အဲဒါ အတ္တ၊ ခံစားတယ်တဲ့၊ ဘယ်သူလုပ်ပေးတာလဲ၊ အတ္တပဲ လုပ်ပေးလိုက်တာတဲ့၊ ပြုတတ်, လုပ်တတ်သော အတ္တနဲ့ ခံစားတတ် သော အတ္တ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကာရကအတ္တနဲ့ဝေဒကအတ္တ၊ အဲဒါမြတ်စွာဘုရား ကိုယ်တော်မြတ်က ပါဠိတော် ဘယ့်နဲ့ထည့်ထားလဲဆိုတော့ ကာရကအတ္တနဲ့ ဝေဒကအတ္တဆိုတာ "ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ ဝေဒကော၊ ကမ္မဿကံကုသိုလ် အကုသိုလ်နှစ်ပါးကို။ ကာရကော၊ ပြုတတ်သောပုဂ္ဂိုလ် သည်လည်း။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး၏ အကျိုး တရားကို။ ဝေဒကော၊ ခံစားတတ်သော ပုဂ္ဂိုလ်သည်လည်း။ နတ္ထိ၊ မရှိတဲ့။

လွန်ခဲ့သော အတိတ်ဘဝ ကုသိုလ်ကံ အကုသိုလ်ကံ လုပ်တတ်သော အကောင်လေး ရှိသလား၊ (မရှိပါဘူးဆရာ)၊ ထိုကုသိုလ်ကံ အကုသိုလ်ကံ အကျိုးတရားကို ခံစားတတ်တဲ့ သတ္တဝါကောင်လေး ရှိသလား၊ (မရှိပါဘူးဆရာ)၊ ဩော် . . . ကာရကအတ္တနဲ့ဝေဒကအတ္တ။ ဒါပေမယ့် လောကမျက်မြင် အနေအားဖြင့် ယုံတာပဲ၊ ချမ်းသာအောင် လုပ်တာလည်း ဒီအကောင်ပဲ၊ ဆင်းရဲအောင် လုပ်တာလည်း ဒီအကောင်ပဲ၊ ချမ်းသာအောင် လုပ်လာတဲ့ အကျိုးတရား ခံစားရ တော့လည်း ဒီအကောင်ပဲ၊ ဆင်းရဲတဲ့အကျိုးတရား ခံစားရတာလည်း ဒီအကောင်ပဲ၊ မယုံဘူးလား

http://www.dhammadownload.com


(ယုံပါတယ်ဆရာ)၊ ဒါ "ကာရကအတ္တ၊ ဝေဒကအတ္တ" ခေါ်တယ်၊ အဓိဋ္ဌာယကအတ္တ-စိတ်ထားမြဲမြဲ ခိုင်ခန့်အောင် ဆောက်တည်နိုင်သော၊ မြန်မာလိုဆိုတော့ စိတ်ကလေး အဓိဋ္ဌာန်အတိုင်း ထားသလို နေနိုင်သော အတ္တကောင်လေးတဲ့၊ အဓိဋ္ဌာယကအတ္တ နော် (မှန်ပါတယ်ဆရာ)၊ အဓိဋ္ဌာယကအတ္တတဲ့၊ ဘယ်နှစ်မျိုးရှိသလဲ၊ (ခြောက်မျိုးပါဆရာ)၊ အဲဒီစကားလုံးက စကားစပ်မိလို့ ပြောလိုက်အုံးမယ်၊ သိမ်ငုံ့ကြီးဘုရားပွဲ၊ ဖိုးစိန်ကြီး လာကတယ်၊ ဟမ်း . . . လေကြီး မိုးကြီးက ကျ၊ ဖိုးစိန်က ခုည ဘာပြလဲဆိုတာ အသခ်ၤရုပ်ဇာတ်ပြတယ်။ အသခ်ၤရုပ်ဇာတ်ပြတော့ အသခ်ၤရသေ့ကျောင်းသခ်မ်း အတွင်းကနေပြီးတော့ တစ်ပိုင်းလေးဖော်ဖော် ပြတင်းပေါက်ကနေ ရပ်ရပ်ပြတယ်။ ဒီတော့ တစ်ဘက်က မင်းကြီးကလည်း အသခ်ၤမြင်ချင်လွန်းလို့ ဒီဘက်လှည့်ချောင်းလိုက်၊ ဟိုဘက်က လှည့်ချောင်းလိုက်၊ အရေးကြီးနေတုန်း အချိန်ပေါ့ကွာ၊ ရုံကြီးက ပထမ လေကြီး မိုးကြီးကျတော့ တစ်ဘက်က ပြိုကျတယ်၊ ဟိုလည်းအရေးကြီး နေတော့ ဖိုးစိန်ကလည်း တစ်ခါထဲ မင်းသမီးကြည့်ချင်းလွန်းလို့၊ အသခ်ၤကြည့်ချင် လွန်းလို့ အသခ်ၤကို ငါမြင်တာရယ် နှစ်ခါရှိပါပေါ့ဆိုတဲ့ တေးပေါ့ကွာ၊ အဲဒါနဲ့ ဟိုကလည်း ဟန်နဲ့အမူ အရာနဲ့ သိပ်ကြည့် ကောင်းတာကိုးကွ၊ အဲဒီကြားထဲ "အရေးကောင်း ဒိန်းဒေါင်းဖျက်"ဆိုသလိုပဲ ရုံကြီးက တစ်ဘက်ပြိုကျ။ ငါမပါပါဘူးကွ၊ ပြောသံကြားတာ ပြောတာပါ။ တစ်ဘက်က ပြိုကျတာ ဘယ်လောက် မက်သလဲဆိုရင်၊ ရုံကျိုးကျတာ သေမှာမကြောက်ဘူး၊ အဲဒီမပြိုတဲ့ ကျန်တဲ့တစ်ခြမ်း ဘက်ကို ပြုံတိုး၊ ဟိုကလည်း အဲဒါမလျှော့သေးဘူး၊ တစ်ခါးတည်း အသခ်ၤလှည့်ကာပတ်ကာနဲ့ ချောင်းချောင်း၊ ချောင်းချောင်း ကြည့်သွားအကွက်ကလည်း အကွက်ကောင်းပေါ့၊ ဒီကြားထဲ ရုံကလည်းပြို၊ နောက်တစ်ခါ ကျန်တဲ့အပိုင်းကြီးပါ ပြိုကျတော့မှ အန်ထွက်တာကိုးကွာ။

အခုလည်း ဒီလိုပဲဟ၊ ငါ ဒီနည်းလေးမျိုး ပြောလို့၊ ပြလို့ အရသာကောင်းတုန်း ချောင်းက ဆိုးရ၊ နှာကမ္ဘန်၊ ဖျားကဖျားနဲ့ ရုံကြီးက တစ်ခြမ်းပြိုပြိုကျနေတာနဲ့ တူနေတယ်နော်၊ အဲ အတ္တခြောက်မျိုး မှတ်မိလား၊ (မှတ်မိပါတယ်ဆရာ)၊ မှတ်မိလား၊ ပြန်ပြောစမ်း မှတ်မိရင်၊ ပြောစမ်း မှတ်မိရင်၊ (ယောင် ပြောတာ) ဩော် . . ယောင်ပြောတာလား၊ အဲဒီလိုကောင်ပါဆို၊ အဲဒါကြောင့် အတ္တစွဲက သတ္တဝါတို့၏ စိတ်ထဲ အသည်းစွဲနေတဲ့ဝါဒ နော် (မှန်ပါတယ်ဆရာ)၊ အတ္တဒိဋ္ဌိလို့၊ အဲဒီအတ္တဒိဋ္ဌိကြီး ပြုတ်သွားရင် ဟာ. . အတ္တဝါဒကြီးက ဟုတ်မှ မဟုတ်ပါဘဲပဲနဲ့ သေသေချာချာကြည့်တော့ ဘယ် ငါကောင်၊ သူကောင်၊ လူကောင်၊ နတ်ကောင်၊ ပြဟ္မကောင်၊ ခွေးကောင်၊ ဝက်ကောင်၊ ကြက်ကောင်၊ ငှက်ကောင်၊ အထည်ဒြပ် သဏ္ဌာန်အကောင်အထည်အနေအားဖြင့် ပုဂ္ဂလ သတ္တ အတ္တဆိုတာ ဘယ်ရှိလို့တုံးဟ၊ ရုပ်နဲ့နာမ်ပဲ ရှိပါတယ်၊ ခန္ဓာပဲရှိပါတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလို ပြတ်သားနားလည်

http://www.dhammadownload.com


သွားလို့ရှိရင်တဲ့၊ အပါယ်တံခါးလုံးလုံး ပိတ်ပါတယ်တဲ့၊ ဒီတစ်လုံးနဲ့နော် (မှန်ပါတယ်ဆရာ)၊ အပါယ်တံခါးပိတ်တဲ့ သော့ချက်တွေချည်း ဖွင့်ဖွင့်၊ ဖွင့်ဖွင့်ပြနေတယ်၊ မှတ်ကြနော်၊ အပါယ်လေးပါးလားမှာ ကြောက်လို့ရှိရင် မျက်လုံးလေး ကလယ်ကလယ်နဲ့ တကယ်ဘေးနဲ့ ကြုံလာပြီ ဆိုတော့ ဟိုဒင်းပြေး အားကိုး၊ ဒီတင်းပြေး အားကိုး၊ မဟုတ်တရုတ်တွေ လုပ်လို့လုပ် နော် (မှန်ပါတယ်ဆရာ)၊ ကြောက်အားလန့်အားနဲ့ အမှားမှားအယွင်းယွင်းဖြစ်၊ အဲဒီသေခါနီးကျမှ မျက်ကကလဲဆန်ပျာဖြစ်ပြီးတော့ အားကိုးရာရှာလို့ ရပ့ါမလားဟ (မရနိုင်ပါဘူးဆရာ)၊ ဒါကြောင့် သေချာတဲ့အချိန်ကနေ ရှာထားကြလို့ နော် (မှန်ပါတယ် ဆရာ)၊

ဒါကြောင့် အဲဒီအတ္တဒိဋ္ဌိတစ်လုံး ပြုတ်သွားပြီဆိုမှဖြင့် အပါယ်လေးပါး လုံးလုံးတံခါးပိတ်တယ်တဲ့၊ အပါယ်ဘယ်တော့မှမလားရဘူးတဲ့၊ အတ္တဒိဋ္ဌိနော် (မှန်ပါတယ် ဆရာ)၊ ဒါကြောင့် အဲဒီအတ္တဒိဋ္ဌိဆိုတဲ့ သဘာဝစွဲလန်းမှုလေးဟာ ပြုတတ်၊ လုပ်တတ်သောသူ ရှိတယ်ဆိုတဲ့ အနေအားဖြင့် သံသရာ တို့လာနေတာ ဒါပဲလို့ စိတ်ထဲစွဲထား၊ လွန်ခဲ့သော အတိတ် ဘဝက တို့ ကုသိုလ်ကံတွေ လုပ်လို့ အခုဘဝ ကောင်းကျိုးချမ်းသာတွေ ခံစားရ၏၊ ဘယ်သူလုပ်တုံး ငါလုပ်တာ၊ ဘယ်သူခံစားတုံး ငါခံစားရတာ၊ ဒီဘဝလည်း ကုသိုလ်ကောင်းမှုတွေ လုပ်ပြန်ပြီ၊ ဘယ်သူ လုပ်တုံး၊ ငါလုပ်တယ်၊ နောက်ဘဝ ဒီအကျိုးတရားတွေ ကောင်းတဲ့ချမ်းသာအကျိုးတရားတွေ ခံစားရ အုံးမယ်၊ ဘယ်သူခံစား၊ ငါခံစားရအုံးမှာ၊ အတ္တဒိဋ္ဌိချည်းပဲ သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ သံသရာအစကတည်းက ကနေ့ကျအောင် ဆိုသလိုပဲ တောက်လျှောက်ကြီး တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာအားဖြင့် ဒီနည်းအတိုင်း လာနေတယ်ဆိုတဲ့ အတ္တစွဲတဲ့၊ အဲဒီအတ္တစွဲကြီးဟာ မိမိတို့ရင်ထဲမှာ တစ်ရှင်းတည်းရှင်း၊ တစ်လင်းတည်း လင်းသွားမယ်ဆိုလို့ရှိရင် အပါယ်လေးပါး ဘယ်တော့မှ မလားဘူးတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မရှင်းဘူး၊ မလင်းဘူးနဲ့ မရှင်းမလင်းနဲ့ သေခဲ့လို့ရှိရင် အပါယ်လေးပါးဆင်းမှာ အမှန်ပဲ၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် အတ္တဒိဋ္ဌိပြုတ်သွားပါစေဆိုတဲ့ အနေအားဖြင့် အဘုရားကိုယ်တော်မြတ်က အဗျာပါရနည်း ပြတယ်၊ ဒါကြောင့် -

အဝိဇ္ဇာယ သင်္ခါရာ မယာ ဥပ္ပါဒေတဗ္ဗာ၊ သင်္ခါရာနံ ဝါ ဝိညာဏံ အမှေဟီတိ ဧဝမာဒိဗျာပါရာဘာဝေါ အဗျာပါရနယော နာမ၊ ယံ သမ္မာ ပဿန္တော ကာရကဿ အဘာဝါဝဗောဓတော အတ္တဒိဋ္ဌိံ ပဇဟတိ။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ၁၈၈)

အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ သင်္ခါရာ၊ သင်္ခါရတရားတို့ကို။ မယာ၊ ငါသည်။ ဥပ္ပါဒေတဗ္ဗာ၊ ဖြစ်စေအပ် ကုန်၏။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ သင်္ခါရာနံ ဝါ၊ သင်္ခါရတရားတို့၏။ ဝိညာဏံ၊

http://www.dhammadownload.com



ဝိညာဏ်ကို။ အမေ့ဟိ၊ ငါတို့သည်။ ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ်၏။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ဧဝမာဒိဗျာပါရာဘာဝေါ၊ ဤသို့အစရှိသော လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိခြင်းသည်။ အဗျာပါရနယော နာမ၊ အဗျာပါရနည်း မည်၏။ ယံ၊ အကြင်အဗျာပါရနည်းကို။ သမ္မာ၊ မဖောက်မပြန် မှန်မှန်ကန်ကန်။ ပဿန္တော၊ မြင်သော ပုဂ္ဂိုလ်သည်။ နော် (မှန်ပါတယ်ဆရာ)၊ ကာရကဿ၊ ပြုတတ်လုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါ အတ္တကောင်လေး၏။ အဘာဝါဝဗောဓတော၊ မရှိသည့်အဖြစ်ကို ထိုးထွင်း၍ သိသောကြောင့်။ အတ္တဒိဋ္ဌိံ၊ တစ်သံသရာလုံးမှာ တစ်မှားတည်းမှား၍လာသော, စွဲမြဲယုံကြည်၍လာသော အတ္တဒိဋ္ဌိဆိုတဲ့ အယူဆိုးကြီးကို။ (ဝါ) ကိလေသာဆိုးကြီးကို။ ပဇဟတိ၊ ပယ်စွန့်နိုင်ပေတော့၏။

ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ အဗျာပါရနည်း = လုံ့လ ပယောဂ ဗျာပါရ မရှိသော အဓိပ္ပာယ်ကို ပြတဲ့နည်း၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်၊ ဘဝကြောင့် ဇာတိဖြစ်၊ ဇာတိကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဖြစ်၊ အကြောင်း အကျိုး ဆက်စပ်ပြီးတော့ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဒီလိုသွားတဲ့ တရား၊ ဒါကို သံသရာစက်၊ ဘဝစက်လို့ ခေါ်၏။ အကြောင်းနှင့်အကျိုး ဆက်စပ်နေတာ မရပ်မနားလို့ အမြဲတမ်းလည်ပတ်နေတယ်၊ ဒါ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယတ္ထ။ ဒါကြောင့် အကြောင်းနှင့်အကျိုးဆက်စပ်တဲ့နည်းအားဖြင့် ကြည့်တော့ အကြောင်းနှင့်အကျိုးသည် ဆက်စပ်၍သွား၏၊ အကြောင်း ရှိလျက်သားနဲ့ အကျိုးမဖြစ်သော တရား၊ အကြောင်းဖြစ်လျက်သားနဲ့ အကျိုးမဖြစ်ဘဲ ရပ်နေတဲ့ အချိန်အခါ၊ ရပ်နေတဲ့ကာလ၊ ပြတ်နေတဲ့ကာလ၊ ခြားနေတဲ့ကာလ လုံးလုံးရှာမရ၊ ဒါအကြောင်းနှင့် အကျိုး အမြဲတစေ ဆက်စပ်ပြီး နေတယ်ဆိုတဲ့ သန္တာန်အစဉ် ရည်ရွယ်ပြတော့ ဧကတ္တနည်း။

ပြီးတော့ ဒီလိုအကြောင်းအကျိုးသာ ဆက်စပ်ပြီးတော့ အမြဲတစေ ဖြစ်နေတယ်၊ အကြောင်း အကျိုးသာ ဆက်စပ်ပြီးတော့ မပြတ်ဘဲနေတယ်၊ အကြောင်းတရားနဲ့အကျိုးတရား သဘောသွား လက္ခဏာကြည့်လိုက်တော့ တခြားစီ၊ ဒီလိုမြင်ပြန်တော့ ဒါတော့ နာနတ္တနည်းတဲ့၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ ဒီလိုဖြစ်နေတယ်၊ ဒီလိုကြည့်တော့ နာနတ္တနည်းတဲ့၊ အခုတစ်ဖန်လာပြန်ပြီ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတဲ့ နေရာမှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ် တာတော့ မှန်ရဲ့၊ ဒါပေမယ့် အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတတ်သလားဆိုတော့ မဟုတ်ပါဘူး၊

http://www.dhammadownload.com



အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးလိုက်သလားဆိုလည်း မဟုတ်ပါဘူး၊ ဘာဖြစ်လို့၊ အဝိဇ္ဇာဆိုတဲ့ အကြောင်းတရားကိုက ပြုတတ်, လုပ်တတ်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါကောင်၊ သူကောင် မဟုတ်လို့ပါ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် အဝိဇ္ဇာရဲ့သတ္တိသဘောထဲ ကြည့်လိုက်တော့ တစ်ဘက်သော တရားကို (တစ်နည်း) သင်္ခါရကို ဖြစ်အောင် လုပ်ကိုင်ပေးတတ်တဲ့ လုံ့လ ပယောဂ ဗျာပါရ ရှိသလား (မရှိပါဘူးဆရာ)၊ အဲဒါလေး နားလည်ရမယ်။ ဒီနေရာလေးက အတ္တဒိဋ္ဌိက မနေ့ညက ရှင်းသွားတဲ့အတိုင်း အဲ. . လွယ်လင့်တကူလည်း တချို့လည်း ရှင်းချင်ရှင်းနေမှာပေါ့။ တချို့လည်း ထွေးလုံးရစ်ပတ်ကြီးဖြစ်ချင်ဖြစ်နေလိမ့်မယ်၊ ဘာဖြစ်လို့ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဆိုတဲ့ သဘာဝ ပရိယာယ်သာကွဲတာ၊ အတူတူပြထားတော့ အစွဲက အင်မတန်နာတယ်တဲ့၊ ဘယ်တုန်းက စွဲလာသလဲ ဆိုတော့ သံသရာအစတည်းက စွဲလာတာ၊ သံသရာအစတည်းက တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ စွဲနေခြင်းကြောင့် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိဝါဒချည်းပဲ လာတော့ အစွဲက နာချင်တိုင်း နာနေတော့ ဒီအစွဲကို ဖြုတ်စမ်းပါ၊ ပြုတ်အောင် လုပ်စမ်းပါ၊ ကွာအောင်၊ ရှင်းအောင်၊ လင်းအောင် လုပ်စမ်းပါဆိုတော့ ရုတ်တရက်အားဖြင့် ပြုတ်လည်း မပြုတ်နိုင်ဘူး၊ ကွာလည်းမကွာ နိုင်ဘူး၊ ရှင်းလည်း မရှင်းနိုင်ဘူး၊ ဘာဖြစ်လို့ စွဲချက်ကနာနေလို့၊ သင်္ချာသင်္ချေ မရေမတွက်နိုင်သော ကမ္ဘာ ပေါင်းများစွာက, ဘဝပေါင်းများစွာက စွဲယူလာတဲ့ ယုံကြည်လာတဲ့ အစွဲကြီးဖြစ်နေတယ်တဲ့၊ အတ္တဒိဋ္ဌိ အစွဲက။

ဒါကြောင့် မိမိတို့ရင်ထဲမှာ ရုတ်တရက်အားဖြင့် ကွာသွားအောင်၊ ရှင်းသွားအောင်၊ ကျွတ်သွား အောင်၊ လွတ်သွားအောင် ခွာစမ်း၊ ရှင်းစမ်း၊ ချွတ်စမ်းပါဆိုလို့ ရုတ်တရက်အားဖြင့် လွယ်လင့်ကတူ မခွာနိုင်, မချွတ်နိုင်ဘူးတဲ့၊ မရှင်းနိုင်, မလင်းနိုင်ဘူးတဲ့၊ တချို့လည်း ပြောတဲ့အခိုက် သဘောထဲ ရှင်းသလို လိုပဲ၊ နောက်တော့ ပြန်ပြီးတော့ မှောင်မြဲအတိုင်း မှောင်သွားတာ၊ ပြောတဲ့ခဏလေး လင်းသလိုပဲ နောက်ပိုင်းကျတော့ မှောင်နေကျအတိုင်း မှောင်သွားတာပဲတဲ့၊ စွဲတဲ့အတိုင်း ပြန်စွဲတတ်တယ်၊ ငါကောင်၊ သူကောင်၊ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်၊ ခွေးကောင်၊ ဝက်ကောင်၊ ကြက်ကောင်၊ ငှက်ကောင်ဆိုတဲ့ အတ္တလေး ရှိလို့ပေါ့၊ အတ္တလေး ရှိလို့ပေါ့၊ သွားနိုင်တာ လာနိုင်တာ လုပ်နိုင်တာ ကိုင်နိုင်တာ ပြောနိုင်တာ ဆိုနိုင်တာ ရောက်နိုင်တာ ဝယ်နိုင်တာ ဒီလိုပဲစွဲ ဒီလိုပဲ ယုံကြည်။ ဒါကြောင့် ကိုယ့်ကိုကိုယ်ပြန်ကြည့်ရင် ငါဟာ လူ ငါယောကျ်ား ငါမိန်းမ ငါပုဂ္ဂိုလ် ငါသတ္တဝါ ငါအသက်လိပ်ပြာနဲ့၊ ခေါင်းနဲ့၊ ကိုယ်နဲ့၊ ခြေနဲ့ အထည်ဒြပ်သဏ္ဌာန်နဲ့၊ အတုံး အလုံး အခဲ ဒီလိုပဲ စိတ်ထဲစွဲတာ၊ အဲဒီအစွဲက ကျွတ်ဖို့, လွတ်ဖို့ အလွန်မှခဲယဉ်းတယ်။

http://www.dhammadownload.com


ဒါကြောင့် သံသရာစက်လည်နေတဲ့တရားနဲ့ ကိုယ်ပေါ်ပြန်ပြန်ပြီးတော့ တင်စားကြည့်လို့ ပြောရတယ်၊ စက်ဝိုင်းထဲ ကြည့်ကြည့်ပြီးတော့ စက်ဝိုင်းထဲ သံသရာစက်ဆိုတာ စက်ဝိုင်းထဲ ရှိတာပဲ၊ စက္ကူထဲ ရှိတာပဲ၊ ဒီလိုနေရင် ဒီတရား ရုတ်တရက်နဲ့ ပေါက်မှာမဟုတ်ဘူး။ ဒီစက်ဝိုင်းကြီးထဲ, စက္ကူထဲ ချပြထားတာက မိမိအဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ဖြစ်ပျက်နေတဲ့ တရားတွေ၊ ကိုယ့်ကိုထဲ ကိုယ်ပြန်ကြည့်စမ်းပါဆိုတော့ ဉာဏ်မျက်စိနဲ့သာ မြင်ကောင်းတယ်၊ ပကတိမျက်စိနဲ့က မြင်ဖို့ ခဲယဉ်းတယ်၊ မြင်ကောင်းတဲ့ သဘောတရားဟုတ်ဘူး၊ ဒီတော့ ပကတိမျက်စိနဲ့ မြင်သာအောင် ဆိုပြီးတော့ သာမန်ပုဂ္ဂိုလ်များလည်း နားလည်အောင် ဆိုပြီးတော့ စက္ကူထဲမှာ မှင်နက်နဲ့ရေး၊ သံသရာအစ ဒီလိုလာကြတယ်လို့၊ သံသရာ ဘယ်ကစ၊ မသိကတာက စ၊ မသိတာက အဝိဇ္ဇာခေါ်တယ်၊ အဲဒီက စတာပဲတဲ့၊ သံသရာ ဘယ်ကစ၊ မသိတာက စ၊ သံသရာဘယ်တော့ ဆုံးမလဲဆို၊ သိတစ်လုံးမှာ ဆုံးမယ်၊ သိလျှင် ဆုံးတာပဲတဲ့။ မသိတော့ အထပ်ထပ် အပတ်ပတ်အားဖြင့် ဆက်စပ်ပြီးတော့ လည်နေကြတယ်၊ အစကတည်းက သံသရာကြီးလည်ဖို့လို့ မသိတာကစ လည်လာကြတယ်။ ဒါကြောင့် စက်ဝိုင်းထဲမှာ ပြထားတဲ့ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏ ဆိုတဲ့ တရား (၁၂)လုံး သေသေချာချာသုံးသပ်၊ ပြီးတော့ ဒုတိယစက်ဝိုင်းထဲ ပါတဲ့ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ - အတိတ်အကြောင်းတရားငါးပါး၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ပစ္စုပ္ပန်ရလာတဲ့ အကျိုးတရားငါးပါး၊ ဒီပစ္စုပ္ပန်အကျိုးတရားငါးပါးထဲမှာ တစ်ခါထပ်ပြီးတော့ ဒီပစ္စုပ္ပန်ဘဝမှာပဲ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရလို့ အကြောင်းတရားငါးပါး ထပ်လုပ်ကြ၏၊ လုပ်တော့ ဘာဖြစ်၊ အနာဂတ်ဘဝ - ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်အုံးမယ်၊ အဲဒါ အတိတ်ဘဝရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ် ဘဝသုံးပါး စီထားပြီးတော့ ပြထားတယ်။

ဒီပစ္စုပ္ပန်ထိုင်ပြီး အတိတ်ဖြစ်တဲ့အကြောင်းလည်း မြင်ပြီ။ အနာဂတ်ဖြစ်အုံးမယ် ဆိုတဲ့ အကျိုးတရားလည်း မြင်ပြီ။ ပစ္စုပ္ပန်ဖြစ်ဆဲဆိုတဲ့ ရလာသော ခန္ဓာငါးပါး အကျိုးတရားနဲ့ နောက်ထပ်လုပ်နေတဲ့ အကြောင်းတရားငါးပါးနဲ့ ပေါင်းလိုက်တော့ တရားဆယ်ပါး၊ အဲဒီအလယ်ကောင်တည့်တည့်က ပစ္စုပ္ပန်နေတဲ့ တရားဆယ်ပါးနဲ့ချည်း စခန်းသွားနေကြတယ်။ ဟိုဘက်ဘဝရောက်လည်း ဒီတရားဆယ်ပါး လုပ်ပြန်ပြီ၊ ဟိုတတိယဘဝရောက်လည်း ဒီတရားဆယ်ပါး၊ စတုတ္ထဘဝလည်း ဒီတရားဆယ်ပါး၊ အကြောင်းနဲ့အကျိုးနဲ့ ဆက်စပ်ဆက်စပ်ပြီး သွားကြတယ်။ အဲဒါလေးတွေ သေသေချာချာကြည့်၊ ဒါလေးတွေ ကြည့်ကြည့်၊ ကြည့်ကြည့်ပေးပြီးတော့ မိမိကိုယ်မိမိပြန်ပြီးတော့ ဆင်ခြင်စဉ်းစားပေါ့။ သတ္တဝါရယ်လို့မှ ရှိမှ မရှိဘဲ၊ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ ရှိမှ မရှိဘဲ၊ ယောကျ်ား မိန်းမ မရှိမှ မရှိဘဲ၊

http://www.dhammadownload.com



အကောင်အထည် အထည်ဒြပ်သဏ္ဌာန် ရှိမှ မရှိဘဲ၊ ငါတို့အဇ္ဈတ္တသန္တာန် အမှန်ဖြစ်နေတဲ့ တရားတွေက ဒီတရားတွေ ဒီလိုသွားနေတယ်၊ ဒီသဘောနဲ့ ဖြစ်နေတယ်လို့၊ ဒီအဓိပ္ပာယ်နဲ့ အကြောင်းအကျိုး ဆက်စပ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်လေးတွေ ပြန်ပြန်၊ ပြန်ပြန်စဉ်းစား၊ အဲဒါမှ ပဋိစ္စသမုပ္ပါဒ် သုံးသပ်တယ်လို့ ခေါ်တယ်၊ စာထဲ ကြည့်ကြည့်၊ ကြည့်ကြည့်ပြီးတော့ စာအနေအားဖြင့် လှည့်လှည့်ပြီးတော့ အနက်အဓိပ္ပာယတ္ထ တရားကိုယ် တရားသားနဲ့၊ သဘောအဓိပ္ပာယ်နဲ့ ပါးစပ်ထဲလည်း နှုတ်တိုက်ရ၊ ရွရွရွတ်နိုင်၊ ဆိုနိုင်အောင်လည်း ကျက်မှတ်။ အဲဒါမတွေရွတ်၊ ဒါတွေစဉ်းစား၊ အဲဒါ စာထဲ၊ စာထဲမှာပဲတဲ့၊ မိမိခန္ဓာ သူတစ်ပါးခန္ဓာပေါ် မရောက်ပါဘူးတဲ့။

ဒါကြောင့် စာထဲ၊ စာထဲအတိုင်း မနေအောင်၊ မိမိခန္ဓာပေါ် ရောက်လာအောင် စာရွက်ကလေး ရှေ့ချ၊ ဒီအဆက်မပြတ် ဆက်စပ်ပြီးလည်နေတဲ့ သံသရာကြီး ဘယ်ကစပါလိမ့်၊ ဟောဒီ အဝိဇ္ဇာက စ၊ ဒီအဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရတယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရတယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ရတယ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇရာ မရဏဖြစ်၊ ဒီလိုပဲ ဆက်စပ်ပြီး လည်နေတယ်။ ဩော် . . . ဒါ့ကြောင့် တို့လည်း သံသရာမှာ လည်လို့ မဆုံးတာကိုးလို့ ဘဝသံသရာကြီး၊ လွန်ခဲ့ပြီးတဲ့ သံသရာအတွက်ချည်းလဲပဲ ရေတွက်လို့ မကုန်မဆုံး နိုင်သော ကပ်ကမ္ဘာကာလပတ်လုံး၊ သင်္ချာသင်္ချေ မရေမတွက်နိုင်သော ကပ်ကမ္ဘာကာလပတ်လုံး တစ်လုံးပြီးတစ်လုံး၊ တစ်လုံးပြီးတစ်လုံး၊ တစ်လုံးပြီးတစ်လုံး၊ တစ်နည်း တစ်လုံးချုပ် တစ်လုံးဖြစ်၊ တစ်လုံးချုပ် တစ်လုံးဖြစ်၊ တစ်လုံးချုပ် တစ်လုံးဖြစ်၊ အသစ်အသစ်ကလေးတွေ ဆက်ကာဆက်ကာ ဖြစ်ဖြစ် ဖြစ်ဖြစ်ပြီးတော့ လာကြတဲ့ သဘောတရားလေးတွေပဲလို့၊ ဘယ်တော့များ ဆုံးပါ့၊ သိတဲ့တစ်နေ့ ကျရင် ဆုံးမယ်၊ ဒါပဋိစ္စသမုပ္ပါဒ် ဘဝစက်ကြီးကို ဖျက်ဆီးတဲ့နည်းခေါ်တယ်၊ အသိဉာဏ်တစ်လုံးနဲ့ ဖျက်ဆီးပလားဆိုပါမှဖြင့် လုံးလုံးကြီးပျက်စီးတယ်၊ မလည်နိုင်တော့ဘူး၊ လုံးလုံးကြီးရပ်ကရော၊ ပြတ်ကရောလို့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒီဘဝစက်ကြီး ဖျက်ဆီးတဲ့နည်းရဲ့နောက်ဆုံးပိတ်မှ ဒီလို ပျက်ရတယ်၊ ဒီလိုဖြတ်ရတယ်၊ ဒီလိုရပ်ရတယ်လို့ ပြပါတယ်။

ဒါပေမယ့် တို့သင်တန်းသားများ ပဋိစ္စသမုပ္ပါဒ်အနေနဲ့ ကြိုတင်ပြီးတော့ ဘဝစက်ကြီး ဖျက်ဆီးတဲ့နည်းကို မဟောသော်လည်းပဲ စောစောကတည်းက ဒီပဋိစ္စသမုပ္ပါဒ်ဘဝစက်ကြီး ဖျက်ဆီးပြီးသား ဆိုတဲ့ အသိဉာဏ်ဓာတ်ကတော့ ရပြီးသားတွေပါလို့ ပြန်ပြီးကွင်းဆက်ပေးမယ် နော် (မှန်ပါတယ် ဆရာ)၊ ဘယ်အခန်းရောက်ရောက် နောက်က ပြပြီးသားနဲ့ ပြန်ကွင်းဆက်ရင် ဆက်စပ်ရမယ်၊ "ဒေသနာသန္ဓိ" ဖြစ်ရမယ်၊ တလွဲစီ တခြားစီ မနေစေရဘူး။ ဒါကြောင့် ဘဝစက်ကြီး ဖျက်ဆီးတဲ့နည်း၊

http://www.dhammadownload.com


ဖြတ်တောက်တဲ့နည်း နောက်ဆုံးပိတ်မှ ထားပြီးတော့ ပြမယ်၊ အခုတော့ နည်းလေးပါးပဲ ပြတ်သားအောင်၊ နည်းလေးပါး တို့မျှားကလည်း တော်တော်ကြီး သည်းခံပြီးတော့ ပြပေး။ တိုက်တိုက်တွန်းတွန်းနဲ့ လုပ်ပေး။ ပြောဖော် ဆိုဖော် တော်တော်လေး ရကြပါတယ်။ အသံဗလံလည်း ကြားပါတယ်။ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း ဆွေးနွေးတာ၊ မေးမြန်းတာ၊ နှီးနှောတာ ကြားပါတယ်၊ သတင်းကောင်းလေး၊ ဧကတ္တနည်း မပြတ်သားလို့ ထပ်ပြီး ဆွေးနွေး ပြတ်သား။ နာနတ္တနည်း မပြတ်သားလို့ ထပ်ပြီးဆွေးနွေး ပြတ်သား၊ အဗျာပါရနည်းလည်း ၎င်းနည်းအတိုင်းပေါ့၊ အဲဒီလိုကြိုးစားရင် ရတာပဲလို့၊ တရားဆိုတာ ဒီလိုမိမိဉာဏ်ထဲမှာ ပြတ်သားလို့၊ လုံးလုံးလျားလျား နားလည်သွားပြီဆိုရင်၊ ပိုင်သွားရင် ဒါတရားရတယ် ခေါ်တယ်၊ တရားရတယ်ဆိုတာ အတုံးတွေ၊ အလုံးတွေ၊ အခဲတွေ၊ ဝတ္ထုပစ္စည်းတွေ ရလာတာ မဟုတ်ပါဘူး၊ မိမိအသိဉာဏ်ထဲမှာ တစ်လုံးချင်း၊ တစ်လုံးချင်း ရှင်းရှင်းပြီး၊ ပိုင်ပိုင်၊ ပိုင်ပိုင် ရလာတာ တရားရတယ် ခေါ်တယ်၊ အဲဒီလိုမှ မဟုတ်ဘဲနဲ့ ထွေလာများပြား၊ ဘာမှ နားမလည်ဘူး၊ တစ်လုံးမှ မပြတ်သားဘူးဆိုရင် အဲဒါတရား တစ်လုံးမှ မရဘူး၊ တရားရတယ်ဆိုတာ ဒါဟန်ဆောင်တာ၊ ညာတာ ခေါ်တယ်၊ လူညာ၊ လူဝါ။

အဓိပ္ပာယ်အားဖြင့် ပထဝီဓာတ်တစ်လုံးကို အစအဆုံး သင်လို့၊ ကြားလို့ တတ်မြောက်လိမ္မာသွား၊ သဘောထိအောင်သိ၊ ပထဝီဓာတ်ရဲ့နယ်ပယ်တော့ ကုန်သွားပြီ၊ ပထဝီဓာတ်တစ်လုံးနဲ့ ပတ်သက်ပြီးတော့ နောက်ကြံစရာ၊ တွေးစရာ၊ ဆစရာမရှိတော့ဘူး၊ အစအဆုံး နားလည်သွားပြီ၊ ပြတ်သားသွားပြီ၊ ဘုရားအလိုတော်ကိုက်၊ ဘုရားအကြိုက်တော်ကျ ပထဝီဓာတ်တော့ ငါသိရပေပေါ့ဆိုတော့ ပထဝီဓာတ်တစ်လုံးအတွက် လမ်းဆုံးမသွားဘူးလား (လမ်းဆုံးသွားပါတယ်ဆရာ)၊ ပထဝီဓာတ်တစ်လုံးဆိုတဲ့ တရားအတွက် နောက်ထပ်ကြံစရာ ရှိသေးလား (မရှိပါဘူးဆရာ)၊ ဒီလိုလမ်းဆုံးလို့ နောက်ထပ်ကြံစရာမရှိအောင် သိသွားရင် ပထဝီဓာတ်တရားကြီးတစ်ခု ငါရတယ်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် သင်တန်းသူ၊ သင်တန်းသားများနဲ့ အခြားမြို့က ဒီကထွက်သွားလို့ ရှိရင် တခြားက လိုက်စားလာတဲ့ ဗဟုသုတနဲ့ ယှဉ်လိုက်လျှင် များသောအားဖြင့် လက်မြောက်တာ များတယ်၊ သင်တန်းသားက ဒီနေရာမှာ ဆရာလုပ်ခဲ့ရတာ များတယ်၊ ဘာဖြစ်လို့၊ ဓာတ်တစ်လုံးကို ပြတ်သားအောင်မှ အစအဆုံး မေးလို့၊ စမ်းလို့မှ မရဘဲ၊ ထွေလာပြားပြားနဲ့ လာခဲ့တာ၊ ကောက်သင်းကောက်အနေနဲ့ လာခဲ့တယ်။ သေသေချာချာကြည့်၊ ဒီကတော့ ဓာတ်တစ်လုံးဆို တစ်လုံး ပိုင်သွားအောင် ကျကျနန သင်ကြား ပြသပေးတော့ စွဲစွဲမြဲမြဲ ယုံယုံကြည်ကြည် နှစ်နှစ်ခြိုက်ခြိုက် ပြတ်ပြတ်သားသား ထင်ထင်ရှားရှားနဲ့ နားလည်၊ ဒီလိုရ၊ ဒီကျတော့ တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်နဲ့ ယှဉ်ပြီးတော့ ကြည့်လိုက်ကြမယ်ဆိုရင် မပြတ်သားတဲ့လူက ရှုံး၊ ဒါတရားပြိုင်ဖို့ ပြောတာ မဟုတ်ဘူး၊

http://www.dhammadownload.com



အဲဒါ မပြတ်သားရင် တရားမရတဲ့ အဓိပ္ပာယ်ပြောနေတာ အဲဒါ ယောင်လည်ယောင်လည်နဲ့ ထွေလာပြားပြားနဲ့ ကောက်သင်းကောက်အနေအားဖြင့် လေ့လာကြရတာ များပါတယ်၊ တိတိကျကျနဲ့ အစအဆုံး လမ်းဆုံးသွားအောင်၊ တတ်မြောက်လိမ္မာအောင် ထပ်ပြန်တလဲလဲ သင်ကြားပေးနေတယ် ဆိုတဲ့နေရာကတော့ တော်တော်လည်း ရှားပါတယ်။ ဒါကြောင့် ခမျာများလည်း ပြတ်ပြတ်သားသား မရကြတာပဲလို့။

ဒါကြောင့် အခုလည်း နည်းလေးဖြာမှာ ပြနေတဲ့ သဘာဝ ဧကတ္တနည်းနဲ့ ပတ်သက်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး တစ်ဘက်သားက မေးအုံးတော့၊ ပြတ်ပြတ်သားသားကြီး ပြောတတ် ဆိုတတ် ရှိရမယ်၊ ပါဠိဘာသာမရဘူး ထားတော့ နော် (မှန်ပါတယ်ဆရာ)၊ သဘောအဓိပ္ပာယ် ရှင်လင်း သွားအောင် ပြောတတ်ရမယ်၊ ပါဠိဘာသာများ ရရင် သာပြီးတော့ တန်ဖိုးရှိသေး၊ နောက်ဆုံးတစ်နေ့ မြန်မာလို အဓိပ္ပာယ်ရှင်းလင်း ပြောဆိုပြီးတဲ့နောက် ဒါကြောင့် ပါဠိတော်က ဒီလိုဆိုတာ၊ ကိုယ်တော် မြတ်က ဒီလိုဟောသွားတာ၊ အဋ္ဌကထာဆရာက ဒီလိုပြောသွားတာ၊ မပိုင်လားကွယ် (ပိုင်ပါတယ် ဆရာ)၊ ဘယ်သူမှ မလှုပ်နိုင်ဘူး၊ ဟေတုပစ္စယ-အကြောင်းမရှိဘူး၊ ဆင်ခြင်စရာ အကြောင်းမရှိဘူး၊ တရား လမ်းဆုံးပြီ၊ ဒါကြောင့် ရအောင် ယူပါ၊ ရအောင် ယူပါနဲ့ ပြောနေတယ်၊ တိုက်တွန်းတဲ့အတိုင်းလဲ တိုးတက်မှုလေးတွေ ရှိကြပါတယ်၊ တော်ပါတယ်။ ဒါပေမယ့် အဲဒီထဲမှာ အချောင်သမားတွေ ရှိအုံးမယ်၊ ငါသိပ်အားမရဘူး၊ ဟုတ်တိပတ်တိ ရလိမ့်မယ်မထင်နဲ့၊ မရတဲ့လူတွေလည်း ရှိအုံးမှာ၊ အဲဒါ ဝတ်ကျေ တန်းကျေသမားတွေ၊ အဲ. . ဝတ်ကျေတန်းကျေတွေ လုပ်ပြီး ဘယ်လိုပဲ တိုက်တွန်းတိုက်တွန်း ဝတ်ကျေ တန်းကျေ တော်၏ ရော်၏၊ ပေတိပေကတ်နဲ့ နေလို့ရှိရင်လည်း မရတာ အဖတ်တင်တာပေါ့လေ လိုချင်ရင် ကြိုးစားပေါ့။

ဒါကြောင့် အဗျာပါရနည်းဆိုတာ အဗျာပါရ = "အ"က နတ္ထိကဝါစက - မရှိသောအနက် ဟောထားတာ၊ "ဗျာပါရ"က လှုံ့လ ပယောဂ ဗျာပါရ၊ "အ"နဲ့ "ဗျာပါရ" ပေါင်းလိုက်တော့ လှုံ့လ ပယောဂ ဗျာပါရ မရှိတဲ့။ ပြုတတ်တယ်၊ လုပ်တတ်တယ်၊ ကိုင်တတ်တယ်၊ သွားတတ်၊ လာတတ်၊ စားတတ်၊ နေတတ်၊ ထိုင်တတ်တယ်ဆိုတဲ့ လှုံ့လ ပယောဂ ဗျာပါရ ပြုလုပ်ပေးနိုင်တယ်၊ ဖန်ဆင်းပေး နိုင်တယ်၊ ဖန်တီးပေးနိုင်တယ်၊ လှုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိဘူး၊ နားလည်လား (နားလည်ပါတယ် ဆရာ)၊ ဒါကြောင့် မြတ်စွာကိုယ်တော်မြတ်က ဒီရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဆိုတဲ့ တရားတော်များ "အပရိနာယကတရား"လို့ ဟောထားတယ်။ "အပရိနာယက"နော် (မှန်ပါတယ်ဆရာ)၊ "အပရိ-နာယက" ဆိုတာ တခြားမဟုတ်ဘူး၊ ပထဝီသွား မဟာပိန္နဲ တကယ့်ဗိဿနိုး၊ အမျိုးမျိုးသော ပြဟ္မာကြီးတို့ ဖန်ဆင်းအပ်သည်လည်း မဟုတ်၊ ဈာန်အဘိညာဉ်တန်ခိုးနှင့်ရအပ်သော ပုဂ္ဂိုလ်တို့၏ ကြွဒ္ဓိပါဒ်

http://www.dhammadownload.com



အားဖြင့် ဖန်းဆင်းအပ်သော တရားလည်းမဟုတ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တကယ့်ကို တန်ခိုးကြီးကျော်ဒ္ဓိပါဒ်ကြီးမားတဲ့ ပြဟ္မာ၊ ဗိဿနိုးအစရှိတဲ့ ပြဟ္မာကြီးတွေ ဖန်ဆင်းလို့ဖြစ်လာတဲ့ တရားလည်း မဟုတ်ပါဘူး၊ ပြုသူ, လုပ်သူ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ် သတ္တဝါရယ်လို့ ရှာရတဲ့ တရားမဟုတ်ဘူး၊ ဘယ်သူမှ လုပ်ပေးတာ မဟုတ်ဘူး၊ ဒါကြောင့် "အပရိနာယကတရားလည်း" ခေါ်တယ်၊ ဒါကြောင့် သေသေချာချာကြည့် - သဲဘောလေးတွေ မိမိ၊ မိမိသွားအောင် တစ်သက်လုံး ဘယ်တော့မှ မမေ့နိုင်အောင် စွဲသွားအောင် စိတ်ထဲ၊ နည်းလေးပါး ပြန်ပြီးတော့ သတိရလို့ ဆင်ခြင်ကြည့်လိုက်ရင် ရှင်းကနဲ၊ ရှင်းကနဲ၊ ရှင်းကနဲ ဒီလိုသွားရမယ်။ မေ့နိုင်စရာ အကြောင်းလည်းမရှိ၊ ဘာဖြစ်လို့ ကိုယ်က လေ့လာထားတာကို၊ တတ်မြောက်ထားတာကို၊ မမေ့တော့ ဘာဖြစ်လဲ၊ မမေ့ရင် ဘယ်တော့မှ ဒီဒိဋ္ဌိတွေ ပြန်မကပ်ဘူး နော် (မှန်ပါတယ်ဆရာ)။

မင်းကော မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဧကတ္တနည်း ဘာပြောတာလဲ၊ (သန္တာန်အစဉ်ကို မပြတ်မြင်တာ ဧကတ္တနည်းပါဆရာ)၊ သန္တာန်အစဉ် မပြတ်ဖြစ်နေတယ်လို့ ပြောရတယ်။ ဘာဖြစ်တယ်၊ (သန္တာန်အစဉ် မပြတ်ဖြစ်နေတယ် မြင်တာကို ဧကတ္တနည်းပါဆရာ)၊ အဲဒီသန္တာန်အစဉ် ဆိုတာ ဘာနဲ့ ဘာ မပြတ်ဖြစ်နေတာလဲ၊ (အဝိဇ္ဇာနဲ့သင်္ခါရာ . . အဝိဇ္ဇာကနေ ဇရာမရဏကျအောင်ပါဆရာ)၊ ရှက်စရာ ဟန်ရေးပန်းရေးတော့ သူသိပြန်ပေါ့၊ "ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါဝဗောဓတော"။ ဟေတုဖလသမ္ဗန္ဓေန၊ အကြောင်းအကျိုးဆက်စပ်သဖြင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ သန္တာနဿ၊ သန္တာန်အစဉ်၏။ မင်းလည်း မဟန်သေးပါဘူး၊ ကြည့်စမ်း- အဝိဇ္ဇာကနေ ဇရာမရဏကျအောင် ဘာတွေဆက်သွားသလဲ၊ (အကြောင်းနဲ့အကျိုး ဆက်စပ် သွားပါတယ်ဆရာ)၊ အဲဒါပြောပါလား၊ ထပ်ပြန်တလဲလဲ ညတိုင်းညတိုင်း ငါပြန်သိမ်းသိမ်းနေတာ၊ အကြောင်းအကျိုး၊ အကြောင်းအကျိုး၊ အကြောင်းအကျိုး၊ အဝိဇ္ဇာကစ, ဇရာမရဏကျအောင် အကြောင်းအကျိုး ပြတ်နေတဲ့နေရာ၊ ရပ်နေတဲ့နေရာ ရှိသလား (မရှိပါဘူးဆရာ)၊ ခြားတဲ့နေရာရော ရှိသလား (မရှိပါဘူး ဆရာ)၊ အကြောင်းဖြစ်လျက်သားနဲ့ အကျိုးမဖြစ်ဘဲနေတဲ့ နေရာရှိသလား (မရှိပါဘူး ဆရာ)၊ ဒါဖြင့်ရင် အကြောင်းအကျိုးဖြစ်နေတဲ့ သန္တာန်အစဉ်ကြီးက တစ်ဆက်တည်း မဟုတ်ဘူးလား (တစ်စပ်တည်းပါ ဆရာ)၊ ဒါ အဓိကထားပြောတာ၊ ဧကတ္တနည်းဆိုတာ အကြောင်းအကျိုးဆက်စပ်ပြီး ဖြစ်နေတဲ့ သန္တာန်အစဉ်ကြီးနဲ့ တစ်ဆက်တည်းပေါ့၊ (တစ်ဆက်တည်းပါဆရာ)၊ အဲဒါကြီးမြင်လိုက်တော့ ဘာပြုတ်သွားလဲ (ဥစ္ဆေဒဒိဋ္ဌိပြုတ်သွားပါတယ်ဆရာ)၊ ဥစ္ဆေဒဒိဋ္ဌိက ဘာဝါဒမို့ (ဘဝပြတ်တဲ့အယူပါဆရာ)၊ ဘယ်လိုပြတ်တာလဲ၊ ဘယ်လိုတုံး၊ ဝါးပြီး လိမ်လည်မချနဲ့၊ (ဒီဘဝပြီး နောက်ဘဝ မမျှော်လင့်နဲ့ပါဆရာ)၊ ဩော် . . ဒီဘဝပြီး နောက်ဘဝ မမျှော်နဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မင်းတောင် မပေါ်လာရဘူး ဒီလိုလား။

http://www.dhammadownload.com


ဒီတစ်ဘဝပြီးရင် နောက်ထပ် ဘာမှ မဖြစ်ဘူး၊ ဒီလိုလား (မှန်ပါတယ်ဆရာ)၊ ဒီဝါဒက ဥစ္ဆေဒဝါဒလား (မှန်ပါတယ်ဆရာ)၊ အဲဒီဥစ္ဆေဒဒိဋ္ဌိ ပြုတ်သွားတယ်တဲ့လား (ပြုတ်သွားပါတယ်ဆရာ)၊ ဘာမြင်လို့ ပြုတ်တာတုံး၊ (သန္တာန်အစဉ်ကြီး မြင်လို့ပါဆရာ)၊ သေသေချာချာပြောလေ၊ (အကြောင်း အကျိုးဆက် စပ်ပြီးတော့ ဖြစ်နေတာ မြင်လို့ပါဆရာ)၊ အကြောင်းအကျိုးဆက်စပ်ပြီးတော့ ဖြစ်နေတဲ့ မပြတ်တဲ့ သန္တာန်အစဉ်ကြီး မြင်လို့လား (မှန်ပါတယ်ဆရာ)၊ သူ့လိုသာ တစ်ဘဝပြီး နောက်ထပ်မမျှော်နဲ့ ဆိုရင် ဟိုမှာ သန္တာန်အစဉ်ကြီးက ဆက်နေပါ့မလား (မဆက်ပါဘူးဆရာ)၊ အကြောင်းအကျိုး ဆက်နေပါ့မလား (မဆက်ပါဘူးဆရာ)၊ ပြတ်နေရမယ် မဟုတ်လား (မှန်ပါတယ် ဆရာ)၊ ခုတော့ ဟိုမှာ အကြောင်းအကျိုးဆက်စပ်တဲ့ သန္တာန်အစဉ်က ပြတ်နေသလား (မပြတ်ပါဘူး ဆရာ)၊ မပြတ်ဘဲနဲ့ တစ်ဆက်တည်းကြီး ဖြစ်နေတဲ့ သန္တာန်အစဉ်ကြီး မြင်တာနဲ့ ဒီဘဝပြီးရင်ဖြင့် သေဆုံးလောင်တုန်းပဲ၊ နောက်နောင်သောဘဝတွေ မဖြစ်တော့ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ ယုံအုံးမှာလား (မယုံတော့ပါဘူးဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ လူတစ်ယောက်နားလည်အောင် ဟောတတ်ပါ့မလား (မဟောတတ်ပါဘူးဆရာ)၊ ဟင်း. . တော်လည်း တော်ပါ့ကွာ၊ မင်းတတ်တဲ့စကား လုံးထဲမှာ မင်းသုံးပြီးတော့ နားလည်အောင် မဟောတတ်ဘူးလား (နည်းနည်းပါးပါးတော့ ပြောတတ် ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ နာနတ္တနည်းကို မှတ်မိသလား (မှတ်မိပါ တယ်ဆရာ)၊ ဘာလိုလို့ ပြောတာတုံး (တစ်လုံးပျောက်မှ တစ်လုံးရောက်လာပါတယ်ဆရာ၊ အသစ် အသစ်တွေ ထပ်ထပ် မြင်တာပါဆရာ)၊ အမြင်က တယ်တုံးတဲ့ ကောင်ပါလား တစ်လုံးပျောက် တစ်လုံးရောက်၊ တစ်လုံးပျောက် တစ်လုံးရောက်၊ အသစ်အသစ်ဆက်ကာဆက်ကာ ဖြစ်နေတယ်လား (မှန်ပါတယ်ဆရာ)၊ ဒီလိုမြင်တော့ ဘာဖြစ် (သဿတဒိဋ္ဌိ ပယ်ပါတယ်ဆရာ)၊ သဿတဒိဋ္ဌိက ဘယ်ဝါဒ၊ ဘယ်လိုယူတာတုံး (ဘဝမြဲတဲ့အယူပါဆရာ)၊ ဘယ်လိုမြဲနေတာလဲ၊ တစ်ခါဖြစ်ပြီးရင် ဘာဖြစ်၊ (နောက် ထပ် ဖြစ်အုံးမှာပါဆရာ)။ ဟောဗျာ . . ဒါ သဿတဒိဋ္ဌိကြီးလား၊ သဿတဝါဒဆိုတာ တစ်ခါဖြစ်ပြီးရင် နောက်ဘယ်တော့မှ မပျက်ဘူးတဲ့၊ သူကြီးပဲ အမြဲတစေ၊ နားလည်လား (နားလည်ပါတယ်ဆရာ)။

ကဲ . . . အခု တစ်ဘဝတွင် ပြောစမ်းပါကွာ သဿတဝါဒ၊ မင်းအမေမွေးလာတုန်းက, မွေးစ တုန်းက စိတ်ကလေး ကနေ့ထိ ရှိသလား၊ (မရှိတော့ပါဘူးဆရာ)၊ သဿတဝါဒ ဘယ့်နှယ့်ပြောလဲ၊ (အမြဲတမ်းမြင်နေတဲ့ . . . )၊ ဟင်း . . . ဒုက္ခပဲ၊ အမေမွေးစကတည်းက စိတ်ကလေးဟာ ကနေ့ထိ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နင့်ကိုယ်က မပြတ်သားပဲကိုဟ၊ ငါအမိဝမ်းထဲက မွေးလာစ ကတည်းက ရုပ်နာမ်သည် ကနေ့ထိ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အသစ်အဟောင်း မပြောင်းဘူးပေါ့ (ပြောင်းနေပါတယ်ဆရာ)၊ မဟုတ်ပါဘူး၊ သဿတဝါဒသမားပြောတာ၊ အသစ်

http://www.dhammadownload.com



အဟောင်း မပြောင်းဘူးပေါ့၊ (မပြောင်းပါဘူးဆရာ)၊ မပြောင်ဘူး၊ သူ့အယူဝါဒ (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စိတ်ကလေးက မွေးကတည်းက စိတ်ကလေး ကနေ့အထိ ဒီစိတ်ကလေးပေါ့ (မှန်ပါတယ်ဆရာ)၊ ဒီစိတ်ကလေးတစ်ခုပဲ (မှန်ပါတယ်ဆရာ)၊ ဒီရုပ် ဒီနာမ်ကြီးပေါ့ (မှန်ပါတယ်ဆရာ)၊ အဲဒါ သဿတဝါဒမှတ်ထား၊ ဒါ ဒီဘဝတွင် ပြတာ၊ သံသရာနဲ့ ပြလိုက်စမ်း၊ ဘယ်နဲ့ ပြမလဲ၊ ဟောဗျာ ဒီကောင် ဘာမှမသိဘဲကိုးကွ နော် (သံသရာအစကတည်းက အသစ်အဟောင်း ပြောင်းလာပါတယ်ဆရာ)၊ ဩော် . . ချလိုက်ပြန်ပြီ၊ အသစ်အဟောင်း ပြောင်းမှာဖြင့်လည်း နင့်အဘ သဿတဝါဒလို့ ပြောမလားဟ၊ ဘယ်လိုကောင်မှန်းမသိဘူး၊ နင့်ကိုယ်က နားဝေတိမ်တောင် နားယောင်ပက်ကာကြီးပါဟာ၊ သံသရာအစကတည်းက ဖြစ်လာတဲ့ ငါကောင်လေး၊ အခုလည်း ဒီငါကောင်လေးပဲ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဘာဝါဒ (သဿတဝါဒပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

နင့်ဉစ္စာ ဒီဥစ္ဆေဒဒိဋ္ဌိနဲ့သဿတဒိဋ္ဌိမှ မကွဲဘဲကိုးဟ နင့်ဉစ္စာက၊ ဒါဖြင့်ရင် သံသရာအစကတည်းက ငါကောင်လေး၊ ကနေ့အထိ ဒီငါကောင်လေး ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်ခါဖြစ်ပြီးရင် မပျက်ဘူးပေါ့ (မပျက်ပါဘူးဆရာ)၊ ဘဝမြဲတယ်လို့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သဿတဒိဋ္ဌိ၊ အဲဒီအယူဝါဒသမားက ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး သတ္တဝါတို့၏ သန္တာန်အစဉ် ဖြစ်ပျက်နေတဲ့ တရားအစဉ်ကြီးကို ဆင်ခြင်လိုက်တော့ ဘယ့်နှယ့်ဖြစ်၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက် နှစ်လုံးပူး၊ သုံးလုံးပူးရယ်လို့ စုံတွဲ ဖြစ်ကောင်းတာ မဟုတ်ဘူး၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ အသစ် အသစ် အသစ်အသစ် အဟောင်းအဟောင်းတွေ ပျောက်မနေဘူးလား (ပျောက်ပျောက်သွားပါတယ်ဆရာ)၊ အသစ် အသစ်၊ အသစ် အသစ် ဆက်ကာဆက်ကာ မရပ်မနားဖြစ်နေတယ်ဆိုတဲ့ သဘောလေးတွေ မြင်လိုက်တော့ ဘာဒိဋ္ဌိပြုတ်သွားသလဲ၊ (သဿတဝါဒပြုတ်သွားပါတယ်ဆရာ)၊ သဿတဝါဒ ဘယ်နဲ့စွဲထားတုံး၊ (ဘဝမြဲတယ်လို့ စွဲထားပါတယ်တရာ)၊ ပြောစမ်း၊ ဘယ်လိုစွဲထားတာလဲ၊ (သံသရာအစ ငါကောင်လေးက ခုထက်ထိ ရှိသေးတယ်လို့ စွဲထားတာပါဆရာ)၊ သံသရာအစ ငါကောင်လေးက ကနေ့အထိ ဒီငါကောင်လေးပဲ (မှန်ပါတယ်ဆရာ)၊ ဒီလိုလား (မှန်ပါတယ်ဆရာ)၊ ဒီတော့ အမေမွေးကတည်းက (အမေမွေးကတည်းက ခုချိန်ထိအောင် ငါကောင်လေးဟာ ခုထက်ထိ ရှိပါတယ်ဆရာ)၊ ဘာမှ မပြောတတ်ရှာဘူး၊ မဟုတ်တဲ့နေရာ သူလူစွာနဲ့ တူတယ်၊ ဒါဖြင့်ရင် ဒီဘဝကြီး မြဲနေတယ်၊ စွဲနေတယ်ဆိုတဲ့ ဖြစ်စဉ်ကြီးထဲ ပြန်ကြည့်လိုက်တော့ သဿတဝါဒနဲ့ ကြည့်လိုက်တော့ သဿတဝါဒက သံသရာအစ ငါကောင်လေးက ကနေ့အထိ၊ အမိမွေးလာကတည်းက ငါကောင်လေးက ကနေ့အထိ၊

http://www.dhammadownload.com



ဒီအကောင်လေးပဲ၊ ဒီအကောင်လေးပဲ၊ ဒီလိုမဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)၊ တစ်တန်းတည်း တစ်ဆက်တည်းချည်း မြဲနေတယ်လို့ ထင်မနေဘူးလား၊ (ထင်နေပါတယ်ဆရာ)၊ ဒါပေမယ့် ဒီက နာနတ္တနည်း ကြည့်လိုက်တော့ ဒီလိုပဲ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ နာနတ္တနည်းက ဘယ်နှဲ့ဖြစ်၊ (အဟောင်းတွေ ချုပ်ပြီးတော့ အသစ်တွေ ပေါ်ပေါ်နေပါတယ်ဆရာ)၊ အဟောင်းတွေ ပျောက်ပြီးမှ အသစ်တွေ၊ အသစ်တွေ ရောက်, ရောက်လာတယ်တဲ့ မဟုတ်လား (မှန်ပါတယ်ဆရာ)၊

ဒါဖြင့် ဘယ်နှဲ့ဖြစ်နေ သူတို့နှစ်ခုကို တိုက်လိုက်တော့ (အဟောင်းပျောက်မှ အသစ်ရောက်ပါတယ်ဆရာ)၊ အဟောင်းပျောက်မှ အသစ်ရောက်တာကို မြင်တော့ကား သူစွဲထားတဲ့ သဿတဝါဒနဲ့ တိုက်ဆိုင် ကြည့်တော့ ဘယ်နှဲ့နေတုံး (မဟုတ်ပါဘူးဆရာ)၊ ဘယ့်နှဲ့မဟုတ်၊ (ပြောင်းပြန်ဖြစ်နေပါတယ်ဆရာ)၊ ပြောင်းပြန်ဖြစ်၊ ဘယ်လိုပြောင်းပြန်ဖြစ်နေ၊ ခြေရင်း ခေါင်းရင်း မှားနေလို့လား (အသစ် အသစ် ဆက်ကာဆက်ကာ ဖြစ်နေပါတယ်ဆရာ)၊ အေးလေ . . . ဟုတ်ပါပြီကွာ၊ ဟိုက အသစ် အသစ်တွေ ဆက်ကာဆက်ကာ ဖြစ်တာတွေ မြင်တော့ကာ သူ့သဿတဝါဒက နဂိုကဘယ်လိုရှိသလဲ (ငါကောင်လေး တည်နေတယ်လို့ ရှိတာပါဆရာ)၊ ဘာမှ နားမလည်ဘူးကွ နော်၊ စဖြစ်တဲ့ သံသရာအစက ငါကောင်လေးက ကနေ့အထိ ရှိတယ်၊ ဒီဘဝနဲ့ ကြည့်ပြန်လည်း အမိဗွေးစက ငါကောင်လေးက ကနေ့အထိ ရှိတယ်၊ ဒီလိုမြဲနေတယ်ဆိုတဲ့ အယူဝါဒနဲ့၊ ဟို ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် နာနတ္တနည်းနဲ့ ကြည့်လိုက်တော့ တခြားစီပါလား၊ ဟိုကတော့ တစ်လုံးပျောက်မှ တစ်လုံးဖြစ်၊ တစ်လုံးပျောက်မှ တစ်လုံးဖြစ်၊ တစ်လုံးပျက်မှ တစ်လုံးဖြစ် ဟင် (မှန်ပါတယ်ဆရာ)၊ သူယုံထားတဲ့ သဿတဝါဒ အတိုင်းသာ ဖြစ်နေမယ်ဆိုရင် တစ်လုံးဖြစ်ကတည်းက ပျက်စရာကို မရှိဘူး၊ (မရှိပါဘူးဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အခုတော့ နာနတ္တ ဒီလိုဟုတ်ကဲ့လား၊ (မဟုတ်ပါဘူးဆရာ)၊ ဘယ့်နှယ့်နေတုံး၊ (တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက်ရောက် လာပါတယ်ဆရာ)၊ ဩော် . . . တစ်လုံးချင်း တစ်လုံးချင်း ဖြစ်သွားတာပေါ့၊ (မှန်ပါတယ်ဆရာ)၊ တစ်လုံးချုပ်သွားမှ, တစ်လုံးပျောက်သွားမှ တစ်လုံးရောက်လာတယ်၊ တစ်လုံးဖြစ်လာတယ်ဆိုတော့ အသစ် အသစ် ဖြစ်တာလေးတွေ မြင်လာတာပေါ့ (မြင်ပါတယ်ဆရာ)၊ မြင်ကတည်းက ရင်ထဲမှာ သူစွဲထားတဲ့ အမိဗွေးစက ငါကောင်လေးသည် ကနေ့အထိ ဒီငါကောင်လေးပဲလို့ တစ်ခါဖြစ်ပြီးရင် ဘယ်တော့မှ မပျက်ဘူးဆိုတဲ့ အယူဝါဒ၊ ငါ့အယူဝါဒတွေ မဟုတ်ပါလားလို့ ပေါ်မလာဘူးလား (ပေါ်လာတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ ဒါ နာနတ္တနည်း မြင်လို့ပေါ့ (မှန်ပါတယ်ဆရာ)၊ ဒီလိုဆိုရင် သူနဂိုက မှားနေတဲ့ သဿတဝါဒ ယုံပါ့အုံးမလား (မယုံပါဘူးဆရာ)၊ သူများဟောနေ၊ ပြောနေတာတွေကို ယုံပါ့အုံးမလား (မယုံပါဘူးဆရာ)၊ မယုံတော့ဘူးတဲ့။

http://www.dhammadownload.com


ဒါကြောင့် သဿတဒိဋ္ဌိ ပယ်နိုင် စွန့်နိုင်တယ်တဲ့၊ နာနတ္တနည်း မြင်လို့ရှိရင် နော် (မှန်ပါတယ် ဆရာ)၊ အဲဒါ မင်းတရားထောက်ကိုယ်တိုင်ကိုယ်က အဲဒါလည်လည်ပတ်ပတ် မပြတ်သားဘူး၊ ဒါကြောင့် ငါလည်း ထင်ထင်နေတယ်၊ ပြတ်သားတဲ့သူက ခပ်နည်းနည်းထင်ပါရဲ့၊ ထွေးလုံး ရစ်ပတ် သမားတွေ များနေတယ်လို့ထင်ပါရဲ့ ဒီလိုဖြစ်၊ ပြောဆိုလို့တော့ တော်တော်လေး ရကြပါရဲ့၊ တိုင်ပင်ဖော်၊ နှီးနှောဖော်၊ ဆွေးနွေးဖော်၊ ငါလည်း အမြဲတစေ သတင်းထောက်လှမ်းနေတာပဲ၊ ငါကောင်းကောင်း နေထိုင်မကောင်းလို့ပဲ့ ညဘက်ကျတော့ လမ်းပန်းကလည်း သိပ်မကောင်းလို့၊ နို့မို့ရင် ငါမြို့ထဲ ရွာထဲ သင်တန်းရပ်ကွက်တွေထဲ လျှောက်လျှောက်ပြီးတော့ တစောင်းတစီး ငါကိုယ်တိုင် နားထောင် ချင်တာ၊ ဘယ်အရပ်တွေက ကွပ်ပျစ်ပေါ် ဘာတွေ စုပြောနေတုံး၊ ဘယ်အိမ်က ဘာတွေ စုပြော နေတုံး၊ ငါတကယ်သိချင်တယ်။ ဘယ်အရပ်တွေက ပိုတိုးတက်မှု ရှိတယ်ဆိုတဲ့အကြောင်းတွေ ကြားချင် တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေ့လာပေးမှ, ထပ်ပြန်တလဲလဲနဲ့ ဆွေးနွေးပေးမှ ကိုယ်မရှင်း သေးရင်လည်းပဲ ရှင်းသွားတတ်တယ်၊ မလင်းသေးလည်းပဲ လင်းသွားတတ်တယ်၊ အဖော်နဲ့ပေါ့၊ မိတ်ဆွေသင်္ဂဟနဲ့ပေါ့၊ ဓမ္မမိတ်ဆွေ သင်တန်းသားချင်းပေါ့၊ တိုင်ပင်ပြီး ဉာဏ်အမြင်ရှိတဲ့သူက ဖြေရှင်းပေး၊ ဒီလိုလုပ် ဒီလိုသွားကြပါ၊ ခုတော့ အားအားရှိ ဘာတွေပြောနေလဲ၊ အောင်လံတော် ပြောနေ၊ ရုံပွဲကို ပြောနေတာ မဟုတ်ဘူး၊ ဟိုဘက်က လက်ဖက်ရည်ဆိုင်ကို ပြောတာပါ။ ကိုယ်သိလို့ ရှိရင်လည်း တစ်ခါနှုတ်စလျှာစလေးနှင့် တစ်ဘက်သားကို ပြောတတ် ဆိုတတ် စိတ်ရှိလာအောင်, လေ့ကျင့်မှု လေးရအောင် လုပ်ကြစမ်းပါဆို။ ဒါကျတော့ တိုက်တွန်းလို့ မရဘဲကိုကွ၊ ပြောမရဘူး၊ တစ်ယောက်လာလည်း၊ ဝမ်းထဲကတော့ သိပါရဲ့ ပါးစပ်ကတော့ မပြောတတ်ဘူး၊ ဘယ်ပြောတတ်မလဲ၊ လုပ်ကို မလုပ်ဘဲ၊ တရားနှင့်ပတ်သက်ရင် နှုတ်က ဆိတ်လို့၊ ဒီပြင် အပြင်ပကိစ္စနဲ့ ရပ်ရေး ရွာရေး၊ ပျော်ပွဲရွှင်ပွဲ ပွဲလမ်းသဘင် ကိစ္စအရေး၊ ရောင်းရေး ဝယ်ရေး အဲဒါကျတော့ဖြင့် နှုတ်ရေးစကားတတ် ပါပဲ၊ ပြောလိမ့်မယ် ဒါကျတော့၊ တရားနဲ့ပတ်သက်လို့ ပြောစမ်းပါ၊ ဟာ. . နားတော့ လည်တယ် မပြောတတ်ဘူး၊ ဘယ်ပြောတတ်လိမ့်၊ ဘယ်တော့မှ ပြောတတ်မှာ မဟုတ်ဘူး၊ ဒီဘဝလည်း ပြော တတ်မှာ မဟုတ်ဘူး၊ နောင်ဘဝလည်း ပြောတတ်မှာ မဟုတ်ဘူး၊ ပြောတတ်အောင်မှ မလုပ်ချင် ပဲကို။

တချို့တော့ မဟုတ်ဘူး၊ တော်တော်ကို ရိုသေ အားထားတယ်၊ ကိုယ်တိုင်သိလျှင် ပြော တတ်ရမယ်၊ မဟုတ်ဘူလား (မှန်ပါတယ်ဆရာ)၊ ကိုယ်တိုင် သိလို့ရှိရင် ပြောတတ်ရမယ်တဲ့၊ စကားလုံးချင်းသာ မတူတာ ရှိရမယ်၊ ကိုယ်တတ်ကျွမ်း နားလည်တဲ့ စကားလုံးနဲ့တော့ မုချပြော တတ်ရမယ်၊ ဒါမှန်တယ်၊ ငါလည်း တော်တော်သဘောကျတယ်၊ သူကိုယ်တိုင်မသိရင် မုချမပြော

http://www.dhammadownload.com



တတ်ဘူး၊ သူကိုယ်တိုင်သိရင် ပြောတတ်ရမယ်၊ ဖြစ်သလိုတော့ ပြောတတ်ရမယ်။ ဒါပြောတတ်တယ် ဆိုတဲ့ ဂုဏ်က သေးတာ မဟုတ်ဘူး၊ ပြောတတ်ရင် ဘာဖြစ်၊ တစ်ဘက်သားက နာယူချင်တယ်ဆို ပြောဆိုပေး၊ ကိုယ်လည်းပဲ ဓမ္မဒေသနာကုသိုလ်ဖြစ်လို့၊ တစ်ဘက်သားလည်း ဓမ္မဿဝနကုသိုလ် ဖြစ်လို့ အဲဒါ ဓမ္မဒေသနာက ဟောလို့ ပြောလို့ပဲ ပေးပေး၊ သူတစ်ပါးဟောလို့ပဲ နာနာ၊ အဲဒါ စောစောက ဟောထားတဲ့ သက္ကပဥ္စသုတ်လာတဲ့အတိုင်း အဲဒါဓမ္မဒါနကြီးတွေဗျား၊ မရေမတွက်နိုင်အောင် မြတ်တဲ့ ဓမ္မဒါနကြီးတွေ၊ နောက်ကြိုးစားကြ၊ ကြိုးစားကြ။ အဗျာပါရနည်း၊ အဗျာပါရနည်းဆိုတာ ဗျာပါရ၊ လှုံ့လ ပယောဂ ဗျာပါရမရှိသောတရား၊ လှုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိဘူးတဲ့။ ပြုပေးတတ်တယ်၊ လုပ်ပေးတတ်တယ်၊ ကိုင်ပေးတတ်တယ်၊ ဒီလို လှုံ့လ ပယောဂ ဗျာပါရ ဘာမှ မရှိပါဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ကြည့်ပါတဲ့၊ အဝိဇ္ဇာ သေသေချာချာကြည့်ပါတဲ့၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လာ တယ်ဆိုတာ မှန်တယ်တဲ့၊ အကြောင်းတော့ လွဲပြောင်းလို့ မရဘူးတဲ့၊ အဝိဇ္ဇာကြောင့် ဖြစ်လာတယ် ဆိုတာ မှန်ရဲ့၊ ဒါပေမယ့် အဝိဇ္ဇာကြောင့် ဖြစ်လာတယ်ဆိုတိုင်း အဝိဇ္ဇာလုပ်ပေးလို့ ဖြစ်လာတယ်လို့ မမှတ်ပါနဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတာလားဟ (မဟုတ်ပါဘူး ဆရာ)၊ လုပ်ပေးတဲ့သတ္တိ သူ့ရှိသလား၊ (မရှိပါဘူးဆရာ)၊ မရှိပါဘူး၊ လုပ်တတ်တဲ့ အမူအရာ ဗျာပါရ သင်္ခါရဖြစ်အောင် လုပ်ပေးနိုင်တဲ့ သဘောသတ္တိ ဘာမှ မရှိဘူး၊ နားလည်လား (နားလည်ပါတယ် ဆရာ)။

ဒါကြောင့် အဲဒီလို အဝိဇ္ဇာကို ကြည့်လိုက်တော့ကားတဲ့၊ သူ့နောက်က သင်္ခါရဖြစ်လာတာ သူလုပ်ပေးလို့ ဖြစ်တယ်၊ သူလုပ်လိုက်လို့ ဖြစ်လာတယ်၊ သူပြုပြင်ပေးလို့ ဖြစ်လာတယ်ဆိုတဲ့ လှုံ့လ ပယောဂ ဗျာပါရ ဘာမှရှာမရခြင်းကြောင့်, မရှိခြင်းကြောင့် အဗျာပါရနည်းတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ (၁၂)လုံးလုံး၊ ဒီတိုင်းသွားမှာပဲ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ဖြစ်လာ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဘယ်သူ့ကြောင့်ဖြစ်၊ ဝိညာဏ် သင်္ခါရကြောင့်ဖြစ်၊ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ အကြောင်းလွဲပြောလို့ ရသေးလား (မရဘူးဆရာ)၊ အကြောင်းလွဲပြောင်းလို့ မရဘူး၊ သင်္ခါရကြောင့် ဖြစ်လာတာ မှန်တယ်တဲ့ ဝိညာဏ်က။ ဒါပေမယ့် အဲဒီသင်္ခါရက ဝိညာဏ်ကို ဖြစ်အောင် လုပ်ပေးလိုက်တာ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ လုပ်ပေးနိုင်တဲ့သတ္တိ သူ့ရှိသလား (မရှိပါဘူး ဆရာ)၊ ဒီသင်္ခါရကလည်း ဝိညာဏ်ဖြစ်အောင် လုပ်တတ်, ပြုတတ်တဲ့ အကောင်လေးလား (မဟုတ်ပါ ဘူးဆရာ)၊ သဘောလေးပေါ့နော် (မှန်ပါတယ်ဆရာ)၊ ပထမကတည်းက သေသေချာချာကြည့်၊ အဲဒါ ငါကတော့ ဒီလိုပဲ ပြောနေတာပဲ၊ ငါ့မျက်စိထဲမှာ, ဉာဏ်မျက်စိထဲမှာ မြင်မြင်၊ မြင်မြင်နေသလို မြင်စေ ချင်တယ်၊ တစ်လုံးချင်း တစ်လုံးချင်းပေါ့၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ ဟုတ်တယ်၊ ဟုတ်တယ်၊

http://www.dhammadownload.com



မှန်တယ်၊ မှန်တယ်၊ မှန်တယ်၊ ဒါပေမယ့် အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးလိုက်တဲ့သတ္တိ မရှိဘူး၊ သင်္ခါရတော့ ငါဖြစ်အောင် လုပ်ပေးအုံးမယ်ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ မရှိဘူး၊ မရှိဘူးဟ၊ အေး မရှိဘူး၊ မရှိဘူး၊ ဘာဖြစ်လို့ အဝိဇ္ဇာကြည့်လိုက်စမ်းပါ - အဝိဇ္ဇာက လုပ်တတ်၊ ကိုင်တတ်တဲ့၊ ပြုပြင်ပေးတတ်တဲ့ ပုဂ္ဂိုလ်ကောင်၊ သတ္တဝါကောင်၊ အတ္တကောင်းလေးလားလို့ မဟုတ်ပါဘူး၊ အဝိဇ္ဇာသဘောလေး၊ ဘာသဘောလေးတုံး၊ မသိတတ်တဲ့ သဘောလေး၊ တရားကိုယ်ကောက်တော့ ဘာရ၊ မောဟရတာပေါ့။

ဩော် . . . လက်စသတ်တော့ မောဟဆိုတာ ကိုင်လို့လည်း ဖြစ်တာမဟုတ်ဘူး၊ ယူလို့လဲ ရတာမဟုတ်ဘူး၊ ကြည့်လို့လည်း မြင်တာမဟုတ်ဘူး၊ အမှန်ကတော့ ဘာမှမသိတတ်တဲ့ သဘောလက္ခဏာလေးတွေပဲ "အညာဏလက္ခဏာ"၊ မသိတတ်တဲ့သဘောလေးတွေ၊ ဩော် . . . ဒါဖြင့်ရင် ဒီမသိတတ်တဲ့သဘောလေးက အကောင်အထည်၊ အတုံး၊ အလုံး၊ အခဲ၊ အမှုန် အမွှား၊ အရည်အဖတ်၊ အဖြူ၊ အပြာ၊ အဝါ လုံးလုံးကြီး ဘာမှ ရှာဖွေမရသော မသိတတ်တဲ့ သဘောတရား သက်သက်ကလေး အဝိဇ္ဇာ၊ အဲဒီအဝိဇ္ဇာထဲ ကြည့်လိုက်ပြန်တော့ သူ့နောက်က သင်္ခါရဖြစ်အောင် လုပ်ပေးတယ်လို့ ပြောရအောင်လည်း အခက်ဟဲ့၊ လုပ်ပေးနိုင်တဲ့ အကောင်လေးလည်း မဟုတ်ဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကောင်အထည်လေး ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ) သင်္ခါရဖြစ်အောင်လည်း လုပ်ပေးနိုင်တဲ့ အတ္တကောင်လေးများ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူး၊ အဲဒီလို တစ်လုံးချင်း တစ်လုံးချင်းကြည့်ပါလို့၊ ဒါပေမယ့်လို့ ဒီအဝိဇ္ဇာဖြစ်လို့ သင်္ခါရဖြစ်ရတယ်ဆိုတာတော့ တိုက်ရိုက်သိနေပြီ၊ ဒါကတော့ လွဲပြောင်းလို့ မရဘူး၊ မမှန်ဘူးလား မှန်လိုက်တာ လွန်လို့၊ အဘဘုရားကိုယ်တော်မြတ် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီတွေ ဖြည့်၊ အပင်ပန်းအနွမ်းနယ်ခံလို့ ရှာကြံလို့ ရတော်မူတဲ့ သဗ္ဗညုတဉာဏ်တော်နဲ့ အထပ်ထပ်ဝေဖန်ပြီးမှ အမှန်ကန်ဆုံး အတိကျဆုံးဆိုတဲ့အနေအားဖြင့် ထုတ်ဖော်ပြီး ဟောကြားတော်မူတဲ့ ဒေသနာအစစ်ကြီးပါပဲလား၊ တို့တစ်တွေတော့ လွယ်လင့်တကူ နာယူရခဲ့တယ်ဟဲ့။

## ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းကြီးရဲ့သည်းခံမှုအကြောင်း

ဘုရားကိုယ်တော်မြတ်ကြီး တရားရှာစဉ်အခါတုန်းက ပင်ပန်းလိုက်တာ၊ ဆင်းရဲလိုက်တာ၊ ဘယ် လောက်ရှာရသလဲ၊ (လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါဆရာ)၊ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ဆင်းရဲ လိုက်တာ လွန်လို့ ပင်ပန်းလိုက်တာ ပြောစရာမရှိဘူး၊ အလောင်းတော်မြတ်မို့လို့ ဒီအထိအောင် ဇွဲကောင်း၊ အသည်းကောင်းနဲ့ ပါရမီဆယ်ပါး အပြားသုံးဆယ်ဖြည့်ကျင့်၊ ငြူစူခြင်းမရှိ၊ စိတ်ဓာတ်ပျက်ခြင်းမရှိ၊ သည်းခံနိုင်တဲ့ဂုဏ်ကလည်း အင်မတန်မှကြီးမား၊ ဘယ်လောက်များ သည်းခံနိုင်တဲ့

http://www.dhammadownload.com



ဂုဏ်ရှိလဲဆိုတော့ ဟိုး . . နိပါတ်တော်လာတယ်၊ တို့ဘုရားလောင်းက ဟိမဝန္တာတောသွားပြီးတော့ ဆဒ္ဒန်မျိုး၊ ဆဒ္ဒန်ဆင်မျိုးထဲက ဆဒ္ဒန်ဆင်မင်းတော့ မဟုတ်ပါဘူး၊ ဆင်ပေါင်း သုံးထောင် လေးထောင် ရှိတဲ့ ဆင်အုပ်ကြီးထဲမှာ အကြီးဆုံး နာယကအဖြစ်နဲ့ သူကအုပ်ချုပ်ပြီး နေရှာတယ်။ သူ့ကြည့်လိုက်တော့ လည်းပဲ ငွေတောင်ကြီးပမာဏ ဖွေးဖွေးလို့၊ ခွာအိုးတို့၊ အာတို့ လျှာတို့ ကြည့်ပြန်တော့ ဟင်္သပြဒါး သုတ်လိမ်းထားသလို ချင်းချင်းနီလို့ နော် (မှန်ပါတယ်ဆရာ)၊ အတော့်ကိုလှ၊ အတော့်ကို ကျက်သရေရှိ တစ်နေ့ကျတော့ ဒီဆင်အုပ်ကြီး ထိန်းသိမ်းပြီး အုပ်ချုပ်နေရတာ၊ ပရိသတ်နဲ့ နေရတာ စိတ်ပျက်လှ ချည်းရဲ့ ဆိုပြီးတော့ အလောင်းတော်မြတ် တစ်ကိုယ်တည်း ခွဲခွာပြီး နေတော့ အဲဒီ တို့ဗာရာဏသီ ကနေပြီးတော့ မိမိအသက်မွေးဝမ်းကျောင်းအတွက် အရှာအဖွေထွက်လာတဲ့ မုဆိုးတစ်ယောက်က ဒီတောနက်ကြီးထဲ ရောက်တဲ့အခါကျတော့ မျက်စိလည်လို့ မပြန်တတ်ရှာဘူး။ ငါ့တော့ သေတော့မှာပဲ၊ သားတစ်ကွဲ မယားတစ်ကွဲ၊ ဆွေတစ်ကွဲ၊ မျိုးတစ်ကွဲနဲ့ ငါတစ်ယောက်ထဲ မျက်စေ့လည်လို့ ဘယ် ထွက်ရမှန်းမသိ၊ ဘယ်သွားရမှန်းမသိ၊ ငါတော့ ကိုယ်ကျိုးနည်းပါပေ့ါ ဆိုပြီးတော့ ချုံးပွဲချငို၊ ငိုတော့ အလောင်းတော်မြတ်ဆင်မင်းကကြား၊ ဒီယောကျ်ား ဘာဖြစ်ပါလိမ့်၊ ကြည့်လိုက်တော့ ဒီလို ဒီလိုဖြစ်နေတယ်၊ အလောင်းတော် ပါရမီဖြည့်ပုံလေးတွေ ပြန်ကြည့်စမ်း -

ဒီတော့ မျက်စိလည်တဲ့ မုဆိုးက တခြားမဟုတ်ဘူး၊ ဟို ဒေဝဒတ်အလောင်းကိုးကွ နော် (မှန်ပါ တယ်ဆရာ)၊ လူညစ်ပတ် လူညစ်ပတ်။ ဒါပေမယ့် သူလည်း မဆိုးပါဘူး၊ သူက ပါရမီလိုက်ဖြည့် ပေးနေတာ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့မှ အလောင်းတော်မြတ်က သွားပြီးတော့ သင်မုဆိုး ဘာဖြစ်လို့တုံး၊ ကျွန်ုပ် ဒီလိုဒီလို ဖြစ်နေလို့၊ အိမ်လည်း မပြန်တတ်၊ ယာလည်း မပြန်တတ်၊ ကျုပ်တော့ဖြင့် အငတ်ငတ်အပြတ်ပြတ်နဲ့ ဆွေရင်းမျိုးရင်းနဲ့၊ ဆွေနဲ့ မျိုးနဲ့ သားနဲ့ မယားနဲ့ တစ်ကွဲတစ်ပြားဖြစ်ပြီးတော့ မသွားတတ်, မလာတတ်ဖြစ်၊ အငတ်ငတ်အပြတ်ပြတ် ဖြစ်နေလို့ ကျုပ်တော့ မုချသေရတော့မှာပဲ ဆိုပြီးတော့ ဝမ်းနည်းပက်လက်နဲ့ ကျုပ်ငိုတာပါဆိုတော့ အလောင်းတော်မြတ်က သတ္တဝါများတော့ နုတဲ့ဘဝဖြစ်ဖြစ်၊ ရင့်တဲ့ဘဝဖြစ်ဖြစ် အင်မတန်သနားတတ်တဲ့သတ္တိရှိတယ် နော် (မှန်ပါတယ်ဆရာ)၊ အသင်မုဆိုး မငိုနဲ့တဲ့၊ ငါ့ကျောပေါ် တက်တဲ့၊ သင့်မြို့၊ သင့်ရွာ၊ သင့်အိမ်ဂေဟာ ရောက်အောင် ငါလမ်းစ ပို့လိုက်မယ်တဲ့၊ လမ်းပြအဖြစ်နဲ့ ပို့လိုက်မယ်လို့၊ ဒီတော့မှ သူ့ကျောပေါ် ဘကြီးသားက တက်၊ ကျကျနန အလောင်းတော်က သူ့တောတွင်းကနေ တောပြင်ရောက်အောင်ထုတ်၊ တောပြင် ရောက်တဲ့အခါကျ သင်သွားတတ်ပြီတဲ့၊ သေသေချာချာကြည့်၊ ရှေ့နားမျှော်မှန်းကြည့်၊ အဲဒါ ဗာရာဏသီပြည်၊ သင်တို့နေတဲ့တိုင်းပြည်ပဲ၊ ဒီလမ်းအတိုင်း ဖြောင့်ဖြောင့်တန်းတန်း သွားပေတော့၊

http://www.dhammadownload.com



ဒါထက် သင့် ငါစကားတစ်ခု မှာလိုက်မယ်၊ ငါ့အကြောင်းကို ဒီတောနက်ထဲမှာ သင်တွေ့ခဲ့တယ်ဆိုတဲ့ အကြောင်းနဲ့ ပတ်သက်သော စကားကို သင် ဘယ်သူ့မှ မပြောပါလေနဲ့ မှာလိုက်တယ်။

ဟာ. . . အသင်ဆင်မင်း စိတ်ချပါ၊ ကျွန်ုပ်မပြောပါဘူး၊ အသင့်ကျေးဇူး အင်မတန်ကြီးပါတယ်၊ ဒါ ပလီတာ၊ ပြောချင်လှပြီ နော် (မှန်ပါတယ်ဆရာ)၊ အန္တရာယ်မြင်လို့ အလောင်းတော်မြတ်က တားလိုက်တယ်၊ ဝမ်းပန်းတသာနဲ့ ပြန်သွားလိုက်တာ ခဏချင်းနဲ့ ရောက်သွားတယ်၊ မြို့တွင်းရောက်တဲ့ အခါကျတော့ အိမ်မပြန်နိုင်သေးဘူး၊ ဘာရှာသလဲလို့ ဘယ်လောက်ယုတ်မာသလဲဆိုတာ သေသေ ချာချာကြည့်၊ ပါရမီဖြည့်ဖက်ဆိုတော့ ဒီလိုတွေးရမှာပေ့ါလေ၊ အိမ်ရုတ်တရက် ဝမ်းပန်းတသာနဲ့ ကိုယ့်သားမယားထံ ရုတ်တရက်မပြန်သေးဘူး၊ စီးပွားရေးမျက်စိနဲ့ အပြေးအလွှား ဆိုသလို ဆင်စွယ် ပွတ်တဲ့ရပ်ကွက် ပြေးတယ် နော် (မှန်ပါတယ်ဆရာ)၊ ပန်းပုခေါ်မှာပေ့ါနော် (မှန်ပါတယ်ဆရာ)၊ ဆင်စွယ်ထုလုပ်ပြီး တော့ ရောင်းချစားတဲ့ ရပ်ကွက်အရင်ပြေးတယ်၊ ပြေးပြီးတော့ ဟိုကျ ဘာပြောလဲ၊ ငါတော့ ပွပေါက်တော့ ရလာပြီ၊ နေရာကို ကျနေပြီ။ ငါ့ပို့လိုက်တဲ့ဆင်ကြီးရဲ့ အစွယ်ကြီးတွေက ကောင်းလိုက်တာ၊ တစ်ချောင်းလောက်များ ဖြတ်ရောင်းလိုက်ရင် ဘယ်နှစ်ပိဿာ၊ တစ်ပိဿာကို ရှစ်ဆယ့်ငါးကျပ် ဈေးပေါက်နေတယ်၊ နှစ်ပိဿာဆိုရင် မနည်းဘူးဟ၊ သုံးပိဿာလောက်ရ ဘယ့်နှယ့် ဟနဲ့ စိတ်ကူးနဲ့ ပြေးနေတယ်၊ ဟိုကျတော့ ဆင်စွယ်ပွတ်ယောက်ျားတွေ ရပ်ကွက်ကျတော့ မေးတယ်၊ အသင်တို့, အသင်တို့ ခုလုပ်ကိုင်နေတဲ့ ဆင်စွယ်က ရိုးရိုးဆင်စွယ်၊ အဲဒီဆင်စွယ် ဘယ်ဈေးရှိလဲ၊ ဟာ . . တစ်ပိဿာ ရှစ်ဆယ့်ငါးကျပ်လောက် ရှိတာပေ့ါ၊ အဲဒီဆင်စွယ်နဲ့ မတူဘဲနဲ့ ဟင်္သပြဒါးအသွေး ကဲ့သို့ ချင်းချင်းနီနေသော ဆင်ဖြူရဲ့အစွယ် ဆိုလို့ရှိရင် ဘယ်ဈေးပေးမလဲ၊ ဟိုတုန်းကတော့ ဆင်စွယ် အမြတ်တနိုးထားပြီး သုံးကြတယ်၊ စိန်ဈေးထက် ကြီးသေးတယ်ပေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊ သင်. . ဟုတ်ပါ့မလား၊ ရနိုင်ပါ့မလား၊ ဒါ ဆဒ္ဒန်ဆင်မျိုးခေါ်တယ်၊ ဆင်ဖြူအစွယ် ဆိုတာက ဟင်္သပြဒါးလို ချင်းချင်းနီနေတယ်ဆိုတာ ဟုတ်ပါတယ်၊ ယုံပါတယ်။ သင်လိုလူ ရဖို့ခဲယဉ်းပါတယ်၊ ဘယ်ရလိမ့်မလဲ၊ မဟုတ်ပါဘူးလေ၊ ရရင် ဘယ်လောက်ပေးမလဲ ဈေးသာပြော။

ဒီတော့ ရိုးရိုးဆင်စွယ် ရှစ်ဆယ့်ငါးကျပ် ဈေးပေါက်နေတော့ ဟိုက တစ်ဆလောက် မြှင့်ပေး လိုက်တယ်၊ အဲဒီဈေးတော့ ပေးနိုင်တယ် ရလို့ရှိရင်၊ ဒါပေမယ့် စစ်မှ ယူမှာနော်၊ မစစ်ရင် မယူဘူး၊ စိတ်သာချ စစ်ရစေမယ်၊ ဒီတော့မှ ဈေးသေချာမှ အိမ်ကပျာကယာပြန်တယ်၊ သားမယားပါ နှုတ်ဆက်၊ ရုတ်တရက်အားဖြင့် စီးပွားရေးလမ်းကြောင်းအနေအားဖြင့် ငါကောင်းလှပေါ့ ဆိုတဲ့အနေအားဖြင့် အိမ်က ဘာယူသွား၊ လွှတို့၊ ပုဆိန်တို့၊ ဓားတို့ လက်နက်ကိရိယာပေ့ါလေ၊ အစုံအလင်ယူသွားတယ်၊ လာကတည်းက သူ့အကြံနဲ့ အလောင်းတော်ကျောပေါ်စီးပြီးတော့ လာစဉ်အခါတည်းက သူ ခရီးမှတ်ခဲ့

http://www.dhammadownload.com



တယ်၊ နောက်တစ်ပတ်ပြန်လို့ရှိရင် ငါ ရုတ်တရက်အားဖြင့် ဒီလမ်းမှတ်မိအောင် အမှတ်အသားနဲ့ လာတယ် နော် (မှန်ပါတယ်ဆရာ)၊ ပြန်ဝင်လိုက်တော့ သူမှတ်ထားတဲ့လမ်းက လောလော လတ်လတ်ကြီး ရှိသေးတယ်ဆိုတော့ တန်းလို့ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ပြန်လာ၊ ပြန် လာတော့ အလောင်းတော်ဆီရောက်၊ ဆင်မင်းဆီရောက်၊ အသင်မုဆိုး ဘာ့ကြောင့်ပြန်လာသလဲ၊ အသင်ဆင်မင်းတဲ့၊ မှန်တဲ့အတိုင်း အစီရင်ခံရတော့မှာပဲလို့ သနားစရာ၊ ကျွန်ုပ်မြို့ပြပြည်ရွာရောက် တော့ ကျွန်ုပ်လည်း သားသာမီးတွေက များတယ်တဲ့၊ အရောင်းအဝယ်ကလည်း ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုး ပေးတာ မဟုတ်ဘူးတဲ့၊ ကုန်သည်ကြီးမဟုတ်ပါဘူးတဲ့၊ လက်လုပ်လက်စားပါတဲ့၊ ကျွန်ုပ်ရဲ့ အသက် မွေးဝမ်းကျောင်းကလည်း အင်မတန်မှ ကျဉ်းမြောင်းလှပါတယ်တဲ့၊ အငှတ်ငတ်အပြတ်ပြတ် ဖြစ်နေလို့၊ ဒါကြောင့် အသင်ဆင်မင်း ကျွန်ုပ်ကို သနားလို့ရှိရင်လည်းပဲ အသင်ဆင်မင်းရဲ့အစွယ်ကို ထိုက်သည့် အားလျော်စွာ ဖြတ်ပြီးတော့ မစ,စချင်ပါတယ်တဲ့၊ ကြည့်စမ်း၊ ကျေးဇူးရှင် နော် (မှန်ပါတယ်ဆရာ)၊

သူလည်း အသက်ကယ်လွှတ်လိုက်သေးတယ်၊ အဲဒါ သူ့အကြောင်း ဘယ်သူ့မှ မပြောနဲ့၊ ဘယ်သူ့မှတော့ မပြောပါဘူး၊ သူကိုယ်တိုင်ပြန်လာတယ်၊ သူများပြောရင် သူများရသွားမယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါ သူများအယူချည်း မခံနိုင်သေးဘူး၊ သူကိုယ်တိုင်ပြန်လာတယ်၊ ဘယ်လောက် ယုတ်မာတဲ့ အမျိုးလဲလို့၊ တို့ဘုရားအလောင်းစဉ်းစားကြည့်စမ်း၊ အေး . . . ပေးရတာပေါ့တဲ့၊ ငါလည်း သင်ကဲ့သို့ အလှူခံမယ့်ပုဂ္ဂိုလ် ငါလည်း ရှာနေတာ၊ ကြည့်နေတာပဲတဲ့၊ ပေးရတာပေါ့ ဆိုပြီး သင့် လက်နက်ပါသလား ဖြတ်စရာ၊ ပါ, ပါတယ်၊ လွှတို့ ဓားတို့၊ ဟောဒီလောက်ကနေ ဟောဒီလောက် ရောက်အောင် ဖြတ်ပေတော့၊ ဆင်စွယ်ကလည်း တော်တော်ရှည်တယ်ကိုကွ နော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပာယ်က တစ်ဘက် တစ်ထောင့်ထွာလောက်စီ ဖြစ်ရင်လည်း တစ်ထောင်ထွာလောက်စီ ဖြတ်ယူ တော့၊ ခုလတ်က နေပြီးတော့ ဒီလိုပေးလိုက်တယ်၊ အဲဒါရက်ရက်စက်စက် ဆင်မင်းကတော့ ရုတ် တရက် သူမဖြတ်နိုင်မှာစိုးလို့ မြေကြီးတုံးလုံးလှဲရှာတယ်၊ ပါးစပ်ဟပေးတယ်၊ အဲဒါအလောင်းတော် မြတ်ရဲ့အာပေါင်ကို ခြေနဲ့ စုံကန်ပြီးတော့ အားရပါးရ လွှနဲ့ တိုက်ဖြတ်တယ်၊ ဆင်စွယ်နှစ်ဘက်ရ နော် (မှန်ပါတယ်ဆရာ)၊ ဆိုပါတော့ တစ်ဘက်ကို ငါးပိဿာ၊ ခြောက်ပိဿာ ဆိုပါတော့ တစ်ဆယ် လောက်ရတယ်၊ ဆင်စွယ်ကြီးနှစ်ချောင်း ထမ်းပြီးတော့ အားရပါးရနဲ့ ပြန်လေ၊ ဟိုသွားရောင်း၊ ရောင်းလို့ ဒါလေးရောင်းချ စားသောက်ပြီးတော့ ကုန်ခန်းသွားပြန်တော့ နောက်တစ်ပတ် ပြန်လာပြန်တယ်။

တို့အလောင်းတော်မြတ်က ကြြင်စိတ်ကလေး တစ်ခွေးသားမှ မရှိဘူးတဲ့၊ ဒီမုဆိုးအပေါ် နော် (မှန်ပါတယ်ဆရာ)၊ သူ့ကိုလည်းပဲ အသက်ချမ်းသာရအောင် ငါ့ကျော်ပေါ်တင်ပြီးတော့ မြို့ဆင် ခြေဖုံးရောက်အောင် ပို့ဆောင်လိုက်ရသေးရဲ့၊ သို့ကလောက်တောင် အသက်သခင်ကျေးဇူးရှင်

http://www.dhammadownload.com



ဖြစ်လျက်သားနဲ့ ငါ့အစွယ် ရက်ရက်စက်စက် ဖြတ်ရက်လေခြင်းဆိုတဲ့ ငြိုငြင်မှုစိတ်ကလေး တစ်စိတ်မှ မရှိဘူးတဲ့၊ ဝမ်းပန်းတသာနဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့လဲတဲ့၊ ငါ့အစွယ်တန်ဖိုးထားလို့ ငါဘုရားဖြစ်နိုင်ရိုးလားလို့၊ ဒါကြောင့် အစွယ်ကို မဆိုထားနဲ့၊ အသက်ကိုပင် လိုချင်ငြားသော်လည်း ဘုရားအဖြစ်က ငါ့အသက်ထက် တန်ဖိုးထားလို့ ဘုရားသာဖြစ်ရပါစေ၊ ငါ့အသက် သေချင်သေပါစေ ဆိုတဲ့ စေတနာကြီး ရှိတယ်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး လိုချင်လွန်းလို့ နော် (မှန်ပါတယ်ဆရာ)၊ ငြိုငြင်မှုမရှိဘူးတဲ့၊ မုဆိုးလည်း မြို့ပြန်ရောက်တော့ ရောင်းချစား ခဏလောက်နဲ့ ကုန်၊ ကုန်တော့ နောက်တစ်ပတ် ပြန်လာ၊ တိုတိုပြောကြစို့ - နောက်တစ်ပတ်ပြန်လာတော့ တော်တော်လေး ကျန်တဲ့ အရင်းပိုင်း အလယ်လောက်ကနေ တစ်ခါဖြတ်၊ လှူတာပဲ၊ စွယ်စုံနှစ်ဆူ လှူလိုက်ပြန်တယ်၊ ထမ်းပြန် တာပဲ၊ ငြိုငြင်မှု မရှိဘူးတဲ့၊ လာပါစေလို့ အောက်မေ့တယ်၊ ငါလည်း လှူနိုင်ပါစေလို့၊ အလှူခံမည့် ပုဂ္ဂိုလ်လည်း ပေါ်ပါစေလို့၊ ဒါ ဘာလုပ်ဖို့လဲ၊ သဗ္ဗညုတရွှေဉာဏ်တော် လိုချင်လို့ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်များ အံ့သြစရာကောင်းလဲလို့။

ဒါကြောင့် ပါရမီဆယ်ပါး အပြားသုံးဆယ် ဆိုတာ ဖြည့်ကျင့်လာတဲ့ ကိစ္စတွေ သေးတာမဟုတ် ဘူး၊ ဒီတော့ ဒီအရင်းပိုင်း တစ်ခါယူသွားပြီးတော့ ခုလတ်က ဖြတ်ပြီး ယူသွားတဲ့အစွယ်လည်း ဟိုကျ ရောင်းချ စားသောက်ကုန်ပြန်ရော၊ နောက်တစ်ပတ် ပြန်လာတယ်၊ နောက်တစ်ပတ်ပြန်လာတော့ ဒီမှာ ဒီတစ်ခါဖြတ်လို့ရှိရင်ဖြင့် အာပေါင်တွင်းက နင်းပြီးတော့ အတင်းဖြတ်မှ ရတော့မယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် မငြိုငြင်ဘူး၊ မတွန့်တိုဘူး၊ ကျွန်ုပ်လိုချင်လို့ နောက်တစ်ပတ် ပြန်လာ ပါတယ်၊ အရင်ဟာကတော့ ရောင်းချ စားလို့၊ သောက်လို့ ကုန်ပေါ့၊ အေး . . . ဒါဖြင့် အသင်မုဆိုး အဲဒီအရင်းကျကျ အတွင်းကျကျ သင်လိုသမျှဖြတ်ပေတော့လို့ ပါးစပ်ဟာပြီးတော့ တုံးလုံးလှဲပေးတယ်၊ အဲဒါ အာပေါင်အာရင်း အတင်းနင်းပြီးတော့ အတွင်းသားကနေ ဖြတ်တယ်၊ သွေးရဲရဲ သံရဲရဲပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ခံရှာတယ်၊ ကြည်ကြည်ဖြူဖြူနဲ့ လှူတော်မူရှာတယ်၊ ဆုသာတောင်း လို့၊ ဒီစွယ်စုံနှစ်ဆူ လှူဒါန်းရတဲ့အတွက် ငါအလိုရှိတဲ့ သဗ္ဗညုတရွှေဉာဏ်တော်ကြီး မုချဧကန် အမှန်ရပါစေသားလို့၊ အဓိဋ္ဌာန်လှူဒါန်းလို့၊ မုဆိုးလည်း ဝမ်းပန်းတသာနဲ့ အစွယ်နှစ်ဆူ ထမ်းပြီး တော့ ပြန်လိုက်တာ တောစပ်မှ မထွက်သေးဘူး။ တို့အဋ္ဌကထာ ဆရာပြတော့ အံ့သြစရာ၊ ယူဇနာ ပေါင်း နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ယူဇနာ ပေါင်း ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်တဲ့ မြင်းမိုရ်တောင်ကြီးဟာ အင်မတန်လေးတယ် တဲ့၊ ဘယ့်နှယ်ပဲလေးလေးဟ ငါ့အပေါ် ဒင်းနေပါစေ၊ ငါကျေနပ်တယ်၊ အနေခံနိုင်တယ်၊ မလေး ဘူးဟနော် (မှန်ပါတယ်ဆရာ)။ ယုဂန္ဓာတောင် မြင်းမိုရ်တောင်ရဲ့ထက်ဝက်၊ ဣသိန် (ဣသိဓာရ)

http://www.dhammadownload.com



တောင် ယုဂန္ဓာတောင်ရဲ့ထက်ဝက်၊ ကရဝိန် (ကရဝီက) တောင် ဣသိန်တောင်ရဲ့ ထက်ဝက်၊ သုဒဿနတောင် ကရဝိန် (ကရဝီက) တောင်ရဲ့ထက်ဝက်၊ သုဒဿနတောင်ရဲ့ထက်ဝက်၊ ထက်ဝက် ထက်ဝက်သွားတယ်၊ သီတာ ခေါ်တယ်၊ "ယုဂန် ဣသိန် နေမိန် သုဒဿ် ဝိနအဿက်"လို့ ဘယ် လောက်ကြီးမားတဲ့တောင်ကြီးတွေပဲလို့၊ ဒါ မြင်းမိုရ်တောင်က ထိပ်ဆုံးက၊ သို့ကလောက်တောင် ကြီးမားတဲ့, ထုထည်အားဖြင့် ကြီးမားတဲ့, အလေးရှိတဲ့ တောင်ကြီးတွေ မဟာပထဝီမြေကြီးက အနေခံတယ်တဲ့၊ ဝန်မလေးဘူး၊ ထမ်းနိုင်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ထမ်းနိုင်တယ်၊ ထမ်းနိုင် တယ်၊ မပင်ပန်းဘူးတဲ့၊ ဒါပဲလား။

ကမ္ဘာသူကမ္ဘာသားတို့ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အညစ်အကြေးတွေ နေ့နဲ့အမျှ စွန့်ချ၊ မြေကြီးက မတွန့်တိုပါဘူးတဲ့၊ မဆုတ်နစ်ပါဘူးတဲ့၊ မရွံ့ရှာပါဘူးတဲ့၊ ကြည်ဖြူစွာ လက်ခံပါ၏တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကမ္ဘာသူကမ္ဘာသားတို့သည် တွင်းကြီးတွင်းငယ် အသွယ်သွယ်တို့ဖြင့် ဘယ်လိုပဲတူးတူး ဘယ်လိုပဲ ဖောက်ဖောက် မဟာပထဝီမြေကြီးက ခံနိုင်ရည် ရှိပါ၏တဲ့၊ ငြိုငြင်မှု မရှိပါတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါပေမယ့်လို့ သို့ကလောက် တောင် ကျေးဇူးရှင် ကျေးဇူးစွပ်တဲ့အနေအားဖြင့် ပြစ်မှားသော မုဆိုးတစ်ယောက်ရဲ့တာဝန်ကိုတော့ မထမ်းနိုင်ဘူးတဲ့၊ အံ့သြစရာ နော် (မှန်ပါတယ်ဆရာ)၊ မထမ်းနိုင်ဘူးတဲ့၊ သူတာဝန်မခံနိုင်ဘူးတဲ့၊ အင်မတန်လေးတယ်၊ ဒါ့ကြောင့် နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးက ပါးစပ်များ ဟလိုက်သလိုပဲလို့ ရုတ်တရက်အားဖြင့် ကွဲလို့၊ အထဲက အဝီစိက ငရဲမီးက ဟုန်းကနဲထတယ်၊ လှျှုလိုက်တဲ့ စွယ်စုံနှစ်ဆူ ပခုံးပေါ်ထမ်းလို့ ဝမ်းပန်းတသာ ပြန်လာတဲ့ မုဆိုး၊ ငရဲမီးက သရဲကြီးရဲ့လျှာ လိုပဲ သိမ်းပြီးတော့ ယူပြီး မျိုချလိုက်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။ အဲဒါကြည့်၊ အဲဒါကြည့်၊ အဝိညာဏက-အသက်မဲ့သော နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးရဲ့ သည်းခံမှု သဘောတွေ ပြောနေ၊ ဒီလို လူယုတ်မာကျတော့ ကျေးဇူးရှင် ကျေးစွပ်တယ်ဆိုတဲ့ လူယုတ်မာကျတော့ သည်းလည်း မခံနိုင်ဘူးတဲ့၊ ထမ်းလည်း မထမ်းနိုင်ဘူးတဲ့၊ အင်မတန်လေးတယ်၊ ဒါကြောင့် အရှင်လတ် လတ်ကနေ မြေခွဲပြီးတော့ အဝီစိငရဲထဲ ကျသွားတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာ ပြောချင်တာ တခြားမဟုတ်ပါဘူး၊ အလောင်းတော်ရဲ့ပါရမီဖြည့်ပုံ အင်မတန်မြင့်မြတ်တဲ့ အမျိုးလည်း ဖြစ်၊ သို့ကလောက်တောင်ပဲ အသက်ဆုံးရှုံးကာမျှ ပမာဏရောက်အောင် ဆင်းရဲ ပင်ပန်းသော ဒုက္ခတွေ အမျိုးမျိုးခံစားရတယ်၊ ဘာလုပ်ဖို့လဲ၊ သဗ္ဗညုတရွှေဉာဏ်တော် လိုချင်လို့ ဒီလိုမဟုတ်လား (မှန်ပါတယ် ဆရာ)။

http://www.dhammadownload.com



သဗ္ဗညုတဉာဏ်တော်အဖြစ်နဲ့ လဲတော်မူတယ်၊ မျက်လုံးလိုချင်ရင် မျက်လုံး၊ မိမိရဲ့ကိုယ် အင်္ဂါ အစိတ်အပိုင်း လိုချင်ရင် ကိုယ်အင်္ဂါအစိတ်အပိုင်း၊ အသည်းနှလုံးလိုချင်ရင် အသည်းနှလုံး၊ အသက်လိုချင်ရင် အသက်၊ အဲဒါ သဗ္ဗညုတဉာဏ်တော်ရမယ်ဆိုလို့ရှိရင်ဖြင့် မနှောင့်နှေးသော စေတနာအားဖြင့်၊ ထက်သန်သော စေတနာအားဖြင့် ရက်ရက်စက်စက် လဲတော်မူခဲ့တဲ့ ဘဝပေါင်း ဘယ်လောက်များလဲ၊ ကမ္ဘာနဲ့ချီပြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ဖြည့်ကျင့်ဆည်းပူး အထူးအားထုတ်မှ သဗ္ဗညုတဉာဏ်တော်အစစ်ရလို့ ဘုရားဖြစ်တော်မူတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ဘုရားအဖြစ် ရောက်တော်မူမှ သို့ကလောက်တောင် ရှာကြံမှ ရတော်မူသော သဗ္ဗညုတဉာဏ်တော်နဲ့ အမှန်ကို ဝေဖန်ပြီး ဟောထားတဲ့ ဒေသနာအစစ် တွေက ဖြစ်နေတော့၊ ဒါကြောင့် တန်ဖိုးထားထား၊ ထားထားပြီးတော့ တစ်လုံးဆို၊ ဆိုသလောက် ငါတို့ ခရီးရောက်အောင်ဟဲ့၊ အဘဘုရားကိုယ်တော်မြတ်အလိုတော်ကျအောင်ဟဲ့၊ အဘဘုရားကိုယ် တော်မြတ် သနားတော်မူတဲ့အနေအားဖြင့် ဝေငှပေးသနားတော်မူသော ဓမ္မဒေသနာအစစ်ကြီးတွေ တို့ တစ်လုံးတတ်မြောက်လိမ့်မှာရင် ခရီးဘယ်လောက်ရောက်တယ်၊ တန်ဖိုးဘယ်လောက်ရှိတယ်၊ အဘဘုရား ကိုယ်တော်မြတ် ကျေးဇူးသစ္စာလည်း စောင့်ရှောက်ရာရောက်သေး၊ အဘဘုရား ကိုယ် တော်မြတ်ကြီးလည်းပဲ ချစ်ခင်သနားရာ ကြည်ညိုလေးစားရာလည်း ရောက်သေး နော် (မှန်ပါတယ် ဆရာ)။

တို့လည်းပဲ ဘဝသံသရာဝဋ်အတွင်းက လွတ်ကင်းနိုင်သော အချိုးအစားလည်း ရောက်နေ သေး၊ အဲဒီလို မျှော်ကိုးမျှော်ကိုးပြီးတော့ တစ်လုံးချင်း တစ်လုံးချင်း ဒေသနာအစစ်ကလေးတွေ ဖြစ်ဖြစ်သမျှဖြင့် တိတိကျကျ မိမိရရရှိအောင် သင်လည်း သင်ကြပါ၊ ကြိုးလည်း ကြိုးစားကြပါလို့၊ ဒါကြောင့် တစ်လုံးဆိုရင် တစ်လုံးရဲ့အဓိပ္ပာယ်လေး ကုန်ဆုံးသွားအောင် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဆိုတဲ့ နေရာမှာ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်တယ်လို့ ဒီလိုဆိုထားတော့ ဒီသင်္ခါရဆိုသောအကျိုးတရားသည် အဝိဇ္ဇာကြောင့် ဖြစ်တာ မှန်၏၊ အဝိဇ္ဇာကြောင့် ဖြစ်တာ မှန်တယ်၊ အဝိဇ္ဇာမှတစ်ပါး အကြောင်းလွှဲပြောင်းလို့ မရကောင်းပါဘူး၊ ဒါဖြင့် အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတာလားဆိုတော့ ဒါက လှံ့လ ပယောဂ ဗျာပါရ ပါလာပြီ၊ ဒီစကားကျတော့ နော် (မှန်ပါတယ်ဆရာ)၊ ကိုင်း . . . ဒါဖြင့် သင်္ခါရ ဘယ်သူ့ကြောင့် ဖြစ် (အဝိဇ္ဇာကြောင့် ဖြစ်တာပါ ဆရာ)၊ အဝိဇ္ဇာမှတစ်ပါး တခြားသော အကြောင်းကြောင့် မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ဘူးဆရာ)၊ မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ဘူးဆရာ)၊ ဒါဖြင့် အဝိဇ္ဇာကြောင့် ဖြစ်တာ အမှန်ပေါ့၊ (အမှန်ပါဆရာ)၊ ဒါဖြင့် သင်္ခါရမေးကြည့်စမ်း၊ သင်္ခါရ နင် ဘယ်သူ့ကြောင့်ဖြစ်၊ (အဝိဇ္ဇာကြောင့်

http://www.dhammadownload.com



ဖြစ်တာပါဆရာ)၊ အဝိဇ္ဇာကြောင့် ဖြစ်တာ အမှန်ပေါ့ နော် (အမှန်ပါဆရာ)၊ ဒါဖြင့် မေးစမ်းကွာ၊ အဝိဇ္ဇာ သင်္ခါရက ပြောတယ်တဲ့၊ မင့်ကြောင့် သူဖြစ်ရတယ်လို့ ပြောတယ် ဟုတ်ကဲ့လား၊ ဘယ့်နှယ့် ပြောလဲ (မဟုတ်ပါဘူးဆရာ)၊ ဟော လာပြန်ပြီ၊ တစ်နေ့ကလို မင်းနဲ့ငါနဲ့ တွေ့ပြန်ပြီးသိလား။ ပြန်မေး သင်္ခါရ မင်း ဘယ်သူ့ကြောင့် ဖြစ်တာတုံး (အဝိဇ္ဇာကြောင့် ဖြစ်တာပါဆရာ)၊ ဟုတ်ကဲ့လား (ဟုတ်ပါ တယ်ဆရာ)၊ ဒါဖြင့် မကျေနပ်လို့ အဝိဇ္ဇာသွားမေးတယ်၊ အဝိဇ္ဇာ သင်္ခါရက ပြောတယ်၊ သူဟာ မင့်ကြောင့် ဖြစ်တာလို့ ပြောတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဟော . . . ဒီလိုတော့ ဟုတ်သွားပြန်ပြီ နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် တစ်ခါပြန်မေး ပါအုံးမယ်၊ ဒါဖြင့် အဝိဇ္ဇာ သင်္ခါရကို မင်းဖြစ်အောင် လုပ်လိုက်တာလားလို့ (မဟုတ်ပါဘူးဆရာ)၊ သြော် . . ဒီလိုတော့ မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)၊ အဝိဇ္ဇာကြောင့် ဖြစ်တာတော့ မှန်တယ်ပေါ့ (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာ သေသေချာချာကြည့်၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးလိုက်တယ် ဆိုရင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ ဘာဖြစ်လို့ မဟုတ်တာလဲ၊ (ပြုတတ်၊ လုပ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်လို့ပါဆရာ)၊ သြော် . . အဝိဇ္ဇာက ပြုတတ် လုပ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူး လား (မဟုတ်ပါဘူးဆရာ)။

ဒါ့ကြောင့် သင်္ခါရကို သူဖြစ်အောင် လုပ်ပေးတယ်ဆိုတာ ဘယ့်နှယ်နည်းမှ မဟုတ်ဘူးပေါ့၊ (မဟုတ်နိုင်ပါဘူးဆရာ)၊ အေး . . ဟုတ်ပြီ, ဟုတ်ပြီ၊ ဒါလေးတော့ တော်သားကွ၊ ကြိုက်လုံးလေး တွေ့သွားပြီ၊ ပြီးလည်း ပြီးခါနီးပါပြီ။ ဒီလောက်မှ မတွေ့လည်း မင်းကို ချဖို့တော့ ကောင်းတော့တယ်၊ သြော် အဝိဇ္ဇာက သင်္ခါရဖြစ်အောင်လုပ်ပေးတတ်တဲ့ အကောင်အထည်လည်း မဟုတ်ဘူးပေါ့၊ (မဟုတ် ပါဘူးဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါလည်း မဟုတ်ဘူးပေါ့၊ (မဟုတ်ပါဘူးဆရာ)၊ ဒါဖြင့် အဝိဇ္ဇာထဲမှာ သင်္ခါရကို ဖြစ်အောင် လုပ်ပေးတတ်တယ် ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ မရှိဘူးပေါ့၊ (မရှိပါဘူးဆရာ)၊ အဲဒါ လုံ့လ ပယောဂ ဗျာပါရ မရှိတာ ဘာခေါ်တယ်၊ အဗျာပါရ၊ (အဗျာပါရနည်းပါဆရာ)၊ အဗျာပါရ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဗျာပါရ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ နောက်တစ်ခါ သင်္ခါရ သွားပြန်ပြီ၊ သင်္ခါရသည် သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်လို့ ဒီလိုဆိုတယ် နော် (မှန်ပါတယ် ဆရာ)၊ ဝိညာဏ် ဘယ်သူ့ကြောင့်ဖြစ်၊ (သင်္ခါရကြောင့် ဖြစ်တာပါဆရာ)၊ ဟုတ်ကဲ့လားဟ (မှန်ပါတယ် ဆရာ)၊ ဒါဖြင့် အကြောင်းလွှဲပြောင်းလို့ မရဘူးလား (မရပါဘူးဆရာ)၊ သင်္ခါရမှတစ်ပါးသော အကြောင်း ကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတာ မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ သြော် . . ဒါဖြင့် သင်္ခါရကြောင့် ဖြစ်တယ်ဆိုတာ အမှန်ပေါ့၊ (အမှန်ပါဆရာ)၊ အေး . . မှန်တယ်၊ ဟုတ်ပြီ၊ ဒါဖြင့် နေစမ်းပါအုံးကွာ၊ ဝိညာဏ်မေးစမ်းပါ့အုံး၊ ဝိညာဏ် ဘယ်သူ့ကြောင့်ဖြစ်၊ (သင်္ခါရကြောင် ဖြစ်တာပါ

http://www.dhammadownload.com


ဆရာ)၊ သင်္ခါရကြောင့် ဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ မယုံလို့ တစ်ခါ သင်္ခါရသွားမေးတယ်၊ ဟဲ့ သင်္ခါရ နင့်ကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတာ ဟုတ်ကဲ့လားလို့ (ဟုတ်ပါတယ်ဆရာ)၊ ဟုတ်သွားပြီ၊ တည့်သွားပြီနော်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နင့်ကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဟုတ်တယ်လား (ဟုတ်ပါတယ်ဆရာ)၊ အေး ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါဖြင့် ကောင်းပြီ၊ သင်္ခါရ နင်ဟာ ဝိညာဏ်ဖြစ်အောင် နင်လုပ်ပေးတာပေါ့၊ (မဟုတ်ပါဘူးဆရာ)၊ ဩော် ဒီလိုမဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)၊ ဘာဖြစ်လို့ မဟုတ်၊ (သင်္ခါရထဲမှာ ပြုတတ် လုပ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိလို့ပါဆရာ)။

ဩော် . . အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရသည် ဘာ့ကြောင့်ဖြစ်၊ အဝိဇ္ဇာကြောင့် ဖြစ်၊ ဟုတ်ကဲ့လား (မှတ်ပါတယ်ဆရာ)၊ အဗျာပါရနည်း၊ ပြုတတ် လုပ်တတ်သော လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိသော အဓိပ္ပာယ်ကို အဗျာပါရ အဗျာပါရနည်းခေါ်၏၊ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၊ သင်္ခါရကို အဝိဇ္ဇာက လုပ်ပေးတာ မဟုတ်၊ အဝိဇ္ဇာဖန်ဆင်းပေးတာ မဟုတ်၊ အဝိဇ္ဇာ ပြုလုပ်ပေးတာမဟုတ်၊ ဘာပြုလို့၊ အဝိဇ္ဇာမှာ ပြုတတ် လုပ်တတ်သော လုံ့လ ပယောဂ ဗျာပါရ ဘာမှ မရှိ၊ အဲဒါ တစ်လုံးချင်း တစ်လုံးချင်း ဒီအသိလေးတွေအတိုင်း သွားရမယ်၊ အဝိဇ္ဇာသည် သင်္ခါရဖြစ်အောင် လုပ်ပေးနိုင်သော သတ္တိ၊ လုပ်ပေးတတ်သော သဘော၊ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိ၊ ဒါကြောင့် အဝိဇ္ဇာသည် အဗျာပါရတရား၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ် ဆိုပြန်တော့ ဥင်းနည်းအတိုင်း ဝိညာဏ်သည် သင်္ခါရကြောင့် ဖြစ်၏၊ သင်္ခါရမှတစ်ပါး အကြောင်းလွဲပြောင်း၍မရ၊ သင်္ခါရကြောင့် ဖြစ်တယ်ဆိုတာတော့ မှန်ရဲ့၊ ဒါပေမယ့်လို့ ဝိညာဏ်ကို သင်္ခါရက လုပ်ပေးသည်မဟုတ်၊ ဖန်ဆင်းပေးသည်မဟုတ်၊ ပြုပေးသည်မဟုတ်၊ ဘာ့ကြောင့်တုံး၊ သင်္ခါရ၌ ပြုတတ် လုပ်တတ်သော လုံ့လ ပယောဂ ဗျာပါရ ဘာမျှမရှိ။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်သည် ဘာ့ကြောင့်ဖြစ်၊ ဝိညာဏ်ကြောင့်ဖြစ်၊ မှန်၏။ ဒါပေမယ့် ထိုဝိညာဏ်က နာမ်ရုပ်ဖြစ်အောင် လုပ်ပေးတတ်သောသဘော၊ လုံ့လပယောဂ ဗျာပါရ ဘာမျှမရှိ၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ မှန်၏။ ဒါပေမယ်လို့ နာမ်ရုပ်က သဠာယတနဖြစ်အောင် လုပ်ပေးနိုင်သော၊ လုပ်ပေးတတ်သော လုံ့လ ပယောဂ ဗျာပါရ ဘာမျှမရှိ၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်ဆိုတာ မှန်၏။ ဒါပေမယ်လို့ သဠာယတနသည် ဖဿကို ဖြစ်အောင်လို့ ပြုပေးတတ်သော၊ လုပ်ပေးတတ်သော လုံ့လ ပယောဂ ဗျာပါရ ဘာမျှမရှိ၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ မှန်၏၊ ဖဿကြောင့် ဝေဒနာဖြစ်၏။ ဒါပေမယ့်လို့ ဖဿသည် ဝေဒနာဖြစ်အောင် ပြုပေးတတ်သော၊ လုပ်ပေးတတ်သော လုံ့လ ပယောဂ ဗျာပါရ ဘာမျှမရှိ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ မှန်၏။ ဒါပေမယ့် ဝေဒနာသည် တဏှာဖြစ်အောင်

http://www.dhammadownload.com


လုပ်ပေးတတ်သော, ပြုပေးတတ်သော လှုံ့လ ပယောဂ ဗျာပါရ ဘာမျှမရှိ၊ တဏှာကြောင့် ဥပါဒါန် ဖြစ်တယ် မှန်၏။ ဒါပေမယ့်လို့ ဥပါဒါန်ဖြစ်အောင် တဏှာက လုပ်ပေးနိုင်သော, လုပ်ပေးတတ်သော, ပြုပေးတတ်သော လှုံ့လ ပယောဂ ဗျာပါရ ဘာမျှမရှိ၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ် မှန်၏။ ဒါပေမယ့် လို့ ဘဝဖြစ်အောင် ဥပါဒါန်က လုပ်ပေးတတ်သော, ပြုပေးတတ်သော လှုံ့လ ပယောဂ ဗျာပါရ ဘာမျှမရှိ၊ ဘဝကြောင့် ဇာတိဖြစ်တယ် မှန်၏။ ဒါပေမယ့်လို့ ဇာတိဖြစ်အောင် ဘဝက ပြုပေးတတ်သော, လုပ်ပေးတတ်သော လှုံ့လ ပယောဂ ဗျာပါရ ဘာမျှမရှိ၊ ဇာတိကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဖြစ်တယ် မှန်၏။ ဒါပေမယ့်လို့ ဇာတိက ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားတွေ မဖြစ်, ဖြစ်အောင် လုပ်ပေးတတ်သော, ပြုပေးတတ်သော လှုံ့လ ပယောဂ ဗျာပါရ ဘာမျှမရှိ၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘာနည်း ခေါ်တယ်၊ (အဗျာပါရနည်းပါဆရာ)၊ မြန်မာလိုပြန်တော့ (ပြုတတ်, လုပ်တတ်သော ပုဂ္ဂိုလ်သတ္တဝါ မရှိပါဘူးဆရာ)၊ ပြုတတ်, လုပ်တတ်သော လှုံ့လ ပယောဂ ဗျာပါရ မရှိ၊ ဘာခေါ်တယ်၊ (ပြုတတ်, လုပ်တတ်သော လှုံ့လ ပယောဂ ဗျာပါရ မရှိပါဘူးဆရာ)။

အေး . . ပြုတတ်, လုပ်တတ်တဲ့ လှုံ့လ ပယောဂ ဗျာပါရ ဘယ်ရှိနိုင်ပါ့မတုံးလို့ တစ်လုံးချင်း ရှာကြည့်တော့ ပြုတတ်, လုပ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါမှ မဟုတ်ပါဘဲ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် အဲဒီအမြင်လေးတွေ ငါတို့သံသရာအစက ကနေ့ကျအောင် ဆက်ကာဆက်ကာ ဘဝအနေအားဖြင့် ကြည့်ပြန်တော့ အနမတဂ္ဂ တစ်သံသရာလုံး ရေတွက်လို့ မကုန်ဆုံးအောင် ဖြစ်စဉ် ကြီးနဲ့ ပြန်ပြီးဆင်ခြင်တော့ ရုတ်တရက် ရှောင်တခင် အန္ဓပုထုဇဉ်တို့၏အမြင်က သံသရာအစက လာတဲ့ ငါကောင်ကလေးသည် ကနေ့အထိ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘဝအားဖြင့် မြဲနေ တယ်၊ ဒီလိုထင်တယ်၊ တစ်နည်း အမိမွေးကတည်းက ငါကောင်လေးသည် ကနေ့အထိ ဒီငါကောင်း လေးပဲ၊ တစ်ခါတည်း ငါမြင်လိုက်သော ရုပ်နာမ်ရုံလေးသည် ဘယ်တော့မှ မပျက်မစီးဘဲနဲ့ တည်မြဲနေတယ်၊ တစ်ခါဖြစ်ပြီးရင် ဘယ်တော့မှ မပျက်ဘူး၊ အဲဒီလို သဿတအစွဲစွဲထားတဲ့ ပုဂ္ဂိုလ်များရဲ့စိတ်ထဲမှာ သဿတဝါဒက အခြေခံအားဖြင့် ရလာသော ငါကောင် သူကောင် ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် အတ္တကောင် ခေါ်ထားတဲ့အစွဲတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဉစ္ဆေဒဒိဋ္ဌိက ဖြာထွက်သွားပြန်တော့ အကိရိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိလို့ ဉစ္ဆေဒဒိဋ္ဌိတက တစ်ခါဖြာထွက်တယ်၊ သဿတဒိဋ္ဌိကနေ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဒီလိုဖြာထွက်တယ်၊ ယခုပြနေတဲ့ အဗျာပါရနည်းသည် ဘာလိုလို့ ပြတာတုံး၊ အတ္တဒိဋ္ဌိကွာစေ, ရှင်းစေလိုလို့ ပြတဲ့နည်းတဲ့၊ ထိုအတ္တဒိဋ္ဌိ ဘယ်ကလာ၊ သဿတဝါဒက လာတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါ့ကြောင့် သံသရာအစက တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ

http://www.dhammadownload.com



ဆက်ကာဆက်ကာ ဖြစ်လာတဲ့ ငါကောင် သူကောင် ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်လေး၊ အဲဒီ ငါကောင် သူကောင် ပုဂ္ဂိုလ် သတ္တဝါကောင်လေးလို့ စွဲထားတဲ့ အစွဲသည် အတ္တဒိဋ္ဌိ အတ္တဝါဒ။

ဘာဖြစ်လို့ လွန်ခဲ့သော အတိတ်ဘဝက ငါလုပ်လို့ ယခုဘဝလာ ငါဖြစ်တယ်၊ လွန်ခဲ့သော အတိတ်ဘဝက ကုသိုလ်ကံ အကုသိုလ်ကံတည်းဟူသော ကံတရားတွေ ငါကြိုးစားလို့ အခုဘဝ လာပြီးတော့ ငါခံစားရတယ်၊ ငါဆိုတဲ့ ငါကောင်လေးဆိုတဲ့ လူကောင် နတ်ကောင် ဗြဟ္မာကောင် သတ္တဝါကောင်လေးဆိုတဲ့ အတ္တအစွဲ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီအတ္တအစွဲကြီးကို အန္တပုထုဇဉ်အနေ အားဖြင့်တော့ အတ္တရှိလို့ သွားနိုင်၊ လာနိုင်၊ လုပ်နိုင်၊ ကိုင်နိုင်၊ စားနိုင်၊ သောက်နိုင်၊ ပြောနိုင်၊ ဆိုနိုင်ရှိတယ်တဲ့၊ အတ္တသာ မရှိလို့ရှိရင် ဘယ့်နှယ့်နည်းမှ ဒီလိုသွားခြင်း၊ လာခြင်း၊ နေခြင်း၊ ထိုင်ခြင်း၊ ပြောခြင်း၊ ဆိုခြင်း၊ လုပ်ခြင်း၊ ကိုင်ခြင်း ပြုနိုင်မှာမဟုတ်။ ဒါ အတ္တဒိဋ္ဌိအစွဲ၊ ဒီတော့ ဒီအဗျာပါရနည်းကို မြင်တော့ ဘာဖြစ်သလဲလို့၊ အဗျာပါရနည်းမြင်လိုက်တဲ့အခါကျတော့ အဲဒီလို ငါကောင် သူကောင် သတ္တဝါကောင်လို့ စွဲထားတဲ့ အတ္တဒိဋ္ဌိ အစွဲဟာ လုံးလုံးကြီး ခွာနိုင်၊ ရှင်းနိုင်၊ လင်းနိုင်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီအဗျာပါရနည်း ပြသွားတဲ့နေရာမှာ "အဝိဇ္ဇာယ သင်္ခါရာ မယာ ဥပ္ပါဒိတဗ္ဗာ၊ သင်္ခါရာနံ ဝါ ဝိညာဏံ အမှေဟီတိ ဧဝမာဒိဗျာပါရာဘာဝေါ အဗျာပါရနယော နာမ၊ ယံ သမ္မာ ပဿန္တော ကာရကဿ အဘာဝါဝဗောဓတော အတ္တဒိဋ္ဌိံ ပဇဟတိ။" လို့ ဆိုလိုခြင်း အဓိပ္ပာယ်က အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ သင်္ခါရာ၊ သင်္ခါရတရားတို့ကို။ မယာ၊ ငါသည်။ ဥပ္ပါဒိတဗ္ဗာ၊ ဖြစ်စေအပ်ကုန်၏။ အဝိဇ္ဇာက ငါသည် သင်္ခါရဖြစ်စေမယ်၊ သင်္ခါရဖြစ်အောင် လုပ်လိုက်မယ်၊ သင်္ခါရ ဖြစ်အောင် ကြိုးစားလိုက်တယ်။ ဒီလို လုံ့လ ပယောဂ ဗျာပါရ မရှိဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ သင်္ခါရာ၊ သင်္ခါရတရားတို့ကို။ မယာ၊ ငါသည်။ ဥပ္ပါဒိတဗ္ဗာ၊ ဖြစ်စေ အပ်ကုန်၏။ သူ့နောက်နားက တရားစုကျတော့ လာပြန်တယ်။ သင်္ခါရာနံ ဝါ၊ သင်္ခါရတရားတို့၏ လည်း။ ဝိညာဏံ၊ သူ့နောက်နားက အကျိုးတရားဆိုတဲ့ ဝိညာဏ်ကို။ အမှေဟိ၊ ငါတို့သည်။ ဥပ္ပါဒိတဗ္ဗံ၊ ဖြစ်စေအပ်၏။ ဣတိ ဧဝမာဒိဗျာပါရာဘာဝေါ၊ ဤသို့အစရှိသော ဒီလိုအကြောင်း တရားက အကျိုးတရားကို ဖြစ်အောင် လုပ်ပေးတတ်၊ ပြုပေးတယ် ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ မရှိခြင်းသည်။ အဗျာပါရနယော နာမ၊ အဗျာပါရနည်းမည်၏။ ကြည့်ပါတဲ့၊ တစ်ခုချင်း တစ်ခုချင်း - အဝိဇ္ဇာက သင်္ခါရ ငါဖြစ်အောင် လုပ်ပေးမယ်လို့ လုံ့လ ပယောဂ ဗျာပါရ မရှိပါဘူး၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ တစ်ခါ သင်္ခါရကလည်း ဝိညာဏ်ဆိုတဲ့ တရားကို ငါဖြစ်အောင် လုပ်ပေးမယ်လို့ လုံ့လ ပယောဂ ဗျာပါရ မရှိပါဘူးလို့ ရှိရဲ့လား (မရှိပါဘူးဆရာ)၊

http://www.dhammadownload.com


အဲဒီလို လုံ့လပယောဂ ဗျာပါရ မရှိတာကို အဗျာပါရနည်းလို့ ခေါ်တယ်၊ “ယံ သမ္မာ ပဿန္တော”၊ ယံ၊ အကြင်အဗျာပါရနည်းကို။ သမ္မာ၊ မဖောက်မပြန် မှန်မှန်ကန်ကန်။ ပဿန္တော၊ ပြတ်သားထင်ထင် ဉာဏ်၌မြင်သော သူသည်။ ကာရကဿ၊ လုပ်တတ် ပြုတတ်သော ပုဂ္ဂိုလ်သတ္တဝါ၏။ အဘာဝ-ဗောဓတော၊ မရှိသည်၏အဖြစ်ကို ထိုးထွင်း၍သိသောကြောင့်။ အတ္တဒိဋ္ဌိ၊ ပြုတတ်သော လုပ်တတ်သော ငါ သူတစ်ပါး ယောကျ်ား မိန်းမ သတ္တဝါ ပုဂ္ဂိုလ် ထင်ရှားရှိတယ်ဟူ၍ စွဲယူထားသော အတ္တဒိဋ္ဌိ ကြီးကို။ ပဇဟတိ၊ ပယ်စွန့်နိုင်လေတော့၏။ လုပ်တတ်တယ်၊ ကိုင်တတ်တယ်၊ ပြောတတ်တယ်၊ ဆိုတတ်တယ်၊ သွားတတ်တယ်၊ လာတတ်တယ်။ ဒါကြောင့် အတ္တကောင်ရှိတာပေါ့လို့၊ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဆိုတဲ့ အတ္တအစွဲကြီးဟာ အခု အဗျာပါရနည်းနဲ့ ချပြတဲ့ အခါကျတော့ မဟုတ်တာပါပဲတဲ့၊ သူ့ကြောင့်သူဖြစ်၊ သူ့ကြောင့်သူဖြစ်နဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး အဝိဇ္ဇာကစ ဇရာမရဏကျအောင် ဆက်စပ်ပြီး ကြည့်တော့ အကြောင်းတရားနဲ့ အကျိုးတရား၊ အကြောင်း တရားနှင့် အကျိုးတရား ဆက်စပ်ပြီး သွားနေကျ၊ ဒီလို ဆက်စပ်ကာသွားနေတဲ့ အကြောင်း တရားနဲ့ အကျိုးတရား ဖြစ်နေတဲ့နေရာမှာ အကြောင်းတရားကြောင့် အကျိုးတရား ပေါ်လာတယ် ဆိုပေမယ့် ထိုအကြောင်းတရားက အကျိုးတရားကို ဖြစ်အောင် လုပ်ပေးနိုင်တဲ့ လုံ့လ ပယောဂ ဗျာပါရသတ္တိ ဘာမျှမရှိပါပဲလား၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ပြတ်သားထင်ထင် ဉာဏ်၌ မြင်တဲ့အခါကျတော့ ပြုတတ် လုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါ အတ္တ ရှိတယ်ဆိုတဲ့ အရင်တုန်းက ယူထားတဲ့ အတ္တဒိဋ္ဌိ အစွဲကြီးဟာ ရင်ထဲက ခွာနိုင် ရှင်းနိုင် လင်းနိုင်တယ် နားလည်လား (မှန်ပါတယ် ဆရာ)၊ ဧကတ္တနည်း တုန်းက ဘာရည်ရွယ်ပြလဲ၊ (သန္တာန်အစဉ်ကို မပြတ်မြင်နေလို့ပါဆရာ)၊ အဓိပ္ပာယ်ပြည့်စုံအောင် ပြောစမ်းပါ၊ (အကြောင်းအကျိုး ဆက်စပ်ပြီးတော့ သန္တာန်အစဉ်ကို မပြတ်မြင်နေလို့ပါဆရာ)၊ ဒါဘာဖြစ်လို့ (ဧကတ္တနည်းပါဆရာ)၊ ဘာဖြစ်တုံး ပြောတာ၊ မပြတ်မြင်တာ ဘာဖြစ်၊ (ဥစ္ဆေဒဒိဋ္ဌိ ပယ်ပါတယ်ဆရာ)၊ ဘာတွေ ဆက်စပ်ပြီး မပြတ်မြင်၊ (အကြောင်းအကျိုးပါဆရာ)၊ အကြောင်းအကျိုး ဆက်စပ်ပြီးတော့ မပြတ်ဖြစ်နေတာကို မြင်ရတယ်လား (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ ဘာဖြစ်သွားသလဲ (ဥစ္ဆေဒဒိဋ္ဌိကို ပယ်ပါတယ်ဆရာ)၊ ဥစ္ဆေဒဒိဋ္ဌိ ဘာမို့လဲ (ဘဝပြတ်တဲ့အယူပါဆရာ)၊ တစ်ဘဝဖြစ် ပြီးနောက် ဘာမှမဖြစ်ဘူးတဲ့လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့်ရင် ဒီဧကတ္တနည်းမြင်လိုက်တဲ့အခါ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်နိုင်တယ်လား (မှန်ပါတယ်ဆရာ)၊ နာနတ္တနည်းက ဘာပြောတာလဲ၊ (တစ်လုံးပျောက်မှ တစ်လုံးရောက်လာပါတယ်ဆရာ၊ အသစ်အသစ် ထပ်ကာထပ်ကာ ဖြစ်နေပါတယ်ဆရာ)၊ ဒါဘာဖြစ်နိုင်သလဲ (သဿတဒိဋ္ဌိပယ်နိုင်ပါတယ်ဆရာ)၊ အသစ်အသစ်ဆက်ကာဆက်ကာ ဖြစ်တာ မြင်တော့တာနဲ့ သဿတဒိဋ္ဌိဖြစ်တယ်လား (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ သဿတဒိဋ္ဌိဆိုတာ ဘာတုံး၊ (ဘ၀မြဲတဲ့အယူပါဆရာ)၊ ဘယ်လိုမြဲတာလဲ၊ (ငါမြင်တဲ့ ရုပ်ရုံလေး ဒီတစ်ခါ မြင်ပြီးရင် မြဲနေတဲ့အယူပါဆရာ)၊ ဟင်း . . . မြန်မာစကားတောင် မပြောတတ်သေးဘူး၊ ငါမြင်တဲ့ ရုပ်ရုံသည် မြင်ကတည်းကစ နောက်ဘယ်တော့မှ မပျက်ဘူး၊ မြဲနေတယ်၊ ဒီလိုမဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)၊ တစ်ခါဖြစ်ပြီးရင် နောက်ဘယ်တော့မှ မပျက်ဘူး၊ မြဲနေတယ် ဒီလိုလား (မှန်ပါတယ် ဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါအနေအားဖြင့် (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါအနေအားဖြင့် ဘယ့်နဲ့ မြင်သလဲ (မြဲနေတယ်လို့ မြင်နေပါတယ်ဆရာ)၊ မြဲနေတယ်ဆိုတာ ဘယ်မြဲ (မွေးကတည်းက ဒီကနေ့ထိ မြဲနေတာ မြင်ပါတယ်ဆရာ)၊ မွေးကတည်းက ဒီကနေ့ကျ မြဲနေ (မှန်ပါတယ်ဆရာ)၊ မနက်ဖန်ကျ ပျက်ကရောတဲ့လား (မပျက်ပါဘူးဆရာ)၊ ပြီးတော့ ဘ၀အားဖြင့် ကြည့်တော့ (မြဲနေတယ်လို့ ယူပါတယ်ဆရာ)၊ ဟင်း. . မင်းလိုဖြင့် လူတိုင်းပြောတတ်တာပေါ့၊ စကားစုံအောင် ပြောစမ်းပါ၊ ဘ၀အားဖြင့် ကြည့်တော့ ဘယ့် နှယ့်နေ၊ (သံသရာအစကနေ ငါကောင်လေး ဒီကနေ့ထိအောင် မြဲတယ်လို့ ယုံကြည်ပါတယ်ဆရာ)၊ သံသရာအစကတည်းက ဖြစ်လာတဲ့ ငါကောင်လေး ကနေ့ထိ ရှိတယ်လား (မှန်ပါတယ်ဆရာ)၊ မြဲနေတယ်လား (မှန်ပါတယ်ဆရာ)၊ ဒီလို ဘ၀အားဖြင့် မြဲနေတာကို သဿတဒိဋ္ဌိ ခေါ်တယ်လား (မှန်ပါတယ် ဆရာ)။

ဒါဖြင့် နာနတ္တနည်းမြင်တော့ သူပြုတ်သွားသလား (ပြုတ်သွားပါတယ်ဆရာ)၊ နာနတ္တနည်းက ဘယ့်နှယ့်ဆိုတာတုံး၊ (အသစ်အသစ်တွေ ထပ်ကာထပ်ကာ ရောက်ပါတယ်ဆရာ)၊ အသစ်အသစ်တွေ ထပ်ကာထပ်ကာရောက်တော့ အဟောင်းတွေက ဒီအတိုင်း ပုံထားတယ်လား (ပျက်ပျက်သွားပါတယ် ဆရာ)၊ အဲဒီလို လုပ်စမ်းပါ၊ ဘယ့်နှယ့်ကောင်လဲ၊ ဒီကောင်ဟာ၊ နားလည်လား (နားလည်ပါတယ် ဆရာ)၊ မင်း လူတစ်ဖက်သားကို ကွဲပြားသိအောင် ဒီနည်းတွေ မင်းပြောတတ်ပါ့မလား (ပြောတတ်မှာပါ ဆရာ)၊ ဟင်း . . (နည်းနည်းပါးပါးတော့ ပြောတတ်မှာပါဆရာ)၊ လျှော့ဈေးလေး ပါ,ပါလာတယ်၊ နည်းနည်းပါးပါး၊ မင့်စကားလုံးနဲ့ မင်းလည်ပတ်အောင် ပြောတတ်ပါ့မလား၊ (ပြောတတ်မှာပါဆရာ)၊ ပြောမှာလား (ပြောရမှာပါဆရာ)။ ဘယ်သူ့ပြောမလဲ၊ (သင်တန်းသားချင်း ပြောမှာပါဆရာ)၊ သင်တန်း သားချင်း မင်းကို အုပ်သွားလိမ့်မယ်၊ သင်တန်းသားချင်း သွားပြောလို့ ပြောနော် (ပြောပါ့မယ်ဆရာ)၊ အေး . . . မှတ်ထား၊ ပြောပြီးရင် ငါ့ကိုပြော၊ ကျွန်တော်ပြောဖူးတယ်လို့ ပြောနော် (ပြောပါ့မယ်ဆရာ)၊ ပြောမယ်လား (ပြောမယ်ဆရာ)၊ ဘယ်သူ့ကို ပြောဖူးတယ်ဆိုတာ ငါသေသေချာချာမေးမှာ၊ နည်းလေးပါးမှ၊ တစ်ပါးချင်း တစ်ပါးချင်းချပြီး ကျွန်တော်ပြောဖူးပါတယ်၊ ဆွေးနွေးတဲ့အနေအားဖြင့် ကျွန်တော် ပြန်ပြီးတော့ ပြဖူးပါတယ်၊ ပြတော့ ကျွန်တော်ပြတဲ့လူက ဘယ့်နှယ့်ပြောတယ်ဆိုတာ ငါ့ကို ပြန်ပြောရမယ်၊ မင်းတို့အချင်းချင်း အကျင့်လုပ်ထားရမယ်၊ နားလည်လား (နားလည်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ဘာမှမပြတ်သွားဘဲကိုကွ၊ မြန်မာစကားကို မပြောတတ်ဘဲ၊ ကိုယ်နားလည်တဲ့ အဓိပ္ပာယ်နဲ့ ကိုယ်ပြောပေါ့ပါ၊ စကားလုံး တူတာ, မတူတာ ဖယ်ထားပေါ့၊ ဒါဖြင့်ရင် အဗျာပါရနည်းဆိုတာကကော ဘာလိုလို့ ပြောတာလဲ၊ (အဗျာပါရနည်းက အကြောင်းအကျိုးဆက်စပ်တာတော့ မှန်တယ်၊ ပြုတတ် လုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါ မရှိပါဘူးဆရာ)၊ အကြောင်းအကျိုးဆက်စပ်တာ မှန်တယ်၊ ဟင်း ဟင်း . . . (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ မှန်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ဘာဖြစ်လို့ (အဝိဇ္ဇာက ပြုတတ်လုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါ လို့လ ပယောဂ ဗျာပါရနည်း မရှိပါဘူးဆရာ)၊ ချကုန်ပြီဟေ့. . အကုန်လုံး သိမ်းကျုံးပြီး ချတာ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ မှန်တယ်လား (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် ဘာဖြစ်လို့ (အဝိဇ္ဇာက သင်္ခါရဖြစ်အောင် ပြုတတ် လုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါ မရှိပါဘူးဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါ မရှိမှန်း လူတိုင်းသိပါတယ်ဟာ. . .၊ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တာတော့ မှန်တယ်၊ ဒါပေမယ့် အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတာ မဟုတ်ပါဘူး၊ နားမလည် ဘူးလား ဒီလောက်မှ (နားလည်ပါတယ်ဆရာ)၊ ပြောစမ်းပါ - (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့်) ဒါပေမယ့် ဟုတ်ပြီ၊ (အဝိဇ္ဇာက သင်္ခါရကို ပြုတတ် လုပ်တတ်တဲ့. . )၊ ဟော ဟော ဟော . . . ရှေ့ကို သူဘယ်လိုဆက်မယ်မသိဘူး၊ (လို့လ ပယောဂ ဗျာပါရ မရှိပါဘူးဆရာ)၊ ဟော . . . ချလိုက်ပြီ၊ မြန်မာစကားအတိုင်း ရှင်းရှင်းလေး ပြောစမ်းပါ၊ မင်းက ကွန့်လဲ ကွန့်ချင် သေးတယ်၊ ဟုတ်လည်း မဟုတ်ဘူး၊ ဒါပေမယ့်လို့ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတာ မဟုတ်ပါဘူး၊ ဒါတော့ မင်းသိထားတာလား (သိပါတယ်ဆရာ)၊ သိထားသည့်အတိုင်း ပြောပါလားဟ၊ ပြောစမ်း ပြန်ပြီးတော့ (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ မှန်ပါတယ်၊ ဒါပေမယ့်လို့ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် ပြုတတ် လုပ်တတ်တဲ့ . . . ) ဟော ဟော ဟော . . လို့လ ပယောဂ ဗျာပါရ မရှိပါဘူးပေါ်ကွ၊ မင်း ဒါပြောမှာ၊ မြန်မာလို ရှင်းရှင်းလေး သင်ပေးတာကို မတတ်နိုင်ဘဲကိုကွ၊ အဝိဇ္ဇာကြောင့် သင်္ခါဖြစ်တာ မှန်တယ်၊ ဒါပေမယ့်လို့ အဝိဇ္ဇာက သင်္ခါရကို လုပ်ပေးတာ မဟုတ်ပါဘူး၊ တိုတိုလေး လူပြိန်းနားလည်အောင် ပြောတာ၊ ပြောစမ်း . . . (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ မှန်ပါတယ်၊ ဒါပေမယ့်လို့ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတာ မဟုတ်ပါဘူးဆရာ)၊ အဲ . . . မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)၊ ဟင့် ဘာဖြစ်လို့ အဝိဇ္ဇာ သင်္ခါရဖြစ်အောင် လုပ်ပေးတာ မဟုတ်သလဲဆို ဘယ့်နှယ်ပြောမလဲ၊ (ပြုတတ် လုပ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်လို့ပါဆရာ)၊ ဘယ်ထဲမှာလဲ, သင်္ခါရထဲမှာလား (အဝိဇ္ဇာထဲမှာပါဆရာ) အဲဒီလို လုပ်ပါလား၊ ဈေးဆစ်စရာလေး ချန်, ချန်ထားတယ်၊ ရောင်းဝယ်ဈေး တစ်ခါတည်း ပြောရင် မပြီးဘူးလား၊ နားလည်လား (နားလည် ပါတယ်ဆရာ)၊ ဒါဖြင့်ရင် အဗျာပါရနည်းကိုလည်း လက်စသတ်ကြစို့ နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



အဗျာပါရနည်းပြီးတော့ ဘာတုံးဟ (ဧဝံဓမ္မတာနည်းပါဆရာ)၊ "ဧဝံဓမ္မတာနည်း"တဲ့၊ ထောင့်လေးထောင့်လို့ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ပထမ နံပါတ်တစ်ထောင့်ကနေ ကြည့်လိုက်တဲ့ အခါကျ နာနတ္တနည်းနဲ့ မြင်ရတယ်၊ မှန်လိုက်တာဟဲ့၊ လွှန်လို့ လွှန်လို့ ဒီလိုလာရမယ်နော် (မှန်ပါတယ် ဆရာ)၊ ဒုတိယထောင့်ကနေ ကြည့်တော့ နာနတ္တနည်းနဲ့ မြင်ရတယ်၊ ဟာ . . . ဒီအဓိပ္ပာယ်နဲ့ ကြည့်ပြန် တော့ ဟုတ်လိုက်တာ လွှန်လို့ဟာ၊ ဒီလိုလာရမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သိမှ လွှန်းမှာပါဟာ မသိရင် မလွှန်းပါဘူး၊ သုံးနံပါတ်ထောင့်ကနေ ကြည့်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး အဗျာပါရနည်းနဲ့ မြင်ရတယ်၊ မလွဲဘူးဟာ၊ တကယ့်ကိုပဲ တိတိကျကျ ရှိပါပေ့ ဒီလိုလာရမယ်နော် (မှန်ပါတယ်ဆရာ)၊ လေးနံပါတ်ထောင့်ကနေ ကြည့်လိုက်တော့ ဧဝံဓမ္မတာနည်းနဲ့ မြင်ရတယ်၊ ဟာ . . . ဒါဖြင့် ဆိုပြန်ပြီ၊ ဟုတ်လိုက်တာမှ နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ပြီးရင်း ဟုတ်ရင်းကျနေ၊ အဲဒါ ဒီအင်္ဂါဆယ့်နှစ်ရပ် ဒီစက်ဝိုင်းကြီးပဲ အဲဒီလို ထောင့်လေးထောင့်ကနေ ကြည့်စမ်းပါတဲ့ နော် (မှန်ပါ တယ်ဆရာ)၊ ခေတ်က စကားဆန်းလေး သုံးလာတယ်၊ အဲဒါ . ကြည့်စရာနေရာကို ရှု့ထောင့် ခေါ်တယ်၊ ရှုထောင့်၊ တယ်ထွင်ကြတယ်၊ ရှေးအဖိုးကြီးတွေရှေ့သွားပြောမယ်ဆိုရင် ရှုထောင့်ဆိုတာ "ခွေးလား"လို့ မေးမယ်၊ ဘာမှမသိရှာဘူး နော် (မှန်ပါတယ်ဆရာ)၊ တစ်မျိုးတစ်မျိုး ထွင်ထွင် သုံးလာ ကြတယ်၊ ရှု့ထောင့်ကနေ ကြည့်စမ်းပါ - ဒီလိုလာတာကိုကွ၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်နည်း လေးမျိုး အားဖြင့် ထောင့်လေးထောင့်ကနေ ကြည့်စမ်းပါတဲ့၊ မျက်နှာလေးဘက်ကနေ ကြည့်စမ်းပါ၊ ဟုတ်ကဲ့ လား (မှန်ပါတယ်ဆရာ)၊ ပထမထောင့်ကနေ ကြည့်လိုက်တဲ့အခါကျ ဧကတ္တနည်းနဲ့ မြင်ရတယ်၊ နည်းနည်းလေးမှ အပြစ်မရှိဘူး၊ အပြစ်ကင်းလို့ သန့်ရှင်းသော အဓိပ္ပာယတ္ထလည်း ပေါ်ထွက်လာ၊ ဒုတိယထောင့်ကနေ ကြည့်ပြန်တော့လည်း နာနတ္တနည်းနဲ့ မြင်ရတယ်၊ သူ့နည်းနဲ့သူလည်းပဲ အပြစ် မရှိဘူး၊ အင်မတန်အပြစ်ကင်း သန့်ရှင်း စင်ကြယ်တော်မူ၏၊ မြတ်စွာဘုရားကိုယ်တော်မြတ်တရားတော်၊ သုံးနံပါတ်ထောင့်ကနေ ကြည့်တော့ အဗျာပါရနည်းနဲ့ မြင်ရတယ်၊ ဒီနည်းလည်း ဟုတ်လိုက်သမှ လွှန်လို့၊ အဲဒါဘယ်နေရာမှ အပြစ်ရှာစရာမရဘူး၊ အင်မတန် စင်ကြယ်သန့်ရှင်းတဲ့ အမြင်မှန်တွေ ပဲလို့ မှတ်ထားပါ၊ လေးနံပါတ်ထောင့်ကနေ ကြည့်ကြစို့လို့ လေးနံပါတ်ထောင့်ကနေ ကြည့်တော့ ဧဝံဓမ္မတာနည်းနဲ့ မြင်ရတယ် နော် (မှန်ပါတယ်ဆရာ)။

"ဧဝံဓမ္မတာနည်း"ဆိုတာ တခြားမဟုတ်ပါဘူး၊ "ဒီလိုပဲ ဖြစ်တတ်တယ်"၊ ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)၊ ဧဝံဓမ္မတာနည်းဆိုတာ ဘာခေါ်လဲ၊ (ဒီလိုပဲ ဖြစ်ပါတယ် ဆရာ)၊ လေးလေးနက်နက် ပြောစမ်းပါကွယ် . . . (ဒီလိုပဲ ဖြစ်တတ်ပါတယ်ဆရာ)၊ "ဒီလိုပဲ ဖြစ်တတ်တယ်"၊ ပြောစမ်းပါ (ဒီလိုပဲ ဖြစ်တတ်ပါတယ်ဆရာ)၊ ဟင်း . . ဧဝံဓမ္မတာနည်း ဆိုတာ ဘာခေါ်လဲ၊ (ဒီလိုပဲ ဖြစ်တတ်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ဒီလိုပဲ ဖြစ်တတ်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မြန်မာလို ပြန်ထားတာ၊ မြန်မာလို ပြန်ထားတာ၊ ဧဝံဓမ္မတာနည်းဆိုတာ ဒီလိုပဲ ဖြစ်တတ်တယ်တဲ့၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ "ဧဝံဓမ္မတာနည်း"ဆိုတာ ဘာခေါ်သလဲ၊ (ဒီလိုပဲ ဖြစ်တတ်တယ်ဆရာ)၊ အေး . . ဒီလိုပဲ ဖြစ်တတ်တယ် နော် (မှန်ပါတယ်ဆရာ)၊ သေသေချာချာကြည့်၊ အဲဒီဧဝံဓမ္မတာနည်းကျတော့ ဟို ဧကတ္တနည်းတုန်းကလို သွားပြီးတော့ ဆင်တူယိုးမှားလေး ဖြစ်တတ်တယ်၊ ဉာဏ်ထဲမှာ မခွဲဝေတတ်သလို ထွေးလုံးရစ်ပတ်ကလေး ဖြစ်သွားတတ်တယ်၊ သမာဓိကောင်းကောင်းထားပြီးတော့ စဉ်းစားစဉ်းစား၊ ဧဝံဓမ္မတာနည်း၊ ဘယ်လိုတုံးတဲ့၊ အဝိဇ္ဇာ ကြောင့် သင်္ခါရဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဧကတ္တနည်းလေးနဲ့ ခပ်ဆင်ဆင်လေးနေတာဟ၊ ဒါပေမယ့် ဉာဏ်ထဲမှာ ရုတ်တရက်မရှင်းဘဲ နေတတ်တယ်၊ ရှင်းပြန်တော့ လည်းပဲ တခြားစီပဲ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် ဆိုတဲ့ နေရာမှာ သေသေချာချာကြည့်စမ်း . . သင်္ခါရ ဘယ်သူ့ကြောင့်ဖြစ် (အဝိဇ္ဇာကြောင့်ပါဆရာ)၊ အေး အဝိဇ္ဇာ ကြောင့် ဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာမှတစ်ပါး တခြားသော အကြောင်းကြောင့် မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ အကြောင်းလွှဲပြောင်းလို့ မရဘူးပေါ့ (မရပါဘူး ဆရာ)၊ အကြောင်းပြောင်းလို့ မရကောင်းဘူးပေါ့ (မရကောင်းပါဘူးဆရာ)၊ သင်္ခါရဖြစ်လာရင်ဖြင့် အဝိဇ္ဇာကြောင့်ပဲ တထစ်ချပေါ့၊ (တထစ်ချပါဆရာ)၊ မလွဲဘူးပေါ့၊ (မလွဲပါဘူး ဆရာ)၊ အေး . . ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒါလေး မှတ်ထားနော် ဉာဏ်ထဲမှာ သေသေချာချာ။

အခု ဧဝံဓမ္မတာနည်းကျတော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ အကြောင်းနဲ့အကျိုး ဆက်စပ်ပြီး ပြနေပေမဲ့ အကြောင်းနဲ့အကျိုး ဆက်စပ်တာ အဓိကထား ပြောတာ မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရ ဘာ့ကြောင့်ဖြစ်၊ အဝိဇ္ဇာကြောင့်ဖြစ်၊ ဒါဖြင့် အဝိဇ္ဇာမှတစ်ပါးသော တခြားသော အကြောင်းကြောင့် မဖြစ်နိုင်ဘူးလား၊ ဘယ့်နှယ့်ပြော၊ (မဖြစ်နိုင်ပါဘူးဆရာ)၊ မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ အကြောင်းလွှဲပြောင်းလို့ မရဘူးပေါ့၊ (မရပါဘူးဆရာ)၊ သြော် . . . အကြောင်းလွှဲပြောင်းလို့ မရဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာလေးများ မှတ်ထားကြဟေ့၊ တစ်လောက ပြဿနာတစ်ခု ပေါ်လာလို့။ သင်္ခါရက အဝိဇ္ဇာ လုပ်လို့ သံသရာလည်လို့ရှိရင် ဝိဇ္ဇာနဲ့ လုပ်တာပေါ့လို့ နော် (မှန်ပါတယ်ဆရာ)၊ သင်္ခါရတွေ ထူထောင် တာတဲ့၊ တို့သင်တန်းသားတစ်ယောက်ပြောတယ်၊ သင်္ခါရတွေ ထူထောင်တာ၊ အမှန်ကတော့ အဝိဇ္ဇာ ကြောင့် ဖြစ်လာတဲ့ သင်္ခါရတွေ ဆိုတော့ သံသရာလည်လို့ ဆုံးမှာမဟုတ်ဘူး၊ ဟာ . . . မဟုတ်တာ ချည်းပဲ၊ ဒီလိုလုပ်လို့ ဖြစ်ပါ့မလားလို့ တစ်ယောက်က ပြောတယ်၊ တစ်ယောက်က ပြောတယ်၊ ဟုတ်တာ

http://www.dhammadownload.com



ပေါ့ဗျာ . . . သင်္ခါရဆိုတာက အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ တရားချည်းပါပဲလား၊ ပုညာဘိသင်္ခါရ ခမျာ လုပ်ပေမယ့် သံသရာလည်မှာပဲလို့ တို့သင်တန်းသားက ပြောတော့ အဲဒါ ကိုယ့်ကိုကိုယ် တော်တော်အထင်ကြီးတဲ့ ဆရာကောင်း သမားကောင်းပေါ့ကွာ၊ ဟာ . . . လုပ်ရိုးလားဗျာ၊ အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ သင်္ခါရနှင့် လုပ်ရင်တော့ သံသရာလည်မှာပေါ့၊ နို့ . . ဘယ့်နှယ့်လုပ်၊ ဝိဇ္ဇာနဲ့ လုပ်ပေါ့ဗျာ နော် (မှန်ပါတယ်ဆရာ)၊ ဟာ . . မဖြစ်နိုင်ဘူးဗျာ၊ ဟာ . . ဖြစ်နိုင်ပါတယ်နဲ့ ငြင်းကြ၊ ဒါပေမယ့် တို့သင်တန်းသားက သာသနာငါးထောင်နဲ့ခြောက်ထောင် ငြင်းကြတဲ့ ကျောင်းသားနှစ်ယောက်လို အရိုက်ခံရမှာစိုးလို့ ခွာထွက်လာ၊ သာသနာဘယ်လောက်ရှိတုံးဟ (ငါးထောင်ပါဆရာ)၊ ငါးထောင်ရှိတယ် လား (မှန်ပါတယ်ဆရာ)၊ ဒါတော့ သူသိငါသိပေါ့ (မှန်ပါတယ်ဆရာ)၊ ဘုန်းကြီး တစ်ကျောင်း၊ ကျောင်းသားနှစ်ယောက် ငြင်းကြတယ်၊ ကျောင်းသားတစ်ယောက်ကတော့ သာသနာ ငါးထောင်၊ တစ်ယောက်က ဟင်း . . . ခြောက်ထောင်၊ မဟုတ်ပါဘူးကွ ငါးထောင်၊ ဟင်း . . ခြောက်ထောင်၊ ငါးထောင်, ခြောက်ထောင်နဲ့ ကျွက်စီကျွက်စီနဲ့ ငြင်းကြတော့ ဘုန်းကြီးက ဘာတုံးဟ တပည့်တော်က သာသနာငါးထောင် ပြောတာ၊ ဟို . . ကောင်က သာသနာခြောက်ထောင်လို့ ငြင်းတယ်၊ တပည့်တော်က အမှန်ပါ၊ သူက ခြောက်ထောင်ငြင်းတာ သူကအမှား၊ ဟင်း . . . မှန်ပေမယ့် ငါက သည်းမခံနိုင်ဘူး၊ လာခဲ့, လာခဲ့၊ ငါးထောင်သမားလာခဲ့၊ ဘုန်းကြီးက ချ၊ ဘုန်းကြီးက ချတော့ စိတ်တော်တော် မျက်သွားတယ်၊ ဘုန်းကြီးကကွာ - ငါ, ငါးထောင်မှန်လည်း မှန်ပါလျက်နဲ့ ငါက အချခံရတယ်၊ မဟုတ်ဘူးဘုရား . . . တပည့်တော်က သာသနာငါးထောင် ငြင်းလိုက်တာ၊ အေးလေ ဟုတ်ပါတယ်၊ မဟုတ်ဘူးဘုရား၊ ရိုက်ရင် အရှင်ဘုရား သူ့ကိုပဲ ရိုက်ဖို့၊ တပည့်တော် ငါးထောင် အမှန်ဘုရား၊ အေး . . . အဲဒါ သက်သက်မမှန်တာ ဇွတ်ခံငြင်းတဲ့ အကောင် . . ၊ နင်က ပြန်ငြင်းနေလို့ ငါက ရိုက်တာဟ။

အခုလိုပဲ တို့သင်တန်းသားက သင်္ခါရမှန်ရင် အဝိဇ္ဇာကြောင့် ဖြစ်တာပါလို့၊ ဘယ်ကုသိုလ်တွေ လုပ်လုပ် ပုညာဘိသင်္ခါရမှန်ရင်ဖြင့် သံသရာလည်အုံးမှာပဲလို့၊ ဒီလိုဖြစ်ရင် ခက်လှပေါ့ဗျာ မဟုတ်တာ ချည်း၊ အဝိဇ္ဇာနဲ့လုပ်ရင် သံသရာလည်အုံးမှာပေါ့ဗျာ ဒီသင်္ခါရမျိုး၊ မလည်အောင် ဘယ့်နှယ့်လုပ်ပါ့၊ ဝိဇ္ဇာနဲ့ လုပ်ပေါ့ဗျာ၊ ဒါဖြင့်ရင် ခင်ဗျာ့ဥစ္စာက "ဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဖြစ်မှာပေါ့၊ ပဋိစ္စသမုပ္ပါဒ်နှစ်ခုဖြစ်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ သူက မှန်တယ်၊ သူက မှားတယ်နဲ့ ငြင်းနေတော့ ဟိုကလည်းပဲ တို့သင်တန်းသား သာသနာငါးထောင်ငြင်းနေတဲ့ ကျောင်းသားလို ကြာရင် ငါ့အရိုက်ခံရမယ်ဆိုသလို ရှောင်ထွက်လာ မှတ်သားနော် သေသေချာချာ၊ သင်္ခါရ ဘယ်သူ့ကြောင့်ဖြစ်လဲ၊ (အဝိဇ္ဇာကြောင့်ပါ ဆရာ)၊ အဝိဇ္ဇာကြောင့်ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အေး အေး . . . အဝိဇ္ဇာမှတစ်ပါးသော

http://www.dhammadownload.com



အကြောင်း ကြောင့် ဖြစ်နိုင်သေးသလား (မဖြစ်နိုင်ပါဘူးဆရာ)၊ တခြားသော အကြောင်းကြောင့် ဖြစ်နိုင်သေးရဲ့လား (မဖြစ်နိုင်ပါဘူးဆရာ)၊ အကြောင်းကလွဲလို့ မရဘူးပေါ့၊ (မရပါဘူးဆရာ)၊ အဝိဇ္ဇာကြောင့်သာလျှင် ဖြစ်တာပေါ့ (မှန်ပါတယ်ဆရာ)၊ " အဝိဇ္ဇာဒီနံယေဝ သမ္ဘဝေါ"လို့ သေသေချာချာပြထားတာ၊ ဧဝသဒ္ဒါနဲ့ပြတယ်၊ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်ရ၏၊ အကြောင်းလွဲလို့ မရဘူး၊ ရပ့်မလား (မရပါဘူးဆရာ)၊ တို့စာနယ်က လာတော့ "အဝိဇ္ဇာဒီနံယေဝ-အဝိဇ္ဇာဒီနံဧဝ၊ အဲဒီလို "ဧဝ"သဒ္ဒါနဲ့ လာလို့ရှိရင်တဲ့ အင်မတန်ခိုင်မြဲတဲ့ အနက်အဓိပ္ပာယ်ထွက်တယ်၊ လွှဲပြောင်းလို့ မရဘူး၊ "သာလျှင်" မြန်မာလိုပြန်တော့ "အဝိဇ္ဇာကြောင့်သာလျှင်"၊ ဒါပေမယ့် "သာလျှင်"ဆိုတဲ့စကားလေးတော့ တို့မြန်မာမြန်မာချင်းတော့ နာလည်သား၊ ပါဠိလိုက "ဧဝ"၊ မြန်မာလိုက"သာလျှင်"၊ တစ်ဘက်ကို အမျက်မထွက်အောင်၊ ကွပ် မျက်တာ ခေါ်တယ်၊ တားမြစ်ထားတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်သေချာတဲ့ စကားမျိုးခေါ်တယ်၊ ဟေတုတက်လို့မရဘူး၊ အဓိပ္ပာယ် ငါစကားတစ်ခု ပြောမယ်။

ဟောဒီ ငါ့စားပွဲပေါ်မှာ ငါက နာရီလေးတင်ထားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီနားမှာ လူအများရှိတယ် မင်းနှင့်တကွ၊ မင်းနှင့်တကွ လူအများရှိတော့ လေးငါးဆယ်ယောက်ရှိတော့ ငါက ပြောတယ်၊ ဟောဒီနာရီလေး "သန်းဖေသာလျှင် ကိုင်ရမယ်"လို့ ငါ ဒီလို အမိန့်ထုတ်ထားတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီလိုအမိန့်ထုတ်လိုက်တော့ မင်းနှင့် အတူနေဖော် အတူနေဖက်ဆိုတဲ့ ဘေးလူတွေက ဘယ့်နှယ့်ဖြစ်၊ (မကိုင်ရပါဘူးဆရာ)၊ မကိုင်ရဘူး၊ အဓိပ္ပာယ်ထွက် နေတယ်လား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အေး . . . တားမြစ်ထားတယ် နော် (မှန်ပါတယ်ဆရာ)၊ မင်းတစ်ယောက်တည်း ခွင့်ပြုထားတာပေါ့ (မှန်ပါတယ်ဆရာ)၊ ဒါ သေချာ တယ်၊ ဒီပြင်လူတွေကိုတော့ တားမြစ်ထားတယ်လား (တားမြစ်ထားပါတယ်ဆရာ)၊ အဲဒါ "သာလျှင်" ဆိုတဲ့ စကား၊ ပါဠိလိုက "ဧဝ"၊ အဝိဇ္ဇာဒီနံယေဝ-အဝိဇ္ဇာဒီနံဧဝ၊ အဝိဇ္ဇာ စသည်တို့၏သာလျှင်။ ဒီမှာ ဧဝသဒ္ဒါနဲ့ ပြတယ်၊ "အဝိဇ္ဇာကြောင့်သာလျှင်"လို့ ဒီလိုဆိုထားတော့ "အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်နိုင်၏" ဆိုတော့ အဝိဇ္ဇာမှတစ်ပါးသော အကြောင်းတွေက သင်္ခါရဖြစ်အောင် လုပ်နိုင် သေးရဲ့လားဟ (မလုပ်နိုင်ပါဘူးဆရာ)၊ ဖြစ်နိုင်တဲ့အကြောင်းတွေ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ဒါဖြင့် သင်္ခါရဆိုတဲ့ အကျိုးတရားရဲ့အကြောင်းရှာကြည့်ရင် အဝိဇ္ဇာပေါ့ (အဝိဇ္ဇာပါဆရာ)၊ သူတစ်ခုတည်းပေါ့ (တစ်ခုတည်းပါဆရာ)၊ လွှဲပြောင်းလို့ မရဘူးပေါ့ (မရပါဘူး ဆရာ)၊ အဲဒါမြင်လိုက်တော့ကွယ် . . . ဒါဖြင့်ရင် ပုညာဘိသင်္ခါရခေါ်ထားတဲ့ ဒါန သီလ ဆိုထားတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုနေတယ်၊ ဘာ့ကြောင့်လုပ်တာလဲ၊ (အဝိဇ္ဇာကြောင့် လုပ်တာပါဆရာ)၊ ဟော . . . အဝိဇ္ဇာကြောင့် နော် (မှန်ပါတယ်ဆရာ)၊ ရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)၊ ဒါ ပဋိစ္စသမုပ္ပါဒ်

http://www.dhammadownload.com



ဒေသနာတော် တိုက်ရိုက်ကြီးအားဖြင့် ကိုယ်တော်မြတ်ညွှန်ကြားပြီး တိုက်ရိုက်ဟောထားတဲ့ တရားကြီး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒီတော့ အဝိဇ္ဇာဆိုတာဟာ "မောဟ" တရားကိုယ်ကောက်တော့ နော် (မှန်ပါတယ်ဆရာ)၊ မောဟ၊ မောဟဆိုတာ မသိတာ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မောဟ - မိုက်တယ်၊ မှောင်တယ်၊ မဲတယ်၊ မောဟ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ပုညာဘိသင်္ခါရဆိုတာ ယခု ဒါန သီလ သမထ အစရှိသော ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ စတဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်နေတယ်၊ မသိလို့ လုပ်နေတာပဲလို့ ဆိုလျှင် လွဲသလား, မှန်သလား (မှန်ပါတယ်ဆရာ)၊ မှန်တယ်၊ လွဲတယ်လို့ ပြောနိုင်ရဲ့လား (မပြောနိုင်ပါဘူးဆရာ)၊ ဒီသင်္ခါရကိုက အဝိဇ္ဇာကြောင့် ဖြစ်လာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . မသိလို့ လုပ်နေတာတဲ့၊ မလိမ္မာလို့ လုပ်နေတာတဲ့၊ တွေဝေလို့ လုပ်နေတာနော် (မှန်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ ဒါန သီလ ဆိုတဲ့ ကုသိုလ်ကောင်းမှု အင်တိုက်အားတိုက်အားဖြင့် အားကိုးတစ်ခု လက်ကိုင်ပြု ကြိုးစားနေတဲ့လူက နှုတ်ခမ်းစူပြီးတော့ ဒေါသဖြစ်ကရော နော် (မှန်ပါတယ် ဆရာ)၊ ဟောတဲ့, ပြောတဲ့သူလည်း ဒုက္ခများကရော ဒီလိုပြောတော့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့်လို့ ဟောတဲ့, ပြောတဲ့သူ အငြိုအငြင်သာ ခံရတယ်၊ အဆိုအဆဲသာ ခံရတယ်၊ ဒီဒေသနာက သေသေချာချာ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတာ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီနေရာ ဘယ့်နှယ်လုပ်မှ ငြင်းလို့ မရဘူး၊ ငြင်းလို့ ရနိုင်ပ့ါမလား (ငြင်းလို့မရပါဘူးဆရာ)၊ မရနိုင်ဘူး၊ အလွန်မှန်ကန်တိကျတယ်တဲ့၊ အသိဉာဏ်မရသေးရင်ဖြင့် လက်မခံနိုင်ဘူးပေ့ါ၊ အသိဉာဏ်ရတဲ့ပုဂ္ဂိုလ်ကျတော့ လက်ခံနိုင်တာပေ့ါ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် မလုပ်ကောင်းဘူးလို့ မဟောရဘူးတဲ့၊ မလုပ်နဲ့ မတားရဘူးတဲ့၊ လုပ်နိုင်သမျှ လုပ်ရမယ်၊ လုပ်ကောင်းတယ်၊ ကြိုးစားနိုင်သမျှ ကြိုးစားရမယ်တဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒူးလောက်တင်မှ ရင်လောက်ကျ၊ ဒါတွေကြိုးစားနိုင်လွန်းအားကြီး တောင်ပဲ အပါယ်ဘေး မလွတ်နိုင်သေးဘူး၊ လွတ်ရဲ့လား (မလွတ်ပါဘူးဆရာ)၊ ကြိုးစားနိုင်မှ သင့်ရုံကလေးရှိသေး၊ ကွက်ခနဲ လက်ခနဲနဲ့ တစ်ချက်တစ်ချက် ကောင်းရာသုဂတိဘက် တက်တက်လာ တတ်တယ်၊ ဒါပဲ ရှိတယ် နားလည်းလား (နားလည်ပါတယ်ဆရာ)၊ ဒါသံသရာထဲ ပေါ်မျောခေါ် တာပေ့ါ၊ သုဂတိဘဝကနေ မျောလျှင် ပေါ်မျောတဲ့၊ ဒုဂ္ဂတိဘဝနဲ့ လားပြန်ရင် မြုပ်မျောတဲ့ နော် (မှန်ပါတယ်ဆရာ)၊ "ဥမ္မုဇ္ဇတိ" နဲ့ "နိမ္မုဇ္ဇတိ" တရားခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မြုပ်မျောနဲ့ ပေါ်မျောတဲ့၊ ကျမ်းဂန်က ဒီအတိုင်း ပြတယ်၊ အပါယ်လေးပါး၏ လားရာသာလျှင် သံသရာမြုပ်မျောနေတာပါပဲ၊ အမျောကတော့ မရပ်ဘူးတဲ့၊ သုဂတိဘဝ လားနေပြန်တော့ ပေါ်မျောတဲ့။ အမျောကတော့ မရပ်ဘူးတဲ့၊ နှစ်ခုစလုံး အမျောမရပ်၊ အတောမသတ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com


အဲဒါကြောင့် ဒီနေရာမှာ သင်္ခါရသည် ဘာ့ကြောင့်ဖြစ်၊ သင်္ခါရသုံးမျိုးသည် ဘာ့ကြောင့်ဖြစ်၊ အဝိဇ္ဇာကြောင့်ဖြစ် နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာမှတစ်ပါး တခြားသော အကြောင်းကြောင့် မဖြစ်ကောင်းဘူးလားလို့ ဘယ့်နှယ်ပြောပါ့၊ (မဖြစ်နိုင်ပါဘူးဆရာ)၊ မဖြစ်ကောင်းဘူး နော် (မှန်ပါတယ်ဆရာ)၊ ဘာ့ကြောင့် ဟိုက "ဧဝ"သဒ္ဒါနဲ့ပြ၊ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်ရ၏၊ "ကြောင့်သာလျှင်" လို့ "သာလျှင်"ဆိုတဲ့ စကားနဲ့ သုံးထားတယ်၊ ဧဝသဒ္ဒါနဲ့ ပြထားတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းလွှဲပြောင်းလို့ မရဘူးတဲ့၊ ဒါကြောင့် ဖြစ်ပဲလို့နော် (မှန်ပါတယ်ဆရာ)၊ ဒါဆိုရင် နားလည် သွားပြီးလား (နားလည်ပါပြီဆရာ)၊ အကြောင်းအကျိုးဆက်စပ်တာ ပြောနေတာမဟုတ်ဘူး၊ အကြောင်း တရားနှင့်အကျိုးတရားဟာ အကျိုးတရားလည်း ဒါပဲ ပေါ်ရမယ်၊ အကြောင်းတရားလည်း ဒါပဲ ခံရမယ်၊ ဒီလိုပြောတာ နော် (မှန်ပါတယ်ဆရာ)၊ ခုနေ ရုတ်တရက်အားဖြင့် ကြည့်လိုက်တော့ ဧကတ္တနည်းနဲ့ တူမနေဘူးလား (တူနေပါတယ်ဆရာ)၊ အကြောင်းတရားနဲ့ အကျိုးတရား ဆက်စပ်ပြီး ပြနေတာပဲ လို့ မဟုတ်ပါဘူး၊ အကြောင်းတရားနဲ့ အကျိုးတရား မပြတ်ဘဲနဲ့ ဆက်နေတယ် ဆိုတာ ဧကတ္တနည်းနဲ့ ပြခဲ့ပြီ။ ယခုပြောတာက တရားကိုယ် တရားသား သဘောသွား အဓိပ္ပာယ်သည် အကျိုးတရားနဲ့ အကြောင်းတရားမှာ လွှဲပြောင်းလို့ မရကောင်းပုံ ဒါပြောနေတယ်နော် (မှန်ပါတယ်ဆရာ)၊ လွှယ်မယောင် ယောင်နဲ့ တော်တော်ခက်တယ်နော်၊ သမာဓိလည်းကောင်းကောင်းထား၊ ဝိုက်လည်း မနေကြနဲ့၊ သင်္ခါရဆိုသော အကျိုးတရားသည် ဘယ်သူ့ကြောင့်ဖြစ်၊ (အဝိဇ္ဇာကြောင့်ပါဆရာ)၊ အဝိဇ္ဇာမှတစ်ပါး တခြားသော တရားအကြောင်းတို့ကြောင့် မဖြစ်ဘူးလား (မဖြစ်ပါဘူးဆရာ)၊ ဟော . . မဖြစ် ကောင်းဘူး၊ အကြောင်းလွှဲပြောင်းလို့ မရဘူးပေါ့ (မရပါဘူးဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါလေးမှတ်ထား၊ အဲဒါလေးမှတ်ထား။

နောက်နားတစ်ခါသွားပြန်ရော၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ် ဆိုတော့ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ သင်္ခါရက အကြောင်းတရား၊ ဝိညာဏ်က အကျိုးတရား၊ ဝိညာဏ်သည် ဘာ့ကြောင့်ဖြစ်၊ သင်္ခါရကြောင့်ဖြစ်၊ သင်္ခါရမှတစ်ပါးသော အကြောင်း ကြောင့် ဝိညာဏ်မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ သင်္ခါရကြောင့်သာလျှင် ဝိညာဏ် ဖြစ်ရ တယ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါလည်း "ဧဝ"သဒ္ဒါနဲ့ပဲ သေသေချာချာ မှတ်ထားနော် "အဝိဇ္ဇာဒီနံ ယေဝ သမ္ဘဝေါ"လို့ ဟိုက ပြထားတယ်၊ အဝိဇ္ဇာဒီနံယေဝ-အဝိဇ္ဇာဒီနံဧဝ၊ အာဒိသဒ္ဒါနဲ့၊ အဝိဇ္ဇာ အစရှိသည်တို့၏ အကြောင်းတို့ကြောင့်သာလျှင်၊ အာဒိသဒ္ဒါ၏ နောက်က သင်္ခါရ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ ဒီထိအောင်သွား။ အာဒိ သဒ္ဒါနဲ့ အကုန်လုံး၊ အခုနက အဝိဇ္ဇာနဲ့သင်္ခါရလို ဘာမှမထူးဘူး၊ သင်္ခါရကြောင့်သာလျှင် ဝိညာဏ်

http://www.dhammadownload.com



ဖြစ်တယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အကြောင်းလွဲ ပြောင်းလို့ မရတာ ပြောတာနော် (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဝိညာဏ်သည် ဘာ့ကြောင့်ဖြစ်၊ (သင်္ခါရကြောင့်ပါဆရာ)၊ သင်္ခါရမှတစ်ပါးသော အကြောင်းကြောင့် မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ဘူးဆရာ)။ အကြောင်းလွဲပြောင်းလို့ မရဘူးနော် (မရပါဘူးဆရာ)၊ အေး . . ဟုတ်ပြီ၊ တစ်ပါးသော အကြောင်းတို့ကြောင့် မဖြစ်ဘူးတဲ့ မှတ်ထား မှတ်ထား၊ အကြောင်းမြဲပုံလေးတွေ ပြတာ၊ လွဲပြောင်းလို့ မရပုံလေးတွေပြ၊ ကြည့်လိုက်တော့ ဧကတ္တနည်းနဲ့ မတူလားကွယ် (တူပါတယ်ဆရာ)၊ အကြောင်းနဲ့အကျိုးပြနေတာကိုကွ နော် (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် ဟိုကတော့ အကြောင်းတရားနှင့်အကျိုးတရား မပြတ်ဘဲနဲ့ ဆက်စပ်နေပုံကို အဓိကထားပြီး ပြတာ၊ အခုတော့ ဘာအဓိကထားပြီး ပြ (အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်ပါတယ်ဆရာ)၊ အေးလေ . . . ဘာအဓိကထားပြ၊ (အကြောင်းလွဲပြောင်းလို့ မရတာ ပြပါတယ်ဆရာ)၊ သြော် . . . အကြောင်းတရားလွဲပြောင်းလို့ မရတာနော် (မှန်ပါတယ်ဆရာ)၊ နားကော လည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ မင်းနှုတ်က သိပ်သွက်တယ်၊ ငါက တယ်မယုံဘူးမင်း၊ ပြီးတော့ မေးရင် ဘာမှမသိဘူး၊ နားလည်လား "လည်ပ့ါ, လည်ပ့ါ"၊ အကြောင်းလွဲပြောင်းလို့ မရတာ ပြတယ်လား (မှန်ပါတယ်ဆရာ)၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ် ဆိုတော့ ဝိညာဏ်သည် သင်္ခါရကြောင့် ဖြစ်တယ် ဟုတ်၏၊ သင်္ခါရမှတစ်ပါးသော အကြောင်းကြောင့် ဝိညာဏ်မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ဘူးဆရာ)၊ မဖြစ်နိုင်ဘူးတဲ့၊ အကြောင်းလွဲပြောင်းလို့ မရဘူးနော် (မှန်ပါတယ်ဆရာ)၊ သူ့ကြောင့်ပဲ ဖြစ်ရမယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်သည် ဘာ့ကြောင့်ဖြစ်၊ ဝိညာဏ်ကြောင့်ဖြစ်၊ ဝိညာဏ်မှတစ်ပါးသော အကြောင်းကြောင့် မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူး ဆရာ)၊ မဖြစ်နိုင်ဘူး၊ ဝိညာဏ်ကြောင့်သာလျှင် နာမ်ရုပ်ဖြစ်၏၊ "သာလျှင်"ဆိုတာလေး ပါရမယ်၊ ဧဝသဒ္ဒါ နော်၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတန ဘာ့ကြောင့်ဖြစ်၊ နာမ်ရုပ်ကြောင့်ဖြစ်၊ နာမ်ရုပ်မှတစ်ပါး တခြားသော အကြောင်းကြောင့် မဖြစ်ကောင်း ဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ မဖြစ်ကောင်းဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ နာမ်ရုပ်ကြောင့်သာလျှင်ပေါ့ကွ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းလွဲပြောင်းလို့ ရသေးရဲ့လား (မရပါဘူးဆရာ)၊ အကြောင်းပြောင်းလို့ ရသေးရဲ့လား (မရပါဘူးဆရာ)၊ အကြောင်းခိုင်မြဲပုံ ပြတယ် နော် (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော် သေသေချာချာ၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿ ဘာ့ကြောင့်ဖြစ်၊ သဠာယတနကြောင့်ဖြစ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဖဿက သဠာယတနကြောင့်မှသာ ဖြစ်ရမှာလား၊ သဠာယတနမှတစ်ပါးသော အခြားသော အကြောင်းတရားတို့ကြောင့်လည်း

http://www.dhammadownload.com


မဖြစ်ကောင်းဘူးလားလို့ မေးရင် မင်းဘယ့်နှယ့်ပြောမလဲ (မဖြစ်ကောင်းပါဘူးဆရာ)၊ မဖြစ်ကောင်ဘူး၊ သဠာယတနကြောင့်သာလျှင် ဖဿဖြစ်ရ၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဖဿကြောင့် ဝေဒနာဖြစ်၊ ဝေဒနာ ဘာကြောင့်ဖြစ်၊ ဖဿကြောင့်ဖြစ်၊ ဝေဒနာသည် ဖဿကြောင့်ဖြစ်၊ ဖဿမှတစ်ပါး တခြားသော အကြောင်းကြောင့် မဖြစ်ကောင်းဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ မဖြစ်ကောင်းရင် ဖဿကြောင့်သာလျှင် ဝေဒနာဖြစ်ရ၏တဲ့၊ မှတ်မိလား (မှန်ပါတယ်ဆရာ)၊ "သာလျှင်"ဆိုတဲ့ စကားလေး မှတ်ထား၊ စာနယ်ကတော့ "ဧဝ"သဒ္ဒါနဲ့ သုံးတယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာတွေ ဖြစ်ဖြစ်လာတယ် ဆိုတာ ဘာကြောင့်၊ ဝေဒနာကြောင့် ဖြစ်တယ်၊ မဟုတ်ပါဘူး ထင်ပါရဲ့ကွယ်၊ တစ်ပါးသော အကြောင်းတွေကြောင့် ဖြစ်ပါလိမ့်ဦးမယ်၊ ဒီလို ဆိုရင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ ဝေဒနာကြောင့်သာလျှင် တဏှာဖြစ်ရ၏ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် တဏှာဖြစ်တာ အကြောင်းလွဲလို့ ရသေးသလား (မရပါဘူးဆရာ)၊ အကြောင်းပြောင်းလို့ရော ရသေးသလား (မရပါဘူးဆရာ)၊ တဏှာသည် ဘာ့ကြောင့်ဖြစ် နော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာကြောင့်ဖြစ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဝေဒနာမှတစ်ပါး တခြားသော အကြောင်းကြောင့် မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဒါဖြင့် ဝေဒနာကြောင့်သာလျှင် တဏှာဖြစ်ရ၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တဏှာ့ကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန် ဘာကြောင့်ဖြစ်၊ တဏှာကြောင့် ဖြစ်တယ်လို့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တဏှာမှတစ်ပါး တခြားသော အကြောင်းကြောင့် ဥပါဒါန် မဖြစ်ကောင်းဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဒါဖြင့် တဏှာ့ကြောင့်သာလျှင် ဥပါဒါန်ဖြစ်ရတာပေါ့ (မှန်ပါတယ်ဆရာ)၊ "သာလျှင်"လေး ထည့်တာနော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်တဲ့၊ ဘဝ ဘာကြောင့်ဖြစ်၊ ဥပါဒါန်ကြောင့်ဖြစ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘဝဟာ ဥပါဒါန်ကြောင့် ဖြစ်တယ်၊ ဥပါဒါန်မှတစ်ပါးသော အကြောင်းကြောင့် ဘဝမဖြစ်ကောင်းဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ တကယ့်ကို မဖြစ်ကောင်းဘူးပေါ့၊ (မဖြစ်ကောင်း ပါဘူးဆရာ)၊ အကြောင်းလွဲလို့ မရဘူး၊ (မရပါဘူးဆရာ)၊ ပြောင်းလို့ မရဘူး၊ (မရပါဘူးဆရာ)၊ ဒါဖြင့် ဥပါဒါန်ကြောင့်သာလျှင် ဘဝဖြစ်တာပေါ့(မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘဝကြောင့် ဇာတိဖြစ်တယ်တဲ့၊ ဇာတိ ဘာကြောင့်ဖြစ်၊ ဘဝကြောင့် ဖြစ်တာပေါ့၊ ဘာဘဝလဲ၊ (ကမ္မဘဝပါဆရာ)၊ ကမ္မဘဝ၊ ဘဝကြောင့် ဇာတိဖြစ်တယ်၊ ဒါဖြင့် ဇာတိမှတစ်ပါး တခြားသော အကြောင်းကြောင့် ဘဝမဖြစ်ကောင်းဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဘဝမှတစ်ပါး တခြားသော အကြောင်းကြောင့် ဇာတိမဖြစ်ကောင်းဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဒါဖြင့် ဘဝကြောင့်သာလျှင် ဇာတိဖြစ်ရတာပေါ့၊ (မှန်ပါတယ်ဆရာ)၊ အကြောင်းလွဲပြောင်းလို့ ရကောင်း

http://www.dhammadownload.com



သေးလား (မရကောင်းပါဆရာ)။ မရကောင်းဘူး၊ သူ့ကြောင့်ပဲ ဖြစ်ရတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်း ခိုင်မြဲပုံ ပြတာ၊ အကြောင်းခိုင်မြဲပုံနဲ့ အကျိုးတရားဖြစ်ပေါ်လာပုံလေးတွေ ဆက်စပ်ပြ၊ ဇာတိကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်ကြတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇာတိမှတစ်ပါးသော တခြားသော အကြောင်းတရားကြောင့် မဖြစ်ကောင်းဘူးလား (မဖြစ် ကောင်းပါဘူးဆရာ)၊ မဖြစ်ကောင်းဘူး၊ ဇာတိကြောင့်သာလျှင်နော် (မှန်ပါတယ်ဆရာ)၊ "သာလျှင်" လေးထည့်ပေးရမယ်၊ ဇာတိကြောင့်သာလျှင် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်ကြ၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒီတော့ ဒီနေရာလေးတွေ ဘာပြသတုံးလို့ မေးတော့ ရုတ်တရက်ကြည့်တော့ အကြောင်းနဲ့အကျိုး ဆက်စပ်တာလေးတွေ ပြောပြော၊ ပြောပြောသွားတော့ ဧကတ္တနည်းနဲ့ ဆင်တူယိုးမှားဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ အဲဒါ နားမလည်ရင်နော် မနက်ဖြန် ညလည်း ထပ်ပြောပါအုံးမယ်၊ နားမလည်ရင် အိမ်ရောက်တဲ့အခါကျ အချင်းချင်း ဆွေးနွေးကြစမ်း၊ ဒီ "ဧဝံဓမ္မတာနည်း"က ဘယ်နှယ့်တုံး၊ ဧကတ္တနည်းလို ဖြစ်နေပါလားလို့၊ အကြောင်းနဲ့အကျိုး ဆက်စပ်ပြီး ပြနေတဲ့ သဘောပါလားလို့၊ ဒီလို ဖြစ်နေတတ်တယ်၊ အဲဒါစဉ်းစားပါများတော့ ပေါ်ပေါ်၊ ပေါ်ပေါ်လာလိမ့်မယ်၊ မနက်ဖြန်ခါလည်း ထပ်ပြပါအုံးမယ်၊ အမှန်ကတော့ အကြောင်းနဲ့အကျိုး ဆက်စပ်နေတာကို အကြောင်းအကျိုးဆက်စပ်တာကို အဓိကထားပြောတာ မဟုတ်ဘူးတဲ့၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတဲ့ နေရာလေးမှာ သင်္ခါရဖြစ်လာခြင်းသည် အဝိဇ္ဇာကြောင့်သာလျှင် ဖြစ်ရမယ်တဲ့ နော် နားလည်လား (နားလည်ပါတယ်ဆရာ)၊ တခြားသော အကြောင်းတရားကြောင့် သင်္ခါရဖြစ်မလာနိုင်ဘူးတဲ့၊ ဆိုလိုတာက ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နမူနာတစ်ခုရရင် တောက်လျှောက်ကြည့်သွားပေါ့ကွ နော် (မှန်ပါတယ်ဆရာ)။

## နွားနို့ဥပမာနှီးနှောပြီး အဆင့်ဆင့်ဖြစ်ပေါ်လာတဲ့ အကြောင်းအကျိုးတရားများ

အဋ္ဌကထာဆရာ ဥပမာလေး ကပ်ပြတယ်၊ အဲဒီဥပမာလေးနဲ့ ဟပ်ကြည့်စမ်း၊ နို့ဓမ်းဆိုတာ မင်းစားဖူးလား (မစားဘူးပါဘူးဆရာ)၊ နို့ဓမ်းလေ (မစားဘူးပါဘူးဆရာ)၊ ဒိန်ခဲကော (စားဖူးပါတယ်ဆရာ)၊ နို့ခဲကော (စားဖူးပါတယ်ဆရာ)၊ နို့ချဉ်ကော (စားဖူးပါတယ်ဆရာ)၊ ဘယ်တုန်းက စားလဲ၊ ဘယ်တုန်းက စားလဲ၊ (မမှတ်မိဘူးဆရာ)၊ မမှတ်မိဘူး၊ စားတော့ စားဖူးတယ်၊ (စားဖူးပါတယ်ဆရာ)၊ အေး . . စားဖူးရင် ပြီးတာပါပဲနော် (မှန်ပါတယ်ဆရာ)၊ ဒိန်ခဲတို့ နို့ဓမ်းတို့ နို့ချဉ်တို့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ စားဖူးတယ်နော် (စားဖူးပါတယ်ဆရာ)၊ လူတိုင်းလူတိုင်း စားဖူးကြမှာ၊ ဒီဒိန်ခဲတို့ နို့ဓမ်းဆိုတာ ခုခေတ်မှာ စာအခေါ်သာရှိတယ်၊ နို့ဓမ်းကို ငါလည်း ဘာခေါ်မှန်းမသိဘူး၊ ခုခေတ်က

http://www.dhammadownload.com



အသုံးကနည်းနေတော့ နော် (မှန်ပါတယ်ဆရာ)၊ ငါထင်တာက ဒိန်ခဲပဲ ခေါ်တယ်လို့ ထင်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကာလရွေ့လျောလို့ ရှေးအခါတော့ နို့ဓမ်းခေါ်တယ်၊ အခုတော့ ဒိန်ခဲခေါ်တယ် ဒီလိုပဲထင်တယ်၊ အခုတော့ ဒိန်ခဲတောင် ပျောက်သွားပေါ့၊ "နွားနို့ခဲ၊ နွားနို့ခဲ"နဲ့ အော်သံ မကြားဘူးလား (ကြားပါတယ်ဆရာ)၊ ဒီရောက်လာတယ် နော်၊ နို့ဓမ်း၊ နို့ဓမ်းက စာပဲ ရှိတော့တယ်၊ အဓိပ္ပာယ်က နားမလည်ဘူးဆိုတော့ နွားနို့ခဲတို့၊ ဒိန်ခဲတို့ ထားပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်လည်း မြင်ဖူးတယ် မဟုတ်လား (မြင်ဖူးပါတယ်ဆရာ)၊ စားလည်း စားဖူးတယ်၊ အဲဒီနွားနို့ခဲ ဘယ်ကဖြစ်၊ (နွားနို့က ဖြစ်တာပါဆရာ)၊ သေချာတယ် နော် (မှန်ပါတယ်ဆရာ)၊ နွားနို့ခဲသည် နွားနို့က ဖြစ်၏၊ မသေချာဘူးလား (သေချာပါတယ်ဆရာ)၊ အဲဒီဥပမာနဲ့ ဟပ်ပြလို့မှ နားမလည်ဘူး ဆိုရင်တော့ ငါလည်း မပြောတတ်ဘူး၊ အင်မတန့်ကိုပဲ အဋ္ဌကထာဆရာကြီးကလည်းပဲ သေချာပါပေတယ်ဆိုတာ ကျနေ၊ ဥပမာများ ဟပ်လိုက်ရင်ဆိုမှဖြင့် ချပ်ကနဲ ချပ်ကနဲ နေတာ၊ အဲဒါနောင်လာနောင်သားတွေအတွက် ငဲ့ကွက်ပြီးတော့ -

သာသနာနောက်ပိုင်းရောက်တော့ဖြင့် ဉာဏ်ဣန္ဒြေတစ်စစနဲ့ မှေးမှိန်ကျတော့မယ်၊ သေးသိမ်ကျတော့မယ်၊ သာသနာနောက်ပိုင်းရောက်လို့ရှိရင် အခုလိုပဲ၊ အချက်ကောင်း၊ အလက်ကောင်းဆိုတဲ့ မဂ်ကိစ္စ၊ ဖိုလ်ကိစ္စ လှမ်းနိုင်ကြ၊ ရောက်နိုင်ကြဖို့၊ ဉာဏ်ဣန္ဒြေ သေးနုပ်တာထောက်တော့ ရောက်ဖို့ ရဖို့ ခက်လှချည်းရဲ့ဆိုတဲ့ အနေအားဖြင့် စိုးရိမ်မကင်း၊ ကြောင့်ကျခြင်းပေါလို့လွန်းလို့ ပြတဲ့၊ သတဲ့ နေရာမှာ လူပိန်း၊ လူအများ နည်းလည်လောက်အောင်ဆိုတဲ့ ဥပမာမျိုးတွေနဲ့ ထပ်ထပ်၊ ထပ်ထပ် ပြတယ်နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်များ မင်းတို့၊ ငါတို့အပေါ် သနားသလဲဆိုတာ သေသေချာချာ ကြည့်၊ ဘုရားကိုယ်တော်မြတ်ဟောသွားတာ အကျဉ်းချည်းပဲ ဆိုတာ မှတ်ထား၊ ဒါအဋ္ဌကထာ ဆရာကြီးတွေ ကျေးဇူးပဲလို့၊ ဥပမာပြပုံ၊ နွားနို့က နို့ခဲဖြစ်သလို၊ နွားနို့က နို့ဓမ်းဖြစ်သလို၊ နွားနို့က ဒိန်ခဲဖြစ်သလိုတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲတဲ့ အဝိဇ္ဇာက သင်္ခါရဖြစ်လာတယ်တဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ခုနက ဝိဇ္ဇာက သင်္ခါရလုပ်တာပေါ့ဆိုတဲ့လူကိုတော့ ငါက သေသေချာချာ မေးကြည့်တယ်၊ သူပြောသလို ဆိုရင် ဝိဇ္ဇာက သင်္ခါရ လုပ်တာပေါ့ဆိုတော့၊ ထန်းရေချိုကနေ နို့ဓမ်းဖြစ်အောင် လုပ်နိုင်တဲ့ အဓိပ္ပာယ်ပေါ်နေတယ်နော် (မှန်ပါတယ်ဆရာ)၊ ထန်းရည်ချိုကနေ နို့ဓမ်းဖြစ်အောင် လုပ်လို့ဖြစ်ပါ့မလားဟ (မဖြစ်ပါဘူးဆရာ)၊ ပိုးအိမ်ကနေ နို့ဓမ်းဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ဆီကြည် ဆီပေါက်ကနေ နို့ဓမ်းဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဘာမှမဖြစ်ဘူး၊ နို့ဓမ်းဘယ်ကနေ ဖြစ် (နွားနို့ကနေ ဖြစ်တာပါဆရာ)၊ နို့ဓမ်းသည် နွားနို့မှဖြစ်၊ နို့ဓမ်းသည် နွားနို့မှတစ်ပါးသော၊ တခြားသော အရာဝတ္ထုမှ ဖြစ်ကောင်းပါတယ်လို့ ပြောလို့ဖြစ်ပါ့မလား

http://www.dhammadownload.com


(မဖြစ်ပါဘူးဆရာ)၊ ဖြစ်ကော ဖြစ်ကောင်းလို့လား (မဖြစ်ကောင်းပါဘူးဆရာ)၊ မဖြစ်ကောင်းဘူးနော် (မဖြစ်ကောင်းပါဘူး) အဲဒီဥပမာလေး သေသေချာချာမှတ်ထားကြ။

ကိုင်း . . . နို့ဓမ်းသည် နွားနို့မှတစ်ပါး တခြားသော အရာဝတ္ထုက ဖြစ်ကောင်းတယ်လို့ ထုံးစံ ဘယ်တော့မှ မရှိဘူး၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ နို့ဓမ်း၊ နို့ခဲ၊ ဒိန်ခဲတို့က နွားနို့မှ ဖြစ်ရမယ် မဟုတ်လား၊ (နွားနို့မှ ဖြစ်တာပါဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဆိုပါတော့ကွာ၊ အဲဒီနို့ဓမ်း နားမလည်တော့ နို့ခဲကြီး ထားစမ်းပါ၊ အဲဒီနို့ခဲကြီးရယ်၊ နွားနို့ရယ် သေသေချာချာကြည့်စမ်း၊ ဒီနို့ခဲဟာ, ဒီဒိန်ခဲဟာ နွားနို့က ဖြစ်လာတယ်၊ ဟုတ်တယ်၊ နွားနို့မှတစ်ပါးသော အရာဝတ္ထုကြောင့်တော့ မဖြစ်ကောင်းဘူးတဲ့၊ နွားနို့မှသာလျှင် ဖြစ်ကောင်းတယ်၊ နွားနို့ကြောင့်သာလျှင် ဖြစ်ကောင်းတယ်၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါတော့ သေချာတာပေါ့၊ (သေချာပါတယ်ဆရာ)၊ "ဧဝ" သဒ္ဒါနဲ့ နော် (မှန်ပါတယ်ဆရာ)၊ "ဧဝ"သဒ္ဒါနဲ့ ဆိုတော့ ဘယ်နဲ့ဖြစ်မလဲ၊ မြန်မာလို ("သာလျှင်" ပါဆရာ)၊ လုပ်စမ်း လုပ်စမ်းပါအုံး၊ (ဧကြောင့်သာလျှင်' ပါဆရာ)၊ နွားနို့နဲ့ ဒိန်ခဲလေး ပြောစမ်းပါ၊ နွားနို့သာလျှင် ဒိန်ခဲဖြစ်ရမှာပါဆရာ)၊ သြော် . . . စကားပြောနည်းကိုးက နွားနို့သာလျှင် ဒိန်ခဲဖြစ်ရမယ် . . . ဟင့် ဟင့် ဟင့်၊ "ကြောင့်"လေးထည့်စမ်းပါဟ၊ ဘယ်နဲ့ကွဲ၊ (နွားနို့ကြောင့်သာလျှင် ဒိန်ခဲ ဖြစ်ရမှာပါဆရာ)၊ သြော် . . . နွားနို့ကြောင့်သာလျှင် ဒိန်ခဲဖြစ်ရမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ တစ်ပါးသော အကြောင်းကြောင့် ဒိန်ခဲမဖြစ်နိုင်ဘူး ဟုတ်လား (မဖြစ်နိုင်ပါဘူးဆရာ)၊ ပိုးအိမ်က မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ဘူးဆရာ)၊ ဆီက မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ရေက မဖြစ် နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ထန်းရေချိုက မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ထန်းရေခါးက မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ အရက်က မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဒိန်ခဲလေ (မဖြစ်နိုင်ပါဘူးဆရာ) ဘာဖြစ်၊ (နွားနို့ကြောင့်သာလျှင် ဖြစ်ပါမယ်ဆရာ)။ သြော် . . . နွားနို့ကြောင့် သာလျှင် ဖြစ်ရမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ နွားနို့မှ ဒိန်ခဲဖြစ်နိုင်တာပေါ့ (မှန်ပါတယ်ဆရာ)၊ အဲဒါအကြောင်းလွဲပြောင်းလို့ မရကောင်းဘူးဆိုတာ သိပြီလား (သိပါပြီဆရာ)။

ဒါဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတဲ့နေရာလေး သေသေချာချာကြည့်စမ်း၊ သင်္ခါရ ဘာကြောင့်ဖြစ်၊ (အဝိဇ္ဇာကြောင့်ပါဆရာ)၊ အဝိဇ္ဇာမှတစ်ပါး တခြားသော အကြောင်းကြောင့် မဖြစ်ဘူးလား (မဖြစ်ပါဘူးဆရာ)၊ မဖြစ်ဘူးပေါ့၊ (မဖြစ်နိုင်ပါဘူးဆရာ)၊ ဝိဇ္ဇာကြောင့် မဖြစ်ဘူးလား (မဖြစ်ပါဘူးဆရာ)၊ မဖြစ်ကောင်းဘူးပေါ့၊ (မဖြစ်ကောင်းပါဘူးဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဝိဇ္ဇာကြောင့် ဖြစ်ပြန်ရင်တဲ့၊ "ဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"ဒီလိုနေတော့မှာပဲ နော် (မှန်ပါတယ်ဆရာ)၊ မဖြစ်ကောင်းဘူး၊ နွားနို့နဲ့နို့ဓမ်းလေး သေသေချာချာမှတ်ထားပါ၊ အဝိဇ္ဇာမှ တစ်ပါး

http://www.dhammadownload.com


တခြားသော အကြောင်းကြောင့်တော့ သင်္ခါရမဖြစ်ကောင်းတာ အမှန်၊ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်ရ၏ နော် (မှန်ပါတယ်ဆရာ)။ "သာလျှင်"လေးထည့်ပေးရမယ် နော် (မှန်ပါတယ်ဆရာ)၊ "သာလျှင်"ဆိုတဲ့ အဓိပ္ပာယ်လေးရော သိလား (သိပါတယ်ဆရာ)၊ ဘာသဒ္ဒါက လာတာ၊ ("ဧဝ" သဒ္ဒါက လာတာပါဆရာ)၊ အေး . . . ဟုတ်ပြီ, ဟုတ်ပြီ၊ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ တော်သားဟ တစ်ချက်တစ်ချက်ကျ ဒီကောင်မဆိုးဘူး၊ "ဧဝ"သဒ္ဒါက လာတယ်လား (မှန်ပါတယ်ဆရာ)၊ အင်မတန်ခိုင်မြဲတဲ့ စကားပေါ့၊ (မှန်ပါတယ်ဆရာ)၊ နည်းနည်းလေးမှ ဆင်ခြေပေး မရအောင် "ဧဝ"သဒ္ဒါနဲ့ ပြထားတာ၊ ဒါဖြင့်ရင် သင်္ခါရသုံးမျိုးသည် အဝိဇ္ဇာကြောင့်သာလျှင် ဖြစ်တယ်လို့ ဆိုထားတော့ အဝိဇ္ဇာမှတစ်ပါး တခြားသော အကြောင်းတွေကြောင့် မဖြစ်တာတော့ သေချာသွားပြီးလား (သေချာပါတယ်ဆရာ)၊ ဒါဖြင့် ဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)၊ မဖြစ်ကောင်းဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ သင်္ခါရ၊ ဝိဇ္ဇာနဲ့ လုပ်တာ၊ ဟုတ်ပမလား ဟင့် . . မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဒါဖြင့် "သင်္ခါရပစ္စယာ ဝိညာဏံ" ကျတော့ ဒီလို လာပြန်ပြီ၊ ဝိညာဏ်သည် ဘာကြောင့်ဖြစ်၊ သင်္ခါရကြောင့်ဖြစ် နော် (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်သည် ဘာကြောင့်ဖြစ်၊ သင်္ခါရကြောင့်ဖြစ်၊ သင်္ခါရမှ တစ်ပါး တခြားသော အကြောင်းကြောင့် ဝိညာဏ်မဖြစ်ကောင်းဘူးလား၊ (မဖြစ်ကောင်းပါဘူး ဆရာ)၊ မဖြစ်ကောင်းဘူး၊ ဒီတော့ ဘယ့်နှယ့်နေ၊ သင်္ခါရကြောင့်သာလျှင် ဝိညာဏ်ဖြစ်ရ၏၊ ဒီလည်း ခုနပြောသလို နို့ဓမ်းနဲ့နို့ရည် နော် (မှန်ပါတယ်ဆရာ)၊ နွားနို့မှ နို့ဓမ်းကို ဖြစ်စေသကဲ့သို့ သင်္ခါရမှ ဝိညာဏ်ကို ဖြစ်စေ၏၊ နို့ဓမ်းသည် နွားနို့မှတစ်ပါးသော တခြားသော အကြောင်းကြောင့် မဖြစ်ကောင်းသလို ဝိညာဏ်သည် သင်္ခါရတည်းဟူသော အကြောင်းတရားမှတစ်ပါးသော တခြားသော အကြောင်းကြောင့် မဖြစ်ကောင်းပါဘူး၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီနေရာလေးတွေ ပြနေတဲ့ ဧကတ္တနည်းနဲ့ ဆင်တူယိုးမှား ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ နို့ ဘာခြားနားနေတုံး၊ (အကြောင်းလွဲပြောင်းလို့ မရတာ ခြားနားပါတယ်ဆရာ)၊ ဧကတ္တနည်းဆိုတာ ဘာပြောတာလဲ၊ (ဆက်စပ်ပုံ ပြတာပါဆရာ)။ မင်းစကားကိုစုံစုံစေ့စေ့ ပြောစမ်းပါ၊ (အကြောင်းအကျိုးဆက်စပ်ပုံ ပြတာပါဆရာ)၊ အကြောင်းအကျိုး ဆက်စပ်ပြီးတော့ မပြတ်ဘဲနေတာ ပြတယ်မဟုတ်လား (မှန်ပါတယ် ဆရာ)၊ သန္တာန်အစဉ် တစ်ဆက်တည်းကြီး ဖြစ်နေတာ ပြတယ်ဟုတ်လား (မှန်ပါတယ် ဆရာ)။

အခု "ဧဝံဓမ္မတာ နည်း"ကျတော့ ဘာပြနေတာလဲ၊ (အကြောင်းလွဲပြောင်းလို့ မရတာ ပြနေတာ ပါဆရာ)၊ အကြောင်းလွဲလို့, ပြောင်းလို့ မရကောင်းတာလား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား

(မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အဲဒီအဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဒီလိုချည်းပဲ တောက်လျှောက်ကြီးပဲ သွားသွား၊ သွားသွား၊ သွားသွားနေတော့ သူ့ကြောင့်သာလျှင် ဖြစ်တယ်၊ သူ့ကြောင်သာလျှင် ဖြစ်တယ်၊ ဟောဒီ "သာလျှင်" ထည့်ထည့်ပေးရမယ်၊ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်၏။ သင်္ခါရကြောင့်သာလျှင် ဝိညာဏ်ဖြစ်၏၊ "သာလျှင်"ဆိုတဲ့ "ဧဝ"သဒ္ဒါရဲ့အဓိပ္ပာယ် သေသေချာချာမှတ်ကြနော်၊ မှတ်ထားမှတ်ထား၊ တစ်ဦးတစ်ယောက်နဲ့ စကားပြောတဲ့အခါ ချက်ချက် ချာချာနဲ့ ပိုင်ပိုင်နိုင်နိုင်လေး၊ သေသေသပ်သပ် ပြောတတ်ပါစေလို့ ငါကလည်း တစ်မျိုးဟ၊ စကားယှဉ် ပြောတာ ကိုယ်က အရေးသာတာမှ၊ အပြိုင်ခိုင်းတာ မဟုတ်ပါဘူး၊ အနိုင်လုခိုင်းတာ မဟုတ်ပါဘူး၊ ဒါထက်ပြောရင် ကိုယ့်စကား ပြတ်သားလာမှ၊ ရည်မွန်လာမှ ကြိုက်တယ်၊ ဒါဘာလိုတုံးလို့၊ လိုတာ ကိုယ်သိတာလေး ပိုင်ပိုင်နိုင်နိုင်အချက်လေး သိထား၊ တစ်ဖက်သားမလှန်နိုင်လောက်အောင် ဆိုတဲ့ ပိုင်တဲ့အချက်လေး နားလည်ထား နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ မြန်မာလို "သာလျှင်"လို့ ပြန်ထား တဲ့ ပါဠိလို "ဧဝ"သဒ္ဒါရဲ့အဓိပ္ပာယ် သေသေချာချာ မှတ်ထားပါ၊ "ဧဝ"သဒ္ဒါနဲ့ ပြထားလို့ရှိရင် နည်း နည်းလေးမှ ဆင်ခြေလဲဖို့ အခွင့်မရတော့ဘူး၊ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်၏၊ သင်္ခါရကြောင့် သာလျှင် ဝိညာဏ်ဖြစ်၏၊ ဝိညာဏ်ကြောင့်သာလျှင် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ်ကြောင့်သာလျှင် သဠာယတနဖြစ်ရ၏၊ သဠာယတနကြောင့်သာလျှင် ဖဿဖြစ်ရ၏။ ဖဿကြောင့်သာလျှင် ဝေဒနာ ဖြစ်ရ၏၊ ဝေဒနာကြောင့်သာလျှင် တဏှာဖြစ်ရ၏၊ တဏှာကြောင့်သာလျှင် ဥပါဒါန်ဖြစ်ရ၏။ ဥပါဒါန် ကြောင့်သာလျှင် ဘဝဖြစ်ရ၏။ ဘဝကြောင့်သာလျှင် ဇာတိဖြစ်ရ၏၊ ဇာတိကြောင့်သာလျှင် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဖြစ်ရ၏။ ဇာတိကြောင့်သာလျှင် ဇရာမရဏဖြစ်ရ၏။ ဒီကျတော့ ဒီမှာရပ်၊ မုချအကျိုးပြ၊ နားလည်လား (နားလည်ပါတယ်ဆရာ)။

မင်း ငါပြောသလို ပြောစမ်း၊ (အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်ရ၏၊ သင်္ခါရကြောင့်သာလျှင် ဝိညာဏ်ဖြစ်ရ၏၊ ဝိညာဏ်ကြောင့်သာလျှင် နာမ်ရုပ်ဖြစ်ရ၏၊ နာမ်ရုပ်ကြောင့်သာလျှင် သဠာယတန ဖြစ်ရ၏။ သဠာယတနကြောင့်သာလျှင် ဖဿဖြစ်ရ၏။ ဖဿကြောင့်သာလျှင် ဝေဒနာဖြစ်ရ၏။ ဝေဒနာကြောင့်သာလျှင် တဏှာဖြစ်ရ၏၊ တဏှာကြောင့်သာလျှင် ဥပါဒါန်ဖြစ်ရ၏၊ ဥပါဒါန်ကြောင့် သာလျှင် ဘဝဖြစ်ရ၏၊ ဘဝကြောင့်သာလျှင် ဇာတိဇရာမရဏ ဖြစ်ရ၏။) ဘယ်နဲ့၊ ဘယ်နဲ့၊ ဘယ်နဲ့၊ (ဘဝကြောင့်သာလျှင် ဇာတိ ဖြစ်ရ၏။ ဇာတိကြောင့်သာလျှင် ဇရာ မရဏ ဖြစ်ရ၏)၊ ပြန်ပြီး ပြတ်ပြတ်သားသား ပြောစမ်း၊ (အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်ရ၏၊ သင်္ခါရကြောင့်သာလျှင် ဝိညာဏ်ဖြစ်ရ၏။ ဝိညာဏ်ကြောင့်သာလျှင် နာမ်ရုပ်ဖြစ်ရ၏။ နာမ်ရုပ်ကြောင့်သာလျှင် သဠာယတန ဖြစ်ရ၏။ သဠာယတနကြောင့်သာလျှင် ဖဿဖြစ်ရ၏။ ဖဿကြောင့်သာလျှင် ဝေဒနာဖြစ်ရ၏။

http://www.dhammadownload.com


ဝေဒနာကြောင့်သာလျှင် တဏှာဖြစ်ရ၏။ တဏှာကြောင့်သာလျှင် ဥပါဒါန်ဖြစ်ရ၏။ ဥပါဒါန်ကြောင့် သာလျှင် ဘဝဖြစ်ရ၏၊ ဘဝကြောင့်သာလျှင် ဇာတိဖြစ်ရ၏။ ဇာတိကြောင့်သာလျှင် ဇရာမရဏ ဖြစ်၏)။ အေး . . ဟုတ်ပြီ၊ "သာလျှင်"ဆိုတာက ဘာက လာတာ ("ဧဝ"သဒ္ဒါက လာတာပါဆရာ)၊ အေး. . ပါဠိလိုက ဧဝ၊ မြန်မာလိုပြန်တော့ "သာလျှင်" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အေး . . ဒါကြောင့် ဒါ "ဧဝ"သဒ္ဒါက အပုဒ်တိုင်းပါတယ်၊ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရ၊ သင်္ခါရကြောင့်သာလျှင် ဝိညာဏ် နော် (မှန်ပါတယ်ဆရာ)၊ ပါဠိလို "ဧဝ"၊ မြန်မာလို "သာလျှင်"ဆိုတဲ့ "ဧဝ"သဒ္ဒါနဲ့ ပြထားသော ပုဒ်များသည် နည်းနည်းလေးမှ လှုပ်လှုပ်လဲလဲနဲ့ ဆင်ခြေတက်စရာ အကြောင်းမရှိ။

## ဆရာကြီးနဲ့တွေ့မြင်ချင်တဲ့ သခင်ကိုယ်တော်မှိုင်း

ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့တကွ နောက်ပါပုဂ္ဂိုလ်များပေါ့၊ မနက်ကတည်းက လာပြီး အကြောင်းကြား၊ ဆရာကြီးက ဆရာနဲ့ တွေ့ချင်လို့တဲ့၊ အဲဒါဆရာတွေ့ခွင့်ရမလား၊ မရဘူးလားလို့ စုံစမ်းတယ်၊ စုံစမ်းတော့ ကိုယ်ကလည်းပဲ တွေ့ချင်တဲ့အကြောင်းအရာ မေးပြီးတော့ ကြည့်ရသေးတယ်၊ ဘာကြောင့် တွေ့ချင်တာတုံးလို့ မေးရတာလည်း တခြားမဟုတ်ဘူး၊ နောက်နောင်တုန်းက သခင် ဘဝတုန်းက မြန်မာနိုင်ငံကြီး လူမျိုးခြားဖဝါးအောက် ကျွန်သပေါက်အဖြစ်နဲ့ နေရစဉ်အခါတုန်းက တစ်နိုင်ငံလုံး အုံကြွပြီးတော့ ကျွန်ဘဝမှ လွတ်ရာလွတ်ကြောင်းဆိုပြီးတော့ နိုင်ငံရေးအားဖြင့်လည်း ဂိုဏ်းဂဏအသီးသီး အားကြိုးမာန်တက်နဲ့ လွတ်လပ်ရေးရဖို့ကို ဆောင်ရွက်စဉ်အခါက၊ ဒီစဉ်အခါ တုန်းက ကိုယ်ကိုယ်တိုင်ကလည်း သခင်အထဲမှာ ဝင်ပြီးတော့ ရွက်ဆောင်နေတဲ့အချိန်၊ဒီတုန်းကတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ထိုသခင်အသင်းကြီးမှာပဲ နာယကပုဂ္ဂိုလ်ကြီးအဖြစ်နဲ့ပဲ မားမား မတ်မတ်နဲ့ တန့်ရပ်ပြီးတော့ တိုင်းပြည်ရဲ့လွတ်လပ်ရာ လွတ်လပ်ကြောင်း ဆိုပြီးတော့ ဆောင်ရွက် နေတယ်။ ဒီစဉ်အခါတုန်းက သိလည်း သိခဲ့ဖူးတယ်၊ နိုင်ငံရေးအနေအားဖြင့် ဩဝါဒ ခံယူခဲ့ဖူးတယ်၊ မိမိတို့က လူငယ်၊ သူက နာယကအဖြစ် ဒီလို ပွန်းပွန်းတီးတီးနဲ့ ဘဝတူအနေအားဖြင့် ပေါင်းသင်း ဆက်ဆံဆောင်ရွက်ဖူးတဲ့ ကိစ္စလည်းရှိထားတော့ မေးရသေးတယ်၊ ငါ့အရင်လို မှတ်ပြီးတော့ နိုင်ငံရေးအနေအားဖြင့် တွေ့ချင်တာလားဟဲ့၊ ဒီလိုဆိုလို့ရှိရင်လည်းပဲ ယခုအခါ နိုင်ငံရေး မလုပ်တာ ကြာပါပြီ၊ မြန်မာပြည်လွတ်လပ်ရေးရပြီးတဲ့အချိန်ကစလို့၊ နိုင်ငံရေးလက်လွှတ်ပြီးတော့ အခုတော့ လောကုတ္တရာတရားကြောင်းဆိုသလိုပဲ တရားသာ ပြနေပါတယ်။ ဒီလို အကြောင်းပြန်ရမယ်၊ ဒါနဲ့ အကြောင်းမေးကြည့်၊ ဘာကြောင့်တွေ့ချင်တာလဲလို့ အကြောင်းမေးတော့ တခြားမဟုတ်ပါဘူးတဲ့၊ ပရိသတ်အပေါင်း (၃၀၀၀)ကျော်ကို နေ့စဉ်နှင့်အမျှ အောက်ထစ်ဆုံးအားဖြင့် ယဉ်ကျေးမှုရစေတော့၊

http://www.dhammadownload.com


သူ့ထက်တစ်ဆင့်တိုးရင်လည်းပဲ သံသရာထောက်ရာတည်ရာ ရစေတော့လို့ မြတ်စွာဘုရား ဟောကြားတော်မူသော ဝိပဿနာလမ်းစဉ်ကြီး ချပြီးတော့ သင်တန်းအနေအားဖြင့် ပြနေတဲ့ သာသနာပြုပုဂ္ဂိုလ်တစ်ယောက်အဖြစ်သို့ ရောက်နေတယ် ဆိုတာ ကြားရတဲ့အတွက် အင်မတန်လည်း ကျေးဇူးတင်၊ အင်မတန်လည်း ဝမ်းသာ၊ အင်မတန်လည်း ကြည်ညိုတဲ့ အနေအားဖြင့် တွေ့ချင်လို့ပါ။

ဒီလိုဆိုရင်ဖြင့် အလွန့်အလွန်ပဲ ဝမ်းလည်းသာပါတယ်လို့၊ ကျေးဇူးလည်း တင်ပါတယ်လို့၊ ဒါကြောင့် ဆရာကြီးကြွလာမယ်ဆိုရင် အချိန်မရွေး တွေ့နိုင်ပါတယ်လို့ အကြောင်းပြန်လိုက်တယ်၊ အဲဒါ နှစ်ချက်ခွဲ သုံးနာရီလောက်က နောက်ပါတပည့်တပန်းများနဲ့ လာပြီးတော့ အလ္လာပသလ္လာပ စကား ပြောလို့၊ ဆိုလို့ပေါ့လေ၊ ဝမ်းပန်းတသာနဲ့ ပြောသွားတဲ့ စကားလည်း တခြားတော့ မဟုတ်ပါဘူး၊ ဆရာကြီးကိုယ်တိုင်ပြောသွားတဲ့ စကားကတော့ အခုလိုပဲ လူအများကို ယဉ်ကျေးမှုရအောင် ဩဝါဒပေးတဲ့ အနေအားဖြင့် သင်ကြားပြသနေခြင်းကိုပဲ အထူးသဖြင့် ကျေးဇူးလည်း တင်ပါတယ်၊ ဝမ်းလည်းသာပါတယ်တဲ့လို့ ကြိုးလည်း ကြိုးစားပါတဲ့။ ပြီးတော့လည်းပဲ အခု ရန်သူသဖွယ်လို့ အနယ်နယ်အမြို့မြို့ အရွာရွာ တစ်နိုင်ငံလုံး အုံကြွပြီးတော့ သူ့ ငါသတ်၊ ငါ့ သူသတ်နဲ့ လူသတ်ပွဲကြီးတွေဖြစ်နေတဲ့ ကိစ္စကြီးလည်းပဲ ဆရာ့သင်တန်းထဲမှာ ထည့်သွင်းပြီးတော့ ပြေရာပြေကြောင်း၊ ရန်ပြေမာန်ပြေ ဆိုတဲ့ အနေအားဖြင့် ထည့်သွင်းပြီးတော့ ဟောနိုင်သမျှ ဟောပေးပါ၊ ပြောနိုင်သမျှ ပြောပေးပါတဲ့၊ ဒါကတော့ ကျွန်တော်ချပြီးသား လမ်းစဉ်က ဒါက ပါပြီးသားဖြစ်နေပါတယ်လို့ ဝမ်းသာပါတယ်တဲ့၊ ကိုယ်ကလည်းပဲ သနားလို့ ပြန်ပြီးတော့ တောင်းပန်စကား ပြောရတယ်၊ အသက်ကလည်းပဲ ရှစ်ဆယ့်နဲ့လေးနှစ်ရှိပြီ၊ ဒီလိုအတက်အဆင်းဆိုလို့ရှိရင် လူတွဲရှာရတယ်၊ ခမျာလည်း တော့်တော့်ကို ဖွဲ့သတ္တိကြီးရှာတယ်၊ အဲဒါလည်းပဲ နောက်နောင်က သဲလွန်စ ရထားတဲ့အရှိန်က မပြေလို့ ကနေ့အထိ နိုင်ငံရေးနယ်ထဲက မထွက်နိုင်ဘဲ ဖြစ်နေတယ်၊ ဝါသနာ့အလျောက်ပါပဲ၊ ဒီဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဒီနိုင်ငံရေးဘက်ကို စွက်ဖက်ပြီးတော့ ဝါသနာဓာတ်ခံပါလာတာက မြန်မာတစ်ပြည်လုံးမှာ လုပ်နေတဲ့ နိုင်ငံရေးသမားက ပေါ်ပင်ခေါ်တယ်။

ဒီဆရာကြီးက ဘယ်ကစ နိုင်ငံရေးစိတ်ဓာတ် တက်ကြွနေသလဲဆိုရင် သီပေါဘုရင် အရှင်နှစ်ပါးကို ကုလားဖမ်းသွားတုန်းက နန်းတော်ကနေ သဘော်ဆိပ်ချတော့ ဗီရိုလှည်းလေးနဲ့ ချတယ်၊ ဒီတော့ မြတောင်တိုက်ကြီးကလည်း ရွှေပိန်းချတော့ ရွှေရောင်တွေ တဝင်းဝင်းနဲ့၊ ရေစက်မှ မချရသေးလို့ ဘုရင်နှစ်ပါး။ အဲဒါနန်းတော်က ရထားလေးနဲ့ ထုတ်ပြီးလာတော့ ဆိုင်ရာအင်္ဂလိပ်စစ်အရာရှိများကို ခေတ္တတောင်းပန်တယ်၊ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာအရ လှူဒါန်းဆောက်လုပ်ထားတဲ့ ကျောင်းတော်ကြီး ရေစက်လည်း မချရသေးတဲ့အတွက် ကျောင်းတော်ကြီးတည့်တည့်ကျ ခေတ္တ

http://www.dhammadownload.com



ရပ်ပေးပါ၊ ကျောင်းတော်ကြီး မျှော်မှန်းပြီးတော့ စေတနာအားဖြင့် လှူဒါန်းပါရစေ၊ ဒီလိုပြောလို့ အင်္ဂလိပ်စစ်ဗိုလ်များက ကျောင်းကြီးတည့်တည့် ရောက်တဲ့အခါကျတော့ ဗီရိုလှည်း ခဏရပ်ပေးတယ်၊ သီပေါဘုရင်အရှင်နှစ်ပါး လက်အုပ်ကလေး ချီပြီးလို့ ရထားပေါ်က နေပြီးတော့ မျက်ရည်စက်လက်နဲ့ စေတနာအားဖြင့် ရေစက်ချရတယ်၊ အဲဒီစဉ်အခါက ဒီဆရာကြီးသခင်ကိုယ်တော်မှိုင်းက (၁၁)နှစ်သား ကျောင်းသားအရွယ် မြတောင်တိုက်ကြီးရဲ့ လက်ရန်းပေါ်က ထွက်ကြည့်တယ်၊ တစ်မြို့လုံး အုံးအုံး တက်လို့ ငိုကြ၊ ရယ်ကြ၊ ဆံပင်ဖြန့်၊ ပြေးတဲ့ လူကပြေး၊ ရင်ထု ငိုတဲ့ လူက ငို၊ မြေကြီးလူးလိမ့် ငိုတဲ့လူက ငို၊ သို့ကလောက်တောင် တစ်မြို့လုံး၊ အုံးအုံးတက်ပူဆွေးဒုက္ခ ရောက်နေတဲ့ဒုက္ခ၊ (၁၁)နှစ်သားအရွယ် မြတောင်တိုက် လက်ရန်းပေါ်က နေပြီးတော့ အရှင်နှစ်ပါးရဲ့ လက်အုပ်ချီပြီးတော့ စေတနာအားဖြင့် ရေစက်ချတာလည်း မြင်လိုက်တော့ မျက်ရည်လည်မိတယ်တဲ့၊ ဒီစဉ်အခါကတည်းက၊ တို့အရှင်နှစ်ပါး၊ တို့သခင်နှစ်ပါးကို ကြက်ငှက်လောက်မှ မလေးမစား ရက်ရက်စက်စက် နိုင်ထက်ကလူ ပြုပြီးတော့ ဖမ်းယူသွားတဲ့ ဒီစဉ်က အခဲမကျေတဲ့ ရန်စရှိခဲ့၊ ဒီလိုသာ အခဲမကျေ ဘယ့်နှယ့်နေလဲ၊ ဘယ့်နှယ့်မှ မတတ်နိုင်ဘူး၊ ဒါနဲ့ အင်္ဂလိပ်အုပ်ချုပ်။

ဒီအထဲမှာ မျိုးချစ်စိတ်မာန်က ဘယ်တော့မှ မချခဲ့ဘူး၊ နိုင်ငံရေးစိတ်ဓာတ်အားဖြင့် နှိုးဆွပြီးတော့ စာနယ်ကနေပြီးတော့ ကလောင်တစ်ချောင်းကိုင်ပြီးတော့ အလုပ်,လုပ်ပြီး အမှုထမ်းလာတာ၊ အသက် အရွယ်လည်း တော်တော်ကြီးလို့ (၇၀)အရွယ်လောက်ရှိတဲ့ အခါကျတော့ တိုင်းပြည်မှာ ကုလားဖြူတို့၏ ဖဝါးအောက်က ကျွန်သပေါက်အဖြစ်နဲ့ နေရခြင်းမှ လွတ်အောင် ကြိုးစားကြစို့ ဆိုပြီးတော့ နိုင်ငံရေး ဂိုဏ်း ဂဏအသီးသီး ပေါ်ထွက်လို့ ကြိုးစားပမ်းစားနဲ့ ဆောင်ရွက်တဲ့အခါ ဂိုဏ်းဂဏတွေရဲ့ စိတ်နေ စိတ်ထားနဲ့ ကျင့်ကြံပုံ၊ လုပ်ကိုင်ပုံ ဆိုတဲ့ အသွားအလာတွေ အကဲခတ်တယ်၊ ဘယ်ဒင်းက တိကျတုံး၊ ဘယ်ဒင်းက မှန်ကန်တုံး၊ ဘယ်ဒင်းက သတ္တိရှိတုံး၊ ဘယ့်အသင်းက လုပ်ရဲကိုင်ရဲ ရှိသတုံးလို့ ကြည့် လိုက်တဲ့အခါကျတော့ ဒီအခါမှာ သခင်အသင်း သွားမြင်တယ်၊ သခင်လေးတွေ လူငယ်လူရွယ်လည်း ဖြစ်တယ်၊ ခေတ်ပညာတတ်တွေလည်း မှန်တယ်၊ လုပ်ပြန်တော့ အသက်မငဲ့ ရက်ရက်စက်စက်လုပ်မယ့် ဇွဲသတ္တိနဲ့ ပြည့်စုံတယ်၊ ဒီအသင်း ငါဦးစီးခေါင်းဆောင်အနေအားဖြင့် မားမားမတ်မတ် တန့်ရပ်ပြီးတော့ ဆောင်ရွက်လို့ရှိရင်ဖြင့် မုချလွတ်လပ်ရေး ရတော့မှာပဲလို့ အဲဒီအချိန်ကစ နဂိုကစိတ်ဓာတ်က နှိုးဆွပေး တာနဲ့ သခင်အသင်းမှာ သခင်နာယကအဖြစ် ရောက်လာတယ်၊ နာယကဖြစ်လာသည့်အားလျော်စွာ တိုင်းပြည်တစ်ပြည်လုံး အုံကြွလို့ ဟိုအသင်းက ထ၊ ဒီအသင်းက ထနဲ့၊ လွတ်လပ်ရေးရကြတော့ ဒီအခြေခံတွေကြောင့် ရတယ်ဆိုတာ အမှန်ပါပဲ၊ ဒါက မလွဲဘူး။ ကျေးဇူးလည်း ရှိပါပေတယ်လို့၊ ကျေးဇူးဆိုတာ ကြွလည်း တင်ကြရတယ်၊ အခုဖြစ်နေတဲ့လမ်းစဉ် ကြိုက်တာ, မကြိုက်တာ အပထား၊

http://www.dhammadownload.com



ဆောင်ရွက်ခဲ့ဖူးသောကျေးဇူး၊ ပြုလုပ်ခဲ့ဖူးသော ကျေးဇူး၊ မိမိတို့တိုင်းပြည်ကြီးလွတ်လပ်ရေးရတဲ့ ကျေးဇူး၊ ဒါဆရာကြီးရဲ့ ဆောင်ရွက်ချက်တွေ သက်ဝင် နေတယ်ဆိုတာ ဒါအင်မတန်ထင်ရှားပါတယ်။ ခုလုပ်တာ ကြိုက်တာ, မမှန်တာ၊ မှန်တာ, မကြိုက်တာ ဖယ်ထား၊ လွန်ခဲ့ပြီးသော ခေတ်ကာလက သေရေး ရှင်ရေးတမျှ အရေးကြီးနေစဉ်အခါက လူကြီးပီသစွာနဲ့ ခေါင်းရှောင် မနေဘဲနဲ့ ဒီစဉ်အခါ နိုင်ငံရေးနယ်ထဲ သူက သိက္ခာ အသက် အရွယ်အားဖြင့် အကြီးမားဆုံး ပုဂ္ဂိုလ်ပေါ့၊ ဒါတောင် မဆုတ်နစ်တဲ့ လုံ့လဥဿာဟနဲ့ စိုက်ထုတ်ပြီးတော့ အပူမရှောင်၊ အအေးမရှောင်၊ တောမရှောင်၊ မြို့မရှောင်ဆိုပြီးတော့ ဆောင်ရွက်လာတဲ့ ဂုဏ်ကျေးဇူးတွေ ရှိပါတယ်၊ အဲဒါတွေ ထောက်ထားသော အားဖြင့် ကိုယ်ကလည်း သနားတယ်။

ဒါနဲ့တောင်းပန်စကားပြောရတယ်၊ ဆရာကြီး, ဆရာကြီးဟာ လူ့လောက လူတစ်ယောက်အနေ အားဖြင့် ဖြစ်လာတော့ လူတို့အချင်းချင်း ဆောင်ရွက်အပ်တဲ့ ဝတ္တရားဟာ ဆရာကြီး ပြည့်စုံပါပြီလို့၊ လွန်ခဲ့ပြီးသောအခါကာလက လွတ်လပ်ရေးရစဉ်က စပြီးတော့ ဆရာကြီးတာဝန်ကျေပွန်ပါပြီ၊ ဆရာကြီး နိုင်ငံရေးနယ်ထဲ မဝင်ဘဲနဲ့ နောက်ဆုတ်မယ်ဆိုရင် အပြစ်တင်လည်း ကင်းလောက်ပါပြီလို့၊ ဒါကြောင့် နိုင်ငံရေးနယ်ပယ်က ထွက်ပြီးတော့ ဆရာကြီးအသက်ရှည်ရှည်နဲ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ တိုင်းပြည်လူထုရဲ့ အကြည်ညိုခံပြီးတော့ နေစေချင်ပါတယ်လို့၊ အခုတော့ မြို့တကာ၊ ရွာတကာ၊ ရပ်တကာ လည်ပြီးတော့ ဆရာကြီး အခုလုပ်နေတဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြီး လုပ်နေတာ၊ ကျွန်တော်တို့တော့ သိပ်ပြီးမကြိုက်လှဘူးလို့ မကြိုက်တာက ငြိမ်းချမ်းမှာ မကြိုက်လို့လား ဆိုတော့ ငြိမ်းချမ်းမှာတော့ ကျွန်တော်ကြိုက်ပါ၏၊ ဘယ်ပုဂ္ဂိုလ်မျိုးမဆို ငြိမ်းချမ်းရေး လုပ်လို့ရှိရင် ထောက်ခံ ရမှာပဲလို့၊ ငြိမ်းချမ်းရေးဆိုတဲ့အလုပ်သည် ကောင်းတဲ့အလုပ် တစ်ခုပါပဲ၊ ဒါပေမယ့်လို့ ဆရာကြီးလိုပုဂ္ဂိုလ်အနေအားဖြင့် အသက်ရှည်ပါစေခြင်း၊ ကျန်းမာပါစေခြင်းအကျိုးငှာ ကျွန်တော် တောင်းပန်စကား ပြောပါတယ်လို့၊ မှန်ပါတယ်တဲ့၊ ဝန်ခံတယ်၊ အကောင်းဆုံးလမ်းပါပဲတဲ့၊ ကျုပ်တို့ အရွယ်ဆိုတာ စိတ်ပုတီးနဲ့ ဥပုသ်သီတင်းဆောက်တည်လို့ ဝိပဿနာဘာဝနာတရား ကြိုးစား ပွားများ အားထုတ်ပြီးတော့ အေးအေးနေရမယ့် အရွယ်ကြီးပဲ၊ ဒါပေမယ့်လို့ ကျုပ် ဘယ်နဲ့ဖြစ်လဲ ဆိုတော့ သေမဖြောင့်၊ နေမဖြောင့် ဖြစ်နေတယ်တဲ့၊ ဘယ်လိုတုံးဆိုလို့ရှိရင် သောင်းကျန်းသူကလည်း တပည့်တပန်းဖြစ်နေ၊ လက်ရှိအစိုးရကလည်း တပည့်တပန်းဖြစ်နေ ဆိုတော့ တပည့်ချင်း ထရန်ဖြစ်တယ်။ တပည့် ချင်း ထရန်ဖြစ်တော့ ကျုပ်ဒီလိုပဲ အေးအေး လျစ်လျူရှုနေသေးတာပဲ။

ဒါပေမယ်လို့ နိုင်ငံကျော် ဆိုတဲ့ ကျောင်းထိုင်ဆရာတော်အဖွဲ့က ဆရာတော်များက ခေါ်ပြီး တော့ တာဝန်ပေးတယ်၊ ဆရာကြီး တပည့်ချင်းမတည့်လို့ ရန်ဖြစ်ရင် ဆရာသာ ဆုံးမရတယ်၊

http://www.dhammadownload.com



သားသမီးမတည့်လို့ ရန်ဖြစ်ရင် မိဘကသာ ဆုံးမရတယ်၊ အခု ရန်ဖြစ်နေတာ ဆရာကြီးတပည့်တွေ ပဲတဲ့၊ တပည့်တွေ ရန်ဖြစ်တာ ဆရာမှ မဆုံးမ ဘယ်သူက ဆုံးမမှာတုံး၊ ဒါကြောင့် ဆရာကြီးက ဒီလုပ်ငန်းစဉ် အားကြိုးမာန်တက်နဲ့ ဆောင်ရွက်သင့်ပါတယ် တိုက်တွန်းလို့၊ ကျုပ်တော့ မနေသာ တာနဲ့ သေမဖြောင့် နေမဖြောင့်၊ ငါ့ပယောဂကြီး ဖြစ်နေပါလားလို့ အကယ်တန္တု ရုတ်တရက် ရှောင် တခင် ငါများသေသွားရင် ဒီပယောဂကြီးနဲ့ ဒီသောကကြီးနဲ့ သေသွားရင် ငါအသေမဖြောင်ဘူးဟဲ့၊ မိမိအပေါ် လုံးဝတာဝန်ကြီးကျနေလို့ ရန်ပြေမာန်ပြေမှ ဖြစ်ပါစေတော့လို့ အဲဒါ မနေနိုင် မထိုင်နိုင်ဘဲနဲ့ ကျုပ်မှာ လျှောက်ပြီး အလုပ်လုပ်နေရပါတယ်တဲ့၊ ဒါ ကွန်တော်ကတော့ ဆရာကြီးသနားလို့ ဆရာကြီး အတွက် ငဲ့ညှာပြီးတော့ တောင်းပန်စကား ပြောတာပါလို့ နောက်ပါပုဂ္ဂိုလ်များက တို့လိုချင်တဲ့ ငြိမ်းချမ်း ရေးကြီး ဆောင်ရွက်နေတဲ့ ဆရာကြီးကို ကဖျက်ယဖျက်ပြောတယ်ဆိုတဲ့ အနေအားဖြင့်လည်း သဘော မထားပါနဲ့လို့၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေနဲ့ ကွန်တော်ပြောတာပါလို့ နောက်ပါပုဂ္ဂိုလ်များလည်း ပြန်တောင်းပန်ရသေး၊ စကားပြောမယ့်ကြံ ရှေ့တိုးနောက်ဆုတ် လွတ်အောင် ကြည့်ရသေး၊ နောက် လိုက်နောက်ပါများကလည်းပဲ ဒီငြိမ်းချမ်းရေးကြီး အားကြိုးမာန်တက်နဲ့ မဖြစ်ဖြစ်အောင် ဆောင်ရွက် ရမယ်ဆိုတဲ့ စိတ်ဓာတ်ကြီးက ဆရာကြီးကိုပြယုဂ်အနေအားဖြင့် ရှေ့ကထား၊ ဆရာကြီးပါမှ ဖြစ်မယ် ဆိုပြီးတော့ လုပ်နေတုန်း ဆရာကြီး လုပ်ဖို့မသင့်ပါဘူးသွား၊ ပြောတော့ ကြိုက်ချင်မှ ကြိုက်မယ်ကိုး ကွနော် (မှန်ပါတယ်ဆရာ)၊ အခုညလဲပဲ ညကျတော့ တရားပွဲ လာခဲ့ပါအုံးမယ်တဲ့၊ တရားလည်း အင်မတန်နာချင်ပါတယ်တဲ့၊ အဲဒါ အရွယ်ကလည်း ကြီးတော့ ညရေးဆိုပြန်တော့ သိပ်မလွယ်လှလို့ လာမယ်မတူဘူး၊ ဒါကြောင့် ဒီစကားထုတ်ဖော်ပြောရခြင်းသည် တခြားမဟုတ်ဘူး၊ တို့သင်တန်းက လည်း နိုင်ငံရေးထဲ စုံပစ်မဝင်ပေမဲ့ နိုင်ငံရေးရောင်စုံတွေလည်း ပါသကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ရောင်စုံလေးတွေကလည်းပါတော့ ငါလည်း ဘေးကြပ်နံကြပ်၊ ဒီလို ဆရာကြီးကိုယ်တိုင် အိမ်တိုင်ရာ ရောက် လာပြန်တယ်ဆိုတော့ အဲဒီလိုဘာ့ကြောင့် လာတယ်၊ ညာ့ကြောင့် လာတယ်ဆိုတဲ့ ဘယ်စကား ပြောတယ်ဆိုတာမှ သင်တန်းထုတ်ပြန် ကြေငြာချက် မလုပ်လို့ရှိရင် ငါ့ဟွန်းလေး နှစ်လုံးလဲ၊ ပြုတ်ချင် ပြုတ်သွားအုံးမှာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ကြောက်ရတယ်၊ ကြောက်ရတယ်။

ဒါကြောင့် နိုင်ငံရေးသဘောတရား လုံးလုံးမပါပါဘူးလို့၊ သက်သက် သာသနာပြုပုဂ္ဂိုလ်အနေ အားဖြင့် ကြည်ညိုလေးစားလို့ မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ နောက်နောင်က သိဟောင်းကျွမ်းဟောင်း ဖြစ်တဲ့အနေနဲ့ လာရောက်ပြီးတော့ အလ္လာပသလ္လာပဆိုတဲ့ စကားပြောခြင်းပါလို့၊ ဒါ ပရိသတ်များ နားလည်မှုရှိအောင်လို့ ကြေငြာပေးရသေးတယ် နော် (မှန်ပါတယ်ဆရာ)၊ တချို့ကလည်းပဲ ဆရာကြီး ကိုယ်တိုင် လာသွားတယ် ဆိုတော့ ဘာစကားတွေများ ပြောတုံးဟ၊ ဘာတွေနှီးနှောသွားတုံး၊ ဘာတွေ

http://www.dhammadownload.com


ဆွေးနွေးသွားတုံးနဲ့၊ တို့သင်တန်းထဲက သိတဲ့ပုဂ္ဂိုလ်တွေကလည်း အင်မတန်ကြားချင်ကြတယ်။ တချို့လည်း အပြေးအလွှား လာကြပါသေးတယ်၊ တချို့လည်း ဒီပွဲသိမ်းတာနဲ့တွေ့ ပြန်သွားကြတယ်၊ မမှီလိုက်ကြဘူး။ အဲဒါကြောင့် သင်တန်းသူ သင်တန်းသားများလည်း ရှင်းလင်းသွားအောင် ၄၅ ပွန်းလေးနှစ်လုံးလည်း မထိခိုက်အောင် ဆိုပြီးတော့ အကြောင်းယုတ္တိ ပြန်ကြားခြင်းပါပဲလို့ နော် (မှန်ပါတယ်ဆရာ)၊ လူတွေက ပြောကြတယ်၊ မြို့ပေါ်တော့ အသံ့ကို တိတ်သွားတာပဲ၊ ဘာဖြစ်လို့တုံးဟ၊ လော်စပီကာတွေ၊ အမိန့်တွေ တားထားလို့ မဖွင့်ရတော့ဘူးတဲ့၊ ဓာတ်ရှင်ရုံကအစ, ကြော်ငြာက အစ မလုပ်ရဘူး၊ ဟ . . တို့ရော့ဟလို့၊ ဟာ . . . အဲဒီဆရာ့သင်တန်းက ပွန်းနှစ်လုံးပဲ ရှိတော့တယ်တဲ့။ ဟ . . . ဒါဖြင့် ဖဆပလအစိုးရ တို့အစိုးရပေါ့ကွ (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား၊ ဒါကျတော့ ငါကောင်းကောင်းကြီး ထောက်ခံတယ်၊ ဖဆပလအစိုးရ တို့အစိုးရနော်၊ ဟင်း ဟင်း ဟင်း . . . ဒါဖြင့်လည်း ဒီလိုတော့ မလုပ်နဲ့ကွ၊ ဖဆပလမထိနဲ့ ဒီလိုတော့ မလုပ်နဲ့နော်၊ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)။

ပြီးတော့မှ တို့ပြနေကျ မနေ့က အပိုင်းဆက်လေးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ နည်းလေးပါး ဘာရောက်သွားပြီလဲကွ (ဧဝံဓမ္မတာနည်းပါဆရာ)၊ "ဧဝံဓမ္မတာနည်း"တဲ့၊ "ဧဝံဓမ္မတာနည်း"ဆိုတာ တို့မြန်မာလိုပြန်တော့ ဘာဟဲ့၊ မင်းကို အငိုက်ဖမ်းတာ မိပြီ။ (ပါ,ပါတဲ့ ဆရာ)၊ ဘယ့်နှယ့်ဟ (ဒီလိုပဲ ဖြစ်တတ်ပါတယ်ဆရာ)၊ ဩော် . . ဩော် တော်သေးရဲ့၊ တော်သေးရဲ့၊ ဧဝံဓမ္မတာနည်း မြန်မာ လိုပြန်တော့ "ဒီလိုပဲ ဖြစ်တတ်ပါတယ်"တဲ့လား (မှန်ပါတယ်ဆရာ)၊ အေး အေး . . . မှတ်ထား၊ ဒါဖြင့် ဘယ်သူလုပ်တာမှ မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)၊ အေး . ဟုတ်ပြီ၊ ဒီလိုပဲ ဖြစ်တတ်ပါတယ် ဆိုတာ ဘယ်သူလုပ်လို့ မဟုတ်ဘူးပေါ့၊ (မဟုတ်ပါဘူးဆရာ)၊ အေး . . . အဲဒါလေး မှတ်ထား။ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း၊ ဧကတ္တနည်း - အကြောင်းနဲ့အကျိုးနဲ့ ဆက်စပ်နေပုံပြတယ်။ နာနတ္တနည်း - အကြောင်းတရားနဲ့အကျိုးတရားတွေ ဆက်စပ်ပြီး ဆက် စပ်ငြားသော်လည်း သဘောလက္ခဏာအားဖြင့် တခြားစီဖြစ်ပုံ၊ တစ်လုံးပျောက်မှ တစ်လုံးရောက် နော် (မှန်ပါတယ်ဆရာ)၊ အဗျာပါရနည်း -ထိုအဝိဇ္ဇာအစရှိသော (၁၂)ပါးသော တရားတွေ ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော်ကြီး တစ်လုံးချင်း တစ်လုံးချင်း သေသေချာချာကြည့်၊ အကြောင်းတရားသည် အကျိုးတရားကို ဖြစ်အောင် ငါလုပ်ပေးမယ်ဆိုတဲ့ လုံ့လ ပယောဂ ဗျာပါရ မရှိပုံ နော် (မှန်ပါတယ် ဆရာ)၊ ဒါပြတယ် မဟုတ်လား (ဒါပြပါတယ်ဆရာ)၊ ဧဝံဓမ္မတာနည်းကျတော့ ဘာကို ရည်ရွယ်ပြ သလဲလို့ အကြောင်းတရားနဲ့ အကျိုးတရား လွှဲပြောင်းလို့ မရပုံတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင်

http://www.dhammadownload.com



အကြောင်းတရားနဲ့ အကျိုးတရားလို့ မူထားပြီး ပြလိုက်တော့ ဧကတ္တနည်းနဲ့ ဆင်တူယိုးမှားလေး ဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ်ဆရာ)၊ ဖြစ်နေ။

အဲဒါကြောင့် ဒီနေရာလေးမှာ သမာဓိကောင်းကောင်းထားပြီးတော့ မိမိဉာဏ်လေး မိမိခိုင်းခိုင်းပေး၊ စဉ်းစားဟဲ့၊ ပြန်စဉ်းစားဟဲ့၊ မတူဘူးဟဲ့၊ ဆင်တူယိုးမှားလေး ရုတ်တရက်ကြည့်တော့ အဆင်တူလေး မှတ်ရတယ်၊ သေသေချာချာကြည့်တော့ မတူဘူးဟဲ့၊ ဒီလိုကြည့်ရမယ် နော် (မှန်ပါတယ်ဆရာ)၊ ဧကတ္တနည်းက အကြောင်းတရားနဲ့အကျိုးတရား မပြတ်ပုံ၊ မရပ်ပုံနဲ့ ဆက်စပ်နေတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သန္တတိဖြစ်စဉ်ကြီး တစ်ဆက်တည်း နေပုံပြတယ်၊ ဧဝံဓမ္မတာနည်းကျတော့ ဒီလို မဟုတ်ပါဘူး၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တယ် ဆိုပေမဲ့ သေသေချာချာပြန်ကြည့်၊ အကျိုးတရားနဲ့ အကြောင်းတရားဟာ ဒီအကျိုးတရားသည် ဒီအကြောင်းတရားကြောင့် ဖြစ်တယ်လို့ ဒီလိုနားလည်ပြီးတဲ့နောက် တစ်ပါးသော အကြောင်းကြောင့် ဒီအကျိုးတရား မဖြစ်နိုင်ဘူးလားလို့ မေးရင် ဖြစ်ကို မဖြစ်နိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် အကြောင်းလွှဲပြောင်းလို့ မရဘူးပေါ့၊ (မရပါဘူးဆရာ)၊ ဒီအကြောင်းပေါ့၊ (ဒီအကြောင်းပါပဲဆရာ)၊ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တာပေါ့ (မှန်ပါတယ်ဆရာ)၊ အေး . . . ဒီတော့ ပုံစံလေးကြည့်စမ်းကွယ် - "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"၊ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါသုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရသုံးမျိုး ဖြစ်တယ်လို့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီသင်္ခါရသုံးမျိုးဟာ အဝိဇ္ဇာကြောင့် ဖြစ်တယ် မှန်ပြီ၊ အဝိဇ္ဇာမှတစ်ပါး တခြားသော အကြောင်းကြောင့်ကော မဖြစ်နိုင်ဘူးလားလို့ ဒီလိုမေးရင် ဘယ့်နှယ့်ပြောမလဲ၊ (မဖြစ်နိုင်ပါဘူးဆရာ)၊ မဖြစ်နိုင်ပါဘူး နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာကြောင့်သာလျှင် ဖြစ်ရမယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဝိဇ္ဇာကြောင့်သာလျှင် ဖြစ်ကောင်းတယ်တဲ့၊ တစ်ပါးသော၊ တခြားသော အကြောင်းကြောင့် သင်္ခါရ မဖြစ်ကောင်းဘူးတဲ့၊ လွှဲလို့၊ ပြောင်းလို့ ရသေးလားဟ (မရပါဘူးဆရာ)၊ အဲဒါလေး လိုချင်တယ်၊ ဒါလေး မြဲမြဲလေးမှတ်ထား၊ ဒါဖြင့် သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတဲ့နေရာကော၊ ဝိညာဏ်သည် သင်္ခါရမှတစ်ပါး တခြားသော အကြောင်းကြောင့် မဖြစ်ကောင်းဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ သင်္ခါရကြောင့်သာလျှင် ဖြစ်ရမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ "သာလျှင်"လေး ထည့်ထည့်ပြော နော် (မှန်ပါတယ်ဆရာ)၊ သင်္ခါရသည် ဘာ့ကြောင့်ဖြစ်၊ (အဝိဇ္ဇာကြောင့် ဖြစ်တာပါဆရာ)၊ "သာလျှင်" လေးထည့်ထည့်ပြောစမ်း၊ သင်္ခါရသည် ဘာ့ကြောင့်ဖြစ်၊ (အဝိဇ္ဇာကြောင့်သာလျှင် ဖြစ်တာပါတယ်ဆရာ)၊ ဝိညာဏ်သည် ဘာ့ကြောင်ဖြစ်၊ (သင်္ခါရကြောင့်သာလျှင် ဖြစ်တာပါတယ်ဆရာ)၊ နာမ်ရုပ်သည်

http://www.dhammadownload.com



ဘာ့ကြောင့်ဖြစ်၊ (ဝိညာဏ်ကြောင့်သာလျှင် ဖြစ်တာပါတယ်ဆရာ)၊ သဠာယတနသည် ဘာ့ကြောင့် ဖြစ်၊ (နာမ်ရုပ်ကြောင့်သာလျှင် ဖြစ်တာပါတယ်ဆရာ)၊ ဖဿသည် ဘာ့ကြောင့်ဖြစ် (သဠာယတန ကြောင့်သာလျှင် ဖြစ်တာပါတယ်ဆရာ)၊ ဝေဒနာသည် ဘာ့ကြောင်ဖြစ်၊ (ဖဿကြောင့်သာလျှင် ဖြစ်တာပါဆရာ)၊ တဏှာသည် ဘာ့ကြောင့်ဖြစ်၊ (ဝေဒနာကြောင့်သာလျှင် ဖြစ်တာပါတယ်ဆရာ)၊ ဥပါဒါန်သည် ဘာ့ကြောင့်ဖြစ် (တဏှာ့ကြောင့်သာလျှင် ဖြစ်တာပါတယ်ဆရာ)၊ ဘဝသည် ဘာ့ကြောင့် ဖြစ်၊ (ဥပါဒါန်ကြောင့်သာလျှင် ဖြစ်တာပါတယ်ဆရာ)၊ ဇာတိသည် ဘာ့ကြောင့်ဖြစ် (ဘဝကြောင့် သာလျှင် ဖြစ်တာပါတယ်ဆရာ)၊ ဇရာမရဏသည် ဘာ့ကြောင့်ဖြစ်၊ (ဇာတိကြောင့်သာလျှင် ဖြစ်တာ ပါတယ်ဆရာ)၊ အေး အေး . . . "သာလျှင်"လေးနဲ့ ထည့်ထည့်ပြော နော် (မှန်ပါတယ်ဆရာ)၊ "သာလျှင်"လေးနဲ့ ထည့်လိုက်တော့ တစ်ပါးသော အကြောင်းကြောင့် ဖြစ်နိုင်သေးတယ် ဆိုတဲ့ အဓိပ္ပာယ် ထွက်သေးလား (မထွက်ပါဘူးဆရာ)၊ မထွက်ဘူး နော် (မှန်ပါတယ်ဆရာ)။

အဲဒါ စာအလိုက "ဧဝ"သဒ္ဒါလို့၊ မြန်မာလိုပြန်တော့ "သာလျှင်" နော်၊ (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်ရ၏။ ဒီလိုဆိုလိုက်တော့ တစ်ပါးသော အကြောင်းကြောင့် သင်္ခါရ မဖြစ်နိုင်၊ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ဒီသင်္ခါရသုံးမျိုးဟာ ပုညာဘိသင်္ခါရ - ဒါန ကုသိုလ်၊ သီလကုသိုလ်။ အပုညာဘိသင်္ခါရ - အကုသိုလ်။ အာနေဉ္ဇာဘိသင်္ခါရ - ရူပါဝစရ ကုသိုလ်၊ အရူပါဝစရကုသိုလ်၊ သမထကုသိုလ်၊ ဒီကုသိုလ်တရားတွေ လုပ်လုပ်နေသမျှ၊ ဒီကုသိုလ် တရားတွေ ဖြစ်ဖြစ်နေသမျှ ဘာ့ကြောင့်လဲဆို ဘယ်နှယ့်ပြောမလဲ၊ (အဝိဇ္ဇာကြောင့်ပါဆရာ)၊ ဟော အဝိဇ္ဇာကြောင့် ငြင်းနိုင်သေးရဲ့လား (မငြင်းနိုင်တော့ပါဘူးဆရာ)၊ မငြင်းနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာကြောင့် ဆိုတော့ မြန်မာလို နားလည်အောင် ပြောတော့ ဒီကုသိုလ်ကောင်း မှုတွေ လုပ်နေတာ ဘာဖြစ်လို့လုပ်၊ (အဝိဇ္ဇာကြောင့်သာလျှင် လုပ်လာပါတယ်ဆရာ)၊ ဟောဗျာ . . မြန်မာလို ပြောစမ်းပါ၊ (မသိလို့ လုပ်နေတာပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ ဒါပဲလား (ဒါပါပဲဆရာ)၊ ဟင်း . . . မသိလို့ လုပ်တာပဲလား (မှန်ပါတယ်ဆရာ)၊ မသိလို့ လုပ်တယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဆရာ)၊ မိုက်လို့ လုပ်တယ် (မှန်ပါတယ်ဆရာ)၊ ဟာ . . . ငါပြောမှ မှန်တယ်၊ အဝိဇ္ဇာတရားကိုယ် ကောက်တော့ ဘာရလဲ (မောဟပါဆရာ)၊ မောဟဆိုတာ ဘာခေါ်တုံး (မှောင်တာပါတယ်ဆရာ)၊ ပိုလာပြန်ပေါ့ကွ မှောင်တာ တစ်ခုတည်းလား၊ (မှောင်တယ်၊ မဲတယ်၊ မိုက်တယ်ပါဆရာ)၊ ဟော မှောင်တယ်၊ မဲတယ်၊ မိုက်တယ် (မှန်ပါတယ်ဆရာ)၊ အတူတူပဲ မဟုတ်လား (အတူတူပါပဲဆရာ)။ မိုဟ်ရင် ဘယ်နဲ့ လုပ်ရေး မလဲ၊ "တော်တော်မိုက်တဲ့ အကောင်"ဆိုတော့ ဘယ်နဲ့လုပ်ရေးမလဲ (မလုံးကြီးတင် တစ်ချောင်းငင် ကသတ်မိုက် ပါဆရာ)၊ ဟင်း . . . မင်း ဘာမှ မမှတ်မိဘူး၊ "တော်တော် မိုက်တဲ့အကောင်"ဆိုတဲ့

http://www.dhammadownload.com



နေရာမှာ မလုံးကြီးတင် ကသတ်မိုက်လို့ ရေးမှာလား၊ တစ်မိုက်ကျ ဘယ်နဲ့ လုပ်ရေးမလဲ၊ တစ်မိုက်ကျ ဘယ်နဲ့လုပ်ရေးမလဲ၊ (မရေးတတ်ဘူးဆရာ)၊ ဟောဗျာ . . . တစ်မိုက်မရေးတတ်ဘူးလား၊ တစ်ထွာ တစ်မိုက်လေ၊ ဘယ်နဲ့လုပ်ရေးမလဲ၊ (မလုံးကြီးတင် ကသတ်မိုက် ပါဆရာ)၊ ဒါဖြင့် မင်းဥစ္စာက ဟို "မှောင်တယ်၊ မဲတယ်"ဆိုတဲ့ မောဟ,က လာတဲ့ မိုက်နဲ့ တစ်ထွာ တစ်မိုက်နဲ့ ဘာမှမထူးဘူးလား (မထူးပါဘူးဆရာ)။

ဟင်း . . ဒီထိအောင် ဖွင့်လိုက် ညှဲ့လိုက်ရတဲ့ သတ္တဝါ၊ ဘာမှ အသုံးမကျဘူး၊ "မိုက်တယ်"ဆို တာ "မောဟ"ပုဒ်ကလာတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တော်တော်မိုက်မဲတဲ့အကောင် မဲတာနဲ့ တွဲသုံးတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မိုဟ်တာ မဲတာနဲ့ ထူးသေးလား (မထူးပါဘူး ဆရာ)၊ မှောင်တာနဲ့ ထူးသလား (မထူးပါဘူးဆရာ)၊ မိုက်တယ်၊ မှောင်တယ်၊ မဲတယ်ဆိုတာ၊ ဒါကြောင့် "တော်တော်မိုက်မဲတဲ့အကောင်" လေးလေးနက်နက် ပညာရှင်များ သုံးသွားတယ်၊ "မိုဟ်တယ်"ဆိုတဲ့ စကားသုံးလိုက်ရင် တစ်ထွာတစ်မိုက်က "မိုက်"နဲ့ ရောနေမှာစိုးလို့ နောက်က "မဲ"လေးထည့်ပေး၊ "တော်တော်မိုက်မဲတဲ့အကောင်ပဲ"လို့၊ တချို့ ဒါတင်အားမရဘူး၊ "တော်တော်မိုက်မဲတွေဝေတဲ့ အကောင်"၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် "မိုဟ်တယ်"ဆိုတဲ့နေရာ ဘယ်နဲ့လုပ်ရေးမလဲ (မရေးတတ်ဘူးဆရာ)၊ ဟင်း . . . ကောင်းတယ်၊ မလုံးကြီးတင် တစ်ချောင်းကိုင် ဟသတ်၊ ဟသတ်၊ "မောဟ" ပုဒ်က လာတာ၊ "မုယှတီတိ မောဟော"၊ မုယှတိ၊ တွေဝေမိုက်မဲတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မောဟော၊ မောဟမည်၏။ "မိုဟ်မဲတယ်" ဆိုတဲ့နေရာ "မိုက်တယ်"ဆိုတာ ဘယ့်နဲ့ရေးမလဲ၊ (မလုံးကြီးတင် တစ်ချောင်းငင် 'ဟ'အသတ်ပါဆရာ)၊ ဟင်း . . . မိုဟ်တယ်၊ နားလည်းလား (နားလည် ပါတယ်ဆရာ)၊ တစ်ထွာတစ်မိုက်က မိုက်ကျတော့ ဘယ်နဲ့ရေးမလဲ၊ (မလုံးကြီးတင် တစ်ချောင်းငယ် 'က'သတ် မိုက်ပါဆရာ)၊ အေး . . . မှတ်ထား၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သူ့မေးလိုက်ရင် မှတ်မိတာချည်းပဲ၊ ပြီးတော့ မေးတော့ ဘယ်တော့မှ မရဘူး နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ဒီ"မောဟ"ပုဒ် တရားကိုယ် ထုတ်ထားတော့ မောဟက မိုက်တယ်၊ မဲတယ်၊ မှောင်တယ်၊ တွေဝေတယ်၊ မသိတယ်ဆိုတဲ့ အဓိပ္ပာယ်ထွက်ထားတော့ ဒီမောဟကြောင့်, အဝိဇ္ဇာကြောင့် လုပ်နေတဲ့ ကုသိုလ်ကောင်းမှုတွေဟာ မြန်မာလိုပြောတော့ ဘာကြောင့် လုပ်သလဲ ဆိုတာ ဘယ့်နဲ့ ပြောမလဲ၊ (မသိလို့ လုပ်တာပါဆရာ)၊ ပြီးတော့ (မိုဟ်လို့ လုပ်တာ ပါဆရာ)၊ ပြီးတော (မှောင်လို့ လုပ်တာပါဆရာ)၊ ပြီးတော့ (မဲလို့ လုပ်တာပါဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မသိလို့ လုပ်တယ်၊ မိုဟ်လို့ လုပ်တယ်၊ မဲလို့ လုပ်တယ်၊ မှောင်လို့ လုပ်တယ်၊ အတူတူပဲ မဟုတ်လား (အတူတူပါပဲဆရာ)၊ ဘာထူးလဲ၊ လောကသုံးတဲ့စကား၊ မိုက်မဲ တွေဝေတယ်၊

http://www.dhammadownload.com



မိုဟ်မဲတယ် ဆိုတဲ့ မဲတာနဲ့ မှောင်တာနဲ့ ဘာထူးလဲ၊ (မထူးပါဘူးဆရာ)၊ မှောင်တယ်ဆို ဘာမှ မမြင်ဘူး မဟုတ်လား (မမြင်ရပါဘူးဆရာ)၊ မောဟကော ဘာမြင်တုံး၊ (ဘာမှ မမြင်ပါဘူးဆရာ)၊ အဲဒါ အဝိဇ္ဇာကြောင့် ဖြစ်တဲ့ ကုသိုလ်မျိုးကို ဆိုသွားတာ၊ ဘာဖြစ်လို့ ဒီလိုဆိုသွားတုံး၊ ဘုရားကိုယ်တော်မြတ်က ဘာကုသိုလ်တွေမို့လို ဆိုသွားတာ (ဝဋ္ဋကုသိုလ်တွေမို့လို့ပါဆရာ)၊ "ဝဋ္ဋကုသိုလ်"ဆိုတာ ဘာဖြစ်တတ်လဲ၊ (ဝဋ်ကို လည်စေတတ်ပါတယ်ဆရာ)၊ ဝဋ်ကို လည်စေတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်က နှိမ်ချသွားတာ၊ ဝဋ်ကို လည်စေတတ်တဲ့ ကုသိုလ်တွေ လုပ်လို့ ဝဋ်ကိုချည်း လည်နေတာ နော် (မှန်ပါတယ်ဆရာ)၊ ဝဋ်က ထွက်နိုင်ပါအုံးမလား (မထွက်နိုင်ပါဘူးဆရာ)၊ ဝဋ်က မထွက်နိုင်ဘူး။ ဒါကြောင့် သံသရာဝဋ်ဘေးကို မတွေး၊ မဆ၊ မကြောက်ရွံ့ကြသော ပုဂ္ဂိုလ်များ လုပ်တာမို့လို့ မသိလို့ လုပ်တာတဲ့၊ မိုဟ်လို့ လုပ်တာတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မလိမ္မာလို့ လုပ်တာ ဒီလိုဆိုလိုတာပါ။ ပြုတဲ့ကုသိုလ်ရဲ့ "အနဝဇ္ဇသုခဝိပါကလက္ခဏာ"လို့ ကောင်းသော အကျိုး ချမ်းသာ ပေးတယ်၊ မပေးဘူး ဆိုတာ "မပေးဘူးလို့ ဘုရားမဟောဘူး"၊ ပေးမယ် အမှန်ပဲ၊ ဒါပေမယ့် ဝဋ်ထဲက မထွက်ဘူးပေါ့ (မထွက်ပါဘူးဆရာ)၊ အေး အေး . . . သံသရာဝဋ်ဝဋ်ထဲ တလည်လည်နဲ့၊ ဒါကြောင့်မို့ ဒီနေရာမှာ မြတ်စွာဘုရားကိုယ်တော်မြတ်က ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ဆိုတာ ဝဋ်လည်တတ်တဲ့ တရားတွေ စုပြနေတာ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ ဝဋ်လည်တတ်တဲ့ တရားတွေ စုပြနေတာ သေသေချာချာ စဉ်းစားနော် ဒီနေရာလေးက၊ ထွေးလုံးရစ်ပတ် ဖြစ်တတ်တယ်၊ ဝဋ်လည်တတ်တဲ့ တရားတွေ စုပြတဲ့အထဲမှာ အခုပြောတဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်၊ ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရကုသိုလ်တွေ ပါမနေဘူးလား (ပါနေတယ်ဆရာ)၊ ပါနေတယ် ဆိုရင် လည်တဲ့အထဲ ထည့်ထည့်ပြ လည်နေမှာပေါ့။ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ လည်တတ်တဲ့ ကုသိုလ်တွေမို့လို့၊ ဘုရားကိုယ်တော်မြတ်က ဒါမသိသောပုဂ္ဂိုလ်များ လုပ်တာတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါတင်မကဘူး၊ ရက်ရက်စက်စက် ဆုံးမတော်မူတာ ရှိသေးတယ်၊ "ဗာလုသုက္က" တရားခေါ်တယ်၊ ဒီဒါန သီလ သမထ ဆိုတဲ့ သံသရာဝဋ်လည်စေတတ်သော ဝဋ္ဋကုသိုလ်တွေ လုပ်နေတာ "ဗာလုသုက္က"၊ ဗာလာနံ + ဥဿုက္ကော = ဗာလုသုက္ကော။ ဗာလာနံ၊ လူမိုက်တို့၏။ ဥဿုက္ကော၊ လုံ့လကြိုးကုတ် အားထုတ်သော အလုပ်။ ဗာလုဿက္ကော၊ လူမိုက်တို့၏ လုံ့လကြိုးကုတ် အားထုတ်သော အလုပ် ဆိုတော့ စောစောက အင်တိုက်အားတိုက် ဒါန သီလ သမထ အားကိုး တစ်ခုနဲ့ ပြုနေတဲ့လူတွေ ကြားရင် ရင်ထုမတတ်ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ထုချင်ရင်ထု၊ မထု ချင်ရင် နေပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒါက ဘုရားဟောတော်မူတဲ့အတိုင်း၊ သူမသိရှာဘူးတဲ့ ဟုတ်ကဲ့ လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ခန္ဓာကောင်ကြီး မွေးထုတ်အုံးမယ်တဲ့၊ ခန္ဓာအသစ်အသစ်ဖြစ်အောင် ကြိုးစားအုံးမယ်တဲ့၊ သံသရာကြီးမရှည်,ရှည်အောင် သူလုပ်အုံးမယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကောင်ကျိုးချမ်းသာ ပေးတယ် ဆိုတာတော့ ဒါဟုတ်တာပေါ့တဲ့၊ မှန်တာပေါ့တဲ့၊ ဒါ တစ်ဘဝ တစ်နပ်စာ ခေါ်တယ်။ ဒါကြောင့်မို့ ဒီနေရာလေးမှာ "ဝဋ္ဋကထာ"လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဟောတော်မူတဲ့ ဒေသနာအရ သေသေချာချာ ချကြည့်စမ်း။ ဝဋ်ကို လည်စေတတ်တဲ့ လည်ကြောင်းတရားတွေ၊ လည်တဲ့တရားတွေ ပြနေတဲ့အထဲ ဒါန၊ သီလ၊ သမထ ဆိုတဲ့ ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ ကုသိုလ်တွေ ထည့်ပြနေပေါ့၊ မပြဘူးလား (ပြပါတယ်ဆရာ)၊ အကယ်တန္တ "ဒါန သီလ သမထ" ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေက ဝဋ္ဋကသာ ထွက်တတ်တဲ့ တရားဆိုရင် ဒီလည်တဲ့ ပဋိစ္စသမုပ္ပါဒ်ထဲ ပါ,ပါ့မလား (မပါပါဘူးဆရာ)၊ မပါဘူး နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးမှတ်ထား၊ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"၊ ထိုသင်္ခါရဆိုတဲ့ အကျိုးတရားတွေ အဝိဇ္ဇာကြောင့်သာလျှင် ဖြစ်တယ်၊ တစ်ပါးသောအကြောင်း၊ တခြားသော အကြောင်းကြောင့် မဖြစ်၊ ဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)၊ အေး . . . ဒါကြောင့် ဒီနေရာလေးမှာ ဧဝံဓမ္မတာနည်းအနေအားဖြင့် ပြတာ တခြားမဟုတ်ဘူးတဲ့၊ အကြောင်းကြောင့် အကျိုးဖြစ်တယ် ဆိုတဲ့ နေရာမှာ ဒီအကျိုးတရားသည် ဒီအကြောင်းကြောင့်သာလျှင် ဖြစ်ရမယ်တဲ့၊ အကြောင်းလွဲပြောင်းလို့ မရကောင်းပါဘူးတဲ့၊ ဒီအကြောင်းကြောင့်လည်း ဖြစ်တယ်၊ ဟိုတစ်မျိုးသော အကြောင်းကြောင့်လည်း ဖြစ်တယ်လို့ ဒီလိုလုပ်လို့ မရပါဘူးတဲ့၊ ရပ့ါမလား (မရပါဘူးဆရာ)၊ မရဘူး။

ဒါကြောင့် အဋ္ဌကထာဆရာက ဥပမာပြတော့ ဘယ့်နှယ်ပြ - နွားနို့နှင့်နို့ဓမ်း ဥပမာ ပြသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ နွားနို့နဲ့ဒိန်ခဲ၊ နွားနို့နဲ့နွားနို့ခဲ၊ အဲဒီနို့ဓမ်းဟာ ဘယ်သူ့ကြောင့်ဖြစ် (နွားနို့ကြောင့်ပါဆရာ)၊ သြော် . . . နွားနို့ကြောင့်၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ကြည့်နော် အကျိုးအကြောင်း ဆက်စပ်နေပုံလေးတွေ၊ ဒိန်ခဲသည်, နို့ဓမ်းသည် နွားနို့က ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ နို့ဓမ်းသည် နွားနို့ကြောင့် ဖြစ်၏၊ ကြည့်စမ်း - အဲဒီနို့ဓမ်းဟာ နွားနို့မှတစ်ပါးသော ဆီကြည်၊ ဆီပေါက်ကြောင့် ဖြစ်ကောင်းရဲ့လား (မဖြစ်ကောင်းပါဘူးဆရာ)၊ သကာ တင်လဲကြောင့် ဖြစ်ကောင်းရဲ့လား (မဖြစ်ကောင်းပါဘူးဆရာ)၊ ရေကြောင့် ဖြစ်ကောင်းရဲ့လား (မဖြစ်ကောင်းပါဘူးဆရာ)၊ မဖြစ်ကောင်းဘူး၊ ထန်းရေချိုကြောင့် ဖြစ်ကောင်းရဲ့လား (မဖြစ်ကောင်းပါဘူးဆရာ)၊ ပအုံးရည် ရက်တက်ရေတို့ကြောင့် ဖြစ်ကောင်းရဲ့လား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဒါဖြင့်ရင် နို့ဓမ်းသည် နွားနို့ကြောင့်သာ ဖြစ်တယ်ပေါ့ (မှန်ပါတယ်ဆရာ)၊ နို့ဓမ်းသည် နွားနို့မှတစ်ပါး အခြားသော အကြောင်းကြောင့် ဖြစ်ကောင်းတယ်လို့ ဆိုနိုင်ရဲ့လား (မဆိုနိုင်ပါဘူးဆရာ)၊ မဆိုနိုင်ဘူး၊ အဲဒီသဘော

http://www.dhammadownload.com



လေးမှတ်ထား၊ ဒါပြောတာ နော် (မှန်ပါတယ်ဆရာ)။ နို့ဓမ်းသည် နွားနို့မှ ဖြစ်ပေါ်၍လာ၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ကြည့်စမ်းပါအုံး - နွားနို့က နို့ဓမ်းဖြစ်လာတော့ ဘယ်သူလုပ်ပေးတာတုံး၊ (နွားနို့က လုပ်ပေးတာပါတယ်ဆရာ)၊ ဟောဗျာ . . နွားနို့က လက်ကလေးနဲ့ ကိုင်ပြီး သေသေချာချာ လုပ်ပေးသလား၊ ဘယ်သူလုပ်ပေးတာတုံး၊ ကြည့်ကြည့်၊ ကြည့်ကြည့် - ဟောဒီကောင် အဝိဇ္ဇာနဲ့သင်္ခါရ၊ ပြောရင်တော့ သူ့သဘောရှင်းတယ်၊ နွားနို့နဲ့နို့ဓမ်း မေးတော့ ဟော . . . မရှင်းဘူး ကြည့်ကြည့်၊ (ဘယ်သူမှ လုပ်မပေးပါဘူးဆရာ)၊ အင်း အင်း အင်း . . . နို့ဓမ်းလည်း မြင်ဖူးဟန် မတူပါဘူး၊ နွားနို့ခဲကော မြင်ဖူးလား (မြင်ဖူးပါတယ်ဆရာ)၊ အဲဒီနွားနို့ခဲ၊ နို့ဓမ်းက နွားနို့က ဖြစ်တယ် ဟုတ်လား (နွားနို့က ဖြစ်လာပါတယ်ဆရာ)၊ အဲဒီနွားနို့ခဲ ဘယ်သူက လုပ်ပေး၊ (နွားနို့က လုပ်ပေးတာပါဆရာ)၊ ဟင်း. . . နွားနို့က လက်ကလေးနဲ့ကိုင် လုပ်ပေးတယ် ဟုတ်လား၊ ဟေ . . လုပ်တာ မင်းမြင်ဖူးလား (မမြင်ဖူးဘူးဆရာ)၊ မမြင်ဖူးဘူး၊ မမြင်ဘူးဘဲနဲ့ ဘာဖြစ်လို့ ရမ်းချနေတာတုံးကွ၊ နွားနို့က လုပ်ပေးနိုင်သလား (မပေးနိုင်ပါဘူးဆရာ)၊ ကြည့်စမ်း - သူ့အနားက သူ့ရှေ့နားက အဗျာပါရနည်း ပြပေးရုံလေး ရှိသေးတယ်၊ ဘယ်လိုကောင်မှန်း မသိဘူး အဲ့ဒီကောင်၊ နွားနို့က နို့ဓမ်းဖြစ်အောင် လုပ်ပေးနိုင်သလား (လုပ်မပေးနိုင်ပါဘူးဆရာ)၊ ဒါပေမယ့် ဘယ်သူ့ကြောင့်ဖြစ်တုံး၊ (နွားနို့ကြောင့် ဖြစ်တာပါဆရာ)၊ ဒါတော့ ဟုတ်တယ်လား (မှန်ပါတယ်ဆရာ)၊ နွားနို့မှတစ်ပါး တခြားသော အကြောင်းကြောင့် ဖြစ်ကောင်းရဲ့လား (မဖြစ်ကောင်းပါဘူးဆရာ)၊ နွားနို့ကြောင့်သာလျှင် ဖြစ်တာပေါ့ (မှန်ပါတယ်ဆရာ)၊ အဲဒါလေး သေသေချာချာကြည့်၊ ဥပမာလေး သေသေချာချာကြည့် -

နို့ဓမ်းသည် နွားနို့ကြောင့် ဖြစ်ပေါ်၍လာ၏၊ ဒါပေမယ့် နွားနို့က နို့ဓမ်းဖြစ်အောင် လုပ်တာ မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ သူ့သဘောအတိုင်း သူဖြစ်တာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူ့သဘောအတိုင်း သူဖြစ်လာ၊ ဒီနွားနို့ဟာ နို့ဓမ်းကို ဖြစ်စေတတ်တဲ့ သတ္တိရှိတယ်နော် (မှန်ပါတယ် ဆရာ)၊ ဒီနို့ဓမ်းသည် နွားနို့မှ ဖြစ်ပေါ်လာ၏။ နွားနို့ကြောင့် ဖြစ်၍လာ၏၊ အဲဒါ နည်းနည်း ထွေးလုံး ရစ်ပတ်ကလေးလည်း ဖြစ်နေတတ်တယ်၊ နွားနို့က နို့ဓမ်းဖြစ်အောင် လုပ်ပေးသလိုလို ဒီလိုနေတတ် တယ်၊ ဒါပေမယ့် သူ့အထဲက အဗျာပါရနည်းပြထားတော့ ထွေးစရာမရှိပါဘူး။ နွားနို့က နို့ဓမ်း လုပ်ပေးတာ မဟုတ်ပါဘူး၊ နွားနို့သည် နို့ဓမ်းဖြစ်နိုင်တဲ့ သတ္တိရှိ၏၊ နို့ဓမ်းကို ဖြစ်စေတတ်တဲ့ သတ္တိရှိ၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ့ကြောင့် နို့ဓမ်းသည် ဘယ်သူ့ကြောင့်ဖြစ်၊ နွားနို့ကြောင့်ဖြစ်၊ နွားနို့မှတစ်ပါး တခြားသော အကြောင်းကြောင့် ဖြစ်သလား၊ မဖြစ်နော်၊ (မှန်ပါတယ်ဆရာ)၊ နွားနို့မှတစ်ပါးသော အကြောင်းကြောင့် ဖြစ်တယ်ဆို၊ ဒီပြင်ဟာတွေလည်း နို့ဓမ်းတွေ ဖြစ်ကုန်

http://www.dhammadownload.com



မှာပေါ့ကွာနော်၊ (မှန်ပါတယ်ဆရာ)၊ ခုတော့ ဖြစ်ရဲ့လား၊ (မဖြစ်ပါဘူးဆရာ)၊ မဖြစ်ဘူး၊ ဒါကြောင့် အဋ္ဌကထာဆရာက ဥပမာပြတဲ့နေရာမှာ အင်မတန်မှ တိကျတယ်၊ နွားနို့ကနေ နို့ဓမ်းဖြစ်လာတာ၊ ဘယ်သူ လုပ်ပေးတာတုံး၊ ဘယ်သူမှ လုပ်ပေးတာ မဟုတ်ဘူး၊ ဒီနွားနို့မှန်ရင် နို့ဓမ်းဖြစ်တတ်တယ်တဲ့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နွားနို့မှန်ရင် နို့ဓမ်းဖြစ်တတ်တယ်တဲ့၊ ဒါဖြင့်ရင် ဆီကြည်တို့ ပအုံးကြည်တို့ နို့ဓမ်း မဖြစ်တတ်ဘူးလား၊ မဖြစ်တတ်ပါဘူး၊ (မဖြစ်တတ်ပါဘူးဆရာ)၊ မဖြစ်တတ်ဘူး၊ နွားနို့သာလျှင် နို့ဓမ်းဖြစ်တတ်တယ် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူလုပ်ပေးတုံး၊ (ဘယ်သူမှ လုပ်မပေးပါဘူးဆရာ)၊ ဘယ်သူမှ လုပ်မပေးဘူး၊ သူ့သဘာဝအတိုင်း ဖြစ်တတ်တယ်ပေါ့ (မှန်ပါတယ်ဆရာ)။

အေး အေး . . . နွားနို့မှ နို့ဓမ်းကို ဖြစ်စေ၏၊ နွားနို့မှ နို့ဓမ်းဖြစ်ပေါ် ၍လာ၏၊ နွားနို့ကြောင့် နို့ဓမ်းဖြစ်၍လာ၏၊ အဲဒီဥပမာလေး သေသေချာချာကြည့်၊ သူတို့နှစ်ခု ဆက်စပ်နေပုံလေး၊ သူ့အလို အလျောက် နွားနို့မှန်ရင် နို့ဓမ်းဖြစ်တာပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နွားနို့မှန်ရင် ဘာဖြစ်တယ်၊ (နို့ဓမ်းဖြစ်တတ်ပါတယ်ဆရာ)၊ နွားနို့မှန်ရင် နို့ဓမ်းဖြစ်တာပဲလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာမှန်ရင် ဘာဖြစ်တယ် (သင်္ခါရဖြစ်တတ်ပါတယ်ဆရာ)၊ အဝိဇ္ဇာမှန်ရင် သင်္ခါရဖြစ်တတ်တယ် တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတာလား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ပါဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတာမဟုတ်၊ အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်တတ်ပါတယ်တဲ့၊ အဝိဇ္ဇာရှိရင် သင်္ခါရဖြစ်တတ်ပါတယ်တဲ့၊ အဝိဇ္ဇာလုပ်ပေး တာလား မဟုတ်ပါဘူး နော် (မှန်ပါတယ်ဆရာ)၊ ဓမ္မတာသဘောခေါ်တယ်၊ ဓမ္မတာနည်း၊ ဓမ္မတာ သဘောခေါ်တယ်၊ ဇဝံ့က ဤလိုပါပဲ၊ ဒီလိုပဲ ဖြစ်တတ်ပါတယ်တဲ့၊ နားလည်ရဲ့လား (နားလည်ပါတယ် ဆရာ)၊ ဒါကြောင့် အဝိဇ္ဇာနဲ့သင်္ခါရဖြစ်ပုံလေးရယ်၊ နွားနို့မှ နို့ဓမ်းဖြစ်လာတဲ့ သဘောလေးရယ် ဟပ်ကြည့်စမ်း နော် (မှန်ပါတယ်ဆရာ)၊ နို့ဓမ်းဖြစ်လာတာ နွားနို့ကြောင့် ဖြစ်တယ်၊ နွားနို့မှန်ရင် နို့ဓမ်းဖြစ်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာမှန်ရင် (သင်္ခါရဖြစ်ပါတယ်ဆရာ)၊ ဟော . . . အဝိဇ္ဇာမှန်ရင် သင်္ခါရဖြစ်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်ရမှာပေါ့ (ဖြစ်ရမှာပါဆရာ)၊ လွဲပါ့အုံးမလား (မလွဲပါဘူးဆရာ)၊ ဘယ်တော့မှ မလွဲဘူး ဆိုတာ မှတ်ထား၊ အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်တော့မှာပဲ၊ အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်တော့မှာပဲ၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် နွားနို့မှန်ရင် ဘာဖြစ်တော့မလဲ၊ (နို့ဓမ်းဖြစ်တော့မှာပါဆရာ)၊ နို့ဓမ်းဖြစ်တော့မှာ နော် (မှန်ပါတယ်ဆရာ)၊ နွားနို့မှန်ရင် နို့ဓမ်းဖြစ်မှာပဲ၊ နွားနို့မှန်ရင် နို့ဓမ်းဖြစ်တော့မှာပဲ၊ အဝိဇ္ဇာမှန်ရင်

http://www.dhammadownload.com



သင်္ခါရဖြစ်မှာပဲ၊ အဝိဇ္ဇာရှိရင် သင်္ခါရဖြစ်ရှိမှာပဲ ကိုက်ရဲ့လား (ကိုက်ပါတယ်ဆရာ)၊ အတူတူပဲ၊ ဘာမှ မထူးဘူး၊ ထူးသေးလား (မထူးပါဘူးဆရာ)၊ ဒါဖြင့် သင်္ခါရရှိရင် ဘာဖြစ်မယ်၊ (ဝိညာဏ် ဖြစ်မှာပါဆရာ)၊ ဝိညာဏ်ရှိတော့ (နာမ်ရုပ်ဖြစ်မှာပါဆရာ)၊ နာမ်ရုပ်ရှိတော့ (သဠာယတနဖြစ်မှာပါဆရာ)၊ သဠာယတန ရှိတော့ (ဖဿဖြစ်မှာပါဆရာ)၊ ဖဿရှိတော့ (ဝေဒနာရှိမှာပါဆရာ)၊ ဝေဒနာရှိတော့ (တဏှာဖြစ်မှာ ပါဆရာ)၊ တဏှာရှိတော့ (ဥပါဒါန်ဖြစ်မှာပါဆရာ)၊ ဥပါဒါန်ရှိတော့ (ဘဝဖြစ်မှာပါဆရာ)၊ ဘဝရှိတော့ (ဇာတိဖြစ်မှာပါဆရာ)၊ ဇာတိရှိတော့ (ဇရာမရဏရှိမှာပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါ သူ့အကြောင်းနဲ့သူ့အကျိုးသည် လွဲလို့ ပြောင်းလို့ ရကောင်းရဲ့လားဟ (မရကောင်းပါဘူးဆရာ)၊ အဲ . . . နွားနို့နဲ့နို့ဓမ်း လွဲလို့ ပြောင်းလို့ မရသလိုပေါ့ နော် (မှန်ပါတယ်ဆရာ)၊ နို့ဓမ်းဟာ နွားနို့မှသာလျှင် ဖြစ်ကောင်းတာ၊ နွားနို့မှတစ်ပါး တခြားသော ဆီကြည်၊ ဆီပေါက်တို့၊ ပအုံးရည်တို့၊ အခိပ္ပာယ်အားဖြင့် ရေရိုးရိုးတို့ နော် (မှန်ပါတယ်ဆရာ)၊ ထန်းရည်ချို ထန်းရေခါးတို့၊ ပျားရည် သကာ တင်လဲတို့ နို့ဓမ်းဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဘယ်တော့မှ မဖြစ်ဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် နွားနို့ကြောင့်သာလျှင်ပေါ့၊ (နွားနို့ကြောင့်သာလျှင် ဖြစ်တာပါဆရာ)၊ အေး . . . အကြောင်းလွဲပြောင်းလို့ မရကောင်းသလို ဒီမှာလဲ ဒီလိုပဲ သင်္ခါရ မေးကြည့်၊ နင် ဘယ်သူ့ကြောင့်ဖြစ်၊ အဝိဇ္ဇာကြောင့်ဖြစ်၊ အဝိဇ္ဇာမှတစ်ပါး တခြားသော တရားတွေ ကြောင့် မဖြစ်ဘူးလားဆို မဖြစ်ပါဘူးတဲ့၊ မဖြစ်ကောင်းပါဘူး နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်လာတာဟာ သေသေချာချာကြည့်စမ်း - အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးသလား၊ မဟုတ်ပါဘူးနော် (မှန်ပါတယ်ဆရာ)၊ ဟုတ်တယ်ဆိုရင် အဗျာပါရ နည်းနဲ့ ထိသွားလိမ့်မယ်၊ ငြိသွားလိမ့်မယ် နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးသလား မဟုတ်ဘူး၊ ဒါဖြင့် ဘယ်သူ့ကြောင့်ဖြစ်၊ အဝိဇ္ဇာကြောင့် ဖြစ်တာပေါ့၊ ဘယ်နဲ့ဖြစ်တာတုံး ဟာ . . . ဒါက ထုံးစံပါ၊ "ဓမ္မတာနည်း"ဆိုတာ ထုံးစံပါလို့ ပြောရင်လည်း ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ အဝိဇ္ဇာရှိရင် သင်္ခါရဖြစ်မှာ အမှန်ပဲလို့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဝိဇ္ဇာရှိရင် ဘာဖြစ်တယ်၊ (သင်္ခါရဖြစ်မှာ အမှန်ပါပဲဆရာ)၊ ဩော် . . . ဒါဖြင့် သူ့ထုံးစံပေါ့၊ (ထုံးစံပါဆရာ)၊ အဲဒီထုံးစံ ဘာနည်းခေါ်တယ်၊ (ဓမ္မတာနည်းပါဆရာ)၊ ဓမ္မတာနည်း နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ နားလည် ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် တစ်နံပါတ် ဆိုတဲ့ ဧကတ္တနည်းနဲ့ ရောသေးသလားဟ (မရောတော့ပါဘူးဆရာ)၊ ဧကတ္တနည်းက ဘာပြတာ (သန္တာန်အစဉ် ပြတာပါဆရာ)၊ စကားစုံအောင်

http://www.dhammadownload.com



ထည့်ပြော၊ (အကြောင်းအကျိုး ဆက်စပ်ပြီးတော့ သန္တာန်အစဉ်ကို ပြတာပါဆရာ)။ စုံအောင်ပြော၊ မစုံသေးဘူး၊ ဘာကြောင်းအကျိုးဆက်စပ်ပြီးလဲ၊ (အကြောင်းအကျိုးဆက်စပ်ပြီး သန္တာန်မပြတ်မြင်တာပြောတာပါဆရာ)၊ ဘာမြင်တာတုံး၊ (သန္တာန်အစဉ်ကြီးကိုပါဆရာ)၊ ဘယ်သူက မြင်တာလဲ၊ (ကျွန်တော်က မြင်တာပါဆရာ)၊ အောင်မယ် - မင်းမြင်တာ ဘုရားက ထည့်မဟောပါဘူး၊ အကြောင်းအကျိုးဆက်စပ်ပြီးတော့ သန္တာန်မပြတ်ဖြစ်နေတာကို နားလည်လား၊ (နားလည်ပါတယ်ဆရာ)။ ဒါ အဓိကထား ဟောသွားတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းနဲ့အကျိုး ဆက်စပ်ပြီးတော့ သန္တာန်အစဉ်ကြီး တစ်ဆက်တည်းဖြစ်နေတာကို အဓိကထား ဟောသွားပါတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီလိုပြော ကျွန်တော်မြင်တာလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

နာနတ္တနည်းကျတော့ ဘာပြောသွားလဲ (တစ်လုံးပျောက်မှ တစ်လုံးရောက်တာ ပြောသွားပါတယ်ဆရာ)၊ ဘယ်နဲ့ပြောသွားလဲ (အဝိဇ္ဇာချုပ်မှ သင်္ခါရပေါ်တယ်)။ ဟုတ်ပါပြီ၊ နားလည်ပါပြီ၊ တစ်လုံးပျောက်မှ တစ်လုံးရောက်တယ်ဆိုတာ သိပါပြီ၊ ခင်ဗျား မပြောခင်ကတည်းက သိနေတယ်၊ ဒါ ဘာဖြစ်လို့လဲ (အသစ်အသစ်တွေ ထပ်ကာ ထပ်ကာ ဖြစ်နေတာပါဆရာ)၊ ဖြစ်နေတော့ ဘာဖြစ်လဲ (အဟောင်းတွေပျောက် အသစ်အသစ်တွေ ရောက်နေတာပါဆရာ)၊ ဟာ . . . ထပ်ထပ်ချ၊ ပြောပါအုံး ထပ်ပြီးတော့၊ နောက်တစ်ခါ ပြောပါအုံး - တစ်လုံးပျောက်မှ တစ်လုံးရောက် လုပ်ပါအုံး၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက် အသစ် အသစ်တွေ ဆက်ကာဆက်ကာ ဖြစ်နေတာကို အဓိကထား ဟောသွားတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါကို နားလည်အောင် ပြောသွားတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဧကတ္တနည်းတုန်းကတော့ သန္တာန်အစဉ်ကြီး တစ်ဆက်တည်း ဖြစ်နေတာကို အဓိကထား ပြောတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းအကျိုး ဆက်စပ်နေတယ်၊ သန္တာန်အစဉ်ကြီး တစ်ဆက်တည်းချည်း၊ တစ်တန်းတည်းချည်း ကြည့်စမ်းပါ၊ အပြတ် အလပ် အကြား မရှိ၊ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ နာနတ္တနည်းကျတော့ ဒီလိုမဟုတ်ပြန်ဘူးတဲ့၊ တစ်လုံးချင်း၊ တစ်လုံးချင်း၊ တစ်လုံးချင်း ရှေ့အလုံးတွေက ပျောက်၊ နောက်အလုံးတွေက ရောက်၊ အသစ် အသစ်၊ အသစ် အသစ် ဆက်ဆက်ဆက်ဆက် ဖြစ်နေတာကို ပြတာ၊ ခုနက ဧကတ္တနည်းလို တစ်ဆက်တည်းချည်း ဟုတ်သေးလား (မဟုတ်တော့ဘူးဆရာ)၊ မဟုတ်တော့ဘူး၊ အသစ်အသစ်တွေ ဖြစ်တာ အဓိကထား ပြတယ်နော် (မှန်ပါတယ်ဆရာ)။

အဗျာပါရနည်းကျတော့ ဘာပြလဲ၊ (အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်ပါတယ်ဆရာ)၊ အဗျာပါရ နည်း မေးနေတာ၊ (အဝိဇ္ဇာထဲမှာ ပြုတတ်၊ လုပ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါဘူးဆရာ)၊ ဒါလေးမှ ပြန်ပြီးတော့ မြန်မာလို လိပ်ပတ်လည်အောင် မရှင်းနိုင်ဘူးဟ၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင်

http://www.dhammadownload.com



လုပ် ပေးသော လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိသော အဓိပ္ပာယ်ကို ပြောတာပါ။ ပြောစမ်းပါ. . . ငါပြောသလို (အဝိဇ္ဇာက သင်္ခါရကို ပြုတတ်, လုပ်တတ်အောင် လုံ့လ ပယောဂ ဗျာပါရ မရှိတာ ပြောတာပါ ဆရာ)၊ ဟင်း ဟင်း . . . ဒါမြန်မာစကား ဘယ်နဲ့ပြောပါလိမ့် မင်းဥစ္စာ၊ ဘယ်လိုမှတ်ရမှာလဲ၊ အဝိဇ္ဇာက ပြောစမ်းပါ - (အဝိဇ္ဇာက သင်္ခါရဖြစ်အောင် ပြုတတ်, လုပ်တတ် လုံ့လ ပယောဂ ဗျာပါရ မရှိပါဘူးဆရာ)။ ဝါကျကို မပြည့်စုံဘူးဆိုတာ ကျနေတာပဲ၊ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် ပြုပေးသော, လုပ်ပေးသော လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိတာကို အဓိကထား ပြတာပါ၊ မြန်မာစကားကို လှလှပပမပြောတတ်သေးဘဲကိုးကွ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဗျာပါရနည်းနဲ့ တူသေးလား (မတူတော့ပါဘူးဆရာ)၊ ပြီးတော့ ဧဝံဓမ္မတာနည်းကတော့ ဘာပြတာတုံး အဓိက (ဒီလိုပဲ ဖြစ်တတ်ပါတယ်လို့ ပြတာပါဆရာ)၊ ဟောဗျာ . . . အလွယ်နဲ့ အုပ်သွားတယ်၊ ဖြစ်ပုံလေး ပြောစမ်းပါ၊ (အဝိဇ္ဇာဖြစ်လျှင် သင်္ခါရဖြစ်မှာပါဆရာ)၊ အေးလေ ဘာအဓိကထားပြတာလဲ၊ (အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်ပါတယ်ဆရာ)၊ မြန်မာလို အဓိပ္ပာယ်လေး ပြောစမ်းကွ၊ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်တာ ဆိုတော့ ဘာလိုလို့ ပြောတာလဲ၊ (အကြောင်းအကျိုး လွဲပြောင်းလို့ မရတာ ပြောတာပါဆရာ)၊ အကြောင်းတရားလွဲပြောင်းလို့ မရတာ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာမှ တစ်ပါး တခြားသော အကြောင်းကြောင့် မဖြစ်ကောင်းဘူး ဟုတ်လား (မဖြစ်ကောင်းပါဘူးဆရာ)၊ အဝိဇ္ဇာကြောင့်သာလျှင် ဖြစ်ရမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါကို အဓိကထား ပြတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အမယ်လေးဟဲ့၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။

"အဝိဇ္ဇာဒီဟိ ပန ကာရဏေဟိ သင်္ခါရာဒီနံယေဝ သမ္ဘဝေါ ခီရာဒီဟိ ဒဓိအာဒီနံ ဝိယ၊ န အညေသန္တိ အယံ ဧဝံဓမ္မတာနယော နာမ"။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၈၈)

ပန၊ ဧဝံဓမ္မတာနည်းကို ဆိုဦးအံ့။ အဝိဇ္ဇာဒီဟိ၊ အဝိဇ္ဇာအစရှိကုန်သော။ ကာရဏေဟိ၊ အကြောင်းတရားတို့ကြောင့်။ သင်္ခါရာဒီနံယေဝ၊ သင်္ခါရစသောတရားတို့၏သာလျှင်။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ခီရာဒီဟိ၊ နွားနို့စသည်တို့မှ။ ဒဓိအာဒီနံ၊ နို့ဓမ်းစသည် တို့၏။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ အညေသံ၊ တစ်ပါးသော အကြောင်းတို့၏။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ ဣတိ အယံ၊ ဤသည်ကား။ ဧဝံဓမ္မတာနယော နာမ၊ ဧဝံဓမ္မတာနည်း မည်၏။

ဒီနေရာလေးမှာ နွားနို့ကြောင့် နို့ဓမ်းသာလျှင် ဖြစ်ကောင်းတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဣတိ အယံ န အညေသံ၊ တစ်ပါးသော အကြောင်းတို့ကြောင့်ဖြင့် နို့ဓမ်း ဘယ်တော့မှ မဖြစ်ကောင်းဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တားမြစ်ထားတာ၊ တစ်ပါးသော အကြောင်းကြောင့်

http://www.dhammadownload.com



နို့ခမ်း ဘယ်တော့မှ မဖြစ်ကောင်းသလိုတဲ့၊ အဝိဇ္ဇာအစရှိသော အကြောင်းကြောင့်သာလျှင် သင်္ခါရ အစရှိသော အကျိုးတရားတို့ဟာ အမှန်မုချ ဖြစ်ရမယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ဖြစ်တာ "ဧဝံဓမ္မတာနည်း"လို့ ခေါ်ပါတယ်တဲ့။ ဒါ ဓမ္မတာသဘောပဲ ဒီလိုပဲ ဖြစ်တာပါပဲ၊ ဘယ်သူမှ ပြုလုပ်ဖန်တီးပေးရတာ မဟုတ်ပါဘူးတဲ့၊ ဒီအကြောင်းပေါ်ရင် ဒီအကျိုးဖြစ်ရမှာ အမှန်ပဲ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာဖြစ်ရင် ဘာဖြစ်မယ်၊ (သင်္ခါရဖြစ်ရမှာပါဆရာ)၊ ဒီအတိုင်းသွားမယ်ဟုတ်လား (ဒီအတိုင်းပါပဲဆရာ)၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ပြုပြင်ဖန်တီးပေးရသေးသလား (မပေးရပါဘူးဆရာ)၊ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်၏ လုံ့လ ပယောဂ ဗျာပါရ ပါသေးလား (မပါပါဘူးဆရာ)၊ မပါဘူး၊ ဒါဖြင့် ဒီအဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်မှာပေါ့ (ဖြစ်မှာပါဆရာ)။ နွားနို့ရှိလျှင် ဘာဖြစ်မယ်၊ (နို့ခမ်းဖြစ်မှာပါဆရာ)၊ နို့ခမ်းသည် ဘာကြောင့်ဖြစ်၊ (နွားနို့ကြောင့် ဖြစ်တာပါဆရာ)၊ နို့ခမ်းသည် အဝိဇ္ဇာကြောင့်ဖြစ်တယ် ပြောဦးမလို့၊ ငါမင်းအကြောင်းသိတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရသာလျှင် ဖြစ်မှာပေါ့ (ဖြစ်မှာပါဆရာ)၊ အကြောင်းလည်း လွှဲပြောင်း မရကောင်းဘူး နော် (မှန်ပါတယ်ဆရာ)၊ အကျိုးကျတော့ လွှဲပြောင်းလို့ ရသေးလား (မရပါဘူးဆရာ)၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတဲ့ နေရာမှာ အဝိဇ္ဇာကြောင့် သင်္ခါရသာလျှင် ဖြစ်ကောင်းသလား၊ တစ်ပါးသော တရားတွေတော့ မဖြစ်ကောင်းဘူးလားလို့ ဒီလို မေးရင် ဘယ်နဲ့ပြောမလဲ၊ (မဖြစ်ကောင်းပါဆရာ)၊ အကြောင်းအကျိုးလွှဲပြောင်းလို့ မရကောင်း နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "ခီရာဒီဟိ ဒဓိအာဒီနံ ဝိယ၊ န အညေသန္တိ အယံ ဧဝံဓမ္မတာနယော နာမ"။ ခီရာဒီဟိ၊ နွားနို့အစရှိသည်တို့မှ။ ဒဓိအာဒီနံ၊ နို့ခမ်းအစရှိသည်တို့၏။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ ဟောတိ ဝိယ၊ ဖြစ်ကဲ့သို့။ ဧဝံ၊ စာထား၊ ထို့အတူ။ အဝိဇ္ဇာဒီဟိ၊ အဝိဇ္ဇာအစရှိကုန်သော။ အဝိဇ္ဇာဒီဟိ- မှ အာဒိသဒ္ဒါဖြင့် သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် အကုန် လျှောက်ကောက်၊ အဝိဇ္ဇာအစရှိကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ သင်္ခါရာဒီနံယေဝ၊ သင်္ခါရအစရှိကုန်သော တရားတို့၏သာလျှင်။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အညေသံ၊ တစ်ပါးသော အကြောင်းတို့၏။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ န ဟောတိ၊ ဘယ်တော့မှ မဖြစ်။ သေသေချာချာ တိုက်ရိုက်၊ တစ်ပါးသော အကြောင်းတို့ကြောင့် ဘယ်တော့မှ မဖြစ်ဘူးတဲ့၊ ဖြစ်ပါအုံးမလား (မဖြစ်ပါဘူးဆရာ)၊ ဒါဖြင့် သူ့ကြောင့် သူဖြစ်နေတာ မှန်တာပေါ့ (မှန်ပါတယ်ဆရာ)၊ သူ့ကြောင့်သာလျှင် သူဖြစ်ရမယ်၊ တစ်ပါးသော အကြောင်းကြောင့် လွှဲပြောင်းလို့ မရကောင်းဘူး၊ ဒါလေးတွေ မှတ်ထားပြီးတော့ ပြနေတာ၊ ဒါလေးတွေ သေသေချာချာမှတ်၊ ဒါ ဧကတ္တနည်းနဲ့ ဆင်တူ ယိုးမှားလေး ဖြစ်နေပေမယ့် မိမိလိပ်ပတ်လည်လာတဲ့ အခါကျတော့ ဟာ . . . သေသေချာချာ

http://www.dhammadownload.com



ကြည့်လိုက်တော့ သဘောက တခြားစီပါပဲလား၊ ဧကတ္တတုန်းကတော့ အကြောင်းအကျိုးဆက်စပ်လို့ မပြတ်တဲ့သန္တာန်အစဉ်ကို ပြတာ နော် (မှန်ပါတယ်ဆရာ)၊ ဧဝံဓမ္မတာကျတော့ ဒါမဟုတ်ပါဘူး၊ အကြောင်းတရားနဲ့အကျိုးတရားသည် လွဲပြောင်းလို့ မရတာ ပြတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် ဒီဥပမာလေးနဲ့ မှတ်ထား၊ နွားနို့မှ နို့ဓမ်းကို ဖြစ်စေသကဲ့သို့ နို့ဓမ်းသည် နွားနို့ကြောင့် ဖြစ်သကဲ့သို့ နို့ဓမ်းသည် နွားနို့မှတစ်ပါး တခြားသော အကြောင်းကြောင့် မဖြစ်ကောင်းသလို သင်္ခါရသည် အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်သာလျှင် ဖြစ်ရ၏၊ တစ်ပါးသော အခြားသော အကြောင်းကြောင့်တော့ မဖြစ်ကောင်းဘူး နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါ ပြတာ နော် (မှန်ပါတယ်ဆရာ)၊ ဒါကျတော့ ဒါမြင်တော့ ဘာဖြစ်သလဲလို့။ ဣတိ အယံ၊ ဤသည်ကား။ ဧဝံ ဓမ္မတာနယော နာမ၊ ဧဝံဓမ္မတာနည်းမည်၏။ (ဝါ) ဒီလိုပဲ ဖြစ်တတ်တဲ့နည်းပါပဲ။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊

"ယံ သမ္မာ ပဿန္တော ပစ္စယာနုရူပတော ဖလာဝဗောဓတော အဟေတုကဒိဋ္ဌိဥ္စ အကိရိယဒိဋ္ဌိဥ္စ ပဇဟတိ"။

ယံ၊ အကြင်ဧဝံဓမ္မတာနည်းကို။ သမ္မာ၊ မဖောက်မပြန် မှန်မှန်ကန်ကန်။ ပဿန္တော၊ ပညာမျက်စိနဲ့ မြင်သော ပုဂ္ဂိုလ်သည်။ ပစ္စယာနုရူပတော၊ အကြောင်းအားလျော်စွာ။ ဖလာဝဗောဓတော၊ အကျိုးတရား ဖြစ်ပေါ်လာတဲ့ အဓိပ္ပာယ်ကို ထိုးထွင်း၍သိသောကြောင့်။ ဟော . . . ဒီအကြောင်းရှိရင် ဒီအကျိုး ပေါ်မှာတဲ့ နားလည်းလား (နားလည်ပါတယ်ဆရာ)၊ ဒီအကြောင်းရှိရင် ဒီအကျိုးပေါ်မှာပဲလား (ပေါ်မှာပါဆရာ)၊ အဝိဇ္ဇာကြောင့် ဝိညာဏ်များ မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ နာမ်ရုပ်ကော (မဖြစ်နိုင်ပါဘူးဆရာ)၊ သဠာယတနကော (မဖြစ်နိုင်ပါဘူးဆရာ)၊ မဖြစ်ကောင်းဘူး၊ ဒါဖြင့် အဝိဇ္ဇာကြောင့် ဘယ်သူဖြစ်မလဲ၊ (သင်္ခါရဖြစ်မှာပါဆရာ)၊ သြော် . . . ဒီလိုသွားမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သင်္ခါရကြောင့် ဘယ်သူဖြစ်မတုံး၊ (ဝိညာဏ်ဖြစ်မှာပါဆရာ)၊ သြော် . . . ဝိညာဏ်ပဲဖြစ်မယ်၊ ဒို့ပြင်ဟာ မဖြစ်ဘူးလား (မဖြစ်ပါဘူးဆရာ)၊ သြော် . . အဲဒီလိုသွားတာ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် နွားနို့မှ နို့ဓမ်းဖြစ်တာပေါ့၊ (မှန်ပါတယ်ဆရာ)၊ နွားနို့မှတစ်ပါး တခြား နို့ဓမ်း မဖြစ်ကောင်းဘူးပေါ့ (မဖြစ်ကောင်းပါဘူးဆရာ)၊ အေး . . . ဒီအတိုင်းသွားမယ်နော် (မှန်ပါတယ်ဆရာ)၊ နို့ဓမ်းသည် ဘယ်ကဖြစ်၊ နွားနို့ကဖြစ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အေး အေး . . . အဲဒီလိုသွားတယ်၊ ဒါကြောင့် -

ယံ၊ အကြင်ဧဝံဓမ္မတာနည်းကို။ (ဝါ) သူ့သဘာဝအတိုင်း ဖြစ်တတ်သော နည်းကို။ သမ္မာ၊ မဖောက်မပြန် မှန်မှန်ကန်ကန်။ ပဿန္တော၊ ပညာမျက်စိဖြင့် မြင်သိသော ပုဂ္ဂိုလ်သည်။ ပစ္စယာ-

http://www.dhammadownload.com



နုရူပတော၊ အကြောင်းအားလျော်စွာ။ ဖလာ၀ဟောတော၊ အကျိုးတို့၏ဖြစ်ပေါ်လာခြင်းကို ထိုးထွင်း၍ သိခြင်းကြောင့်။ အဟောတုကဒိဋ္ဌိဥ္စ၊ အဟောတုကဒိဋ္ဌိကိုလည်းကောင်း။ အကိရိယဒိဋ္ဌိဥ္စ၊ အကိရိယဒိဋ္ဌိကိုလည်းကောင်း။ ပဇဟတိ၊ ပယ်စွန့်နိုင်လေတော့၏။

အဟေတုကဒိဋ္ဌိနှင့်အကိရိယဒိဋ္ဌိဆိုတာက ဥစ္ဆေဒဝါဒက လာတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘယ်လိုတုံး၊ အကြောင်းတရားတွေ လုပ်နေတယ်ဟော့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မင်းတို့ အခုလုပ်တာ ဘာတုံး၊ ဟာ . . . ကုသိုလ်ပေ့ါ၊ အကုသိုလ်ပေ့ါ၊ ဘာတွေတုံးဟ၊ အဲဒါတွေ အကြောင်းခံနေတာပေ့ါ၊ ဒီဘ၀ ဒီအကြောင်းတရားတွေ လုပ်မှ နောင်ဘ၀ ကောင်းသော အကျိုးတရားတွေ ခံစားရမှာပေ့ါဟ၊ ဒီအကြောင်းတရားတွေ လုပ်နေလည်း အပိုပဲ နော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ ပိုတုံး၊ မင်းတို့ ကောင်းတာလုပ်လုပ်၊ မကောင်းတာလုပ်လုပ် အပိုပါပဲကွ၊ ကမ္ဘာကြီး ရှစ်သန်းလေးသိန်းစေ့တဲ့အချိန်ကျတော့ ကမ္ဘာသူကမ္ဘာသားတွေ အကုန်စင်ကြယ်သန့်ရှင်းကုန်မှာပါ၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကုသိုလ်ကံ အကုသိုလ်ကံ တည်းဟူသော အကြောင်းတွေ မလုပ်နဲ့၊ အဟေတုကဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)။ အဲဒီအကြောင်းတရားတွေ လုပ်မှ တို့ဟိုဘက်ဘ၀ အကျိုးတရားတွေ ခံစားရမယ်ဟ၊ ဟိုဘက်ဘ၀ အကျိုးတရားတွေ ခံစားဖို့ မျှော်မနေနဲ့။ နင့်ဥစ္စာတွေက ဒီမှာပဲ သေဆုံးလောင်တုန်း၊ နောက်ဘာမှ မဖြစ်ဘူး ဟုတ်လား (မှန်ပါတယ်ဆရာ)။ အကျိုးတရားဆိုတာ မရှိဘူး၊ အလကားပြောတာ။ ဟောဒါ အကိရိယဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)။ နှစ်ခုစလုံး ဥစ္ဆေဒဝါဒက လာတာမဟုတ်လား (ဥစ္ဆေဒဝါဒက လာတာပါဆရာ)။ အင်မတန် ကြောက်စရာကောင်းတဲ့ ဒိဋ္ဌိကြီးတွေ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ ရှိတယ်, ရှိတယ်, ရှိတယ် ဒါတွေ၊ "သေဆုံးလောင်တုံး"ဆိုတဲ့ ဆရာတို့ ကုသိုလ် အကုသိုလ်တွေ လုပ်နေရင် အပိုပဲ၊ ကမ္ဘာကြီးပျက်တဲ့နေ့က အတူတူခံရတာပဲ၊ ကမ္ဘာလည်း ပျက်ပြီးရော ကမ္ဘာသူကမ္ဘာသားတွေ စင်ကြယ်ပြီး နိဗ္ဗာန် အကုန်ဝင်တာပဲ နော် (မှန်ပါတယ်ဆရာ) ဒီလိုဝါဒတွေ သိပ်များတယ်။

အဲဒါ တို့ဗုဒ္ဓဘာသာမျက်စိနဲ့ ကြည့်တော့ ရှိမယ်မထင်ဘူး၊ ရှိတယ် စုံလင်လို့ မင်းတို့ မစုံစမ်းလို့ အယူအမျိုးမျိုး ရှိတယ် နော် (ရှိပါတယ်ဆရာ) ကမ္ဘာကြီးရှစ်သန်းနဲ့လေးသိန်းရှိသောအခါ ကမ္ဘာသူကမ္ဘာသားတွေ ဒီကြားမှာ ဘာတွေ လုပ်နေ၊ ပညာရှိ ပညာမဲ့၊ သူတော်ကောင်း သူယုတ်မာ၊ လူလိမ္မာ လူမိုက်၊ သူချမ်းသာ သူဆင်းရဲ ဘာတွေ မကောင်းတာတွေလုပ်၊ မကောင်းကျိုးတွေ ခံရလိမ့်မယ်၊ ကောင်းတာတွေလုပ် ကောင်းကျိုးတွေ စံရလိမ့်မယ် . . အလကား ပြောတာ၊ ဒါတွေ မဟုတ်ဘူး၊ လုပ်မနေနဲ့ ဒီအကြောင်းတရားတွေ၊ လုပ်စရာမလိုဘူး၊ ဘာဖြစ်လို့ ကမ္ဘာကြီးရှစ်သန်းနဲ့ လေးသိန်းရှိတဲ့ အခါကျတော့ ကမ္ဘာသူကမ္ဘာသားတွေ အကုန်လုံး စင်ကြယ်သန့်ရှင်းသွားလိမ့်မယ်၊ ဆိုလိုတာက

http://www.dhammadownload.com


နိဗ္ဗာန်ရောက်သွားလိမ့်မယ်၊ ဒီဝါဒ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မင်းတို့ ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတဲ့ အကြောင်းတရားတွေ လုပ်စရာမလိုဘူး၊ အကြောင်းတရားဆိုတာ မရှိ၊ တချို့ကလည်း ဟော့ . . . လွန်ခဲ့သော အတိတ်ဘဝက တို့အလုပ်လုပ်လို့ ခုဘဝလာ အကျိုးတရားတွေ ခံစားနေရတယ်၊ ဒီဘဝလည်း ဒီအကြောင်းတရားတွေ လုပ်၊ နောင်ဘဝ အကျိုးတရားတွေ ခံစားရမှာပဲ၊ အကျိုးမျှော်ကိုး မနေကြနဲ့ အကျိုးတရားဆိုတာ မရှိဘူးဟ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ နှစ်မျိုးခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ကြည့်စမ်း - ပစ္စယာနုရူပတော၊ အကြောင်း အားလျော်စွာ၊ ဖလာဝဗောဓတော၊ အကျိုးတရား၏ ဖြစ်ပေါ်ခြင်းကို ထိုးထွင်း၍သိသောကြောင့်။အခုနပြောတဲ့ အကြောင်းတရားလည်း ပယ်တယ်၊ အကျိုးတရားလည်း ပယ်တယ်ဆိုတဲ့ အဟေတုကဒိဋ္ဌိနဲ့ အကိရိယဒိဋ္ဌိ နှစ်ပါးကို ပယ်နိုင်၊ သတ်နိုင်တယ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)။

အခု ဒီကြည့်တော့ သူတို့ ပြောသလို ဟုတ်သေးရဲ့လားဟ (မဟုတ်ပါဘူးဆရာ)၊ အကြောင်းတရား ပေါ်လာရင် ဘာဖြစ်တာလဲ၊ (အကျိုးတရားပေါ်မှာပါဆရာ)၊ ဩော် . . . အကြောင်းတရား ပေါ်လာရင် အကျိုးတရား ပေါ်လာတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပေါ်လာတဲ့ အကြောင်း အားလျော်စွာ နောက်က အကျိုးကလည်း ကပ်လျက်သားလား (ကပ်လျက်သားပါဆရာ)၊ အေး ဆက်လျက်သား၊ ဆက်လျက်သား၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အကြောင်းတရားသာ ပေါ်ပြီးတော့ အကျိုးတရား မရှိဘဲနေတာ ရှိသလား (မရှိပါဘူးဆရာ)၊ ဟိုပဋိစ္စသမုပ္ပါဒ် သေသေချာချာ ကြည့် - အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ တစ်လုံးချင်းလျှောက်ကြည့်၊ အဝိဇ္ဇာဖြစ်လာရင် သင်္ခါရဆိုတဲ့ အကျိုးတရားက နောက်ကပေါ်လို့ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ အဝိဇ္ဇာက အကြောင်းတရား၊ ဒါဖြင့်ရင် အကြောင်းဖြစ်ရင် အကျိုးမဖြစ်ဘဲ နေတဲ့ နေရာရှိသလား (မရှိပါဘူးဆရာ)၊ မရှိဘူး၊ ဒါဖြင့် အကျိုးသာရှိပြီးတော့ အကြောင်းမဖြစ်တဲ့ တရားတွေ တွေ့သလား (မတွေ့ပါဘူးဆရာ)၊ ဩော် . . . ဒါဖြင့် အကြောင်းနဲ့အကျိုး ဆက်စပ်နေတာပေါ့ (ဆက်စပ်နေတာပါဆရာ)၊ ဒါကြောင့် ပစ္စယာနုရူပတော၊ အကြောင်းအားလျော်စွာ။ ဖလာဝဗောဓတော၊ အကျိုးတရားရဲ့ ဖြစ်ပေါ်လာခြင်းကို ထိုးထွင်း၍သိပါသဖြင့်။ ကြည့်စမ်း - အကြောင်းဖြစ်ရင် အကျိုးပေါ်တာ၊ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ အကြောင်းဖြစ်ရင် အကျိုးဖြစ်လာတယ်တဲ့၊ ဖြစ်လာသော အကြောင်းအားလျော်စွာ အကျိုးတရားကလည်း ဖြစ်လာတယ်တဲ့၊ ရပ်လို့ ရရဲ့လား (မရပါဘူးဆရာ)၊ အကြောင်းပင် ဖြစ်စမ်းပါဟ၊ အကျိုးမဖြစ်ဘဲ နေစမ်းပါ၊ ဆိုလို့ ရရဲ့လား (မရပါဘူးဆရာ)၊ ရဖူးလား (မရပါဘူးဆရာ)၊ အကျိုးချည်းဖြစ်စမ်းပါဟ၊ အကြောင်းမခံစမ်းပါနဲ့ဟ ဆိုလို့ ရရဲ့လား (မရပါဘူး

http://www.dhammadownload.com


ဆရာ)၊ ဩော် . . . ဒါဖြင့် အကြောင်းနဲ့အကျိုးက ဆက်စပ်နေတာပေါ့ (ဆက်စပ်ပါတယ်ဆရာ)၊ ဒါဖြင့် အကြောင်းဖြစ်ရင် အကျိုးဖြစ်မှာပေါ့ (ဖြစ်မှာပါဆရာ)၊ အဲဒါလေးကို သေသေချာချာ စဉ်းစားပေး၊ အကြောင်းဖြစ်ရင် အကျိုးဖြစ်မယ်လို့ အကြောင်းတရားသာဖြစ်ပြီးတော့ အကျိုးမဖြစ်ဘဲ နေသော တရား၊ အကျိုးသာဖြစ်ပြီးတော့ အကြောင်းမပေါ်သောတရား ရှိရဲ့လား (မရှိပါဘူးဆရာ)။

ဒါဖြင့်ရင် သူတို့ပြောတဲ့ အကြောင်းတရားတွေ ခံစရာမလိုဘူးဟ၊ အကြောင်းတရားဆိုတာ မရှိပါဘူး၊ ဟုတ်နိုင်ရဲ့လား (မဟုတ်နိုင်ပါဘူးဆရာ)၊ ဒါဖြင့် ဒီအကြောင်းကြောင့် ဖြစ်ပေါ်တဲ့ အကျိုး တရားဆိုတာ မျှော်မနေနဲ့ မရှိဘူး၊ ဟုတ်ရဲ့လား (မဟုတ်ပါဘူး ဆရာ)၊ ဒါကြောင့် ပစ္စယာနုရူပတော၊ အကြောင်းအားလျော်စွာ။ ဖလာဝဗောဓတော၊ အကျိုးတရားရဲ့ ဖြစ်ပေါ်လာခြင်းကို ထိုးထွင်း၍ သိသောကြောင့်။ အဟေတုကဒိဋ္ဌိဥ္စ၊ အကြောင်းတရားဆိုတာ လုံးဝမရှိဟူသော အဟေတုကဒိဋ္ဌိ ကိုလည်းကောင်း။ အကိရိယဒိဋ္ဌိဥ္စ၊ ထိုအကြောင်းတရားကြောင့်ဖြစ်လာသော အကျိုးတရားမရှိဟု ယူဆသော အကိရိယဒိဋ္ဌိကိုလည်းကောင်း။ ပဇဟတိ၊ ပယ်စွန့်နိုင်ပေတော့၏။

ဧဝံဓမ္မတာနည်းလေးဖြာ။ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း၊ ဧဝံဓမ္မတာနည်း - မြန်မာလို တိုတိုအဓိပ္ပာယ်ပြန်တော့ ဘာတဲ့၊ (ဒီအတိုင်းပဲ ဖြစ်တတ်ပါတယ်ဆရာ)၊ ဒီအတိုင်းလည်း ပါသေးတယ်၊ မင်းကို ဘယ်သူက သင်ထား၊ ပြန်ပြောစမ်း (ဒီအတိုင်းဖြစ်တတ်ပါသတဲ့ ဆရာ)၊ ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ ငါသင်တုန်းက ဒီလိုပဲ ဖြစ်တတ်တယ်၊ သူ့ကျတော့ ဒီအတိုင်းပဲ ဖြစ်တတ်ပါတယ်တဲ့၊ ဒီလိုပဲ ဖြစ်တတ်ပါတဲ့လား (မှန်ပါတယ်ဆရာ)၊ "ဧဝံဓမ္မတာ"ဆိုတာ ဒီလို ဖြစ်တတ်ပါတယ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မြန်မာလို ပိုပြီးနားလည်အောင် ပြောတော့ "ထုံးစံအတိုင်းပါပဲ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "ထုံးစံအတိုင်းပါပဲ"၊ ဒါအရပ်သုံး၊ ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ ထုံးစံအတိုင်းပါပဲ၊ ဒါကြောင့် အဝိဇ္ဇာကအစ ဇရာမရဏကျအောင် အဝိဇ္ဇာ ကြောင့် သင်္ခါရဖြစ်၊ နမူနာလေးတစ်ခု ကြည့်ထား၊ နမူနာတစ်ခု ရပြီဆိုရင် နောက်က ဟာတွေ အတူတူပဲ သွားတယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ အဝိဇ္ဇာဖြစ်လာရင်ဖြင့် သင်္ခါရဖြစ်တော့မှာလို့ နော် (မှန်ပါတယ် ဆရာ)၊ အဝိဇ္ဇာဟူသော အကြောင်းဖြစ်လာလို့ရှိရင် သင်္ခါရဟူသော အကျိုးတရားဖြစ်မယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာလေးက အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရအကျိုးဖြစ်တယ်ဆိုတော့ အကြောင်းနဲ့အကျိုး ဆက်စပ်တာလေး၊ ဒီစကားလေးက ပါနေတော့ ဘာနဲ့ ထွေးလုံးရစ်ပတ်ဖြစ်တတ်သလဲ ဆိုရင် ဧကတ္တနည်းနဲ့ သွားပြီးတော့ ထွေးလုံးရစ်ပတ်ဖြစ်တတ် တယ်နော် (မှန်ပါတယ်ဆရာ)၊ ဧကတ္တနည်းတုန်းကတော့ အကြောင်းနဲ့အကျိုး ဆက်စပ်နေပုံ။ အကြောင်းတရားဖြစ်ရင် အကျိုးတရား ဖြစ်ရမယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းတရား

http://www.dhammadownload.com



ဖြစ်ရဲ့သားနဲ့ အကျိုးတရားမဖြစ်သော တရားရယ်လို့ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ အဲဒါအကြောင်းနဲ့ အကျိုး ဆက်စပ်တာကို အဓိကထားပြတာ၊ အကြောင်းအကျိုး ဆက်စပ်သွားတာဟာတဲ့ အပြတ် မရှိဘူး၊ အလပ်မရှိဘူး၊ အကြားမရှိဘူး၊ ရပ်နေတာ မရှိဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ဧကတ္တနည်းနဲ့ ဆင်တူယိုးမှားလေး ဖြစ်နေတော့ နည်းနည်းထွေးမှာစိုးလို့ ထပ်ပြန်တလဲလဲ တော်တော် လေး ဖိပြီးတော့ ပြနေတာ။

ဒါကြောင့် ဧကတ္တနည်းတုန်းကတော့ အကြောင်းနဲ့အကျိုး ဆက်စပ်နေတာ၊ အပြတ်၊ အလပ်၊ အရပ် အကြား၊ အခြားမရှိဘဲ ဆက်စပ်နေသော သန္တာန်အစဉ်ကို မြင်လို့ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်တယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဥစ္ဆေဒဒိဋ္ဌိဆိုတာ အပြတ်ချည်း မဟုတ်လား (အပြတ်ချည်းဆရာ)၊ အေး . . . အပြတ်ချည်း၊ ဒါ ဥစ္ဆေဒဒိဋ္ဌိအားဖြင့် ယူထားတဲ့ ပုဂ္ဂိုလ်များအတွက် တစ်ဘဝဖြစ်ပြီးရင် သေဆုံးလောင်တုန်း၊ နောက်မျှော်လင့်ချက်မရှိ၊ နောက်ဘဝ နောက်ဘဝ ဆိုတာ မရှိ၊ အရင်ဘဝ ဆိုတာလည်း မရှိ၊ အခုလက်ရှိ ပစ္စုပ္ပန်ဘဝဖြစ်ပြီးရင် နောက်ထပ် ဘာမှမဖြစ်၊ ဘဝပျက်ကရောလို့ ဒီလိုယူထားတဲ့ ဥစ္ဆေဒဒိဋ္ဌိသမားတွေ ဧကတ္တနည်းကို ကြည့်လိုက်ရင်တဲ့ ဒီဥစ္ဆေဒဒိဋ္ဌိ ပြုတ်သွားတယ်နော် (မှန်ပါတယ်ဆရာ)၊ တို့ယူသလို၊ တို့ထင်သလို၊ တို့နားလည်သလို၊ တို့မှတ်သားထားသလို မဟုတ်ပါ ဘဲတဲ့။ သံသရာကြီး တို့လည်နေတာ အဝိဇ္ဇာက စ ဇရာမရဏာကျအောင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နဲ့ ဒီလိုချည်း စပ်ဆက်ပြီးတော့ သွားနေတယ်၊ အကြောင်းတရားနဲ့ အကျိုးတရားဟာ ဘယ်နေရာမှ ရပ်နားတယ်လို့ မရှိဘူး၊ တစ်ဆက်တည်းချည်းပါလားလို့ မြင်တော့ စောစောက ဥစ္ဆေဒဒိဋ္ဌိယူဆထား တာတွေ အကုန်လုံး စွန့်လိုက်တယ်၊ ပယ်လိုက်တယ်တဲ့၊ ဧကတ္တနည်းတုန်းက ဒီလိုပြတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

"ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟာတိ။" အကြောင်းအကျိုးဆက်စပ်ပြီး ဖြစ်နေသော သန္တာန်အစဉ်ကြီး မြင်တာနဲ့ တစ်ဘဝဖြစ်ပြီးရင် နောက်ထပ် ဘာမှမဖြစ်၊ ပြတ်ကရော၊ ရပ်ကရော ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိကြီး စွန့်နိုင်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တို့များကလည်း ကောင်းကောင်းနေမကောင်းတာနဲ့ သီတင်းတစ်ပတ် အနားယူလိုက်တယ်၊ အနားယူရင်း၊ နေတော့ မကောင်းဘူး၊ နေမကောင်းတော့ တဒေါင့်တစ်နေရာက စနည်းနာ၍၊ အခုတစ်ခါ ပဋိစ္စသမုပ္ပါဒ်မှာ ဇဝံမမ္မတာနည်းလေးဖြာပြ၊ တော်တော်ကြီး ရှင်းလင်းပြတ် သားတဲ့ ပုဂ္ဂိုလ်တွေ တော်တော်လည်း ပေါ်တယ်၊ တော်တော်လည်း ပြတ်သားကြတယ်၊ အရင်အပတ် တွေတုန်းက ဒီလောက်မပြတ်သားခဲ့ဘူး၊ ခုတစ်ပတ်တော့ တော်တော် ပြတ်သားတယ်၊ အများအားဖြင့် အဲဒီလို သတင်းစကားလည်း ကြားရတယ်၊ ပြတ်သားပါမှပဲလို့ ငါလည်း ဒီတစ်ပတ် ဒီနည်းလေးပါးမှာ

http://www.dhammadownload.com



တော်တော်ကြီး ပြတ်သားပါစေဆိုတဲ့ စေတနာအားဖြင့် အပင်ပန်းတော်တော်ခံပြတယ်၊ ဆိုကြပါစို့၊ နည်းလေးပါးကတော့ အင်တိုက်အားတိုက် တိုးလိုက်တာပေါ့လေ၊ ပင်ပန်းတာကတော့ ပဋိစ္စသမုပ္ပါဒ် ဝင်စကတည်းက၊ ဒီတစ်ခါတော့ ပဋိစ္စသမုပ္ပါဒ် ရှည်ရှည်မြင့်မြင့်နဲ့ အရပြမယ် ဆိုတဲ့အနေအားဖြင့် တော်တော်ကြီး အပင်ပန်းခံပြတယ်၊ အဲဒါကြောင့် ဝမ်းသာလောက်တဲ့ သတင်းစကားလည်း ကြားရပါတယ်၊ များသောအားဖြင့် နည်းလေးပါးမှာ တော်တော်ပြတ်သားကြတယ်လို့၊ အားရစရာပဲလို့၊ အပင်ပန်းခံရတဲ့ ကျေးဇူးလည်း နပ်ပါရဲ့၊ အဲဒီကြားထဲ တစ်ခါ နင်းကျိုးနင်းကျော် ဆိုသလိုပေါ့၊ တစ်ခါ ကြားရပြန်တယ်၊ သိပ်မပြတ်သားဘူးတဲ့၊ ဧကတ္တနဲ့ ဧဝံဓမ္မတာနဲ့ ခွဲလို့ မရဘူးတဲ့၊ အကြောင်းအကျိုးသာ ဆက်စပ်နေတဲ့သဘောသာ ဒါကိုသာ နားလည်နေတယ်လို့၊ တချို့လည်း ဒီလိုနင်းကျိုးနင်းကျော် ဖြစ်နေတယ်၊ တွေတွေဝေဝေဖြစ်နေတယ်၊ အဲဒါတော့ နည်းပါတယ်၊ ဒီတော့ အနည်းနဲ့အများ ဆိုသလို အများနားလည်တယ်ဆိုရင်ပဲ အားရစရာပေါ့လို့၊ ကျေနပ်စရာပေါ့လို့၊ နည်းနည်းပါးပါးတော့ ရှိချင် ရှိမှာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ရှိတဲ့ပုဂ္ဂိုလ်များကလည်းပဲ ဒီကပြတဲ့ သဘောလေးတွေ သေသေချာချာ သမာဓိကောင်းကောင်းထားပြီးတော့ အာရုံစိုက်လည်း မှတ်။

ဒီတော့ ဒီ ဧဝံဓမ္မတာနည်းနဲ့ ဧကတ္တနည်းဟာ ဆင်တူယိုးမှားလေးနေတော့ နားမလည်ဘူး ဆိုလည်း မလည်စရာပဲ၊ စောစောကပြောတဲ့အတိုင်း ဧကတ္တနည်းဆိုတာက အကြောင်းအကျိုး ဆက်စပ်ပြီး သံသရာအစကတည်းက ဖြစ်ပျက်လာတဲ့သဘာဝ၊ အကြောင်းနဲ့အကျိုးက ဆက်လျက် သား ဆက်လျက်သားလာလို့ အပြတ် အလပ်မရှိဘူး၊ အကြောင်းအကျိုးဖြစ်နေတဲ့ သန္တာန်အစဉ်ကြီးရဲ့ တစ်ဆက်တည်းပဲလို့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ မင်းတော့ ပြတ်သားရဲ့လား (ပြတ်သား ပါတယ်ဆရာ)၊ တကယ်ပြတ်သားလား (တကယ်ပါဆရာ)၊ ဒါဖြင့် ဧကတ္တနဲ့ဧဝံဓမ္မတာ ဘာခွဲခြား ပြတာလဲ၊ ပြတ်သားသွားပြီ၊ (ဧကတ္တနည်းက အကြောင်းအကျိုး ဆက်စပ်ပြီး သန္တာန်မပြတ်မြင်တာကို ပြောတာပါဆရာ)၊ သန္တာန်မပြတ် ဖြစ်နေတာ၊ (သန္တာအစဉ် မပြတ်ဖြစ်နေတာပါဆရာ)၊ ဩော် . . . ဒါကို ရည်ရွယ်ပြောတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲ . . . ဟုတ်လိုက်တာ၊ (ဧဝံဓမ္မတာနည်းက အဝိဇ္ဇာဖြစ်လျှင် သင်္ခါရဖြစ်မှာပါဆရာ)၊ ဟော . . . အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်မယ် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘာပြောတာလဲ (ဒီလိုပဲ ဖြစ်တတ်ပါတယ်ဆရာ)၊ ဩော် . . . ဒီလိုပဲ ဖြစ်တတ်တယ် (မှန်ပါတယ်ဆရာ)၊ ဩော် . . . ဒီအကြောင်းတရားနဲ့အကျိုးတရား လွှဲပြောင်းလို့ မရဘူး ဟုတ်လား (မရပါဘူးဆရာ)၊ အဝိဇ္ဇာဆိုတဲ့ အကြောင်းတရားဖြစ်ရင် သင်္ခါရဆိုတဲ့ အကျိုးတရား ဖြစ်မယ်ဟုတ်လား (ဖြစ်မှာပါဆရာ)၊ အဝိဇ္ဇာတည်းဟူသော အကြောင်းတရား ဖြစ်ပြီးတော့ သင်္ခါရတင်မက တစ်ပါးသော တခြားသော အကြောင်းတရားတွေ မဖြစ်ကောင်ဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဩော် . . .

http://www.dhammadownload.com



ဒီလိုကိုး နော် (မှန်ပါတယ်ဆရာ)၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ အဝိဇ္ဇာဆိုတဲ့ အကြောင်းဖြစ်ရင် သင်္ခါရဆိုတဲ့ အကျိုးတရားဖြစ်ရမယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူလုပ်ပေးတာလဲ (ဘယ်သူမှ လုပ်မပေးပါဘူးဆရာ)၊ ဘယ့်နှယ့်ဖြစ်လာတာလဲ (ဘယ့်နှယ်မှ မဖြစ်ပါဘူးဆရာ)၊ ဟောဗျာ ဒုက္ခပဲ၊ မင်းမေးတာ မဟုတ်ဘူး၊ (အဝိဇ္ဇာဆိုတဲ့ အကြောင်းတရားက လုပ်ပေးတာပါဆရာ)၊ ဟော ဖြစ်လာပြန်ပေါ့၊ အဝိဇ္ဇာဆိုတဲ့ အကြောင်းတရားက လုပ်ပေးတာလို့ ဆိုလို့ရှိရင် ဒင်းအထက်နားက အဗျာပါရနည်းက မင်းဖနောင့်နဲ့ပေါက်လိမ့်မယ်။ (အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်မှာပါဆရာ၊ ဘယ်သူမှ လုပ်မပေးပါဘူးဆရာ)၊ ဘယ်သူမှ လုပ်မပေးဘူးလား (လုပ်မပေးပါဘူးဆရာ)၊ ဘယ်လိုဖြစ်တာပါလိမ့်၊ (အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်မှာပါဆရာ)၊ အေးလေ . . . ဘယ်လိုဖြစ်တာပါလိမ့်၊ ပြောကိုမပြောတတ် ဘူး၊ ဘာတဲ့ စောစောက ပြောထားတဲ့ (ဒီလိုပဲ ဖြစ်တတ်ပါတယ်ဆရာ)၊ ဩော် . . . ဒီလိုပဲ ဖြစ်တတ် တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူပြုပြင်ပေးတာမှ မဟုတ်ဘူးပေါ့၊ (မဟုတ်ပါဘူးဆရာ)၊ ဘယ်သူ ဖန်တီးပေးတာမှ မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)၊ ဒီအဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်မယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သူ့ကို ဘာသဘောလို့ (ဧဝံဓမ္မတာနည်းပါဆရာ)၊ ဓမ္မတာ သဘောပြော၊ ဘာသဘောတဲ့လဲ (ဓမ္မတာသဘောပါဆရာ)၊ ဓမ္မတာသဘောနော် (မှန်ပါတယ်ဆရာ)၊ ဓမ္မတာသဘော၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဧဝံ၊ ဤသို့။ ဓမ္မတာ၊ သဘောတရားအတိုင်းဖြစ်တတ်၏။ "ဧဝံဓမ္မတာ" ဆိုတာ ဒီလိုပဲတဲ့၊ ဖြစ်တတ်ပါတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဧဝံဓမ္မတာနည်းပြတာက အကြောင်းနဲ့ အကျိုးကတော့ စကားအနေအားဖြင့် ထည့်သွင်းပြတာ၊ အဓိကရည်ရွယ်ချက်ကတော့ အဝိဇ္ဇာ တည်းဟူသော အကြောင်းရှိလို့ရှိရင် သင်္ခါရဟူသော အကျိုးတရား ဖြစ်မယ်တဲ့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သတိထားမိရဲ့လား (သတိထားမိပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည် ပါတယ်ဆရာ)၊ အဝိဇ္ဇာတည်းဟူသော အကြောင်းဖြစ်ရင် ဘာဖြစ်တယ်၊ (သင်္ခါရဖြစ်မှာပါပဲဆရာ)၊ သင်္ခါရဆိုတဲ့အကျိုးတရား ဖြစ်ရမယ်ဟုတ်လား (ဖြစ်ရမှာပါဆရာ)၊ အဝိဇ္ဇာတည်းဟူသော အကြောင်း ကြောင့် သင်္ခါရဆိုတဲ့ အကျိုးတရား မဖြစ်ဘဲနဲ့ ဒီ့ပြင်အကျိုးတရားတွေ မဖြစ်ဘူးလား (မဖြစ်ပါဘူးဆရာ)၊ မဖြစ်ကောင်းဘူးလား (မဖြစ်ကောင်ပါဘူးဆရာ)၊ အေး . . . အဲဒီလို အကြောင်းနဲ့အကျိုး လွှဲပြောင်းလို့ မရဘဲ မြဲမြဲစွဲစွဲအနေအားဖြင့် အဝိဇ္ဇာဖြစ်လာရင် သင်္ခါရဟာ ဖြစ်ရတော့မယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုသွားတဲ့သဘော၊ ဒီတော့ ဧကတ္တနည်းနဲ့ ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဆရာ)၊ အဲဒါ ဆင်တူ ယိုးမှားလေးတွေ လွယ်သယောင်နဲ့ ခက်လည်းခက်တယ်နော်၊ သမာဓိလည်း ကောင်းကောင်းထား၊ စဉ်းလည်း စဉ်းစားပေး၊ ဒါကြောင့် ငါအတန်တန်မှာနေတာ အချင်းချင်းဆွေးနွေးကြဟဲ့၊ အချင်းချင်း

http://www.dhammadownload.com



မေးကြဟဲ့။ ထွေးလုံးရစ်ပတ်ကလေးဖြစ်နေ အဲဒါမပြတ်မသားဖြစ်တတ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဒီအကြောင်းနဲ့အကျိုး လွဲပြောင်းလို့ မရကောင်းတဲ့ ဥပမာလေးကို အဋ္ဌကထာဆရာက ထင်ရှားအောင် ဘာနဲ့ပြ၊ (မေ့နေတယ်)၊ ဟောဗျာ . . . သေသာသေချင်ရော ဆိုတာကျနေ၊ အခု ငါသင်တန်းနားနေတာ နင်ဘာလုပ်နေလဲ၊ (ရထားမောင်းနေတယ်) ဟုတ်လည်းဟုတ်ပ၊ မဟုတ်ဘူး၊ ဒီတရားတွေ နင်ပြန်ပြီးတော့ မလေ့လာဘူးလားလို့ မေးတာ၊ (မလေ့လာမိဘူးဆရာ)၊ မလေ့လာမိဘူး၊ ဝွကျနေတာပဲ၊ မင်းကျောင်းသားကျနေတာ၊ ကျောင်းပိတ်လိုက်ပြီဆို မြူးထွက်သွားတာ တစ်ခါတည်း၊ ဟင်. . . နင့်ဥစ္စာ ဝတ်ကျေတန်းကျေအနေချည်း ဖြစ်နေတာပေါ့ဟ၊ (ဒီလိုလည်း မဟုတ်ပါဘူးဆရာ)၊ ဒီလိုလည်း မဟုတ်ဘူးလား။

ကဲ . . ဒါဖြင့် ငါအစဖော်ပေးလိုက်မယ်၊ အကြောင်းနဲ့အကျိုး လွဲပြောင်းလို့ မရတဲ့ ဥပမာလေး အဋ္ဌကထာဆရာ ပြထားတာ၊ နွားနို့က ဘာဖြစ်တယ်၊ (ဒိန်ခဲဖြစ်တာပါဆရာ)၊ အေး . . . ချလိုက်၊ (နို့ဓမ်းပါဆရာ)၊ နို့ဓမ်း နော် (မှန်ပါတယ်ဆရာ)၊ နို့ဓမ်း မင်းလည်း မမြင်ဖူးဘူး၊ ငါလည်း မမြင်ဖူးဘူး ဆိုတော့ မင်းနဲ့ငါ မြင်ဖူးတာက ဒိန်ခဲမြင်ဖူးတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ချပါကွာ၊ ဒိန်ခဲပါပဲ၊ အတူတူပါပဲ မထူးပါဘူး၊ ဒိန်ခဲ ဘယ်ကဖြစ်၊ (နွားနို့က ဖြစ်တာပါဆရာ)၊ ဒိန်ခဲ နွားနို့က ဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒိန်ခဲ တခြားသော အရာဝတ္ထုက မဖြစ်ကောင်းဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ တကယ်မဖြစ်ကောင်းဘူးလားဟ (တကယ်မဖြစ်ကောင်းပါဆရာ)၊ ထန်းရေကကော (မဖြစ်ကောင်း ပါဘူးဆရာ)၊ ပုံးရည်ကရော (မဖြစ်ကောင်းပါဘူးဆရာ)၊ ဆီကရော (မဖြစ်ကောင်းပါဘူးဆရာ)၊ ရေကရော (မဖြစ်ကောင်းပါဘူးဆရာ)၊ ဘယ်သူ့ကဖြစ်လဲ (နွားနို့က ဖြစ်တာပါဆရာ)၊ ဩော် . . . နွားနို့မှသာလျှင် ဖြစ်ကောင်းတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် နွားနို့က ဒိန်ခဲ ဖြစ်လာ သလိုတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းအကျိုး လွဲပြောင်းလို့ မရဘူး၊ ဒီဒိန်ခဲသည် နွားနို့မှတစ်ပါး တခြားသော အကြောင်း လွဲပြောင်းလို့ မရကောင်းပါဘူးတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီဥပမာလေးကို တို့မြန်မာလို ရှင်းရှင်းပဲ၊ အဋ္ဌကထာဆရာ ပြထားတာ မသိစရာ မရှိပါဘူး၊ ဒီဥပမာ လေး ကိုယ့်ဉာဏ်နဲ့ ပြတ်သားနေလို့ရှိရင် ဥပမေယျက ဒီအတိုင်းသွားတယ်၊ ရှင်းရှင်းလေး နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာနဲ့သင်္ခါရ နွားနို့နဲ့ဒိန်ခဲ မဟုတ်ဖူးလားဟ (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက နွားနို့၊ သင်္ခါရက ဒိန်ခဲ၊ တူရဲ့လား (တူပါတယ်ဆရာ)၊ လက်စသတ်တော့ ဒိန်ခဲက နွားနို့ကသာလျှင် ဖြစ်ကောင်းတယ်၊ နွားနို့မှသာလျှင် ဖြစ်ကောင်းတယ် နော် (မှန်ပါတယ်ဆရာ)၊ နွားနို့မှတစ်ပါး တခြား သော အရာဝတ္ထုက ဒိန်ခဲ ဘယ်တော့မှ မဖြစ်ကောင်းဘူး၊ ဒီဥပမာလိုပဲ သင်္ခါရဟာ အဝိဇ္ဇာကြောင့်

http://www.dhammadownload.com


သာလျှင် ဖြစ်ရတယ်၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဆိုတဲ့ အကျိုးသာလျှင် ဖြစ်ရတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး ပြတ်သားအောင်လို့ ထပ်ပြန်တလဲလဲ ပြပြ၊ ပြပြနေတယ်။ ဒါကြောင့် ကြိုးစားလည်း မှတ်ကြပါလို့၊ ဒီနည်းလေးမျိုးကို နားလည်လိုက်ရင် မိမိတို့ရင်တွင်းမှာ အရင်က မရှင်းခဲ့တဲ့ ဥစ္ဆေဒဒိဋ္ဌိတို့၊ သဿတဒိဋ္ဌိတို့၊ အတ္တဒိဋ္ဌိတို့၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ အဓိကတော့ ဥစ္ဆေဒရယ်၊ သဿတရယ်၊ အတ္တရယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီဒိဋ္ဌိတွေ ပိုပြီးရှင်သွားလိမ့်မယ်၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ပြတ်ပြတ်သားသား နားလည် သွားမယ်ဆိုရင် ဘာလို့ ဝန်ခံနိုင်တယ်၊ (ငါသောတာပန်လို့ ဝန်ခံနိုင်ပါတယ်ဆရာ)။

## နေရာတကာမှာ တရားလည်ပြနေတဲ့ ဘာဘာဂျမ်း

အေး အေး. . . တို့အဘဘုရားကိုယ်တော်မြတ်က မိန့်ကြားသွားလို့ ဘယ်လောက်အားရှိစရာကောင်း။ ဒါကြောင့် ဒီပဋိစ္စသမုပ္ပါဒ်မှာ ငါလည်းပဲ အထူးသဖြင့် ကြည်ညိုလေးစားတဲ့အနေအားဖြင့် လူအများလည်းပဲ တကယ့်ကိုပဲ အဘဘုရားကိုယ်တော်မြတ် မိန့်ကြားတော်မူတဲ့အတိုင်း သောတာပန် ဝန်ခံနိုင်တဲ့ သောတာပန်အစစ်ဖြစ်တာ, မဖြစ်တာ ထားအုံးတော့ သောတာပန်လို့ ဝန်ခံနိုင်တဲ့ အဆင့်အတန်းလည်း ရကြပါစေဆိုတဲ့ စေတနာအားဖြင့် အပင်ပန်း အနွမ်းနယ်ခံပြီး ကြိုးစားပမ်းစား ပြပါတယ်၊ ပြတဲ့အလျောက်လည်း ပင်ပန်းကျိုးလည်း နပ်ပါတယ်၊ ခရီးလည်း အတော်ရောက်ကြပါတယ်လို့၊ ဝမ်းလည်းမြောက်စရာပါပဲ၊ ပြီးတော့လည်းပဲ နာကြားပြီးပြန်တော့လည်းပဲ မေ့မပစ်လိုက်ကြပါနဲ့ နော် (မှန်ပါတယ်ဆရာ)၊ နာကြာပြီးပြန်တော့ မေ့မပစ်လိုက်ကြနဲ့၊ သေသေချာချာ မပျောက်မပျက်အောင် ထိန်းသိန်းစောင့်ရှောက်ထား၊ နောက်တစ်ခါ ဒီလိုပဲ ပြတ်ပြတ်သားသား နာချင်ပါတယ်ဆိုတဲ့ အခွင့်သာမှ နာကြရတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နောက်တစ်ခါ လိုချင်တယ်ဆိုလည်း အခွင့်သာမှ ရကြတာ၊ အကြောင်းမတိုက်ဆိုင်လို့, အခွင့်မသာလို့ရှိရင် ဘယ့်နှယ်ပဲ လိုချင်နေနေ ရဖို့ အလွန်ခဲယဉ်းတယ်၊ မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ)၊ အခု လက်တွေ့နမူနာလေး ပြောလိုက်ရအုံးမယ်၊ ဟောဒီသင်တန်းက ဆင်းသွားတဲ့ ဘာဘာဂျမ်း တရားလည်ပြတာ နှံ့နေတာပဲ၊ ဒါပေမယ့် သူက အစကောင်းပြီး အနှောင်းက မသေချာ ဆိုသလို နောက်ပိုင်းကျ ပျက်ပျက်သွားတယ်။ အစပိုင်းကတော့ ခန္ဓာငါးပါးထိအောင် သက္ကာယခွာခန်းထိအောင် သူတော်တော် ပြောနိုင်ဆိုနိုင်တဲ့ သတ္တိရှိတယ်၊ အဲဒါ သူပြသွားတာ ရန်ကုန်ပေါ်မှာ သုံးနေရာလောက်ရှိတယ်၊ မကြိုက်တဲ့နေရာရယ်လို့ မရှိဘူး၊ တို့များထံကို သတင်းစကားရောက်လာတယ်၊ နာကြားတဲ့ပုဂ္ဂိုလ်တွေ ကိုယ်တိုင်လာပြောတယ်၊ ချီးမွမ်းစကားနော် (မှန်ပါတယ်ဆရာ)၊ မန္တလေးမှာ နှစ်နေရာလောက် ရှိတယ်၊ မြင်းခြံမှာ တစ်နေရာ၊ သူပြတဲ့နေရာတွေ၊ မကြာမီက မိုးကုတ်တက်သွား၊ မိုးကုတ်သွားပြီးတော့ တစ်ဝိုင်းထောင်တယ်၊

http://www.dhammadownload.com


အဲ မိုးကုတ်မှာ ပြတယ်၊ အစကတော့ တော်တော်လေး သဘာဝကျကျနဲ့ပြ၊ နောက်ပိုင်းကျတော့ ပျက်ပြယ်ပြီးတော့ ပြန်ပြေးလာပြန်ရှာတယ်။ သူက အဲဒီလိုနေရာမမြဲဘူး။

အခု မိုးကုတ်က ပြန်လာပြီးတော့ ဒီမှာ တို့များဆီမှာ ဘယ်လကတည်းကတုံး၊ နတ်တော်လကတည်းက, လဆန်းလောက်ကတည်းက မိုးကုတ် သူမပြန်တော့ဘူးတဲ့၊ ရန်ကုန်သွားအုံးမယ် ဆိုပြီး၊ သူထွက်သွားလိုက်၊ ရန်ကုန်မရောက်ဘူး မေမြို့ရောက်၊ မေမြို့ရောက်တော့ မေမြို့ရောက်ရောက်ချင်း ရောက်ရာအရပ် တရား သူပြတယ်၊ အဲဒါ မေမြို့မှာ တော်တော်ချည်းကိုပဲ သူ့တရားကို နှစ်သက်လို့၊ မြတ်နိုးလို့၊ ဒီတရားမျိုး တစ်ခါမှ မနားကြားရလို့၊ သူ့ကို အထူးသဖြင့် ကြည်ညိုလေးစားတာ စစ်တပ်က အားကြီး၊ စစ်ဘက်အရာရှိတွေရော၊ စစ်သားတွေရော အရပ်သူ အရပ်သားတွေရော အဲဒါ သူတို့ တရားပြတဲ့ ဇရပ်ကြီးတန်းဆောင်ပေါ်မှာ နေရာထိုင်ခင်း ရွေးချယ်ပြီးတော့ တရားပေးတယ်၊ တို့များ ဒီသင်တန်းပေးတဲ့ နိဿရည်းအတိုင်းပေ့ါ။ သင်တန်းနိဒါန်းကစလို့ ပညတ်ပရမတ် ခွဲပြီးတဲ့နောက် ရုပ်ဓာတ်(၈)ပါးစလို့ ပထဝီရောက်၊ ပထဝီလည်းပြီးရော ထွက်လည်းပြေးရော မရှိ၊ အဲဒါ မန္တလေးလည်း ရောက်ပြန်ပြီတဲ့၊ အခုညနေပဲ သတင်းပို့၊ အဲ. . . သူမေမြို့မှာ ဒီတရားစဖွင့်ဖွင့်ချင်းပဲ၊ မေမြို့ကနေ စာတစ်စောင်ရောက်လာတယ်၊ ကိုဘာဘာဂျမ်း၊ တရားပြလို့ အများကြီးပဲနှစ်သက်၊ ကြည်ညိုလေးစား ပြီးတော့ ဝမ်းပန်းတသာ ဖြစ်နေကြတဲ့အကြောင်း၊ သူတို့ကလည်း ဒီတရားနဲ့ တွေ့ရခြင်းကြောင့် သံသရာမှာ ထောက်ရာ, တည်ရာ ရပြီလို့လည်း စိတ်ထဲ အများယုံကြည်နေတဲ့အကြောင်း စာစာက စာတစ်စောင်ရောက်၊ အခု မေမြို့က ပြန်လာတဲ့လူကြုံနဲ့ တွေ့တော့ ပြေးပေ့ါ မရှိပြန်ဘူး၊ အဲဒါကြည့်၊ လိုချင်းလွန်းလို့ တ၊ တတနဲ့ မှာလိုက်တယ်တဲ့ ဒီကသွားတဲ့လူကို။ ကိုဘာဘာဂျမ်း တွေ့လို့ရှိရင်ဖြင့် ဆောင်းတွင်းမနေနိုင်တောင်ပဲ နွေပေါက်လို့ရှိရင် ရောက်အောင် ကြံဖန်ပြီးတော့ ပို့ပေးစမ်းပါ၊ သူတို့တော့ တရားလက်စ မသတ်ဖြစ်နေပေ့ါ၊ ဒီတရားမရလို့ ရှိရင်လည်း မနေနိုင်ဖြစ်နေပေ့ါ၊ အများက ဝိုင်းပြီးတော့ တောင်းပန်ကြတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့်၊ ကြိုက်တော့ ကြိုက်ကြတယ် မို့လား (ကြိုက်ပါတယ်ဆရာ)၊ ကြုံရဲ့လား (မကြုံပါဘူးဆရာ)၊ အဲဒါကြည့်၊ အဲဒါကြည့်

ဒီတော့ တို့ပစ္စက္ကူမြို့ကတော့ကွယ် တော်တော်ဈေးပေါပေါနဲ့ တရားက အချောင်ရနေတယ်။ သိပ်လည်း မလေးစားကြဘူး၊ လေးစားတဲ့လူကလည်း လေးစား၊ မလေးစားတဲ့လူကလည်း မလေးစားပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ နေ့စဉ်မပြတ်ကလည်း တွေ့နေတာကိုး၊ ဒါကြောင့် တချို့မြို့ ဒေသမှာ အခုပြတဲ့ လက်စလေးတွေနဲ့ လိုချင်လွန်းလို့ လျှမ်းလျှမ်းတက်၊ ငမ်းငမ်းတက်ဆိုသလိုပဲ ဘယ့်နှယ်ပဲ ဖြစ်နေနေ လိုချင်သော်လည်းပဲ ခမျာများ မရကြလို့ တမော့မော့နဲ့၊ ကိုဘာဘာဂျမ်းရောက်အောင် တစ်ဆိတ်ဆောင်ကြဉ်ပေးပါ၊ ပြောပေးပါနဲ့၊ ဝိုင်းပူဆာလိုက်ကြတာ၊ သနားစရာလည်း ကောင်းတယ်

http://www.dhammadownload.com



နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် အခွင့်သာမှ နာကြားရတယ်လို့ ကြုံပေမယ့် ကြိုက်ချင်မှလည်း ကြိုက်မှာ၊ ကြိုက်သော်လည်း ကြုံချင်မှ ကြုံမယ်၊ "ကြုံ, ကြိုက်"ဆိုတဲ့ စကားနှစ်လုံး ပေါင်းဆုံဖို့က အတော်ခဲယဉ်းတယ်၊ မလွယ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ကြုံပေမယ့် ကြိုက်ရဲ့လား (မကြိုက်ပါဘူး ဆရာ)၊ တို့ ပခုက္ကူမြို့ လူဦးရေပေါင်း သုံးသောင်းကျော်ရှိတယ်၊ တို့ဒီသင်တန်းဆိုတဲ့ ဝိပဿနာ သင်တန်းကြီးနဲ့၊ မဂ်လမ်း ဖိုလ်လမ်း ပို့နေတဲ့ သင်တန်းကြီးနဲ့ ကြုံတယ်မို့လား (ကြုံပါတယ်ဆရာ)၊ ကြိုက်ကြရဲ့လား (မကြိုက်ပါဘူးဆရာ)၊ မကြိုက်ဘူး နော် (မှန်ပါတယ်ဆရာ)၊ အခု မေမြို့က လူစု တွေဆို ကြိုက်တယ်မို့လားဟ (ကြိုက်ပါတယ်ဆရာ)။ ဒါပေမဲ့ ကြုံရဲ့လား (မကြုံပါဘူးဆရာ)၊ ဟော အဲဒီလိုနေတာ၊ ကြုံလည်း ကြုံတယ်၊ ကြိုက်လည်း ကြိုက်တယ်ဆိုတဲ့ စကားနှစ်လုံး ပေါင်းဆုံဖို့က အတော်ခဲယဉ်းတယ် နော် (မှန်ပါတယ်ဆရာ)၊ ကြုံလည်း ကြုံတယ်၊ ကြိုက်လည်း ကြိုက်တယ်ဆိုတဲ့ စကားနှစ်လုံး စုံတွဲအနေအားဖြင့် အမြဲရကြတာ ဘယ်သူတွေတုံးဟ (ကျွန်တော်တို့မြို့က လူတွေပါ ဆရာ)၊ ဟော . . . ဟောဒီလိုအကောင်၊ ခုပဲ တို့မြို့က လူတွေ ကြုံတော့ ကြုံတယ်၊ ကြိုက်ကဲ့လား ဆိုတော့ သူပဲ မကြိုက်ဘူး ပြောတယ်။ ကာလဝမ်းလေး ဘာပြောလို့ ပြောမှန်းမသိဘူး။ ကြုံလည်း ကြုံတယ်၊ ကြိုက်လည်း ကြိုက်တယ်ဆိုတာ ဘယ်သူတွေတုံး (ကျွန်တော်တို့ သင်တန်းသားတွေ ပါဆရာ)၊ အဲဒီလို လုပ်စမ်းပါဟ။

## ပတ္တမြားလက်ဆောင်ပေးတဲ့ လောကပါလနတ်

အေး . . ဒါကြောင့် ရအောင်လည်း ယူကြ၊ ယူပြီးတော့လည်း ပစ်မထားကြနဲ့လို့ နော် (မှန်ပါ တယ်ဆရာ)၊ လောကပါလ နတ်သားက လူသုံးယောက်ကို ပတ္တမြားပေးတယ်၊ "မနောမယပတ္တမြား" တဲ့။ မှတ်လည်းထားကြ။ ပထမလူ၊ ဒုတိယလူ၊ တတိယလူ လူသုံးယောက်၊ လောကပါလနတ်သားဆို လောကကို စောင့်တဲ့ နတ်သား။ လူသုံးယောက်ကို ပတ္တမြားသုံးလုံး ပေးတယ်။ တစ်ယောက် တစ်လုံးစီ။ ဘာ ပတ္တမြားလဲ မေးတော့ "မနောမယ ပတ္တမြား"တဲ့။ "မနောမယ"ဆိုတာ "မနော"ဆိုတာ စိတ်၊ "မယ" ဆိုတာ ပြီးတာ။ စိတ်အလိုရှိတိုင်း ပြီးတဲ့ ပတ္တမြားတဲ့ နော် (မှန်ပါတယ်ဆရာ)။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဘာပတ္တမြားခေါ်တယ် (မနောမယ ပတ္တမြားပါဆရာ) အေး . . ဟုတ်ပြီ ဟုတ်ပြီ။ ဘယ်သူက ပေးတာလဲ။ (လောကပါလနတ်သားပါဆရာ)။ အေး . . . လောကပါလ နတ်သား နော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူ့ပေးလဲ (လူသုံးယောက်ပါဆရာ)၊ လူသုံးယောက်၊ မှတ်မိ လား (မှတ်မိပါတယ်ဆရာ)၊ တစ်လုံးစီ ပေးလိုက်တယ်။ ပထမလူရော့ မင်းတစ်လုံး၊ ဒုတိယလူရော့ တစ်လုံး၊ တတိယလူရော့ တစ်လုံး။ အဲဒါ မင်းတို့ သာမာန်မမှတ်နဲ့။ မနောမယပတ္တမြားတွေ အကျိုး အင်မတန်များတယ် နော် (မှန်ပါတယ်ဆရာ)၊ အဆုံးအစမရှိအောင် အကျိုးအင်မတန်များတယ်။

http://www.dhammadownload.com



လောကပါလနတ်သားက ပေးလိုက်တယ်။ ပေးလိုက်တော့ လူသုံးယောက်၊ တစ်ယောက် တစ်လုံးစီ ရကြတယ်။ ပထမလူကတော့ ဘယ့်နှယ့်တုံး၊ ရစခဏ သိပ်ဝမ်းသာတာ၊ ဒီအရောင်မျိုး၊ ဒီအသွေးမျိုး၊ ဒီအဆင်းမျိုး တစ်သက်နဲ့တစ်ကိုယ် ဘယ်တုန်းကမှ မမြင်ဖူးဘူး၊ သိပ်ကောင်းတဲ့ ပတ္တမြားဟ ဝမ်းပန်းတသာနဲ့ နော် (မှန်ပါတယ်ဆရာ)၊ လက်ထဲဆုပ်ကိုင်ပြီးတော့ အမြတ်တနိုးအားဖြင့် အမျိုးမျိုး ဟိုလှည့်ကြည့်၊ ဒီလှည့်ကြည့် ပွပ်ကာသပ်ကာနဲ့ ဒီလိုနေ။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်၊ ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်ဆိုသလိုပဲ ရှိလာတော့ ကြည့်ပါများတော့ ရိုးမသွားဘူးလား (ရိုးသွားပါတယ်ဆရာ)၊ ရိုးသွားတော့ ဟိုလိုလို၊ ဒီလိုလိုနဲ့ မေ့မေ့ပျောက်ပျောက်ဆိုသလိုပဲ ထားမိတယ်နော် (မှန်ပါတယ်ဆရာ)၊

ဒုတိယလူကျတော့ ပထမလူထက် သူက စဉ်းစားဉာဏ်လေး ပိုတယ်။ ဟာ . . . လက်စသတ်တော့ ဒီပတ္တမြားဟာ ငါတို့ လူ့လောကမှာ တွင်းထွက်ဆိုတဲ့ ပတ္တမြားဟာ တန်ဖိုးထားတာ။ ပြည်တန်တဲ့ ငမောက်တို့၊ ကျောက်တို့ဆိုသလိုပေါ့။ အဲဒီ ပတ္တမြားတွေထက် အဆများစွာ သာချင်တိုင်း သာတဲ့ ပတ္တမြား၊ ရခဲဘိခြင်း ဒီပတ္တမြားမျိုး တန်ဖိုးရှိလိုက်တာ ဝမ်းပန်းတသာနဲ့ နော် (မှန်ပါတယ်ဆရာ)၊ တန်ဖိုးကို သူကကြည့်။ ရခဲဘိခြင်း၊ တို့မှာ အင်မတန် ကာမာဝစရကုသိုလ်ကံ ထောက်ပံ့လို့ ရလာတာ ဟ၊ အင်မတန်တန်ဖိုးရှိတဲ့ ပတ္တမြားဟဲ့။ လူ့လောက တွင်းထွက်အနေအားဖြင့် ရဖို့ခက်လှချည်းရဲ့။ လက်ထဲ တကိုင်ကိုင်နဲ့ တော်တော်ကြီး နှစ်သက်မြတ်နိုးတယ်။ ဒါပေမဲ့ သူလည်း တစ်နှစ်၊ နှစ်နှစ်နဲ့ သုံးလေးနှစ် ကြာတော့ တစ်စတစ်စနဲ့ အာရုံက ပြယ်ပြယ်၊ ပြယ်ပြယ်လာတော့ ပျောက်ခြင်းမလှ ပျောက် နော် (မှန်ပါတယ်ဆရာ)။

တတိယ သုံးနံပါတ်လူကျတော့ အမျိုးမျိုး ဝေဖန်စဉ်းစားတယ်။ ဒါ လူ့လောက ရကောင်းတဲ့ ပတ္တမြား မဟုတ်ဘူး၊ နတ်က ပေးတာ၊ နတ်တို့၌ဖြစ်သော မနောမယ ပတ္တမြားဆိုတော့ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်တဲ့ ပတ္တမြားလို့ တန်ဖိုးလည်း မဖြတ်နိုင်ဘူးတဲ့။ တို့ လူ့လောက ဘာမဟုတ်တဲ့ မြေကြီးထဲက ထွက်လာတဲ့ သယံဇာတအနေအားဖြင့် ဖြစ်လာတဲ့ ကျောက်မျိုး ခေါ်ထားတဲ့ ပတ္တမြားမျိုးတောင်ပဲ ပြည်နဲ့တိုင်း နှိုင်းပြီးတော့ ဝယ်ကြ၊ ခြမ်းကြရတာတဲ့။ အဲဒီ ပြည်တန်တဲ့ ငမောက်မျိုး၊ ကျောက်မျိုးနဲ့ နှိုင်းဆလို့ ကွာချင်တိုင်းကွာ၊ သာချင်တိုင်းသာနေတဲ့ နတ်တို့၏ တန်ခိုး ဣဒ္ဓိပါဒ်နဲ့ ဖြစ်ပေါ်လာသော ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်တဲ့ မနောမယ ပတ္တမြားဆိုတာ နောက်တစ်ခါ ရဖို့ခက်လှချည်းရဲ့ နော် (မှန်ပါတယ်ဆရာ)။ နောက်တစ်ခါရဖို့ ခက်လှချည်းရဲ့၊ အသက်နဲ့လဲတောင် ရဖို့ခက်လှချည်းရဲ့။ သို့ကလောက်တောင် တန်ဖိုးရှိတဲ့ပတ္တမြား ဒီလိုထားလို့တော့ မသင့်တော်ဘူးဟဲ့။ ရန်သူမျိုးငါးပါး နှိပ်စက်ဖျက်ဆီးသော်လည်း မပျက်စီးနိုင်အောင် လုံခြုံတဲ့နေရာ ငါထား

http://www.dhammadownload.com


မှုပဲ။ ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်တဲ့ လုံခြုံတဲ့နေရာ သေသေချာချာ သိမ်းထားတယ် နော် (မှန်ပါတယ် ဆရာ)၊ ဒီတော့ ဘယ်နဲ့ဖြစ်၊ တစ်နံပါတ်လူကတော့ ထားချင်ရာထား၊ ပစ်ချင်ရာပစ်၊ ပျောက်ပြီ၊ မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ နောက် သတိရတော့ ပြန်ရှာကြည့်တယ်။ ငါအင်မတန် မြတ်နိုးတဲ့ ပတ္တမြား နတ်က ပေးထားတာ ရှိတယ်။ ပတ္တမြားလည်း ငါမမြင်ရတာကြာပြီ။ ကြည့်အုံးမှပဲဆိုတော့ အစအန ရှာမရဘူး။ ဟိုထားမိသလိုလို၊ ဒီထားမိသလိုလိုနဲ့ မယ်မယ်ရရ မဟုတ်တော့ ပတ္တမြားက ပျောက်သွားပြီ။ မရှိဘူး။ လိုချင်ကာမှ ဒေါင်းတောက်အောင်ရှာတော့ ဘယ်မှမရဘူး။ ဘယ်ရမလဲ ပျောက်သွားတာကိုး ကွနော် (မှန်ပါတယ်ဆရာ)၊ အလိုရှိတော့ သုံးရသေးလား (မသုံးရပါဘူးဆရာ)။

နှစ်နံပါတ် လူကျတော့ တော်တော်ကြီး သူက ခင်ခင်တွယ်တွယ် မြတ်မြတ်နိုးနိုးနဲ့၊ ပထမလူနဲ့ နှိုင်းစာလို့ရှိရင် တော်တော်လေးသာထားတော့ သတိရတိုင်း သတိရတိုင်း မကြာမကြာ ကြည့်မိတယ်။ နောက် စောစောကပြောသလိုပဲ ခုနစ်နှစ်၊ ရှစ်နှစ်၊ ဆယ်နှစ် ဆိုသလို ကြာလာတော့ သူလည်း တစ်စ တစ်စနဲ့ အာရုံပြယ်လာပြီးတော့ ပျောက်ခြင်းမလှ ပျောက်သွားရော၊ နောက် အလိုရှိလို့ ကြည့်မယ် ကြံတော့ ရှာတော့မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ တတိယ သုံးနံပါတ် လူကျတော့ မသေမချင်းပဲလို့ အလိုရှိတိုင်း ပတ္တမြားထုတ်ပြီးတော့ အသုံးပြုလိုက်ရင်း၊ ပြီးတော့ ပြန်ပြီးတော့ လုံခြုံရာ သိုမှီးထားလိုက်၊ အလိုရှိတိုင်း ပတ္တမြားထုတ်ပြီးတော့ အသုံးချလိုက်ရင်း ပတ္တမြားက ကြံတိုင်းအောင် ဆောင်တိုင်းမြောက် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မလိုချင်ဘူးလား (လိုချင်ပါတယ်ဆရာ)၊ ဟင်း ဟင်း . . . သေတောင် ရမှာ မဟုတ်ဘူး မင်း။ အလိုရှိရင်း ပတ္တမြားထုတ်ပြီးတော့ အသုံးပြုလိုက်ရင်း၊ ကိစ္စပြီးရင်း၊ လုံခြုံတဲ့နေရာ သိုမှီးထားလိုက်ရင်း နော် (မှန်ပါတယ်ဆရာ)၊ အသက်ထက်ဆုံး သုံးရတယ်တဲ့၊ ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)၊ အဲဒီ လူသုံးယောက်မှာ ဘယ်သူ အမိုက်ဆုံးတုံးဟ (ပထမဆုံးလူ အမိုက်ဆုံးပါဆရာ)၊ ပြီးတော့ကော (ဒုတိယလူပါဆရာ)၊ ပြီးတော့ကော (တတိယလူ အလိမ္မာဆုံးပါဆရာ)၊ အေး . . . တတိယလူ အလိမ္မာဆုံး နော် (မှန်ပါတယ်ဆရာ)။ ဘာဖြစ်လို့လဲ (သူက ပတ္တမြား အဖိုးတန်မှန်း သိလို့ပါဆရာ)၊ အဖိုးတန်မှန်း သိတာနဲ့ ဒါ အလိမ္မာဆုံးလား။ ပွိုင့်ရောက်အောင် မပြောနိုင်ဘူး။ (ဒီလို ပတ္တမြားမျိုး ဘယ်တော့မှ မရနိုင်ဘူးဆိုပြီးတော့)၊ အောင်မယ် ဆင်ခြေတွေ လဲလိုက်စမ်းအုံး၊ မဟုတ်ပါဘူး။ ဒါလည်း မဟုတ်သေးပါဘူး။ ဘာဖြစ်လို့လဲ၊ (ဒီလို ပတ္တမြားမျိုး လူကလည်း မဖြစ်တာ မို့လို့၊ နတ်က ပေးတာမို့လို့)၊ အောင်မယ် ခင်ဗျားပြောမှ သိတာမဟုတ်ဘူး၊ အားလုံးသိပြီးသားပါ။ ဒါလည်း မဟုတ်သေးပါဘူး။ ဘာဖြစ်လို့ သူအလိမ္မာဆုံးလို့ အဲဒါ (မရနိုင်လို့ပါဆရာ)၊ ဘာမရနိုင်တာလဲ (ဒီလို ပတ္တမြားမျိုး) အေးလေ . . . မရနိုင်တာလည်း ဟုတ်ပါပြီ၊ သိပါပြီ။ အားလုံးကလည်း နားလည်ပါတယ်။သူအလိမ္မာဆုံးဆိုတာ ဘာလိမ္မာတာတုံး မေးနေတာ (ဉာဏ်ကောင်းလို့ပါဆရာ)၊

http://www.dhammadownload.com



ဟောဗျာ . . . ဉာဏ်ကောင်းတော့ ပိဋကတ်တွေ တတ်နေသလား။ အဲဒါ မင်း လူရည်လည်မလိုနဲ့ လူရည်မလည်သေးပဲကိုကွ။ ပြောလာတဲ့အခိပ္ပာယ် ဖတ်ဖတ်ကိုမောလို့။

အခု ငါသင်တန်းသားတွေထဲက တစ်ယောက်ကို ခေါ် မေးရင် မုချ ဒေါက်ခနဲ ပြောလိမ့်မယ်။ ဘာဖြစ်လို့ သုံးနံပါတ်က လိမ္မာတာတုံး။ ကြည့်စမ်း ဘယ်လောက်အတဲ့, နတဲ့ကောင်လဲဆိုတာ အဲဒါကြည့်။ မပျောက်မပျက်အောင် သိုမှီးသိမ်းဆည်းထားတဲ့ သဘောမဟုတ်လားဟ (မှန်ပါတယ် ဆရာ)၊ အင်မတန် တန်ဖိုးရှိတဲ့ ပစ္စည်းမှန်းတော့ သိတယ်မဟုတ်လား သုံးယောက်စလုံး (သိပါတယ် ဆရာ)၊ ဟိုအကောင်တွေ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ သူကျတော့ကော (ရှိပါသေးတယ်ဆရာ)၊ ရှိတယ်လား (ရှိပါတယ်ဆရာ)၊ အသက်ထက်ဆုံးပေါ့ (မှန်ပါတယ်ဆရာ)။ အေး . . တန်ဖိုးရှိတဲ့ ပစ္စည်းကို အသက်ထက်ဆုံး မသေမချင်း မပျောက်မပျက်အောင် သိမ်းဆည်းထားတဲ့ ဂုဏ်ကြောင့် သူအလိမ္မာဆုံး မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုနေရမယ်တဲ့။ အခု ပြောတဲ့ မနောမယ ပတ္တမြားနဲ့ အခုရထားတဲ့ တရားနဲ့ တန်ဖိုးချင်း ဘယ်နဲ့နေလဲ (အတူတူပါပဲဆရာ)၊ ဟောဗျာ၊ မှတ်ထား၊ မှတ်ထား၊ မနောမယပတ္တမြားနဲ့ ခုရတဲ့တရားနဲ့ တန်ဖိုးချင်း ဘယ်နဲ့နေလဲ (အခုရတဲ့တရားက ပိုပါတယ် ဆရာ)၊ အေး . . . တော်တော် ရိပ်စားမိသွားပြီ။ တည့်တည့်ပြောမှ ရိပ်မိတယ် မဟုတ်လား။ မိုက်တဲ့ကောင် တရားက မြတ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာ ရတနာမြတ်သုံးပါး မဟုတ်ဘူးလား (မြတ်သုံးပါးပါဆရာ)၊ မင်း မနောမယပတ္တမြား ရတနာ လို့ပါလား (မပါပါဘူးဆရာ)။

ဒါဖြင့်ရင် အခုန သုံးနံပါတ်လူဟာ လောကကိုစွ အဝဝကို ပြီးစီးအောင် အကျိုးဆောင်တယ်၊ အောင်တယ်ဆိုတဲ့ မနောမယပတ္တမြားကို အသက်ထက်ဆုံး မပျောက်မပျက်အောင် သိမ်းဆည်း တတ်သော သဘောကြောင့် အလိမ္မာဆုံးလို့ အချီးမွမ်းခံရသလိုပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ လောကီရတနာဆိုတဲ့ ပတ္တမြားတောင် မပျောက်မပျက်အောင် အသက်ထက်ဆုံး သိမ်းဆည်းတယ်တဲ့။ လောကီရတနာဆိုတဲ့ မနောမယပတ္တမြားထက် သာချင်တိုင်းသာ၊ မြတ်ချင်တိုင်းမြတ်ဆိုတဲ့ တရား တည်းဟူသော ရတနာမြတ်ကြီးကျတော့ ဆယ်ဆထမ်းပိုးတိုးပြီးတော့ သိမ်းဆည်စရာ မကောင်းလား (ကောင်းပါတယ်ဆရာ)၊ ကောင်းလို့ပဲ ထင်ပါရဲ့ တစ်သီတင်းရှိသေးတာ မေးလို့မရ မင်းက၊ ဟင်း . . . နင့်ဉစ္စာက မှတ်မှတ်ပြီးတော့ သင်သင်ပြီးတော့ ဖျောက်ဖျောက်ပစ်တာဆိုးသကိုးဟ။ ဉပမာလေး တွေ မေးရင်ပဲ မမှတ်မိတော့ဘူးတဲ့၊ ဧဝံမေွတာနည်း၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်ထားရ တယ်ကွ၊ မပျောက်အောင် မှတ်ထား၊ အေး . . . ဒါကြောင့် ဒီဧဝံမေွတာနည်းနဲ့ ဧကတ္တနည်းနဲ့ ထွေးလုံးရစ်ပတ်ကလေး ဖြစ်နေမှာစိုးလို့ ကွဲကွဲပြားပြားလေး နားလည်သွားအောင် အဌကထာဆရာ

http://www.dhammadownload.com



ကလည်း ဖွင့်ပြထားတဲ့, ပေးထားတဲ့ ဥပမာကလည်း အင်မတန်သဘာဝကျတယ်၊ ဒီအကြောင်းတရား ပေါ်လာရင် ဒီအကျိုးတရား ဖြစ်တတ်ပါတယ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘယ်သူမှ ပြုပြင်၊ လုပ်ကိုင် ဖန်တီးပေးရတာ မဟုတ်ပါဘူးတဲ့၊ ဒီအကြောင်းရှိရင် ဒီအကျိုးဟာ ပေါ်စမြဲပါပဲတဲ့၊ ထုံးစံပါပဲ၊ ဓမ္မတာသဘောပါပဲ၊ ဒီလိုပဲ ဖြစ်တတ်ပါတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါနဲ့ အဝိဇ္ဇာနဲ့သင်္ခါရနေရော၊ ဒါကြောင့် သင်္ခါရတည်းဟူသော အကြောင်းကြောင့် ဝိညာဏ် ပေါ်တယ်ဆိုတဲ့နေရာကျ ဘယ်နဲ့လုပ်မလဲ၊ (ဒီလိုပဲ ဖြစ်တတ်ပါတယ်ဆရာ)။ ဒီလိုပဲလား (ဒီလိုပါပဲ ဆရာ)၊ ဩော် . . . သင်္ခါရဆိုတဲ့ အကြောင်းရှိ ဝိညာဏ်ဆိုတဲ့ အကျိုးပေါ်မယ်မဟုတ်လား (ပေါ်မှာပါဆရာ)၊ လွဲလို့, ပြောင်းလို့ မရဘူးလား၊ (မရပါဘူးဆရာ)၊ ဒါဖြင့် ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် နာမ်ရုပ်ဆိုတဲ့ အကျိုးတရား ပေါ်လာတဲ့နေရာကျတော့ရော့၊ (ဒီလိုပါပဲဆရာ)၊ ဒီလိုပဲလား (ဒီလိုပါပဲဆရာ)၊ ဝိညာဏ် ဆိုတဲ့ အကြောင်းတရားဖြစ်ရင် နာမ်ရုပ်ဆိုတဲ့ အကျိုးတရား ပေါ်မယ်ဟုတ်လား (ပေါ်မှာပါပဲဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းလွဲလို့ ရပဲ့မလား (မရပါဘူးဆရာ)၊ ဒါဖြင့် နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်ဆိုတဲ့ နေရာကိုလည်းပဲ နာမ်ရုပ်ဆိုတဲ့ အကြောင်းတရားပေါ်လာရင် သဠာယတန ဆိုတဲ့ အကျိုးတရား ပေါ်မယ်ဟုတ်လား၊ (ပေါ်မှာပဲဆရာ) ဒီပြင့်အကျိုးမပေါ်ဘူးလား (မပေါ်ပါဘူးဆရာ)၊ ဒီပြင် အကြောင်းကြောင့်ရော မဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ အကြောင်းအကျိုးလွဲလို့ မရဘူးပေါ့ (မရပါဘူးဆရာ)၊ နွားနို့နဲ့နို့ဓမ်းလိုပေါ့၊ (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သဠာယတနဆိုတဲ့ အကြောင်းပေါ်လို့ ရှိရင် ဖဿဆိုတဲ့ အကျိုးပေါ်မယ်ဟုတ်လား (ပေါ်မှာပါဆရာ)၊ ဒီပြင် အကျိုးကော ပေါ်အုံမလား၊ (မပေါ်ကောင်းပါဘူးဆရာ)၊ ဒီပြင့် အကြောင်းကြောင့်ကော မဖြစ်ဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဖဿဆိုတဲ့ အကြောင်းပေါ်တော့ ဝေဒနာဆိုတဲ့ အကျိုးပေါ်မယ်ဟုတ်လား (ပေါ်မှာပါဆရာ)၊ ဒီပြင့် အကျိုးတော့ကော (မပေါ်နိုင်ဘူးဆရာ)၊ ဒီပြင် အကြောင်းကြောင့်ကော (မဖြစ်ပါဘူးဆရာ)၊ ဒါဖြင့် ဝေဒနာဆိုတဲ့ အကြောင်းဖြစ်လာလို့ရှိရင် တဏှာဆိုတဲ့ အကျိုးတရား ဖြစ်မယ်ဟုတ်လား (ဖြစ်မှာ ပါဆရာ)၊ ဒီပြင် အကျိုးတရားကော မဖြစ်ကောင်းဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ မဖြစ်ကောင်း ဘူးလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဒီမှာ အကြောင်းနဲ့အကျိုးနဲ့ လွဲလို့မရဘူးပေါ့၊ (မရပါဘူးဆရာ)၊ တဏှာဆိုတဲ့ အကြောင်းဖြစ်လို့ရှိရင် ဥပါဒါန်ဆိုတဲ့ အကျိုးပေါ်မယ်ဟုတ်လား (ပေါ်မှာပါဆရာ)၊ ဒီပြင်အကြောင်းကော မပေါ်နိုင်ဘူးလား (မပေါ်နိုင်ပါဘူးဆရာ)၊ ဒီပြင် အကျိုးလည်း မဖြစ်ဘူးပေါ့၊ (မဖြစ်နိုင်ပါဘူးဆရာ)၊ ဥပါဒါန်ဆိုတဲ့ အကြောင်းဖြစ်လာလို့ရှိရင် ဘဝဆိုတဲ့ အကျိုးဖြစ်မယ်ဟုတ်လား (ဖြစ်မှာပါဆရာ)၊ ဘယ်သူလုပ်ပေးတာလဲ၊ (ဘယ်သူမှ မလုပ်ပေးပါဘူးဆရာ)၊ ဘယ့်နှယ်ဖြစ်လာလဲ၊

http://www.dhammadownload.com



(ဒီလိုပဲဖြစ်တတ်ပါဆရာ)၊ ဒီလိုပဲဖြစ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဓမ္မတာသဘောပေါ့၊ (ဓမ္မတာသဘောပါဆရာ)၊ ထုံးစံပေါ့၊ (ထုံးစံပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ ဘဝဆိုတဲ့ အကြောင်းပေါ်လို့ရှိရင် ဇာတိဆိုတဲ့ အကျိုးဖြစ်မယ်လား (ဖြစ်မှာပါဆရာ)၊ ဘဝကြောင့် ဒို့ပြင် အကျိုးတရားတွေ မဖြစ်ကောင်းဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဒီအကျိုးပဲ ပေါ်မယ်ဟုတ်လား (ဒီအကျိုးပဲ ပေါ်မှာပါဆရာ)၊ အေး ဒီလိုပဲ ပေါ်ရမယ် နော် (မှန်ပါတယ်ဆရာ)၊ ဇာတိဆိုတဲ့ အကြောင်းပေါ်လို့ ရှိရင်လည်းပဲ ဇရာမရဏဆိုတဲ့ အကျိုးပေါ်မယ်လား (ပေါ်မှာပါဆရာ)၊ ဒို့ပြင်အကျိုးတွေ မပေါ်ကောင်းဘူးလား (မပေါ်နိုင်ပါဘူးဆရာ)၊ ပေါ်လို့လည်း မဖြစ်ဘူးပေါ့၊ (မဖြစ်နိုင်ပါဆရာ)၊ ဘယ်သူလုပ်ပေးတာလဲ၊ (ဘယ်သူမှ လုပ်မပေးပါဘူးဆရာ)၊ ဘယ့်နှယ်ဖြစ်လာ (ဒီလိုပဲဖြစ်တတ်ပါတယ်ဆရာ)၊ ဒီလိုပဲ ဖြစ်တတ်တယ်၊ (မှန်ပါတယ်ဆရာ)၊ ထုံးစံပေါ့ (ထုံးစံပါဆရာ)၊ ဓမ္မတာပေါ့ (မှန်ပါတယ်ဆရာ)။

အေး . . . ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒီလိုသွားတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ သေသေချာချာ၊ သေသေချာချာ ကြည့်၊ လျှောက်လျှောက်၊ လျှောက်လျှောက်ပြီးတော့ စဉ်းစားပေး။ တို့ပြောထားတဲ့ အဓိပ္ပာယ်နဲ့ တစ်လုံးချင်း တစ်လုံးချင်း လျှောက်လျှောက်ပြီးတော့ စဉ်းစား၊ စာအုပ်လေးတွေလည်း ကြည့်၊ စာအုပ်ကလေးထဲ ကြည့်၊ ကြည့်ကြည့်ပြီးတော့ စဉ်းစား၊ စဉ်းစားလို့ပေါ်ပြီဆိုရင် ကိုယ်ပေါ်ပြန်တင်၊ သြော် . . . ငါ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးက ငါ့ရင်ထဲ ဖြစ်နေတဲ့ တရားတွေပဲ အမှန်ကတော့၊ လွန်ခဲ့သော အတိတ်ဘဝကနေ အဝိဇ္ဇာ သင်္ခါရကြောင့် ဒီဘက် ဘဝလာ ပဋိသန္ဓေခဏဝင်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဖြစ်နေလိုက်တာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီဘဝ လက်စသတ်ပြီးတော့ နောက်ဘဝ ဇာတိဖြစ်ရအုံးမယ်။ နောက်ဘဝ ဇာတိဖြစ်ပြီး ဇရာမရဏ တစ်ခါပေါ်ရအုံးမယ်၊ သြော် လက်စသတ်တော့ ဒီလိုအကြောင်းနဲ့အကျိုးနဲ့၊ အကြောင်းနဲ့အကျိုးနဲ့ ဖြစ်လာတာ ကြည့်လိုက်တော့ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဆိုတဲ့ အကျိုးသာလျှင် ဖြစ်ကောင်းတယ်၊ နွားနို့နဲ့ ဒိန်ခဲလိုပဲ၊ နို့ဓမ်းလိုပဲ၊ အဝိဇ္ဇာဆိုတဲ့ အကြောင်းတရား ဖြစ်လာလို့ရှိရင် သင်္ခါရမှတစ်ပါး တခြားသော အကျိုးတရားတွေ မဖြစ်ကောင်းပါလား၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ပြန်ပြန်၊ ပြန်ပြန် စဉ်းစား၊ စဉ်းစားတော့ ဘာဖြစ်သလဲလို့၊ စဉ်းစားတော့ အကြောင်းအားလျော်စွာ အကျိုးပေါ်ပေါ်၊ ပေါ်ပေါ်လာတယ်ဆိုတဲ့ သဘောလေး ထိုးထွင်း၍သိရောတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ **ဒီလိုလည်း ထိုးထွင်း၍သိလာရော၊ အဟေတုကဒိဋ္ဌိ - အကြောင်းတရားဆိုတာ မရှိဘူး၊ အကိရိယဒိဋ္ဌိ - အကျိုးတရားဆိုတာ မရှိဘူးဟ၊ ဘုရားသာသနာ့ပြင်ပက "တိတ္ထိယပရိကပ္ပတရား" ခေါ်တယ်၊ သာသနာ့အပ သာသနာ့ပြင်ပက တိတ္ထိများဟောထားတဲ့ အယူဝါဒတရား ခေါ်တယ်၊ အကြောင်းတရားတွေ လုပ်မနေကြနဲ့ဟေ့၊ အကြောင်းတရား လုပ်စရာမလိုဘူးဟ။**

http://www.dhammadownload.com



မင်းတို့ ခု ဒါန သီလ သမထ ဆိုတဲ့ အကြောင်းတရားတွေ ခံတော့ ကောင်းတဲ့အကြောင်းတွေနဲ့ အဲဒီကောင်းသော ကုသိုလ်အကြောင်းတရားတွေခံ၊ မင်းတို့ကြဲဖန်လုပ်နေကြ၊ ဘာပြော၊ "မိုက်တဲ့လူက လျှုတဲ့၊ လိမ္မာတဲ့လူက ယူ"တဲ့ နော် (မှန်ပါတယ်ဆရာ)၊ သူတို့ပြောတဲ့တရား၊ သူတို့ပြောတဲ့တရား၊ ပြောမနေနဲ့ဟေ့တဲ့၊ အဲဒီအကြောင်းတရားတွေ လုပ်နေ အပိုပဲဟ၊ ကမ္ဘာကြီး ရှစ်သန်းနဲ့လေးသိန်းစေ့တဲ့ အချိန်ကျတော့ ကမ္ဘာသူကမ္ဘာသားတွေ အလိုလိုစင်ကြယ်သန့်ရှင်းသွားလိမ့်မယ်တဲ့၊ ဒီလိုလာတာ နော် (မှန်ပါတယ်ဆရာ)၊ ကမ္ဘာကြီးရှစ်သန်းလေးသိန်းစေ့တဲ့အချိန်မှာ ကမ္ဘာသူကမ္ဘာသားတွေ အကုန်လုံး အလိုလို စင်ကြယ်သန့်ရှင်းလို့ ဘဝသစ်ကြီး ပြောင်းသွားလိမ့်မယ်၊ နိဗ္ဗာန်ဝင်ကုန်လိမ့်မယ် ဆိုတော့ မင်းတို့ ငါတို့က နောက်နောက်သောဘဝမှာ ကောင်းကျိုးချမ်းသာပေးမယ့် အကြောင်းတရား တွေ ဖန်တီးစရာ လိုသေးသလား (မလိုတော့ပါဘူးဆရာ)။ သူတို့ပြောတဲ့ အလိုအတိုင်းဆိုရင် မလိုဘူး မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါတွေ ယုံကြည်ကြတယ်၊ အဲဒါတွေ ယုံကြည်ကိုးကွယ်၊ ဆည်းကပ်ပြီးတော့ ဒီတရားအမြွတ်တနိုးထားပြီးနေတဲ့ သူတွေကျတော့ အဟေတုကဒိဋ္ဌိတွေတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိတွေ သိပ်များတယ်၊ (၆၂)ပါးရှိတယ်၊ အဟေတုကဒိဋ္ဌိတွေတဲ့၊ ဥစ္ဆေဒဝါဒက လာတာခေါ်တယ်၊ တချို့တော့ တစ်ခါလာပြန်တယ်၊ တချို့ဒိဋ္ဌိက ဘယ့်နှယ့်တုံး၊ တို့အခု လူလာဖြစ်ပြီး တော့ ကြောင်းကျိုးချမ်းသာတွေ ခံစားနေရတာ ဒါအကျိုးတရားတွေပဲလို့ ဟောကြ၊ ပြောကြတာ မယုံကြနဲ့တဲ့၊ အကျိုးဆိုတဲ့ တရားဟာ မရှိဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ လွန်ခဲ့သော အတိတ်ဘဝက ဘာတွေလုပ်လို့၊ အခုဘဝမှာ ဘယ်လိုအကျိုးတရားတွေ ငါတို့ခံစားနေရတယ်၊ ဒီလိုအကျိုးတရား ခံစားရတယ်ဆိုတဲ့ ခံစားရပုံအကျိုးတရားဆိုတာ လောကမှာ မရှိဘူးတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ အလကားပဲ၊ အပိုတွေပဲတဲ့၊ ဒါတွေ မလုပ်နဲ့ ဒီလို ဟောကြတယ်၊ ဟောပြန်လည်း ယုံပြန်တာပဲ၊ အဲဒီဝါဒ ယုံကြည်နှစ်ခြိုက်နေကြတဲ့ သတ္တဝါတွေကျတော့ ဘာခေါ်လဲလို့၊ "အကိရိယဒိဋ္ဌိ"နော် (မှန်ပါတယ်ဆရာ)၊ အဲဒီဒိဋ္ဌိနှစ်ပါးဟာ၊ ဒါပေမယ့်လို့ တို့ဗုဒ္ဓဘာသာ ယုံကြည်တဲ့၊ သက်ဝင်ယုံကြည်တဲ့ လူမျိုးတော့ ဒီဒိဋ္ဌိနှစ်ပါး မရှိပါဘူး အမှန်က၊ မရှိကောင်းပါဘူး၊ ကံ, ကံ၏အကျိုး ယုံကြည်ပြီးသား ဆိုတော့ ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရထားတဲ့ ဗုဒ္ဓဘာသာတွေ မဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ ဒီဒိဋ္ဌိနှစ်ပါးတော့ မရှိဘူးထား၊ မရှိပါဘူး၊ ဒါ ဥစ္ဆေဒဝါဒရှိမှ ရှိကောင်းတာကိုကွနော် (မှန်ပါတယ်ဆရာ)၊ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေပေါ့ကွာ၊ ဒီနည်းလေးပါးပြနေတာ၊ ဒိဋ္ဌိသတ်တဲ့ အနေအားဖြင့် ပြနေတဲ့တရားပဲလို့ ကိုယ်ကလည်း နားလည်ထား။

ဒါကြောင့် "ဧဝံဓမ္မတာ"ဆိုတဲ့ နည်းကို နားလည်လိုက်ရင် အဟေတုကဒိဋ္ဌိနဲ့အကိရိယဒိဋ္ဌိက အလိုလိုပြုတ်ပြီးတော့ နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းတရား လုပ်စရာ မလိုတော့ဘူး၊ အကြောင်း

http://www.dhammadownload.com



တရားဆိုတာ အလကား အဟေတုကဒိဋ္ဌိ၊ အကျိုးတရား ခံစားရတယ်ဆိုတဲ့ အကျိုးတရားရှိတယ် ဆိုတာ အလကားမဟုတ်ဘူး အကိရိယဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီဒိဋ္ဌိနှစ်ပါးကို ဒီအယူအတိုင်း ယူနေတဲ့လူဟာ အခု ဇဝံဓမ္မတာနည်းကို မြင်လိုက်တော့ တို့သံသရာအစကတည်းက အဝိဇ္ဇာကစ မသိတာက စ၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာမရဏ လှည့်ရပြန်ပြီ၊ ကြည့် . . သေသေချာချာ အဝိဇ္ဇာထဲ သင်္ခါရဖြစ်လာပုံလေး၊ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်လာတယ် ဆိုတဲ့ သဘောလေးဟာ လက်စသတ်တော့ ဘယ်သူမှ ပြုတာ၊ ပြင်တာ မဟုတ်ဘူး၊ "အပရိနာယကတရား" ခေါ်တယ်၊ ပရမိဿွာ၊ မဟာပိန္နဲ၊ ဗိဿနိုး တန်ခိုးကြွဒ္ဓိပါဒ်ရှိကြတဲ့ ဈာန် အဘိညာဉ် ပြည့်စုံတဲ့ပုဂ္ဂိုလ်များ ဖန်ဆင်းအပ်တဲ့တရားလည်း မဟုတ်ဘူး၊ ဘယ်သူမှ လုပ်တဲ့တရား မဟုတ်ဘူး၊ "အပရိနာယကတရား" ခေါ်တယ်၊ အဝိဇ္ဇာလို့ အကြောင်းခံလာမှုဖြင့် သင်္ခါရဆိုတဲ့ အကျိုးဟာ ဖြစ်စမြဲချည်းပဲ ထုံးစံပဲဟ၊ ဓမ္မတာသဘောပဲဟ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ အဲဒီလို အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုးလို့ အကြောင်း အားလျော်စွာ ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေ ဆက်စပ်ပြီးတော့ ဖြစ်တာမြင်လိုက်တော့ ဘာဖြစ် သလဲ ဆိုတော့ စောစောကပြောတဲ့ အကြောင်းတရားလည်း မလုပ်ကြနဲ့၊ မရှိဘူးဟ၊ အကျိုးတရား လည်း မျှော်လင့်နေစရာ မရှိဘူးဟ၊ အကျိုးဆိုတာ မရှိဘူးဟလို့ ယူထားတဲ့ အဟေတုကဒိဋ္ဌိနဲ့ အကိရိယ ဒိဋ္ဌိ နှစ်ပါးဟာ အလိုလို ပြုတ်ပါတယ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အလိုလိုပြုတ် သွားပါတယ်တဲ့၊ ဝမ်းထဲ၊ ရင်ထဲမှာ တစ်ခါတည်း တစ်ရှင်းထဲရှင်း၊ တစ်လင်းထဲလင်း ဖြစ်သွားပါတယ်တဲ့၊ မယုံကြည်တော့ဘူးတဲ့။ အဟေတုကဒိဋ္ဌိလည်း မယုံကြည်၊ အကိရိယဒိဋ္ဌိလည်း မယုံကြည် နော် (မှန်ပါတယ်ဆရာ)။

အေး . . . ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး ထောင့်လေးထောင့်ကနေပြီး ရပ်ကြည့်ကြစမ်းပါလို့ မိန့်ကြားတော်မူထားတယ်။ မျက်နှာလေးဘက်က လှည့်ပြီး ကြည့်ကြစမ်းပါလို့ မိန့်ကြားထားတယ်။ ပထမဆုံး နံပါတ်တစ်ဆိုတဲ့ ထောင့်ကနေ ကြည့်လိုက်ရင် ဒီ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ ဆိုတဲ့ အင်္ဂါဆယ့်နှစ်ပါးနဲ့ အခြင်းအရာနှစ်ဆယ်ဖြင့် ဟောထားသော ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို ဧကတ္တနည်းနဲ့ မြင်ပါလိမ့်မယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ နှစ်နံပါတ် ထောင့်ကနေ ကြည့်လို့ရှိရင် နာနတ္တနည်းနဲ့ မြင်ပါလိမ့်မယ်။ သုံးနံပါတ်ထောင့်ကနေ ကြည့်လို့ရှိရင်

http://www.dhammadownload.com



အဗျာပါရနည်းနဲ့ မြင်ပါလိမ့်မယ်၊ လေးနံပါတ်ထောင့်ကကြည့်ရင် ဧဝံဓမ္မတာနည်းနဲ့ မြင်ပါလိမ့်မယ်။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ကြည့်ပုံ ကြည့်နည်းလေးတွေ မှတ်မှတ်၊ မှတ်မှတ်ထား။ အင်မတန် တန်ဖိုးရှိတဲ့ အခန်းတွေ။ ဒါကြောင့် -

အဝိဇ္ဇာဒီဟိ ပန ကာရဏေဟိ သင်္ခါရာဒီနံယေဝ သမ္ဘဝေါ ခီရာဒီဟိ ဒဓိအာဒီနံ ဝိယ၊ န အညေသန္တိ အယံ ဧဝံဓမ္မတာနယော နာမ။ ယံ သမ္မာ ပဿန္တော ပစ္စယာနုရူပတော ဖလာဝဗော- ဓတော အပဟေတုကဒိဋ္ဌိဥ္စ အကိရိယဒိဋ္ဌိဥ္စ ပဇဟတိ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၈၈)

ပန၊ ဧဝံဓမ္မတာနည်းကို ဆိုဦးအံ့။ အဝိဇ္ဇာဒီဟိ၊ အဝိဇ္ဇာအစရှိကုန်သော။ အဲဒါ အာဒိသဒ္ဒါနဲ့ အဝိဇ္ဇာကြောင့် "ကြောင့်"တွေ၊ "ကြောင့်"တွေ အကြောင်းတရာတွေချည်းနော် (မှန်ပါတယ်ဆရာ)၊ ဆယ့်နှစ်လုံးသော အကြောင်းတရား တရားတွေဖြစ်သွားတယ်မို့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ ကြောင့် သင်္ခါရဖြစ်တယ်၊ ပြီးတော့ကော (သင်္ခါရကြောင့်) ဟော . . သင်္ခါရလည်းကြောင့် မဟုတ်လား (ကြောင့်ပါပဲဆရာ)၊ "ကြောင့်"ပဲ မဟုတ်လား ("ကြောင့်"ပါပဲဆရာ)၊ အကြောင်းပဲ မဟုတ်လား (အကြောင်းပါပဲဆရာ)၊ အေး အေး . . . ဒါ အဝိဇ္ဇာအစရှိသော အကြောင်းတို့ကြောင့် ဆိုတော့ အဝိဇ္ဇာနောက်က ဆယ့်တစ်လုံးလည်း အကြောင်းတွေချည်းဖြစ်သွားတယ် နော် (မှန်ပါတယ် ဆရာ)။ ဒါလေးလည်း နားလည်အောင် မှတ်ထားရတယ် သဘောလေးတွေ။ အဝိဇ္ဇာကြောင့်၊ သင်္ခါရ ကြောင့်၊ ဝိညာဏ်ကြောင့်၊ နာမ်ရုပ်ကြောင့်၊ သဠာယတနကြောင့်၊ ဖဿကြောင့်၊ ဝေဒနာကြောင့်၊ တဏှာ ကြောင့်၊ ဥပါဒါန်ကြောင့်၊ ဘဝကြောင့်၊ ဇာတိကြောင့် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုချည်း သွားနေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီတရားလေးတွေကိုယ်က, တရားကိုယ် ဆယ်နှစ်လုံး ကိုယ်က အကျိုးဖြစ်လိုက်၊ အကြောင်းဖြစ်လိုက်၊ အကျိုးဖြစ်လိုက်၊ အကြောင်းဖြစ်လိုက်၊ ဒီလို သွားတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဗျာပါရ နှစ်ချက် နှစ်ချက် တွဲတွဲ၊ တွဲတွဲသွားတာ။ အဲဒါ ကြောင့် -

ပန၊ ဧဝံဓမ္မတာနည်းကို ဆိုဦးအံ့။ အဝိဇ္ဇာဒီဟိ၊ အဝိဇ္ဇာအစရှိကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ အဝိဇ္ဇာ အစရှိသော အကြောင်းတို့ကြောင့်တဲ့။ 'အဝိဇ္ဇာ' နောက်က ဆယ်နှစ်လုံးပါ ယူသွား အာဒိသဒ္ဒါနဲ့။ သင်္ခါရာဒီနံယေဝ၊ သင်္ခါရ အစရှိသည်တို့၏သာလျှင်။ ဒီနဲ့ အာဒိသဒ္ဒါနဲ့ အကျိုးတရားတွေလည်း ယူသွားတဲ့။ သင်္ခါရလည်း အကျိုးတရား၊ ဝိညာဏ်လည်း အကျိုးတရား၊ နာမ်ရုပ်လည်း အကျိုးတရား၊ သဠာယတနလည်း အကျိုးတရား၊ ဖဿလည်း အကျိုးတရား၊ ဝေဒနာလည်း အကျိုးတရား၊ တဏှာလည်း အကျိုးတရား၊ ဥပါဒါန်လည်း အကျိုးတရား၊ ဘဝလည်း အကျိုးတရား၊ ဇာတိလည်း အကျိုးတရား၊ ဇရာ မရဏလည်း အကျိုးတရား ဟုတ်ကဲ့လား

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ ဒါတော့ နားလည်းလား (နားလည်ပါတယ်ဆရာ)၊ အေး အေး အဲဒါလေးတွေ မှတ်ထား၊ မှတ်ထား။ ဒါကြောင့် အဝိဇ္ဇာဒီဟိ၊ အဝိဇ္ဇာအစရှိကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ သင်္ခါရာဒီနံယေဝ၊ သင်္ခါရ အစရှိသည်တို့၏သာလျှင်။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အညေသံ၊ တစ်ပါးကုန်သော အကြောင်းတို့၏။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ တစ်ပါးသော အကြောင်းကြောင့်တော့ မဖြစ်ပါဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာအစရှိသော အကြောင်းတို့ကြောင့် သင်္ခါရ အစရှိသော အကျိုးတရားတို့သာလျှင် ဖြစ်ရမယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါလေးလည်း သမာဓိကောင်းကောင်းထားပြီး စဉ်းစားစမ်းကွ။ မှတ်လည်းထား၊ သေသေချာချာ စွဲစွဲမြဲမြဲလေး။

အကယ်တန္တု အဝိဇ္ဇာအစရှိသော အကြောင်းကြောင့် သင်္ခါရဆိုတဲ့ အကျိုးတရားဖြစ်တယ်။ ဒီပြင်အကျိုးတရားလည်း ဖြစ်အုံးမယ်၊ ဒီလိုရကောင့်ပါ့မလား (မရကောင်းပါဘူးဆရာ)၊ ရကောင်းလို့ ရှိရင်လည်း ပဋိစ္စသမုပ္ပါဒ်ကြီးက ဘယ်နှယ့်ဖြစ်။ အဝိဇ္ဇာကြောင့် သင်္ခါရလည်း ဖြစ်တယ်။ ဒီပြင်ဟာ တွေလည်း ဖြစ်တယ်။ ဒီလို ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ် မြတ်စွာဘုရား ကိုယ်တော်မြတ်က အကယ်တန္တု ဖြစ်ကောင်း၏လို့ပဲ ဟောသွားမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာကြောင့် သင်္ခါရလည်း ဖြစ်တယ်၊ ဒီပြင် အကျိုးတရားတွေလည်း ဖြစ်သေးတယ်၊ ဒီလိုပဲ ဟောရမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အခုကော ဟောရဲ့လား (မဟောပါဘူးဆရာ)၊ မဟော ဘူး၊ သင်္ခါရတစ်ခုတည်း ဟောသွားတယ် (သင်္ခါရတစ်ခုတည်းပါဆရာ)၊ အေး အေး အေး . . . အဲဒါလေး မှတ်ထား။ သင်္ခါရကြောင့် ဝိညာဏ်လည်း ဖြစ်တယ်၊ ဒီပြင်ဟာတွေလည်း ဖြစ်တယ်။ ဒီလို ဟောလား (မဟောပါဘူးဆရာ)၊ မဟောရင် မဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)၊ ဘာတစ်ခုတည်း ဖြစ်လဲ၊ ဝိညာဏ်တစ်ခုတည်း (ဝိညာဏ်တစ်ခုတည်းဖြစ်ပါတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ။ ဝိညာဏ်ကြောင့် နာမ်ရုပ်လည်း ဖြစ်တယ်၊ ဒီပြင်ဟာတွေလည်း ဖြစ်တယ်။ ဟောရဲ့လား (မဟောပါဘူး ဆရာ)၊ ခုတော့ ဘယ့်နှယ့်ဟောသွားလဲ (နာမ်ရုပ်တစ်ခုတည်း ဖြစ်ပါတယ်ဆရာ)၊ အေး . . . နာမ်ရုပ် တစ်ခုတည်း၊ နာမ်ရုပ်ကြောင့် သဠာယတနလည်း ဖြစ်တယ်၊ ဒီပြင် တရားတွေလည်း ဖြစ်သေးတယ်။ ဟောသလား (မဟောပါဘူးဆရာ)၊ သဠာယတနပဲ ဟောသွားတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး မှတ်ထား မှတ်ထား။ သဠာယတနကြောင့် ဖဿလည်း ဖြစ်တယ်၊ ဒီပြင့်တရားတွေလည်း ဖြစ်သေးတယ် ဟောရဲ့လား (မဟောပါဘူးဆရာ)၊ ဖဿကြောင့် ဝေဒနာလည်း ဖြစ်သေးတယ်၊ ဒီပြင်ဟာလည်း ဖြစ်သေးတယ်၊ ဟောရဲ့လား (မဟောပါဘူးဆရာ)၊ အဲဒီလိုချည်း လျှောက်လျှောက် လျှောက်လျှောက်ကြည့်သွား၊ ဒါဖြင့်လည်း သူ့ဥစ္စာက ဒီအကြောင်းကြောင့် ဒီအကျိုးသာလျှင်

http://www.dhammadownload.com



ဖြစ်ရမယ်ဆိုတဲ့ အကြောင်းအကျိုး လွဲပြောင်းလို့မရတဲ့ အဓိပ္ပါယ်ကြီး ပေါ်နေမှုပဲလို့ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ အဲဒါလေး မှတည်ပြ။ ဒါ့ကြောင့် -

အဝိဇ္ဇာဒီဟိ၊ အဝိဇ္ဇာအစရှိကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ သင်္ခါရာဒီနံ ယေဝ၊ သင်္ခါရ အစရှိသည်တို့၏သာလျှင်။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အညေသံ၊ တစ်ပါးကုန်သော အကြောင်းတို့၏။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ ကိမိဝ၊ ဥပမာပုံဆို လိုသနည်းဟူမူကား။ ခီရာဒီဟိ၊ နွားနို့အစရှိသည်တို့မှ။ ဒဓိအာဒီနံ၊ နို့ဓမ်းအစရှိသည်တို့၏။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အညေသံ၊ နွားနို့မှတစ်ပါး တခြားသော အရာဝတ္ထုတို့၏။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ န ဟောတိ၊ ဘယ်တော့မှ မဖြစ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီနို့ဓမ်းက နွားနို့မှတစ်ပါး တခြားသော အကြောင်းကြောင့် ဖြစ်ကောင်းရဲ့လား (မဖြစ်ကောင်းပါဘူး ဆရာ)၊ မဖြစ်ကောင်းဘူး။ နွားနို့မှသာလျှင် ဖြစ်ကောင်းတဲ့ နို့ဓမ်းလို့။ ဒီတော့ အကြောင်းနဲ့ အကျိုးနဲ့ အကြောင်းအားလျော်စွာ ဖြစ်လာတဲ့ အကျိုးတရားပဲဆိုတာ ထင်ရှားမနေဘူးလား (ထင်ရှားပါတယ် ဆရာ)၊ အကြောင်းအားလျော်စွာ ဖြစ်လာသော အကျိုးတရားလို့၊ အကြောင်းအားလျော်စွာ ဖြစ်လာသော အကျိုးတရားဆိုတဲ့ စကားလေးက မြန်မာစကားလေး။ မြန်မာလိုပြန်ထားတာ သေချာမှတ်ထား။ အကြောင်းအားလျော်စွာ ဖြစ်လာသော အကျိုးတရားလို့။ အဲဒါ ဘာဆိုတာလဲ။ အကြောင်းအားလျော်စွာ ဖြစ်လာသော အကျိုးတရားလို့။ (ဒီလိုပဲ ဖြစ်တတ်တဲ့တရားပါဆရာ)။

## အရာဝတ္ထုတိုင်း တိတ်တိတ်နေ မှတ်ထင်နေသော တောသားတစ်ယောက်အကြောင်း

ဒါတော့ မင်း လက်ကိုင်ထားတာပေါ့။ လက်ကိုင်ထားလား၊ လွဲလို့ရလား။ မင်းလည်း ဟိုဒင်းကျ နေပြီ။ တောသားတစ်ယောက် မြို့ရောက်သွားတယ်၊ တော်တော်လေး တောက မြို့ရေလည်နေတဲ့ လူတစ်ယောက်နဲ့ တွဲသွားတော့ တောသားလူရေလည်က နဲနဲရှက်တယ်၊ မြို့ပါးက ဝနေလို့ မြို့ အနေကြာတော့ ဒီတစ်ခေါက် တောသားက အလည်လိုက်ပါရစေဆိုတော့ အေး . . . လိုက်ခဲ့ကွာ ဆိုတော့ လိုက်သွားတယ်။ လမ်းကတည်းက မှာသွားတယ်။ ဟိုကျတော့ တောင်မေး မြောက်မေး မမေးနဲ့။ မမေးပါဘူးကွာ၊ မေးချင်လို့ရှိရင် ငါ့ကို လက်တို့ လက်တို့ပြော တိုးတိုး။ မြို့ဆိုတာ တောနဲ့ တူတာ မဟုတ်ဘူး၊ ဒီလို ပြောတယ်။ ဒါနဲ့ မြို့ရောက် ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်၊ လျှောက် ကြည့်တော့ မြို့ထဲရောက်သွားတော့ ကျကျနနနဲ့ စောင်းကောက်ကြီး တီးနေတာ မြင်၊ တောမှာ တစ်ခါမှ မမြင်ဖူးဘူး။ အံမယ် . . . သူငယ်ချင်း သူငယ်ချင်း ဟိုဒင်းက ဘာကြီးတုံး၊ ဘာကြီးတုံး မေးရှာတယ်။ ဟိုကောင်က ရှက်တယ် လူတွေထဲ၊ အသံထုတ်မေးတော့ ရှက်တယ်။ တိတ်တိတ် နေကွာ၊ ငေါက်လိုက်တယ်။ မှတ်ထားတယ်။ ဟိုကတော့ “တိတ်တိတ်နေကွာ” နောက်ထပ် မေးမှာ

http://www.dhammadownload.com


စိုးလို့ မှာန်လိုက်တာ။ သူက “စောင်းကောက်ကြီးနံမည် တိတ်တိတ်နေ”လို့ ဒီလိုထင်တယ်။ “တိတ်တိတ်နေကွာ” ဆိုတော့ မှတ်ထားတယ်။ ဒါနဲ့ ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်နဲ့ ကြည့်တော့ တောသားမြစ်နားတွေ ဘာတွေလည်း မရောက်ဖူးဘူး။ သင်္ဘောဆိပ်၊ ကားဆိပ် ငါလျှောက်ပြအုံးမှပဲလို့ ရေဆိပ်ဆင်းသွားတယ်။ ကမ္ဘည်းကြီး (ဂန်ဘားကြီး) မြင်ဘူးလား (မြင်ဖူးပါတယ်ဆရာ)၊ ဟင်း . . . ကမ်းနားဘွားကနဲရောက် သွားတော့ ကမ္ဘည်းကြီးတွေ (ဂန်ဘားကြီးတွေ) ကပ်ထားတာ မြင်တယ်။ တောသားက ဘာပြောလဲ၊ အောင်မလေး အဲဒီတိတ်တိတ်နေကြီးများ ကြိုးတပ်ပြီး တီးလိုက်ရတိုင်းတုန်သွားမှာပဲ။ ခုန စောင်းကောက်ကြီး မှတ်နေတာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ခုလည်း မင်းကလည်း တိတ်တိတ်နေ မှတ်နေတာ မင်း၊ ဟင်း. . .၊ ပြောစမ်းပါ -

အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော အကျိုးတရားလို့၊ အကြောင်းအားလျော်စွာ ဆိုတာ သိလား (မသိဘူးဆရာ)၊ မသိဘူးလား။ စောစောက ပြောပါလားကွာ ငါလည်း မသိဘူး။ အကြောင်း အားလျော်စွာ ဖြစ်လာသော အကျိုး ဆိုတာ တိတ်တိတ်နေပါပဲကွာ မထူးပါဘူး။ ဒီအကြောင်း ဖြစ်လို့ရှိရင် ဒီအကျိုးပေါ်ရမယ်လို့ ဒီလို ဆိုလိုတဲ့စကား နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီအကြောင်းဖြစ်လို့ရှိရင် ဒီအကျိုးသာ ပေါ်ရမယ်။ အကြောင်းအားလျော်စွာ ဖြစ်လာသော အကျိုးတရားလို့၊ ဒါ သူသူငါငါ အရပ်ထဲလည်း သုံးနေတဲ့ စကားလုံးပါကွာ သိပ်ဆန်းတာတော့ မဟုတ်ပါဘူး။ အကြောင်းအားလျော်စွာ ဖြစ်လာတာပဲ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ထိုက်သည့်အားလျော်စွာ ဖြစ်လာတာပဲ၊ ဒီလို မသုံးဘူးလား (သုံးပါတယ်ဆရာ)၊ အေး အေး . . . အဲဒီ အသုံး အတိုင်းပါပဲ မထူးပါဘူး။ အကြောင်းအားလျော်စွာ ဖြစ်လာသော အကျိုးတရားဆိုတာ ဒီအကြောင်း ဖြစ်လို့ရှိရင် ဒီအကျိုးသာ ဖြစ်ရမယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ အကြောင်းနဲ့ အကျိုး လွဲပြောင်းလို့ ရသေးလား (မရပါဘူးဆရာ)၊ မရဘူး။ အကြောင်းနဲ့အကျိုး လွဲပြောင်းလို့ မရတဲ့ အဓိပ္ပာယ် ပြနေတယ်။ ဒါ့ကြောင့် -

ခီရာဒီဟိ၊ နွားနို့ အစရှိသည်တို့မှ။ ဒဓိအာဒီနံ၊ နို့ဓမ်းအစရှိသည်တို့၏။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ အညေသံ၊ တစ်ပါးကုန်သော ဝတ္ထုတို့၏။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ န ဟောတိ ဝိယ၊ မဖြစ်သကဲ့သို့တည်း။ နွားနို့မှ အကြောင်းလွဲပြောင်းပြီးတော့ တစ်ပါးသော အကြောင်းကြောင့်၊ တခြားသော အကြောင်းကြောင့် နို့ဓမ်း ဒိန်ခဲ ဘယ်တော့မှ မဖြစ်ကောင်းသလိုပဲတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဣတိ အယံ၊ ဤသည်ကား။ ဧဝံဓမ္မတာနယော နာမ၊ ဧဝံဓမ္မတာနည်းဟု မည်ပါ၏။ အဲသည်လို ဒီအကြောင်းဖြစ်လို့ရှိရင် ဒီအကျိုးပေါ်ရမယ်။ ဒီကြောင်းဖြစ်တိုင်း ဒီအကျိုး ပေါ်ရမယ်လို့ ဒီလိုဖြစ်လာတဲ့နည်းဟာ “ဧဝံဓမ္မတာနည်း”ပါပဲ။ ဒါဖြင့် ဒီနည်းမြင်တော့ ဘာဖြစ်လဲ။

http://www.dhammadownload.com


“ယံ သမ္မာ ပဿန္တော”လို့ ယံ၊ အကြောင်းဇဝံဓမ္မတာနည်းကို။ သမ္မာ၊ မဖောက်မပြန် မှန်မှန်ကန်ကန်။ ပဿန္တော၊ မြင်သော ပုဂ္ဂိုလ်သည်, သိသော ပုဂ္ဂိုလ်သည်။ ပစ္စယာနုရူပတော၊ အကြောင်းအားလျော်စွာ။ ဖလာဝဗောဓတော၊ အကျိုးတရား ဖြစ်ပုံတို့ကို ထိုးထွင်း၍သိသောကြောင့်။ အဟေတုကဒိဋ္ဌိဥ္စ၊ အဟေတုကဒိဋ္ဌိကိုလည်းကောင်း။ အကိရိယဒိဋ္ဌိဥ္စ၊ အကိရိယဒိဋ္ဌိကိုလည်းကောင်း။ ပဇဟတိ၊ ပယ်စွန့်နိုင်ပေတော့၏။ နော် (မှန်ပါတယ်ဆရာ)။

အခုပြနေတဲ့ ဇဝံဓမ္မတာနည်း မြင်လို့ရှိရင် ဘာဒိဋ္ဌိ, ဘာဒိဋ္ဌိ ပယ်နိုင်တယ် (အဟေတုကဒိဋ္ဌိနဲ့ အကိရိယဒိဋ္ဌိပါဆရာ)၊ ဘာဒိဋ္ဌိဟ (အဟေတုကဒိဋ္ဌိနဲ့ အကိရိယဒိဋ္ဌိပါဆရာ)၊ အကိရိယ ဟုတ်ကဲ့လား (အကိရိယဒိဋ္ဌိပါဆရာ)၊ အဲဒီလို လုပ်ပါ - ပီပီသသ လုပ်စမ်းပါ။ အကိရိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိဆိုတာ ဘာခေါ်လဲ (ဘဝပြတ်တဲ့ အယူအဆပါဆရာ)၊ ဒုက္ခပဲ ဟော့၊ ဟင်း . . . ဒုက္ခပဲ နင်တော့၊ ခုနပဲ အဟေတုကဒိဋ္ဌိအကြောင်း ငါပြောလာခဲ့ပေါ့။ အဟေတုကဒိဋ္ဌိဆိုတာ ဘာခေါ်လဲ (ဒီဘဝက အကြောင်းတွေမခံနဲ့ နောက်မမျှော်နဲ့ ပြတာ ပြောတာပါ) ဟော့ ဟော့ . . ငါတောင် ဘယ်လိုပြောရမှန်း မသိဘူး၊ မျက်စိကိုလည်လည်သွားတာပဲ။ အကြောင်းတရားဆိုတာ မရှိဘူး မလုပ်နဲ့၊ နားလည်းလား (နားလည်ပါတယ်ဆရာ)၊ ဘာတဲ့လဲ (အကြောင်းတရားဆိုတာ မရှိဘူး မလုပ်နဲ့)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အခု တို့ ကံ, ကံ၏ အကျိုးကို ယုံကြည်တဲ့ ပုဂ္ဂိုလ်ကျတော့ အကြောင်းတရားတွေ ရှိတာပဲမို့လား (ရှိပါတယ်ဆရာ)၊ ဘာတဲ့လဲ အကြောင်းတရားတွေက (အဝိဇ္ဇာတို့၊ သင်္ခါရတို့ပါဆရာ)၊ ဟောဗျာ ချကုန်ပေါ့ မင်းဟာ ဒုက္ခပါပဲ။ ကုသိုလ်ကံ, အကုသိုလ်ကံတွေ မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ အကြောင်းတွေ ရှိတယ်မဟုတ်ဘူးလား (ရှိပါတယ်ဆရာ)၊ လုပ်နေကြတယ် မဟုတ်လား (လုပ်ပါတယ်ဆရာ)၊ အဟေတုကဒိဋ္ဌိယူတဲ့လူကျတော့ ဘယ့်နှယ့်ပြောလဲ (ဒီဘဝ အကြောင်းတွေ ခံမနေနဲ့၊ အကြောင်းတရား မရှိဘူး)၊ အကြောင်းတရားမရှိဘူး မလုပ်နဲ့ (မှန်ပါတယ် ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လုပ်ပေမဲ့လည်း အလကားပဲ၊ နင်တို့ မျှော်နေလည်း အလကားပဲ။ အကြောင်းတရားဆိုတာ ရှိကောင်းတာ မဟုတ်ဘူး။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ အဟေတုကဒိဋ္ဌိလား (မှန်ပါတယ်ဆရာ)။

အကိရိယဒိဋ္ဌိက ဘာတုံး (လွန်ခဲ့သော အတိတ်က အကြောင်းဘဝတွေ မရှိဘူး၊ ဒီဘဝမှာ အကျိုးမပေါ်ဘူး၊ မလုပ်နဲ့) ဟောဗျာ ဘာတွေပြောမှန်းကို မသိဘူး။ ခံစားစရာ အကျိုးတရားဆိုတာ မရှိဘူးတဲ့ နားလည်လား (မှန်ပါတယ်ဆရာ)၊ ဘာတဲ့လဲ (ခံစားစရာ အကျိုးမရှိဘူး မလုပ်နဲ့)၊ အကျိုး တရားဆိုတာ မရှိဘူး (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဘာဒိဋ္ဌိ (အကိရိယဒိဋ္ဌိပါဆရာ)၊ အကိရိယဒိဋ္ဌိ။ ဒီဒိဋ္ဌိနှစ်ပါးဟာ လုံးလုံး

http://www.dhammadownload.com



စွန့်နိုင်တယ်လား (မှန်ပါတယ်ဆရာ)၊ ဘာမြင်လို့တုံး (ဧဝံဓမ္မတာနည်း မြင်လို့ပါဆရာ)၊ ဩော် . . . ဧဝံဓမ္မတာနည်းဖြစ်လို့၊ ဧဝံဓမ္မတာနည်းက ဘယ့်နှယ့်ဖြစ် (ဒီလိုပဲဖြစ်တတ်ပါတယ်ဆရာ)၊ ဒီလိုပဲ ဖြစ်တတ်တယ် (မှန်ပါတယ်ဆရာ)၊ တစ်နည်းမှတ်ထားစမ်း၊ ဒီအကြောင်းဖြစ်လို့ရှိရင် ဒီအကျိုးဖြစ်မယ် လို့ကော တစ်ထစ်ချ ပြောထားတယ် မဟုတ်လား (ပြောထားပါတယ်ဆရာ)၊ ဒါဖြင့်ရင် အကြောင်း တရား မရှိဘူးဆိုတဲ့စကား ဟုတ်သေးရဲ့လား (မဟုတ်တော့ပါဘူးဆရာ)၊ ဒါဖြင့်ရင် အကျိုးတရား မရှိဘူးဆိုတဲ့စကား ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ အဲဒါကြောင့် မင်း လွယ်သယောင်ယောင်နဲ့ ခက်တယ်လို့ ငါပြောပြောနေတာ။ မင်းသိပ်ပြတ်သားဟန် မတူပါဘူး။ အကိရိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ နှစ်ပါးဟာ လုံးလုံးပယ်ရှားသွားတယ်၊ အဟေတုကဒိဋ္ဌိ ဆိုတာ ဘာတုံး။ အကြောင်းတရားဆိုတာ မရှိဘူး၊ အလကားပြောတာ မလုပ်နဲ့။ အကိရိယဒိဋ္ဌိ ဆိုတာ ဘာတုံး၊ အကျိုးတရားဆိုတာ မရှိဘူး မျှော်မနေနဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ) ဟုတ်ကဲ့ လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ဧဝံဓမ္မတာနည်း မြင်လိုက်တော့ အဟေတုကဒိဋ္ဌိနဲ့ အကိရိယဒိဋ္ဌိ လုံးဝစွန့်နိုင်တယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ စွန့်နိုင်တာတုံးဆိုတော့ ဟိုက ဒီအကြောင်းရှိလို့ ရှိရင် ဒီအကျိုးက ဖြစ်မြဲလို့ ပြထားတော့ အကြောင်းနဲ့အကျိုး ခွဲရလား (မရပါဘူးဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီအကြောင်းဖြစ်လို့ရှိရင် ဒီအကျိုးက ဖြစ်မြဲလို့ ပြထားတာ။ ဒီအကြောင်းရှိရင် ဒီအကျိုးဖြစ်တယ်။ ဒီအကြောင်းရှိရင် ဒီအကျိုးဖြစ်တယ်လို့ အကြောင်းနဲ့အကျိုးက လွှဲပြောင်းလို့ မရကောင်းတဲ့ အဓိပ္ပာယ်ကြီး ပြထားတော့ ကြည့်စမ်းကွယ် - ဒီအကြောင်းရှိလို့ရှိရင် ဒီအကျိုးဖြစ်တယ် ဆိုတဲ့ စကားလေးမှာ အဝိဇ္ဇာ ဆိုတဲ့ အကြောင်းရှိလာရင် သင်္ခါရဆိုတဲ့ အကျိုးဖြစ်တော့မယ်လား (ဖြစ်မှာပါဆရာ)၊ ဖြစ်ရမယ်လား (ဖြစ်ရမှာပါဆရာ)၊ မလွဲတော့ဘူးပေါ့ (မလွဲပါဘူးဆရာ)၊ ဒါဖြင့်ရင် သူစောစောက ပြောထားတဲ့ အကြောင်းတရားဆိုတာ မရှိဘူးဟေ့ဆိုတာ ဟုတ်သေးရဲ့လား (မဟုတ် တော့ပါဘူးဆရာ)၊ ဒါဖြင့်ရင် အကျိုးတရားဆိုတာ မရှိဘူးဟေ့ ဆိုတာ ဟုတ်သေးရဲ့လား (မဟုတ်တော့ ပါဘူးဆရာ)၊ အဲဒါလေးကို ပြတ်သားစေချင်လို့ ထပ်ပြန်တလဲလဲ ပြောနေတယ်။ ဒါကြောင့် . . .

ဒီအကြောင်းရှိလို့ရှိရင် ဒီအကျိုးက ဖြစ်မြဲတဲ့။ ဒီလိုပဲ ဖြစ်တတ်တယ်။ ထုံးစံအတိုင်း ဖြစ်တတ် တယ်လို့၊ အဆန်းမဟုတ်ပါဘူး။ ဒီလိုပဲ ဖြစ်တတ်တာပဲလို့ အရပ်ထဲ အကွက်ထဲ သုံးတဲ့စကားအတိုင်း ပါပဲ။ ဒါကို "ဓမ္မတာ"လို့၊ ဓမ္မတာသဘောအတိုင်း ဖြစ်တာလို့ ဒီလို ခေါ်ရတယ်။ အဝိဇ္ဇာဆိုတဲ့ အကြောင်းရှိရင် သင်္ခါရဆိုတဲ့ အကျိုးဖြစ်ရမယ်။ သင်္ခါရဆိုတဲ့ အကြောင်းရှိရင် ဝိညာဏ် ဆိုတဲ့ အကျိုးဖြစ်ရမယ်။ ဒီနေရာမှာ အကြောင်းနဲ့အကျိုးသည် လွှဲပြောင်းလို့ မရကောင်း သဘောလေးက၊

http://www.dhammadownload.com



အဝိဇ္ဇာဖြစ်ပြီးတော့ သင်္ခါရမှတစ်ပါး တခြားသော အကြောင်းတွေ ဖြစ်ကောင်းတယ်။ ဒီလို မယူရဘူး။ အဝိဇ္ဇာဖြစ်ရင်ဖြင့်၊ အဝိဇ္ဇာရှိရင်ဖြင့် သင်္ခါရပဲ ဖြစ်ရမယ်။ ဒါဘာတုံး၊ ဒါ ဓမ္မတာသဘောပဲတဲ့။ ဒီလိုပဲ ဖြစ်ရမှာပဲလို့၊ ထုံးစံအတိုင်း ဖြစ်ရမှာပဲလို့ ဒါ "ဧဝံဓမ္မတာနည်း"လို့ ခေါ်တယ်။ ဒီနေ့ သိလိုက်တော့၊ ဒီနေ့မြင်လိုက်တော့ ဘာဖြစ်သလဲလို့ အဟေတုကဒိဋ္ဌိ အကြောင်းတရားဆိုတာ လုံးလုံးလျားလျား မရှိဘူးဆိုတဲ့ အယူဝါဒ ပြုတ်တယ်။ အကိရိယဒိဋ္ဌိ - အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရား ဆိုတာ လုံးလုံး မရှိဘူးလို့ ယူဆထားတဲ့ ဒိဋ္ဌိပြုတ်တယ်။ ဒီ အဟေတုကဒိဋ္ဌိနှင့် အကိရိယဒိဋ္ဌိက ဘယ်က ပွားလာလဲဆိုတော့ ဥစ္ဆေဒဝါဒက လာတယ်။ သူလည်း အပြုတ်တစ်မျိုးပဲလို့၊ ဒီ ဒိဋ္ဌိနှစ်ပါး ထင်ထင် ရှားရှားကြီးနဲ့ ကွာတယ်၊ ရှင်းတယ်၊ လင်းတယ် ဆိုတဲ့ အဓိပ္ပာယတ္ထ။ ဒါပေမဲ့လို့ စောစောက ပြော ထားတဲ့အတိုင်း ဧကတ္တနည်းနဲ့ ဧဝံဓမ္မတာနည်း ဆင်တူယိုးမှားလေး ဖြစ်နေလို့၊ ပြန်ပြီးရောမှာ ထွေးမှာစိုးလို့ သီးသန့်ခွဲခြားပေးနေရတာ။ ဒါဖြင့် ဧဝံဓမ္မတာနည်း ဆိုတာ အဝိဇ္ဇာဟူသော အကြောင်း ရှိရင်ဖြင့် သင်္ခါရဆိုတဲ့ အကျိုးတရားပဲ ပေါ်ရမှာပေါ့နော် (မှန်ပါတယ်ဆရာ)၊ သင်္ခါရမှ တစ်ပါးသော အကျိုးတရားတွေ ပေါ်စရာရှိသေးလား (မရှိပါဘူးဆရာ)၊ မရှိဘူး။ ဒီအကြောင်းရှိနေရင် ဒီအကျိုး ဖြစ်မှာဘဲလို့၊ ဒီအကြောင်းဖြစ်လာရင် ဒီအကျိုးပေါ်မှာပဲ၊ ဒီအကျိုးဖြစ်မှာပဲ။ ဘယ်သူ လုပ်တာတုံး၊ ဘယ်သူမှ မလုပ်ဘူး။ ဒါဘယ်သဘောနဲ့ ဖြစ်၊ ထုံးစံအတိုင်းဖြစ်တာပဲ။ ဒါသဘော တရားအတိုင်းပဲ။ ဓမ္မတာထုံးစံအတိုင်းပဲ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကို "ဧဝံဓမ္မတာနည်း"လို့ အခုလို ထပ်ပြန်တလဲလဲ ပြလိုက်တော့ သဘောထဲ ရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)၊ နားကော လည်ရဲ့လား (နားလည်ပါတယ် ဆရာ)၊ နောက်မမေ့သွားအုံးမှာလား (မမေ့ပါဘူးဆရာ)။

ပညာတစ်ခုရထားလို့ရှိရင် မေ့ပစ်ရတာ မဟုတ်ဘူး။ သေတ္တာထဲ၊ အိုးထဲ၊ ခွက်ထဲ၊ သိုလှောင် ထားပြီးတော့ သိမ်းဆည်းထားရတာ မဟုတ်ဘူး။ ဦးနှောက်ထဲ ထားရတာ၊ ဉာဏ်ထဲမှာ မှတ်သားထား ရတာ၊ ဘာမှ ဝန်လေးစရာ အကြောင်းမရှိဘူး။ အခုတော့ ဒီလိုမဟုတ်ဘူး။ သင်ပေး တော်တော်ကြာ မရှိဘူး၊ သင်ပေး တော်တော်ကြာ မရှိဘူး။ ဘာမှလည်း အဖတ်မတင်ဘူး။ အဖတ်တင်အောင် လုပ်ရတယ်၊ မပျောက်မပျက်ရဘူး။ သိမ်းဆည်းထားရတယ်။ မနေ့က ငါပြောထားတဲ့ လောကပါလ နတ်သားပေးတဲ့ ပတ္တမြားသုံးလုံး၊ သုံးနံပါတ် လူလို မူထားရတယ် နော် (မှန်ပါတယ်ဆရာ)၊ သုံးနံပါတ် လူကျတော့ တန်ဖိုးရှိမှန်းသိတော့ ကိုယ်အလိုရှိတဲ့ အကျိုးစီးပွားလည်း ပြီးမြောက်တယ်ဆိုပြီးတော့ ဒီပတ္တမြား ပျောက်သွားလို့ရှိရင် နောင်တစ်ဖန် ရနိုင်ဖို့ရာ အလွန်ခဲယဉ်းပါလားလို့ ဒီလို နားလည်မှုနဲ့ ဘယ့်နှယ်လုပ်ထားလဲ။ သိမ်းထားတယ် နော် (မှန်ပါတယ်ဆရာ)။ လုံခြုံတဲ့ ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်တဲ့ သေတ္တာသံတင်းထဲကို သွင်းပြီးတော့ သိမ်းထားတယ်။ အလိုရှိတဲ့အခါ ထုတ်သုံးလိုက်။

http://www.dhammadownload.com



မိမိကိစ္စပြီးပြန်တော့ ပြန်ပြီး သိမ်းဆည်းထား။ တစ်သက်လုံး မသုံးရဘူးလား (သုံးရပါတယ်ဆရာ)၊ အေး . . . ဒီလိုပဲ အခုလည်းပဲ မိမိတို့ရသော ပညာ၊ ဆည်းပူးရသော ပညာ ရလာပြီ၊ သိလာပြီ၊ မှတ်မိလာပြီ၊ နားလည်လာပြီ။ မနောမယပတ္တမြားထက် ဆယ်ဆထမ်းပိုးတိုးပြီးတော့ သာချင်တိုင်း သာနေတဲ့ မင်္ဂမျိုးစေ့၊ ဖိုလ်မျိုးစေ့ ရစေတတ်သော မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ် ရစေတတ်သော၊ အပါယ်လေးပါး တံခါးပိတ်စေတတ်သော ဆိုတဲ့ ဒီအသိဉာဏ်လေးတွေ ပျောက်မပစ်ရဘူးတဲ့။ သိမ်းဆည်းထားပါတဲ့။ အမြဲတစေ ကိုယ့်ဉာဏ်ထဲမှာ မပွားများနိုင်သော်လည်း သတိရတဲ့အခါ ထုတ်ပြီး ဆင်ခြင်လို့၊ သုံးသပ်လို့၊ တွေးတောလို့၊ ကြံစည်လို့၊ စဉ်းစားလို့၊ ဝေဖန်လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့လည်း ကိုယ့်ကိစ္စအဝဝနဲ့ သွားစရာရှိသွား၊ လာစရာရှိလာ၊ လုပ်စရာရှိ လုပ်၊ ကိုင်စရာရှိကိုင်၊ ရောင်းစရာရှိ ရောင်းပေါ့။ အမြဲတစေလည်း ဒီဉာဏ်ကိုချည်းပဲ ဘာဝင်စားနိုင်မလဲ၊ မဝင်စားနိုင်ဘူး။ ထားပေါ့။ မဝင်စားနိုင်ဘူးပေါ့၊ မပျောက်စေနဲ့။ အလိုရှိတဲ့အခါ ထုတ်ပြီးတော့ သုံးစွဲတဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ဆင်ခြင်သုံးသပ်နေတဲ့ အခိုက်အတန့်လေးမှာလည်းပဲ တစ်မင်္ဂ တစ်ဖိုလ် ရနိုင်တဲ့ တရားလို့ အင်မတန် အားထားစရာကောင်းပါတယ်။ ယုံယုံကြည်ကြည်နဲ့၊ မြတ်စွာဘုရား ကိုယ်တော်မြတ် မိန့်ကြားတော်မူတဲ့ စကားတော်အတိုင်း, အမှာတော်အတိုင်း ယုံယုံကြည်ကြည်နဲ့ သတိရတဲ့အခါ, အခွင့်သာတဲ့အခါ ဆင်ခြင်သုံးသပ် ပွားများပေး၊ နှလုံးသွင်းပေး၊ ဆင်ခြင်ပေး၊ စဉ်းစားပေး။ အဲဒီလို ဆင်ခြင်သုံးသပ်နေတဲ့ အတောအတွင်းမှာပဲ မင်္ဂဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်လို့ ကိုယ်တော်မြတ်က ဟောသွားတယ်။ မုချရတယ်၊ ရတယ်လို့ ဟောသွားတယ်။

ဒါ့ကြောင့် အင်မတန် တန်ဖိုးများတဲ့ ပညာ၊ အင်မတန် တန်ဖိုးများတဲ့ အသိဉာဏ်တရားတွေလို့ ဖျောက်ဖျက်လည်း မပစ်ကြပါနဲ့လို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် တို့ ဧဝံဓမ္မတာနည်း လက်စသတ်ကြစို့ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ နည်းလေးပါးပြန်ပြီးတော့ စုလိုက် ပေါင်းလိုက်ကြစို့။ နည်းလေးပါး စုပေါင်းပြီးတဲ့အခါကျတော့ ဘာကျန်သေးသလဲဆိုတော့ မူလနှစ်ပါး ကျန်တယ်၊ သစ္စာနှစ်ပါးကျန်တယ်၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ မူလနှစ်ပါး သစ္စာနှစ်ပါး ကျန်နေတော့ကာ အဲဒီမူလနှစ်ပါးကိုပြ။ မူလနှစ်ပါးလည်းပြီးရော ပဋိစ္စသမုပ္ပါဒ်ကြီးလည်း လက်စသတ်ကြစို့နော် (မှန်ပါတယ်ဆရာ)၊ သစ္စာနှစ်ပါးကတော့ သိပ်ပြီးတော့ အကျယ်တဝင့် ဖွင့်ပြီး ပြောစရာမလိုလှဘူး။ ဒီအထဲပါပြီးသား ဖြစ်နေတယ်။ သစ္စာက ဘုရားကိုယ်တော်မြတ် ဟောထားတာ လေးပါး၊ ဒီအထဲတော့ နှစ်ပါးထဲပါလားလို့ မေးစရာရှိတယ်။ ဒီအထဲ ရတာက နှစ်ပါးရတယ်၊ နှစ်ပါးရတာ ဘာဖြစ်လို့ ပဋိစ္စသမုပ္ပါဒ်ဒေသနာထဲ သေချာရှာကြည့်တော့ အကြောင်းတရားနဲ့အကျိုးတရား နှစ်ပါးရှိတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးပဲ ရှိတယ်၊ ပိုပြီးမရှိဘူး။ ဒီတော့

http://www.dhammadownload.com


ဒီအကြောင်းတရားနဲ့ အကျိုးတရားနှစ်ပါးရှိတဲ့အထဲမှာ သစ္စာလေးပါးနည်းနဲ့ ရှာလိုက်တော့ သစ္စာနှစ်ပါး လာတွေ့တယ်။ ဘာလာတွေ့လဲ၊ သမုဒယနဲ့ဒုက္ခ။ သမုဒယက အကြောင်းသစ္စာ၊ ဒုက္ခက အကျိုးသစ္စာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးလည်း ရှင်းလိုက် လင်းလိုက်ရင် အလွယ်လေး။ သစ္စာလေးပါး ဘုရားကိုယ်တော်မြတ်က ဟောထားတယ်။ သစ္စာလေးပါးဆိုတာ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလို့ သူသူငါငါလည်း ကြားဖူးကြတယ်၊ ဒီအထဲတော့ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ ရှာမရဘူး၊ မပါလာဘူး။ သမုဒယနဲ့ ဒုက္ခပဲ ရှိတယ်။

## ဝဋ္ဋသစ္စာနဲ့ဝိဝဋ္ဋသစ္စာခွဲပြပုံ

ဘာဖြစ်လို့ ဒီသမုဒယနဲ့ ဒုက္ခဆိုတာက ဝဋ္ဋသစ္စာနှစ်ပါး ခေါ်ထားတယ်။ ဝဋ်ထဲက တရားတွေ ဖွဲ့တဲ့ သစ္စာမို့လို့ "ဝဋ္ဋသစ္စာ"လို့ နော် (မှန်ပါတယ်ဆရာ)၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာဆိုတာ "ဝိဝဋ္ဋသစ္စာ"ခေါ်တယ်။ သူတို့ကတော့ ဝဋ်အပြင်ဘက် ထွက်နေတဲ့ တရားတွေ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဒါ ဝဋ္ဋသစ္စာနဲ့ ဝိဝဋ္ဋသစ္စာ နှစ်မျိုးခွဲထားလို့၊ ဒါ့ကြောင့် ဒီဝဋ်သုံးပါး လည်စေတတ်တဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးမှာ သစ္စာအနေအားဖြင့် ရှာလိုက်တော့ ဝဋ္ဋသစ္စာ နှစ်ပါးရတယ်တဲ့။ ဝဋ်သစ္စာတွေ ခေါ်တယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကြည့်လိုက်ပြန်တော့လည်း သမုဒယနဲ့ ဒုက္ခ၊ သမုဒယဆိုတာ အကြောင်း၊ ဒုက္ခဆိုတာ အကျိုး ဒီနှစ်ပါးလာရတယ်။ ဒီတော့ ဒီသစ္စာလေးပါးကို စုံစုံညီညီနဲ့ သစ္စာခန်းပြတဲ့ အချိန်ကျမှ အကျယ်တဝင့် ဖွင့်ပြီးတော့ ပြရမယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီနေရာတော့ ကျန်တဲ့ တို့ မူလနှစ်ပါးပြပြီ။ ပြပြီးတော့မှ ဒီပဋိစ္စသမုပ္ပါဒ် ခေါ်တဲ့ ဘဝစက်ကြီးကို ဖျက်ဆီးတဲ့ နည်းလေးနဲ့ နိဂုံးချုပ်ရမယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သံသရာလည်ပုံ လည်နည်းတော့ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး အစပထမ နိဒါန်းကနေပြီး ပြလာတာ ဆုံးခန်းတိုင်ရောက် အပြီးကို ရောက်ပါပြီ။ လည်ပုံလည်နည်းလဲ ကျုပ်တို့ နားလည်ပါပြီ။ ဒီလို အကြောင်းတရားတွေကြောင့် ဒီလို အကျိုးတရားဖြစ်တယ်လို့ အကျိုးအကြောင်းဆက်သွယ်ပြီးတော့ လည်နေတယ် ဆိုတာလည်း နားလည်ပါတယ်။

ဒါပေမဲ့ ဒီပဋိစ္စသမုပ္ပါဒ်စက်ကြီး ဖျက်ဆီးပြီးတော့ ထွက်နည်းလေးတော့ မပြတော့ဘူးလားလို့ မေးစရာရှိတယ် နော် (မှန်ပါတယ်ဆရာ)၊ လည်နည်းပြပြီးလို့ရှိရင်လည်း ထွက်နည်းတစ်ခါ ပြရမယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ထွက်နည်းလေးနဲ့ နိဂုံးသတ်ပြီးတော့ ရပ်ကြစို့ရဲ့လို့ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ခု တို့ ခုညဆိုရင် လဆုတ် (၁၀)ရက်၊ (၁၁)ရက် တစ်ည၊ (၁၂)ရက် တစ်ည၊ (၁၃)ရက်နေ့ ညကျတော့ အဲဒီဘဝစက်ကြီး ဖျက်ဆီးတဲ့နည်းနဲ့ လက်စသတ် ဟုတ်ကဲ့လား

(မှန်ပါတယ်ဆရာ)၊ လက်စသတ်ပြီးတော့ တို့သင်တန်းကြီး ခေတ္တတစ်ခန်းရပ်ကြဦးစို့ရဲ့။ အဲဒါ လက်စသတ်ပြီးတဲ့နောက် တို့များ လေးငါးရက်လောက်၊ ငါးရက်မျိုး၊ ခြောက်ရက်မျိုးပေါ့လေ။ ကိုယ့်ကိုယ်ကို ကျန်းမာရေးနဲ့ လေးစားပြီးတော့ အနားယူပြီးတော့မှ တို့ လဆန်း (၈)ရက်လောက်ကျတော့ တစ်ခါ ရန်ကုန်ခရီးထွက်ရလိမ့်မယ်နော် (မှန်ပါတယ် ဆရာ)။ ကြားပြီးတဲ့ ပုဂ္ဂိုလ်လည်း ကြားပြီးတဲ့အတိုင်း ရှိကြပါတယ်။ မကြားသေးတဲ့ ပုဂ္ဂိုလ်များလည်း နားလည်မှုရအောင်။ ဒီတော့ ရန်ကုန်ခရီးထွက်ရမဲ့ ကိစ္စက မျက်စိရောဂါအတွက် ကုလာတာက လက်စက မသတ်တော့ နောက်ထပ်ပြီးတော့ ဆရာဝန် အစစ်အဆေးလည်း ခံရင်း၊ ကုမယ်ဆိုလည်း သူဆုံးဖြတ်ချက်အတိုင်း၊ ကုမယ်ဆိုလည်းပဲ ကုခဲ့ဖို့ အဲ. . . ကုစရာမလိုဘူးဆိုလည်း ပြန်ခဲ့ဖို့ပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ မျက်စိရောဂါ အတွက်ကလည်းပဲ သိပ်ပြီးတော့ ဟန်ရပန်ရနဲ့ အဖြေကလည်း ကောင်းတာမဟုတ်တော့ တယ်လည်း စိတ်ကလည်း မချဘူး။ ဆရာဝန်ကလည်း ဒီကလူကြုံနဲ့ တွေ့တဲ့အခါကျတော့၊ ဆရာဝန်ကလည်း မရမက မှာတယ်၊ လာဖြစ်အောင် လာပါ။ မျက်စိအတွက် တစ်ခေါက်လောက် လာပြလှည့်ပါအုံး၊ အခြေအနေကြည့်ပါရစေ၊ ကုလောက်တဲ့ အခြေအနေဖြစ်လို့ ရှိရင်လည်း ကုပေါ့မယ်။ ဒီလိုမဟုတ်လို့ စမ်းသပ်ကြည့်တဲ့အခါကျတော့ ကုလောက်တဲ့ အချိန်မကျသေးဘူး ဆိုရင်လည်းပဲ အချိန်နာရီ ရွှေ့ပြီးတော့, နေ့ရက်ရွှေ့ပြီးတော့ ပြန်ပြီးတော့ လာဖို့ပါပဲ။ ဒါကြောင့် မျက်စိရောဂါစမ်းသပ်ဖို့ ကိစ္စက အချိန်ရာသီလေးနဲ့ အမှီပြေးရတယ်၊ တို့ စောစောများက ကြံထားတာကတော့ ဒီသင်တန်းတစ်ပတ် လည်းပဲ ဆုံးတော့မယ်လို့ ပြီးတော့မယ်လို့ သင်တန်းတစ်ပတ်ပြီးရင်ဖြင့် နားရင်း ဆိုသလိုပဲ ရန်ကုန်တော့ တစ်ခေါက်သွားပြီးတော့ မျက်စိပြအုံးမှပဲ ဒီလို စိတ်က အောက်မေ့တယ်။

ဒါပေမဲ့ နောက်ထပ် ဘယ်လိုဖြစ်လာလဲဆိုတော့ သင်တန်းတစ်ပတ် တွက်ကြည့်တော့ နိဗ္ဗာန် တရားတော်ကြီးလည်း ပြချင်တာက အရင်ပြီးခဲ့တဲ့ အပတ်တုန်းက ၁၆-ရက်တိတိ ပြခဲ့တာ အားမရဘူး။ နာရတဲ့ပုဂ္ဂိုလ်များကလည်းပဲ လည်သင့်သလောက်လေးတော့ လည်ကြပါရဲ့။ တချို့လည်း သိပ်မပြတ် သားဘူး။ ဒါပေမဲ့ အကြိုက်တော့ များပါတယ်။ ဒီတော့ မူအနေအားဖြင့် ကြီးကလည်း သွင်းနေပြန်တော့ နိဗ္ဗာန်တရားဆိုတာလည်း လွယ်တဲ့တရား မဟုတ်ဘူး။ နိဗ္ဗာန်တရားချည်းပဲ ပါဠိတော် အဋ္ဌကထာ ဋီကာလာတဲ့အတိုင်း အကျယ်ချဲ့ပြီးတော့ ပြတ်ပြတ်သားသား နားလည်အောင် ဟောကြစို့ ဆိုပြန် တော့လည်းပဲ အနည်းဆုံးအားဖြင့် တို့သင်တန်းတစ်ပတ်စာနီးပါးလောက်ဟောမှ ကုန်မှာနော် (မှန်ပါ တယ်ဆရာ)။ တော်တော်လည်း ကျယ်ဝန်းတယ်၊ တော်တော်လည်း ခက်ခဲတယ်၊ တော်တော်လည်း နက်နဲတယ်။ လွယ်လင့်တကူနဲ့ သိတဲ့တရားလည်း မဟုတ်ဘူး။ ဒီတော့ နိဗ္ဗာန်ဆိုတဲ့ တရားချည်းလဲပဲ အားလုံး တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေမှန်သမျှ နိဗ္ဗာန်တောင့်တကြတယ်၊ နိဗ္ဗာန်လိုချင်ကြတယ်

http://www.dhammadownload.com



ဆိုတဲ့ ပုဂ္ဂိုလ်တွေက များ၊ ဝတ်ကျေ တန်းကျေအားဖြင့် ဆုတောင်းတဲ့ ပုဂ္ဂိုလ်လည်း မရှား၊ တကယ် ရောက်ချင်ကြတဲ့ ဆုတောင်းတဲ့ပုဂ္ဂိုလ် မရှားလို့၊ ဒါကြောင့် ဗုဒ္ဓဘာသာများရဲ့ ပါးစပ်ဖျားမှာတော့ နိဗ္ဗာန်မပါရင် ကုသိုလ်မပြုနိုင်သလောက် ဒီထိအောင် လိုချင်တဲ့ ဆန္ဒစာတ်တွေ ပြင်းပြီးတော့ နေကြတယ်။ ဒီလိုသာ ပြင်းနေတယ်၊ မိမိတို့လိုချင်တဲ့ တမ်းတနေတဲ့ နိဗ္ဗာန်ရဲ့အဓိပ္ပာယ် လည်လည် ပတ်ပတ် သိသလားဆို ဆယ်ယောက်မှာ တစ်ယောက် ရှာမရဘူး နော် (မှန်ပါတယ်ဆရာ)၊ ရောဂါ ရမ်းကာနဲ့ ဖျန်းကာသမ်းကာနဲ့ ဒီလိုပဲ သူများကောင်းတယ်ဆိုတာနဲ့ လိုချင်နေကြတယ်။ နိဗ္ဗာန်ရဲ့ တန်ဖိုးလည်း မသိ၊ နိဗ္ဗာန်ရဲ့ အဓိပ္ပာယတ္ထလည်း နားမလည်။ နိဗ္ဗာန်ရဲ့ အကျိုးစီးပွားလည်းပဲ လုံးလုံး နားမလည်။ အဲဒါကြောင့် နိဗ္ဗာန်ဆိုတဲ့ တရားတော်မြတ်က လျှောက်လည်းကြည့်။ စနည်းလည်း နာကြည့်။ ဘယ်အရပ်ဒေသ ဘယ်ပုဂ္ဂိုလ်က ဟောတုံးလို့ လျှောက်မေး၊ ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်ပုဂ္ဂိုလ်မှ မဟောဘူး။ ဘာဖြစ်လို့ မဟောလဲ၊ အဟောပြင်းလို့ မဟောတာ။ ဘာဖြစ်လို့ အဟော ပြင်းလဲ၊ ဟောနေလည်း မောရုံရှိမှာပဲတဲ့။ အင်မတန်ပြတ်သား သိနိုင်ခဲတဲ့ ခက်ခဲနက်နဲသော တရားက ဖြစ်နေတော့ ဟောလည်း မောရုံရှိမှာပဲ၊ တတ်ကျွမ်းနားလည်တဲ့ ပုဂ္ဂိုလ်တွေ ပေါသင့်သလောက် ပေါပါရဲ့၊ ရှိသင့်သလောက် ရှိပါရဲ့၊ ဒါပေမဲ့ ဘယ်သူမှ မဟောဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)။

တို့သင်တန်းကတော့ ဒီနိဗ္ဗာန်ကို သင်တန်းစကတည်းက နိဗ္ဗာန်ကို အဆုံးထားထား၊ ထား ထားပြီးတော့ သင်တန်း ပြန်ပြန်၊ ပြန်ပြန် လှည့်ကြတယ်။ နိဗ္ဗာန်ပြုပြီဆို သင်တန်းတစ်ပတ်ဆုံးပေါ့။ ဒီလိုသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ ဒီသင်တန်းကျခါမှ နိဗ္ဗာန်ကို ထူးထူးဆန်းဆန်း ထည့်ဟောသလဲဆိုတော့ ဟောသူ ပြောသူကလည်း အင်မတန် နည်းတယ်၊ နည်းတော့ သိကြား နားလည်တဲ့ ပုဂ္ဂိုလ်လည်း အင်မတန်နည်းတယ်။ သိကြား နားလည်တဲ့ ပုဂ္ဂိုလ်နည်းပြန်တော့ နိဗ္ဗာန်ရဲ့ အဓိပ္ပာယတ္ထမပြတ်သား။ မပြတ်သားတော့ လိုချင်တဲ့ဆန္ဒ မပြင်းပြဘူး ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ဒါ့ကြောင့် တချို့လည်းပဲ ဝတ်ကျေတန်းကျေလောက် ဆုတောင်းထဲ ပါကြတယ်။ သာမည လောက်ကလေးရှိတယ်။ သိပ်ပြီးတော့ ဟက်ဟက်ပက်ပက် လိုချင်တာမဟုတ်ဘူး။ ဘာဖြစ်လို့ မလိုချင်လဲ နိဗ္ဗာန်ရဲ့အရသာ မသိလို့၊ နိဗ္ဗာန်ရဲ့ဂုဏ်ကျေးဇူး မသိလို့၊ နိဗ္ဗာန်ရဲ့အဓိပ္ပာယ် နားမလည်လို့ နော် (မှန်ပါတယ်ဆရာ)၊ တချို့လည်း ဘယ့်နှယ့်ထင်တုံး၊ နိဗ္ဗာန်ဆိုတာ များသောအားဖြင့် နားလည် ထားတာက နိဗ္ဗာန်ဆိုတာ လက်ရှိ ခန္ဓာကမ္ဘာရုပ်တွေ ချုပ်ငြိမ်း ပျောက်ပျက်သွားတာ နိဗ္ဗာန်ပေါ့။ ဒီလိုဆိုတော့ တချို့က မလိုချင်ဘူး နော် (မှန်ပါတယ်ဆရာ)၊ မလိုချင်ဘူး ပြောပြန်တော့လည်းပဲ ကြားတဲ့လူအပေါင်းက ကဲ့ရဲ့မှာစိုးလို့ မိုက်လိုက်တဲ့အကောင်တဲ့ကွယ် နိဗ္ဗာန်မလိုချင်ဘူးလို့၊ ဒီလိုဆိုမှာ ကြောက်တော့ မလိုချင်ဘူးလည်း မပြောရဲဘူး နော် (မှန်ပါတယ်ဆရာ)၊ မလိုချင်ဘူးလည်း မပြောရဲဘူး။

http://www.dhammadownload.com


လိုချင်ဟန်ဆောင်ပြီးတော့ နိဗ္ဗာန်ဆုတောင်းတာ၊ သေသေချာချာမေး - မင်းဆုတောင်းနေတဲ့ မင်းတို့ အဲဒီလောက်တောင်လိုချင်နေတဲ့ နိဗ္ဗာန် မင်းနားလည်သလားလို့၊ အရသာသိလို့လား၊ အဓိပ္ပာယ် နားလည်လို့ မင်းလိုချင်သလားဆိုတော့ ဘာမှ မပြောတတ်ဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘာဖြစ်လို့၊ မသင်လို့ မတတ်တာတဲ့၊ မတတ်လို့ နားမလည်၊ နားမလည်လို့ မသိရှာ၊ မသိရှာလို့ မလိုချင်တာလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

လူ့ဘဝ၊ နတ်ဘဝတော့ လိုချင်လိုက်တာ။ လိုချင်တာပေါ့ ဟောသူ ပြောသူက အလွန်များ။ လူဘဝလက်တွေ့ထား။ နတ်ဘဝကျတော့ ဟောသူ ပြောသူများ၊ မများဘူးလားဟ (များပါတယ်ဆရာ)၊ အမယ်လေး . . . နတ်သားတစ်ယောက် ဖြစ်သွားရင် ဘယ်ဘက်က နတ်သမီးငါးရာ၊ ညာဘက်က နတ်သမီးငါးရာတဲ့။ ရွှေဗိမာန်၊ ငွေဗိမာန်၊ ပတ္တမြားဗိမာန်ကြီးနဲ့ စံရသတဲ့ နော် (မှန်ပါတယ်ဆရာ)၊ လူ့ပြည်လို လယ်ထွင်၊ ကိုင်းလုပ် ဓားမခုတ်အနေအားဖြင့် ရောင်းဝယ်ဖောက်ကား စားသောက်ခြင်း တွေ မလုပ်ရဘူးတဲ့၊ အချိန်တန် အရံသင့်စားရသတဲ့၊ စားရပြန်သော်လည်း လူ့ပြည်က အစာ အာဟာရမျိုးမဟုတ်ဘူးတဲ့၊ အင်မတန်မွန်မြတ်တဲ့ "နတ်သုဒ္ဓါ နတ်ဩဇာ"ခေါ်သတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာမှ မပြည့်စုံတာ မရှိဘူး၊ ကံဘုံသက်သက် ကံစီမံဖန်တီးပေးထားတာ ပြည့်စုံ လိုက်တာ လွန်လို့တဲ့။ ဒါကြောင့် နတ်ပြည်များ အိုတယ်လို့ မရှိဘူးတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ဒီအတိုင်း ဒီအတိုင်းပဲ သေခါနီးကျမှ အိုရုပ်ပေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ သေခါနီးကျမှ အိုရုပ်ပေါ်တယ်တဲ့။ သူ့ကြည့်လည်း အတူတူ၊ ငါ့ကြည့်လည်း အတူတူ။ ဖြစ်စအရွယ်အတိုင်း နေကြ တယ်။ အဲဒီလို ဟောသူ ပြောသူများလာတော့ နတ်ပြည်၊ နတ်စည်းစိမ်းကျတော့ မမက်မောလာ ဘူးလား (မက်မောလာပါတယ်ဆရာ)၊ လိုချင်သူတွေ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ လိုချင်သိလား (ကောင်းလို့ပါဆရာ)၊ ကောင်းလို့. . ဝတ်ကြီးကျတာ ပြောပြီ။ နတ်ပြည်အကြောင်း သိလို့ပေါ့ (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နတ်ပြည်အကြောင်း ကြားဖူးလို့ပေါ့ (ကြားဖူးပါတယ်ဆရာ)၊ နတ်ပြည်ရဲ့ အဓိပ္ပာယ်တွေ နားလည်ထားလို့ပေါ့ (မှန်ပါတယ်ဆရာ)၊ အေး အေး . . . အဲဒီလို အဓိပ္ပာယတ္ထအားဖြင့် ဟောသူ ပြောသူများတော့ သဘောထဲ ကိုယ်ကိုယ် တိုင်က နားလည်တော့ တပ်မက်မောသကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်ကျတော့ နတ်ပြည် လောက် မက်မောရဲ့လား (မမက်မောပါဘူးဆရာ)၊ ဘာဖြစ်လို့ မမက်မောလဲ (မသိလို့ပါဆရာ)၊ အေး. . မသိလို့ နားလည်လား (နားလည်ပါတယ်ဆရာ)။

အဲဒါကြောင့် တို့သင်တန်းက ဒီနိဗ္ဗာန်ရောက်ဖို့ တရားကြီး လမ်းခင်းပြီးတော့ ပြနေတဲ့ သင်တန်း ဆိုတော့ကွယ် . . . ဒီနိဗ္ဗာန်ရောက်ဖို့လို့ ဆိုထားတဲ့အဲ့ထဲမှာ ရောက်ဖို့ဆိုတဲ့ ပန်းတိုင်ကြီးတည်းဟူသော

http://www.dhammadownload.com


နိဗ္ဗာန်ကြီးရဲ့အဓိပ္ပာယ်မှ နားမလည်ရင် တော်ပါ့မလား (မတော်ပါဘူးဆရာ)၊ နိဗ္ဗာန်ရောက်ဖို့ လမ်းစဉ်တော့ ချပြီးတော့ ကြိုးစားပမ်းစားနဲ့ တစ်နှစ်ကျော်ကျော် တစ်နှစ်ခွဲ။ အခုသင်တန်းများ နှစ်နှစ်ကျော်လာခဲ့ပေါ့။ ဒီထိအောင် နိဗ္ဗာန်လိုချင်လွန်းလို့ ကြိုးစားပြီး လမ်းခင်းပြီးတော့ ဒီသင်တန်းကြီးတက်လာကြတယ်။ ဒီထိအောင် ကြိုးစားလာတဲ့ နိဗ္ဗာနဓာတ်ကြီးရဲ့ အဓိပ္ပာယတ္ထ မပြတ်သားဘူးဆိုတော့ မခက်ဘူးလား (ခက်မှာပါဆရာ)၊ အဆင်က မပြေဘူး။ ဘုရားတည်ပြီးတော့ ထီးမတင်ဘဲထားတာနဲ့ မတူဘူးလားကွ (တူပါတယ်ဆရာ)၊ အဲဒါကြောင့် တို့လူစုတွေ နိဗ္ဗာန်လိုချင်လို့ အပင်ပန်းအနွမ်းနယ်ခံပြီးတော့ နေ့စဉ်နဲ့အမျှ ကြိုးစားအားထုတ်နေတဲ့သင်တန်း။ အဲဒီသင်တန်းကြီး ကြိုးစားအားထုတ်ခြင်းကြောင့် မိမိတို့လိုချင်တဲ့ နိဗ္ဗာန်ကြီး မျက်မှောက် ပြုရတော့မယ်။ မိမိတို့လိုချင်တဲ့ နိဗ္ဗာန်ကြီးသည် ဘယ်နှယ့်နေသလဲဆို ဒီလိုနေတယ်၊ ဒီလိုကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို သိစေချင်တဲ့အတွက် နိဗ္ဗာန်ကို နောက်ဆုံး ထားထား၊ ထားထားပြီးတော့ ပြတဲ့အလေ့အထ ရှိခဲ့ပါတယ်လို့ စည်းကမ်းရှိခဲ့ပါတယ်။ တစ်ပတ်တင် မဟုတ်ပါဘူး။ ဒါကြောင့် ခုတစ်ပတ်တော့ အဲဒီနိဗ္ဗာန်ဓာတ်ကြီးပြီးမှ, သင်တန်းတစ်ပတ်ပြီးမှ တို့နားလည်းနားရင်း ရန်ကုန်လည်းပဲ မျက်စိပြရင်း သွားမလို့ ရည်ရွယ်ထားတော့ ပြရုံသက်သက်ဖြင့် တော်ရဲ့လို့ စဉ်းစားတယ်။ ပြရုံသက်သက် သွားပြီး ပြလိုက်တော့ ဟာ. . ဟိုက ခွဲဖို့၊ စိတ်ဖို့၊ ကုဖို့၊ သဖို့ အချိန်ကျနေပြီ ဆိုပြန်တော့ အဲဒါ ဘယ့်နှယ့်ဖြစ်၊ မျက်စိကုဆိုတာ ရာသီဥတုနဲ့၊ ဟိုက ဆရာကလည်း မှာလိုက်တယ်။ ဆောင်းရာသီက အကောင်းဆုံးတဲ့။ ရန်ကုန်က တို့ပခုက္ကူလို မဟုတ်ဘူး။ ပြာသိုလထဲမှာကိုပဲ မနက်စောစော ရေချိုးတုန်း၊ ည (၁၀) နာရီ (၁၁) နာရီ ရေချိုးတုန်း အိုက်စကရင်းမ် အမြဲရှိတယ်၊ ဖာလူဒါ အမြဲရှိတယ်။ တော်တော်ပူတဲ့အရပ်ဒေသ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် မျက်စိကုတယ် ဆိုတာ ပူတဲ့ ရာသီဥတုဘက်မှာဆိုဘယ့်နှယ့်နည်းမှ ကုမဖြစ်ဘူးတဲ့။ အေးတဲ့ရာသီအတွင်းမှာ ကုမှ ပိုပြီး သဘာဝကျတယ်တဲ့။

ဒီတော့ တို့က တွက်လိုက်တယ် - အကယ်တန္တု သင်တန်းတစ်ပတ်ဆုံးမှ သွားခဲ့သော် တို့ပြစရာသစ္စာလေးပါး၊ နိဗ္ဗာန်၊ နိဗ္ဗာန်လည်း ခုတစ်ပတ်မှာ ပြတ်ပြတ်သားသားနဲ့ အားရပါးရ ပြမယ်လို့ ရည်ရွယ်ချက်က ထားတယ်။ အနည်းဆုံး အရက်နှစ်ဆယ်, အစိတ် ကြာမယ်။ သစ္စာလေးပါးက လေးရက်ထားရင် တစ်လတော့ သွားမယ်။ တစ်လသွားတော့ တစ်လနောက်ဆက်ပြီးတော့၊ တစ်လပြမယ်ဆိုရင် တပို့တွဲ လကုန်ခါနီးလောက် ရောက်မယ်။ အဲဒီကျမှ သွားပြန်တော့ ဟိုကျတော့ အခန့်သင့်ပဲ ကုကြစို့ဆိုတော့ ဥတုရာသီနဲ့ မကိုက်ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ဥတုရာသီနဲ့ ကိုက်လေအောင် အခု ဒီအခန့်သင့်လေး ကြိုးခွေအသစ်ကလည်း မရောက်တရောက်၊ လက်ရှိကြိုးခွေကလည်း နက်ဖြန်ခါ၊ သန်ဘက်ခါလောက် ကုန်ရော။ ယတိပြတ် နော်။ ကြိုးခွေကပါ

http://www.dhammadownload.com


ငါ့ကူပြီးတော့ အကူအညီ အထောက်အပံ့ ပေးသလို ဖြစ်နေတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တရားလောဘ ကြီးပြီးတော့ ရှေ့ဆက်ပြမနေနဲ့၊ မျက်စိရောဂါ အပြနောက်ကျနေမယ်ဆိုတာနဲ့ မတူဘူးလား။ (တူပါတယ်ဆရာ)၊ ကြိုးခွေက ငါ့ဖြတ်ပေးတယ်။ နှစ်ရက်ခွဲစာလောက် ရှိတော့တယ်။ အကိုက်အကိုက်နော် (မှန်ပါတယ်ဆရာ)၊ ဒီပဋ္ဌိစ္စသမုပ္ပါဒ်ကြီးကလည်းပဲ နောက်နှစ်ရက်လောက် သုံးရက်လောက်ပြရင် လက်စသတ်။ အဲဒီနေရာတင် တို့သင်တန်းသားများကလည်း ရောက်တဲ့ အပိုင်းလေး ထုံးတို့မှတ်ထားပေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊ ရန်ကုန်က မကုရဘူးဟေ့၊ ပြရုံလေး ပြခဲ့ရတယ်၊ တို့လည်းပဲ လျင်လျင်မြန်မြန် ပြန်လာပြီးတော့ ကျန်တဲ့လက်စ ဆက်ပြီးတော့ ပြဖို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကယ်တန္တ ကုဖြစ်တယ်ဆိုပြန်တော့လည်းပဲ အနည်းဆုံးတော့ တစ်လကိုးသီတင်း ကြာဦးပေ့ါကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒါလည်း တစ်လကိုးသီတင်း ကြာလို့ ကုဖြစ်လို့ရှိရင်လည်း အောင့်အီးသည်းခံနေကြပေ့ါ။ ပြန်လာလို့ ရှိရင်ဖြင့် တို့ကျန်နေတဲ့အပိုင်း သစ္စာ လေးပါးနဲ့ နိဗ္ဗာန်ဓာတ်ကြီး လည်လည်ပတ်ပတ်နဲ့ အားရပါးရ နာရမယ်လို့ ငါကလည်း စဉ်းစား တယ်ဟေ့ . . . အဲဒီသင်တန်း စပြီးတော့ ပြလိုက်တယ်ဆိုရင်ပဲ နိဒါန်းက စပြ၊ ပထဝီဓာတ်လည်း လက်စသတ်ရော ငါလည်း ရောဂါရ။ ရန်ကုန်ပြေးရ နော် (မှန်ပါတယ်ဆရာ)။

ဒီသင်တန်းကတော့ စပြကတည်းက ငါ ပြဿဒါးလွတ်ဟန် မတူဘူး။ ပထဝီဓာတ် ပြီးရုံရှိ သေးတယ်။ ငါလည်း ရောဂါရ။ နောက်မကြာဘူး ရန်ကုန်သွားပြီးတော့ မျက်စိသွားကု။ ပြန်လာတော့ ရောဂါအရှိန် မသေတာနဲ့ အနားယူတာနဲ့ ခြောက်လပိတ်။ အဲဒီသင်တန်းပဲ လက်စနဲ့ ဆက်ပြလာတာ အခု နှစ်နှစ်ကျော်လာခဲ့ပြီ၊ နှစ်နှစ်ကျော်လာတော့ လက်စသတ်ကရောလား မေးတော့ ဟော. . . ပြီးခါနီးလည်း တစ်ခါဖြတ်ရပြန်ရော နော် (မှန်ပါတယ်ဆရာ)၊ နှစ်ခါဖြတ်ကျ မနေဘူးလား (နှစ်ခါဖြတ် ပါဆရာ)၊ အေး . . . နှစ်ခါဖြတ်။ ဒါကြောင့် ဒီသင်တန်းပြတုန်းက ပြဿဒါး လွတ်ဟန်မတူဘူးလို့ စိတ်က အောက်မေ့တာ။ လူကြားလို့ကလည်း မကောင်းဘူးဖြစ်နေ။ နှစ်နှစ်ကျော်နေပေ့ါ။ ဒါပေမယ့် အဲ. . အခုတစ်ပတ် မျက်စိပြသပြီးလို့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဖြစ်လာရင်လည်းပဲ နောက် ထပ်ပြီးတော့ ဒီဝေဒနာအတွက် ရန်ကုန်လည်းပဲ သွားစရာမလိုတော့ဘူးပေ့ါကွနော် (မှန်ပါတယ်ဆရာ)၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ မျက်စိရောဂါမှ ထမြောက်အောင်မြင်ပါစေ ဆိုတာလည်းပဲ မေတ္တာ ပို့ကြပေ့ါ၊ နို့မို့ရင် နောက် အကြိမ်ကြိမ် အလာလာ သွားနေရလည်း ဒုက္ခပဲလို့၊ ဒါကြောင့် ခုတစ်ကြိမ်နဲ့ လည်းပဲ အောင်မြင်ပါစေ၊ အထမြောက်ပါစေလို့ စိတ်ထဲလည်း အောက်မေ့ပါတယ်။

အဲ့. . ဒါကြောင့် အဲဒီကျန်တဲ့အပိုင်း သစ္စာလေးပါးရယ်၊ နိဗ္ဗာနဓာတ်ကြီးရယ် ရန်ကုန်က ပြန်လာမှ ဆက်ပြီးတော့ပြ။ ပြီးဆုံးမှ သင်တန်းတစ်ပတ်လုံးလုံး ရပ်ကြစို့ပေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



အဲဒါ အပိုင်းအစလေးလည်းပဲ အင်မတန်ဟန်ဖိုးရှိတဲ့ အပိုင်းအစကြီး ကျန်နေတဲ့အတွက် တို့သင်တန်းသူသင်တန်းသားများကလည်း စိတ်ထဲ ဘယ်လိုထားကြ၊ တရားတန်ခိုးလည်း ရှိတယ်။ ပြမယ့် နိဗ္ဗာန်ရဲ့ တန်ခိုးတော်လည်း ရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်ရဲ့တန်ခိုး ဆိုတာ အင်မတန်ကြီးတယ်နော်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တဲ့။ ဘုရားဂုဏ်လည်း အစိန္တိယျဂုဏ်နဲ့ ပြထားတာ၊ တရားဂုဏ်လည်း အစိန္တိယျဂုဏ်နဲ့ ပြထားတာ၊ သံဃာ့ဂုဏ်လည်း အစိန္တိယျဂုဏ်နဲ့ ပြထားတာ။ ဗုဒ္ဓဂုဏာ အစိန္တိယျာ၊ ဓမ္မဂုဏာ အစိန္တိယျာ၊ သံဃဂုဏာ အစိန္တိယျာ။ ဘယ်လောက်ကြီးမားတဲ့ ဂုဏ်ကျေးဇူးတွေလဲဆိုတာ တွေးကြည့်။ ဗုဒ္ဓဂုဏာ၊ မြတ်စွာဘုရားကိုယ်တော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်။ အစိန္တိယျာ၊ ကြံစည် အံ့ဩပြောလို့ ဟောလို့ မကုန်နိုင်။ ဓမ္မဂုဏာ၊ တရားတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်။ အစိန္တိယျာ၊ ကြံစည် အံ့ဩပြောလို့ ဟောလို့ မကုန်နိုင်။ သံဃဂုဏာ၊ သံဃာတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်။ အစိန္တိယျာ၊ ကြံစည် အံ့ဩ ပြောလို့ ဟောလို့ မကုန်နိုင်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဂုဏ်တော်တွေ၊ ကျေးဇူးတော်တွေ ပြောလို့၊ ဟောလို့ ကုန်ရဲ့လား (မကုန်နိုင်ပါဘူးဆရာ)၊ ဘုရားဂုဏ်လည်း မကုန်၊ တရားဂုဏ်လည်း မကုန်၊ သံဃာ့ဂုဏ်လည်း မကုန်။ အဲဒီပုံပမာလိုပဲ နိဗ္ဗာန်ရဲ့ ဂုဏ်တော် ကျေးဇူးတော်ဟာလည်း ဟောလို့ ပြောလို့ မကုန်နိုင်ဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာနဂုဏာ အစိန္တိယျာ။ နိဗ္ဗာနဂုဏာ၊ နိဗ္ဗာနဓာတ်ကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်တို့သည်။ အစိန္တိယျာ၊ ကြံစည်အံ့ဩ ပြောလို့ ဟောလို့ မကုန်နိုင်။ ဒီလိုဆိုတော့ မကြားဖူးတဲ့လူအတွက် ထူးထူးဆန်းဆန်း မှတ်လိမ့်။ တို့တော့ "ဗုဒ္ဓဂုဏာ၊ ဓမ္မဂုဏာ၊ သံဃဂုဏာ"လို့ ကြားဖူးပါတယ်။ "နိဗ္ဗာနဂုဏာ"လို့ တစ်ခါမှ မကြားဖူးဘူး။ ဘယ့်နှယ့် ဒီထဲ "နိဗ္ဗာနဂုဏာ အစိန္တိယျာ" ပါလာပါလိမ့်။ ဒီလိုထင်ချင်လည်း ထင်ပေ့ါကွနော် (မှန်ပါတယ်ဆရာ)၊ မှတ်ထား၊ မှတ်ထား။ သဲလွန်စလေး ဒီက နမူနာလေးပြ။ ဗုဒ္ဓဂုဏာ၊ ဘုရားကိုယ်တော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်။ အစိန္တိယျာ၊ ကြံစည် အံ့ဩ ပြောလို့ ဟောလို့ မကုန်နိုင်လို့ ဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေ မရလားဘူးကွယ် (ရပါတယ်ဆရာ)၊ ဒီတော့ ဗုဒ္ဓအရက ဘုရားရတယ်၊ တရားကိုယ် ကောက်တော့နော် (မှန်ပါတယ်ဆရာ)၊ "သံဃဂုဏာ၊ သံဃာတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်" ဆိုတော့ "သံဃဂုဏာ"ဆိုတဲ့ နေရာမှာ "သံဃ"ပုဒ် တရားကိုယ်ထုတ်တော့ ဘယ်သူရလဲ (သံဃာရပါတယ်ဆရာ)၊ အေး . . . သံဃာရတယ်။ "ဓမ္မဂုဏာ၊ တရားတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်။ အစိန္တိယျာ၊ ကြံစည်အံ့ဩ ပြောလို့ ဟောလို့ မကုန်နိုင်" ဆိုတော့ ဓမ္မရဲ့ တရားကိုယ် တရားသား ကောက်တော့ ဘယ်သူရလဲ (တရားရပါတယ်ဆရာ)၊ တရား၊ အေးလေ. . ဟုတ်ပါတယ်၊ တရားရဲ့တရားကိုယ် ကောက်စမ်းပါဆို "တရားရတယ်" တယ်ပြောတတ်တယ်။ တရားကိုယ်ကောက်

http://www.dhammadownload.com



တော့ ဘယ်သူရလဲ (နိဗ္ဗာန်ရပါတယ်ဆရာ)၊ ဟော . . . စွတ်ချတာ၊ စွတ်ချတာ၊ ငါမနေ့ညက ပြောတဲ့ "တိတ်တိတ်နေ။ ကြိုးတပ်ပြီးရင် တိုင်းတုန်သွားပါ"ဆိုတဲ့ မင်းက လူရည်လည် လုပ်တယ် တော်တော်၊ ဓမ္မရဲ့တရားကိုယ် တရားသားက မဂ်လေးပါးရယ်၊ ဖိုလ်လေးပါး ရယ်၊ နိဗ္ဗာန်ရယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာကိုးပါး ခေါ်လဲ (လောကုတ္တရာတရား ကိုးပါးပါ ဆရာ)၊ ဒီလိုဆိုတော့ သိသား၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါထဲမှာ တို့ "သုတ်၊ ဝိနည်း၊ အဘိဓမ္မာ"ဆိုတဲ့ ပိဋကတ် သုံးပုံ တည်းဟူသော ပရိယတ် တစ်ခါထည့်လိုက်၊ မဂ်လေးပါးရယ်၊ ဖိုလ် လေးပါးရယ်၊ နိဗ္ဗာန်ရယ်၊ ပရိယတ်ရယ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘယ်နှစ်ပါးတုံး (ဆယ်ပါးပါ ဆရာ)၊ အေး ဆယ်ပါး။ ဒါ ဓမ္မရဲ့ တရားကိုယ်တွေ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ တရားကိုယ်ဆယ်ပါးစလုံးဟာ ဓမ္မလို့ ခေါ်ထားတယ် ပေါင်းပြီးတော့၊ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါဖြင့် "ဓမ္မဂုဏာ အစိန္တိယျာ"လို့ တရားတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်။ အစိန္တိယျာ၊ ကြံစည်အံ့ဩ ပြောလို့ ဟောလို့ မကုန်နိုင် ဆိုတော့ အဲဒီတရားရဲ့ တရားကိုယ်ကောက်တော့ ဆယ်ပါး ထွက်မလာဘူးလား (ဆယ်ပါးထွက်လာပါတယ်ဆရာ)၊ ဒါဖြင့် ဆယ်ပါးစလုံး အစိန္တိယျဂုဏ် မရှိဘူးလား (ရှိပါတယ်ဆရာ)။ သုတ် ဝိနည်း အဘိဓမ္မာဆိုတဲ့ ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ္တိရဲ့ ဂုဏ်ကလည်း အစိန္တိယျ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မဂ်လေးပါးရဲ့ ဂုဏ်ကလည်း အစိန္တိယျ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဖိုလ်လေးပါးရဲ့ ဂုဏ်ကလည်း အစိန္တိယျ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်ရဲ့ဂုဏ်ကရော (အစိန္တိယပါပဲဆရာ)၊ ဩော် . . . ဒါကြောင့် နိဗ္ဗာန် အစိန္တိယျ ဂုဏ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကြံစည်အံ့ဩ ပြောလို့ ဟောလို့ မကုန်နိုင်ဘူးတဲ့၊ ထွက်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီဓမ္မထဲ နိဗ္ဗာန်ပါနေတာ ရုတ်တရက်အားဖြင့် ကျော်လွှား သွားနေကြတာ နားမလည်ကြဘူး။ နိဗ္ဗာနဓာတ်ကြီး သီးသန့်ပြီးတော့ တစ်နေရာက ပေါ်လာလိမ့် မယ်လို့ မှတ်တယ်။ အဲဒီ ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်။ ဗုဒ္ဓရယ်၊ ဓမ္မရယ်၊ သံဃာရယ်ဆိုတဲ့ ရတနာသုံးပါးထဲက ဓမ္မထဲမှာ ပါနေတဲ့ နိဗ္ဗာနဓာတ်။ ဒါကြောင့် ဓမ္မရဲ့ တရားကိုယ် တရားသား ကောက်ရင် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ် နော် (မှန်ပါတယ်ဆရာ)၊ မဂ်လေးပါးရယ်၊ ဖိုလ်လေးပါးရယ်၊ နိဗ္ဗာန်ရယ်၊ ပရိယတ်ရယ် ၁၀-မျိုး၊ ၁၀-မျိုးလုံး သေသေချာချာကြည့်လိုက်တော့ "ဓမ္မဂုဏာ အစိန္တိယျာ"ဆိုထားတဲ့အတိုင်း တစ်မျိုးစီ ခွဲလိုက်တော့ မဂ်လေးပါးရဲ့ဂုဏ်လည်း အစိန္တိယျ၊ ဖိုလ်လေးပါးရဲ့ ဂုဏ်လည်း အစိန္တိယျ၊ နိဗ္ဗာန်ရဲ့ဂုဏ်လည်း အစိန္တိယျ၊ ပရိယတ်ရဲ့ဂုဏ်လည်း အစိန္တိယျ။ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် "နိဗ္ဗာနဂုဏာ အစိန္တိယျာ"လို့၊ နိဗ္ဗာနဂုဏာ၊ နိဗ္ဗာန ဓာတ်ကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်တို့သည်။ အစိန္တိယျာ၊ ကြံစည်အံ့ဩ ပြောလို့ ဟောလို့ မကုန်

http://www.dhammadownload.com



နိုင်ဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ နိဗ္ဗာန်ရဲ့ဂုဏ်ကျေးဇူးသည် ပြောလို့ ဟောလို့ မကုန်ဘူးတဲ့။ ကြီးမားလိုက်တာ၊ မကြီးမားဘူးလား (ကြီးမားပါတယ်ဆရာ)။

အဲဒီလို ဘုရားကိုယ်တော်မြတ်က နိဗ္ဗာန်ရဲ့ဂုဏ်သည် ကြံစည်အံ့ဩ ပြောလို့ ဟောလို့ မကုန်နိုင်ဘူးလို့သာ ဟောသွားတယ်၊ လူမိုက်တစ်စုက နိဗ္ဗာန်ဆိုတာ လေလို မီးခိုးလို ဘာမှမရှိဘူးတဲ့။ ခက်မနေဘူးလားဟ (ခက်နေပါတယ်ဆရာ)၊ အဲဒါ လူလိမ္မာတွေ မတွေးဘူး၊ လူမိုက်တွေ တွေးပြီးတော့ ပြောကြတယ်။ ဘုရားကိုယ်တော်မြတ် နှုတ်တော်က ထုတ်ဖော်ပြီး ဟောထားတဲ့ အမြတ်ဆုံးတည်းဟူသော အသင်္ခတဓာတ် တည်းဟူသော နိဗ္ဗာန်မြတ် တရားတော်ကြီးကို လေလို မီးခိုးလို ဘာမှတန်ဖိုးမရှိတဲ့အထဲ ထိုးချတယ်။ ကိုယ့်ပမာဏ ကိုယ်မသိလို့ တော်တော်ဆိုးတဲ့ စကားနော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်အံ့ဩစရာကောင်းလဲ။ ဒီဖြင့် ဓမ္မဆိုတဲ့ဂုဏ်က ထုတ်ပြတယ်။ ဓမ္မဂုဏာ အစိန္တိယျာ၊ ဓမ္မဂုဏာ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ရဲ့ ဂုဏ်တော် ကျေးဇူးတော်တို့သည်။ အစိန္တိယျာ၊ ကြံစည်အံ့ဩ ပြောလို့ ဟောလို့ မကုန် နိုင်ကုန် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နားလည်ရဲလား (နားလည်ပါတယ်ဆရာ)၊ ဘယ်လို နားလည်လဲ (ဓမ္မဂုဏာ အစိန္တိယျာ-ဂုဏ်ထဲမှာ နိဗ္ဗာန်ပါနေပါတယ်ဆရာ)၊ သြော် . . . ဒီဓမ္မထဲက နိဗ္ဗာန်ပါနေတယ်လား (မှန်ပါတယ်ဆရာ)၊ ဓမ္မကို တရားကိုယ်ကောက်တော့ ဘယ်သူတွေရလဲ။ (မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ္တိ ရပါတယ်ဆရာ)၊ သြော် . . . မဂ်လေးပါးရယ်၊ ဖိုလ်လေးပါးရယ်၊ နိဗ္ဗာန်ရယ်၊ ပရိယတ်ရယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။

သြော် . . . ဒါကြောင့် နိဗ္ဗာန်ရဲ့ဂုဏ်လည်း အစိန္တိယျပဲ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘုရားနဲ့ တူမနေလားကွယ် (အတူတူပါပဲဆရာ)၊ အေး အတူတူပဲကွ၊ ဘာဖြစ်လို့ ဘုရားကိုယ်တော်မြတ်လည်း အစိန္တိယျနဲ့ ဟောထားတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဗုဒ္ဓဂုဏာ အစိန္တိယျာ၊ ဘုရားဂုဏ်ကျေးဇူးတော်လည်း အစိန္တိယျပဲလို့၊ နိဗ္ဗာန်ရဲ့ ဂုဏ်ကျေးဇူးတော်လည်း အစိန္တိယျပဲလို့၊ ပရမတ္ထသံဃာတော်မြတ်ရဲ့ ဂုဏ်တော် ကျေးဇူးတော်လည်း အစိန္တိယျပဲလို့ နော် (မှန်ပါတယ်ဆရာ)၊ အစိန္တိယျချင်း တူမနေဘူးလား (အတူတူပါပဲဆရာ)၊ အဲဒါကြောင့် အစိန္တိယျဂုဏ်နဲ့ ထုတ်ပြီးတော့ ဟောထားတဲ့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး။ အဲဒီ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးထဲမှာ တရားရတနာထဲမှာ နိဗ္ဗာနဓာတ်ကြီးပါလေရဲ့တဲ့ နော် (မှန်ပါတယ်ဆရာ)၊ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ အဲဒါကြောင့် အဲဒီလို ဂုဏ်တော် ကျေးဇူးတော် အနန္တနဲ့ အစိန္တိယျဂုဏ်နဲ့ ပြည့်စုံတော်မူသော ဘုရားကိုးကွယ်ဆည်းကပ်မှု၊ တရားတော်မြတ် ကိုးကွယ်ဆည်းကပ်မှု၊ သံဃာတော်မြတ် ကိုးကွယ်ဆည်းကပ်မှု၊ ကြည်ညိုလေးစားကြတဲ့ ပုဂ္ဂိုလ်များလည်းပဲ ကြံစည်အံ့ဩ ပြောလို့ ဟောလို့

http://www.dhammadownload.com



မကုန်နိုင်သော အကျိုးထူးတရားတွေ ခံစားရပါတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် နိဗ္ဗာန်ရဲ့ ဂုဏ်ကျေးဇူး၊ နိဗ္ဗာန်ရဲ့ဂုဏ်တော်အားဖြင့် တို့လူစု စိတ်ကလေးထားဖို့။ တို့တော့ အင်မတန် မွန်မြတ်တဲ့ တို့သင်လာတဲ့ သင်တန်းတစ်ပတ်လုံး ကုန်ဆုံးသွားအောင် ကြိုးစားပမ်းစား သင်ကြားလာသော ရုပ်ဓမ္မ၊ နာမ်ဓမ္မ ခန္ဓာငါးပါးဝဆိုတဲ့ ၎င်းတရားတွေထက် အဆပေါင်းများစွာ သာချင်တိုင်းသာ၊ မြတ်ချင်တိုင်းမြတ် ဆိုတဲ့ အသင်္ခတဓာတ် ပရမတ်အစစ်ဖြစ်တော်မူသော နိဗ္ဗာနဓာတ်ကြီးကို မုချဆတ်ဆတ်အားဖြင့် ငါတို့ နာရအုံးမယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အင်မတန်လည်း နာချင်ပါ၏၊ အင်မတန်လည်း ကြားချင်ပါ၏။ နာချင်, ကြားချင်တဲ့အတိုင်းလည်းပဲ ငါတို့အလိုဆန္ဒ ပြည့်ဝအောင် မုချ နာရပါစေ၊ ကြားရပါစေလို့ စိတ်ထဲမှာ အသီးသီးလည်း အာသီသထား နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဟိုက ပြမယ့်, မိမိတို့အသိဉာဏ်လေး ပေါ်ထွက်လာမယ့် နိဗ္ဗာန်ရဲ့အစိန္တိယျဂုဏ်တန်ခိုးကြောင့် အားလုံးသော သင်တန်းသူ သင်တန်းသားများ နာကြားချင်တဲ့အတိုင်းလည်းပဲ နာလည်း နာကြရပါလိမ့်မယ် နော် (မှန်ပါတယ်ဆရာ)၊ နာကြရအောင်လည်း ဆုတောင်းကြ။ ဒါသည် အာသာဆန္ဒလေး ပြင်းပြနေလို့ ရှိရင် နိဗ္ဗာန်ရဲ့တန်ခိုးတော်အားဖြင့် မုချနာရမယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး မြဲမြဲစွဲစွဲ မှတ်ထားဖို့။ ဒါလေး စောစောက ကြိုတင်ပြီး သတိပေးတယ်။

အဲ . . တို့များကတော့ ဒီမှာ လေးငါးရက်လောက် အနားပါယူ၊ ကျန်းမာရေးပါ ပြုပြင်ဖန်တီးပြီးတော့ လဆန်းရှစ်ရက်၊ ရှစ်ရက်ထက် မလွန်ပေ့ါကွယ်။ အဲဒီမှာပဲ ရန်ကုန်ကို သွားဖို့ အစီအစဉ် လုပ်ထားပါတယ်။ တို့ မပြန်ခင် ကြားလည်းပဲ တရားလေးတွေ ပစ်လည်း မထားကြနဲ့။ အချင်းချင်း ဆွေးနွေးမေးမြန်းလို့၊ တိုင်ပင်နှီးနှောလို့၊ ပြောကြ ဆိုကြလို့ ဟိုကရောက်လာတဲ့အခါလည်းပဲ ကျန်တဲ့အပိုင်းစု အင်မတန်နာချင်၊ ကြားချင်တယ်ဆိုတဲ့ နိဗ္ဗာနဓာတ်ကြီးလည်း ဆက်လက်ပြီးတော့ နာကြ၊ ကြားကြရအောင် နော် (မှန်ပါတယ်ဆရာ)၊ အမှန်ကတော့ သွားချင်လို့ သွားတာမဟုတ်ဘူး။ မလွှဲသာလို့ သွားရတာ။ ကိုယ့်အိမ်ကိုယ့်ယာက တစ်ဖဝါးမှ ကွာမသွားချင်ဘူး။ ဘယ်နေရာ ဘယ့်နှယ့် ကောင်းတယ် ပြောပြော၊ ဘယ့်နှယ့် ချမ်းသာတယ် ပြောပြော ကိုယ့်အိမ်လောက် မချမ်းသာတာ အမှန်ကိုးကွ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အသက်အရွယ်လေးက နည်းနည်းကြီးလာတော့ လူငယ်လူရွယ်လိုလည်း မဟုတ်တော့ ဟိုဟိုဒီဒီ ဆိုသလိုပဲ သွားချင် လာချင်တဲ့ စိတ်ကလည်း မရှိ၊ စောစောက ပြောသလို အနေအထိုင်၊ အစားအသောက်၊ အသွားအလာ အစစအရာရာ ချို့ယွင်းချက် ကလေးတွေက သိပ်မခံချင်လှဘူး။ ဒါကြောင့် ဘယ်နေရာ ဘယ့်နှယ့် ချမ်းသာတယ် ပြောပြော၊ ကောင်းတယ် ပြောပြော ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်အိမ်ဂေဟာလိုလောက်တော့ ဘယ်မှ မချမ်းသာဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့လည်း မသွားရင် မဖြစ်သော ကိစ္စအတွက် သွားရအုံးမယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် အခုညတော့ “ဇဝံဓမ္မတာနည်း”လည်းပဲ လက်စသတ်။ ပြီးတော့

http://www.dhammadownload.com



လက်စသတ်ပြီးတဲ့အခါ နောက်နားက နည်းလေးမျိုး ပြန်ပြီးတော့ အချောလေးကိုင်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)။ နက်ဖြန်ခါကျတော့ သစ္စာလေးပါး စကြစို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အဝိဇ္ဇာကစ ဇရာမရဏကျအောင် အဘဘုရားကိုယ်တော်မြတ် ဟောထားတော်မူသော ပဋိစ္စသမုပ္ပါဒ် ဝဋ္ဋကထာ ဒေသနာတော်ကြီးကို လေးဖက်လေးမျက်နှာက လှည့်ပြီး ကြည့်စမ်းပါလို့ ပထမနံပါတ်တစ်ဆိုတဲ့ မျက်နှာထောင့်ကနေကြည့်ရင် ဘယ်လိုမြင်ရတုံးဟ (သန္တာန်အစဉ်ကြီးကို မပြတ်မြင်ပါတယ်ဆရာ)၊ သြော် . . . သန္တာန်အစဉ်ကြီး မပြတ်ဖြစ်နေတာ မြင်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သန္တာန်အစဉ်ကြီး မပြတ်ဖြစ်နေတာကို မြင်တယ်လို့ ဒီလိုပြောရတယ်။ ဘယ့်နှယ့်ပြောမလဲ (သန္တာန်အစဉ်ကြီးကို မပြတ်ဖြစ်နေတာကို မြင်ပါတယ်ဆရာ)၊ တယ်"ကို"လေးတစ်လုံးက ပါလိုက်သေးတယ်။ သန္တာန်အစဉ်ကြီးကို မပြတ်ဖြစ်နေတာကိုတဲ့ မြင်ပါတယ်တဲ့။ စာရေးအကြောင်းလည်း ကြားလိုက်ပါပြီ ဒကာမကြီး၊ (ဝါ) အကြောင်းကြား လိုက်ပါပြီ ဒကာမကြီး ဆိုတာထက် ဆိုးနေပြီ ဟင်း. . . ၊ သန္တာန်အစဉ် မပြတ်ဖြစ်နေတာကို မြင်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာသန္တာန်အစဉ်တုံး (အဝိဇ္ဇာကနေပြီးတော့ ဇရာ မရဏကျအောင် အကြောင်းအကျိုး ဆက်စပ်နေတဲ့ သန္တာန်အစဉ်ကြီးပါဆရာ)၊ သြော် . . . အကြောင်းအကျိုးလား (မှန်ပါတယ် ဆရာ)၊ သြော် . . . အကြောင်းဖြစ်လိုက် အကျိုးဖြစ်လိုက်၊ အကြောင်းဖြစ်လိုက် အကျိုးဖြစ်လိုက် ဒီလိုလား (မှန်ပါတယ်ဆရာ)၊ အကြောင်းအကျိုးတည်းဟူသော သန္တာန်အစဉ်ကြီး ဆက်စပ်နေတာကို မြင်တယ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ ဟုတ်ပြီ။ အကြောင်းအကျိုး သန္တာန်အစဉ်ကြီး ဆက်စပ်နေတာ မြင်လိုက်တော့ ဘယ်လိုယုံကြည်ချက် ပေါ်ထွက်လာ (ဥစ္ဆေဒဒိဋ္ဌိကို ပယ်လိုက်ပါတယ်ဆရာ)၊ ဥစ္ဆေဒဒိဋ္ဌိက ဘယ့်နှယ့်၊ စောစောက ဘယ့်နှယ့်ယူထားလို့လဲ (ဘဝပြတ်တယ်လို့ ယူထားတာပါဆရာ)၊ ဘဝပြတ်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒီတစ်ခါဖြစ်ပြီး နောက်တစ်ခါ မဖြစ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သြော် . . . ဒီလို တစ်ခါဖြစ်ပြီး နောက်တစ်ခါ မဖြစ်ဘူးလို့ ယူတာ ဥစ္ဆေဒဒိဋ္ဌိ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ခု ပဋိစ္စသမုပ္ပါဒ်မှာ ဧကတ္တနည်းဆိုတဲ့ သန္တာန်အစဉ် ဆက်နေတာ မြင်လိုက်တော့ ဘယ့်နှယ့်ဖြစ်သွားလဲ (ဥစ္ဆေဒဒိဋ္ဌိကို ပယ်လိုက်ပါတယ်ဆရာ)။ ဥစ္ဆေဒဒိဋ္ဌိကို ပယ်လိုက်တယ်လား (မှန်ပါတယ်ဆရာ)။

တစ်ခါဖြစ်ပြီးရင် နောက်ထပ်မဖြစ်ဘူးဆိုတဲ့ ငါယူထားတဲ့ အယူကတော့ မှားပေါ့။ ဘာပြုလို့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး ဧကတ္တနည်းနဲ့ ကြည့်လိုက်တဲ့အခါကျတော့ အကြောင်းနဲ့အကျိုးက ဆက်ဆက်၊ ဆက်ဆက် သွားနေတာ မပြတ်ပါဘဲလား။ ဒီလိုလား (မှန်ပါတယ်ဆရာ)၊ နားကော လည်ရဲ့လားဟ (လည်ပါတယ်ဆရာ)၊ ငါ့လည်း လိမ်မနေပါနဲ့ဟာ . . . လည်မှလည်တယ် ပြောပါ။

http://www.dhammadownload.com



လည်ရဲ့လား (လည်ပါတယ်ဆရာ)၊ ဒါဟာ ကေတ္တနည်းအနေအားဖြင့် မြင်တာပေါ့နော် (မှန်ပါတယ် ဆရာ)၊ ဒါ "ကေတ္တနည်း"တဲ့ အဲဒါလေးမှတ်ထား။ ဒါကြောင့် "ဧဝံ ဗီဇဿ အင်္ကုရာဒိဘာဝေန ရုက္ခဘာဝပ္ပတ္တိ ဝိယ သန္တာနာနုပစ္ဆေဒေါ ကေတ္တနယော နာမ"။ ဧဝံ။ ဤသို့၊ ဗီဇဿ၊ မျိုးစေ့လေး၏။ အင်္ကုရာဒိဘာဝေန၊ အညွန့်စသည်အဖြစ်ဖြင့်။ ရုက္ခဘာဝပ္ပတ္တိ ဝိယ၊ သစ်ပင်ကြီးအဖြစ်သို့ ရောက်ခြင်း ကဲ့သို့။ သန္တာနာနုပစ္ဆေဒေါ၊ သန္တာန်အစဉ်ရဲ့ မပြတ်ခြင်းသည်။ ကေတ္တနယော နာမ၊ ကေတ္တနည်းမည် ၏။ တဲ့နော် (မှန်ပါတယ်ဆရာ)၊ သရက်စေ့လေးချ၊ သရက်စေ့လေးချ ဆိုတော့ ငါ့ လူတစ်ယောက်က လာပြောတယ်။ ကေတ္တနည်း အမေကြီးတစ်ယောက်က အဓိပ္ပာယ်ပြောသွားတယ်တဲ့။ ဘယ့်နှယ့် ပြောသွားလဲ၊ ဟယ် နေရာကျလိုက်တာ၊ ခုမှ ငါ့လည်း ပြန်တွေးမိတယ်။ ဘယ့်နှယ့်တွေးမိ၊ ဩော် သရက်စေ့လေး မြေကြီးထဲချ စိုက်လိုက်တော့ အညှောက်လေးထွက် လာတယ်ကိုးအေ့လို့ ပြောတယ်။ အညှောက်လေးကနေ နောက်တော့ အညွန့်လေး အပင်လေး ဖြစ်ပြီးတော့ တဖြည်းဖြည်းနဲ့ ကြီးလာ လိုက်တာအေ ပုဆိုးတစ်ပတ်ကြီး ရှိတယ်။ သိပ်နေရာကျတာပဲ ပြသွားတဲ့ ဥပမာ၊ အေးလေ . . အဲဒါက ဥပမာ ဟုတ်ပါပြီ။ ဥပမေယျ ပြောစမ်းဟာ၊ ဥပမေယျတော့ ငါဘယ်သိမတုံးလို့ ပြောတယ်၊ သရက်ပင် သဘော ရှင်းသွားတာကိုး နော် (မှန်ပါတယ်ဆရာ)၊ ဟင်း ဟင်း. . . သရက်ပင်သဘောရှင်းသွားတယ်။

ဥပမေယျတော့ နားလည်သင့်သလောက်တော့ နားလည်ပါတယ်တဲ့။ ဒါပေမဲ့ မပြောတတ်ဘူး လို့ ပြောတယ် နော်။ မဆိုးပါဘူး သိပ်ပြီးတော့၊ သရက်ပင်နားလည်ရင် တော်လှပေါ့။ ဒါမှ လာမနာရင် သရက်ပင်တောင် သူသိမှာ မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ အဲဒီတော့ ဒီမျိုးစေ့လေးကနေပြီးတော့ အညှောက်လေး အညွန့်လေး ပင်လုံး ပင်စည် ခက်မငါးဖြာ အပွင့် အသီး ဆိုသလိုပေါ့။ တစ်ဖက် လောက်ရှိတဲ့ သရက်ပင်ကြီးရောက်လာတော့ ပထမမျိုးစေ့လေး ထဲက ထွက်လာတဲ့ အညှောက်လေးနဲ့ ပြန်ဆက်စပ်ကြည့်၊ တစ်နာရီထက်တစ်နာရီ တစ်ရက်ထက် တစ်ရက်၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် သူဖြစ်ဖြစ်လာပုံ အဆင့်လေး ပြတ်ရဲ့လား (မပြတ်ပါဘူး ဆရာ)၊ သန္တာန်အစဉ်ကြီး မပြတ်ဘူးပေါ့၊ (မပြတ်ပါဘူးဆရာ)၊ အေး အေး . . . အဲဒီ သန္တာန်အစဉ်ကြီး မပြတ်သလိုပဲတဲ့၊ အဝိဇ္ဇာကနေ ဇရာမရဏကျအောင် အဝိဇ္ဇာက မျိုးစေ့လေးထား၊ အညှောက်လေး ထား၊ ဇရာမရဏက ပင်မကြီးပေါ့ နော် (မှန်ပါတယ်ဆရာ)၊ သွားနေလိုက်တာလို့ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဆက်စပ် ဆက်စပ်သွားလိုက်တာ၊ အကြောင်းအကျိုး ပြတ်ရဲ့လား (မပြတ်ပါဘူးဆရာ)၊ မပြတ်ဘူး၊ အဲဒါလေး သေသေချာချာလေး မှတ်ထားကြ၊ အကြောင်းဖြစ်လျက်သားနဲ့ အကျိုးမပေါ်တဲ့ နေရာလေး မင်း တွေ့ရဲ့လား (မတွေ့ပါဘူးဆရာ)၊ မတွေ့ဘူးပေါ့၊ (မတွေ့ပါဘူးဆရာ)၊ အကြောင်းဖြစ် လိုက်

http://www.dhammadownload.com



အကျိုးပေါ်တာပဲလား (ပေါ်တာပါပဲဆရာ)၊ အေး အေး . . . အကျိုးသာ ဖြစ်နေပြီးတော့ အကြောင်းမရှိတဲ့နေရာရယ်လို့ မင်းတွေ့လား (မတွေ့ပါဘူးဆရာ)၊ အင်္ဂါဆယ့်နှစ်ရပ်ထဲမှာ (မတွေ့ပါဘူးဆရာ)၊ ဘယ်နေရာမှ မတွေ့ဘူးပေါ့ (ဘယ်နေရာမှ မတွေ့ပါဘူးဆရာ)၊ ဒါဖြင့် အကြောင်းနဲ့ အကျိုးဟာ ရပ်နေတယ် ဆိုတာ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ဆက်လျက်သားချည်းပေါ့ (ဆက်လျက်သား ပါဆရာ)၊ အကြောင်းတစ်လှည့်၊ အကျိုးတစ်လှည့်ပေါ့ နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ခုနစောစောက သရက်စေ့ကပေါက်တဲ့ သရက်ပင်ကြီးအဖြစ် ရောက်လာတာနဲ့ မတူလား ကွယ် (တူပါတယ်ဆရာ)၊ အဲ့ . အင်မတန်တူတယ်၊ ဒါ အဋ္ဌကထာဆရာပြသွားတဲ့ဥပမာ၊ အဋ္ဌကထာ ဆရာကြီးလည်း ချီးမွမ်းစရာ၊ ကျေးဇူးတင်စရာပဲလို့၊ စေ့စေ့ငငပြည့်ပြည့်ဝဝ သိလည်း သိတတ်ပါပေ တယ်လို့ ဥပမာလေးတွေ ကပ်သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ "ဧကတ္တနည်း"တဲ့။ "ယံ သမ္မာ ပဿန္တော ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟတိ"။ ယံ၊ အကြင်ဧကတ္တနည်းကို။ သမ္မာ၊ မဖောက်မပြန်။ ပဿန္တော၊ ပိုင်းခြားထင်ထင် ဉာဏ်၌ မြင်သော ပုဂ္ဂိုလ်သည်။ ဟေတုဖလသမ္ဗန္ဓေန၊ အကြောင်းအကျိုးဆက်စပ်သဖြင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ သန္တာနဿ၊ သန္တာန်အစဉ်၏။ အနုပစ္ဆေဒါဝဗောဓတော၊ အဆက်မပြတ် တစ်စပ်တည်း ဖြစ်နေခြင်းကို ထိုးထွင်း၍သိခြင်းကြောင့်။ ဥစ္ဆေဒဒိဋ္ဌိံ၊ အရင်တုန်းကတော့ တစ်ခါဖြစ်ပြီးရင် နောက်ထပ် မဖြစ်ဘူးလို့ ငါယူနေသော ဥစ္ဆေဒဒိဋ္ဌိကြီးကို။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သွားတယ်တဲ့ အလိုလိုနော်။ ဒိဋ္ဌိသတ်တာများ သိပ်လွယ်တယ်လို့ မထင်ကြနဲ့၊ ဒိဋ္ဌိကိုလည်းလိုက် ဓားနဲ့ ခုတ်နေလို့ ဖြစ်ပါ့မလားဟ (မဖြစ်နိုင်ပါဘူးဆရာ)၊ ဟင်း . . . မဖြစ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ လွယ်တဲ့တရား မဟုတ်ဘူး၊ သူ့သေချင်ရင် လက်နက်ကောင်း ရှာရတယ်၊ ဘယ်လို နည်းနဲ့ သေပါ့မတုံး၊ ဩော် . . . ပဋိစ္စသမုပ္ပါဒ် ဧကတ္တနည်း ကြည့်လိုက်ရင်ပဲ ဥစ္ဆေဒဒိဋ္ဌိပြုတ်တော့ တာပဲတဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဧကတ္တနည်း သိလိုက်ရင်ပဲ ဥစ္ဆေဒဒိဋ္ဌိ ပြုတော့တာ၊ ပြုတ်တော့တာပဲလို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ "ဧကတ္တနည်း"တဲ့၊ ကြည့်လိုက်တော့ တစ်ကြော တည်း၊ တစ်ဆက်တည်း ဖြစ်။ ဒါကြောင့် "ဧကတ္တနည်း"တဲ့ နော် (မှန်ပါတယ်ဆရာ)။

ပြီးတော့မှ နာနတ္တ၊ "နာနတ္တ" ဆိုတာ အထူးထူးသော အဓိပ္ပာယ် တရားကိုယ် သဘော လက္ခဏာရှိတယ်တဲ့၊ တခြားစီတဲ့၊ "အဝိဇ္ဇာဒီနံ ပန ယထာသကလက္ခဏဝဝတ္ထာနံ နာနတ္တနယော နာမ"။ နာနတ္တနည်းကျတော့ ဘယ့်နှယ့်နေပါလိမ့်၊ အဓိပ္ပာယ်သဘော လက္ခဏာ တခြားစီတဲ့။ အကြောင်းအကျိုး ဆက်စပ်တာက တစ်မျိုးတဲ့၊ နှစ်နံပါတ်ထောင့်ကနေ ကြည့်လိုက်၊ မှတ်ကြနော် ပြန်ကျော့ပေးနေတာ။ နှစ်နံပါတ်ထောင့်ကနေ ကြည့်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး

http://www.dhammadownload.com



ဘယ့်နှယ့်မြင်လာတုံးဟ (တရားကိုယ် တရားသားချင်း မတူကြဘူး ဆရာ)၊ ပြီးတော့ကော (အကြောင်းအကျိုးဆက်စပ်ပုံ ဟုတ်တယ်ဆရာ) အေးလေ . . . အကြောင်းအကျိုးဆက်စပ်တာတော့ ဟုတ်ပါပြီ၊ ပြီးတော့ကော (သဘောအဓိပ္ပာယ်ချင်း မတူကြပါဘူး ဆရာ)၊ သဘောအဓိပ္ပာယ် တရားကိုယ်တရားသား သဘောလက္ခဏာ မတူဘူးလား (မတူပါဘူးဆရာ) တခြားစီပေါ့၊ (တခြားစီပါဆရာ)၊ ဒါဖြင့် သူတို့အသီးသီးဖြစ်နေတာပေါ့ (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် နာနတ္တနည်းက ဘာရည်ရွယ်ပြတာတုံး၊ (တစ်လုံးပျောက်မှ တစ်လုံးရောက် အသစ်တွေ ရောက်ရောက်လာပါတယ်ဆရာ)၊ သြော် . . . တစ်လုံးပျောက်သွားမှ တစ်လုံးရောက်၊ တစ်လုံးပျောက်သွားမှ တစ်လုံးရောက်လား (မှန်ပါတယ်ဆရာ)၊ ဒါရည်ရွယ်ပြောတယ်လား (မှန်ပါတယ်ဆရာ)၊ အေး အေး . . . ဟုတ်ပြီ။

တို့ ပဋိစ္စသမုပ္ပါဒ်ကြီး ကြည့်လိုက်တဲ့အခါတော့ကွယ် ပထမအဝိဇ္ဇာဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာမရှိတော့ ဘာဖြစ်လဲ (အဝိဇ္ဇာချုပ်မှ သင်္ခါရဖြစ်ပါတယ်ဆရာ)၊ သြော် . . . ပြီးတော့သင်္ခါရ ဖြစ်လာတယ်၊ (မှန်ပါတယ်ဆရာ)၊ သင်္ခါရဖြစ်တဲ့အချိန် အဝိဇ္ဇာရှိသေးလား (မရှိတော့ဘူးဆရာ)၊ သြော် . . . မရှိဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာချုပ်မှ သင်္ခါရဖြစ်လာတာပေါ့၊ (မှန်ပါတယ်ဆရာ)၊ ဒီသင်္ခါရ ဘယ်သူ့ကြောင့် ဖြစ်ပါလိမ့် (အဝိဇ္ဇာကြောင့်ပါဆရာ)၊ သြော် အဝိဇ္ဇာကြောင့် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းအကျိုးတော့ ဆက်လျက်ပေါ့၊ (ဆက်လျက်ပါဆရာ)၊ ဒါဖြင့် အဝိဇ္ဇာနှင့်သင်္ခါရသည် သဘောလက္ခဏာအားဖြင့် ကြည့်လိုက်တော့ တခြားစီလား (တခြားစီပါဆရာ)၊ အေး အေး . . . ဒါပေမယ့် တစ်ပြိုင်နက်တိုးပြီးတော့ တစ်မျိုးတည်း ဖြစ်တာမဟုတ်ပါဘူးလို့ နော် (မှန်ပါတယ်ဆရာ)၊ သဘောလက္ခဏာအားဖြင့်လည်း မတူဘူးတဲ့၊ တစ်သဘောစီ နေကြတာ၊ လက္ခဏာတခြားစီ နေကြတာတဲ့၊ ဖြစ်ပြန်တော့ကောတဲ့ သူပြီးမှ သူဖြစ်တာပါတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ဒီနေရာလေးမှာ နာနတ္တနည်းဆိုတဲ့ အနေအားဖြင့်ဘာရည်ရွယ် ပြသလဲလို့၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ အသစ်အသစ်တွေ ဆက်ကာဖြစ်တာ ရည်ရွယ်ချက်နဲ့ ပြတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အဝိဇ္ဇာကစ ဇရာမရဏကျအောင် နံပါတ်နှစ်ဆိုတဲ့ ထောင့်မျက်နှာက နေပြီးတော့တစ်နည်းကြည့်လိုက်စမ်းပါလို့၊ အဘဘုရားကိုယ်တော်မြတ် မိန့်ကြားတော်မူတယ်၊ ကြည့်လိုက်စမ်း၊ နာနတ္တနည်းမြင်ပေါ့၊ ဘယ့်နှယ့်မြင်၊ ရှေ့အလုံးနဲ့နောက်အလုံး သဘောလက္ခဏာချင်းလည်း မတူဘူး၊ ဖြစ်ပုံကျပြန်တော့ တစ်လုံးပျောက်မှ တစ်လုံးရောက်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သြော် . . . ဒီလိုမြင်ရတာလား၊ စုံများပြိုင်ဖြစ်သလား အောက်မေ့တယ်၊ မဟုတ်ပါဘူး၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ အသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်တာ

http://www.dhammadownload.com



မြင်ရတယ်လို့ ကောင်းပြီ၊ ဒီလိုမြင်တော့ ဘာဖြစ်လဲ၊ ဘာမှမဖြစ်ဘူးလို့ ပြောပါလားဟ၊ နင့်သဘော ငါသိလို့ ပြောတာ၊ နင့်ဘာမှမဖြစ်ဘူး၊ ငါသိပြီးသား၊ ကဲ . . ဘယ့်နှယ့်လုပ်မလဲ၊ ဒီလိုမြင်တော့ ဘာဖြစ်လဲ၊ (ဘဝမြဲတဲ့အယူ ပယ်ပါတယ်ဆရာ)၊ ဩော် . . . အတော်သား၊ ငါမှားသွားလို့ကွာ သည်းခံပါ၊ တောင်းပန်ပါတယ်၊ တော်သား တော်သား မဆိုးဘူး၊ ဘာလို့ နှုတ်လေးနေတာတုံးလို့ ဒါဖြင့်၊ (ဆရာ ပြောမလားလို့)၊ အောင်မယ် . . . . ငါ့လွှဲချသေး၊ "ဘုန်းကြီးအမူ ရွာပတ်"ဆိုသလို သူ့အမှု ငါ့ဘက်လွှဲချ၊ သဿတအယူဝါဒ ပယ်လိုက်တယ်လား (မှန်ပါတယ်ဆရာ)၊ သဿတအယူ ဝါဒက ဘယ်လိုပါလိမ့်၊ (ဘဝမြဲတဲ့အယူပါဆရာ)၊ ဘယ်လိုများ မြဲနေလဲ၊ (မွေးကတည်းက ငါကောင် လေးဟာ ခုထက်ထိ မြဲတယ်ဆိုတဲ့ အယူလေးပါဆရာ)၊ ဩော်. . . ပစ္စက္ခဘဝမှာ ဒီလိုပဲ ယူတယ်လား (မှန်ပါတယ်ဆရာ)၊ သံသရာအတွက်ကျတော့ရော၊ (အတိတ်ဘဝက ငါကောင် လေးဟာ ခုဘဝလည်း ငါကောင်လေးလို့ မြဲတယ်လို့ ယူပါတယ်ဆရာ)၊ တစ်သံသရာလုံးကျတော့ရော (မပြောတတ်ဘူးဆရာ) ဟောဗျာ. . သံသရာအစကတည်းက ဖြစ်လာတဲ့ ငါကောင်လေးဟာ မဟုတ်ဘူးလားဟ (မှန်ပါတယ် ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ နည်းတစ်ခုရမှ ဖြတ်နိုင်ရောပေါ့ကွ သန်းဖေရ၊ မွေးကတည်းက ငါကောင်လေးဟာ ကနေ့အထိ ဒီငါကောင်လေးပဲ၊ တစ်ဆက်တည်းချည်း ထင်မနေ ဘူးလား (ထင်နေပါတယ်ဆရာ)၊ (သို့မဟုတ်) လွန်ခဲ့သော အတိတ်ဘဝက ငါကောင်လေးဟာ အခု လည်း ဒီငါကောင်လေး အနာဂတ်လည်း သွားအုံးမယ်၊ (သို့မဟုတ်) သံသရာ အစကတည်းက ငါကောင်လေးဟာ ကနေ့အထိ ငါကောင်လေးပဲ ကောင်းဆိုး ပြောင်း ပြောင်း၊ ပြောင်း ပြောင်းလာ လိုက်တာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘဝမြဲနေတယ်ဆိုတဲ့ အယူဝါဒဟာ သဿတဝါဒ မဟုတ်လား (သဿတဝါဒပါဆရာ)။

သေချာကြည့်စမ်း၊ ခုန ဧကတ္တနည်းတုန်းက ဘာဝါဒပြုတ်တယ် (ဥစ္ဆေဒဝါဒပါဆရာ)၊ နာနတ္တ နည်းမြင်တော့ ဘာဝါဒပြုတ်တယ်၊ (သဿတဝါဒပါဆရာ)၊ ကိုင်း . . . ဥစ္ဆေဒနဲ့သဿတ ပြုတ်တယ်၊ ကြည့်စမ်း ကြည့်စမ်း၊ ဒိဋ္ဌိ (၆၂)မျိုးရှိတဲ့အနက်က ဘယ်သူအဆိုးဆုံးလဲ ဥစ္ဆေဒ သဿတ မဟုတ်ဘူး လားဟ (မှန်ပါတယ်ဆရာ)၊ သဿတနဲ့ဥစ္ဆေဒကြား လွတ်အောင် သွားရမယ်လို့ ငါထပ်ပြန်တလဲလဲ ပြောလာခဲ့တာတွေ မေ့ကုန်ဟန်တူပါရဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဥစ္ဆေဒကြားနဲ့ သဿတကြားက လွတ်အောင် သွားရမယ်တဲ့၊ ဘာလမ်းခေါ်တယ်၊ (မဇ္ဈိမပဋိပဒါလမ်းပါဆရာ)၊ တော်လှချည်းလား ဒီလိုဆိုတော့ မဇ္ဈိမပဋိပဒါလမ်းလား (မှန်ပါတယ်ဆရာ)၊ ဒီလမ်းက သွားရမယ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် မင်း ဥစ္ဆေဒဝါဒရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ ဘာမြင်လို့တုံး၊ (သန္တာန်အစဉ် မပြတ်မြင်လို့ပါဆရာ)၊ သန္တာန်အစဉ် မပြတ်ဖြစ်နေတာ မြင်လို့လား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



ဒါဖြင့် ဥစ္ဆေဒဝါဒ မင်းမယုံဘူးပေါ့ (မယုံတော့ပါဘူးဆရာ)၊ နဂိုက မင်းရှိလား (မရှိပါဘူးဆရာ)၊ အေး အေး . . နဂိုကလည်း မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အေး . . ဟုတ်ပြီ၊ ဒါဖြင့် သဿတဝါဒ မင်းယုံသေးလား (မယုံတော့ပါဘူးဆရာ)၊ ဘဝမြဲတယ်ဆိုတဲ့ အယူလေး (မယူတော့ပါဘူးဆရာ)၊ မယူဘူးလား (မယူပါဘူးဆရာ)၊ အရင်တုန်းက (ယူတယ်ဆရာ)၊ အေး အရင်တုန်းက ယူတယ် မှန်တာပြောတာ၊ အရင်တုန်းက ယူတယ်မဟုတ်လား (ယူတယ်ဆရာ)၊ တို့ ကမ္ဘသကတ သမ္မာဒိဋ္ဌိနယ်က လူတွေကတော့ သဿတဝါဒချည်းမဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ လွန်ခဲ့သော အတိတ်ဘဝက ကုသိုလ်ကံကောင်းမှုတွေ လုပ်၊ အခုဘဝလာ ချမ်းသာ၊ ငါလုပ်လာတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီဘဝလာ ငါချမ်းသာနေတယ်၊ ဆင်းရဲတဲ့လူကျတော့လည်း လွန်ခဲ့သော အတိတ်ဘဝက ငါမကောင်းတဲ့ အကုသိုလ်အားကြီးလို့ ဒါနမျိုးစေ့နည်းခဲ့လို့ ခုလာ ငါဆင်းရဲရတယ်၊ ငါပဲ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး အေး . . ဒီငါကောင်လေးဟာ လွန်ခဲ့သော အတိတ်ဘဝက လာနေတဲ့ ငါကောင်လေးဟာ ကနေ့အထိ ရှိတယ်လို့ ဒီလိုထင်နေတယ်၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါခပ်ကျဲကျဲလေးပဲ့၊ စိပ်စိပ်ကလေး ဆိုပြန်တော့လည်းပဲ -

အေး . . ငါတို့ မြင်ရတဲ့ ရူပါရုံလေးဟာ တစ်ခါဖြစ်ပြီးရင် ဘယ်တော့မှ မပျက်ဘူးဟဲ့၊ မြဲတဲ့တရားလေး ဒီလိုမလာဘူးလား (လာပါတယ်ဆရာ)၊ အေး အေး . . . ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ သြော် . . . ငါတို့ မြင်ရ ကြားရ နံရ တွေ့ရ ထိရ သိရတယ် ဆိုတဲ့ အာရုံလေးတွေဟာ တစ်ခါဖြစ်ပြီးရင် ဘယ်တော့မှ မပျက်ဘူး၊ မြဲနေတာပဲလို့ ဒီလိုယူတာ သဿတဝါဒနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီသင်တန်းမနာခင်တုန်းက သဿတဝါဒရှိခဲ့တာပေါ့ (ရှိပါခဲ့တယ်ဆရာ)၊ ရှိခဲ့။ ယခုတော့ သဿတဝါဒ ယုံသေးရဲ့လား (မယုံတော့ပါဘူးဆရာ)၊ ဘာမြင်လို့တုံး (နာနတ္တနည်း မြင်လို့ပါဆရာ)၊ သြော် . . . နာနတ္တနည်းမြင်လို့လား (မှန်ပါတယ်ဆရာ)၊ နာနတ္တနည်း ဘယ့်နှယ့်ပါလိမ့် (တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ အသစ်အသစ်တွေ ထပ်ကာထပ်ကာ ဖြစ်နေပါတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ၊ ဟုတ်ပြီ၊ နေရာကျလိုက်တာ၊ တစ်လုံးပျောက် တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ အသစ်အသစ်တွေ ဆက်ကာဆက်ကာ ဖြစ်နေတဲ့လား (မှန်ပါတယ်ဆရာ)၊ အဟောင်းတွေ ရှာလို့ မရဘူးပေါ့ (ချုပ်ခဲ့ပါတယ်ဆရာ)၊ အေး . . . ချုပ်ခဲ့ပြီ၊ ရှာမရဘူးဆို အတူတူပဲဟ၊ လျှာတော်တော်ရှည်တဲ့ကောင် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တစ်လုံးပျောက်မှ တစ်လုံးရောက်၊ တစ်လုံးပျောက်မှ တစ်လုံးရောက် အသစ်အသစ်တွေ ဆက်ကာဆက်ကာ ဖြစ်နေတာပေါ့ (မှန်ပါတယ်ဆရာ)၊ အဟောင်းတွေ ရှာတော့ မရှိဘူးပေါ့ (မရှိတော့ပါဘူးဆရာ)၊ အေး . . . ဟုတ်ပြီ၊ ဟုတ်ပြီ။ ဒါဖြင့် မြင်ဆဲခဏ၊ ကြားဆဲခဏလေးမှာ ဘာတွေ့၊

http://www.dhammadownload.com



(ပစ္စုပ္ပန်တွေ့ပါဆရာ)၊ ပစ္စုပ္ပန်ဆတ်ဆတ်တွေ့တယ်လား (မှန်ပါတယ်ဆရာ)၊ ပစ္စုပ္ပန်ဆိုတာ ဘာခေါ်သလဲ၊ (မြင်ဆဲခဏပါဆရာ)၊ ဩော် . . . မြင်ဆဲခဏကလေးလား (မှန်ပါတယ်ဆရာ)၊ ကြားဆဲခဏလေးပေါ့ (မှန်ပါတယ်ဆရာ)၊ အေး - ဟုတ်ပြီ၊ ဒါ ပစ္စုပ္ပန်ကလေးနော် (မှန်ပါတယ်ဆရာ)၊ သူကော ကြာကြာခံရဲ့လားဟ (မခံပါဘူးဆရာ)၊ မြင်ပြီး ပျက်သွားတဲ့လား (မှန်ပါတယ်ဆရာ)၊ ကြားပြီး ပျက်သွားတဲ့လား (မှန်ပါတယ်ဆရာ)၊ အေး အေး . . မြင်ပြီးပျက်၊ ကြားပြီးပျက်၊ နံပြီးပျက်၊ စားပြီးပျက်၊ ထိပြီးပျက်၊ သိပြီးပျက် နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲသွားနေတာ လှစ်လှစ်၊ လှစ်လှစ်၊ မင်းကြည့်ဆဲ ခဏလေးဟာ ဖြစ်ဆဲရုပ်ကလေးနဲ့ သွားတွေ့ရတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဖြစ်ဆဲရုပ်ကလေး နဲ့ သွားတွေ့တာ၊ မကြည့်ခင်တုန်းက ပေါ်နေတဲ့ ရုပ်ကလေး မှတ်မနေနဲ့ နော် (မှန်ပါတယ်ဆရာ)၊ ကြည့်ဆဲခဏ တစ်ဥပါဒ်တည်း ပြိုင်ဖြစ်တဲ့ ရုပ်ကလေး သွားတွေ့တယ်။

ဒါကြောင့် တို့ဝီထိစဉ်အခါတုန်းက အတီတဘဝင် ဥပါဒ်ခဏမှာ ပြိုင်ဖြစ်တဲ့ရုပ်သဘောလေး မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဥပါဒ်ခဏမှာ ဖြစ်ဆဲ ဖြစ်ဆဲ ဆိုတဲ့ အသစ်အသစ်ကလေး ဆက်ကာ ဆက်ကာ ဖြစ်ဖြစ်ဖြစ်ဖြစ်နေတာ မြင်တော့ အမေမွေးလာကတည်းက ငါကောင်လေးက ဒီနေ့အထိ ရှိတယ်ဆိုတာ သဿတဝါဒ မင်းယုံသေးရဲ့လားဟ (မယုံတော့ပါဘူးဆရာ)၊ ယုံတော့ကော ဖြစ်သေးရဲ့လား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဩော် . နာနတ္တနည်းမြင်တာနဲ့ နဂိုက ယုံကြည်စိတ်ချထားတဲ့ သဿတဝါဒကြီး ပြုတ်ပေပေါ့၊ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အဲဒီဥစ္ဆေဒဝါဒနဲ့ သဿတဝါဒ ဘယ်အစွန်းဘက်မှ မငြိဘဲနဲ့ ကွင်းလုံးကျွတ် လွတ်သွားလို့ရှိရင် လက်ခမောင်းခတ်သင့်တယ်ကွာ၊ မခတ်သင့်ဘူးလား (ခတ်သင့်ပါတယ်ဆရာ)၊ ခတ်သင့်ပေမယ့် ဘယ်သူမှ မခတ်ဘူး၊ သိန်းထီသာပေါက်ရင် ဖျောင်းဖျောင်းနဲ့ နေမှာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အင်မတန် ဝမ်းသာစရာကောင်းတယ်၊ ဒီအစွန်းနှစ်ပါး လွတ်အောင် ရှောင်ရှား တတ်ရင် ဒါ "အရိယာ"တဲ့၊ ဟုတ်ကဲ့လားဟ (မှန်ပါတယ်ဆရာ)၊ အရိယာမဟုတ်ဘဲနဲ့ ဒီအစွန်းနှစ်ပါး လွတ်အောင် ရှောင်ရှားလို့ သွားကောင်းရဲ့လား (မသွားကောင်းပါဘူးဆရာ)၊ သွားတတ်ပ့ါမလား (မသွားတတ်ပါဘူးဆရာ)၊ သွားနိုင်ပ့ါမလား (မသွားနိုင်ပါဘူးဆရာ)၊ ဘယ်တော့မှ မသွားနိုင်ဘူးဆိုတာ မှတ်ထား၊ ဒီအစွန်းနှစ်ပါး လွတ်အောင် ရှောင်ရှားဖို့ အလွန်ခဲယဉ်းတယ်၊ ဘဝမမြဲဘူး၊ ဘဝပြတ်သွားပြီ၊ နောက်ထပ်ဘာမှ မဖြစ်ဘူး၊ ဒီလိုယူပြန်တော့ ဥစ္ဆေဒ၊ မဟုတ်ပါဘူးဟာ ဘဝမြဲတာပေါ့ဟ၊ တို့ ဟိုဘဝတုန်းက ဒီလိုဒီလို ဖြစ်လာလို့ ဒီဘဝ ဒီလိုလာဖြစ်တာပေါ့၊ ဘဝဆိုတာ မြဲတာပေါ့ဟ၊ ဒီလို ယူပြန်တော့ သဿတနော် (မှန်ပါတယ်ဆရာ)၊ သဿတမဟုတ်ပါဘူးလို့ ငြင်းပြန်တော့ ဥစ္ဆေဒ၊ ဥစ္ဆေဒမဟုတ်ပါဘူးလို့ ငြင်းပြန်တော့ သဿတ၊ ဒီလိုမဖြစ်နေဘူးလား။

http://www.dhammadownload.com



ဒီအယူနှစ်ပါးက ရှောင်ရှားတတ်ဖို့ဆိုတဲ့ အသိဉာဏ် လွယ်ကူတဲ့ တရားမဟုတ်ပါဘူးလို့၊ ဒီအယူနှစ်ပါးကို လွတ်အောင် သလဲစင် ခဲစင်အားဖြင့် ရှောင်ရှားတတ်ပြန်ရင်လဲ အရိယာဖြစ်တတ်ပါတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အရိယာများသွားတဲ့လမ်းတဲ့။ "မဇ္ဈိမပဋိပဒါ"၊ အဘဘုရားကိုယ်တော်မြတ် ချတော်မူခဲ့တဲ့ လမ်းစဉ်ကြီး ခေါ်တယ်။ တို့အဘဘုရားကိုယ်တော်မြတ် ဘယ်လမ်းက သွားသလဲ (မဇ္ဈိမပဋိပဒါလမ်းက သွားပါတယ်ဆရာ)၊ အေး . မဇ္ဈိမပဋိပဒါ နော် (မှန်ပါတယ်ဆရာ)၊ ဒီလမ်းက သွားတယ်။ ကိုယ်တော်မြတ် ရုပ် နာမ် ခန္ဓာ ပရမတ် ဓာတ်ဆိုတဲ့ သဘာဝကို ပဋိစ္စသမုပ္ပါဒ်စက်ဒေသနာတော်ကြီးကို ဗောဓိပင်နှင့်ရွှေပလ္လင် အောင်မြင်ဆဲခဏ အောင်မြင်တော်မူခါနီး အာသဝက္ခယဉာဏ်မရခင် မိုးသောက်ခါနီး လင်းအားကြီးအချိန်လေး မရခင်လေး၊ မရောက်ခင်လေး ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို အနုလောမနည်း၊ ပဋိလောမနည်း။ အနုလောမနည်း ဆိုတာ အဝိဇ္ဇာကစ သုံးသပ်တော်မူတယ်။ အကြောင်းအကျိုးဆက်စပ်ပုံ။ ပဋိလောမနည်းဆိုတာ ဇရာမရဏဆိုတဲ့ တရားကစပြီး သုံးသပ်တော်မူတယ်။ ဒီလို အနုလုံပဋိလုံအားဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို အခါခါ အခေါက်ခေါက် သုံးသပ်ဆင်ခြင်တော်မူတော့ ဘာဖြစ်တယ်၊ အခုပြောတဲ့ (၆၂) ပါးသော ဒိဋ္ဌိတွေ ကွင်းလုံးကျွတ် လွတ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်ကို အရှောင်ရှားခက်လှချည်းရဲ့ ဆိုတဲ့ သဿတနှင့် ဥစ္ဆေဒအစွန်းနှစ်ပါးက လွတ်တော်မူတယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

အဲဒါ သုံးသပ်ဆင်ခြင်ပြီးလို့ အောင်မြင်တော်မူမှ ဝင်းပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး အထောက် အပံ့ပေးလို့ အေးအေးလေး လွယ်လွယ်လေးနဲ့ မိုးသောက်ခါနီး လင်းအားကြီး ပစ္ဆိမယံမှာ အာသဝက္ခယ ဉာဏ်ရတော်မူလို့ ဘုရားဖြစ်တော်မူတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ဒီအထိအောင် တန်ဖိုးကြီးတဲ့ တရားတော်ကြီး။ ဒါကြောင့် တို့များလည်း အားပါးတရနဲ့ ပြလို့လည်း အားမရနိုင်ဘူး၊ ပြောလို့လည်း အားမရနိုင်ဘူး။ အထူးသဖြင့် ကြည်ညိုလေးစားတဲ့အနေအားဖြင့် ထပ်ပြန်တလဲလဲနဲ့ မရှင်းရှင်းအောင် သင်ကြားပေး။ မင်းတို့တွေကလည်း မှတ်လည်းမှတ်ကြပါလို့၊ ရအောင်လည်း ယူကြပါနော် (မှန်ပါတယ်ဆရာ)၊ အချင်းချင်းကွယ် အဖျင်းစကားတွေ ပြောမယ့်အစား အဲဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး အချင်းချင်းလေ့လာ ပွားများနေရင် တကယ့်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ခဏချင်းရောက်နိုင်တယ်၊ မရောက်သေးဘူးထား ရောက်မဲ့ပုဂ္ဂိုလ်အစစ်လည်း ဖြစ်ကောင်းတယ်။ တန်ဖိုးမရှိလား (ရှိပါတယ်ဆရာ)။ ဒါကြောင့် ဥစ္ဆေဒနှင့်သဿတနှစ်ပါး ရှောင်တတ်၊ ရှားတတ်လို့ရှိရင် လက်ခမောင်း ခတ်သင့်ပါတယ်လို့ ငါက အာဂယောကျ်ားဟဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ငါ အာဂယောကျ်ားဟဲ့။ ဒါမှ ယောကျ်ားမြတ်ခေါ်တယ်။ ဒါမှ လူထူး လူဆန်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်း

http://www.dhammadownload.com



ခေါ်တယ်။ အင်မတန်လည်း တန်ဖိုးရှိပါတယ်။ ကိုယ့်ကိုယ်လည်း ကိုယ့်တန်းလေး မြှင့်ပေးကြပါ။ ဒါဖြင့်ရင် ကောင်းပြီ၊ သုံးနံပါတ် ထောင့်ကနေ ကြည့်ကြအုံးစို့။ သုံးနံပါတ်ထောင့်ကနေကြည့်နော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး ဘယ့်နှယ့်မြင်တုံး၊ မြင်ပြန်ပြီ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။ ဒါတွေ တွေ့ပြီးသားပေါ့နော် (တွေ့ပြီးသား ပါဆရာ)၊ တွေ့ပြီးတော့ ဘယ့်နှယ့် နေတုံးလို့ သေသေချာချာကြည့်စမ်း၊ ဘယ့်နှယ့်နေ၊ အဝိဇ္ဇာနဲ့ သင်္ခါရ (အဝိဇ္ဇာက သင်္ခါရကို ဖြစ်အောင် လုပ်ပေးမယ်လို့ လုံ့လ ပယောဂ ဗျာပါရ မရှိပါဘူးဆရာ)။ အောင်မယ် သာဓု၊ သာဓု၊ နှစ်ခွန်းလောက် ခေါ်လိုက်မယ်။ တစ်ခွန်းလောက် ချန်ထားအုံးမယ်။ နောက်ထပ်တစ်ခါ မေးရင် ရချင်မှရမယ်။ ဒီကောင်မဆိုးဘူး,, တော်တော် တော်တဲ့အကောင်။

ဩော် . . . အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ မှန်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့လို့ ဘယ့်နှယ့် (အဝိဇ္ဇာကနေ သင်္ခါရတော့ ငါဖြစ်အောင် လုပ်မယ်လို့ လုံ့လ ပယောဂ ဗျာပါရ မရှိပါဘူး ဆရာ)၊ ဩော် . . အဝိဇ္ဇာက သင်္ခါရတော့ ငါဖြစ်အောင် လုပ်ပေးမယ်လို့ သူ့မှာ ဒီလို လုံ့လ ပယောဂ ဗျာပါရ ဘာမှ မရှိဘူးလား (မရှိပါဘူးဆရာ)။ အေး ဟုတ်ပြီ၊ ဟုတ်ပြီ၊ တစ်ပါးမှ မရှိဘူးနော်၊ (မရှိပါဘူးဆရာ)၊ မရှိဘူး၊ မရှိဘူး၊ ကြည့်စမ်းကွယ် သေသေချာချာ။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်လာ တာတော့ မှန်တယ်တဲ့။ အကြောင်းအကျိုး လွဲပြောင်းလို့ မရဘူးတဲ့။ အဝိဇ္ဇာတည်းဟူသော အကြောင်း ကြောင့် သင်္ခါရဖြစ်မှာတဲ့။ ဒါပေမဲ့ အဝိဇ္ဇာကများ သင်္ခါရ နင့်ဖြစ်အောင် ငါလုပ်ပေးမယ်လို့ လုံ့လ ပယောဂ ဗျာပါရ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို လုံ့လ ပယောဂ ဗျာပါရ မရှိသောကြောင့် ဒီတရားကြီး ဘာတရားခေါ်တယ်။ (အဗျာပါရနည်းပါဆရာ)။ အေး. . အဗျာပါရနည်း နော် (မှန်ပါတယ်ဆရာ)၊ အဗျာပါရနည်းဆိုတာ ဗျာပါရ မရှိတော့ဘူးတဲ့။ လုံ့လ ပယောဂ မရှိဘူးတဲ့။ သူလုပ်ပေးတာ မဟုတ်ဘူးတဲ့။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သူ့ဘာသဘောနဲ့ ဖြစ်သလဲ (သူ့သဘောနဲ့သူ ဖြစ်ပါတယ်ဆရာ)၊ အေး . . သူ့သဘောနဲ့သူ ဖြစ်၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒါ လျှောက်ကြည့်စမ်း -

အဝိဇ္ဇာကစ ဇရာမရဏကျအောင် ကြည့်။ သူ့ကြောင့် သူဖြစ်တယ်၊ သူ့ကြောင့် သူဖြစ်တယ် မှန်တယ်။ ဒါပေမဲ့ သူ့ကြောင့် သူဖြစ်တယ်ဆိုပေမဲ့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတဲ့ အဝိဇ္ဇာက သင်္ခါရဖြစ်အောင် လုပ်ပေးတာလား၊ မဟုတ်ဘူး (မဟုတ်ပါဘူးဆရာ)။ အဗျာပါရ လုံးဝမရှိဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သင်္ခါရဖြစ်အောင် လုပ်ပေးတတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါ ကောင်လေး အတ္တကောင်လေးများ အဝိဇ္ဇာထဲ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ အဝိဇ္ဇာက ပုဂ္ဂိုလ်ကောင် သတ္တဝါ ကောင် အတ္တကောင် ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ ပြုတတ်၊ လုပ်တတ်တဲ့ ပုဂ္ဂိုလ် ဟုတ်ရဲ့လား

http://www.dhammadownload.com



(မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် အဲဒီ သုံးနံ့ပါတ် ထောင့်ကနေ ကြည့်ပြန်တော့ တစ်မျိုးမြင်လာ၊ ဘယ့်နှယ့်မြင်၊ ဟာ. . . အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရ ကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတာ ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့်လို့ အဝိဇ္ဇာက သင်္ခါရ ဖြစ်အောင် ငါလုပ်ပေးမယ်လို့ သူ့မှာ လုံ့လ ပယောဂ ဗျာပါရ ဘာမှမရှိပါဘူး၊ လုပ်တတ်, ကိုင်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ အတ္တလည်း မဟုတ်ပါဘူးတဲ့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါမြင်လိုက် တော့ ဘာဖြစ်လဲကွာ၊ (အတ္တဒိဋ္ဌိပယ်ပါတယ်ဆရာ)၊ ဩော် အတ္တဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ ဆိုတာ ဘာတုံး၊ (ပုဂ္ဂိုလ် သတ္တဝါ မှတ်နေပါတယ်ဆရာ)၊ ဩော် . . ငါကောင်၊ သူကောင်၊ ပုဂ္ဂိုလ်ကောင်၊ သတ္တဝါကောင် ရှိနေတယ်လို့ မှတ်နေလား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ပုဂ္ဂိုလ်ကောင် သတ္တကောင် ငါကောင် သူကောင် မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ မရှိဘူးလား (မရှိပါဘူး ဆရာ)၊ အေး အေး . . မရှိရင် လုပ်တတ်ပါ့မလားဟ (မလုပ်တတ်ပါဘူးဆရာ)၊ မလုပ်တတ်ရင် ဒါဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် ဆိုတဲ့နေရာမှာ အဝိဇ္ဇာက သင်္ခါရကို ဖြစ်အောင် လုပ်ပေးတဲ့ ပုဂ္ဂိုလ်လား (မဟုတ်ပါဘူးဆရာ)၊ သတ္တဝါလား (မဟုတ်ပါဘူးဆရာ)၊ ငါလား (မဟုတ်ပါဘူးဆရာ)၊ မင်းလား (မဟုတ်ပါဘူးဆရာ)၊ ယောကျ်ား မိန်းမလား (မဟုတ်ပါဘူးဆရာ)၊ အကောင်လေးလား (မဟုတ်ပါဘူးဆရာ)၊ အထည်ဒြပ် သဏ္ဌာန်လေးလား (မဟုတ်ပါဘူးဆရာ)၊ ပြုတတ် လုပ်တတ်တဲ့ ပုဂ္ဂိုလ် ဟုတ်ရဲ့လား (မဟုတ်ပါဘူး ဆရာ)၊ ဘာမှမဟုတ် ဘူးပေါ့ (ဘာမှမဟုတ်ပါဘူးဆရာ)၊ အေး သဘောတရားလေး မဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် အဲဒီအဝိဇ္ဇာက နေပြီးတော့ ဟိုဇရာမရဏကျအောင် ဒီက ကြည့်ကြည့်၊ ကြည့် ကြည့်သွားတော့ မြင်သွားတယ်၊ အဗျာပါရနည်းပဲ၊ လက်စသတ်တော့ အဗျာပါရ-လုံ့လ ပယောဂ ဗျာပါရရှိတဲ့ တရားတွေ မဟုတ်ပါဘဲပဲ၊ အပရိနာယကတရားတွေပဲ၊ အမှန်ကတော့ နော် (မှန်ပါတယ် ဆရာ)၊ ဒီလိုမြင်လိုက်တော့ ဘာဖြစ်၊ (အတ္တဒိဋ္ဌိပယ်ပါတယ်ဆရာ)၊ ဩော် . . အတ္တဒိဋ္ဌိ၊ လုပ်တတ် တယ်၊ ပြုတတ်တယ်၊ ကိုင်တတ်တယ်၊ တိတ္ထိယပရိကပ္ပိတ-တိတ္ထိတွေကြံဆထားသော ဒိဋ္ဌိခြောက်မျိုးနဲ့ ထိုးကြည့်လိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ တစ်မျိုးမျှ ရှာလို့မရဘူး၊ ရှာရရဲ့လား (မရပါဘူးဆရာ)၊ သာမိကအတ္တ၊ သယံဝသီအတ္တ၊ နိဝတ္တိကအတ္တ၊ ကာရကအတ္တ၊ ဝေဒကအတ္တ၊ အဓိဋ္ဌာယကအတ္တ လို့ သာသနာ့ပြင်ပ လူမိုက်တွေကြံဆထားအပ်သော အတ္တခြောက်မျိုးနဲ့ ထိုးကြည့်၊ တစ်မျိုးမှ ရှာလို့ မရဘူး၊ ဘယ်ရှာလို့ ရမတုံး၊ အဝိဇ္ဇာက အကောင်မျိုးမှ မဟုတ်ပဲဘဲ၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ အဲဒါမြင်ကတည်းက စောစောက ငါဟုတ်တယ်၊ သူဟုတ်တယ်၊ ပုဂ္ဂိုလ်ဟုတ်တယ်၊ သတ္တဝါ ဟုတ်တယ်၊ အသက်လိပ်ပြာ ဟုတ်တယ်၊ အကောင်အထည်လေး၊ ပြုတတ် လုပ်တတ် ပုဂ္ဂိုလ်

http://www.dhammadownload.com



သတ္တဝါလေး ဟုတ်တယ်လို့ ယူဆထားတဲ့ အတ္တဒိဋ္ဌိ ယုံအုံးမှာလား (မယုံတော့ပါဘူးဆရာ)၊ ယုံစရာလည်း အကြောင်းမရှိဘူး၊ အတ္တဒိဋ္ဌိကြီး ပြုတ်ကရော၊ အတ္တဒိဋ္ဌိပြုတ်ရင် သက္ကာယဒိဋ္ဌိ နေနိုင်ပါအုံးမလား (မနေနိုင်တော့ပါဘူးဆရာ)၊ အတ္တဒိဋ္ဌိနဲ့သက္ကာယဒိဋ္ဌိ ဘယ့်နှယ့်တော် (အတူတူ ညီအစ်ကိုပါဆရာ)၊ ဩော် . . . ညီအစ်ကို ဟုတ်ပြီ၊ မင်းပဲ နော်၊ အတ္တဒိဋ္ဌိနဲ့သဿတဒိဋ္ဌိ ညီအစ်ကိုလား (မှန်ပါတယ်ဆရာ)၊ ဘယ်သူက အကြီး၊ ဘယ်သူက အငယ်တုံး၊ (အတ္တဒိဋ္ဌိက အကြီးပါဆရာ)၊ အေး ဟုတ်ပြီ၊ ဟုတ်ပြီ။ အတ္တဒိဋ္ဌိက အကြီးလို့ နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီအတ္တဒိဋ္ဌိတစ်လုံး ပြုတ်သွား ရင်လည်း မဂ်တံခါး ဖိုလ်တံခါး မပွင့်နိုင်လားကွယ်၊ (ပွင့်နိုင်ပါတယ်ဆရာ)၊ မဂ်ဖိုလ်မရအောင် တားတဲ့ အန္တရာယ်ငါးပါးထဲမှာ အတ္တဒိဋ္ဌိ မပါဘူးလား (ပါပါတယ်ဆရာ)၊ သက္ကာယဒိဋ္ဌိ မပါဘူးလား (ပါပါတယ်ဆရာ)။

ဩော် . . . သူ့ကြောင့်လည်းပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သူ့ဖယ်လိုက်ရင် ရမယ်လား (ရမှာပါဆရာ)၊ အေး . . . ဒါကြောင့် အတ္တဒိဋ္ဌိတစ်လုံးပြုတ်ပြန်တော့လည်း လက်ခမောင်းခတ်လောက်ပါတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ လက်ခမောင်းခတ်လောက်ပါတယ် ဆိုတော့ ဘယ်သူမှ ခတ်မှာမဟုတ်ဘူး၊ သိန်းထီပေါက်ရင်ဖြင့် ဖြောင်းခနဲ ဖြောင်းခနဲ ခတ်မှာပဲ နော် (မှန်ပါတယ်ဆရာ)၊

မူလနှစ်ပါး၊ မူလဆိုတာ အမြစ်အရင်း၊ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးကို အဆက်မပြတ် လည်တာ ဘယ်သူ့ကြောင့် လည်းလို့ ဒီလို့မေးရင် ဘယ့်နှယ်ဖြေ၊ (အဝိဇ္ဇာနဲ့တဏှာပါဆရာ)၊ အဝိဇ္ဇာနဲ့ တဏှာလို့၊ သူတို့နှစ်ပါးကြောင့် လည်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သူတို့နှစ်ပါးကို မူလဝဋ္ဋမြစ် နှစ်ပါးလို့ နော် (မှန်ပါတယ်ဆရာ)၊ ဘာနှစ်ပါးခေါ်လဲ (မူလဝဋ္ဋမြစ်နှစ်ပါးပါဆရာ)၊ အေး . . . မူလဝဋ္ဋမြစ်နှစ်ပါး၊ ဝဋ္ဋသုံးပါးကို အမြဲမပြတ် လည်စေတတ်သော မူလဝဋ္ဋမြစ်နှစ်ပါး ခေါ်၏၊ ဘယ်သူနဲ့ ဘယ်သူတုံး၊ အဝိဇ္ဇာနှင့်တဏှာ၊ အဝိဇ္ဇာကတော့ သိပြီးသားအတိုင်း၊ တဏှာကတော့ သုံးမျိုးသုံးစား ပြထားတော့ ဘာတဏှာလဲလို့၊ ဘဝတဏှာလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒီနေရာ ဒီပြင်တဏှာတွေ မလိုချင်ဘူးတဲ့၊ ဘဝတဏှာ၊ ဒါကြောင့် "အဝိဇ္ဇံ ဝါ ဘဝတဏှံ ဝါ"လို့ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၂၆) တိုက်ရိုက်၊ ဘာမှမှားယွင်းစရာမရှိဘူး၊ မှတ်ထား သေသေချာချာလည်း မှတ်၊ မနေ့ညက ငါပြောသလို အလုပ်မတတ်လို့ရှိရင် မပြုတ်ဘူး၊ ဘယ်လောက်ပဲ အပင်ပန်းခံလုပ်လုပ်၊ ဘယ်လောက်ပဲ ကြိုးစား ပမ်းစားလုပ်လုပ် သံသရာ့ဝဋ္ဋမြစ် မပြုတ်နိုင်ဘူးတဲ့၊ လုပ်ပုံလုပ်နည်း မဟုတ်ရင် အရိုးပဲကျေကျေ အရေပဲခန်းခန်း၊ အသက်ပဲသေသေ၊ လုပ်ချင်သလိုလုပ် နော် (မှန်ပါတယ်ဆရာ)၊ ဝဋ္ဋမြစ် ပြုတ်နိုင်ပါ့မလား (မပြုတ်နိုင်ပါဘူးဆရာ)၊ မပြုတ်နိုင်ရင် သံသရာစက်ကြီး လည်အုံးမှာပေါ့ (လည်မှာပါ ဆရာ)၊ အေး . . . ဘာမှမထူးဘူးလို့။

http://www.dhammadownload.com



ဒါကြောင့် သံသရာ့စက်၊ ဘဝစက်ကြီး ဖျက်ဆီးချင်လို့ရှိရင် ဘာလုပ်ရမလဲလို့၊ (တစ်နည်း) ထိုဘဝစက်ကြီးကို အဆက်မပြတ် လည်ပေးအောင် ဘယ်သူတုံး၊ အကြောင်းတရားရှာ။ ဒီတော့ ဘဝစက်ကြီးကို အဆက်မပြတ် လည်စေတတ်တဲ့ အကြောင်းတရား ဘယ်သူလဲဆိုတော့ အဝိဇ္ဇာနှင့် ဘဝတဏှာ တွေ့နေပြီတဲ့၊ သူတို့နှစ်ပါးကြောင့်တဲ့၊ ဒါဖြင့် သူတို့နှစ်ပါး ဖြုတ်လိုက်ရင် ဒီစက်ကြီး လည်အုံးမှာလား (မလည်တော့ပါဘူးဆရာ)၊ သံသရာပြတ်ကရော၊ ရပ်ကရော ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အလည်ပြတ်တယ်၊ အလည်ရပ်တယ်၊ မလည်တော့ဘူးတဲ့။ အဲဒါ အခြေခံအားဖြင့် လူတိုင်းလူတိုင်း နားလည်ထားဖို့ မှတ်သားထားဖို့။ ဩော် ငါတို့ အနမတဂ္ဂ တစ်သံသရာလုံး လည်လို့ မဆုံးအောင် လည်လည်း လည်ခဲ့ပေါ့။ အခုလည်း လည်ဆဲ၊ နောက်လည်း လည်လတ္တံ့။ ဒီသံသရာ ဝဋ်မြို့ကြီးထဲ တဝဲလည်လည်နဲ့ လည်နေရတာ ကြောက်လှချည်းရဲ့။ ထိုသံသရာဝဋ်အတွင်းက လွတ်ကင်း ချင်လှချည်းရဲ့၊ ကြိုးစားအုံးမှ၊ အားထုတ်အုံးမှ၊ တရားရှာအုံးမှ၊ တရားထိုင်အုံးမှ။ ရှာကြ ဖွေကြ ကြိုးစားကြ၊ အားထုတ်ကြ။ ဒါပေမယ့် ရှာတိုင်း ဖွေတိုင်း ကြိုးစားတိုင်း အားထုတ်တိုင်း ဟုတ်မလားဆို မဟုတ်တာက များ၊ ဟုတ်တဲ့ ပုဂ္ဂိုလ်ကလည်း နည်းပါးပြီး၊ တချို့လည်း ကိုယ်လုပ်နေတဲ့ လမ်းစဉ် ကိုယ်အဟုတ်ကြီး ထင်လို့ ဘဝင်ကလေးက မြင့်လို့၊ သွေးက တကြွကြွနဲ့ ဟုတ်လှပြီ။ ကိုယ်လုပ်နေတဲ့ လုပ်ငန်းကဖြင့် ဝဋ်ကိုလည်စေတတ်တဲ့ သတ္တိရှိတာ၊ မရှိတာ နားမလည်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ကိုယ်လုပ်တာကို အဟုတ်ထင်လို့။ ဒါကြောင့် သွန်သင်ပြသ ဆုံးမတော်မူတဲ့ အဘဘုရားကိုယ်တော် မြတ်ရဲ့ ချထားတဲ့ လမ်းစဉ် သေသေချာချာ ရှာကြည့်ရင် သေသေချာချာရှိတယ်။ မသိတာ မသိတဲ့ပုဂ္ဂိုလ် အပြစ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မသိတာ မသိတဲ့ပုဂ္ဂိုလ်အပြစ်။

အဘဘုရားကိုယ်တော်မြတ်ကတော့ သတ္တဝါများ ရင်ဝယ်သားကဲ့သို့ သနားတော်မူခြင်း တည်း ဟူသော မဟာကရုဏာတော်ခါတ်ကြီး ပြဋ္ဌာန်းလို့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်ကျင့် ဆည်းပူး အထူးအားထုတ်၊ ဘုရားဖြစ်အောင် လုပ်ရှာရတယ်။ ဘုရားဖြစ်အောင် လုပ်ပြီးတော့ မိမိ ရထားသော တရားဖြင့် ဝေနေယျသတ္တဝါအများကို သံသရာဝဋ်အတွင်းက လွတ်ကင်းအောင် ငါကယ် မယ်လို့ လေးဆယ်နဲ့ငါးဝါ ဟောကြားတော်မူခဲ့ရှာတယ်။ ဒီဒေသနာတွေဟာ သေသေချာချာ ပါဠိတော် အဋ္ဌကထာ ဋီကာ အနေအားဖြင့် ထင်ရှားရှိတယ်။ အခုလည်း ရှိလျက်ပါပဲ။ အဲ့ဒီလို လမ်းစဉ်ကြီး ချထားတဲ့ သဘာဝ ဘာမှ မှားစရာ၊ တိမ်းစရာ၊ စောင်းစရာ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ရှိရင် သိမယ်၊ ရှာရင် ရှိတယ်၊ မှားစရာ မရှိပါဘူး။ ဒါကြောင့် သံသရာဝဋ်မြစ်ကြီးကို ဖျက်ဆီးတဲ့နည်း (တစ်နည်း) ထိုသံသရာတည်းဟူသော ဘဝစက်ကို အဆက်မပြတ် လည်အောင် လုပ်ပေးတဲ့သူက ဘယ်သူတုံး။ အဘဘုရားကိုယ်တော်မြတ်က ဟောသွားပြီ။ "အဝိဇ္ဇံ ဝါ ဘဝတဏှံ ဝါ"လို့ သူတို့နှစ်ခု

http://www.dhammadownload.com



ပါပဲလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူတို့နှစ်ခုကြောင့် လည်နေတယ်ဆိုတော့ သူတို့နှစ်ခုကို ပြုတ် အောင် ဖြုတ်လိုက်တော့ လည်အုံးမှာလားဟ (မလည်တော့ပါဘူးဆရာ)၊ ဟောဒါ သော့ချက် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါ သော့ချက်၊ ဒါအညာပဲလို့။ အဲဒါလေး သေသေချာချာ နားလည်ထားရမယ်။

တို့လူစုကတော့ အားရှိစရာ အလွန်ကောင်းထားကြပါတယ်။ ဒီအဝိဇ္ဇာနှင့် တဏှာ တည်းဟူသော သံသရာစက်ကြီးကို အဆက်မပြတ် လည်စေတတ်သော မူလဝဋ်မြစ်တည်းဟူသော အကြောင်းတရား နှစ်ပါးကို ကျွန်တော်တို့ ကျုပ်တို့တွေ သတ်လို့ဖြစ်ပါ့မလား၊ ဖြတ်လို့ ဖြစ်ပါ့မလား၊ ရပ်လို့ဖြစ်ပါ့မလား။ ဖြစ်တယ်တဲ့၊ ဖြစ်ခဲ့ပြီပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အင်မတန်အားရှိစရာကောင်းတယ်လို့။ မိမိသင်ကြား ပွားများအားထုတ်လာသော ၎င်းသင်တန်းစဉ်ရဲ့ အသိဉာဏ်တွေ ရလာတာ တန်ဖိုးဘယ်လောက်ရှိတယ်ဆိုတဲ့ သဘောလေးတွေ သေသေချာချာလည်း ကြည့်။ သာမာန်ပုဂ္ဂိုလ်များဟာ မြင်နိုင်ခဲတယ်၊ သိနိုင်ခဲတယ် ဒီအဆင့်အတန်းမျိုး ရောက်နိုင်ခဲတယ်ဆိုတာ သေသေ ချာချာလည်း မှတ်ထား။ ဒါမှလဲ ကိုယ်ရထားတဲ့ အသိဉာဏ်တန်ဖိုးရှိမှန်းလဲ သိမယ်။ ဒါမှလဲ ပိုပြီးတော့ အကျိုးများမယ်၊ ပိုပြီးတော့ အားကိုးမယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် အခုညတော့ နောက်ပိတ်ဆုံးညလည်း ဖြစ်နေတယ်။ ဒီဘဝစက်ကြီး ဖျက်ဆီးတဲ့နည်းလည်းပဲ တစ်ချက်တည်းနဲ့ ပိုင်ပိုင်နိုင်နိုင် လက်ကိုင်ရအောင်လည်း ပြပါမယ်။ ပြလိုက်တဲ့အခါကျတော့ ကိုယ့်စိတ်ထဲလဲ ဝမ်းပန်းတသာဖြစ်။ ဪ လက်စသတ်တော့ မရပ်မနား ရဟတ်ခြားလို အမြဲတစေ လည်နေတဲ့ သံသရာဝဋ်ဒုက္ခဆိုတဲ့ ဘဝစက်ကြီး တို့ဖျက်ဆီးပြီးသား ဖြစ်နေပါလားလို့ ဝမ်းသာစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဝမ်းသာစရာမကောင်းဘူးလား (ဝမ်းသာစရာ ကောင်းပါတယ်ဆရာ)၊ သိပ်ဝမ်းသာနေလား (ဝမ်းသာပါတယ်ဆရာ)။ နင်လည်း ဖျက်ဆီးတဲ့ထဲ ပါဟန်မတူပါဘူး၊ ဖျက်ဆီးချင်ရဲ့လား (ဖျက်ဆီးချင်ပါတယ်ဆရာ)၊ သံသရာကြီး အပြေးရပ်ချင်ရဲ့လား (ရပ်ချင်ပါတယ်ဆရာ)၊ မကျင်လည်ချင်ဘူးပေါ့ (မကျင်လည်ချင်ပါဘူးဆရာ)၊ ဝဋ်ဒုက္ခတွေ ကြောက်ရဲ့လား (ကြောက်ပါတယ်ဆရာ)။

ဒီတော့ မနေ့ညကပြတဲ့ အဆက်ကလေးလဲ ပြန်ကြည့်ပါအုံး - အဝိဇ္ဇာနှင့် ဘဝတဏှာသည် ၎င်းသံသရာ့စက်ကြီးကို အဆက်မပြတ်လည်စေတတ်သော မူလအကြောင်းရင်းဖြစ်တဲ့ တရားနှစ်ပါးလို့။ သူတို့နှစ်ပါးပဲ၊ သူတို့နှစ်ပါးလုပ်နေ၊ ဘယ့်နှယ့်လုပ်နေတုံး၊ အဝိဇ္ဇာက မသိတာနော် (မှန်ပါတယ်ဆရာ)၊ ဘဝတဏှာက ဘဝသစ်ကို ဖြစ်ချင်တာ ဒါပဲမဟုတ်လား (ဒါပါပဲဆရာ)၊ အဝိဇ္ဇာက မသိတာ၊ ဘဝတဏှာက ဘဝသစ်ကို ဖြစ်ချင်တာ၊ ဘဝသစ်ကို လိုချင်တာ၊ ဒီဘဝမျိုး လိုချင်တာ မဟုတ်ဘူးလား

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ အဲဒါ သူတို့နှစ်ခုကို အကြောင်းခံ၊ ခံ ခံပြီးတော့ ဘာဖြစ်သလဲလို့ ဘဝသစ်ကို လိုချင်တော့ လိုချင်တဲ့အတိုင်း ထိုင်မနေတော့ဘူး။ လိုချင်ရင် ကြိုးစားအုံးမှာပဲ၊ လိုချင်ရင် လက်ပိုက်ကြည့်နေလို့ ရတာမဟုတ်ဘူး။ လိုချင်ရင် ဘယ့်နှယ့်လုပ်ပဲ့၊ လိုချင်ရင် လုပ်ပေါ့အလုပ်။ လုပ်ပေါ့ အလုပ်ဆိုတာ ဘာလဲ (ကုသိုလ်ကံတွေပါဆရာ)၊ ကုသိုလ်ကံတွေ နော် (မှန်ပါတယ်ဆရာ)၊ ဒီထဲ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးသွားမယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အပါယ်လေးပါး လားချင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဘာတွေလုပ် (အကုသိုလ်တွေလုပ်မှာပါဆရာ)၊ ကောင်းရာသုဂတိ လားချင်တဲ့ပုဂ္ဂိုလ်ကျတော့ ဘာတွေလုပ် (ကုသိုလ်ကံတွေ လုပ်ပါတယ်ဆရာ)၊ အေး အေး ဟုတ်ပြီ ဟုတ်ပြီ။

ဒါကြောင့် အဝိဇ္ဇာနှင့် ဘဝတဏှာဟာ မူလဝဋ်မြစ်တရား နှစ်ပါးလို့ ဆိုထားတာ သူတို့နှစ်ပါး ကြောင့်တဲ့၊ လုပ်တဲ့လူလဲ ပြန်ကြည့်၊ ဘာကြောင့်လုပ်သလဲဆိုတော့ မသိလို့တဲ့။ မသိလို့ လိုချင်တာ၊ လိုချင်လို့ လုပ်တာ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ် အစကပြလာတဲ့ သဘာဝအတိုင်း ဘာမှ မထူးဘူး။ မသိလို့ လိုချင်၊ လိုချင်လို့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီအတိုင်းပဲ ဘာမှမထူးဘူး။ ဒီတော့ မူလအခြေခံအားဖြင့် ပြထားတော့ကာ အဝိဇ္ဇာနှင့် ဘဝတဏှာ နှစ်ပါးပြထားတာ သဘောအားဖြင့် ပါပြီးသား ခေါ်တယ်။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က -

ဘဂဝါ ဟိ ဝဋ္ဋကထံ ကထေန္တော ဒွေ ဓမ္မေ သီသံ ကတွာ ကထေသိ အဝိဇ္ဇံ ဝါ ဘဝတဏှံ ဝါ။ ကသ္မာ ပန ဘဂဝါ ဝဋ္ဋကထံ ကထေန္တော ဣမေ ဒွေဝ ဓမ္မေ သီသံ ကတွာ ကထေသီတိ။ သုဂတိဒုဂ္ဂတိဂါမိနော ကမ္မဿ ဝိသေသဟေတုဘူတတ္တာ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၂၆)

ဟိ၊ ချဲ့ဦးအံ့။ ဘဂဝါ၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည်။ ဝဋ္ဋကထံ၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို။ ကထေန္တော၊ ဟောတော်မူသည်ရှိသော်။ အဝိဇ္ဇံ ဝါ၊ အဝိဇ္ဇာကိုလည်းကောင်း။ ဘဝတဏှံ ဝါ၊ ဘဝတဏှာကိုလည်းကောင်း။ (ဣမေ) ဒွေ ဓမ္မေ၊ ဤတရားနှစ်ပါးတို့ကို။ သီသံ ကတွာ၊ အမျုးထား၍။ ကထေသိ၊ ဟောတော်မူ၏။

ပန၊ ဆက်ဦးအံ့။ ကသ္မာ၊ အဘယ်အကြောင်းကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်သည်။ ဝဋ္ဋကထံ၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို။ ကထေန္တော၊ ဟောတော်မူသည်ရှိသော်။ ဣမေ ဒွေဝ ဓမ္မေ၊ ဤတရားနှစ်ပါးတို့ကိုသာလျှင်။ သီသံ ကတွာ၊ အမျုးထား၍။ ကထေသိ၊ ဟောတော်မူပါသနည်း။

သုဂတိဒုဂ္ဂတိဂါမိနော၊ ကောင်းရာသုဂတိ, မကောင်းသော ဒုဂ္ဂတိသို့ လားစေတတ် ရောက်စေ တတ်သော။ ကမ္မဿ၊ ကံ၏။ ဝိသေသဟေတုဘူတတ္တာ၊ ထူးသော အကြောင်းဖြစ်သည့်အဖြစ်ကြောင့်။

http://www.dhammadownload.com



ဘဂဝါ၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည်။ ဝဋ္ဋကထံ၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို။ ကထေန္တော၊ ဟောတော်မူသည်ရှိသော်။ (အဝိဇ္ဇံ ဝါ၊ အဝိဇ္ဇာကိုလည်းကောင်း။ ဘဝတဏှံ ဝါ၊ ဘဝတဏှာကိုလည်းကောင်း။) ဣမေ ဒွေဓ မ္မေ၊ ဤနှစ်ပါးသောတရားတို့ကိုသာလျှင်။ သီသံ ကတွာ၊ အမှူးထား၍။ ကထေသိ၊ ဟောကြားတော်မူ၏။

မြတ်စွာဘုရားကိုယ်တော်မြတ် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးမှာ အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့ မူလနှစ်ပါးကို အရင်းခံထားပြီးတော့ ဟောသွားတာ တခြားမဟုတ်ပါဘူးတဲ့။ အဝိဇ္ဇာကတော့ ဒုဂ္ဂတိဘဝသို့ လားရာ လားကြောင်း ကံ၏ ထူးသောအကြောင်း ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဘဝတဏှာကျတော့ သုဂတိဘဝသို့ လားရာလားကြောင်း ဖြစ်သောကံ၏ ထူးသောအကြောင်း၊ သူတို့နှစ်ပါး ထူးခြားတယ်တဲ့၊ အပါယ်လေးပါးသို့ လားစေတတ်သောကံရဲ့ထူးသောအကြောင်း၊ ကောင်းရာသုဂတိသို့ လားစေတတ်သောကံရဲ့ ထူးသောအကြောင်း။ အဝိဇ္ဇာနဲ့ ဘဝတဏှာ။ အဲဒါလေး မှတ်ထား။ ဒါ ထူးသော အကြောင်းအနေအားဖြင့် ထုတ်ဖော်ပြီး ဟောသွားတဲ့ ဒေသနာအစစ်တွေဖြစ်။ ဒါကြောင့် သူတို့ကို မူလဝဋ်မြစ်အနေအားဖြင့် အခြေခံထားပြီးတော့ ဘုရားကိုယ်တော်မြတ် ဟောကြား တော်မူတယ်လို့ ဒါလေး ကိုယ်က ရိပ်စားမိရမယ်။ ကောင်းပြီ၊ ဒါဖြင့် ဘယ့်နှယ့်လုပ်သလဲလို့ အဝိဇ္ဇာသမားက ဘာမှမသိ၊ အကျိုးအကြောင်းမှ မဝေဖန်တတ်။ ဒါအကျိုးပဲ၊ အပြစ်ပဲလို့ မဝေဖန်တတ်သော မောဟဖုံးလွှမ်းတဲ့ လူမိုက်တစ်ယောက် ကိလေသာနှိပ်စက်ပူပန်ခြင်းကြောင့် ပါဏာတိပါတ အစရှိသော ဒုစရိုက် ဒုရာဇီဝတရားတို့ကို ကြိုးစားအားထုတ် အလုပ်လုပ်၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာဖုံးလွှမ်း၍ ကိလေသာဖြင့် နှိပ်စက်ပူပန်သောကြောင့် မနေ့ညက ပြောခဲ့တာနော်။ ပြန်ပြီးတော့ လင်းအောင်ဆိုပြီး ထပ်ပြီးတော့ ပြောနေတာ။ အဝိဇ္ဇာဖုံးလွှမ်းသောကြောင့် ကိလေသာ ပူပန်နှိပ်စက်ပါသဖြင့် မိမိရဲ့အကျိုးမဲ့ကို ဖြစ်စေတတ်သော အပါယ်လေးပါးကို လားစေတတ်သော ပါဏာတိပါတအစရှိသော ဒုစရိုက်၊ ဒုရာဇီဝ တရားတို့ကို ကြိုးစားအားထုတ်၏။ လူမိုက် နော် (မှန်ပါတယ်ဆရာ)၊ သူ့ဘာဖုံး (အဝိဇ္ဇာဖုံးနေပါတယ်ဆရာ)၊ အဝိဇ္ဇာဖုံးနေတော့ ကိလေသာက နှိပ်စက်တယ် ဟုတ်လား (နှိပ်စက်ပါတယ်ဆရာ)၊ ကိလေသာ နှိပ်စက်ပူပန်တော့ သူမနေနိုင်ဘူးပေါ့ (မနေနိုင်ပါဘူးဆရာ)၊ သူများအသက်လည်း သတ်တာပဲလား (သတ်ပါတယ်ဆရာ)၊ သူများဥစ္စာလည်း ခိုးတာပဲလား (ခိုးတာပါပဲဆရာ)၊ သူများလည်း လိမ်တာပဲလား (လိမ်တာပါပဲဆရာ)၊ သူများအိမ်ယာလည်း ပြစ်မှားတာပေါ့ (ပြစ်မှားတာပါပဲဆရာ)၊ သုရာငါးပါး၊ မေရယငါးပါးလည်း သောက်စားတာပဲလား (သောက်စားပါတယ်ဆရာ)၊ မကောင်းသော အသက်မွေးခြင်းလည်း မွေးလိုက်တာပဲလား (မွေးပါတယ်ဆရာ)၊ အေး. . ဟုတ်ပြီ။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အဝိဇ္ဇာဖုံးလွှမ်းနေတော့ သူ့အကျိုးအပြစ် မဝေ

http://www.dhammadownload.com



ဖန်တတ်ဘူးပေါ့၊ (မဝေဖန်တတ်ပါဘူးဆရာ)၊ ကိလေသာက ပူပန်တယ်တဲ့၊ သူများဥစ္စာ မတရား သဖြင့် လိုချင်တယ်ဆိုတာ "လောဘ"တည်းဟူသော ကိလေသာပူပန်နှိပ်စက်တယ်၊ အစွန်းထွက် လာတယ်နော်၊ (မှန်ပါတယ်ဆရာ)၊ သူ့ဥစ္စာ ငါဘယ်လိုနည်းနဲ့ ရနိုင်ပါ့မလဲ။ လိမ်ယူမှု၊ ခိုးယူမှု၊ လုယူမှု၊ သတ်ယူမှု၊ ဖြတ်ယူမှုနော် (မှန်ပါတယ်ဆရာ)၊ လောဘကိလေသာ နှိပ်စက်၊ ဒေါသကိလေသာနှိပ်စက်၊ မောဟတော့ ပါပြီးသား အခြေခံလို့၊ အဲ့ဒါ အကျိုးအပြစ် မဝေဖန်တတ်သော လူမိုက်သည် မောဟ တည်းဟူသော အဝိဇ္ဇာခေတ်ကြီး ဖုံးလွှမ်းပါသဖြင့် ကိလေသာပူပန်နှိပ်စက်ခြင်းကြောင့် ကိလေသာက ပူပန်တယ်၊ ကိလေသာက နှိပ်စက်တယ်၊ ကိလေသာက တိုက်တွန်းတယ်။ အပူတပြင်း ကိလေသာ နှိပ်စက်ခြင်းကြောင့် ပါဏာတိပါတ အစရှိသော ဒုစရိုက်၊ ဒုရာဇီဝတရားတို့ကို မရှောင်မရှားဘဲနဲ့ ကြိုးစားပမ်းစားနဲ့ အားထုတ် အလုပ်လုပ်တယ်တဲ့။ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ သေတော့ ဘယ်သွား (အပါယ်လေးပါးကျသွားပါတယ်ဆရာ)၊ ဟော. . ဒုဂ္ဂတိဘဝလား နော် (မှန်ပါတယ် ဆရာ)၊ ဒါကြောင့်

"ဒုဂ္ဂတိဂါမိနော ဟိ ကမ္မဿ ဝိသေသဟေတု အဝိဇ္ဇာ" (ဂင်းအဌကထာ၊ ၁၂၆) တိုက်ရိုက် တိုက်ရိုက် ရှင်းရှင်းလေး။ ဟိ၊ ထိုစကားချဲ့ဦးအံ့။ ဒုဂ္ဂတိဂါမိနော ကမ္မဿ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါး ဒုဂ္ဂတိသို့ လားကြောင်းဖြစ်သောကံ၏။ ဝိသေသဟေတု၊ ထူးသော အကြောင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ အပါယ်လေးပါးလား အောင် လုပ်တဲ့နေရာမှာ အဝိဇ္ဇာဦးစီးတယ်တဲ့။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး ဘယ်အပိုင်းကတုံးဟ (ပထမပိုင်းကပါဆရာ)၊ ရှေ့အပိုင်းက နော် (မှန်ပါတယ်ဆရာ)၊ ပုဗ္ဗန္တ - ရှေ့အပိုင်းက ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)၊ သူဦးစီးတယ်။ အဝိဇ္ဇာဦးစီးပြီးတော့ ဒုစရိုက်၊ ဒုရာဇီဝတရားတွေ မရှောင်မရှားဘဲနဲ့ ကြိုးစားပန်းစား အားထုတ်တော့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါး လား တယ်တဲ့။ ဒီတော့ ဥပမာ ဘာနဲ့ တူတုံးလို့ မေးရင် သံပူတံဆိပ်ဖြင့် ခတ်နှိပ်၍ သတ်အံ့သော နွားလို သေဘေးမှ ကြောက်ရွံ့ထိတ်လန့်သည်ဖြစ်ပါသောကြောင့် ကျိုက်ကျိုက်ဆူသော ရေပူကို သောက်ခြင်း ၌ အားထုတ်သလိုပဲတဲ့နော် (မှန်ပါတယ်ဆရာ)၊ သံပူတံဆိပ်ဖြင့် ခတ်နှိပ်လို့ သတ်လတ္တံ့သော နွားသည် သေဘေးကို ကြောက်ရွံ့ပါသဖြင့် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီဥပမာက ဘာတုံး (အဝိဇ္ဇာပါဆရာ)၊ အဝိဇ္ဇာ နော် (အဝိဇ္ဇာပါဆရာ)၊ ကျိုက်ကျိုက်ဆူသော ရေပူကို သောက်ခြင်း၌ အားထုတ်၏။ ဘာတုံး ဒါ (အကျိုးအမြတ်ဖြစ်မှာ မသိလို့ သောက်တာပါဆရာ)၊ အေးလေ ဘာနဲ့ဟပ်လဲ (အပါယ်လေးပါးနဲ့ပါဆရာ)၊ ဒုစရိုက်၊ ဒုရာဇီဝ အကုသိုလ်တရား ကြိုးစားတာနဲ့ဟပ်မှ ဘယ် မင်း အပါယ်လေးပါးမှ မကျသေးဘဲ လုပ်မှ မလုပ်ရသေးဘူး၊ သူက အပါယ်လေးပါး ရောက်နေပေါ့။

http://www.dhammadownload.com



ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကျိုက်ကျိုက်ဆူသော ရေပူကို သောက်ခြင်းနှင့် ဘာနဲ့ဟပ်လဲ (မကောင်းမှု ဒုစရိုက်နဲ့ ဒုရာဇီဝတွေကို လုပ်တာနဲ့တူ ပါတယ်ဆရာ)၊ အေး ဟုတ်ပြီ ဟုတ်ပြီ။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

သံပူတံဆိပ် ခတ်နှိပ်ခြင်းခံရသော သတ်လတ္တံ့သော နွားသည် သေဘေးကို ကြောက်လန့်ပါသဖြင့် မှတ်နော် ဒီဥပမာလေး ဟပ်တတ်အောင်ဟပ်။ မိမိရဲ့အကျိုးမဲ့ကို ဖြစ်စေတတ်သော ပင်ပန်းနွမ်းနယ်စေတတ်သော ကျိုက်ကျိုက်ဆူသော ရေပူကို သောက်ခြင်းငှာ အားထုတ်သလို အဝိဇ္ဇာလွှမ်းမိုးနှိပ်စက်သော လူမိုက်သည် ကိလေသာပူပန်ခြင်းကြောင့် ပါဏာတိပါတ အစရှိသော အပါယ်လေးပါးသို့ လားစေတတ် ရောက်စေတတ် မိမိရဲ့အကျိုးမဲ့ကို ဖြစ်စေတတ်သော ဒုစရိုက် ဒုရာဇီဝတရားကို ကြိုးစားမယုတ်အားထုတ်၏။ ဟပ်တတ်ရဲ့လား (ဟပ်တတ်ပါတယ်ဆရာ)၊ ဟပ်စမ်း - (သံပူတံဆိပ် ခတ်နှိပ်တဲ့နွား၊ နွားနဲ့ အဝိဇ္ဇာနဲ့ တူပါတယ်ဆရာ၊ ကျိုက်ကျိုက်ဆူတဲ့ ရေဗွက်နဲ့ ရေနွေးကို သောက်မိတဲ့) ဟော. . ရေဗွက်နဲ့ ရေနွေးနဲ့ ပြော ပြော ပြော (ကျိုက်ကျိုက်ဆူတဲ့ ရေနွေးကို သောက်တဲ့ ဟာနဲ့ မကောင်းမှု ဒုစရိုက် ဒုရာဇီဝနဲ့ တူပါတယ်ဆရာ)၊ သံပူတံဆိပ် ခတ်နှိပ်တဲ့နွားက သတ်လတ္တံ့သော နွားက သေဘေးကို ကြောက်ရွံ့တယ်တဲ့ (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ ဘာနဲ့ တူလဲ (အဝိဇ္ဇာနဲ့တူပါတယ်ဆရာ)၊ ကျိုက်ကျိုက်ဆူသော ရေပူကို သောက်တာနဲ့ ဘာနဲ့တူလဲ (မကောင်းမှု ဒုစရိုက်နဲ့ ဒုရာဇီဝကို လုပ်တာနဲ့တူပါတယ်ဆရာ)၊ ဒါပေမဲ့ သံပူတံဆိပ် ခတ်နှိပ်ခြင်းခံရတဲ့ သတ်လတ္တံ့သော နွားသည် သေဘေးကို ကြောက်တော့ ဒီကျိုက်ကျိုက်ဆူတဲ့ ရေပူသောက်လိုက်လို့ရှိရင် ငါသေရချည်းရဲ့၊ သေလုမျောပါးခံရချည်းရဲ့ဆိုတဲ့ အကျိုးအပြစ် ဝေဖန်တတ်ရဲ့လား (မဝေဖန်တတ်ပါဘူးဆရာ)၊ မိမိသေလတ္တံ့သော ဘေးကို ကြောက်ရွံ့ပါသဖြင့် ကျိုက်ကျိုက်ဆူသော ရေပူကို သောက်သော နွားလို လူမိုက်ဟာ အဝိဇ္ဇာ နှိပ်စက်လို့ ကိလေသာပူပန်ခြင်းကြောင့် ကိလေသာပူပန်လာတယ်။ မပူပန်ဘူးလား (ပူပန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက သူ့လွှမ်းထားတယ်၊ အဝိဇ္ဇာဖုံးထားတယ်၊ သူ ဘာမျှမမြင်ဘူး။ ဘာမျှ မမြင်တော့ ကိလေသာက ပူပန်လာ နှိပ်စက်လာတယ်။ ဘယ့်နှယ့်နှိပ်စက်လာ၊ လိုချင်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဘာကိလေသာလဲ၊ ဘာကိလေသာတုံး (ဒိဋ္ဌိကိလေသာပါဆရာ)၊ ဟောဗျာ လိုချင်တယ်၊ ဘာကိလေသာတုံး (မောဟကိလေသာပါဆရာ)၊ ဟော . . . မှတ်ထားကြနော် သေသေချာချာ။ လိုချင်တာလေ (တဏှာပါဆရာ)၊ ဟောဗျာ . . အကြီးစားပဲ ဒီကောင်က (လောဘပါဆရာ)၊ ဟော အခုမှတည့်သွားတယ်။ လောဘကိလေသာ မနှိပ်စက်ဘူးလား (နှိပ်စက်ပါတယ်ဆရာ)၊ လိုချင်တယ် မဟုတ်ဘူးလား (လိုချင်ပါတယ်ဆရာ)၊ ဘယ်လိုနည်းနဲ့ရရ လိုချင်တယ် မဟုတ်ဘူးလား (လိုချင်ပါတယ် ဆရာ)၊ ဒါ လောဘကိလေသာ နှိပ်စက်တယ် ခေါ်တယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊

http://www.dhammadownload.com



သူ့အဝိဇ္ဇာက ဖုံးထားတယ် ဟုတ်လား (ဖုံးထားပါတယ်ဆရာ)၊ ငါခုနေ သတ်ယူလိုက်ခဲ့သော၊ ခိုးယူသော၊ လိမ်ယူသော မိမိရဲ့အကျိုးမဲ့ကို ဖြစ်စေတတ်တဲ့ အပါယ်လေးပါး လားရချည်းရဲ့လို့ သူဝေဖန်တတ်ရဲ့လား (မဝေဖန်တတ်ပါဘူးဆရာ)၊ မဝေဖန်တတ်ဘူး မဟုတ်လား (မဝေဖန်တတ်ပါဘူးဆရာ)၊ အဲ့ဒါ လောဘကိလေသာ နှိပ်စက်တာတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ပစ္စုပ္ပန်အကျိုးလည်း သူမဝေဖန်တတ်ဘူးပေါ့ (မဝေဖန်တတ်ပါဘူးဆရာ)၊ ပစ္စုပ္ပန်အကျိုးအပြစ်လည်း မဝေဖန်တတ်ဘူး။ သံသရာအကျိုးအပြစ်လည်း မဝေဖန်တတ်ဘူးပေါ့ (မဝေဖန်တတ်ပါဘူးဆရာ)၊ ဘာဖြစ်လို့ မဝေဖန်တတ်လည်း (မသိလို့ပါဆရာ)၊ မသိလို့ အဝိဇ္ဇာဖုံးထားလို့ နော် (မှန်ပါတယ်ဆရာ)၊ အေး အဲဒါကြည့် အဲဒါကြည့်။

ဟိုနွားလည်း သံပူတံဆိပ် ခတ်နှိပ်ထားတော့ သတ်အံ့သော ဘေးကြီးက နီးကပ်လာတော့ အင်မတန်ကြောက်ရွံ့ထိတ်လန့်လာတယ်။ ဒါနဲ့ ကျိုက်ကျိုက်ဆူတဲ့ ရေပူသောက်လိုက်ရင် ငါ့အကျိုးမဲ့ ဖြစ်လိမ့်မယ်လို့ သူသိလား (မသိပါဘူးဆရာ)၊ မသိဘူး နော် (မှန်ပါတယ်ဆရာ)၊ ဥပမာလေး သေသေချာချာ ဟပ်တတ်ပါစေ။ ဒါကြောင့် ဒီဒုစရိုက် ဒုရာဇီဝဆိုတဲ့ ပါဏာတိပါတအစရှိသော မကောင်းမှုတွေ အလုပ်လုပ်ကြတဲ့ပုဂ္ဂိုလ်များ မိမိတစ်ဝမ်းတစ်ခါးကို ကျောင်းနေကြတဲ့၊ ရှာဖွေနေကြတဲ့ ဝိသမလောဘနဲ့ လုပ်နေကြတဲ့ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်များ ကြပ်ကြပ်စဉ်းစားနော်။ တစ်ဝမ်းတစ်ခါးဆိုတာ မသေခင် စားရတာပါ။ သိပ်အကြောင်းမထူးပါဘူး။ ထမင်းသုံးနပ်၊ လေးနပ်လည်း ဘယ်သူမှ မစားပါဘူး။ လုံချည်လည်း သုံးလေးထည် ထပ်လည်း မဝတ်ပါဘူး နော် (မှန်ပါတယ်ဆရာ)၊ အင်္ကျီလည်း သုံးလေးထည် ထပ်မဝတ်ပါဘူး၊ ဝတ်ရဲ့လား (မဝတ်ပါဘူးဆရာ)၊ ဆောင်းတွင်းဝတ်တယ်၊ ဘာမဝတ်ရမှာလဲ၊ ရောလာလိုက်တာ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ တစ်သက်လျာ တစ်ဘဝလေးမှာ တရားသော နည်းလမ်းဖြင့် ငါရှာဖွေ အသက်မွေးမယ်လို့ ကိုယ်က တရားမျက်နှာငဲ့ပြီး ဒီလို စောင့်လိုက်တယ်။ တရားက ကိုယ့်ပြန်စောင့်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ တချို့တော့ ဘယ့်နှယ့်ပြောပြော သဘောလည်း မရှင်းပါဘူး။ ကြောက်လည်း မကြောက်ပါဘူး။ ယုံလည်း မယုံပါဘူး။ မယုံတော့ ဘယ့်နှယ့်လုပ်၊ ငါကြိုးစားနိုင်မှ၊ ငါပြေးနိုင် လွှားနိုင်မှ၊ ငါလူရေလည်လုပ်နိုင်မှ၊ ငါချမ်းသာမှလို့ ဒီလို မှတ်နေ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် နေရာတကာမှာ အပေါက်ကောင်းချည်း လိုက်ရှာ၊ အချောင်ရှာမလား ရှာတတ်ကဲ့နော် (မှန်ပါတယ်ဆရာ)၊ အမဲရှာမလား ရှာတတ်ကဲ့၊ ဈေးဝယ်များလာလိုက်ရင် အ, အ, န, န အကောင်များ လာလိုက်ရင် ဟာ ... အမဲတော့ ပေါ်တော့မှပဲ၊ အမဲတွေ့ပြီ၊ ဖမ်းတော့ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ ဝိသမလောဘ - မတရားသော ရှာဖွေခြင်းနဲ့ ရှာဖွေပြီး အသက်မွေးတယ်

http://www.dhammadownload.com


ဆိုတာ နားမလည်ဘူး။ ဘယ်သူသိမတုံးတဲ့။ အဝိဇ္ဇာစေတ်ကြီးက ဖုံးလွှမ်းထားတာ။ သံပူတံဆိပ် ခတ်နှိပ်ထားတဲ့ သတ်လတ္တံ့သော နွားလိုဖြစ်နေပေ့တဲ့။ ဘုရားကိုယ်တော်မြတ် ဟောတာနော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ မင်းရော ရထား မောင်းရင်း အမဲတွေ ဘာတွေ ဖမ်းသေးသလား (မဖမ်းပါဘူးဆရာ)၊ မလုပ်နဲ့နော် (မလုပ်ပါဘူးဆရာ)၊ တစ်ကျပ်တန်တဲ့လမ်း တစ်ကျပ်ပေ့၊ ငါးမူးတန်တဲ့လမ်း ငါးမူးပေ့၊ တစ်မတ်တန်တဲ့လမ်း တစ်မတ်နော် (မှန်ပါတယ်ဆရာ)၊ အမဲတော့ တွေ့နေပြီ ငါတော့ အကြပ်ကိုင်လိုက်အုံးမှာပဲ။ အချိန်လွန်နေပြီ။ ကျပ်မလိုက်နိုင်ဘူး။ တန်တာက ငါးမူးလောက်တန်တာ နှစ်ကျပ်ပေး မလားနော် (မှန်ပါတယ်ဆရာ)၊ ဒီလိုများ လုပ်သလား (လုပ်တယ်ဆရာ)၊ အဲ ကောင်းလိုက်တာ (သင်တန်းနီးလို့ပါဆရာ)၊ ဘာလုပ်တယ် (သင်တန်းနီးလို့ မလိုက်နိုင်ဘူးပြောတာပါဆရာ)၊ သင်တန်းနီးလို့ (မှန်ပါတယ်ဆရာ)၊ သင်တန်းနီးရင် မလိုက်နိုင်၊ မလိုက်ဘဲနေပေ့ကွ။ မင်းဥစ္စာက သင်တန်းနီးလို့ မလိုက်နိုင်ဘူးဆိုရင် အဲ့ဒါ ချီးမွမ်းစရာ၊ (ပိုက်ဆံတော့ ပိုမတောင်းဘူး) သြော် . . ပိုက်ဆံတော့ ပိုမတောင်းဘူး ဟုတ်လား (မတောင်းပါဘူး ဆရာ)၊ ငါ ပိုက်ဆံပိုတောင်းတာ ပြောတာပါ။ မင်းမလိုက်နိုင်တာ လိုက်နိုင်တာ ငါမပြောပါဘူး။ အပြစ်မရှိပါဘူး နားလည်လား (နားလည်ပါတယ်ဆရာ)၊ မလုပ်ကောင်း ဘူးတဲ့၊ မစားကောင်းဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အာဇီဝဟေတု၊ အသက်မွေးခြင်းလျှင် အကြောင်းရှိတဲ့ အာဇီဝဟေတု ငွဲတဲ့အနေအားဖြင့် မတရားသော ရှာမှီးခြင်းဖြင့် ရှာမှီးပြီးတော့ အသက်မမွေးပါနဲ့တဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရဲရဲတောက်တဲ့ သံထွေခဲထွေ မျိုချသလိုပဲတဲ့။ ရဲရဲတောက်တဲ့ သံထွေခဲ မျိုချရရင် ဒီတစ်သက်တာ သေသွားမှာ၊ နောက်ဘဝ သေပါဦးမလား (မသေနိုင်ပါဘူးဆရာ)၊ မသေဘူး။ သံထွေခဲ ပူတာက ဒီဘဝတင် သေမှာကွ နော် (မှန်ပါတယ်ဆရာ)၊ နောက်ဘဝလိုက်ပြီး မသေဘူး။

ဒါဖြင့် မတရားသော ရှာဖွေခြင်းဖြင့် ရှာဖွေစားသောက်တဲ့ အစာတွေ သုံးစား သုံးစားနေတော့ ဒီဘဝတင် ရပ်ပါ့မလား (မရပ်ပါဘူးဆရာ)၊ ဟိုဘဝ၊ ဟိုဘဝထိအောင် ပါလိုက်တယ်။ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အဲ့ဒါ ဘာဖြစ်လို့ လုပ်သလဲမေးတော့ သူ့ကိလေသာ ပူပန်လို့ လွန်းလို့ လုပ်တာတဲ့၊ ကိလေသာ နှိပ်စက်လို့ လုပ်တာတဲ့။ ဘာကိလေသာလဲ (လောဘ ကိလေသာပါဆရာ)၊ သြော် . . . လောဘကိလေသာ နော် (မှန်ပါတယ်ဆရာ)၊ လျှမ်းလျှမ်းတက်၊ ငန်းငန်းတက်၊ တရားတာ မတရားတာ မခွေးချယ်နိုင်ဘူး။ ငါရရင် ပြီးစတမ်းဆိုတဲ့ လောဘက တိုက်တွန်း နှိပ်စက်နေတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲ့ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က အပါယ်လေးပါးသို့ လားတဲ့ကံထဲမှာ အဝိဇ္ဇာက အကြောင်းထူးပါတဲ့၊ ဝိသေသသဒ္ဒါနဲ့ ပြထားတာ နော် (မှန်ပါတယ်ဆရာ)၊ ဒုဂ္ဂတိဂါမိနော ဟိ ကမ္မဿ ဝိသေသဟေတု အဝိဇ္ဇာ။ ဟိ၊ အပါယ်သို့

http://www.dhammadownload.com



လားကြောင်းဖြစ်သော ကံကို ချဲ့ဦးအံ့။ ဒုဂ္ဂတိဂါမိနော ကမ္မဿ၊ ဒုဂ္ဂတိဘဝသို့ လားကြောင်း ရောက်ကြောင်း ဖြစ်သောကံ၏။ ဝိသေသဟေတု၊ ထူးသောအကြောင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ သွားကြရော အပါယ်လေးပါး၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဝိဇ္ဇာ၊ အဝိဇ္ဇာသတ္တိနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် တစ်ခါလာပြန်ပြီ "သုဂတိဂါမိနော ပန ကမ္မဿ ဝိသေသဟေတု ဘဝတဏှာ" (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၂၆) လို့။ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝ ရကြတဲ့ သုဂတိဘဝ လားရာလားကြောင်းဆိုတဲ့ ကံတွေမှာ ထူးသော အကြောင်းက ဘယ်သူလည်းဆိုတော့ ဘဝတဏှာတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊

ကိုင်း . . . လုပ်ကြပြီ။ ကုသိုလ်အမျိုးမျိုး - ဒါနကုသိုလ်၊ သီလ ကုသိုလ်၊ သမထကုသိုလ် ကုသိုလ်အမျိုးမျိုးတွေ လုပ်နေ၊ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ လုပ်တော့ ဘယ်သူဦးစီးသလဲလို့ မေးစရာရှိတယ်။ ဘဝတဏှာ ဦးစီးတယ်တဲ့၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီကံတွေမှာ သူက ထူးသော အကြောင်းထူးတဲ့၊ သူဦးစီးတယ်တဲ့၊ ဟုတ်လား, မဟုတ်လား သေသေချာချာကြည့်။ ဟုတ်လား, မဟုတ်လား သေသေချာချာကြည့်စမ်း၊ အခု သူသူငါငါ လူတကာ တစ်ရာမှာကိုးဆယ်နဲ့ကိုး ကုသိုလ်လုပ်တယ်။ ဒါန၊ သီလ၊ သမထ ကိုယ်တတ်အားသမျှ ကြိုးစားအားထုတ် အလုပ်လုပ် မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ လုပ်တော့ ဘာရည်ရွယ်ချက်နဲ့လုပ် (နောင်ဘဝကောင်းရာ ကောင်းကြောင်းနဲ့ လုပ်ပါတယ်ဆရာ)၊ အေး . . ဘဝကောင်းရာ ငါကောင်းရာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ မရည်ရွယ်ဘူးလား (ရည်ရွယ်ပါတယ်ဆရာ)၊ ဘဝကောင်းရာ ငါကောင်းရာ ရည်ရွယ်တယ်ဆိုကတည်းက အဲ့ဒီဘဝ တဏှာနဲ့ လုပ်နေတယ်။ ဒါပေမယ့်လို့ အခုနတုန်းက ပါဏာတိပါတအစရှိသော ဒုစရိုက် ဒုရာဇီဝ အကုသိုလ်ကံတရားတွေ ကြိုးစားတာနဲ့ကျတော့ သူမတော်ဘူးလား (တော်ပါတယ်ဆရာ)။

ဒါကြောင့် သူကျတော့ ဥပမာ ဘာနဲ့ပြ။ သံပူတံဆိပ်ဖြင့် ခတ်နှိပ်၍ သတ်လတ္တံ့သော နွားသည် သေဘေးမှ ကြောက်ရွံ့သည်ဖြစ်ပါသောကြောင့် ရေကြည် ရေအေးကို သောက်ခြင်းငှာ အားထုတ်သကဲ့သို့တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဘဝတဏှာဖြင့် ဖိစီးနှိပ်စက်သော သူတော်ကောင်းသည် အကြောင်းရင်း ရှာလိုက်တော့ သံပူတံဆိပ် နှိပ်တာချည်းပဲလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အခုတော့ ဘဝတဏှာကြီး ဦးစီးတယ် မဟုတ်လား (ဘဝတဏှာ ဦးစီးပါတယ်ဆရာ)၊ ဘဝတဏှာ ဖိစီးနှိပ်စက်သော သူတော်ကောင်းသည် ကိလေသာပူပန်ခြင်းမှ ကင်းပါသဖြင့် နော် (မှန်ပါတယ်ဆရာ)၊ သူတော့ ကိလေသာပူပန်ခြင်း ကင်းမသွားဘူးလား (ကင်းသွားပါတယ်ဆရာ)၊ လောဘ၊ ဒေါသ၊

http://www.dhammadownload.com



မောဟဆိုတဲ့ ကိလေသာတွေ ကင်းမနေဘူးလား (ကင်းနေပါတယ်ဆရာ)၊ ကုသိုလ်ပြုဆဲလေးခဏမှာ ဒီတရားတွေ လောဘ၊ ဒေါသ၊ မောဟတွေ ရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ အေး အေး . . . ဒါကြောင့် သူကျတော့ ရေကြည် ရေအေးနဲ့ ဥပမာပေး နော် (မှန်ပါတယ်ဆရာ)၊ ခုနတုန်းကတော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတွေ နှိပ်စက်တော့ ရေပူနဲ့ ဥပမာပေး၊ ခုတော့ သူတော်ကောင်းတဲ့၊ သူတော်ကောင်း။ ဒါပေမဲ့ သူ့ဘဝတဏှာက တိုက်တွန်းလို့ ဘဝတဏှာက လွှမ်းမိုးလို့၊ ဘဝတဏှာက ဖိစီးနှိပ်စက်လို့ အပြစ်ကင်းသော ရေအေးကို သောက်ခြင်းငှာ အားထုတ်သော နွားလို နော် (မှန်ပါတယ်ဆရာ)။

ခုလည်း ကိလေသာတည်းဟူသော ပူပန်ခြင်းမှ ကင်းသဖြင့် ဒါန၊ သီလ၊ သမထ အစရှိသော ကုသိုလ်ကောင်းမှု ကြိုးစားပြီးတော့ အားထုတ် အလုပ်လုပ်တယ်၊ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ ကိလေသာပူပန်ခြင်း ကင်းတယ်။ ကုသိုလ်တရားဆိုတာ အကုသိုလ်တရားရဲ့ ဆန့်ကျင်ဖက် မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ကုသိုလ်ပြုဆဲ ခဏမှာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတွေ ကင်းတယ်၊ မကင်းဘူးလား (ကင်းပါတယ်ဆရာ)၊ ရေအေးသောက်တာနဲ့ မတူဘူးလား (တူတူပါပဲဆရာ)၊ အေး . . . ရေအေးသောက်တာနဲ့ တူတယ်။ ဒါပေမယ့်လို့ သူလည်းပဲ သံပူတံဆိပ် ခတ်နှိပ်ထားတယ်မဟုတ်လား (ခတ်နှိပ်ထားပါတယ်ဆရာ)၊ ဘယ်သူတုံး (ဘဝတဏှာပါဆရာ)၊ အေး ဘဝတဏှာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲ့ဒီ ဥပမာနှစ်ခုမှာ သေသေချာချာကြည့်နော်။ သံပူတံဆိပ် ခတ်နှိပ်ခြင်းဆိုတဲ့ သေမင်းတမန်ကတော့ တူတူပဲလား (တူတူပဲဆရာ)၊ ဒါပေမဲ့ သံပူတံဆိပ် ခတ်နှိပ်ခြင်းတူတဲ့ နွားနှစ်ကောင်။ ပထမနွားက ကျိုက်ကျိုက်ဆူတဲ့ ရေပူကို သောက်ခြင်းငှာ အားထုတ်တယ်။ ဒုတိယနွားက ကြည်လင်အေးမြတဲ့ရေအေးကို သောက်ခြင်းငှာ အားထုတ်တယ်။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ရေပူသောက်တဲ့နွားက ကိလေသာပူပန်နှိပ်စက်ခြင်းကြောင့် ဒုစရိုက် ဒုရာဇီဝ ဆိုတဲ့ အကုသိုလ်တရားတွေ ကြိုးစားတယ်။ ရေအေးသောက်တဲ့နွားက ကိလေသာပူပန်ခြင်းမှ ကင်းဝေးသဖြင့် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါန၊ သီလ၊ သမထ အစရှိသော ကုသိုလ်ကောင်းမှု တရားကြိုးစား အားထုတ်တယ်တဲ့၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ အဲဒီနှစ်မျိုး ဘာထူးလဲ (ကုသိုလ်ကံနဲ့ အကုသိုလ်ကံပဲ ထူးပါတယ်ဆရာ)။ ဒါပဲထူးတယ်လား (မှန်ပါတယ်ဆရာ)၊ ဒီပြင်တော့ အကြောင်းမထူးဘူးပေါ့ (ကိလေသာပဲ ထူးပါတယ်ဆရာ)၊ ဘာထူးလို့ (လောဘကိလေသာ အားကြီးရှိတဲ့သူနဲ့ ကုသိုလ်ပြုဆဲခဏမှာ ကိလေသာမရှိတဲ့သူနဲ့ ထူးပါတယ်ဆရာ)။

http://www.dhammadownload.com



ဩော် . . လက်စသတ်တော့ သူက ရေပူရေအေး လိုက်ခွဲနေတာကိုး၊ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ဒီကောင်က သိပ်တော့မဆိုးလှဘူး။ သွေးလည်း ကြီးမသွားနဲ့ဦး၊ မင်းဥစ္စာ တစ်ခုမှ မဟုတ်ဘူး။ သံပူတံဆိပ် ခတ်နှိပ်ခြင်း တူမနေဘူးလား (တူပါတယ်ဆရာ)၊ အဝိဇ္ဇာလည်း ကိလေသာ မဟုတ်ဘူး လား (အဝိဇ္ဇာလည်း ကိလေသာပါဆရာ)၊ ဘဝတဏှာလည်း ကိလေသာ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ ကိလေသာလွှမ်းမိုးတဲ့အနေအားဖြင့် ကြိုးစားတာ မဟုတ်ဘူးလား (ကြိုးစားပါတယ်ဆရာ)၊ ရေပူနဲ့ ရေအးပဲ ကွာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သုဂတိနဲ့ ဒုဂ္ဂတိပေါ့ (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သံသရာက ကျွတ်ရဲ့လား (မကျွတ်ပါဘူးဆရာ)၊ ဒုဂ္ဂတိသမားရော ကျွတ်ရဲ့လား (မကျွတ်ပါဘူး ဆရာ)၊ သုဂတိသမားရော ကျွတ်ရဲ့လား (မကျွတ်ပါဘူးဆရာ)၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ အစရှိသော မီး(၁၁)ပါးတို့ အလောင်ငြိမ်းရဲ့လား (မငြိမ်းပါဘူးဆရာ)၊ အတူတူပဲတဲ့။ သံပူတံဆိပ်ခတ်နှိပ် သတ်လတ္တံ့ သော နွားတွေဆို သေတော့မှာ မဟုတ်လားဟ (သေတော့မှာပါဆရာ)၊ ဒါကြောင့် သံသရာဝဋ်ရဲ့ အတွင်းက လွတ်ကင်းတဲ့ ပုဂ္ဂိုလ်လည်း တစ်ယောက်မှ ရှာမရဘူး၊ ရရဲ့လား (မရပါဘူးဆရာ)၊ နှစ်ယောက်စလုံး သံသရာဝဋ်အတွင်းမှာ အချင်းခပ်သိမ်း လည်စေတတ်တဲ့ သတ္တိရှိတယ်တဲ့။ ရေပူနဲ့ ရေအေးသာ ကွာတာပါတဲ့။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ရေပူသောက်တဲ့ နွားနဲ့ ဒုစရိုက် ဒုရာဇီဝ ကြိုးစားတဲ့လူမိုက်နဲ့ ရေအေးသောက်တဲ့နွားနဲ့ သုစရိုက် သုရာဇီဝ ဆိုတဲ့ ဒါန၊ သီလ၊ သမထတရား ကြိုးစားတဲ့လူနဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူတို့နှစ်ယောက် ဘာထူးလဲ (ဘာမှမထူးပါဘူးဆရာ)၊ သံသရာလည်မှာပဲလား (လည်မှာပါဆရာ)၊ အေး . . . လည်မှာပဲ၊ လည် ကြောင်းပြနေတာ။ ဒါဝဋ်မြစ်မူလနှစ်ပါးပါလို့၊ ဒီနှစ်ပါး အခြေခံ ထားထား၊ ထားထားပြီးတော့ သုဂတိ ဘဝ လည်လိုက်၊ ဒုဂ္ဂတိဘဝ လည်လိုက်။ (၃၁)ဘုံ စုန်ချည် ဆန်ချည် အလီလီအားဖြင့် ဖြစ်နေတယ် တဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကျွတ်ဖို့ လွတ်ဖို့ ခက်လှချည်းရဲ့၊ မခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ အဲ့ဒါကြောင့် -

" ကသ္မာ ပန ဘဂဝါ ဝဋ္ဋကထံ ကထေန္တော ဒွေဝ ဓမ္မေ သီလံ ကတွာ ကထေသီတိ၊ (အဝိဇ္ဇံ ဝါ ဘဝတဏှံ ဝါ) သုဂတိဒုဂ္ဂတိဂါမိနော ကမ္မဿ ဝိသေသဟေတုဘူတတ္တာ။ (သမ္မောဟဝိနောဒနီအဋ္ဌ ကထာ၊ ၁၂၆)

ပန၊ အထူးကိုဆိုဦးအံ့။ ကသ္မာ၊ အဘယ်အကြောင်းကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသခင်ကိုယ် တော်မြတ်သည်။ ဝဋ္ဋကထံ၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို။ ကထေန္တော၊ ဟောတော်မူသည်

http://www.dhammadownload.com



ရှိသော်။ ဣမေ ဒွေ ဓမ္မေ၊ ဤတရားနှစ်ပါးတို့ကိုသာလျှင်။ သီသံ ကတွာ၊ အမှူးထား၍။ ကထေသိ၊ ဟောတော်မူပါသနည်း။

သုဂတိဒုဂ္ဂတိဂါမိနော၊ သုဂတိဘဝ, ဒုဂ္ဂတိဘဝသို့ လားကြောင်းဖြစ်သော။ ကမ္မဿ၊ ကံ၏။ ဝိသေသဟေတုဘူတတ္တာ၊ ထူးသော အကြောင်းဖြစ်၍ဖြစ်သောကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်။ ဝဋ္ဋကထံ၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို။ ကထေန္တော၊ ဟောတော်မူသည်ရှိသော်။ (အဝိဇ္ဇံ ဝါ၊ အဝိဇ္ဇာဓာတ်ကြီးကိုလည်းကောင်း။ ဘဝတဏှံ ဝါ၊ ဘဝအသစ်သစ် ဆက်ကာ ဆက်ကာ ဖြစ်ချင်တယ်ဆိုတဲ့ တဏှာကိုလည်းကောင်း။) ဣမေ ဒွေ ဓမ္မေ၊ ဤနှစ်ပါးသော တရားတို့ကိုသာလျှင်။ သီသံ ကတွာ၊ အမှူးထား၍။ ကထေသိ၊ ဟောကြားတော်မူ၏။

ကိုက်ကရော မကိုက်ဘူးလား (ကိုက်ပါတယ်ဆရာ)၊ ဒါဖြင့် ကောင်းပြီကွယ် သူသူငါငါ လူတကာ ကံ, ကံ၏အကျိုး ယုံကြည်ကြတဲ့ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးထဲ ဒီကုသိုလ်နဲ့ အကုသိုလ်နှစ်ခုပဲ လုပ်စရာ ရှိတယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါပဲရှိတယ်မဟုတ်လား (ဒါပဲရှိပါတယ်ဆရာ)၊ အကုသိုလ် လုပ်ရင် အပါယ်လားမှာပေါ့ (အပါယ်လားမှာပါဆရာ)၊ အပါယ်ကြောက်တော့ ဘယ့်နှယ့်လုပ်ပေါ့ (ကုသိုလ်တွေ ကြိုးစားမှာပါဆရာ)၊ ကုသိုလ်တွေ ကြိုးစားမယ်လား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်တွေ ကြိုးစားလုပ်ရင် ကောင်းရာသုဂတိ ရောက်တာရောက်တယ်၊ သံသရာက မကျွတ်ဘူးလား (မကျွတ်ပါ ဘူးဆရာ)၊ ဒါဖြင့် ဘယ်ဒင်းသွားလုပ်ကြပေါ့ (ဝိဝဋ္ဋကုသိုလ်တွေ လုပ်ရပါမယ်ဆရာ)၊ ဩော် . . . ဝိဝဋ္ဋကုသိုလ်လုပ်ရမယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဟုတ်လိုက်တာကွာနော်၊ ဝိဝဋ္ဋကုသိုလ်ဖြစ် အောင် ကြိုးစားပေါ့ (ကြိုးစားရမှာပါဆရာ)၊ ဒီလို ကြိုးစားရင် သံသရာဝဋ်က ကျွတ်ကရောလား (ကျွတ်မှာပါဆရာ)၊ အေး . . . ကျွတ်ကရော နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ ဘာမှ မဟုတ်ဘူး၊ လိုင်းပြောင်းရုံလေး။ ဘာမှ ခဲယဉ်းတာ မဟုတ်ဘူး။ မိမိတို့လုပ်သမျှ နည်းရောင်း များရောင်း တောင်းပြည့်ဆိုတဲ့ ကုသိုလ်လေး၊ ကုသိုလ်ကြီး၊ ကုသိုလ်လတ်တွေ ရှိသမျှ ကုသိုလ်ကောင်းမှု အသွယ် သွယ်တွေ တကယ်သံသရာ ဝဋ်အတွင်းက လွတ်ကင်းချင်လို့ရှိရင် လိုင်းလေးပြောင်းပေး၊ စေတနာ လေးပြောင်းပေး။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"၊ မကိုက်ဖူးလားကွ (ကိုက်ပါတယ် ဆရာ)၊ "ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊ ဣဒံ မေ ပုညံ မဂ္ဂဉာဏဿ ပစ္စယော ဟောတု။ ဣဒံ မေ ပုညံ ဖလဉာဏဿ ပစ္စယော ဟောတု"၊ ကိုက်ရဲ့လား (ကိုက်ပါတယ်ဆရာ)၊ ဘာမှ ခက်တာ မဟုတ်ဘူး။ ယခု ငါပြုရတဲ့ ကုသိုလ်ကောင်းမှု၏ အထောက် အပံ့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အထောက်အပံ့ဖြစ်ပါစေ နော် (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်၏

http://www.dhammadownload.com


အထောက်အပံ့ဖြစ်ပါစေ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လွယ်လွယ်လေး။ ဒီလိုဆိုတော့ ဝိဝဋ္ဋ ကုသိုလ် ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)။

အေး . . အခု မြတ်စွာဘုရားကိုယ်တော်မြတ်က "သုဂတိဒုဂ္ဂတိဂါမိနော ကမ္မဿ ဝိသေသ-ဟေတုဘူတတ္တာ"လို့ အဝိဇ္ဇာနဲ့ ဘဝတဏှာကို ပြသွားတဲ့နေရာမှာ ဘဝတဏှာဦးစီးတဲ့အပိုင်းကတော့ ကုသိုလ်ကံတွေ ကြိုးစားတဲ့ ပုဂ္ဂိုလ်တွေ ဆိုသွားတာတဲ့။ အဝိဇ္ဇာဦးစီးတဲ့ အပိုင်းကတော့ ဒုစရိုက် ဒုရာဇီဝ ဆိုတဲ့ အကုသိုလ်တရားကို ကြိုးစားတဲ့ ပုဂ္ဂိုလ်တွေ ဆိုသွားတာတဲ့။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာမှာ သုဂတိဆိုတဲ့ လားရာလားကြောင်း ကုသိုလ်ကောင်းမှု အားထုတ်တဲ့ နေရာမှာ ဘာကံမျိုး ရည်ရွယ်သလဲဆိုတော့ ဝဋ္ဋကုသိုလ်ကံမျိုး ရည်ရွယ်သွားတယ် နော် (မှန်ပါတယ် ဆရာ)၊ ဒါရည်ရွယ်ပြီး ဟောကြားတော်မူတဲ့ ဒေသနာတော်အစစ်ဖြစ်တယ်။ အဲဒါလေး ကိုယ်ပြတ်သား ရင်ကွယ် လုပ်တတ်ကြဖို့ မလုပ်တတ်ဘူးလား (လုပ်တတ်ပါတယ်ဆရာ)၊ ဘယ်နှစ်ခါလုပ်၊ တစ်ခါမှ မလုပ်ဘူး။ ဘယ်နှစ်ခါလုပ်တုံး (မမှတ်မိဘူးဆရာ)၊ အောင်မာ မမှတ်မိဘူး၊ လုပ်ကို မလုပ်ဘူးလို့ မင်းမမှတ်မိတာ။ ဘုရားရှေ့ ရှိခိုးရဲ့လား (မရှိခိုးပါဘူးဆရာ)၊ ကောင်းတယ်၊ ကောင်းတယ်၊ ဒီလောက် မိုက်တဲ့အကောင် ဒီကောင် ဘုရားရှိခိုးလည်း မရဘူးပေါ့။ (ဩကာသ၊ ဩကာသဆိုရင် ရပါတယ် ဆရာ)၊ ဩော် . . ဒုက္ခပဲဟ၊ ငါ့နှယ့် အဲ့ဒါ နင့်မှုကြီးကတော့ ကြိုးထဲ ပါနေပါပြီဟာ. . . ။

ဘုရားရှိခိုးရတယ် ငါတပည့်ရ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး ရှိခိုးရတယ်၊ ဘုရားရှိခိုးမှ မရလို့ရှိရင် မင်း "ဣတိပိ သော ဘဂဝါ" ကော ရလား (ရပါတယ်ဆရာ)၊ ရတယ်လား (ရပါတယ်ဆရာ)၊ အဲ့ဒါ ဘုရားရှိခိုးပေါ့၊ ဘုရားကိုယ်တော်မြတ်ရဲ့ဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ ဂုဏ်တော် နော် (မှန်ပါတယ်ဆရာ)၊ မရသေးလို့ရှိရင် ကျက်၊ မကျက်နိုင်လို့ လုံးလုံးကြီး မရဘူး ဆိုတောင်ပဲ မင်းစိတ်ထဲက သေသေချာချာ မှတ်ထား၊ မနက် အိပ်ယာကထ၊ မျက်နှာပါသစ်၊ ကိုယ့်ကိုယ် ကို သန့်ရှင်းစင်ကြယ်အောင်လုပ်၊ ဘာမှမလုပ်မီ ဘုရားရှေ့သွား၊ ဘုရားရှေ့သွားပြီးတော့ "ဗုဒ္ဓံ ပူဇေမိ" ရလား (ရပါတယ်ဆရာ)၊ "ဓမ္မံ ပူဇေမိ" (ရပါတယ်ဆရာ)၊ "သံဃံ ပူဇေမိ" (ရပါတယ်ဆရာ)၊ ဒါမှ မရလည်း မင်းထထိုးဖို့ ကောင်းတော့တယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ "ဗုဒ္ဓံ ပူဇေမိ" ဆိုတာ မြန်မာလိုပြန်တော့ ဘာတုံး၊ (ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏အရှင်ဘုရား)၊ ဟော. . တော်သား၊ မတတ်ဘူး၊ မတတ်ဘူးနဲ့ တော်တော်ဟုတ်ပါ့၊ ဒါပေမယ့် အဓိပ္ပာယ်တော့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာတဲ့တုံး (ဗုဒ္ဓံ၊ မြတ်စွာဘုရားကို) ပူဇေမိ၊ ပူဇော်ပါ၏ ပေါ့ကွာ၊ ဒါမင်းပြောမှာ (ရှိခိုးပါ၏အရှင်ဘုရား)၊ ဩော် . . . ပူဇော်တယ်၊ ရှိခိုးတယ်၊ မြတ်နိုးတယ်၊

http://www.dhammadownload.com



ကြည်ညိုတယ်၊ လေးစားတယ်၊ ရိုသေတယ်၊ ကိုင်းညွတ်တယ်၊ အတူတူ မဟုတ်လား (အတူတူပါပဲ ဆရာ)၊ ဒါဖြင့် မင်း ဒီ "ဗုဒ္ဓံ ပူဇေမိ"လို့ ဦးတင်ချတာ၊ ဘာဖြစ်တာတုံး အဲဒီဟာ (ရှိခိုးတာပါဆရာ)၊ ဘယ်သူ့ရှိခိုးတာတုံး၊ (မြတ်စွာဘုရားကိုပါ) အေး . . မြတ်စွာဘုရားရှိခိုးတာ၊ ဒါဘုရားရှိခိုးတာ ပေါ့ဟ၊ နားလည်ရဲ့လား (နားလည်ပါဆရာ)၊ ဒါဘုရားရှိခိုးပဲဟ၊ "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ"ဆိုတဲ့ ဂုဏ်တော်တွေ ဘာတွေ သိပ်အကျယ်တဝင့် မကျက်နိုင်လို့ရှိရင် အဲ့ဒါဘုရား ရှိခိုးပဲ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။

အဲ့ဒါနဲ့ တင်းမတိမ်နိုင်လို့ ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား အိမ်းနားပါးနီးတွေ အထင်ကြီးအောင်လို့ ဘုရားရှိခိုး ရှည်နိုင်သမျှ ရှည်ရှည်ကြီး ကျက်ပြီး အားရပါးရ ခိုးချင်လည်း မင်းကြိုးစားကျက်ပေါ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ စိပ်ပုတီးကြီးများ လည်ပင်းဆွဲပြီး၊ တချို့ကလည်း လက်ပတ်လို့ ဘုရားရှိခိုးလည်း ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား ဆွဲဆွဲငင်ငင်နဲ့ ခိုးနော် (မှန်ပါတယ်ဆရာ)၊ ဒါ ငါပြစ် မှားတာ မဟုတ်ပါဘူးကွာ၊ လုပ်တတ်တာ ငါပြောတာပါ၊ ကြားရတဲ့လူအပေါင်းက အထင်ကြီးအောင် နော် . . ဒီလူနှယ် ဘုရားပုထိုးရှိခိုး ဝတ်တက် မြဲပါပေတယ်၊ လိမ်စရာရှိတော့ သူချည်းချတာပဲ နော် (မှန်ပါတယ်ဆရာ)၊ ပုတီးလည်း လည်ပင်းကြီးဆွဲလို့ လူမြင်ကွင်းက ချထား၊ တချို့လည်း လက်ကြား နှစ်ပတ် သုံးပတ် ထပ်ပတ်ထား၊ ပုတီးကြီးက အလုံးက ခပ်ကြီးကြီး နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ ဘုရားနားကပ်ကပ်ပြီးတော့ ကြပ်ကြပ်နားပူတိုက်တဲ့လူကွ အဲ့ဒါလူမိုက်၊ သူ့ဝမ်းထဲတော့ သိဖို့ တရား တော့ တစ်လုံးမှ မရှာဘူး နော် (မှန်ပါတယ်ဆရာ)။

ဘုရားကလည်း ကြာတော့ နားငြီးတယ်၊ ငါ့ကပ်ကပ်ပြီး ပလီနေတာတဲ့ ဒီကောင်၊ ငါဟောတဲ့ တရားလည်း ရုပ်တစ်လုံးလည်း နားမလည်၊ နာမ်တစ်လုံးလည်း နားမလည်နဲ့ သံသရာ ဒီအတိုင်းသွား အုံးမှာလို့ ဘုရားက မြင်တော်မူတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါဘုရားကပ်ကပ် ပလီတတ်တယ်၊ အဲ့ဒါဘေးက မြင်တဲ့လူအပေါင်းတွေက တကယ့်ကို အထင်အမြင်ကြီးလို့ တကယ်ဘုရားကြည်ညိုရင် ဘုရားစကားနားထောင်ရမှာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘုရားရိုသေရင်၊ ဘုရားချစ်ရင်၊ ဘုရားမြတ်နိုးရင်၊ ဘုရားကိုယ်တော်မြတ်စကား နားထောင်ရမှာ၊ မထောင်ရဘူးလား (ထောင်ရမှာပါ ဆရာ)၊ ခုတော့ သူလုပ်ချင်ရာ လျှောက်လုပ်တယ်၊ လူမြင်ရင် အထင်ကြီးအောင် ဆိုတဲ့အနေအားဖြင့် လုပ်ပါရဲ့၊ ဒီလောက်ပဲလုပ်တယ်၊ အဲ့ဒါ လူပလီတွေများတယ်လို့ ဘုရားနားကပ်ကပ်ပြီး ပလီတဲ့လူတွေ နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com


## ဘုရားအလိုတော်ကျ ကျင့်သော အတ္တဒတ္တရဟန်း

အဲ့ဒါ အလကား ပြောတာ မအောက်မေ့နဲ့၊ တို့ဘုရားကိုယ်တော်မြတ်ကိုက ချီးမွမ်းသွားတဲ့ပုဂ္ဂိုလ် တစ်ယောက်ရှိတယ်၊ ကြည့်ကြည့်၊ သေသေချာချာကြည့်၊ ဘုရားကိုယ်တော်မြတ်အစစ်ကြီးကွ၊ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်ကြီး ရှိသေးတယ်၊ နောက်သုံးလကြာလို့ ရှိရင် ပရိနိဗ္ဗာန် စံတော်မူတော့မယ်လို့ ဘုရားကိုယ်တော်မြတ်က မိန့်ကြားတော်မူလိုက်တော့ အဝေးအနီး ရှိရှိသမျှ ရဟန်းအပေါင်းတို့ ချုံးပွဲချငိုကြ နော် (မှန်ပါတယ်ဆရာ)၊ တို့အဘဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံ တော့မယ်တဲ့၊ သုံးလကြာလို့ရှိရင် တို့ဘယ်လို့နေပ့ါ၊ တို့ ဘယ်လိုထိုင်ပ့ါ၊ တို့ဆုံးမမဲ့ပုဂ္ဂိုလ်မရှိ၊ တရားပြမဲ့ ပုဂ္ဂိုလ် မရှိဘူး၊ လောကအမှောင်ကြီးကျတော့မှာပဲ၊ ခက်လှချည်းရဲ့ ဆိုပြီးတော့ ယူကြုံးမရနဲ့ ငိုကြတယ်၊ တချို့လည်း စုစုရုံးရုံးနဲ့ ဘုရားရှိရာပြေးကြ၊ အဲ့ဒီကြားထဲမှာ "အတ္တဒတ္တ"အမည်ရှိတဲ့ ရဟန်းတစ်ပါး၊ ရဟန်းတွေ ငိုလိုက်ကြတာ ကျောင်းထဲမှာ၊ အေး . . . ငိုမနေကြနဲ့၊ ကြီးတဲ့ပုဂ္ဂိုလ်က ငိုမနေကြနဲ့၊ ဘုရား တွေ့အောင် အမီလိုက်ကြစို့၊ ဘုရား ဘယ်အရပ် ခုနေရှိတုံးဟဲ့၊ ဘုရားကြွသွားတာ ဘယ် နှစ်လလောက်ရှိသွားပြီ၊ ခုနေ ဘယ်မြို့ရောက်ကောင်းပါရဲ့၊ အဲ့ဒီရှိတဲ့ဆီ တို့အမီပြေးကြစို့ရဲ့၊ ဘုရား ရွှေမျက်နှာတော် ဖူးရအောင်လို့ သံဃာတွေ စုဝေး။

အတ္တဒတ္တအမည်ရှိတဲ့ ရဟန်းကတော့ ဒီလိုသတင်းစကား ကြားတဲ့အချိန်ကစ တွက်တမ်းချ၊ ငိုချည်းနေ အပိုပဲတဲ့၊ ငိုချည်းနေ အပိုပဲ၊ ဘုရားလည်း ငါကြည်ညိုတယ်တဲ့၊ ဘုရားလည်း ငါချစ်တယ်တဲ့၊ ဘုရားလည်း ငါမြတ်နိုးတယ်တဲ့၊ အင်မတန်မှ အားကိုးတယ်တဲ့၊ ဒါပေမယ့် အခုနေ ငါငိုနေ အပိုပါပဲတဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ် သက်တော်ထင်ရှား ရှိတော်မူတဲ့အခိုက်ကလေးမှာ လူမိုက်ဘဝက ပျောက်သွားအောင် တစ်မဂ်တစ်ဖိုလ် ရောက်အောင်တော့ ငါကြိုးစားဖို့ ကောင်းတယ်လို့၊ ဒါမှ ငါ့ဘုရားချစ်တယ်မည်မယ်၊ ရိုသေရာမည်မယ်လို့၊ စိတ်ကူးနော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ခုနေ ရုတ်တရက် ငါလူမိုက်ဘဝနဲ့သာ ဘုရားပရိနိဗ္ဗာန်စံသွားရင် ငါလောက် မိုက်တာ မရှိဘူးတဲ့၊ ဘုရားကျေးဇူးလည်း အထူးဆပ်ရာလည်း မရောက်ဘူးတဲ့၊ ဒီတော့ ဒီလိုနေလို့ ငါမဖြစ်ဘူးတဲ့၊ ဘုရားသုံးလကြာ ပရိနိဗ္ဗာန်စံတော့မယ်၊ ပရိနိဗ္ဗာန်မစံခင်ကိုပဲ သက်တော်ထင်ရှားရှိ တုန်းမှာ ငါတစ်မဂ် တစ်ဖိုက်ရအောင် ဘုရားအဆိုအဆုံးအမစကားကို နားထောင်ပြီးတော့ ငါကြိုး စားမယ်၊ ရဟန်းတွေက သွားခေါ်တယ်၊ ဟေ့ဟေ့ ဘုရားရှိရာ တို့အမီလိုက်မလို့ ဘယ့်နှယ် ကိုယ်တော် လိုက်အုံးမှာလား၊ သွားကြ၊ သွားကြ၊ သွားကြ၊ ငါမလိုက်တော့ဘူး၊ မလိုက်ဘူး၊ မလိုက်ဘူး၊ ဟောဗျာ ဘုရားကိုယ်တော်မြတ်ကြီး သုံးလကြာ ပရိနိဗ္ဗာန်စံတော်မူတော့မယ် ဆိုလို့ သတင်းစကားကြားလို့

http://www.dhammadownload.com



သူသူငါငါ ယူကြုံးမရ ငိုကြ၊ ပြုကြ နေမထိထိုင်မသာဖြစ်၊ အဲ့ဒါ ဘုရားကိုယ်တော်မြတ်နောက်ကို ရုတ်တရက်အားဖြင့် လိုက်ကြမလို့၊ ကိုယ်တော်ဘယ့်နှယ့်စကား ပြောတာတုံး၊ ကိုယ်တော့် ကြည့်ရတာ တုန်လှုပ်ပုံလည်း မပေါ်ဘူး၊ ဘုရားကိုလည်း သနားဟန်မတူဘူး၊ ကြည်ညိုဟန်လည်း မတူဘူး၊ ချစ်ဟန် လည်း မတူဘူး၊ ခါးခါးသီးသီး ပြောလိုက်တာ မလိုက်တော့ဘူး တဲ့လို့၊ အတ္တဒတ္တရဟန်းက နော် (မှန်ပါတယ်ဆရာ)၊ ပြောချင်ရာ ပြောကြဟ၊ ငါ့စိတ်ကူးနဲ့ ငါပဲ၊ ငါ့အကြံနဲ့ငါပဲလို့ ကျန်ရစ်ခဲ့တယ်၊ မလိုက်ဘူး၊ တရားအားထုတ်တယ်နော် (မှန်ပါတယ်ဆရာ)။

ဘုရားပရိနိဗ္ဗာန်မခံခင် တစ်မဂ် တစ်ဖိုလ် ရရစေမယ်၊ ဒါမှ ဘုရားကျေးဇူး ဆပ်ရာရောက်မယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကျန်ရစ်ခဲ့တယ်၊ ဒီတော့ သွားတဲ့ကိုယ်တော်တွေက ဘုရားရှေ့တော် မှောက် ရောက်တဲ့အခါကျတော့ လျှောက်ကြတာပေါ့လေ၊ အရှင်ဘုရား အရှင်ဘုရားပရိနိဗ္ဗာန်စံတော့ မယ် ကြားလို့ တပည့်တော်များ ယူကြုံးမရ အင်မတန်မှ ပူဆွေးဒုက္ခရောက်ပြီးတော့ ငိုကြ၊ ကြွေးကြ၊ ရှိုက်ကြီးတငင်နဲ့ပင်ပန်းစွာ၊ အဘဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူသွားတဲ့နောက် လောကကြီး မှောင်အတိကျလို့ ဘယ်ပုဂ္ဂိုလ်များ လာဆုံးမပါ့မတုံး၊ ဘုရားအသံတော့ ဆိတ်တော့မယ်၊ ပျောက် တော့မယ် လောကကြီးက၊ တပည့်တော်များ လူတို့လိုပဲ ပူဆွေးဒုက္ခရောက်လို့လွန်လို့ တပည့် တော်များ အရှင်ဘုရားရှိရာအရပ်ကို စုရုံးပြီးတော့ တစ်လုံးတည်း တစ်ခဲတည်း ဆိုပြီးတော့ အမြန် ရောက်အောင် ရွှေမျက်နှာတော် ဖူးမြင်ချင်လွန်းလို့ လာကြတာပါဘုရား၊ အဲ့ဒီကြားထဲမှာ တပည့် တော်တို့နဲ့အတူတူ သီတင်းသုံးဖက်ဖြစ်တဲ့ အတ္တဒတ္တရဟန်းက ဒီအကြောင်းသွားကြားတာ ဘုရားထံ မှောက် ရောက်အောင် အမြန်သွားကြစို့လို့ သွားပြောတော့ အရှင်ဘုရား ချစ်ဟန်လည်း မတူပါဘူး၊ ကြည်ညိုဟန်လည်း မတူပါဘူး၊ လေးစားဟန်လည်း မတူပါဘူး၊ ကျေးဇူးသစ္စာလည်း ထောက်ထား ဟန်လည်း မတူပါဘူးဘုရား၊ သူ့သွားခေါ်လိုက်တော့ ခါးခါးသီးသီး ငါမလိုက်တော့ဘူးလို့ ပြော လိုက်တယ်။

အရှင်ဘုရား တော်ပါ့မလား၊ မျက်နှာလို မျက်နှာရ အားရပါးရပေါ့ကွ ဘုရားသွားလျှောက်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဘုရားက ခေါ်ခိုင်းတယ်၊ ဒီအတ္တဒတ္ထ ဟုတ်သလား၊ ပြောတဲ့အတိုင်း ဟုတ်သလား၊ လာခေါ်တယ်၊ အတ္တဒတ္ထရဟန်း လိုက်သွားတယ်၊ ချစ်သား . . ငါဘုရားသုံးလကြာရင် ပရိနိဗ္ဗာန်စံတော်မူတော့မယ် ဆိုတဲ့ ငါရဲ့မိန့်ခွန်းတော်စကား ကြားတဲ့အချိန်ကစ တစ်သာသနာလုံး ရှိတဲ့ ရှင်လူရဟန်းတွေ အုံးအုံးတက်လို့ ငိုကြ၊ ကြွေးကြ၊ ပူဆွေးကြ၊ ရှိုက်ကြီးတငင် ပင်ပန်းစွာနဲ့ သောက ပရိဒေဝမီးတွေ တောက်ကြ၊ တချို့လည်း ငါဘုရားထံမှောက် အရောက်ပြေးလာကြ၊ အဲ့ဒီထဲမှာ

http://www.dhammadownload.com


ချစ်သား အတူနေဖော် ထိုင်ဖက်ဖြစ်ကြတဲ့ သံဃာတော်မြတ်များ ချစ်သားလိုက်မလားလို့ သွားခေါ်တဲ့ အခါကျ ချစ်သားက ငါဘုရားကိုယ်တော်မြတ် မျက်နှာတော် မဖူးမြော်ချင်လို့၊ မချစ်လို့၊ မကြင်နာလို့၊ မကြည်ညိုလို့ ရက်ရက်စက်စက် စိမ်းစိမ်းကားကားနဲ့ မလိုက်တော့ဘူးလို့ ပြောလိုက်တာလားလို့၊ ပရိသတ်ထဲ ချမေးတယ် နော် (မှန်ပါတယ်ဆရာ)။

အတ္တဒတ္ထက ပြန်ပြောတယ်၊ မှန်လှပါ့ဘုရားတဲ့၊ အရှင်ဘုရားရဲ့သားတော်သည် အရှင်ဘုရားအား အထူးသဖြင့် ကြည်ညိုပါ၏၊ အထူးသဖြင့် ရိုသေပါ၏၊ အထူးသဖြင့် လေးစားပါ၏၊ အထူးသဖြင့် ချစ်ပါ၏ဘုရား၊ ဒါပေမယ့်လို့ အရှင်ဘုရားမိန့်ကြားတော်မူတဲ့ နောက်သုံးလကြာရင် ပရိနိဗ္ဗာန် စံတော်မူမဲ့စကား ကြားကတည်းက အရှင်ဘုရားရဲ့သားတော် ဘုရားတပည့်တော်သည် စိတ်ကူးထဲမှာ ဘယ်လိုအောက်မေ့သလဲ ဆိုတော့ အဘဘုရားကိုယ်တော်မြတ် သက်တော်ထင်ရှားရှိတဲ့ အခိုက် ကလေးမှာ လူမိုက်ဘဝပျောက် လူလိမ္မာဘဝရောက်အောင် မဂ်တရား ဖိုလ်တရား ကြိုးစားအုံးမှ ပဲလို့ အကယ်တန္တု တစ်မဂ်တစ်ဖိုလ်မှ မရဘဲနဲ့ အဘဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူခဲ့သော် အဘဘုရားကိုယ်တော်မြတ်ရဲ့ ကျေးဇူးသစ္စာတော်ကို စောင့်သိ ရိုသေရာလည်း မရောက်၊ အဘ ဘုရားကိုယ်တော်မြတ် ချစ်ရာလည်း မရောက်၊ ကြည်ညိုရာလည်း မရောက်၊ လေးစားရာရောက်တာ လည်းမဟုတ်၊ ဒါကြောင့် ပရိနိဗ္ဗာန်မစံခင်တော့ဖြင့် အလျင်အမြန်ဆိုသလိုပဲ တစ်မဂ်တစ်ဖိုလ် ရရာရကြောင်း တရားကောင်းများ အရှင်ဘုရားရဲ့ကျေးဇူးသစ္စာ စောင့်သိတဲ့အနေ၊ ရိုသေသည့် အနေ၊ ကြည်ညိုသည့်အနေ၊ ချစ်ခင်သည့်အနေအားဖြင့် ဘုရားတပည့်တော် မဂ်တရား ဖိုလ်တရား အားထုတ်လိုသည့်အတွက် ချန်ရစ်ပြီးနေခဲ့သည့် အကြောင်းပါဘုရားလို့ ပြန်လျှောက်နော် (မှန်ပါ တယ်ဆရာ)။

ကြည့်ကြည့်. . . တို့ဘုရားကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှား တကယ့်ဘုရားအစစ် ကြီးပေါ့ကွနော်၊ အဲဒါ ဘုရားက ဘာပြောသလဲ၊ သူ့ကြည့်မျက်နှာလိုအားရ၊ ပြေးလွှားလာကြတဲ့ ပုဂ္ဂိုလ်တွေ မချီးမွမ်းဘူး နော် (မှန်ပါတယ်ဆရာ) အေး အေး ငါ့ဘုရားကိုယ်တော်မြတ်ထံမှောက် အရောက်လာကြတဲ့ပုဂ္ဂိုလ်တွေနဲ့ စာလို့ရှိရင် ချစ်သား အတ္တဒတ္ထရဟန်းပြောတာ မှန်တယ်တဲ့နော် (မှန်ပါတယ်ဆရာ) ငါဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်မစံခင်ကို တစ်မဂ်တစ်ဖိုလ်ရအောင် ကြိုးစားမှ ငါ့ဘုရားကိုယ်တော်မြတ်ရဲ့ကျေးဇူးသစ္စာစောင့်သိရာရောက်တယ်၊ ကျေးဇူးဆပ်ရာရောက်တယ်၊ ချစ်ရာ ခင်ရာ ကြင်နာရာ ရောက်တယ်၊ ကြည်ညိုရာ လေးစားရာ ရောက်တယ်တဲ့၊ ဒီလိုမှမဟုတ် ငါ့ဘုရားကိုယ် တော်မြတ် ပရိနိဗ္ဗာန်စံသည်တိုင်အောင် တစ်မဂ်တစ်ဖိုလ်မှ ရအောင် ကြိုးစားအားထုတ် အလုပ်

http://www.dhammadownload.com



မလုပ်ကြတဲ့ ရဟန်းပုဂ္ဂိုလ်များကြတော့ ငါ့ဘုရားလည်း ကြည်ညိုရာမရောက်ဘူးတဲ့၊ ကျေးဇူးသစ္စာထောက်ရာလည်း မရောက်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ငါ့ဘုရားချစ်ရာ ခင်ရာ ကြင်နာရာလည်း မရောက်ဘူး၊ ရိုသေရာ ကိုင်းညွတ်ရာလည်း မရောက်ဘူးတဲ့၊ ဟောဒါ ကြည့်၊ နားလည်လား (နားလည်ပါတယ်ဆရာ)။

အဲဒါ ဘုရားနားကြပ်ကြပ်ကပ်ကပ်ပြီးတော့ ပလီကြအုံး၊ ဘုရားရဲ့အဆုံးအမ ကြိုက်ရဲ့လား (မကြိုက်ပါဘူးဆရာ)၊ ဟောဗျာ . . . (ကြိုက်ပါတယ်ဆရာ)၊ ဘယ်လိုကောင်မှန်း မသိဘူး၊ ဘုရားနားကပ်ကပ်ပြီးတော့ အမြဲမပြတ် ပလီနေတဲ့လူရယ်၊ တစ်မဂ်တစ်ဖိုလ် ရရာရကြောင်းဆိုတဲ့ တရားကောင်းကြိုးစားအားထုတ်တဲ့ လူရယ်၊ ဘယ်သူ့ ဘုရားချီးမွမ်းတုံး၊ (တစ်မဂ်တစ်ဖိုလ်ရအောင် ကြိုးစားတဲ့လူကို ဘုရားချီးမွမ်းပါတယ်ဆရာ)၊ အဲဒါမှတ်ထား၊ အဲဒါမှ သူ့ကျေးဇူးသစ္စာကို စောင့်သိရာ ရောက်တယ်၊ သူ့ကျေးဇူးဆပ်ရာရောက်တယ်၊ သူ့ကြည်ညိုရာရောက်တယ်၊ သူ့ချစ်ခင်ရာရောက်တယ်လို့ ပါဠိတော်တိုက်ရိုက်ရှိပါတယ် နော် (မှန်ပါတယ်ဆရာ) အတ္တဒတ္ထရဟန်းတဲ့၊ သူ့အကျိုးသူလုပ်နေတာကွာ ဘုရားမှ ပြန်မလေးစားဘဲနဲ့ ဒီလိုသွားပြီး အပြစ်မတင်ရဘူးတဲ့၊ ဘုရားက ဒါမှ ကြိုက်တယ်တဲ့၊ ဒါမှ သူ့ကြည်ညိုတယ်၊ လေးစားတယ်၊ ချစ်ခင်တယ်၊ မြတ်နိုးတယ်၊ ရိုသေတယ်၊ ကျေးဇူးဆပ်တယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ) ဒါ့ကြောင့် တစ်မဂ်တစ်ဖိုလ် ရရာရကြောင်းဆိုတဲ့ ရုပ်တစ်လုံးနာမ်တစ်လုံးဖြင့် သိအောင် ကြိုးစားမယ်လို့ မကြံဘူး၊ စိပ်ပုတီးလည်ပင်းဆွဲ၊ လက်ပတ်လိုပတ် အလုံးကြီးကြီးနဲ့ လူမြင်အထင်ကြီးအောင် တစ်နေ့ ဘုရားသုံးလေးကြိမ်သွား၊ "အစိန္တေယျ အစိန္တေယျ အစိန္တေယျ"ရွတ်၍ ဘေးကလူ လန့်ဖြန့်လောက်အောင် အော်လိုအော်၊ ဟစ်လိုဟစ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ) အဲဒါ ငါက ဘုရားရှိခိုးတဲ့လူကို ကဲ့ရဲ့နေတာ မဟုတ်ပါဘူး၊ နည်းပြတာ၊ ဘာဖြစ်လို့ နည်းပြသလဲ ဆိုတော့ ဘုရားပြသွားလို့ ပြတာ၊ ဘုရားက ရှင်းပြသွားလို့ မကွာသွားဘူးလား (ကွာသွားပါတယ်ဆရာ)။

အေး . . ငါ့မျက်နှာတော်အောက်ကို တောက်လျှောက်ချည်း အပြေးအလွှားလာပေမယ့် ဘာမှအသုံးမကျဘူးတဲ့၊ အခုလို စေတီပုထိုးလို မဟုတ်ဘူး၊ ဟိုမှာ ကိုယ်တော်မြတ်ထင်ရှားချည်းပဲနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘုရားမချီးမွမ်းဘူး၊ အလကားပဲတဲ့၊ ငါဘုရားကိုယ်တော်မြတ်ထံမှောက်မရောက်သော်လည်းပဲ မိမိရဲ့အကျိုးအစီးအပွားအတွက် တစ်မဂ်တစ်ဖိုလ် ရရာရကြောင်း တရားအားထုတ်နေတဲ့ ဟောဒီ ချစ်သား အတ္တဒတ္ထရဟန်းက မှန်ကန်ပေတယ်တဲ့၊ သူ့မှ ငါဘုရားချစ်တယ်၊ သူ့မှ ငါဘုရား ခင်တယ်၊ ငါ့ကျေးဇူးသစ္စာ စောင့်သိရာ ရိုသေရာ ရောက်တယ်၊ ငါ့ကျေးဇူးဆပ်တယ်၊ ဟောဗျာ

http://www.dhammadownload.com



တိတိပပ ခွဲခွဲခြားခြား ဆုံးမသွားတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ) ငါ အဲဒီလိုပြောတော့ ဘုရားလည်း မသွားကြဘဲ မနေကြနဲ့နော် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ) ဘုရားလည်း သွားရတာပေါ့၊ ကိုးကွယ် ဆည်းကပ်ရတာပေါ့လို့၊ ဒါပေမယ့် အရေးတကြီးကတော့ တစ်မဂ်တစ်ဖိုလ်ရဖို့ အရေးကြီးတယ်၊ မကြီးဘူးလား (ကြီးပါတယ်ဆရာ)၊ သံသရာထောက်တည်ရာရဖို့ အရေးကြီးတယ်၊ အရေး မကြီးဘူးလား (ကြီးပါတယ်ဆရာ)၊ အေး အေး . . အဲဒါလေး မှတ်ထား။

ဒါကြောင့် မင်းအိပ်ယာက နိုးလာရင် ဘုရားပုထိုးရှိခိုး၊ ဘုရားရှိခိုးကလည်း ရှည်ရှည်ကျက် မထားရတော့ ရတာလေးနဲ့ ရှိခိုး၊ ဒါလဲ ဘုရားရှိခိုးပဲ အတူတူပဲ၊ ဘယ့်နှယ့်ရှိခိုးမယ်၊ လုပ်စမ်း - (အစိန္တေယျ၊ အစိန္တေယျ)၊ အောင်မယ် အောင်မယ် အောင်မယ် . . . ဟောဗျာ သူ ဘုရားရှိခိုး မရ ပါဘူးဆိုပြီး ဟော . . လုပ်စမ်းပါအုံး၊ (အစိန္တေယျ၊ အစိန္တေယျ)၊ "ကျေးဇူးတော်စုံ ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတော် မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား)၊ အေး . . . ပြီးတော့ (ဗုဒ္ဓံ ပူဇေမိ)၊ အေး တိုတိုပဲ နော်၊ ပြီးတော့ ဒါပဲပြန်ကျတာပဲ နော် ဟုတ်ကဲ့လား၊ "ဗုဒ္ဓံ ပူဇေမိ"နဲ့ ခိုးမယ်လား (ခိုးပါမယ်ဆရာ)၊ ခိုးနော် (ခိုးပါမယ်ဆရာ)၊ ပါးစပ်က ဆို၊ ဗုဒ္ဓံ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ နော် (မှန်ပါတယ်ဆရာ) နင့် ငါ ဦးချတောင် မသင်ရသေးဘူး၊ ဦးတော့ ချတတ်ရဲ့လား (ချတတ်ပါတယ် ဆရာ)၊ ချတတ်ရဲ့လား (ချတတ်ပါတယ်ဆရာ)၊ "ဗုဒ္ဓံ ပူဇေမိ"နဲ့ အကိုက်ချတတ်ရဲ့လား (ချတတ်ပါတယ် ဆရာ)၊ ဟုတ်မှလုပ်စမ်းပါဟ၊ ပြီးတော့ သင်တန်းဖြုတ်ပြီးရင် မင်းမသွားရဘူး၊ ဒီမှာ ငါ့ ဦးချပြရအုံးမယ် နော် (ပြပါမယ်ဆရာ)၊ အေး. မသွားနဲ့၊ မသွားနဲ့၊ ဗုဒ္ဓံ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏၊ တစ်ကြိမ် နော် (မှန်ပါတယ်ဆရာ) ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ တစ်ကြိမ်။ သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏၊ တစ်ကြိမ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ သုံးကြိမ်၊ ရတနာမြတ်သုံးပါးကို အမြဲမပြတ် အဲဒါ ဦးထိပ်မှာ ထားတယ်ခေါ်တယ်၊ နားလည်လား (နားလည်ပါ တယ်ဆရာ)။

အဲဒီလို ရှိခိုးပြီးတော့မှ ထွက် အိမ်ပြင် အလုပ်လုပ် နော် (မှန်ပါတယ်ဆရာ) ရတနာမြတ်သုံးပါး ရှိခိုးဆိုတာ ဘေးရန်အန္တရာယ် ကင်းရှင်းတယ်တဲ့၊ ဘုန်းကြီးတယ်တဲ့၊ အသက်ရှည်တယ်တဲ့၊ လာဘ် သပ္ပကာ များတယ်တဲ့၊ ဈေးလည်း သိပ်ရောင်း ကောင်းဆိုပဲကိုကွနော်၊ ထည့်ပေးရမှာပေါ့ကွ၊ မှတ်မိ ရဲ့လား (မှတ်မိပါတယ်ဆရာ)။ အဲဒီလို လုပ်ပါ၊ အဲဒီလိုလုပ်ပါ၊ ဒီလိုကြိုးစားပေး၊ ဝတ်နိဗဒ်ကလေး ထားပေးနော် (မှန်ပါတယ်ဆရာ)၊ တော်တော် မိုက်တဲ့ကောင်ပဲ ဘုရားမရှိခိုးဘူးတဲ့၊ ငါ ဘုရားပုထိုး ရှိခိုးဝတ်တက်နေသလားလို့ အောက်မေ့နေ၊ လုပ် လုပ် လုပ်၊ ငါမှာထားတဲ့အချိန်ကစ လုပ်၊ ပြီးတော့

http://www.dhammadownload.com



ငါခရီးသွားနေတာ (၁၅)ရက် ကြာမှာလဲ မသိ၊ တစ်လကြာမှာလဲ မသိဘူးပေါ့ကွနော် (မှန်ပါတယ်ဆရာ)။ အဲဒီကြားထဲမှာ မင်းဖောက်လဲ ဖောက်ပြန်မဖြစ်နဲ့ (မဖြစ်ပါဘူးဆရာ)၊ ဟုတ်ကဲ့လား (မဖြစ်ရပါဘူးဆရာ)၊ ပြီးတော့လဲပဲ မင်းသင်ကြားထားတဲ့ သင်တန်းလမ်းစဉ်ကလေးကို ပြန်ပြီးတော့ နွှေးထား၊ စဉ်းစားထားနော် (စဉ်းစားထားပါမယ်ဆရာ)၊ ငါပြန်ရောက်လာလို့ရှိရင် မင့်အရင် ငါခေါ်စစ်မယ်၊ ပြန်စစ်ကြည့်၊ မင်းအရင်ခေါ်စစ်ကြည့်မယ်၊ ငါစစ်ချင်တဲ့အပိုင်းကနေ စစ်ကြည့်မယ်၊ ခန္ဓာစစ်ချင် စစ်မယ်၊ အာယတနစစ်ချင်လဲ စစ်မယ်၊ ဓာတ်စစ်ချင်လဲ စစ်မယ်၊ ပဋိစ္စသမုပ္ပါဒ် စစ်ချင်လဲ စစ်မယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ယီးတီးယားထားတော့ မလုပ်နဲ့၊ ကျောင်းသားလို ကျောင်းပိတ် လိုက်ပြီးလားဟေ့ဆို - ဇောင်းထဲက မြင်းလွှတ်လိုက်သလိုမျိုးတော့ မလုပ်ကြနဲ့။ အပျောက် အပျက် ငါခံမှာ မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဖောက်လွဲဖောက်ပြန်တော့လည်း မဖြစ်နဲ့၊ တိတိကျကျနေ၊ ကောင်းကောင်းမွန်မွန်နေ။ ပြန်ပြီးတော့ တရားလေ့လာထား၊ မှတ်မိလား (မှတ်မိပါ တယ်ဆရာ)။

အေး . . ဒါကြောင့် အဝိဇ္ဇာနှင့် တဏှာဆိုတဲ့ တရားနှစ်ပါးက အမှန်ကတော့ ဒီဘဝစက်ကို အဆက်မပြတ် လည်အောင် လုပ်ပေးတာက သူတို့ပါပဲလို့။ ဒုဂ္ဂတိဘဝ ခေါ်ထားတဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးကို လည်အောင် လုပ်တာက အဝိဇ္ဇာ။ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝဆိုတဲ့ သုဂတိ လည်စေတတ်တဲ့အကြောင်းရင်းက ဘယ်သူလဲ ဘဝတဏှာ၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ နှစ်ခုစလုံး သေသေချာချာကြည့်တော့ အောက်သံသရာနှင့် အထက်သံသရာ လှည့်ခါပတ်ခါ လည်တဲ့ တရားတွေပါပဲတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မလည်အောင် ဘယ့်နှယ့်လုပ်ကြ၊ ဝိဝဋ္ဋကုသိုလ်ဖြစ်အောင် ကြိုးစား၊ ဘုရားပုထိုး ရှိခိုးဝတ်တက်တာစ အလုပ်လုပ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘုရားပုထိုး ရှိခိုးဝတ်တက်ဆိုတာ ကုသိုလ်မဟုတ်လား (ကုသိုလ်ပါဆရာ)၊ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" ဆိုတတ်ရဲ့လား (ဆိုတတ်ပါတယ်ဆရာ)၊ ဆိုစမ်းပါ - "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"၊ အေး ဟုတ်ပြီ၊ မေ၊ ငါ၏၊ (မေ၊ ငါ၏)၊ ဣဒံ ပုညံ၊ (ဣဒံ ပုညံ) ဤသို့ယခု (ဤသို့ယခု)၊ ပြုရသော ကုသိုလ်ကောင်းမှုသည် (ပြုရသော ကုသိုလ်ကောင်းမှုသည်)၊ အာသဝက္ခယံ၊ (အာသဝက္ခယံ) အာသဝေါတရား လေးပါးတို့၏၊ (အာသဝေါတရား လေးပါးတို့၏)၊ ကုန်ရာဖြစ်သော (ကုန်ရာဖြစ်သော)၊ နိဗ္ဗာန်ကို (နိဗ္ဗာန်ကို)၊ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ (ဝဟံ၊ ရွက်ဆောင်နိုင်သည်)၊ ဟောတု (ဟောတု) ဖြစ်ပါစေသတည်း (ဖြစ်ပါစေသတည်း)။ မြန်မာလို (မြန်မာလို) ဩော် . . . ဆန်းလည်း ဆန်းတဲ့ကောင်၊ ဘယ်လိုကောင်မှန်း မသိဘူး။ ဘယ့်နှယ့်

http://www.dhammadownload.com



ဖြစ်နေတာတုံးဟ၊ မြန်မာလို ဘာဆိုတာတုံးလို့ ပြောနေတာ (နိဗ္ဗာန် မဂ် ဖိုလ် ရအောင် ဆုတောင်းတာပါဆရာ) ဤကုသိုလ် ကောင်းမှုကြောင့် (ဤကုသိုလ်ကောင်းမှုကြောင့်) နိဗ္ဗာန်၊ မဂ်၊ ဖိုလ် ရ,ရပါလို၏ (မှန်ပါတယ်ဆရာ)၊ အေး အေး . . အဲ့ဒါပဲ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါဖြင့် "ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ" ဦးသုံးကြိမ် ချပြီးတော့ ပါးစပ်က ဘယ့်နှယ့်ဆိုမယ် (ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု ပါဆရာ)။ အေး . . ဟုတ်ပြီ ဟုတ်ပြီ။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါ မင်းပြုတဲ့ ကုသိုလ်လေးသည်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ မျက်မှောက်ပြုရပါလို၏၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ သံသရာထဲ ပြန်လာအုံးမလား (မလာတော့ပါဘူးဆရာ)၊ ဒီကုသိုလ် မလာတော့ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဘယ်တော့မှ မလာတော့ဘူးဆိုတာ မှတ်ထား။ အဲ့ဒါ "ဝိဇ္ဇာဉာဏ်"တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အခု သံသရာ မူလဝဋ်မြစ်ဆိုတဲ့ အဝိဇ္ဇာနဲ့တဏှာရဲ့ အကြောင်းလည်းပဲ နားလည်သွားပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ဒါသံသရာစက်ကြီးကို အဆက်မပြတ် လည်တဲ့ ဝဋ္ဋကထာ။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတွေ ဖြစ်ကြတယ်။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူ့ကြောင့် သူဖြစ်၊ သူ့ကြောင့် သူဖြစ်၊ သူ့ကြောင့် သူဖြစ်နဲ့ ဖြစ်ဖြစ်မလာဘူးလား (ဖြစ်ပါတယ်ဆရာ)၊ မရပ်မနားဘဲနဲ့ ရဟတ်ချားလို အမြဲတစေ လည်နေတဲ့ သံသရာစက်ကြီး လည်ပုံလည်နည်းတော့ ပြလို့ပြီးပါပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီလို စက်ကြီးကို ဘယ်နည်းနဲ့ ဖျက်ဆီးကြမတုန်း၊ ဖျက်ဆီးတဲ့နည်းလေး ရှာရမယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဖျက်ဆီးတဲ့နည်းလေးရှာ။ အဲ့ဒါရှာတော့ တို့ဒီသင်တန်းကြီး ကြိုးပမ်းတကုတ် အားထုတ်ပြီးတော့ သင်ကြားနာယူနေတဲ့ သင်တန်းသူ သင်တန်းသားများအဖို့ ဆိုလို့ရှိရင် အထူးသဖြင့် ဝမ်းသာစရာ ကောင်းပါတယ်တဲ့လို့၊ ဘာဖြစ်လို့ ဝမ်းသာစရာကောင်း။ စောစောက ပြောထားတဲ့အတိုင်း သာမန် ပုဂ္ဂိုလ်တစ်ယောက်သည် ဒီဘဝစက်ကြီး ဖျက်ဆီးတဲ့နည်း သိဖို့ဉစ္စာ အလွန်မှ ခဲယဉ်းတယ် နော် (မှန်ပါတယ်ဆရာ)၊ ဖျက်ဆီးတဲ့နည်းလေး ကျကျနန ချပြီးတော့ ပြမယ်။ သမာဓိကောင်းကောင်းလည်း ထား ယူပေါ့။

ကြည့် . . . တို့သင်တန်းသူ သင်တန်းသားများဟာ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန် ဘယ်နားကစ ရခဲ့လဲ၊ ပြောတတ်ကြရဲ့လား၊ မှတ်မိကြရဲ့လား။ တို့ သမာဓိပညာ အမြင်မှန်ကြီးသည် ဘယ်ကစ

http://www.dhammadownload.com



ရခဲ့တယ် ပြောတတ်ကြရဲ့လား၊ ပြန်မှတ်မိသေးရဲ့လားလို့ မင်းရောမှတ်မိသေးလား (ပစ္စယပရိဂ္ဂဟဉာဏ် တုန်းကပါဆရာ)၊ ဟောဗျာ . . အဲ့ဒါက ဘယ်ရောက်သွားပြီလဲ ဆိုတော့ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ် ရောက်သွားပြီ။ တထစ်တောင် လွန်သွားပေ့ါ၊ သူ့အောက်နားလေး။ ရုပ်သင်၊ နာမ်သင်၊ ခန္ဓာသင်၊ ရုပ်၊ နာမ်၊ ခန္ဓာ ပြတ်သားနားလည်သွားတော့ သက္ကာယ မကွာဘူးလား (ကွာသွားပါတယ်ဆရာ)၊ ငါကောင်၊ သူကောင်၊ ပုဂ္ဂိုလ်ကောင်၊ သတ္တဝါကောင် ဆိုတာ မဟုတ်ပါဘဲလို့ မသိဘူးလား (သိထားပါ တယ်ဆရာ)၊ ဒါတော့ သိတယ်လား (သိပါတယ်ဆရာ)၊ အဲဒီသိတဲ့အချိန်လေးမှာ ဒီအသိဉာဏ် ပေါ်တော့ ဒီအသိဉာဏ် ဘာဉာဏ်ခေါ်တယ်။ ဘာဉာဏ်ပျောက်သွားလို့ ဘာဉာဏ်ရောက်လာ တာတုံး၊ စောစောတုန်းကတော့ ငါဟုတ်တယ်၊ သူဟုတ်တယ်၊ ပုဂ္ဂိုလ်ဟုတ်တယ်၊ သတ္တဝါဟုတ်တယ် ဆိုတဲ့ အယူဝါဒနဲ့ မနေဘူးလား (နေပါတယ်ဆရာ)၊ အဲ့ဒီနေစဉ်အခါတုန်းက ဘာအယူနဲ့ နေတုံး (မိစ္ဆာဒိဋ္ဌိပါဆရာ)၊ အဲ . . မိစ္ဆာဒိဋ္ဌိအနေနဲ့ ယူတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ငါမရှိ၊ သူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ အသက်လိပ်ပြာ မရှိ၊ ယောကျ်ား မိန်းမ၊ အကောင်အထည်၊ အထည်ဒြပ် သဏ္ဌာန် ဘာမှမရှိ။ ရုပ်နာမ်ခန္ဓာသာ ထင်ရှားရှိလို့ သိလိုက်တော့ ဘာအယူပြောင်းလာတုံး (သက္ကာယ ဒိဋ္ဌိပါဆရာ)၊ အောင်မလေးဟဲ့ (သမ္မာဒိဋ္ဌိအယူပါဆရာ)၊ ဘယ်လိုကောင်မှန်းမသိဘူး။ ငါမှ ခရီးမထွက် ရသေးဘူး နောက်နားက ဟာတွေ မေးမရဘူး။ သမ္မာဒိဋ္ဌိအယူ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ စောစောတုံးက ဘာအယူတုံး (မိစ္ဆာဒိဋ္ဌိပါဆရာ)၊ အယူမှား မဟုတ်လား (အယူမှားပါဆရာ)၊ ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝဆိုတဲ့ သက္ကာယဒိဋ္ဌိ တန်းလန်းနဲ့ နေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။

ရုပ်နာမ်ခန္ဓာ သင်လိုက် ကြားလိုက်တော့ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိမှန်း မဟုတ်မှန်း သိမသွားဘူးလား (သိသွားပါတယ်ဆရာ)၊ သိသွားတော့ ဘာအယူတုံး (သမ္မာဒိဋ္ဌိပါဆရာ)၊ ဉာဏ်တော့ ဘာဉာဏ် ခေါ်တုံး၊ သမ္မာဒိဋ္ဌိဉာဏ် (သမ္မာဒိဋ္ဌိဉာဏ်ပါဆရာ)၊ အယူလည်း ဒါပဲမဟုတ်လား၊ ဉာဏ်လည်း ဒါပဲ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သမ္မာဒိဋ္ဌိဉာဏ် မဟုတ်လား (သမ္မာဒိဋ္ဌိဉာဏ်ပါဆရာ)၊ မှတ်ထားကြ နော် - သမ္မောဟအဋ္ဌကထာ သစ္စဝိဘင်း အဋ္ဌကထာဆရာ ဖွင့်ဆိုသွားတဲ့ သဘောလေး အင်မတန် လည်း ဝမ်းသာစရာကောင်းတယ်။ အဲဒီသမ္မာဒိဋ္ဌိဉာဏ်တော့ ရခဲ့တယ်လား (ရခဲ့ပြီဆရာ)၊ တကယ် ရခဲ့တယ်လား (တကယ်ပါဆရာ)၊ အကုန်လုံးပေ့ါ (မှန်ပါတယ်ဆရာ)၊ ဒီထဲ မပြတ်သားတဲ့ ပုဂ္ဂိုလ်များ ပါအုံးမှာလား (မပါပါဘူးဆရာ)၊ သမ္မာဒိဋ္ဌိဉာဏ်ကတော့ သေချာတယ် ဟုတ်လား (သေချာပါတယ် ဆရာ)၊ မှတ်ထား အဲ့ဒါ နော် (မှန်ပါတယ်ဆရာ)၊ ငါလည်း ယုံလည်း ယုံကြည်တယ်။ တို့ ရုပ်ပြ၊ နာမ်ပြ၊ ခန္ဓာပြ၊ ရုပ်နာမ်ခန္ဓာကို ချေမွ၊ ကျကျနန ခွဲစိတ်ပြလိုက်တော့ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိပါပဲဘဲ

http://www.dhammadownload.com



ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အရင်တုန်းကတော့ ငါရှိ၊ သူရှိ၊ ပုဂ္ဂိုလ်ရှိ၊ သတ္တဝါရှိ၊ ယောက်ျား မိန်းမရှိ၊ အသက်လိပ်ပြာရှိ၊ အကောင်အထည်၊ အထည်ဒြပ်သဏ္ဍာန်ရှိ၊ ဒီလို ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝဆိုတဲ့ အယူဝါဒကြီးနဲ့ တို့လာခဲ့တယ်၊ မိစ္ဆာအယူခေါ်တယ်။ မိစ္ဆာဒိဋ္ဌိကြီးလို့ နော် (မှန်ပါတယ် ဆရာ)၊ အခုတော့ ရုပ်နာမ်ခန္ဓာ ပြတ်သားတဲ့အချိန်ကစလို့ မိစ္ဆာဒိဋ္ဌိခေါ်ထားတဲ့ အယူမှားကြီး ငါ့စွန့် လိုက်ပြီ၊ ယုံလည်း မယုံတော့ဘူး၊ ကြိုက်လည်း မကြိုက်တော့ဘူး၊ လက်လည်း မခံတော့ဘူး၊ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။

အခုတော့ ဘုရားကိုယ်တော်မြတ်ဟောကြားတော်မူသော သမ္မာဒိဋ္ဌိအယူမှန် ငါရောက်လာ ခဲ့ပေါ့၊ သမ္မာဒိဋ္ဌိဉာဏ်ရတယ် မဟုတ်လား (ရပါတယ်ဆရာ)၊ အဲ့ဒီသမ္မာဒိဋ္ဌိဉာဏ်ဟာ ကြည့်နော်- သမ္မာဒိဋ္ဌိဉာဏ်ဟာ ဝိဇ္ဇာဉာဏ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သမ္မာဒိဋ္ဌိဉာဏ်က ဝိဇ္ဇာ ဉာဏ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဘာဉာဏ်ခေါ်တယ်၊ (ဝိဇ္ဇာဉာဏ်ပါ ဆရာ)၊ အေး သမ္မာ ဒိဋ္ဌိဉာဏ် အမြင်မှန်လို့ရှိရင် ဝိဇ္ဇာဉာဏ် ရပြီပေါ့၊ (ရပါပြီဆရာ)၊ အေး ဒါ့ကြောင့် သံသရာစက်ကြီး ဖျက်ဆီးတဲ့နည်းလေး သိပြီဆိုတော့ "ဝိဇ္ဇုပါဒံ နာမ ဝိဇ္ဇုပ္ပဋိလာဘာယ ကမ္မံ"၊ အဲ့ဒီမဂ်လေးပါး ဖိုလ် လေးပါး နိဗ္ဗာန်ချမ်းသာကို ရအောင် ကျင့်နေတဲ့ ကုသိုလ်ကံသည် "ဝိဇ္ဇုပါဒ"ကုသိုလ်မည်တယ် နော်၊ မှန်ပါတယ်ဆရာ)။

ဒါ့ကြောင့် တို့သင်တန်းသူ သင်တန်းသားများ မိမိတို့ဉာဏ်ထဲမှာ ရှင်းလင်းသွားရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဖို့ မဝေးတော့ဘူး၊ အနီးလေးကပ်လို့နော် (မှန်ပါတယ်ဆရာ)၊ သာမညာ မအောက်မေ့နဲ့၊ သံသရာစက်ကြီး ရပ်သွားလိမ့်မယ်။ ဒါ့ကြောင့် တို့သင်တန်းသူ သင်တန်းသားများ ပဋိစ္စသမုပ္ပါဒ် သင်တန်းကြီးလည်း ယနေ့ညဆိုရင် ပြီးဆုံးပြီဖြစ်တဲ့အတွက်ကြောင့် ရန်ကုန်မှ ပြန်ရောက်လို့ရှိရင်ဖြင့် သင်တန်းပြန်ဖွင့်ပြီး သစ္စာနှင့်နိဗ္ဗာန်ကို အကျယ်တဝင့် သင်ပြ ပို့ချသွားမည်အကြောင်း သတင်း ကောင်း ပြောကြားရင်း ယနေ့ညတော့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် သင်တန်းကိုတော့ နိဂုံးကမ္ပတ် အဆုံးသတ်ကြစို့။

**ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပြီးဆုံးပါပြီ။**

*******

A 2501

http://www.dhammadownload.com



# ပစ္စုက္ကျူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
# (အောက်မြန်မာပြည်) ၏
# အမှုဆောင်လူကြီးများ

| | | |
|---|---|---|
| ၁။ | ဦးချစ် | နာယက |
| ၂။ | ဦးမြင့်စိုး | ဥက္ကဋ္ဌ |
| ၃။ | ဦးသန်းရှိန် | ဒုတိယ ဥက္ကဋ္ဌ |
| ၄။ | ဦးဘငြိမ်း | အတွင်းရေးမှူး |
| ၅။ | ဦးငွေကျော် | တွဲဘက်အတွင်းရေးမှူး |
| ၆။ | ဦးတင်မောင်လတ် (ခ) ဦးအောင်မင်္ဂလာ | တွဲဘက်အတွင်းရေးမှူး |
| ၇။ | ဦးတေဇာဘုန်းဦး | ဘဏ္ဍာရေးမှူး |
| ၈။ | ဦးသာဆယ် | စာရင်းစစ် |
| ၉။ | ပါမောက္ခ ဒေါက်တာ ဒေါ်ချိုလေးမာ | ပြန်ကြားရေး |
| ၁၀။ | ဦးတင့်ဝေ | ။ |
| ၁၁။ | ဒေါက်တာ ဒေါ်ခင်မြင့်စန်း | ။ |
| ၁၂။ | ဦးချစ်လှိုင် | ။ |
| ၁၃။ | ဦးကြီးစိန် | ။ |
| ၁၄။ | ဒေါ်ယဉ်ယဉ်သိန်း | ။ |

http://www.dhammadownload.com



# ပစ္စက္ခုဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
# (အောက်မြန်မာပြည်) ၏
# သင်တန်းခွဲများအပေါ်၌ ရပ်တည်ချက်

၁။ ပစ္စက္ခုဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) သည် အမှတ် (၈၆)၊ သီရိ (၅)လမ်း၊ (၂) ရပ်ကွက်၊ လှိုင်မြို့နယ်တွင် တည်ရှိသည်။

၂။ ပစ္စက္ခုဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) အနေဖြင့် ဆရာကြီး၏ ဩဝါဒမူအတိုင်း တစ်ဦးတစ်ယောက်ချင်းထံမှရင်း၊ သင်တန်းခွဲများထံမှရင်း မည်သည့်အကြောင်းနှင့်မျှ အလှူငွေကောက်ခံခြင်း မရှိခဲ့ပါ။

၃။ နောက်နောင်တွင်လည်း မည်သည့်အကြောင်းကြောင့်နှင့်မျှ အလှူငွေကောက်ခံခြင်း ပြုလုပ်မည်မဟုတ်ပါ။

၄။ သင်တန်းခွဲများအား လိုအပ်သော သင်တန်းတရားခွေများကို ဓမ္မဒါနအဖြစ် ယခင်က ဖြန့်ချိသကဲ့သို့ ယခုလည်း ဆက်လက်ဖြန့်ချိသွားပါမည်။

၅။ ထိုနည်းအတူ ဆရာကြီး ဦးကြင်ရွှေဟောကြားခဲ့သော သင်တန်းတရားတိတ်ခွေများမှ တရားစဉ်များကို ယခင်က ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသကဲ့သို့ ယခုလည်း ပိုမိုပြန့်ပွားစေရန် စာအုပ်, စာပေအဖြစ် ဆက်လက်ဆောင်ရွက်ပြီး ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသွားပါမည်။

ဦးမြင့်စိုး
(ဥက္ကဋ္ဌ)
ပစ္စက္ခုဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
(အောက်မြန်မာပြည်)
အမှတ် (၈၆)၊ သီရိ (၅)လမ်း၊
(၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုံး - ၅၂၄၀၇၈

http://www.dhammadownload.com



# သစ္စာပါရမီဆုတောင်း

ဤနေ့ယခု အစပြု၍ အကျွန်ုပ်တို့ ပြုအပ်သော ကုသိုလ်ပေါင်းစု မြတ်ကောင်းမှုနှင့်အတူ ညီတူ ညီမျှ မျှဝေခံစားကြစေရန် . . .

♦ ဝါတွင်းသုံးလ ရက်ပေါင်းကိုးဆယ် ပျက်ရက်မရှိ လှံ့လဝီရိယရှိလျက် ၁၉၉၅-ခုနှစ်မှစ၍ စာသင်တိုက်ကြီး (၇) တိုက်မှ ဘုရားရှင်၏တပည့်သား သံဃာတော် အရှင်မြတ် (၉) ပါး တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊

♦ ဤသို့တစ်ဖန် အကြောင်းခံ၍ ပရိယတ္တိစာသင်တိုက် (၇)တိုက်မှ သံဃာတော် အရှင်သူ မြတ်တို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊

♦ ကျောင်း, ကန်, ဇရပ်, သိမ်တော်မြတ်ကို ဆောက်လုပ် ထည့်ဝင်လှူဒါန်းရသော ကုသိုလ်ကံ စေတနာ၊

♦ ဘုရားရှင်၏တပည့်သား ဂိလာန သံဃာတော် အရှင်သူမြတ်များအား ဆေးပစ္စည်းများဖြင့် ထောက်ပံ့လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊

♦ နှစ်စဉ် တရားသင်တန်းခွဲများမှ မှာယူကြသော တရားတိတ်ခွေများအား အခမဲ့ကူးပေးခြင်း၊ တရားတိတ်ခွေများ လှူဒါန်းခြင်း၊ တရားစာအုပ်များ ထုတ်ဝေလှူဒါန်းခြင်း ဓမ္မဒါနကုသိုလ် ကံစေတနာ၊

ဤသို့ ပစ္စယဒါန, ဓမ္မဒါန နှစ်ဌာနတို့ဖြင့် ထောက်ပံ့လှူဒါန်း မှန်ကန်သော ကုသိုလ် အစွမ်းသတ္တိတို့ကြောင့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော "အမတ" မည်ခေါ် ရွှေပြည် တော်သို့ ရောက်ရာအမှန် မြတ်နိဗ္ဗာန်ကို ဧကန်မျက်မှောက် ပြုလွယ်နိုင်ကြပါစေသော်။

**နာယကကြီး ဦးချစ်**
ပခုက္ကူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

http://www.dhammadownload.com